မစန္ဒာ

# ဝတ္ထုတိုများ စုစည်းမှု

မာတိကာ

၁။ကြောက်လို့ရယ်မဟုတ်ပါဘူး

၂။ဟိုဘက်ကမ်းက လွမ်းပုံပြင်

၃။ဖန်ခွက်ထဲက ရေတစ်ဝက်

၄။ပြေးအရှူး

၅။ညှိုသို့ပင် မျှော်လင့်မိပါသည်

၆။အရွယ်

၇။အမေချက်တဲ့ ပုစွန်ကျား ခုနစ်ကောင်

၈။အပိန်နှင့် အပဲ့တို့၏ သမိုင်း

၉။အနီးမှုန်

၁၀။အနီးကဝေး

၁၁။သူ့ကုသိုလ်

၁၂။လှ၍ မလှသူနှင့် မလှ၍ လှသူ

၁၃။လူ

၁၅။ရွှေဖလားနဲ့ ကြက်သားကိုင်

၁၆။ရေတွင်မြုပ်သော ဖောင်ကလေး

၁၇။ရေခဲခြစ်နှင့် ရေခဲချစ်

၁၈။ရီကွန်ဒီးရှင်း

၁၉။မြန်မာပြည်မှာ ရောင်းကြသည့်

၂၀။မစပ်သော ငရုတ်

၂၁။ဟာလာနဲ့ ဆိုသော်လည်း

၂၂။ပေါက်ပင်ကိုင်းကိုင်း

၂၃။ပါရမီ မယ်မရင့်သောကြောင့်

၂၄။ဒါတော့ သိဘူးလေ

၂၅။ထိုနေ့က မီးမလာပါ

၂၆။ဆေးကု၍ မရပါ

၂၇။ကြားလိုက်ရသောကြောင့်

၂၈။ + × နှင့် ႘

၂၉။ကိုခြောက်ချက်၏ ဒသသန

# ကြောက်လို့ရယ်မဟုတ်ပါဘူး - မစန္ဒာ

အပေါ်ထပ်ဘုရားစင်ရှေ့က သစ်သားပက်လက်ကုလားထိုင်လေးတွင် အဘွားအမြဲထိုင်တတ်သည် ။ နေ့ရောညပါ ထိုင်ရလွန်းသဖြင့် စစ်စိမ်းရောင်ကုလားထိုင်၏ဖျင်လေးမှာ အရောင်တွေပင် လွင့်ပြယ်နေပြီဖြစ်သည် ။

အဘွား၏အသက်က ရှစ်ဆယ်ကျော်နေပြီမို့ အပေါ်တက်အောက်ဆင်း သိပ်မလုပ်ဖြစ်တော့ပေ ။ အပေါ်ထပ်တွင် ရေချိုးခန်းရောအိမ်သာပါရှိတော့ အောက်ထပ်ဆင်းရန်လည်း သိပ်မလိုလှပေ ။

အပေါ်ထပ်တွင် အဘွားအတွက် သွားစရာနေရာက သိပ်များများစားစားရှိသည်တော့မဟုတ် ။ အခန်းထဲတွင် သူ့အိပ်သောကုတင်နှင့် ကုတင်ဘေးကကြိမ်ကုလားထိုင် ။ ဘုရားစင်အောက်က ပက်လက်ကုလားထိုင် ။ . ထို့နောက် ရေချိုးရန် ရေချိုးခန်းနှင့် တပိုးတပါးသွားရန်အိမ်သာ ။ ထိုနေရာလေးခုကို အလှည့်ကျသွားရင်း တစ်နေ့တာ၏ရှည်လျားလှသော အချိန်များကို တရွေ့ရွေ့ကုန်လွန်စေရသည် ။

အဘွားနှင့်အတူနေသူက သမီးအကြီးဆုံးဖြစ်သူ ဒေါ်ခင်ခင်ကြီးဖြစ်လေသည် ။ သူ့အသက်ကလည်း မသေး ။ ငါးဆယ့်ငါးနှစ်ရှိပြီဆိုတော့ ဆံပင်တွေကလည်း ကြောင်ကြောင်ကျားကျားဖြူကာ မျက်စိလည်းမှုန်နေပြီဖြစ်သည် ။ ဒါတင်မကသေး ။ ကိုယ်အလေးချိန်ကလည်း ပေါင်တစ်ရာငါးဆယ်ကျော်လေသည် ။ ဒီတော့လည်း ဒီခန္ဓာကိုယ်ဝဝကြီးကိုထောက်ပြီး ထူမထားသောဒူးတွေက နာလှပါသည် ။

အဘွားကတော့ ပိန်ပိန်ပါးပါးလေးဖြစ်သည် ။ အသက်ကြီးသည်မှအပ ဘာရောဂါမှ ကြီးကြီးကျယ်ကျယ်မရှိချေ ။ သွေးလည်းမတိုး ၊ သွေးလည်းမချိုပေ ။ မျက်စိမှုန်သော်လည်း နားမလေး ။ သတိကလည်း ကောင်းဆဲပင် ။ ထို့ကြောင့်လည်း

ဒေါ်ခင်ခင်ကြီးက

“ အမေက အသက်ကြီးပေမယ့် ကျန်းမာတယ် ။ ငါသာ
အမေ့အသက်လောက်ထိနေရရင် ရောဂါတွေ စုံနဖာကိုစီနေမှာ

ဟု မကြာခဏတွေးမိတတ်သည် ။ ယခုအသက်အရွယ်တွင်ပင် သူ့ခမျာ ဆီးချိုရော၊
သွေးတိုးရော ရှိနေပြီဖြစ်လေသည် ။

“ အဘွားကြီးကို အဘွားလေးက ပြုစုနေတာဟဲ့

ကျန်သောမောင်နှမများရှေ့တွင် ဒေါ်ခင်ခင်ကြီးက ထိုသို့ပင်
အသားယူကာပြောတတ်သည် ။ သူ့ကိုယ်သူလည်း ထိုသို့ပင်ထင်သည် ။
အရင်ကတော့ဟုတ်ပါသည် ။ အဘွားကို ကိုယ်ဖိရင်ဖိ ပြုစုနိုင်ခဲ့သည် ။ သို့သော်
ယခုနောက်ပိုင်းတွင်တော့ သူ့သမီးမွေးထားသော အမြွှာညီနောင်ကို မျက်ခြည်မပြတ်
ထိန်းကျောင်းနေရရ၍ အဘွားနားသို့ပင် သိပ်ပြီးကပ်ဖြစ်လှတော့သည် မဟုတ်ချေ ။
ဂကျီနှင့်ဂကျောင်ဟုအမည်တွင်သော အမြွှာညီနောင်မှာ အသက်သုံးနှစ်ကျော်ခါစပင်
ရှိသေးသည် ။ စကားတတ်ကာစမို့ အမေးအမြန်းထူလှသလို မျောက်ရှုံးအောင်လည်း
ဆော့တတ်သည် ။ အပေါ်ထပ်ကို အဘွား၏ပိုင်နက်အဖြစ်သတ်မှတ်ထား၍
သူတို့၏ဘေးရန်မှ လွတ်သော်လည်း အောက်ထပ်တစ်ထပ်လုံးကိုကား ပြောင်းဆန်ပြီး
ပွစာကြဲနေအောင် အစွမ်းပြလေ့ရှိကြသည် ။ ဒေါ်ခင်ခင်ကြီးခမျာ

“ ဟဲ့ ဟိုအကောင် ဂကျီ ကြိမ်ကုလားထိုင်ပေါ် တက်မခုန်ပါနဲ့ဆို ပြောမရဘူးလား ၊
အကုန်လုံး အပေါက်တွေဖြစ်ကုန်တော့မယ်

“ ဂကျောင်နော် သံပန်းပေါ်ခိုတက်နေပြန်ပြီလား ဆင်းဆိုဆင်းစမ်း ၊ အခုဆင်းစမ်း

ဟု သုံးမိနစ်တစ်ခါလောက် အာပြဲအောင် အော်ဟစ်နေရတော့ အဘွား၏ အနားသို့
သိပ်မရောက်ဖြစ်သည်မှာ မဆန်းလှပေ ။

နေ့ခင်းကျတော့လည်း သူ့မြေးတွေကို အတင်းအိပ်ခိုင်းပြီး ကလေးတွေအိပ်လျှင် သူပါရောပြီး အိပ်သွားတတ်သည် ။ ညနေစောင်း၍ ကလေးတွေအမေ ပြန်ရောက်ခါမှ သူက အဘွားအနားသို့ ခဏတဖြုတ် လာထိုင်နိုင်သည် ။ အရေခွံလေးတွေ ပျော့ကာရှုံ့နေသော  အဘွား၏ခြေသလုံးလေးတွေကို တစ်ချက်နှစ်ချက်လောက် ဝင်နှိပ်ရင်း ရောက်တတ်ရာရာ ပြောလေ့ရှိသည် ။

“အမေ မနက်က ထမင်းစားလို့ဝင်ရဲ့လား

“မနက်ဖြန်မနက် မုန့်ဟင်းခါး စားမလားဟင်

“နေခင်းတုန်းက ခင်လေးဆီက စာလာတယ် ။ မကွေးမြသလွန်ဘုရားပွဲ အရမ်းစည်တယ်တဲ့ ။ ဘုရားပွဲမှာ အညာစောင်တွေတွေ့လို့ အမေ့ဖို့ တစ်ထည်ဝယ်ထားတယ်တဲ့

ဟု ပြောလို့မှ မဆုံးသေး ။ သူ့ယောကျ်ား ဦးလှဆောင် ထမင်းစားတော့မည်ဆိုတော့ အဘွားကိုထားခဲ့ပြီး ယောကျ်ားနား ပြေးရပြန်လေသည် ။

အဘွားနားတွင်နေရန် ကလေးမလေးတစ်ဦးကိုတော့ အမြဲလွှတ်ထားသည် ။ သို့သော် သူစိမ်းဆိုတော့သူစိမ်းလိုပင် ။ အဘွားအတွက် ကွေကာအုတ်ဖျော်ပေးလျှင် ခွက်ထဲတွင် သူသောက်ရန် တစ်ဝက်လောက်ချန်ထားတတ်သည် ။ သနပ်ခါးသွေးလျှင်လည်း စက်သွေးတွေရောကာ ထည့်ထားတတ်သည် ။ ပက်လက်ကုလားထိုင်ပေါ်တွင်ထိုင်ရင်း အဘွားတရားမှတ်နေပြီဆိုလျှင်တော့ သူက ဘေးတွင်လှဲကာ အိပ်ပျော်သွားတတ်သည် ။ အဘွားတစ်ခုခုလိုချင်၍ နိူးလျှင်လည်း တော်တော်နှင့်မနိုးတတ် ။ ဖွတ်ပေပြီး ဆက်အိပ်နေတတ်သည် ။ အဘွားခမျာ ဘယ်သို့ဘယ်ညာလည်း မပြောချင်တော့သဖြင့် ရတတ်သမျှသော ဝတ်ကျေတမ်းကျေ အပြုအစုလေးများကိုခံယူကာ နှုတ်ကိုသာ ပိတ်ထားလိုက်သည် ။ ရှည်လျားလှသောနေ့ရက်များကို အတွေးဖြင့်သာ အဖော်ပြုရလေသည် ။

အဘွားမှာလည်း လွန်ခဲ့သောရှစ်နှစ်ကျော်ကျော်က ကွယ်လွန်သွားခဲ့သော အဘိုးနှင့် သူ၏သားသမီးတွေအကြောင်းမှလွဲ၍ တွေးစရာအကြောင်း များများစားစား မရှိလှ ။ သမီးအကြီးဆုံးခင်ခင်ကြီးအပြင် မောင်မောင်ကြီး ၊ မောင်မောင်လတ် ၊ မောင်မောင်လေး ၊ ခင်ခင်လတ် ၊ ခင်ခင်လေး ၊ ခင်ခင်ထွေးဟူသော သားတွေသမီးတွေရှိသေးတော့ တစ်ယောက်အကြောင်းမှ တစ်ယောက်အကြောင်းကို ကူးပြောင်းတွေးတောရင်း အတွေးမျှင်တွေရောယှက်နေတတ်သည် ။

အငယ်ဆုံးသမီးဖြစ်သော ခင်ခင်ထွေးပင် လေးဆယ်ကျော်နေပြီဆိုတော့ အဘွား၏သားသမီးများမှာ ခေတ်စကားနှင့်ပြောရလျှင် အန်ကယ်ကြီး ၊ အန်တီကြီးတွေ ဖြစ်နေကြပြီဖြစ်သည် ။

“ အကြီးကောင်မောင်မောင်ကြီးက မအေကို သိပ်ချစ်တာ ၊ အငယ်တွေ တစ်ယောက်ပြီးတစ်ယောက်မွေးလာတော့ သူ့ခမျာ အမေ့အနား မကပ်နိုင်ရှာတော့ဘူး ။ ဒီတော့ အမေ့အင်္ကျီဟောင်းလေးကိုဖက်ပြီး အိပ်တတ်တာ ။ အင်္ကျီမှာစွဲနေတဲ့ တောင်နံ့ကြီးနံ့နဲ့ ချွေးနံ့ကို သူက အမေ့ရဲ့အနံ့တဲ့

အဘွားက စိပ်ပုတီးလေးတချောက်ချောက် စိပ်ရင်း တွေးသည် ။

“ ကျောင်းပျင်းတာက အလတ်မ မိခင်လတ် ၊ ကျောင်းနောက်ဘက် အိမ်သာနားက ခွေးတိုးပေါက်ကနေတိုးထွက်ပြီး အိမ်ကို ပြန်ပြန်ပြေးလာတတ်တာ ၊ သူ့အဖေက စိတ်တိုတိုနဲ့ အတော်နာအောင် ရိုက်လိုက်မှ အဲဒီအကျင့်ပျောက်တော့တယ်

“ငါ နို့နာပေါက်လို့ နို့ကောင်းကောင်းမတိုက်နိုင်တာက အငယ်ကောင် မောင်မောင်လေး ၊ သူ့ကျတော့ နို့ဘူးတိုက်ရတာ ။ မတ်တပ်ပြေးတတ်တော့ နို့ဘူးကြီး တန်းလန်းကိုက်လို့ ”

“အင်း ဒီနှစ်သီတင်းကျွတ်မှာ သားတွေသမီးတွေ အိမ်မှာလာစုကြရင်

ဘယ်လောက်ကောင်းမလဲ ၊ ငါမသေခင် သားသမီးအစုံနဲ့ စုစုရုံးရုံး
ဓာတ်ပုံရိုက်ချင်လိုက်တာ

ပဋ္ဌန်းရွတ်ရင်းလည်းတွေး ၊ ရေချိုးရင်းလည်းတွေး၊ အစာစားရင်းလည်းတွေးနှင့် အဘွားဧ၏အဖော်က အတွေးများသာဖြစ်နေသည် ။ အဘွားကသာ သားသမီးတွေအကြောင်း တတွေးတည်းတွေးနေရသော်လည်း အလုပ်တာဝန်ဖိစီးနေသော သားသမီးတွေကမူ အဘွား၏အကြောင်းကို တွေးရန် အချိန်သိပ်မရှိကြပေ ။ ငယ်စဉ်က အဘွား၏အင်္ကျီအဟောင်းလေးကို ဖက်အိပ်တတ်သော မောင်မောင်ကြီးပင် ရန်ကုန်တစ်မြို့တည်းတွင်ရှိနေပါလျက် အဘွားဆီသို့ မှန်မှန် မရောက်ဖြစ်သည်မှာ ကြာချေပြီ ။ မော်ဘီဘက်တွင် ခြံဝယ်ကာ သီဟိုဠ်သရက်တွေ စိုက်နေတော့ အချိန်အားလေးရလျှင် မော်ဘီခြံဘက် ပြေးလေ့ရှိပြီး အဘွားဆီ ခြေဦးမလှည့်နိုင်တော့ချေ ။

ခင်ခင်ကြီးနှင့်မောင်မောင်ကြီးတို့က ရန်ကုန်တွင်ရှိကြသော်လည်း ကျန်ငါးဦးကတော့ မန္တလေး ၊ မကွေး ၊ ပုသိမ် ၊ ပျဉ်းမနားနှင့်မော်လမြိုင်တု ိ ့ တွ င် ရောက်နေကြသည်မို့ မြန်မာပြည်အနှံ့ ပျံ့လို့နေသည် ။တစ်ခါတစ်လေကျတော့လည်း အဘွားသည် ငယ်ငယ်တုန်းက ဩဇာစေ့ကလေးများနှင့် ဇယ်တောက်ကစားခဲ့ဖူးသည်ကို သတိရသည် ။ လက်ထဲတွင် စုဆုပ်ထားသော ဩဇာစေ့ကလေးများကို ကြမ်းပေါ်သို့ ကြဲချလိုက်သလို သူ့သား ၊ သူ့သမီးများသည် နေရာအနှံ့ ကျဲပြန့်၍ သွားလေသည် ။ တစ်ယောက်လျှင်တစ်နေရာ ၊ တစ်ယောက်လျှင်တစ်ဘဝစီနှင့် ။ သူတို့၏ကိုယ်ပိုင်ဘဝထဲတွင် သူတို့နှင့်သက်ဆိုင်သော အလုပ်တာဝန် ၊ မိသားစုတာဝန်တို့သာမက လူမှုရေးပြဿနာ စီးပွားရေးပြဿနာများနှင့်ပါ အဖိစီးခံနေကြရလေသည် ။

အဘွားဆီသို့ ကြံုလျှင်ကြံုသလို ဝင်လာကြ ၊ စာရေးကြ ၊ တယ်လီဖုန်းဆက်ကြ ၊ စားစရာတွေပို့ကြသော်လည်း သူတို့မိခင်အိုကြီးအတွက် သူတို့၏ကိုယ်ပိုင်အချိန်များကို များများစားစားတော့ ဖဲ့ပြီးမပေးနိုင်ကြတော့ပေ ။

ဒီလိုနှင့်ပင် ဒီနေ့ ဘယ်သူများပေါ်လာမလဲ ၊ ဘယ်သူများ တယ်လီဖုန်းဆက်မလဲ ၊ ဘယ်သူ့ဆီကများ စာလာမလဲ ၊ ဘယ်သူ့ဆီကများ လူကြံုရောက်မလဲ စသည်ဖြင့် မျှော်ရင်း ငေးရင်း အချိန်တွေကုန်လာခဲ့သည် ။ နေတစ်ခါထွက်လိုက် ၊ နောက်ပြီး ပြန်ဝင်သွားလိုက် ၊ နောက်တစ်ခါ နေထွက်လာလိုက် ၊ ပြန်ဝင်သွားနှင့် အဘွား၏ နေမင်းများသည် ဘာထူးခြားမှုကိုမှ မပေးခဲ့သည်မှာ ကြာမြင့်လှချေပြီ ။

အခုတလောတော့ နည်းနည်းထူးခြားနေသည် ။ အကောင်းထူးခြားသည်တော့မဟုတ် ။ နေမကောင်းမဖြစ်ဘူးသော အဘွားခမျာ ပို့ချင်ချင် အန်ချင်ချင် ဖြစ်နေခြင်းပင် ။ ဗိုက်ထဲတွင် တင်းတင်းကြီးဖြစ်ကာ ထမင်းလေးတစ်လုတ် နှစ်လုတ်လောက် စားပြီးလျှင်ပင် ပြည့်ကယ်ကယ်ကြီး ဖြစ်သွားတတ်သည် ။ အစာလည်း ကောင်းကောင်းမကြေဘဲ ချဉ်နံ့တွေ တက်နေတတ်သည် ။ ဒီနေ့မနက်တော့ ဗိုက်ကြီးက တင်းနေရုံမကတော့ ။ နာချင်ချင် ၊ အောင့်ချင်ချင် နှင့် အနေရ အထိုင်ရပါ ခက်လာသည် ။ မတတ်သာတော့ ခင်ခင်ကြီးကို ခေါ်ရသည် ။

“ နေမကောင်းရင်လည်း စောစောကပြောရောပေါ့ အမေရယ် ။ ဟုတ်ပါရဲ့ ၊ ကျွန်မလည်း အမေ့အနားမကပ်နိုင်

“ အစာမကြေတာကြာပြီသမီးရယ် ။ လျှက်ဆားလေးလျက်လိုက်ရင် သက်သာသွားမလားထင်နေလို့ မပြောတာ

“ အခုရောဟင်

“ အခုတော့ ဗိုက်ကြီးတင်းပြီး နာတာတာဖြစ်လာတာနဲ့

ဒေါ်ခင်ခင်ကြီး ချက်ချင်းပင် ဆရာဝန်ပြေးခေါ်သည် ။ ရပ်ဆွေရပ်မျိုးဖြစ်နေတော့ ဆရာဝန်လေးကလည်း ချက်ချင်းလိုက်လာသည် ။ အဘွားကို အသေအချာစမ်းသပ်ပြီး

“ အဘွားက အူအတက်ရောင်နေတာပဲ  ဟု ပြောသည် ။

“ အဘွားကို ဆေးရုံတင်ဖို့လုပ်ပါ ။ အူအတက်ရောင်တာက ကြာရင်ပေါက်ထွက်တတ်တယ်

“ မပေါက်ထွက်အောင် ဘယ်လိုလုပ်မလဲ လူလေးရယ်

“ ဗိုက်ခွဲပြီးဖြတ်ပစ်ရမှာ အဘွားရဲ့

“ ဘုရား ဘုရား

ကလေးခုနစ်ယောက် မွေးဖူးသော်လည်း တစ်ခါမှဗိုက်အခွဲမခံရဖူးသော အဘွား ကြောက်သွားသည် ။ ဘုရား ဘုရား ၊ သူ့ဗိုက်ကြီးကိုဆွဲဖွင့်ပြီး အထဲက အူအတက်ဆိုတာကို ဖြတ်ထုတ်ပစ်မည်တဲ့ ။

“ အဘွားကို အရည်ကလွဲပြီး ဘာမှမပေးနဲ့တော့ ။ အရည်တောင် တတ်နိုင်ရင်သိပ်မသောက်နဲ့တော့နော် အဘွား

ဆရာဝန်လေးပြန်သွားတော့ အဘွားခမျာ ကုတင်ပေါ်တွင် ငြိမ်ငြိမ်လေးအိပ်ကာ ကျန်ရစ်သည် ။ သူ့ဗိုက်ကို လက်ဝါးလေးနှင့်အုပ်ကာ သမ္ဗုဒ္ဓေရွတ်သည် ။ ဗိုက်ထဲကအနာက သက်သာသလိုလိုရှိလိုက် တိုးပြီးနာလာလိုက်နှင့် စိတ်တွေက ဘယ်လိုမှမတည်ငြိမ် ။

“ အင်း  ဗိုက်ခွဲရင်း ငါသေသွားရင်တော့ ငါ့သားသမီးတွေကို တွေ့ရမှာမဟုတ်တော့ဘူး ။ ဒါပေမယ့် သူတို့လည်း လူလားမြောက်နေပါပြီလေ ။ စိတ်ချနေရပြီပဲဟာ

ဟုတွေးရင်း မျက်စိကိုမှိတ်ကာ ဝင်သက်ထွက်သက်ကို ရှုမှတ်သည် ။ ခဏနေတော့ အတန်ငယ်ငြိမ်သွားသည် ။

မငြိမ်သူကတော့ ဒေါ်ခင်ခင်ကြီးဖြစ်သည် ။ ပေါင်ချိန် တစ်ရာ့ငါးဆယ်ကျော်ရှိသော ခန္ဓာကိုယ်ကြီးကိုသယ်ရင်း အပေါ်တက်လိုက် အောက်ဆင်းလိုက် တယ်လီဖုန်းပြေးဆက်လိုက်နှင့် လှုပ်လှုပ်ရှားရှားဖြစ်နေသည် ။ အဘွားကို မဟာမြိုင်တင်ရမလား ၊ ဆာကူရာတင်ရမလား ၊ ယူအိတ်(ချ်) စီ ပို့ရမလား သူမ မသိ ။ ဘယ်နေရာက ဘယ်ခွဲစိတ်ဆရာဝန်က တော်လည်း  သူ မသိ ။ သူက ထမင်းဟင်းချက်တတ် ဈေးသွားတတ်သော်လည်း မြေးထိန်းတတ်သော်လည်း အူအတက်ရောင်ခြင်းတည်းဟူသောရောဂါကို မည်သည့်နေရာတွင် မည်သူနှင့်ကုရမည်ကို မသိရှာချေ ။ ထို့ကြောင့် ယောက်ျားဆီတယ်လီဖုန်းဆက်လိုက် ၊ သမီးနှင့်သမက်ဆီ တယ်လီဖုန်းဆက်လိုက် ၊ ရန်ကုန်တစ်မြို့တည်းရှိနေသူ မောင်ဖြစ်သူဆီ ဆက်လိုက် ၊ ကျန်နေသော မောင်ညီမတွေရှိရာ နယ်အဝေးတွေကိုလည်း လှမ်းခေါ်လိုက်နှင့် ပျာယာခတ်နေသည် ။ သူ့ဟာသူလည်း ဘာမှ မဆုံးဖြတ်တတ်ရှာပေ ။

ခဏနေတော့ အိမ်ရှေ့တွင် ကားတစ်စင်းဆိုက်လာသည် ။ ပျာယိပျာယာနှင့်ဆင်းလာသူက မောင်မောင်ကြီးဖြစ်သည် ။

“ နင့်ဆီကလည်း ဖုန်းခေါ်ရတာ ခက်လိုက်တာ ငမောင်ရယ်

“ အမေရော

မောင်မောင်ကြီးက အဘွားဆီသို့ တန်းပြီးတက်လာသည် ။ အိပ်ရာထဲတွင် အေးအေးချမ်းချမ်း လဲလျောင်းနေသည်ကို တွေ့သောအခါမှ သက်ပြင်းတစ်ချက်ရှိုက်ကာ

“ စိတ်ပူလိုက်တာ အမေရယ်

ဟု ပြောသည် ။ ခင်ခင်ကြီးကတော့ သူ့မောင်ရောက်လာ၍ အတော်ကြီးအားရှိသွားသည် ။ ဝုန်းဒိုင်းကျဲနေအောင်ဆော့နေသော ဂဇီနှင့်ဂဂျောင်ကို  ထမင်းချက်အဝတ်လျှော် တာဝန်ယူထားရသော ဒေါ်လှချစ်နှင့် အဘွား၏ အပါးတော်မြဲ

ကောင်မလေးတို့လက်ထဲသို့ တစ်ယောက်တစ်ကောင်စီ အပ်လိုက်သည် ။ သိပ်ပြီးစိတ်ချစရာမရှိသော်လည်း မျက်နှာလွှဲလိုက်သည် ။

" ဒီနေ့တော့ အမေ့အနားမှာပဲနေတော့မယ် ။ ဒီမျောက်လောင်းနှစ်ကောင် မိုးပျံအောင်ဆော့လည်း မတတ်နိုင်ဘူး ။ ထိပ်ပေါက်ပေါက် ခေါင်းကွဲကွဲ ဖြစ်ချင်တာဖြစ် မတတ်နိုင်ဘူး ဟု တွေးသည် ။

နေ့ခင်းကျတော့ အဘွားကို သားနှင့်သမီးက ဘယ်တစ်ဖက် ၊ ညာတစ်ဖက်တွဲကာ ဆေးရုံသို့ခေါ်လာကြသည် ။ ပုဂ္ဂလိကဆေးရုံဆိုတော့ နေ့ခင်းပိုင်းတွင် လုပ်စရာရှိသည်များကို ပြုလုပ်ပြင်ဆင်ထားပြီး ညနေကျမှ ခွဲကြရမည်ဖြစ်သည် ။

" ခန္ဓာရှိလို့ ဝေဒနာရှိတာပဲ အမေရာ

အဘွားက ကြောက်နေမှန်းသိတော့ သားကြီးက တတ်သမျှ မှတ်သမျှ အားပေးသည် ။ သားသမီးတွေ စိတ်မပူအောင် ကြိုးစားပြီးပြုံးထားသော်လည်း အဘွား၏အပြုံးက မပီပြင်ချေ ။ မချိပြုံးလေးဖြစ်နေသည် ။ သတိမေ့နေလျှင် တော်ဦးမည် ။ အခုတော့ ခါးရိုးထဲသို့ ထုံဆေးထိုးထည့်ပြီး သူ့ဗိုက်ကြီးကို ဓားနှင့်ခွဲချမည်ဆိုတော့ အဘွားခမျာ ဘယ်လိုပင်အားတင်းပါသော်လည်း မကြောက်ပဲ မနေနိုင်ရှာပေ ။

ညခုနစ်နာရီတွင် ခွဲမည်ဖြစ်ရာ ခြောက်နာရီလောက်ကျတော့ သားအငယ်မောင်မောင်လေးတစ်ယောက် မောကြီးပန်းကြီးနှင့် ရောက်လာသည် ။

" အလုပ်တွေ အကုန်လွှဲပြီး တောက်လျှောက်မောင်းချလာတာ အမေရေ့ ။ ညောင်တုန်းတံတားကြီး ပြီးသွားတာ သိပ်ဟန်ကျတာပဲ ၊ ပုသိမ် - ရန်ကုန်ခရီး မြေကြောရှုံ့လိုက်သလို တော်တော်မြန်သွားတယ် ။ အရင်ကလိုသာ ဇက်စောင့်ပြီး မြစ်ကူးနေရရင် အမေ့ကို ခွဲခန်းထဲမသွင်းခင် မီချင်မှ မီမှာ

မောင်မောင်လေးက အဘွားလက်ကို တင်းတင်းဆုပ်ထားသည် ။ အဘွားကို

ချစ်ကြင်နာစွာကြည့်ရင်း

“ မကြောက်နဲ့နော် အမေ ။ ကျွန်တော် ဗေဒင်မေးလားတယ် ။
အမေ့အသက်တစ်ရာကျော် နေရမယ်တဲ့

ဟု ပြောသည် ။ အတည်ပေါက်နှင့်ဖြီးတတ်သော သူ့သားအကြောင်းကိုသိပြီးသားမို့
အဘွားက ကြောက်စိတ်တွေလျော့ကာ ရယ်ချင်လာသည် ။ အမေ့ကို ခွဲစိတ်ခန်းထဲသို့
မပို့မီ မြင်ချင်၍ တရကြမ်းမောင်းလာသည်ဟူသော စကားကြောင့် တသိမ့်သိမ့်
ကြည်နူးသွားသည် ။

“ ငါ ကံကောင်းလိုက်တာ ။ ငါ့သားသမီးတွေက သိတတ်လိုက်တာ

ဟု အခါခါတွေးရင်း ခွဲစိတ်ခန်းထဲသို့ ခပ်ပြုံးပြုံးဝင်သွားသည် ။

“ ဘာမှ မပူနဲ့ ။ အမေက တရားမှတ်နေလိုက်မှာ ။ မကြောက်တော့ပါဘူး

ဟု ပြန်၍ အားပေးသွားသေးသည် ။

အဘွားပြောသလိုပင် ဖြစ်သည် ။ အဘွားကို အောင်မြင်စွာ ခွဲစိတ်၍ ပြီးသွားသည် ။
ထိုနေ့ညက အဘွားခွဲစိတ်ခန်းထဲမှ အပြင်ရောက်လာပြီး တစ်နာရီလောက်နေမှ
သားနှစ်ယောက်ပြန်သွားသည် ။ ခင်ခင်ကြီးကတော့ အိမ်မပြန် ။ သူနာပြုဆရာမနဲ့အတူ
အဘွားဘေးတွင် စောင့်နေရစ်သည် ။ နာခေါင်းပိုက်တွေ တန်းလန်းထည့်ထား၍
အနေခက်လှသော်လည်း မျက်စိဖွင့်ကြည့်လိုက်တိုင်း သမီးဖြစ်သူခင်ခင်ကြီးက

“ အမေ ခင်ကြီးရှိတယ်နော်

ဟု တိုးတိုးပြောတတ်တော့ အဘွားခမျာ အားတွေ အထပ်ထပ်ရှိနေသည် ။

နောက်နေ့မနက်ကျတော့ မန္တလေးမှမောင်မောင်လတ် ၊ မကွေးမှခင်ခင်လေး နှင့်

မော်လမြိုင်မှခင်ခင်လတ်တို့ ရှေ့ဆင့်နောက်ဆင့် ရောက်လာကြသည် ။ ပြုံးရယ်နေသောအဘွားကို တွေ့လျက်နှင့် ခင်ခင်လတ်က

“ စိတ်ပူလိုက်တာ အမေရယ်

ဟု ပြောပြီး မျက်ရည်တွေ ကျနေသေးသည် ။ မောင်မော်လတ်ကလည်း

“ ရရာရထားတွဲနဲ့ လိုက်လာတာဆိုတော့ အိပ်စင်မရဘူးလေ ။ ဆောင့်လိုက်ခါလိုက်တာကလည်း လွန်ပါရော ။ ကျွန်တော်က အအိပ်မက်တော့ မီးရထား ဘယ်လောက်ခုန်ခုန် အိပ်တာပဲ ။ အိပ်လိုက်တာနဲ့ အိပ်မက်ထဲမှာ အမေသေတယ်ချည်း မက်နေတော့တာ ။ ဘယ်နှစ်ခါမှန်းတောင်မသိဘူး ။ အမလေး စိတ်ဆင်းရဲလိုက်တာ မပြောပါနဲ့တော့ အမေရာ

ဟု ညည်းညည်းညူညူ ပြောသည် ။ သူ့မျက်စိရှေ့မှ ပျောက်ထွက်သွားမှာစိုးသလို အဘွား၏လက်ကို တင်းတင်းဆုပ်ထားတော့ အဘွားက

“ အမေ မသေသေးပါဘူးသားရယ် ၊ အသက်တစ်ရာကျော်နေရမယ်လို့ ဗေဒင်ကဟောသတဲ့

ဟု သူကိုယ်တိုင်မယုံဘဲနှင့် ပြန်ပြောမိသေးသည် ။

နောက်ဆုံးမှရောက်လာသူက အငယ်ဆုံးသမီးခင်ခင်ထွေး ဖြစ်သည် ။ သူက အလယ်တန်းကျောင်းအုပ်ဆရာမကြီးဆိုတော့ သူ့တပည့်တွေ ကန်တော့သမျှ ဟောလစ်တို့ အိုဗာတင်းတို့ အဘွားအတွက် တစ်ထမ်းတစ်ပိုးကြီးသယ်ချလာသည် ။

“ဟော့ ဟောလစ်တွေ ၊ အိုဗာတင်းတွေ ဘာလုပ်ဖို့လဲ ။ နောက်ဆုံးမှလာပြီး ဒါတွေသယ်လာလို့ ဘာလုပ်မှာလဲ

အတည်ပေါက်နှင့် စဟောက်သူက မောင်မောင်လေးဖြစ်သည် ။ သူက မျက်စိတစ်ဖက်မှိတ်ပြထားတော့ ကျန်အစ်ကို အစ်မများကပါ တစ်ယောက်တစ်ပေါက်

ဝိုင်းပြီးဆူကြသည် ။

" ဟုတ်သားပဲ ။ အရေးကြီးတာက အမေနေမကောင်းဘူးဆိုရင် ချက်ချင်းအရောက်လာဖို့ပဲ

" အမေကတော့ သမီးမျက်နှာလေး ကြည့်ချင် မြင်ချင်ရှာတာ

" အလုပ်ကတော့ အလုပ်ပေါ့ ။ ဒါပေမယ့် အဲဒီအလုပ်က အမေ့ထက် အမြဲတမ်းအရေးကြီးနေလား

ခင်ခင်ထွေးခမျာ သူ့ကျောင်းမှာသာ သူက ကျောင်းအုပ်ဆရာမကြီးဖြစ်သော်လည်း မိသားစုဝင်ထဲမှာတော့ အငယ်ဆုံးဖြစ်သည် ။ အစ်ကိုတွေ အစ်မတွေ ဘယ်သူ့ကိုမှ သူက ပြန်မပြောရဲရှာချေ ။ မျက်လုံးလေး ပေကလပ် ပေကလပ်နှင့် ဟိုကြည့် ဒီကြည့် ဖြစ်နေရှာသည် ။ အားလုံးက မျက်နှာထိ မျက်နှာထားတွေနှင့်ဆိုတော့ မျက်ရည်တွေ ပိုးပိုးပေါက်ပေါက်ကျလာသည် ။

" ခင်ထွေး ၊ ခင်ထွေး လာချင်ပါတယ် ။ အဟုတ် အဟုတ်ကို လာ . . လာလို့မရတာပါ "

ဟု အထစ်ထစ် အငေါ့ငေါ့ပြောတော့မှ တဝါးဝါးဝိုင်းရယ်ကြသည် ။ ခင်ထွေး၏ခေါင်းကို ချစ်စနိုးဝိုင်းပုတ်ကြရင်း

" ငအေမလေး   ဟု ထောမနာပြုကြသည် ။

အဘွားခမျာမှာတော့ အသက်လေးဆယ်ကျော် ငါးဆယ်ကျော် သူ့သား သူ့သမီးတွေကိုကြည့်ရင်း ကလေးလေးတွေလို ထင်မိသည် ။ သူတို့တစ်ဦးနှင့်တစ်ဦး ပြောကြဆိုကြ ရယ်မောကြနှင့် ပျော်နေကြသည်ကို ကြည့်၍မဝ ၊ နားထောင်၍ မဝနိုင်အောင် ရှိလှသည် ။

နောက်ရက်တွေကတော့ အဘွားအတွက် ရွှေရောင်လွှမ်းသောနေ့ရက်များဖြစ်သည် ။ ရှားရှားပါးပါးလာဆုံရသော သားသမီးခုနစ်ဦးနှင့်အတူတကွ ဓာတ်ပုံရိုက်ရခြင်းပင် ။ ရိုက်ရသည့်နေရာကလည်း ကြည့်ဦး ။ လူနာကုတင်ပေါ်တွင် အဘွားက ကိုယ်တစ်ပိုင်းမှီကာ ထိုင်နေရင်း သားသုံးယောက်နှင့် သမီးလေးယောက်က ဘေးမှပိုင်းထိုင်နေကြသည် ။ ခွေးချေလေးနှင့်ထိုင်နေသော မောင်မောင်ကြီးက အဘွား၏ခုတင်ပေါ်တွင် ဟန်ပါပါနှင့် လက်တစ်ဖက်ထောက်ထားသည် ။ သူ့နောက်က ခင်ခင်လတ်က နှင်းဆီပန်းတွေထိုးထားသောပန်းအိုးကို သူ၏ခေါင်းနောက်ဖက်တွင် ဝှက်လျက် ကိုင်ထားသည် ။ အမှတ်မဲ့ကြည့်လျှင် မောင်မောင်ကြီးခမျာ ပန်းတွေဝေနေအောင် ပန်ထားသည်နှင့် တူနေသည် ။ ခင်ခင်လတ်၏ ခေါင်းနောက်ဘက်တွင်လည်း မောင်မောင်လေးက လက်ဆယ်ချောင်းကို ဖြန့်ကာ ကားကားကြီး ထောင်ထားပြန်သည် ။ ခင်ခင်ကြီးက အဘွားအတွက် ဆန်ပြုတ်ပန်းကန်ကိုကိုင်ကာ ဓာတ်ပုံရိုက်ရာဘက်လှည့်ပြီး အစွမ်းကုန် ပြုံးပြနေသည် ။ သူ့နောက်မှ မောင်မောင်လတ်က ဓာတ်ဘူးကြီးကိုင်ပြီး ( ဓာတ်ဘူးထဲမှာ တကယ်တော့ ဘာမှမရှိ ) သူ့ခေါင်းပေါ်လောင်းချမည့်ဟန် ပြင်နေသည် ။ ခင်ခင်လေးနှင့်ခင်ခင်ထွေးက ပန်းတွေနှင့်ဝေဖြစ်နေသော သူတို့အစ်ကိုကြီးအား ကြည့်ကာ အားရပါးရ ရယ်နေကြလေသည် ။

အဘွားဘေးတွင် အားလုံးကျေနွေရရ ရပ်ကာ ရိုက်ထားသောဓာတ်ပုံတစ်ပုံ ရှိသေးသော်လည်း ပထမပုံလောက် သူတို့ကမကြိုက် ။ သားမယားတွေလည်းမပါ ၊ ကလေးတွေလည်းမပါဘဲ သူတို့မောင်နှမချည်းသက်သက် ပြန်ဆုံရသဖြင့် သူတို့ကိုယ်သူတို့ လူငယ်တွေလိုပြန်ဖြစ်ပြီး ငယ်ငယ်တုန်းကအကြောင်းတွေကို ပြော၍မဆုံး ရယ်၍မဆုံးနိုင်အောင် ဖြစ်နေကြသည် ။

ဒီလိုနှင့်ပင် အချိန်တွေ လျင်မြန်စွာကုန်သွားသည်။ အဘွားလည်း အနာကျက်ကာ ချုပ်ရိုးဖြေရသည် ။ ဆီးချိုလည်းမရှိ ၊ သွေးတိုးလည်းမတက် ။ နှလုံးကလည်းကောင်း ၊ အဖျားကလည်း မတက် ။ အနာလည်း ပိုးမဝင်။ အဘွား၏ အခြေအနေက ဆရာဝန်

လက်ဖျားခါလောက်အောင်ပင် ကောင်းနေသည် ။

" ဒီလိုအသက်အရွယ်မှာ ခွဲစိတ်ပြီး ဒီလောက်ကောင်းတာ သိပ်ရှားတာ ။ အဘွားကတော့ ထူးရှယ်ပါပဲ

အစောင့်သူနာပြုဆရာမလေးက ပြောသည် ။ အဘွားကတော့ အရင်တုန်းကလောက် မရွှင်တော့ပေ ။ သူ နေကောင်းလျှင် အိမ်ပြန်ရတော့မည် ။ အိမ်ပြန်ရောက်ပြီးလျှင်တော့ သူ့သား သူ့သမီးတွေလည်း သူတို့တာဝန် သူတို့မိသားစုများရှိရာသို့ တစ်ယောက်ပြီးတစ်ယောက် ပြန်ကြတော့မည် ။

အဘွားစိုးရိမ်သောအချိန်သည် ချက်ချင်းပင် ရောက်လာသည် ။ စ၍ပြန်သူက မန္တလေးမှ မောင်မောင်လတ်ဖြစ်သည် ။

" ခွင့်နေ့ စေ့နေပြီ အမေရဲ့ ။ သီတင်းကျွတ်မှ တစ်ခေါက်ပြန်လာခဲ့မယ်နော်

ဟု ပြောကာ အဘွား၏ခြေအစုံကို ခေါင်းနှင့်တိုက်၍ ကန်တော့သွားသည် ။ ခင်ခင်လတ်ကိုတော့ သူ့ယောကျ်ားက တယ်လီဖုန်းဆက်သည် ။ သားအငယ်လေး ဖျားနေသည် ။ အမြန်ပြန်လာပါ တဲ့ ။ မောင်မောင်လေးကတော့  အဘွားဆေးရုံမှ မဆင်းမီကတည်းက ပုသိမ်ကို တစ်ခေါက် ပြန်ပြေးပြီးဖြစ်သည် ။ ဟိုကအလုပ်တွေကို ကြည့်ရှုစစ်ဆေးပြီး  အဘွားဆီ ပြန်လာသည် ။ ဒီမှာ လေးငါးရက်နေပြီးလျှင်တော့ တစ်ခါမပြန်လျှင် မဖြစ်တော့ ။ သူ့အလုပ်တွေက အရေးကြီးသည် ။

" ပုသိမ် - ရန်ကုန် နီးနီးလေးပါ အမေရာ ၊ ဒီတစ်ခါ ကျွန်တော်လာရင် ဗေဒင်ဆရာပါ ခေါ်လာဦးမယ်

ဟု ရယ်မောကာ ပြောသွားသည်။ တက္ကသိုလ်မှဆရာမဖြစ်သော ခင်ခင်လေးကလည်း စာမေးပွဲကိစ္စ ၊ မေးခွန်းကိစ္စ အရေးကြီးနေရှာသည် ။ အမေ့ကိစ္စမို့ ဖွတ်ထွက်လာရသော်လည်း သူ့အလုပ်နှင့်တာဝန်က သူ့ကို စောင့်နေသည် ။

မောင်မောင်ကြီး၏ခြံမှ သီဟိုဠ်သရက်များ မှည့်ရင့်ခါနီးပြီ ဖြစ်သည် ။ ဒီအချိန်က

ကြုပ်ကြုပ်မတ်မတ်မစောင့်ရှောက်လျှင် သူခိုးလက်ထဲပါတတ်၍ သူ၏ခြေဦးက မော်ဘီဘက်သို့လည်နေပြီဖြစ်သည် ။

" ကျွန်တော့်ခြံကို တစ်ရက်လောက် လိုက်ကြည့်ပါဦး အမေရာ ။ ကျွန်တော် လာခေါ်မယ်နော် ။ အဝင်လမ်းက နည်းနည်းကြမ်းလို့ အမေအားမွေးလိုက်ဦး ဟု ပြောသည် ။

နောက်ဆုံးမှရောက်လာသော ခင်ခင်ထွေးက နောက်ဆုံးမှ ပြန်သည် ။ အဘွားနှင့်အတူ အချိန်ပြည့်ကပ်နေရင်း အဘွားကို ကလေးတစ်ယောက်လို ဂရုတစိုက်နှင့် ပြုစုသည် ။ တောင်နံ့ကြီးတွေကို ကျောက်ပျဉ်အပြည့်သွေးပြီး အဘွားတစ်ကိုယ်လုံး မွှေးကြိုင်နေအောင် လိမ်းပေးသည် ။ အဘွားဆန်ပြုတ်သောက်လျှင် ငါးကြော်အရိုးလေးများ အသေအချာထွင်ပေးသည် ။ အဘွားရောက်တတ်ရာရာ ပြောသမျှကို စိတ်ဝင်တစားနားထောင်သည် ။ သူ့ကျောင်းမှ တပည့်လေးများအကြောင်းကိုလည်း ပုံပြင်တွေလို ပြောပြသည် ။ နောင်အခါ အဘွားအဖော်လုပ်ရမည့်အတွေးထဲတွင် ခင်ခင်ထွေး၏တပည့်များလည်း တစ်ခါတစ်ရံ ရောက်လာလိမ့်မည်ဖြစ်လေသည် ။

" သူလည်း ပြန်ရမှာပါပဲလေ

အဘွားက သက်ပြင်းလေးနှင့်အတူ တွေးနေဆဲမှာပင် ခင်ခင်ထွေးက

" ခင်ထွေးလည်း ခွင့်ရက်စေ့ပြီအမေရယ်

ဟု ပြောသည် ။ ဒီမှာသာ ကလေးလုပ်နေသော်လည်း သူ့ကျောင်းမှာ သူက လူကြီးမဟုတ်လား ဟုတွေးရင်း အဘွားက

" ပြန်လေ သမီးရယ် ။ စိတ်ချလက်ချ ပြန် ။ အမေက နေကောင်းနေပြီပဲဟာ ဟု ပြောရသည်။

နောက်ဆုံးတွင်တော့ အဘွား၏ဘေးတွင် အတူနေ
သမီးကြီးခင်ခင်ကြီးတစ်ယောက်သာ ကျန်လေတော့သည် ။

အခုတော့ အဘွားသည် ဘုရားစင်အောက်က ပက်လက်ကုလားထိုင်တွင် ပြန်ထိုင်နေရပြီဖြစ်သည် ။ ခါတိုင်းလိုပင် ပဌန်းရွတ် ၊ ပရိတ်ရွတ် ၊ ပုတီးစိပ် ၊ တရားမှတ်နှင့် ရှည်လျားလှသောနေ့တာများကို တရွေ့ရွေ့ကုန်လွန်စေရသည် ။

ပက်လက်ကုလားထိုင်ဘေးက စားပွဲပုလေးပေါ်တွင်ကား အဘွား၏ဆေးပုလင်း ၊ စိပ်ပုတီး ၊ ရေပုလင်းနှင့် ရေခွက်စသော ပစ္စည်းပစ္စယများအပြင် မှန်ဘောင်သွင်းထားသော မိသားစု ဓာတ်ပုံတစ်ပုံပါ တိုးလာသည် ။ ဗရုတ်သုတ်ခ ရိုက်ထားသော ပုံကလေးကို ငေးကြည့်မိတိုင်း အဘွား၏မျက်နှာတွင် အပြုံးရိပ် ထင်လာတတ်သည် ။ အူအတက်ခွဲခဲ့ရသောနေ့ရက်များကို ပြန်ပြောင်းတွေးရသည်က အဘွားအတွက် ကြည်နူးစရာပင်ဖြစ်သည် ။ အဘွားအတွက် ရှည်လျားလှသော နေ့တာများသည် ထိုရက်များအတွင်းက ဘယ်လိုကုန်လွန်သွားမှန်းပင် မသိရအောင် တိုတောင်းခဲ့ရသည် ။

ဒေါ်ခင်ခင်ကြီးခမျာလည်း ထုံးစံအတိုင်း

" ဟဲ့ ဂရီ ၊ ဟဲ့ ဂရောင် နှင့် အော်ဟစ်နေရရှာပြီ ဖြစ်သည် ။ လူကလည်း ပိုပိုဝလာသည် ။ ထိုင်လျှင်ပင် အီးခနဲ အားခနဲ အားယူနေရတော့ အဘွား၏ ပက်လက်ကုလားထိုင်ဘေးက ကြမ်းပြင်တွင် တစ်နေ့တစ်ခေါက်ထိုင်နိုင်ဖို့ပင် အတော်လေး ကြိုးစားရရှာသည် ။ ဒီနေ့တော့ အဘွားက ထူးထူးဆန်းဆန်းမေးသည် ။

" သမီးရေ အူအတက်ဆိုတာ ဘယ်နှစ်ခုရှိလဲဟင်

" ဟာ အမေကလည်း တစ်ခုပဲ ရှိတာပေါ့

“ အဲဒါဆိုရင် အမေ့မှာ နောက်ထပ် ရောင်စရာ အူအတက် မရှိတော့ဘူးပေါ့

“ ဖြတ်ထုတ်လိုက်ပြီလေ အမေရဲ့ ၊ သူ့ကို လုံးဝ ကြောက်စရာမလိုတော့ဘူး ။ ဘာဒုက္ခမှ မပေးနိုင်တော့ဘူး

ဒေါ်ခင်ခင်ကြီးက သူ့အမေ တွေးပြီး ကြောက်နေသည်ထင်၍ အားပေးသည် ။ အဘွားကတော အားတက်ဟန်မတူ ။ သက်ပြင်းလေးကို မသိမသာရှိုက်ရင်း ငြိမ်သွားသည် ။ မိသားစုဓာတ်ပုံလေးကို ငေးကြည့်ရင်း စိတ်ထဲမှ ဝမ်းနည်းတကြီး ရေရွတ်နေမိလေသည် ။

“ ငါ့မှာရောင်စရာ အူအတက် မရှိတော့ပါလား "

**( မစန္ဒာ )**

## ဟိုဘက်ကမ်းက လွှမ်းပုံပြင် - မစန္ဒာ

အောင်သပြေတို့ တစ်မိသားစုလုံးသည် ပင်လယ်ကမ်းခြေတစ်ခုခုသို့ တစ်နှစ်တစ်ခါ ရောက်စမြဲဖြစ်သည်။ သို့သော် သူတို့အဘွားက အများတကာလို နွေရက်များကိုမရွေးဘဲ မိုးဦးကျရက်များကိုသာ ရွေးပြီးအပန်းဖြေ လေ့ရှိသည်ကတော့ တော်တော်ကိုခက်လှသည်။

"ပင်လယ်လေကို တစ်နှစ်တစ်ခါလောက်မှ ဝဝမရှူရရင် ကုန်ထားတဲ့ အားတွေပြန်ပြီး မပြည့်လာသလိုပဲ၊ နောက်ပြီး မိုးတွင်းဆိုတော့ လူရှင်း တယ်လေ။ အေးအေးဆေးဆေးရှိတာပေါ့

သူ့ကို စောဒကတက်ချင်ဟန်ရှိသော မြေးများကို အဘွားက လေအေး အေးနှင့်ပြောတတ်သည်။ သို့သော် ထို့ထက်ပိုသောအကြောင်းများ ရှိနေ လိမ့်မည်ဟု အောင်သပြေထင်မိသည်။

*******-

အဘွား ..... သူတို့၏ဘွားသည် အတန်ငယ်ထူးဆန်းလေသည်။ သူ လူ့လောကထဲသို့ ရောက်လာခဲ့သည်မှာ၊ အနှစ်နှစ်ဆယ် ကျော်ပြီဖြစ်သော် လည်း အဘွားငိုသည်ကို တစ်ခါမျှမတွေ့ဖူးပေ။ ငိုသည်ကို မတွေ့ဖူး၍ ရယ်သည်ကို တွေ့ဖူးသလားဆိုပြန်တော့လည်း မတွေ့ဖူးပြန်ပေ။ လူမှုရေး အရ တစ်ခါတစ်ရံ ရယ်ရယ်ပြုံးပြုံးရှိတတ်သော်လည်း အဘွား၏မျက်လုံး များရွှန်းလက်တောက်ပလာသည်အထိ ပျော်ရွှင်ကြည်နူးစွာဟက်ဟက်ပက် ပက်ရယ်မောသည်ကိုတော့ အောင်သပြေ တစ်ခါမျှမတွေ့ဖူးခဲ့ပေ။

"မင်းတို့ရဲ့အဘွားက တည်င်းသီးဆားစိမ်သလို သူ့တစ်ကိုယ်လုံး၊ စိတ်တပြင်လုံးကို အလုပ်ထဲမှာ နှစ်ပြီးစိမ်ထားတာ

အောင်သပြေ၏ဖခင်၊ အဘွား၏သမက်က တီးတိုးပြောရင်းရယ်မော တတ်သည်။သို့သော်

လေးစားရင်းစွဲရှိသူမို့

“အဖေတို့ယောက်ျားတွေတောင် သူ့လောက်အလုပ်ဖောကပ်ပြီး ဖွဲမခတ်နိုင်ဘူး။ တကယ်ကို မိန်းမ သူရဲကောင်း  ဟူ၍လည်း ဆက်၍ချီးကျူးလေ့ရှိလေသည်။

အမေကတော့အဘွား၏ဘဝတိုက်ပွဲများကို စိတ်လိုလက်ရပြော ပြတတ်သည်။ အဘိုးဆုံးသွားသော အဘွားသည် ကိုယ်န်အရင့်အမာနှင့် ကျန်ရစ်ခဲ့သည်ဟုဆိုသည်။ သမီးကြီးဖြစ်သူအမေက သုံးနှစ်သမီးရှိပြီမို့

“ဖေဖေပြန်မလာတော့ဘူးလား  ဟု တစာစာမေးတတ်လေသည်။ ထိုအခါ များတွင် အဘွားသည်

“ဒီမှာ သမီးရဲ့ဖေဖေလေ  ဟု သူ့ကိုယ်သူပုတ်ပြ တတ်သည်။

“မေမေရော  ဟုမေးပြန်ကလည်း သူ့ရင်ဘတ်ကိုသူပုတ်ကာ

“ဒီမှာ မေမေပေါ့သမီးရယ်  ဟုပြောတတ်လေသည်။

ရပ်ကွက်ဈေးထဲ တွင် ဆန်ဆိုင်လေးချက်ချင်းဖွင့်ပြီး ကလေးတစ်ဖက်၊ ကိုယ်ဝန်တစ်ဖက်နှင့် ဆွဲလွဲထိန်းကျောင်းရင်း ဈေးရောင်းခဲ့ရသည်။ သမီး အငယ်မွေးပြီးတော့လည်းဆိုင်ပေါ်တွင် စောင်ပုခက်လေးဆင်ကာ အဘွားကဈေးရောင်း၊ အမေက ပုခက်လွှဲနှင့် ကြမ်းတမ်းသောနေ့ရက်များကို ဖြတ်ကျော်ခဲ့ရသည်။ ညအိပ် ရာဝင်ခါနီးလျှင် အဘွားသည် အမေတို့ညီအစ်မအားဖက်ပြီး

“အမေ့သမီး လေးတွေအတွက် အမေကြိုးစားမယ်  ဟု အမြဲရေရွတ်တတ်သည်ဟုအမေ ကလွမ်းမောစွာ ပြန်ပြောပြတတ်သည်။ အနေအထိုင် ရိုးသားမှန်ကန်ကာ ကြိုးကြိုးစားစားပြန်လည်း လုပ်သဖြင့် အများ၏ယုံကြည်မှုနှင့် မေတ္တာကိုလည်း ရရှိခဲ့သည်။

“မင်းတို့အဘွား ဘယ်လောက်တောင် အပတ်တကုတ်ကြိုးစားလိုက်သလဲဆိုတာ ဆန်အိတ်သေးသေးလေးကနေ အကြီး၊ အကြီးကနေတစ်ခါ ပွဲရုံဖြစ်၊ အခုဆို ဘုရင့်နောင်ပွဲစားတန်းမှာ ဆန်ပွဲရုံကြီးတစ်ခုလုံးအထိဖြစ် လာတာဟာ

မိန်းမတစ်ယောက်ရဲ့ လုပ်အားချည်းပဲ

"နောက်ပိုင်းကျတော့ အမေတို့လည်း ကူတယ်မဟုတ်လား

"ဟုတ်ပါတယ်။ ဒါပေမဲ့ရှေ့ကနေပြီး ဦးစီးဦးဆောင်လုပ်ခဲ့တာက အဘွားချည်းပဲလေ

"မင်းတို့အမေကတောင် အဘွားလို တည်င်းသီးဆားစိမ်ကလေးဖြစ် ခါနီးမှ ကံကောင်းပေလို့ အဖေနဲ့တွေ့တာ၊ မင်းတို့အဒေါ်ခမျာမှာတော့ ကယ်တင်မယ့်သူကောင်းမရှိလို့ တည်င်းသီးဆားစိမ်လုံးလုံးဖြစ်သွားရှာတယ်

အဖေက ရယ်ကာမောကာနှင့်နောက်ပြောင်လျှင် အမေတို့ ညီအစ်မနှစ်ဦးက တသိမ့်သိမ့်ရယ်မော တတ်သည်။ အောင်သပြေတို့ အဒေါ်ကအဘွား၏ခြေရာနင်းသူမို့ တော်ရုံတန်ရုံသူကို အထင်မကြီးတတ်ပေ။ သူ့ကို စိတ်ဝင်တစားချဉ်းကပ်လာသူမှန်သမျှကိုလည်း လှည့်စောင်း၍ပင် မကြည့်။ စီးပွားရေးတစ်ခုတည်းကိုသာ တစိုက်မတ်မတ် စိတ်ဝင်စားသူဖြစ်၍ အပျိုကြီးဖြစ်ရခြင်းမှာ မဆန်းပေ။

"အဲဒါကိုယ်ဝန်စိတ်ဖြစ်မှာပဲ၊ သူ့ရဲ့ကိုယ်ဝန် လွယ်ထားရတုန်းက လည်း အဘွားကယောကျ်ားတွေကို လွှတ်ပြီး စိတ်ပျက်ခဲ့တာကိုး

"ဘာလို့ စိတ်ပျက်တာလဲ အဘွားရဲ့ ဟု အောင်သပြေက တအံ့တဩမေးတော့ အဘွားက မကြားသလို တစ်ဖက်လှည့်သွားလေသည်။အဖေကတော့

"တော်သေးတာပေါ့ကွာ မင်းအမေကိုယ်ဝန်နဲ့ကတည်းကများ ယောကျ်ားတွေကို စိတ်ပျက်ခဲ့မယ်ဆိုရင် မင်းတို့တတွေ လူ့ပြည်ရောက် ခွင့်ရမှာ မဟုတ်ဘူး။ သူလည်းအပျိုကြီးပဲ ဖြစ်တော့မှာ ဟုပြောလေသည်။

အမေရိကန်စာရေးဆရာ Alex Haley ၏ Roots "ဇာစ်မြစ် ဟူသော ဝတ္ထုကိုဖတ်ဖူးတော့ အောင်သပြေသည် သူ၏မျိုးရိုးအစဉ် အဆက် မူလဇာစ်မြစ်အကြောင်းကို တွေးကြည့်ဖူးသည်။ ဘိုး၊ ဘေး၊ ဘီ၊ ဘင်၊ ဘောင်၊ ဘော ဆိုသည်တွေကို ထားပါဦး။ အနီးကပ်ဆုံးဖြစ်သော အဘိုး၏အကြောင်းကိုပင်

ရေရေရာရာမသိချေ။ အဖေ ပြောသလို တည်ငြင်းသီးဆားစိမ်ဖြစ်နေသော အဘွားကတော့ ပစ္စုပ္ပန်ကိုသာ တည့်တည့်ရှုနေ သူဖြစ်သည်မို့ အဘိုးအကြောင်းကို တစ်ခါမှ မပြောပြဖူးပေ။ အဘိုးနှင့် ဆိုင်သော မှတ်တမ်းမှတ်ရာ၊ စာအုပ်၊ ဓာတ်ပုံစသည် စသည်များကိုလည်း တစ်စုံတစ်ရာ မတွေ့ခဲ့ဖူးလေတော့ သူတို့မြေးတစ်သိုက်သည် အဘိုး၏ အမည် ဦးတင်လေးမောင်ဆိုသည်ကိုသာ သိခဲ့ကြရသည်။ အမေကိုယ်တိုင် ပင် သူ၏ဖခင်သည် နိုင်ငံခြားတွင်ပညာသွားသင်ရင်း ဟိုမှာပင် ဆုံးပါးသွားခဲ့သည်ဆိုတာလောက်ကိုသာ သိထားသူဖြစ်လေသည်။

သို့သော်အမေ က သူ၏အမည် ပန်းခရေ ဟူသည်ကို အဘိုးက မှည့်ခေါ်ပေးထားခြင်း

ဖြစ်ကြောင်းကိုတော့ တဖွဖွပြောတတ်သည်။

"သားတို့ အဘိုးက နာမည်လှလှလေးတွေ ပေးတတ်တယ်။ သားတို့ အဒေါ်ဆိုရင် ကိုယ်ဝန်မရှိခင်ကတည်းက နောက်တစ်ယောက်ကိုမိန်းကလေးဆို ပန်းစပယ် ၊ ယောက်ျားလေးဆို အောင်သပြေ လို့ခေါ်မယ်လို့ ပြောခဲ့တာတဲ့။ အဲဒီနာမည်ကို အဘွားရဲ့စိတ်ထဲမှာ စွဲနေတယ်ထင်ပါရဲ့။ ဟော ... သားကိုမွေးပြီးတော့ သူ့ရဲ့မြေးဦးလေးဟာ ယောက်ျားလေးလည်း ဆိုရော အဘွားက အောင်သပြေ လို့ ခေါ်ပါ သမီးရယ်တဲ့။ ဒါကြောင့် သား ရဲ့နာမည် အောင်သပြေ ဆိုတာကလည်း အဘိုး ပေးခဲ့တဲ့နာမည်ပဲဆိုတာ မှတ်ထား

'အောင်သပြေ ဟူသောအမည်က ခပ်ဆန်းဆန်းမို့ ကြားရသူတိုင်းက သတိပြုမိတတ်ကြသည်။ ဒီအသက်ဒီအရွယ်အထိလည်း သူနှင့်နာမည်တူ သူကို မတွေ့ဖူးသေးသည်ကတော့ အမှန်ပင်။ အဖေကတော့

"မင်းရဲ့ နာမည်ကသိပ်ပြီး အဓိပ္ပါယ်ကောင်းတာ ဟုပြောသည်။

အဘွားကလည်း အောင်သပြေ ဟူသော ပွဲရုံအလုပ်ကို စိတ်မဝင်စားပေ။ နိုင်ငံခြားတွင်သွား ရောက် ပညာသင်ရန်၊ အလုပ်လုပ်ရန်ကိုသာ စိတ်အားထက်သန်နေသူ ဖြစ်သည်။ ကမ္ဘာ့ရွာကြီးအကြောင်းကို

လုံးဝစိတ်မဝင်စားသော အဘွားကတော့ သူ့ကို အဘိုးလိုပင်ဖြစ်မှာ စိုးလို့လားတော့မသိ ခပ်စူးစူးလေးလှမ်း ကြည့်ရင်း ပင့်သက်ကို မသိမသာရှိုက်တတ်လေသည်။ အခုတော့ အဘွား၏အသက်သည် ခုနစ်ဆယ်မှငါးနှစ်ပင် စွန်းလာပြီ ဖြစ်လေသည်။အရင်တုန်းကလို မသန်မမြန်နိုင်သည်သာမက သူ့ကိုယ်သူပင် မနိုင်ချင်တော့ချေ။ ဒူးတွေ၊ အဆစ်တွေနာသဖြင့် အထိုင်အထများတွင် မြေးတစ်သိုက်၏ အကူအညီကို ရယူနေရပြီလည်း ဖြစ်လေသည်။

"ဒူးတွေဘယ်လောက်နာနာ၊ အဆစ်တွေဘယ်လောက်ကိုက်ကိုက်တို့ ရဲ့ အဘွားကတော့ ဂျူးဂျမ်းသံကလေး ကြားရပြီဆိုလျှင် ပင်လယ်ကမ်းခြေကို ရောက်အောင် သွားဦးမှာပါပဲကွယ်

ညီမလေးနှစ်ဦးဖြစ်သူ ခတ္တာနှင့်ပုန်းညက်က စကားတင်း ဆိုလေ့ရှိကြသည်။ ညီအငယ်ဆုံးဖြစ်သူ  အောင်သူရ  ကတော့ အဘွား၏ဘက်တော် သားမို့

"ဟေး ... ဘယ်အချိန်သွားသွား ကမ်းခြေဆိုတာ ရေနဲ့၊ သဲနဲ့၊ခရု နဲ့ဆိုရင် ပျော်စရာကောင်းတာချည်းပဲ  ဟု ပြောလေ့ရှိလေသည်။

အခုသုံး-လေးနှစ်အတွင်းတော့ သွားရေးလာရေး လွယ်ကူကာ ခရီးလမ်းပန်းသာသည့် အတွက် ချောင်းသာကို လမ်းပေါက်နေသည်။ ကောင်းကင်ပြာပြာ၊ ရေပြာပြာသည် သာယာတင့်မောသည်မှာ အမှန်ပင်။ သို့သော် မိုးသားတိမ်လိပ်တွေ အပြည့်လွှမ်းကာ ညို့ညို့မှောင်နေသော ကောင်းကင်နှင့် ထိုကောင်းကင်အရောင်ဟပ်ကာ ညိုမည်းနေသော ပင်လယ်ပြင်ကြီးကလည်း စိတ်အာရုံကို ညို့ငင်ဆွဲယူနိုင်နိုင်လွန်းလှသည်။ တငေးတမောကြည့်နေရင်း မိမိတစ်ကိုယ်လုံးသည် သစ်ရွက်ကလေးလို ပေါ့ပြီး ကောင်းကင်ညိုညိုကြီးထဲသို့ ဝဲပျံလွင့်သွားသလို ခံစားတတ်ရသည်။ တစ်ခါတစ်ရံလည်း ရေညိုညိုအပေါ်လွှာတွင် လျှပ်တိုက်ပြီး တငြိမ့်ငြိမ့် မျောပါသွားသလို မူးယစ်ရီဝေဝေ ဖြစ်လာလေ့ရှိသည်။

အခုတော့လည်း အောင်သပြေသည် သူ၏အဘွားလိုပင်

ကောင်းကင်မည်းညိုညို၊ ရေမည်း ညိုညိုကိုငေးမောကြည့်ရင်း အပန်းဖြေရသည်ကို ကြိုက်နှစ်သက်နေပြီ ဖြစ်လေသည်။ ဟိုတယ်ရှေ့တွင် ကားထိုးရပ်လိုက်သည်နှင့် သူတို့မောင်နှမလေးဦး က ဟေးခနဲအော်လိုက်ကြသည်။ တစ်နှစ်တစ်ခါ မြင်နေကျဖြစ်သော်လည်း ဒီမြင်ကွင်းက ဘယ်တော့ မှ ရိုးမသွားချေ။ လှိုင်းခေါင်းဖြူဖွေးဖွေးများက ကမ်းခြေကို တဝုန်းဝုန်း ရိုက်ခတ်နေသည်။ ဟိုးဝေးဝေးတွင်ကား သဲဖြူကျွန်းကို ဖြူလွလွကလေး တွေ့နေရသည်။ ဖိုးကုလားကျွန်းက ဘုရားကုန်းပေါ်သို့ ခပ်ဝိုက်ဝိုက်ကလေး တက်သွားသော အုတ်လှေကားထစ် ဖြူဖြူလေးများ၏ မြင်ကွင်းကလည်း မပြောင်းမလဲ ဒီအတိုင်းပင်ဖြစ်သည်။

"အဲဒါချောင်းသာပဲ

လတ်ဆတ်သော အရိုင်းဆန်သော ရေမှော်နံ့သင်းသင်းလေးပါသော ပင်လယ်လေစိမ်းက တဟူးဟူးတိုက်ခတ်နေသည်။ သူ့ဆီသို့ တရှိန်ထိုးပြေးဝင်လာသော လေအေးအေးကို အောင်သပြေက တဝကြီးရှုလိုက်သည်။ အဆုတ်ထဲသို့ အပြည့်အဝရောက်သွားသော လေများကြောင့် အဘွားပြော သလိုပင် အင်အားတွေ တိုးလာသယောင် ထင်လိုက်မိသည်။ လူက ရှစ်ယောက်မို့ နှစ်ယောက်ခန်းလေးခန်းတွင် ပစ္စည်းများ နေရာချပြီးသည်နှင့် ခတ္တာနှင့်ပုန်းညက်တို့က သောင်ပြင်သို့ ဆင်းပြေးသွား ကြသည်။ အောင်သူရ၏လက်ထဲသို့ ကင်မရာတစ်လုံးထိုးထည့်ပြီး ထုံးစံ အတိုင်းဆွဲခေါ်သွားကြသည်။ အဖေကအုန်းရည်သောက်နေချိန်တွင် အမေနှင့်အဒေါ်က ငါးကင်၊ ပုစွန်ကင်တွေ ဝယ်နေကြပြီဖြစ်လေသည်။

"အင်း … အဘွားကတော့ သူ့ရဲ့နှလုံးသားဘက်ထရီကို တစ်နှစ်စာ ချာဂျင်သွင်းနေပြီ ထင်တယ်

အဘွားက သူ၏အခန်းအပြင်ဘက်ဝရန်တာတွင် ပက်လက်ကုလား ထိုင်လေးနှင့် ထိုင်နေပြီဖြစ်သည်။ ကောင်းကင်ညိုညို၊ ရေညိုညိုကို ငေးမောကြည့်ရင်း သူ၏စိတ်အာရုံအလုံးစုံသည် လေဟုန်ထဲတွင် ဝဲလွင့်စီးမျောနေပြီလည်း ဖြစ်လေသည်။

"ဒီတစ်ခေါက်တော့ နာပြီကိုကိုရေ .... ဘာမှလည်းကြည်နူးစရာ မရှိဘူး။ ဟိုဘက်ခန်းမှာလည်း ခေါင်းဖြူဖြူနဲ့ အဘိုးကြီး တစ်ယောက်တည်း ကိုပဲ တွေ့ရတယ်

အောင်သူရက စိတ်ပျက်လက်ပျက်နှင့်ပြောသည်။

"ကိုကိုတို့ ဂစ်တာခေါက်ရင်တော့ သူ့ခမျာ နားငြီးရှာပေရော့မယ်။ ဆံပင် တွေဖြူရုံမက ကျွတ်ကုန်ရင်တော့ ဒုက္ခ

"အရေးကြီးတာက နင်တို့အသံ ပြာတာတာ၊ ဝါတာတာတွေနဲ့ သီချင်းဝင်မဆိုဖို့ပဲ။ ငါတို့ဂစ်တာက သာယာသံ၊ အသက်အရွယ်မရွေးခံစား နိုင်တယ်

"ဟုတ်မှလည်း ပြောပါ ကိုကိုရယ်

"ဒီနေရာမှာ ဉာဏ်ကိုအလျှာလိုက် သုံးရမယ်လေ။ အဘိုးတို့အရွယ် အတွက်ဆိုရင် အဘွားတို့ကြိုက်တဲ့သီချင်းကို ဆိုရမှာပေ့ါ။ အဘိုးကြီး လှည့်ကြည့်မကြည့် လောင်းမလား။

အငယ်သုံးယောက် ပြန်ရောက်လာတော့ သူ့အခန်းရှေ့တွင် ထုံးစံအ တိုင်း ဆူညံနေသည်။ အဖ့လိုပင် ပျော်တတ် နောက်တတ်သော ခတ္တာက

"ဆူးကျလည်းဖက်၊ ဇက်ကျလည်းဖက်၊ နာဘက်ကမို့ပင်၊ မွေးတုန်းက တော့လူရာဝင်၊ နောင်တွင်ယိုးမယ်ဖွဲ့ကာ၊ ပစ်မှာစိုး၊ အမျိုးမျိုးပူတယ်ရှင်

ဟူသော သီချင်းကို ကရုဏာသံလေး (သူ့ကိုယ်သူ ထင်ခြင်းဖြစ်ပါသည်) နှင့်သီဆိုသည်။ ဟိုဘက်အခန်းရှေ့က ဝရန်တာတွင်ထိုင်ငေးနေသော အဘိုးကြီးက ဆတ်ခနဲလှည့်ကြည့်သည်။ ထို့နောက် နေရာမှခပ်လေးလေး ထကာ အဘိုးကြီးက ဆတ်ခနဲလှည့်ကြည့်သည်။ ထို့နောက် နေရာမှ ခပ်လေးလေး ထကာ အခန်းထဲဝင်သွားသည့်အတွက် ခတ္တာက တိုးတိုးလေးဆက်ပြီး ရေရွတ်သည်။

"လှည့်ကြည့်တာတော့ လှည့်ကြည့်တာအမှန်ပဲမို့ ကျွန်မ သိနိုင်ပါတယ်ရှင်၊ ထပြီး အခန်းထဲဝင်သွားတာတော့ ကျွန်မ အသံ အလွန်ကောင်းသော်လည်း သူ့ရင်ထဲက ဓာတ်ခံမကောင်းလို့ဖြစ်ပါတယ်ရှင် .."

ညနေစောင်းတော့မှ စပ်စပ်စုစုနိုင်လှသော မရွှေပုန်းညက်ဆီမှ သတင်းစုံကို ကြားရသည်။ ထိုအဘိုးကြီးသည် မြန်မာလူမျိုးမဟုတ်ပါ၊ ဒေါ်လာနှင့်ပေးပြီး တည်းခိုနေသော နိုင်ငံခြားသားတစ်ဦးဖြစ်သည်တဲ့။

"ဪသာ် ... ကုသိုလ်ကံနည်းရှာတာကိုး၊ ဒါကြောင့်မို့လည်း ဒီဂွန္တဝင် သီချင်းကို မခံစားတတ်ရှာတာကိုး ဟု ခေတ္တာက အလျှော့မပေးဘဲ ပြောနေသေးသည့်အတွက် အောင်သူရက သူ့အစ်မကိုကြည့်ကာ တဟားဟား ရယ်နေသည်။ မည်သို့ပင်ဆိုစေ၊ သူတို့မိသားစုက တစ်ယောက်အခန်း တစ်ယောက်ကူးလိုက်ကြ၊ စားလိုက်ကြ၊ သောက်လိုက်ကြ၊ ရယ်မောလိုက်ကြ၊ အော်ခေါ်လိုက်ကြနှင့် ဆူဆူညံညံ ရှိလေတော့ နားအေးပါးအေးနေချင် ဟန်ရှိသော တစ်ဖက်ခန်းမှ အဘိုးကြီးကို အောင်သပြေက အားနာနေ မိသည်။

ထို့ကြောင့်လည်း မျက်နှာချင်းဆုံမိလျှင် မိတ်ဆက်သောသဘော နှင့် ခင်မင်နှစ်လိုစွာ ပြုံးပြမိတတ်သည်။ အဘိုးကြီးက အသိအမှတ်ပြုသလို ခေါင်းတစ်ချက်ဆတ်ကာ ခပ်ယဲ့ယဲ့ပြန်ပြုံးပြတတ်သော်လည်း ဟက်ဟက် ပက်ပက် မရှိလှပေ။ သူ၏မျက်လုံးအကြည့်က တိမ်ရိပ်လွှာတွေဖုံးကာ မှိုင်းဝေပြီး ပဟေဠိ ဆန်နေလေသည်။ ရောက်ပြီးနှစ်ရက်နေတော့ ထိုအဘိုးကြီးက သူ၏အခန်းရှေ့တွင် ဟိုငုံ့ကြည့် ဒီငုံ့ကြည့်နှင့် တစ်စုံတစ်ရာကိုရှာနေသည်။ အောင်သပြေက

လည်း သူ့အနားမှ ဖြတ်အလျှောက်နှင့်ကြုံတော့ ကူညီချင်စိတ်လည်းရှိနေ သဖြင့်

"ဝုက်အာယူ ဆာချ်ချင်းဖော်၊ ကန်အိုင် ဟဲလ်ပ်ယူ ဟုပြောလိုက်သည်။ ဒီတော့အဘိုးကြီးက သူ့ကိုလှည့်ကြည့်ရင်း ခေတ္တမျှတွေနေသည်။ ထို့နောက်တော့

"မီးခြစ်ကလေးများ ဒီနားမှာ ကျသွားသလားလို့ပါကွာ

ခပ်လေးလေး ပြန်ပြောသည်။

"ဟင် .... အဘိုးက မြန်မာစကားပြောတတ်တယ်

"အေး ...တတ်ခဲ့ဖူးတယ်ဆိုပါတော့

"အဘိုးက ဘာလူမျိုးလဲဟင်

အောင်သပြေက သိချင်စိတ်ကိုမထိန်းနိုင်၍ တဲ့တိုးမေးလိုက်မိသည်။ အဘိုးကြီးက ဘာမှပြန်မပြောဘဲ မကြားလိုက်သလို တစ်ဖက်ကိုပြန်လှည့် သွားသည်။ ထို့နောက်

"လေတိုက်လွန်းတော့လည်း အေးတယ် ဟု အောင်သပြေကို ပြောသလိုလို၊ သူ့ဘာသာသူ ပြောသလိုလိုနှင့်ခပ်တိုးတိုး ပြောရင်း သူ့အခန်းထဲသို့ ဝင်သွားလေသည်။

သူစိတ်ဝင်စားမိပြီဖြစ်၍ အောင်သပြေက တစ်ညနေတည်းတွင် သူ့အခန်းရှေ့၌ သုံးကြိမ်ခန့်ဖြတ်လျှောက်မိသည်။ တစ်ကြိမ်တွင်တော့ သူ့အတွက် ညစာမှာနေသော တယ်လီဖုန်းပြောသံကိုကြားရသည်။ အင်္ဂလိပ်လို ပြောနေခြင်းဖြစ်ပြီး လူကိုသာမမြင်ရလျှင် တကယ့် အင်္ဂလိပ်အစစ်တစ်ဦး ပြောနေသလို လေယူလေသိမ်း ကောင်းမွန်လှသည်။ စိတ်ဝင်စားပါသည်ဆိုမှ နောက်နေ့ကျတော့အဘိုးကြီးကအခန်းတွင်း ပုန်းနေလေသည်။ မနက်ကတည်းက ထွက်မလာလိုက်သည်မှာ ထမင်းစားချိန်ထိအောင်ပင်။ နောက်တော့ ဟိုတယ်ဝန်ထမ်းလေးတစ်ဦးက ကြက်သားမြူစွမ်သွားပို့သည်ကို တွေ့ရသည်။

"အဲဒီအခန်းက အန်ကယ်ကြီးဖျား နေပြီ ဟု အောင်သပြေကို ပြောသွားသည်။

"ဆရာဝန် ခေါ်မပေးဘူးလား ဟုအောင်သပြေကမေးတော့

"သူ့မှာ ဆေးပါတယ်၊ မလိုဘူးတဲ့ ဟုပြောသည်။

ညနေကျတော့ အောင်သပြေ မနေနိုင်တော့ပေ။ ညီမလေး ခတ္တာက ဆေးတက္ကသိုလ်တွင် သုံးနှစ်တက်ပြီးပြီမို့ သူ့ကိုပါခေါ်ကာ အဘိုးကြီး၏ အခန်းသို့ တံခါးခေါက်ကာဝင်ခဲ့ ကြသည်။ မဖိတ်ခေါ်ဘဲ လာခဲ့ခြင်းဖြစ်၍ ငြိုငြင်နေမလားဟု စိုးရိမ်နေမိသော်လည်း အဘိုးကြီးက သူတို့ကိုလိုလား နှစ်သက်စွာ လက်ခံလေသည်။

"လေတိုက်ခံတာ များသွားလို့ဖြစ်မှာပါ။ အခုတော့ နေသာသွားပါပြီ ဟုပြောသည်။

ခတ္တာက အဖျားတိုင်းကြည့်တော့ အဖျားသွေးမရှိတော့ပေ။

သွေးပေါင်ချိန်ပေးဦးမည်ဆိုတော့လည်း ကောင်းတာပေါ့ကွယ် ဟုပြောသည်။

တစ်နေ့လုံး၊ တစ်ညလုံး အိပ်ရာထဲတွင် လှဲအိပ်နေရသဖြင့် တစ်ဦးတည်း ပျင်းရိနေဟန်ရှိလေသည်။ အောင်သပြေက စကားရောဖောရောနှင့်

"အဘိုးက မြန်မာလူမျိုးလား ဟင် ဟုမေးမိပြန်သည်။ သူက ခပ်သဲ့သဲ့ပြုံးရင်း

"မြန်မာစကား မပြောဖြစ်တာ ကြာတော့ သိပ်မသွက်ဘူး။ စဉ်းစားပြီးပြောနေရတော့ မှားမှာစိုးတယ်

ဟု ခပ်လွဲလွဲဖြေသည်။ သူမြန်မာလား၊ ဒါမှမဟုတ် အရှေ့တိုင်းနိုင်ငံသား တစ်ဦးဦးက မြန်မာစကားတတ်နေတာလားဟု အသေအချာသိချင် နေသော်လည်း အောင်သပြေက ထပ်မေးရမှာခက်နေသည်။ နောက်တော့လည်း စပ်စုချင်စိတ်ကို အသာဖယ်ထားလိုက်ပြီး သူ့ကိုကူညီရန်သာ စဉ်းစားရမည် ဖြစ်ကြောင်း ကိုယ်ကိုကိုယ် သတိပေးရသည်။

"ဟိုဘက် ဒီဘက် ကပ်နေတာပဲ အဘိုးရယ် ... ညရေးညတာ အကူအညီ လိုရင် 'အောင်သပြေ ရေလို့လှမ်းခေါ်လိုက်လေ၊ ကျွန်တော်က အအိပ် ဆတ်ပါတယ်

"အောင်သပြေ

အဘိုးက ထပ်ဆင့်ရေရွတ်သည်။ အံ့သြသွားဟန်ရှိသော မျက်နှာကြောင့် ခတ္တာက ရယ်ရယ်မောမောနှင့် ရှင်းပြသည်။

"သမီးတို့အိမ်ကို သူငယ်ချင်းတွေက ပန်းဟောဝန် လို့ ခေါ်ကြတယ်အဘိုးရဲ့၊ သမီးတို့အဘွားနာမည်က ဒေါ်မြိုင်မာလာ တဲ့၊ အမေက ဒေါ်ပန်းခရေ ၊ အဒေါ်ကတော့ ဒေါ်ပန်းစပယ် တဲ့လေ

"ဟင်

အဘိုးက ထိုနာမည်တွေကြားတော့ ပိုပြီးအံ့သြသင့်သွားဟန်ရှိ၍ အောင်သပြေ ရယ်ချင်သွားသည်။ သူတို့အမည်တွေကို ကြားသူတိုင်း

မျက်ခုံးပင့်တက်သွားကြသည် မဟုတ်လား။

"သမီးတို့ အစ်ကိုကျတော့ အောင်သပြေ ၊သမီးတို့ညီအစ်မက ခတ္တာနဲ့ ပုန်းညက်တဲ့။ ပန်းမဟုတ်တာဆိုလို့ အဖေနဲ့မောင်လေးသူရပဲ ကျန်တာ အဘိုးရဲ့။ သမီးကတော့ မောင်လေးကိုစိတ်ဆိုးရင် အောင်ပဒိုင်း လို့ခေါ်တယ်

လိုအပ်သည်ထက် ပိုပြီးသွက်လေ့ရှိသော ခတ္တာက အဖေ့နာမည် ဦးစိန်ဘန်းကိုပင် ဦးစိန်ပန်း ဟုခေါ်ကြကြောင်း၊အဖေက စိတ်ပေါက်ပေါက် နှင့် "စိန်ပန်းဆောက်လုပ်ရေး ဟုအမည်ပေးကာ ဆောက်လုပ်ရေး လုပ်ငန်းများကို လုပ်တော့ အကျိုးပေးလှကြောင်းဆိုသည်များကို ဆက်ပြီးပြောပြ နေသေးသည်။ မရွှေခတ္တာ စကားများလွန်းတော့ အဘိုးခမျာ နားငြီးပြီး မူးဝေ သွားဟန်ရှိသည်။ မျက်လုံးအစုံကိုမှိတ်ထားလိုက်ပြီး လက်ဖျားတွေအေး လာသည်။ ရင်တွေ တဒိုင်းဒိုင်း ခုန်ကာသွေးပေါင်ချိန်က အောက်သွေးတစ်ရာ၊ အပေါ်သွေးက ၁၆၀ပင်ကျော်နေသဖြင့် နဂိုကတည်းကပျာပြီးသား ခတ္တာ ခမျာ ပိုပြီး ပျာသွားသည်။

"အဘိုးရဲ့ ... ကိစ္စမရှိပါဘူး။ ဒီအရွယ်မှာ ဒီလောက်တော့တက်တတ်တာပဲ၊ သမီးတို့အဘွားလည်း သွေးကျဆေး အမြဲသောက်နေရတာ၊ အခုလည်း အဘိုးကို ဆေးတိုက်မယ်နော်

ခတ္တာက သွေးကျဆေးယူရန် ခပ်သုတ်သုတ်ပြန်သွားသည်။ ထိုအချိန်တွင် ဘာမှမလုပ်တတ်သော အောင်သပြေက အဘိုး၏ အေးစက်နေသော လက်များကိုဆုပ်နယ်ပေးသည်။ အခုမှ နားငြီးသက်သာကာ နေသာ သွားဟန်ရှိသောအဘိုးကတော့ သူ့ကိုရီဝေဝေ မျက်လုံးများနှင့် ငေးကြည့် နေလေသည်။ ထို့နောက်တွင်တော့ အောင်သပြေ ဘာမှထပ်မမေး ဘဲနှင့် သူ့အကြောင်းကို သူပြောပြလေသည်။

"အဘိုးက ဒီဘက်ကမ်းကိုခွာပြီး ဟိုဘက်ကမ်းကို ရောက်သွားခဲ့တဲ့ သူပေါ့

နိုင်ငံရပ်ခြားကို ဟိုဘက်ကမ်းဟု သုံးနှုန်းပုံလေးကို အောင်သပြေ သဘောကျသွားသည်။ ဇာတိမြေကိုစွန့်ခွာပြီး ဟိုမှာဘက်ကမ်းတွင် အခြေချသော

အရှေ့တိုင်းသားတစ်ဦးဟု နားလည်လိုက်သည်။

"အဘိုးက ဂျာမန်နိုင်ငံသား ခံယူထားတာလေ။ ကြာလည်းကြာပြီပေါ့၊ မိန်းမကလည်း ဂျာမန် အမျိုးသမီးပဲ၊ ဆုံးသွားတာ ရှစ်နှစ်လောက်ရှိပြီ

"သားသမီးတွေတော့ ရှိမှာပေါ့နော် အဘိုး

"ရှိတာပေါ့ကွယ်၊ သားသမီးတွေရော မြေးတွေရော

"သူတို့ လိုက်မလာ ကြဘူးလားဟင်၊ ကျွန်တော်တို့ဆိုရင် အဘွားကို ဘယ်တော့မှ တစ်ယောက်တည်း မလွှတ်ဘူး။ အိပ်ရင်တောင် ဘေးမှာတစ်ယောက်စောင့်ပြီး အိပ်တယ်

"သိပ်ကောင်းတာပေါ့ကွယ်၊ သူ ကံကောင်းလိုက်တာ

"ကျွန်တော်တို့ကတော့ နိုင်ငံရပ်ခြားက လူတွေကိုကျွန်တော်တို့ထက်ပိုပြီး ပြည့်စုံတယ်၊ ပိုပြီး ချမ်းသာတယ်၊ ပိုပြီး ကံကောင်းတယ်လို့အမြဲ ထင်နေတာ

အောင်သပြေ၏ စကားကို ကြားတော့ အဘိုးကရယ်သည်။ သို့သော် သူရီရယ်သံက အက်သံပါနေလေသည်။ အဘိုး၏ မျက်လုံးများက မှုန်ပြီးမှိုင်းလာသည်။

"အဘိုး အခုကြောက်နေတယ်။ ဘာကို ကြောက်နေတာလဲ ဆိုတာကိုသိရင် ငါ့မြေး အံ့ဩလိမ့်မယ်

သူ့မျက်နှာကို အနားကပ်ပြီး ကြည့်ရတော့မှ ထင်ရသည်ထက် ပိုပြီးရင့်နေကြောင်း သတိပြုမိသည်။ အဘွားထက်ပင်ပိုပြီး အသက်ကြီးဦးမည်ဖြစ်၍ တစ်ဦးတည်း ခရီးထွက်ခွင့်ပြုသော သားတွေ၊ မြေးတွေကို အောင်သပြေ အံ့ဩမိသည်။

"ကိုယ့်ကိုကိုယ် မနိုင်လို့၊ အိုမင်းမစွမ်းဖြစ်တဲ့အခါ လူ အိုရုံကိုရောက်သွားရမှာကို တွေးပြီး အဘိုးကြောက်နေတယ်၊ အဲဒီလိုဖြစ်ရမှာ ကြေကွဲစရာ မကောင်းဘူးလားဟင်

"ဟာ အဘိုးကလည်း၊ အဘိုးမှာ သားတွေ၊ သမီးတွေ ရှိတယ်ဆို

“အင်း … ဒါပေမဲ့ လူ့လောကမှာ သိပ်ပြီး လူရာမဝင်တော့တဲ့ သက်ကြီးရွယ်အို တွေ အတွက် ဘယ်သားသမီး၊ ဘယ်မြေးကမှ သူတို့ရဲ့ကိုယ်ပိုင် အချိန်တွေကို အနည်းအပါးကလွဲလို့ ဖဲ့ပြီးပေးလေ့ မရှိကြဘူးလေ။ အဲဒါ ဟိုဘက်ကမ်းက လူတွေရဲ့ ဓလေ့ပဲ

သူ့ကိုဘယ်လို ဖြေသိမ့်ပေးရမလဲဟု စဉ်းစား၍ မရဘဲ အနေခက်နေမိစဉ် ခတ္တာပြန်ရောက်လာ၍ တော်တော် ကံကောင်းသွားသည်။ ခတ္တာနှင့်အတူ အမေလည်းပါလာသည်။ အမေက ဆေးမြစ်စုံရှုဆေးလေးကို လက်ကိုင်ပဝါ နှင့်ထုပ်ပေးပြီးပေးတော့ အဘိုးက နှစ်သက်စွာရှူသည်။

“ကျေးဇူးတင်ပါတယ် သမီးရယ် ဟုပြောပြီး အမေ၏လက်ကို အတော်လေးကြာအောင် ခပ်တင်းတင်းဆုပ်ကိုင်ထားသည်။ ထိုအခန်းမှ သူတို့ပြန်လာတော့ အမေက မျက်ရည်တွေဝဲနေသည်။

“သူ့ကိုကြည့်ရတာ ရင်ထဲမှာ တစ်မျိုးပဲ၊ ထိထိခိုက်ခိုက်ကြီး ဖြစ်လာတယ် ဟုပြောသည်။

သူတို့ ကပြန်ပြီးဖျားမှာ စိုးရိမ်နေသော်လည်း နောက်တစ်နေ့ကျတော့ အဘိုးက နေကောင်းသွားဟန်ရှိသည်။ အနွေးအကျီဝတ်ပြီး နေကာမျက် မှန်တပ်ထားသော်လည်း ဝရန်တာတွင်ထုံးစံအတိုင်းထိုင်ကာ ထုံးစံအတိုင်း ငေးနေလေသည်။ သူတို့ မောင်နမတစ်တွေ ဒီနေ့တော့ ဖိုးကုလားကျွန်း ကူးရကောင်းမလား၊ ကျောက်မောင်နမဘက် သွားရကောင်းမလားဟု အာရုံတွေ ထွေပြားနေကြသည်။ ထိုစဉ် အဘွားနားတွင် ကပ်ပြီးချွဲနေကြဖြစ်သော အောင်သူရက

“ဟေး … ဒီနေ့အဘွားပင်လယ်ရေ ချိုးမယ် တဲ့ဟေ့

ဟု အသံပြဲကြီးနှင့်နှိုးဆော်သည်။ ဒီတော့လည်း ဘယ်ကိုမှမသွားဖြစ်ကြတော့ ဘဲ အဘွား၏အနားတွင် မြေးလေးယောက် ဝိုင်းဝိုင်းလည် သွားလေသည်။

“ကာယဗလ မောင်အောင်သူရက အဘွားကို ကိုရီးယားစတိုင်လ်လေး နဲ့ ကမ်းခြေကို

အရောက်ပို့ပေးပါလိမ့်မယ်

ပုန်းညက် က အော်လေသည်။ ကိုရီးယားကားများတွင် ကျောပိုးပြီး သယ်ဆောင်လေ့ရှိသည်ကို သိထားကြသူချည်းမို့ အောင်သူရ၏ ကိုယ်ခန္ဓာ ပိန်သေးသေးလေးနှင့် အဘွား၏ ခန္ဓာကိုယ် ဝဝအိအိကြီး ကို ယှဉ်ကြည့်ကာ သူတို့အားလုံးပွဲကျနေကြသည်။ ထို့နောက်တော့ အဘွားကို သူတို့မြေးတစ်သိုက်က တွဲကြ၊ ထူကြ၊ ဆွဲကြ ၊ တွန်းကြနှင့် ကမ်းခြေရေစပ် အထိရောက် အောင်ခေါ်လာကြသည်။ထို့နောက်တွင်တော့ အဘွားနှင့်အတူ အမေရော၊အဒေါ်ရော သူတိုကမြေးတစ်အုပ်လုံးပါ ရေစပ်တွင် လိမ့်နေကြတော့သည်။ ဓာတ်ပုံရိုက်ပေးနေသော အဖေသည် ရယ်ရလွန်းသဖြင့် ဗိုက်ကြောများပင် နာလာသည်ဟုဆိုသည်။

အောင်သပြေက ဟိုတယ်ဘက်ကို အမှတ်တမဲ့လှမ်းကြည့်မိတော့ ပင်လယ် ကဗ္ဗီးပင်ကြီးအောက်တွင် ရပ်နေသောအဘိုးကို တွေ့ရသည်။ နေကာမျက်မှန် တပ်ထားသော်လည်း သူတို့ဆီလှမ်းမျှော်ပြီးကြည့်နေသည်မှာ သိသာလေသည်။ ခဏနေတော့ မိုးတွေရွာလာသည်။ ဟိုးအထက်ကောင်းကင်မှ အဆီးအတားမရှိ ကျလာသော မိုးစက်မိုးပေါက်ကလေးများ ထိမှန်တော့စူးပြီးစပ် လှသည်မို့ သူတို့အားလုံး ရှုတ်ရှုတ်သဲသဲဖြစ်သွားကြရပြန်သည်။ အဘွားကို ဆွဲသူဆွဲ၊ တွဲသူတွဲ၊ ထီးမိုးပေးသူမိုး၊ ပလုပ်ပြုန်းရယ်နဲ့ဟု အော်သူအော်ပြီး ဝရုန်းသုန်းကား ပြန်လာကြသည်။ အဘွားခမျာမှာလည်း ပင်လယ်ရေချိုးရ သည်ကနည်းနည်း၊ သဲရုန်းရသည်ကများများမို့ဟောဟဲလိုက် အောင်မောနေရှာသည်။ သို့သော် တဝါးဝါးရယ်နေကြရသဖြင့်သူတို့ အားလုံးပျော်နေကြလေသည်။

"မြေးတို့ကိုကြည့်ရတာ အဘိုးလည်း ပျော်လိုက်တာကွယ်

ထိုနေ့ညက အဘိုးဆီသို့ သွေးပေါင်ချိန်သွားတိုင်းပေးတော့ အောင်သူရ နှင့် ပုန်းညက်တို့လည်း လိုက်လာသည်။ အဘိုးထုတ်ပေးသော ချောကလတ်ကို မောင်နှမလေးယောက် ဝေမျှပြီးစားကြသည်။

"အဘိုးရော ကျွန်တော်တို့နဲ့အတူတူ တစ်ခါလောက် ရေဆင်းချိုးပါလား

အောင်သပြေကပြောတော့ အဘိုးကပြုံးနေသည်။

"အဘိုးက ပင်လယ်ကြီးကို ငေးကြည့်ပြီးပဲနေချင်တာ၊ တွေးပဲတွေးနေချင်တာ

"ဟာ အဘိုးကလည်း အဘွားနဲ့ တူမှတူပဲ၊ ကျွန်တော်တို့အဘွားဆို ရင်လည်း ငေးသလား၊ တွေးသလားမပြောနဲ့။ တစ်နှစ်တစ်ခါ ပင်လယ်ကို မလာဘဲလည်း မနေနိုင်ဘူး။ လာလိုက်ရင်လည်း အခုလို မိုးဦးကျမှချည်းပဲ

အောင်သူရက တရင်းတနှီးဝင်ပြောသည်။ အချိန်တိုတိုလေး အတွင်းတွင် အဘိုးနှင့်သူတို့ အရမ်းရင်းနှီးသွားသလို ခံစားရသောကြောင့် ဖြစ်သည်။ အဘိုးကလည်း သူတို့နှင့် ရယ်လား မောလား နောက်ပြောင် နေသည်။

"မင်းတို့အဘွားကို မေးကြည့်ပါလား။ အခုလိုရာသီမှာ ပင်လယ်ကမ်းစပ်ကို ဟန်းနီးမွန်းလာဖူးလားလို့ မေးရဲရင် ဒေါ်လာတစ်ရာပေးမယ်ကွာ

"အစောကြီးကတည်းက မေးဖူးတယ် အဘိုးရ။ မေးချင်လွန်းလို့အရဲစွန့်ပြီး မေးလိုက်တာ

"ဘာပြောလဲ

"ဟာ ... အဘွားက ခေါက်လိုက်တာ ဒေါက်ခနဲပဲ၊ နောက်ပြီး တိရစ္ဆာန်လေး၊ အဲဒါ နင်မေးစရာလား ...သွားတဲ့လေ

သူတို့အားလုံး ဝါးခနဲရယ်မိကြသည်။အောင်သူရက အခုထက်ထိနာနေသေးသလို သူ့ခေါင်းသူပွတ်ရင်း

"အဘိုးဆီက ဒေါ်လာတစ်ရာတော့ လိုချင်တာပေါ့ဗျာ၊ ဒါပေမဲ့ ထပ်ပြီး အခေါက်ခံရရင် မသက်သာဘူး  ဟု

ပြုံးစပ်စပ်နှင့် ဆက်ပြောတော့ အဘိုးက တဟားဟားရယ်လေသည်။ အခုတော့လည်း အဘိုးကိုကြည့်ရသည်မှာ မနေ့တုန်းက နှင့်မတူတော့ချေ။ တော်တော်လေးကို စိတ်ကြည်လင် လန်းဆန်းနေပုံ ရလေသည်။ အောင်သပြေကတော့

သူတို့မြေးအဘွားတစ်တွေကိုကြည့်ပြီး အဘိုးစိတ် ပျော်သွားသည်ဆို၍ ဝမ်းသာနေသည်။ ပို၍ပျော်အောင်လည်း လုပ်ပေးချင်သည်။

"မပြန်ခင် တစ်နေ့ညနေဆိုရင် ကျွန်တော်တို့မိသားစုက ဟိုတယ် မြက်ခင်းပြင်မှာ နှုတ်ဆက် ညစာ စားတယ်လေ။ အဲဒီကျရင်အဘိုးကိုဖိတ်မယ်။ ကျွန်တော်တို့နဲ့ အတူတူလာစားမယ် မဟုတ်လားဟင်

"အဘိုးက မိသားစုဝင်မှမဟုတ်ဘဲကွယ်   အဘိုးက ခပ်သဲ့သဲ့ပြုံးရင်း ခေါင်းခါသည်။

"မဟုတ်ရင်လည်း စားလို့ရပါတယ် အဘိုးရဲ့

"မင်းတိုက အဘွားက မောင်းထုတ်နေရင် ဘယ်လိုလုပ်မလဲ

"ဟာ ... အဘိုးကလည်း ကြံကြံဖန်ဖန်၊ အဘွားကအရမ်းကို သဘောကောင်းတာ သမီးတို့ အာမခံတယ်

"ဟုတ်လို့လားကွာ

အဘိုးက သူ့မှာပါလာသမျှ မုန့်ပဲသားရေစာလေးများကို တစ်ခုပြီး တစ်ခုကျွေးနေသည်။ ချပေးလိုက်သမျှကို ပြိုက်ခနဲကုန်အောင် ခွဲတမ်းချပြီး စားပစ်တတ်ကြသော သူတို့မောင်နှမတစ်သိုက်ကိုလည်း သဘောကျ နေသည်။

"မင်းတို့တွေကို အဘိုး ဓာတ်ပုံခိုးရိုက်ထားတယ်

ပိုလာရိုက်ကင်မရာ နှင့်ရိုက်ထားသော ဓာတ်ပုံသုံးပုံကို အဘိုးက ပြသည်။ သူ့ကိုယ်သူ ကောင်းစွာ မနိုင်သော အဘွားကို ဆွဲသူကဆွဲ၊ တွဲသူကတွဲ၊ ထီးမိုးပေးသူကမိုးနှင့် မိုးရွာထဲတွင်ဝရုန်းသုန်းကား ဖြစ်နေကြသော ပုံများ ဖြစ်လေသည်။

"အဘိုးလည်း တစ်နေ့နေ့တစ်ချိန်ချိန်မှာ လူအိုရုံကိုပဲ ရောက်လိမ့်မယ်ထင်ပါရဲ့၊ အဲဒီအချိန်ကျရင် သမီးတွေ၊ မြေးတွေ ဝိုင်းဝိုင်းလည်နေတဲ့ အဘွားကြီးတစ်ယောက်ရဲ့ပုံကို ခဏခဏထုတ်ပြီးကြည့်ဖြစ်မှာပါကွာ။မင်း တို့တွေကို အဘိုးလွမ်းနေမှာပါ။

ထိုနေ့က အတော်လေးညဥ့်နက်ခါမှ သူတို့တွေ ပြန်ခဲ့ကြသည်။သူတို့ပြန်လာပြီး တော်တော်ကြာသည်အထိ အဘိုး၏အခန်းတွင် မီးလင်းနေသည်။ နောက်တစ်နေ့ကျတော့ အဘိုးကို မတွေ့ရတော့ပေ။ ဟိုတယ်ဝန်ထမ်းများကို မေးမြန်းကြည့်တော့ မနက်အစောကြီးကတည်းက ပြန်သွားသည် ဟုပြောသည်။သူတို့အတွက်လည်း စာတစ်စောင်ပေးထားခဲ့သည် စာအိတ်ပေါ်တွင် 'အောင်သပြေ၊ ခတ္တာ၊ ပုန်းညက်နှင့် အောင်သူရ ဟု သူတို့လေးယောက် စလုံးအမည်ကို ထင်ထင်ရှားရှားရေးထားသည်။ ထို့ပြင် စာအိတ်ထဲတွင် ရွှေလက်စွပ်တစ်ကွင်းလည်းပါသေးလေသည်။

ငှါမြေးများ

မင်းတို့ရဲ့အဘွားကို မျက်နှာချင်း မဆိုင်ဝံ့လို့ အဘိုးမပြန် ချင်သေးပေမယ့် ပြန်သွားပါပြီ။ အဘိုးကို သူပေးခဲ့ဖူးတဲ့ လက်စွပ်ကလေးကိုလည်း သူ့အတွက်ပြန်ပေးခဲ့ပါတယ်။ ငှါမြေးကြီးအောင်သပြေက

"အဘိုးက မြန်မာလူမျိုးလားဟင်

လို့မေးတုန်းက အဘိုးဘာမှ မဖြေခဲ့ဘူးနော်။ အခုမှပဲ ဖြေရတော့ မယ်။ အဘိုးက မြန်မာလူမျိုး အစစ်ပါ မြေးတို့ရယ်။ နာမည်က

"တင်လေးမောင် တဲ့။

ဟိုဘက်ကမ်းက အဘိုး

**မစန္ဒာ**

**ရွှေနှေးခြည်မဂ္ဂဇင်း ၂၀၀၆ခုနှစ်။**

ဝတ္ထုတိုများ(၇)။

## "ဖန်ခွက်ထဲက ရေတစ်ဝက်" (မစန္ဒာ)

"တတ်များ တတ်နိုင်ရင်လေ..."

ထိုအတွေးလေးများကို ကိုဖြိုး အမြဲတွေးခဲ့ဖူးသည်။ ငယ်ငယ် တုန်းကတော့

"တတ်များတတ်နိုင်ရင်လေ-ချိုချဉ်တွေ ကိတ်မုန့်တွေနဲ့ အိမ် ဆောက်မှာ

"တတ်များတတ်နိုင်ရင်လေ-အရမ်းအရိုက်ကြမ်းတဲ့ တီချယ် ဒေါ်စီစီထွေးကို ကျောင်းပြောင်းပစ်လိုက်မှာ

"တတ်များတတ်နိုင်ရင်လေ၊ အဖေနဲ့အမေကို သူဌေးလိုထားမှာ

စသည်စသည်ဖြင့် တွေးလေ့ရှိသည်။ ကိုးတန်းနှစ်တုန်းကတော့

"တတ်များတတ်နိုင်ရင် အော်ဂင်တစ်လုံး ချက်ချင်းဝယ်ပစ်လိုက်မှာ ဟု မကြာခဏ တွေးခဲ့မိသည်။

"တတ်များတတ်နိုင်ရင်လေ - အတန်းထဲမှာ အမြဲတမ်း ပထမရ နေအောင် စာတော်တဲ့သူဖြစ်ချင်လိုက်တာ ဟူ၍တော့ တစ်ခါမျှ မတွေးခဲ့ဖူးချေ။

အဘယ်ကြောင့်ဆိုသော် ကိုဖြိုးသည် ကိုယ်တိုင် စာသိပ်မတော်သော်လည်း သူ့ထက် စာတော်သူများကို မရှုစိမ့် မဖြစ်ဖူးသလို အားလည်း မကျသောကြောင့်ဖြစ်သည်။ သူ့အတွက်တော့ စာတော်ချင်လျှင် အလွယ်ကလေးပင် ဖြစ်သည်။ စာတော်ချင်လျှင် ဦးစွာပထမ စာကျက်ရမည် ဖြစ်သည်။ စာကျက်ရသောအလုပ်သည် ကိုဖြိုး အပျင်းဆုံးအလုပ်ထဲတွင် တစ်ခု အပါအဝင် ဖြစ်သည်။ ဉာဏ်ကောင်းသူမို့ စာရလွယ်သည်။ သူ့ကိုယ်သူ စာရလွယ်မှန်း သိသောကြောင့်လည်း ပို၍ပျင်းခြင်း ဖြစ်လေမလား မသိ၊ကျက်စရာရှိသော စာများကို နောက်ဆုံးအချိန်ကပ်ပြီးမှ ရရုံလောက်သာဝတ္တရားကျေ ကျက်လေ့ရှိသောသူဖြစ်သည်။

ပျင်းတော့လည်း ပျင်းရှိခြင်း၏ ရလဒ်ကို သူခံစားရသည်။ ဘယ်တုန်းကမှ

အတော်စာရင်းမဝင်ခဲ့ဖူးချေ။ မတော်တော့လည်း သိပ်မညံ့တော့ အတန်းတင်စာမေးပွဲများကို ပွတ်ကာ သီကာ ကပ်၍ အောင်ရင်း ဆယ်တန်းအထိ ချောချောမောမော ရောက်လာသည်။

"ဆယ်တန်းဟာ သိပ်အရေးကြီးတယ်နော်၊ မင်းရဲ့ဘဝရဲ့ရှေ့ရေးကို ဆယ်တန်းက ဆုံးဖြတ်မှာပဲ

ဖေဖေက တဖွဖွပြောသည်၊ အဖေက နိုင်ငံခြားသင်္ဘော သုံးနှစ်ခန့် လိုက်ဖူး၍ ကားတစ်စီးအဖတ်တင်ခဲ့သည်။ ထိုကားလေးကို အဖေကိုယ်တိုင် အငှားမောင်းရင်း တစ်မိသားစုလုံး၏စားဝတ်နေရေးကို ဖြေရှင်းပေးနေသည် ဖြစ်သည်။ သူကိုယ်တိုင် ဘွဲ့မရဖူးလေတော့ သားသမီးသုံးဦးလုံးကို မျှော်လင့် ချက် ကြီးကြီးထားသည်။ အထူးသဖြင့် သားကြီးဖြစ်သော ကိုဖြိုးကို ပိုပြီး မျှော်လင့်သည်။ ဆယ်တန်းအောင်လျှင် စစ်တက္ကသိုလ် ဗိုလ်လောင်း သင်တန်း တက်စေချင်နေမှန်း ကိုဖြိုးသိသည်။ ထို့ကြောင့် အမှတ်ကောင်းကောင်းလေးနှင့် အောင်စေရန် တစ်ချိန်လုံး တွန်းအားပေးနေခြင်း ဖြစ်လေသည်။

ခက်သည်က အဖေက တွန်းလေ၊ သူက ပျင်းလေဖြစ်နေခြင်းပင်၊ ဆယ်တန်း အရေးကြီးပါသည်ဆိုမှ သူက စာထဲတွင် ခါတိုင်းလောက်ပင် စိတ်ဝင်စား၍မရ။ အရွယ်အပြောင်း၊ သွေးအပြောင်း၊ စိတ်အပြောင်းမို့ စိတ်ဝင်စားမှုကလည်း ပြောင်းသည်။ အသံကလည်း ပြာတာတာ အက်တက်တက်နှင့် ဖြစ်လာသည့်အတွက် ခါတိုင်းလို သီချင်းအော်ဆိုလျှင်ပင် ကိုယ့် အသံကို နားဝင်မချိုချင်တော့၊ ညီမလေးမစိုးက သူစကားပြောလျှင် တစ်ခစ်ခစ်ရယ်ရင်း

"ကိုဖြိုးကြီးအသံက ဩတောတော၊ အက်တက်တက်နဲ့ ဘယ်လိုကြီး ဖြစ်နေတာလဲ ဟုပြောတတ်သည်။

အဖေကတော့ အဲဒါ ဟော်မုန်းပြောင်းတာဟု ပြောသည်။ ဟော်မုန်းပြောင်းတာလား၊ စိတ်ပြောင်းတာလား၊ မျက်စိအမြင်ပြောင်းတာလား၊ ဘာပြောင်းတာမှန်းတော့မသိ သူ့မျက်စိထဲတွင် မြင်မြင်သမျှ ကောင်မလေးများသည်

လှနေကြသည်။ စိတ်ကူးယဉ်စရာလည်းကောင်းနေကြသည်။

“ဒီအရွယ်ဟာ သစ်ရွက်လှုပ်တာတောင် ရယ်တတ်တဲ့ အရွယ်

ဟု အမေကပြောသည်။ ကိုဖြိုးကတော့ မရယ်ချင်ပါ၊ မရယ်ချင်သည့် အပြင် လွမ်းနေသည်။ သစ်ရွက်လှုပ်လည်း လွမ်းသည်။ လေတိုက်လည်း လွမ်းသည်။ မည်သူ့ကိုလွမ်းရမှန်းမသိ၊ လွမ်းစရာလည်းမရှိပါဘဲနှင့် လွမ်းလွမ်းဆွေးဆွေးလေး ဖြစ်နေသည်။ သင်္ချာတွက်ရ၊ စာကျက်ရသည်ထက် အချစ်ဝတ္ထု အချစ်ကဗျာလေးများ ဖတ်ရသည်ကို ပိုပြီးပျော်မွေ့လာသည်။ တစ်ယောက်တည်း ငြိမ်ငြိမ်လေး ငေးရင်း ကဗျာတို စာတိုလေးများရေးရင်း
မရှိသေးသောချစ်သူ၊မကွဲရသေးသောချစ် သူ ကို ့ ့ကြိုပြီးကွဲကာ လွမ်းနေရသည်မှာ အရသာရှိလှသည်။

“တတ်များတတ်နိုင်ရင်လေ - အဲဒီကောင်မလေးရဲ့အချစ်ဦးဟာ ငါဖြစ်ချင်လိုက်တာ...”

ကိုဖြိုး ပထမဆုံးကြိုက်မိသည်က အင်္ဂလိပ်စာကျူရှင်မှ ကောင်မလေးဖြစ်သည်။ အင်္ကျီပန်းရောင်လေးများကို အလဲလဲဝတ်တတ်ပြီး ပန်းရောင် ဖဲစည်းကြိုးအမျိုးမျိုးစည်းတတ်သောကြောင့် သူ့ကို ကိုယ့်ဟာကိုယ် ပင်ကီ ဟု အမည်ပေးထားသည်။ ပင်ကီကတော့ သူ့ကို ဖုတ်လေသည့် ငါးပိ ရှိလေသည်ပင် မထင်၊ နောက်တော့ ဆယ်လူလာဖုန်းလေး ခါးတွင်ချိတ်ထားသော ကောင်လေးတစ်ယောက်က ကျူရှင် လာ၍ကြိုသည်ကို တွေ့ရလေသည်။ ထိုကောင်လေးကို လှမ်းမြင်လိုက်တိုင်း တောက်တောက် ပပလေး ဖြစ်သွားသော ပင်ကီ၏မျက်လုံးလေးများကို ငေးကြည့်ရင်း ကိုဖြိုး၏ အသည်းလည်း လူမသိသူမသိ ဟက်တက်ကွဲခဲ့ရလေသည်။ အသည်းကွဲပြီဆိုတော့လည်း ပိုပြီးလွမ်းလို့ ကောင်းသွားလေသည်။

ဒုတိယအကြိမ် ့ကြိုက်မိပြန်သည်ကတော့ လမ်းထိပ်မှ ကောင်မလေး ဖြစ်သည်။ အသားညိုစိမ့်စိမ့်နှင့် စံပယ်တင်မဲ့လေးရှိသည်။ ကောင်မလေး အိမ်နားတွင် မုန့်ဟင်းခါးဆိုင်ရှိ၍ သူက မနက်တိုင်း မုန့်ဟင်းခါး သွားစားရသည်။ ထိုအချိန်တွင် ကောင်မလေးက စာအော်ကျက် နေတတ်သည်။

“တတ်များတတ်နိုင်ရင် အိမ်ချင်းကပ်ပြီး နေချင်လိုက်တာ ဟု သူက တောင့်တောင့်တတ တွေးမိပြန်သည်။ ကောင်မလေးနှင့်သာ အိမ်ချင်းကပ်လျက်နေရလျှင် အသံကျယ်ကြီးနှင့် တပြုံပြုံ အော်ကျက်သမျှ စာတွေကို ကိုဖြိုးတစ်ယောက် မကျက်ဘဲနှင့် အလွတ်ရလောက်သောကြောင့် ဖြစ်သည်။ ဒီကောင်မလေးကိုတော့ သူက စံပယ်တင် ဟု အမည်ပေးထားသည်။

“စာကျက်လည်းလာ၊ အိပ်လည်းလာ၊ နေရာတိုင်းမှာ သူ့မျက်နှာ

ဟု သူက စာတိုလေးစပ်ထားတော့ သူငယ်ချင်းကျော်စိုးပိုင်က မိုက်တယ်ကွ ဟု ချီးကျူးရင်း ကူးရေးသွားသည်။ သူလည်း အတော် အားတက် သွားသည်။

“ချစ်စံပယ်တင် မောင့်ရင်ခွင် အမြန်ဝင်ပါတော့…” ဟု ရေးပြီး ကာရန်မဆက်တတ်သောကြောင့် ဆက်မရေးရသေးသော သူ၏ကဗျာကို မူ သူ၏ညီတော်မောင် ရှစ်တန်းကျောင်းသား ကိုတိုးက -

“ချစ်စံပယ်တင်၊ မောင့်ရင်ခွင်၊ အမြန်ဝင်ပါတော့- အဟော့အဟော့- ဗျော့ ဟု ဆက်ရေးထားသောကြောင့် အကြီးအကျယ် ရန်ဖြစ်ရသည်။ သူက ထိုးမည်ကြိတ်မည်လုပ်နေတော့ အဖေလည်းသိသွားသည်။

“ငါက ပညာတတ်ဘွဲ့ရမဟုတ်ခဲ့ဘူး၊ ဒါပေမယ့် ငါ့သားသမီး တွေကိုတော့ အနည်းဆုံးဘွဲ့တစ်ခုစီတော့ ရစေရမယ်လို့ ငါဆုံးဖြတ်ထားတယ်။ မင်းတို့အတွက် ငါကုန်းရုန်းပြီးရှာနေတယ်။ ငါ့အတွက် ငါကွမ်းယာလေး တစ်ယာဝါးဖို့တောင် ငါချွေတာတယ်၊ အေး - ဒါပေမယ့် ပေးနေတဲ့ အချိန်မှာ မယူရင်တော့ မင်းတာဝန်နဲ့ မင်းပဲ၊ အဖေက ပင်ပန်းကြီးစွာနဲ့ တက္ကစီမောင်းနေတဲ့အချိန်မှာ မင်းက စာကို ကြိုးကြိုးစားစား မသင်ဘဲ ချစ်စံပယ်တင် မောင့်ရင်ခွင် အမြန်ဝင်စေချင်နေရင်တော့ ကမ်းနားမှာ ကူလီ သွားထမ်းပေတော့၊ မင်းအတွက် ငါရှာပေးနေတဲ့ ငွေဟာ ပညာသင်ဖို့ မယားတရူးဖို့ မဟုတ်ဘူး

အဖေက ခပ်ကြမ်းကြမ်းပင် ပြောသည်၊ အမေကတော့ ကိုဖြိုး ၏ ဆံပင်ကလေးများကို သပ်တင်ကာ ဒီအရွယ်ဟာ ချစ်ရူကြိက်ရ မိုက်ရမယ့် အရွယ်မဟုတ်သေးဘူး၊

လိမ္မာစမ်းပါသားရယ်  ဟု လေပျော့လေး နှင့် ပြောသည်။

"နလုံးသားရှိလို့ ချစ်မိတာကို အမေက မိုက်တယ်လို့ ပြောတာ လား အမေ၊ ဒီလိုဆိုရင် ကျွန်တော့်ထက် အရင် မိုက်ခဲ့ကြတာက ကမ္ဘာဦး အစက အာဒံနဲ့ဧဝပါ  ဟု ကိုဖြိုးက စိတ်ထဲမှပြန်ပြောရင်း မျက်ရည်စို့စို့ ဝဲချင်နေသည်။ သူ အမှန်တကယ်ပြောချင်သည်က တစ်မျိုး ဖြစ်သော်လည်း အဖေနှင့် အမေကို အာခံသည် ဖြစ်မည် စိုးသောကြောင့် အာဒံနှင့်ဧဝကို ဆွဲထည့်လိုက်ခြင်းဖြစ်သည်။

သို့သော် ဆွဲထည့်ပြီးကာမှ ပို၍ကဗျာဆန်ကာ ဂန္ထဝင်မြောက်သွားသည်ဟု ယူဆပြီး ကိုယ့်စကားကို ကိုယ်တော်တော်သဘောကျ သွားသည်။

"ငါ့သားက အကြီးဆုံး၊ သားရဲ့အောက်မှာ ညီလေးနဲ့ညီမလေး ရှိသေးတယ်၊ ငါ့သားက ရှေ့ကနေ ဖြောင့်ဖြောင့်သွားပါမှ သူတို့တွေ ဖြောင့်ဖြောင့်လိုက်မှာပေါ့ သားရယ် အမေက အချိုခံလေးနှင့် ဆုံးမသည်၊ ပြောမယ့်သာ ပြောနေသော်လည်း အငယ်နှစ်ယောက်က သူ့ထက် ပိုပြီး လိမ္မာနေကြောင်းကို အမေစိတ်ထဲက သိနေမည်ဟု တွေးမိတော့ ကိုဖြိုး၏စိတ်ထဲတွင်လည်း အီလည်လည် ခံစားရသည်။

အဖေနှင့်တူတာလား၊ အမေနှင့်တူတာလားတော့မသိ ကိုတိုးရော၊ မစိုးရော သူ့လိုပင် ဉာဏ်ကောင်းကြသည်။ သူ့လို ဉာဏ်ကောင်းပြီး သူ့လို စာကျက်မပျင်းတော့ နှစ်ယောက်လုံး စာတော်ကြသည်။ ကိုတိုးက ရှစ်တန်း ကျောင်းသားပင်ဖြစ်သော်လည်း သူ့လို ရှစ်တန်းကျောင်းသား အချင်းချင်း ကို စာပြန်သင်ပေးနိုင်သည်။ ဆယ်တန်းအောင်လျှင် ( Study Guide) လုပ်မည်။ အဖေ့ကိုကူပြီး ဝင်ငွေရှာပေးမည်ဟုပြောလွန်း၍ ကိုဖြိုးက နားငြီးနေသည်၊ ပနာယူလွန်းသည်ဟူ၍လည်း ယူဆပြီး အမြင်ကတ်နေမိသည်။

ညီမလေးမစိုးကတော့ အတန်းပိုင်ဆရာမများ၏ အချစ်တော် ဖြစ်သည်။ အိမ်မှာလည်း အမေ့အသည်း ဖြစ်သည်။ ထမင်းချက်၊ အဝတ်လျှော်၊ ပန်းကန်ဆေး အမေလုပ်သမျှ သူကူလုပ်သည်။ အမေရေချိုးနေလျှင် သနပ်ခါး ပြေးသွေးတတ်သည်။ အိပ်ခါနီးလျှင် အဖေ့ကိုရော အမေ့ကိုပါနင်းပေး၊ နှိပ်ပေး၊ အကြောဖြေဆေးတွေ

လိမ်းပေးနေကျ ဖြစ်သည်။ ထိုသို့အလိုက်သိလွန်း၍ အဖေက

"ခေတ်ပညာတတ်ကလေး    ဟု ကျီစယ်ပြီး ခေါ်တတ်သည်။ သို့သော် ထိုပညာတတ်ကလေးက အမေ့ဆီမှမုန့်ဖိုးကိုလည်း ချွဲနွဲ့ပြီး တောင်းတတ်ပြန်ရာ ကိုဖြိုးက ကြည့်မရဘဲ အမြင်ကတ်ပြန်သည်။

"ချစ်စံပယ်တင်၊ မောင့်ရင်ခွင်   လုပ်ပြီးကတည်းက အဖေက သူ့ကို မျက်နှာထားတင်းတင် နှင့်ကြည့်တတ်သည်ဟု ကိုဖြိုး ခံစားရသည်။ သူ၏ မှတ်စုစာအုပ်များကိုလည်း မကြာခဏလှန်လှောပြီး စစ်ဆေး တတ်သည်။ ဒီတော့လည်း ကဗျာတို၊ စာတိုလေးများကိုပင် လွတ်လွတ် လပ်လပ်ရေးခွင့် မရှိသောဘဝကို စိတ်နာရပြန်သည်။ သူ့ကို ခပ်တင်းတင်း ကြည့်တတ်သော အဖေ၏ မျက်လုံးများက အငယ်ကောင် ကိုတိုးနှင့်ကျတော့ ချိုပြီး ပျော့သွားတာကို သတိထားမိပြန်တော့ လုံးဝ မကျေနပ်။

အပယ်ခံ လိုလို၊ အထီးကျန် လိုလို သတ်မှတ်ပြီး ကိုယ့်ကိုယ်ကို ပြန်သနားနေမိပြန်သည်။ ဒီတော့လည်း ပိုပြီး လွမ်းလွမ်းဆွေးဆွေး ဖြစ်လာသည်။ ဘယ်သူ့ကို လွမ်းမှန်းမသိ လွမ်းပြီး၊ ဘာကြောင့် ပူဆွေးမှန်းမသိ ပူဆွေးနေရသည် မို့ စာကို ကောင်းကောင်း မကျက်နိုင်၊ ကျက်သမျှစာလည်း ခေါင်းထဲမဝင်၊ ဝင်သမျှစာလည်း ခဏလေးနှင့်ပြန်ပြီးပျောက်ကွယ်နေသည်။ ဒီလိုနှင့်ပင် စံပယ်တင်လေးကိုလည်း ဖွင့်မပြောသာဘဲ မုန့်ဟင်းခါး တစ်နေ့ တစ်ခွက် မှန်မှန်စားရင်း စာမေးပွဲကြီး ဖြေရမည့်အချိန်ရောက်လာသည်။ ထင်ထား သည့်အတိုင်း မဖြေနိုင်ခဲ့ပေ။

"တတ်များတတ်နိုင်ရင်လေ၊ ဆယ်တန်းအောင်စာရင်းတွေ ဘယ်တော့မှ မထွက်အောင် တားထားချင်လိုက်တာ

ပြီးခဲ့သော နွေတစ်နွေလုံး ကိုဖြိုး၏ခေါင်းထဲတွင် ထိုအတွေးကသာ စိုးမိုးနေသည်။

မုန့်ဟင်းခါးစားရတာ အတန်ငယ်ငြီးငွေ့လာတော့ စံပယ်တင်ကလေးအပေါ်ကိုလည်း ယခင်ကလောက် မစွဲလမ်းချင်တော့ချေ။ အိမ်ရှေ့က တိုက်အပေါ်ထပ် ညာဘက်ခန်းက လေးတန်း ကျောင်းသားလေးဆီသို့

ကျူရှင်လာပြသည့် ဆရာမလေးကို သဘောကျနေမိပြန်သည်။ ဆရာမလေးက ပိန်ပိန်သွယ်သွယ် ခါးသေးသေးလေး ဖြစ်သည်။ ခါးလယ်အထိ ရှည်သော ပိုးသားလို ဆံပင်ပျော့ပျော့လေးများကို ဖဲပြား အညိုရောင်လေးနှင့် စုပြီး စည်းထားတတ်သည်မှအပ အခြယ်အသမရှိလှ။

ထိုနွေတစ်နွေလုံး သူ့စိတ်တွေ လေနေသည်။ မုန့်ဟင်းခါးသွား စားလိုက်၊ စံပယ်တင်လေးကို မျှော်ကြည့်လိုက်၊ အိမ်မှာနေရင်း သီချင်းဆိုလိုက်၊ ဆရာမလေးကို ငေးကြည့်လိုက်၊ အောင်စာရင်းထွက်မှာ ကြောက်လိုက်နှင့် အချိန်တွေ တရွေ့ရွေ့ကုန်လာသည်။ ဒီနေ့တော့ ကြားရပြီ။

"ဆယ်တန်း အောင်စာရင်းတွေထွက်ပြီ တဲ့။

"မျက်စိလည်လမ်းမှားပြီး အောင်များအောင်သွားမလားမသိဘူး

ဟု မရဲတရဲ မျှော်လင့်ချက်ထားမိသော နှစ်ဆယ်ရာခိုင်နှုန်းလောက်သည် မြေကြီးပေါ်သို့ ဘုန်းခနဲဘုန်းခနဲ ပြုတ်ကျသွားသည်။

"သွားပါပြီကွာ

တစ်သက်နှင့်တစ်ကိုယ် တစ်ခါမျှစာမေးပွဲမကျဖူးသောကြောင့် ကျရှုံးရခြင်းသည် မည်မျှပူလောင်ခါးသက်သနည်း အခုမှလက်တွေ့ သိရသည်။ ကမ္ဘာလောကကြီးတစ်ခုလုံး အညိုရောင်တိမ်တိုက်တွေ လွှမ်းပြီး အုံ့မှိုင်းညိုဆိုင်းလာသည်ဟု ထင်နေရသည်။ သူမကျေနပ်၊ ဘာကို မကျေနပ်မှန်း၊ ဘယ်သူ့ကို မကျေနပ်မှန်းတော့ မသိ။ သို့သော် မကျေနပ်မှုနှင့် အားငယ်စိတ်၊ ဝမ်းနည်းစိတ်တွေသာမက ဒေါသစိတ်တွေပါ ဆူဝေလာသည်။

သူမော်ကြည့်နေသော အောင်စာရင်းစာရွက်ကြီးကို ဖြန်းခနဲ ဆွဲပြီး ဆုတ်ချေပစ်လိုက်ချင်သည်။ ပါးစပ်မှလည်း ရိုင်းရိုင်းစိုင်းစိုင်း၊ နှုတ်ထွက်ကြမ်းကြမ်းနှင့် ဆဲဆိုအော်ဟစ်ပစ်လိုက်ချင်သည်။

"မင်းကြောင့် ငါကျတာကွ ဟု တစ်စုံတစ်ဦးကို လက်ညှိုး ငေါက်ငေါက်ထိုးကာ

ဒေါသချောင်းချောင်းလည်း ထွက်ပစ်လိုက်ချင်သည်။ သို့သော် လက်တွေ့တွင်မူ သူ့ခုံနံပါတ်ကို ကျော်လွှားသော အောင်စာရင်းကို မော်ကြည့်ရင်း မလှုပ်မရှက် ရပ်နေမိသည်။

“ဟေး - သုံးလုံးကွ

သူ့ဘေးသို့ တိုးဝှေ့ဝင်ရောက်လာသော ကျောင်းသားတစ်ဦး က ဝမ်းသာအားရ ခုန်သည်။ ခုန်ရာမှ ပြန်အကျ သူ၏ခြေထောက်ကို ဖိကြိတ်ပြီး တက်နင်းသည်။

“မင်းကွာ…သောက်ရမ်းချည်းပဲ

သူက ဆောင့်ပြီးတွန်းပစ်လိုက်တော့ ထိုကျောင်းသား ယိုင်သွားသည်။ သို့သော် စိတ်ဆိုးဖို့ သတိရဟန်မတူ၊ သူ၏လက်မောင်းကို လှမ်းကိုင်ရင်း ဝမ်းသာအားရရယ်နေသည်။ ထို့နောက် အလိုက်ကမ်းဆိုးမသိ-

“မင်းရော- ဒီဘယ်နှစ်လုံးလဲ ဟု မေးလိုက်ချေသေးသည်။ သူက တစ်ချက်ဆဲလိုက်ပြီး သူ၏လက်ကို ဆောင့်ရုန်းလိုက်သည်။ ထို့နောက် နှုတ်ခမ်းဖိကိုက်ကာ ကမူးရှူးထိုး လှည့်ထွက်ခဲ့သည်။ တတ်များတတ်နိုင်လျှင် ထိုကျောင်းသားကို သေဒဏ်ပေးပစ် လိုက်ချင်သည်။

“ဟော

သူနှင့် မျက်နှာချင်းဆိုင် လျှောက်လာသော စံပယ်တင်ကို တွေ့ရသည်။ မျက်နှာလေးညှိုးပြီး မျက်ရည်ရစ်ဝဲနေသည်။ ကိုဖြိုး၏ ရင်တွေ တဆတ်ဆတ်ခုန်သွားသည်။

“ဒါဆိုရင် - သူလဲ - သူလဲ

ဟု တွေးရင်း သူအနား ခပ်သုတ်သုတ် လျှောက်သွားမိစဉ်

“သမီးက ဒီလေးခု မှန်းထားတာ မေမေရဲ့၊ အခုတော့ နှစ်ခုပဲ ပါတယ် ဟု ဝမ်းနည်းပန်းနည်းပြောသောအသံကိုကြားရသည်၊ သူ့ဘေးမှ ပါလာသော

သူ့အမေကြီးက

“မငိုပါနဲ့သမီးရယ်၊ ဂုဏ်ထူးနှစ်ခုလည်း မနည်းပါဘူး  ဟု ချော့ နေသည်။

“သေလိုက်ပါလား

ကိုဖြိုးက သူ၏ချစ်လှစွာသော စံပယ်တင်ကို ကောင်းချီးပေးရင်း ချာခနဲ လှည့်လိုက်သည်။ စွဲလမ်းငြိတွယ်နေသော သံယောဇဉ်နှောင်ကြိုး ကလေးလည်း ထောက်ခနဲပြတ်ထွက်သွားသည်။ အောင်မြင်ပါလျက်နှင့် အမှုပိုနေသူတွေကို မုန်းသည်။

“ကိုဖြိုးကြီး

ကိုတိုးက ပြေးလာသည်။

“အောင်တယ်မဟုတ်လား

“ကျတယ်

ကိုတိုး၏မျက်နှာလေးက ညှိုးကျသွားသည်၊ သူ့ကို ငေးကြည့်ရင်း ညည်းညူသလို ပြောသည်။

“အဖေနဲ့အမေတော့ သနားပါတယ် စိတ်ညစ်ကြရတော့မယ်

သူက တစ်ချက်ဆဲမိပြန်သည်။

“ငါက ကျတဲ့ကောင်ကွ၊ ငါက ပိုပြီး စိတ်ညစ်တာပေါ့

သူက အော်တော့ ကိုတိုးကလည်း ပြန်အော်သည်။

“စိတ်မညစ်ချင်ရင် နဂိုကတည်းက ကြိုးစားပါလား  တဲ့။ ရှုံ့နေသော ကိုတိုး၏မျက်နှာကို ကြည့်ရင်း ကိုဖြိုးက ပိုပြီး စိတ်ညစ်ကာ ထူထူထိုင်းထိုင်း မှိုင်းမှိုင်းဝေဝေဖြစ်သွားသည်။ ကိုတိုးက သူ့အပေါ်တွင် နည်းနည်းမှ ကရုဏာသက်ပုံမရ၊ သူ၏မျက်နှာထားက

“မင်း အလကားကောင်၊ မိဘကိုတောင်မသနားတဲ့ကောင်၊ မညာတဲ့ကောင် အချိန်တွေဖြုန်းခဲ့တဲ့အကောင်

ဟု အသံတိတ်ပြောနေဟန်ရှိသည်ဟု တွေးရင်း ကိုဖြိုး၏ ရင်ထဲတွင် ချဉ်စုတ်စုတ် တူးတူးခါးခါးဖြစ်လာသည်။ တတ်များတတ်နိုင်လျှင် သူ့ကို ဘုကန်ကန်ကြည့်နေသော ကိုတိုး ကို အဝတ်ဖွပ်သလိုကိုင်ပြီး ဖွပ်ပစ်လိုက်ချင်သည်။

"အဖေတို့ အမေတို့ သနားဖို့ကောင်းတယ်ကွ

"အေး သနားရင် သူတို့အနားမှာထိုင်ပြီး တစ်နေကုန်ချော့နေ ဟုတ်ပလား

ကိုဖြိုးက ဘောက်ဆတ်ဆတ်ပြောရင်း လှည့်ထွက်လာသည်။ အိမ်ကိုလည်း မပြန်ချင်တော့၊ အဖေအမေနှင့်လည်း ရင်မဆိုင်ချင်တော့၊ သူငယ်ချင်းများနှင့်လည်း မတွေ့ချင်တော့။

"တစ်ခါတလေ စာမေးပွဲကျတာ အပြစ်လားကွ၊ ငါကျတဲ့သူ ပို တောင်မှ စိတ်ညစ်ရသေး၊ မနှစ်တုန်းက ရန်မျိုးအောင်လည်း ကျတာပဲ၊ ထွန်းထွန်းမင်းလည်း ကျတာပဲ၊ သူ့အမေက သူ့သားလေးစိတ်ညစ်မှာ စိုး လို့ ပိုက်ဆံအထပ်လိုက်ပေးပြီး ကာရာအိုကေ သွားဆိုခိုင်းတယ်တဲ့၊ ဒီနှစ် မအောင်ပေမယ့် နောက်နှစ်အောင်မှာပေါ့သားရယ်တဲ့၊ ဟွန်း ကွာပ့်၊ ကွာပ့် ငါ့ဘဝနဲ့ များတော့ ကွာပ့်   ဟု တွေးရင်း ကိုဖြိုးက သူ့ကိုယ်သူသနားကာ မျက်ရည်ကျသည်။

ဈေးဘက်သို့ ယောင်ပေပေနှင့် ထွက်လာစဉ် ကျော်စိုးပိုင်နှင့် တွေ့ သည်။ သူလည်း ကျသည်ဟု ပြောသည်။ မျက်နှာမကောင်းသော်လည်း ရယ်ကျဲကျဲလုပ်နေသည်။ သူတို့နှစ်ယောက်ပေါင်းမိတော့ ခြေဦးက အရက် ဆိုင်ဘက်သို့ လှည့်ချင်ချင်ဖြစ်လာသည်။

"စိတ်ညစ်လို့ အရက်ကိုသောက်တယ်၊ အရက်သောက်တော့ စိတ်ပိုညစ်တယ်

ခြေရင်းအိမ်က ဦးလေးဦးစိုးအောင် အရက်မူးတိုင်း ဆိုနေကျ သီချင်းက ခေါင်းထဲ အလိုလိုရောက်လာသည်။

"ဟင်း ဘာတဲ့ အကြောင်းရှာတော့ ခေါင်းမှာချာချာလည်တဲ့ ဟက် ဟက်

ထိုနေ့ညက အတော်ကြီးကို မိုးချုပ်ခါမှ သူအိမ်သို့ ပြန်လာဖြစ်သည်။ လူကလည်း

ယိုင်ထိုးယိုင်ထိုးနှင့် ခြေလှမ်းမမှန်ချင်၊ အဖေက အိမ် တံခါးဝတွင် ရပ်ရင်း သူ့ကိုမျှော်ကြည့်နေသည်။ ကိုဖြိုးသည် အဖေ့ကို တစ်သက်လုံး ကြောက်ခဲ့ရသူ ဖြစ်သည်၊ တစ်ခါတစ်ရံမှလည်း ပြန်လှန်ပြီး ခွန်းတုံ့ပြောဖူးသူ မဟုတ်ချေ။

သို့သော် လည်း သူ့ခေါင်းထဲတွင်ဝေနေသော အရက်ခိုးများက သူ့ကိုအတော်ကြီးကို

ပြောင်းလွဲစေခဲ့လေသည်။ အခါတိုင်း ကြောက်နေကျ အဖေကိုပင် သိပ်မကြောက်တော့ချေ။ ကိုတိုးအပေါ်တွင် ချို၍ ပျော့ပြီး သူ့အပေါ်ကျတော့ မာပြီး တင်းသည်ဟု ယူဆထားသော နာကြည်းစိတ်က ခေါင်းပြူလာပြီးထိကပါး ရိကပါး ပြောချင်နေသည်။ ထို့ကြောင့် လက်နှစ်ဖက်ကို ရင်တွင်ယှက်ပြီး

"ခမည်းတော် မင်းဘုရားက သားတော်မောင် အိမ်ရှေ့မင်းသား စာမေးပွဲကျတော်မူလို့ စိတ်ညစ်တော်မူပါသလား ဘုရား

ဟု ဇာတ်ဟန်ပါပါနှင့် ငုံ့ကာပြောရင်း အိမ်ထဲသို့ သိုင်းကွက်နင်း ကာ လှမ်းဝင်လိုက်သည်။ အဖေကလည်း ဇာတ်ဟန်ပါပါဖြင့် သူ၏ နားရင်းကို ဆီးပြီးအုပ်ထည့်လိုက်သည့်အတွက် သူ့ခမျာ ဖိနပ်ချွတ်တွင် ခွေကနဲ ခေါက်ခနဲ ထိုးလဲသွားရသည်ကတော့ ဇာတ်ဟန်မပါလှချေ။

အမေက အဖေကြီး၊ မလုပ်နဲ့၊ မလုပ်နဲ့ ဟု အော်ဟစ်တားဆီးနေသော်လည်း အဖေကတော့ ခွေလဲနေသော သူ့ကို ခြေထောက်နှင့်လိုမ့်ကန်နေသေးသည်။ ကိုဖြိုးက

"ရိုက်ပါ အဖေရဲ့၊ ကန်ပါ အဖေရဲ့၊ ကျွန်တော်က ညံ့ တဲ့ အကောင်ကိုး၊ ရော်တဲ့အကောင်ကိုး၊ ကိုတိုးလို သားလိမ္မာလေးမှ မဟုတ်တာ၊ လူတော်လေးမှ မဟုတ်တာ ဟိုကောင်မလေး မစိုးလိုလည်း ကပ်ပါး ရပ်ပါးမှ မလုပ်တတ်တာ ဟု ပြန်ပြောရင်း ရှိုက်ကြီးတငင် ငိုသည်။ ထိုနောက် အန်သည်။

သူငိုတော့ အမေလည်း ငိုသည်။ မစိုးလည်း ငိုသည်။ အဖေက နံရံကို လက်သီးဖြင့် ထိုးသည်။ ကိုတိုးကတော့ သူ၏ အန်ဖတ်များကို ကျုံးရင်း

မျက်နှာကြီးပုပ်သိုးနေသည်။ ချမ်းမြေ့သာယာစွာနေခဲ့ရသော ကိုဖြိုးတို့မိသားစုသည် ထိုအချိန် က စ၍ တရှိန်းရှိန်းပူသော အပူမီးများဟပ်ခဲ့ရလေသည်။

နောက်တစ်နေ့နံနက် ကိုဖြိုး အိပ်ရာမှနိုးတော့ ရှစ်နာရီထိုးနေပြီ ဖြစ်သည်။ ခေါင်းတွေလည်း တစ်အားကိုက်နေသည်။ အိပ်ရာဘေးမှ စားပွဲတင်နာရီ လေးကို လှမ်းကြည့်ရင်း

"အင်း ဒီအချိန်ဆိုရင် အဖေ ထွက်သွားလောက်ပါပြီ  ဟု တွေးမိသည်။ အိမ်မှာ အဖေ ရှိမနေဟူသော အတွေးက သူ့ ကို အတန်ငယ် စိတ်သက်သာရာရစေသည်။ တတ်များတတ်နိုင်လျှင် အဖေနှင့် ဘယ်တော့မှ မျက်နှာချင်း မဆိုင်တော့ဘဲ အဝေးသို့ ထွက်ပြေးလိုက်ချင်သည်။ ခဏနေတော့ အမေ၏ခြေသံကိုကြားရသည်၊ အမေက အခန်းဝ မှ ကဲကြည့်ရင်း

"နိုးပြီလား  ဟု မေးသည်။ သူက အမေ့ကို အားကိုးစွာ လှမ်းကြည့်ရင်း

"ခေါင်းကိုက်တယ် အမေ  ဟု အသံပျော့ပျော့နှင့်ပြောကာ မျက်ရည်ဝဲလာသည်။ အမေက မျက်မှောင်ကုတ်ရင်း

"ကိုက်ရောပေါ့ဟယ်  ဟု ပြောပြီး သက်ပြင်းချသည်။

"မင်းအဖေ အရမ်းစိတ်မကောင်းဖြစ်နေတယ်

"ကျွန်တော်စာမေးပွဲကျလို့လား

"ကျတာထက် ပိုဆိုးတာက ဒီအရွယ်နဲ့ အရက်တွေ သောက်လာတာ

"အမေရော စိတ်ဆိုးလား

"ဆိုးတာပေါ့

အမေက ခပ်ပြတ်ပြတ်ပြောသည်။ ပြတင်းပေါက်မှ တိုးဝင်လာသော နေရောင်ခြည်က

အမေ့မျက်နှာပေါ်တည့်တည့်ကျနေသည်။ အခုတလော အမေ ပင်ပန်းသည် ထင်သည်။ နားထင် နားရင်းတွေ ကျကာ မျက်ကွင်းနှစ်ဖက်ကလည်း သိသိသာသာညိုနေသည်။

“စိတ်ညစ်လွန်းလို့ပါ အမေရာ

“အဲဒါကို စိတ်ဆိုးတာပေါ့ အမေ့အသံက မာနေသည်။

“လူ့လောကထဲရောက်ပြီး လူရယ်လို့ ဘဝကို စမိပြီဆိုရင် စိတ် ညစ်စရာဆိုတာတွေက အနည်းနှင့်အများ ရှိလာကြမှာပဲ၊ အဆင်မပြေတာ တွေ အခက်အခဲတွေလည်း တွေ့လာမှာပဲ၊ အဲဒီလို အဆင်မပြေတိုင်း စိတ်ညစ်ရတိုင်း အရှုံးနှင့်တွေ့တိုင်း အရက်ဆိုင်ပြေးပြီး အရက်သောက်နေရင် တစ်ကမ္ဘာလုံး ရှိရှိသမျှလူတွေ အကုန်လုံး အရက်သမားချည်းပဲ ဖြစ်ကုန်မှာပေါ့၊ စိတ်ညစ်လို့အရက်သောက်တယ်ဆိုတဲ့ အကြောင်းပြချက်ကို အမေ အမုန်းဆံ ု း ပ ်

သူ့ကို ချိုချိုပျော့ပျော့သာ ဆက်ဆံလေ့ရှိသော အမေက တင်းတင်း မာမာ ဖြစ်နေတော့ ကိုဖြိုးက တအံ့တသြဖြစ်သွားသည်။ အမေက စကားကို ရှည်ရှည်ပြောလေ့ရှိသူ မဟုတ်၊ စိတ်ဆိုးလေ့ရှိသူလည်း မဟုတ်၊ အခုတော့ သူ၏အမေသည် သူ့ကြောင့် စိတ်ဆိုးကာ စကားရှည်ရှည်ပြောနေပြီ ဖြစ်သည်။ ကိုဖြိုးသည် အမေ၏သောကမျက်နှာ ဒေါသမျက်လုံးများကို ငေးကြည့်ရင်း စိတ်တွေ ညှိုးချုံးသွားသည်။

“အမေ ငါ့ကိုစိတ်ပျက်သွားပြီလား မသိဘူး

ရုတ်ချည်းပေါ်လာသောအတွေးက သူ၏နှလုံးသားကို စည်းချက် မှန်မှန် ထုနေသည်။ သူ့ကို အမေ စိတ်ပျက်သွားမှာကိုတော့ သူ အရမ်း ကြောက်သည်၊ အမေမှစိတ်ပျက်ပြီဆိုလျှင် သူ့တွင် အားကိုးရာမရှိ။

“စာမုကြိုးစားဘဲ လေလေပေပေနေခဲ့လို့ စာမေးပွဲကျတာဘာမှ မဆန်းဘူး၊ မုကြိုးစားတုန်းက မုကြိုးစားဘဲ ကျမှစိတ်ညစ်နေတာ ယောကျာ်း အလုပ်မဟုတ်ဘူး ငါ့သားရဲ့၊ ကိုယ့်အပြစ်ကိုယ်သိလို့ ကြိုးစားချင်စိတ်ရှိ လာမယ်ဆိုရင် ပြန်ကြိုးစား၊ ဒါပဲ

ညီတွေ ညီမတွေကိုလည်း လှည့်ပြီး ရန်လုပ်စရာမလိုဘူး

အမေက အချက်ကျကျပြောသည်၊ အမေ့စကားတွေ မှန်မှန်းသိ သော်လည်း ကိုဖြိုး ချက်ချင်းခေါင်းညိတ်ပြီး ဝန်မခံချင်၊ သူ၏ထုံးစံအတိုင်း

"ငါ့ကိုမချစ်လို့၊ ငါ့ကိုနှိမ်ချင်လို့ ဟု လှီးလွှဲပြီး တွေးချင်နေသေးသည်။

သို့သော်လည်း သူဘယ်လို တွေးတွေး အမေက သူ့ကိုချစ်ခင်ကြင်နာကြောင်း၊ ဘယ်တော့မှလည်း မနှိမ့် ချခဲ့ကြောင်းကိုလည်း အတွင်းစိတ်က အမှန်အတိုင်းသိနေပြန်သည်။ ကိုဖြိုးက ငေးကြည့်နေစဉ် အမေက စားပွဲစွန်းကို လက်တစ်ဖက် နှင့်ထောက်ကာ ဗိုက်ကို ကျန်လက်တစ်ဖက်နှင့်မသိမသာအုပ်ကိုင်ရင်း တကျွတ်ကျွတ်နှင့်စုတ်သပ်သည်။

"အမေ နေမကောင်းဘူးလား

"အင်း မကောင်းဘူး

"ဗိုက်နာလို့လား အမေ

"အင်း ဒီနားက အောင့်သလိုလို၊ နာသလိုလိုနဲ့ဖြစ်နေတာကြာပြီ

"ဆရာဝန် မပြဘူးလား

"မပြပါဘူးကွယ်

အမေက သက်ပြင်းချသည်။ အမေ့မျက်နှာက လူမမာနှင့်တူနေ ကြောင်း အခုမှ ကိုဖြိုး သတိထားမိသည်။ အမေသည် တစ်အိမ်လုံး၏ ကျန်း မာရေးကို ကြောင့်ကြောင့်ကြကြနှင့် ဂရုတစိုက်ရှိလှသော်လည်း သူ့ကိုယ်သူကတော့ ဂရုမစိုက်ခဲ့ပေ။

"သား အဖေလည်း နံရံကိုလက်သီးနဲ့ထိုးထားတာ လက်ကြီးကို ယောင်ကိုင်းနေတာပဲ

ကိုဖြိုးက အမေ့အကြည့်ကိုလွှဲကာ မျက်လွှာချထားလိုက်သည်။ အမေက

သူ့ဗိုက်မှာနာနေသည်ထက် အဖေ့လက်ယောင်နေသည်ကို ပိုပြီး ပူပင်နေဟန်ရှိသည်။

“အမေက ဒီနေ့တော့ ကားထွက်မမောင်းစေချင်ဘူး၊ ဒါပေမဲ့ သူက တစ်နေ့မမောင်းရင် တစ်နေ့ဝင်ငွေလျော့မှာပေါ့တဲ့။ နောက်ပြီး ဒီနေ့ အိမ်မှာ ငါ့ဝတ်တုတ်ရှိနေရင် ငါ့သားကြီး အနေခက်နေပါဦးမယ်တဲ့

အမေ့စကားကြောင့် ကိုဖြိုး၏မျက်နှာတစ်ပြင်လုံး ပူရှိန်းသွားသော် လည်း ရင်ထဲတွင် နွေးသွားသည်။ အဖေက သူအနေခက်မည်ကို စိုးရိမ်သည့် အတွက် ကျေနပ်သလိုလို၊ အားနာသလိုလို၊ ကြည်နူးသလိုလိုနှင့် သူ့စိတ်တွေ ပျော့ကျသွားသည်။

“မိသားစုဆိုတာ တစ်ယောက်ရဲ့ဂုဏ်က တစ်ယောက်ကို ဟပ်တယ်ကွ၊ အဖေတို့အမေတို့အတွက် ငါ့သားသမီးတွေ ဘယ်တော့မှ မျက်နှာ မငယ်စေရဘူး၊ အဲဒီလိုပဲ၊ သားတို့သမီးတို့အတွက်လည်း အဖေ ဂုဏ်ယူချင်တယ်  ဟု မကြာခဏပြောခဲ့သော အဖေ၏စကားကို ချက်ချင်းကြားယောင် လာသည်။

အခုတော့ အဖေသည် သူ၏အပေါင်းအသင်းများကြားထဲတွင်

“ကိုဖြိုးလား မအောင်ပါဘူးဗျာ  ဟု ပြောနေရရှာပြီထင်သည်။

“အဖေ ထမင်းစားပြန်လာရင် ဘာလုပ်ရမလဲသား၊ ကိုယ့်ကိုယ်ကို သိတယ်မဟုတ်လား

အမေ၏အသံက မချိုသာ မပျော့ပျောင်းသေးသော်လည်း နူးညံ့ နေသည်။ ကိုဖြိုးက အမေ့ကို မော်ကြည့်ရင်း သူဘာလုပ်ရမည်နည်းဟု စဉ်းစားသည်။ မနေ့တုန်းက သူအရက်မူးလာရုံမျှမက အဖေ့ကို ထိကပါး ရိကပါးနှင့် မလေးမခန့်လုပ်ခဲ့သည်။ သူဘာလို့ ဒီလောက်တောင် လုပ်ရဲ ပြောရဲသွားသနည်း ကိုယ့်ကိုယ်ကိုပင် အံ့သြနေမိသည်။

“အဖေကို အသေအချာကန်တော့ပြီး ပြန်တောင်းပန်လိုက်

“ဟုတ်ကဲ့

ကိုဖြိုးက ရစ်ဝဲလာသောမျက်ရည်များကို မျက်တောင်တဖျပ်ဖျပ် ခတ်ကာ ထိန်းရင်း

ခေါင်းညိတ်သည်။ ဟုတ်သည် အဖေ့ကို သူကန်တော့ပြီး တောင်းပန်မည်။

"သားက အကြီးဆုံး ငါ့သား ဖြောင့်ဖြောင့်သွားမှ အငယ် နှစ်ယောက်လည်း ဖြောင့်ဖြောင့်လိုက်မှာပေါ့

အမေက သူ၏ဆံပင်များကို သပ်တင်ကာ ပြောနေကျစကားကို ပြောသည်၊ ကိုဖြိုးက ဒီတစ်ခါ စိတ်ပါလက်ပါ ခေါင်းညိတ်သည်။

"သား ဒီနှစ်နှစ်မှာ တကယ့်ကို ကြိုးစားတော့မယ် အဖေ  ဟု ကတိ ပေးလိုက်လျှင် အဖေ၏ရင်ထဲတွင် အေးသွားလိမ့်မည်ထင်သည်။ ကိုဖြိုးအဖေ့ကို ကြောက်ကြောက်နှင့်မျှော်နေမိသော်လည်း အဖေ က ထမင်းစားပြန်မလာခဲ့ပေ။ အခါတိုင်းလည်း အိမ်နှင့်အလှမ်းဝေးသော နေရာရောက်နေပါက နံနက်စာကို ကြုံသလိုစားတတ်၍ အမေက ပူပူပင်ပင် မရှိလှချေ၊ သို့သော်

"မနေ့တုန်းက စိတ်မကောင်းဖြစ်ပြီး ဒီနေ့လည်း သိပ်နေမကောင်း လို့လားမသိဘူး၊ စိတ်ထဲမှာမရွှင်ဘူး လေးလေးလံလံကြီး   ဟု ခပ်ညှိုးညှိုး ပြောသည်။

နံနက် ထမင်းစားပြန်မလာသည်ကို မပူသော်လည်း အခါတိုင်း ပြန်လာနေကျ ခြောက်နာရီကျော်သည်အထိ ပြန်မလာတော့ အမေက

"သားတို့အဖေ နောက်ကျလိုက်တာကွယ်  ဟု ပြောသည်။

ကိုတိုးနှင့်မစိုးက အိမ်ရှေ့ထွက်ပြီး မျှော်နေကြသော်လည်း သူက အိမ်ရှေ့ခန်းထောင့်တွင် ခပ်ကုပ်ကုပ်ထိုင်ရင်း

"အဖေ ငါနဲ့ မျက်နှာချင်းမဆိုင်ချင်လို့ ပြန်မလာသေးတာ များလား  ဟု တွေးရင်း ဝမ်းနည်းနေသည်၊ သူက

"သား နောင်တရပါပြီ အဖေ  ဟု ပြောလျှင် အဖေက

"နောက်မှ နောင်းမှတတတ်လို့ နောင်တလို့ခေါ်တာ ငါ့သားရဲ့၊ ကုန်သွားတဲ့အချိန်ကို သားပြန်မရတော့ဘူး၊ ဒါပေမယ့် ကိုယ့်ကိုယ်ကို ပြင်ဖို့ အချိန်တွေ

အများကြီးရှိပါသေးတယ်  ဟု ပြောလေမလား အားပေးလေ မလားဟု မရေမရာတွေးနေမိစဉ် သူတို့အိမ်ရှေ့သို့ ရဲဝတ်စုံနှင့် လူနှစ်ဦး ရောက်လာသည်။

"ဒီအိမ်က ဦးကျော်အေး အိမ်ပါလားခင်ဗျား  ဟု မေးသံကိုကြားရသည်။

ထို့နောက်. . . ထို့နောက်။

ထို့နောက်တွင်တော့ အဖေ ကားချင်းတိုက်၍ ဆေးရုံရောက်နေကြောင်း သိလိုက်ရသည်။

"ဒဏ်ရာက ပြင်းတော့ အိမ်သားတွေ အမြန်လိုက်ခဲ့စေချင်ပါတယ် ခင်ဗျာ

ဟူသော အသံက ဝေးသွားလိုက် နီးသွားလိုက်ဖြင့်နှင့် သူ၏နားထဲတွင် ပဲ့တင်ထပ်နေသည်။ သူတို့လိုက်သွားတော့ သတိကင်းမဲ့နေသောအဖေကိုသာ တွေ့ရသည်။ အဖေသည် လုံးဝသတိပြန်လည်မလာတော့ဘဲ နောက်တစ်နေ့ နံနက်စောစောတွင် သူတို့အားလုံးကို ခွဲခွာသွားခဲ့လေသည်။

"သား၊ စာကြိုးစားတော့မယ် အဖေ  ဟူသောစကားကို

အဖေ့နားနှင့်ဆတ်ဆတ်ကြားရအောင် မပြော နိုင်ခဲ့သဖြင့် ကိုဖြိုး၏ တစ်သက်တာလုံး ယူကျုံးမရ ဖြစ်ရတော့မည် ဖြစ်သည်။

ကောင်းကင်မှ တိမ်တိုက်ဖြူဖြူများက အင်းလျားရေထဲတွင် အရိပ် ထင်နေသည်။ ခဲလုံးလေးကို ပစ်ပေါက်လိုက်တော့ ငြိမ်နေသောတိမ်ရိပ်များသည် ပရမ်းပတာနှင့် လှုပ်ရှားသွားသည်။ ရေပြင်အောက်မှ ရေမှော်ပင် စိမ်းညို့ ညို့များက တိမ်ဆုပ်တိမ်ခဲများကို လက်တံရှည်နှင့် လှမ်းပြီး ဆုပ်ကိုင်တော့ မလို ယိမ်းခါနေသည်။ ရေထဲတွင် ရေမှော်ပင်နှင့်တိမ်ရိပ်များက ရောထွေး နွယ်ယှက်နေသည်။

"ဟော ..."

ကိုဖြိုး ရေထဲသို့ စိုက်ကြည့်သည်။ လှုပ်ရှားနေသော တိမ်ရိပ် များကြားတွင် အဖေ၏အရိပ်ကို တွေ့ရသည်။ အဖေ၏မျက်နှာက ညှိုးနေ သည်။ သူ့ကိုလည်း

အားမလိုအားမရနှင့် ကြည့်နေသည်။

“ကိုဖြိုး မင်းဒီမှာ ဘာလာလုပ်နေတာလဲ၊ မင်းအမေနားမှာ သွားနေလေ ဟု ပြောနေသည်။ ကိုဖြိုးက အဖေ့ကို တောင်းပန်သလို ကြည့်ရင်းက ခေါင်းခါသည်။

“အမေ့ကို ကျွန်တော်မကြည့်ရက်ဘူးအဖေ၊ အမေ ဝေဒနာခံနေရတာကို ကျွန်တော်မကြည့်ရက်ဘူး

ဆေးရုံခုတင်ပေါ်တွင် ပက်လက်ကလေးလဲလျောင်းရင်း ဝေဒနာ ခံစားနေရသော အမေ့ကို ကိုဖြိုး မကြည့်ရက်၊ စုတ်သပ်ညည်းညူသော အသံကိုလည်း မကြားရက်။ အဖေဆုံးပြီးတစ်လလောက်နေတော့ အမေဆေးရုံတင်ရသည်။ သားအိမ်ဘေးတွင် အလုံးတစ်လုံးကပ်နေသည်ဆို၍ ခွဲစိတ်ကုရသည်။ ဓာတ်ခွဲကြည့်တော့ ကင်ဆာဟုပြောသည်။ ဗိုက်ထဲတွင်လည်း ထိုကင်ဆာဆဲလ်များ ပျံ့နှံ့နေသည်ဟု ပြောသည်။ အဆုပ်ဆီသို့လည်း ဦးတည်သွားနေသေးသည်ဟု သိရသည်။

ဂယက်လှိုင်းကလေးများ ကျဲသွားသောအခါ ရေပြင်သည် တငြိမ့်ငြိမ့် ဖြစ်နေသည်။ ယိမ်းနေသောတိမ်များက တဖြည်းဖြည်း ပြန်ငြိမ်လာ သောအခါ တိမ်ရိပ်ကြားတွင်ဖြစ်နေရသောအဖေ၏မျက်နှာသည် မှုန်ပြီး ပျောက်ကွယ်သွားသည်။

“အမေကတော့ ခွဲစိတ်ကုသပြီးပြီမို့ သူ့ရောဂါကို ပျောက်တော့ မယ်လို့ ထင်နေတယ် အဖေ၊ ကျွမ်းနေပြီဆိုတာကို မသိဘူး

ကိုဖြိုးက ခဲလေးတစ်လုံး ထပ်ပြီး ပစ်ချလိုက်ပြန်သည်။ လှိုင်းထလာသော ဂယက်ထဲတွင် အဖေ့ကိုပြန်ပြီး တွေ့ရပြန်သည်၊ အဖေက သူ့ကို

“စာကြိုးစားရဲ့လား ဟု မေးသည်။ ကိုဖြိုးက ခေါင်းခါသည်။

“ကျွန်တော် စာကျက်လို့လည်း မရဘူးအဖေ၊ အိမ်မှာ စီးပွားရေး လည်း မပြေလည်ဘူး၊ အဖေ့ကားလေးကိုလည်း ပြန်ပြီး မပြင်နိုင်လို့ အရှုံး ခံပြီး ရောင်းလိုက်ရတယ်။ အမေကလည်း နေမကောင်း၊ အသုံးမကျတဲ့ ကျွန်တော်ကလည်း ငွေမရှာနိုင်သေး၊

ဝင်ငွေကလည်း မရှိ၊ ရှိသမျှငွေလေး တွေလည်း တတိတိနဲ့ကုန်တာပဲ၊ အမေ့အတွက် ဆေးဖိုးကို အမေ့ဆွဲကြိုး တွေ လက်ကောက်တွေ ရောင်းပြီး ရှာရတော့မယ်

ကိုဖြိုးက စိတ်ထဲမှ ပြောပြနေမိသည်။ ခုနတုန်းက ဖြူဖွေး တောက် ပနေသော တိမ်ဆုပ်တိမ်ခဲကြီးများသည် လေတိုက်ရာဘက်သို့ တလွင့်လွင့် နှင့် လွင့်ပါးသွားသည်။ မိုးရိပ်မိုးသားများက တရိပ်ရိပ်နှင့်ပြေးဝင်လာပြီး ကောင်းကင်ပြင်သည် ရုတ်တရက် ချက်ချင်း ညှိုမှိုင်းသွားသည်။

"အဲ့ဒါ ငါတို့ရဲ့ဘဝလိုပဲ၊ ကြည်လင်တောက်ပနေရာကနေပြီး အုံ့မှိုင်းသွားတာလေ

ကိုဖြိုးက ကောင်းကင်ကျယ်ကို မော့ကြည့်ရင်း ရီဝေအားငယ် လာသည်။ တိမ်မည်းတိမ်ညိုများသည် သူ့အပေါ် ကို ုပြိုပြီးဆင်းလာတော့ မယောင် တအိအိနိမ့်ကျလာသည်။ ထို့နောက် မိုးစက်မိုးပေါက်များသည် တဖျောက်ဖျောက်နှင့် ခုန်ဆင်းလာကြလေသည်။ ရေစက်ရေပေါက်များ ကျရာနေရာတွင် ရေပွက်လေးများ ထလာသည်။ ထိုရေပွက်ကလေးများ ကွဲရာမှ စိတ်လာတော့ မိုးသည်းသည်းရွာနေပြီ ဖြစ်သည်။ ရေထဲတွင် ရေစက်ကြောင့်ဖြစ်သော ဂယက်ဝိုင်းလေးများ ချာချာ လည်ကာ ဆက်နေသည်။ ရေထဲမှအဖေ၏မျက်နှာသည်လည်း ပေါ်ပေါက် လာလိုက် ဝေးဝါးပြီး ပျောက်သွားလိုက်နှင့်မို့ မနည်းအားစိုက်ပြီး ကြည့်နေ ရသည်။

"မိုးရွာပြီဆိုတော့လည်း ရှိသမျှလူတွေ ပြန်ပြေးကုန်ကြတော့တာ ပဲ၊ အခုမှပဲ လူရှင်းတော့တယ်

စစ်ဂျာကင် အဟောင်းကြီး တစ်ထည်ဝတ်ထားသော လူကြီးတစ်ဦးက ကိုဖြိုး၏ဘေးတွင် ဝင်ထိုင်သည်။

"ငါ့တူလည်း ဦးလေးလိုပဲ၊ မိုးရေကြိုက်တယ်ထင်တယ်နော်

ကိုဖြိုးက အသာစောင်းကြည့်မိသော်လည်း ဘာမှပြန်မပြောဘဲ ငြိမ်နေလိုက်သည်။ ခုအချိန်မှာတော့ သူက အတွေးကို အဖော်ပြုကာ တစ်ဦး တည်းသာ နေလိုသည်။ မည်သူနှင့်မျှလည်း စကားမပြောချင်ပေ။

"ဦးလေးတို့ ငယ်ငယ်တုန်းကတော့ မိုးရေထဲထွက်ရင် အမေက တယ်ပြီးဆူတာကိုး၊ ဒါကြောင့် ရှေ့တန်းရောက်တော့ မိုးရွာတိုင်း သတိရတယ်၊ တစ်ခါတလေ စစ်ချီရင်း စခန်းချရင်း မိုးရေထဲမှာ မိုးကာခြုံပြီး ငုတ်တုတ်ထိုင်ပြီး အိပ်ရတဲ့အခါလည်း အိပ်ရတာပဲလေ

ကိုဖြိုးက စကားမပြောချင်သော်လည်း စကားပြောချင်နေဟန်ရှိသော လူကြီးက မဆီမဆိုင်နှင့်သူ့အကြောင်းတွေကို ပြောပြနေသည်။

"တစ်ခါတလေ မိုးတစ်အားသည်းလို့ သက်သာမလားလို့ သစ်ပင်အောက် ခိုမိပြန်ရင်လည်း ပုရွက်ဆိတ်တွေ ခါချဉ်တွေကျလာပြန်ရော၊ တစ်ခါတုန်းကတော့ ခါချဉ်အုံ အထုပ်လိုက်တောင် ပြုတ်ကျလိုက်သေး အဟေး ဟေး

သူဟာသူ ပြောပြီး သူ့ဟာသူ ရယ်နေသော်လည်း စိတ်ညစ်နေသော ကိုဖြိုးမှာ လိုက်၍ ပြုံးလိုစိတ်ပင် မရှိချေ။

"သြော်သော် သူစစ်တိုက်ဖူးတာကိုး  ဟုသာ

ခပ်ပေါ့ပေါ့တွေးရင်း အသာထသွားရလျှင် ကောင်းမလား ဟု စဉ်းစားလိုက်မိသည်။ ဒီနေရာက ထလျှင် အမေ့ဆီသွားရတော့မည် ဟု တွေးမိတော့ မထဘဲ ဆက်ထိုင်နေမိပြန်သည်။ အမေ့နားတွင် နေ့ရောညပါ စောင့်နေသော မစိုးလည်း ကျောင်း ပျက်လှပြီ ဖြစ်သည်။

"ကိုတိုးကတော့ အမေ့ရွှေတွေ ကုန်သွားရင် ကျွန်တော်တို့ ဘာဆက်လုပ်ကြမလဲဟင် ဟု စိုးရိမ်ပူပန်စွာ မေးသည်။

အမေ့ရွှေတွေဟုသာ ပြောနေရသော်လည်း ဆွဲကြိုးနှစ်ကုံးနှင့် လက်ကောက်တစ်ရန်၊ ကျောက်နီ လက်စွပ်နှစ်ကွင်း၊ ရွှေလက်စွပ်တစ်ကွင်း၊ ပတ္တမြားနားကပ်တစ်ရန်နှင့် ပုလဲ နားကပ်တစ်ရန်သာမို့ အမေ့အတွက် သုံးနေရသောဆေးဖိုးနှင့် ယှဉ်လျှင် ဘာမှ သိပ်မဖြစ်လောက်ပေ။ မစိုးကတော့ သူ၏ဆွဲကြိုးနှင့်လက်ကောက်ရှိပါသေးသည်ဟု ပြောရာသည်။

“ခုနေ ကော်ဖီပူပူလေးတစ်ခွက်လောက်သောက်လိုက်ရရင် သိပ်ကောင်းမှာပဲနော်

လူကြီးက စကား စပြန်သည်။ အဲ့ဒီတော့မှ ကိုဖြိုးလည်း သူ့ဟာသူ ချမ်းနေကြောင်း သတိထားမိသည်။

“ကော်ဖီပူပူလေးတော့ မရှိဘူး၊ ကံကောင်းထောက်မလို့ ကော်ဖီ သကြားလုံးတော့ ရှိတယ် မောင်၊ ရော့ မင်းတစ်လုံး ငါတစ်လုံး

လူကြီးက သကြားလုံးလေးတစ်ခု လှမ်းပေးသည်။ ကိုဖြိုးက မငြင်းမဆန်လှမ်းယူပြီး အခွံလေးခွာကာ ပါးစပ်ထဲထည့်လိုက်သည်။ ချိုမြမြ ခါးဆိမ့်ဆိမ့်ကော်ဖီအရသာက လျှာထဲတွင် ပျံ့ပြီး နှာခေါင်းထဲအထိ မွှေးလာသည်။ လူကြီးက သူပြောချင်ရာတွေကို သူ့ဟာသူ ဆက်ပြောနေ ပြန်သည်။

“တောနက်ထဲက ကျွတ်တွေက မြို့ပေါ်ရွာပေါ်က ကျွတ်တွေလို မြေကြီးပေါ်မှာ တင်နေတာ မဟုတ်ဘူး၊ သစ်ပင်ပေါ်တက်ပြီး လူပေါ်ကို ခုန်ခုန်ချတတ်တာ၊ တစ်ခုတုန်းက ဦးလေးရဲ့ သူငယ်ချင်းတစ်ယောက် ငှက်ဖျားနဲ့သတိလစ်သွားလို့ ထမ်းစင်နဲ့ပြန်ပြီးသယ်လာတာ ကျွတ်တွေက တုဖြတ်ဖြတ်နဲ့ ခုန်ချလိုက်တာ ကိုယ့်ပေါ်မှာရော သူ့ပေါ်မှာရော ကျွတ်တွေ ချည်းပဲ၊ လက်မအားတော့ သူ့ကျွတ်လည်း မဖြုတ်နိုင်၊ ကိုယ့်ကျွတ်လည်း မဖြုတ်နိုင်၊ စခန်းရောက်တော့မှ ဖြုတ်ကြရတယ်၊ သူ့ကိုယ်ပေါ်မှာ ကျွတ်ပေါင်း တစ်ရာကျော်တယ်၊ ထမ်းစင်တစ်ခုလုံးလည်း သွေးတွေနဲ့ ရွဲနစ်လို့ စခန်းက ရဲဘော်တွေက ဒဏ်ရာကြီးကြီးရလာတယ်လို့ ထင်သွားကြ တာတဲ့

သွေးတွေနဲ့ ရွဲနစ်လို့ဟူသောစကားကို ကြားရတော့ ကိုဖြိုး ရင်ထဲ တဆတ်ဆတ်တုန်သွားသည်။ သွေးသံရဲရဲနှင့်သတိမေ့နေသော အဖေ့ကို သတိရသည်။

“ကျွန်တော့်အဖေလည်း သွေးတွေနဲ့ ရဲနေတာပဲ

သူ့ကို စကားပြောရန် မရည်ရွယ်ပါဘဲ ကိုဖြိုးက အလိုလိုပြော မိသည်။

“ဘာဖြစ်တာလဲ

“ကားတိုက်တာပါ ကားချင်းဆိုင်တိုက်မိတာ

“ဘာဖြစ်သွားလဲ

“သေတာပေါ့ သေသွားတာပေါ့

“ဩော်သော်

လူကြီးက ငြိမ်သွားသည်။ သူတို့နှစ်ဦးလုံး အင်းလျားကန်ရေပြင် သို့ ငေးကြည့်နေကြသည်။ ကိုဖြိုးက အဖေ့ကိုပြန်လည်မြင်ယောင်ကာ ထို လူကြီးက သူတိုက်ခဲ့သောတိုက်ပွဲများကို ပြန်လည်မြင်ယောင်နေလိမ့်မည် ထင်သည်။

“အခု အမေလည်း ဆေးရုံမှာ

“ဘာဖြစ်တာလဲ

“ကင်ဆာတဲ့

“မင်းတို့လည်း သေမင်းနဲ့စစ်တိုက်နေကြရတာပေါ့

“ဒါပေမယ့် ရှုံးမှာ သေချာနေတဲ့စစ်ပွဲကြီးလေ

ကိုဖြိုးက ဝမ်းနည်းပမ်းနည်းပြောရင်း မျက်ရည်သုတ်သည်။

“အဖေဆုံးကတည်းက ကျွန်တော်တို့ စီးပွားပျက်တာပဲ၊ ကား လေးကို အရှုံးခံပြီးရောင်းပြီး အဲဒီပိုက်ဆံနဲ့အမေ့ကို ဆေးကုတယ်။ ဒီကြားထဲလည်း အဲဒီပိုက်ဆံနဲ့ပဲ စားရတာပေါ့၊ အဲဒါ ကုန်ခါနီးပြီ၊ ကုန်ရင် အမေ့ ဆွဲကြိုးတွေ လက်ကောက်တွေ ရောင်းရမယ်၊ အဲဒါကုန်ရင် ဘာဆက်လုပ်ရမလဲ၊ ကျွန်တော်ကလည်း မနှစ်က ဆယ်တန်းကျသေးတယ်၊ ညီလေးက ကိုးတန်း ညီမလေးက ခုနစ်တန်း၊ မနှစ်တုန်းကသာ ကျွန်တော့်စိတ်တွေ မလေဘဲ စာကြိုးစားခဲ့ရင် ဆယ်တန်းအောင်ပြီးပြီ၊ အခုတော့

“တော်ပါတော့ကွာ…” လူကြီးက ကိုဖြိုး၏ပခုံးကိုပုတ်ကာ နှစ်သိမ့်သည်။

“အဲဒါကြောင့်မို့လို့ ကိုယ့်ကိုယ်ကို ကံဆိုးလှပြီလို့ ထင်နေရင် မဟုတ်သေးဘူး ငါ့တူ၊

ဦးလေး မင်းကို ကြည့်နေတာကြာပြီ၊ အရမ်းကို စိတ်ပျက်
ညှိုးနွမ်းနေပုံပေါက်နေလို့လာပြီး စကားပြောတာပါ

သဲသဲမဲမဲ ရွာနေသောမိုးက တဖြည်းဖြည်း စဲသွားသည်။ ဖွဲဖွဲ ကျနေသေးသော်လည်း ပြန်ပြီး ကြည်လင်လာသည်။ မိုးရေတွေ ရွှဲနစ်နေ သော သူတို့ နှစ်ယောက်ကတော့ အင်းလျားရေပြင်ကို ဆက်လက်ပြီး ငေး ကြည့်နေကြသည်။

“မင်းတို့မှာ အဖေသေသွားပေမယ့် အမေရှိတယ်၊ နေမကောင်း တဲ့ အမေကို ကုစရာပိုက်ဆံလည်း ရှိသေးတယ်၊ ရောင်းစရာ ရွှေတိုရွှေစ တွေလည်း ရှိသေးတယ်၊ နေစရာအိမ်လည်း ရှိသေးတယ်လေ၊ အကောင်း ဖက်က မြင်တတ်ကြည့်တတ်ရင် ကောင်းတာတွေလည်း ရှိပါသေးတယ် ကွာ

လူကြီး၏အသံက အေးဆေးတည်ငြိမ်လှသည်။ သူ့စကားကို နားထောင်ရင်း ကိုဖြိုး အံ့သြသွားသည်။ သူတစ်ခါမျှ ဒီလို မတွေးခဲ့ဖူးချေ။

“အဖေမရှိတော့ဘူး၊ ဒုက္ခပါပဲကွာလို့ တွေးမိတဲ့အချိန်မှာ တော်သေးတာပေါ့ကွာ အမေရှိသေးတယ်လို့ ဆိုပြီး တွေးရင်လည်း ရသေးတယ် မဟုတ်လား၊ ရေတစ်ဝက်ပဲရှိနေတဲ့ ဖန်ခွက်ကို ကြည့်ရင် တစ်ယောက်က ရေတစ်ဝက်ပဲရှိတော့တယ်လို့ စိတ်ပျက်ညည်းညူပေမယ့် တစ်ခြား တစ်ယောက်ကတော့ ဟာ ရေတစ်ဝက်တောင် ကျန်နေသေးတယ်လို့ တွေးပြီး ဝမ်းသာနိုင်တာပဲ မဟုတ်လား

ကိုဖြိုးက အင်းလျားရေပြင်ကိုငေးကြည့်ရင်း မှင်သက်မိသလို ဖြစ်နေသည်။ ဟော ရေပြင်တွင် အဖေ့အရိပ်ကို မြင်ယောင်မိပြန်သည်။ အဖေ ကပြုံးနေသည်၊

“ဟုတ်တာပေါ့ သားရယ် ဟုပြောနေသည်။

“ဒီမှာကြည့်စမ်း ငါ့တူရ

လူကြီးက သူ၏ဘောင်းဘီစနစ်ဖက်ကို ဆွဲမ၍ ပြသည်။ နှစ်ဖက်လုံး ခြေအတုတွေ ဖြစ်နေ၍ ကိုဖြိုး၏ရင်ထဲတွင် လှိုက်ခနဲဖြစ်သွားသည်။ သူ့မှာ ခြေနှစ်ဖက်လုံး မရှိပါလား။

“ဦးလေးကို မသနားနဲ့ ငါ့တူ၊ ဦးလေးမှာ ခြေနှစ်ဖက်မရှိပေမယ့် လက်နှစ်ဖက်ရှိသေးတယ်၊ ဒီလက်နှစ်ဖက်ဟာ အလုပ်တွေ အများကြီးလုပ် နိုင်တယ်လေ

ကြံ့ခိုင်သန်စွမ်းသော သူ၏ လက်ချောင်းများသည် မိုးရွာပြီးစ နေရောင်ခြည်တွင် အရောင်တလက်လက် တောက်ပနေသည်ဟုပင် ကိုဖြိုး ထင်လိုက်မိသည်။ ထိုလက်ချောင်းများဖြင့် သူ၏ ပခုံးကို ညှစ်ကိုင်လိုက်တော့ မမြင်ရသောအင်အားများက ကိုဖြိုး၏ခန္ဓာကိုယ်ထဲ စီးဝင်သွားသည်။

“နောက်ဆုံးတစ်နေ့ မင်းတို့အမေ မရှိတော့ဘူး ဆိုရင်တောင် မင်းတို့ မောင်နှမသုံးယောက် တစ်စည်းတစ်လုံးနဲ့ ချစ်ချစ်ခင်ခင် ကျန်ခဲ့ကြမယ်။ ကျန်းကျန်းမာမာရှိကြတယ်၊ လွတ်လွတ်လပ်လပ် လှုပ်ရှား လုပ်ကိုင်စရာ လက်နှစ်ဖက်ကိုယ်စီရှိတယ်၊ ဒီမြေပေါ်မှာ မားမားမတ်မတ်ရပ်နိုင်တဲ့ ခြေနှစ်ဖက်လည်း ကိုယ်စီ ရှိကြတယ်လေ

ကိုဖြိုး၏မျက်လုံးအစုံသည် မျက်ရည်တွေ ရစ်ဝဲနေရာမှ တဖြည်းဖြည်း အရောင်တောက်ပလာသည်။ ရင်ထဲတွင် နွေးပြီး အချမ်းလည်းပြေ သွားသည်။

“မင်းအမေက သေမင်းနဲ့ စစ်ခင်းနေတဲ့အချိန်မှာ မင်းက ဒီမှာ ထိုင်ပြီး ဘာလို့ငေးနေသလဲ ငါ့တူရယ်၊ မင်းက သူ့အနားမှာပဲ ရှိနေသင့်တယ် မဟုတ်လား။ မနိုင်မယ့်စစ် ရှုံးမယ့်စစ်ပေမယ့်လည်း အမေ့ကို ကူပြီး တိုက်ပေးရမယ်၊ ရတတ်သမျှအချိန်လေးမှာ အမေ့ကို စိတ်ချမ်းသာအောင် ဝေဒနာ သက်သာအောင်လည်း လုပ်ပေးနိုင်တယ်၊ ကုသိုလ်တွေလည်း အများကြီး ဆက်ပေးနိုင်တယ်၊ အမေ အသေဖြောင့်သွားအောင် ကတိတွေ လည်း ပေးလိုက်နိုင်တယ်လေ၊ မင်းရဲ့အမေအတွက် မင်းလုပ်ပေးနိုင်တာ တွေ အများကြီး ရှိပါတယ်

“ကျေးဇူးတင်ပါတယ် ဦးလေး

ကိုဖြိုးက နေရာမှ ဆတ်ခနဲထလိုက်သည်၊ သူက အမေ့ကို ဘာမှ မကူညီနိုင်ဘဲ

လက်ပိုက်ကြည့်နေရသည်ဟု ယူဆထားခဲ့သည်။ ထိုလူကြီး ကတော့ သူတတ်နိုင်တာတွေ အများကြီးတဲ့၊ ဟုတ်သည် သူတတ်နိုင်တာ တွေ အများကြီး ရှိသည်၊ ရှိကိုရှိသည်။

“ကျွန်တော်သွားတော့မယ်

“ဘယ်ကိုလဲ

“အမေ့ဆီကို

“ကောင်းတယ်

ကိုဖြိုးက သူ၏လွယ်အိတ်ကလေးကိုဆွဲယူကာ ခပ်သွက်သွက် လျှောက်လိုက်သည်။ အမေက သူ့ကို မျှော်နေလောက်ပြီ ဖြစ်သည်။ အမေ့ ကို ချက်ချင်းလွမ်းလာသည်။ အမေ့ဘေးကို အခုချက်ချင်းရောက်သွားချင် သည်။ အရင်လို၍ ခပ်သွက်သွက်လျှောက်ကာမှ ဖိနပ်တစ်ဖက်က ဖတ်ခနဲ ပြတ်သွားသည်။

“ဟာ ဒီဖိနပ်

ကိုဖြိုးက ဖိနပ်ကို စိတ်တိုတိုနှင့် ကန်ပစ်လိုက်မည် လုပ်ပြီးမှ

“ဟိုတစ်ဖက်ပြတ်ပေမယ့် ဒီတစ်ဖက်က အကောင်းကြီးပဲဟာကို ဟိုတစ်ဖက်ကို ပြန်ချုပ်လိုက်ရင် တစ်ရန်လုံးပြန်စီးလို့ရသေးတယ် ဟု တွေးမိပြီး ကန်ချွတ်ထားသောတစ်ဖက်ကို ပြန်ကောက်သည်။

“ရော့...ရော့ ဒီမှာ ဦးလေးရဲ့အိတ်ထဲမှာ ဂျွတ်ဂျွတ်အိတ်တစ်လုံး ပါတယ်၊ ဖိနပ်ကို အဲဒါနဲ့ထည့်

“ကျေးဇူးတင်ပါတယ် ဦးလေး

ကိုဖြိုးက ကျေးဇူးတင်စွာ လှမ်းယူရင်း ဖိနပ်နှစ်ဖက်ကို ကြွပ်ကြွပ် အိတ်ထဲ ထည့်သည်။ ဆေးရုံကို ခြေဗလာနှင့် ရေတွေစိုရွှဲလျက် ရောက်လာသော သူ့ကိုမြင်လျှင် အမေက ဘာများပြောလေမည်မသိ။ ကိုဖြိုးက လူကြီးကိုနှုတ်ဆက်ကာ ပြေးပြသည်၊ ရင်ထဲတွင်

တစိမ့်စိမ့် ကျေးဇူးတင်နေပြီး သူနှင့်လည်း ရင်းနှီးကျွမ်းဝင်သွားသလို ခံစားရသည်။

"ပြန်ချုပ်လိုက်ရင် အကောင်းပဲ ဦးလေးရဲ့၊ အကြာကြီးစီးလို့ ရဦးမှာ

"ဟုတ်တာပေါ့ကွာ

လူကြီးက အုပြုံးနှင့်ထောက်ခံသည်၊ ထို့နောက် ဆက်၍

"အဲဒီလို ပြန်ကောင်းသွားမယ့် ဖိနပ်တစ်ရန်ကို အပြည့်အစုံ စီးပြီး မြေပေါ် မှာမတ်မတ်ရပ်နိုင်တဲ့ ခြေထောက်နှစ်ဖက်ကိုပိုင်ဆိုင်ထားရတာရော၊ ဘယ်လောက် ကံကောင်းလဲဆိုတာ စဉ်းစားမိရဲ့လား  ဟု လေးနက်သော အသံနှင့်ပြောသည်။

ကိုဖြိုးက ကြည်ကြည်လင်လင် ပြုံးရင်း ဖိနပ်မပါသော သူ၏ ခြေထောက်များကို ငုံ့ကြည့်မိသည်။ ထို့နောက် စတင်ပြီးလမ်းလျှောက်သည်။ လူကြီးက နောက်ဘက်မှ လှမ်းပြောသည်။

"ဖန်ခွက်ထဲမှာ ရေတစ်ဝက်တောင်ရှိတယ်နော်

ကိုဖြိုးက ခေါင်းညိတ်သည်။ ဟုတ်သည်၊ ဖန်ခွက်ထဲမှာ ရေတစ်ဝက်တောင် ရှိနေသည်       ။

**မစန္ဒာ**

**မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ နှစ်ပတ်လည်မဂ္ဂဇင်း ၂၀၀၅ ခုနှစ်။**

## ဧပြီအရှူး (မစန္ဒာ)

-------------------

ဧပြီလ တစ်ရက်။

စင်စစ်တော့ အနောက်တိုင်းဓလေ့ ဖြစ်သည်။ မည်သည့်နိုင်ငံတွင် မည်သည့်အချိန်က စပြီး မြန်မာပြည်ကို မည်ကဲ့သို့ ပျံ့နှံ့ခဲ့သည်ကိုကား ညို ကောင်းစွာ မသိ။

ဧပြီလ တစ်ရက်တွင် ခင်မင်သူ အချင်းချင်း အရူးလုပ် ကျီစယ်လေ့ ရှိကြသည်။ ထိုနေ့ ထိုရက်တွင် သူငယ်ချင်း ကျောင်းသူ ကျောင်းသားများ အချင်းချင်း အငိုက်ဖမ်း အရူးလုပ်လေ့ ရှိသည်ကား နှစ်စဉ်ပင်။

သည်နှစ် ဧပြီ တစ်ရက်နေ့တွင်ကား မိမော်မော်နှင့် ဝေဝေတို့ကို ကောင်းကောင်းကြီး အရူး လုပ်လိုက်မည်ဟု ညိုတို့ သူငယ်ချင်း တစ်စုလုံး တိုင်ပင်ထားကြသည်။

မတ်လ ဧပြီလ ဆိုလျှင် ညိုတို့ စက်မှုတက္ကသိုလ် ကျောင်းသူ ကျောင်းသားအားလုံး စက်ရုံများ၊ ရုံးများတွင် လုပ်အားပေး ဆင်းကြရသည်။ ထိုအချိန်တွင် ညိုတို့ ကျောင်းရှေ့က လက်ပံပင်ကြီးကလည်း ရဲရဲနီအောင် ပွင့်လေသည်။

လက်ပံပွင့်ချိန် ခွေးရူးချိန်ဟု ပြောကြသည်။ ခွေး ရူးမရူးတော့ မသိ၊ လက်ပံပွင့် နီနီရဲရဲများကို တွေ့တိုင်း ငယ်ဘဝကို တမ်းတရင်း ညို ရူးမိသည်ကတော့ အမှန်ပင်။ ညိုတို့ ငယ်ငယ်တုန်းက ဆိုလျှင် နီလွင်သော ပေါက်ပန်းပွင့်များကို ခူးပြီး အကုံးရှည် ဆက်ကာ လည်ဆွဲသဖွယ် ဆွဲလေ့ရှိသည်။ ခေါင်းပေါ်တွင်လည်း ပေါက်ပန်းကုံး သရဖူဆောင်းကာ လူရိုင်းမင်းသမီးလုပ် ကစားလေ့ ရှိသည်။ တုတ်ချောင်းတွင် ကျောက်ပြားပါးပါး ကပ်ချည်ထားသော ပုဆိန်ကို ထမ်းပြီး ကွဲကွဲကွကွ အော်ရင်း ခုန်ဆွ ခုန်ဆွနှင့် လူရိုင်းက က,ရသည်ကို ပျော်မဆုံးအောင် ရှိတော့သည်။ ငယ်ငယ်တုန်းက ဆိုတော့ ဟန်ဆိုသည်မှာ မရှိ၊ အလှအပကိုလည်း ဘေးချိတ်ထားသည်။ နေပူစပ်ခါး ဆော့ချင်တိုင်း ဆော့ပြီး မည်းမည်းတူတူနှင့် တစ္ဆေရုပ် ပေါက်နေတတ်လေသည်။

ယခုတော့ ညိုတို့ မငယ်တော့ပါ။ လာမည့်နှစ်ပိုင်း အတွင်း၌ပင် ဘွဲ့ယူပြီး အလုပ်ခွင် ဝင်ရတော့မည့်သူများ ဖြစ်နေချေပြီ။ သို့သော်လည်း ဘတ်(စ်)ကားဆိပ်နားက လက်ပံပင်ကြီးတွင် လက်ပံပွင့်နီနီများ ဝေလေတိုင်း ရဲရဲနီသော ပေါက်ပွင့်များကို ဖျက်ခနဲ သတိရမိတတ်သည်။ အကုံးရှည် ဆက်ပြီး လည်ဆွဲ လုပ်ချင်သော စိတ်ရူးကလေး ဝင်လာတတ်သည်။

"လက်ပံပွင့်ချိန် ခွေးရူးချိန် ... လက်ပံပွင့်ချိန် ထွေးရူးချိန် ထွေးရူးချိန်"

နီတျာတျာ အပွင့်များကို ညိုနဲ့ ထွေးက ပြေးကောက်သောအခါ ဝေဝေသည် ပြောင်စပ်စပ်နှင့် ရေရွတ်တတ် လေသည်။ ခွေးလိုလို ထွေးလိုလိုနှင့် စကားကို လုံးချရင်း ဒေါသအိုး မရွှေထွေးကို စ,လေ့ရှိသည်။ ထွေးတစ်ယောက် စိတ်ကောင်း ဝင်နေလျှင်တော့ ရယ်ရယ်မောမောနှင့် သည်းခံတတ်လေသည်။ တစ်ခါတစ်ရံတွင်မူ ဝေဝေ့ခမျာ ထွေးထုသမျှ ကျောကော့အောင် ခံရရှာလေသည်။

"ဟ ... ခွေးရ၊ နင်က ထွေးမို့လို့ နာရတာလား ... အဲ ... အဲ ... ထွေးရ၊ နင်က ခွေးမို့လို့လား၊ ငါက ခွေးရူးချိန်လို့ ပြောတာ ဘာလို့ ထုရတာလဲ၊ ရှူး ... အားဆို တကယ်ဆိုးတဲ့ ခွေး ... အဲလေ ... ထွေး"

ဝေဝေက အလျှော့မပေးဘဲ တွေ့ကရာရှစ်သောင်း အော်ကာ ထွေးကို ဆက်စ,လေ့ ရှိသည်။ နောက်ဆုံး၌ ထွေးလည်း မနေနိုင်တော့ဘဲ ရယ်ရတော့သည်သာ ဖြစ်၏။

ညိုတို့ အဖွဲ့တွင် လူစုံပါသည်။ ခင်ခင်က လူကြီးဆန်သည်။ လတ်က အေးဆေးသည်။ ထွေးက ဒေါသကြီးသည်။ မိက ကြောက်တတ်သည်။ အဝါက ရန်လိုသည်။ ဝေဝေကတော့ လူပြောင်ဖြစ်သည်။ မမော်ကလည်း ဝေဝေနှင့် တွဲမိလေသည်။ သူများကို နောက်ရ ပြောင်ရမည် ဆိုလျှင် သူတို့နှစ်ဦး ထိပ်ဆုံးက ဖြစ်၏။ တစ်ခါကလည်း ကွန်ကာယားဝမ်း (မိစ္ဆာများကို အောင်နိုင်ခြင်း) အမည်ရှိ ရုပ်ရှင်ကားကို ကျောင်းပြေးပြီး ကြည့်လာခဲ့ကြလေသည်။ ထိုနောက် ညိုတို့အတွက်ပါ လက်မှတ် ဝယ်လာလေသည်။ အလွန်ကောင်းသော ရုပ်ရှင် ဖြစ်၍ မကြည့်ဖြစ်မည်ကို စိုးရိမ်သောကြောင့်ဟု ဆိုလေသည်။ မိ ကြိုက်သော ရှုမျှော်ခင်း လှလှများ ပါသည်။ ကြည့်ဖြစ်အောင် ကြည့်ဟု စေတနာ တစ်ခွဲသားနှင့် တိုက်တွန်းလှသောကြောင့် ညို၊ မိနှင့် လတ်တို့ သုံးယောက်သား ဝဇီရာရုံသို့ ရောက်ဖြစ်ကြ လေသည်။ ဘုမသိ ဘမသိနှင့် ကောင်းလှချည့် ဆို၍ လာကြည့်သော ညိုတို့လည်း ဇာတ်ကား စပြမှ မိဝေတို့ လိမ့်လွှတ်လိုက်သည်ကို ရိပ်မိတော့သည်။ အင်္ဂလန်ပြည်တွင် ရှေးခေတ်က စုန်းဟု စွပ်စွဲခံရသူများကို ရေနှစ်၊ မီးရှို့၊ ကြိုးဆွဲချ၊ အမျိုးမျိုး နှိပ်စက်ညှင်းပန်းပြီး သတ်ဖြတ်သည်များကို ဇာတ်အိမ်ဖွဲ့၍ အကျယ်ချဲ့ ရိုက်ကူးထားခြင်း ဖြစ်သည်။ သေခါနီးလူတို့၏ ကြောက်လန့်တကြား အော်ဟစ်သံသည် စူးစူးဝါးဝါးနှင့် နလုံးတုန်ဖွယ် ကောင်းလှသည်။ ရောက်မိမှတော့ မပြန်ချင်တော့သည့် အတွက် ဝေဝေနှင့် မိမော်တို့

နှစ်ဦးကို ကျိန်ဆဲရင်း ဇာတ်ကား ပြီးသည်အထိ ထိုင်ပြီး ဒုက္ခရစရိယာ ကျင့်ကြရလေသည်။ သွေးဆိုလျှင် လက်ဝါးရှရာက သွေးပင် ရဲရဲမကြည့်ဝံ့ရှာသည့် မိ တစ်ယောက် ခမျာမှာတော့ မျက်နှာကို လက်ဝါးနှင့် တွင်တွင် အုပ်ထားရ ရှာလေသည်။

မမော်နှင့် ဝေဝေတို့ ပေးသော ဒုက္ခသည် ရုံထဲတွင် အစမသတ်ခဲ့ချေ။ ညအထိ ဆက်လေသေးသည်။ "ညီုရယ် ထပါဦး၊ မိ အိပ်လို့မပျော်ဘူး၊ ရုပ်ရှင်ထဲကဟာတွေ မြင်နေတယ်၊ အဲဒီထဲက အသံတွေ ကြားနေရတယ်" ဟု မိက တုန်တုန်ယင်ယင် လာနှိုးသည့် အတွက်ကြောင့် ဖြစ်ပါသည်။ မိ အိပ်မပျော်မချင်း ညီုလည်း ငုတ်တုတ်ထထိုင် နေရလေသည်။ မိသည် မျက်လုံး အကြောင်သားနှင့် စိပ်ပုတီး တဂျောက်ဂျောက် စိပ်နေရရှာသည်။ ညဥ့်နက်သန်းကောင် မီးကြီး အလင်းထွန်းပြီး အိပ်ငိုက်ငိုက်နှင့် ထထိုင်နေရသော ညီု့ အဖြစ်သည်လည်း ဆိုးလှပါသည်။ ထိုအချိန်တွင် မိစ္ဆာနှစ်ကောင်မှာကား အေးအေးဆေးဆေး စက်တော်ခေါ် နေကြလေသည်။ သူတို့အိပ်လေ ညီုလည်း အိပ်ချင်လေနှင့် စိတ်အတိုကြီး တိုပြီး သူတို့နှစ်ဦးကို ညဥ့်သိပ်ရေ အေးအေးနှင့် လောင်းချချင်စိတ် ပေါက်လာပါသည်။ သူတို့သာမက မွေ့ရာကိုပါ ရွှဲနစ်နေအောင် ရေလောင်းသော်လည်း သူတို့က စိတ်ဆိုးမည်တော့ မဟုတ်ပါချေ။ ဝူးဝူးဝါးဝါးအော်ရင်း ရယ်နေမည်သာ ဖြစ်၏။ အစအနောက် သန်လှသော်လည်း သူငယ်ချင်းချင်း သည်းညည်းတော့ ခံလေ့ရှိပါသည်။

မှတ်မိပါသေးသည်။ တစ်ညနေက ဖြစ်၏။ ထမင်းစားအပြီး ညီုတို့ အမည် ပေးထားသော ခရေလမ်းလေးသို့ လမ်းလျှောက် ထွက်ခဲ့သည်။ ညီုတို့ ကျောင်းရောက်စက မြေတွင် ပုဝပ်နေသော ခရေပင်လေးများသည် ယခုအခါ အရွက်စိမ်းများ အုပ်ဆိုင်းပြီး အတော်ကြီး မြင့်မားနေပြီ ဖြစ်သည်။ ထိုခရေပင်ရိပ်နှင့် ညို့နေသော ခရေလမ်းကိုမှ ညီုတို့က စွဲစွဲမြဲမြဲ လျှောက်လေ့ရှိသည်။ ခရေပွင့်ချိန်တွင် ခရေနံ့သင်းသင်း ဝေ့ပျံ့နေသော လမ်းညိုညိုလေးသည် ကြည်နူး နှစ်သက်ဖွယ် ကောင်းလှပါသည်။ လက်လှမ်းမီသမျှ ခရေပန်းများကို ခူးပြီး ကုံးလျှင်ပင်

သုံးလေးကုံးစာလောက်တော့ ရသည်ဖြစ်၏။ သို့သော် အပင်ဖျားတွင် ရှိသော ခရေပန်းကိုမှ အမြဲတစေ ပိုလှသည်ဟု ထင်သူက ညို ဖြစ်ပါသည်။ ခါတိုင်း လူရှင်းလျှင် ညိုတစ်ယောက် ခရေပင်ပေါ် ရောက်မြဲ ဖြစ်သော်လည်း ထိုနေ့က ညို့လက်တွင် ဓားရှထား၍ သစ်ပင် မတက်နိုင်ချေ။ ထိုအခါ ညိုက မမော်ကို အနိုင်ကျင့်တော့သည်။ ညိုတို့ ခူးပေးသမျှ ပန်းများကို မြက်ပင်ရှည်နှင့် အေးအေးဆေးဆေး ထိုင်သီနေသော မမော်ကို သစ်ပင်ပေါ်သို့ တက်ခိုင်းပါတော့သည်။ ညို့လက်ကလည်း အမှန်တကယ် နာနေသည်မို့ မိမော်ခမျာ ညည်းညည်းညူညူနှင့် ခရေပင်ပေါ် တက်ရ ရှာလေသည်။ သို့သော်လည်း မကြာမီ မိရွှေမော်ဆီမှ အော်သံ ကြားရပါတော့သည်။

"ဟ … ကိုက်တယ်ဟ၊ အံမယ်လေး ပုရွက်ဆိတ်တွေတော့်၊ အနီတွေတော့်၊ အား … နာလိုက်တာ၊ မြတ်စွာဘုရား … အံ့လိုက်ကြီး"

ကံဆိုးချင်တော့ မိမော် ပေါက်ကရ အော်ပြီး တဝုန်းဝုန်း ဖြစ်နေချိန်တွင်မှ ညနေခင်း လမ်းလျှောက်သော ကျောင်းသားတစ်အုပ်က အနားမှ ဖြတ်သွားလေသည်။

"မော် လူတွေ လာနေတယ်၊ ငြိမ်ငြိမ်လေးနေ၊ ခဏလေး ငြိမ်ငြိမ်နေ"

အောက်ဘက်မှ ညိုတို့က သတိပေးနေသဖြင့် သစ်ပင်ပေါ်မှ မိရွှေမော်လည်း ရောက်ရာ အကိုင်းပေါ်တွင် ခြေကားရား လက်ကားရားနှင့် ငြိမ်ငြိမ်ကလေး ရပ်နေရရှာလေသည်။ ခရေရွက်များက သိပ်သည်းထူထပ် လှသဖြင့် သတိထား မကြည့်မိလျှင် သစ်ပင်ပေါ်တွင် လူရှိကြောင်း မသိနိုင်ပါချေ။ မိမော် ကံကောင်း သေးသည်ဟု ညိုတို့ ထင်မိသည်။ သို့သော် မကြာမီ ကံဆိုးရှာပါ တော့သည်။ ပုရွက်နီများက အင်္ကျီထဲ၊ လုံချည်ထဲကိုပါ ဝင်ပြီး စစ်စစ်ပါအောင် ကိုက်လေသောအခါ မော် အငြိမ် မနေနိုင်တော့ချေ။

သစ်ပင်ပေါ်မှ ခြေကားရား လက်ကားရားနှင့် ဝုန်းခနဲ ခုန်ချ လေတော့သည်။ နားကင်းမပါ မကိုင်ရှုမပါနှင့် မိုးပေါ်မှ လေစီးပြီး လေးဖက်ထောက် ဆင်းလာသော မော့်ကို ကျောင်းသားများက ကြည့်ရင်း မှင်သက်မိနေကြသည်။ ညိုတို့လည်း ဘာလုပ်ရမည် မသိဘဲ ဟိုက်ခနဲ မျက်လုံးများ ပြာသွားသည်။ ထိုစဉ်တွင် မိမော်သည် နေရာမှ ဖုတ်ဖက်ခါပြီး ကမန်းကတန်း ထနိုင်သေးသည်။ အဟဲခနဲ ရယ်သွမ်းသွေး နိုင်သေးသည်။ တစ်မျက်နှာလုံး တစ်ကိုယ်လုံး ပုရွက်နီများနှင့် ခဲနေသော်လည်း လက်ထဲတွင် တင်းတင်းဆုပ်ထား၍ ကြေမွနေသော ခရေပန်းများ မလွှတ်သေးချေ။ ဒူးကို လက်သီးဆုပ်နှင့် ပွတ်ရင်း "အဟဲ ... သစ်ပင်ပေါ်က ပုရွက်ဆိတ်က ပိုနာတယ်" ဟု ပြောမိပြောရာ ယောင်ချာချာ ပြောသော အခါတွင်ကား မည်သူမျှ က္ကန္ဒြေ မဆောင်နိုင်တော့ပေ။

ထိုနေ့မှစ၍ ကျောင်းသားများသည် မော်မော့်ကို တွေ့တိုင်း ပြုံးစေ့စေ့ ဖြစ်သွားတတ်ကြသည်။ "သစ်ပင်ပေါ်က ပုရွက်ဆိတ်က ပိုနာတယ်ကွ" ဟု ရယ်မော အော်ဟစ်တတ်သည်။ ထိုအခါ မိမော်က ညို့ကို ကျိတ်ပြီး ဆိတ်တတ်လေသည်။

"မိညို ရော်ပေး၊ နင့်ကြောင့်၊ နင့်ကြောင့် ..."

"ကောင်းတယ် ... ကောင်းတယ်၊ ဒါမှကောင်းတာ၊ တစ်ခါတလေလဲ မော်တို့ ခံအလှည့် ရှိဦးမှပေါ့"

မော်မော် ရက်ရမ်း ရမ်းသောအခါ အဝါက ဝမ်းမြောက်ဝမ်းသာ ဖြစ်နေလေသည်။ အဝါ ခမျာမှာ မိမော်နှင့် မဝေတို့၏ ဒဏ်ကို မကြာခဏ ခံရသောကြောင့် ဖြစ်၏။ တစ်ခါကလည်း အဝါတို့အိမ်က လာပို့သော လက်ဖက်သုပ်များကို ချိုင့်လိုက် ခိုးပြေးပြီး နှစ်ယောက်တည်း ကုန်အောင် နင်းသိပ် စားပစ်ခဲ့ ဖူးလေသည်။ ဆင်အော်၍ပင်

မနိုးအောင် အအိပ်ကြီးသော အဝါကို အိပ်ပျော်နေစဉ် အခွင့်ကောင်းယူပြီး ပုံဆွဲမင်နက်နှင့် နှုတ်ခမ်းမွေး ကားကားကြီး ဆွဲထားသည်မှာလည်း သူတို့နှစ်ယောက်ပင် ဖြစ်ပါသည်။ အဝါ၏ ဖြူဝင်းနုနယ်သော မျက်နှာလေးတွင် နှုတ်ခမ်းမွေး မည်းမည်းကြီးကို ကော့ကားနေအောင် စိတ်ကြိုက် ဆွဲပြီးမှ အိပ်ရာမှလူပ်နိုးကာ အောက်ထပ်တွင် ဧည့်သည် ရောက်နေသည်မှာ ကြာလှပြီဟု အရေးတကြီး ပြောသည်။ အဝါတို့အိမ်မှ ပိုက်ဆံ ပို့ခိုင်းလိုက်သောလူ ထင်သည်ဟု ထင်ကြေးပေးသည်။ လကုန်ရက်မို့ ဘိုင်ကျနေသော အဝါသည် ပိုက်ဆံသံ ကြားရသဖြင့် ဝမ်းသာအားရနှင့် အောက်ထပ်သို့ ဆင်းပြေးလေသည်။ ပါးတွင် ပါးကွက်ထူထူ ကွက်ကာ နှုတ်ခမ်းမွေးကြီး တကားကားနှင့် ခုန်ပေါက် ဆင်းလာသော အဝါခမျာ ဧည့်သည် မတွေ့ရဘဲ တဝါးဝါးသာ အရယ်ခံရပြီး မဟာအရှက်တော် ကွဲခဲ့ရလေသည်။ ဒေါသအိုး မရွှေဝါသည် သူတို့အခန်းရှေ့တွင် တီစကွဲယား ဘေးချပြီး သနပ်ခါးတုံး ကိုင်ကာ စောင့်နေသဖြင့် မော်မော်နှင့် ဝေဝေတို့ အခန်းသို့ ပြန်မလာရဲကြဘဲ သူများအခန်းတွင် ပုန်းလျှိုးကွယ်လျှိုးနှင့် နှစ်ည အိပ်ခဲ့ကြရလေသည်။

"နင်တို့ နှစ်ကောင်တော့လား၊ သိမယ် သိမယ် ..."

သနပ်ခါးတုံးနှင့် မခေါက်ရလေတိုင်း အဝါက အံတကြိတ်ကြိတ်နှင့် ကြိမ်းခဲ့လေသည်။ စီခနဲ ဆိုလျှင် တရားခံမှာ ဝေဝေနှင့် မော်မော်ပင် ဖြစ်သည်ကို ညိုတို့အားလုံး နားလည်ထားကြသည်။ ကုလားလူမျိုး ကျောင်းသူ ဖြူဖြူခင်ကိုပင် ဝက်သားစင်းကောကို ကြက်သားဟူ၍ ညာကျွေးသည် အထိ အကျီစားသန်သူများ ဖြစ်လေသည်။

ညိုတို့ စက်မှုတက္ကသိုလ် ကျောင်းသူများသည် ယောကျ်ားလေးများနှင့် အတူ ထာဝစဉ် ပြေးလိုက်၊ လွှားလိုက်၊ တူထုလိုက်၊ လွှတိုက်လိုက် လုပ်နေကြရ၍ ထင်သည် ယောကျ်ားလေးများကို ရှက်ကြောက် မနေတတ်ပေ။ ရှက်နေလျှင်လည်း နေစရာ

ရှိတော့မည် မဟုတ်ပါ။ မိန်းကလေးဆောင် ရှေ့က ဖြတ်လျှောက်သော ကျောင်းသားကို ဘယ်ညာ စည်းကျကျ အော်ပေးပြီး ခြေလှမ်းမှားအောင် မဟားဖူးသော ကျောင်းသူ ရှားလိမ့်မည် ထင်သည်။ တစ်ခါတစ်ရံ စိတ်ပေါက်လျှင်လည်း "ဘဲဥခြမ်း ဖြူတူတူ၊ ဆားရေနဲ့ကူ၊ စက်မှုမောင် အမှုတုံး၊ ဘဲဥနဲ့ဖုံး" ဟု အော်ချင်လျှင် အော်လွှတ်ကြသူများ ဖြစ်၏။ ထိုကဲ့သို့သော ကျောင်းသူများ ကြားထဲတွင် မော်မော်နှင့် ဝေဝေသည် ထူးကဲပြီး အချင်းချင်းပင် နေစရာ မရှိအောင် အစ,အနောက် အကျီစား သန်လွန်းသဖြင့် ညီုတို့အားလုံး လက်မြှောက် ထားရပေသည်။ ထွေးကမူ "သူတို့တွေ အမေ့ဝမ်းက ကျွတ်ကျွတ်ချင်း အူဝဲ အူဝဲနဲ့ မငိုဘဲ ဟဲဟဲ ... ဟဲဟဲ ... နဲ့ ရယ်ပြီး မွေးလာကြတယ် ထင်တယ်" ဟု မှတ်ချက်ချဖူး လေသည်။

သူတို့နှစ်ဦး ချောက်တွန်းသမျှကို ညီုတို့အားလုံး တစ်လှည့်စီ ခံနေကြရသည့်အတွက် တစ်နေ့နေ့တော့ မှတ်လောက် သားလောက်အောင် ဆုံးမရမည်ဟု စိတ်ထဲတွင် တေးထားကြသည်။ ပြီးခဲ့သော ဆောင်းတွင်းကပင် ညီုတို့ တစ်ဖွဲ့လုံး ကသိကအောက်နှင့် ငိုချင် ရယ်ချင် ဖြစ်ခဲ့ကြရသည် မဟုတ်ပါလား။ ထိုနေ့က ကျောင်းပိတ်ရက် ဖြစ်ပါသည်။ သူ့ကိုယ်သူ ပြိုင်ဘက်မရှိ တင်မြှောက်ထားသော အားကစားမှူး ခင်ခင်က နံနက်ငါးနာရီ လမ်းလျှောက် ထွက်ကြရန် နှိုးဆော်ပါသည်။ နှင်းမှုန်ကြားတွင် တပျော်တပါး လမ်းလျှောက်ပြီး အင်းလျား ကန်စောင်းမှ ဘူးသီးကြော် ကြွပ်ကြွပ်ရွရွ သွားစားမည် ဆိုတော့ ညီုတို့အားလုံး သဘောတူ ကြပါသည်။ အလွန် အအိပ်မက်သော လတ်နှင့် အဝါပင် ခင်ခင့် ဩဝါဒကြောင့် နံနက်စောစော ထရန် သဘောတူလေသည်။ သို့ရာတွင် လေးနာရီခွဲ နှိုးစက်ပေးထားသော ခင်ခင့် နာရီကြီးသည် ညဉ့်နှစ်ချက်တီး၌ "ကလောင် ... ကလောင်" နှင့် နားငြီးအောင် ထ အော်လိမ့်မည်ဟုကား မည်သူမျှ မထင်မှတ်မိခဲ့ပေ။ ကလောင် ကလင် အော်နေသော နှိုးစက်သံကြောင့် ခင်ခင်လည်း အိပ်ရာမှ လူးလဲထကာ တစ်ခန်းဝင် တစ်ခန်းထွက်နှင့် လိုက်နှိုးပါတော့သည်။ ညီုတို့ တစ်တွေလည်း ချမ်းချမ်းစီးစီး အိပ်မှုန်စုံမွှားနှင့် မျက်နှာ သစ်ကြရသည်။ အကျီ လဲကြရသည်။ သနပ်ခါး လိမ်းကြရသည်။ အဆင်သင့် ပြင်ဆင်ပြီး ထွက်လာသော မိက အဆောင်နာရီကြီးကို ဦးစွာကြည့်မိသည်။ နှစ်ချက်ခွဲ

ဖြစ်နေသဖြင့် သူ့မျက်လုံးကို သူပွတ်ကြည့်သည်။ အထပ်ထပ် အခါခါ ကြည့်သည်။ ထို့နောက် ညီုတို့ကို ခေါ်ပြသည်။ ညီုတို့အားလုံး အိပ်ချင်မူးတူး ဖြစ်နေသော မျက်လုံးများကို အတင်းပြူးပြီး အသေအချာ ကြည့်သည်။ နာရီကြီးက မတုန်မလှုပ် နှစ်ချက်ခွဲတိတိ။

"ခင်ခင် နှိုးစက် ပေးထားတာ အသေအချာ လေးနာရီခွဲပါ ညီုရယ်၊ မအိပ်ခင်ကတောင် ကြည့်မိသေးတယ်၊ ဘယ်လိုဖြစ်တယ် မသိဘူး"

ခင်ခင်က ဝေခွဲမရဟန်နှင့် ပြောနေသည်။ ခင်ခင့် မျက်နှာငယ်လေးကို ကြည့်ရင်း ညီုတို့ စိတ်မဆိုးရက်ပါ။ စိတ်ပင် မဆိုးသော်လည်း အောင့်သက်သက်နှင့် ကျွဲမြီးတော့ တိုမိကြပါသည်။ အိပ်မှုန်စုံမွှားနှင့် နှုတ်ခမ်းနီကို အစွန်းစွန်း အထင်းထင်း ဆိုးထားသော မိကမူ နှုတ်ခမ်းစူ နေပါသည်။ ညဥ့်နှစ်ချက်ထိုးကြီး မျက်နှာထသစ်ကြသော ညီုတို့လည်း အိပ်ရာထဲဝင်ပြီး ပြန်နွေးအောင် ကွေးကြရလေသည်။ တကယ့်တကယ် လေးနာရီခွဲသော အခါတွင်ကား မည်သူမျှ မထဖြစ်တော့ချေ။

"အဟဲ … မနက်က လမ်းလျှောက် မထွက်ကြဘူးလား၊ ဘူးသီးကြော်ကရော ကောင်းရဲ့လား"

နံနက် ရောက်သောအခါ မော်မော်က ပြုံးစပ်စပ်နှင့် လာမေးသည်။ ဝေဝေ့ မျက်နှာကလည်း အပိုးမသေလှပါ။ ခင်ခင်သည် သူတို့နှစ်ဦးကို ကြည့်ရင်း မျက်မှောင်ကြီး ကုတ်လာကာ အလန့်တကြား ထအော် ပါတော့သည်။

"ကြည့်စမ်း ... နင်တို့နှစ်ကောင် နေမှာပဲ၊ ငါ့အိပ်ခါနီး စာအုပ် လာယူတာပါ ဆိုပြီး ဘာလုပ်ခဲ့ကြသလဲ၊ နာရီနှိုးစက်ကို လှည့်သွားတာ နင်တို့ပဲ ဖြစ်မှာပဲ၊ ဟင်း ... ခွေးမလေးတွေ"

ခင်ခင်က ဇလုံးဇထွေး အော်နေစဉ် သူတို့နှစ်ဦးသည် ဟက်ဟက်ပက်ပက် ရယ်ကာ သုတ်ခြေတင် ဆင်းပြေးပါတော့သည်။ အစသန်သလို အပြေးလည်း သန်လှသဖြင့် ညိုတို့ မိအောင် မဖမ်းလိုက်နိုင်ပါ။

ထိုသို့ မကြာခဏ အရှုံးဖြစ်ရလေ့ ရှိသော ညိုတို့အားလုံး သူတို့နှစ်ဦးကို မိမိရရ ချောက်တွန်းချင်စိတ် တညီတညာတည်း ရှိကြသည်မှာ မဆန်းလှပါ။ ဧပြီလတစ်ရက် ဧပြီအရူးနေ့တွင် ဒဿဂီရိနှင့် လှည့်ချောက်ပြီး အရူးလုပ်ရန် အဝိက အကြံပေးသောအခါ ကန့်ကွက်သူမရှိ အားလုံး သဘောတူကြလေသည်။ သူများနာမည်ကို ခုတုံးလုပ်ရသည်မှာ ကောင်းတော့ မကောင်းလှ။ သို့သော် ဧပြီတစ်ရက်သည် ခင်မင်သူ အချင်းချင်း အရူးလုပ် ကျီစယ်လေ့ ရှိသောနေ့ ဖြစ်၍ အပြစ်မရှိဟု ကိုယ့်ဟာကိုယ် အာပတ်လွတ် လိုက်ကြသည်။ ဝေဝေတို့ ကျောက်သည်မှာလည်း ဤကမ္ဘာပေါ်တွင် 'ဒဿဂီရိ' နှင့် 'ခေါင်းမဆံ့' တို့ နှစ်ဦးသာ ရှိသည် မဟုတ်ပါလော။

ဒဿဂီရိ ဟူသည်မှာ ခေါင်းဆယ်လုံး ရှိသော ဘီလူးအမည် မဟုတ်ပါ။ ခေါင်းတစ်လုံးတည်း ရှိသော လူအမည် ဖြစ်ပါသည်။ တစ်ချိန်တည်းမှာပင် မိန်းကလေး ဆယ်ဦးကို ရည်းစားစကား ပြောနိုင်သည်ဟု မိန်းကလေး လောကတွင် နာမည်ကြီးလှသူ ဖြစ်၍ "ခေါင်းဆယ်လုံး ရှိလို့ ဆယ်ယောက်ကို တစ်ပြိုင်တည်း ပြောနိုင်တာ ထင်တယ်" ဟု ထွေးက အူကြောင်ကြောင် မှတ်ချက်ချဖူးသဖြင့် 'ဒဿဂီရိ' ဟု အမည်တွင် သွားရသော ကျောင်းသား ဖြစ်လေသည်။ သူနှင့်အတွဲ

ကျောင်းသားသည်ကား ရှည်လျား မြင့်မားလှသော အရပ်ကြောင့် 'ခေါင်းမဆံ့' ဟု ကင်ပွန်းတပ် ခံရရှာလေသည်။ သူတို့နှစ်ဦးသည် မိစ္ဆာတေလေမလေးများ ဖြစ်သော ဝေဝေနှင့် မော်မော်ကို အကောင်းထင်ပြီး အကြိုက်ကြီး ကြိုက်နေကြသည်။

"ငါတို့ကိုများ ဘာကြိုက်တာလဲ မသိ" ဟု မော်မော်က ရယ်ကျဲကျဲနှင့် ပြောဖူးသည်။ ပြောလည်း ပြောစရာပါပေ။ သူတို့နှစ်ဦးသည် သနပ်ခါးပင် ညီအောင် လိမ်းတတ်သူများ မဟုတ်ပါ။ အလှပြင်ကိရိယာ ဆို၍ နှစ်ယောက်ပေါင်းမှ ကျောင်ပျဉ်တစ်ချပ်။ အပွေးကုန်နေသော သနပ်ခါး သုံးတုံး၊ မျက်ခုံးမွေးခြစ်သော သွားပွတ်တံ အကျိုးတစ်ခုနှင့် မှန်တစ်ချပ်သာ ပိုင်ဆိုင်ကြလေသည်။ ဒီကြားထဲ အိပ်ရာပေါ်တွင် မှန်ချထားသည်ကို မကြည့်မိဘဲ မရှေ့လတ် တက်ထိုင်လိုက်၍ မှန်လေးလည်း လေးစိတ်လေးမြွာ ကွဲသွားရရှာသည်။ မျက်ခုံးမွေး သွားပွတ်တံလည်း အထားမှားပြီး ရှာမတွေ့သည်မှာ ကြာချေပြီ။ ယခုအခါ သူတို့ဆီတွင် ကျောက်ပျဉ်ကြီး တစ်ချပ်သာ ကျန်လေတော့၏။

"ဝေဝေရေ ... ဒဿဂီရိနဲ့ ခေါင်းမဆံ့တို့ကို တွေ့ခဲ့တယ် သိလား"

မဝေတို့ အယုံသွင်းရေးကို တာဝန်ယူသော ခင်ခင်နှင့် လတ်တို့က ပြောသောအခါ မဝေက ပြောင်စပ်စပ်နှင့် "အဟက် ကျန်းမာရဲ့လား မောင်တော်လို့ နှုတ်မဆက်လိုက်ဘူးလား" ဟု ပြောနေသေးသည်။

သို့သော်လည်း ခင်ခင်က "ရယ်မနေစမ်းနဲ့ ဝေဝေ၊ ဒါဟာ ရယ်စရာ မဟုတ်ဘူး။ နက်ဖြန်ကျရင် တွေ့ရာအရပ်က ကားတင်ပြေးမှာပဲလို့ ကြိမ်းနေတယ် သိရဲ့လား" ဟု စိုးရိမ်တကြီး ဆက်ပြောသော အခါတွင်ကား ဝေဝေ မရယ်နိုင်တော့ချေ။

"ခေါင်းမဆုံကလဲ ထောင်ကျကျ၊ တန်းကျကျ ဖြစ်ချင်ရာ ဖြစ်တဲ့၊ ချစ်သူက မချစ်တဲ့ဘဝမှာတော့ ထင်ရာစိုင်းမှာပဲတဲ့" အဝါက မျက်နှာငယ်လေးနှင့် ဝင်ပြောပါသည်။

"ဂိုက်ကလဲ လူမိုက်ဂိုက်ကြီး၊ လုပ်မယ်ဆိုရင် တကယ့်ကို လုပ်မယ့်ရုပ်"

"ဘေးက လူတွေကလဲ မြှောက်ပေး နေလိုက်ကြတာ၊ ကူညီမယ့် လူတွေကလဲ အများကြီး"

"မေ့ဆေးနဲ့ အုပ်ပြီး ကားပေါ် ဆွဲတင်သွားရင် ဒုက္ခ၊ အော်နိုင်မှာတောင် မဟုတ်ဘူး၊ တစ်ခါတည်း ပါသွားမှာ။ ဘုရား ... ဘုရား ကယ်ပါ"

ညိုတို့ လက်တို့ကပါ ဝင်ပြီး တစ်ယောက်တစ်ခွန်း ဘေးတီးကြသောအခါ မဝေနှင့် မမော်တို့ မျက်နှာလေးများသည် ဆီးရွက်ထက်ပင် ငယ်သွားဦးမည် ထင်ပါသည်။ မျက်တောင်လေးများ ပုတ်ခတ် ပုတ်ခတ်နှင့် ကြောင်ကြောင်လေး ဖြစ်နေကြ၏။ လူတကာကို နိုင်သော မော်မော်နှင့် ဝေဝေတို့သည် 'ဒဿဂီရိ' နှင့် 'ခေါင်းမဆုံ' ဆိုလျှင်ကား အသေအလဲ ကြောက်ကြလေသည်။ တွေ့ရာမရှောင် ရည်းစားစကား လိုက်ပြောတတ်၍ ကဆုန်ပေါက် ပြေးခဲ့ကြရသည်မှာလည်း မကြာခဏပင်။

"ခင်ခင်ရဲ့ ... တကယ်ပဲလား"

ငိုမဲ့မဲ့ ဖြစ်လာသော ဝေဝေကို ကြည့်ရင်း ညို ရယ်ချင်လာပါသည်။ "မှတ်ပြီလား ... မှတ်ပြီလား" ဟု စိတ်ထဲမှ ရေရွတ်နေမိသည်။ လက်တို့ ဝါတို့ အိုက်တင်ကလည်း

အကယ်ဒမီ ရှုံးပါသည်။ မျက်နှာပိုးက သေလှပါသည်။

"ကိုယ်က ကြည့်ရှောင် ရမှာပေါ့ကွယ်၊ လူမိုက်နဲ့ ပြိုင်မိုက်လို့တော့ ဘယ်ရမလဲ၊ နက်ဖြန်ခါကျရင် ဘယ်မှ မထွက်နဲ့ပေါ့၊ အဆောင်ပေါ် တက်ဆွဲလို့ ရတာမှ မဟုတ်ဘဲ၊ ကုန်ကုန်ပြောမယ်၊ ထမင်းတောင် ဝယ်စား ဆိုင်မှာ သွားမစားနဲ့"

ခင်ခင်က လူကြီးလုပ်ပြီး ဆုံးမပါသည်။ ကံကောင်းချင်တော့ ထိုအချိန်တွင်မှ တိုက်တိုက်ဆိုင်ဆိုင် ဒဿဂီရိနှင့် ခေါင်းမဆုံတို့ (ကြမ္မာငင်ပြီး) အဆောင်ရှေ့မှာ(စောင်းငန်း၊ စောင်းငန်း) နှင့် ဖြတ်သွားကြလေသည်။ "တွေ့လား၊ တွေ့လား၊ အရိပ်အကဲ လာကြည့်နေကြတာ" ဟု အဝါက ပြူးတူးပြဲတဲ ပြောသောအခါ မဝေတို့ ဒူးများပင် တုန်လာလေ၏။ လက်ဖျားများ အေးကာ ငိုမဲ့မဲ့ ဖြစ်နေကြလေသည်။

နောက်တစ်နေ့ ဧပြီလ တစ်ရက်နေ့တွင် တကယ်ပင် အခန်းအပြင်သို့ မထွက်ရဲကြတော့ပေ။ သူတို့စားရန် ထမင်းကြော်ကိုပင် ညိုတို့ လုပ်အားပေးရုံးသို့ မသွားမီ ဝယ်ပေးခဲ့ရပါသည်။ ထိုအခါ မိတို့ အကြိုက် တွေ့တော့သည်။ ထမင်းထုပ်ကို အကျအန ဆားနှင့် ဖြူးပါတော့သည်။ ထို့နောက် ပုံမပျက် ပြန်ထုပ်ကာ ပေးသည်။

"ဟင် … တရုတ်ပုပ်တွေ ဘယ်လို ကြော်လိုက်တယ် မသိဘူး၊ ထမင်းက ငန်လိုက်တာ တူးလို့"

ထမင်းတစ်လုတ် စာပြီးတိုင်း ရှုံ့ရှုံ့မဲ့မဲ့နှင့် တစ်ခါ ပြောလေသည်။ ညိုတို့က ရယ်ချင်စိတ်ကို မျိုသိပ်ပြီး တစ်လုတ် နှစ်လုတ် ဟန်မပျက် ဝင်စားကြည့်သည်။

ငန်လွန်းသဖြင့် မျက်နှာ မရှုံ့မိအောင် မနည်း သတိထား နေရပါသည်။

"မငန်ပါဘူး မဝေရဲ့၊ မုန်းစမ်း ... မော့် ထမင်းရော၊ ဟာ ဘယ်မှာ ငန်လို့တုန်း၊ ကောင်းလို့ပဲ၊ နင်တို့ပါးစပ်တွေ ဘယ်လို ဖြစ်နေတုန်း"

ထိုအချိန်တွင် အဝါက အလုပ်စ,တော့သည်။ သောက်ရေအိုးထဲတွင် ဆားတစ်ဆုပ် ပက်ထည့်ပြီး အသာမွှေထားလိုက် လေသည်။ ပိုမို စိတ်ချရလေအောင် ညိုတို့ လတ်တို့ အခန်းက ရေအိုးတွေကိုပါ ဆား ထည့်ထားရသည်။

"တကယ်ပဲ မငန်ဘူးလားဟင်၊ မော်တို့ ပါးစပ်ထဲမှာတော့ ငန်လိုက်တာကို တူးလို့"

"နင်တို့ သိပ်ကြောက်နေလား၊ တစ်ခါ စာအုပ်ထဲမှာ ဖတ်ဖူးတယ်၊ စိတ်က သိပ်ပြီး ကြောက်နေရင် ထွက်တဲ့ချွေးမှာ ဆားဓာတ် မပါတော့ဘဲ လူ့လျှာကြောထဲ ရောက်သွားတယ် ဆိုလား ... ဘာလား၊ သေချာတောင် မမှတ်မိပါဘူး၊ ဟိုတစ်ခါ မဝေတို့ ကြည့်ခိုင်းတဲ့ ရုပ်ရှင်ကြီး ကြည့်ပြီးတဲ့ ညကရော မိ သိပ်ကြောက်နေတာ မဟုတ်လား၊ အဲဒီတုန်းကလဲ ရေသောက်ရတာ ငန်လိုက်တာ လွန်ရော"

မိကလည်း အတည်ပေါက်နှင့် ပေါက်ကရ ဝင်တောလေသည်။ ဝေဝေနှင့် မော်မော်တို့ နှစ်ဦးလည်း ယုံရအခက် မယုံရအခက်နှင့် မျက်မှောင်

ကျုတ်နေကြလေသည်။ သို့သော် ထမင်းစားအပြီး ရေသောက်သော အခါတွင်ကား ယုံချင်ချင် ဖြစ်လာဟန် ရှိသည်။

"အာပါးပါး ... ဖွီး ... ငန်လိုက်တာ လွန်ရော၊ ရေကလဲ ဘယ်လို ဖြစ်တာလဲ"

ဝေဝေက ရေကို ထွေးထုတ်ပြီး အော်လေသောအခါ အဝါနှင့် အထွေးတို့သည် အခန်းအပြင်သို့ ယောင်လည်လည် ထွက်သွားကြလေသည်။ အပြင်ရောက်သော အခါမှ ပါးစပ်ပိတ်ပြီး အသံမထွက်အောင် ကျိတ်ရယ်နေကြ၏။

"လတ်တို့ အခန်းက ရေကလဲ ငန်တာပဲ ခင်ခင်ရဲ့၊ သောက်ကြည့်ပါဦး၊ ဘယ်လို ဖြစ်နေလဲ မသိဘူး"

လက်လှမ်းမီသမျှ ရေအိုးတွေ ဆားထည့်ထား၍ တော်တော့သည်။ လတ်တို့အခန်းက ရေကို သွားသောက်သော မော်က ခင်ခင့်ကို သောက်ကြည့် ခိုင်းသောအခါ ခင်ခင်လည်း ငန်ငန်တူးတူးရေကို ကြိတ်မှိတ် သောက်ရလေသည်။

"ငန်ပါဘူး မမော်ရဲ့ ၊ ချိုလို့ အေးလို့"

ခင်ခင်က မရှိသွားဖြန့် ဖွတ်ကြီး ပြုံး၍ နေသောအခါ ညိုသည် ဖွီးခနဲ ရယ်မိမည်စိုး၍ ကိုယ့်လျှာကိုကိုယ် ကိုက်ထားရပါသည်။ မိ၏ မျက်နှာသည်လည်း ရယ်ချင်လွန်းသဖြင့် နီရဲနေပါသည်။

ရေငတ်တိုင်း ရေနင်ငန်ကြီးကို ခုတင် ခုသောက်လိုက် ဖွီးခနဲ ထွေးထုတ်လိုက်နှင့် ကောင်းကောင်းကြီး ဒုက္ခများနေသော မဝေတို့သည် ရယ်စရာ ကောင်းလှပါသည်။ ခုတင်ကို မှီရင်း စိတ်ပျက်လက်ပျက်လေး ထိုင်နေကြသော အခါတွင်ကား သနားစရာပင် ကောင်းနေပါတော့သည်။

"ကြောက်ရင် စားသမျှငန်တယ် ဆိုတာ အခုမှ သိတယ်၊ အရင်က သိပ်မကြောက်ဖူးလို့ ထင်တယ်" ဟု ငိုသံပါလေးနှင့် ပြောသော အခါတွင်ကား ညိုလည်း ရယ်ချင်စိတ်ကို မအောင့်နိုင်တော့၍ အခန်းအပြင်သို့ ကမန်းကတန်း ထွက်လာရသည်။ ညိုတို့ အခန်းထဲ၌ မိဝါနှင့် လတ်တို့သည် ဗိုက်နှိပ်ရင်း လိမ့်နေအောင် ရယ်နေကြ၏။ အသံအကျယ်ကြီး ထွက်မည်စိုး၍ ခေါင်းအုံးနှင့် မျက်နှာ အပ်ထားကြရသည်။

ထိုနေ့ တစ်နေ့လုံး အဝါ ပျော်နေလေသည်။ အဝါတင်မက ညိုတို့ တစ်ဖွဲ့လုံး ခြေထောက်နှင့် မြေကြီး ထိသည်မထင်။ တစ်သက်လုံး ခံခဲ့ရသမျှ ပြန်လည် အရှုံးလုပ်ထားခဲ့ရသဖြင့် အကျေနပ်ကြီး ကျေနပ်နေလေသည်။

"ညနေကျရင် ကြို့ကုန်းရွာထဲ သွားရမယ်၊ ဝေဝေတို့က အဲဒီက ဒေါ်အေးလှ

ဆိုတာကို လက်ပံပွင့်တွေ လာပို့မယ်လို့ ပြောထား ခဲ့တယ်တဲ့။ အဲဒါ သူတို့ အပြင် မထွက်ရဲတော့ ခင်ခင်တို့တွေပဲ သွားပို့ပေးပါတဲ့"

"အေးလေ ... တို့တွေပဲ သွားပို့ပေးတာပေါ့၊ ဒီနေ့ တစ်နေ့တော့ အခန်းထဲ အောင်းပြီး ရေငန်တွေ သောက်ပါစေဦး ..."

ဘတ်စကား ဂိပ်နားက လက်ပံပင်ကြီးနား အရောက်တွင် ခင်ခင်က ပြောသောအခါ ဝေဝေတို့အစား လက်ပံပွင့် သွားပို့ရန် အားလုံး သဘောတူကြသည်။ ဒီနေ့ ဒီရက်တွင် သူတို့ အပြင်မထွက်လျှင် ပြီးရော။ ငရဲပြည် သွားခိုင်းလျှင်လည်း ညိုတို့က သွားပေးမိမည်လား မပြောတတ်။

"တစ်သက်လုံး သူများကိုချည်း အရှုးလုပ်လာတာ၊ ဒီတစ်ခါတော့ မှတ်ကရော၊ ညကျမှ အရှူး၊ အရှူး၊ ဧပြီအရှူးလို့ ခေါ်ရင်း ရယ်ဦးမယ်"

"သူတို့ မျက်နှာလေးတွေက ဆီးရွက်လောက်ပဲ ရှိတော့တယ်၊ သနားတောင် လာရော"

"အို ... မသနားနဲ့၊ ဆယ်ခါ တစ်ခါပဲ သူတို့ကို ပြန်အရှူးလုပ်ရတာ၊ တို့တွေ တစ်သက်လုံး ခံနေရတဲ့ဟာကို"

"ခါတိုင်း ဧပြီတစ်ရက်ဆို သူတို့နှစ်ယောက်ပဲ ကြောက်နေရတာ၊ ဒီနှစ်တော့ သတိမရကြတော့ဘူး ထင်တယ်"

"ဒသဂီရိ ကြောက်တာနဲ့ မေ့သွားပြီ ထင်ရဲ့"

ညနေစောင်းတွင် ယခင်ကတည်းက မဝေတို့ ကောက်ထားသည့် ဆိုသော လက်ပံပွင့် အထုပ်ကြီးကို ပိုက်ရင်း ကြို့ကုန်းရွာထဲသို့ ရောက်ခဲ့ကြပါသည်။ တစ်ယောက်တစ်ပေါက် ပြောရင်း အကျေနပ်ကြီး ကျေနပ်သဖြင့် ညောင်းမှန်းပင် မသိကြပါ။ ဝေဝေနှင့် မော်မော် အသေအချာ ဆွဲပေးလိုက်သော လမ်းညွှန်မြေပုံကို ကြည့်ရင်း ဘယ်ချိုးလိုက် ညာကွေ့လိုက်နှင့် တပ်ဦးမှ ချီတက်နေသော ခင်ခင့်နောက်မှ စကားကိုဖောင်ဖွဲ့ရင်း တကောက်ကောက် လိုက်နေကြသည်။

ဝေဝေတို့မြေပုံအရ သူတို့ ရတနာ 'လက်ပံပွင့်' များကို ပေးရမည့် အိမ်သည် ရွာစွန်နားရှိ အိမ်မည်းကြီး ဖြစ်ပါသည်။ ခြံဝင်းကျယ်ကြီးတွင် မြက်ရိုင်းပင်များနှင့် အုပ်ဆိုင်းနေပါသည်။

"ဒီအိမ်က ဒေါ်အေးလှနဲ့ ဘယ်တုန်းကများ လာပြီး အသိ ဖြစ်လိုက်ကြတယ် မသိပါဘူး၊ နောက်ပြီး လက်ပံပွင့်ထဲ ရွှေများ ထည့်ပေးလိုက်လား မသိပါဘူးဟယ်၊ ဒေါ်အေးလှ လက်ထဲရောက်အောင် ပေးပါတဲ့၊ အတော် စပ်စပ်စုစုနိုင်တဲ့ ကောင်မလေးတွေ"

ခင်ခင်က မကျေမနပ် ပြောရင်း တံခါးခေါက်လေသည်။

"ကျုပ်နာမည်က အေးလှ၊ အေးလဲ အေးတယ် လှလဲ လှတယ်"

တံခါး လာဖွင့်သူသည် ဒေါ်အေးလှ ကိုယ်တိုင် ဖြစ်ပါသည်။ အသက် လေးဆယ်ကျော်ခန့် ရှိပြီး သနပ်ခါး အဖွေးသား လူးထားသည်။ နှုတ်ခမ်းကို နီရဲနေအောင် ဆိုးထားကာ ဒေလီယာပန်း အဝါတစ်ပွင့် ပန်ထား၏။ တန်းစီ ရပ်နေသော ညီမတို့ကို ကြည့်ရင်း မျက်စောင်းတစ်ချက် ထိုးကာ မပြုံးမရယ်နှင့် သူ့ကိုယ်သူ မိတ်ဆက်စကား ဆိုလေသည်။

"ဝေဝေနဲ့ မော်မော်က ပေးခိုင်းလိုက်လို့ပါ"

ခင်ခင်က ပြုံး၍ လေပျော့ကလေးနှင့် ပြောသော အခါတွင် ခါးကို ဆတ်ခနဲ ထောက်ကာ နှုတ်ခမ်းကို မဲ့လိုက်လေသည်။

"ဘယ်က ဝေဝေတုံး ..."

မိုးချုန်းသလို အော်လိုက်သော အသံကြောင့် ညီမသည် လန့်ပြီး နောက်တစ်လှမ်း ဆုတ်လိုက်မိပါသည်။ အဝါက တအံ့တဩနှင့် အငေးသား ဖြစ်နေမိ၏။ မိနှင့် လတ်တို့လည်း မျက်လုံး အဝိုင်းသားနှင့် ပါးစပ် အဟောင်းသား ဖြစ်နေကြသည်။ တပ်ဦးမှ ခေါင်းဆောင် သွားခဲ့သော ခင်ခင်လည်း မျက်စိမျက်နှာ ပျက်နေသည်။

"ကျောင်းကပါ ကြို့ကုန်း စက်မှုတက္ကသိုလ်က ဝေဝေပါ၊ အဲဒါ ဒေါ်ဒေါ့်ကို လက်ပံပွင့်တွေ ပေးခိုင်းလိုက်တာပါ၊ လက်ပံခေါင်း ချဉ်ရည် ချက်စားဖို့တဲ့၊ ဒီနေ့ သူတို့မလာနိုင်လို့ ကျွန်မတို့က လာပို့ပေးတာပါ"

ခင်ခင်သည် တံတွေးတနင်နင်နှင့် ဇာတ်စုံ ခင်းနေသည်။ ဒေါ်အေးလှသည် နားမထောင်ဘဲ ခင်ခင့်လက်ထဲမှ အထုပ်ကို ဆွဲယူလိုက်သည်။ ကြိုးကို ဆတ်ခနဲ ဖြည်လိုက်သောအခါ မြေပေါ်တွင် လက်ပံပွင့်နီနီများ ကြဲပြန့်ကုန်ပါသည်။

"မြတ်စွာဘုရား ကယ်ပါ ... ဘယ်လိုတုံး"

ဒေါ်အေးလှ အပြုအမူကြောင့် ထွေးက ခပ်အုပ်အုပ် အော်လိုက်သည်။ ညိုလည်း နားမလည်နိုင်အောင် ဖြစ်နေပါတော့သည်။ ဒေါ်အေးလှသည် လက်ပံပွင့်နီနီများကို သိမ်းကျုံးကောက်ပြီး ဘာမပြော ညာမပြော ထ,ငိုပါတော့သည်။

"အံ့မယ်လေး ... မောင်ဟိုသင်းရဲ့၊ သတိရလှချည်ရဲ့လေး၊ အဟေး ... ဟေ့"

ခုနစ်သံချီပြီး ရင်ဘတ်စည်တီး အော်လေသော ဒေါ်အေးလှကို ကြည့်ရင်း ခင်ခင်သည် ထိုင်ရမလို ထရမလို ကုန်းကွကွ ဖြစ်နေပါသည်။ ညို့ရင်ထဲတွင်

တဒိုင်းဒိုင်း ခုန်လာသည်။ ညို့လက်ကို လာဆုပ်သော မိ၏
လက်များသည်လည်း တုန်ယင်အေးစက် နေ၏။ နဂိုက ပြူးသော ထွေး၏
မျက်လုံးများသည် ကြည့်ရင်း ကြည့်ရင်း ပို၍ ပို၍ ပြူးလာဟန် ရှိသည်။ လတ်
တစ်ယောက်သည်ကား ဘယ်အချိန်က ဘယ်လို ဆုတ်ခွာလိုက်သည် မသိ၊
ခြံဝသို့ ရောက်သွားပါသည်။

"အဟဲ ဟဲ ... ဟက် ဟက် ... လက်ပံပွင့်ချိန် ခွေးရူးချိန်၊ နင်တို့ထက် ငါက
ပိုလှတယ် ... ပိုလှတယ်"

ခုနစ်သံချီပြီး အော်နေရာမှ ရုတ်ခနဲ ထလိုက်သောအခါ ညိုတို့
လန့်သွားပါသည်။ ဆတ်တောက် ဆတ်တောက်နှင့် အောင်မောင်းခြေထိုး
က,ကာ ညိုတို့ဆီသို့ ဦးတည်လာသော အခါတွင်ကား တပ်ပျက်သလို နောက်သို့
ရုတ်ရုတ်သဲသဲ ဆုတ်မိကြသည်။ အကြောက်သည်းသော မိက
ညို့လက်ကိုဆွဲကာ ခြေကုန်သုတ်သော အခါတွင်ကား ကျောက်ခဲနှင့်
ခလုတ်တိုက်ကာ နစ်ယောက်သား တလိမ့်ခေါက်ကွေး လဲပါတော့သည်။ ဇွန်လူ
ဝင်စားသော အဝါနှင့် ထွေးတို့သည် ညိုတို့ကို ကူဖို့ နေနေသာသာ ကျော်ခွ
ခုန်လွှားပြီး အိုလံပစ်စံချိန်နှင့် ပြေးပါချေသည်။ ညိုနှင့် မိလည်း ကိုယ့်ကိုယ်ကို
ပက်လက်လဲလား၊ မှောက်လျက်လဲလားပင် မသိ၊ နေရာမှ လူးလဲထပြီး
ကဆုန်ပေါက် ပြေးလိုက်ကြသည်မှာ အဝါတို့ရှေ့ပင် ရောက်သွားပါသည်။
ကိုယ့်ကိုယ်ကို အပြေးသန်မှန်း ယခုမှ သိရတော့သည်။

"ညို့ရဲ့ ... စောင့်ဦး၊ ထွေးကို စောင့်ပါဦး" ညိုတို့ လဲစဉ်က ထူဖို့ သတိပင် မရသော ထွေးက သူနောက်ဆုံးက ကျန်သောအခါ အော်ပါတော့သည်။

"ဟ ... ပြေးဟ ... ပြေး ... စောင့်နိုင်ဘူး"

ညိုနှင့် မိကလည်း ဗလုံးဗထွေး ပြန်အော်ကြသည်။ ခြေထိုးကရင်း နောက်ဘက်မှ တောက်လျှောက် လိုက်လာသော ဒေါ်အေးလှနှင့် သူနှင့် အနီးဆုံး ဖြစ်နေ၍ ထွေးခမျာလည်း အသည်း တယားယားနှင့် ကြောက်ရှာမည် ဖြစ်၏။

သို့သော် ခြံဝ ရောက်သောအခါ ဒေါ်အေးလှသည် ဆက်၍ မလိုက်တော့ချေ။ သီချင်းလေး တအေးအေး ဆိုကာ နေရစ်လေသည်။ နားမလည် ပါးမလည်နှင့် ခွေးပြေး ပြေးခဲ့ရသော ညိုတို့လည်း တုန်တုန်လှုပ်လှုပ်နှင့် မောဟိုက် နေကြသည်။ ဒေါ်အေးလှ ဆက်လိုက်လည်း မီမည်တော့ မထင်ပါ။ ညိုတို့အားလုံး ဂျင်မီနှင့် မခင်ပုတို့၏ စံချိန် ကျိုးလေအောင် အလှအယက် စံချိန်သစ် တင်ကြမည်သာ ဖြစ်၏။

"မိန်းကလေးတို့က ကြံကြံဖန်ဖန် နောက်တာကိုးကွယ့်"

ဖုတ် အလိမ်းလိမ်း ကပ်ကာ မျက်လုံးမျက်ဆံ ပြူးနေကြသော ညိုတို့ကို

တစ်ဖက်အိမ်မှ အဘိုးကြီးတစ်ဦးက ဆင်းလာပြီး ပြော၏။ ဒူးဆစ်အထိ ထဘီ ထက်ခြမ်း ကွဲသွားသော ညှိုနှင့် ခြေဆစ်လွဲပြီး ထော့ကျိုး ဖြစ်နေသော မိတို့ကိုကြည့်ကာ ရယ်ချင်ဟန် ရှိသည်။ ထင်မိထင်ရာ စွတ်ပြေးပြီး ခွေးချေးပုံ တည့်တည့် တက်နင်းထားသော ထွေးဆီမှလည်း ရနံ့က ကြိုင်သင်းလှပါသည်။ နောက်လှည့် မကြည့်ဘဲ လမ်းထိပ်အထိ တောက်လျှောက်ပြေးသော လတ်နှင့် အဝါသည် ယခုမှ ကြောက်ဆုတ် ကြောက်ဆုတ်နှင့် ပြန်လျှောက်လာနေကြ၏။

"ဘာဖြစ်လို့လဲ ဘကြီးရယ်၊ ကျွန်မတို့ သူငယ်ချင်းက လက်ပံပွင့် ပေးခိုင်းလို့ လာပေးတာပါ၊ လက်ပံခေါင်း ချဉ်ရည် ချက်စားဖို့တဲ့"

"ဟင် ဒေါ်အေးလှဟာ ဝမ်းတွင်းရှူး ဆိုတာ မသိဘူးလား၊ ငယ်ငယ်ရွယ်ရွယ် မိန်းကလေးတွေ ဆိုရင် သူက ကြည့်လို့ရတာ မဟုတ်ဘူးကွယ့်၊ အံ့ရောဗျာ ... အံ့ရော ... မအေးလှ အကြောင်း မိန်းကလေးတို့ တကယ့်ကို မသိဘူးလား"

ဘကြီးက တအံ့တဩ ပြောသောအခါမှ တစ်ပတ်ကျော့ အရှုံးလုပ် ခံရလိုက်ပြီကို ရိပ်မိတော့၏။ အကောင်ကြီး ထင်းထင်း တွေ့ကာမှ အရိပ်ကို ရေးရေး မြင်တော့သည်။ မော်မော်နှင့် ဝေဝေတို့၏ ပြောင်စပ်စပ် ရယ်ကျဲကျဲ မျက်နှာကို မြင်ယောင်ရင်း ချုံးပွဲချ ငိုချင်စိတ် ပေါက်လာပါသည်။

"သေပဟ ... မှတ်ပဟ ... ဒီလောက်တောင် အ, တာ၊ ခံပဟ" အဝါက ကြိတ်မနိုင် ခဲမရနှင့် မြက်ပင်များကို ဖနောင့်နှင့် ပေါက်နေလေသည်။

နံနက်က ထမင်းကြော်ထဲတွင် 'ကနနို' ထောင်းမထည့် လိုက်မိသည်ကိုကား အားလုံး နောင်တ ရနေကြပါသည်။ ထဘီအပြဲ ဒူးအကွဲနှင့် ခွေးချေးနံ့လေး တသင်းသင်း မွှေးနေသော ညီုတို့တစ်တွေ အဆောင်ကို ဘယ်လို ပြန်ရမည်ပင် မသိ။

ရှက်လိုက်ပါဘိ …

ခက်ပါဘိ။

-------

**မစန္ဒာ**

**ငွေတာရီ မဂ္ဂဇင်း၊ ဧပြီလ၊ ၁၉၇၂။**

## ဤသို့ပင် မျှော်လင့်မိပါသည် (မစန္ဒာ)

---------------------------------------------

သုဝဏ္ဏသာမ သတို့သားသည် မျက်မမြင် မိအိုဖအိုတို့အား လုပ်ကျွေးပြုစုသူ ဖြစ်သည်။ အဆိပ်လူးသော မြားက ရင်ဝတွင် စူးဝင်ခဲ့သော်လည်း သစ္စာတန်ခိုးကြောင့် မြားဆိပ် လျှောကျကာ အသက်ချမ်းသာခဲ့သည်။ ရွှေအိုးလည်း ရသည်။ မိဘနှစ်ပါးလည်း မျက်စိ အလင်း ရခဲ့လေသည်။

သုဝဏ္ဏသာမ အကြောင်းကို အဘွားအား သူ့အမေက ပြောပြခဲ့သည်။

အဘွားက အမေ့အား ပြောပြသည်။

အမေက သူတို့အား ပြောပြခဲ့သည်။

သူတို့ကတစ်ဖန် သူတို့၏ သားသမီးများကို ပြောပြကြလေသည်။

သူတို့၏ သားသမီးများကလည်း နောင် လာမည့် မျိုးဆက်သစ်လေးများကို ပြောပြကြပေလိမ့်မည်။

ဤသို့ပင် မျှော်လင့်မိပါသည်။

* * *

“စိန်ဗေဒါ

“ဗျာ    အဘွား

“ရော့    ခေါက်ဆွဲတစ်လုံး သွားဝယ်စမ်း

အဘွားက မတ်စေ့လေး တစ်စေ့ ပစ်ပေးလိုက်သည်။ စိန်ဗေဒါက မတ်စေ့ဖြူဖြူလေးကို လက်နှစ်ဖက်နှင့် မိအောင် ဖမ်းရမ်း ခါတိုင်းလိုပင် ပြုံးမိ ရယ်မိလေသည်။ ခါတိုင်းလိုပင် ပြောမိလေသည်။

“အဘွားရဲ့    အဘွား ပိုက်ဆံတစ်မတ်နဲ့ ဘယ်လိုလုပ်ပြီး ခေါက်ဆွဲ ဝယ်ရမလဲ

“နင်က တစ်မတ်နဲ့ မဝယ်လို့ ဘယ်လောက်နဲ့ ဝယ်ချင်လို့တုံး

“အဘွားကလည်း    ဆီချက်ခေါက်ဆွဲ ဆိုရင် သုံးကျပ်၊ ခေါက်ဆွဲကြော် ဆိုရင် ငါးကျပ်

စိန်ဗေဒါ၏ စကားကို ကြားတော့ အဘွားက ခါတိုင်းလိုပင် စိတ်ဆိုးလေသည်။

“ကြံကြံရယ်မှ ဖန်ဖန်၊ ခေါက်ဆွဲတစ်လုံးများ ငါးကျပ်တဲ့၊ ဟဲ့    စိန်ဗေဒါ၊ ငါးကျပ် ဆိုတာများ နင်က နည်းနည်းနောနော ပိုက်ဆံ အောက်မေ့နေသလား၊ ဆန်တစ်အိတ် ရတယ်ဟဲ့၊ ဆီတစ်ပုံး ရတယ်ဟဲ့၊ မသေမချင်း မှတ်ထား၊ နောက် ငါ့ကို ပေါက်ကရတွေ

လာ လာ မပြောနဲ့၊ မိမြရင်     ညည်းသားကို ဆုံးမထားဦး ဟင်း

အဘွားက ဒေါနင့်မောနင့် ကြိမ်းမောင်းသည်။ စိန်ဗေဒါလည်း ဘာမှ ပြန်မပြောတော့ဘဲ သူ့ခေါင်းကို သူကုတ်ရင်း ပြုံးစပ်စပ်နှင့် ငြိမ်နေလေသည်။

“သွား     ဟိုဘက်လမ်းထိပ်က  ကိုအကျုံး  ဆိုင်ကို သွား

“ကိုအကျုံး ဆိုင်

“အေး     ခေါက်ဆွဲပြုတ် စပယ်ရှယ် တစ်လုံး၊ မကျော့ ဝယ်ခိုင်းလိုက်တာလို့ ပြော

မှုန်ရီ မွဲသီနေသော မျက်လုံးများကို အတင်းပြူးကြည့်ရင်း အဘွားက အော်သည်။ စိန်ဗေဒါက နေရာမှ လေးတွဲ့စွာ ထသည်။

“ကိုအကျုံး ဆိုင် မထွက်ရင်ကော အဘွား

“ထွက်မှာ ထွက်မှာ စိတ်ချ၊ ဒီတရုတ်က အင်မတန် စီးပွားရှာကောင်းတာ၊ ဆိုင်တစ်ရက် မထွက်ရရင် တစ်ရက် အသက်တိုတယ် ထင်တတ်တာ

နေပူပူ မိုးရွာရွာ ကိုအကျုံး ဆိုင်မထွက်သောနေ့ မရှိ။ မန်ကျည်းသား စဉ်းတီတုံးပေါ်မှ ဝက်သားများကို ဓားနှင့် တတောက်တောက် စဉ်းနေရင်း သူ့ဆိုင် လာသမျှ လူများကို ရွှေသွားတဝင်းဝင်း ခေါင်းတညိတ်ညိတ်နှင့် ရယ်ပြနေတတ်သည်။ စားသူ၏ အကြိုက်ကို အင်မတန် သိသည်။ မှတ်လည်း မှတ်မိသည်။ ငရုတ်ကောင်း မကြိုက်ဟု ပြောထားသူကို နောက်တစ်ခါ ငရုတ်ကောင်း မပါစေရ။ ဘဲသားနှင့်မှဟု ဆိုလျှင်

ယောင်၍မှ ဝက်သား မပါစေရ။ ယခုလည်း မကျော့မေ အဝယ်ခိုင်းလိုက်တာဟု ပြောလျှင် သူ မကြိုက်သော ကြက်သွန်မြိတ်များ လုံးဝ ပါလာစေမည် မဟုတ်ပေ။ သူ ကြိုက်သော တရုတ်ငံပြာရည်ကိုကား အနည်းငယ် ပိုထည့်ပေးလိုက်မည် ဖြစ်သည်။

"ကိုအကျုံးက ခင်စရာတော့ ကောင်းပါတယ်၊ ဒါပေမဲ့ သူ့မိန်းမကို ငါးပိငံပြာရည် မစားရဘူး ဆိုပြီး ချုပ်ချယ်တာတော့ မကောင်းပါဘူး

အဘွားက ပက်လက်ကုလားထိုင် နောက်ကျောကို မှီချလိုက်သည်။ ကုလားထိုင် လက်ရန်းတွင် ချိတ်ထားသော ပယင်းပုတီး ဝါဝါလေးကို ဖြုတ်ယူပြီး တစ်လုံး၊ နှစ်လုံး စ၍ စိပ်သည်။ သို့သော် စိပ်ပုတီးဆီသို့ အာရုံမရောက်သေးချေ။

"ငါးပိနံ့ကတော့ နံတာပေါ့လေ၊ ဒါပေမဲ့ ကိုယ် မကြိုက်ရင် ကိုယ် မစားနဲ့ပေါ့၊ သူများ ကြိုက်လို့ စားတာကိုတော့ စားပစေပေါ့၊ ငါလည်း ငါးပိနံ့ မကြိုက်ပါဘူး၊ မုန်းတာပဲ၊ ဒါပေမဲ့ သမီးတို့အဖေ ငါးပိ စားချင်တော့ ကျိုပြုပေးရတာပဲ၊ ဘယ်တတ်နိုင်မှာလဲ၊ လင်ရယ် မယားရယ်လို့ ဖြစ်နေပြီပဲဟာ၊ ကိုအကျုံး မိန်းမကြီးကတော့ ပုသိမ်သူ၊ ငါးပိတောထဲမှာ ကြီးလာတာ၊ လင်ရတော့မှ ငါးပိမစားဘူး၊ နံတယ် ဆိုတော့ ခက်သားလားဟယ်၊ တစ်ခါတလေ စားချင်လွန်းလို့ ခိုးစားပြန်တော့လည်း ကိုအကျုံးက အနံ့ရပြီး  ချောက်ကန်းမ ချောက်ကန်းမ  နဲ့ ဆဲပြန်ရော၊ နေပါဦး၊ သူ့နာမည် ဘယ်သူပါလိမ့်

မျက်ခိုးများရိုက်ကာ မှုန်ရီနေသော မျက်လုံးများကို လက်နှင့် ပွတ်ယင်း အဘွားက စဉ်းစားသည်။

"မလှစိန်လား၊ မငွေစိန်လား၊ တစ်ခုခုပါပဲ၊ မတင်လှ ထင်တယ်၊ အယ် မဟုတ်သေးပါဘူး၊ ငါ့နယ် ပါးစပ်ဖျားမှာတင် မေ့နေပြန်ပါပြီ၊ မနစိန် မနစိန်များလား၊ ဒါလည်း မဟုတ်သေးပါဘူး၊ ဟဲ့ မမြရင် ခဏ လာစမ်း

"ရှင် အမေ    လာပြီ

အသံက မီးဖိုချောင်မှ ထွက်လာသော်လည်း လူက ချက်ချင်း ရောက်မလာပေ။ ခဏနေတော့ အဘွားက လည်ကို ဆန့်ကြည့်ကာ ထပ်၍ အော်သည်။

"ဟဲ့ မြန်မြန်လာစမ်း ဆို

"ထမင်းရည် ငှဲ့နေလို့ပါ အမေရဲ့၊ လာပါပြီ လာပါပြီ

မီးဖိုချောင်မှ ကတိုက်ကရိုက် ထွက်လာသော သမီးဖြစ်သူကို အဘွားက အလိုမကျစွာ ကြည့်ပါသည်။ သူက စိတ်မြန်သည်။ လာ ဆိုလျှင် ချက်ချင်း ရောက်မှ။ သွား ဆိုလျှင် ချက်ချင်း ထမှ ကျေနပ်သည်။ နှောင့်နှေးကြန့်ကြာနေလျှင် မကြိုက်ပေ။

"မြရင်ရယ်၊ လူငယ်ပီပီ သွက်သွက်လက်လက် သွားစမ်း လာစမ်းပါအေ၊ တကတည်း

"ဩော် အမေရယ်၊ ကျွန်မ လူငယ်မှ မဟုတ်တော့တာ၊ အသက်ပဲ ငါးဆယ်ကျော်လို့ ခြောက်ဆယ်နား ကပ်နေပြီ၊ ခေါင်းပဲ တစ်ဝက်ဖြူနေပြီဟာကို

သမီးဖြစ်သူ၏ စကားကို ကြားတော့ အဘွားသည် ကိုအကျုံးမိန်းမ၏ အမည်ကို မေးရန်

မေ့သွားသည်။ အတိတ်ကာလသို့ ဝဲလှည့် ကျက်စားနေတတ်သော စိတ်သည် ပစ္စုပ္ပန် အခြေအနေသို့ ဖျတ်ခနဲ ပြန်ရောက်လာသည်။

"နေပါဦး၊ သမီးက ခြောက်ဆယ်တောင် ရှိတော့မယ် ဟုတ်လား၊ ဒါဆို အမေကရော

"အမေက ရှစ်ဆယ်ကျော်ပြီလေ၊ အခုလာမယ့် သီတင်းကျွတ်ဆိုရင် အမေ့အသက် ရှစ်ဆယ့်ငါး

"ဟုတ်လား၊ ကြီးလှပေ့ါဟ

အဘွားက အရေခွံများ ရှုံ့တွကာ ပိန်ခြောက်နေသော သူ၏ လက်ကလေး တစ်ဖက်ကို ထောင်၍ ကြည့်သည်။ အရေခွံက ရှုံ့တွနေသော်လည်း အကြောတွေက အသွယ်သွယ် အပြိုင်းပြိုင်း ထောင်ထနေကာ သစ်ကိုင်းခြောက်ကြီးနှင့် တူနေလေသည်။

"အမေက သိပ်ကုသိုလ်ကောင်းတာ အမေရဲ့

"ဘာကောင်းလို့တုံး အေရယ်

"ဒီအသက်အရွယ်ထိ ကြီးကြီးကျယ်ကျယ် နေမကောင်းများ ဖြစ်ဖူးလို့လား၊ ခုထိလည်း နားမလေးသေးဘူး၊ ရှေ့သွားတွေ ကျိုးပေမဲ့ အံသွားတချို့ ကျန်သေးတယ်၊ တစ်နေ့တုန်းက အမာစိန် လာပေးတဲ့ ပဲကြီးလှော်တောင် ဝါးလို့ ရသေးတယ် မဟုတ်လား

"မျက်စိတော့ မှုန်ပါတယ် အေ

"အဲဒါက မှုန်ရုံတင်ပါ အမေရာ၊ မျက်မှန်သာ တပ်လိုက်ရင် အသေအချာ မြင်ရမှာ၊ အမေက မျက်မှန်မှ မတပ်ချင်ဘဲ

"တပ်ချင်ပါဘူးအေ     မျက်နှာပေါ် ချိတ်ထားရတာ ရှုပ်ကရှုပ်သနဲ့ စိတ်ညစ်စရာ

အဘွားက သက်ပြင်းချသည်။ သတိပေးသူ ရှိလျှင်တော့ သူ့ကိုယ်သူ အိုမင်းမစွမ်း ရှိနေပြီကို သတိရတတ်သည်။ သို့သော် ခဏနေလျှင် ဘယ်လိုက ဘယ်လို ပြန်ပြီး မေ့သွားလေသည် မသိ။ သူ့ကိုယ်သူ သန်သန်မာမာ ဖျတ်ဖျတ်လတ်လတ် ရှိသည်ဟု ပြန်ပြီး ထင်သွားတတ်လေသည်။ စိတ်ကလည်း မြန်သူမို့ ဖျူးခနဲ၊ ဖျတ်ခနဲ၊ ဖိုးကနဲ ဇတ်ခနဲ ထချင်ထိုင်ချင်သည်။ သို့သော်လည်း စိတ်သာရှိ၍ ခန္ဓာကိုယ်က မလိုက်နိုင်လေတော့ ကိုယ့်ကိုယ်ကိုယ် မနိုင်ဘဲ ခဏခဏ လဲပြိုတတ်လေသည်။ လဲပြန်လျှင်လည်း မိမိကိုယ်မိမိ ဒေါသဖြစ်ကာ  ဒီလောက်ကလေးမှ မလုပ်နိုင်တော့ဘူးလား၊ သေစမ်း၊ သေစမ်း  ဟု ရေရွတ်မိတတ်လေသည်။

"အမေ ညနေ ခေါက်ဆွဲပြုတ် သောက်ချင်လို့လား

"အေး

"စိန်ဗေဒါ သွားဝယ်တယ်နော် အမေ

"ညည်းသား စိန်ဗေဒါက အင်မတန်ကို လျှာရှည်တယ်၊ ခေါက်ဆွဲတစ်လုံးများ ငါးကျပ် ပေးရမလေး ဘာလေးနဲ့ ပေါက်ပေါက်ရှာရှာ

အဘွားက ပြောရင်းဆိုရင်း ပစ္စုပ္ပန်အခြေအနေကို မေ့သွားပြန်လေသည်။

"အမေက မတ်စေ့လေး တစ်စေ့ ပေးလိုက်ပြန်ပြီ ထင်တယ်၊ ဟုတ်လား

ဒေါ်မြရင်က ပြုံးရင်း ရယ်ရင်း မေးသည်။ သူ့ကို အဲသည်လို ပြုံးလျှင် ရယ်လျှင် အဘွား နည်းနည်းမှ မကြိုက်။

"ခေါက်ဆွဲတစ်လုံး ဝယ်တာများ မတ်စေ့ မပေးလို့ ဘာစေ့ ပေးရမတုံးအေ့၊ ငါ ပြောလိုက်ရ ဟင်း

"ကဲပါ အမေရယ်၊ အမေ့ဟာ အမေ ပေးချင်တာ ပေးပါ၊ ထမင်းအိုး တူးမှာစိုးလို့ ခဏနော် အမေ

မီးဖိုချောင်ဘက်ကို ပြန်လျှောက်သွားသော သူ့သမီးကို အဘွားက ငေးကြည့်နေရစ်သည်။ ဒီသမီးက သူ့အဖေနှင့် အတော်တူသည်။ သူက အသားညိုကာ ပိန်ပြီး ပါးလျားသည်။ သူတို့အဖေက အသားဖြူပြီး ဝသည်။ သမီးကလည်း အဖေနှင့် တူကာ ဖြူဖြူဝဝကြီး ဖြစ်လေသည်။ ယောက်ျား ဝ တုန်းက ဗိုက်ရွဲရွဲသာ ရွဲသည်။ မိန်းမ 'ဝ တော့ ဗိုက်တင်မက တင်ပါးနစ်ဖက်ကပါ အဆီစုပြီး ကောက်လာသည်။

"ကြည့်ပါဦး တင်ပါးနစ်ဖက်က လိမ့်လိမ့် လိမ့်လိမ့်နဲ့ ဝ လိုက်တဲ့ ကောင်မ

အဘွားက စိပ်ပုတီးကို လက်ထဲတွင် ဆုပ်ကိုင်ကာ စဉ်းစားပြန်သည်။

"မိမြကြည်က ငါနဲ့ တူပြီး သွယ်တယ်၊ အဖေဆီက အသားဖြူတာပါ ယူလိုက်တော့ အတော်လှတယ်၊ မြရင်မ ကျမှ ပကတိ ဖအေချွတ်စွပ်၊ သူ့အဖေလိုပဲ စကားပြောရင် တိုပြတ်ပြတ်နဲ့ မျက်နှာထားက ဆိုးသေး

သမီးတို့အဖေကလည်း မျက်နှာထား တင်းသည်။ ပီယဝါစာ ချိုချိုသာသာ စကားများကိုလည်း မပြောတတ်ချေ။ ပထမဆုံးအကြိမ် သူ အိမ်ကို စ၍ လာလည်စဉ်က အဘွားသည် ခန်းဆီးကြားမှ ချောင်းကြည့်ရင်း ဟင် မျက်နှာထားကြီးက ရှစ်ခေါက်ချိုးကြီးနဲ့ ကြောက်စရာကြီး၊ အဲဒါကြီး ငါ ယူရမှာလား၊ အမေတို့က ရက်စက်လိုက်တာ ဟု ဝမ်းနည်းပန်းနည်းနှင့် မျက်ရည်ကျခဲ့ရသေးသည်။ သို့သော် ဒီလူကြီးက မျက်နှာထားသာ ဆိုးသည်။ သဘောက မဆိုးလှပေ။ သူ့အပေါ်တွင်လည်း ကြင်ကြင်နာနာ ယုယုယယ ရှိခဲ့လေသည်။

တစ်ခါတော့ သူက ကိုကိုက လူကြီးတွေ ပေးစားလို့သာ အကျော့ကို ယူတာ၊ ကိုကို့ဟာကိုကို ဆိုရင် အကျော့ကို ကြိုက်မှာ မဟုတ်ပါဘူး ဟု အားငယ်စိတ်၊ အငုံ့စိတ်ကလေးနှင့် စကားနာထိုးမိတော့ ဒါက အကျော့ ထင်တာကိုး၊ ကျုပ်ကဖြင့် အကျော့ တစ်ခါတုန်းက ချိတ်လုံချည် အဝါလေး ဝတ်လို့ ပုသိမ်ထီးလေး ဆောင်းပြီး ဈေးသွားတာ လှမ်းမြင်လိုက်ဖူးကတည်းက စွဲနေခဲ့ရတာပါဗျာ ဟု ခပ်ရှိုးရှိုး ပြုံးကာ ခပ်ရှိုးရှိုးပင် ပြောခဲ့သည်။ သူ့အပြော၊ သူ့အပြုံးက ရိုးသော်လည်း အဘွားသည် သူ့ရင်ခွင်တွင် ပါးအပ်ကာ တသိမ့်သိမ့် ကြည်နူးခဲ့ရလေသည်။

"ဟောတော့ အဘွားက တစ်ယောက်တည်း ရယ်နေတယ်တော့

ကောလိပ်စိန်၏ ရယ်သံကို ကြားရသည်။ သူ ဘယ်အချိန်က ရှေ့သို့ ရောက်လာသည်ကို အဘွား မသိလိုက်။

"ကောလိပ်စိန်လား

“ဟုတ်ကဲ့ အဘွား

“အမာစိန်ကော

“အိမ်ရှေ့အိမ်မှာ တာတူးတို့ ညီအစ်ကိုနဲ့ တူတူပုန်းမလို့တဲ့၊ နေရစ်တယ်

“ကလေးကို ညည်း ကျောင်းထားပြန်ပြီလား

“မထားပါဘူး အဘွားရဲ့

“အေး ငယ်ငယ်လေး ရှိသေးတာ ကလေးကို အတင်း ကျောင်းမထားရဘူးနော် သိလား

“ဟုတ်ကဲ့ပါ အဘွားရဲ့

အမာစိန် နှစ်နှစ်ပြည့်ခါစလေးတွင် ဒေါ်မြရင် နေမကောင်း၍ ဆေးရုံတက်ရသည်။ ဒီတော့ ဆေးရုံကို ထမင်းပို့ရ၊ ညစောင့်ရနှင့် အလုပ်ရှုပ်ရသည့် အထဲတွင် အမာစိန်ကို နေ့ခင်း ထိန်းပေးမည့်သူ မရှိ၍ အတော်ကလေး ကသီလင်တ ဖြစ်ခဲ့သည်။ ထိုစဉ်က အဖေကလည်း ပင်စင် မယူသေးချေ။ အကြီးမ နှစ်ယောက်ဖြစ်သော ရွှေနှင်းဆီနှင့် ရွှေလိပ်ပြာတို့က နံနက်ပိုင်း နေ့တစ်ဝက်ကျောင်းမို့ သူတို့ ညီမလေးကို ညနေပိုင်း ထိန်းနိုင်ကြသော်လည်း နံနက်ပိုင်းတွင် အဘွားနှင့် အမာစိန် နှစ်ဦးတည်း ကျန်ခဲ့လေသည်။ အမာစိန်က ကုလားထိုင်ပေါ် ကုတ်တက်လိုက်၊ စားပွဲပေါ် ဖက်တက်လိုက်၊ ခုန်ချလိုက်နှင့် မျောက်ရှုံးအောင် ဆော့သည်။ အဘွားကလည်း မျက်စိ မှုန်မှုန်မွှားမွှားနှင့်မို့ သူ့ကို လိုက်မဆွဲနိုင်။ ဒီတော့လည်း မတတ်နိုင်တော့ဘဲ နှစ်ခါလည်ကျော်ကျော် ကလေးငယ်ကို နေ့ကလေးထိန်းကျောင်း ပို့ရလေသည်။ ကျောင်းသွားရခါနီးလျှင် အမာစိန်က အဘွား၏ခြေထောက်ကို ဖက်ကာ အော်ငိုသည်။ အဘွားကလည်း သူ့မြစ် ကလေးကို ဖက်ကာ ကြံကြီးစည်ရာတော်၊ ဒီအရွယ်ကလေးကိုများ ကျောင်းထားမတဲ့၊ စကားတောင် ရေလည်အောင် မတတ်သေးတဲ့ ကလေးကို ကျောင်းပို့မတဲ့၊ ကောလိပ်စိန် ကောင်မနော် နင့်ကို ငါ

လုပ်မိတော့မယ်  ဟု ကြိမ်းလေသည်။ တော်ပါသေးသည်။ ဒေါ်မြရင် ကြာကြာ နေမကောင်း မဖြစ်လိုက်ဘဲ ထူထူထောင်ထောင် ဖြစ်လာ၍ အမာစိန်၏ ကျောင်းကိစ္စလည်း တစ်ခန်းရပ်ခဲ့သည်။ ယခု အမာစိန် လေးနှစ် ပြည့်ခါနီးပြီမို့  မူကြို ထားရန် စကား စသည်ကိုပင် အဘွားက စကားစ မခံတော့ချေ။ ကျောင်းသွားရခါနီး ဝမ်းပန်းတနည်း ရှိုက်ကြီးတငင် ငိုခဲ့သော အမာစိန်ကလေး၏ ငိုသံသည် သူ့နားထဲ စွဲနေသည်။

“ညကျရင် တီဗီမှာ နွဲ့နွဲ့စန်းအငြိမ့် လာမယ်တဲ့ သိလား အဘွား၊ အိမ်ရှေ့အိမ်မှာ သွားကြည့်ရအောင်လေ

“ကြည့်ချင်ပါဘူးအေ၊ အရုပ်ကလေးတွေက သေးသေးမွှားမွှားလေးတွေ လှုပ်နေကြတာ၊ ငါက မျက်စိမှုန်က မှုန်သနဲ့ ဘာမှ မမြင်ရပါဘူး

“အဘွားကလည်း မြင်သလောက်တော့ မြင်ရပါတယ်၊ ဆိုဗီယက်ပြန် နွဲ့နွဲ့စန်း အဘွားရဲ့ သိပ်ကောင်းတာ

“အို … မမြရင်တို့ မကောလိပ်တို့လောက် ကောင်းနိုင်ပါ့မလား အေ

အဘွား၏စိတ်က အတိတ်ဆီသို့ ဝဲပျံသွားပြန်သည်။ မမြရင်က အငြိမ့်မင်းသမီးဟု ဆိုသော်လည်း လုံးဝ မကလက်ပေ။ ဣန္ဒြေလေးနှင့် ပြုံးကာ ဣန္ဒြေလေးနှင့် ကတတ်၍ မောင်နှင့်နမ သားနှင့်အမိ အတူကြည့်၍ ရသည်။ အပြာနုနု၊ အဝါနုနု အချိတ်စစ် ပိုးစစ်လေးများကို မျက်စိအေးအောင် ယဉ်ယဉ်လေး ဝတ်ကာ တရုတ်ယပ်တောင်လေးကို လက်ထဲတွင် လှည့်ပြီး နုနုညက်ညက်ကလေး  က  သွားပုံကို ယခုထိ မြင်ယောင်သေးသည်။  မြရင်လေး ကျွန်မခေါ်သံလိုလို လေဘာတီလေး ကျွန်မခေါ်သံလိုလို၊ သောတရှင် သီဂီနားမှာ ကြားရပြန်သကို  ဟူသော အသံသာသာ ကြည်ကြည်လေးကို ယခုထိ ကြားယောင်မိသေးသည်။

“အဘွားကလည်း ပွဲကြိုက်တယ်လည်း ဆိုသေးရဲ့ ကြည့်ရအောင်ပါ ဆိုမှ
“ပွဲကတော့ ကြိုက်တာပေါ့အေ၊ ဒါပေမဲ့ မျက်စိက မှုန်တိမှုန်မွှားနဲ့

မျက်စိသာ ကောင်းလို့ကတော့ ၈၀ ကျော် အဘွားကြီးသည် အခုထိ ဇာတ်စင်အောက်က မော့နေဦးမည် ဖြစ်သည်။ သမီးဦး ဖြစ်သူ မြကြည်ကို မွေးစဉ်ကမူ ဆိုင်းသံ တခြိမ့်ခြိမ့် ကြားနေရသော ပွဲခင်းထဲသို့ ခုနစ်ရက် မလည်သေးဘဲနှင့် သွားကြည့်မည် တကဲကဲ လုပ်၍ တစ်အိမ်သားလုံး ဝိုင်းဆွဲထားရလေသည်။ မမြရင် ကို မွေးခါနီးကျတော့ ဗိုက်ကြီးတကားကားနှင့် ပွဲခင်းထဲသို့ ရောက်နေလေသည်။ ဆစ်ခနဲ ဆစ်ခနဲ ရစ်ပြီး နာလာသော ဝမ်းဗိုက်ကို လက်နှင့် အသာအုပ်၍ ကိုင်ရင်း ဖျာပေါ်တွင် ပေပြီး ထိုင်နေသည်။ မကာစေချင် ရက်သတ်လို့ လက်ထပ်စို့ ကိုကိုရယ် ခုလို သဘောမကြီးရင် ဘယ်နည်းမှ မဖြစ်နိုင်ပါတယ် ဟု ဝမ်းနည်းသံ၊ ခနဲ့သံလေးနှင့် ဆိုပြီး ဝဲခနဲ ကလိုက်သော မမြရင်ကို မျက်တောင်မခတ် ငေးကြည့်နေမိသည်။

ဗိုက်အနာက တဖြည်းဖြည်း စိပ်လာသောအခါမှ တကျွတ်ကျွတ် စုတ်သပ်ရင်း ကော့လန် ကော့လန်နှင့် ပြန်ခဲ့ရသည်။ အရပ်ဝမ်းဆွဲသည် ဒေါ်တင်အိကို သူ့အိမ်ရှေ့တွင်ရပ်ပြီး အော်ခေါ်ခဲ့သည်။ ပွဲခင်းထဲက ပြန်လာမှန်း သိသော ဒေါ်တင်အိက တဖျစ်တောက်တောက် ဆူပူရင်း လိုက်လာလေသည်။ ဆူလွန်းမက ဆူတော့ သူကလည်း စိတ်တိုတိုနှင့် ကလေး မွေးခါနီး ပွဲကြည့်တော့ ဘာဖြစ်သလဲ၊ မွေးတာက အောက်က မွေးတာ၊ ကြည့်တာက မျက်စိက ကြည့်တာ၊ တခြားစီပဲဟာ ဟု မကြားတကြား ပြန်ပြောမိသေးသည်။ မျက်စောင်းကို မသိမသာ ခဲမိသေးသည်။ သို့သော်လည်း အခန်းထဲသို့ ရောက်သည်နှင့် ရှေ့မွှာက ပေါက်လေတော့ အမေလေး လုပ်ပါဦး အမေအိရဲ့ ဟု ကြောက်လန့်တကြား အော်မိသည်။ ဒေါ်တင်အိ လက်ကို အားကိုးတကြီးနှင့် ဖမ်းကိုင်ထားမိလေသည်။ အလုပ်လုပ်ရမည့် လက်ကို သူက

အတင်းဆွဲထားတော့ ဒေါ်တင်အိခမျာ သူ့လက်ကို သူ အတော်လေး ရုန်းယူခဲ့ရသည်။

“မကျော့မေရေ    သမီးကလေးတော့ ရှင့်အကြိုက် လေဘာတီကလေး၊ မမြရင်ကလေး

ဝမ်းမှ ကျွတ်ခါစ သမီးကလေးကို လက်နှစ်ဖက်နှင့် မြှောက်ကိုင် ဒေါ်တင်အိက ပြောသည်။ ခဏနေတော့ သမီးတို့အဖေက အနီးဖြူဖြူနှင့် ထုပ်ထားသော သူ့သမီး နီတာရဲလေးကို အသေအချာ အနားကပ်ကြည့်ကာ  ဟော    ငါ့သမီးကလေးလား၊ လေဘာတီကလေးလား၊ မမြရင်ကလေးလား  ဟု ချော့မြှူလေသည်။ ထို့ကြောင့် သမီးပေါက်စ နီတာရဲကလေးအတွက် နေ့သင့်နံသင့် တွက်ချက်ပြီး အမည် ရွေးချိန်ပင် မရလိုက်။ မမြရင်ဟူသော အမည်က တစ်ခါတည်း တွင်သွားခဲ့ရလေသည်။

“ငယ်ငယ်တုန်းကတော့ ကြိုက်လိုက်တဲ့ပွဲ၊ ညည်းအမေ နာမည်တောင် မမြရင် ဖြစ်နေတာ ကြည့်၊ ကံကောင်းပေလို့ မမြရင် နောက်တစ်ချီ ကတာများ စောင့်ကြည့် နေမိရင်တော့ ပွဲခင်းထဲ အမွေးပဲ

“အဘွားကလည်း အမေ့နာမည် မမြရင် ထားပါဦး၊ သမီးကျတော့ ကြည့်ပါဦး ‘ကောလိပ်စိန်  တဲ့၊ နောက်ပြီး စိန်ဗေဒါတဲ့၊ ဟော အမေကလည်း သူ့မြေးတွေကျတော့ ရွှေနှင်းဆီတဲ့၊ ရွှေလိပ်ပြာတဲ့၊ အမာစိန်တဲ့

“အေးလေ ဘာဖြစ်သေးတုံး၊ ကိုယ်ကြိုက်လို့ ကိုယ် လိုက်မှည့်တာပဲဟာ

“အဘွားကသာ ဘာဖြစ်တုံး လုပ်နေ၊ သမီးအသိ၊ စိန်ဗေဒါ အသိတွေ အိမ်လာလည်ရင် အဖေတို့ အမေတို့က ဟဲ့ စိန်ဗေဒါ၊ ဟဲ့ ကောလိပ်စိန်နဲ့ ခေါ်လိုက်ရင် သူတို့က ရယ်ကြရော

"အောင်မာ ကောလိပ်စိန် နာမည်ရတာများ ညည်းက နာအုံ့ ထင်သေးလား၊ ဟိုက ဇာတ်ကနေပေမဲ့ ဣန္ဒြေက လွှတ်ရှိတာ၊ အပျိုကြီးဘဝနဲ့ အရိုးထုတ်သွားတာကိုသာ ကြည့်၊ ညည်းလို ဆယ့်ခြောက်နှစ်နဲ့ လင်နောက်လိုက်တဲ့ ဆတ်စလူးစိန် မဟုတ်ဘူး

"အဘွားက လုပ်ပြီး၊ သမီး ယောက်ျားယူတော့ နှစ်ဆယ်ကျော်ပါပြီ

ကောလိပ်စိန်က ရှက်စနိုး ပြောသည်။ အဘွားကြီးသည် ဒီ ကောလိပ်စိန်ကို ကြည့်ရင်း ဟို ကောလိပ်စိန်ကို သတိရသည်။ မာဃလုလင်ဇာတ်တွင် ငှက်မွေးဖြူလေးများ ပါသော ဝတ်ရုံကို ခြုံ၊ ဗျိုင်းဖြူခေါင်းစည်းပုံလေး ဆောင်းကာ ဗျိုင်းမလေး သုဇာတာ အဖြစ် သရုပ်ဆောင်သွားသော ကောလိပ်စိန် ကို ယခုထိ မမေ့။ မိုးကလေးညိုညိုတွင် ဘဝဟောင်းက ခင်ပွန်း ကိုမာဃကို လွမ်းသည့်အကြောင်း ပြောပြီး လွမ်းချင်းတစ်ပိုဒ် ကောက်၍ ဆိုလိုက်သော ကောလိပ်စိန်နှင့် အတူရောပြီး လွမ်းခဲ့ရသည်။ မျက်ရည် ဝဲခဲ့ရသည်။

"အဲဒီ ကောလိပ်စိန်က နောက်ပိုင်းကျတော့ ဇာတ်မကတော့ဘူး ဆို၊ ဟုတ်လား အဘွား

"အင်း

အဘွားက ခေါင်းညိတ်သည်။ ဟုတ်သည်။ ကောလိပ်စိန်သည် နောက်ပိုင်း၌ လုံးဝ ဇာတ်မကတော့ပေ။ ဇာတ်သဘင်လောကမှ အပြီးအပိုင် အနားယူသွားခဲ့သည်ကို ယခုမှ ပြန်ပြီး တရေးရေး တွေးကြည့်မိသည်။

"သဘင်သည် အလုပ် ဆိုတာ လူတွေကို ငရဲရောက်အောင် လှည့်ဖြားပြီး ပို့ဆောင်တဲ့ အလုပ် ဆိုပြီး အဲဒီအလုပ်ကို စွန့်လွှတ်လိုက်တာ ဆို ဟုတ်လား၊ အဘွား

"အင်း    မေ့တော့တော့ ဖြစ်နေပါပြီ

အဘွားက သက်ပြင်းချသည်။ ဟိုတစ်စ သည်တစ်စ ပြန့်နေသော မှတ်ဉာဏ်များကို အတင်းပြန်၍ ဆွဲစုပြီး စဉ်းစားသည်။

"ဟုတ်တယ် အဘွားရဲ့၊ ဘုန်းကြီးတစ်ပါးက အဲဒီအလုပ်ကို အလှူခံလို့ လှူလိုက်တာတဲ့၊ စာအုပ်ထဲမှာ ဖတ်ဖူးတယ်

"ဘာဖြစ်လို့ အလှူခံတာလဲ

"ဩော် အဘွားကလည်း သဘင်သည် အလုပ် ဆိုတာ လူတွေ ငရဲကျအောင် လှည့်ဖြားပို့တဲ့ အလုပ်မို့တဲ့လေ

"ဘာဖြစ်လို့လဲ

"ရုပ်လှလှလေးနဲ့ က ၊အသံသာသာလေးနဲ့ ဆို တော့ ကြည့်တဲ့လူတွေဟာ သာယာတိမ်းမူးပြီး ဘုရားအလုပ်ကို မေ့တာပေါ့၊ ဟုတ်ဘူးလား၊ ဒါပေမဲ့ အဘွားရယ် လူ ဆိုတာ အလကား ထိုင်နေရင်းတောင် ဟိုလူ့ကို အမြင်ကပ်လိုက်၊ ဒီလူ့ကို မုန်းလိုက်နဲ့ ဖြစ်နေတတ်တာ ပွဲကြည့်နေတုန်း ဆိုရင်တော့ သာယာတယ်၊ တိမ်းမူးတယ် ဆိုပေမဲ့ လောဘတွေ ဒေါသတွေတော့ နည်းဦးမှာပါနော်၊ သာမန်လူသားတစ်ယောက် အနေနဲ့ ပြောတာလေ

ကောလိပ်စိန်၏ နောက်ပိုင်းစကားများကို အဘွားက သတိမထားမိတော့ပါ။ အစပိုင်းက စကားကသာ အဘွားနားထဲသို့ ဝင်သွားသည်။ ရင်ထဲတွင် စူးခနဲ ဖြစ်သွားသည်။

“ဘုရားအလုပ်၊ တရားအလုပ်ကို မေ့တာပေါ့ ဟုတ်လား၊ အင်း ဘုရား ဘုရား

ငရဲ ကြောက်သော စိတ်ကြောင့် နှလုံးသားက ခပ်မြန်မြန် ခုန်လာသည်။ အဆို ၊ အက ၊ အလှ တို့တွင် သာယာတိမ်းမူးခဲ့ပုံကတော့ ခုအသက်၊ ခုအရွယ် အထိပင်။ မျက်စိကို စုံမှိတ်ပြီး ရွှေတိဂုံစေတီတော်ကို အာရုံပြုကြည့်လျှင် ပြတ်ပြတ်ထင်ထင် မရှိလှ။ ဦးဖိုးစိန်တို့၊ ကောလိပ်စိန်တို့၊ မမြရင်တို့ကိုများ စဉ်းစားကြည့်လျှင် အတွေးမျက်စိတွင် ထင်ထင်ရှားရှား ရှိလှသည်။ ဦးဖိုးစိန်ကြီး ခြေဆတ်၍ က ပုံ၊ ကောလိပ်စိန်က ပန်းပွားရှည်ရှည် တပ်ထားသော လင်းကွင်းကို ဝဲကာ ဝိုက်ကာ တီးရင်း အိုးစည်ယိမ်းကို ဦးဆောင်ပြီး ကပုံ၊ မမြရင်ကလေး ပါးစပ်ကို ယပ်တောင်နှင့် မသိမသာလေး အုပ်ပြီး သီချင်းဟစ်ဆိုလိုက်ပုံတို့ကို အသေးစိတ် မြင်ယောင်သည်။ သတိရသည်။

“အင်း ဆိုတဲ့သူ၊ ကတဲ့သူတွေက တရားရကုန်ကြပြီ၊ သူတို့အဆို သူတို့အကကို ကြည့်ခဲ့ရတဲ့ ငါကတော့ ခုထိ ဒါတွေကို စွဲလမ်းတုန်းပါလား

လက်ထဲမှ ပုတီးကို ခပ်တင်းတင်း ဆုပ်ထားမိသည်။ ထင်ယောင်၊ မြင်ယောင်နေသော အလှ၊ အပ၊ အနံ့၊ အသက်များကို မျက်စိထဲမှ အတင်းဖျောက်ကာ သံဗုဒ္ဓေ ဂါထာကို စ၍ ရွတ်လေသည်။ ကိုယ့်ကိုယ်ကိုယ်လည်း အိုမင်းမစွမ်း ဖြစ်နေပြီကို သတိရသည်။

“သေဖို့ရာ နီးလှပါပြီ၊ သင်္ချိုင်းကုန်းမှာ ခြေတစ်ဖက် မကဘူး၊ နှစ်ဖက်လုံးရောက်ပြီး စုံလုံး ရပ်နေပါပြီ၊ လှဲချဖို့ပဲ လိုတော့တယ်၊ ဒီကြားထဲက ဘုရားအာရုံ၊ တရားအာရုံ မပြုနိုင်ဘဲ လွတ်လိုက်တဲ့ စိတ်၊ မိုက်လိုက်တဲ့ ငါ

အဘွားက ခေါင်းရင်းခန်းမှ ဘုရားစင်လေးကို လှမ်း၍ကြည့်မိသည်။ ရွှေရောင်ဝင်းနေသော ရုပ်ပွားတော်လေးကို ခပ်ဝါးဝါး ဖူးမျှော်ရသည်။ ရုပ်ပွားတော် ရှေ့ရှိ ကြေးသွန်းအိုး နှစ်လုံးထဲတွင် စိန်ခြယ်ပန်းများ ဝေဝေဆာဆာ ပွင့်နေသည်။ ပန်းအိုးများ၏ အရှေ့ဘက်တွင် ရှင်ဥပဂုတ္တကိုယ်တော်ရုပ်တု ရှိမည်ကို သိသော်လည်း သဲသဲကွဲကွဲ မမြင်ရ။

"ဘုရား ဘုရား သူတို့တွေလည်း အကုန် သေကုန်ကြပြီပဲ

အဘွားချစ်သော မမြရင်၊ စိန်ဗေဒါ၊ ဦးဖိုးစိန်၊ ကောလိပ်စိန် တစ်ယောက်မှ မရှိတော့သည်ကို ဝင်းခနဲ သတိရသည်။ သူတို့သာလျှင် မဟုတ်သေး၊ သူ၏ ဘဝခရီးဖော်၊ သမီးတို့ အဖေပင် ဂျပန်ခေတ်က ဗုံးမှန်ပြီး သေဆုံးခဲ့ပြီ မဟုတ်ပါလား။ သင်္ဂြိုဟ်စရာ အလောင်းပင် မည်မည်ရရ ကောက်မရအောင် အပိုင်းပိုင်း အတစ်တစ် ဖြစ်ခဲ့ရသည်ကို သတိရပြီး ရင်ထဲတွင် ဆို့လာသည်။

"ရှင့်ကိုတော့ မအိုခင်၊ အနာခင် သေခြင်းက နိုပ်စက်ခဲ့တယ်၊ ကျုပ်ကတော့ အိုခြင်းပြီးလို့ နာခြင်း၊ သေခြင်းတွေကို အစီအစဉ်အတိုင်း ရင်ဆိုင်ရဦးမယ်၊ ကျေးဇူးရှင်ကြီးရဲ့

အဘွားက ရင်ထဲမှ ညည်းတွားရင်း ဝမ်းနည်းစိတ်ကို မျိုချသည်။ မျက်စိကို စုံမှိတ်ပြီး ဝင်သက်ကို မှန်မှန်ရှူသည်။ ထွက်သက်ကို မှတ်သည်။ နာသီးဖျားကို ပွတ်၍ ပွတ်၍ သွားသော ထွက်လေ ဝင်လေကို စူးစိုက်၍ ရှုမှတ်ရင်း ခေါင်းထဲတွင် အတန်ငယ် ကြည်လင်လာသည်။

“ဟောဒီမှာ ဝယ်ခဲ့ပါပြီဗျာ၊ အဘွားရဲ့ တစ်မတ်တန် စပါယ်ရှယ် ခေါက်ဆွဲ

စိန်ဗေဒါ၏ အသံကို ကြားသောအခါမှ မျက်စိကို အသာဖွင့်ကြည့်သည်။ စိန်ဗေဒါက သူ့လက်ထဲမှ တစ်လုံးချိုင့်လေးကို မြှောက်ပြရင်း  စားတော့မလား အဘွား  ဟု ပြောသည်။

“နင် ဘယ်က ဝယ်ခဲ့တာလဲ

“ဟိုဘက် လမ်းထိပ်က ကိုအကျုံးဆိုင်ကလေ

“ကိုအကျုံးက ဒီမှာ ဆိုင်ထွက်လို့လား

“ထွက်ပါတယ် အဘွားရဲ့၊ ကျွန်တော့်ကိုတောင် ဝက်သား စဉ်းရင်းကနေပြီး ရွှေသွားကြီး တဝင်းဝင်းနဲ့ ရယ်ပြနေသေးတယ်၊ နောက်ပြီး သူ့မိန်းမကြီး ငါးပိ ခိုးစားလို့တဲ့၊ ‘ချောက်ကန်းမ ချောက်ကန်းမ  နဲ့ ဆဲနေတယ်

“စိန်ဗေဒါရယ် တော်ပါတော့

အဘွားက ရယ်သည်။ အတည်ပေါက် ပြောနေသော စိန်ဗေဒါအား ချစ်စနိုးကြည့်သည်။ ကိုအကျုံး၏ ဆိုင်သည် ရန်ကုန်တွင် မရှိသည်ကိုရော သူ့ထက် အသက် ၃၀ လောက် ကြီးသော ကိုအကျုံးခမျာ လူ့ရပ် လူ့ပြည်တွင် အသက်ထင်ရှား မရှိနိုင်ပြီကိုလည်းကောင်း ကြည်ကြည်လင်လင် သတိရသည်။

“ဟော     အဘွား သတိရ သွားပြီ

“အေး

“ကိုအကျုံး ခေါက်ဆွဲ မဟုတ်ပေမဲ့လည်း ကောင်းပါတယ် အဘွားရဲ့

“ကောင်းလည်း စား၊ မကောင်းလည်း စားပါပဲ ငါ့မြေးရယ်၊ လျှာကြောတွေကလည်း အရင်လို ထက်ထက်မြက်မြက် မရှိတော့ပါဘူး

အဘွားက တရားသံနှင့် အေးဆေးစွာ ပြောသည်။ သူ့ဘေးမှ ထသွားသော ကောလိပ်စိန်ကို ကျေးဇူးတင်စွာ ကြည့်မိသည်။ ကောလိပ်စိန်၏ စကားတစ်ခွန်းသည် တွေဝေထိုင်းမှိုင်းနေသော သူ့ဦးနှောက်ကို ဖျတ်ခနဲ လင်းသွားစေလေသည်။

“အင်း     အခုတော့ သတိရနေတာပဲ၊ ဒါပေမဲ့ နက်ဖြန်ကျလို့ ခေါက်ဆွဲပြုတ် စားချင်ပြန်ရင် ကိုအကျုံးဆိုင် ခိုင်းမိဦးမှာပဲ၊ ငါ့ဦးနှောက်တွေလည်း အကုန်ရောထွေးပြီး အပြားလိုက်ကြီး ဖြစ်နေပြီ ထင်ပါရဲ့

အဘွား တွေး၍ ကောင်းဆဲမှာပင် အမာစိန် ရောက်လာသည်။ အဘွား၏ ခြေသလုံးကို သူ့လက်ကလေး နှစ်ဖက်နှင့် ဝင်နှိပ်သည်။ စားပွဲပေါ်က ခေါက်ဆွဲချိုင့်ကို မြင်သောကြောင့် ဖြစ်သည်။

“ဘွားဘွားကြီး

“အင်း

“ခေါက်ဆွဲ စားသေးဘူးလား

“စားသေးပါဘူးကွယ်

“ဘွားဘွားကြီး စားရင် တမီးလည်း စားမယ်နော်

“အေး အေး စားရမယ်

“အများကြီး စားမယ်နော်

“အေး အေး

အမာစိန်က ဟေး ခေါက်ဆွဲ စားရမယ် ဟု အော်ကာ ထွက်ပြေးသွားသည်။ အဘွားက ဆက်၍ တွေးသည်။

“အင်း လူတွေ လူတွေ၊ လျှာ အရသာလေးကို တပ်မက်လိုက်ကြ၊ မျက်စိ အရသာလေးကို မက်လိုက်ကြ၊ နားအရသာလေးကို မက်လိုက်ကြ ဘုရား ဘုရား

ဒုက္ခရဲ့ အရင်းခံ ဒီခန္ဓာတဲ့။ အပူက ပေးတဲ့ ဒုက္ခ။ အအေးက ပေးတဲ့ ဒုက္ခ။ ဒုက္ခမှန်သမျှကို ဒီခန္ဓာကြီးက ခံယူနေရတယ်။ မအိုချင်ဘူး ဆိုလည်း မရ၊ သူက အိုတယ်။ မနာချင်ဘူး ဆိုလည်း မရ၊ သူက နာတယ်။ ကိုယ် မဖြစ်ချင်တာတွေကို သူက ဖြစ်တယ်။ ဟော ပြောရင်းဆိုရင်း ဗိုက်က နာလာပြီး၊ မနာပါနဲ့လို့ တားလို့ မရဘူး။

ရစ်ပြီး နာလာသော ဗိုက်ကို အဘွားက လက်နှင့် မသိမသာ ထောက်ထားသည်။ အိမ်သာသို့ မသွားချင်သေး၍ ပေပြီး ထိုင်နေသည်။ သည်နေ့ ဝမ်းသွားပြီး ပြီလား၊ မသွားရသေးဘူးလား စဉ်းစားသည်။ မနက်က သွားမိသလိုလို၊ မသွားမိသလိုလိုနှင့် စိတ်ထဲတွင် မသေချာချေ။

“စိန်ဗေဒါ

“ခင်ဗျာ    အဘွား

“ငါ မနက်က အိမ်သာတက်သလားဟဲ့

“အဟီး    အဲဒါတော့ ကျွန်တော် မသိဘူး

စိတ်ထဲတွင် တစ်ခုခု မသေချာလျှင် ချက်ချင်း မေးတတ်မြဲ ဝါသနာမို့ မေးလိုက်သည်။ စိန်ဗေဒါ ရယ်တော့မှ အဘွားလည်း သူ့ကိုယ်သူ ပြုံးမိလေသည်။

“အေး    ဟုတ်သားပဲ၊ နင် ဘယ်သိမလဲ

အဘွားက နှုတ်ခမ်းရှုံ့ရှုံ့လေး နှစ်လွှာကို စုကာ ပြုံးသည်။ အံဆွဲထဲမှ စက်ကလေးတစ်ခု ထုတ်ကာ တတီတီ နှိပ်နေသော စိန်ဗေဒါအား အတန်ကြာအောင် ငေးကြည့်နေသည်။ ရစ်ပြီးနာသော ဗိုက်ကလည်း ခဏငြိမ်သွားသည်။

“ဟိုနေ့က စာအုပ်ကလေး ဆက်ပြီး ဖတ်ပြပါဦး ငါ့မြေးရဲ့

“အနာဂတ် သာသနာလား အဘွား

“အေး အေး

စိန်ဗေဒါက စက်ကလေးကို အံဆွဲထဲ ပြန်ထည့်ကာ ဘုရားစင်အောက်ရှိ စာအုပ်စင်မှ စာအုပ်တစ်အုပ် ဆွဲယူလာသည်။ အဘွားဘေးတွင် တင်ပျဉ်ခွေ လာထိုင်ပြီး စာအုပ်ကို ဖွင့်သည်။

“ဟိုနေ့က အနတ္တလက္ခဏ သုတ်တော် ဖတ်ပြီးပြီနော် အဘွား

“အေး

“ဒီနေ့ ပဋိစ္စ သမုပ္ပါဒ် တရားတော် ဖတ်ပြမယ်နော်

“အေး

“ဘဝကြောင့် ဇာတိ ဖြစ်ရ၏။ ဇာတိကြောင့် ဇရာမရဏလည်း ဖြစ်ရ၏။ ဝမ်းနည်းမှု၊ ငိုကြွေးမှု၊ ကိုယ်ဆင်းရဲမှု၊ စိတ်ဆင်းရဲမှု ပြင်းစွာ ပင်ပန်းလည်း ဖြစ်ကြရ၏ တဲ့

စိန်ဗေဒါက အစီအစဉ်အတိုင်း မဖတ်ဘဲ သူ့မျက်စိနှင့် တန်းရာကို ပထမ ဖတ်ပြသော်လည်း အဘွား စိတ်ကြည်လင်တုန်းမို့ နားထဲသို့ ချောမောစွာ ဝင်သည်။ ဦးနောက်ထဲအထိ ရောက်သည်။

“အဝိဇ္ဇာကြောင့် သင်္ခါရ ဖြစ်တယ်တဲ့၊ ဥပမာဆိုရင် မျက်လုံးနှစ်ဖက် ပျက်နေသူသည် လမ်းပြမည့်သူ မရှိလျှင် တစ်ခါတစ်ရံ လမ်းမှန်ဖြင့် ခရီးသွားမိ၏။ တစ်ခါတစ်ရံ လမ်းမှားဖြင့်လည်း ခရီးသွားမိ၏။ ထို့အတူ သံသရာ၌ ဉာဏ်မျက်စိ ကင်းသော လူဖျင်းသည် ရံခါ ကောင်းမှုကို ပြုမိ၏။ ရံခါ မကောင်းမှုကိုလည်း ပြုမိလေသည် တဲ့

အဘွားသည် မျက်စိလေး မှေးကာ စူးစိုက်နားထောင်သည်။ သံသရာ၌ ကျင်လည်ကြကုန်သော လောကသားတို့အား ပိန်းပိန်းပိတ်အောင် အမှောင်ချထားလေ့ ရှိသော အဝိဇ္ဇာ အမှောင်ထုကို လှစ်ခနဲ မြင်လိုက်သည်။

“အဝိဇ္ဇာ ဖုံးပြီး ဉာဏ်မျက်စိ ကင်းတဲ့ ဟောဒီက လူအိုမ၊ အဖျင်းမကြီးကို ကယ်တော်မူပါ ဘုရား

အဘွားက စိတ်ထဲက ရေရွတ်သည်။ အရေးထဲ ဗိုက်က နာလာပြန်သည်။ ဒီတစ်ခါတော့ အိမ်သာ မသွား၍ မဖြစ်တော့။ စိန်ဗေဒါကို ခဏနေဦး ဟူသော သဘောနှင့် လက်ကာ၍ ထားပြီး ပက်လက်ကုလားထိုင် လက်ရန်းကို ထောက်ကာ ထသည်။ သို့သော် လက်အားက မသန်။ လူအားကလည်း မရှိတော့။ တစ်ကိုယ်လုံး ကြွမလာပေ။ အောက်ဘက်တွင် ခဲဆွဲထားသလို လေးလံနေသည်။

“အင်း အိုပြီ အိုပြီ

အဘွားက နှုတ်ခမ်းရှုံ့ရှုံ့လေးကို စုကာ အားယူယင်း ထရန် ကြိုးစားပြန်သည်။

“အဘွား ထမလို့လား၊ ကျွန်တော် ထူပေးမယ်လေ

စိန်ဗေဒါက အဘွားကို ဆွဲထူသည်။ အဘွားက အားယူသည်။ ထိုစဉ်တွင်ပင် ခေါင်းထဲ၌ ရိပ်ခနဲ ဖြစ်သွားပြီး လူက ပြန်ပြီး လန်ကျသွားသည်။ ပက်လက်ကုလားထိုင် ဖျင်သားနှင့် သူ့ကျောပြင် ပြန်၍ ထိလိုက်သည်ကို သိသော်လည်း ကိုယ့်ကိုယ်ကိုယ် မထိန်းနိုင်။ တရိပ်ရိပ် မူးပြီး မိုက်ခနဲ ဖြစ်သွားသည်။ စိန်ဗေဒါ၏ အော်သံကိုတော့ ဝေဝေဝါးဝါးနှင့် သဲ့သဲ့မျှ ကြားလိုက်ရလေသည်။

“အမေရေ၊ အမေ ဟောဒီမှာ အဘွား ဘာဖြစ်လဲ မသိဘူး၊ လာပါဦး။ အစ်မရေ ကောလိပ် လာကြပါဦးဟ

***

စိန်ဗေဒါ၏ အောက်သံကြားတော့ ဒေါ်မြရင်သည် ဟင်းအိုးမွှေနေသော ဖွန်းခွက်ကြီးကို ‘ဂလွမ်  ခနဲ ပစ်ချလိုက်သည်။ ဟင်းစကျွေးစများ အတန်ငယ် ပေရေနေသော လက်နှစ်ဖက်ကို တင်ပါးနှင့် ပွတ်သပ်လိုက်ရင်း ကပျာကသီ ပြေးထွက်ရန် ပြင်သည်။ လမ်းသွက်သွက် လျှောက်လျှင် နာလေ့ရှိသော ဒူးကိုလည်း သတိမရတော့။ မီးဖိုခန်းအပြင် ရောက်တော့ အိပ်ပဲ့အိပ်ပဲ့နှင့် ပြန်ပြီး ပြေးဝင်လာကာ ဆန်ခါထဲမှ သံပုရာသီး တစ်လုံးကို ယူသည်။ အမေက သံပုရာသီးနံ့ကို ကြိုက်တတ်သောကြောင့် ဖြစ်သည်။

“အဘွား     အဘွား     သတိရရဲ့လား

ကောလိပ်စိန်နှင့် စိန်ဗေဒါတို့က သူတို့အဘွားကို ထူရမလို ပွေ့ရမလိုနှင့် ပက်လက်ကုလားထိုင်ဘေးတွင် ကုန်းကုန်းကွကွ ရပ်ရင်း အော်နေကြသည်။

“အမေ အမေ မူးသလားဟင်

ဒေါ်မြရင်ကလည်း စိုးရိမ်တကြီး ဝင်အော်သည်။ ဘေးဘက်သို့ စောင်းကာ လည်ကျနေသော အဘွား၏ခေါင်းကို လက်တစ်ဖက်နှင့် ထိန်းကာ တည့်လိုက်သည်။

သံပုရာသီးလေးကို ကုလားထိုင် လက်ရန်းပေါ်တွင် ကျန်လက်တစ်ဖက်နှင့် လိမ့်လိုက်ပြီးမှ အဘွားဓ၏ နာဝတွင် တေ့လိုက်သည်။ ဒီတော့မှ စိန်ဗေဒါကလည်း စက္ကူခေါက်နှင့် အဘွားကို ယပ်ခတ်သည်။ ကောလိပ်စိန်ကလည်း

"ဟဲ့ အမာစိန် အခန်းထဲက အုန်းဆီပုလင်း ယူခဲ့စမ်း ဟု ပါးစပ်က အော်ရင်း ကိုယ်တိုင် ပြေးယူသည်။ အဘွား၏ ဆံဖြူဖြူ ကျဲကျဲလေးများကို ဖြဲပြီး ငယ်ထိပ်တွင် အုန်းဆီ ရွဲရွဲ လောင်းချလိုက်သည်။

"ဖေဖေကြီးရေ ဘွားဘွားကြီး မူးလို့တဲ့၊ လာပါဦး

အမာစိန်က အိမ်ရှေ့ထွက်ကာ အော်လေတော့ မျက်စောင်းထိုးအိမ်တွင် စစ်တုရင် သွားထိုးနေသော ဦးဘကျော်လည်း ကတိုက်ကရိုက် ပြန်ရောက်လာသည်။

"ဟ သံပုရာသီး ရှူနေရုံနဲ့ ပြီးမလား၊ စိန်ဗေဒါ သွား ဆရာဝန် သွားခေါ်စမ်း

စိန်ဗေဒါက သူ့အဖေ၏ စကားကို ကြားသော် လက်ထဲမှ သတင်းစာခေါက်ကို ကြမ်းပေါ်သို့ ဖတ်ခနဲ ပစ်ချလိုက်သည်။ ပြေလျော့နေသော ပုဆိုးကို ပြင်ဝတ်ရင်း ဒေါ်မြရင်အား လှမ်းကြည့်သည်။ ဆရာဝန် ခေါ်လျှင် ခြေကြွခ ပေးရမည်။ သူ့အမေ လက်ထဲတွင် ပိုက်ဆံ မရှိတော့ကြောင်း သူ သိသည်။

စိန်ဗေဒါက သတိရသော်လည်း ဒေါ်မြရင်ကမူ သူ၏ ဘတ်ဂျက် အခြေအနေကို သူ

သတိမရပေ။ လကုန်ရက် တဖြည်းဖြည်း နီးလာသလို ငွေလက်ကျန်က နည်းနည်း လာတတ်သည်။ မနက်က စျေးဝယ်ပြီးတော့ လက်ကျန်ငွေ ငါးကျပ်နှင့် အကြွေအချို့သာ ရှိတော့သည်။ စိန်ဗေဒါက ခေါက်ဆွဲဖိုးလေး တောင်းတော့ ထိုငါးကျပ်ကို ထုတ်ပေးခဲ့ရပြီ ဖြစ်လေသည်။ အင်း လကုန်ဖို့ကလည်း နှစ်ရက်၊ ငွေ လက်ကျန်က ရှစ်ဆယ့်ငါးပြား၊ ပါးစပ်က ရှစ်ပေါက် ဟု တွက်ကာ ပွက်ပွက်ဆူနေသော ထမင်းအိုးကို ကြည့်ပြီး ငိုင်နေမိသေးသည်။

သို့သော် ကြောင်အိမ်ထဲတွင် ငါးဖောင်ရိုးခြောက် နည်းနည်းနှင့် အာလူးတစ်ပိဿာခန့် ရှိနေသေးတော့ သိပ်တော့မပူ။ ဆီကလည်း ၁၅ ကျပ်သားခန့် ရှိသေးသည်။ ကုလားပဲလည်း ရှိသည်။ ဘဲဥ သုံးလုံး ရှိသည်။ လကုန်သည်အထိတော့ အာလူးနှင့် ပဲကို ရေလဲနှင့် စားသွားနိုင်သည်။ သို့သော် အရေးဟဲ့ အကြောင်းဟဲ့ ဆိုလျှင် ငွေ ၈၅ ပြားနှင့် ဘာမှ မလုပ်တတ်။ သူ့ယောက်ျား ဦးဘကျော်ကလည်း ဘာမှ သိတတ်သူ မဟုတ်။ လကုန်ရက်မို့ ညှော့သည်လာလျှင် လက်ဖက်ရည် ဝယ်ချေပါကွ ဟု ခိုင်းတတ်လား ခိုင်းတတ်ရဲ့။ လမ်းပေါ်မှ မုန့်ဖက်ထုပ်သည်ကို လှမ်းခေါ်ပြီး မမြရေ ပိုက်ဆံ ယူခဲ့ပါဟ ဟု အော်တတ်လား အော်တတ်ရဲ့မို့ ငွေလက်ကျန် နည်းလျှင် ဒေါ်မြရင်ခမျာ ရင်ခုန်ရမြဲ ဖြစ်သည်။ သို့သော် ယခုတော့ သူ့အိတ်ထဲမှ အကြွေကို သူ သတိမရ။

"ဟဲ့ စိန်ဗေဒါ ဘာကြည့်နေတာလဲ၊ သွားလေ၊ မြန်မြန်သွား ဟု အော်လေသည်။

"ဒေါက်တာ လှဝေ ခေါ်လိုက်ရမလား အဖေ

"အေး အေး ဘယ်သူဖြစ်ဖြစ်

စိန်ဗေဒါလည်း အိမ်ပေါ်မှ ခပ်သုတ်သုတ် ဆင်းသွားသည်။ လမ်းထိပ်ကျူရှင်မှ ပြန်လာသော ရွှေနှင်းဆီ၊ ရွှေလိပ်ပြာတို့နှင့် လှေကားအတက်အဆင်းတွင် ဆုံမိတော့ "သွား သွား မြန်မြန်သွားကြ ဟိုမှာ အဘွား မူးလဲလို့ ဟု မျက်ကလဲဆန်ပျာနှင့် အော်သွားသည်။ ရွှေနှင်းဆီတို့လည်း ထိတ်ထိတ်ပျာပျာနှင့် ပြေးတက်လာကာ "အဘွားရေ   အဘွား  ဟု အော်ကြလေသည်။

ရွှေနှင်းဆီတို့ အအော် ကောင်းသလားတော့ မသိ။ အဘွားက  အင်း  ခနဲ ညည်းလာသည်။ နှုတ်ခမ်းရှုံ့ရှုံ့လေးကို စုကာ  ကျွတ် ကျွတ် ကျွတ်  ဟု စုပ်သပ်သည်။

"ဟော    ဟော သတိရပြီ သတိရပြီ

ဒေါ်မြင့်ရင်က ဝမ်းသာအားရ ဖြစ်သွားသည်။ သူ့လက်ထဲမှ သံပုရာသီးကို အဘွား၏ နှာခေါင်းဝနှင့် ပိုမိုနီးကပ်စွာ တေ့ပေးသည်။ အဘွားက ခေါင်းကို မသိမသာ ယမ်းကာ သဲ့သဲ့လေး ပြောသည်။

"နံတယ်

"ဘာလဲ အမေ

"နံတယ် နံတယ်

"အမေ အမေ ဘာပြောတာလဲ

"နံတယ်ဟဲ့၊ ငါးပိစော် နံတယ်ဟဲ့ ဗိုင်းနာမရဲ့

အဘွားက အသံသဲ့သဲ့လေးနှင့် ဆဲသည်။ သံပုရာသီး ကိုင်ထားသော ဒေါ်မြရင်၏ လက်ကို မလှုပ်တလှုပ်နှင့် တွန်းထုတ်သည်။ ဒေါ်မြရင်လည်း မျက်လုံးပြူးသွားပြီး သူ့လက်ကိုသူ ဆတ်ခနဲ ရုပ်ကာ နမ်းကြည့်မိသည်။

"ဟောတော့

"နံနေလို့လား အမေ ကောလိပ်စိန်က မေးသည်။

"ခုနတုန်းက ဒီလက်နဲ့ ငါးပိအိုး နှိုက်ထားတာ

ငါးပိနံ့ တထောင်းထောင်း ထနေသော သူ့လက်ကိုသူ စိတ်ပျက်စွာ ကြည့်မိသည်။ ငါးပိနံ့ကို နည်းနည်းမျှ မကြိုက်သော မိခင်ကို မူးပါသည် ဆိုမှ ငါးပိမှိုင်းတိုက်မိ၍ ငိုချင်စိတ် ပေါက်သွားသည်။

"မမြကတော့ လုပ်ပြီကွယ်

"မေ့သွားတာကိုးတော်

"သတိထားမှပေါ့ကွာ

"အင်း တော် မူးရင်တော့ စိတ်ချ၊ ငါးပိစော် မနံစေရဘူး

ဒေါ်မြရင်က စိတ်တိုတိုနှင့် ခင်ပွန်းသည်အား အပေါက်ဆိုးနှင့် မှုတ်လေသည်။ ခုနတုန်းက ထိတ်ထိတ်ပျာပျာ ဖြစ်ခဲ့သော ကောလိပ်စိန်တို့ သားအမိတစ်တွေလည်း ခုမှ ပြုံးနိုင်ကြသည်။ အဘွားက မျက်စိ ဖွင့်ကြည့်တော့ အမာစိန်က ဟော ဘွားဘွားကြီး နေကောင်းပြီ ဟု ဝမ်းသာအားရ အော်လေသည်။

“ဗိုင်းနာမ၊ ရုပ်တေးမ၊ ငါပိပုပ်မ

အဘွားက ဒေါ်မြရင်အား မျက်စောင်းခဲသည်။ နေရာမှ ထနိုင်အား ရှိလျှင် ခေါင်းကို လှမ်းခေါက်မည့်မှာ သေချာသည်။ အခါတိုင်း သူ့အမေ ဆူလျှင် ဆဲလျှင် ဒေါ်မြရင်က ရယ်မောသည်းခံ နေတတ်သော်လည်း နားထောင်ကောင်းသည်ဟု မထင်တတ်ပေ။ ခုတစ်ခါ ထူးထူးခြားခြား သာယာနေသည်။ ဒီထက်အားရှိလျှင် ဒီထက်ကျယ်ကျယ် ဆဲနိုင်လျှင် ပိုကောင်းမည်။ အမေ့အသံ ကျယ်လာခြင်း၊ မာလာခြင်းများသည် အမေ နေကောင်းကြောင်း ပြရုပ်များ ဖြစ်သည်။

“နံ့ပါတယ် ဆိုမှ နှာခေါင်း၀ လာတေ့ပြီး ရှူခိုင်းတယ်၊ ဆတ်ဆလူးမ၊ ဗိုင်းနာမ

အဘွားက ဆဲပြန်သည်။ သားအမိ၊ မြေးအဘိုးတစ်တွေသည် အဘွားဘေးတွင် ဝိုင်းရင်း ဒေါပွနေသော အဘွားကို ကြည့်၍ ကောင်းကောင်းနှင့် ကြည့်နေကြသည်။ ဆဲသံကိုလည်း နားထောင်၍ ကောင်းကောင်းနှင့် တပြုံးပြုံး နားထောင်နေကြသည်။

“ဟောဗျာ အဘွား နေကောင်းသွားပြီလား

အိမ်ပေါ်သို့ လှမ်းတက်လာသော စိန်ဗေဒါက ပြောသည်။ သူ့နောက်တွင် ဆရာဝန် ပါသည်။ ဆရာဝန်ကို မြင်လိုက်တော့ ဒေါ်မြရင် မျက်လုံးပြူးသွားသည်။ ခုမှပင် သူ၏ ဘတ်ဂျက်အခြေအနေကို သူ သတိရတော့သည်။ ဘော်လီအင်္ကျီအိတ်ကို ယောင်ယမ်းပြီး စမ်းမိတော့ ဆယ်ပြားစေ့ ခြောက်စေ့နှင့် ငါးပြားစေ့ ငါးစေ့က

တချွင်ချွင်ချွမ်ချွမ် မြည်လာကြသည်။

"ဘာဖြစ်လို့လဲ အဘွား မူးသလား၊ မောသလား၊ ဗိုက်နာသလား၊ ခေါင်းကိုက်သလား ဖြစ်တာ အကုန် ပြော၊ အကုန် ပျောက်အောင် ကုပေးမယ်

"ဘာမှ မဖြစ်ဘူး

ခပ်ရွှင်ရွှင် နှုတ်ဆက်သော ဆရာဝန်ကို အဘွားက မျက်မှောင်ကုတ်ကြည့်ရင်း ဘုတောလေသည်။ ဆရာဝန်က တစ်ရပ်ကွက်လုံး သုံးသော ဆရာဝန်၊ သဘောကောင်းသူ၊ ပျော်တတ်သူမို့ အဘွားကို ဖွေမယူဘဲ တဟားဟားရယ်သည်။

"ဒုက္ခပဲ ဆီကြွေး၊ ဆန်ကြွေး မှတ်သလို ဆရာဝန်ကြွေးလည်း လကုန်မှ ယူပါလို့ မှတ်ခိုင်းလို့ ရရင် ကောင်းမယ်

ဒေါ်မြရင်ကတော့ ဆရာဝန်ကို အားနာဖို့ သတိမရ။ ဆရာဝန်နှင့်အတူ လိုက်ရယ်ရန်လည်း သတိမရ။ ခပ်ငူငူ ခပ်ငိုင်ငိုင် ဖြစ်နေသည်။ အဖေကြီး ဆီမှာများ ရှိဦးမလား ဟူသော အတွေးနှင့် ဦးဘကျော်၏ ရုပ်အင်္ကျီအိတ်ထဲ လှမ်းကြည့်သည်။ ငါးကျပ်တန်လေး တစ်ရွက် တွေ့သည်။ ဆရာဝန်ခြေကြွခသည် ငါးကျပ်မကပေ။ စိန်ဗေဒါတွင်လည်း ကျပ်တန် သုံးလေးရွက်အပြင် ရှိမည် မဟုတ်။ ခုနကပင် အမေ အဘွားက ခေါက်ဆွဲပြုတ်တဲ့၊ ကျွန်တော့်မှာ သုံးကျပ်တည်း ရှိတော့တယ်၊ ပေးပါဦး ဟု ပြောသွားခဲ့သည်။ ကောလိပ်စိန်ကတော့ သိပ်ပြီး အားမကိုးလောက်။ သူက သူ့သမီး သုံးယောက် ကျောင်းလခနှင့်၊ မုန့်ဖိုးနှင့် စာအုပ်ဖိုးနှင့် လုံးလည်ချာလည် လိုက်နေသူ ဖြစ်သည်။ လကုန်ခါနီးကျရလျှင် သူ့သမီးတွေ စဘူးထဲက ငွေအကြွေများကို ဇာဂနာနှင့် ပြန်ပြီး နှိုက်ထုတ်တတ်သောသူ ဖြစ်သည်။ လခထုတ်တော့ အမေ

ပြန်ထည့်ပေးမယ်နော် သမီး  ဟူသော ချွေးသိပ်သံကို လတိုင်း ကြားရတတ်သည်။

“သွေးပေါင်ချိန်က နည်းနည်း များတယ်၊ ကိစ္စမရှိပါဘူး၊ နလုံးလည်း ကောင်းပါတယ်၊ အဘွားက လူကြီးမို့ အထိုင်အထမှာ နည်းနည်းမူးတာပါ၊ ကျွန်တော် အားဆေးလေး ထိုးပေးခဲ့မယ်လေ

ဆရာဝန်က ပြောသည်။ ဆေးထိုးမည် ဆိုတော့ ရေနွေး လိုမှာပေါ့ ဟူသောအတွေးနှင့် နောက်ဖေးဘက်သို့ ထွက်ခဲ့သည်။ ကောလိပ်စိန်ကိုတော့ အသာအနားကပ်ပြီး လက်ကုတ်၍ ခေါ်ခဲ့လေသည်။

“သမီးမှာ ပိုက်ဆံ ရှိသေးလား

“နည်းတော့ နည်းနေပြီ အမေရေ့

ကောလိပ်စိန်က သူ့ပိုက်ဆံအိတ်ကို ပြေးယူကာ ဖွင့်ကြည့်သည်။ ကျပ်တန် လေးရွက်၊ မတ်စေ့ တစ်စေ့၊ ဆယ်ပြားစေ့ နှစ်စေ့၊ ငါးပြားစေ့ သုံးစေ့။

“ဆရာဝန် ခြေကြွခ ပေးစရာ မရှိဘူးဟဲ့

“ဟောတော်

ကောလိပ်စိန် မျက်လုံးပြူးသွားသည်။ ဆရာဝန် အိမ်ပင့်ပြီး ဆေးကုခိုင်းကာ ငွေ မပေးဘဲ ပြန်လွှတ်၍တော့ မသင့်တော်လှ။

"အမေ့မှာ မရှိတော့ဘူးလား

ဒေါ်မြရင် ခေါင်းယမ်းပြသည်။ ရှစ်ဆယ့်ငါးပြား ဟု တိုးတိုးပြောသည်။ လဆန်းလျှင် ဦးဘကျော် ပင်စင်လခ သုံးရာ၊ ကောလိပ်စိန်တို့ လင်မယားဆီမှ ငါးရာ၊ စိန်ဗေဒါဆီမှ တစ်ရာ့ငါးဆယ်၊ စုစုပေါင်း ကိုးရာ့ငါးဆယ် သူ့လက်ထဲ ရောက်လာသော်လည်း တော်ကြာ ဆီဖိုး၊ တော်ကြာ ဆန်ဖိုး၊ တော်ကြာ ရေနံဆီဖိုး၊ မီးသွေးဖိုး၊ တော်ကြာ ဆပ်ပြာဖိုး၊ တော်ကြာ လျှပ်စစ်မီတာဖိုးနှင့် လျှောခနဲ လျှောခနဲ ပြန်၍ ထွက်သွားကြသည်။ သူ့မှာ တစ်ရက် ကုန်သွားလျှင် အသက်တစ်ရက် ကြီးလာပြီ၊ သေမင်းနဲ့ တစ်ရက် နီးလာပြီ ဟု တရားမကျနိုင်၊ ဝမ်းမနည်းနိုင်ဘဲ တစ်ရက် ကုန်သွားပြန်ပြီ လကုန်ဖို့ တစ်ရက် နီးလာပြီဟဲ့ ဟု ဝမ်းသာနေရသည်။

"အဖေ့ဆီမှာရော

"သူ့အိတ်ထဲမှာတော့ ငါးကျပ်ပဲ တွေ့ခဲ့တယ်

ဦးဘကျော်က တစ်လတစ်လ သူ့အသုံးကို ငွေအစိတ်တည်းသာ ယူသူ ဖြစ်သည်။ ထိုငွေအစိတ်ထဲမှ ဆေးလိပ်ဖိုး၊ ကွမ်းယာဖိုး သုံးသည်။ သူ့မြေး သုံးယောက်ကို ရသာသကြားလုံး ဝယ်ကျွေးသည်။ တစ်ခါတစ်ရံတော့ ဈေးထိပ်က လက်ဖက်ရည်ဆိုင်မှာ ပဲပလာတာ စားတတ်သည်။ ဒါ့အပြင် အသုံးမရှိ။ တစ်ခါတစ်ရံ အသုံးနည်း၍ တစ်ဆယ်၊ ဆယ့်ငါးကျပ် ကျန်နေပါကလည်း ဒေါ်မြရင်က ဈေးဖိုး မလောက်ဘူး၊ ပေးပါဦး အဖေကြီးရယ် ဟု ခပ်ချွဲချွဲ ပြောကာ နှိုက်ယူတတ်သည်။

"သမီးတွေ စုဘူးထဲက နှိုက်လိုက်မယ်လေ

"အကြွေတွေ သမီးရယ်

သားအမိ နှစ်ဦးသား တစ်ဦးကိုတစ်ဦး ကြည့်ကာ သက်ပြင်းချမိကြသည်။

"ကိုသက်ဆီမှာတော့ ဆယ့်ငါးကျပ် ကျန်သေးတယ်၊ ဒါပေမဲ့ သူက မိုးချုပ်မှာ

ကောလိပ်စိန်၏ ယောက်ျား အေးမောင်သက်က ကုန်းလမ်းသယ်ယူပို့ဆောင်ရေးတွင် လုပ်သည်။ တစ်နေ့နေ့ တစ်ချိန်ချိန် အလုပ်မှ အနားယူလျှင် ရှေ့နေ ဖြစ်ရန် ကြိုးပမ်းနေသူမို့ ညနေပိုင်းတွင် ဥပဒေသင်တန်း တက်သည်။

"ဖေဖေကြီးက အပ်ပြုတ်ဖို့ ရေနွေးဇလုံရယ်၊ လက်ဆေးဖို့ ဇလုံရယ်၊ ဆပ်ပြာရယ်၊ လက်သုတ်ပုဝါရယ် ယူခဲ့ပါတဲ့

ရွှေလိပ်ပြာက အိမ်ရှေ့မှ စကားကို သယ်ယူရင်း သူတို့အနား ရောက်လာသည်။ သူတို့က ဂရုမစိုက်နိုင်သေးဘဲ တစ်ဦးကိုတစ်ဦး မျက်လုံးပြူးကြည့်ရင်း အဖြေရှာနေကြသည်။

"နေဦး နေဦး၊ သတိရပြီ၊ အေးအေးလွင်ဆီ ပြေးလိုက်မယ်

ကောလိပ်စိန်က သုတ်ခနဲ ထွက်သွားသည်။ အေးအေးလွင်သည် ခြေရင်းတစ်အိမ်ကျော်မှ သင်္ဘောသားကတော် ဖြစ်သည်။ သူ့ယောက်ျား ပို့ပေးသော အင်္ကျီလှလှများ၊ ဒေါက်မြင့်ဖိနပ်များကို ကောလိပ်စိန်အား ပြသပြီး ဝယ်မလား ဟု ရောင်းချလေ့ရှိသည်။ ကောလိပ်စိန်က သူကိုယ်တိုင် မဝယ်နိုင်၊ မဝတ်နိုင်သော်လည်း သူ အလုပ်လုပ်သော ရုံးသို့ ယူသွားပြီး တစ်ဆင့် ပြသရောင်းချ ပေးလေ့ရှိသည်။ သူ့အရေးတွင် ကိုယ်က ကူညီခဲ့သူမို့ ကိုယ့်မှာ အရေးကြုံသော အချိန်လည်း သူက ကူညီလိမ့်မည် ထင်သည်။

“မေမေကြီး ရေနွေး

“အေး အေး

ရွှေလိပ်ပြာက ရှစ်နှစ် ရှိပြီမို့ ချက်ချက်ချာချာ လုပ်တတ်ကိုင်တတ်နေပြီ ဖြစ်သည်။ ယခုလည်း လင်ဗန်းထဲတွင် ရေဇလုံ နှစ်လုံးကို အသင့်ချထားသည်။ ဇလုံထဲတွင် ဆရာဝန် လက်ဆေးရန် ရေအေးကို အသင့် ထည့်ထားသည်။ ကြောင်အိမ် အံဆွဲကို ဖွင့်ပြီး သူတို့ထမင်းဘူး ထုပ်သော လက်သုတ်ပဝါလေးကို ထုတ်ကာ ခါပြီး ပြန်ခေါက်သည်။

ဒေါ်မြရင်က ကြောင်အိမ်ပေါ်က ဓာတ်ဘူးကို လှမ်းယူပြီး ရေနွေးလက်ကျန်လေးကို ဇလုံထဲသို့ သွန်ချလိုက်သည်။ ဓာတ်ဘူးက သိပ်မလုံတော့၊ ကောင်းကောင်း မပူချင်တော့ပေ။ သို့သော်လည်း မတတ်နိုင်။ ခုအချိန်မှ မီးသွေးမီးဖိုကြီးကို မွှေးရလျှင် နောက်ထပ် တစ်နာရီလောက်နေမှ ရေနွေးရမည် ဖြစ်လေသည်။

“မေမေကြီး ဆပ်ပြာ

“အေး ခက်တာပဲ

အိမ်တွင် ကိုယ်တိုက်ရန် ဆပ်ပြာ ကုန်နေသည်မှာ အတော်ကြာနေပြီ ဖြစ်သည်။ လကလည်း ကုန်ခါနီးမို့ ပိုက်ဆံကုန် မခံတော့ဘဲ အဝတ်လျှော်သော ရွှေဝါဆပ်ပြာကိုသာ ခပ်လွယ်လွယ် တိုက်လိုက်ကြသည်။ ဆရာဝန် လက်ဆေးရန်ကိုတော့ ဗင်နိလီးယားတို့၊ လပ်(စ်)တို့ မတတ်နိုင်လျှင်တောင် မွှေးဆပ်ပြာလောက်တော့ ပေးနိုင်သင့်သည်။ သို့သော် မတတ်နိုင်။ ဆရာဝန်ကို ရွှေဝါဆပ်ပြာနှင့် လက်မဆေးရဟု မည်သူမျှ ဥပဒေ ထုတ်ထားသည် မဟုတ်။

“ရွှေဝါလည်း ကြေး(ဂျီး) စင်တာပါပဲတော်

နေ့ခင်းက အဝတ်လျှော်ပြီး စည်ပိုင်းဘေးတွင် သည်အတိုင်း ချထားမိသဖြင့် ရေနူးကာ အိနေသော ရွှေဝါဆပ်ပြာတုံးကို လက်ဖက်ရည် အောက်ခံပန်းကန်ပြားထဲ ထည့်သည်။

“ကဲ ရော့ ငါ့မြေးက ဆပ်ပြာနဲ့ လက်သုတ်ပဝါ ယူခဲ့၊ မေမေကြီးက ရေဇလုံတွေ ယူခဲ့မယ်

ပစ္စည်းပစ္စယတွေ သယ်ခဲ့ပြီး အိမ်ရှေ့စားပွဲပေါ်တွင် ချသည်။ အဆင်သင့်လျှင် ကောင်းနေပြီး နာချင်လျှင် ချက်ချင်းနာတတ်သော ညာဘက်ဒူးက တဆစ်ဆစ်နှင့် နာလာသည်ကို သတိထားမိသည်။ သို့သော် ဂရုမစိုက်သေး။ ပိုက်ဆံမရခဲ့ရင်တော့ ဒုက္ခပဲ ဟူသော အတွေးက ခေါင်းထဲတွင် ဆူဝေနေသည်။ ငါ ဘာမှ မဖြစ်ဘူး၊ ဘာလို့ ဆေးထိုးရမှာလဲ ဟု အသံကလေး တုန်တုန်နှင့် အော်နေသော အဘွားအား

လည်းကောင်း၊ မနာစေရပါဘူး အဘွားရဲ့၊ အပ်ထက်ထက်ကလေးနဲ့ စပါယ်ရှယ် ထိုးပေးမှာပါ ဟု ပြောသော ဆရာဝန်အား လည်းကောင်း၊ အဘွားက စပါယ်ရှယ် ဆိုရင် အကြိုက်ပါပဲဗျာ၊ စပါယ်ရှယ် ဆေးထိုးပြီးရင် စပါယ်ရှယ် ခေါက်ဆွဲ စားမှာလေ ဟု နောက်နောက်ပြောင်ပြောင် ပြောသော စိန်ဗေဒါအား လည်းကောင်း စိတ်မဝင်စားနိုင်။ သူ့မျက်စိက အိမ်ပေါက်ဝသို့သာ ရောက်နေသည်။

"ဟော

လမ်းပေါ်တွင် ခပ်သုတ်သုတ် လျှောက်လာသော ကောလိပ်စိန်ကို မြင်တော့ ရင်ထဲတွင် ဒိတ်ခနဲ ဖြစ်သွားသည်။ စိုးရိမ်တကြီး အကဲခတ်မိသည်။ ကောလိပ်စိန်က အိမ်အဝင်ဝ အုတ်လှေကား သုံးထစ်ကို လှမ်းတက်လာရင်း မသိမသာ ခေါင်းညိတ်ပြသည်။

"ဟင်း ဘုရားကယ်ပေလို့

ဒေါ်မြရင်၏ ရင်ထဲက အလုံးကြီး လျှောကျသွားသည်။ သက်ပြင်းကို ဟင်းခနဲချရင်း အိမ်အလယ်တိုင်ကို မှီကာ ကြမ်းပေါ်သို့ လေးလေးပင်ပင် ထိုင်ချလိုက်သည်။ အထိုင်ရ၊ အကွေးရ၊ အဆန့်ရ ခက်လှသော ညာဘက်ဒူးက တအားနာလာသောကြောင့် တကျွတ်ကျွတ် စုတ်သပ်မိသည်။

"အင်း ဒီဒူးကလည်း သက်သာရင် ခဏပဲ၊ တော်ကြာ ပြန်နာပြန်ရော၊ သေမှပဲ ပျောက်တော့မယ် ထင်ပါရဲ့ ဟု တွေးရင်း သူ့အနား ကပ်လာသော ကောလိပ်စိန်အား "အမေ့ဒူးကတော့ နာပြန်ပြီ သမီးရေ ဟု လှမ်းအော်ပြောလိုက်မိသည်။

“အဘွားက နေကောင်းပါတယ် ဆရာဝန်လေးရယ်၊ အဘွားသမီး ဒူးနာတာကိုသာ ပျောက်အောင် ကုပေးစမ်းပါ

အဘွားက နားစွန်နားဖျား ကြားလိုက်ဟန် တူသည်။ ဆေးထိုးရန် ပြန်နေသော ဆရာဝန်အား လှမ်းပြောတော့ ဒေါ်မြရင် ပြုံးရယ်မိသည်။ မိခင်ဖြစ်သူ၏ အရေခွံ ပျော့ပျော့ရှုံ့ရှုံ့လေးများ၊ လက်ချောင်းပိန်ပိန်လေးများ၊ အကြောပြိုင်းပြိုင်းလေးများကို သနားချစ်ခင်မိစွာ ငေးကြည့်နေမိရင်း  အင်း   ငါလည်း မကြာခင် အမေ့လို အိုရတော့မှာပဲ  ဟု တွေးနေမိလေသည်။

***

“အမေ ဒူး နာရင်တော့ မနက်ကျရင် ငါ ဈေးသွားရမယ် ထင်တယ်

ကောလိပ်စိန်က ပိုက်ဆံအိတ်ထဲမှ လက်ကျန်ငွေကို တွက်ရင်း စဉ်းစားသည်။

“အေးအေးလွင်ဆီက ချေးလာတာက ငါးဆယ်၊ ဆရာဝန်ကို အစိတ် ပေးလိုက်ရတော့ အစိတ် ကျန်တယ်၊ ငါ့ဆီမှာ ရှိတာက လေးကျပ် ဆိုတော့ နှစ်ဆယ့်ကိုးကျပ်၊ နိပ်ဟ

ကောလိပ်စိန်က အသုံးနည်းနည်းကြမ်းသည်။ သူ့လက်ထဲတွင် ရှိလျှင် ရှိသလို သုံးပစ်တတ်သည်။ ယခုလည်း ငါးဆယ် ချေးလာ၍ အစိတ်ကျန်လျှင် ထိုကျန်ငွေကို

ဖယ်ထားဖို့ မစဉ်းစား။ အကုန်လုံး သုံးပစ်ပြီး လခထုတ်မှ ငါးဆယ်လုံး ကြွေးဆပ်ရန် ရည်ရွယ်သူ ဖြစ်သည်။ သူသာလျှင် မဟုတ်။ သူ့ယောက်ျား အေးမောင်သက်ကလည်း သူ့လိုပင် ဖြစ်သည်။ လက်ထဲမှာမို့ ငွေစကလေး ရှင်နေလျှင် ဘယ်တော့မှ စုရန် စဉ်းစားသူ မဟုတ်။ ကြက်ကြော်တစ်ကောင် ဆယ့်ခြောက်ကျပ် ဆိုလျှင်လည်း ဝယ်ချင်သည်။ ဒူးရင်းသီးတစ်လုံး နှစ်ဆယ် ဆိုလျှင်လည်း ဝယ်ချင်သည်။ မင်းဂွတ်သီးတစ်တွဲ ခြောက်ကျပ် ဆိုလျှင်လည်း ဝယ်ချင်သည်။ သူတို့ စားသည်တော့ မဟုတ်။ အဖေ၊ အမေ၊ အဘိုး၊ အဘွား၊ သားသမီးများအတွက် ဖြစ်သည်။ အဖေ၊ အမေတို့ ဈေးမေးလျှင်တော့ ဒူးရင်းသီးတစ်လုံး ခြောက်ကျပ် ဖြစ်ကာ၊ မင်းဂွတ်သီး တစ်တွဲလည်း တစ်ကျပ်ခွဲ ဖြစ်ရလေသည်။ ဈေးမှန်သိလျှင် မျိုမကျမည် စိုးသောကြောင့် ဖြစ်သည်။ မတန်တဆ ဝယ်သည်ဟု အဆူခံရမည်ကို စိုးသောကြောင့် ဖြစ်သည်။

"ဘယ်လောက်ရှိလဲ

"နှစ်ဆယ့်ကိုးကျပ်

"ဒါဆိုရင် အတော်ပဲ၊ မနက်စောစော ဈေးပြေးပြီး အဖေနဲ့ အမေအတွက် မုန့်ဟင်းခါး ဝယ်ချေပါလား မိန်းမရာ

အေးမောင်သက်က ခုတင်ပေါ်တွင် မှောက်လျက် အနင်းခံနေသည်။ သမီးကြီး ရွှေနှင်းဆီက သူ့ကို အထက်အောက် စုတ်ဆန် နင်းပေးရင်း လက်ထဲတွင် အလီစာအုပ် ကိုင်ကာ အလီကျက်နေလေသည်။

"ဟင့်အင်း၊ အဖေ့ဖို့ပဲ ပဲပလာတာ ဝယ်မယ်၊ အဖေက မုန့်ဟင်းခါး သိပ်မကြိုက်ပါဘူး၊ အဘွားရယ် အဖေရယ်က ပဲပလာတာ စားပေါ့၊ အမေ့အတွက် မုန့်ဟင်းခါး

"အမေ သမီးတို့ဖို့ကော

“သမီးတို့ဖို့လား၊ အဲ    ကောက်ညှင်းပေါင်း ဝယ်ခဲ့မယ်နော်

ကောလိပ်စိန်က ပိုက်ဆံအိတ်ကို ငုံကြည့်သည်။

သမီးတို့သာ မဟုတ်။ အေးမောင်သက်ရော၊ သူရော၊ စိန်ဗေဒါရော ကောက်ညှင်းပေါင်းအဖွဲ့ထဲတွင် ပါမည် ဖြစ်သည်။ ပဲပလာတာတို့၊ မုန့်ဟင်းခါးတို့ကို ယခုလို လကုန်ရက်တွင် လူတိုင်းစေ့တော့ မစားနိုင်။ မကျွေးနိုင်သေး။

“အုန်းသီးများများ ထည့်ခိုင်းနော် မေမေ

“အေး အေး

ရွှေနှင်းဆီနှင့် ရွှေလိပ်ပြာသည် အသက်ကလေး အတန်ရလာပြီ ဖြစ်၍ လိမ္မာသည်။ အစားအသောက် မြိုးမြိုးမြက်မြက်ကလေးများကို လူကြီးများအား ဦးစားပေးရမည်ကို အလိုလို နားလည်သည်။ အမာစိန်ကသာ အထွေးဆုံးမို့ နွဲ့ဆိုးဆိုးပြီး လူကြီးပိုင်း တက်နိုင်ချင်သော်လည်း ရွှေနှင်းဆီနှင့် ရွှေလိပ်ပြာတို့က အစားအသောက်နှင့် ပတ်သက်လာလျှင် အမြဲတမ်း နောက်ဆုတ်သည်။ ထို့ကြောင့်လည်း စိန်ဗေဒါက သူ့တူမလေး နှစ်ယောက်ကို အချစ်ပိုခြင်း ဖြစ်သည်။ တစ်ခါတစ်ရံ ရုံးကိစ္စနှင့် ပတ်သက်သော ဘေးပန်း ဝင်ငွေလေးများ ရလျှင် တူမ နှစ်ဦးကို ကျိတ်ခေါ်သွားပြီး ဆီချက်ခေါက်ဆွဲ ကျွေးလေ့ရှိသည်။

“ဒီအိမ်မှာ လူတန်းစား သုံးရပ် ရှိတယ်၊ လူကြီးရယ်၊ လူလတ်ရယ်၊ လူငယ်ရယ်၊ လူကြီးတွေကျ ငါတို့ကို ဒီအသက်၊ ဒီအရွယ်ရောက်အောင် ပြုစုပျိုးထောင်ပေးခဲ့ပြီ၊

ကျေးဇူးကြွေးတွေ ပေးခဲ့ပြီ၊ ဟော အခုတော့ ငါတို့ ကြွေးဆပ်ရမယ့် အလှည့်၊ နောက်ပြီး ငါတို့ သားသမီးတွေ အကြွေးသစ် တည်ပေးရမယ့် အရွယ်၊ လောကကြီးဟာ ဒီလိုပဲပေါ့လေ၊ အမေတို့ အဖေတို့ကို အဘိုးတို့ အဘွားတို့က ဆုံးမခဲ့၊ သွန်သင်ခဲ့၊ ပြုစုပျိုးထောင်ခဲ့၊ တစ်ခါ အမေတို့ အဖေတို့က ငါတို့ကို တစ်ခါ ကျွေးမွေးစောင့်ရှောက်၊ ဟော ငါတို့က  ငါတို့ သားသမီးတွေကို လူလားမြောက်အောင် ကြိုးပမ်း၊ လူသားမျိုးဆက် ဆိုတာ ဒီလိုနဲ့ ရှည်သွားရတာပဲ

ကောလိပ်စိန်က တစ်မျှော်တစ်ခေါ်ကြီး စဉ်းစားမိသည်။ ပိုက်ဆံအိတ်ကို ပိတ်ကာ မှန်တင်ခုံ အံဆွဲထဲ ထည့်လိုက်ရင်း မှန်ထဲတွင် ထင်နေသော သူ့အရိပ်ကို သူ ကြည့်မိသည်။ သူက အမေနှင့် မတူဘဲ အဘွားနှင့် သွားတူသောကြောင့် အသားညိုပြီး ကိုယ်လုံးသွယ်သည်။ မျက်နှာပေါက်ကမူ အဘွားလောက် မလှပေ။ အဘွားငယ်ငယ်က တော်တော်လှသည်ဟု အမေက မကြာခဏ ပြောပြတတ်သည်။  အင်း တော်တော်လှတဲ့ အဘွားတောင် ဒီအရွယ် ရောက်တော့  ဒီလို ဖြစ်နေရင် အဘွာလောက် မလှတဲ့ ငါ ဆိုရင်တော့  အဲဒီအရွယ် ရောက်ရင် ဘယ်လောက် ကြည့်ရဆိုးနေမလဲ မသိဘူး  ဟု ကိုယ့်ကိုယ်ကိုယ် တွေးမိရင်း ရယ်ချင်သလိုလိုရှိသည်။ သေခြင်းတရားကသာ စောစီးစွာ မနိုပ်စက်ခဲ့လျှင် တစ်နေ့နေ့ တစ်ချိန်ချိန်တွင် သူလည်း အဘွားလို ဖြစ်လာဦးမည်ကို သိသော်လည်း ထို အကြောင်းအရာများသည် သူ့ဘဝတွင် တကယ် ဖြစ်လာလိမ့်မည် မဟုတ်ဟု ထင်နေတတ်သည်။ ရုံးသွားလိုက်၊ အိမ်ပြန်လိုက်၊ လခထုတ်ရက် တွက်လိုက်၊ ရုံးတွင် သကြား၊ နို့ဆီ၊ ဒူးယား၊ ဖယောင်းတိုင် ရမည့်နေ့ကို မျှော်လိုက်နှင့် အိုခြင်းကို လည်းကောင်း၊ နာခြင်းကို လည်းကောင်း၊ သေခြင်းကို လည်းကောင်း မေ့မေ့လျော့လျော့ ဖြစ်နေတတ်လေသည်။

"ကောလိပ်စိန်

"ရှင် အဖေ

အဖေက သူတို့အခန်းဝတွင် လာရပ်သည်။ အမာစိန်က အဖေ့ပုဆိုးစကို တန်းလန်းဆွဲ၍ လိုက်လာသည်။

“နင့် အမေ ဒူးနာနေတယ်တဲ့

“ဟုတ်ကဲ့ အဖေ၊ အခုပဲ ဆေးသွေးမလို့ပါ

“အေး အေး၊ လိမ်းပေးလိုက်ဦး

အတန်ငယ်မှိန်သော လေးဆယ်အား မီးလုံးရောင်ဝယ် အဖေ့ခေါင်းမှ ဆံပင်များသည် ဖြူဖွေးနေသည်။ အဖေက ဆံပင်သာမက မျက်ခုံးမွေးလည်း ဖြူသည်။ နှာခေါင်းထဲမှ အမွေးလည်း ဖြူသည်။ မုတ်ဆိတ်မွေး ငုတ်တိုများလည်း ဖြူလေသည်။

“ဖေဖေကြီး ပုံပြောပြမယ်ဆို

“အေးပါကွယ်

“ခု ပြောလေ

“ကဲ　 လာ လာ

အဖေက အမာစိန်အား လက်ဆွဲကာ ပြန်ထွက်သွားသည်။ အိမ်ရှေ့က လှုပ်ကုလားထိုင်ကြီးပေါ်တွင် ထိုင်ရင်း မြေးငယ်အား ပေါင်ပေါ်တင်ကာ အဖေ့ခမျာ ပုံပြောရဦးမည် ဖြစ်သည်။

“အဖေရော အမေရော အတော် အသက်ကြီးလာပြီ သိလား၊ ကိုသက် ဒီအိမ်မှာ တို့တစ်တွေ မရှိလို့ မဖြစ်ဘူး

ကောလိပ်စိန်က လှမ်းပြောတော့ အေးမောင်သက်က ပြုံးလေသည်။ သို့သော် ကောလိပ်စိန်က သတိမထားမိ၊ သူ့စကားကို သူ ဆက်သည်။

“ဟိုကောင် စိန်ဗေဒါက သင်္ဘောလိုက်ဖို့ ကြိုးစားနေတာ သင်္ဘောမလိုက်ဖြစ်လည်း မိန်းမ ယူရင် မိန်းမနောက် လိုက်သွားမှာ ကိုသက်ရဲ့၊ အဖေတို့ အမေတို့ကို တို့တစ်တွေပဲ ပြုစုရမှာ၊ တို့ မရှိလို့ မဖြစ်ဘူး

ဒီတစ်ခါတော့ အေးမောင်သက်က ပွင့်ပွင့်လင်းလင်း ရယ်လေသည်။ ရှုံးမှ ရှုံးရန်ကော ဟူသော အကြည့်နှင့် ကောလိပ်စိန်အား ကြည့်သည်။

“မိန်းမရယ် ခက်မှခက်ပလေ၊ ဒီအိမ်မှာ တို့ မရှိရင် မဖြစ်တာ မဟုတ်ဘူး၊ အဖေတို့ အမေတို့ မရှိရင်သာ မဖြစ်တာ၊ ကဲ တော်လောက်ပြီ သမီး၊ ဆင်းတော့ ဆင်းတော့ ဘုန်းကြီးပါစေ၊ သက်ရှည်ပါစေဗျာ

နင်းနေသော သမီးအား အဆင်းခိုင်းပြီး အေးမောင်သက် ထထိုင်သည်။

“ခင်ပျားက အမေ့လို အစောကြီး ထပြီး ဈေးသွားနိုင်လို့လား၊ ဟင်းတွေကို အမေ့လို

အရသာရှိအောင် ချက်တတ်လို့လား၊ နောက်ပြီး နေ့ခင်းတိုင်ကျရင် ခင်ဗျား သမီး 'ဆိုးတေမလေး' ကို အဖေ့လို ထိန်းနိုင်လို့လား

ကောလိပ်စိန်၏ မျက်နှာသည် ဖျင်းခနဲ ပူသွားသည်။ သူက နံနက်စောစော ထပြီး ဈေးသွားနိုင်သည် ဆိုဦး၊ အမေ့လို အကုန်နည်းနည်းနှင့် စားကောင်းအောင် စီမံတတ်မည်တော့ မဟုတ်ပေ။ အရသာ မရှိသည်က ထားဦး၊ သူ့ဟာသူ ဈေးသွား၊ သူ့ဟာသူသာ ချက်လို့ကတော့ ရုံးအမီ ကျက်ဖို့ လုံးဝမလွယ်ပေ။

"အဲဒါနဲ့ မထွေးလေးက သူ့သားလေးကို ငန်းတော်ရေ မြွေမင်းသား၊ အိပ်ပါတော့လား ဆိုတော့ ငှက်ကြီးဝန်ပိုကြီးက မကြိုက်ဘူးတဲ့၊ တစ်ပေါက် နှစ်ပေါက်၊ ငါ ပေါက်လိုက်ရ လို့ ပြောသတဲ့၊ ဒီတော့ ငှက်ကြီးဆို ဝန်ပိုရဲ့သား၊ အိပ်ပါတော့လား ဆိုတော့မှ ဟား ဟား ဟား ရယ်သတဲ့ ငါ့မြေးရဲ့

အဖေ၏ ပုံပြောသံကို ကြားရသည်။ အမေ၏ ဘုရားရှိခိုးသံကို ကြားရသည်။ ရွှေနှင်းဆီ၏ အလီကျက်သံနှင့် ရွှေလိပ်ပြာ၏ ပထဝီသင်ခန်းစာ ကျက်သံကိုလည်း ခပ်တိုးတိုး ကြားရလေသည်။ စိန်ဗေဒါကလည်း အံဆွဲထဲမှ သူ့စက်ကလေးကို ထုတ်ပြီး တတီတီ နှိပ်နေပြန်လေသည်။

"ခင်ဗျားက ကိုယ့်ကိုယ်ကိုယ် အကြွေးတွေ ဆပ်နေတယ် အောက်မေ့နေ၊ ကျေးဇူးကြွေးတွေ ဆပ်နေတယ် ထင်နေ၊ တကယ့်တကယ်ကတော့ အဖေတို့ အမေတို့ကသာ သားသမီး မကဘူး၊ မြေးတွေ၊ မြစ်တွေအထိ ဆက်ပြီး ကျေးဇူးကြွေးတွေ ပေးနေတာပါ မိန်းမရဲ့၊ ဆယ့်ခြောက် ခုနစ်လီ တစ်ရာ တစ်ဆယ့်နှစ်လေ သမီး၊ အဲဒီအလီ ရရင် အိပ်တော့၊ ကိုးနာရီ ထိုးခါနီးပြီ အိမ်စာတွေရော ပြီးပြီလား

အေးမောင်သက်က အလီဆိုရင်း ထစ်နေသော သူ့သမီးဘက် လှည့်သွား၍ ကောလိပ်စိန် စိတ်သက်သာရာ ရသွားသည်။ သူနှင့် အေးမောင်သက်သည် အသက်ချင်းက မတိမ်းမယိမ်း ဖြစ်သော်လည်း အေးမောင်သက်က သူ့ထက် အများကြီး ပို၍ လူကြီးဆန်လေသည်။ စကားကိုလည်း အကျိုးအကြောင်း အချက်အလက်နှင့် ပြောတတ်သည်။ အေးမောင်သက်နှင့် ယှဉ်ပြောလို့ကတော့ သူ နိုင်ဖူးသည် ဟူ၍ တစ်ခါမျှ မရှိပေ။

"သြော်    အမေ မအိပ်ခင်၊ ဆေးလိမ်းပေးဦးမှပါ

တိုလီမုတ်စတွေ ထည့်သော ထန်းခေါက်ဖာ သေးသေးလေးကို မွှေနှောက်ပြီး ဇာတိပ္ဖိုလ်သီးနှင့် တောင်တန်ကတိုးကို ခပ်ကျဲကျဲလေး ရောပြီး နနွင်း နည်းနည်း ထည့်ကာ လိမ်းပေးထားလျှင် တရှိန်ရှိန် ပူလာကာ ဒူးအနာ သက်သာသည်ဟု အမေက ပြောလေသည်။

"အင်း    အမေတို့၊ အဖေတို့လည်း ငါတို့ကို ထိန်းပြီးတော့ မြေးတွေကို ဆက်ထိန်းရပြန်ရော၊ ရိပ်သာသွား တရားအားထုတ်ချင်တယ် ဆိုတာလည်း ပါးစပ်ကသာ ပြောနေတာ တကယ် မသွားဖြစ်၊ ဒီတစ်ခါတော့ အတင်းတိုက်တွန်းပြီး သွားခိုင်းဦးမယ်

ဇာတိပ္ဖိုလ်သီး ညိုညိုလေးကို လက်ညှိုးနှင့် လက်မကြားတွင် ညှပ်ကိုင်ရင်း ကျောက်ပျဉ်ပေါ်တွင် တဂျစ်ဂျစ် သွေးသည်။ သင်းပျံ့သော ရနံ့နှင့်အတူ အနှစ်ညိုညိုများ ထွက်လာတော့ လက်ညှိုးနှင့် အသာသပ်ယူကာ ခွက်ထဲ ထည့်သည်။

“နက်ဖြန်ကျရင် မုန့်ဟင်းခါးချိုင့် မမေ့အောင် ယူသွားမှပဲ

“အမေက အဘွားဆို သိပ်ချစ်တာ၊ အဘွား ခေါက်ဆွဲပြုတ် ဆိုလည်း ရော့ စိန်ဗေဒါ၊ သွားဝယ် ပဲ၊ ကြာဇံကြော်ဆိုလည်း မြန်မြန်သွားဟဲ့ စိန်ဗေဒါ ပဲ၊ သူ့ကိုယ်သူကျတော့ မုန့်ဟင်းခါး တစ်ခွက်တောင် ငါးမတ်၊ တစ်ကျပ်တောင် နမြောပြီး ဘယ်တော့မှ စားတာ မဟုတ်ဘူး၊ အင်း ငါရော ဘာထူးလို့လဲ၊ အမေတို့ အဖေတို့အတွက် ဝယ်ရရင်သာ မနမြောတာ၊ ငါ့ဟာငါဆိုရင် လက်ဖက်ရည် တစ်ခွက်တောင် ဝယ်သောက်ဖြစ်တာ မဟုတ်ပါဘူး

ကောလိပ်စိန်က သူ့ကိုယ်သူ အမှတ်ပေးသည်။ ကိုယ့်ဟာကိုယ် စိတ်ထဲမှ တွေးသည် ဖြစ်၍ အေးမောင်သက် မကြား၊ ထို့ကြောင့် အရယ်တော့ မခံရပေ။

အမေ့ ဘုရားရှိခိုးသံ ရပ်သွားတော့ ကောလိပ်စိန်သည် ဆေးခွက်ကို ကိုင်ကာ ထွက်လာခဲ့သည်။ မီးဖိုထဲ သွားပြီး နနွင်းအနည်းငယ် ရောကာ လက်ခလယ်နှင့် မွှေသည်။ ဇာတိပ္ဖိုလ်သီးနံ့၊ တောင်တန်ကတိုးနံ့၊ နနွင်းနံ့တို့သည် ရောပြီး ဝေ့ပျံ့လာသည်။

“အမာစိန် အိပ်ပြီ ကိုသက်ရေ လာခေါ်တော့

အမာစိန်သည် အဖေ့ရင်ခွင်ထဲတွင် နစ်မြုပ်စွာ အိပ်ပျော်နေပြီ ဖြစ်သည်။ အဖေကလည်း လှုပ်ကုလားထိုင်ကို ရှေ့နောက်ယိမ်းထိုး လှုပ်ရင်း သူ့မြေးကို ပွေ့ကာ သူပါ ရောပြီး ငိုက်နေသည်။ အေးမောင်သက်က သမီးကို လာပွေ့ခေါ်တော့မှ

အဖေလည်း နိုးလေသည်။

“အဖေကြီး မအိပ်ခင် ငှက်ပျောသီးလေးများ စားဦးမလား

“တော်ပါပြီကွာ၊ မပြေပဲ စားလိုက်ပါတော့၊ ပုတီးလေး စိပ်လိုက်ဦးမယ်

အဖေက ပုတီးလေး ကိုင်ကာ အိပ်ရာဝင်သွားလေသည်။ ဆရာဝန်က ဘာဆေး ထိုးသွားသလဲတော့ မသိ၊ အဘွားကလည်း နှစ်ခြိုက်စွာ အိပ်ပျော်နေသည်။

“မနက်ကျရင် စျေးသွားရမလား အမေ

“မလိုပါဘူး သမီးရယ်၊ အိမ်မှာ အာလူးနဲ့ ငါးခြောက် ရှိပါတယ်

“ခဏတော့ သွားလိုက်မယ်လေနော်၊ ဘာလေးများ ပေါ်ပေါ်များများ ရမလဲ မသိဘူး

ကောလိပ်စိန်က အမေ့ဒူးအား ဆေးလိမ်းပေးသည်။ လက်ငါးချောင်းနှင့် အောက်ဘက်သို့ ဆွဲချပြီး အသားထဲ စိမ့်ဝင်အောင် နာနာပွတ်ပေးလေသည်။

“ဂျပန်ပြည်မှာ မိအို၊ ဖအို ရှိတဲ့သူတွေဆိုရင် သိပ် မျက်နှာငယ်တယ်တဲ့၊ အဘိုးကြီးတွေရဲ့ တာဝန်ကို ယူရမှာ ကြောက်လို့ ဘယ်သူကမှလည်း လက်မထပ်ချင်ဘူးတဲ့၊ အမေ တစ်နေ့က စာအုပ်တစ်အုပ်ထဲမှာ ဖတ်လိုက်ရတယ်

“ဟုတ်လား အမေ

“ဒါကြောင့် အဖေကြီးကိုတောင် ရယ်စရာ ပြောရသေးတယ်၊ ကောလိပ်စိန်တစ်ယောက်

မြန်မာပြည်မှာမို့ ယောက်ျားရတာလို့

အမေက တသိမ့်သိမ့် ရယ်သည်။ ဆေးနံ့နှင့် အတူတူရောပြီး ပျံ့လာသော အမေ့ချွေးနံ့ကို ကောလိပ်စိန်က နှစ်ခြိုက်စွာ ရှူရှိုက်မိသည်။

“အနောက်နိုင်ငံမှာရော အမေရယ်၊ သားသမီးနဲ့ မိဘ အိမ်ထောင်ကျရင် အတူနေတယ်လို့ မရှိကြပါဘူး၊ အဘိုးကြီး အဘွားကြီးတွေက ကိုယ့်ဟာကိုယ် စျေးသွား၊ ကိုယ့်ထမင်း ကိုယ် ချက်စား၊ သူတို့ နေမကောင်းတော့ သားသမီးတွေက ပန်းစည်းလေးတွေ၊ ကတ်ပြားလေးတွေ ပို့ကြတယ်၊ အမေ ထဘီ မချလိုက်နဲ့ဦးလေ၊ ဆေးခြောက်အောင် ထားပါဦး

ဆေးမြန်မြန် ခြောက်ရန်အတွက် အမေ့ဒူးကို ကောလိပ်စိန်က ယပ်တောင်တစ်ချောင်းနှင့် ယပ်ခတ်ပေးသည်။

မိုးဖွဲကလေး ရွာနေသည်မို့ သွပ်မိုးပေါ်သို့ မိုးစက်မိုးမှုန်များ ကျသံက တဖြောက်ဖြောက်နှင့် မြည်နေသည်။ အိမ်ရှေ့ မြောင်းထဲမှလား၊ လမ်းဘေး ရေဘုံပိုင် အနီးမှလားတော့ မသိ၊ ဖားတစ်ကောင် အုံအွမ်၊ အုံအွမ် နှင့် မပျင်းမရှိ အော်နေလေသည်။

“ဒီလိုဆို အမေလည်း ကံကောင်းလို့ မြန်မာပြည်မှာ လူဖြစ်တာပေါ့နော်

အမေက ပြောတော့ စိန်ဗေဒါက ရယ်လေသည်။  ဒါပေမဲ့ ကံဆိုးချင်တော့ မြေးထိန်းနေရတာပေါ့ဗျာ   ဟု ဝင်ပြောသည်။ ကောလိပ်စိန်နှင့် အမေလည်း တစ်ဦးကိုတစ်ဦး ကြည့်ကာ ပြုံးရယ်မိကြလေသည်။

“အမေကတော့ အဘိုးကြီး၊ အဘွားကြီး အထီးကျန် နေရတာနဲ့စာရင် မြေးထိန်းနေရတာ ကြိုက်ပါတယ် သားရယ်၊ ကိုယ် နေထိုင်မကောင်း ဖြစ်တဲ့အခါလည်း ပန်းစည်းလေး တစ်စည်း ရတာထက် ဟောဒီလို ကိုယ်တိုင် ဆေးသွေးပြီး လိမ်းပေးတာကို လိုချင်ပါတယ်

အမေ့စကား ကြားလိုက်တော့ ကောလိပ်စိန်၏ ရင်ထဲတွင် နွေးခနဲ ဖြစ်သွားသည်။ အမေ့ကို ဖက်ပြီး နမ်းလိုက်ချင်သော်လည်း တစ်ခါမျှ မနမ်းဖူး၍ မနမ်းရဲ။ ခွက်ထဲမှ ဆေးလက်ကျန်များကိုသာ ဒူးပေါ်သို့ ထပ်လောင်းချကာ ထပ်၍ ပွတ်ပေးနေမိသည်။

“သာဓု    သာဓု    သာဓု မိဘကို ပြုစုရတာ တကယ့်ကို အကျိုးကျေးဇူး ကြီးပါတယ်၊ သားတို့ သမီးတို့ ဘုန်းကြီးပါစေ၊ အသက်ရှည်ကြပါစေ၊ ကိုယ်ကျန်းမာပြီး စိတ်ချမ်းသာပါစေ၊ သွားလေရာ ခလုတ်မထိ ဆူးမငြိဘဲ ကိုယ်စိတ်လိုရာ ပြည့်ဝကြပါစေ

အမေက ဆုတွေ တသီကြီး ပေးသည်။  ပေးတဲ့ဆုနဲ့ တစ်လုံးတစ်ဝတည်း ပြည့်ပါရစေ ဟု ထပ်ဆင့် ဆုတောင်းရင်း ကောလိပ်စိန်သည် အမေ့အား နေရာမှတွဲထူကာ အခန်းထဲသို့ လိုက်ပို့သည်။ နာနေသော ဒူးအား ဖိမနင်းရဲ၍ ဆကာ ဆကာနှင့် နင်းရင်း အမေက ခြင်ထောင်ထဲ ဝင်သွားသည်။  အိပ်ခါနီး အဘွားကို သွားကြည့်လိုက်ဦးနော် သမီး၊ အနားမှာလည်း ရေတစ်ခွက် ခပ်ထားပေး  ဟု မှာသည်။

“အမေက မြေးထိန်းရတာ ကြိုက်သတဲ့၊ ဒီကောင်က တာဝန်မကျေဘူး ဖြစ်နေတယ်၊ အမေ့အတွက် မြေးတွေ ထုတ်လုပ်ပေးဦးမှ

စိန်ပေဒါက နောက်နောက်ပြောင်ပြောင် ပြောနေပြန်သည်။ ကောလိပ်စိန်က ဘာမှ ပြန်မပြောမိ။ အိမ်တံခါးတွေ အသေအချာ ပိတ်ထားရဲ့လားဟု လိုက်စစ်ဆေးရင်း “သားသမီးနဲ့ မိဘ ဆက်ဆံပုံချင်းကိုက သူတို့နဲ့ ငါတို့ မတူဘူး၊ သူတို့ဆီမှာ သုံး၊ လေးနှစ်ရွယ် ကလေးလေးတွေကိုလည်း အခန်းသတ်သတ် သိပ်လို့၊ ထိန်းတော့ နာနီက ထိန်းတာ၊ အမေ အဖေက အိပ်ခါနီးရင် ပါးလေး နမ်းပြီး ဂွတ်နိုက် ဆိုရင် ပြီးရော၊ ကျန်းမာရေးအတွက် ကောင်းတယ်တဲ့၊ ဟုတ်ရင်လည်း ဟုတ်မှာပေါ့လေ၊ ဒါပေမဲ့ ငါတော့ မကြိုက်ပါဘူး၊ ငါတို့ဆီမှာက ကလေးတွေဟာ အဖေနဲ့ အမေ ကြားမှာ အိပ်တာ၊ ဟိုရင်ခွင်ထဲ တိုးဝင်ပြီး ကပ်ချွဲလိုက်၊ ဒီရင်ခွင်ထဲ တိုးဝင်ပြီး ပူဆာလိုက်၊ တစ်ခါတလေလည်း အမေ၊ အဖေကို ခွပြီး သေးပန်းလိုက်၊ ကန်လိုက် ကျောက်လိုက်၊ အမေကလည်း စောင် ကန်ပစ်တိုင်း ပြန်ခြုံပေးလိုက်၊ နေကောင်းရဲ့လားလို့ နဖူးထစမ်းလိုက်နဲ့ မေတ္တာကလေး ယှက်နွယ်ပုံချင်းက သူတို့နဲ့ ဘယ်လိုလုပ် တူနိုင်မှာလဲကွယ်၊ မိဘချင်းလည်း မတူဘူး၊ ဒီတော့ သားသမီးချင်းလည်း ဘယ်တူနိုင်မှာလဲ၊ ငါတော့ ကိုယ့်ကိုယ်ကိုယ် မြန်မာဖြစ်ရတာ ကျေနပ်လိုက်တာ ဟု စဉ်းစားနေမိလေသည်။

မိုးက တဖြည်းဖြည်း သည်းလာသည်။ ဟောင်းနွမ်းနေသော သွပ်မိုးက ရေ တပေါက်ပေါက် ယိုလာလေသည်။ ကောလိပ်စိန်လည်း ဇလုံတွေ၊ ပုံးတွေ ယူကာ မိုးရေယိုသော နေရာများတွင် လိုက်ခံရပြန်လေသည်။

"မိန်းမလှလေးနဲ့ ညား၊ သဘော်သားလည်း ဖြစ်ရပါလို၏။ လင်ဆာနံ ပူဇေမိ၊ လင်ဆာနံ ပူဇေမိ

စိန်ဗေဒါက သူ့စက်ကလေးကို ပြန်သိမ်းလိုက်ပြီး သီချင်းတိုးတိုး ညည်းရင်း ခြင်ထောင် ထောင်နေလေသည်။ သူ့ခမျာ ဘုရားစင်အောက်တွင် ဖျာခင်း အိပ်ရသူမို့ နေမြင့်အောင် မအိပ်ရပေ။ ညော့သည် ပြန်သည်ထိ မအိပ်ဘဲ စောင့်နေရတတ်သည်။

"စိန်ဗေဒါ နင် အိပ်ခါနီး မီးပိတ်ဖို့ မမေ့နဲ့နော်၊ မနေ့ညက မီးကြီး အလင်းထွန်းပြီး အိပ်သွားတယ်

ကောလိပ်စိန် အခန်းထဲ ရောက်တော့ အားလုံး အိပ်နေကြပေပြီ။ ရွှေနှင်းဆီနှင့် ရွှေလိပ်ပြာတို့သည် အသက် ခုနစ်နှစ်နှင့် ရှစ်နှစ် အသီးသီး ရှိပြီ ဖြစ်သော်လည်း အခွင့်သာလျှင် မိဘရင်ခွင်ထဲ တိုးဝင်မြဲ ဖြစ်သည်။ တစ်ခါတစ်ရံကျလျှင်တော့ အမာစိန်က အဖေကိုရော အမေကိုပါ မောင်ပိုင်စီးထားတတ်သည်။ သည်နေ့တော့ အမာစိန် စောစောအိပ်သွား၍ သူတို့ ကံကောင်းသွားသည်။ အဖေ၏ ဘယ်ဘက်တွင် တစ်ယောက်၊ ညာဘက်တွင် တစ်ယောက် ကပ်ပြီး အိပ်နေကြလေသည်။ ကွေးကွေးလေး အိပ်နေသော အမာစိန်ကို ဘေးအစွန်သို့ ပို့ထားကြသည်။

"အင်း ငါတို့ခုတင်လည်း ကွပ်ပျစ်ရိုက်ပြီး ဘေးဘက်က ထပ်ဆက်ထားပေလို့ပဲ၊ အခန်းကျယ်ရင်တော့ အကြီးမ နှစ်ယောက်ကို သက်သက် သိပ်ဖို့ ကောင်းပြီ၊ ဒါမှမဟုတ်လည်း ကိုသက်ကို တစ်ယောက်အိပ် ခုတင်လေးနဲ့ သက်သက် သိပ်ပြီး ငါနဲ့ သမီးတွေက ဒီခုတင်ကြီးပေါ်မှာ အိပ်မှ ထင်ပါရဲ့

အတွန့်များများနှင့် ချုပ်ထားသော ခြင်ထောင်ကြီးကို ချကာ ဘေးဘက်သို့ ဖြန့်ကားပြီး မွေ့ရာနှင့် လိုက်ဖိသည်။ ခြင်ထောင်ထဲ ရောက်နေသော ခြင်များကို တဖျပ်ဖျပ် လိုက်ခတ်သည်။ နစ်ထည် ဆက်ပြီး ချုပ်ထားသော မုဒ့်စောင်ကြီးကို သားအဖ သုံးယောက်အား ဖြန့်ခြုံပေးလိုက်သည်။ ထို့နောက် ခေါင်းရင်းမှ မီးခလုတ်ကို ဖျောက်ခနဲ လှမ်းပိတ်ကာ အမာစိန်လေး ဘေးတွင် အသာလှဲချလိုက်သည်။ အိပ်ချင်လှပြီ။

"မေ  မေ

အမာစိန် ဆတ်ခနဲ နိုးသွားပြီး သူ့ရင်ခွင်ထဲသို့ တိုးဝင်လာသည်။ ကောလိပ်စိန်သည် သမီးကို ဆီးဖက်ရင်း တင်ပါးလေးကို အသာပုတ်ပေးသည်။  အင်း  နောက်နှစ်ပေါင်း နှစ်ဆယ်၊ အစိတ်လောက် ဆိုရင် အမေက အဘွားနေရာ ရောက်ပြီ ငါက အမေ့နေရာ ရောက်နေပြီ၊ အမေက အဘွားကို ပြုစုသလို ငါက အမေ့ကို ပြုစုရတော့မယ်၊ အမေ့လိုပဲ ဈေးသွားရင်း၊ ထမင်းဟင်း ချက်ရင်း မြေးတွေကို ထိန်းရကျောင်းရဦးတော့မယ်  ဟု တွေးနေမိသည်။

ဘဝ ဟူသည်မှာ ဆွဲကာ ဆန့်လိုက်တော့ နှစ်ပေါင်းများစွာ ရှည်လေသည်။ သို့သော် ချုံ့ပြီး စဉ်းစားလိုက်ပြန်တော့လည်း တိုတိုလေးပင်။ သားသမီး ဘဝကနေပြီး အဖေအမေ ဖြစ်၊ အဖေအမေ ဘဝကနေပြီး အဘိုးအဘွား ဖြစ်။ ကံကောင်းလျှင်တော့ မြေးမကဘဲ မြစ် ရသည်အထိ အသက်ရှင်ခွင့် ကြုံနိုင်သည်။ လူ့ဘဝ အကျဉ်းချုပ်ကတော့ ဒါပဲ ဖြစ်သည်။ သူက ပါရမီရင့်သန်သူ မဟုတ်၍ လူ့လောကတွင် နေရသမျှ အချိန်ပိုင်းတွင် မည်သူတွေ တရားရ၊ အမြတ်ထွက်ပြီး မည်သူတွေ အရှုံးထွက်သွားကြောင်းကို မစဉ်းစားမိပေ။ နေရသမျှသော အချိန်ပိုင်းကလေးတွင် လုပ်သင့် လုပ်ထိုက်သည်များကို လုပ်မိပြီး မလုပ်သင့် မလုပ်ထိုက်သည်များကို မလုပ်မိရန်သာ အများဆုံး စဉ်းစားသူ ဖြစ်သည်။ သူများတကာထက်

ထူးချွန်ထက်မြက်ရန် ပင်ပန်းကြီးစွာ ကြိုးစားရင်း ငါဟာ သာမန် မိန်းမ မဟုတ်ဘူး ဟူ၍ တွေးတော ကျေနပ်နေလိုသူလည်း မဟုတ်။ သားသမီး ဘဝတွင် သားသမီးပီပီ၊ မိဘဘဝတွင်လည်း မိဘပီပီ၊ အဘိုးအဘွားဘဝ ရောက်တော့လည်း အဘိုးအဘွားပီပီသာ နေလိုသည်။ သူ့အချိန်ပိုင်းနှင့်သူ လုပ်သင့်လုပ်ထိုက်သည်များကို လုပ်သွားမည်။ သာမန်ထဲက သာမန်ဘဝတွင် သူ အသက်ထက်ဆုံး အေးဆေးချမ်းမြေ့စွာ နေသွားလိုသည်။

"မေမေ ပုံပြောပြပါလား

သမီးက ပုံပြောခိုင်းသည်။ သူက ပုံမပြောနိုင်သေးဘဲ သမီးကို တင်းတင်းဖက်ကာ တိုးတိုး မေးမိသည်။

"မေမေ အဘွားကြီး ဖြစ်လာလို့ ဘွားဘွားကြီးလို နေမကောင်း ဖြစ်ရင်၊ မေမေကြီးလို ဒူးနာရင်၊ ဖျားပြီး အိပ်ရာထဲက မထနိုင်ရင် သမီးလေးက မေမေ့ကို ပြုစုမှာလား ဟင်

သမီးက ကြည်လင်တောက်ပသော မျက်လုံးများနှင့် သူ့ကို မော်ကြည့်သည်။ ထို့နောက် ခေါင်းကလေး တဆတ်ဆတ် ညိတ်ပြလေသည်။

ကောလိပ်စိန်က သမီး၏နဖူးကလေးကို ညင်သာစွာ နမ်းလိုက်သည်။ ထို့နောက် သူတို့ ငယ်ငယ်တုန်းက အမေ ခဏခဏ ပြောပြဖူးသော သုဝဏ္ဏသာမ အကြောင်းကို သမီးအား ပြောပြလေသည်။

------------

**မစန္ဒာ**

**စာပေလုပ်သား မဂ္ဂဇင်း၊ ဒီဇင်ဘာ၊ ၁၉၈၃။**

## အရွယ် (မစန္ဒာ)

---------------

ဆေးရုံတွင်းသို့ လှမ်းဝင်လိုက်သည်နှင့် ဆေးရုံနံ့ကို ရှူရှိုက်ရသည်။ ထိုအနံ့ကို ညို မုန်းသည်။ ရှူရှိုက်ရတိုင်း ရင်ခုန်လာတတ်သည်။ လူမစည်ကားအပ်သော အရပ်များတွင် ဆေးရုံလည်း အပါအဝင် ဖြစ်သည်။ သို့သော်လည်း လူ့ပြည်တွင် လူကလေးများ အသစ်အသစ် တိုးလာသည်နှင့်အမျှ ဆေးရုံများတွင်လည်း အိုကြ၊ နာကြသော အရွယ်ပေါင်းစုံ လူများနှင့် စည်ကားသည်ထက် စည်ကားလာသည်။

“ခင်လေး ဆေးရုံတက်နေတယ် ညို

နေ့လယ်က ထွေးထွေး တယ်လီဖုန်း ဆက်သည်။ ခင်လေးသည် ညိုတို့၏ ချစ်လှစွာသော သူငယ်ချင်း ဖြစ်သည်။

“အစာအိမ်မှာ အနာတွေ့လို့တဲ့

“ဟယ် ဒုက္ခပဲ

“သိပ်တော့ အရေးမကြီးပါဘူး။ ခွဲချင်မှလဲ ခွဲရမှာ။ ဒါပေမဲ့ သွားတွေ့ လိုက်ပါဦး

“အင်း သွားမယ်၊ ညနေ သွားလိုက်မယ်

ဆေးရုံ ရောက်ခါမှ ခုတင်နံပါတ် မမေးလိုက်မိသည်ကို သတိရတော့သည်။ ဒီတော့လည်း တစ်ခုတင်ချင်း လိုက်ကြည့်ပြီး ရှာရသည်။

ဝေဒနာသည်များက အမျိုးမျိုးပင်။ ပြုံးသူက ပြုံးနေသည်။ မှိန်းသူက မှိန်းနေသည်။ ညည်းသူက ညည်းနေသည်။ ငိုင်သူက ငိုင်နေသည်။

"ညို မဟုတ်လားဟင်

ခင်လေးကိုတော့ မတွေ့ရသေး။ သို့သော် ခုတင်ထက်မှ အမျိုးသမီး လူနာတစ်ဦးက ညို့ကို ဝမ်းသာအားရ နှုတ်ဆက်သည်။

"ဟင် ညို မဟုတ်လား

"ဟယ် ဆေးရုံကို ဘာလို့ ရောက်နေတာလဲ

"အူအတက်ပေါက်တာ၊ ခွဲပြီးပါပြီ

ညိုကလည်း ဝမ်းသာအားရ ပြန်နှုတ်ဆက်လိုက်သည်။ တရင်းတနှီး သိဖူးသော မျက်နှာ ဖြစ်သည်။ သို့သော် သူ့ကို ဘယ်မှာ သိထားသနည်း စဉ်းစား၍တော့ မရသေး။ ညိုသည် လူလတ်ပိုင်းသို့ ရောက်နေပြီ ဖြစ်သော်လည်း အဘွားကြီးတော့ မဟုတ်သေးပါ။ အဘွားကြီး မဟုတ်သေး သော်လည်း အဘွားကြီးတမျှ မေ့တတ်သည်ကား ခက်လှသည်။ လူတစ်ဦးကို တစ်ခါမြင်ရုံနှင့် မှတ်မိလိမ့်မည် မဟုတ်။ နှစ်ခါမြင်လျှင်လည်း မှတ်မိလိမ့်မည် မထင်ပါနှင့်။ အိမ်ချင်း ကပ်လျက်နေသော

အိမ်နီးနားချင်းကိုပင် တစ်ခါတစ်ရံ လမ်း၌ တွေ့လျှင်  ဘယ်သူပါလိမ့်၊ မြင်ဖူးသလိုလို ဟုယောင်ဝါးဝါး စဉ်းစားတတ်သူ ဖြစ်သည်။ သို့သော် သဘာဝတရားကြီးက တရားသဖြင့်တော့ ပြုမူ တတ်ရှာသည်။ မေ့လျော့တတ်သော အကျင့်ဆိုးကို ပေးအပ် ထားသော်လည်း တစ်ဖက်မှ ဖြီးတတ် ဖြန်းတတ်သော မွေးရာပါ ပညာလေးကို ပြန်လည် ပေးသနား ထားသည်။ ထို့ကြောင့် ဖြီးဖြန်းပြောရင်း တစ်ဖက်လူကို ဘယ်သူပါလိမ့်ဟု အချိန်မီ သိအောင် အပြေးအလွှား စဉ်းစားကာ ဦးနှောက် ပူခဲ့ရပေါင်းလည်း များလှချေပြီ။

"ညိုရယ် မတွေ့ရတာ အတော်ကြာပြီ။ ကြည့်စမ်း အရင်က အတိုင်းပဲ

"အမယ် သူရော ဘာထူးသေးလို့လဲ၊ အရင်ကလိုပဲ လှလို့ ချောလို့ ငယ်လို့ နုလို့

ညိုက ရယ်ကာမောကာ ထုံးစံအတိုင်း ယောင်ဝါးဝါး ပြောသည်။ အသေအချာ တရင်းတနှီး သိနေသော မျက်နှာ သွယ်သွယ်လေးကို ကြည့်ရင်း  ဟဲ့ သတိရစမ်း ညို သတိရစမ်း ညို  ဟု ကိုယ့်ကိုကိုယ် ဒေါသနှင့် ကျိတ်၍ ပြောနေမိသည်။ သူက ကျောင်းတုန်းကဟု ပြောလိုက်သဖြင့် လမ်းစရသွားသည်။ ကျယ်ကျယ်ပြန့်ပြန့် တွေးနေရသော အတွေးသည် ကျဉ်းသွားသည်။ ကျောင်းတုန်းက ကျောင်းနေဖက်ထဲကပင် ဖြစ်ရမည်။

"ကိုယ့်ကို ညိုက မှတ်မိသားပဲ

"ဟာ ဘာလို့ မမှတ်မိရမှာလဲ၊ မှတ်မိတာပေါ့

ညိုက လက်မခံနိုင်သလို ပြောသောအခါ သူက သဘောကျစွာ ရယ်သည်။ ညို၏

လက်ဖဝါးများကို တရင်းတနှီး လှမ်း၍ ဆုပ်ကိုင်ရင်း မေးသည်။

“ကဲ ဒီလိုဆို ပြောစမ်း၊ ကိုယ့်နာမည်ကို ပြောစမ်း

“ဟာ အဲ

ညိုသည် ကိုယ့်ကိုကိုယ် ကျိတ်၍ဆဲရင်း ရှက်ရွံ့အားနာမှုနှင့် ထူပူလာသည်။ သူကမူ မျက်စိမျက်နှာ ပျက်ကာ ထစ်အအ ဖြစ်နေသော ညို့ကို ကြည့်ရင်း အရသာ တွေ့နေသလို ပြုံးနေလေသည်။

“ညိုရယ် ညို ဖြီးတတ်တာကို သိပြီးသား၊ မေ့တတ်တာကိုလည်း သိပြီးသား

“အယ်

“တို့နာမည်ကို မေ့ပေမယ့် တီချာစီစီက မုန့်စားကျောင်း ဆင်းချိန်ကြီးမှာ ခုံပေါ်တက် ရပ်ခိုင်းထားလို့ မုန့်ငတ်ရတာကိုတော့ မမေ့တန် ကောင်းဘူး ထင်ပါရဲ့

ထူပူနေသော ညို၏ ဦးနှောက်များသည် လင်းခနဲ လက်သွားသည်။ သူ၏လက်ကို ဝမ်းသာအားရ ယမ်းခါကာ အော်လိုက်မိသည်။

“မေသန်းဝင်း၊ မေသန်းဝင်း မဟုတ်လား

“ဟော သတိရပြီပေါ့

“မတွေ့တာ ကြာလှပြီ၊ ကြာလှပြီ

"နေပါဦး တို့တစ်တွေ အတူနေခဲ့တာ ရှစ်တန်းနော်။ အဲဒီတုန်းက ၆၃ ခုနှစ် ဆိုတော့ အခု ၇၉၊ စုစုပေါင်း ၁၆ နှစ်

မေသန်းဝင်းက ညို့လက်များကို ဆုပ်ကိုင်ကာ ပြုံးရင်း ပြောသည်။ အကျင့်တန်လှသော ညို ဖြစ်သည်။ မေးတုန်းကတော့ အစပင်ဖော်၍ မရ။ သတိရလာပြီ ဆိုတော့မှ ဦးနှောက်ထဲတွင် လျှပ်စီးလက်သလို တဖျပ်ဖျပ်နှင့် ပေါ်လာသည်။ မေသန်းဝင်း အင်္ကျီဝတ်လျှင် လက်ဖျားထိ ရှည်သော အင်္ကျီလက်ရှည်ကို ဝတ်တတ်ပုံ၊ တစ်ပတ်လျှို ဆံထုံးတွင် စံပယ်ပန်းများ ရစ်ခွေ ပန်ဆင်တတ်ပုံ၊ အတန်းထဲတွင် ဝတ္ထု ခိုးဖတ်တတ်ပုံ၊ တစ်ခါတစ်ရံ ညိုတို့ကို ပုံပြောပြတတ်ပုံ တို့ကိုပါ ဆက်တိုက် သတိရလာသည်။

"တီချာစီစီကြီးတောင် ဆုံးပြီ သိလား

"အေး သတင်းစာထဲမှာ တွေ့လိုက်တယ်။ အဲဒီတုန်းက အငယ်ကောင် သွေးလွန်တုပ်ကွေး ဖြစ်နေလို့ အသုဘ မပို့လိုက်ရဘူး။ နာရေးကြော်ငြာ ကြည့်ပြီး မျက်ရည်တော့ ကျရသေးတယ်

"တို့ကို တီချာစီစီ ခဏခဏ ဒဏ်ပေးတာလေ၊ မှတ်မိလား မေသန်းဝင်း

"ဟာ သိပ်မှတ်မိတာပေါ့

* * *

ညိုတို့ကျောင်းသည် မိန်းကလေးကျောင်း ဖြစ်သည်။ အမျိုးသားကျောင်းလည်း ဖြစ်သည်။ ထို့ကြောင့် ဆရာမ အပျိုကြီးများသည် ညိုတို့ ကျောင်းသူများကို ပိုင်းကောင်းကျောက်ဖိ ဖြစ်ရန် ရေးဆန်ဆန်ပင် ဆုံးမကြသည်။ အတွင်းခံအင်္ကျီ

ခါးတိုများ ခေတ်စားနေပြီ ဖြစ်သော်လည်း သူတို့က လုံးဝလက်မခံချေ။ ကုန်းရင်းကွရင်း ခါးသားလေး ဗိုက်သားလေး ဝင်းခနဲ လက်ခနဲ ပေါ်သွားလျှင် ပေါ်သော နေရာကို လိမ်ဆွဲတော့သည်။ လမ်းလျှောက်၍ တရှပ်ရှပ်နှင့် ရှပ်တိုက်နေလျှင်လည်း မသက်သာ။ လူအများ ရှေ့တွင် အခန်းဝသို့ ပြန်သွားပြီး ခြေကို အသေအချာကြွ၍ ကောင်းကောင်း ပြန်လျှောက်ပြရသည်။ ပြေးလွှား သွားလျှင်ကား ဆိုဖွယ်မရှိ။ ခပ်စပ်စပ်လေး အရိုက်ခံရသည်။ ဆံပင် မဖြတ်ရ။ ဆံပင် မကောက်ရ။ လက်သည်းရှည် မထားရ။ နှုတ်ခမ်းနီ၊ ပါးနီ၊ လက်သည်းနီများ မဆိုးရ။ မိတ်ကပ် မလိမ်းရ။ အင်္ကျီပါး မဝတ်ရ။ လက်တို မဝတ်ရ။ ရွှေငွေ မဝတ်ရ။ ကျောင်းလုံချည် အစိမ်းက အတော်အတန် ပါးနေလျှင်တစ်ထပ်တည်း မဝတ်ရ။ စည်းကမ်း သတ်မှတ်ချက်များကား များလှ၍ အလွတ်ပင်မရ။

ထိုသို့သော စည်းကမ်းများ ကြားထဲတွင် တီချာစီစီ ဒဏ်ပေးခြင်းကို ညိုတို့ မကြာခဏ ခံကြရသည်မှာ မဆန်းလှ။ ထိုစဉ်က ခင်ယုမေ ခေတ်စားနေသည်။ ဤဘဝဝယ် ရုပ်ရှင်ကားထဲတွင် ခြေသလုံး တစ်ဝက်ခန့် ရောက်အောင် လုံချည်တိုတိုလေး ဝတ်သည်ကို ညိုတို့အရွယ် မြီးကောင်ပေါက်များ အားကျပြီး ကြိုက်လိုက် ကြသည်မှာ ဆိုဖွယ်မရှိ။ မေသန်းဝင်း အကဲဆုံးဖြစ်သည်။ ထို့ကြောင့် ခင်ယုမေ ဝတ်သလို လုံချည်ကို ခြေသလုံး တစ်ဝက်ခန့် ပေါ်အောင် တိုတိုဝတ်သည်တွင် တီချာစီစီက "ဆတ်ဆလူးမ ဟု ကင်ပွန်းတပ်ပြီး ခြေသလုံးကို ကြိမ်လုံးနှင့် ဆော်လေတော့သည်။ ညိုကမူ ဆရာမများ စုဝေးရာ ခန်းမရှေ့ဝယ် ပက်ဘွန်း၏ ဘာနာဒင့် သီချင်းကို ဆိုရင်း ဆတ်တောက် ဆတ်တောက် ပြေးနေမိသည်တွင် တီချာစီစီကြီး ထွက်လာပြီး "ဟိုပျံလွှားမ လာခဲ့စမ်း ဟု အော်ကာ ခြေသလုံးကို ကြိမ်နှင့် ဆော်လေသည်။

တစ်ခါကတော့ ညိုတို့ ဘောလုံး ကစားကြသည်။ ရိုးရိုး ကစားရသည်ကို ငြီးငွေ့၍ ယောကျ်ားလေးများလို ရှုံးသူက ကုန်းပိုးတမ်း ကစားကြသည်။ ပျော်လိုက်သည်မှာ ပြော၍ပင် မပြနိုင်။ သို့သော် ဆရာမများ မြင်သွား၍ ပေါက်ကျော်မတွေ ဟု ဆူကာ

အရိုက်ခံရ ပြန်သည်။ ထို့နေ့တွင် မေသန်းဝင်းလည်း အရိုက်ခံရသည်ကို ညို မှတ်မိသည်။ ကုန်းပိုးတမ်း ကစားသောကြောင့်တော့ မဟုတ်ချေ။ ကျောင်းရှေ့တွင် အလှစိုက်ထားသော ဒေစီပန်းများကို ခိုးသောကြောင့် ဖြစ်သည်။

ထိုမျှသာမကသေး၊ တစ်ခါတစ်ရံ ဆရာမများက ညိုတို့အားလုံး စုဝေး ခန်းမကြီးထဲ ရောက်ပြီး ဆရာမကြီး၏ ဩဝါဒကို ခံယူချိန်ဝယ် အခန်းတံခါး ပိတ်ကာ ရှောင်တခင် စစ်ဆေးမှုကို ပြုတတ်သည်။ လွယ်အိတ်များကို စစ်သည်။ စာအုပ်များကို ကြည့်သည်။ မသင်္ကာလျှင် လှန်လှော ရှာဖွေသည်။ ထိုအခါက ညိုရော မေသန်းဝင်းပါ ကျောင်းအုပ် ဆရာမကြီးရှေ့ ရောက်ရသည်။ ညို၏ လွယ်အိတ်ထဲတွင် ဘာအာဟာရမှ မပါသည့်အပြင် မိန်းကလေးများနှင့် မတည့်၍ မစားရဟု တားမြစ်ထားသော ရှမ်းပြည်နယ်ထွက် ပင်စိမ်းသီးနှင့် နဂါးနီ အချဉ်ထုပ်များ တွေ့ကာ မေသန်းဝင်း၏ လွယ်အိတ်ထဲတွင် မဖတ်ရဟု တားမြစ်ထားသော အချစ်ဝတ္ထုများ တွေ့ရသောကြောင့် ဖြစ်သည်။

ထို့ကြောင့် မေသန်းဝင်းသည် ဆရာမများ ကွယ်ရာတွင် ဘာကျောင်း ကြီးမှန်းလည်း မသိဘူး၊ ထောင်ပဲ၊ တကယ့် အမျိုးသမီး ထောင်ကြီးပဲ သိရဲ့လား ဟု နှုတ်ခမ်း တစူစူနှင့် ပြောခဲ့သည်ကို ညို မှတ်မိသည်။

* * *

"မေမေ

"ဟော သမီး

မြီးကောင်ပေါက်ကလေး တစ်ဦးသည် ထမင်းချိုင့်ကို ဆွဲရင်း မေသန်းဝင်း၏ ဘေးသို့ ရောက်လာသည်။

“မေမေ ဆာနေပြီလား၊ သမီးတို့ နောက်ကျသွားတယ်။ ကားတွေက ကျပ်လွန်းလို့ တိုးပြီးတက်ပေမယ့် တက်မရဘူး မေမေရဲ့

မေသန်းဝင်း၏ သမီးပင် ကြီးလှချေပြီ။ ထိုအခါမှ ညိုသည် သြော် ငါတို့တွေလည်း မငယ်တော့ပါလား ဟု သတိရသည်။ လူကြီးများက ထွား လာသော လူငယ်များကို မြင်သောအခါမှ သူတို့၏ အသက်ကို သူတို့ တွက်စစ်မိပြီး သတိသံဝေဂ ရတတ်ကြလေသည်။

“နေကောင်းရဲ့လား ဝင်း

သမီး၏ အဖေက မေသန်းဝင်း၏ နဖူးကို စမ်းကာ ကြင်နာစွာ မေးသည်။ သူတို့ မိသားစု ရောက်လာတော့ ညိုလည်း ပြန်ရန် ဟန်ပြင်သည်။သို့သော် မေသန်းဝင်းက ညို၏ လက်ကို ဆွဲထားလေသည်။

“နေပါဦးကွယ် ညိုကလဲ၊ ကိုကို သူက ဝင်းသူငယ်ချင်းလေ၊ ကျောင်းမှာတုန်းကဆို ဆိုးဖော် ဆိုးဖက်ပေါ့။ ဝင်းရဲ့ ကိုကို့ကို မှတ်ထားဦး၊ နောက်တွေ့ရင် မမှတ်မိဘဲ ဖြစ်နေဦးမယ်။ ညိုက သိပ်မေ့တတ်တာ၊ တစ်ခါက ပထဝီဝင် သင်တဲ့ ဆရာမကို ဗိုလ်ချုပ်ဈေးထဲမှာ တွေ့တော့ ကိုယ့်ဆရာမ ကိုယ့်ကို နှုတ်ဆက်တာကို တီချာ

ပြန်မခေါ်ဘဲ အန်တီတွေ ဘာတွေ လုပ်နေတယ်လေ၊ သိလား ကိုကိုရဲ့၊ အဲဒီလောက် အမှတ်သညာ ကောင်းတာ

မေသန်းဝင်းက ရွှန်းရွှန်းဝေအောင် ပြောရင်း ရယ်သည်။ ထို့နောက် သူ့သမီးကို ပြပြန်သည်။

“သူက ကိုယ့်သမီး အကြီးဆုံးလေ၊ ကိုယ် အူအတက်ပေါက်လို့ ဆေးရုံ ရောက်တော့ သူပဲ အိမ်မှာ ချက်ပြုတ်နေတာ

“သမီးတောင် ကြီးလှပြီနော်

“ကိုယ်က အိမ်ထောင်ကျတာ စောတာကိုး။ သူ့အောက်မှာ လေးယောက် ရှိသေးတယ်။ မျောက်ကလေးတွေ၊ ဆော့လိုက် ဆိုးလိုက်ကြတာ

အိမ်ထောင် စောစောကျသည်မှာ ဒီလို ဆိုတော့လည်း အကောင်းသားပင်။ မေသန်းဝင်းသည် အသက် ၃၃ နှစ်သာ ရှိသေးသော်လည်း အပျိုပေါက် သမီးလေး ရှိနေပေပြီ။ သူတို့ အသက်ကြီးပြီး အနားယူသင့်သော အချိန်တွင် သားများ သမီးများ အကုန် လက်လွှတ်၍ လူလားမြောက်ပြီး ဖြစ်နေပေလိမ့်မည်။

“သမီးကို ကိုယ်တို့ ကျောင်းမှာပဲ ထားတယ်။ ဒါပေမဲ့ ကျောင်းလည်း စည်းကမ်း ပျက်နေပါပြီကွယ်၊ ဆရာမကြီးတွေလည်း မရှိတော့ဘူး၊ စည်းကမ်းတွေလည်း မရှိတော့ဘူး

“အောင်မယ် အမျိုးသမီး ထောင်ကြီးဆို

“အိုကွယ် ရှူးလို့ ပြောမိတာ၊ မိုက်လို့ ပြောမိတာ၊ ဘယ်ကလာ ထောင် ရမှာလဲ

မေသန်းဝင်းက ခေါင်းတခါခါနှင့် ပြောသောအခါ ညိုသည် သူ့ကို

ကြည့်၍ ရယ်မိသည်။

“တစ်နေ့က ပညာရည်ချွန် ဆုပေးပွဲ ရောက်သေးတယ်။ ကိုယ်တို့တုန်းက ဆရာမကြီး မိန့်ခွန်းပြောရင် တုတ်တုတ်တောင် မလှုပ်ရဲဘူး။ ခုတော့ကွယ် အပေါ်မှာ ကျောင်းအုပ်ကြီးက ပြောချင်ရာပြော၊ အောက်က ကလေးတွေကလည်း ပွစိ ပွစိ၊ ရွစိ ရွစိနဲ့ ဆူချင်ရာဆူ၊ တကထဲကွယ် စိတ်ပျက်စရာ

မေသန်းဝင်း၏ ယောက်ျားက အေးပုံရသည်။ ဘာမှ ဝင်မပြောဘဲ ပြုံး နေလေသည်။ သမီးကမူ သူတို့ မကောင်းကြောင်း ပြောနေ၍ ထင်သည်။ မျက်နှာလေး မသိမသာနီကာ နှုတ်ခမ်းစူနေသည်။

“တို့တွေတုန်းကလည်း စကားများတာပါပဲ၊ မှတ်မိလား၊ ပုံပြော ကောင်းတာလေ

“အေး ဟုတ်တယ် ဟုတ်တယ်၊ ဘာပုံပါလိမ့်

“ရေသူမလေး ပုံလေကွယ်

မေသန်းဝင်းကို မေ့ခဲ့သော်လည်း သူပြောပြသော ရေသူမလေးပုံကို ညို မမေ့ဖူးခဲ့ပေ။ အခု ပြန်တွေးလျှင် အခု သတိရသည်။ သူ၏ အသံကိုပင်

နားထဲတွင် ကြားယောင်မိသည်။

* * *

“ဟို ရှေးရှေးတုန်းကတဲ့၊ ရေအောက် နန်းတော်ကြီးမှာ ရေသူမ ဘုရင်ကြီး တစ်ပါး ရှိတယ်တဲ့။ အဲဒီ ရေသူမ ဘုရင်ကြီးမှာလည်း သိပ်ပြီးလှတဲ့ သမီးတော် ၇ ပါး ရှိသတဲ့

မေသန်းဝင်းသည် စိန်ပန်းပင်ရိပ်တွင် ထိုင်ရင်း သူ့ပုံကို စတင်ပြောခဲ့သည်။ သူပြောသော “ရေသူမ ဘုရင်ကြီး  ဟူသော စကားသည် ညို၏ နားထဲတွင် ကန့်လန့် ကန့်လန့် ဖြစ်နေသည်။

“ရေသူမ ဘုရင်ကြီး ဆိုတော့ ရေသူထီးကြီးပေါ့  ဟု ဝင်ပြောချင်သော်လည်း ပုံပြောနေသေူ အရှိန်ပျက်သွားမည် စိုး၍ ဝင်မပြောဖြစ်ချေ။

“အဲဒီ ရေသူမလေးတွေဟာ အသက် ၁၅ နှစ်ပြည့်မှ ရေပေါ်ကိုတက်ခွင့် ရတယ်တဲ့။ ဒီတော့ အစ်မကြီးတွေဟာ တစ်ယောက်ပြီး တစ်ယောက် ရေပေါ်ကို တက်ခွင့်ရတယ်တဲ့။ တစ်ယောက်ပြီး တစ်ယောက် ရေပေါ်ကို တက်ပြီး ပြန်လာတဲ့ အခါမှာ အသက်မပြည့်သေးလို့ ရေအောက် နန်းတော်မှာ ကျန်ခဲ့တဲ့ ညီမ အထွေးဆုံးလေးကို ရေပေါ်က အကြောင်းတွေ ပြောပြကြတယ်တဲ့။ ဟို မိုးပေါ်က အုပ်နေတဲ့ ကောင်းကင်ပြာကြီး အကြောင်း၊ ကြယ်တွေ လတွေ အကြောင်း၊ ရေပေါ်မှာ ရွေ့သွားနေတဲ့ သင်္ဘောကြီးတွေ အကြောင်း၊ ကုန်းမြေပေါ်မှာ ရောင်စုံမီးတွေ ထွန်းထားတတ်တဲ့ မြို့တွေ၊ နန်းတော်တွေ အကြောင်းကို ပြောပြကြတာပေါ့။ ဒီတော့ ရေသူမလေးဟာ ရေပေါ်ကို တက်ချင်လွန်းလို့ အသက် ၁၅ နှစ်ပြည့်တဲ့နေ့ကို အမျှော်ကြီး မျှော်နေရတယ်တဲ့

စိတ်ပါလက်ပါ ပြောနေသော မေသန်းဝင်းကို ညိုသည် အငေးသား ကြည့်နေမိသည်။ သူသည် မိန်းမချောလေး ဖြစ်သည်။ သွယ်တန်းသော မျက်ခုံးအောက်မှ သူ့မျက်လုံးလေးများသည် ညိုတို့ မျက်လုံးများထက် ပို၍ နက်မှောင်ကာ ပို၍ အရည်ရွှန်းလဲ့သည်။ မျက်တောင်လေးများက တိုသော်လည်း ကော့ပျံနေသည်။ နှုတ်ခမ်းလေးများကမူ ထူထူဝန်းဝန်းလေး ဖြစ်သည်။

"အဲ သူ ၁၅ နှစ်ပြည့်တဲ့ နေ့ကျတော့ ခရုပုတီးလေးတွေကို ဆွဲ၊ ခရု သရဖူလေးတွေကို ဆောင်းပြီး ရေပေါ်ကို တရှိန်ထိုး တက်ခဲ့တာပေါ့။ ကောင်းကင်ပြာကြီးနဲ့ တလက်လက် တောက်ပနေတဲ့ ကြယ်လေးတွေကိုတော့ ရေသူမလေးဟာ အံ့သြလွန်းလို့ ကျောက်ဆောင်လေး ပေါ်မှာ ထိုင်ပြီး မော်ကြည့် နေမိတယ်တဲ့။ အဲဒီအချိန်မှာ မီးတွေ ရောင်စုံထွန်းပြီး တူရိယာတွေ တီးမှုတ်နေတဲ့ သင်္ဘောကြီး တစ်စင်းကို သူမြင်ရတယ်တဲ့။ ဒါနဲ့ ရေသူမလေးဟာ သင်္ဘောကြီးနားကို ကူးသွားပြီး ချောင်းကြည့်တာပေါ့

"အဟဲ ဟဲ အိမ်သာပေါက်က ချောင်းမိရင်တော့ မတော်မတဲ့ တွေ့နေ ရတော့မှာပဲ

နေရာတကာတွင် ရွှတ်တီးရွှတ်နောက် ပြောရန်သာ စဉ်းစားလေ့ရှိသော မဝေက ဝင်ဖောက်သည်။ သို့သော် သူ့ကို မည်သူကမျှ အားမပေး။ ကန့်ကွက်သော မျက်လုံးများဖြင့် ဝိုင်းကြည့်သည်။

"အဲ ချောင်းကြည့်သော မင်းသားလေးကို တွေ့တာပေါ့။ မင်းသားလေးရဲ့ ၁၅ နှစ်ပြည့် မွေးနေ့ကို သင်္ဘောပေါ်မှာ ကျင်းပနေတာကိုး။ ရေသူမလေးဟာ ကခုန်ပျော်ပါး စားသောက်နေကြတဲ့ လူတွေကြားက မင်းသားလေးကိုပဲ စူးစိုက်ပြီး ကြည့်နေတယ်။ မြင်မြင်ချင်းလည်း ချစ်သွားတယ်တဲ့၊ အဲ အဲဒီလိုကြည့်နေတုန်း ဖြုန်းခနဲ လေတွေတိုက်၊

လှိုင်းတွေထန်ပြီး လေပြင်းမုန်တိုင်းကြီး ကျပါလေရောတဲ့ကွယ်။ သင်္ဘောကြီးလည်း မှောက်သွားတာပေါ့။ ခုနတုန်းက ပျော်ပါးကခုန်နေတဲ့ လူတွေဟာလည်း ရေနစ်တဲ့သူနစ်၊ မျောတဲ့သူ မျောနဲ့ ကယ်ပါ ယူပါ တစာစာ ဖြစ်ကုန်ကြတယ်တဲ့ သိလား

"မင်းသားလေးရော မင်းသားလေးရော

ထွေးက အလောတကြီး မေးသည်။ စိုးရိမ် ကြောင့်ကြသလို မျက်လုံးလေး ဝိုင်းနေသည်။

"ရေသူမလေး မကယ်ရင် မင်းသားလေးလည်း သေပြီပေါ့။ သတိ မေ့နေတဲ့ မင်းသားလေးကို ရေသူမလေးက ပွေ့ပြီး ခေါ်ခဲ့တယ်တဲ့။ လှိုင်းထဲ လေထဲမှာ တစ်ညလုံး ပင်ပင်ပန်းပန်း သယ်လာပြီးတဲ့ အခါမှာ ကမ်းခြေကို ရောက်လာတယ်။ အဲဒီအချိန်မှာ ကမ်းခြေကို ဆင်းလာတဲ့ လူတွေကို အဝေးက မြင်ရတယ်တဲ့။ အဲဒီတိုင်းပြည်က မင်းသမီးလေးဟာ သူ့အခြွေအရံတွေနဲ့ ပင်လယ်ကမ်းခြေကို ဆင်းလာတာလေ။ လူတွေ လာနေတာ မြင်တော့ ရေသူမလေးဟာ သတိမေ့နေတဲ့ မင်းသားလေးကို သဲသောင်ပြင် ပေါ်မှာ အသာချထားခဲ့ပြီး ကျောက်ဆောင်ကြား ဝင်ပြီး ပုန်းနေရရှာတာပေါ့။ သတိ မေ့နေတဲ့ မင်းသားလေးကို မင်းသမီးလေးက သူ့နန်းတော် သယ်သွားတာကို ချောင်းကြည့်ပြီး ဝမ်းနည်းနေတယ်တဲ့။ မင်းသားလေး သတိရလာတော့ အဲဒီ မင်းသမီးလေးကိုပဲ သူ့ရဲ့ အသက်သခင် ကျေးဇူးရှင် ထင်ပြီး သိပ်ကျေးဇူး တင်သွားရောတဲ့။ ရေသူမလေးဟာ မင်းသားလေးကို ချစ်လွန်းတော့ လူ့ဘဝရောက်ရင် နီးစပ်ကောင်းရဲ့ ဆိုတဲ့ အကြံနဲ့ စုန်းမကြီး တစ်ယောက်ဆီကို သွားတယ်တဲ့။ သူ့ရဲ့ အကြေးခွံတွေ ဖုံးနေတဲ့ အမြီးနေရာမှာ ခြေထောက်နှစ်ချောင်း ပေါက်လာအောင် လုပ်ပေးပါလို့ တောင်းပန်တယ်တဲ့လေ။ ဒီတော့ စုန်းမကြီးက ရေသူမလေးကို လျှာကို ဖြတ်ပေးမှ ဆေးဖော် နိုင်မယ်လို့ ပြောတယ်တဲ့။ နောက်ပြီး သူလူဖြစ်လို့မှ မင်းသားလေးက သူ့ကို လက်မထပ်ရင် သူသေရလိမ့်မယ်လို့ သတိပေးတယ်တဲ့

"ဟ မသေချာတဲ့ ကိစ္စကြီး

"ဘာလို့ လျှာဖြတ် ပေးရမှာလဲ၊ ဒီလိုဆို ဘယ်လိုလုပ် စကား ပြောတော့မှာလဲ။ မပေးဘူး မဟုတ်လား

ထွေးနှင့် မဝေက တစ်ယောက်တစ်ပေါက် ပြောနေစဉ် မေသန်းဝင်းက ခေါင်းကို ဖြည်းညင်းစွာ ခါသည်။ ဆွေးမြည့် ကြေကွဲစွာ ဆက်၍ ပြောသည်။

"ပေးတာပေါ့။ ရေသူမလေးက မင်းသားလေးကို ချစ်တာကိုး။ ဒီတော့ စုန်းမကြီးဟာ ဆေးဖော်ပြီး ရေသူမလေးရဲ့ အမြီးပေါ်မှာ ဖျန်းပေးလိုက်တော့ ခြေထောက်နှစ်ချောင်း ဖြစ်လာတယ်တဲ့။ ဒါပေမဲ့ သူ့ ခြေထောက်လေးတွေဟာ နုနယ်လွန်းတော့ ခြေလှမ်းတိုင်း လှမ်းတိုင်း ဓားသွား လှံသွားတွေပေါ်မှာ လျှောက်နေရသလို နာတယ်တဲ့။ နာပေမယ့် ရေသူမလေးဟာ မင်းသားလေးကို ချစ်တာကိုး၊ ဘယ်လောက်နာနာ အားခဲလျှောက်သွားပြီး မင်းသားလေးဆီ ရောက်အောင် သွားသတဲ့

"တွေ့လားဟင်၊ တွေ့ရဲ့လား

"တွေ့တာပေါ့၊ မင်းသားလေးနဲ့လည်း တွေ့ရော မင်းသားလေးကလည်း သူ့ကို ချက်ချင်း ချစ်သွားတာပဲတဲ့။ သူ ဘယ်ကလာလဲ၊ သူ့နာမည် ဘယ်လိုခေါ်လဲ မေးပေမယ့် ရေသူမလေးဟာ ဘာမှ ပြန်မဖြေနိုင်ဘူး။ မင်းသားလေးကို ကြည့်ပြီး ပြုံးနေရုံပဲ တတ်နိုင်တယ်လေ။ မင်းသားလေးရော၊ သူ့ရဲ့ အဖေနဲ့ အမေရော သိပ်လှတဲ့ ရေသူမလေးကို ချစ်ကြတယ်တဲ့။ ရေသူမလေးလည်း သိပ်ပျော်တာပေါ့။

"ဒါပေမဲ့ တစ်နေ့တော့ မင်းသားလေးဟာ ရေသူမလေးကို ပြောတယ် တဲ့။ မင်းကို ငါ အရင်တွေ့ခဲ့ရင် ကောင်းသားပဲကွယ်၊ ခုတော့ ငါ့ရဲ့ အသက်ကို ကယ်ခဲ့တဲ့ ဟိုတိုင်းပြည်က မင်းသမီးလေးနဲ့ ငါ လက်ထပ်ရတော့မယ်။ သူ့ကို လက်ထပ်ဖို့ ငါကတိပေးခဲ့တယ်။သူဟာ ငါ့ရဲ့ ကျေးဇူးရှင်ပဲလို့ ပြောတယ်တဲ့။ ရေသူမလေးဟာ

မင်းသားလေးကို သူကယ်တာပါလို့ ပြောချင်လွန်းပေမယ့် မပြောနိုင်ဘဲ မျက်ရည်တွေ ဝဲလည် နေရှာတာပေ့ါ

“ပါးစပ်နဲ့ ပြောမရရင် စာနဲ့ရေးပြောပါလား၊ အ လိုက်တာ

“လက်ဟန်ခြေဟန်နဲ့ ပြောပေ့ါ။ စာမတတ်ရင် အရုပ်ဆွဲပြောပေ့ါ

အရေးကောင်းစဉ် ဒိန်းဒေါင်းဖျက်သည်တော့ မဟုတ်၊ အပြောကောင်းစဉ် ဒေါင်ဒင်ဖျက်သည်။ ညိုတို့အားလုံး စိတ်လှုပ်ရှားစွာနှင့် မကျေမနပ် ပြောနေစဉ် ကျောင်းတက်ခေါင်းလောင်း ထိုးသည်။ ပထမ ခေါင်းလောင်း ထိုးလျှင် အတန်းရှေ့တွင် လူစုပြီး တန်းစီရသောကြောင့် စိန်ပန်းပြာအောက်မှ အပြေးအလွှား ထွက်ခဲ့ကြရသည်။ ဒီနေ့ သောကြာနေ့ ဖြစ်သည်။ တနင်္လာ ဗုဒ္ဓဟူးနှင့် သောကြာနေ့တိုင်း စုဝေးခန်းမကြီး ထဲတွင် စုဝေးကာ ဆရာမကြီး၏ ဆုံးမဩဝါဒကို ခံယူကြရသည်။

နှစ်ယောက်တစ်တွဲစီ တန်းစီပြီး စုဝေးခန်းမသို့ ထွက်လာချိန်အထိ ညိုသည် ရေသူမလေးက လွဲ၍ ဘာမှ မတွေးနိုင်၊ ဘေးတွင် လက်တွဲထားသော မေသန်းဝင်း၏ လက်ကို ဆုပ်ကိုင်ရင်း ရေသူမလေး ဘာဖြစ်သွားသနည်း သိလိုစိတ်နှင့် စိတ်လှုပ်ရှားနေသည်။ သို့သော် ဘေးဘက်တွင် ဆရာမက ယှဉ်လျက် လျှောက်လာတော့ မေးခွင့် မသာခဲ့။ စုဝေးခန်းမထဲတွင် တန်းစီ ပြီးကြသောအခါတွင်ကား ဆရာမ မရှိတော့ချေ။ ဆရာမကြီး အလာကို စောင့်နေရသော ထိုအချိန်သည် အပ်ကျသံကိုပင် ကြားရမတတ် ငြိမ်သက် တိတ်ဆိတ်မြဲ ဖြစ်သည်။ သို့သော်လည်း ဒီတစ်ခါတော့ ညိုသည် မငြိမ်သက်နိုင် မတိတ်ဆိတ်နိုင်၊ မေသန်းဝင်း၏ လက်ကို ဆုပ်ကာ  ဘာဖြစ်သွားလဲဟင်၊ ဘာဖြစ်သွားလဲ  ဟု လေသံနှင့် ထပ်ခါထပ်ခါ မေးမိသည်။

“နောက်တစ်နေ့ကျရင် မင်းသားလေးက လက်ထပ်ရတော့မယ်လေ၊ ရေသူမလေးဟာ အဲဒီညမှာပဲ အိပ်ပျော်နေတဲ့ မင်းသားလေးကို ကြည့်ရင်း သိပ်ပြီး ဝမ်းနည်းနေတာပေါ့။ သူနေခဲ့တဲ့ သူပျော်ခဲ့တဲ့ ပင်လယ်ပြင်ကြီးကို နောက်ဆုံး အနေနဲ့ မျှော်ကြည့်မိတုန်းမှာ သူ့ရဲ့အစ်မ ၆ ယောက်ဟာ ရေပေါ်ကို ပေါ်လာကြတယ်။ လေထဲမှာ တလွင့်လွင့် ဖြစ်နေတဲ့ ဆံပင်ရှည်တွေဟာ တိုတိုလေးပဲ ကျန်တော့တယ်တဲ့

“ဟင် ဘာဖြစ်လို့လဲ

“စုန်းမကြီးကို ဖြတ်ပေးခဲ့ကြ တယ်လေ။ သူတို့ ညီမလေးအတွက် ဆေးစီရင်ထားတဲ့ ဓားမြှောင်လေး ရဖို့အတွက် သူတို့ရဲ့သိပ်လှတဲ့ ဆံပင်တွေ ပေးခဲ့ကြရတယ်တဲ့။ အစ်မတွေဟာ ရေသူမလေးကို ဓားမြှောင်လေး ပေးပြီး အဲဒီဓားမြှောင်နဲ့ မင်းသားလေးရဲ့ နှလုံးသားကို ထိုးလိုက်ပါ။ ထွက်လာတဲ့ သွေးနဲ့ ခြေထောက်ကို ဆေးလိုက်ရင် အမြီး ပြန်ပေါက်လာလိမ့်မယ်။ ရေအောက် နန်းတော်ကို ပြန်လာခဲ့ပါ ညီမလေးရယ်လို့ မျက်ရည်လည်ရွဲနဲ့ ပြောကြတယ်တဲ့

မဝေက နောက်ရန်ပြောင်ရန် သတိမရတော့ဘဲ မျက်ရည်လေး ဝဲနေသည်။ သူ့ဘေးမှ ထွေးထွေးနှင့် နီနီက မျက်တောင်လေးတွေ ပုတ်ခတ် ပုတ်ခတ်နှင့် နာရည်ညှစ်သည်။

“ရှူး ရှူး ဆရာမကြီး လာနေပြီ

“ပြောပါ ပြောပါ ဘာဖြစ်လဲ

“ရေသူမလေးဟာ ဓားမြှောင်ကို ယူသွားတာပေါ့။ ဒါပေမဲ့ အိပ်ပျော်နေတဲ့ မင်းသားလေးကို ကြည့်ပြီး မသတ်ရက်ဘူး ဖြစ်နေတယ်။ နောက်ဆုံးတော့ ဓားကလေးကို လွှင့်ပစ်လိုက်ရောတဲ့

“ဟင်

“နောက်နေ့ကျတော့ ရေသူမလေး မရှိတော့ဘူး၊ ရဲတိုက်ဘေးက ပင်လယ်ပြင်ပေါ်မှာ ရေမြှုပ်ကလေးတစ်ခု ပေါ်လာတယ်တဲ့

“အဲဒါ ဘာလဲ၊ ဘာဖြစ်တာလဲ

“ရေသူမတွေ သေရင် ရေမြှုပ် ဖြစ်တယ်လေ

“ဟယ်

မေသန်းဝင်းက ဆို့နင့်သော အသံနှင့်ပြောသည်။ မျက်ရည် ရစ်ဝဲသော မျက်လုံးနက်နက် ကလေးများက စင်မြင့်ပေါ်မှ ဆရာမကြီးကို စိုက်ကြည့် နေသော်လည်း မြင်ဟန်မရှိ။

ညို့ရင်ထဲတွင် ဟာသွားသည်။ ဆရာမကြီးက ဘာဆုံးမသြဝါဒ ပေးသွားသနည်းလည်း မသိလိုက်။ သနားစိတ်နှင့်လား၊ မချင့်မရဲစိတ်နှင့်လား၊ ဘာစိတ်နှင့်လားတော့ မသိ၊ ငိုချင်နေသည်။

အတန်းထဲရောက်တော့ ပို၍ပင် ငိုချင်စရာနှင့် ကြုံသည်။ အတန်းပိုင် ဆရာမ ဒေါ်စီစီက မေသန်းဝင်းနှင့် ညိုတို့ကို အတန်းရှေ့ ခေါ်ထုတ်ကာ ဆူတော့သည်။ စုဝေးခန်းထဲတွင် စကားများကြသော အပြစ်နှင့် ဖြစ်သည်။ တစ်ခွန်းပြော နှစ်ခွန်းပြောခြင်း မဟုတ်ဘဲ လေရှည်ကြီး ပြောကြခြင်း ဖြစ်၍ ပိုပြီး အပြစ်ကြီးသည်။ မုန့်စားကျောင်း ဆင်းချိန်ဝယ် မုန့်မစားရ။ ခုံပေါ်တက် ရပ်နေကြရသည်။ ကျောင်းတက်ခါနီး ဆယ်မိနစ် အလိုကျမှ လွှတ်ပေးလိုက်၍ မုန့်စားခန်းသို့ အပြေးအလွှား လာခဲ့ကြရသည်။

ဒဏ်ပေး ခံရသော်လည်း မမှတ်သေး။ မုန့်ဟင်းခါးဆိုင်တွင် ရေသူမလေး အကြောင်းကို စကားဆက်မိကြသေးသည်။

“ရေသူမလေးက မိုက်တာပါ။ အမှန်ဆို သူ့ကိုမှ မယူတဲ့ မင်းသားကို သတ်ပစ်လိုက်အေးရော

ညိုက မုန့်ဟင်းခါးကို လုံးထွေး မျိုချရင်း ကရုဏာ ဒေါသောနှင့် ပြောသောအခါ မေသန်းဝင်းက ညို့ကို ရန်တွေ့သည်။

“ဘာမိုက်ရမှာလဲ၊ တကယ့်ကို မြင့်မြတ်တဲ့အချစ် သိရဲ့လား၊ ရိုမီယို တို့ ဂျူးလိယက်တို့ ထက်တောင် သာသေး

ထိုစဉ်က ရိုတ်စပီးယား ပြဇာတ်များကို သင်ရ၍ ကိုရိုမီယိုနှင့် မဂျူးလိယက်တို့သည် ညိုတို့၏ နလုံးသားပေါ်တွင် စိုးမိုးပြီး ဖြစ်သည်။

“ရေသူမလေးရဲ့အချစ်ဟာ စံပြအချစ်၊ ကိုယ်ကျိုးမဖက်တဲ့ အချစ်၊ နမူနာယူစရာကောင်းတဲ့ အချစ် သိရဲ့လား၊ ရေသူမလေးဟာ အချစ်ရဲ့သင်္ကေတ၊ ဒါကို ချစ်တတ်တဲ့လူတွေပဲ နားလည်တယ်

“မြတ်စွာဘုရား

ဒေါနှင့်မောနှင့် ပြောသော မေသန်းဝင်းကို ကြည့်ရင်း ညိုသည် ဘုရားတလိုက် မိသည်။ သူ့ မျက်လုံးနက်နက်လေးများသည် ရွှန်းလက်တောက်ပ နေသည်။ ပါးကလေးများက နီထွေးနေသည်။ သူက ညိုကို အပေါ်စီးမှ ကြည့်ကာ  ချစ်တတ်တဲ့ သူတွေပဲ

နားလည်တယ်  ဟု ပြောလိုက်၍ မခံချင် ဖြစ်သွားသည်။  အမယ် ငါ့ကို မချစ်တတ်ဖူးလို့ ပြောတာပေါ့လေ  ဟု တွေးမိပြီး အောင့်သက်သက် ဖြစ်သွားသော်လည်း ဘာပြန်ပြောရမည် မသိ။

မနေ့တစ်နေ့ကမှ အပျိုဖြစ်သော ညိုသည် မချစ်တတ်သေးသည်မှာ အမှန်။ အချစ်မခံဖူးသေးသည်မှာလည်း အမှန်။ ရည်းစားစာလေး တစ်စောင်တလေပင် မရဖူးသေးသည်မှာလည်း အမှန်ပင်။ ချစ်တတ်သော မေသန်းဝင်းသည်ကား ထိုနှစ်ကုန်တွင်ပင် ကျောင်းမှ ထွက်သွားသည်။ ချစ်သူနောက်သို့ လိုက်သွားခြင်း ဖြစ်သည်။ မချစ်တတ်သေးသော ညိုက ကျောင်းစာကို ဆက်၍ ကျက်ခဲ့ရလေသည်။

* * *

“ရေသူမလေးပုံကို သမီးလည်း သိပ်ကြိုက်တာ၊ ရေသူမလေးဟာ တကယ် စွန့်လွှတ် ရဲတယ်နော် အန်တီ

မေသန်းဝင်း၏ သမီးလေးက ညို့ကို တရင်းတနှီး လှမ်းပြောသည်။ သူ့ကို အန်တီဟုခေါ်သော မြီးကောင်ပေါက်လေးကို ကြည့်ရင်း ညို့ရင်ထဲတွင် ထိတ်ခနဲ ဖြစ်သွားပြန်သည်။  ငါ မငယ်တော့ပါလား  ဟု တွေးမိပြန်သည်။ တွေးနေရင် တစ်ဖက်ခုတင်က လူနာဘေးတွင် ရပ်နေသော ဥည့်သည် လူငယ်ကို အမှတ်တမဲ့ သတိထားလိုက်မိသည်။ သူ့မျက်လုံးများသည် မြီးကောင်ပေါက်မလေး ဆီတွင် ရစ်ဝဲနေသည်။

“ကိုယ့်သမီး မချောဘူးလား ညို

“အမေတူလေးပဲ ချောတာပေါ့

ညိုက ပြောသောအခါ သမီး၏ မျက်လုံးများသည် တစ်ဖက်ခုတင်သို့ ဖျတ်ခနဲ ရောက်သွားသည်။ ရှက်ကိုးရှက်ကန်းလေး ပြုံးသည်။ မေသန်းဝင်းက သူ့သမီး၏ အပြုံးကို ချက်ချင်း သတိထားမိသည်။ အခန်းကို ဝေ့ကြည့် လေသည်။

“မေမေ အလှထားတဲ့ ရေသူမရုပ်လေး ကျိုးသွားတယ် မေမေ၊ တာတူး တိုက်ချလို့

“ဟယ် ဘယ်လို ဖြစ်တာလဲ

“ဝင်းရဲ့သားက မျောက်ပဲ သိပ်ဆော့တာ၊ ဟဲ့ ရေသူမ တစ်ချိန်လုံး ကျောက်တုံးပေါ် ထိုင်နေတာ မညောင်းဘူးလား၊ လမ်းလျှောက်ဦး ဆိုပြီး စင်ပေါ်က တွန်းချတာလေ

သမီး၏ အဖေက ရယ်ရင်း ပြောသည်။

“အဲဒီ အရုပ်ကလေးက ဖေဖေ့ကို မေမေ လက်ဆောင် ပေးထားတာဆို ဟုတ်လား မေမေ

“အို ငယ်ငယ်တုန်းကပါ

မေသန်းဝင်းက ရှက်ပြုံးလေး ပြုံးသည်။

“သမီး သနားလိုက်တာ မေမေရယ်

“ဘယ်သူ့ကိုလဲ

“ရေသူမလေးကိုလေ၊ နဂိုကမှ ကံမကောင်းရတဲ့ ကံဆိုးမလေး၊ အရုပ်ဘဝမှာတောင် လိုက်ပြီး ကံဆိုးသေးတယ်။ သမီး ကော်နဲ့ ပြန်ဆက်မယ် မေမေ သိလား

မိန်းမချောလေးက တစ်ဖက်ခုတင်ကို မျက်လုံးဝင့်ကြည့်ပြီး ဆို့နင့်

ကြေကွဲသော အသံလေးနှင့် ပြောသည်။ အရည်ကြည်လေးများနှင့် ရွှန်းလဲ့တောက်ပနေသော သမီး၏ မျက်လုံးများကို ကြည့်ပြီး မေသန်းဝင်း လန့်သွားဟန်ရှိသည်။ မျက်လုံး ပြူးသွားသည်။

“ဘာ ကံဆိုးမလေးလဲ၊ အလကား၊ ဒဏ္ဍာရီထဲက ရေသူမ၊ အရူးထတဲ့ ရေသူမ၊ ဘာကော်နဲ့မှ ပြန်ဆက်မနေနဲ့၊ လွှင့်ပစ်လိုက်

မေသန်းဝင်းသည် ကြက်သားအုပ်မကြီးလို ပြူးပြူးပျာပျာ ပြောရင်း တစ်ဖက်ခုတင်သို့ မျက်စောင်း ခဲလိုက်သည်။ ထို့နောက် သမီးအဖေ၏ လက်ကိုဆွဲကာ  မဟုတ်ဘူးလား ကိုကိုရယ်  ဟု ထောက်ခံမဲ တောင်းလိုက်သည်။

ညိုသည် သူတို့ သားအမိ တစ်တွေကို ငေးကြည့်ရင်း ပြုံးနေမိသည်။ နားထဲတွင် သူငယ်ငယ်က ပြောခဲ့ဖူးသော စကားလေးကို ကြားယောင်နေသည်။

“ရေသူမလေးဟာ အချစ်ရဲ့ သင်္ကေတ သိရဲ့လား၊ ဒါကို ချစ်တတ်တဲ့ သူတွေပဲ

နားလည်တယ်  တဲ့။

---------

**မစန္ဒာ**

**(အချစ်ရွှေဘုံနိဒါန်း စာစု)**

## အမေချက်တဲ့ ပုစွန်ကျား ခုနစ်ကောင် (မစန္ဒာ)

------------------------------------------

ဟိုတစ်ဖက်က ငါးမြစ်ချင်းဆိုင်တွင် လူအုံနေသော်လည်း ပုစွန်ကျားဆိုင်ရှေ့တွင် လူရှင်းနေသည်။ ပုစွန် လာကိုင်ကြည့်လိုက်၊ ဈေးမေးလိုက်၊ အင်း ဟူ၍ သက်ပြင်းချကာ ပြန်သွားလိုက်နှင့် ပုစွန်သည် မပုစိန်လည်း တော်တော်လေး စိတ်တိုနေပြီဖြစ်သည်။ ထို့ကြောင့်လည်း "အပျင်းပြေ လာကိုင်ကြည့်လို့ ရတယ်နော်၊ တစ်ဆယ်သားကို ဖြေကျပ်ကြီးများတောင် ရောင်းတာ ဟု အငေါ်တူးပြီး အော်လေသည်။

"မြတ်စွာဘုရား ခြောက်ကျပ်တဲ့

ဆိုင်ရှေ့တွင် ရပ်ပြီး ဈေးမေးတော့မည်ပြုသော ဒေါ်လှမေ၏ ပါးစပ်သည် အလိုလို ပြန်ပိတ်သွားသည်။ တစ်ဆယ်သား ခြောက်ကျပ်ဆိုတော့ ဆယ့်ငါးကျပ်သားဝယ်ရင် ကိုးကျပ်၊ အင်း မစားရက်စရာကြီးပါလား ဟု စဉ်းစားမိသည်။ မျက်စိရှေ့တွင် ပုစွန်ကြီးသည် ငွေပုံကြီးအသွင်သို့ ပြောင်းလဲသွားသလို ထင်မိသည်။ ဒီငွေတွေကို ဝမ်းထဲ မျိုချရမှာကတော့ နမြောစရာ။

"မယူဘူးလား အန်တီကြီး

“ဈေးကောင်းလိုက်တာအေ

“ပစ္စည်းကောင်းလို့ ဈေးကောင်းတာ အန်တီကြီးရဲ့၊ ဟောဒီမှာကြည့် ခေါင်းတောင် မကျိုးသေးဘူး၊ စိမ်းလို့ လတ်လို့ ဒါမျိုးဆိုတာ တစ်ခါတလေမှ ရတာ စားစမ်းပါ

“ကင်ပွန်းချဉ်ရွက်လေး ချဉ်ရည်ချက်ပြီး ပုစွန်ကျားချိုချိုလေးနဲ့ စားလိုက်ရရင်တော့၊ အင်း အဖေကြီးကလည်း ကြိုက်ရှာတယ်

ဒေါ်လှမေသည် ကြက်သွန်နီ အကွင်းလိုက် အုပ်ချက်ထားသော ပုစွန်ကျား အကောင် နီနီရဲရဲကြီးများကို တွေး၍မြင်ယောင်ရင်း တံတွေးကို မသိမသာ မျိုချသည်။

“ကဲ ဘယ်လောက်သားလဲ၊ ငါးဆယ်သား ချိန်လိုက်ရမလား

“အမလေး မရက်စက်ပါနဲ့အေ

ဒေါ်လှမေက ယောင်ယမ်းပြီး ခြေတစ်လှမ်း နောက်ဆုတ်မိသည်။ ထို့နောက် “ညည်းတို့ ပုစွန်ကျားကလဲ ကုဋေရှစ်ဆယ် သူဌေးသားတောင် နေ့တိုင်းစားရင် မွဲရချည်ရဲ့ ” ဟု ခပ်ငေါ့ငေါ့လေး ပြောမိသည်။

“ကောင်းလွန်းလို့ပါ အန်တီကြီးရယ်၊ ဈေးပေါရင်တော့ ပစ္စည်းညံ့ပဲ ရမှာပေါ့၊ ဟုတ်ဘူးလား

မပုစိန်က တစ်ဖက်ဆိုင်ကို မေးငေါ့ကာ အသံကိုမြှင့်၍ပြောသည်။ ပစ္စည်းချင်းတူသော်လည်း တစ်ဖက်ဆိုင်မှ ပုစွန်ကျားက အကောင်သေးကာ ခေါင်းကပြုတ်နေပြီး အရောင်ကလည်း နီနီနှင့် မလတ်တလတ်မို့ သူက ပြောအားရှိနေသည်။

တစ်ဖက်ဆိုင်မှ မိန်းမက သူတို့ဘက်သို့ မျက်စောင်းဝဲလိုက်ပြီး

“ပေါတယ်နော် ပေါတယ်၊ ဟောဒါမျိုးကိုစား ကျားမှကျား၊ တစ်ဆယ်သား သုံးကျပ်ခွဲ၊  ဟု အသံကုန်ဟစ်သည်။

“အင်း အဲဒါဝယ်ရင်တော့ တစ်ဝက်လောက် သက်သာတယ်

ကွန်ပျူတာထက်ပင် မြန်သောဒေါ်လှမေ၏ ဦးနှောက်က ဖျတ်ခနဲ တွက်လိုက်မိပြန်သည်။

“အင်း ဒါပေမဲ့ သုံးဆယ့်ငါးကျပ်စျေး ပေးပြီး အပုပ်မစားဘူး၊ ခြောက်ဆယ်စျေးပေးပြီး အကောင်းပဲ စားတော့မယ်။ ဘာဖြစ်သေးလဲ တစ်ခါတလေ စားတာ၊ အဖေကြီးက ပင်စင်စားမို့ ငါ့ကိုဟင်းကောင်းတောင် မကျွေးတော့ပါဘူးလို့ စကားနာထိုးတာ နှစ်ခါတောင် ရှိနေပြီ  ဟု ဆက်၍တွေးမိတော့ ခြေနှစ်လှမ်း ပြန်တိုးလိုက်မိသည်။ စိမ်းပြီးလတ်နေသော

အကောင်ကြီးများကို ခပ်ရဲရဲကောက်ကိုင်ကာ ဆယ့်ငါးကျပ်သားလောက် ချိန်စမ်းအေ ဟု လေသံတင်းတင်းနှင့် ပြောလိုက်သည်။ အင်း တကယ်မစားရသေးဘူး၊ ဝယ်ရတာတောင် အရသာ ရှိလိုက်တာဟဲ့ ဟု ဆက်၍တွေးနေရင်း တစ်ဦးတည်း ပြုံးမိလေသည်။

"ဟောဒီမှာကြည့်၊ အသာကြီး

"အလေးတော့ မှန်ပါတယ်နော်

"ကြိုက်တဲ့နေရာမှာ သွားချိန်၊ ချိန်ပြီးမှ ပိုက်ဆံပေး၊ ပုစိန်တို့က ကြိုက်ဈေးပြောရောင်းတာ အလေးမခိုးဘူး

ချိန်ခွင်ခွက်ထဲမှ ပုစွန်ကျားများကို ခြင်းတောင်း ထိုးမခံသေးဘဲ တစ်ကောင် နှစ်ကောင် ရေတွက်မိသည်။ စုစုပေါင်း ခုနစ်ကောင်။ တစ်ဆယ့်ငါးကျပ်သားကို ဒီလိုအရွယ် ပုစွန်ကျား ခုနစ်ကောင်ရသည် ဆိုကတည်းက အလေးမခိုးမှန်းတော့ အသိသာကြီးပင်။

"မချိန်ပါဘူးအေ၊ ပါးစပ်က အကျင့်ပါနေလို့သာ ပြောတာ၊ ယုံပါတယ်

ဒေါ်လှမေသည် လေချိုသွေးလိုက်ပြီး လက်ထဲမှ တစ်ဆယ်တန်ကို လှမ်းပေးသည်။ ဒီနေ့တော့ လျှာရင်းမြက်မြက်လေး စားလိုက်ဦးမည်။ ခုနတုန်းက ဈေးအဝမှ ကင်ပွန်းချဉ်ရွက်တွေ တွေ့ခဲ့သည်။ တစ်စည်းကို

ပြားခြောက်ဆယ်တဲ့။ ကင်ပွန်းချဉ်ရွက် တစ်စည်းကို ကန်စွန်းရွက်တစ်စည်း ရောပြီး ချဉ်ရည်ချက်၊ ငါးပိရည်ကျိုထဲတွင် ကြက်သွန်ဖြူနှင့် ငရုတ်သီးစိမ်း ထောင်းထည့်၊ အိမ်နောက်ဖေး ကပြင်နားတွင် မြေကလေးတစ်တောင်လောက်တွင် ကပ်ပြီးပေါက်နေသော ခရမ်းကဖော့ပင်က အသီးလေးတွေ ခူးပြီး ရေနွေးဖျော၍ တို့၊ ဒေါ်လှမေ တွေးရင်းပင် လျှာစိုလာသည်။

"မမမေ ဘာရခဲ့လဲ

ဈေးကအပြန် လမ်းတွင်တော့ မျက်စောင်းထိုးအိမ်မှ ဒေါ်စိန်အေးနှင့် တွေ့သည်။ ကင်ပွန်းချဉ်ရွက်နှင့် ချဉ်ပေါင်ရွက်စည်းတို့ကို အောက်ဘက်ပို့ပြီး ပုစွန်ကျားကို မြင်သာထင်သာ အပေါ်ပြောင်းထည့်ခဲ့မိသည့်အတွက် ဒေါ်လှမေ ကျေနပ်သွားသည်။ ဒေါ်စိန်အေး၏ မျက်လုံးက ခြင်းတောင်းထဲ လှမ်းကြည့်လိုက်သည်ကို မြင်တော့ ပိုပြီးကျေနပ်သွားသည်။ တစ်ဆယ်သား ခြောက်ကျပ်ဆိုတာ လူတိုင်းစားနိုင်တာ မှတ်လို့။

"မမမေတို့က စနေနေ့ သားတွေ ချွေးမတွေ လာတတ်လို့ ဟင်းကောင်း ချက်ကျွေးတော့မယ် ထင်တယ်

ဒေါ်စိန်အေး၏ စကားကိုကြားတော့ ကျေနပ်စိတ်နှင့် ဝင်းမှေးနေသော ဒေါ်လှမေ၏မျက်လုံးအစုံသည် ရုတ်ခနဲ ပြူးထွက်လာသည်။

“ဟုတ်သားပဲ၊ ဒီနေ့ စနေနေ့၊ အဖေကြီးက ရုံးသမားမဟုတ်တော့ လို့ ငါမေ့နေတာ၊ ဒီလိုဆို ပုစွန်အစိတ်သားလောက် ဝယ်မိရင်ကောင်းသား

ဒေါ်လှမေက တွေးပြီး စိတ်မကောင်းဖြစ်သွားသည်။

သူတို့မှာက အဘိုးကြီး အဘွားကြီး နှစ်ဦးတည်း၊ ပင်စင်လစာလေးနှင့် ခြစ်ခြစ်ခြုတ်ခြုတ် နေရသော်လည်း သားတွေလာလျှင် မရှိ ရှိတာလေးတွေ ထုတ်ပြီး ကောင်းနိုးရာရာလေးတွေတော့ ကျွေးချင်သည်။ အမေ့လက်ရာကို အားပါးတရ ထိုင်စားနေသော သား၏ မျက်နှာကိုကြည့်ပြီး ကြည်နူးချင်သား။ သားသုံးဦးစလုံးကို သူတို့ပညာအပြည့် သင်ပေးခဲ့သည်ဖြစ်၍ သင့်တင့်သော အလုပ်အကိုင်၊ သင့်တင့်သော ဝင်ငွေနှင့် အသင့်အတင့် ချောင်လည်ကြလေသည်။

“သူတို့ဟာ သူတို့စားနိုင် သောက်နိုင်နေရင် ဝမ်းသာနေရတာပါပဲ၊ တို့ကို ပြန်ထောက်ဖို့ မလိုပါဘူး

အဖေကြီး ဦးအောင်မြတ်က ပြောတတ်သည်။ ဒေါ်လှမေကတော့ အမေမို့လားမသိ၊ သားတွေ မြေးတွေကို ဘာကျွေးရပါ့မလဲ။ ဘာပေးရပါ့မလဲနှင့် စဉ်းစားတတ်သည်။ သားတွေဆီကလည်း

ပြန်ပြီးမျှော်လင့်မိသည်ကတော့ အမှန်ပင်။

"အင်း သားသုံးယောက် တစ်ယောက်ကို ငါးဆယ်ထောက်ရင်တောင် သုံးယောက်ဆိုတော့ တစ်ရာ့ငါးဆယ်၊ ဒါဆိုရင် ကုသိုလ်ကောင်းမှုလေး ဘာလေး ပြုနိုင် လှူနိုင် တန်းနိုင်မှာပေါ့ ဟုတွေးမိသည်။

သို့သော် သားတွေ ချွေးမတွေကလည်း အဘိုးကြီး အဘွားကြီး နှစ်ယောက်တည်း ပင်စင်လစာနှင့် အေးအေးဆေးဆေး စားနေနိုင်သည်ဟု ယူဆ၍လား၊ ဒါမှမဟုတ် မသိချင်ယောင်ဆောင်သည်လားတော့ အသေအချာ မသိ။ ငါးဆယ်မပြောနှင့် အစိတ်ပင် မထောက်ပံ့ကြချေ။ အိမ်လာလျှင်တော့ သရက်သီးလေးအစ၊ ကိတ်မုန့်လေးအစ ဝယ်ခြမ်းလာတတ်ကြသည်။ ဒါ့အပြင် တစ်ပြားမှထွက်မလာ။

သူကလည်း စိတ်ထဲကသာ မျှော်မြင်မိသော်လည်း နှုတ်ကတော့ ထုတ်မပြောတော့ပေ။ ဟိုတစ်ခါတုန်းက နှုတ်ကထုတ်ပြောမိတုန်းကတော့ အိမ်က အဖေကြီးနှင့် စကားများရသည်။ အဖေကြီးက ပြတ်သည်။ သားတွေကို လုံးဝအားမကိုး။ လိုချင်မျက်စိလည်း မရှိ။ ရကောင်းစေဟူ၍လည်း သဘော မထား။ စောစောထ လမ်းလျှောက်၊ နေ့ခင်းတရားထိုင်၊ တရားစာအုပ် ဖတ်၊ တစ်ခါတစ်ရံလည်း အပေါင်းအသင်းများနှင့် တရားဆွေးနွေး ညရောက်လျှင် ဘုရားစင်ရှေ့၌ တရားထိုင်၊ ထို့နောက် ဘုရားရှိခိုး၊ အမျှဝေပြီး ချမ်းသာစွာ အိပ်စက်လေသည်။ ဟိုတွေးဒီတွေး တလူးလူး တလွန့်လွန့်နှင့်

အိပ်မပျော်သောညဟူ၍ သူ့မှာ မရှိသေး။

“အမေ

“ဟောတော့ အဖေ

ကိုယ့်စိတ်ကူးနှင့်ကိုယ် တစိုက်စိုက် လျှောက်လာသော ဒေါ်လှမေသည် သူ့လက်ကို တစ်စုံတစ်ဦးက လှမ်းဆွဲလိုက်သောအခါမှ တုံခနဲရပ်သွားသည်။ သူ့ကိုပြုံးရယ်ပြီး ကြည့်နေသော ခင်ပွန်းသည် ဦးအောင်မြတ်အား ယောင်ကန်းကန်းနှင့် ပြန်ကြည့်မိသည်။

“လမ်းလျှောက်ပြန်လာတာ၊ အမေ့ကိုတွေ့ရလို့ ရပ်စောင့်နေတာ ဘာတွေ စဉ်းစားလာတာတုံး

“ဒီလိုပါပဲ

ဦးအောင်မြတ်က ဒေါ်လှမေ၏ လက်ထဲမှ ဈေးခြင်းတောင်းကို လှမ်းယူသည်။

“ဟာ ပုစွန်ကျားတွေ ဘာတွေနဲ့ပါလား

“ဟုတ်တယ်၊ အဖေကြိုက်တယ် မဟုတ်လား

“ကြိုက်တော့ ကြိုက်တာပေ့ါ၊ ဒါပေမဲ့ စျေးကြီးမှာပေ့ါ အမေရယ်

“အို တစ်ခါတစ်လေပဲဟာ

ဒေါ်လှမေက မျက်စောင်းလေး မသိမသာ ဝဲကာ ပြောမိသည်။ ဦးအောင်မြတ်က ဆွဲခြင်းကိုဆွဲကာ လျှောက်တော့ သူက ဘေးမှယှဉ်လျှောက်ရင်း  အဖေကြိုက်သလို ကြက်သွန်နီ အကွင်းကြီးတွေအုပ်ပြီး ကြော်ပေးမယ်လေ၊ နောက်ပြီ ကင်ပွန်းရွက် ချဉ်ရည်လေး ချက်ပေးမယ်၊ ကြိုက်တယ် မဟုတ်လား  ဟု တယုတယ ပြောမိစဉ် လမ်းမှလူပျိုပေါက်ကလေး နှစ်ဦးက သီချင်းတစ်ပုဒ်ကို အော်ဆိုလိုက်သောကြောင့် အတန်ငယ်ရှက်သွားသည်။

“အဘွားကြီး မင်းက အဘိုးကြီး ငါ့ကို မောင်တွေ ဘာတွေခေါ်ပါဦး  တဲ့။

* * *

“နောက်ဆုံးတော့ အဘိုးကြီး၊ အဘွားကြီး နှစ်ယောက်တည်း တစ်ယောက်နဲ့ တစ်ယောက် အဖော်လုပ်ရတော့တာပဲ၊ သားတွေကတော့ သူတို့ အဖော်နဲ့သူတို့၊ ဒီလိုပဲပေ့ါလေ၊ ငါတို့ ငယ်ငယ်တုန်းကလည်းကိုယ့်အဖော် ကိုယ်ရှာပြီး မိဘကို ထားခဲ့ကြတာပဲ မဟုတ်လား

ဒေါ်လှမေက ကြက်သွန်နီဥကြီးများ အကွင်းလိုက်လှီးရင်း စဉ်းစားသည်။ အသက်ကြီးလာတော့ တစ်ဦးနှင့်တစ်ဦး သံယောဇဉ်က ပိုကြီးလာသည်။ အရင်တုန်းကလို တဏှာချစ်၊ ဘယာချစ်နှင့် မဟုတ်တော့ဘဲ အေးမြသောမေတ္တာက အလေးကဲလာသည်။ ထိန်းစရာ ကျောင်းစရာ မြေးမြစ်လည်း မရှိတော့ ဘဝက ပျင်းခြောက်သယောင် ရှိသော်လည်း အေးချမ်းသည်ကတော့ အမှန်ပင်။ ဦးစွာအိမ်ထောင်ကျသော သားအလတ်က ယောက်ျားရော၊ မိန်းမပါ အလုပ်လုပ်သည်။ သားသမီးရလာတော့ နေ့ခင်းတိုင် အဘိုးအဘွားအိမ် လာပို့ထားသောကြောင့် မြေးထိန်းလိုက်ရသေးသည်။ အလုပ်ကတစ်ဖက်၊ လှည်းရကျင်းရ လျှော်ရဖွပ်ရ၊ နို့ဘူးဖျော်ရ၊ အာဟာရမှုန့်ကျိုပြီး ခွံ့ရနှင့် အဘိုးရော အဘွားရော တစ်ချက်ကလေးမျှ မအားကြ ရပေ။ အိမ်ရှေ့အိမ်မှ ဒေါ်ခင်ဝေက မလှမေတို့က ညံ့တာကိုး၊ တကယ်ဆို မခင်ဝေ နေ့ခင်းအပျင်းပြေအောင် မြေးလေးတွေ ခေါ်ထားပါလား ပြောနေတာ၊ ငါက ငါ့အိမ်မှာ ကြီးတောင့်ကြီးမားနဲ့ ငါ့ထမင်းတောင် ငါအနိုင်နိုင် ချက်စားနေရတာ၊ ထဘီမကပ်အောင် လုပ်မလို့လားအေလို့ ပြန်ပြောလိုက်ရတယ် ဆိုပြီး အစောကြီးကတည်းက ကြိုကြိုပိုပို ပိတ်ပြောထားပါလားလို့ ပြောသေးသည်။ ဒီလိုလည်း ဘယ်ဟုတ်ပါ့မလဲ၊ ကိုယ်နိုင်သမျှတော့ ကူရမှာပေါ့ရှင် ဟု သူက ပြန်ပြောခဲ့ရသည်။ ပင်ပန်းသည် မှန်သော်လည်း "သမီးရေ၊ ပူတူးရေ နှင့် မြှူချော့နေရတော့လည်း အမောပြေသားပင်၊ သို့သော်လည်း ကလေးက အပြင်းဖျားပြီး သွေးလွန်တုပ်ကွေးဖြစ်တော့ အဘိုးအဘွား တရားခံဖြစ်ရလေသည်။ ချွေးမဖြစ်သူက သွေးလွန်တုပ်ကွေး ခြင်က နေ့ခင်းကိုက်တဲ့ ခြင် ဟု မျက်စိမျက်နှာ ပျက်ပျက်နှင့် ပြောသည်။ နေ့ခင်းတိုင် ကလေးကို ဂရုမစိုက်၍ ခြင်ကိုက်ရသည်ဟု ဆိုလိုဟန်ရှိသည်။ ကလေးဆေးရုံကဆင်းတော့ ဒေါ်လှမေတို့ဆီ လာမပို့တော့ပေ။ ချွေးမ၏ မိဘများဆီ တစ်လှည့်ရောက်သွားသည်။ မပြောကောင်း ပြောကောင်း

သွေးလွန်တုပ်ကွေး ကယ်လိုက်မှ အဖေကြီးလည်း တရားစာအုပ် ပြန်ဖတ်နိုင်တော့သည်ကတော့ အမှန်ပင်။ ဒေါ်လှမေခမျာလည်း ကလေးသေးများနှင့် စိုကာ အကွက်အကွက် ဖြစ်နေသော ညှော်ခန်းက ကြမ်းကလေးကိုပြန်ပြီး ပြောင်စေရန် တကုန်းကုန်းနှင့် ခါးချည့်အောင် ပွတ်တိုက်ရင်း မြေးကလေးကို လွမ်းခဲ့ရသည်။ သည့်နောက်ပိုင်းတော့ ဘယ်သားကမှလာပြီး ကလေး မထိန်းခိုင်းတော့ပေ။ သွေးလွန်တုပ်ကွေးဖြစ်မှာ ကြောက်သောကြောင့်လား မသိ။ ကလေးထိန်းစာမေးပွဲတွင် အဘိုးအဘွားက ပထမတန်းပင် မအောင်ဘဲ ကျရှုံးသွားခဲ့လေပြီ။

"အမယ် မွှေးလှချည်လားဟ

ဦးအောင်မြတ်က မီးဖိုထဲဝင်လာကာ ဒေါ်လှမေ၏ ဘေးတွင် ဖင်ထိုင်ခုံဆွဲ၍ ဝင်ထိုင်သည်။ ဒေါ်လှမေက အကွင်းလိုက် လှီးထားသော ကြက်သွန်နီများကို ဒယ်အိုးထဲမှ ပုစွန်နီနီရဲရဲများ အပေါ်သို့ အုပ်ချလိုက်သည်။

"ငှါသားကြီး ကျွေးချင်လိုက်တာ၊ ဒီကောင်က ပုစွန်ကျားများဆို အသေကြိုက်တာ

ဦးအောင်မြတ်က အမှတ်ရပြောသည်။

“သားသုံးယောက်လုံး ကြိုက်တာပဲ အဖေရယ်၊ အရင်တုန်းကတော့ အဆင်ပြေရင် ပြေသလို ချက်ကျွေးနေကျ၊ ခုတော့ သူတို့မိန်းမတွေက ချက်မှကျွေးပဲ့မလား မသိပါဘူး

“ပူမနေနဲ့၊ ခင်ဗျားသားတွေက ဘဲဥပြုတ်ကလေး စားလို့ကောင်းလိုက်တာ လုပ်နေမှာ

“ဒီနေ့များ လာမလား မသိဘူး

ဒေါ်လှမေက တမ်းတမ်းတတ ပြောမိသည်။ ဘာသားလာလာ လာသောသူကို ပုစွန်ကလေး ကျွေးလိုက်ချင်သည်။ အားရပါးရစားသော သား၏မျက်နှာ တစိမ့်စိမ့်ကြည့်ကာ ကျေနပ်ချင်သည်။

“အမေရေ ဘာဟင်းချက်တုံးဗျ

စိတ်ထဲတွင် တွေးနေမိနေတုန်း သားကြီး၏ အသံကို ကြားရတော့ ဒေါ်လှမေ မြူးပျော်သွားသည်။

“တယ်မွှေးပါလားဗျ

ဒါကတော့ သားလတ်၏အသံ။

“ပုစွန်ဟင်းဗျ ကျွန်တော်သိတယ်

သားငယ်၏ အသံကို ဆက်တိုက်ကြားရတော့ ဒေါ်လှမေ ရင်များပင် ခုန်လာသည်။ သူတို့တစ်တွေ သူတို့အိမ်ထောင်တွေနှင့် အသီးသီးခွဲခွာ သွားကြပြီးသည့် နောက်ပိုင်းတွင် သားသုံးဦးလုံး မိဘအိမ်တွင် မဆုံမိကြတော့။ တစ်ဦးက အဝင် တစ်ဦးက အထွက်နှင့် လွဲနေတတ်သည်။ ခုတော့ ဒင်းတို့တစ်တွေ ချိန်းထားသလား မသိ။

“လူစုံလှချေကလားကွ

“မင်္ဂလာဆောင်မှာ တွေ့လာတာ အဖေရေ့

သားသုံးဦးလုံး မီးဖိုထဲသို့ ရှေ့ဆင့်နောက်ဆင့် ရောက်လာကြသည်။ ဧည့်ခန်းဘက်မှ ရယ်မောစကားပြောသံများကိုပါ ထပ်၍ကြားရသည်။ ဇနီး မယားများပါ ပါလာဟန်ရှိလေသည်။

“အဲဒါ ဆာနေလို့ အမေတို့ အဖေတို့အိမ် လှည့်ဝင်လာကြတာ

“မင်္ဂလာဆောင်က အပြန် ဆာတယ်လို့ကွာ

“ဒီလိုအဖေရဲ့ မင်္ဂလာဆောင်တာက ကျွန်တော်တို့ သုံးယောက်လုံးနဲ့ ခင်တဲ့

ကိုဘသောင်းရဲ့သမီးလေ၊ သူတို့က သိပ်လည်း မတတ်နိုင်တော့ အိမ်မှာပဲ လုပ်တယ်၊ ကျွန်တော်တို့က မနက်ရှစ်နာရီက ဆယ်နာရီ အိမ်မှာဆိုတော့ မုန့်ဟင်းခါးလောက်တော့ ကျွေးမယ်ထင်တာ၊ အိမ်ကလည်းဘာမှ စားမသွားမိကြဘူး၊ ဟိုကျတော့ ရေခဲမုန့်ကလည်း ခွက်ထဲ ဖွန်းဖျားလေးနဲ့ ကော်ထည့်ထားတာ တကယ့်ကို နည်းနည်းလေး၊ လှီးထားတဲ့ ပလိန်းကိတ် တစ်ယောက်တစ်ချပ် ဝေပုံကျ

"အဟီး အဲ့ဒီဟာလေးတွေ စားပြီးတော့မှ အရမ်းကို ဆာလာတာပဲ၊ အဲဒါမျိုးပေ့ါ ဆင့်ပါးစပ် နမ်းပက်ဆိုတာ

"ဟား ဟား ဒီမှာတော့ ပွဲတော်အုပ်နဲ့ တိုးနေပြီ မောင်၊ ပုစွန်ကျားဗျ

"နီလို့ ရဲလို့၊ ကြွပ်လို့ ရွလို့၊ စားရမှာလား အဖေ

"အို မောင်ကလည်း အိမ်ကျမှ ထမင်းစားပါတော့

"အောင်မာ အဲဒီတော့ မင်းက ငါ့ကို ဘဲဥပြုတ်ဆီဆမ်းကျွေးမှာ မဟုတ်လား

"အမေ့လက်ရာလေး လွမ်းလွန်းလို့ဗျာ

"အလွမ်းပြေလေး အလွမ်းပြေလေး

သားတွေက တစ်ယောက်တစ်ပေါက် ရယ်မောပြောနေစဉ် ဒေါ်လှမေက ငါးယောက်ဆံ့သော စားပွဲဝိုင်းကလေးကို ခင်းပြီး ထမင်းအမြန်ခူးသည်။ ဦးအောင်မြတ်က ပိုက်ဆံလေးငါးကျပ်ကို လက်ထဲမသိမသာ ဝှက်ယူသွားကာ လမ်းထိပ်ထမင်းဆိုင်သို့ ပြေးသည်။ လက်ထဲတွင် ထမင်းထုပ်နှင့် သခွားသီးနှစ်လုံး ပါလာသည်။

အမေ့ထမင်းဝိုင်းလေးက ပုစွန်ကျားဟင်း၊ ကင်ပွန်းရွက်ချဉ်ရည်၊ ငါးပိဖျော်ရည်၊ အတို့အမြှပ် စုံစုံလင်လင်နှင့် မြိုင်မြိုင်ဆိုင်ဆိုင်ရှိသည်။ ငါးယောက်စားပွဲကို ခြောက်ယောက်ထိုင်တော့ အတန်ငယ်ကျပ်တည်းသော်လည်း သားတွေက ပိုပြီးပျော်နေဟန်ပင် ရှိလေသည်။

"စားကြ စားကြ၊ ငါ့သားတွေ ကျွေးချင်လို့မျှော်နေတာ  ဟု အဖေကြီးက ပြုံးပြုံးပြောသည်။

"ငါကတော့ ငါ့မိန်းမကို ဦးချပြီ မောင်

 သားကြီးက ချွေးမကြီး၏ ပန်းကန်ထဲသို့ ပုစွန်တစ်ကောင် ခပ်ထည့် ပေးသည်။

"စုကတော့ စုယောက်ျားကို ဦးချတယ်

"ဒါမျိုးလေးတွေကြောင့် ချစ်ရတာ၊ ရော့ဗျာ၊ မောင်ကတစ်လှည့် ပြန်ထည့်ပေးမယ်နော်

"မျက်စိရှက်တယ်ဗျို့၊ ကိုယ့်ပန်းကန်ထဲ ကိုယ့်လက်နဲ့ပဲ၊ ထည့်မယ်ဟော့မိန်းမ ထည့်စား

သူတို့ထမင်းပွဲကား တဝါးဝါးတဟားဟားနှင့် ရယ်မောသံ ညံနေသည်။

"ဟော့ တစ်ယောက်တည်း ချန်မထားကောင်းဘူး၊ ဒီကောင်တစ်ကောင်တည်း ပျင်းနေမှာပေါ့

"အို မောင်ကလည်း အမေတို့ဖို့ ကျန်သေးရဲ့လား

"အဖေတို့ ခုပဲ စားပြီးပါပြီကွာ

တစ်ကောင်တည်း ကျန်တော့သော ပုစွန်ကြီးကို သားကြီးက လှမ်းနှိုက်မှ ချွေးမက ယောက္ခမနှစ်ဦးအား သတိရသည်။ ဦးအောင်မြတ်က ခွင့်လွှတ်စွာပြုံးရင်း မုသားမဆိုစဖူး ဆိုလိုက်လေသည်။

ဒေါ်လှမေကတော့ ပီပီပြင်ပြင် မပြုံးနိုင်၊ ကိုယ့်သားတွေ စားနေတာကို ကျေနပ်ကြည်ဖြူသော်လည်း ချွေးမတွေ၏ ပန်းကန်ထဲက ပုစွန်အကောင်ကြီးများကိုတော့ နမျောမိသည်မှာ အမှန်။ကိုယ်မစားရတာက ကိစ္စမရှိ။ အဖေကြီးပါ စားရတော့မည် မဟုတ်ဟု တွေးမိတော့ အောင့်သက်သက်ကလေးတော့ ဖြစ်မိသည်။ သားကတော့ သား၊ ချွေးမကတော့ ချွေးမပင်။ ချွေးမကို သမီးအရင်းလို သဘောမထားရကောင်းလားဟု အပြစ်တင်ကလည်း ခံရုံသာရှိသည်။ သမီးလို သဘောမထားနိုင်သည်ကတော့ အမှန်ပင်။ သူတို့ကလည်း ကိုယ့်ကို အမေလို သဘောထားသည် မဟုတ်ဟု တွေးမိသည်။ အမေ့အိမ်သာ ဆိုလျှင်တော့ ဟာ အမေတို့ဖို့ ရှိသေးရဲ့လား ဟုမစားခင်ကတည်းက မေးမည်ထင်သည်။

ကိုယ့်ယောက်ျား ပန်းကန်ထဲသို့ ဦးချမထည့်မီ မိဘအတွက်
အရင်ပန်းကန်လေးနဲ့ သတ်သတ်ခွဲပြီး ဖယ်ထားလိမ့်မည် ထင်သည်။

"စားလို့ကောင်း ဝါးလို့ကောင်း ဗိုက်လည်းဖောင်းပြီ အမေရေ့

သားတွေက ပြန်ပြောတော့ တွေးလက်စ အတွေးပြတ်ပြီး ဝမ်းသာအားရ ပြုံးမိသည်။ သူတို့မယားတွေက ချက်ကျွေးတာမဟုတ်ဘူး၊ အမေ့အိမ်ရောက်မှ စားကြရတာ၊ စားကြပါစေ။ သူတို့ကလည်း မိန်းမ ရှေ့ထားပြီး ဘယ်မျိုကျပ့်ါမလဲ။ သူတို့မိန်းမတွေပါ စားမှ မျိုကျတော့မပေါ့။ ဟုတ်တာပေါ့လေဟု ချက်ချင်းပင် ခွင့်လွှတ်စိတ် ပြန်ဝင်လာသည်။ ချွေးမအငယ်က ပန်းကန်တွေ ထိုင်ဆေးမည်ပြုတော့ အဲ သွားသွား၊ ဝတ်ကောင်းစားလှတွေ ဝတ်ပြီး ဆေးမနေနဲ့၊ ထားခဲ့ ထားခဲ့၊ အမေဆေးလိုက်ပ့်ါမယ် ဟု စေတနာအရင်းခံနှင့် ပြောဖြစ်သည်။ ချွေးမလေးက ဟာ အမေကလည်း မဟုတ်တာ၊ ဆေးပေးခဲ့ပ့်ါမယ် ဟုဗွတ်ပြောပြီး ဗွတ်ပင် ဆေးကြောသွားသည်။ ချွေးမကြီးတွေက စားပွဲကြီးသုတ်ပြီး တံမြက်စည်းလှမ်းသွားကြတော့ မီးဖိုချောင်လေးက ပြန်ပြီး သန့်ရှင်း သပ်ရပ်သွားသည်။

"ကဲ မိန်းမ၊ မှတ်ထားစမ်း ငါက အမေ့အိမ်မှာ ဒီလိုပဲ
နေ့တိုင်းစားလာတယ်ဆိုတာ မှတ်ထား

"အမေချက်တဲ့ ချဉ်ရည်ဟင်းကို ဘယ်သူမှမီအောင် မချက်နိုင်ဘူး၊ လျှာထဲကို

စွဲနေတာပဲ

"အောင်မာ ငါးပိရည်ကအစ အမေများ ဖျော်ထားရင် မွှေးပြီး ချိုနေတာ

သားတွေက တစ်ယောက်တစ်ပေါက် ချီးကျူးကြတော့
အဖေကြီးဦးအောင်မြတ်က  အဲဒါ ငါ့မိန်းမကွ၊ မှတ်ထား
ဟုပြုံးပြုံးကြီးဆိုသည်။ သားတွေရော ချွေးမတွေရော ဝါးခနဲရယ်ကြစဉ်
ဒေါ်လှမေ ကျေနပ်ပြုံးနှင့် ရှက်ပြုံးကို တစ်ပြိုင်နက် ပြုံးမိလေသည်။

သားတွေ ချွေးမတွေ ပြန်သွားတော့ ဆယ့်တစ်နာရီပင် ထိုးပြီးလေပြီ။
စကားပြောသံ၊ ရယ်မောသံများနှင့် ဆူညံစိုပြည်နေသော အိမ်ကလေးသည်
ချက်ချင်းပင် တိတ်သွားသည်။ ခြောက်ကပ်သွားသည်။ အမေချက်ထားသော
ပုစွန်ကျားကလေးများလည်း ဟိုအိမ် သည်အိမ် မျှပြီးပါသွားကြပြီ။

"ကဲ အမေရေ ထမင်းစားကြစို့

"ဆာလှပြီလား

"ဆာပြီပေ့ါကွာ၊ သားတွေ မျိုမကျမှာစိုးလို့ စားပြီးသားပြောထားတော့
ကိုယ့်စကားနဲ့ကိုယ် ထမင်းလည်း မစားရဲ၊
တော်ပါသေးရဲ့မောင်မင်းကြီးသားတွေ စောစောပြန်ပေလို့

ဦးအောင်မြတ်က စားပွဲဝိုင်းလေးချကာ ထမင်းဇလုံကို ထဆွဲသည်။

စောစောတုန်းက သားတွေမျက်နှာ ကြည့်ပြီး ပြောဆိုနေရသဖြင့် အဆာပြေသလိုလို ရှိနေသော်လည်း ယခုကျတော့ ရင်ထဲတွင်ပူနေအောင် ဆာလာလေသည်။

"ခဏစောင့်ပါဦး၊ ဟင်းလေး နွှေးလိုက်ဦးမယ်

ဒေါ်လှမေက အိုးထဲတွင် တစ်ပန်းကန်စာလောက် ကျန်နေသော ချဉ်ရည်ဟင်းလေးကို မီးဖိုပေါ်တင်ပြီး နွှေးသည်။ ငါးပိရည် ထပ်ဖျော်သည်။ သခွားသီးစိတ်ကလေးများ စိတ်ပြီးတော့ ပုစွန်ချက်ထားသော ဒယ်အိုးထဲတွင် ထမင်းထည့်ပြီးနယ်ရင်း ညနေကျရင်တော့ မြေပဲလေး ငါးမှုးဖိုးလောက်ဝယ်ပြီး ထမင်းနှင့် နယ်စားရမှာပဲဟု တွေးမိသည်။

"ကဲ ရော့ အဖေစားနှင့်၊ ချဉ်ရည်ခပ်လိုက်ဦးမယ်

အိုးလူးထမင်းကို ဦးအောင်မြတ်၏ ပန်းကန်ထဲ အကုန်ထည့်ပေးလိုက်ပြီး ချဉ်ရည်ဟင်းခပ်သည်။

"အမေ တစ်ဝက်ယူလေ

"နေပါစေ အဖေစားပါ

“တစ်ဝက်စီပေါ့ကွာ၊ ပေးပန်းကန်

ဦးအောင်မြတ်က သူ့ပန်းကန်ထဲမှ အိုးလူးထမင်းကို တစ်ဝက်ပြန်ခွဲ
ထည့်ပေးသည်။

“ရသာတဏှာဆိုတာ တယ်ပြီး ဖြတ်နိုင်ခဲတာပဲနော်၊ သက်ရှိသတ္တဝါတွေ
အကုန်လုံးဟာ လျှာလေးတစ်ချောင်းရဲ့အလိုနောက်ကို
ကောက်ကောက်ပါအောင် လိုက်နေကြတာ အမေရဲ့၊ တို့တစ်တွေလည်း
အပါအဝင်ပေါ့ကွာ၊ ကိုယ့်အသက် ကိုယ်ခန္ဓာကျတော့ နာမှာကျင်မှာ သေမှာ
ကြောက်လိုက်တာ သူများအသက် သူများခန္ဓာကျတော့ တယ်ပြီး စားလို့ကောင်း
ဝါးလို့ကောင်း၊ တရားရဲ့လား မစဉ်းစားကြဘူး

“ဟုတ်တာပေါ့

ဒေါ်လှမေက ခေါင်းညိတ်ထောက်ခံမိသည်။ သူများအသက်
သူများခန္ဓာဟူသော စကားက ရင်ထဲကို လျှပ်စီးကြောင်းလို စီးဝင်သွားသည်။
မျက်စိထဲတွင် မြင်နေဆဲဖြစ်သော ပုစွန်ကျား နီနီရဲရဲကြီးများက
ချက်ချင်းပျောက်မသွားသော်လည်း အတန်ငယ်တော့ မှေးမှိန်သွားသည်။

“သားတွေ သမီးတွေကတော့ စားလိုက်ကြတာ မြိန်မြိန်ရှက်ရှက်၊
အားရစရာနော်၊ သူတို့တွေကတော့ လူငယ်တွေ မဟုတ်လား။ ဒီသဘောကို

ဘယ်ဆင်ခြင်နိုင်ဦးမှာလဲ၊ တို့တစ်တွေကတော့ သင်္ချိုင်းကုန်းနားကို ခြေတစ်ဖက် ရောက်နေပြီပဲဟာ၊ တရားမရှိတောင် တရားကိုသိရုံတော့ သိသင့်တာပေါ့နော် ဟုတ်ဘူးလား အမေ

"ဟုတ်တာပေါ့ရှင်

ဒီတစ်ခါတော့ အာရုံတန်းနေဆဲဖြစ်သော ပုစွန်ကျားကြီးများ မျက်စိထဲမှ ပျောက်သွားသည်။ သူ့အား ကြင်နာစွာ ကြည့်နေသော အဖေကြီးအား ကြည်ကြည်လင်လင် ပြုံးပြမိသည်။

"ဘာတဲ့ကွာ ခုနတုန်းက ဆိုတာ၊ ကောင်းလိုက်တဲ့ သီချင်းကလေး၊ အဘွားကြီးက အဘိုးကြီးကို မောင်တွေဘာတွေ ခေါ်ပါဦး ဆိုလား ဟား ဟား

"ခေါ်နိုင်ပါဘူးတော်

ဒေါ်လှမေက မျက်စောင်းလေး မသိမသာဝဲရင်း သစ္စားသီးလေး တစ်စိတ်ကောက်ဝါးသည်။

သစ္စားသီးက ချိုပြီး အေးနေလေသည်။

-------------

**မစန္ဒာ**

**မဟောသီ၊ ဩဂုတ်၊ ၁၉၈၄။**

# အပိန်နှင့် အပဲ့တို့၏ သမိုင်း (မစန္ဒာ)

-----------------------------------

ဦးကြီး ဦးဘတူ မျက်မှောင်ကြီး ကုတ်ထားတာကို လှမ်းတွေ့လိုက်တော့ တစ်စုံတစ်ခု အလိုမကျ ဖြစ်နေပြီ ဆိုသည်ကို မောင်ကိတ် ချက်ချင်း သိလိုက်သည်။ သူ့ဦးကြီးက အငြိမ်းစား ယူထားပြီ ဖြစ်သော်လည်း တစ်သက်လုံး ကျောင်းဆရာ လုပ်လာသူ ဆိုတော့ တွေ့သည့် လူတိုင်းကို သူ့တပည့်ဟု ထင်နေတတ်သူ ဖြစ်သည်။ ထို့ကြောင့် သူ စိတ်တိုင်း မကျလျှင် မကျသလို၊ အမြင် မတော်လျှင်လည်း မတော်သလို အချိန်အခါ နေရာမရွေး လူမရွေးဘဲ ဆူတတ်၊ ပူတတ်၊ အော်တတ်၊ ငေါက်တတ်သူ ဖြစ်သည်။ တစ်ခါတစ်ရံလည်း ဘာမှ မဆိုင်သော ဘေးလူကိုပါ အဖျားခတ် တတ်သေးသည်။

"နှုတ်ခမ်းလည်း မကွဲ သွားလည်း မကျဲ လျှာလည်း မပြဲဘဲနဲ့ မြန်မာစကားကို မြန်မာက ဘာလို့ ပီအောင် မပြောနိုင် ရတာလဲကွ ဟော

ဦးကြီး၏ အသံက ဟိန်းထွက်လာတော့ မောင်ကိတ် ခြေလှမ်း တုံ့သွားသည်။ အိမ်ထဲ မဝင်တော့ဘဲ အသာလေး လှည့်ပြန်ရရင် ကောင်းမလားဟု စဉ်းစားမိသည်။ သို့သော် သူ့အကြံက အတန်ငယ် နောက်ကျသွားတော့ မျက်စိ

လျင်လှသော ဦးကြီးက သူ့ကို လှမ်းမြင်ပြီး ဖြစ်သွားသည်။

“သည်ခေတ် ကလေးတွေက ဘာဖြစ် နေကြတာလဲကွ ဟေ၊ စလုံးနဲ့ ဆလိမ် မကွဲတော့ဘူးလား

“ဘာမကွဲလို့လဲ ဦးကြီး

မောင်ကိတ် ဦးကြီးရှေ့က ကုလားထိုင်တွင် ခပ်ယို့ယို့ ဝင်ထိုင်သည်။ ဦးကြီးဘေးတွင် ထိုင်နေသော ဒေါ်ကြီးကတော့ ကွမ်းလေး တမြုံ့မြုံ့ ဝါးရင်း မောင်ကိတ်ကို ပြုံးပြသည်။

“ဆလိမ် အသံထွက်တွေကို စလုံး အသံတွေ ထည့်ပြော နေတာလေ။ စွဲစောင့်တဲ့၊ စောင်ရှက်တဲ့၊ စုံးမတဲ့၊ စောက်လုပ်တဲ့၊ လုပ်စောင်တဲ့ ကဲ

ဒေါ်ကြီးက နားနည်းနည်း လေးတော့ တော်ရုံတန်ရုံ အသံကို မကြားချေ။ သို့သော် ဦးကြီး ပြောသမျှကိုတော့ မကြားမရှိ အကုန်ကြားသည်။ ဒေါ်ကြီးက နား ချက်ချင်း ကောင်းသွားသောကြောင့်တော့ မဟုတ်၊ ဦးကြီး၏ အသံက ကျယ်လွန်းသောကြောင့် ဖြစ်လေသည်။

“သူ့ဟာသူ ဆောက်လုပ်ချင် လုပ်၊ စောက်လုပ်ချင်လည်း လုပ်၊ နားလည်တာကတော့ နားလည်နေတာပဲ မဟုတ်လား ကိုတူကြီးရယ်

ဒေါ်ကြီးက ဦးကြီးဘတူကို ကိုတူကြီးဟု ခေါ်လေ့ရှိသည်။ ဦးဘတူ ဟူသောအမည်မှ နောက်ဆုံး အလုံးကို ဆွတ်ပြီး ခေါ်ခြင်း မဟုတ်။ ဟိုလူကိုထု သည်လူကိုထုနှင့် ထုရန်နက်ရန် ဝါသနာ ပါလွန်းသောကြောင့် ကိုတူကြီးဟု ခေါ်ခြင်း ဖြစ်လေသည်။

ဒေါ်ကြီးက နာမည် အပေးကောင်းသည်။ ငယ်စဉ်က ကိတ်မုန့် အလွန်ကြိုက်သော သူ့ကို မောင်ကိတ် ဟု အမည်ပေးခဲ့ သည်မှာလည်း ဒေါ်ကြီးပင် ဖြစ်သည်။ ဒေါ်ကြီး၏ ကျေးဇူးကြောင့် ဆွေတော်အပေါင်း မျိုးတော် တစ်သောင်းသည် သူ၏ အမည်ရင်း မျိုးမင်းနိုင် ဟူသည်ကို မည်သူမျှ မခေါ်။ အချို့ဆိုလျှင် သိပင်မသိ။ ကြီးသူတွေက မောင်ကိတ်၊ ငယ်သူတွေက အစ်ကိုကိတ်၊ ချာတိတ်တွေက လေးလေးကိတ်နှင့် တစ်ကိတ်တည်း ကိတ်နေကြလေသည်။

“ဟေ့ သည်မှာ မောင်ကိတ်

“ဗျာ ဦးကြီး

“မြန်မာစကားနဲ့ မြန်မာစာကို ဘယ်သူတွေ ဖျက်ဆီး နေတာလဲ သိလား

“နိုင်ငံခြားသားတွေ

မောင်ကိတ်က ပစ်၍ မလွဲနိုင်ဟု ယူဆသော အဖြေကို လျှာသွက် အာသွက်နှင့်

အလျင်စလို ဖြေလိုက်သည်။ ဦးကြီးခမျာ မျက်ခုံးမွေး ဖြူဖြူကြီး နှစ်ဖက် ကုပ်ရုံသာမက မျက်နှာကြီးပါ ရှုံ့သွားသည်။

“မင်းအမေ နိုင်ငံခြားသား လားကွ။ မြန်မာစာ မြန်မာစကားကို ဖျက်နေတာ မြန်မာတွေပဲ ဟကောင်ရ

ဦးကြီးက အားရပါးရ အော်လိုက်သည်မှာ နားလေးနေသော ဒေါ်ကြီးကပင် “တိုးတိုး ပြောစမ်းပါတော် ဟု ပြောယူရသည်။

“ပြောပြန်ရင်လည်း အသံမမှန်၊ ရေးပြန်တော့လည်း သဒ္ဒါမမှန်၊ တာတေကို လန်နေကြတာပဲ။ ခုနတုန်းက မင်းရဲ့ ဒေါ်ကြီးက ပြောတယ်။ နားလည်တာကတော့ နားလည်နေတာပဲ တဲ့။ မင်း ဘယ်လို သဘောရလဲ။ ဆောက်လုပ် ဆိုတာကို စောက်လုပ်လို့ ပြောနေတာကို ဘယ်လိုလုပ်ပြီး နားလည် ရမှာလဲ။ အဲဒီ စကားနှစ်ခွန်းဟာ အများကြီး လွဲတယ်။ အများကြီး ကွဲသွားတယ် အဓိပ္ပါယ် မတူဘူး။ အသံထွက်လည်း မတူဘူး

“ဟုတ်တာပေါ့

မောင်ကိတ်က ခေါင်းညိတ်သည်။ ဟုတ်ပါသည်။ မှန်ပါသည်။

“ပြောချင်သလို ပြောကြ ပြင်မယ့်သူလည်း မရှိ

“ရှိပါတယ်တော်    မြန်မာ့ရုပ်သံမှာ မြန်မာစာ မြန်မာစကား၊ မြန်မာသဒ္ဒါတွေ အကြောင်း ညနေပိုင်း လာတာတွေလေ။ မှားလေ့ရှိတာ မှားနေကြတာတွေကို ဇာတ်လမ်းလေးတွေ ဆင်ပြီး ပြနေတာ ဘယ်လောက် ကောင်းလဲ

“အေး    ဟုတ်တယ်။ အဲဒီကဏ္ဍ သိပ်ကောင်းတယ်

ဦးကြီးက ချက်ချင်း ထောက်ခံသည်။ ထို့နောက် မောင်ကိတ်ဘက်ကို လှည့်ပြီး …

“မင်း ကြည့်ဖြစ်ရဲ့လား မောင်ကိတ်။ သိပ်ကောင်းတယ်နော်  ဟု ပြောသည်။ မောင်ကိတ်က သွားလေးဖြီးကာ ငြိမ်နေသည်။ အမှန်အတိုင်း ဝန်ခံရလျှင် သူမကြည့်ဖြစ်။

“အဲဒါတွေ ခက်တာပေါ့ကွ။ မင်းတို့ လူငယ်တွေဟာ ငှက်ပျောသီးကို အသား လွှင့်ပစ်ပြီး အခွံသာ စားတတ်ကြတာ မျိုးတွေ။ ကိုးရီးယားကား ကျတော့မှ တီဗွီရှေ့ကို တဝုန်းဝုန်း ပြေးလာတတ်ကြတဲ့ ဟာတွေ

ဦးကြီးက မကျေမနပ် ပြောသည်။ သည်လိုပုံစံနှင့် ဆိုလျှင် ဦးကြီးဆီက ဇိနတ္ထပကာသနီ စာအုပ်ငှားဖို့ပင် လွယ်ကူလိမ့်မည် မဟုတ်။ အမေက သူ၏ အစ်ကိုကြီး အကြောင်း အတွင်းသိမို့

"အမေလည်း မျက်မှန်အသစ် လုပ်ပြီးမှ စာဖတ်လို့ ကောင်းနေတာ။ အစ်ကိုကြီးဆီက စာအုပ် ငှားရမှာလည်း ခပ်ကြောက်ကြောက်ရယ်။ သူက သူ့စာအုပ်ကို သိပ်နမြောတာ။ ငါ့သား အခြေအနေကို ကြည့်။ မင်းဦးကြီး စိတ်ကြည်ကြည်လင်လင် ရှိမှ ပြော" ဟု မှာလိုက်ရှာသည်။ အမေ မမှာလိုက်လျှင်လည်း မောင်ကိတ်ကတော့ ဦးကြီးဆိုလျှင် ကြောက်ပြီးသား ဖြစ်သည်။ သူငယ်ငယ် ကျောင်းနေခါစ လက်ရေး ဆိုးလွန်းတုန်းက လက်ဆစ်ကို ပေတံနှင့် ခေါက်ပြီး လက်ရေးလှ သင်ခံသူမို့ ငယ်ကြောက် ဖြစ်သည်။ ဦးကြီးကို ဆိုလျှင် အသံကြားရုံနှင့်ပင် လက်ဆစ်ကလေးတွေက ယခုတိုင် နာချင်ချင်နှင့် ကျင်နေဆဲ ဖြစ်သည်။

"မနေ့တုန်းကပဲ လုံးချင်းစာအုပ် ကောက်ဖတ်မိပါတယ်။ စာရေးဆရာက အရေးအသားလေး မဆိုးပါဘူး။ ဦးတည်ချက်လည်း ရှိပါရဲ့။ ဒါပေမယ့် သဒ္ဒါတွေ မှားလိုက်တာ သောက်သောက်ကို လဲလို့

ဦးကြီးက သူ၏ ဘေးမှ ရေနွေးကြမ်းခွက်ကို ကောက်ယူ၍ တကွတ်ကွတ်နှင့် မော့ချသည်။ ဦးကြီး၏ ရေနွေးကြမ်းခွက်မှာ တစ်ငုံစာလောက်သာ ဆန့်သော သမားရိုးကျခွက် မဟုတ်ချေ။ ထိုခွက်မျိုး ငါးလုံးစာ ဆန့်သော ဟင်းသောက် ပန်းကန်လုံး ဖြစ်သည်။ အနားတွင် ရွှေရေးသုံးရစ် ရှိသော ကြွေပန်းကန် ပါးပါးလည်း ဖြစ်သည်။ ထိုလှလှပပ ပန်းကန်လေးနှင့် မလိုက်ဖက်သည်က ဒန် ရေနွေးကြမ်းအိုး ဖြစ်သည်။ ဦးကြီး၏ ရေနွေးကြမ်းအိုးသည်ကား ဦးကြီး၏ စိတ်ကြိုက်အတိုင်း ရေနွေးများများ ဆန့်သော်လည်း ဒန်အညို့ တက်ကာ မလှပသည်ကား အမှန်ပင်။ ခွက်ကို ကြွေခွက်မှ ကြိုက်သော်လည်း အိုးကိုတော့

ဦးကြီးက ကြွေအိုး မကြိုက်ပြန်။

"အထဲမှာ ရေခွေးတွေနဲ့မို့ လေးရတဲ့အထဲ ကြွေအိုး ဆိုပြန်တော့ ပိုလေးတာပေါ့။ ဒန်ကတော့ ပေါ့တယ်။ သည်အိုးကို ခဏ ခဏ မပြီး ငှဲ့နေရတာ ပေါ့ပေါ့ပါးပါးပဲ ကောင်းတယ် ဟု ပြောတတ်သည်။

"ဥပမာကွာ ငါ ပြောပြမယ်။ 'ကိုကိုကြီးသည် ဒေါသတကြီးနှင့် သင်းသင်းကို လှမ်းကြည့်လိုက်သည် တဲ့ ' ကဲ မှန်လား မှားလား

မောင်ကိတ်က ခေါင်းကုတ်ရင်း မှန်သားပဲဟာ တွေးသည်။ ထို့နောက် "မှားတယ် ထင်တယ် ဟု ချက်ချင်း ပြန်တွေးသည်။ သည်လို အရေးအသားမျိုးတွေက ခဏ ခဏ တွေ့နေရတော့ မှန်လား မှားလားပင် ချက်ချင်း စဉ်းစား၍ မရချေ။

"မင်းတို့လည်း ငယ်ငယ်ကတည်းက သင်ခဲ့ရတာပဲ။ နာမဝိသေသန ဆိုရင် နာမ်ရဲ့ ရှေ့မှာ ကပ်နေရတယ်၊ ကြိယာဝိသေသန ဆိုရင် ကြိယာရှေ့မှာ ကပ်နေရတယ် ဆိုတာလေ

"ဟုတ်

အဲဒီမှာ ဒေါသတကြီးက သင်းသင်းရဲ့ ရှေ့မှာ ကပ်နေတော့ ဒေါသကြီးတာက

သင်းသင်း ဖြစ်မနေဘူးလား

မောင်ကိတ် ခေါင်းညိတ်သည်။ ဒေါ်ကြီးကတော့ မညိတ်။

“သည်နေရာမှာ သင်းသင်းက ဒေါသကြီးတာ မဟုတ်ဘူး ဆိုတာကို ရှင်လည်း နားလည် ကျုပ်လည်း နားလည် မောင်ကိတ်လည်း နားလည်တာပဲ ကိုတူကြီးရယ်

“ဟ နားလည်ပေမယ့် မှားနေတယ်ဟ

“အမှန်က ကိုကိုကြီးသည် သင်းသင်းကို ဒေါသတကြီးနှင့် လှမ်းကြည့်လိုက်သည်။ အဲဒီလို ရေးရမှာနော် ဦးကြီး

“အေးပေါ့ကွာ ရေးထုံးပျက် နေတာတွေကို ပြောတာပါ။ မြမြသည် မျက်စောင်းလေး တဝဲဝဲနှင့် မောင်မောင့်ကို မခို့တရို့ ကြည့်သည်။' ‘ရွှံ့တွေ ပေနေသော ကျားဘိုသည် ပါးစပ်ထဲတွင် အမဲရိုးကြီးနှင့် မောင်မောင့်ဆီသို့ ပြေးလာသည် ဆိုတာမျိုးလေးတွေလေ။ အမှန်က မောင်မောင့်ကို မျက်စောင်းလေး တဝဲဝဲနှင့် မခို့တရို့ ကြည့်သည်။ မောင်မောင့်ဆီသို့ ပါးစပ်ထဲတွင် အမဲရိုးကြီးနှင့် ပြေးလာသည်လို့ ဖြစ်ရမှာပေါ့။ အခုတော့ ကြိယာကို အထူးပြုတဲ့ ကြိယာဝိသေသနကို နာမ်ရှေ့မှာ သွားကပ်ထား တတ်တာမျိုးတွေလေ။ မှားလို့တောင် မှားမှန်း မသိတော့ဘူး

ဦးကြီး၏ လေရှည်ကြီး အဆုံးတွင် ဒေါ်ကြီးက တဟင်းဟင်း ရယ်သည်။

ဒေါ်ကြီး ရယ်သံက သိပ်မကျယ်သော်လည်း နားမလေးသော ဦးကြီးက ကောင်းစွာ ကြားလေသည်။ သည်ကမ္ဘာ သည်လောကတွင် ဦးကြီး မနိုင်သောသူ ဟူ၍လည်း ဒေါ်ကြီး တစ်ယောက်သာ ရှိလေသည်။

“မင်းက ဘာရယ်တာလဲ

“သည်နေရာမှာ မောင်မောင်က မျက်စောင်းလည်း မထဲဘူး။ အမဲရိုးကြီးကိုလည်း ကိုက်မထားဘူး ဆိုတာ ရှင်းနေတာပဲဟာ ဖတ်တဲ့သူက သိပါတယ် ကိုတူကြီးရဲ့

“အေး သိတာပေါ့။ သိတာက ဉာဏ်နဲ့ယှဉ်ပြီး သိရတာ။ သဒ္ဒါ မှားတာကတော့ မှားနေတာပဲ

“မှားရင်လည်း သက်ဆိုင်ရာ လူတွေ ရှိတယ်။ ပြင်ကြလိမ့်မယ်။ ရှင်က အနေသာကြီးပါနော်

“ငါလည်း မနေသာဘူး၊ မင်းလည်း မနေသာဘူး၊ ဒါဟာ အားလုံးနဲ့ ဆိုင်တယ်

မောင်ကိတ်က စိတ်ထဲမှ နေပြီး ဟုတ်တာပေါ့ ဟု ထောက်ခံလိုက် မိသည်။ တစ်ဖက်မှလည်း ငါ့အမေတော့ ဇိနတ္တပကာသနီနှင့် ဝေးပါပြီဟု တွေးလိုက်မိသေးသည်။ ဦးကြီးနှင့် ဒေါ်ကြီး နှစ်ဦးစလုံးက အငြင်းသန်ကြသည်။ ငြင်းမိပြီ ဆိုလျှင် ဘယ်သူမှ မလျှော့တတ်။ နှစ်ဦးစလုံးကလည်း ကော်တော်တော် ကပ်တပ်တပ်များ ဖြစ်ကြသည်မို့ သူတို့၏ သမီး မဘူးသီးက ကြားထဲမှ မောင်ကိတ်ကို အားနာသလို ကြည့်နေရင်း

“အစ်ကိုကိတ် ကော်ဖီ သောက်ဦးလေ  ဟု ညှော့ဝတ်ပြုရှာသည်။

“တစ်နေ့တုန်းက ဈေးထဲမှာ ဒန့်သလွန်နဲ့တောင် တွေ့ခဲ့သေးတယ်  ဟု ဝင်ပြီး စကားဖြတ် ရှာသည်။

ဘူးသီးနှင့် ဒန့်သလွန်တို့ကြောင့် ကြားရသူများ အာရုံရှုပ်၊ နားရှုပ်သွားလေ့ ရှိသည်။ စင်စစ် သူတို့နှစ်ဦးမှာ လူသားစင်စစ်များ ဖြစ်ကြသည်။ အမည်ပေး ကောင်းသူ ဒေါ်ကြီး၏ လက်ချက်နှင့် အသီးအနှံ ဘဝသို့ ပြောင်းသွား ကြရရှာခြင်း ဖြစ်သည်။ ဒေါ်ကြီး၏ သမီးအရင်း မောင်ကိတ်၏ ညီမဝမ်းကွဲ ဖြစ်သူ မဘူးသီးမှာ ခါးသေးပြီး ခန္ဓာကိုယ် အောက်ပိုင်း ကြီးလေသည်။ မောင်ကိတ်၏ ညီမအရင်း ဖြစ်သူ ဒန့်သလွန်ကတော့ ကိုယ်ဟန် နွဲ့နွဲ့နှင့် ပိန်ပိန်ရှည်ရှည် ဖြစ်သည်။

သို့သော် မဘူးသီး ဘယ်လိုပင် ဖြတ်ဖြတ် ဦးကြီး၏ လေကြောက မပြတ်ရေးချ မပြတ်ထဲက ဖြစ်သည်။

“သည်နေ့မနက် လမ်းလျှောက်တုန်းကတောင် တွေ့ခဲ့ရတာလေ။ ဟို သွပ်ပြားကြီးတွေ ကာထားတဲ့ နေရာမှာပေါ့  စည်းကမ်းမဲ့ အမှိုက်မစွန့်ရ  တဲ့။ ကဲ     သည်တော့  စည်းကမ်းရှိတဲ့ အမှိုက် ဆိုရင်တော့ စွန့်လို့ ရတယ်ပေါ့

ဟုတ်လား

သူက တစ်သက်တာလုံး စာသင်လာသော ကျောင်းဆရာကြီး ဆိုတော့လည်း ဒါမျိုးတွေ အတွေ့ များလာတော့ အူယား ရှာပေလိမ့်မယ်ဟု မောင်ကိတ် တွေးမိသည်။

"သည်လိုဆိုရင် စည်းကမ်းမဲ့စွာ အမှိုက်မစွန့်ရ လို့ ရေးရမှာလား ဦးကြီး။ ဒါမှမဟုတ်ရင်လည်း အမှိုက်ကို စည်းကမ်းမဲ့ မစွန့်ရ လို့ ရေးရင်ရော

သည်တစ်ခါတော့ ဦးကြီးက ဘာမှမပြောမီ ဒေါ်ကြီးက အမှိုက်မစွန့်ရ ဆိုရင် ပြီးပြီဟော့ လိုရင်း တိုရှင်းပဲ ဟု ဦးအောင် ဝင်ပြောသည်။ ထို့နောက် "ဘယ်လိုပဲ ရေးထားထား အဲဒီနေရာမှာ အမှိုက်မပစ်ဖို့ တားမြစ်ထားတယ် ဆိုတာကိုတော့ လူတိုင်း နားလည်ပါတယ် ဟု ခပ်တင်းတင်း ပြောကာ ဆိုက်နေကျ ဘူတာကို ကမန်းကတန်း ဝင်ဆိုက်ပစ်လိုက် လေသည်။

"ရော့ အစ်ကိုကိတ် အစ်ကိုကိတ်အကြိုက် ကိတ်မုန့် ဘူးသီးက တင်းမာတော့မည့် အခြေအနေကို ကိတ်မုန့်နှင့် ဝင်ထိန်းသည်။ သပျစ်သီးခြောက်နှင့် သီဟိုစေ့လေးများ မြှုပ်ထားသော သစ်သီးကိတ်လေးက စားချင်စဖွယ်မို့ မောင်ကိတ် တစ်ခြမ်း လှမ်းယူလိုက်သည်။

“ကောင်းသားပဲနော်

“ညီမ သူငယ်ချင်း မိုးကေသွယ်ဦး ပေးတာလေ

“စကားမပီတဲ့ ကောင်မလေးလား

ဦးကြီးက မျက်မှောင်ကြီး ကုပ်လျက်ပင် မေးပြန်သည်။ ဘူးသီးက သက်ပြင်းလေး မသိမသာ ချရင်း မောင်ကိတ်အား လှမ်းကြည့်သည်။ သူ့အဖေရော၊ သူ့အမေရော သည်ဘူတာထဲက ထွက်ကြတော့မည် မထင်။

“အဲဒီ ကိတ်မုန့်ဘူးကို နင့်အမေကို လှမ်းပေးရင်း သည်မှာ အန်တီ့အသွက် ကိတ်မုန့် တဲ့

သူ့အဖေစကား ကြားတော့ ဘူးသီးခမျာ ရယ်လည်း ရယ်ချင် စိတ်လည်း ညစ်သွားသည်။ အမှန်စင်စစ် မိုးကေသွယ်ဦးမှာ စကားမပီသူ မဟုတ်။ သို့ပါသော်လည်း အတွက်ဟူသော စကားကိုတော့ အသွက် အသွက် ဟု ခပ်ဆွဲဆွဲလေး မရို့တရို့ ပြောတတ်သည် ကတော့ အမှန်ပင်။

“နောက်ပြီး သူက ပြောသွားသေးတယ်။ မြန်မာ့အသံမှာ အလုပ် လျှောက်မလို့တဲ့ သိလား မောင်ကိတ်

“သူက တော်တော်လှတယ် အစ်ကိုရဲ့

“ဟ    သည့်မှာ ဘူးသီး    ငါ့သမီးရဲ့ လူလုဖို့ထက် အသံလုဖို့ အရေးကြီးတာဟ    နင့်သူငယ်ချင်းက စလုံးနဲ့ ဆလိမ်ရော ကွဲရဲ့လား

“အဖေကလည်း ကွဲပါတယ်

ကွဲပါတယ်ဟု ချက်ချင်း ပြန်ဖြေလိုက်သော်လည်း ဘူးသီး၏ စိတ်ထဲတွင် သိပ်ပြီးတော့ မသေချာချင်။ သူ၏ သူငယ်ချင်း အချို့က ဆောင်ရွက်နှင့် စောင်ရွက်တွင် စောင်ရွက်ကသာ အမှန်ဟု ထင်ပြီး တွင်တွင် အသုံးပြုကာ “သိပါဘူးဟယ် ကူညီ စောင်မတယ် ဆိုတာရှိတော့ စောင်ရွက်တယ် ဆိုတာလည်း ရှိတယ် မှန်တယ် ထင်တာပေါ့  ဟု ပြောဖူးလေသည်။ အချို့က မှား၍ မှားမှန်း မသိသည်များက ရှိနေသည်။

“သည့်ပြင် လူမျိုးတွေတော့ မသိဘူး။ ငါတို့ မြန်မာလူမျိုးတွေ ကတော့ အသံကို အရောင် အမျိုးမျိုးနဲ့ သရုပ်ဖော် တတ်ကြတာ အမှန်ပဲ၊ ကြည့် အသံနက်ကြီးတဲ့၊ အသံဝါကြီးတဲ့၊ အသံပြာပြာတဲ့၊ နောက်ပြီး ရှိသေးတယ် အသံပြားကြီး၊ လျှာပြားကြီးနဲ့ ပြောတယ် ဆိုတာက တစ်မျိုး၊ အသံကိုက ပေါ့လျှပ်လျှပ်နဲ့လို့လဲ ပြောတတ်ကြသေးတယ်၊ တို့မြန်မာ အချင်းချင်းတော့ အဆင်ကို ချောလို့ ဘယ်လို အသံဟာ ဘယ်လိုဆိုတာ ချက်ချင်းသိပြီး ချက်ချင်း ကြားယောင်လာတယ်

သည်တစ်ခါတော့ ဒေါ်ကြီး ခေါင်းညိတ်သည်။  ကိုယ့်အသံကိုလည်း ကိုယ် ဘာသံလည်း သိအောင် လုပ်ဦး  ဟု ပြောသည်။ ဦးကြီးက မကြားချင်ဟန်

ဆောင်နေသည်။ မောင်ကိတ်နှင့် ဘူးသီးတို့ ခမျာမှာလည်း ပြုံးချင်ပါလျက် မပြုံးရဲချေ။

"သမီး သူငယ်ချင်းကိုလည်း အေးအေးဆေးဆေးပဲ နေပါ။ မြန်မာ့အသံမှာတော့ အလုပ် မလျှောက်ပါနဲ့လို့ ပြောလိုက်စမ်းပါ

"အဖေကလည်း သူက သတင်း ကြေညာချင်တာ

"သတင်း ကြေညာတဲ့ လူရဲ့ အသံက ထူရမယ်၊ လုံရမယ်၊ ပီရမယ် သမီးရဲ့၊ အခုတော့ သူ့အသံက ပါးလျှပ်လျှပ်လေးနဲ့ 'စောက်လုပ်ရေး လုပ်သားကြီးအသွက် စန်တစ်အိတ်၊ စီတစ်ပုံး ပေးအပ်ခဲ့သည်' လို့ ကြေညာ မလို့လား၊ ကျောင်းအုပ် စရာမကြီးက စုံးမ စကားများ ပြောကြားခဲ့သည်။ နောက်ပြီး မြန်မာ့အတံမှ အတံ လွှင့်နေပါသည် ဆိုတာမျိုးတွေ ကြေညာနေရင် အခက်

သည်တစ်ခါတော့ မောင်ကိတ် မရယ်ဘဲ မနေနိုင်၊ မောင်ကိတ် ရယ်တော့ ဘူးသီးနှင့် ဒေါ်ကြီးကပါ လိုက်ရယ်ကြသည်။ သူတို့ရယ်တော့ ဦးကြီး၏ မျက်မှောင်ကုပ်ကြီးလည်း အတန်ငယ် ပြေသွားသည်။

မောင်ကိတ်ကတော့ နာရီကြည့်သည်။ သူ၏ ကွန်ပျူတာ သင်တန်းက နေ့ခင်း နှစ်နာရီ စမည်ဖြစ်၍ ပြန်ရန်သင့်ပြီ ဖြစ်သည်။ မပြန်မီ အမေ မှာလိုက်သော ဇိနတ္တပကာသနီ စာအုပ်ကို ငှားရ ကောင်းမလား မငှားဘဲ နေရတော့ ရာသီဥတု ကောင်းလာပြီမို့ ငှားလိုက်ရင် ကောင်းမလားဟု ချီတုံချတုံ ဖြစ်နေစဉ် လေပြင်း

ပြန်တိုက်သည်။

တရားခံကတော့ နှင်းဆီမွှေးသည် ဦးကြီးတို့အိမ်မှ အိမ်ဖော် ကောင်မလေး ဖြစ်သည်။ သူက ဒေါ်ကြီး၏ နောက်နားတွင် ခပ်ရို့ရို့လေး ရပ်ကား အမေကြီး စီ ကုန်ခါနီးပြီ ဟု ပြောသည်။

သူ၏ အသံကြားတော့ ဦးကြီး၏ မျက်ခုံးမွေးကြီး နှစ်ဖက် ချက်ချင်း ပြန်ကုပ်သွားသည်။

“ဆန်ရော ရှိသေးလား

ဒေါ်ကြီးက မေးခြင်းမဟုတ်။ ဦးကြီးက မေးခြင်းဖြစ်သည်။ နှင်းဆီမွှေးကလည်း တရိုတသေ ဖြေရှာပါသည်။

“စန်ကတော့ ရှိပါသေးတယ် ဘဘကြီး

“ဆား ရော

“စားလည်း ရှိပါတယ်

“ဆေးရော ရှိသေးရဲ့လား

“စေး    အဲ စေးတော့ ကျွန်မ မသိ

“ကဲ    ဆပ်ပြာရော

“စပ်ပြာ    အင်း    စပ်ပြာတော့ ကုန်ခါနီး

သူ တစ်ခါ ဖြေတိုင်း ဦးကြီး၏ မျက်နှာက တစ်ခါ ရှုံ့သွားရာ ငါးခါလောက် ဖြေပြီးသွားပြီမို့ ဦးကြီး၏ မျက်နှာကြီးမှာ လေပေါက်သွားသော ကြက်ပေါင် ဘောလုံးလို ရှုံ့ရှုံ့တွတွကြီး ဖြစ်နေသည်။

“နင်    ဆန်လို့ မခေါ်တတ်ဘူးလား

“ခေါ်တတ်ပါတယ်    ဘဘကြီး

“ကဲ    ခေါ်ကြည့်စမ်း    ဆန်

“စန်    အဲ    ဆန်

“ဆီ

“စီ    စီ    အဲ    ဆီ

“ဆေး

“စေး    အဲ    ဆေး    ဆေး

နင်းဆီမွှေးက အယောင်ယောင် အမှားမှား ဖြစ်နေသည်။ မောင်ကိတ်ကတော့

အံ့သြနေသည်။ နှင်းဆီမွှေးသည် ဆန်၊ ဆီ၊ စသည်များကို ပီပီသသ မခေါ်တတ်ခြင်း မဟုတ်။ မပြောတတ်ခြင်း မဟုတ်။ သတိထား ပြောလျှင် ပီသပါလျက်နှင့် သတိမထားဘဲ မပီမသ ပြောနေခြင်း ဖြစ်သည်ကိုတော့ သိလိုက်ရသည်။ နှင်းဆီမွှေးသာ မဟုတ် အချို့သော လူငယ်များသည်လည်း စန်တွေ၊ စီတွေ၊ လုပ်စောင်တွေ ဖြစ်နေကြသည်ကို သူ သတိထားမိသည်မှာ ကြာပြီ။

"ကဲ    ကဲ    သွားတော့၊ နောက်ကို ပီပီသသပြော    ဟုတ်လား

ဦးကြီးက သွားခိုင်းတော့ နှင်းဆီမွှေး လှည့်ထွက် သွားလေသည်။ သည်တော့မှ ဒေါ်ကြီးက တစ်စခန်းထသည်။

"ကိုတူကြီးရယ်    ရှင့်မလဲ ပြဿနာ မရှိ ပြဿနာကို ရှာ။ သူ့ဟာသူ စန် ပြောပြော၊ စီ ပြောပြော    သူပြောတာ နားလည် နေသားပဲဟာ

"ဟ    ဒါ ပြဿနာ မဟုတ်လို့ ဘာက ပြဿနာ ဖြစ်ဦးမှာလဲ။ သည်အတိုင်း ကြည့်နေရင် ဆလိမ်သံတွေ ပျောက်ပြီး စလုံးသံတွေ အစားဝင်လာလိမ့်မယ်။ ဒါဟာ အရေးမကြီးဘူးလား

"အရေးမကြီးပါဘူး။ အရေးကြီးရင်လည်း သက်ဆိုင်ရာ လူတွေက ပြုပြင်ကြလိမ့်မယ်။ ရှင် အနေသာကြီး

"မင်း အတော် တာဝန်မဲ့တဲ့ မိန်းမ

"ကျုပ်မှာ ဘာတာဝန် ရှိလို့ ဘာတာဝန် မဲ့တာလဲ ပြောစမ်းပါဦး၊ မဟာပညာရှိ တာဝန်သိကြီးရဲ့

မောင်ကိတ်က ခေါင်းကုတ်နေစဉ် ဘူးသီးက သက်ပြင်းကြီး ချသည်။ အမေ့ အတွက်ကတော့ ပဲပြုတ် တစ်ဆယ်သား တစ်ရာ့လေးဆယ် ဖြစ်သွားခြင်းသည် စလုံးဆလိမ် ပြဿနာထက် အရေးကြီးကြောင်း သူ သိသည်။

"မင်း    အလကား မိန်းမ

သည်စကားကို ကြားတော့ ဒေါ်ကြီး၏ မျက်နှာသည်ပြဖျူသွားသည်။ ထို့နောက် တဖြည်းဖြည်း နီလာသည်။

"ဟုတ်တယ်    ကျုပ်က အလကား မိန်းမ။ အလကား မိန်းမဆိုတာ အလကား အလုပ်တွေကိုပဲ လုပ်တတ်တယ်၊ အလကား စကားတွေကိုပဲ ပြောတတ်တယ် သိရဲ့လား

ပထမ အသံမှန်မှန်နဲ့ ပြောနေရာမှ ဒေါ်ကြီးက  သိရဲ့လား  ဟု ဆောင့်အော်လိုက်သည်။ ထို့နောက် အိမ်နောက်ဖေးသို့ လှည့်ကာ  နှင်းစီမွှေး ဟု လှမ်းအော်ခေါ်သည်။

"ရှန်   အမေကြီး

နင်းဆီမွှေးလည်း ချက်ချင်း ရောက်လာသည်။

"လာ   နင်နဲ့ ငါနဲ့ စျေး သွားကြမယ်၊ စန်ရယ်၊ စီရယ်၊ စားရယ်၊ စေးရယ်၊ စပ်ပြာရယ် ဝယ်ကြရအောင်။ နေးတာကို ငါမကြိုက်ဘူးလို့ စုံးမထားတယ် မဟုတ်လား၊ ငါပြောတာကို အလျင်အမြန် စောင်ရွက်၊ သွား   ခြင်းတောင်း အမြန်ယူခဲ့

ဒေါ်ကြီးက နေရာမှ ဆတ်ခနဲ ထကာ ခပ်မော့မော့ ခပ်ကျော့ကျော့နှင့် လှည့်ထွက်သွားသည်။ အခါတိုင်း ဒူးနာသည်ဟု ဆိုကာ ခပ်ဖြည်းဖြည်း ခပ်ဆဆသာ ထောက်တတ်သော ခြေထောက် နှစ်ချောင်းမှာ ဟန်အပြည့် မာန်အပြည့်နှင့် သွက်နေသည်။

"ကဲ   အဲဒါ စန်လို့ ခေါ်တယ်ဟ

ဦးကြီးက သူ့ဘေးမှ ရေနွေးကြမ်း အိုးကြီးကို ကောက်ကာ စားပွဲပေါ် ထုချလိုက်သည်။ ရေနွေးကြမ်းတွေ ဗွမ်းခနဲ စင်ထွက်လာသည်။

“အဲဒါကတော့ စီနဲ့ စားဟ၊ အဲဒါက စေးဟ၊ အဲဒါက စပ်ပြာဟ၊ အဲဒါ အဲဒါက စောင်ရွက်ဟ၊ အဲဒါက စုံးမဟ

ရေနွေးက သိပ်မပူတော့၍သာ တော်တော့သည်။ ဦးကြီး၏ အင်္ကျီတွင် လက်ဖက်ခြောက်ဖတ်တွေ စင်ကာ ရေတွေ ရွှဲကုန်သည်။ သူ့ဟာသူ ငြိမ်ငြိမ်ကလေး ရပ်နေသော ရွှေနားရစ် ကြွေပန်းကန်လေး ခမျာလည်း ကလွမ်ခနဲ အောက်ကာ ကြမ်းပေါ်သို့ ကျသွားသည်။ ထို့နောက် တလိမ့် တလိမ့်နှင့် လိမ့်သွားသည့်အတွက် မောင်ကိတ်က ကမန်းကတန်း လိုက်ကောက်ရင်း စားပွဲစွန်းနှင့် နဖူး ဆောင့်မိသွားသည်။

“ဟာ ပွဲသွားပြီ

နာသွားသော နဖူးကိုပင် မပွတ်အားပေ။ အနား ပွဲသွားသော ခွက်ကလေးကို ကြည့်၍ မောင်ကိတ် အတော် နှမြောသွားသည်။

“ဟင် ပိန်သွားပြီ

ဦးကြီး ထုထားသော ဒန် ရေနွေးကရားလေးကို ကြည့်ရင်း ဘူးသီးကလည်း စိတ်ညစ်သွား ရှာသည်။ ရေနွေးအိုးလေး ခမျာ သနားစရာ၊ ပိန်ရုံပင်မက ချိုင့်ပင် ချိုင့်နေရှာသည်။

“ပိန်ပိန်     ပွဲပွဲဟာ     ဘာဖြစ်သေးလဲ

ဦးကြီးကလည်း ဒေါ်သတကြီး အော်လေသည်။

နောက်တစ်လလောက် နေတော့မှ မောင်ကိတ်ခမျာ ဦးကြီးတို့ အိမ်သို့ ရောက်ဖြစ်တော့သည်။  အိမ်မှာတော့ မုန်တိုင်း စဲသွားပြီ အစ်ကို၊ သူတို့ အချင်းချင်းလည်း စလုံး ဆလိမ်အကြောင်း မပြောကြေး ဆိုပြီး သဘောတူ ထားကြတယ်  ဟု ဘူးသီးက သတင်းပို့သည်။

သူရောက်သော အချိန်တွင် ဦးကြီးနှင့် ဒေါ်ကြီးက ထုံးစံအတိုင်း ယှဉ်တွဲပြီး ထိုင်နေကြသည်။ လက်ဖက်သုပ်ကိုလည်း အတူစား နေကြသည်။

ဦးကြီး၏ ဘေးက စားပွဲပေါ်တွင်တော့ ပိန်နေသော ရေနွေးကရားနှင့် ပွဲနေသော ပန်းကန်လုံးတို့ ရှိနေကြသည်။ ဦးကြီးက ခပ်ပိန်ပိန် အိုးကို သတိနှင့် ကိုင်ပြီး ခွက်ပွဲပွဲ ထဲသို့ ဂရုတစိုက် လောင်းထည့်တတ်သည်။ နှုတ်ခမ်း ပွဲနေသော နေရာလေးကို ရှောင်ကာ ခပ်ဖြည်းဖြည်း မှုတ်၍ သောက်တတ်သည်။ ထို့နောက် ပင့်သက်ကို မသိမသာ ကျိတ်ပြီး ရှိုက်နေတတ်လေသည်။

------

**မစန္ဒာ**

## နှစ်ဖြေပြည့် မြန်မာ့အသံမဂ္ဂဇင်း။

## အနီးမှုန် (မစန္ဒာ)

-----------------

"ဆရာ"

"ပြော"

"ဟို ဆက်ရှင်က ဟိုလူ မကောင်းဘူး ဆရာ"

"ဘာဖြစ်လို့လဲ"

"လာဘ်စားတယ် ဆရာ"

"ဟုတ်သလား ... လုပ်ပိုင်ခွင့်ကို ရင်းပြီး ငွေရှာတာ သိပ်ဆိုးတာပေါ့"

"သိပ်ဆိုးပါတယ် ဆရာ"

"ဒါကို ခွင့်လွှတ်လို့ ဘယ်ဖြစ်မလဲ"

"ဘယ်လို အရေးယူရမလဲ ဆရာ"

"ဖြုတ်ပစ်လိုက်"

* * *

"ဆရာ"

"အေး"

"ဒီ ဆက်ရှင်က ဒီလူလည်း မနိုပ်ဘူး ဆရာ"

"လုပ်ပိုင်ခွင့်ကို အရင်းတည်ပြီး ငွေရှာပြန်ပြီလား"

"ဟုတ် ..."

"အတော်ဆိုးတာပဲ"

"ဟုတ် ... အဲဒါ"

"ဖြုတ် ပစ်လိုက်"

* * *

"ဆရာ ... ဆရာ"

"ဆို ..."

"ဒီ ဆက်ရှင်ကို ရွေ့ပေးလိုက်တဲ့ ဟိုဆက်ရှင်က လူလည်း မကောင်းပြန်ဘူး ဆရာ"

"အင်း ... ခက်တာပဲ"

"ဟုတ်ပါတယ် ... အတော် ခက်ပါတယ် ဆရာ"

"နိုင်ငံ့ဝန်ထမ်း ဆိုတာ ဘယ်လိုနေ၊ ဘယ်လိုထိုင်၊ ဘယ်လို ခံယူရမယ် ဆိုတာ ခင်ဗျား ပြောမပြဘူးလား"

"ပြောလည်း ပြ၊ နေလည်း ပြပါတယ် ဆရာ"

"ဒါနဲ့များဗျာ"

"သူတို့က ကျွန်တော် နေသလို လိုက်နေ ... အဲ ... မနေတတ်ကြဘူး ခင်ဗျ"

"အရေးအကြီးဆုံးက လုပ်ပိုင်ခွင့်ကို ရင်းပြီး ငွေမရှာဖို့ အကြောင်း"

"ပြောပြပြီလား ဆရာရယ်၊ ဆရာ့တပည့် မောင်သိန်းပဲဟာ၊ တစ်နေ့ကို အခါ တစ်သိန်းလောက်ကို ပြောပြပါတယ်"

"ဒါတောင်မှဗျာ ..."

* * *

"ဖိုးဖိုး"

"ဘာတုံးကွ"

"ဟောဒီမှာကြည့် ချောကလက်"

"မင်းကို ဦးသိမ်း ပေးသွားပြန်ပြီလား"

"ဟုတ်တယ် ... အံတီလေးဖို့လည်း ဘူးပါတိတ်"

"ဟုတ်လား ..."

"အဲဒီ ဦးသိမ်းက ဖိုးဖိုး တပည့်လား"

"အေးပေါ့"

"သူတို့က ချမ်းသာတယ်နော်"

"ဖိုးဖိုးတို့လောက်တော့ မချမ်းသာပါဘူးကွ"

"တိုက်အသစ်ကြီး ဆောက်နေတယ်လေ"

"သူ့မိန်းမ အမွေရလို့ပါကွာ"

"ကားကလည်း နှစ်စီး"

"သူ့သမီးက သူဌေးသားနဲ့ ရတယ်တဲ့"

"သူ့သားလည်း သူဌေးသမီးနဲ့ ရဦးမယ် ထင်တယ်နော် ဖိုးဖိုး"

"အေး ... ဘ၀အကျိုးပေး ကောင်းတာကိုး၊ ကဲ ... ဖိုးဖိုးကို သတင်းစာပေး၊ နောက်ပြီး အခန်းထဲက စာကြည့်မျက်မှန် သွားယူ"

"ဖိုးဖိုးက ဒီအတိုင်း ဖတ်လို့ မရဘူးလား"

"မမြင်ရဘူးကွ၊ ဝါးနေတယ်"

"ဘာဖြစ်လို့လဲ"

"စကားများလိုက်တာ သားရာ၊ မျက်စိမှုန်လို့ပေါ့ကွ"

"သားတို့ကျတော့ ဘာလို့ မမှုန်လဲ"

"ငယ်သေးလို့ပေါ့ကွယ် ... ကဲ ... မျက်မှန်သွားယူ"

"ဒီလိုဆို ကြီးမှ မှုန်တတ်တာပေါ့"

"ကြီးတော့ ပိုမှုန်တာပေါ့ကွာ ... တချို့က အဝေးမှုန်၊ တချို့က အနီးမှုန်၊ တချို့ကတော့ အနီးရော အဝေးရော မှုန်"

"ဖိုးဖိုးကျတော့ရော"

"ဖိုးဖိုးက အနီးမမြင်ရတော့ အနီးမှုန် ... ကဲ ... မျက်မှန်သွားယူ"

"ဖိုးဖိုးက အမြဲမြင်နေရအောင် အမြဲတပ်ထားရမှာ အခုတော့ မျက်မှန်ကို တပ်လိုက် ဖြုတ်လိုက် လုပ်နေတာကိုး ..."

"အဲဒီတော့ ဘာဖြစ်တုံး"

"အဲဒီတော့ မြင်လိုက်၊ မမြင်လိုက်"

"တကထဲ စကားများလိုက်တာဗျာ၊ အနီးမှုန်ဆိုတာ တပ်ဖို့ လိုတဲ့အချိန်မှ တပ်ရတာဟေ့ ... မလိုရင် မတပ်ဘူး၊ သွား ..."

------

**မစန္ဒာ**

**၂၁-၁၁-၉၄**

**ကလျာ၊ ဇန်နဝါရီ၊ ၁၉၉၅။**

## အနီးကဝေး (မစန္ဒာ)

----------------------

ခမော်ပြည်သည် ကမ္ဘာ၏ အရှေ့တောင်ခြမ်းတွင် ပါဝင်သော ပြည်ငယ်ကလေး တစ်ခု ဖြစ်သည်။ ဆန်ရေစပါး၊ ကျောက်သံ ပတ္တမြားကြွယ်ဝသော နိုင်ငံ ဖြစ်သော်လည်း နိုင်ငံခြားသားများ၏ လက်ဝါးကြီးအုပ် ခြယ်လှယ်ခြင်းကို နှစ်ပေါင်း များစွာ ခံခဲ့ရရှာလေသည်။

ခမော်ပြည်သားများသည် ရိုးသားပြီး အလွန် ရောင့်ရဲလွယ်ကြသည်။ နံနက်စာရှိလျှင် ညနေစာအတွက် ဘယ်သော အခါမျှ တွေးပူခြင်း မရှိကြချေ။ စွမ်းစွမ်းတမန် စီးပွားရှာရန်လည်း စိတ်မဝင်စား၊ ရှေ့တန်းသို့ အလုအယက် တက်နေကြသော ကမ္ဘာသားများ အလယ်တွင် ခမော်ပြည်သားများသည် ထမင်းကြမ်းခဲ ကိုက်ရင်း အေးအေးဆေးဆေး နေထိုင်ကြ လေသည်။

"ကျုပ်တို့ ခမော်ပြည်ကြီးရဲ့ လူဦးရေ ရှစ်ဆယ့်ငါး ရာနှုန်းဟာ တောနေ လူတန်းစားတွေဗျ။ တောနေ တောင်သူ လယ်သမား လူတန်းစားတွေ မတိုးတက် မဖွံ့ဖြိုးသမျှ ကာလပတ်လုံး ကျုပ်တို့ တိုင်းပြည်ဟာလည်း တိုးတက်နိုင်မှာ မဟုတ်ဘူး"

"ဟုတ်တယ်ဗျ"

"ကျုပ်တို့လို ပညာတတ် လူတန်းစားတွေ အနေနဲ့ သူတို့တစ်တွေရဲ့ ဘဝထဲကို တိုးဝင်ရမယ်၊ လေ့လာရမယ်၊ နောက်ပြီး ဘဝမြှင့်တင်ရေး လုပ်ပေးရမယ်"

"ဟုတ်တယ်၊ ဒါဟာ ကျုပ်တို့ တာဝန်ပဲ"

ဦးမောင်မောင်ထူးသည် ဦးဆန်းကြွယ် ပြောသမျှကို လိုက်လိုက်လှဲလှဲ ထောက်ခံနေသည်။ သူတို့နှစ်ဦးသည် ခမော်ပြည်တွင် မွေးပြီး ခမော်ပြည်တွင်ပင် ကြီးကြသော ခမော်ပြည်သားစစ်စစ် ဖြစ်ကြသည်။ တိုးတက်သော ကမ္ဘာ့နိုင်ငံများသို့ သွားရောက် ပညာသင်ပြီး ဆေးသိပ္ပံ ပညာရှင်ဘွဲ့နှင့် စက်မှု ပညာရှင်ဘွဲ့တို့ကို အသီးသီး ဆွတ်ခူးခဲ့ကြသည်။

"တကယ့် တကယ်တော့ ကျွန်တော်တို့ဟာ တောနေ လူတန်းစားတွေနဲ့ အထိအတွေ့ မရှိခဲ့ဘူး။ သူတို့ ဘဝကို သိအောင် လက်တွေ့ ဆင်းပြီး သုတေသန လုပ်မှ ဖြစ်မယ်။ ကျွန်တော်တော့ ရှေ့အပတ်ထဲမှာပဲ ကျေးရွာတွေကို ကွင်းဆင်း လေ့လာတော့မယ်။ သူတို့ရဲ့ လူနေမှု အဆင့်အတန်း၊ စိတ်နေ သဘောထား၊ ဘဝအခက်အခဲတွေ အစစကို လေ့လာပြီးမှ ဘယ်ပုံ ဘယ်နည်း အကူအညီ ပေးနိုင်မယ် ဆိုတဲ့ အဖြေ ထွက်လာမှာပေါ့"

ဦးမောင်မောင်ထူးသည် လိမ္မော်ရည်ခွက်ထဲတွင် ချာလည်လှည့်နေသော ရေခဲတုံးကလေးများကို ငေးကြည့်ရင်း လေးလေးနက်နက် စဉ်းစားနေမိ လေသည်။ ဦးဆန်းကြွယ် ပြောသမျှ စကားတို့သည် သူ့နားထဲသို့ တိုက်ရိုက်

ဝင်ပြီး ဦးနောက်ထဲသို့ စိမ့်သွားကြသည်။ ဦးဆန်းကြယ် ပြန်သွားသည် အထိ နေရာမှ မရွေ့ရှားမိသေးချေ။

သူ၏ မျိုးရိုး အစဉ်အဆက်သည် မင်းပေါက် စိုးပေါက် အလွန် ချမ်းသာကြွယ်ဝခဲ့သဖြင့် ဦးမောင်မောင်ထူး ခမျာ ထမင်းဟူသည်မှာ ထမင်းချက် ဒေါ်အေးတင် ဖန်တီးခြင်း ဖြစ်သည်ဟုပင် ငယ်စဉ်က အမှတ်မှားခဲ့ ရှာသည်။

ခေတ်မီ ဆေးရုံကြီးတွင် မွေးဖွားသန့်စင်ခဲ့ သည်မို့ ရွှေလင်ပန်းနှင့် အချင်း မဆေးခဲ့ရချေ။ သို့သော်လည်း အသက် ငါးနှစ်ရွယ် ရောက်ခါမှ ကတ္တီပါဖိနပ် စီးပြီး မဟာပထဝီမြေကြီးကို ခြေနှင့် ဖွဖွလေး နင်းဖူးလေသည်။ သူ့ခြေထောက် နုနုများသည် ခမော်ပြည်ကြီး၏ ရွာလမ်းဖုံဖုံများကို လည်းကောင်း၊ လယ်ကန်သင်းရိုးကို လည်းကောင်း၊ မြေပပ်ကြားအက်များကို လည်းကောင်း တစ်ခါမျှ မနင်းဖူးသေးချေ။

ဦးမောင်မောင်ထူးသည် ခမော်မြေနှင့် အကျွမ်းမဝင်လှ သော်လည်း ခမော်ပြည်ကိုမူ ချစ်လေသည်။ သူတတ်သော ပညာနှင့် သူ့တိုင်းပြည်ကို တိုးတက်အောင် ဆောင်ရွက်ရာတွင် နှောင့်နှေး မနေသင့်။ တစ်မိနစ်၊ တစ်နာရီ၊ တစ်ရက် အချိန်တိုင်းသည် တန်ဖိုးရှိလှသည်။ သူ့ရင်သည် တဒိုင်းဒိုင်း ခုန်လာပြီး ထိုင်ရာမှ ဖြုန်းခနဲ ထရပ်လိုက်သည်။

"ဟေး မောင်တင်ရေ၊ ပစ္စည်းတွေ ထည့်ကွာ၊ ဦးဆန်းကြယ်နဲ့ အတူ လိုက်ပြီး ကျေးရွာတွေကို လေ့လာရမယ်။ ငါတို့ လုပ်စရာတွေ အများကြီး ကျန်သေးတယ်"

* * *

ဦးဆန်းကြယ်သည် မော်တော်ဦးတွင် ထိုင်ရင်း နှာခေါင်းကို ရှုံ့ပွ ရှုံ့ပွ လုပ်နေလေသည်။ တညင်းညင်း သွဲ့နေသော လေပြည်အေးသည် အငြိမ်မနေဘဲ ပုပ်အက်အက် အနံ့ကို သယ်ဆောင်လာသည်။

"ဗျို့ ဘကြီးတော ဘာနံ့လဲဗျ ... ဆိုးလိုက်တာ လွန်ရော"

"ဂုန်လျှော်ပုပ်နံ့လေ ဆရာကလေးရဲ့၊ ဂုန်လျှော်တွေ ရင့်ရင် ခုတ်ပြီး ရေထဲမှာ စိမ်ထားရတယ်။ နူးတော့မှ အပေါ်က အခေါက်ကို ခွာရတာပေါ့၊ ခုရတဲ့ အနံ့က ဂုန်လျှော်ကို ရေစိမ်လို့ ထွက်လာတဲ့ အနံ့။ ကျုပ်တို့တော့ ရှူနေကျလို့ နံမှန်းတောင် မသိတော့ပါဘူး"

ဦးဆန်းကြယ်သည် ဘကြီးတော၏ ပုဆိုးစုတ် ပေါင်းထားသော ဦးခေါင်းမှ အသားမာတက်ပြီး ကြမ်းနေသော ခြေဖဝါးထိ စုန်ကာ ဆန်ကာ ကြည့်ရင်း စိတ်မကောင်းနိုင်အောင် ဖြစ်သွားသည်။

ချောင်းရေယဉ်သည် ရွှံ့နှစ်များကို တိုက်စား စီးဆင်းနေသဖြင့် နောက်ကျိနေသည်။ အဆုတ်နာ ရောဂါသည်ကြီး ချောင်းဆိုးသကဲ့သို့ ရှေ့တစ်လှမ်းတိုး-နောက်နှစ်လှမ်းဆုတ်နှင့် ဖုတ်ချက် ဖုတ်ချက် သွားနေသော မော်တော်ကလေးသည် ချောင်းအလယ်တွင် ဝင့်ထည်လှသည်။ ခရမ်းရင့်ရောင် ဗေဒါပွင့်များကမူ ချာလည်လှည့်ပြီး ကနေဟန် ရှိသည်။ ဗေဒါပင်များနှင့်အတူ အခေါက်န္တာပြီး ဂုန်လျှော်ရိုး ဖြူဖြူများက ငြိတွယ် မျောပါလာသည်။

"ဂုန်လျှော် ခွာတာကိုတော့ ကြည့်ချင်တယ်ဗျာ"

"စိတ်ချဗျား၊ ခွာချင်ရင်လည်း ဝင်ခွာလို့ ရမှာပါဗျာ"

"ခွာမယ် ဘကြီးတောရေ၊ ကျွန်တော်တို့က လေ့လာတယ်ဆို တကယ့်ကို လေ့လာမှာ"

ဦးဆန်းကြယ်နှင့် ဦးမောင်မောင်ထူးတို့သည် စိတ်အားထက်သန်စွာ သံပြိုင် ပြောလိုက်ကြသည်။

သို့သော် ... ဂုန်လျှော်များကို တကယ်တမ်း ခွာရသော အခါတွင်ကား သူတို့ခမျာ အတော်ပင် စိတ်ညစ်ကြရ ရှာသည်။

ရေထဲတွင် တစ်ပတ်ခန့် ကြာအောင်စိမ်ပြီး တုံးနှင့် ဖိထားသော ဂုန်လျှော်ပင်များမှ ပုပ်အက်အက် အနံ့က စူးရှလှသည်။ အနံ့စူးသည်က အရေး

မကြီး၊ လူတစ်ရပ် သာသာခန့် မြင့်သော ဂုန်လျှော်ပင် တစ်ပင်လုံး ကျိုကျိုခွဲခွဲ ဖြစ်နေ၍ အရင်းမှ ကိုင်ရနိုး၊ အဖျားက ကိုင်ရနိုးနှင့် မထိတထိ စမ်းနေမိသည်။

ဘကြီးတောက သူ့သွား မည်းမည်းများကို ပေါ်အောင် ပြုံးသောအခါတွင်ကား မခံချင်စိတ် ဟုန်းခနဲ ကြွတက်လာပြီး ဂုန်လျှော်ပင် ခွဲခွဲကို မိမိရရ ကိုင်တော့သည်။ ကျွမ်းကျင်ရာ လိမ္မာဟု ဆိုစကား ရှိသည်။ ဂုန်လျှော်ခွာ မကျွမ်းကျင်သော သုတေသီ နှစ်ဦးခမျာမှာလည်း အလိမ္မာ မကြီးနိုင်ကြချေ။

ဂုန်လျှော်မျှင်များ အချင်းချင်း ရှုပ်ထွေးကုန်ပြီး အစရှာမရအောင် ဖြစ်သွားတတ်ကြသည်။ ဂုန်လျှော်မျှင်များကို တကုန်းကုန်း ရှင်းနေစဉ် ရေထဲတွင် စိမ်ထားရသော ဦးဆန်းကြယ်၏ ခြေသလုံးသား ဝင်းဝင်းမှ အိုအမျိုးအစား သွေးတို့ကို မျှော့နက်မည်းများက မြိန်ရေရှက်ရေ သောက်သုံးကြလေသည်။ ခြေသလုံး နာသလိုလို ရှိ၍ ကြည့်မိသော တစ်ခဏ၌ပင် ဦးဆန်းကြယ်သည် အသံကုန် ဟစ်၍ အော်မိလေသည်။

"အောင်မလေး ဘာကောင်ကြီးလဲ၊ လုပ်ပါဦး လုပ်ပါဦး"

သူ့အသံကို မိုးပေါ်မှ သိကြားမင်း ကြားသွားဟန် ရှိသည်။ ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာ တင်းသွားရော့သလား မသိ။ ဝိသကြုံ နတ်သားကို ဘကြီးတော ဟန်ဆောင်စေပြီး ဦးဆန်းကြယ်၏ ခြေသလုံးမှ မျှော့ကြီး နှစ်ကောင်ကို ဖြုတ်ချခိုင်းလိုက်သည်။

"ဟား ဟား ဟား တောနဲ့ မျှော့ဆိုတာ ခွဲလို့မရဘူး ဆရာလေးတို့ရဲ့၊ လာ လာ၊ ဆရာလေးတို့လည်း အတော် ပင်ပန်းနေပြီ ထမင်းစား ပြန်ကြစို့"

ဦးမောင်မောင်ထူးတို့၏ လက်တွင် ဂုန်လျှော်ပုပ်နံ့က ဆေးမရ၊ ပြုမရနှင့် အတော် ကြာအောင် စွဲနေသေးသည်။ ဘကြီးတောကမူ သူ့လက်တွင် စွဲနေသော အနံ့ကို သတိပင် ထားဟန်မတူ ရေကလေး တစ်ချက်နှစ်ချက် ပက်ဆေး ပြီး ထမင်းဝိုင်း ဝင်တော့သည်။

လယ်ငါးချက်နှင့် ငါးပိရည်သည် ဦးမောင်မောင်ထူးတို့အား ထမင်းမြိန်စေ ပါသည်။ ခမော်ပြည်ကို ချစ်သူများမို့ တိုင်းတစ်ပါးမှ အသားညှပ် ပေါင်မုန့်နှင့် ကြက်သားကြော်များကို မြင်ယောင် မနေကြပေ။ ထမင်းမာမာကို ငါးပိရည် ရွှဲရွှဲဆမ်းပြီး လယ်ပဒူရွက်မြှုပ် တို့နိုင်ကြသည်။ သို့သော်လည်း ထမင်းဝိုင်းဘေးတွင် ထိုင်ပြီး တအီအီ အသံပေးနေသော ကျားဘိုက ဝဲခြောက်ကို တဖျင်းဖျင်း ကုတ်သော အခါတွင်ကား သူတို့ ထမင်းစား မဝင်နိုင်အောင် ရှိတော့သည်။

ဘကြီးတောတို့ တစ်တွေသည် နေလည်း နေနိုင်ကြသည်။ နွားနှင့်လည်း အတူနေနိုင်သည်။ ဝက်နှင့်လည်း အတူထိုင်နိုင်သည်။ ကြက်နှင့်လည်း အတူအိပ်နိုင်ကြ လေသည်။ ဝါးကြမ်း ကြဲကြဲခင်း ဓနိမိုး ကြဲကြဲမိုးထားသော အိမ်ကျဉ်းကျဉ်းလေးတွင် အကောင်ဖလောင်များ စုံပြီး တိရစ္ဆာန်အနံ့

စွဲနေသည်။ ဘကြီးတော၏ မိန်းမက အိမ်ရှေ့တွင် ထွက်ပြီး ဆန်ဖွပ်နေချိန်ဝယ် ကြက်များက မီးဖိုချောင်မှ ထမင်းအိုးကို ဖွင့်ပြီး တဇတ်ဇတ် စားနေတတ်လေသည်။

"ညောင်းကိုက်နေတာပဲဗျာ"

"ကျွန်တော်တော့ ငရုတ်သီးစားလို့ ထင်ပါရဲ့ ဗိုက်နာတယ်"

"အိမ်သာ မတွေ့ဘူး၊ မော်တော်ပေါ် သွားမလား"

ဦးဆန်းကြယ်က ခပ်တိုးတိုး မေးသည်။ ဦးမောင်မောင်ထူးသည် ခေါင်းခါလိုက်ရင်း အသာ မှောက်အိပ်လိုက်သည်။ အိပ်ချင်စိတ်သည် ဗိုက်အနာကို လွှမ်းမိုးသွားသည်။

ကျေးရွာများတွင် အိမ်သာဒုက္ခ မရှိ။ အိမ်သာတွင်း ပြည့်လျှင် ကားခေါ်ပြီး စုတ်ထုတ်ရသော ဝဋ်ဒုက္ခမှလည်း လွတ်ကင်းသည်။ တသွင်သွင် စီးဆင်းနေသော မြစ်ရေယဉ်ထဲသို့ တဖြုန်းဖြုန်း တဖြင်းဖြင်းနှင့် ပလုံ ပလုံဟု မြည်ကာ အညစ်အကြေးများ ကျဆင်းသွားသော အသံသည် နားထောင်၍ပင် ကောင်းသေးသည်။ မြစ်ကမ်းဘေးရှိ ရွာတိုင်းရွာတိုင်းသည် "ပလုံ လေ့ကျင့်ခန်း" လုပ်ကြကုန်သဖြင့် အနံ့အသက် နံစော်ခြင်းမရှိ၊ သန့်ရှင်းပါဘိ။

သို့သော် ... သို့သော် ... တစ်ဖက်အိမ်မှ "ပလုံလေ့ကျင့်ခန်း" ယူနေစဉ်၊

ကျန်အိမ်က အိမ်ပေါ်မှ ရေပုံးချပြီး မြစ်ရေကို ခပ်ကာ သောက်ရေအိုး ထည့်နေသည်ကို တွေ့ရသော အခါ ဦးမောင်မောင်ထူး၏ ပြူးသော မျက်လုံးသည် ပို၍ ပြူးသွားပြီး ကြီးသော ခေါင်းသည်လည်း ပို၍ ကြီးသွားသယောင် ရှိသည်။

ပလုံ အရေအတွက် မည်မျှသည် သူတို့၏ ထမင်းအိုး၊ ရေအိုးနှင့် ချဉ်ရည်၊ ဟင်းချိုတို့အထဲတွင် ပါလေမည်နည်းဟု သိပ္ပံနည်းကျကျ အချိုးကျ တွက်ချက်မိသော အခါ ချွေးပင် တဖြိုင်ဖြိုင် ကျလာလေသည်။

"လုပ်စရာတွေ တို့လုပ်စရာတွေ အများကြီး ကျန်သေးတယ်"

အိပ်ပျော်နေသော ဦးမောင်မောင်ထူးသည် အံသွားကို ကြိတ်ရင်း ယောင်ရမ်းနေလေသည်။

* * *

လှည်းကြမ်းကြီး တစ်စင်းသည် တအိအိ မြည်ရင်း မလှုပ်တစ်လှုပ် ရွေ့လျားနေသည်။ လှည်းနောက်မှ လိပ်၍ လိပ်၍ တက်လာသော ဖုံလုံးများသည် လှည်းပေါ်ရှိ လူများကို မညှာမတာ ဖုံးအုပ်ပစ်လေ့ ရှိသည်။

"ဖုန်ဟာ လူတွေရဲ့ အဆိုးဆုံး ရန်သူပဲ။ အဲဒီ ဖုန်တွေထဲမှာ ဗိုင်းရပ်(စ်)လို့ ခေါ်တဲ့ ပိုးတစ်မျိုး ပါတယ်။ ဖုန်တွေ မျက်စိထဲ ဝင်ပါများရင် မျက်ခမ်းစပ်ရောဂါ ဖြစ်တာပေါ့"

ဦးဆန်းကြယ်သည် တလိပ်လိပ် ထနေသော ဖုန်လုံးများကို ကြည့်ရင်း ကာကွယ်ရန် နည်းလမ်း ရှာနေမိသည်။ နာခေါင်းနှင့်ပါးစပ်ကို အုပ်၍ စည်းထားသော လက်ကိုင်ပဝါကိုပင် အံ့တုပြီး ဖွတ်အတင်း ဖြတ်ကျော်လာသော ဖုန်မှုန့်များပါ ပါးစပ်ထဲ ဝင်မည် စိုးသဖြင့် အံသွားကို စေ့ထားရသည်။

"ဒီမှာ အဘ၊ အဘတို့ရွာမှာ တစ်နှစ်ရဲ့ အပူဆုံး ဒီဂရီ ဘယ်လောက် ရှိလဲဟင်"

"ဘာရယ်ဗျ"

"ဪ ဘယ်လောက်ပူလဲလို့"

"ယော် အာဏာကုန် ပူတာပ"

"ဟောဗျာ အအေးဆုံးကရော"

"အဲ မမယ်မ သူ့သမီး ဘုတ်စုကို မွေးတုန်းက ဆောင်းဝင်စ ထင်ပါရဲ့၊ အုန်းဆီတွေ ခဲသွားလိုက်တာ တစ်လကိုးသီတင်း မပျော်တော့ဘူး၊ ဆရာကလေးရဲ့"

"ဟင်"

ဦးမောင်မောင်ထူးသည် သက်ပြင်းကို ဟင်းခနဲ ချလိုက်သည်။ သူ့မှတ်စု စာအုပ်ထဲတွင် ခမော်ပြည် အထက်ပိုင်း မန္တာရ ရွှေမြို့တော်မှ မိုင်လေးဆယ် အကွာ လှိုင်သာမြစ်ကမ်းဘေးတွင် ရှိသော "တောင်ပြာ" ရွာကလေးသည် အာဏာကုန် ပူ၍ အုန်းဆီခဲအောင် အေးသည်ဟု ရေးမှတ်ထားလိုက် ရသည်။

"ခမော်ပြည် ရာသီဥတုရဲ့ အပူဒဏ်၊ အအေးဒဏ်ကို အသေအချာ ကာကွယ်နိုင်လောက်အောင် သူတို့ရဲ့ အိမ်တွေဟာ မလုံခြုံဘူး။ ကိုးဆယ့်ရှစ် ရာနှုန်းဟာ ဝါး၊ သက်ငယ်၊ ဓနိ၊ ထန်းလက်တွေ ကိုသာ သုံးပြီး ဆောက်ထားတယ်"

"အိမ်တွေမှာ ပြတင်းပေါက်ကနေ လေဝင် လေထွက်က ညံ့နေတယ်။ ကြက်၊ ဝက်တွေ မွေးပြန်တော့ အနံ့အသက် မကောင်းပြန်ဘူး၊ ကျန်းမာရေး အတွက်တော့ အန္တရာယ်ပဲဗျ"

"အဲ အိမ်သာကလည်း အဓိက ပြဿနာ ခင်ဗျ"

ဦးမောင်မောင်ထူးသည် ဆွေးနွေးပြောဆိုရင်းမှ ပလုံ ပလုံ ဟူသော ဂီတသံစဉ်ကို ကြားယောင်လာသည်။ ကြက်သီးမွေးညင်း ထလာပြီးလျှင် နွားနီကို ကြိမ်တို့ရန်သာ စိတ်စောနေသည့် အဘဖက်သို့ လှည့်ရင်း အရေးတကြီး မေးလိုက်သည်။

"အဘ အဘတို့ရွာမှာကော အိမ်သာရှိရဲ့လား၊ အိမ်သာ သန့်သန့်ပြန့်ပြန့် ရှိဖို့ကလည်း ကျန်းမာရေး အတွက် အင်မတန် အရေးကြီးတယ်နော်"

"ယော် ကျုပ်တို့ရွာက သူများ တွေလို ငှက်ပျောတောထဲမှာ ကိစ္စပြီးတာ

မဟုတ်ပေါင်ဗျာ၊ ရွာပြင်မှာ အိမ်သာကြီးမှ ဟိန်းလို့၊ တစ်နေကုန် ထိုင်နေချင်ရင်တောင် နေလို့ရပေါ့"

ကြွားကြွားဝင့်ဝင့်ကြီး ဖြေလိုက်သော အသံကြောင့် ဦးမောင်မောင်ထူး ခမျာ အတော်ကြီး အသက်ရှူချောင်သွားလေသည်။ သို့သော် သို့သော် နောက်တစ်နေ့ နံနက်တွင် ရွာပြင်ကွင်းစပ်မှ ဟိန်းနေသော ထိုအိမ်သာကြီးသည် ဦးမောင်မောင်ထူးအား ကောင်းကောင်းကြီး ဒုက္ခပေးလေသည်။

ကြီးမားခိုင်ခံ့သော အိမ်သာကြီးကို မြေပြင်မှ ခြောက်ပေခန့်မြင့်ပြီး ဆောက်ထားသည်။ တက်စရာ လှေကားကလည်း ပြောင်ချောနေသော ထန်းလုံးကြီးကို ခြောက်ဆယ်ဒီဂရီခန့် စောင်းပြီး ထောင်ထားခြင်း ဖြစ်သည်မို့ ဘလောင်ဆူနေသော ဝမ်းဗိုက်ကို ဖိနှိပ်ရင်း အိမ်သာကို လက်ယာရစ် လက်ဝဲရစ် အခါခါ ရစ်ပတ်နေလေသည်။ နဖူးတွင် အစက်စက် သီးနေသော ချွေးများ ပေါက်ခနဲ ပေါက်ခနဲ စင်ကျသွားသော အခါတွင်ကား ထန်းလုံးကြီးကို ဖက်တွယ်ကာ ကမန်းကတန်း တက်ရရှာသည်။ အပေါ်ရောက်လျှင် ချွေးကိုမျှ မသုတ်အားဘဲ ဆန္ဒပြ သောင်းကျန်းလှပြီ ဖြစ်သော ဝမ်းဗိုက်ကို ဖိနှိပ်ရင်း ကမန်းကတန်း ကိုင်ကာ တံခါး ဆွဲပိတ်လိုက်သည်။

"ဟိုက် မောင်တင်ရေ တံခါးမရှိဘူးဟ"

မောင်တင်သည် ခြောက်ပေခန့်မြင့်သော အိမ်သာထဲဝယ် ကုန်းကုန်း ကွကွကြီး စံပယ်နေသော ဆရာသမားကို ကြည့်ရင်း ငိုရမလို ရယ်ရမလိုနှင့် အကြပ်ရိုက်သွားရှာသည်။

"ပြန်ဆင်းမလား ဆရာ၊ ဒီနဘူးခြံကွယ်ကမှ ကောင်းဦးမယ်"

"မအောင့်နိုင်တော့ဘူးကွ ဟဲ့ ဟဲ့ အို"

ဘယ်ချောင် ဘယ်ကြားက ထွက်လာသည် မသိရသော ဝက်တစ်အုပ်သည် အိမ်သာအောက်သို့ ဒလကြမ်းကြီး ပြေးလာနေကြသည်။ ထိုအခါမှ အိမ်သာအောက်တွင် တွင်းမတူးဘဲ သန့်နေပုံကို ရိပ်မိတော့သည်။

"ဟေး မောင်တင်"

"ခင်ဗျား ဆရာ"

"လူမြင်ရင် ရှက်စရာကြီး၊ အသံပေးထားကွ"

ဦးမောင်မောင်ထူး၏ မျက်နှာသည် ခရမ်းချဉ်သီးမှည့်ကဲ့သို့ နီရဲနေလေသည်။ ဆီးကင်းခန့် ရှိသော ချွေးပေါက်ကြီးများ ကလည်း နဖူးတွင် အစီအရီ သီးနေသည်။

အမှန်စင်စစ် အသံပေးရန် မလိုပါချေ။ ခြောက်ပေခန့် အမြင့်တွင် ငုတ်တုတ်ကြီး ရှာန်ပုံကာ ဝက်များအား အလှူမင်္ဂလာ ပေးနေသော ဦးမောင်မောင်ထူးအား အဝေးကပင် မြင်နိုင်ပါသည်။

* * *

"ကျုပ်တို့ရဲ့ ပထမပိုင်း အလုပ်ကတော့ ပြီးသွားပြီဗျ။ ဒုတိယပိုင်းအနေနဲ့ ဘယ်ပုံဘယ်နည်း ဘဝမြှင့်တင်ရေး လုပ်ပေးမယ် ဆိုတာကိုပဲ စဉ်းစားဖို့ လိုတော့တယ်"

ဦးဆန်းကြယ်သည် လေ့လာမှတ်သားခဲ့သမျှ စာရွက်စာတန်းများကို လှန်လှောကြည့်ရင်း ပြောလေသည်။ လေ့လာရေး ခရီးမှ ပြန်လာသော ပညာရှင်နှစ်ဦးသည် ပိန်ပြီး မည်းလာကြသည်။ မိမိရုပ်ကိုပင် မိမိပြန်ပြီး မမှတ်မိနိုင်အောင် ရှိတော့သည်။

"စား, ဝတ်, နေ, ရေး အဖက်ဖက်က မြှင့်တင်ပေးရမယ်"

"လက်နဲ့ လုပ်နေသမျှ အလုပ်တွေကို စက်နဲ့ အစားထိုးရမယ်"

"တောနေ လူတန်းစားတွေရဲ့ ဘဝဟာ တစ်ဟုန်ထိုးကို တိုးတက် လာစေရမယ်"

ပညာရှင်နှစ်ဦးသည် အချိန်ကို အနည်းငယ်မျှ မဆိုင်းဘဲ လုပ်ငန်းခွင် ဝင်ကြလေသည်။ ဦးဆန်းကြွယ်သည် တွက်လိုက်၊ ချက်လိုက်၊ ရေးဆွဲလိုက်နှင့် အလုပ်ရှုပ်နေသလို ဦးမောင်မောင်ထူးသည်လည်း သူ့ဓာတ်ခွဲခန်းထဲတွင် ကျဉ်းသော၊ ကျယ်သော၊ ဝိုင်းသော၊ ရှည်သော၊ ပုသော ဖန်ပုလင်းမျိုးစုံနှင့် မအားနိုင်အောင် ရှိတော့သည်။

တစ်နံနက်ခင်း ဦးမောင်မောင်ထူး အိပ်ရာမှ မနိုးမီ ဦးဆန်းကြွယ်သည် မောကြီးပန်းကြီး ရောက်လာလေသည်။ ဦးမောင်မောင်ထူးကို အိပ်ရာမှ ဆွဲထူပြီး "ကျွန်တော့်အိမ်တော့ အောင်မြင်ပြီဗျ- အောင်မြင်သွားပြီ၊ ကျွန်တော့် အိမ်ကလေးကို အသေမဆောက်ဘဲ အစတစ်ခုစီ ဖြုတ်လို့ ရအောင် လုပ်ထားတယ်"ဟု ဝမ်းသာအားရ ပြောလေသည်။

"တစ်စစီကို ခဏလေးနဲ့ ဖြုတ်- ခဏလေးနဲ့ ပြန်ပြီး တပ်နိုင်တယ်ဗျ၊ လယ်လုပ်ချိန်ကျရင် ဖြုတ်ပြီး လယ်ထဲမှာပဲ ဆောက်ထားလိုက်၊ အဲဒီမှာတင် ချက်ပြုတ် စားသောက်နိုင်တော့ ထမင်းပို့ရတဲ့ အချိန်နည်းပြီး လုပ်အားနာရီလည်း တက်လာတယ်၊ ကျွန်တော့်အိမ်လေးဟာ ဘယ်လောက်ပေ့ါပါးလဲ ဆိုရင် ထင်းခွေခွေ ရေခပ်ခပ် ချိုင်းကြားမှာတောင် ခေါက်သိမ်းသွားလို့ ရစေ ရမယ်။ နောက်ဆုံးပေါ် သတ္တုတစ်မျိုးနဲ့ လုပ်ပြီး "ဆန်းကြွယ်အိမ်" လို့ အမည် ပေးလိုက်ပြီ"

"တယ်ဟုတ်ပါလား"

"တထောင်းထောင်း ထနေတဲ့ ဖုန်တွေကို စုတ်ဖို့ ဖုန်စုတ်စက်၊ ဂုန်လျှော်ခွာဖို့

လျှော်ခွာစက်၊ စပါးရိတ်ပြီးတာနဲ့ တစ်ချက်တည်း တစ်ဖက်က ဆန်တွေ ကျလာတဲ့ စက်တွေလည်း တီထွင်ရဦးမယ်"

ဦးဆန်းကြွယ်သည် အသက်ကိုပင် မရှူအားဘဲ စိတ်အားထက်သန်စွာ ပြောလေသည်။ ဦးမောင်မောင်ထူး ခမျာလည်း အားရဝမ်းသာနှင့် ဦးဆန်းကြွယ်ကို အငေးသား ကြည့်နေသည်။ စိတ်ဝင်စားလွန်းသဖြင့် ဦးဆန်းကြွယ် ပြုံးလျှင် ပြုံးချင်၊ မဲ့လျှင် မဲ့ချင် ဖြစ်နေ၏။

သုံးလေးရက်ခန့် ကြာသောအခါ စက်များနှင့် တဂျုံးဂျုံး တဂျိုင်းဂျိုင်း အလုပ်ရှုပ်နေသော ဦးဆန်းကြွယ်ဆီသို့ ဦးမောင်မောင်ထူး အမောတကော ရောက်လာလေသည်။

"ဟား ဟား ဦးဆန်းကြွယ်ရေ၊ ခင်ဗျားအိမ်မှာ မီးဖိုချောင်နဲ့ အိမ်သာတောင် မလိုတော့ဘူး သိရဲ့လား"

"အလို ဘာဖြစ်လို့ပါလိမ့်"

"သူတို့တွေ စားဖို့အတွက် ရသာခဲတစ်မျိုး တီထွင်နိုင်ပြီလေ၊ အာဟာရစစ်စစ် အခဲကလေးပေ့ါ၊ အစာအိမ်ရဲ့ အလုပ်က ဝင်လာသမျှ အစာတွေ ကို ကြေညက်အောင်ချက်၊ အဟာရဓာတ်တွေကို ခန္ဓာကိုယ်ထဲပို့၊ အသုံးမကျတာတွေကို အစာဟောင်းအဖြစ် ပြန်ထုတ်၊ ဟုတ်စ ဒီတော့ အာဟာရ သက်သက်ကို လိုသလောက်ပဲ စားပေးရင် အစာဟောင်းထုတ်ဖို့ မလိုတော့ဘူး မဟုတ်လား"

"ဒါပေါ့"

"ဒီတော့ ကျွန်တော် တီထွင်မယ့် အာဟာရခဲကလေး တစ်ခဲကို စားထားရင် ဆယ်ရက်စာ လုံလောက်ရမယ်ဗျာ၊ ဝယ်ရချမ်းရ ချက်ပြုတ်ရတဲ့ ဒုက္ခတွေလည်း လုံးဝငြိမ်းပြီး ယောက်ျားရော မိန်းမပါ လုပ်အားနှစ်ဆ တိုးလာနိုင်တယ်၊ မစင်ထဲက ရောဂါပိုးတွေကို သယ်ဆောင်မယ့် လေ၊ ရေ၊ ဖုန် ဆိုတာတွေ ကိုလည်း မှုစရာ မလိုတော့ဘူး။ ကျုပ်တို့ ခမော်ပြည်ကြီးက မြစ်ရေတွေဟာလည်း လုံးဝသန့်ရှင်း ဟား ပျော်စရာဗျာ၊ အဲဒီ အာဟာရခဲကို `ထူး အာဟာရခဲ'လို့ အမည် ပေးရမယ်ဗျ"

"ဟုတ်လိုက်လေဗျာ"

ပညာရှင်နှစ်ဦးသည် စိတ်အား ထက်သန်လွန်းသဖြင့် တုန်တုန်လှုပ်လှုပ် ဖြစ်နေကြလေသည်။ သူတို့တတ်သော ပညာကို တိုင်းပြည်အတွက် ထူးထူးခြား ခြား အသုံးပြုနိုင်တော့မည် ဖြစ်သဖြင့် ဝမ်းသာလုံး ဆို့နေကြသည်။

သူတို့၏ လေ့လာရေး ခရီးအောင်မြင်မှုကို ဂုဏ်ယူမဆုံးနိုင်အောင် ရှိတော့သည်။ သူတို့လို တောင်သူလယ်သမား တောနေ လူတန်းစားတို့၏ ဘဝကို အနီးကပ် လေ့လာသူ ရှားလှချေသည်။ သူတို့နှစ်ဦးသည် တောရွာများ၏ သဘာဝ၊ ယဉ်ကျေးမှု၊ ရာသီဥတု၊ ကျန်းမာရေး၊ ပေါင်းသင်း ဆက်ဆံရေး၊ လုံခြုံရေး အစစအရာရာကို အသေးစိတ် လေ့လာခဲ့ကြသည်။

ဦးမောင်မောင်ထူးသည် ထမင်းမေ့ ဟင်းမေ့နှင့် ဓာတ်ခွဲခန်းထဲက

မထွက်နိုင်သလို ဦးဆန်းကြယ်သည်လည်း သူ့အလုပ်ရုံထဲတွင် နေ့ရောညပါ မအိပ်မနေ အလုပ်ရှုပ်နေလေသည်။ တစ်ဦးနှင့်တစ်ဦး ဆုံစည်းဆွေးနွေးရန်ပင် အချိန်မအားကြချေ။

သို့သော် သို့သော် သူတို့မေ့နေသော အချက်တစ်ချက် ရှိသည်ကို နှစ်ဦးလုံး သတိမထားမိကြချေ။ ငွေဆိုသည်မှာ မိဘက အမွေပေးသော ငွေအိုးထဲမှ ရခြင်း ဖြစ်သည်ဟု ထင်မှတ် မှားနေကြသည်။ တောင်သူ လယ်သမားများ၏ စီးပွားရေး အခြေအနေကို လေ့လာရကောင်းမှန်း မသိခဲ့ကြချေ။ သူတို့ကို မည်သူကမျှလည်း သတိမပေးခဲ့ကြ။

တောရွာမှ ဦးကြီးဖြိုးတို့၊ ဘကြီးတောတို့၊ အရီးမယ်စံတို့၊ သံချောင်းတို့၊ ဘုတ်ဆုံတို့သည် သူတို့တစ်တွေ၏ ဘဝကိုသာယာအောင် မြှင့်တင်ပေးမည်ဟု အသေအချာ ကတိပြုသွားသော ပညာရှင်နှစ်ဦးကို စောင့်မျှော်နေကြသည်။ အာဟာရခဲ၏ ငါးပုံ တစ်ပုံမျှ ရှိသော၊ မျှော့သတ်စက်၏ ဆယ်ပုံ တစ်ပုံမျှသာ ရှိသော၊ ဖုန်စုတ်စက်၏ ဆယ့်ငါးပုံ တစ်ပုံမျှသာ ရှိသော သူတို့ အိမ်ထောင်စု၏ တစ်နှစ်စာ ဝင်ငွေလေးကို ဆုပ်ကိုင်ရင်း စောင့်မျှော်နေကြသည်မှာ

တစ်နေ့ပြီး တစ်နေ့။

တစ်မိုးပြီး တစ်မိုး။

တစ်ဆောင်းပြီး တစ်ဆောင်း။

ထို့နောက် တစ်နှစ်ပြီး တစ်နှစ်။

----

**မစန္ဒာ**

**နှစ် ၅၀ ပြည့် စက်မှုတက္ကသိုလ် မဂ္ဂဇင်း (၁၉၇၃-၇၄)၊ အမှတ် ၆။**

## သူ့ကုသိုလ် (မစန္ဒာ)

----------------------

သူတို့မှာ မောင်နမ ငါးယောက် ရှိသည်။

ပြောရမှာတော့ သိပ်မကောင်း။

ကိုယ့်ပေါင် ကိုယ်လှန် ထောင်းသည်သို့ ရှိမည်ကို သိသော်လည်း ခပ်သာသာ ခပ်ဖွဖွလေးတော့ ထောင်းချင်သေးသည်။ အဲ ... ပြောချင်သေးသည်။

တစ်အူထုံ့ဆင်း မောင်နမအရင်း ခေါက်ခေါက်တွေ ဖြစ်သော်လည်း အသက်တွေ ကြီးလာတော့ တစိမ်းတွေကလည်း အသီးသီး ဖက်လာကြပြီ မဟုတ်လား။

* * *

မောင်နမ ငါးယောက်တွင် သူက အလယ်တည့်တည့် နံပါတ်သုံး ဖြစ်လေသည်။

သူ့အထက်တွင် အစ်ကိုတစ်ယောက်၊ အစ်မတစ်ယောက်၊ သူ့အောက်တွင် ညီတစ်ယောက်၊ ညီမတစ်ယောက် စုပေါင်းတော့ ငါးယောက်။ ထိုငါးယောက်၏ ယောကျ်ားတွေ မိန်းမတွေကို ထည့်တွက်လိုက်တော့ ဆယ့်တစ်ယောက် ဖြစ်သည်။ တကယ့် တကယ်က ဆယ်ယောက်သာ ဖြစ်သင့်သော်လည်း သူ့ညီက မိန်းမ နှစ်ယောက်ကို တစ်ပြိုင်နက်တည်း ယူထားသောကြောင့် တစ်ယောက် ထပ်တိုးပြီး ဆယ့်တစ်ယောက် ဖြစ်သွားခြင်း ဖြစ်သည်။

ထို ဆယ့်တစ်ယောက်က ပါးစပ် ဆယ့်တစ်ပေါက် ရှိလေတော့ လေသံ ဆယ့်တစ်မျိုး ထွက်လေသည်။ မယားညီအစ်ကိုချင်း၊ လင်ညီအစ်မချင်း၊ ယောက်ဖချင်း၊ ယောက်မချင်း စကားပြော အဆင်မပြေတာလေးတွေ ရှိသည်မှအစ တစ်ခါတစ်ရံတော့ မောင်နမချင်းပင် ခပ်တန်းတန်း ဖြစ်ချင်သည်။

သူကတော့ မောင်နမ ငါးယောက်တွင် အလယ်နေရာ ရထားသူမို့ အကြီး နှစ်ယောက်နှင့်လည်း သိပ်မတွဲဖြစ်၊ အငယ် နှစ်ယောက်နှင့်လည်း သိပ်မတွဲဖြစ်ဘဲ ကြားတွင် ချောင်နေလေသည်။ စီးပွားရေးအားဖြင့်လည်း သူက မပြေလည်ဆုံး ဆိုတော့ ကိုယ့်အားငယ်စိတ်နှင့် ကိုယ် ခပ်အေးအေး နေတာလည်း ပါမည် ထင်သည်။ မိန်းမချင်း ယှဉ်လိုက်လျှင်လည်း သူ့မိန်းမက အရိုးသားဆုံး အအေးဆုံး ဖြစ်မည် ထင်သည်။

စကားလုံအောင် ရိုးသည်၊ အေးသည်ဟု ပြောရသော်လည်း အသည်၊ နသည်ဟု ပြောရလျှင် ပိုပြီး မှန်လိမ့်မည် ထင်သည်။ အစ်ကိုကြီး၏ မိန်းမက အလယ်တန်းပြ ဆရာမ ဖြစ်သည်။

ညီငယ်၏ မိန်းမကြီးကတော့ ကြုံလျှင် ကြုံသလို ပွဲစားလုပ်သည်။ စိန်ပွဲစား၊ ရွှေပွဲစား၊ ကားပွဲစား၊ အိမ်ပွဲစား၊ မြေပွဲစား၊ ဘာပစ္စည်း ရောင်းမည် ကြားကြား သူက နားစွင့်ထားတတ်သည်။ ဘာပစ္စည်း လိုချင်သည် ပြောပြော သူက ဆက်သွယ်ပေးတတ်သည်။

ဒါကလည်း တကယ့်ပညာ တစ်မျိုးပင်။ ဒီလို ပညာမျိုးကို ဘယ်တက္ကသိုလ်ကမှ သင်ပြီး ဘွဲ့ပေးလိုက်သည် မဟုတ်။ သူ့ပါရမီနှင့် သူမှ လုပ်ကိုင်တတ်ခြင်း ဖြစ်သည်။

မိန်းမအငယ်ကတော့ ငွေမရှာတတ်သော်လည်း အထိန်းအသိမ်း၊ အချက်အပြုတ် ကောင်းသည်။ ကြက်တစ်မယ်တည်းကို ဆီပြန်ဟင်းရော၊ အစိမ်းကြော်ရော၊ ဆယ့်နှစ်မျိုးဟင်းချိုရော ရအောင် ချက်တတ်သည်။ ကိုယ့်အင်္ကျီ ကိုယ် ချုပ်ဝတ်သည်။ လင်လုဖက်ချင်း ဆိုတော့ အကြီးနဲ့ အငယ် တစ်ခါတစ်ရံ သတ်ကြ၊ ပုတ်ကြသော်လည်း တစ်ခါတစ်ရံတော့ အကြီးအတွက် အင်္ကျီကို အငယ်က ကော်ကပ်ပြီး အကျအန ချုပ်ပေးတတ်သည်။ အကြီးကလည်း "ငါ့ညီမချုပ်တဲ့ အင်္ကျီက သိပ်ပြီး ပုံကျတာ" ဟု လေချိုလေးနှင့်

ခိုင်းတတ်သည်။

"မိန်းမကိုက ရှစ်စပ်က လည်နေတာ" ဟု အစ်ကိုကြီး၏ မိန်းမက ကွယ်ရာမှာ မှတ်ချက်ချဖူးသည်။ ဆရာမ မပီသဘူးပဲ ဆိုဆို၊ ရှစ်စပ်ကလည်သည် ဆိုဆို သူတို့က ဝင်ငွေ အသီးသီး ရှာတတ်ကြတော့ ဝတ်သား တစ်ပိဿာ သုံးဆယ်စျေး၊ ဆီတစ်ပိဿာ လေးဆယ်စျေး၊ ဆန်တစ်တင်း တစ်ရာစျေးတွေကို ရင်ဆိုင် နိုင်ကြသည်ကတော့ အမှန်ပင်။

ခက်သည်က အိမ်ကမိန်းမ ဖြစ်သည်။ အစ်ကိုကြီး မိန်းမလို ဘွဲ့ရပညာတတ်လည်း မဟုတ်။ ညီငယ် မိန်းမအကြီးလို လည်လည်ဝယ်ဝယ်လည်း မဟုတ်။ အငယ်လို အချက်အပြုတ်၊ အချုပ်အလုပ်လည်း မကောင်း။ အိမ်မှာ ကုန်စုံဆိုင်လေး ဖွင့်ထားတုန်းကလည်း မှန်မှန်ကန်ကန် တွက်ချက်ပြီး ငွေမအမ်းတတ်။ ဝယ်သူများကလည်း လိုလျှင်သာ လာပြန်တောင်းသည်။ ပိုသွားတော့ ဆယ်ယောက်လျှင် တစ်ယောက်ပင် လာပြန်ပေးသည် မဟုတ်။ သည်လိုနှင့်ပင် တစ်နေ့ တစ်နေ့ ငွေလေးငါးခြောက်ကျပ် ပျောက်ကာ အရင်းပြုတ်ခဲ့ရသည်။

သူ့လခ ရှိနေသော်လည်း သားသမီးက သုံးယောက် သူတို့က နှစ်ယောက် ဆိုတော့ မိန်းမက အပျိုဘဝက ကြက်သား ဝက်သား ချက်တတ်ခဲ့ရင်တောင် မေ့ပြီထင်ပ။ အပိုဝင်ငွေ မရှိပါဘဲလျှက် ကြက်သားမှ ချက်ချင်သော မိန်းမနဲ့ ရလျှင်လည်း အခက်ပင်။ ဒီတော့ မိန်းမ မချက်တတ်တာကိုပင် ကြံဖန်ပြီး

ကိုယ့်ဘဝကိုယ် ကျေနပ်နေရ လေသည်။

သူ့မိန်းမက ပညာ မတတ်သော်လည်း အပိုစကား သိပ်မပြောတတ်၊ မညည်းညူတတ်။ ပါးစပ်ကလေး တစ်ပေါက်ထဲနှင့်ပင် တော်လေးဝဝင်နေပြီဟု သူကကြံဖန်ပြီး ဂုဏ်ယူချင်သည်။

ဒီလို အရည်ချင်းမျိုးက မိန်းမတစ်ရာလျှင် တစ်ယောက်ရှိလျှင် ကံကောင်း။ ဒီလို မညည်းညူ တတ်သော ပါးစပ်က ညည်းလာပြီ ဆိုလျှင်တော့ အတော်လေး အခြေအနေ ဆိုးနေပြီကို သိသာနိုင်သည်။

"အိမ်မှာတော့ အကုန် ပြတ်နေပြီ အစ်ကို၊ ဆီစာအုပ် ပေါင်ရအောင်ကလဲ နောက်လကျရင် သကြားလေး၊ ဆပ်ပြာလေး၊ ရေနံဆီလေးများ ရနေရင် နမြောစရာ"

နံနက်တုန်းကတော့ မြင်းခွါရွက်များကို ပါးပါးလှီးနေရင်း ခပ်တိမ်တိမ် ပြောသည်။ "မြင်းခွါရွက်သုပ်ကို ဆီချက်ကလေး များများထည့် သုပ်စမ်းပါကွာ" ဟု ပြောမလို့ ပြင်ထားသော ပါးစပ်ပင် အလိုလို ပိတ်သွားသည်။ အသည်ဟု ဆိုရသော်လည်း မိန်းမက ပြည်သူ့ဆိုင်မှ ရံဖန်ရံခါ ရတတ်သော ဒူးယား၊ နို့ဆီ၊ သကြား၊ ရေနံဆီ စသည်များကို အမြတ်နှင့် ပြန်ပြီး ရောင်းစားတတ်သည်။

ဒါကလည်း ထူးထူးခြားခြား ကြိုးပမ်းစရာ မလိုပေ။ ဆိုင်ရှေ့တွင်ပင် အမြတ်ပေး ကောက်သူများက အဆင်သင့် ရောက်နေတော့ သူတို့လက်ထဲ ပစ္စည်းထည့်ပြီး သူတို့ ပေးသောငွေ ယူလာရုံသာမို့ တပင်တပန်း လာစောင့်နေသူများကို "ကျေးဇူးတင်စရာ ကောင်းလိုက်တာ အစ်ကိုရယ်" ဟု တစိမ့်စိမ့် ကျေးဇူးတင်နေတတ်သူ ဖြစ်လေသည်။

"သမီးဖိနပ်လဲ ပြတ်ခါနီးပြီ အဖေ"

"နင်ကလဲ ပြတ်လိုက်ရတဲ့ ဖိနပ်၊ ကျောင်းမှာ ဆာတိုင်း မီးဖုတ် စားနေတာလား"

သားအငယ်က ဝင်ပြောသည်။

"အမယ်လေးဟဲ့၊ ဖိနပ်မီးဖုတ်များ တော်ရုံတန်ရုံ ချမ်းသာရုံနဲ့ စားနိုင်မယ် ထင်လို့လား၊ ဖိနပ်တစ်ရန် တစ်ဆယ်၊ ဆယ့်ငါးကျပ် အောက်ထစ် ပေးနေရတာ၊ မီးဖုတ်ပြီး စားရက်ပါ့မလား၊ ပါးစပ်သနလို့ မဟုတ်ဘူး၊ ဖိနပ်ကို နမြောလို့"

"နင်ကတော့ လုပ်ပြီ"

"ဟုတ်တယ်၊ ဖိနပ်တွေကလဲ တမင်များ မခိုင်အောင် လုပ်ထားသလား မသိပါဘူး၊ တဖတ်ဖတ် ပြတ်ထွက်နေတာပဲ၊ ခိုင်တဲ့ ဖိနပ်တွေကျတော့ ဈေးက ခေါင်ခိုက်၊ ဇီးဘရားဆို ငါးဆယ်ကျော်၊ ဝိတ်တာ ဆိုရင် တစ်ရာကျော်"

"အင်း ... မီးဖုတ်ပြီး စားလိုက်ရရင်တော့ တော်တော် မြိန်မယ်"

"အေး ... ငါ သူဌေးဖြစ်မှ ကျွေးမယ်"

မောင်နမ နှစ်ယောက် စကားနိုင် လုနေချိန်ဝယ် သူက အပျိုအရွယ် သမီးငယ်ကို ငေးကြည့်နေမိသည်။ မိန်းကလေး တစ်ဦးအတွက် ဆံပင်မှ ခြေထောက်အထိ ခေတ်နှင့်အညီ ဝတ်ဆင်နိုင်ရင် ဘယ်နှစ်ရာများ ကုန်လေမည်နည်းဟု စဉ်းစားကြည့်မိတော့ ခေါင်းကိုက်ချင် သလိုလို ဖြစ်လာသည်။

"ထောပတ်ကလေးပါ သုတ်ကျွေးဟာ"

"အေး ... ထောပတ် တစ်ပေါင် တစ်ရာ မဖြစ်သေးရင်တော့ သုတ်ပေးမယ်"

သူတို့ မောင်နမတွေလည်း ငယ်ငယ်တုန်းကတော့ အခုလို ချစ်ချစ်ခင်ခင်ပင် ဖြစ်သည်။ အသက်တွေ ကြီးလာတော့လည်း ကိုယ့်အလုပ်နှင့်ကိုယ် ကိုယ့်အိမ်ထောင်နှင့်ကိုယ် ဖြစ်ပြီး အနေတွေ ဝေးပြီး စိမ်းကုန်သည်။

"အင်း ... လူဆိုတာ အသက် ငယ်တုန်းတော့ သဘောကြီးပြီး အသက်တွေလဲ ကြီးလာရော စိတ်သဘောတွေလဲ တစ်နေ့တခြား နလာကုန်ရော ထင်ပါရဲ့"

သူကတွေးရင်း စိတ်မကောင်း ဖြစ်မိသည်။ သူတို့ ညီအစ်ကို သုံးယောက်သည် ငယ်ငယ်တုန်းက ထွေးလုံးရစ်ပတ်၊ သတ်ပုတ် ဆော့ကစားပြီး ဖက်လဲတကင်း နေခဲ့သော်လည်း အခုတော့ ကိစ္စ အထွေအထူး မရှိလျှင်တော့ တစ်ဦးနှင့်တစ်ဦး

မတွေ့ဖြစ်ကြတော့ပေ။

အစ်ကိုကြီးကလည်း ညီငယ်ကို ခပ်တည်တည် နေသည်။ သူ့မိန်းမကို "အသပြာ ဆရာမ" ဟု ပြောသောကြောင့် ဖြစ်သည်။ ညီငယ်ကလည်း "ကျွန်တော့်ဟာ ကျွန်တော် မိန်းမ ဘယ်နယောက် ယူယူပေါ့ဗျာ၊ ကိုယ့်ဇာတ် ကိုယ်နိုင်လို့ ကတာပဲဟာ၊ ခုတော့ အိမ်လာရင် ဟို ပညာတတ် မိန်းမကြီးက 'နင်မို့လို့ ဒီလို အဖြစ်ခံတယ်၊ ငါသာဆိုရင် မယားငယ်မ ပါးချပြီး အိမ်ပေါ်က ဆွဲချမယ်' လို့ အကြီးမကို သွားပြီးပြော၊ အငယ်ကို ကျပြန်တော့လဲ 'ဟိုက ဆွဲထားတော့ ဆွဲကြိုးအတုတ်၊ နင့်လည်ပင်းကျတော့ ပါးပါးမှုန်မှုန်လေး ပါလားဟဲ့' လို့ ပြောလိုပြော၊ တယ်ပြီး ဇာတ်ရှုပ်စေချင်တယ်" ဟု မကျေမနပ် ပြောပြီး အစ်ကိုကြီးနဲ့ ခပ်တန်းတန်း နေလေသည်။

သူကလည်း သူ့မိန်းမ မလည်လို့ တကယ် အေးသည်မှာ မှန်သော်လည်း"ဒီမိန်းမကတော့ ခပ်နုံနုံ ခပ်ဖျင်းဖျင်းပါကွာ" ဟူသော မှတ်ချက်ကို ကြားနေရတော့ မခံချိ မခံသာ ဖြစ်မိသည်မှာ အမှန်ပင်။ ဒါကြောင့်လည်း သိပ်အဝင်အထွက် မလုပ်တော့ပဲ ခပ်အေးအေး ခပ်စိမ်းစိမ်းပင် နေမိတော့သည်။ ခု ငွေလိုပြန်တော့ အစ်မကြီးဆီပဲ သွားရဦးမယ် ထင်ပါတယ်။

"ငွေက တစ်ရာ့ငါးဆယ်လောက်တော့ လိုမယ် ထင်တယ်၊ ရုံးမှာ ချေးလို့ ရဦးမလား"

"မလွယ်တော့ဘူးကွ"

"ဒီလိုဆို ဆီစာအုပ်ပဲ ပေါင်ရဦးတော့မလား မသိပါဘူး"

"နက်ဖြန်ကျရင် အစ်မကြီးဆီ သွားကြည့်လိုက်ဦးမယ်လေ"

သူက လေသံ ပျော့ပျော့နှင့် ပြောသည်။ အစ်မကြီးက ကပ်စေးနဲ သော်လည်း မောင်တွေ၊ ညီမတွေ အကူအညီ လာတောင်းလျှင် ကြောင်တောင်ကြည့် နိုင်သူတော့ မဟုတ်ပေ။ တစ်ရာတောင်းလျှင် ငါးဆယ်လောက်တော့ ညည်းညည်းညူညူနှင့် ထွက်လာတတ်သည်။

သူက ညည်းညူလွန်းတော့ ယူရသူမှာ မျက်နှာလည်းပူ၊ စိတ်လည်း ညစ်မို့ ကျေးဇူးတင်ရမည်ကို မေ့သွားတတ်သည်။ ပြီးခဲ့သော နှစ်က အကြီးကောင် အသားဝါ ရောဂါ ဖြစ်တုန်းက အစ်မကြီးဆီကပင် ငွေနှစ်ရာ သွားချေးခဲ့ရသည်။ ချေးသည်ဟု စကားလှအောင် သုံးသော်လည်း ပြန်မဆပ်သော ချေးခြင်းမျိုး ဖြစ်ကြောင်းကို အစ်မကြီးရော၊ သူရော နားလည်ပြီးသားတော့ ဖြစ်သည်။

အစ်မကြီးက သူတောင်းသော ငွေနှစ်ရာကို ပေးသော်လည်း ထုံးစံအတိုင်း ညည်းလေသည်။ သူက ငွေနှစ်ရာကို အိတ်ထဲထည့်ရင်း "နောက်များဆိုရင် ဘာဖြစ်ဖြစ် လာမတောင်းတော့ဘူးကွာ" ဟု ဆုံးဖြတ်ချက် ချမိသည်။

"အင်း ... ဆုံးဖြတ်တုန်းကတော့ ဆုံးဖြတ်တာပဲ၊ ဒါပေမယ့် အရေးဟဲ့၊ အကြောင်းဟဲ့ ဆိုရင် ငါ့မှာ ဒီအစ်မကြီးက လွဲလို့ တောင်းစရာမှ မရှိတာဘဲ"

သူကတွေးရင်း သက်ပြင်းချမိသည်။ အစ်ကိုနှင့် ညီက သူ့ထက်
ချောင်ချောင်လည်လည် ရှိသော်လည်း တောင်းဖို့ စိတ်ကူးထဲပင် သိပ်မထည့်ရဲ။
သူတို့မိန်းမတွေ မသိဘဲလည်း သူတို့က ပေးလိမ့်မည် မထင်။ ညီမကတော့
သူ့ယောက်ျားကို သူ အတော် ကြောက်ရသည်။ နောက်ပြီး သူတို့မှာလည်း
ကလေးက လေးယောက်နှင့်မို့ စားမလောက်။

ဒီကြားထဲ သူ့သားကြီးက ဆယ့်ခုနစ်နှစ်သားနှင့် မိန်းမခိုးပြီး အဖေ အမေ
အိမ်တွင် သောင်တင်နေတော့ ညီမသည် သူတို့ မောင်နှမ
လေး(ငါး?)ယောက်တွင် အငယ်ဆုံး ဖြစ်သော်လည်း အရင်ဆုံး မြေးထိန်းရသူ
ဖြစ်သည်။ နဂိုကမှ ကျပ်တည်းရသည့်အထဲ ချွေးမရော၊ မြေးပါ ပိုလာတော့
သူ့ယောက်ျားခမျာ ညဘက်ထွက်ပြီး သုံးဘီး မောင်းရသေးသည်။

ဒီကြားထဲ သူက သွားတောင်းလျှင် ယောက်ျားအပေါ် မျက်နှာငယ်ရုံသာ ရှိမည်။
ပေးချင်စိတ် ရှိလျှင်တောင် ပေးနိုင်ဖို့တော့ သိပ်မလွယ်ပေ၊ ဒီတော့လည်း ဘာမှ
မတတ်နိုင်။ ယခင်က ဆုံးဖြတ်ထားသော ဆုံးဖြတ်ချက်ကလေးကို လေထဲသို့
လွှင့်ပစ်လိုက်ပြီး အစ်မကြီးဆီ သွားတောင်းဖို့ပင် ရှိတော့သည်။

* * *

"ရေချိုးနေတယ် ဦးလေး"

အစ်မကြီးဆီ ရောက်တော့ ဧည့်ခန်းထဲတွင် ဂစ်တာ တီးနေသော သားအကြီးဆုံးက ဆီးပြောသည်။

"အေးကွာ ... ချိုးပါစေ၊ အေးအေးဆေးဆေးပေါ့"

သူက ဧည့်ခန်းထောင့်မှ ကြိမ်ကုလားထိုင်တွင် ထိုင်ပြီး စားပွဲပေါ်တွင် တွေ့သော သတင်းစာကို ကောက်ကာ အပြန်ပြန် အလှန်လှန် ဖတ်နေလိုက်သည်။ ဖတ်သည် ဆိုသော်လည်း မျက်စိကသာ ကျော်ကာ၊ လွှားကာ ဖတ်နေခြင်း ဖြစ်သည်။ ဦးနှောက်ထဲကို ရောက်သည်တော့ မဟုတ်ပေ။ အစ်မကြီး အကြောင်းကို တွေးနေမိသောကြောင့် ဖြစ်သည်။

အစ်မကြီး၏ ခင်ပွန်းသည် ဆုံးသွားသည်မှာ သုံးနှစ်ကျော်ပြီ ဖြစ်သော်လည်း မဆုံးမီက အရှိန်အဝါအရ အပေါင်းအသင်း များပြီး အရှာအဖွေ ကောင်းသူဆိုတော့ အတော်ကလေး သုံးနိုင်စွဲနိုင်၊ စုဆောင်းနိုင်ခဲ့လေသည်။

အင်းလျားလမ်းတွင် တစ်ထပ်တိုက်ကလေး တစ်လုံး ရှိသည့်အပြင် ပါရမီတွင်လည်း ခပ်ချောင်ချောင် ရလိုက်သော မြေတစ်ကွက် ရှိသေးသည်။ ခင်ပွန်းဖြစ်သူ ရုတ်တရက် ဆုံးသွားတော့ အစ်မကြီးသည် ရင်ကို စုံထုကာ

လူးလဲငိုခဲ့သော်လည်း ကြာရှည်တော့ ငိုမနေပေ။ တစ်လလောက် နေတော့ မျက်ရည် သုတ်ခဲ့သည်။

နေမည်ဟု စိတ်မကူးခဲ့သော အတိုင်း ပါရမီက မြေကလေးတွင် ပျဉ်ထောင်အိမ် သင့်သင့်လေးတစ်လုံး အမြန် ဆောက်ခဲ့သည်။ အိမ်ပြီးသည်နှင့် နေလက်စ အင်းလျားလမ်းက အိမ်ကို ပြန်လည် ပြုပြင်ပြီး သံရုံးငှားရန် စီစဉ်ကာ ပါရမီသို့ သားအမိ လေးဦး ပြောင်းလာခဲ့ကြလေသည်။ လုပ်သင့်လုပ်ထိုက်သည်များကို အကွက်စေ့စေ့လေး လုပ်ခဲ့သဖြင့် တိုက်လခ တစ်လသုံးထောင်နှင့် ချောင်ချောင်လည်လည်လေး နေနိုင်ခဲ့သည်။

သူတို့အိမ်ကို ကြည့်။ ရေခဲသေတ္တာနှင့်၊ ရုပ်မြင်သံကြားနှင့်၊ တယ်လီဖုန်းနှင့်၊ ဇာခန်းဆီးနှင့် သပ်သပ်ရပ်ရပ် လျှလုပပ ရှိသည်။ အိမ်ပြောင်းရသည့် နေ့က အစ်မကြီး၏ သမီး သူ့တူမငယ်က "ကျွန်မတို့ ဆင်းရဲသွားပြီ ဦးလေးရဲ့" ဟု ဝမ်းနည်းပန်းနည်း ပြောပြီး မျက်ရည်ကျတာ မြင်တော့ သူက "ငါသာ နင်တို့ ဆင်းရဲသလောက် ချမ်းသာရရင် ဘယ်လောက် ကောင်းလိုက်မလဲ" ဟု ပြောချင်လိုက်သည်မှာ ပါးစပ်ပင် ယားနေသည်။

ခဏနေတော့ အစ်မကြီး ထွက်လာသည်။ "ပေါ်မလာတာ ကြာပါရော့လား၊ တစ်အိမ်လုံး နေကောင်းကြရဲ့လား" ဟု မေးတော့ "ဟိုတစ်ခါ သား နေမကောင်းလို့ ငွေယူဖူးတာကို သတိပေးပြီး ပြောတယ် ထင်ပါရဲ့" ဟု မလုံမလဲ တွေးမိသေးသည်။ သူကသာ စိတ်မလုံသော်လည်း အစ်မကြီးက

ရိုးရိုးပြောသူမို့ "ထမင်းစားပြီးမှ ပြန်နော်" ဟု တစ်ဆက်တည်း ပြောသည်။

"ဆင်းရဲပါပြီ" ဟု ညည်းနေသော်လည်း အစ်မကြီးတို့က ဆိတ်သား၊ ကြက်သား၊ ငါးမြင်း၊ ငါးကြင်း၊ အစိမ်းကြော်၊ ယိုးဒယားဟင်းချို၊ တညင်းသီးပြုတ် တို့စရာ စသည်တို့ကို နေ့စဉ် မထပ်အောင် အမျိုးမျိုး စားလေတော့ သူက ပွဲတော်တိုးသကဲ့သို့ ထမင်း မြိန်လှသည်။

တူတွေ၊ တူမတွေ စားပြီးသွားကြပြီး အစ်မကြီးနှင့် နှစ်ဦးတည်း ကျန်ခဲ့သော အခါမှ "အရေးတကြီး လိုနေလို့ ငွေတစ်ရာ့ငါးဆယ်လောက် လှည့်ပါဦးဗျာ" ဟု ခပ်တိုးတိုး ကျိတ်ပြီး ပြောရသည်။ သူ ရောက်လာကတည်းက "ငွေလိုပြန်ပြီ ထင်ပါရဲ့" ဟု တွေးမိပြီး ဖြစ်သောကြောင့် အစ်မကြီးက သက်ပြင်းလေး မသိမသာ ချသည်။ "အင်း" ဟူ၍ ခေါင်းညိတ်သော်လည်း မျက်နှာက ခပ်ပျက်ပျက်ဟု သူ ထင်သည်။

"နင်တို့ အားလုံးက ငါ့ကို သူဌေးလို့ ထင်နေကြတယ်၊ ငါ့မှာဖြင့် တစ်လ တစ်လ အလျဉ်မီအောင် မနည်း သုံးနေရတာ၊ အိမ်စရိတ်က သေးတာ မဟုတ်ဘူး"

အစ်မကြီးက စ၍ ညည်းလေသည်။

"နင့်တူ အကြီးကောင်က စတီရီယို အဆိုတော် ဖြစ်ချင်လို့တဲ့လေ၊ စီးရီး

ထုတ်ချင်လို့ ငွေသုံးသောင်းလောက် ထုတ်ပေးပါတဲ့၊ အရေးဆိုနေတယ်"

"အင်း"

"အငယ်ကောင်ကျတော့ တစ်မျိုး၊ စူပါကတ် စီးချင်လို့တဲ့"

"ဟုတ်လား"

"သမီးလေးကျတော့ ပညာ အေးအေးဆေးဆေး သင်၊ ဘွဲ့လေးတစ်လုံး အေးအေးဆေးဆေး ရလို့ လိမ္မာပါရဲ့၊ ဒါပေမယ့် သူကြိုက်နေတဲ့ ကောင်လေးရဲ့ အဖေက ရာထူးလက်ရှိ မဟုတ်လားကွယ်၊ ဟိုအရင်တုန်းကတော့ သူတို့ရဲ့ သားနဲ့ သမီးကို သဘောတူလိုက်တာ ဖျပ်ဖျပ်ကို လူးလို့၊ ဒါပေမယ့် သမီးတို့ အဖေဆုံးသွားတော့ ထွေလီကာလီတွေ ပြောလာတာပေါ့ဟယ်၊ သတင်းစာထဲ ထည့်ပြီး မစေ့စပ်ရသေးပေမယ့် လူတိုင်းသိပြီး ကိစ္စဆိုတော့ ဒီလိုကိစ္စ ပျက်သွားရင် မိန်းကလေးပဲ နာမှာပေါ့၊ ဟုတ်ဖူးလား၊ ဒီတော့ လက်ထပ်ရင်တောင် အစ်မကြီးတို့ မိန်းကလေးဘက်ကပဲ အကုန်အကျ ခံရတော့မယ့် သဘောမျိုး ဖြစ်နေတယ်"

"ဒါတော့ ဘယ်ဟုတ်ဦးမလဲဗျာ"

"မဟုတ်ပေမယ့် ဟုတ်နေတာပဲ ငါ့မောင်ရေ၊ သားသမီး သုံးယောက် ရှိတော့ ကုန်စရာက သုံးမျိုး၊ ငါ့မှာလဲ ဝင်ငွေနဲ့ ထွက်ငွေ မျှတာ မဟုတ်ဘူး"

အစ်မကြီးက ညည်းညည်းညူညူနှင့် ပိုက်ဆံ ထုတ်ပေးသည်။ သူ့မှာလည်း အစ်မကြီးလိုပင် သားနှစ်ယောက် ရှိသော်လည်း စတီရီယိုရောဂါ၊ စူပါကတ်ရောဂါတွေ ကူးဆက် မလာ၍ တော်တော့သည်။ သို့သော် သည်ရောဂါကလည်း မျက်နှာကြီး ရောဂါမို့ သူတို့လို ခပ်မွဲမွဲကောင်ဆီကို

လာဖို့လည်း စိတ်ကူးဟန် မတူပေ။

"မနေ့တုန်းကတောင် မိမျိုး လာသေးတယ်"

"ဟုတ်လား"

မိမျိုးသည် သူတို့ ညီမ အငယ်ဆုံး ဖြစ်သည်။

"သူ့ယောက်ျား သုံးဘီးမောင်းရင်း တိုက်မိလို့တဲ့"

"ဟောဗျာ၊ လူထိသွားသေးလား"

"လူတော့ မထိပါဘူး ဒါပေမယ့် အုံနာကို ကားပြန်ပြင်ပေး ရမှာပေါ့၊ အဲဒါ ပြင်ဖို့ ဆင်ဖို့ ငွေချေးရာတဲ့"

"ပေးလိုက်ရရောလား"

"မပေးလို့ ဘယ့်နှယ် လုပ်မလဲဟဲ့၊ ပေးရတာပေါ့၊ ချေးတာပါ၊ ပြန်ပေးမယ်လို့တော့ ပြောတာပဲ"

အစ်မကြီး ခများလည်း ကံမကောင်းရှာ၊ မောင်တွေ၊ ညီမတွေ အရေးဟဲ့၊ အကြောင်းဟဲ့ ဆိုလျှင် သူ့အပြင် ကူညီမယ့်သူလည်း ရှိသည် မဟုတ်။ နောက်ပြီး အကောင်းလည်း အပြောမခံရပေ။ သူ အပါအဝင် ကျန်မောင်နှမများက "ကပ်စေးနဲ" "ကော်တရာကြီး" "သူ့ပစ္စည်းတွေ သေရင်

ယူသွားနိုင်တာ ကျနေတာပဲ၊ ဘာပဲ၊ ညာပဲ" နှင့် ကျိတ်ပြီး စကားတင်း ဆိုကြသေးသည်။

"ကိုတိုး မိန်းမလဲ ခဏခဏ လာတယ်ဟ"

"အကြီးမလား"

"အင်း … သူပဲပေါ့၊ ဆွမ်းကျွေးရှိလို့၊ မင်္ဂလာဆောင် ရှိလို့နဲ့ ဟိုဟာလာငှား၊ ဒီဟာလာငှား၊ ပြောရင်လဲ မကောင်းဘူး၊ ထဘီ ငှားသွားရင်လဲ ချဉ်ရည်ဟင်း ဖိတ်လိုဖိတ်၊ ဆီစွန်းလိုစွန်းနဲ့၊ အဖိတ်ဖိတ် အစဉ်စဉ်၊ အစွန်းစွန်း အထင်းထင်း ပြန်ပေးတာ၊ ပုလဲပုတီး ငှားသွားတော့ ပြတ်လာတယ်၊ ရင်ထိုး ငှားသွားတော့ ကျိုးလာတယ်၊ ကိုယ်က ပြောပြန်ရင်လဲ အသေးအဖွဲလေးတွေ လိုက်ပြောတယ် ဆိုပြီး ဖြစ်ဦးမယ်၊ ငတိုးက သူ့မိန်းမ ရှေ့ကနေ လက်သီးလက်မောင်း တန်းဦးမယ်"

"ကျွန်တော်တို့ကိုလဲ လူရည် မလည်ဘူး အသလေး၊ နသလေး ပြောမသွားဘူးလား"

"အို … စိတ်ဆိုး မနေနဲ့ သူတို့ ဝသီ ပဲဟာ"

စိတ်ဆိုး မနေနှင့် ပြောကာမှ စိတ်ဆိုးချင်လာသည်။ အိမ်ကို ပြန်ခဲ့တော့ ငွေတစ်ရာ့ငါးဆယ်နှင့် အတူ ဒေါသမီး အဆွယ်အပွါးလေးလည်း လောင်မြိုက်ပြီး ပါလာလေသည်။ မောင်နှမတွေ စုမိ ဆုံမိလျှင် သူတို့ လင်မယားကို "မိန်းမရော၊ ယောက်ျားရော ခပ်ညံ့ညံ့ပါ" ဟု ပြောဆိုကြမည်ကို စိတ်ကူးနှင့် သိနှင့်နေသောကြောင့် ဖြစ်လေသည်။

"အစ်ကိုတို့ မောင်နှမတွေဟာလေ။ အသက် လေးဆယ်ကျော် ငါးဆယ်ကျော် ဖြစ်နေကြပြီ၊ ဒီအရွယ်မှာ ပိုပြီး ချစ်ချစ်ခင်ခင် နေသင့်တာပေါ့"

သူ့မိန်းမ ပြောတော့ သူ စိတ်မကောင်း ဖြစ်ရသည်။ သူ့မိန်းမမှာလည်း မောင်နှမ အများသားပင်။ သူတို့ထက် တစ်ယောက်ပိုပြီး ခြောက်ယောက် ရှိသည်။ မသင့်မမြတ်၊ မကျေမနပ် စကားများကို မကြားရပေ။ ချစ်ချစ်ခင်ခင် ရှိကြလေသည်။

"တစ်နေ့ တစ်နေ့နဲ့ အချိန်တွေ ကုန်တာ သိပ်မြန်တာ အစ်ကိုရဲ့၊ ဘာလိုလိုနဲ့ ကျွန်မတို့ အသက်တွေပဲ လေးဆယ်ကျော်ပြီး ငါးဆယ်နား ကပ်နေပြီ မဟုတ်လား"

"အင်း"

"ဥပုသ်မစောင့်၊ တရားမထိုင် နိုင်သေးရင်တောင် ဒေါသစိတ်ကလေးတွေ ကိုတော့ နည်းနည်း လျှော့သွားဖို့ ကောင်းပြီ၊ မေတ္တာစိတ်ကလေးတွေ ပွါးဖို့ ကောင်းပြီနော်၊ သေမင်းဆိုတာ အချိန်မရွေး ရောက်လာတတ်တာ"

မိန်းမ စကားကို ကြားတော့ သူတို့ ငယ်ငယ်တုန်းက အဘိုးတို့၊ အဘွားတို့ လူကြီးတွေ တရား ဆွေးနွေးကြတာကို သတိရမိလေသည်။ "နေ့စဉ်နေ့တိုင်း ရုံးသွားဖို့ပြင်၊ ဈေးသွားဖို့ပြင်၊ ကျောင်းသွားဖို့ ပြင်နဲ့ ပြင်လိုက် ဆင်လိုက်ကြတဲ့

လူတွေလေ၊ သေမင်းနိုင်ငံ သွားဖို့တော့ မပြင်ကြဘူး၊ ရုံးသွားဖို့ ကားလိုသလို၊ သေဖို့တော့ တရားလိုသဗျ၊ ကားပျက်တော့ ပြင်ဖို့ သတိရတယ်၊ တရားပျက်တော့ ပြင်ဖို့ သတိမရဘူး၊ သေမင်း လာခေါ်တော့ တရားအပျက်ကြီး ရင်မှာ ပိုက်ပြီး ကတိုက်ကရိုက် လိုက်သွားလိုက်ကြတာ၊ တစ်ယောက်မှ အဆင်သင့် မဖြစ်ဘူး" ဟူသော စကားကို ပြက်ပြက်ထင်ထင် ပြန်ပြီး ကြားယောင်မိသည်။

သူ ရုတ်တရက် တွေးမိပြီး ချွေးပြန်လာသည်။ အသက်သာ ငါးဆယ်နား နီးလာသော်လည်း ဘာကုသိုလ်မှ မှတ်မှတ်ရရ မလုပ်ခဲ့ဘူးပေ။ အခါကြီး ရက်ကြီး ရုံးပိတ်လျှင်လည်း ဥပုသ်စောင့်ဖို့ သတိမရနိုင်။ ခေါင်မိုးပေါက် တက်ဖာရ၊ အိမ်သာတံခါးပျက် ပြင်ရနှင့် အားရသည်ပင် မရှိ။ လမ်းထိပ်က ဘုန်းကြီး တရားပွဲကိုတော့ ဝါသနာ မပါလွန်း၍ကို မသွားခြင်း ဖြစ်လေသည်။ အလှူအတန်းကျတော့ မီးဖိုချောင် ငဲ့ငဲ့ကြည့်နေရသည်နှင့် တွန့်ဆုတ်မိသည်မှာ အမှန်ပင်။ ရုံးမှာ မထည့်မနေရ ဝါဆိုသင်္ကန်းကပ်ပွဲ ထည့်ရလျှင်ပင် အလှူစာရင်းကို ကြည့်ပြီး အနည်းဆုံး ထည့်ဝင်သူနှင့် တန်းတူ ထည့်ခဲ့မိသည်တော့ နစ်စဉ်ပင် ဖြစ်လေသည်။

"အသက်တွေပဲ ကြီးကုန်ပြီကိုး၊ မောင်နှမ အရင်းချင်း ချစ်စရာ၊ ခင်စရာပဲ တွေးပြီး စည်းစည်းလုံးလုံး နေကြပါလား"

သူ့မိန်းမကို အဖျင်းအနံ့ဟု စကားတင်း ဆိုကြသော်လည်း ဒီလို

အဖိုးတန်စကားကိုတော့ သူ့မိန်းမက လွဲပြီး ထိုမိန်းမတွေ ပြောတတ်လိမ့်မည် မထင်။

"အေးကွာ၊ ငါ ကြိုးစားကြည့်ဦးမယ်"

"ကြိုးစားဆို မြန်မြန်ကြိုးစား၊ အသက်တွေပဲ ကြီးလှပြီ"

"ငါမသေခင်တော့ ဒီမောင်နှမတွေ စည်းလုံးရမှာပေါ့၊ ဟုတ်ဖူးလား"

"ကုသိုလ် ရပါတယ် အစ်ကိုရယ်၊ ဒါမျိုးဆိုတာ ယူတတ်ရင် ကုသိုလ်ချည်းပဲ"

"အေး ... ဟုတ်တယ်၊ ငါ့မှာလဲ ဒီပြင် ကုသိုလ် မရှိတာနဲ့ အတော်ပဲ၊ ဒီကုသိုလ်ကိုပဲ နောင်ဘဝ သယ်သွားရမယ်"

သူက အပြောင်အပြက် ပြောရင်း ရယ်မိသည်။ သူတို့ကသာ သေမင်းကို မေ့ထားသော်လည်း သေမင်းက မမေ့သည်ကို သိသားပင်။ ဆန့်သောလက် မကွေးမီ၊ ကွေးသောလက် မဆန့်မီ ဟူသော ဘုရားဟော စကားကိုလည်း သိသားပင်။ သိသော်လည်း သိသိပင်။ ထိုစကားများက သူများအတွက် ဖြစ်ပြီး သူနှင့် မဆိုင်သလို ထင်ခဲ့မိသည်။

သို့သော် ထိုစကားသည် သူ့ကို တိုက်ရိုက် ဆိုခဲ့သလိုပင် ဖြစ်ကြောင်း သူတွေးရုံကလေးပင် မတွေးလိုက်နိုင်ခဲ့ချေ။

နံနက်တုန်းက အိမ်က ထွက်လာတော့ ခေါင်းထဲတွင် မူးနောက်နောက်နှင့် မကြည်လင်လှချေ။ သူ့မိန်းမကပင် "အစ်ကို မူးနောက်နောက် ဖြစ်နေရင် သွေးဆေးလေးနဲ့ သကြားလေးနဲ့ လျက်လိုက်ပါလား၊ သွေးပေါင်ချိန်လေး ဘာလေးလဲ ချိန်ကြည့်ပါဦး" ဟု ပြောလိုက်သေးသည်။ သို့သော် သူက ဆေးခန်း မသွားဖြစ်။ ပိုက်ဆံလည်း ကုန်ဦးမည်။ ရုံးလည်း နောက်ကျဦးမည်မို့ ရုံးသို့သာ လာခဲ့သည်။ ကားကျပ်ပြီး ချွေးထွက်တော့ ပိုပြီး မူးလာသလိုလို ရှိသည်။ ရုံးရောက်တော့ ပန်ကာအောက်က စားပွဲတွင် ထိုင်ရင်း ချွေးတိတ်အောင် အအေးခံမိသည်။ ထို့နောက် နေရာမှ ထပြီး နံပါတ် အမြင့်ဆုံး တင်ထားသော ပန်ကာခလုတ်ကို ပြန်လျှော့ချမည်ဟု လက်လှမ်းလိုက်စဉ် မျက်လုံးတွေ ပြာလာကာ မိုက်ခနဲ မူးလဲသွားလေသည်။

ဆန့်သောလက်ပင် မကွေးမိသေးချေ။

* * *

"ဘာပြောတယ်"

"ဟယ်"

အစ်ကိုကြီးသည် သူ့လက်ထဲမှ တယ်လီဖုန်းခွက်ကို နားမှခွာရင်း မယုံနိုင်သလို စိုက်ကြည့်နေသည်။ တစ်စုံတစ်ယောက်က အကြောင်းကြားခြင်း မဟုတ်ဘဲ

တယ်လီဖုန်းခွက်ကြီးကသာ မဟုတ်တရုတ် ထပြောခြင်း  ဖြစ်သည်ဟု ရုတ်တရက်ပင် ထင်မှတ်သွားသည်။

"ဘာဖြစ်လို့လဲ မောင်"

သူ့မိန်းမက မေးသည်ကို ချက်ချင်း မဖြေမိ အတန်ကြာသောအခါ တုန်ယင်အက်ကွဲသော အသံနှင့် သူ့ကိုယ်သူ ပြန်ပြောနေသလို ပြောသည်။

"ကိုစိုး ဆုံးပြီတဲ့"

"ဟောတော့"

ရုတ်တရက် ချက်ချင်းပင် သူ၏ ဒူးများက မခိုင်တော့သလို ဖြစ်လာ၍ ကြမ်းပေါ်သို့ ထိုင်ချကာ နံရံကို မှီထားလိုက်သည်။

"ဟဲ့ … နင်တို့ အဖေဖို့ ဂလူးကို့စ်လေး ဖျော်ခဲ့စမ်း"

မိန်းမ၏ အသံကို ကြားရသည်။ သူ့လက်မောင်းကို ဆုပ်ကိုင်ကာ "မောင် သတိထား၊ သတိထား" ဟု ပြောသည်။ သူ မူးသွားမည်ကို စိုးရိမ်ဟန် ရှိသည်။

သူ့မိန်းမက မူးမှာ စိုးရိမ်သော အခါမှ ခေါင်းထဲတွင် တရိပ်ရိပ် မူးလာသလို ရှိသည်။ ကိုစိုးနှင့် မတွေ့ဖြစ်သည်မှာ တစ်လနီးပါး ရှိနေပြီကို သတိရသည်။ နောက်ဆုံး တွေ့သည်က သူတို့ သူငယ်ချင်း တစ်ဦး၏သား ရှင်ပြုအလှူတွင် ဖြစ်မည် ထင်သည်။ အလှူရှင်က သူတို့ ညီအစ်ကိုတွေ အားလုံးနှင့် ခင်မင်သူမို့ ညီအစ်ကို နှစ်ဦးလည်း အလှူတွင် ဆုံမိကြသည်။ ကိုစိုး ဝတ်ထားသော တိုက်ပုံအင်္ကျီ တော်တော်လေး နွမ်းသည်ကို သတိထားလိုက်မိသည်။ "အင်း သူလဲ တိုက်ပုံကောင်းကောင်း မရှိဘူးထင်တယ်၊ ငါ့မှာ နည်းနည်း ကျပ်နေတဲ့ တက်ထရက်အညို တိုက်ပုံဆိုရင် သူနဲ့ တော်မယ်ထင်တယ်" ဟု စိတ်ကူးမိသည်။ ကိုစိုးက သူ့ထက် ငယ်သော်လည်း ငယ်ငယ်တုန်းကတော့ သူ့ထက် ဝလေသည်။ သူက ခပ်ပိန်ပိန် လိုလို ဖြစ်သည်။ အခုတော့ သူက ကုပ်တက်၊ ဗိုက်ထွက်ကာ ဝလာပြီး ကိုစိုးက ပိန်ကျသွားလေသည်။ "အင်း ... ယောကျ်ားကလဲ လခအပြင် အကြံအဖန် မတတ်၊ မိန်းမကလဲ မရှာတတ်၊ မဖွေတတ်နဲ့ ဆိုတော့ ပဲသီး သုပ်စားလိုက်၊ ကြောင်လျှာသီး သုပ်စားလိုက်ပဲ လုပ်နေရတယ် ထင်ပါရဲ့" ဟု ခပ်ဖိဖိလေး တွေးခဲ့မိသည်။

အိမ်ရောက်တော့ ဗီရိုထဲက တိုက်ပုံလေးအင်္ကျီလေး ထုတ်ကာ "ဒီအင်္ကျီက မောင်နဲ့ ကျပ်နေပြီ၊ ကိုစိုး တိုက်ပုံကလဲ နွမ်းလိုက်တာ၊ ခင် သတိထားမိလား" ဟု စကားစကြည့်သည်။ မိန်းမက ခေါင်းလေးညိတ်ကာ "ဒီအင်္ကျီကတော့ အဟောင်းကြီး မောင်ရယ်၊ နောက်ပြီး မောင့်သားကြီးနဲ့ ခဏနေရင် တော်လာတော့မှာ၊ သားက တအား ထွားလာနေတာ မောင်မြင်သားနဲ့ ကိုစိုးကို ပေးချင်ရင် အစအသစ် ဝယ်ပေးလိုက်ပါလား" ဟု ပြောသည်။ သူကလည်း "အေး ... အေး" ဟု ခေါင်းညိတ်ခဲ့သည်။ ဒီလိုနှင့် အဟောင်းလည်း မပေးဖြစ်

အသစ်လည်း မပေးဖြစ်။ အခုတော့ သူပေးချင်လွန်း၍ သွားပေးလို့ပင် ကိုစိုးက ယူနိုင်တော့မည် မထင်။ ဩော် ... ငါ့ညီလေးသေပီတဲ့။

"မောင်ရေ၊ သတိထားနော်"

သူ့မိန်းမ၏ အသံချိုချိုက နားထဲ ဝင်လာပြန်သည်။ "အလကားမိန်းမ၊ ချိုချိုလေးနဲ့ ငါ့ကို ကြိုးဆွဲနေတာ" ဟု ဒေါသနှင့် တွေးလိုက်မိသည်။

"ကိုစိုးရေ ငါ့ညီ၊ မင်းက ငါ့မိန်းမကို ပညာတတ် မိန်းမကြီး ဆိုတော့ ခင်ပျားကို ကြိုးဆွဲနိုင်တာပေ့ါ အစ်ကိုရလို့ ပြောတုန်းက ငါ မင်းကို စိတ်ဆိုးပြီး သုံးလလောက် မခေါ်မပြောနဲ့ နေခဲ့တယ်နော်၊ အခုတော့ ငါခေါ်လို့တောင် မင်းက ထူးနိုင်ဦးမှာလား ဟင်"

ကြေကွဲစိတ်က လည်ချောင်းဝတွင် စုပြုံပြီး ဆို့ကျပ်လာသည်။ မျက်လုံးကို စုံမှိတ်ထားသော်လည်း မျက်ရည်အိမ်တွင်းမှာ မျက်ရည်များက ဝေ့ပြီး လျှံတက်လာသည်။ ပါးပေါ်သို့ တလိမ့်လိမ့် စီးကျသွားသည်။

* * *

"ဟယ် ... အစ်မကြီး"

အိမ်ရှေ့ကပြင်တွင် ထိုင်ပြီး မြေးကလေးအား ထမင်းခွံ့နေသော ညီမသည် အငှားကားထဲမှ ဆင်းလာသော အစ်မကြီးကို မြင်တော့ အံ့သြသွားသည်။ အစ်မကြီး မျက်နှာက မကောင်း။

"မိမျိုး"

အိမ်ရှေ့ လှေကားထစ်က လက်ရန်းကို ကိုင်ကာ ငိုသံကြီးနှင့် ခေါ်သည်။

"ဟင် ... အစ်မကြီး၊ ဘာဖြစ်"

"ကိုစိုး၊ ကိုစိုး သေပြီတဲ့"

"ဟာ"

ညီမ၏ လက်ထဲမှ ထမင်းဇလုံကလေး လွတ်ကျသွားသည်။ တုန်တုန်ယင်ယင်နှင့် တက်လာသော အစ်မကြီး၏ လက်မောင်းကို ထမင်းတွေ၊ ဟင်းတွေ ပေကျံနေသော လက်နှင့် ဆီးပြီး ဆုပ်ကိုင်လိုက်သည်။

"မနေ့ ... မနေ့တုန်းကတောင် အိမ်ကို လာသေးတယ် မိမျိုးရဲ့၊ နင့်အစ်ကို လူရိုးကြီး၊ လူနုံကြီးလေ၊ ခု မနက်တော့ ရုံးမှာ မူးလဲပြီး ဆေးရုံတောင် မရောက်ဘူး၊ အသက်ပျောက်သွား ပါလေရောလား"

အစ်မကြီးကို "ဟုတ်မှ ဟုတ်ရဲ့လား" ဟု မေးချင်သော်လည်း မမေးဖြစ်တော့။ အစ်ကိုစိုး သေပြီ ဟူသော အသိက လျှပ်စစ်ဓာတ် လိုက်သလို သူ့တစ်ကိုယ်လုံး အရိုးအသားထဲသို့ စိမ့်ဝင်ဖြတ်ဆင်း သွားသည်။

"အမလေး အစ်ကိုစိုးရဲ့"

ညီမက ရုတ်တရက် အော်ငိုလိုက်တော့ အဘွားမျက်နှာကို မော့ကြည့်နေသော မြေးငယ်ကပါ "ဝါး"ခနဲ ထငိုလေသည်။ အစ်မကြီးလည်း ကြမ်းပေါ်သို့ ပုံ့ပုံ့ကြီး ထိုင်ချရင်း သူတို့နှင့်အတူ ရောငိုသည်။

"မနေ့တုန်းက မျက်နှာလေးက ညှိုးလို့၊ ပြန်ခါနီးတော့ ကျေးဇူးပါပဲ အစ်မကြီးရာ၊ ဒီငွေ မရရင် ကျွန်တော်တို့ ဆီစာအုပ် ပေါင်ရတော့မှာပဲတဲ့၊ အဲဒါကို ငါက အေးအေးဆေးဆေး ငွေမပေးဘဲ သူ စိတ်မချမ်းသာအောင် ညည်းညူပြလိုက်မိသေးတယ်၊ ဆိတ်သားဟင်းလေးနဲ့ သူ ထမင်းစား ကောင်းလိုက်တာတဲ့၊ သူ့ပန်းကန်ထဲမှာ ဟင်းနည်းနေတာ မြင်ရက်သားနဲ့ ညနေစာ မလောက်မှာ စိုးလို့ ငါက ထပ်ထည့် မပေးမိဘူး၊ သူကလဲ ထပ်ပြီး မနှိုက်တော့ဘဲ ဒီအတိုင်း ပြီးလိုက်တယ်၊ ငစိုးရယ် ... ငါ မိုက်လိုက်တာဟဲ့၊ အခုနေ ငါကျွေးတော့ နင်

စားနိုင်ပါဦးမလား"

အစ်မကြီးက တစိမ့်စိမ့် တွေးမိသည်။

"အစ်ကိုနဲ့ မတွေ့ရတာ ကြာပြီ၊ အိမ်လာပြန်တော့လဲ ငါ့ယောက်ျားက အမြဲပင်ပန်းပြီး အမြဲစိတ်တိုနေတာ ဆိုတော့ အပေါက်ပလမ်းက တည့်တာမှ မဟုတ်တာ၊ ငါ့မှာ ယောက်ျားမျက်နှာ ကြည့်ရ၊ အစ်ကို့မျက်နှာ ကြည့်ရနဲ့ သူမလာတော့လဲ အေးတာပေါ့၊ ခပ်ကောင်းကောင်းလို့တောင် ထင်ခဲ့မိတယ်၊ ယောက်ျားမျက်နှာ ကြည့်နေရတဲ့ ဘဝကိုဟဲ့၊ နောက်ဆုံး တွေ့လိုက်တာတောင် တစ်လ ကျော်နေပြီ ထင်ပါရဲ့၊ နင့်အိမ်လဲ ငါ မလာချင်ဘူး၊ နင့်ယောက်ျားက အပေါက်ဆိုး မှုတ်တတ်ပါဘိသနဲ့၊ သိပ် စကားမပြောချင်ဘူးတဲ့၊ ငါက ယောက်ျားဘက်က လိုက်ပြီး 'မလာလဲ နေပေါ့' လို့တောင် ဘောက်ပြောမိသေးတယ်၊ မျက်စောင်းထိုးမိသေးတယ်၊ အမလေး ... အဲဒါ နောက်ဆုံး တွေ့တာပဲ"

ညီမက တွေးရင်း အပူလုံး ဆို့တက်လာသည်။ သူငယ်ငယ် ကျောင်းနေစတုန်းက ကိုယ့်အတန်းထဲတွင် ကိုယ်မနေဘဲ အစ်ကိုစိုး၏ အတန်းထဲသို့ သွားသွား ငိုနေတတ်သည်ကို ချက်ချင်း သတိရသည်။ အစ်ကိုစိုးက သူ့ကို မနိုင်မနင်း ပွေ့ချီရင်း ချော့ချော့မော့မော့နှင့် ပြန်၍ ပို့တတ်သည်။ အမေက လိမ္မော်သီး တစ်လုံးစီ အညီအမျှ ပေးလိုက်လျှင် အစ်ကိုစိုးက တစ်ဝက်သာ စားပြီး မုန့်စားကျောင်း လွှတ်လျှင် ကျန်တစ်ဝက်ကို

သူ့ဆီ လာပေးတတ်သည်။ တစ်ခါတစ်ရံလည်း နို့အေးချောင်း လာကျွေးတတ်သည်။ သူ့ကို ဒီလို ချစ်ခင် ကြင်နာခဲ့သော အစ်ကိုသည် ယခုတော့ လူ့ပြည်တွင် မရှိချေပြီ။ သူ့အစ်ကိုအား သူ နောက်ဆုံး ပြောခဲ့သော စကားသည် "မလာလဲ နေပေါ့" တဲ့။

သူက အစ်မကြီးအား တအားဖက်ကာ ကြူကြူပါအောင် ငိုမိတော့သည်။

"အစ်ကိုရဲ့၊ တို့မောင်နမတွေ ချစ်ချစ်ခင်ခင် နေရအောင် မသေပါနဲ့ဦးလား အစ်ကိုရဲ့"

* * *

သေခြင်းတရား၏ မြန်ဆန်ပုံကို ပြက်ပြက်ထင်ထင် မြင်လိုက်ရတော့ ကိုတိုး တုန်လှုပ်ချောက်ချား နေသည်။

အစ်ကိုစိုးကို ကြည့်ရသည်မှာ ပူပူနွေးနွေး ခွေခွေပျော့ပျော့ပင် ရှိသေးသည်။ အိပ်ရာပေါ်မှာ တစောင်းလေး အသာ သိပ်ထားလျှင် အိပ်နေသည်သာ ထင်မိမည် ဖြစ်သည်။ "ဟော့ ... အစ်ကိုစိုး မထတော့ဘူးလား" ဟု သွားနှိုးချင် နှိုးမိမည်။ သို့သော် ထိုခန္ဓာထဲတွင် အသက်ဟု လူတွေခေါ်နေသော နာမ်တရားလေး မရှိတော့ဘူးဟု ဆိုတော့ မကြာမီပင် အေးစက်တောင့်တင်း

လာမည်။ ဖောယောင် ပွယောင်း လာတော့မည်။

"ဘုရား ... ဘုရား"

သူက ဘုရားတရင်း မျက်လုံးကို စုံမှိတ်ထားမိသည်။ မျက်စိနှင့် မြင်နေရသော်လည်း မယုံနိုင်သလို ဖြစ်နေသည်။ "ငါတို့ အသက်တွေလဲ ငယ်တော့တာ မဟုတ်ဘူး ငတိုးရ၊ ဒါပေမယ့် လူဆိုတာ အသက်ကြီးလာရင် စိတ်က နုလာတတ်တယ် ထင်ပါရဲ့ကွာ၊ အဟေး ... ဟေး အသက်ကသာ ကြာလေကြီးလေ၊ သဘောထားတွေကတော့ ကြာလေ နုလေပဲကွနော်" ဟု ရယ်သွမ်းသွေးရင်း ပြောခဲ့သော စကားသံကို ကြားယောင်မိသည်။ လွန်ခဲ့သော တစ်ပတ်လောက်ကတည်းက သူတို့ ငယ်စဉ်က ခုန်ပေါက်ပြေးလွှား ကစားခဲ့သည်များကို သတိရနေသည်။ သရက်ပင်ပေါ် ခုန်ချ၍ ပုလင်းကွဲ တည့်တည့်ကျကာ ခြေဖဝါး အလယ်ကောင် ဟက်တက်ပြဲစဉ်က အစ်ကိုကြီးနှင့် အစ်ကိုစိုးတို့ သူ့ကို တစ်လှည့်စီ ကျောပိုးကာ အိမ်ပြန်ခဲ့ကြသည်ကို တွေးမိတော့ ရင်ထဲတွင် နွေးသွားသည်။ "သူ့မိန်းမက အရည်အချင်း မရှိဘဲ၊ ဒီလောက်တောင် စားစရိတ် သောက်စရိတ် ဈေးကြီးနေတာ၊ တစ်ယောက်တည်း ရှာစာကို တစ်အိမ်လုံး ထိုင်စားလို့ ရတဲ့ခေတ် မဟုတ်ဘူးဆိုတာ သိရမှာပေါ့၊ အခုတော့ စက္ကူအိတ် ကပ်တာနဲ့ ဆီးငန်စေ့ ထုပ်တာလောက်သာ လုပ်တတ်မယ့် မိန်းမ" ဟု သူ၏ နံပါတ်တစ်က ထုံးစံအတိုင်း နှိမ်ချစကား ပြောတော့လည်း လိုက်ပြီး ပြုံးချင်စိတ် မရှိ။ "အင်း ... အစ်ကိုစိုးခမျာ ချောင်ချောင်လည်လည် မရှိရှာဘူး၊ ငါကလဲ ငယ်ငယ်တုန်းကသာ သူ့မုန့်ဖိုး ကပ်စားခဲ့တာ၊ ခုလို အချိန်မှာ ဘာမှလဲ ပြန်ပြီး

ကြည့်ရှုနိုင်တာ မဟုတ်၊ ဒီနစ် သီတင်းကျွတ်တော့ အစ်ကိုတွေ၊ အစ်မတွေကို တတ်နိုင်သမျှ ဝယ်ခြမ်းပြီး ကန်တော့ဦးမယ်၊ တစ်သက်လုံး ဘယ်တုန်းကမှ မကန်တော့ဘဲ အခုမှ လာကန်တော့လို့ ရယ်စရာများ ဖြစ်လာမလားဘဲ" ဟု တွေးမိတော့ တစ်ဦးတည်း ပြုံးခဲ့မိသေးသည်။

"အခုတော့ ငါ လာကန်တော့ရင်တောင် မင်းက ဘယ်လိုလုပ်ပြီး သိတော့မှာလဲ ကိုစိုးရယ်"

သူက ဘာတစ်ခုမှ ကူညီ မလုပ်နိုင်ပဲ အစ်ကိုစိုးအား သယ်ကြ၊ ပိုးကြ၊ ပြောင်းကြ၊ ရွှေ့ကြ လုပ်နေသည်ကိုပင် ငိုင်ပြီး ကြည့်နေမိသည်။

"အစ်ကိုရယ်၊ ငါ့မှာ ဘာကုသိုလ်မှ မရှိဘူးဆို၊ အခုနေ ငါသေသွားရင် ဒုက္ခပဲဆို၊ ငါ မသေခင် ငါ့မောင်နှမတွေကို စည်းလုံးအောင် လုပ်မယ်ဆို၊ အဲဒါ ကုသိုလ်ပဲဆို အစ်ကိုရဲ့၊ အဲဒီ ကုသိုလ်ကြီး ယူမသွားတော့ဘူးလား"

အစ်ကိုစိုး၏ မိန်းမ မချိုတင်ကဲ ပြောကာ ငိုသည်။ "ငါမသေခင် ငါတို့ မောင်နှမတွေကို စည်းလုံးအောင် လုပ်မယ်ဆို" ဟူသော စကားက ကိုတိုး၏ နှလုံးသားကို ဒိန်းခနဲ ဝင်ဆောင့်ပြီး ရုတ်တရက် အသက်ရှူ မရဘဲ အောင့်သွားသည်။ ခေတ္တခဏမျှ ငြိမ်နေပြီး အသက်ကို "ဟင်း" ခနဲ ရှူထုတ်လိုက်သည်။ အဆုတ်တွင်းမှ လေနှင့်အတူ မျက်ရည်များ ရောပါသွားသည်။

မျက်လုံးကို ဖွင့်ကြည့်လိုက်တော့ ခုတင်ပေါ် ရောက်နေပြီဖြစ်သော အစ်ကိုစိုးကို တွေ့ရသည်။ လက်နှစ်ဘက်ကို အသာပူး၍ ကြိုးနှင့် ချည်နေသည်ကို တွေ့ရသည်။ "ခြေမကို မချည်ပါနဲ့ကွာ၊ ခြေကျင်းဝတ်က ချည်တော့ လုံချည်စနဲ့ အသာအုပ်ထားလို့ ရတယ်၊ ခြေမကြီး ပူးချည်ထားတာ မကောင်းဘူးကွ" ဟု သူတို့ချင်းချင်း ပြောနေသံကို ကြားရသည်။ "ဩော် ... အစ်ကိုစိုး၊ မင်း ဘာမှ မသိတော့ပါလား"

မျက်ရည်ပူများ အန်ကျလာပြန်သည်။ မျက်စိနှစ်လုံး စုံပိတ်ထားသော အစ်ကိုစိုး၏ မျက်နှာသည် ဝေဝါးသွားပြန်သည်။ ဒီတစ်ခါတော့ ယောက်ျားတန်မဲ့ ရှိုက်၍ ငိုမိလေသည်။ ထာဝရကွဲကွာပြီ ဟူသော အသိက သူ့ရင်ကို ဖျပ်ဖျပ်ခါနေစေသည်။

"အစ်ကိုစိုးရေ၊ ကျွန်မအိမ်ကို မလာချင်ဘူးဆို၊ အခု ကျွန်မ လာပြီလေ၊ ထကြည့်ပါဦး အစ်ကိုစိုးရဲ့"

ဟစ်၍ ငိုလိုက်သော အသံကို ကြားရသည်။ ညီမက အိမ်ပေါ် တက်လာပြီး အစ်ကိုစိုး၏ ခြေအစုံကို ဝင်ဖက်သည်။ ကတုန်ကယင် ဖြစ်နေသော အစ်မကြီးအား လမ်းထဲမှ လူငယ်များက ဆီး၍ တွဲကြသည်။

ခဏနေတော့ အစ်ကိုကြီး ရောက်လာပြန်သည်။ "မောင်ရေ၊ သတိထားနော်" ဟု တဖွဖွ သတိပေးနေသော ဇနီးသည်ကို လုံးဝ ဂရုထားမိဟန်ပင် မတူ။ အလောင်းစင်ဘေးတွင် တွေတွေကြီးရပ်ရင်း ကိုစိုး၏ မျက်နှာအား စိုက်ကြည့်နေသသည်။

"နင့် ညီလေးလေ၊ ကြည့်ပါဦးလား ငမိုးရဲ့၊ တကယ် သေရှာပြီဟဲ့"

အစ်မကြီး၏ ငိုသံ ကြားတော့မှ အစ်မကြီး၏ ပုခုံးအား ဆီး၍ ဖက်မိလေသည်။

"မိမျိုးရယ် ... ထတော့၊ သူတို့တွေ ပြင်ကြ ဆင်ကြတုန်းပဲ ရှိသေးတာ"

ကိုတိုးကလည်း ညီမငယ်အား ဆွဲထူသည်။ မောင်နှမလေးဦး မျက်ရည်တွေတွေကျရင်း သူ့ဘေးတွင် ရပ်နေကြလေပြီ။ ငယ်ငယ်တုန်းကလိုပင် တစ်ဦးနှင့်တစ်ဦး လက်ချင်း တွဲထားကြလေပြီ။ သူတို့ ဒီလို လက်ချင်း မတွဲမိသည်မှာ ကြာလှပေပြီ။ အခု ပြန်ပြီး လက်တွဲမိတော့ ကြမ်းတမ်း တင်းမာနေသော နှလုံးသားများသည် အတန်ငယ် ပျော့ပြီး ပူနွေးလာသယောင် ရှိသည်။ ရင်ထဲမှ ကြေကွဲစိတ်က လျှံတက်လာသောအခါ ပိုပြီး တင်းတင်း ဆုပ်ကိုင်မိကြသည်။

"ကုသိုလ် ရပါတယ် အစ်ကိုရဲ့၊ အစ်ကို လိုချင်တဲ့ ကုသိုလ်ကို အစ်ကို

ရပါတယ်"

သူ့ဘေးတွင် ဝန်းရံပြီး ရပ်နေသော ကျန်မောင်နှမ လေးဦးကို ကြည့်ကာ သူ့မိန်းမက မချိတင်ကဲ ငိုလေသည်။

## မစန္ဒာ

## (မနက်ဖြန်နှင့် နဝရတ်ကိုးသွယ်၊ မတ်၊ ၁၉၈၅။)

## (ဖန်တီးသူအကြိုက် လက်ရွေးစင် ဝတ္ထုတိုများ)

## လှ၍ မလှသူနှင့် မလှ၍ လှသူ (မစန္ဒာ) အပိုင်း ၁

-----------------------------------------------

"ဒါ ကျွန်တော်ရဲ့ ချစ်လှစွာသော ဇနီးချောလေးပါ ခင်ဗျာ

ဒေါက်တာ အောင်ညွန့်၏ အသံကို ကြားရသည်။  ဪ ... သူ့မိန်းမ ရောက်လာပြီကိုး။ နောက်ဆိုရင် လွမ်းလိုက်တာဗျာ၊ သေလုရော ဆိုတဲ့ အသံကို ကြားရတော့မှာ မဟုတ်ဘူး  ဟု တွေးရင်း ပြုံးမိသည်။ သို့သော် လှည့်၍တော့ မကြည့်ဖြစ်ချေ။ စားလက်စ မုန့်ဟင်းခါးကို အရသာတွေ့ နေသောကြောင့် ဖြစ်လေသည်။

"သူ့မိန်းမ တော်ကြောင်း၊ လိမ္မာကြောင်းကို အင်မတန် ကြွားတဲ့လူ။ ဘယ်လောက် တော်လဲ စောင့်ကြည့်ရဦးမယ်

ဆက်၍ တွေးရင်း ဟင်းရည်ထဲတွင် ပေါလောပေါ်နေသော မြစ်သား

ကြက်သွန် ဥလေးကို ဆယ်၍ ပါးစပ်ထဲ ထည့်လိုက်သည်။ အချိုရည် ဝပြီး နူးနေသော ကြက်သွန် ဥလေးသည် သူ့လျှာပေါ်တွင် အိပြီး ပျော်ဆင်း သွားသည်။

တစ်ပတ်လျှို ဆံထုံးတွင် စံပယ်ပန်းပွင့်တွေ ဝေနေအောင် ပန်ဆင်ထားသော မိန်းမပျိုက သူ့ကို ရီဝေစွာ ပြုံး၍ ကြည့်နေလေသည်။

စုထွေး …

တစ်ခါတုန်းကတော့ မောင့်အချစ်ဆုံး စုထွေး ။ ထို့နောက် ကစားစရာ အရုပ်ဟောင်းကလေး တစ်ခုလို သူစွန့်ပစ်ခဲ့သော စုထွေး။ ထိုစုထွေးကို ပြုန်းခနဲ ပြန်ပြီး မျက်နှာချင်း ဆိုင်ရတော့ သူ့နှလုံးသားသည် ဝရုန်းသုန်းကား လှုပ်ရှား သွားလေသည်။

"တွေ့ရတာ ဝမ်းသာ ပါတယ်ရှင်

စုထွေးက တည်ငြိမ်စွာ ပြောသည်။ သူ့ ဘာပြောရမည် မသိ။ ဒေါက်တာ ကတော့ ရောက်တဲ့နေ့ ကတည်းက စပြီး မိန်းမလှမ်းကြောင်း ဓာတ်ပြား ဖွင့်နေတာ ဆရာကတော်ရေ။ ကျွန်တော်တို့ မြို့ကလေးကလဲ အလွမ်းဖြေစရာ အပျော်အပါးက နည်းတော့ သူ့ခမျာ အလုပ်ထဲမှာ နေ့ရော၊ ညရော

ခေါင်းစိုက်ပြီး အလွမ်းဖြေ နေရတာ။ ဒါတောင် နည်းနည်း အားရင် ကျေးတမာ ကန်ဘေး သွားထိုင်ပြီး မိန်းမဓာတ်ပုံ ထုတ်ကြည့်ရင်း ငိုတာတဲ့ဗျ၊ သိလား  ဟု ဟာသနှောကာ သောသောလေး ပြောဖို့ ကောင်းသော်လည်း ထိုစကားလုံး များသည် သူ့ခေါင်းထဲမှ ကြက်ပျောက် ငှက်ပျောက် ပျောက်ကုန်လေသည်။ ထို့ကြောင့် ...

“ဟုတ်ကဲ့ ... ဟုတ်ကဲ့  ဟူသော စကားကို ဣန္ဒြေ မပျက်ရုံမျှ အနိုင်နိုင် ပြောလိုက်ရ လေသည်။

“ဒီမြို့ကို အခုမှ ရောက်ပေမယ့် ဒီမြို့က လူတွေ အကြောင်းတော့ စုထွေးက အားလုံး သိပြီးသားဗျ

“ဆရာနော် မှန်မှန်ပြော၊ အိတို့ အတင်းတွေကို ဘာတွေ ပြောထားလဲ

“မြို့နယ် အင်ဂျင်နီယာ (ကတော်!)က သိပ်ချောတယ်လို့ ချီးကျူးတာပါ မမရယ်။ စုထွေးက သူပြောသလောက် ဟုတ်မှ ဟုတ်ရဲ့လားလို့ ထင်တာ။ အခု လူတွေ့တော့မှ ကိုကိုပြောတာ နည်းတောင် နည်းသေးတယ်လို့ ပြောရတော့မယ်

“စား ... စား၊ မုန့်ဟင်းခါး စားပါဦး

အိအိခင်က သူ့လက်ထဲမှ မုန့်ပန်းကန်ကို ထိုးပေးရင်း ကျေနပ်စွာ ရယ်သည်။ သူ့ရင်ထဲတွင်မူ စစ်ခနဲ၊ ဖြန်းခနဲနှင့် နာသလိုလို၊ စပ်သလိုလို ဝေဒနာဆန်းကို ခံစားရသည်။ သူက အနိုင်နိုင် ဣန္ဒြေ ဆည်နေရ သော်လည်း စုထွေးက လုံးဝ တုန်လှုပ်ခြင်း မရှိဘဲ တည်ငြိမ် အေးဆေးနေသည်။ ရက်စက်လိုက်တာ မောင်ရယ်။ စုထွေးကို မချစ်တော့ဘူးပေါ့ ဟု တုန်ယင် လှိုက်လှဲစွာ ပြောပြီး ရှုံးပွဲချ ငိုခဲ့ဖူးသော မိန်းကလေးသည် ခုတော့ သူ့ရှေ့တွင် ပြုံးရယ် စကားဆိုရင်း သူ့ကို မသိကျိုးကျွံ လျစ်လျူရှုနိုင် နေလေပြီ။

"သူ ဘယ်တုန်းကများ ယောက်ျား ရသွားတယ် မသိဘူး။ အေးလေ သူ့ကို ငါ ခွဲခဲ့တာ ငါးနှစ်တောင် ကျော်ရောပေါ့။ ငါးနှစ်ကျော်၊ ခြောက်နှစ် ဆိုတဲ့ အချိန်က အသည်းထဲက ဒဏ်ရာကို ကျက်ဖို့ရော၊ အနာဖေး ကွာဖို့ရော လုံလောက်တဲ့ အချိန်ပဲ။ အင်းလေ ... ဒေါက်တာ အောင်ညွန့်ဟာ လူတော် လူကောင်း၊ နောက်ပြီးတော့ လူရိုး တစ်ယောက်ပဲ စုထွေးအတွက် အစစအရာရာ ကောင်းမှာပါ

သူက မုန့်ဟင်းခါး မကုန်သေးဘဲနှင့် သူ့ရှေ့ရှိ ပန်းကန်ထဲမှ နန္ဒင်းမကင်းကို ကော်စားမိရင်း တွေးသည်။ သူ့ပါးစပ်ထဲတွင် ဝါးနေသော အရာသည် မုန့်ဟင်းခါးလား၊ နန္ဒင်းမကင်းလားလည်း အရသာ မခံမိ။

"ဆရာ့ကို သိပ်လွှတ် မထားနဲ့နော်။ မြို့နယ် ဆရာဝန်ကို လူပျိုမှတ်ပြီး

ဆေးခန်းမှာဆို လူဝင်လူထွက်ကို ရှုပ်လို့။ မြို့လေးက ငယ်သာငယ်တာ လူချမ်းသာ ပေါတယ် စုထွေးရဲ့။ ဆရာဝန်ဆို သမက် တော်ချင်တဲ့ သူဌေးတွေက အပြိုင်အဆိုင်

အိအိခင်က စကားကို မဆင်မခြင် ပြောသည်။ အဖိုးလည်းတန်၊ ပွဲတက်လည်း လှသော ယောက်ျား တစ်ယောက်ကို လက်ဝယ် ပိုင်ဆိုင်ထားပြီးသော အိမ်ထောင်ရှင်မ တို့၏ ထုံးစံအတိုင်း အိအိခင်သည် အခြား မိန်းမများကို မသိမသာ အထင်သေးလေ့ ရှိသည်။ သဝန်လည်း တိုတတ်သည်။

"အိကတော့ မောင့်လက်ကို အမြဲဆွဲပြီး လိုက်တာပဲ။ ဘယ်သူမှ မကပ်ရဲအောင် မဏ္ဍပ်တိုင်ကို အမြဲတက်ပြ နေရတာ။ တချို့တွေက ပျိုသော၊ အိုသော ရှောင်တာ မဟုတ်ဘူး

"အိခင်ရယ်

သူက ခပ်တိုးတိုး ဟန့်လိုက်မိသည်။

"သူ ပြောနေပုံက သူသာ ငါ့ပုဆိုးစ ဆွဲမလိုက်ရင် ငါက မိန်းမတွေ တရုံးရုံးနဲ့ ရှုပ်တော့မယ်ဆိုတဲ့ ပုံစံမျိုး  ဟု တွေးရင်း စိတ်တိုချင်ချင် ဖြစ်သွားသည်။

“စုထွေးက ကိုအောင့်ကို ယုံပါတယ်

ထွေးက တိုးတိတ် ညင်သာစွာ ပြောရင်း ဒေါက်တာ အောင်ညွှန့်၏ အင်္ကျီရင်ဘတ်တွင် ကပ်နေသော မုန့်ဟင်းခါးဖတ်ကို လက်နှင့် အသာလှမ်းခွါ လိုက်သည်ကို မြင်လိုက်ရတော့ စိတ်ထဲတွင် မအီမသာ ဖြစ်သွားသည်။ စုထွေး၏ နှလုံးသည်းပွတ်တွင် နေရာပိုင်ပိုင် ယူထားသော သူ၏ အရိပ်သဏ္ဍာန်ကို အချိန်ဟူသော ဆေးဆရာကြီးက ဆွဲထုတ်လွှင့်ပစ် လိုက်ချေပြီ။

“ချစ်လှချေရဲ့၊ ကြိုက်လှချေရဲ့နဲ့ အလကား မိန်းမတွေ၊ သူတို့ စကားများ ယုံရရင် ခက်မယ်

သူက အလိုမကျစွာ တွေးမိသည်။ သူ မလိုချင်၍ စွန့်ပစ်၊ မေ့ပစ်ခဲ့သည် မှန်သော်လည်း သူ့ကိုတော့ မမေ့(စေ!)ချင်၊ တသသနှင့် သတိရနေ စေချင်လေသည်။ သတိရ နေလိမ့်မည် ဟုလည်း ထင်ခဲ့သည်။

“မယုံဘူး၊ အိကတော့ ဘယ်သူ့မှ မယုံဘူး၊ မောင့်ရုံးကိုလည်း ခဏခဏသွားပြီး ချက်ကင် လုပ်ရတယ်၊ စာရေးမတွေ ကလည်း လှတယ်လေ

“သူတို့ ဘယ်လောက်လှလှ မမလောက် လှပါ့မလား၊ စုထွေး ဆိုရင်တော့

ဒီလောက်လှတဲ့ မိန်းမ ရထားရင် ကျန်တဲ့မိန်းမတွေ အားလုံး ဖွဲနဲ့ ဆန်ကွဲပဲ ထင်မှာ

သူ့ရင်ထဲတွင် စစ်ခနဲ နာသွားပြန်သည်။ အိအိခင်ကမူ စုထွေး၏ လက်ကို လှမ်းကိုင်က  ဒီအပြောလေး တွေကြောင့် ဆရာက သိပ်ချစ်နေတာ ထင်တယ် ဟု တရင်းတနှီး ပြောကာ ရယ်လေသည်။

သူက ကုန္တေမပျက် ရော၍ ပြုံးရယ်ရင်း သူ့ရှေ့မှ မိန်းကလေး နှစ်ဦးကို ယှဉ်၍ ကြည့်မိသည်။ အိအိခင်၏ ဝင်းပ ရွှန်းမြသောအလှ အရှိန်အဝါ အောက်ဝယ် စုထွေး၏ အလှက ညှိုးမှိန်လျက် ရှိသည်ကတော့ အမှန်ပင်။ အခါတိုင်း တွေးနေကျ၊ ဂုဏ်ယူနေကျ အတိုင်း  ကြည့်စမ်း၊ ငါ့မိန်းမ ဘယ်လောက် လှသလဲ  ဟု တွေးလိုက်ရ သော်လည်း အခါတိုင်း လောက်တော့ စိတ်မရွှင်ချေ။ သို့သော် ငါရွေးတာ မမှားပါဘူးလေ။ ကြည့်ပါလား အိခင်က သိပ်လှတာဟု ဆက်၍တွေးရင်း ကြည့်၍ ကျေနပ်လိုက်သည်။ အိအိခင်သည် သူ့ရည်းစားများထဲတွင် အလှဆုံး ဖြစ်သည်။ ထို့ကြောင့်လည်း သူက အပြီးသတ် ပန်းကုံးစွပ်၍ ရွေးလိုက်ခြင်း ဖြစ်လေသည်။

“သူက သူ့ယောက်ျားကို ယုံဘယ်တဲ့။ ယုံမှာပေါ့၊ သူ့ယောက်ျားက ဆရာဝန်သာ ဆိုတယ် ဂိုက်က ခပ်ပွဲ့ပွဲ့ရယ်။ တခြား ဆရာဝန်တွေလိုမှ မဟုတ်တာ။ အရပ်ကလည်း ပုသေး၊ အသားကလည်း မည်းသေး၊ မျက်လုံးကလည်း မှေးသေး၊ ဘောင်းဘီ ဝတ်လိုက်တော့လည်း ပုကွကွနဲ့၊ မောင့်လိုသာ

ဂိုက်ကောင်း၊ ဆိုက်ကောင်း၊ ရုပ်ချောဆိုရင် သူ့မိန်းမက ယုံမှာတဲ့လား

သူ့တို့တွေ ထွက်သွားတော့ အိအိခင်က ခပ်တိုးတိုး ပြောသည်။ သူက ကျေနပ်စွာ ရယ်မိသည်။ ဒီ တစ်မနက်လုံး အိအခင် ပြောနေသမျှ စကားတွေထဲတွင် ဒီစကားကို သူ သဘောအကျဆုံး ဖြစ်လေသည်။ အိအိခင်က မိန်းမပီပီ လှသလို သူကလည်း ယောက်ျားပီပီ ခန့်ချော ချောလေသည်။ ထို့ကြောင့်လည်း သူတို့ နှစ်ယောက်ကို နေနှင့်လ၊ ရွှေနှင့်မြလို ရှေ့သွားနောက်လိုက် ညီလှသည်ဟု လူတိုင်းက ပြောကြလေသည် မဟုတ်ပါလား။

“သူနဲ့ အိနဲ့ ဘယ်သူ ကြီးမလဲဟင်

“ပြောတတ်ဖူးလေ

“ရွယ်တူလောက် ရှိမှာပေ့ါနော်

“အင်း

“သူကတော့ အိကို မမတဲ့

“သူကများ နည်းနည်းငယ်မလားမှ မသိတ

“အံမာ၊ သူကငယ်မယ် ဟုတ်လား

အိအိခင်က မကျေနပ်ချင်ပေ။ နှုတ်ခမ်းစူကာ မျက်မှောင်လေး ချီသွားသည်း သူက စိတ်ထဲမှနေပြီး စုဆွေး၏ အသက်ကို တွက်နေမိသည်။ အိအိခင်ထက် တစ်နှစ်ကျော်ကျော် ငယ်လေသည်။

တစ်ချိန်တုန်းက သူ့တွင် ချစ်သူ ဒါဇင်ဝက်ခန့် ရှိခဲ့ဖူးသည်။ အားလုံးကို မမှတ်မိသော်လည်း အချို့ ချစ်သူများ၏ မွေးနေ့ကိုကား မှတ်မိနေသေးသည်။ စုထွေးသည် ဒီဇင်ဘာလ၊ ခရစ်စမတ် အကြိုနေ့တွင် မွေးသူဖြစ်သည်။ နှင်းဝေသောလတွင် မွေးသော်လည်း စုထွေးသည် နှင်းလိုမဖြူဘဲ အသားညိုလေသည်။ ထို အသားညိုညို၊ ပါးပြည့်ပြည့်လေး ပေါ်တွင် ပါးကွက် ထူသူလေး ကွက်တတ်သော စုထွေး၏ အလှသည် လင်းလင်းကျင်းကျင်း မရှိသော်လည်း ရိုး၍ ယဉ်လေသည်။

တစ်ခါက စုထွေး၏ မွေးနေ့တွင် လက်ဆောင်ပေးရန် အဆောင်သို့ အသွား လမ်းတွင် ရောင်းနေသော ဆောင်တော်ကူး ပန်းများကို တွေ့၍ တစ်ပွေ့တစ်ပိုက် ဝယ်ခဲ့ဖူးသည်။ သူ ပေး(သည့်?) ခေါင်းစည်းပဝါ

နီနီလေးထက် မွှေးကြိုင် သင်းပျံ့နေ(သော?) ပန်းဖွေးဖွေးများကို စုထွေးက ပို၍ နှစ်သက်ဟန် ရှိခဲ့(လေသည်။?) ပန်းဆုပ် ပန်းခိုင်များကို တစ်ခေါင်းလုံး ဝေနေအောင် ပန်ပြီး အင်းလျားဘက်သို့ လက်ချင်းတွဲ၍ လျှောက်ခဲ့ကြသည်။ စုထွေးက သူ့ရင်ခွင်တွင် မှီနွဲ့ရင်း  မောင်ရယ်၊ စုထွေးရဲ့ မွေးနေ့တိုင်းမှာ ပန်းလေးတွေကိုပဲ အမြဲ လက်ဆောင်ပေး ပါလားဟင်၊ အမြဲတမ်းလေ၊ စုထွေးတို့ ကလေးတွေ ရတဲ့အထိ။ မြေးတွေ ရတဲ့အထိ  ဟု အပြုံးလေး တဝေဝေနှင့် စိတ်ကူး ယဉ်ခဲ့ဖူးသေး လေသည်။

“ဟောတော့၊ ဘာတွေများ ဒီလောက် စိတ်ကူး နေရဘာလဲ

အိအိခင်က သူ့လက်ကို ဖြတ်ခနဲ လှမ်းပုတ်သည်။ သူ့ကို အလိုမကျသလို မျက်မှောင်လေး ကုတ်၍ ကြည့်နေလေသည်။

“ဘာတွေများ တွေးနေတာလဲဟင်။ အိ ပြောနေတာ မကြားဘူးလား မောင်ရဲ့

“အင်း၊ ဟိုအကြောင်း ဒီအကြောင်းပဲ

“ဘာအကြောင်းလဲ

"ဒီလိုပါပဲ ငယ်ငယ်တုန်းက လိုက်တမ်း ပြေးတမ်း ကစားခဲ့တဲ့ အကြောင်း စဉ်းစားနေမိတာပါ

သူက ပြောမိပြောရာ ပြောသည်။ အိအိခင်က စိတ်မဝင်စားသလို ခေါင်းကို မသိမသာ ယမ်းလိုက်သည်။ သူ့မျက်လုံးများကို အသေအချာ စူးစိုက်၍ အကဲခတ် မလာမီ သူက မျက်လွှာကို ချလိုက်ပြီး သူ့ရှေ့တွင် ရှိနေသော အအေးစက်စက်၊ ရေနွေးကြမ်းကို ကောက်၍ မော့ချလိုက်သည်။

"ဟုတ်ပါဘူး၊ သူ့ကို အိထက် ငယ်မယ်လို့ ဘာဖြစ်လို့ ထင်ရတာလဲလို့

"သြော်ကွာ ... ဒါကိုပဲ မပြီးသေးဘူးလား။ အိလို ဆံပင်တိုတို မျက်နှာနုနုလေးကို အစ်မ ခေါ်သွားတာ ရှိသေသမှု ခေါ်သွားတာ ဖြစ်မှာပေါ့

"ဒါပေမယ့် မောင်က သူ့ကို အိထက် ပိုငယ်တယ်လို့ ထင်တယ် မဟုတ်လား

သူက သက်ပြင်းချ လိုက်မိသည်။ စားပွဲကို လက်နှစ်ဘက်နှင့် တဖြန်းဖြန်းပုတ်ကာ  ထင်တာ မဟုတ်ဘူးဟေ့၊ သိတာ၊ သိတာ  ဟု တအားကျုံးကာ အော်ပစ် လိုက်ချင်စိတ် ပေါ်လာသည်။ အိအိခင်သည် ထိုသို့ပင် ပြဿနာ မဟုတ်သည်ကို မကြာခဏ ပြဿနာ လုပ်တတ်လေသည်။

“ထင်တယ်ရယ်လို့လဲ မဟုတ်ပါဘူး

“မထင်ရင် သူက နည်းနည်း ငယ်မလားမှ မသိတာလို့ ဘာလို့ ပြောသလဲ

“ပြောမိလို့လား

“ပြောတယ်လေ၊ ခုနတုန်းက ပြောတာလေ။ အဲဒါ စိတ်ထဲက ထင်လို့ ပြောတာ မဟုတ်လား

“အေး … အိပ်ကျမှ အဲဒီ 'စိတ်' ဆိုတဲ့ ကောင်ကို မေးကြည့် ရဦးမယ်။ လေဒီဒိုင်ယာနာ ဆံပင်လေးနဲ့ နသည်ထက် နအောင် ပြင်ထားတဲ့ ငါ့မိန်းမထက် သူ့ကို ဘာလို့များ ပိုငယ်တယ် ထင်ရတာလဲလို့ အသေအချာ မေးကြည့်လိုက်ဦးမယ်၊ ဟုတ်လား

သူက ခပ်တိုးတိုး၊ ခပ်ဆတ်ဆတ်၊ ခပ်ပြတ်ပြတ် ပြာရင်း လက်ထဲမှ ဇွန်းကို အသံမြည်အောင် ပစ်ချလိုက်မိသည်။ ပြဿနာမရှိ ပြဿနာရှာပြီး စိတ်ကောက်ချင်နေသော အိအိခင်၏ ပခုံးနှစ်ဘက်ကိုလည်း ကိုင်ပြီး ဆောင့်ပစ်လိုက်ချင်စိတ် ပေါက်သွားသည်။

အိအိခင်သည် မျက်မှောင်လေး မသိမသာ ကုတ်ကာ နှုတ်ခမ်းစူ သွားသည်။ လူအများကြားတွင်မို့ ခွန်းကြီးခွန်းငယ် ဘာမျှ ပြန်ပြော မနေသော်လည်း သူ သူ့လက်ထဲမှ ဇွန်းနှင့် ပန်းကန်ထဲမှ မုန့်ဟင်းခါးများကို မွှေလိုက် ချလိုက် လုပ်နေသည်။ တစ်ဇွန်းမျှတော့ မစားပေ။ သူ စိတ်အလို မကျကြောင်းကို ဆန္ဒပြနေခြင်း ဖြစ်လေသည်။ အိကလဲကွ၊ မောင်က စတာကိုများ အလကား စိတ်ကောက်နေတယ် ဟူသော စကားကို မျှော်လင့်နေမှန်း သိသော်လည်း သူက လိုစကားကို မပြောချင်ပေ။

အိအိခင်သည် ထိုသို့ပင် မကြခဏ စိတ်ကောက်နေကျ ဖြစ်လေသည်။ ဟိုတုန်းကတော့ သူကလည်း ချော့ချင်ချင်မို့ ကောက်ချင်သူနှင့် ချော့ချင်သူတို့ ဟန်ကျနေကြ၏။ သို့သော်လည်း ကြာလာတော့လည်း ခက်သည်။ ယောကျ်ားတို့၏ သဘောမှာ တက်ကြွလွယ် ငြီးငွေ့လွယ်သည်ကို အိအိခင်က သတိပြုမိပုံမရ။ တစ်ဦးက စိတ်ကောက်ရသည်ကို ဘိန်းစွဲသလို စွဲကာ အရသာ တွေ့သည်ထက် တွေ့လာသော်လည်း ကျန်တစ်ဦးက ချော့ရသည်ကို ငြီးငွေ့လာပြီ ဖြစ်လေသည်။ မျက်ရည် ရစ်ဝိုင်းနေသော မျက်လုံးလေးများ၊ ပျော့ပျောင်း နူးညံ့သော ဆံနွယ်များနှင့် နှုတ်ခမ်းစူစူ စုစုလေးသည် သူ့စိတ်ကို ယခင်တုန်းကလောက် ထိခိုက်လှုပ်ရှားမှုကို မပေးစွမ်းနိုင်တော့ပေ။ ထို့ကြောင့်လည်း မင်းဟာမင်း စားချင်စား၊ မစားချင်နေ။ အိမ်ရောက်မှ ဆာတယ် ဆိုရင်တော့ မင်းအဒေါ် ဗျိုင်းအိုမကြီး နစ်ကောင် ကြိုက်တဲ့ ငါးသလောက်ကြော်ပဲ ရှိမှာပဲ ဟု စိတ်ထဲမှ ပြောမိသည်။ မုန့်ဟင်းခါး တစ်ပန်းကန်ကို ကိုယ့်ဟာကိုယ် ထပ်ထည့်ပြီး စားဖြစ်သည်။ စားလေ အိရဲ့ ဟုပင် မပြောမိ။

“ဘယ်လိုလဲ ဆရာ၊ ခုရောက် ခုပြန်ပဲလား။ ဘုရားကိုးဆူ လာပြီး ဘုရားမှ ကန်တော့မိရဲ့လားဟင်၊ ဒီစုံတွဲ

ပြန်တော့မည့်ဟန် ပြင်နေသော ဒေါက်တာ အောင်ညွန့်ကို အိမ်ရှင်ဖြစ်သော ဦးကိုကိုလေးက နှောင်ပြောင်နေသည်။ သူက နောက်သို့ လှည့်မကြည့် သော်လည်း အလိုလို နားစွင့်မိ ပြန်သည်။

“လသာ နေတယ်လေ ဦးကိုကိုလေးရဲ့

“အဲဒါ ဘာဖြစ်လို့လဲ ဆရာ

“ဩော် ကိုယ့်ချစ်သူနဲ့ လက်တွဲပြီး လရောင်အောက်မှာ လမ်းလျှောက်ရတာ ဘယ်လောက် အရသာရှိသလဲ ဆိုတာ ပြောပြလို့ နားလည်မယ် ဆိုရင်တော့ ပြောပြချင်သားဗျ နော်

ဒေါက်တာ အောင်ညွန့်၏ စကားအဆုံးတွင် ဝါးခနဲ ရယ်လိုက်ကြသော အသံများက လျှံထွက်လာသည်။ ခေါင်းကို မသိမသာ ငဲ့ကြည့်မိတော့ ကြည်ကြည်နူးနူးနှင့် ရှက်စနိုး ပြုံးနေသော စုထွေးကို တွေ့ရသည်။ သူကလည်း မုန့်ဟင်းခါး မကုန်သေးဘဲနှင့် နန္ဒင်းမကင်းကို ကော်စားမိပြန် လေသည်။

“ဟုတ်ပ၊ ဘုစုခရုတွေ မလာခင်တော့ ကြိတ်ထားလိုက်ဦး

“အိုဗျာ၊ ဘုတွေ စုတွေ လာတော့လည်း လရောင်အောက်က နေရောင်အောက်ကို ရောက်လာမှာပေ့ါ၊ ပိုမို လက်တွေ့ကျမှာ ပေ့ါနော်၊ စုထွေးရာ၊ ဒီလူတွေက ကလေးငါးယောက် ရနေတာတောင် မေတ္တာတရားကို တို့တွေလောက် နားလည်တာ မဟုတ်ဘူး။ ပြောပြလိုက်စမ်းပါ မိန်းမရယ်။ ခုလဲ စုပိုက်ထဲမှာ ဘုနဲ့ပါလို့

“အို ကိုအောင်ကလဲ

စုထွေးက သူ့ ဝမ်းပိုက်ကို လက်တစ်ဘက်နှင့် မသိမသာ အုပ်ရင်း ကိုယ်ကလေး ရို့သွားသည်။ ရယ်သံများက ပို၍ ကျယ်လာလေသည်။ သြော် စုထွေးက ကိုယ်ဝန် ရှိနေပြီကိုး  ဟု တွေးမိပြီး ဒေါသဖြစ် သလိုလို၊ စိတ်တို သလိုလို၊ နမြော သလိုလို အမြင်ကပ် သလိုလိုနှင့် ဘာလိုလိုမှန်း မသိသော ဝေဒနာဆန်းကို ခံစားရသည်။ အိမ်ထောင်သက် လေးနှစ်ခန့် ရှိပြီ ဖြစ်သော်လည်း  ကလေး မလိုချင်သေးဘူး မောင်ရယ်  ဟုပြောပြီး ဆေးလုံးလေးများ သောက်မြဲဖြစ်သော အိအိခင် ကိုလည်း မကျေနပ်ချင်ပေ။

နောက်ထပ် ဆယ်မိနစ်ခန့် ရှိသောအခါ သူတို့လည်း ပြန်လာခဲ့ ကြသည်။ လရောင်ပြောက်ကျား ထိုးနေသော ကုက္ကိုပင်များ အောက်မှ တိတ်တိတ်ဆိတ်ဆိတ် လျှောက်ခဲ့ကြသည်။ စိတ်ကောက်နေသော

အိအိခင်ကလည်း စကားမဆို။ အတိတ်ကို ပြန်ပြီး တွေးတော လွမ်းမော နေသလို သူကလည်း စကားမပြော။ စုထွေးနှင့် ဦးအောင်ညွန့်တို့ နှစ်ဦးကမူ တစ်ဦးလက်ကို တစ်ဦးတွဲရင်း ကယုကယင်ပင် စကားတွေ ဆိုနေလိမ့်မည်ဟု တွေးမိပြီး မကျေနပ် သလိုလို၊ မနာလို သလိုလိုနှင့် လိုက်မောလာသည်။ ရုတ်တရက် လှုပ်ရှားလာသော စိတ်ကြောင့် အိအိခင်၏ လက်ကို လှမ်း၍ ဆုပ်ကိုင်လိုက်မိသည်။ အိအိခင် ကသာ သူ့လက်ကို ပြန်လည်၍ တင်းတင်း ဆုပ်ကိုင်ကာ အားပေးလိုက်ပါက မငြိမ်မသက် ဖြစ်နေသော စိတ်များ အနည်ထိုင် သွားလိမ့်မည် ထင်သည်။ သို့သော်လည်း မရွှေအိအိခင်က လှမ်းလာသော သူ့လက်ကို တွန်းပြီး ပုတ်ထုတ်လိုက်သည်။ မျက်စောင်းကို မသိမသာ ခဲကာ  သွားစမ်းပါ  ဟု မကျေမချမ်း ပြောသည်။

သူက သက်ပြင်းချလိုက်သည်။ အိအိခင်၏ လက်ကလေးကို စတင် ဆုပ်ကိုင်ခဲ့ရသော နေ့ကိုလည်း သတိရသည်။ ထိုစဉ်ကမူ အိအိခင်သည် ရှက်နေဟန် ရှိသော်လည်း သူ့ လက်ကို ပြန်ပြီး မရုပ်ခဲ့ပေ။  ဟိုမှာ အန်တီတို့ ကြည့်နေတယ် အစ်ကိုရယ်  ဟု တိုးတိုးလေး ပြောသည်။ ယခုလိုသာ “သွားစမ်းပါ  ဟု သူ့လက်ကို ပုတ်ထုတ်ခဲ့ပါက တစ်ခါတည်း ကိစ္စပြတ်မည် ဖြစ်လေသည်။ သူကလည်း နောက်ဘစ်ခါ စဖြစ်တော့မယ် မဟုတ်ပေ။ ဤသို့သာ ဆိုလျှင်လည်း သူ၏ ဇနီးသည် အိအိခင် ဟူသည့် မိန်းကလေး ဖြစ်ချင်မှ ဖြစ်လာတော့မည် ဖြစ်သည်။ မူမူဝင်း ဖြစ်ချင် ဖြစ်နိုင်သည်။ ကေသွယ်စိုး ဖြစ်ချင် ဖြစ်နိုင်သည်။ နွဲ့လေးမူ ဖြစ်ချင်လည်း ဖြစ်နိုင်သည်။ သို့တည်းမဟုတ် စုထွေး ဖြစ်ချင်လျှင်လည်း ဖြစ်နိုင်လေသည်။

သူက ပင့်သက်ရှိုက်ရင်း လဝန်းကို မော်၍ ကြည့်သည်။ စဉ်းစားမိတော့လည်း အစကပြန်ပြီး စဉ်းစားတော့မည်။

* * *

ရင်ထဲတွင် လှိုက်မောပြီး ရင်ခုန်သံ မသိမသာလေး မြန်နေသည်။ စုထွေးသည် တမာနံ့ သင်းသော ညဥ့်လေအေးကို ရှိုက်၍ ရှုရင်း လဝန်းကို မော့်၍ ကြည့်မိသည်။ ဝင်းဝါနေသော လပြည့်ဝန်းကို တိမ်လွှာ ပါးပါးလေး အုပ်သွားသည်၊ တိမ်လွှာပါးက လေနှင်ရာ ရွေ့နေသော်လည်း စုထွေး အမြင်တွင် တိမ်က ရွေ့နေသည် မထင်။ လဝန်းက ပြေးနေသည် ထင်မိသည်။

“စုထွေး နေကောင်းရဲလား ဟင်   ကိုအောင်က မေးသည်။

“ကောင်းပါတယ်

“လက်ဖျားတွေ အေးနေသလားလို့

“ဟုတ်လား

စုထွေးသည် သူ့လက်ဖျားများကို အချင်းချင်း ဆုပ်နယ်ရင်း ခေါင်းကို မသိမသာ ငုံ့ထားသည်။ ကိုအောင်၏ မျက်လုံးများကို ရဲရဲဝံ့ဝံ့ ရင်မဆိုင်ရဲ။ စုထွေး ပြောဖူးတဲ့ စုထွေးကို ပစ်ပြေးသွားတဲ့ စုထွေးရဲ့ အချစ်ဦး ဆိုတာလေ ခုနတုန်းက ကိုအောင် မိတ်ဆက်ပေးတဲ့ ဦးစိုးနိုင်ပေါ့ ဟု ပွင့်ပွင့်လင်းလင်း ပြောပြလိုက်ချင် သော်လည်း မပြောရဲ။ ကိုအောင် စိတ်ဆိုးမှာ စိုးသောကြောင့် မဟုတ်။ ကိုအောင်သည် သူ့ကို မည်သည့် အခါမျှ စိတ်ဆိုးလိမ့်မည် မဟုတ်သည်ကို သူ သိသည်။ သို့သော် ကိုအောင် စိတ်မကောင်း ဖြစ်လိမ့်မည်။ "စုထွေးဟာ ငါ့ကို တကယ်ချစ်တာ မဟုတ်ပါဘူး ဟူသော အားငယ်စိတ်နှင့် ဝမ်းနည်းလိမ့်မည်။ ကိုအောင် စိတ်အနှောင့်အယှက် ဖြစ်မည်ကို သူ မလိုလားပေ။ ကိုအောင့်အား သူ့ရင်ထဲမှ မေတ္တာ အလုံးစုံကို ဦးဦးဖျားဖျား မပေးနိုင်ခဲ့ သော်လည်း စိတ်ချမ်းသာမှု ကိုကား အပြည့်အဝ ပေးလိုသည်။

"ခုနတုန်းက အင်ဂျင်နီယာ ကတော်က လှတယ်နော် ကိုအောင်

စုထွေးက ပြောမိပြောရာ ပြောလိုက်သည်။

"အင်း၊ လှတယ်

"ချစ်စရာလေး နော်

“ဟင့်အင်း၊ ချစ်စရာတော့ မကောင်းပါဘူး

“လှတော့ လှတယ်၊ ချစ်စရာတော့ မကောင်းဘူး၊ ဟုတ်လား

“ဟုတ်တယ်

“ကိုအောင်ကလဲ မဟုတ်တာကို။ အဲဒါ အတူတူပဲ မဟုတ်လား

“ဩော် ... စုထွေးရယ်၊ ရှင်းနေတာပဲဟာကို။ လှတာဟာ လှတာပဲ၊ ချစ်စရာ ကောင်းတာကတော့ ချစ်စရာ ကောင်းတာပဲ။ တူမှ မတူတာ၊ တစ်ခြားစီပဲ။ ကိုအောင် ရှင်းရှင်းပဲ ပြောမယ်။ စုထွေးဟာ အိအိခင်လောက် မလှဘူး။ ဒါကို မျက်စိပါတဲ့ လူတိုင်း သိတာပေါ့။ ဒါပေယ့် အိအိခင်ထက် အများကြီး ပိုပြီး ချစ်စရာ ကောင်းတယ်

“ငါးချဉ်လေးက ချဉ်လိုက်တာကွယ်

စုထွေးသည် ကိုအောင်၏ ညာလက်မောင်းကို မှီနွဲ့ရင်း ခပ်တိုးတိုး ရယ်မိသည်။ ရင်ထဲတွင် တင်းကျပ် နေသည်က အတန်ငယ် သက်သာသွားသည်။

"မရယ်နဲ့ စုထွေး၊ ထောင်တန်တဲ့ စကား ရယ်ရင် ပေါ့သတဲ့။ ကိုအောင်က ကိုယ့်မိန်းမမို့ ကိုယ်ပြောတာ၊ ကိုယ့်ငါးချဉ်မို့ ကိုယ်ချဉ်တာ မဟုတ်ပါဘူး

လရောင်ပြောက်ကျား ထိုးနေသော ကိုအောင်၏ မျက်နှာကို မော်ကြည့်မိသည်။ မျက်နှာ ဝိုင်းဝိုင်း၊ ပါး ပြည့်ပြည့်နှင့် နှုတ်ခမ်းက မသိမသာ ထူလေသည်။ နူးညံ့ သိမ်မွေ့သော မျက်လုံးများက ယုံကြည် ကိုးစားမှုကို ပွါးစေသော်လည်း ရင်ကိုတော့ သိပ်ပြီး မခုန်စေပေ။

"ရင်ခုန်တာက မကောင်းပါဘူး။ ရင်ခုန်ရတဲ့ အချစ်ကိုလည်း မလိုချင်တော့ပါဘူး

စုထွေးက သူ့ကို သတိရသည်။ သူနှင့်တုန်းက စုထွေးသည် အစဉ်အမြဲ ရင်ခုန် နေခဲ့သည်။ တစ်ကိုယ်လုံးကို မျိုထားတော့မလို စူးစူးရဲရဲဖြင့် ကြည့်တတ်သော သူ့အကြည့်ကို ရင်ဆိုင်ရတိုင်း နှလုံးသားက သွေးတိုး မြန်လာတတ် လေသည်။ ရှက်သွေး ဖြန်းလာတတ် လေသည်။

အခုမှသာ ရင်ခုန်ရတဲ့ အချစ်ကို မလိုချင်ပါဘူးဟု တွေးနေရ သော်လည်း လိုချင်တုန်းကတော့ လိုချင်ခဲ့သည်။ သူ့အချစ်ကို တစ်ဦးတည်း အပိုင်ရယူ လိုခဲ့သည်မှာ ရှူးမတတ်ပင်။ ဝိဇ္ဇာ သိပ္ပံမှာ တစ်ယောက်၊ စီးပွါးရေးမှာ တစ်ယောက်၊ စက်မှုမှာ တစ်ယောက်၊ ပညာရေးမှာ တစ်ယောက် စသည်ဖြင့် အချစ်တွေ များသော သူ့သတင်းကို ကြားရတော့ ခေါင်းအုံး တစ်ခုလုံး

ရွှဲရွှဲစိုအောင် ကြိတ်ပြီး ငိုရသေးသည်။  စုထွေး ကလဲကွာ။ ဟိုဟာတွေက အပျော်ပါ။ စုထွေး တစ်ယောက်တည်း ကိုသာ မောင်က တကယ် ချစ်တာပါ ဟု သူက ချော့တိုင်းလည်း မယုံရဲ ယုံရဲနှင့် ယုံခဲ့ရသေးသည်။  မိဘကလည်း ချမ်းသာ၊ ပညာကလည်း တော်၊ ရုပ်ကလည်းချော ဆိုတော့ မြင်းကမလှုပ် ခုံကလှုပ်တဲ့ မိန်းမတွေ ကလည်း အများသားကွယ်  ဟု သူ့ဘက်မှပင် ကာကွယ်ပြီး ပြောခဲ့ရသည်။ ပြောမယ့်သာ ပြောရသော်လည်း သိပ်ပြီး အားရှိလှသည်တော့ မဟုတ်ပေ။ သူက အသစ် အသစ်များ တွေ့ကာ စုထွေးဆီ တဖြည်းဖြည်း အလာကျဲ လာတော့ အပူရုပ်ကို ဟန်လုပ်၍ပင် မပြုံးနိုင်ခဲ့ပေး ညနေတိုင် ကျလျှင် သူ လာမည့်လမ်းကို လှမ်းမျှော်ကြည့်ပြီး မျက်ရည်ဖြိုင်ဖြိုင် ကျလေတော့ သူငယ်ချင်း ဖြစ်သူ မိမာက  ဟင် … မလှုပ်ဘူး ဆိုတဲ့ နင့်မြင်းကြီးလေ အခုတော့ ကဆုန်ပေါက် ပြေးပြီ မိစုထွေးရဲ့။ နင့်မြင်းကြီးက လှုပ်သာ မလှုပ်တတ်တာ ပြေးတော့ ပြေးတတ်တယ်ဟဲ့  ဟု ကရုဏာ ဒေါသော ပြောပြီး သူနှင့်အတူတူ ရောပြီး မျက်ရည်ကျခဲ့ လေသည်။

“လှတယ် ဆိုတာက အဆင်း စုထွေးရဲ့၊ အရေပြား ပေါ်မှာပဲ ရှိတယ်။ ချစ်စရာ ကောင်းတာက အရည်အချင်း၊ သည်း နှလုံးထဲမှာ ရှိတယ်

ကိုအောင် စုထွေး၏ ပခုံးကို အသာအယာ ဖက်ကာ ပြောသည်။

“လှတယ် မလှဘူး ဆိုတာက မြင်မြင်ချင်း သိသာတယ်။ ချစ်စရာ ကောင်းလား၊ မကောင်းဘူးလား ဆိုတာကတော့ ချက်ချင်းပြောလို့ မရဘူး။ အသည်းနှလုံး

ဆိုတာက အရေပြားလောက် လွယ်လွယ်ကူကူ မြင်ရတာမှ (မ!)ဟုတ်ပဲ

ကျေးတမာ ကန်ဘေးတွင် တမာပင်များက အကိုင်းချင်း ယှက်၍ ပေါက်နေသည်။ တမာပွင့်၊ တမာဖူး ဖြူဖြူလေးများက လပြည့်ည အရောက်ဝယ် ဝါနေကြသည်။ သင်းပျံ့ပျံ့ ရနံ့က လေအေးထဲတွင် ဝေ့ဝဲနေသည်။ စုထွေးက တမာနံ့ မွှေးမွှေး၊ လေအေးကို ရှိုက်၍ ရှူလိုက်သည်။ ရင်ထဲတွင် ကြည်ပြီး အေးသွားသယောင် ခံစားရလေသည်။

"ကိုအောင်က စုထွေးရဲ့ နှလုံးသားကို မြင်လို့လား

"မြင်တာပေ့ါ စုထွေးရယ်၊ ကြီးပွါးဗျာ၊ ကြီးပွါ၊ ထိပ်နားမှာ ဒဏ်ရာလေး နည်းနည်း ရဖူးလို့ အမာရွတ် ကလေးလည်း ထင်လို့

စုထွေးက မလုံမလဲ ပြုံးရယ်ရင်း ကိုအောင်၏ လက်မောင်းကို မနာမကျင် ဆိတ်ဆွဲ လိုက်မိသည်။ ဩော် ... ငါ့ရင်ထဲက အနာကို သူ အမြဲ သတိရနေတယ် ထင်ပါရဲ့ ဟု တစ်ဆက်တည်း တွေးမိပြီး စိတ်မကောင်းလည်း ဖြစ်သွားသည်။

"အနာက ကျက်နေပါပြီ ကိုအောင်ရယ်

“မကျက်ရင်လည်း ကိစ္စ မရှိပါဘူး မိန်းမရာ၊ ကိုအောင်က ကျက်အောင်
ကုပေးမှာပေါ့"

ခုနတုန်းက ဆိတ်ဆွဲ နေခဲ့မိသော ညာဘက် လက်မောင်းကို စုထွေးက
အားကိုးတကြီး ဖက်လိုက်သည်။ ရင်ထဲတွင်လည်း နွေးသွားသည်။

ရည်းစားပစ်မလေး ဘဝနှင့် တစ်နှစ်ခန့် ငိုပြီးသောအခါ စုထွေးသည်
ကိုအောင်နှင့် သိခဲ့ရလေသည်။ ကိုအောင့် အမေနှင့် စုထွေး၏ အမေတို့သည်
ငယ်သူငယ်ချင်းများ ဖြစ်လေသည်။ အမေတို့ ပြောသလို ဆိုလျှင်
ထုပ်ဆီးတိုးဖက်၊ ဖန်ခုန်ဖက်များ ဖြစ်လေသည်။ နှစ်ပေါင်းများစွာ ကွဲနေပြီးမှ
ရွှေတိဂုံ ဘုရားပေါ်တွင် ဆုံမိကြသည်။ အိမ်ထောင် မကျမီက ကွဲသွားကြသော
သူငယ်ချင်း နှစ်ဦးသည် ပြန်တွေ့ ကြသောအခါ သမီးတစ်ယောက်၊
သားတစ်ယောက်စီနှင့် နှစ်ဦးစလုံး မုဆိုးမ ဖြစ်နေကြ ပေပြီ။ သူ့အမေ နံဘေးမှ
ပါလာသော ကိုအောင့်ကို ကြည့်ရင်း စုထွေးက  ဟင်း၊ ဆရာဝန်လောင်းသာ
ဆိုတယ် ဂိုက်ကလည်း ပွဲလိုက်တာ  ဟု တွေးမိသလို ကိုအောင်ကလည်း
“အံမာလေးဗျာ၊ တကတည်း တစ်ကမ္ဘာလုံးကို သူက ထမင်းကျွေး ထားရတာ
ကျနေတာပဲ၊ မျက်ခွက်ကိုက ရှစ်ခေါက်ချိုးနဲ့  ဟု တွေးမိလေသည်။ အမေနှစ်ဦး
မျက်နှာကြောင့်သာ တစ်ဦးကိုတစ်ဦး သွားဖြီးပြီး နှုတ်ဆက်လိုက်ရ သော်လည်း
မြင်မြင်ချင်း မျက်နှာကြာ တည့်လှသည်တော့ မဟုတ်ပေ။

“အခုလဲ ကိုအောင် ကုပေးလို့ အနာကျက်ပြီး နေကောင်း သွားတာပဲ

ကိုအောင်ရဲ့။ ဒါပေမယ့် အမာရွတ် ကျန်နေသေးတယ်။ အဲဒါကိုပါ ပျောက်အောင် ကုပေး

"ဟား ... ဟား၊ အဲဒါကတော့ ကိုအောင် ကုလို့ မရဘူး 'စု' ရဲ့ ဗိုက်ထဲက 'ဘု' ကလေးက ကုပေးလိမ့်မယ်

"ဟာ၊ ကိုအောင်ကလဲ

"ဟုတ်ဘူးလား စုထွေးရဲ့၊ ကိုအောင်က ဘွဲ့လွန် မတက်ရသေးဘဲနဲ့ နှလုံးရောဂါ အထူးကု ဆရာဝန် ဖြစ်နေတာ တော်ရောပေါ့။ အမာရွတ် ကိုတော့ 'ဘု' ကလေးကိုပဲ ဆက်ကု ခိုင်းရမယ်

ကိုအောင်က ရွှင်ပျစွာ ရယ်နေလေသည်။ စုထွေးသည် သူ့ဝမ်းဗိုက်ကို သူ အသာအယာ လက်နှင့်ဆုပ်၍ စမ်းကြည့်မိသည်။ သုံးလကျော်ကျော် ရှိပြီမို့ စုံ့စုံ့ရုံ့ရုံ့လေးပင် ဖောင်းနေပေပြီ။

"ကိုအောင်ကလဲ အဲဒါကို ဂုဏ်ယူစရာကြီး လုပ်ပြီး လူကြားထဲကျရင် အော်ပြီ။ သိပ် ရှက်စရာ ကောင်းတာပဲ

“အံမာလေး မိန်းမရယ်၊ ဂုဏ်ယူစရာမို့လို့ ဂုဏ်ယူတာ ဘာဖြစ်တုံးဗျ။ ဟောဒီ ကျုပ်မိန်းမ စုစုထွေးဟာ ဗိုက်လည်း ပူရဲတယ်ဗျ။ ကလေးလည်း မွေးရဲတယ်ဗျလို့တောင် အော်လံကြီးနဲ့ အော်လိုက်ချင်သေး

“အို၊ ယောက်ျားယူလို့ ကလေးမွေးတာ ဆန်းသလား

“ဆန်းတော့ မဆန်းဘူးပေါ့၊ ဒါပေမယ့် အလှပျက်မှာ စိုးလို့ ကလေး မမွေးရဲဘဲ တားဆေးတွေ စားနေတဲ့ အချို့ မိန်းမ တွေလည်း ရှိသေးတော့ ကျုပ်ကတော့ ကျုပ်မိန်းမအတွက် ဂုဏ်ယူချင်တာပဲ

“ဘယ်သူကများ ကလေး မွေးရမှာ ကြောက်နေလို့တုံး

“အလှဘုရင်မ အိအိခင် လေဗျာ

စုထွေးသည် သက်ပြင်းလေး တစ်ချက် ရှိုက်မိသည်။ ခေတ္တ ခဏ မေ့သွားသော အိအိခင်ကို ပြန်၍ သတိရသည်။ ဒီနေ့ညတော့ သူတို့ အကြောင်းကိုသာ တွေးနေမိတော့ မည်လား မသိ။

တမာပန်းနံ့က ပျံ့ပျံ့သင်း နေသည်။ အစိမ်းရင့်ရောင် အရွက် ချွန်ချွန်လေးများ

ကလည်း လရောင်ဝယ် ပို၍ စိမ်းပြီး အရောင်လက် နေသည်။ စုထွေးသည် ညဥ့်လေအေးကို ရှိုက်ရင်း သူ့ခေါင်းထဲမှ အိအိခင်ကို မောင်းထုတ်လည်း ထွက်မသွားပေ။ အင်း … သိပ်လှတော့လဲ လှနေတဲ့ အလှလေး ပျက်မှာပေ့ါလေ ဟု တွေးနေမိသည်။

“စုထွေးကတော့ မလှဘူးပေ့ါနော် ကိုအောင်

“အင်း သူ့လောက်တော့ မလှဘူးပေ့ါ

အားငယ်စိတ် ကလေးနှင့် ပြောသော စုထွေး စကားကို ကိုအောင်က လွယ်လွယ်ကူကူပင် ထောက်ခံလေသည်။

“တကယ့် တကယ်က အိအိခင်က ကိုအောင့်ကို မမှတ်မိလို့ပါ။ ငယ်ငယ်တုန်းက သူနဲ့ တစ်ကျောင်းတည်း နေဖူးတယ်

“ဟင် … တကယ်

ကျေးတမာ ကန်ပေါင်ရိုးသို့ နှစ်ဦးသား လက်ချင်းတွဲကာ တက်လာခဲ့ ကြသည်။ စိမ်းလဲ့လဲ့ ရေပြင်သည် လရောင်ဝယ် တဖျပ်ဖျပ် လက်နေလေသည်။

ကိုအောင်က ရေပြင်ကို ငေးကြည့်ကာ ခေတ္တမျှ ငြိမ်နေသည်။

“သူ့အဖေ ကိုအောင်တို့ မြို့ကို ပြောင်းလာပြီး ကိုအောင်တို့ ကျောင်းကို သူ ရောက်လာတော့ ထုံးစံအတိုင်းပဲ ဆရာတွေ ဆရာမတွေက အစ သူ့ကို အရေးပေး ကြတာပေါ့။ အဲဒီတုန်းက ကိုအောင်က ကိုးတန်းမှာ သူ့ကိုလည်း ကိုအောင်တို့ အတန်းခွဲ ကိုပဲ ဆရာကြီးက ပို့ပေးတယ်။ ကိုအောင် မှတ်မိသေးတယ်။

အိအိခင်က ဆံပင်လေးကို နှစ်ဘက်ခွဲပြီး ဖဲကြိုး အစိမ်းလေးတွေနဲ့ စည်းထားတယ်၊ အင်္ကျီနဲ့ လုံချည်ကတော့ ကျောင်း ထုံးစံအတိုင်း အဖြူနဲ့ အစိမ်းပေါ့။ သူ့အရပ်ကလည်း မြင့်မြင့်၊ အသားလေးက ဖြူဖြူ မျက်နှာလေးကလည်း လှဆိုတော့ အဲဒီလို ရိုးရိုး ကျောင်းဝတ်စုံလေးနဲ့ ကိုပဲ သိပ်လှနေတာပဲ။ သူ့ အဖေက အရာရှိ ဆိုတော့ သူက မာနက ကြီးတာပေါ့။ မျက်နှာက မချို မပျော့ဘဲ ခပ်တည်တည်၊ ခပ်မော့မော့ရယ်။ ဒါပေမယ့် အဲဒီလို တင်းတာကိုက တစ်မျိုး ကြည့်ကောင်းပြီး တော်မျိုး လှနေတာ စုထွေးရဲ့

"ဒါနဲ့ ကိုအောင်က ကြိုက်သွားရောလား

"အင်း

"ဟောတော့

စုထွေးက နောက်ပြောင်ပြီး မေးလိုက်သော်လည်း ကိုအောင်က ခေါင်းညိတ် ဝန်ခံလေသည်။ စုထွေး၏ ရင်ထဲတွင် 'ဟာ'ခနဲ ဖြစ်သွားသည်။ ကိုအောင်သည် သူက လွဲပြီး အခြား မိန်းကလေး တစ်ဦးကို ကြိုက်ခဲ့ ချစ်ခဲ့ လိမ့်မည်ဟု သူ မတွေး မထင်ခဲ့မိပေ။

"ကိုအောင်က သူ့ကိုကြိုက်တာ မဟုတ်ဘူး စုထွေးရယ်။ သူ့အလှကို

ကြိုက်တာပါ

“အို … ဘာထူးလို့ လဲလို့

စုဆွေးက မကျေမနပ် ပြောမိသည်။ ဒီလိုနဲ့ပဲ ဝတ္ထုထဲက ဇာတ်လမ်း၊ ရုပ်ပြထဲက ဇာတ်လမ်းမျိုး စမှာပေါ့လေ။ ဟင်း အရာရှိကြီး သမီး ချောချော လှလှလေးက သူတို့ကျောင်း ရောက်လာ၊ စာတော်ပေမယ့် ဆင်းရဲတဲ့ ကောင်ကလေးက ကောင်မလေးကို စာသင်ပေး၊ အစပိုင်းတော့ ကောင်မလေးနဲ့ မတည့်ဘူးပေါ့။ ဘုနဲ့ ဘောက်နဲ့ ဖြစ်။ နောက်တော့ ကိစ္စတစ်ခုမှာ ကောင်ကလေးက ကောင်မလေး အတွက် အနစ်နာခံ၊ ကောင်မလေးက သိပ်သနား သွားတော့ နောက်တော့ သနားရာက ချစ်၊ ဟင်း … ရိုးနေပြီ၊ ရိုးနေပြီ ဟုလည်း မလိုတမာ ဆက်ပြီး တွေးလိုက်မိ လေသည်။ သို့သော် စုထွေး၏ အတွေးကို မသိသော ကိုအောင်က ကန်ရေပြင်ဝယ် အရိပ်ထင်နေသော လပြည့်ဝန်းကို ငေးကြည့်ရင်း ဆက်၍ ပြောပြသည်။

“အလှအပကို ခံစားတတ်တဲ့ ပုထုဇဉ် လူသားတွေပဲ စုထွေးရယ်။ သူက သိပ်လှတော့ အလှကြိုက်တဲ့ လူတွေက ကြိုက်တာပေါ့။ သူ ရောက်လာတော့ ကိုအောင်တို့ ကျောင်းသား လောကမှာ ရုတ်ရုတ်သဲသဲကို ဖြစ်လို့။ စာပေးတဲ့ လူကပေး၊ အိမ်ရှေ့သွားပြီး သီချင်းဆိုတဲ့ သူကဆို၊ အချင်းချင်း စောင်ပြီး ရန်ဖြစ်တဲ့ သူကဖြစ်၊ ဘာမှု မစရဲ၊ မပြောရဲလို့ အုံ့ပုန်းကြိတ်ပြီး ဆွေးတဲ့ လူကဆွေး

"ကိုအောင်ကရော၊ ကြိုက်ပြီး ဆွေးရောလား

"မဆွေးပါဘူး

"ဒါနဲ့ သူ့ကို ကြိုက်တယ်ဆို

"အင်းလေ

"ဒါဆို သူက ပြန်ကြိုက်လား

"ကြိုက်ဖို့ နေနေသာသာ ကိုအောင့်ကို သူနဲ့ တစ်တန်းတည်း နေခဲ့ဖူးတယ် လို့တောင် မမှတ်မိတာကို ကြည့်။ ကိုအောင်တို့ အတန်းမှာ လူက ငါးဆယ်ကျော်တယ်။ မိန်းကလေးက နည်းတယ်၊ ယောက်ျားလေးက များတယ်။ သူကလည်း မာနခဲ ဆိုတော့ တော်ရုံလူကို အရေးစိုက်တာ မဟုတ်ဘူး၊ ကိုအောင် ကလည်း စုထွေး သိတဲ့အတိုင်း ခပ်အေးအေး ခပ်ကုပ်ကုပ် နေတတ်တာ။ သူက အရှေ့ဆုံးတန်းမှာ ထိုင်၊ ကိုအောင်က နောက်ဆုံးတန်းမှာ ထိုင်၊ မျက်နှာချင်းတောင် တည့်တည့် ဆိုင်ဖူးတာ မဟုတ်။ နောက်ပြီး ကိုအောင်တို့ အခြေအနေကိုလည်း စုထွေး တွေးကြည့်ပေါ့။ အဖေက မမာ၊ အမေကလည်း ဘာမျှ မလုပ်တတ် မကိုင်တတ်နဲ့ စီးပွါးရေးက မပြေလည်၊

ဒီတော့ ကိုအောင့် ပုံစံကလည်း ခပ်နာနာ၊ ခပ်နွမ်းနွမ်းထဲက မဟုတ်လား။
အလိုလည်း ပြည့်ပြည့်ဖြိုးဖြိုး မဟုတ်ဘူး၊ ပိန်တာရိုးကလေး

မိုးပေါ်က လဝန်းက ငြိမ်နေသော်လည်း ရေကန်ထဲမှ လဝန်းက တရိပ်ရိပ် လှုပ်ရှား နေလေသည်။ ကိုအောင်က တည်ငြိမ် အေးဆေးစွာ ပြောနေသည်။ သို့သော် စုထွေး၏ ရင်ထဲမှာမူ တဖျပ်ဖျပ် လှုပ်ရှား နေလေသည်။ မနာလိုတာ မဟုဘ်ပါဘူး ဟု ထင်သော်လည်း အိအိခင် ဟူသည့် မိန်းမချောလေးကို မနာလို ဖြစ်မိသည်ကား အမှန်ပင်။ အလှအပကို ပိုင်ဆိုင်ခြင်းသည် အသည်းနှလုံးများကို သိမ်ကျုံး ရယူခြင်းနှင့် အတူတူပင် ဖြစ်တော့သည်။

“မမီတဲ့ ပန်းမို့လို့ ကိုအောင်က မလှမ်းခဲ့ဘူး ဆိုပါတော့

စုထွေးက ဝမ်းနည်းစွာ မေးမိသည်။ ကံကောင်းလိုက်တဲ့ အိအိခင်၊ အနိုင်ယူလိုက်တဲ့ အိအိခင်၊ ပထမဆုံး ငါ့ချစ်သူရဲ့ နှလုံးသားကို ယူသွားတယ်။ အခုတစ်ခါ ငါ့ယောက်ျားရဲ့ နှလုံးသား တစ်ပိုင်းတစ်စကို သူ ယူခဲ့ဖူးပြန်တယ် ဟု တွေးရင်း ပင့်သက်ရှိုက်မိသည်။ အိမ်ပြန်ရောက်၍ ဘုရားရှိခိုးလျှင် နိဗ္ဗာန် မဂ်ဖိုလ်ကို ရက်တိုတိုနှင့် ရောက်ရပါလို၏ ဟူသော ဆုတောင်းကို ခေတ္တဘေးဖယ် ထားပြီး-

“ဘဝဆက်တိုင်း ဥစ္စာဓန ကြွယ်ဝ ၍ သူမတူအောင် ချောမောလှပသူ ဖြစ်ရပါလို၏ ဘုရား ဟု အရင် ဆုတောင်းရတော့မည်

ထင်သည်။

"မီရင်လည်း မလှမ်းပါဘူး စုထွေးရယ်

"အံမယ်၊ ကြီးကျယ်လိုက်တာ

"ကြီးကျယ်တာ မဟုတ်ပါဘူး မိန်းမရဲ့

ကိုအောင်က ခပ်သဲ့သဲ့ ရယ်လေသည်။ မနာလိုစိတ်၊ အားငယ်စိတ်များနှင့် ညို့မှိုင်းနေသော စုထွေး၏ မျက်လုံးများကို အခုမှ အသေအချာ အကဲခတ်မိဟန် ရှိသည်။ တမာပင်အောက်တွင် အသာရပ်လိုက်ရင်း စုထွေး၏ ပခုံးကို ညှစ်၍ ကိုင်လိုက်သည်။

"သြော် စုထွေးက ကိုအောင်ပြောတာ နားမလည်ဘဲကိုး

"အို ဒီလောက် ရှင်းနေတာ နားမလည် ရအောင် စုထွေးက ကလေးမို့လို့လား။ နားလည်တာပေါ့။ သူ့ကို ကိုအောင်က ကြိုက်တယ်။ သူက ကိုအောင့်ကို မကြိုက်ဘူး။ အရေးတောင် မစိုက်ဘူး။ ဒီတော့ ကိုအောင့် အသည်းကြီး ဟက်တက် ကွဲခဲ့မှာပေါ့။ ဒါပဲ မဟုတ်လား

စုထွေး၏ စကား အဆုံးတွင် ကိုအောင်က အားရပါးရ ရယ်လေတော့သည်။

“ဪ စုထွေး ... စုထွေး၊ သူကလှလို့ ကိုအောင်က ကြိုက်တယ် ပြောတာပဲ၊ ချစ်တယ်လို့ ပြောတာမှ မဟုတ်ဘဲ စုထွေးရယ်။ ကိုအောင် ချစ်ခဲ့ဖူးတာက ဟောဒီက စုထွေး တစ်ယောက်တည်းပါ

စုထွေး၏ နဖူးပြင်နုနုကို ကိုအောင် အသာလေး နမ်းလိုက်သည်၊ ခုနတုန်းက မနာလိုစိတ်၊ အားငယ်စိတ်တွေ တက်လာသော စုထွေး၏ စိတ်သည်လည်း ချက်ချင်း အနည်ထိုင် သွားသည်။

“ဒါကြောင့်မို့လို့ မိန်းမတွေက အူတိုတယ် ပြောတာ။ တိုလည်း တကယ်ကို တိုတာဗျ။ သူ့တုန်းကတော့ ကျွန်မ အသည်းနစ်အောင် ချစ်ခဲ့ရတဲ့ ချစ်သူတစ်ယောက် ရှိခဲ့ဖူးတယ်၊ ကိုအောင်ညွှန့်ကို ကျွန်မ အခုတော့ မချစ်သေးဘူး။ ဒါပေမယ့် တစ်ချိန်ချိန် မှာတော့ ချစ်လာချင် ချစ်လာမယ် ထင်ပါတယ်လို့ ခပ်တည်တည်ကြီး ပြောခဲ့ပြီးတော့ အခု သူ့အလှည့်ကျတော့ တို့ကို ထရိုက်တော့ မလိုပဲ

“အို ... ဘယ်မှာ ရိုက်လို့လဲ

စုထွေးက ရှက်စနိုး ရယ်မိသည်။ ရပါတယ် စုထွေးရယ်၊ ကျွန်တော့်ကို မချစ်ချင်သေးရင်လဲ ရပါတယ်။ ဒါပေမယ့် ကျွန်တော့် မေတ္တာကိုတော့ လက်ခံထားပါ ဟု နားလည် ခွင့်လွှတ်စွာ ပြောသော သူ့စကားကို ကြားယောင်လာမိသည်။

ရှင်းရှင်း ပြောရလျှင် အမေက မောင်အောင်ညွန့်လေးက မဆိုးရှာပါဘူး သမီးရယ်။ အမေတော့ သူနဲ့ သဘောတူတယ်။ ပပလွှားလွှား၊ မော်မော်ကြွားကြွားလည်း လုံးဝ မရှိဘူး။ အမေရော မခင်နွယ်ရော သားသမီး ပညာရေးကို ရှိရှိသမျှ ပစည်းတွေနဲ့ လဲခဲ့ကြရတာ။ နှစ်ယောက်စလုံး ခရုအဆံကျွတ်ပဲ။ သမီးတို့လည်း ပညာစုံရော ရှိတဲ့ ပစ္စည်းလည်း ကုန်ရော ဟု ပြောတော့ စုထွေးက ဒါဆိုရင် အမေက နူတ်ခမ်းပဲ့ချင်း မီးမှုတ်မလို့ပေါ့ ဟု မျက်ရည် အဝဲသားနှင့် ပြောသေးသည်။ အမေက သူ့ကို စူးစူးရဲရဲ စိုက်ကြည့်ကာ အေး ... နူတ်ခမ်းပဲ့ချင်း တူရင်တော့ သူက ဆရာဝန်၊ ဆရာဝန်ဆိုတာ ချိုကျိုးကျိုး၊ နားရွက်ပဲ့ပဲ့၊ နှာခေါင်းပွန်းပွန်း မိန်းမ တစ်ယောက်တော့ မရှားဘူးအေ့ ဟု ခပ်ပြတ်ပြတ် ပြောခဲ့လေသည်။ စဉ်းစားကြည့် တော့လည်း ဟုတ်သားပင်။ ဆရာဝန်၊ သဘောသားနှင့် အင်ဂျင်နီယာ ဟူသည်မှာ လူကြိုက်များသော ကုန်တစ်ခုပင် ဖြစ်သည်။ သူ့အထာနှင့် သူတော့ ဝယ်လိုသူက အနည်းနှင့် အများ ရှိနေတတ်သည်ပင်။ “အမေတို့ ပေးလိုက်တဲ့ ပညာလေးတွေ ပိုက်ပြီး ရှေ့ဆက်မယ့် ဘဝကို လက်ချင်း တွဲလျှောက် စေချင်တယ် ဟု အမေက ဆက်ပြောတော့ စုထွေး ချက်ချင်း ခေါင်း မညိတ်မိပေ။ ကိုအောင့်ကို အထင်တကြီးလည်း မရှိသေးသောကြောင့် ဖြစ်လေသည်။ ကိုအောင်နှင့် နှစ်ဦးချင်း တွေ့ပြီး “အမေတို့ကတော့ သည်လို သည်လိုပဲ ကျွန်တော်ကလည်း စုထွေးကို

ချစ်တယ်  ဟု ပြောတော့  ဘာလို့ ချစ်တာလဲဟင်  ဟု မေးမိသေးသည်။ သူ့အကြောင်းကိုလည်း ဖွင့်ပြောခဲ့သည်။

"စုထွေး မျက်နှာက ကျွန်တော်နဲ့ တွေ့ရင် ခပ်တင်းတင်းမို့ အစောပိုင်းက အမြင်တောင် ကပ်မိပါသေးတယ်။ ဒါပေမယ့် ဟိုတစ်ခါတုန်းက ကလေးတွေကို စာသင်နေတာ မြင်တော့ ဩော် ... သူ့မျက်နှာလေးက အတော်ချိုပြီး အတော်ပျော့ ပါလားလို့ သတိထားမိ လာတယ်။ ဒါကြောင့် စုထွေးရဲ့ ကျောင်းနားကို ကျွန်တော် ခဏခဏ ရောက်တယ်။ ကျောင်းရှေ့က လက်ဖက်ရည် ဆိုင်မှာ ထိုင်ရင်း စုထွေးကို ကြည့်နေမိတယ်။ ကလေးတွေကို စိတ်ပါလက်ပါ စာသင်တာ၊ ဆုံးမတာ၊ စာအုပ် မဝယ်နိုင်တဲ့ ကလေးတွေကို အိတ်ထဲက စိုက်ပြီး ဝယ်ပေးတာ၊ ကိုယ့်ဟာကိုယ် ကျတော့ ကျောင်းလုံချည် အစိမ်းလေး တစ်ထည်တောင် ချက်ချင်း ထပ်မဝယ်နိုင်ဘဲ အိမ်ရောက်ရင် ချွတ်ပြီး မွေ့ရာအောက် ဖိအိပ်၊ နောက်တစ်နေ့မှာ ပြန်ဝတ်၊ တစ်ခါတလေ မိုးစို ပြန်တော့လဲ အစိုကြီးကို ခြောက်အောင် အတင်း မီးပူတိုက်ပြီး ဝတ်။ တစ်ခါတုန်းက ခပ်စိုစို ခပ်ထိုင်းထိုင်း ထဘီကြီး ဝတ်သွားပြီး အအေးမိ၊ နာတွေ စေးတာရော၊ ထဘီဖိုး ပြည့်ခါနီးရင် ကျောင်းသားတွေ အတွက် စိုက်လိုက်ရင်းနဲ့ ငါးလလောက် နေမှ ထဘီဝယ် ဖြစ်တာတွေရော ကျွန်တော် အကုန်သိတာပေါ့။ အဲဒါတွေကို သိလို့လည်း ချစ်တာပဲ ထင်ပါရဲ့  ဟု ခပ်ရိုးရိုးပင် ပြောလေသည်။

စုထွေးသည် သူ့ကိုယ်သူ မှန်ထဲတွင် ကြည့်ရင်း  ဩော် ... ငါ့ကို ချောလို့လည်း မဟုတ်၊ လှလို့လည်း မဟုတ်၊ ထဘီ မဝယ်လို့ ချစ်တာတဲ့  ဟု ရယ်ချင်ငိုချင်နှင့် တွေးခဲ့မိသေးသည်။ သို့သော် သူ့အလှည့် ကျတော့လည်း ကိုအောင့်လိုပင်

ဖြစ်သည်။ သူငယ်ချင်း တစ်ဦး၏ မိခင် ဆေးရုံတက် နေရသည်ကို သတင်း သွားမေးရင်း ဆေးရုံကြီးကို မျှော်လင့်ဘဲ ရောက်သည်။ သူငယ်ချင်း၏ မိခင်က "ဒီအဆောင်က အလုပ်သင် ဆရာဝန်လေးက စေတနာ ကောင်းလိုက်တာကွယ်၊ တကယ့်ကို ကိုယ်ဖိရင်ဖိပဲ ဟု ပြောသည်။ ဘေးခုတင်မှ လူနာကလည်း ချီးကျူး ကြလေသည်။ ဒီဆရာဝန် ကတော့ ရှားပါတယ်ကွယ်။ သူ့ကို စားစရာ၊ သောက်စရာ လက်ဆောင် ပေးလည်း မရှိတဲ့ လူနာကို သွားကျွေးပစ်တာပဲ။ ရောဂါအကြောင်း မေးရင်လည်း စိတ်ရှည်ရှည် ထားပြီး ရှင်းပြတယ်။ သဘောကောင်း လိုက်တာလည်း လွန်ရော။ ဒီလို သားမျိုးလေး မွေးရတဲ့ အမေတော့ မွေးရကျိုး နပ်လိုက်တာနော် ဟု ပြောနေကြဆဲ လူသွားစင်္ကြံမှ ဖြတ်သွားသော ကိုအောင့်ကို တွေ့ရသည်။ "အဲဒီမှာ ... အဲဒီမှာ ... အဲဒီ ဆရာဝန်လေးပေါ့။ အမေတို့မှာ သူ့မျက်နှာလေး မြင်လိုက်ရင်ပဲ အားကိုတက်ပြီး ရောဂါ သက်သာ သလိုပဲ ဟု ပြောသည်။ မန်ကျည်းကွက်စိပ် လုံချည်ပေါ်တွင် ဂျူတီကုတ် ဖားဖားကို ဝတ်ထားသော ကိုအောင့်ကို စုထွေးသည် ပထမဆုံး အကြိမ် အထင်တကြီး လှမ်းကြည့်မိသည်။ သူများ ဆရာဝန်တွေလို ရှုံးမကျလိုက်တာ၊ တုံးလိုက်တဲ့ပုံ ဟု မတွေးမိတော့။ အရေပြား အပေါ်ကိုသာ မြင်တတ်သော မျက်စိသည် အရေပြား အတွင်းသို့ ရုတ်တရက် လှမ်းမြင်လိုက် ရသောကြောင့် ဖြစ်လေသည်။ နောက်တစ်နေ့ ညနေ ကိုအောင့်ကို မြင်တော့ စုထွေးသည် ကိုအောင်၏ မျက်လုံးများကို စူးစိုက် ကြည့်ကာ ရင်ထဲတွင် နွေးလာသည်။ ထို့နောက် ကိုအောင့်ကို စုထွေး ချစ်ပါတယ် ဟူသော စကားကို တိုးတိုးလေး ပြောဖြစ်ခဲ့ လေသည်။

"အူတိုတာ ချစ်လို့ပေါ့ ကိုအောင်ရယ်

စုထွေးက ကိုအောင်၏ လက်မောင်းကို မှီရင်း ပြောတော့ ကိုအောင်က ခပ်သဲ့သဲ့ ရယ်လေသည်။ အကိုင်းနိမ့်နိမ့် ကိုင်းမှ တမာပွင့်၊ တမာခက်လေးများကို လှမ်းချိုးပြီး လက်ထဲတွင် လှုပ်ကစား နေသည်။ ထိုနောက် စုထွေးကို အသာအယာ ဖက်ရင်း ပြောသည်။

"ကိုအောင် ကတော့ အူမတိုတာ ချစ်လို့ပါ စုထွေးရယ်

## လှ၍ မလှသူနှင့် မလှ၍ လှသူ (မစန္ဒာ) အပိုင်း ၂

--------------------------------------------------

"ဒုန်း

အိအိခင်က တံခါးကို အသံမြည်အောင် ဆောင့်၍ ဖွင့်လိုက်သည်။ ထို့နောက် သူ စိတ်ကောက်လျှင် ပြုနေကျအတိုင်း ဖိနပ်ကို ကန်၍ ချွတ်လိုက်သည်။

"အိခင် စိတ်ကောက်လာ ပြန်ပြီလား

"ထုံးစံ အတိုင်းပေါ့ ခင်ဗျာ

“သူကတော့ အခုထိကို ကလေးစိတ် မပျောက်သေးဘူး မောင်စိုးနိုင်ရေ

ရုပ်ပြ ဖတ်နေသော အပိုျကြီး နှစ်ဦးက သူတို့ တူမကို ချစ်စနိုးနှင့် ပြုံး၍ ကြည့်လေသည်။ ထိုအခါကျမှ အိအိခင်က ပိုကဲလာသည်။ နှုတ်ခမ်း ပိုစူပြီး မျက်မှောင် ပို၍ ကျုတ်လာသည်။ ခြေထောက်ကို အသံမြည်အောင် ဆောင့်နင်းရင်း အခန်းထဲ ဝင်သွားသည်။

“ဘာဖြစ် လာလို့လဲ

“ဒေါက်တာ အောင်ညွှန့် ကတော်ကို သူ့ထက် ပိုငယ်မယ် ထင်တယ်လို့ ပြောလိုက်မိလို့ပါ ခင်ဗျာ

အိအိခင် ကန်၍ ချွတ်သွားသဖြင့် ကျွမ်းထိုးမှောက်ခုန် ဖြစ်နေသော ဖိနပ်လေး နှစ်ဘက်ကို ကြည့်ရင်း သူက ခပ်ငေါ့ငေါ့ ဖြေမိသည်။  သြော် ... ဒီကောင်မလေး ဟာလေ တကယ့်ကို ကလေးဆန်တယ်။ ဒါကြောင့် အန်တီတို့က စိတ်မချတာ  ဟူသော ရွတ်နေကျ ဂါထာကို ရွတ်သံ ကြားရသည်။

အိအိခင်၏ အထိန်းတော် ဖြစ်သော အဒေါ် အပိုျကြီး နှစ်ဦးသည် အိအိခင်ကို သဲသဲလှုပ်အောင် ချစ်ကြလေသည်။ အိအိခင် အပိုျဘဝကမှု  ဒီ တူမလေး

အိမ်ထောင်ရက်သား ကျပြီး အတည်တကျ ဖြစ်ပြီးရင် အန်တီတို့ နှစ်ယောက်လည်း စစ်ကိုင်းချောင် သွားပြီး တရားအားထုတ် ကြတော့မလို့ ဟူသော စကားကို တွင်တွင်ပြော လေသည်။ ဒီတူမလေး သံယောဇဉ်နဲ့ သူ့အဒေါ် နှစ်ယောက်လဲ ဥပုသ်တောင် ဖြောင့်အောင် စောင့်နိုင်တာ မဟုတ်ဘူး။ အဒေါ်တွေ ကလည်း သဲသဲ၊ တူမကလည်း ကဲကဲ ဟု အိအိခင်၏ အမေက ပြောခဲ့ဖူးသည်။

"သဲတာကတော့ ပြောမနေနဲ့၊ ခုထက်ထိပဲ။ ကြည့်ပါလား ကြီးတောင်ကြီးမား အရွယ်ကြီးနဲ့ အားတိုင်း စိတ်ကောက်နေတာ၊ ကလေးလေးလိုပဲ ဆိုတာကိုသာ ထပ်တလဲလဲ ရွတ်နေတော့တာပဲ။ ဒီလို ဆုံးမပုံမျိုးနဲ့ ဟိုက လူကြီးဆန်လာ ပါလိမ့်မယ် အားကြီး။ ပြောလိုက်ပါလား ဟဲ့ ... အရူးမ၊ အရူးထ မနေစမ်းနဲ့ လို့ ပြောပါလား။ ယောကျ်ားဆိုတာ မရခင်သာ ချော့ချင်တာ။ ရပြီးရင် တယ်ချော့ချင်တာ မဟုတ်ဘူး။ ညည်း ဒီလို ကြပ်ကြပ်လုပ်၊ ဟိုက အသစ်ရှာ သွားလိမ့်မယ် လို့ ခြောက်ပါလား။ ဟွန်း ... ခုတော့ တစ်ခါလာလဲ သည်းခံပါ ငဲ့ါတူရယ်။ နောက်တစ်ခါ လာလဲ အိခင်က ကလေးဆန်တယ်ကွယ်၊ ဒါနဲ့ပဲ ပြီးနေတာ

သူက တွေးမိသည်။ တကယ့် တကယ်တော့ ဒီအပျိုကြီး နှစ်ဦးကြောင့် အိအိခင် ပိုပြီး ဆိုးနေခြင်း ဖြစ်သည်။ တူမလေး အိမ်ထောင်ကျချင် စစ်ကိုင်းချောင်မှာ တရား အားထုတ်မယ် ဟု တွင်တွင်ပြောခဲ့သော သူတို့ နှစ်ယောက်သည် အိအိခင်နှင့် သူနှင့် လက်ထပ်ပြီးတော့ တူမလေးက ကလေးလိုပဲကွယ်၊ စိတ်မချဘူး ဟူသော ဂါထာကို ပြောင်း၍ ရွတ်ကာ သူ့နောက်သို့ တန်းလန်း

တန်းလန်းနှင့် ပါလာလေသည်။ ခုအချိန် အထိ ပုတီးတစ်ပတ် ပြည့်အောင် စိပ်သည်ကို လည်းကောင်း၊ တရား ထိုင်သည်ကို လည်းကောင်း တစ်ခါမျှ မမြင်ဖူးသေးပေ။ အားလျှင် ရုပ်ပြဖတ်လိုက်၊ အိမ်လည်လိုက်၊ သတင်းတွေ အတင်းတွေ စုဆောင်းလိုက်၊ အိမ်တွင်ပြန်ပြီး ဖောက်သည်ချလိုက်နှင့် အပျော်ကြီး ပျော်နေကြသည်။ စစ်ကိုင်းချောင်သို့ သွားဖို့ကိုကား လေသံပင် မဟကြသေးချေ။ ဒီတစ်သက်လည်း သွားဖြစ်ကြ လိမ့်မည် မထင်။

"ဒုန်း

အိအိခင်က ဗီရိုတံခါးကို ဆောင့်၍ ပိတ်လိုက်သည်။ သူက သက်ပြင်းချလိုက်သည်။ စိတ်ထဲတွင် ချော့ချင်စိတ် လုံးဝ မရှိပေ။ အိခင် ကလဲကွယ်၊ မောင်က စတာကိုများ လာလာ၊ မကျေနပ်ရင် မောင့်ပါးကို အိခင့်နှာခေါင်းနဲ့ ထုလှည့် ဟု အခါတိုင်း ပြောနေကျ အပြောင်အပြက် စကားများကိုလည်း ပြောချင်စိတ် မရှိပေ။ ကယုကယင် ချော့ရန်ကို အလိုလိုပင် ပင်ပန်းပြီး ဝန်လေးနေသည်။

"ဒုန်း

အိအိခင်က ရေချိုးခန်း တံခါးကို အသံမြည်အောင် ဆောင့်၍ ပိတ်ပြန်သည်။ သူကလည်း သက်ပြင်းချမိ ပြန်သည်။

“အင်း၊ ကျေးတမာ ကန်ဘေးမှာ လရောင်ကို လင်းနေမှာပဲ။ ဘယ်လောက် သာယာမလဲ မသိဘူး

သူက နေရာမှထကာ ပြတင်းပေါက်ဆီသို့ လျှောက်လာခဲ့သည်။ လပြည့်ဝန်းကို မော်၍ ကြည့်မိသည်။

“အင်း၊ စုထွေးတို့ လင်မယားတော့ ကန်ပေါင်မှာ လမ်းလျှောက် နေကြမှာပဲ

အိမ်ရှေ့က မန်ကျည်းပင်ကြီးက လရောင်ဝယ် ငြိမ်ငြိမ်သက်သက်နှင့် အထီးတည်း ရပ်နေသည်။ လေကလည်း ငြိမ်နေတော့ အရွက်ကလေး တစ်ရွက်တလေပင် လှုပ်ခတ်နေပုံ မရ။

“အင်း အိခင်နဲ့ ငါ့ကို 'နေနဲ့လ ရွှေနဲ့မြ' လို လိုက်ဖက်တယ်လို့ ပြောကြတယ်။ ရွှေနဲ့မြ ကတော့ ထားပါတော့။ နေနဲ့လ ကတော့ ဘယ်လိုလုပ်ပြီး လိုက်ဖက် နေကြတာလဲ။ နေထွက်ရင် လဝင်၊ လထွက်ပြန်တော့ နေဝင်နဲ့ နေ့ဘုရင်နဲ့ ညဘုရင် တစ်ယောက်နဲ့ တစ်ယောက် ဆုံလို့မှ မဖြစ်ဘဲ၊ ဘယ်လိုလုပ်ပြီး လိုက်ဖက် နိုင်မှာလဲ။ တစ်ယောက် လာရင် တစ်ယောက် ပြေးနေတာ၊ နေနဲ့လလိုသာ ဆိုရင် ငါတို့နှစ်ယောက် မြဲမှ မြဲပါ့မလား မသိဘူး

သူက သက်ပြင်း ရှိုက်မိပြန်သည်။ တကယ့် တကယ်တော့ အိအိခင်ကို လှတာ တစ်ခုကလွဲပြီး သူ ဘာကိုမျှ မကြိုက်ခဲ့ပေ။ အပျင်းထူသော၊ စိတ်ကောက်တတ်သော၊ ကလေးဆန်သော၊ အနိုင်ယူချင်သော တစ်ကိုယ်ကောင်း ဆန်သော အမူအကျင့် ကလေးများ ကလည်း ကြိုက်ချင်စရာ မကောင်းလှပေ။

"ဒါတွေကိုလည်း ငါအရင် ကတည်းက သိသားပဲ။ ဒါပေမယ့် သူလှတာလေးက အဲဒီဟာတွေ အကုန်ကို ဖုံးပစ်လိုက်တယ်။ သကြားအုပ်ထားတဲ့ ဆေးလုံးလို ဖြစ်သွားတယ်

"ဒုန်း

အိအိခင်က မှန်တင်ခုံ အံဆွဲကို ဆောင့်၍ ပိတ်ပြန်လေသည်။ အချော့ ခံချင်သူနှင့် မချော့ချင်သူ တို့တော့ တွေ့နေကြပေပြီ။ သူ မချော့လေ၊ အိအိခင်က ပိုပြီး စိတ်ဆိုးလေနှင့် သံသရာတော့ လည်တော့မည် ထင်သည်။

"ဒုန်း

အိအိခင်က သနပ်ခါးတုံးကို ကန်ပစ်လိုက် ပြန်သည်။  သွား ချော့လိုက်ပါဦး မောင်စိုးနိုင်ရယ်  ဟူသော သဘောနှင့် ကြည့်ကွက် ကြည့်ကွက်

လုပ်နေကြသော အဒေါ် အပိုကြီး နှစ်ဦးကို မသိကျိုးကျွံ ပြုရင်း သူက လဝန်းကိုသာ ငေးကြည့် နေမိသည်။ သူ့ ရည်းစားဟောင်းတွေ အကုန်လုံးကို သတိရသည်။ ထို့နောက် စုထွေးကို သတိရသည်။ မည်သည့် ရည်းစားနှင့် ရရ၊ အိအိခင် လောက်တော့ မည်သူမျှ စိတ်ကောက် တတ်လိမ့်မည် မထင်။ ထို့ပြင် အသားဖြူဖြူ လက်ပြင် ကိုင်းကိုင်းနှင့် ဖိုးအောက်ကြီး တွေလို လမ်းလျှောက်တတ်သော ဇီဇာကျယ်ကျယ် အပိုကြီးကို နှစ်ယောက်ကိုလည်း အဆစ်ရလိမ့်မည် မထင်။

“ခံပေါ့ စိုးနိုင်ရယ်။ မင်းက ရည်းစားတွေ တစ်ပုံတစ်ခေါင်းကြီး ကြားထဲက သူ့ကိုမှ ဆန်ကာတင် ရွေးခဲ့မိတာ မဟုတ်လား။ မင်းအပြစ်နဲ့မင်း ခံပေါ့၊ အရေပြား တစ်ထောက်ပေါ်က အလှကလေးကို မင်းက မက်ခဲ့တော့ စိတ်ကောက်လည်းခံ၊ စိတ်ဆိုးလည်းခံ၊ ကလေး မယူချင်ဘူး ဆိုတော့လည်း မယူရုံ မရရုံပေါ့။ မင်းကြိုက်လို့ မင်းယူခဲ့တဲ့ မိန်းမပဲ

“ဒုန်း

အိအိခင်က မှန်တင်ခုံပေါ်မှ ပစ္စည်းများကို လွှင့်ပစ် နေချေပြီ ဖြစ်သည်။ သူက “ဟူး  ခနဲ သက်ပြင်းချကာ ပြတင်းပေါက်မှ ခွါသည်။  ချော့လိုက် ပါဦးကွယ် ဟု အဒေါ် အကြီးက ဆီးပြောသည်။  အလကား ကလေးဆန် နေတာကွယ် ဟု အဒေါ် အငယ်က အပြုံးနှင့် နှစ်သိမ့်သည်။

"အံမာ၊ ဝေးပါသေးတယ်။ ခင်ဗျားတို့ တူမကို ချော့မယ် ထင်လို့လား။ ဟင်း ... မချော့သေးဘူး၊ မှတ်ထား

သူက စိတ်ထဲမှ ပြောရင်း ခုနကတုန်းက ချွတ်ထားခဲ့သော ဖိနပ်ကို ပြန်၍စီးသည်။ ထို့နောက် အိမ်ပြင်သို့ ထွက်လာခဲ့သည်။ အိမ်ပြင် ရောက်သော အခါမှ  ကန်ပေါင်မှာ လမ်းလျှောက် လိုက်ဦးမယ်  ဟု အော်ခဲ့သည်။

အိအိခင်က အိပ်ခန်း ပြတင်းပေါက်တွင် ရပ်ကြည့်နေပြီး တံခါးကို အသံမြည်အောင် ဆောင့်၍ ပိတ်လိုက်ပြန်သည်။

"ဒုန်း

* * *

အိအိခင်သည် အိပ်ရာထဲမှ ခေါင်းအုံးကို ဆွဲပြီး လွှင့်ပစ်မိ ပြန်သည်။ ဝမ်းနည်းစိတ်နှင့် ဒေါသစိတ် နှစ်ခုက သူ့ရင်ထဲတွင် လက်ချင်းတွဲပြီး ကခုန် နေကြလေသည်။ နည်းနည်းမျှ မကျေနပ်။

"ကြည့်၊ အပြင်ကို ထွက်သွားတယ်။ ဟင်း၊ ဒါ သက်သက် အရွဲ့တိုက်တာ။

ခုတလော ဘယ်လို ဖြစ်နေမှန်း မသိဘူး။ ငါ့ကို အရင်တုန်းကလို အရေးမစိုက်တော့ဘူး

အိအိခင်က မှန်တင်ခုံ ရှေ့တွင် ထိုင်မိသည်။ သူ့ကိုယ်သူ မှန်ထဲတွင် ကြည့်မိသည်။ ဘာတစ်ခုမျှ လျော့နည်းခြင်း မရှိသေး။ ဆံပင်တိုတွေ ခေတ်စား၍ ဆံပင်တို ဖြတ်လိုက်တော့ အပျိုတုန်းက ထက်ပင် ပိုပြီး နုနေသေးသည်ဟု ပြောကြသည်။ ဆံပင်တိုလေးနှင့်၊ မျက်လုံးဝိုင်း ကလေးနှင့် ပါးပြည့်ပြည့် လေးနှင့်၊ နှာတံ သွယ်သွယ်လေးနှင့် နှုတ်ခမ်း စူစူလေးနှင့် သူ့မျက်နှာသည် ယခင်တုန်းက လိုပင် လှပဆဲ ဖြစ်လေသည်။

"အင်မတန်ကို ပွေချင်တာ၊ ရှုပ်ချင်တာ။ ငါနဲ့ မရခင်ကလဲ ရည်းစားတွေ မှိုလိုပေါက် နေတာ။ ဟင်း၊ ဝါသနာဟောင်းက ပြန်ကြွလာပြီ ထင်တယ်။ အချိုးကိုက တစ်မျိုး

ကြမ်းပြင်ပေါ် လွှင့်ပစ်ထားသော ဘီးကို ကောက်ပြီး ခေါင်းဖြီးသည်။ အခန်းထဲ ဝင်လာသော အန်တီကြီးနှင့် အန်တီလေးကို မှန်ထဲမှတစ်ဆင့် မြင်ရသည်။ အိအိခင်၏ နှုတ်ခမ်းက ပို၍ စူသွားသည်။

"သမီး၊ ထမင်းစားဦးမလား

အိအိခင် ခေါင်းယမ်းပြ လိုက်သည်။

“မောင်စိုးနိုင်နဲ့ ဘာဖြစ်ကြတာတုံး

အိအိခင် ခေါင်းယမ်း ပြလိုက်ပြန်သည်။ ဟိုမိန်းမကို အိထက် ငယ်မယ်ထင်တယ် ပြောလို့ စိတ်ကောက်တာ ဟု ပြောရလျှင်လည်း ရယ်စရာမို့ ပြောမပြချင်။ တကယ့်တကယ် တော့လည်း ဒါကြောင့် စိတ်ကောက်သည်တော့ မဟုတ်။ အိအိခင်က အချော့ကြိုက်သည်။ ထို့ကြောင့် စိတ်ကောက်စရာကို ရှာကာ နှုတ်ခမ်းစူ တတ်သည်။ ချော့လိုက်လျှင်လည်း ပြီးသွားသည်ပင်။ အခုဟာက အချော့ကြိုက်မှန်း သိလျက်နှင့်၊ အချော့ခံချင်မှန်း သိလျက်နှင့် မချော့သည်ကို စိတ်ဆိုးခြင်း ဖြစ်သည်။ သူက မချော့လို့ စိတ်ဆိုးတာ ဟု အမှန်အတိုင်း ပြောရအောင်လည်း ပို၍ပင် ပြုံးချင်စရာ ဖြစ်တော့မည်။ ဒါကြောင့် မပြောချင်။ အိအိခင်သည် ကလေးဆန် သော်လည်း ဒီလောက်တော့ နားလည်သည်။

“ကော်ဖီလေး သောက်လိုက်ပါလား သမီး

အန်တီလေးက ပြောသည်။

“ပူတင်းလေး ဖုတ်ထားတာ ရှိတယ်။ ကောင်းက ကောင်းသနဲ့

အန်တီကြီးက ပြောသည်။

အဒေါ် နှစ်ဦးက အိအိခင်ကို ငါးနှစ် သမီးလေးလို ချော့နေကြသည်။ ချော့စေချင်သူက မချော့ဘဲ မချော့စေချင်သူက ချော့နေကြတော့ အိအိခင် ပိုပြီး စိတ်တိုလာသည်။ မျက်ရည် ဝဲပြီး ငိုချင်လာသည်။

"အရင်တုန်းကများ ငါ နည်းနည်း စိတ်ဆိုးရင် သူ့မှာ ပျာနေတာပဲ။ ခုတလောတော့ အချိုးကိုက ပြောင်းလာတယ်။ အရင်လို မဟုတ်တော့ဘူး။ အလှူအိမ်မှာ ငါဘာမျှ မစားတာ သိသားနဲ့ စားလိုက်ပါဦး တစ်ခွန်း မပြောဘူး။ သူ့ ဗိုက်ထဲကိုပဲ သူ့ဟာသူ ဖိသိပ် ထည့်နေတာပဲ။ ဒီကြားထဲ လေဒီဒိုင်ယာနာ ဆံပင်လေးနဲ့ နသည်ထက်နှ၊ ငယ်သည်ထက် ငယ်အောင် ပြင်ထားတာတဲ့။ ငေါ့တော့တော့ ပြောသေးတယ်။ လှလိုက်တာကွယ် ၊ ချောလိုက်တာကွယ် ၊ "ရုံးက ပြန်လာရင် အမောကို ပြေသွားတာပဲ ၊ တစ်နေ့လုံး ထိုင်ကြည့် နေချင်တယ် ဆိုတာတွေ မေ့နေပြီ ထင်တယ် ဟင်း ..."

အိအိခင်က မှန်ထဲမှ သူ့ အရိပ်ကို အံကြိတ်ပြီး ကြည့်မိသည်။ ငါ အရွယ် မကျသေး ပါဘူး၊ အလှလည်း မပျက်သေး ပါဘူး၊ အရင်တုန်းကလို လှနေတုန်း ပါပဲ။ ဒါပေမယ့် သူက အရင်တုန်းကလို မဟုတ်တော့ဘူး။ ငါပြောင်းလဲတာ မဟုတ်ဘူး၊ သူက ပြောင်းလဲသွားတာ

ချောမောလှသော မိန်းကလေးတို့၏ ထုံးစံ အတိုင်းပင် အိအိခင်သည် သူ၏ အလှကို အလွန်ကိုးစား လေသည်။ အလှပျက်မှာလည်း အလွန်ကြောက်သည်။ သမီးရည်းစား ဘဝတွင် ချစ်သူကို ဆွဲငင်ရာ၌ အလှအပသည် အရေးအကြီးဆုံး ဖြစ်သည်ဟု သူနားလည်သည်။ အိမ်ထောင်သည် ဘဝ၌လည်း ယောက်ျားကို ဆွဲငင် ထိန်းသိမ်းရာတွင် အလှသည် အရေးအကြီးဆုံး ဖြစ်လိမ့်မည် ဟုပင် ထင်ထားခဲ့ လေသည်။ ယောက်ျားများ အလှမက်သလို အိအိခင် ကလည်း သူ့အလှေကိုသူ မက်သည်၊ သူ့အလှတွင် သူ့ဟာသူ သာယာသည်။

“ဒါတောင် ငါက ကလေးအမေ ဖြစ်သေးတာ မဟုတ်ဘူး။ ပုံပျက်ပန်းပျက် ဖြစ်နေသေးတာ မဟုတ်ဘူး။ မသိတဲ့ လူတွေက အိမ်ထောင် ရှိတယ်တောင် ထင်တာ မဟုတ်ဘူး

အိအိခင်က မာနနှင့် တွေးသည်။ သူ့ယောက်ျား အလှကြိုက်မှန်း သူ အသေအချာ သိသည်။ ကိုကိုနိုင် ဟူ၍ တစ်မျိုး၊ ကိုကိုစိုး ဟူ၍ တစ်ဖုံ၊ မိန်းကလေး လောကတွင် ရေပန်းစား လှသော ရုပ်ချော သဘောကောင်း၊ အပြောကောင်း လှသောသူ၊ အသည်းစားဘုရင် ဟု ကျော်ကြား လှသောသူ၊ ထိုသူသည် အိအိခင်နှင့် တွေ့တော့ အရှုံးအမှူး ဖြစ်ခဲ့သည်။ သူ့ အသားလေး ဖြူပြီး ဝင်းနေသောကြောင့်၊ သူ့မျက်ခုံးလေး သွယ်ပြီး တန်းနေသောကြောင့်၊ သူ့မျက်လုံးလေး ကျယ်ပြီး ဝိုင်းသောကြောင့်၊ သူ့ကိုယ်လုံးလေး တောင့်တင်းပြီး လှသောကြောင့်လည်း ထိုသို့ အရှုံးအမှူး ဖြစ်ခဲ့ခြင်း ဖြစ်ကြောင်းကို အိအိခင် နားလည်လေသည်။ အရွယ်ရောက် ကတည်းက လိုချင်သူတွေ

ဝိုင်းဝိုင်းလည်ကာ မာနတွေ ခေါင်ခိုက် နေခဲ့သော အိအိခင်ကလည်း သူနှင့် တွေ့ခါမှ အိမ်ထောင်ပြုရန် စဉ်းစားခဲ့သည်။ မိန်းကလေးတွေ ဝိုင်းနေသော သူ့ကို ရယူလိုခဲ့သည်။ သူ့အပြော၊ သူ့အချော့တို့တွင် ညွတ်နူး သာယာခဲ့လေသည်။

"သူ ဒီလို အချိုး ပြောင်းပုံမျိုးနဲ့သာ ဆိုရင် သားတွဲလောင်း၊ သမီးတွဲလောင်း၊ ထဘီမနိုင်၊ ပဝါမနိုင် ဆိုတာမျိုးဆိုရင် ခက်ရချေရဲ့

တကယ့် တကယ်တော့ အိအိခင်သည် သည်တစ်သက်မှာ သူ တစ်ယောက်တည်း ကိုသာ ချစ်ခဲ့ဖူးခြင်း ဖြစ်သည်။ သူ့ အရင်က မည်သူ့ကိုမျှ လက်မခံဖူးချေ။ အလှအားကိုးနှင့် မည်သူ့ကိုမျှလည်း မလှည့်စားခဲ့ဖူးပေ။ ထို့ကြောင့် သူ့ကို ချစ်မိပြီး သူနှင့် အိမ်ထောင်ကျခဲ့ပြီ ဆိုတော့လည်း သူ၏ ခန္ဓာကိုယ် ကိုရော၊ စိတ်ကိုပါ ပိုင်ဆိုင်ချင်သည်။ သူနှင့်သာ အမြဲ နေစေလိုသည်။ (သူ့ကိုသာ အမြဲ နေစေလိုသည်။?) သူ့ကိုသာ အမြဲ စိတ်ဝင်စား စေချင်သည်။ သူ့ အကြောင်းကိုသာ တွေးစေချင်သည်။ သူကသာ အမြဲ အနိုင်ယူ လိုသည်။ အချိန်ကာလ ရွေ့လျား လာသည်နှင့်အမျှ မြစ်ရေစီးကြောင်း ပြောင်းသလို ပြောင်းလဲ လာတတ်သော ယောကျ်ားတို့၏ သဘာဝစိတ်ကို သူ နားမလည်၊ ထည့်၍လည်း မတွက်။

"ခေါင်းကိုက်တယ်

အိအိခင်က နေရာမှ ထလာကာ ခုတင်ပေါ်တွင် လှဲအိပ်သည်။

"အိပ်ချင်ပြီ။ အိပ်တော့မယ်

အဒေါ်များနှင့် စကား ပြောမနေချင်တော့ သောကြောင့် ခြင်ထောင်ကိုသာ တစ်ခါတည်း ဆွဲချလိုက်သည်။ ထို့နောက် ခြေရင်းဘက်တွင် ခေါက်ထားသော ချည်စောင်ကို ဆွဲယူကာ ခေါင်းအထိ ဆွဲခြုံသည်။ စောင်ကို ခေါင်းမြီးခြုံကာ ငိုမည်။ သူ့ကို ကျောပေးထားမည်။ စကားမပြောဘဲနှင့် နေမည်။

"အခုမှ ရှစ်နာရီ ထိုးစလေးပဲ ရှိသေးတာ၊ စောပါသေးတယ် သမီးရယ်။ မအိပ်ခင် ကော်ဖီပူပူလေးနဲ့ ဆေးလေး သောက်လိုက် ပါဦးလား

အန်တီကြီးက ပြောသော်လည်း ပြန်၍မဖြေ။ မလှုပ်မယှက် ငြိမ်နေလိုက်သည်။ တကယ့် တကယ်က ခေါင်းလည်း မကိုက်၊ အိပ်လည်း မအိပ်ချင်။

အဒေါ် နှစ်ဦးက သူ လှွင့်ပစ်ထားသော ပစ္စည်းများကို ကောက်တင် နေသည်ရော၊ ခြင်ထောင်ကို နေသားတကျ ဖိပေး နေသည်ကိုပါ စောင်ခြုံထဲမှ နေပြီး သိနေသည်။ အခန်းမီးကို ပိတ်ပြီး ထွက်သွားသော အသံကို ကြားရသော အခါမှ ခေါင်းမြီးခြုံကို အသာ ဟလိုက်သည်။ ခေါင်းအုံးတွင် မျက်နှာအပ်ပြီး မကျေမနပ်နှင့် ရှိုက်၍ ငိုမိလေသည်။

* * *

"ဘာမှ မဖြစ်ပါဘူး။ အလုပ် ပင်ပန်းလို့ ပန်းဖျား ဖျားတာနဲ့ တူပါတယ်

ဦးစိုးနိုင်၏ ရင်ဘတ်တွင် ထောက်စမ်းထားသော နားကြပ်ကို ခွါလိုက်ကာ သူက ပြောသည်။

"ကျွန်တော်က အသည်းများ ရောင်သလားလို့ လန့်သွားတာ ဆရာ

"အသည်းလည်း မရောင်ဘူး၊ အသားလည်း မဝါဘူး၊ နှလုံးလည်း မအက်ဘူး၊ ကျောက်ကပ်လည်း မကွဲဘူး၊ အကုန်လုံး အိုကေပဲ

ပညာ မတတ်သည်က မကောင်းသော်လည်း ပညာလေး တတ်လာ ပြန်တော့လည်း တစ်ဒုက္ခပင်။ သူ့ဆီလာသော ပညာတတ် လူတန်းစားများသည် သူတို့ရောဂါကို သူတို့ဟာ သူတို့ အမည်တပ်လာ တတ်ကြလေသည်။

"ခင်ဗျားရဲ့ ရုပ်ပိုင်းဆိုင်ရာ အသည်းကတော့ လုံးဝ အရောင်၊ အကိုင်း၊ အဖု၊

အကျိတ် မရှိဘူး။ နာမ်ပိုင်းဆိုင်ရာ အသည်းကိုတော့ ကျွန်တော် မသိလို့ မပြောတတ်ဘူးဗျ

သူက နောက်နောက် ပြောင်ပြောင် ဆက်ပြောရင်း ရယ်မိလေသည်။ ဦးစိုးနိုင်ကလည်း သူ၏ အင်္ကျီ ကြယ်သီးများကို ပြန်တပ်ရင်း ပြုံးရယ်နေသည်။

"ညညကျရင် ကောင်းကောင်း အိပ်လို့ မပျော်ဘူး ဆရာ။ တစ်ခါတလေလည်း မူးသလိုလို၊ မောသလိုလိုနဲ့ ရင်တုန်တယ်

"ဝန်ကြီး လာမယ်ဆိုလို့ ခင်ဗျားတို့ဌာန အလုပ်များ နေတယ်ဆို

"ဒါပေါ့ဗျာ၊ အလုပ်တွေကို မပြီးမပြတ်နဲ့ တန်းလန်း ဖြစ်မနေအောင် ကြိုးစားနေရတာပေါ့

"ဒါဆို စိတ်ချ။ ဝန်းကြီး ပြန်သွားရင် ခင်ဗျား အဖျား ပျောက်ပြီ။ ခင်ဗျားဟာက ပန်းဖျား မဟုတ်ပါဘူး၊ ကြောက်ဖျားနဲ့ တူပါတယ်

သူက ရယ်မိပြန်သည်။ ဦးစိုးနိုင်က အင်္ကျီ ကြယ်သီးကို ဆက်မတပ်သေးဘဲ သူ့ကို ခပ်စူးစူး လှမ်းကြည့်မိသည်။

"မိန်းမ ရောက်လာ ကတည်းက ပုံစံကို တစ်ခါတည်း ပြောင်းသွားလိုက်တာ ဆရာကြီးရယ်၊ တပြုံးပြုံးနဲ့ အမြဲကို ရွှင်နေတော့တာပဲ

"စိတ် ချမ်းသာတာကိုးဗျ

ဦးစိုးနိုင် ပြောလည်း ပြောစရာပင်။ ဦးစိုးနိုင်သာမက ဆေးရုံ တစ်ရုံလုံးရှိ လုပ်ဖော် ကိုင်ဖက်များက ပြောပြကြသည်။ သူကလည်း စုထွေး ရောက်လာပြီဆိုကတည်းက ပိုပြီး ရွှင်လန်း တက်ကြွမိသည် ကတော့ အမှန်ပင်။ သူတို့နှစ်ဦးက တစ်ဦး၏ အလုပ်ကို တစ်ဦးက စိတ်ဝင်စားကြသည်။ သူ အိမ်ပြန်ရောက်သော အချိန်တွင် စုထွေးက စာမရသော ကျောင်းသားလေးများကို အိမ်ခေါ်ပြီး စာပြ ပေးနေသည်နှင့် ကြုံပါက သူပါ စုထွေးနှင့် ရောပြီး ကူညီ သင်ပြပေးသည်။ သို့သော် စုထွေးကို သူကူရသော အချိန်ကတော့ သိပ်မရှိပေ။ သူ့အလုပ်ကို စုထွေး ကူသည်က များလေသည်။ အိမ်ရောက်လာသော လူနာများကို သူကုသရာတွင် ဘေးမှကူရင်း စုထွေးလည်း သူနာပြု ဆရာမ တစ်ယောက်လောက် နီးနီး ကျွမ်းကျင်နေပြီ ဖြစ်သည်။

"ဘဝ ဆိုတာကို ကျွန်တော်က သိပ်ပြီး ကြီးကြီးကျယ်ကျယ် မမျှော်မှန်းဘူး ဦးစိုးနိုင်ရဲ့။ လေလုံမိုးလုံ နေရမယ်။ ဝဝလင်လင် စားရမယ်။ ဒါဆိုရင် တော်ပြီပေါ့။ ဒါပေမယ့် စိတ်တူကိုယ်တူ အဖော်ကောင်း အဖော်မွန်လေး တစ်ယောက်တော့ လိုတာပေါ့ဗျာ။ ဆရာမရေ၊ ဦးစိုးနိုင်ကို ဆေးထိုးရအောင်

စုထွေးနှင့် သူကတော့ တစ်ဦးနှင့်တစ်ဦး အဖော်ကောင်း ဖြစ်ကြသည်ဟု ကျေနပ်စွာ တွေးမိစဉ် အခန်းထဲ ဝင်လာသော ထဘီနီ ဆရာမလေးကို တစ်ဆက်တည်း လှမ်းပြောလိုက်သည်။

"အပ်ထက်ထက်လေး ပြုတ်ပါ ဆရာမရယ်။ ခင်ဗျားတို့ ဆေးရုံက အပ်တွေက ထုံးက တုံးသနဲ့၊ ညှညှာတာတာလေး လုပ်ပါဗျာ

အပ်ပြုတ်ရန် ဟန်ပြင်သော ဆရာမလေး နော်မူအေးကို ဦးစိုးနိုင်က ရင်းရင်းနှီးနှီး လှမ်းပြောသည်။

"အပ်တွေ တုံးနေတာ သိရက်နဲ့ ပိုက်ဆံရှိ သူဌေးတွေကလဲ မလှူကြဘူးရှင့်

"အဲဒီ သူဌေးတွေထဲမှာ ကျွန်တော် မပါဘူးဗျနော်။ ကျွန်တော်တို့က လူဆင်းရဲ

"အဟုတ်လား ဆရာ၊ ဦးစိုးနိုင်တို့က ဆင်းရဲသလား

"ဆင်းရဲ လိုက်တာမှဗျာ၊ မယုံရင် ဆရာမ ကျွန်တော့်အိမ် တစ်ခေါက်လောက် လိုက်ကြည့်ပါလား

"လိုက်ကြည့်တော့ သိပ်လှတဲ့ မိန်းမချောလေးကို တွေ့မှာပေါ့။ ဟုတ်ဖူးလား။ ဦးစိုးနိုင့် မိန်းမက သိပ်လှတယ် ဆိုတာ နာမည်ကြီး

"ခက်လိုက်တာဗျာ၊ အဲဒါ ကျွန်တော့်နမဗျ။ ဘယ်ကလာ မိန်းမ ဟုတ်ရမှာလဲ။ ကျွန်တော်က လူပျိုကြီး

ဦးစိုးနိုင်၏ စကားအဆုံးတွင် ဆရာမလေးနှင့်အတူ သူကလည်း ရောနှော၍ ရယ်မောမိသည်။ ဒီလို အပြောမျိုးလေး တွေကြောင့်လည်း သူ့ကို အရင်တုန်းက မိန်းကလေးတွေ ဝိုင်းဝိုင်းလည်ခဲ့တာ နေမှာပဲ ဟု တွေးနေမိသည်။ ထို့နောက် သည်လို အပြောလေး တွေကြောင့် သူ့မိန်းမက စိတ်မချတာ နေမှာပဲ ဟု ဆက်၍ တွေးမိသည်။ စိတ်မချလည်း မချချင်စရာပင်။ ဦးစိုးနိုင်က ယောကျ်ားထဲမှာတော့ အတော်လေး ချောသော ယောကျ်ား တစ်ဦးပင် ဖြစ်သည်။ မျက်ခုံး နက်နက်၊ နှာတံ ထင်းထင်းနှင့် ပိရိပါးလျား အောက်နှုတ်ခမ်းများကို ပိုင်ဆိုင်သည်။ မျက်လုံးများ ကလည်း အရည်ရွှန်းလဲ့ကာ စူးရှ တောက်ပြောင်သည်။ အခု မြင်၊ အခု တွေ့၊ အခု ရင်းနှီး သွားအောင်လည်း ပြောတတ်သည်။

"အပ်မထက်ရင်တော့ မထိုးဘူးနော်။ ကျွန်တော်က သူများတကာတွေ အသည်းကိုသာ ဟက်တက်ကွဲအောင် ခွဲဖူးတာ၊ ကိုယ့်အသားကျတော့ နာမှာ သိပ်ကြောက်တာ

“အသည်းစား ဘုရင်ကြီးဆိုဗျ၊ ဟုတ်သလား

“ဘယ်သူ ပြောသလဲ ဆရာ

ဦးစိုးနိုင်က သူ့ကို ဖြတ်ခနဲ လှမ်းကြည့်သည်။

“အိအိခင် ပြောတာလေ၊ ခင်ဗျာက အရင်တုန်းက သိပ်ပွေတာတဲ့။ ရည်းစားတွေ များလွန်းလို့ 'အသည်းစားဘုရင်' လို့တောင် ခေါ်ကြတာတဲ့။ ခုလဲ သူ့ကို အရပ်တုန်းကလို ဂရုမစိုက်ဘူးဆို

ဦးစိုးနိုင်၏ မျက်လုံးများသည် ရုတ်တရက် အရောင်မှေးမှိန် သွားသည်။ ထို့နောက် သက်ပြင်းတစ်ချက် ရှိုက်ကာ  အိခင်ကလဲ ခက်တာပဲ။ ဒီအကြောင်း သူ လျှောက်ပြောနေတာ ဆရာပါနဲ့ ဆိုရင် ငါးယောက်လောက် ရှိပြီထင်တယ် ဟု ပြောသည်။

“ဒါကတော့ဗျာ သူလည်း တစ်ခြားလူ ပြောစရာ မရှိလို့ ဖြစ်မှာပေါ့

သူက ပြောမိပြီးမှ အားတုံ့အားနာ ဖြစ်သွားသည်။  တော်ကြာ ဘာလို့ ပြောရသလဲ၊ ဘာလဲ  နှင့် သူတို့ ဇနီးမောင်နှံ ပြဿနာ တက်ပြီး

ကတောက်ကဆ ဖြစ်မည်ကိုလည်း စိုးရိမ်သွားသည်။  အလကားနေရင်း ဆော့လိုက်တဲ့ ပါးစပ်  ဟု ကိုယ့်ပါးစပ်ကိုကိုယ် စိတ်ဆိုးမိသည်။

“မဟုတ်ဘူး ဆရာရဲ့၊ အိမ်ထောင်ဆိုတာ အတွင်းက မီးကို အပြင် မထုတ်ရဘူး။ အပြင်က မီးလည်း အတွင်း မသယ်ရဘူး မဟုတ်လား

“ဒါတော့ ဒါပေါ့ဗျာ၊ ဒါပေမယ့် ဒါကတော့ မီးရယ်လို့ မဟုတ်ပါဘူး။ ဟော ... စုထွေး

အခန်းဝတွင် ပေါ်လာသော စုထွေးကို သူက ဝမ်းသာအားရ ခေါ်လိုက်သည်။ စိတ်ကျဉ်းကျပ် နေချိန်တွင် ရောက်လာ၍ ကျေးဇူးတင်သွားသည်။

စုထွေးက သူ့အခန်းထဲတွင် ဦးစိုးနိုင်ကို မမျှော်လင့်ဘဲ တွေ့လိုက်ရ၍ ခြေလှမ်းတုံ့ သွားသည်။ သူ့လက်ထဲမှာ ကြိမ်ခြင်းတောင်းလေးကို ပိုက်ပြီး ခေတ္တမျှ ငြိမ်နေပြီးမှ အခန်းထဲ လှမ်းဝင်လာသည်။ အတွင်းတွင် ရှိနှင့်သူများကို အပြုံးနှင့် နှုတ်ဆက် လိုက်သည်။

“ဩော်၊ ဦးစိုးနိုင် ရောက်နေတာ ကြာပြီလား

“ဟုတ်ကဲ့၊ ခုပဲ ရောက်တာပါ။ ဖျားနေတာ နှစ်ရက်ရှိပြီ။ မကျနိုင်တာနဲ့ ပြေးလာတာ

စုထွေးက သူ့လက်ထဲမှ ကြိမ်ခြင်းလေးကို နော်မူအေးအား လှမ်း၍ ပေးလိုက်သည်။ ဖြူစင်အောင် လျှော်ဖွပ်ပြီး ပြန်လိပ်လာသော ပတ်တီးလိပ်များ ဖြစ်သည်။ သူတို့ ဆေးရုံက လူအင်အား နည်းသလို ပစ္စည်း အင်အားလည်း မပြည့်စုံလှပေ။ ခွဲတမ်းရသည့် ပတ်တီးထက် တကယ် သုံးရသည့် ပတ်တီးက အများကြီး ပိုလေတော့ ပတ်တီး အဟောင်းများကို လွှင့်မပစ်ဘဲ ပြန်လည် လျှော်ဖွပ်ကာ အသုံးပြု ရသည်။ ထိုပတ်တီးဟောင်း လျှော်ဖွပ်ရေးကို စုထွေးက ဒိုင်ခံ တာဝန်ယူသည်။ သူများတွေရဲ့ အညစ်အကြေးကို သုတ်သင် သန့်ရှင်းပေးရင် နောင်ဘဝကျတော့ သိပ်ပြီး လှတာပဲတဲ့ ကိုအောင်ရဲ့ ဟု ပြောတတ်လေသည်။

“မစုစုထွေး ခွင့်ယူထားပြီလား

“ဟုတ်ကဲ့၊ တစ်ပတ်ရှိပြီ

စုထွေးက ပူပြီး ဖောင်းနေသော သူ့ဝမ်းဗိုက်ကို သူငုံ့ ကြည့်ရင်း ရက်စနိုး ပြုံးသည်။

“အဲဒါ ခွင့်ယူတဲ့ နေ့ကစပြီး ဆေးရုံကို နေ့တိုင်းလာပြီး ပတ်တီး အပေဟာင်းတွေကို နေ့တိုင်း သယ်နေတော့တာပဲ။ ဘာတဲ့။ နောက်ဘဝကျရင် ရုပ်လှအောင်တဲ့။ ဟုတ်လား စုထွေး

ဦးစိုးနိုင်နှင့် ပြောလက်စ စကား ပြတ်သွားသောကြောင့် သူ့ရင်ထဲတွင် အတော်လေး သက်သာရာ ရသွားသည်။ ထို စကား လမ်းကြောင်းပေါ်သို့ ပြန်ရောက်မည် စိုးသောကြောင့် သူ့ဘေးသို့ ခပ်လေးလေး လျှောက်လာသော စုထွေးကိုလှမ်း၍ စမိသည်။

“စုထွေးက သိပ်လှချင်တာဗျ။ သူက ဒီဘဝတင် မကဘူး နောင်ဘဝ အတွက်တောင် စီမံကိန်း ချနေတာ

“မဟုတ်ပါဘူး ကိုအောင်ရယ်၊ ပတ်တီးတွေ လျှော်တိုင်း စုထွေးက ကိုယ့်အတွက်ကိုယ် ဆုတောင်းတာ မဟုတ်ပါဘူး။ သမီးလေး မွေးလာရင်သာ ပြစ်မျိုးမှဲ့မထင်အောင် လှပါစေလို့ ဆုတောင်းတာပါ

“မလှတော့လဲ ဘာဖြစ်လဲ စုထွေးရယ်

“ဩော်၊ မလှတော့ တော်ကြာ သမီးလေးရဲ့ ချစ်သူက သမီးထက် လှတဲ့သူနဲ့ တွေ့ရင် သမီးကို ပစ်သွားမှာ စိုးလို့ပေါ့

စုထွေးက သဲ့သဲ့ပြုံးကာ တိုးတိုးလေး ပြောသည်။ စုထွေး၏ စကား အဆုံးတွင်တော့ သူတို့ သုံးဦးစလုံး ရယ်မိကြသည်။

နော်မူအေးက ရေနွေးပူပူထဲမှ ဆေးထိုးပြွန်နှင့် အပ်ကို ဇာဂနာနှင့် ဆယ်ယူသည်။  ကဲ၊ ဦးစိုးနိုင်ကတော့ ကံဆိုးချင်လို့ ဖျားပြီး ကံဆိုးချင်လို့ အပ်တုံးတုံးနဲ့ ဆေးထိုးခံရတော့မယ်  ဟု လှမ်းပြောသည်။

“စိတ်ကလေး လှဖို့သာ အရေးကြီးတာပါ ဦးစိုးနိုင်ရယ်။ ကျွန်တော်တော့ သားရရ၊ သမီးရရ စိတ်စေတနာ ကောင်းတဲ့ ကလေးမျိုးပဲ လိုချင်တယ်

ဦးစိုးနိုင်က ခပ်နွမ်းနွမ်း ပြုံးနေသည်။ သူက ထိုအပြုံးကို သတိထားမိတော့ ပြောလက်စ စကားကို မသိမသာ အရှိန်သတ် လိုက်သည်။ ရင်သွေး မရသေးသော သူ၏ ရှေ့တွင် ကိုယ် ရတော့မည့် ရင်သွေးအကြောင်း ဖွဲ့ကာနွဲ့ကာ ပြောနေမိ သဖြင့်လည်း စိတ်မကောင်း ဖြစ်သွားသည်။

စုထွေးက သူ့စားပွဲပေါ်မှ ပန်းအိုးလေးကို လှမ်းယူကာ ထိုးစိုက်ထားသော အဖြူရောင် သစ္စာပန်းခက်လေး၏ အောက်ဘက်မှ အတန်ငယ် နွမ်းနေသော အပွင့်လေးကို ခြွေပစ်လိုက်သည်။

"မမစုရယ်၊ မမစုနဲ့ တူတဲ့ သမီးလေးပဲ မွေးစမ်းပါ။ တွေ့သမျှ လူတွေက ဆရာမလေး၊ ဆရာမလေးနဲ့ ဝိုင်းပြီး အားကိုးကြ၊ ချစ်ကြ၊ ကျောင်းသားတွေ၊ ကျောင်းသား မိဘတွေက ဆိုရင် မမစုမှ မမစု။ ဆေးရုံက လူနာတွေကရော၊ ဟိုဟာ မလုပ်နဲ့ ဒီဟာ မလုပ်နဲ့ ဆိုပြီး ကျွန်မတို့ ပြောရင် သိပ်မရဘူး။ မမစု ပြောရင် မီးကို သေလို့။ မမစုကို စိတ်မနှံ့တဲ့ သူကအစ နားထောင်တာ ဦးစိုးနိုင်ရဲ့။ ဟိုဘက်ခန်းထဲက နွားဝှေ့လို့ ပေါင်ကျိုးလာတဲ့ မိန်းမကြီး တစ်ယောက် ရှိတယ်။ ပေါင်ကျိုးထားတော့ ပလာစတာ ကိုင်ထားရတာပေ့ါ။ အပေ့ါအပါး သွားချင်ရင်လည်း အိပ်ရာထဲမှာ အိပ်လျက် သွားရတာပေ့ါ။ ဒါပေမယ့် သူက ဆီးအိုး ဘယ်တော့မှ မတောင်းဘူး။ အိပ်ရာထဲမှာ ဒီအတိုင်း ပေါက်ထည့်၊ ပါထည့် လိုက်တာပဲ။ ကျွန်မတို့က ပြောတော့ တဖျစ်တောက်တောက်နဲ့ သူက ပြန်ဆဲသေးတယ်။ သူက သွင်သွင်ကြီး ရူးတာလည်း မဟုတ်ဘူး။ အရူးပါး၊ သက်သက် ဆိုးနေတာ၊ မသိတာလည်း မဟုတ်ဘူး။ ဒီတော့ ကျွန်မတို့ကလည်း စိတ်ဆိုးတာပေ့ါ။ စိတ်ဆိုးတော့ အော်၊ အော်တော့လည်း ယူက ပြန်ပြီး တိုးတိုးဆဲနဲ့ ဒုက္ခတွေ ရောက်နေတာ။ ဆေးရုံက ဆင်းခိုင်း ရအောင်ကလည်း သူ့ကို ဘယ်သူက ဆေးရုံ တင်သွားမှန်းတောင် မသိဘူး။ ကဲ ... ဖြစ်ပုံက။ အဲဒါ မမစု သိတော့ မိန်းမကြီးကို စည်းရုံးရေး ဆင်းတာ၊ ပထမနေ့တော့ ဆဲလွှတ်သေးတယ်။ ဒါပေမယ့် တစ်ရက် နှစ်ရက်နေတော့ အိပ်ရာထဲကနေ  သေးပေါက်ချင်တယ်၊ သေးပေါက်ချင်တယ်  လို့ ကုန်းအော်တော့တာပဲ။ မဝင်းရွှေက ဆီးအိုး ထိုးပေးရင်း  တယ်လိမ္မာ နေပါလား။ ခုတင်ပေါ် ပေါက်မချတော့ ဘူးလား ဆိုတော့  မပေါက်တော့ဘူး။ အလှကလေးက မကြိုက်ဘူး  တဲ့။ မမစုကို သူက  အလှကလေး  လို့ ခေါ်တယ်လေ။ လှလွန်းလို့ တဲ့။ ကဲ၊ ဆေးထိုးရအောင်

နော်မူအေးက ချီးမွမ်းခန်း ဖွင့်နေသဖြင့် စုထွေးက ရှက်စနိုး ဖြစ်နေသည်။
“စိတ်မနှံ့တဲ့ သူကပဲ လှတယ် ပြောဖူးတာပါ  ဟု မပွင့်တပွင့်ကလေး ပြောရင်း ရယ်သည်။

သူက နာရီကို ကြည့်ကာ နေရာမှ ထသည်။ အဆောင်ထဲမှ လူနာများကို တစ်ပတ်လှည့် ကြည့်ဖို့ အချိန်တန်ပြီ။ ကြက်ဝိုင်းတွင် ဓားခုတ်ခံရပြီး ရောက်လာသော လူနာကလည်း သေတမ်းစစ်ချက် ယူထားရသည်။ အခြေအနေက အကောင်းဘက် ယိမ်းလာသော်လည်း သိပ်ပြီး စိတ်ချရသည်တော့ မဟုတ်သေး။

“ဆရာမ၊ ဦးစိုးနိုင်ကို ဆေးပေးလိုက်ပါဦး။ တစ်ရက် နှစ်ရက်တော့ နည်းနည်း နားလိုက်ပါ ဦးစိုးနိုင်။ နေပူထဲ၊ လေတိုက်ထဲ သိပ်မထွက် ပါနဲ့ဦး။ အိမ်မှာနေပြီး ဇနီးချောလေးရဲ့ အပြုအစုကို ခံနေလိုက်ပေါ့ဗျာ၊ ဟုတ်ဘူးလား။ ကျွန်တော်နဲ့ တွေ့ရင်တော့ သူ လန့်ဖျပ်သွားအောင် အသည်းရောင် နေတာ၊ အရေးကြီးတယ်၊ ကောင်းကောင်း ဂရုစိုက်ပါလို့ ပြောလိုက်မယ်လေ

ဆေးစာရွက်ကို နော်မူအေးအား လှမ်းပေးလိုက်သည်။ နော်မူအေးက ဆေးယူရန် ထွက်သွားစဉ်တွင် ဦးစိုးနိုင်သည် တင်ပါးကို ပွတ်ရင်း နေရာမှ ထသည်။ သူ့ကို ကျောပေးထားသော စုထွေးအား လှမ်းကြည့်ပြီး ခပ်တိုးတိုး ပြောသည်။

“ကလေးစကား၊ အရှုးစကားဆိုတာ သိပ်မှန်ပါတယ် မစုစုထွေးရယ်။ တကယ်လှလို့ လှတယ် ပြောတာပါ

စုထွေးက အသားညိုသဖြင့် မျက်နှာနီ မသွားသော်လည်း အနေခက် သွားပုံရသည်။ မည်သူ့ကိုမျှ မကြည့်ဘဲ မျက်လွှာလေး ချလိုက်သည်။

“အဲဒီ မိန်းမကြီးက အိအိခင်ကို မတွေ့ဖူးသေးလို့ပါ ဦးစိုးနိုင်

သူက စကားပြေ ဝင်ပြောရင်း စုထွေး၏ အင်္ကျီလက်မောင်း ပေါ်တွင် ပြေးနေသော ပုရွက်ဆိတ် နီနီလေး တစ်ကောင်ကို လက်ညှိုးနှင့် အသာတောက် ထုတ်လိုက်သည်။ ကိုယ်ဝန် လရင့်ပြီမို့ စုထွေး၏ လက်ချောင်း ခြေချောင်း ကလေးများ အတန်ငယ် ရောင်နေသည်။ နောက်တစ်လလောက် ဆိုလျှင် စုထွေး၏ ဝမ်းကြာတိုက်ထဲမှ သူ၏ ရင်သွေးငယ်သည် လူ့လောကထဲသို့ ရောက်လာတော့မည်ဟု ကြည်နူးစိတ်နှင့် တွေးမိသည်။

“အိအိခင်ကို တွေ့ဖူးတော့လည်း မလှဘူးလို့ ပြောမှာပါဗျာ။ ဒါကတော့ သေချာပါတယ်

အဖျားတက် လာသောကြောင့် လားတော့ မသိ၊ ဦးစိုးနိုင်၏ မျက်နှာသည်

အတန်ငယ် နီနေသည်ကို သတိပြုမိသည်။ သူက ဂျူတီကုတ် ပြန်ဝတ်စဉ် ဦးစိုးနိုင်ကလည်း စမ်းသပ်စဉ်က ချွတ်ထားသော တိုက်ပုံအင်္ကျီကို ပြန်ဝတ်သည်။ ထို့နောက် ခပ်တိုးတိုး ပြောသည်။

"တချို့ မိန်းကလေးတွေက မလှပေမယ့် လှပါတယ်ဗျာ။ တချို့ကတော့ လှပေမယ့် မလှဘူး

ဦးစိုးနိုင်က အခန်းထဲမှ ထွက်သွားသည်။  ဟေ့လူ၊ ဆေး မရသေးဘူး မဟုတ်လား  ဟု သူက လှမ်းအော်လိုက်တော့  ဆရာမဆီမှာ ဝင်ယူသွားမယ် ဟု လှည့်မကြည့်ဘဲ ပြောသွားလေသည်။

စုထွေးသည် ပန်းအိုးထဲမှ သစ္စာပန်းခက်လေး များကို စိုက်ကြည့်ရင်း သက်ပြင်း တစ်ချက်ကို မသိမသာ ရှိုက်လိုက်သည်။ နှုတ်ခမ်းလေးကို တင်းတင်းစေ့ကာ ငြိမ်နေသည်။

သူက စားပွဲပေါ်မှ နားကြပ်ကို လှမ်း၍ယူပြီး စုထွေး၏ ခေါင်းကို အသာပုတ် လိုက်သည်။ အသားညိုညို၊ ပါးပြည့်ပြည့်၊ သနပ်ခါး ပါးကွက်ကျားနှင့် သူ့မိန်းမ စုထွေးသည် သိပ်တော့ မလှ။ သို့သော်လည်း လှလေသည်။

"ဦးစိုးနိုင် ပြောသွားတာ ဟုတ်တယ် မိန်းမရဲ့။ ဒီလူက လူ့အရေပြားကို

ဖောက်ထွင်းပြီး ကြည့်တတ်လာပြီ

စုထွေးက သူ့ကို ရီဝေ ရွှန်းလဲ့သော မျက်လုံးလေးများနှင့် လှမ်းကြည့်သည်။ ထို့နောက် နူးညံ့စွာ ပြုံးပြလေသည်။

---------------

**မစန္ဒာ**

**သဘင် မဂ္ဂဇင်း၊ အောက်တိုဘာလ၊ ၁၉၈၅၊**

**(မစန္ဒာ၏ မဂ္ဂဇင်းဝတ္ထုရှည်များ၊ ယောမင်းကြီးစာပေ၊ ဇွန်၊ ၁၉၈၉။ )**

# လူ (မစန္ဒာ)

------------

"ဝက်သားဟင်း ဆိုတာ တော်ရုံလူ ချက်နိုင်တာ မှတ်လို့"

ခြင်းတောင်းထဲတွင် ပါလာသော သုံးထပ်သား လေးဆယ်သားကြောင့် ဒေါ်သိန်း၏မျက်နှာ အလိုလို မော့နေသည်။ သုံးထပ်သားကို အတုံးကြီးကြီး လှီးပြီး မန်ကျည်းနှစ်လေးနှင့် ချက်မည်။ ထို့နောက် တညင်းသီး ဆားစိမ်ကို ငံပြာရည်ချက်လေးနှင့် တို့ပြီး၊ ဂုံမင်း ဟင်းချို ချိုချိုလေး သောက်လိုက်ရလျှင် ...။

"ဟင်း ... နတ်သုဒ္ဓါနဲ့တောင် မလဲဘူး"

ဒေါ်သိန်းက ပါးစပ်ထဲတွင် စိုလာသော တံတွေးများကို မျိုချလိုက်သည်။ နတ်သုဒ္ဓါ ဟူသည်မှာ ဘယ်လောက် အရသာရှိသနည်း ဘယ်သူမှ မသိ၊ သူချက်သော ဝက်သားဟင်း ဘယ်လောက် ကောင်းသနည်း ဆိုတာကိုတော့ သူ့ယောက်ျားနှင့် ကလေးတွေက ကောင်းကောင်းသိသည်။

သူက ဂန္ဓာလရာဇ်သွေး အနည်းငယ် ပါလာသောကြောင့်လား မသိ၊ ဝက်သားကို ကြိုက်လည်း ကြိုက်သည်။ အမျိုးမျိုးလည်း ချက်တတ်သည်။ တစ်ခါတစ်ရံလည်း ပဲငပိနှင့် တရုတ်ချက် ချက်သည်။ တစ်ခါတစ်ရံလည်း ပုန်းရည်ကြီးနှင့် ဗမာချက် ချက်သည်။ သရက်သီးခေါက်နှင့် အချဉ်ချက်သော အခါလည်း ချက်သည်။ ကြက်သွန်နီဥကြီးတွေကို အလုံးလိုက်ထည့်ပြီး အိုးကြီး ချက်သောအခါလည်း ချက်သည်။ ဘယ်လို ချက်ချက် ဝက်သားဟင်း ချက်သောနေ့တွင် တစ်အိမ်သားလုံး ခေါင်းမဖော်သည်ကတော့ အမှန်။

"ငါ့ဘဝမှာ မသိန်းရယ်၊ သူချက်တဲ့ ဝက်သားဟင်းရယ် ရှိရင် ပြည့်စုံပြီ၊ နောက်ထပ် ဘာမှ မလိုတော့ဘူး"

သူ၏ ခင်ပွန်းသည်က ပြောလေ့ ရှိသည်။

"အင်း ... အခုတော့ သူ့ဘဝ မပြည့်စုံတာ ကြာရှာပေါ့"

ဒေါ်သိန်းက ကရုဏာစိတ်ကလေး နောကာ တွေးရင်း ပြုံးမိသည်။ ဟိုးအရင် ဝက်သားဟင်း တစ်ပိဿာ အစိတ်၊ သုံးဆယ် အချိန်တုန်းကတော့ တစ်ပတ်လျှင် နှစ်ခါ၊ သုံးခါလောက် စားနိုင်သည်။ နောက်တော့ အာလူးလေး ရောလိုက်၊ ကျောက်ဖရုံသီးလေး ရောလိုက်၊ မျှစ်ကလေး ရောလိုက်နှင့် ရော၍

နောၡ် စားရသည်။ အခု နောက်ပိုင်းတော့ အရောအနှောလေးနှင့်ပင် မချက်နိုင်တော့။ ဈေးထဲရောက်လျှင် ဝက်သားဆိုင်ကို ကွေ့၍ ကွေ့၍ ရှောင်ရင်း "မကြင်နာလို့တော့ မဟုတ်ပါဘူး၊ မယုံသာလို့ ရှောင်ခွါရသူပါ" ဟူသော သီချင်းကို စိတ်ထဲမှ သတိရနေမိတတ်သည်။ မိသားစု ထမင်းဝိုင်းတွင်တော့ "ငါးပိရည်မှာ ပရိုတင်းဓာတ် အများဆုံး ပါတယ်၊ ကန်စွန်းရွက်မှာလဲ ဗီတာမင်မှ အပြည့်" ဟု တွင်တွင် ပြောနေရသည်မှာ အတော်ကြာပေပြီ။

မနေ့ကတုန်းကတော့ ခင်ပွန်းသည်က ကိုးဆယ်တန် နှစ်ရွက် လာအပ်သည်။

"အကြံအဖန်လေး ရလာတယ် မသိန်းရေ၊ ဝက်သားဟင်းလေး ချက်ပါဦး" ဟု ပြောသည်။ ထို့နောက် "ငါ့မိန်းမ ဝက်သားဟင်း ချက်နည်း မေ့သွားမှာ စိုးလို့ပါ" ဟုလည်း ရယ်သွမ်းသွေးသည်။

"ဟွန်း … ဒီလိုသာ တစ်နေ့ကို ကိုးဆယ်တန် နှစ်ရွက် နှစ်ရွက် ပေးနေပါလား၊ တစ်နေ့ တစ်မျိုး မရိုးရအောင် ချက်ပြလိုက်စမ်းမယ်၊ လျှာတင် မကဘူး၊ အရိုးပါ လည်သွားရစေ့မယ်"

ဒီနေ့တော့ ဝက်သားလည်း ပါသည်။ တညင်းသီး ဆားစိမ်လည်း ပါသည်။ အရိုးနီနီနှင့် ဂုံမင်းနစ်ချောင်းလည်း ပါသည်။ ငံပြာရည် ချက်ရန် ကြက်သွန်ဖြူနှင့် ငရုတ်သီးစိမ်းများလည်း ပါသည်။ လျှာအရင်း မျက်စေဖို့

ဝက်ဟင်း ချက်ရတော့မည့်နေ့ ဆိုတော့ လူက အလိုလို ရွှင်နေသည်။

"ရှင် ရွှေမိ တစ်ယောက်တော့ ဒီနေ့ ဘာဟင်းချက်မယ် မသိ"

ခြင်းတောင်းလေး ဆွဲကာ မော့တော့ မော့တော့ လျှောက်လာရင်းမှ ဒေါ်သိန်းသည် သူ၏ စားဖက်တော် ဒေါ်မိကို သတိရသည်။

ဒေါ်မိက သူနှင့် အခန်းချင်း ကပ်လျက်တွင် နေသော အိမ်နီးချင်း ဖြစ်သည်။ ဒေါ်မိ အရင်က နေသွားသော ပွဲစား လင်မယားနှင့်တော့ ဒေါ်သိန်းက သိပ်ပြီး မတည့်လှပေ။ ပွဲစားကတော်က တစ်ခါတစ်ရံသာ ရပ်ကွက်ဈေးသို့ လာတတ်သည်။

"ဒီဈေးက ဘာပစ္စည်းမှလဲ စုံစုံလင်လင် ရှိတာ မဟုတ်ဘူး၊ ညစ်ပတ်လိုက်တာလဲ လွန်ရော၊ သားငါးတွေကလဲ မလတ်မဆတ်" ဟု ပြောတတ်သေးသည်။

ရွံ့ထူသော လမ်းတွင် ဒေါက်ဖိနပ် လှလှလေးစီးပြီး ဟို ခြေချရတော့မလို၊ ဒီ ခြေချရတော့မလိုနှင့် နှာခေါင်း တရှုံ့ရှုံ့ လုပ်နေတတ်သဖြင့် ဒေါ်သိန်းသာမက တစ်ရပ်ကွက်လုံးက သိပ်ပြီး ကြည့်၍ မရကြပေ။ "ဒီ ရပ်ကွက်က သိပ်မသန့်ဘူး" ဟူသော မှတ်ချက်နှင့် တခြားရပ်ကွက်ကို

ပြောင်းသွားလေသည်။

နောက် ပြောင်းလာသော ဒေါ်မိနှင့် အလွမ်းသင့်သည်။ ယောကျ်ားကလည်း ကိုယ့်ယောကျ်ားလိုပင် ရုံးလုပ်ငန်းမှလွဲ၍ ဘာစီးပွါးရေးကိုမှ မလုပ်တတ်တော့ သူတို့ နှစ်ဦးက ဘဝတူ ဖြစ်သည်။ ကိုယ်ကလည်း ကိုယ့်ယောကျ်ားကို အားမရ။ သူကလည်း သူ့ယောကျ်ားကို မကျေနပ်။ ယောကျ်ားတွေကို အားမရသော်လည်း သူတို့ဟာ သူတို့လည်း အပိုဝင်ငွေ မရှာတတ်။ ဟာလဝါလည်း မထိုးတတ်၊ သရက်သီး သနပ်လည်း မလုပ်တတ်၊ အင်္ကျီလည်း မချုပ်တတ်။ ယောကျ်ားတွေ၊ ကလေးတွေ ရုံးသွား၊ ကျောင်းသွားပြီး ကိုယ့်ဘူမိနက်သန်လေးများကို ရှင်းလင်း သိမ်းဆည်း ဆေးကြောပြီးလျှင် "ဘာဟင်းချက်လဲ" ဟု မေးရင်း တစ်ဦး မီးဖိုချောင်သို့ တစ်ဦး ကူးကြသည်။ သူ့ဟင်း ကိုယ့်ဟင်း ပေါင်းပြီး စကား တပြောပြောနှင့် ထမင်းစားရသည်မှာ စည်းစိမ်တစ်မျိုးဟု ဒေါ်သိန်း ထင်သည်။

သူနှင့် ဒေါ်မိတွင် ပြောစရာ စကားတွေက မကုန်နိုင်။ ဆီဈေး အကြောင်း၊ ဆန်ဈေး အကြောင်း၊ ဆွေမျိုးတွေ အကြောင်း၊ သားသမီး အကြောင်း၊ လမ်းထိပ်က လင်မယား အကြောင်း၊ ဈေးထဲက ကုန်စိမ်းသည် အကြောင်း၊ အိမ်ရှေ့အိမ်က ကောင်မလေး အကြောင်း၊ ကျော်သူ့ အကြောင်း၊ မို့မို့မြင့်အောင် အကြောင်း။

"ဒီနေ့တော့ သူဘာဟင်းချက်မယ် မသိ"

ဒေါ်သိန်းက ဒေါ်မိ ချက်မည့် ဟင်းကို မှန်းဆ၍ ကြည့်မိသည်။ သူ မကြာခဏ ချက်သည်ကတော့ ခရမ်းသီးနှပ် ဖြစ်သည်။ တစ်ခါတစ်ရံလည်း မျှစ်ကြော်သည်။ မြင်းခွါရွက်လည်း သုတ်လေ့ရှိသည်။ ချဉ်ပေါင်ဟင်းကို ပြစ်ပြစ်ချက်ပြီး ငါးပိထောင်း စပ်စပ်လည်း မကြာခဏ ထောင်းတတ်သည်။ တစ်ခါတလေတော့လည်း အာလူးကို မကျည်းရည်နှင့် မဆလာအုပ်ပြီး ချက်တတ်သည်။

"သူ့ဟင်း ကောင်းလှရင် ဘဲဥကြော်ပေါ့၊ ခရမ်းချဉ်သီး ငါးပိချက်ပေါ့"

ဒေါ်သိန်းက ခြင်းတောင်းကို ငုံ့၍ ကြည့်သည်။ သုံးထပ်သား လေးဆယ်သားက သူ့ကို ပြုံး၍ ပြနေသည်။

"ဒီလို ဟင်းကောင်းချက်တဲ့နေ့ ဆိုရင်၊ အိမ်ကလူကြီးက ထမင်းဘူးလေး ထည့်ယူချင် ရှာမှာပဲ၊ အင်း … ကလေးသုံးကောင်ကိုပါ ထမင်းဘူး ထည့်ပေးလိုက်ရရင်၊ ဘာကျန်မှာလဲ။ ညနေကျတော့လဲ 'ဝက်သားဟင်းလေးများ မကျန်ဘူးလား' လို့ သူတို့ပဲ မေးကြအုံးမယ်၊ စားချင်ကြဦးမယ် … "

ဒေါ်သိန်းသည် ဝက်သားလေးဆယ်သားကို စိတ်ထဲတွင် ဝေခြမ်းရေး လုပ်ရင်း

အတန်ငယ် စိတ်ညစ်သွားသည်။

"ဒီပုံစံဆိုရင် ငါ့ဟာငါတောင် တစ်တုံးတစ်ဖတ် အနိုင်နိုင် စားရမယ် ..."

အိမ်ဝတွင် ဆီးကြိုသော သမီးအလတ်မက ခြင်းတောင်းထဲ ငုံ့ကြည့်ရင်း "အမေ ... ဝက်သား ဝယ်လာတယ်ဟေ့" ဟု ဝမ်းသာအားရ အော်သည်။ သူကစိတ်ထဲတွင် ထိတ်ကနဲ ဖြစ်သွားပြီး အလတ်မ၏ ခေါင်းကို ဒေါက်ကနဲ လှမ်းခေါက်သည်။

"ဘာဖြစ်လို့လဲ အမေရဲ့"

"ဘာဖြစ်ဖြစ် ... အော်မနေနဲ့"

သူက ဘောက်ဆတ်ဆတ် ပြောသည်။ တစ်ဖက်ခန်းကို စိုးရိမ်မကင်း ကဲ၍ ကြည့်သည်။ တော်ပါသေးသည်။ သူ့ထက်အလျင် ဈေးက ပြန်ရောက်ပြီး ငရုတ်သီး တဒုန်းဒုန်း ထောင်းနေသော ဒေါ်မိက ကြားပုံမရ။

"သူက ဟိုဘက်ခန်းကနေပြီး ခါတိုင်းလိုပဲ အစ်မသိန်းရေ ဘာရခဲ့လဲလို့ လှမ်းမေးနေရင်၊ ငါဘယ်လို ဖြေရပါ့၊ ဝက်သားလို့များ အမှန်အတိုင်း

ပြောလိုက်ရင် စားချိန်တန်လို့ကတော့ ပန်းကန်ကိုင်ပြီး ရောက်လာမှာပဲ ... တစ်ယောက်စာ ဆိုလဲ နည်းတာ မဟုတ်ဘူး"

ကိုယ့်အိမ် ကိုယ်ပင် ဖြစ်သော်လည်း ဒေါ်သိန်းသည် မီးဖိုချောင်သို့ ခြေဖျော့နင်းပြီး ဝင်လာခဲ့မိသည်။

"ဒီနေ့တော့ စောစောစီးစီး စားနင့်ရမယ်၊ ဟင်းအိုးကို ကြောင်အိမ်အောက် ထပ်ထည့်ထားပြီး ဆာတာနဲ့ စားနင့်လိုက်ပြီလို့ ပြောရမှာပဲ။ ဟင်း ... ကျွေးတော့ ကျွေးချင်ပါတယ်လေ ... ဒါပေမယ့်"

ဒေါ်သိန်းက ပင့်သက်လေးကို မသိမသာ ရှိုက်ရင်း အသံတိတ် စတင်လှုပ်ရှားသည်။ ခါတိုင်းလို အိုးတွေ ခွက်တွေကို တချောင်ချောင် တဂျင်ဂျင် မမြည်စေရပဲ သတိထားပြီး ကိုင်သည်။ "အစ်မသိန်းရေ ဘာချက်နေလဲ" ဟူသော မေးသံကို ဘယ်တော့ ကြားရမလဲဟု စိုးရိမ်စိတ်နှင့် ရင်တဒိတ်ဒိတ် ခုန်နေသော်လည်း ဟိုဖက်ခန်းက ဒေါ်မိကလည်း တိတ်ချက်သား ကောင်းနေသည်။ အခါတိုင်းလို "ဟဲ့ ဟိုကောင် လာစမ်း၊ ဒီပဲပင်ပေါက်တွေ ရေဆေးလိုက်" "သမီးက အမေ့ကို ကြက်သွန်နီ နှစ်လုံးလောက် န္တာပေးစမ်း" စသော အသံများကိုပင် မကြားရ။

ဝက်သားဟင်းအိုးက နူးအိပြီး ဆီပြန်လာတော့ တသင်းသင်း မွှေးလာသည်။ အသံက တိတ်လို့ ရသော်လည်း အနံ့ကိုတော့ ထိန်းချုပ်၍ မရပေ။

သို့သော်လည်း သူစိုးရိမ်သလို "ဘာဟင်းချက်နေလဲ အစ်မရေ" ဟူသော အသံကိုတော့ မကြားရပဲ မဆလာနံ့ မွှေးလာသလိုလို ထင်မိ၍ ဒေါ်သိန်း စိတ်ရှုပ်သွားသည်။ ဝက်သားအိုးကိုတော့ သူယောင်မှားပြီး မဆလာ ခတ်မိဟန် မတူပါ။

ထို့နောက်မှ ဧကန္တတော့ ဒေါ်မိတစ်ယောက် အာလူးဟင်းကို မဆလာအုပ်ပြီ ထင်သည်ဟု တွေးရင်း ပြုံးမိသည်။

ပူပူနွေးနွေး ဝက်သားအိုးကို ကြောင်အိမ်အောက်ထပ်တွင် လက်နှီးခု၍ ထည့်လိုက်ပြီးသော အခါတွင်ကား ဒေါ်သိန်း အတန်ငယ် စိတ်လုံသွားသည်။ မီးဖိုချောင်ကို ရုတ်တရက် ကူးလာစေဦးတော့ ဟင်းအိုးကိုတော့ အလွယ်တကူ မမြင်နိုင်။

"အင်း ... ငါ့နယ် မကောင်းလိုက်တာနော်၊ မကောင်းတာကို မကောင်းမှန်းတော့ သိပါတယ်၊ ဒါပေမယ့် မတတ်နိုင်ဘူး"

ဒေါ်သိန်းက သက်ပြင်းချသည်။ ဟင်းချိုအိုးထဲ ကြက်သွန်နီ ပါးပါးလှီးထည့်ရင်း ကိုယ့်ဟင်းထက် သူ့ဟင်းကို ပိုပြီး စိတ်ဝင်စားလာသည်။ တိတ်တိတ်ဆိတ်ဆိတ်နှင့် ဘာတွေများ ချက်နေပါလိမ့်။

"အမေ့ ကျက်ပြီလား"

"အေး ... အေး ... ကျက်ပြီ"

"စားတော့မယ်နော်"

"ဘူးထည့်သွားမယ်ဆို၊ သားရဲ့"

"အိမ်မှာလဲ စားသွားချင်သေးတယ်"

"ကဲ ကဲ စား"

နောက်ဖေးချောင်တွင် ခပ်တိုးတိုး ပြောနေသော သူတို့သားအမိ၏ အသံကို ကြားတော့ ဒေါ်သိန်း မျက်လုံးကျယ်သွားသည်။ သူ့စိတ်ကို သူမသိမီ ပါးစပ်မှနေပြီး "ဘာဟင်းချက်လဲ ... မမိရေ" ဟု လှမ်းမေးမိပြီးသား ဖြစ်သွားသည်။

ဒေါ်မိ၏ ဖြေသံကို ချက်ချင်းမကြားရ၊ တစ်အောင့်လောက်နေမှ "ခရမ်းသီးနပ်ကလေးပါ" ဟူသော အသံကို ယိုင်နဲ့နဲ့ ကြားရသည်။ ခါတိုင်းလို "အစ်မသိန်းရော ဘာချက်" ဟူသော မေးခွန်းကိုလည်း ဆက်၍ မမေးချေ။

"ကေန္တတော့ ကေန္တပဲ"

ဒေါ်သိန်း၏ ရင်ထဲတွင်တော့ မအီမလည် ဖြစ်သွားသည်။

"ခရမ်းသီးနှပ်ဆိုတာ မဆလာ အုပ်စရာဟင်းမှ မဟုတ်တာ၊ ခုနတုန်းက မဆလာနဲ့ ရလိုက်တယ်"

မသက်ာမှု ဒီဂရီသည် ဒေါ်သိန်း၏ ဦးနှောက်ထဲတွင် တရိပ်ရိပ် တက်ပြီး ပူလာသည်။

"မဟုတ်နိုင်ဘူး၊ ခရမ်းသီးနှပ်တော့ လုံးဝ မဟုတ်နိုင်ဘူး"

ဒေါ်သိန်းက မီးဖိုထဲမှ မီးသွေးတုံး နီနီရဲရဲများကို စိုက်ကြည့်ရင်း သူ့ဟင်းကိုယ့်ဟင်း လှယ်ပြီး စားကြသည်ကို သတိရသည်။

အခုတော့ ဒေါ်မိတစ်ယောက် သူ့အပေါ်တွင် မရိုးသားတော့ဘူးဟု ကောက်ချက်ဆွဲပြီး မခံချင်စိတ်တွေ ပွါးလာသည်။

သူက သိချင်စိတ်ကို ကြာကြာထား၍ မရ၊ သားတွေ သမီးတွေ ကျောင်းသွားသည်နှင့် ခါတိုင်းလို ရှင်းလင်းဆေးကြော မနေဘဲ နောက်ဖေး ကပြင်မှ ပတ်ပြီး ဒေါ်မိ၏ မီးဖိုချောင်သို့ ကူးလာခဲ့သည်။

ကျောင်းသွားကြသည့် သားသမီးတွေကို အိမ်ပေါက်ဝမှ မျှော်ကြည့် ကျန်ရစ်သော ဒေါ်မိ၏ ကျောပြင်ကို အသာ လှမ်းကြည့်ရင်း ဟင်းအိုးကို ဝေ့ဝဲ၍ ရှာသည်။ ကြာကြာတော့ မရှာရ။ မီးသွေးမီးဖိုဘေးက အုတ်နီခဲပေါ်တွင် ချထားသော ဒန်အိုးကို တွေ့ရသည်။ ခပ်သွက်သွက် အနားကပ်ပြီး အဖုံးဖွင့်ကြည့်လိုက်တော့ သင်းသင်းပျံ့ပျံ့ မဆလာနံ့က မွှေးထွက်လာသည်။ အိုးထဲတွင်တော့ ကြက်သားတုံး ဝင်းဝင်းဝါဝါ ကလေးများ။

"ကြည့်စမ်း၊ ကြည့်စမ်း၊ ဒါကြောင့်"

ဒေါ်သိန်း၏ ဦးနှောက်တို့သည် ရေဆူမှတ်သို့ ရုတ်တရက် ရောက်သွားကြသည်။

"ဟင် … ရှင်ရွှေမိ၊ ရှင့် ခရမ်းသီးနှပ်ကလဲ အရိုးတွေ အသားတွေနဲ့ပါလား" ဟု ခုနစ်သံချီပြီး ဟစ်လိုက်ချင်စိတ် ပေါ်လာသော်လည်း သူ့ကိုယ်သူ ချက်ချင်းထိန်းကာ ဒန်အိုးကို အသံမမြည်အောင် ဖုံးလိုက်သည်။ ထိုနောက် မီးဖိုချောင်ထဲသို့ ဒေါ်မိ ပြန်မဝင်လာမီ နောက်ဖေးပေါက်မှ ပြန်ထွက်ခဲ့သည်။

"သူ့ဟင်းလေးက မွှေးနေတာပဲ၊ တစ်တုံး တစ်ဖတ်လောက်တော့ စားချင်သား" ဟု တွေးရင်း ကြောင်အိမ်ထဲမှ ဝက်သားအိုးကို စောင်းကြည့်သည်။

ထမင်းစားချိန် ရောက်တော့ ဒေါ်သိန်းသည် အသံကို အတန်ငယ် မြှင့်ပြီး

"ရှင်ရွှေမိရေ၊ ဒီနေ့တော့ ဟင်းကောင်းတော့၊ ဝက်သားကို မန်ကျည်းနှစ်နဲ့ နှပ်တယ် ... စားကြစို့" ဟု လှမ်း၍ ပြောလိုက်သည်။

ဒေါ်မိသည် ခေတ္တငြိမ်နေပြီးမှ "ဟန်ကျတာပဲ အစ်မသိန်းရေ ... ကျွန်မကလဲ ကြက်သား" ဟု ခပ်ရှင်ရှင်လေး ပြန်ပြောလေသည်။

----------------

**မစန္ဒာ**

**စန္ဒာ ရုပ်စုံ မဂ္ဂဇင်း၊ ဩဂုတ်၊ ၁၉၉၁။**

## ရွှေဖလားနဲ့ ကြက်သားကိုင် (မစန္ဒာ)

------------------------------------

ငါတို့ကြက်ဖ နိုင်နိုင် ရွှေဖလားနဲ့ ကြက်သားကိုင်
ငါတို့ကြက်ဖ ရှုံးရှုံး ကြေးဖလားနဲ့ ကြက်သားတုံး။

အိပ်ရာထဲတွင် ရှူးနံ့က စူးစူးရှရှ နံနေသည်။ မွေ့ရာ တစ်ခုလုံးလည်း ရှူးစားပြီး ပေါက်ပြဲ နေချေပြီ။ အသစ်လဲရန် မစဉ်းစားနိုင်သေး။ မွေ့ရာတွင်သာမက ခေါင်းအုံးတွင်ပါ ရှူးနံ့က စွဲနေသည်။ သားကြီးရော သားငယ်ပါ ခေါင်းအုံးကို ခွပြီး ရှူးပန်းတတ်သောကြောင့် ဖြစ်သည်။ ခေါင်းအုံးဆိုတော့ ခေါင်းအုံးစွပ် ကိုသာ ချွတ်ပီး လျှော်နိုင်သည်။ ခေါင်းအုံးထဲမှ လဲမှို့များကိုကား နေပူလှန်းရုံ အပြင် ဘာမျှ မတတ်နိုင် ရေဆေးလို့လဲ ရကောင်းမည် မဟုတ်။

"နံလိုက်တာကွာ"

ကျော်မောင်မောင်က ခေါင်းအုံးကို အထက်အောက် လှန်အုံးပြီး သူ့ကို လာခွသော သားငယ် ခြေထောက်များကို တွန်းပစ်လိုက်သည်။ ဗိုဲ့အားပြည့်အောင် မလာသောကြောင့် အတန်ငယ် မှုန်ပြီး မွဲနေသော

လေးဆယ်အား မီးလုံးရောင်နှင့် ရုပ်ပြစာအုပ်ကို ဖွင့်ဖတ်သည်။ မီးရောင် မှိန်သဖြင့် မျက်လုံး ပျက်ချင်မှသာ ပျက်ရော မဖတ်လို့ မဖြစ်။ လမ်းထိပ် စာအုပ်ဆိုင်က ငှားလာရသော စာအုပ် ဖြစ်သည်။ မင်းသားနှင့် မင်းသမီး အခန်း ရောက်ပြီး ဖတ်လို့ ကောင်းတုန်းရှိသေး။ အိအိခင်က တိုးတိုးခေါ် လေသည်။

"မောင်"

"ဘာလဲ"

ကျော်ကျော်မောင်က စာအုပ်မှ မျက်နှာ မခွာဘဲ ထူးလိုက်သည်။ ဒီစာအုပ် ပြီးလျှင် နောက်တစ်အုပ် ဖတ်ရဦးမည်။ သူငှားလာသော စာအုပ်က နှစ်အုပ် ဖြစ်သည်။ နက်ဖြန် ပြန်မအပ်နိုင်လျှင် တစ်ရက်စာ တက်သွားမည်။

"အဲ့စာအုပ် ချထားစမ်းပါဦး ဒီမှာ အိ ပြောတာကို နားထောင်ပါဦး"

"ကဲ ကဲ ပြော"

"အိမှာ ကလေးရှိပြန်ပြီ ထင်တယ်"

"ဟုတ်လား"

"ဟုတ်တယ် သိပ် စိတ်ညစ်တာပဲ ဒါကြောင့် မောင့်ကို ပြောနေတာ ဆင်ဆင်ခြင်ခြင် နေပါလို့"

ကျော်မောင်မောင်က မျက်စိမျက်နှာ ပျက်နေသော အိအိခင်အား ခပ်ပေါ့ပေါ့ပင် ပြန်ကြည့်သည်။ သိပ် စိတ်ညစ်တာပဲဟု ဆိုနေသော်လဲ လုပ်ကိုင်စရာ စီစဉ်စရာ ရှိသည်များကို အိအိခင်သည် ဦးစီးဦးဆောင် ပြုပြီး ဆောင်ရွက် သွားမည်ကို သူသိသည်။

"အငယ်ကောင်ကဖြင့် တစ်နှစ်တောင် မပြည့်သေးဘူး"

"ဘာဖြစ်လဲ အိရာ သားသမီး ဆိုတာ ရတနာပဲ မဟုတ်လား"

"အို မောင်ကတော့ ပြောမှာပေါ့ မောင် မွေးရတာမှ မဟုတ်တာ ကလေး ရလာတော့လဲ အနီးတစ်ထည် ကူလျှော်တာ မဟုတ်ဘူး"

"အိ မလိုချင်ရင် ဆေးသောက်လို့ ပြောသားပဲ"

"အို တစ်နေ့ တစ်နေ့ လျှော်ရ ဖွတ်ရ ချက်ရ ပြုတ်ရနဲ့ အဲ့ဆေးကြီးကို ဘယ်လိုလုပ် မှန်မှန် သောက်မိတော့မလဲ မေ့တာပေါ့"

ကျော်မောင်မောင်သည် အိအိခင်အား အသေအချာ ကြည့်မိသည်။ အသက် အစိတ်ပင် မပြည့်တတ်သေး သော်လဲ ပါးရိုးနားရိုး ကျကာ ပိန်ပြီး ရင့်ကျော်ကျော် ဖြစ်နေသည်။ နဂိုက မေးရိုးကားသူမို့ ပိန်သွားသောအခါ မေးရိုးနှစ်ဖက် ခပ်ခေါခေါ ဖြစ်ပြီး ကြည့်ရဆိုးသလို ဖြစ်နေသည်။

ဒီလိုဆိုတော့လဲ နေ့ခင်းက တွေ့ခဲ့သော ထွေးငယ်ကို သတိရလာသည်။

တစ်ကိုယ်ရေ တစ်ကာယ အပျိုစင် ဆိုတော့လဲ ကလေးအမေနှင့် ဘယ်လိုမှ မတူနိုင်။ ရေမွှေးနံ့လေး သင်းပြီး ကျော့ရှင်း လှပနေသည်။ ယခုမှသာ မဟုတ် ဟိုးအရင်တုန်းကလဲ ထွေးငယ်သည် အိအိခင်ထက် လှသည်သာ ဖြစ်သည်။

"မောင် မောင် ဘာတွေ တွေးနေတာလဲ"

"ဒီလိုပါပဲ"

သူက မရေမရာ ဖြေသည်။ ခြင်ထောင်ထဲမှ ရှူးနံ့ ရောနေသော လေကို ခပ်မျဉ်းမျဉ်း ရှူသည်။ အိအိခင်က သူ့ကို အကဲခတ်သလို ကြည့်နေသည်။ သူက စာအုပ်ကို ပြန်ကောက်ကိုင် လိုက်သည်။ ထိုနောက် ထွေးငယ်အကြောင်း ဆက်တွေးသည်။

"မောင်က ပြောလိုက်ရင် ခပ်ပေါ့ပေါ့ဆဆ ချည်းပဲ၊ ဘယ်တော့မှ အလေးနက် မရှိဘူး"

"ဒီမှာ နှစ်ယောက်ကနေ သုံးယောက် ဖြစ်တော့မယ် ပိုက်ဆံက ကုန်တော့မယ်"

"မမမြင့် ရှိသားပဲကွာ မမက လိုသမျှ ပြောလို့ ပြေးထားတာပဲ"

"သြော် ဟုတ်တယ် မမမြင့်ဆီကပဲ အမြဲလက်ဖြန့် ခံနေရတာ ရှင် မရှက်ဘူးလား"

"ဘာရှက်စရာ ရှိလဲ သူ့ဆီမှာ ရှိတာ ငါ့မှာ ရှိတာနဲ့ အတူတူပေါ့ ဒီအိမ်ကိုလဲ တစ်ဝက်စီ ပိုင်တာ"

ကျော်မောင်မောင်က ခပ်ဆတ်ဆတ် ပြောသည်။ သူ့အစ်မ အပျိုကြီးကို သူက ဘကၡာတိုက်ကြီးလို သဘောထား လေသည်။ မမမြင့်က ဈေးထဲတွင် ငါးပိငါးခြောက် ငံပြာရည် ရောင်းသည်။ ကိုင်တွယ် ရသည်မှာ နံစော်သည် မှန်သော်လဲ အမြတ်အစွန်း များလေသည်။ သူ့အစ်မက ငါးပိတွေကို ဆားသိပ်နေလျှင် ကျော်မောင်မောင်က နှာခေါင်းရှုံ့ပြီး ဝေးဝေးပြေးတတ် သော်လဲ ထိုငါးပိမှ အမြတ်အစွန်းများ ကိုတော့ လက်ဖြန့်တောင်းရန် ဝန်မလေးလှချေ။ သူ့လခက တစ်လလျှင် သူ့စီးကရက်ဖိုး လက်ဖက်ရည်ဖိုးနှင့် စာအုပ်ငှားခများက တစ်ဝက်လောက် နတ်လေသည်။ အစ်မနှင့် အတူနေ သောကြောင့်သာ ထမင်းဝဝ စားနေရခြင်း ဖြစ်သည်။

"ဒါပေမဲ့ အိတို့ လစဉ် လက်ဖြန့် တောင်းနေရတဲ့ ပိုက်ဆံကျတော့ မမမြင့် ရှာထားတဲ့ ငွေတွေ သိလား"

"သူရှာတဲ့ ပိုက်ဆံ ငါတို့ မစားရင် ဘယ်သူ စားမလဲ တော်တော့ကွာ ဒီမှာ ကောင်းခန်း ရောက်နေပြီ"

"ဩော် ဒီကောင်ကလဲ တိုးစမ်း ဟိုဖက်ကို"

သူ့ဖက် လိမ့်လာသော အငယ်ကောင်အား ပြန်ပြီးတွန်းကာ ကျော်မောင်မောင်သည် အိအိခင်အား ကျောခိုင်းလိုက်သည်။ ခုနတုန်းက တွေးနေသော ထွေးငယ်ကိုလဲ မေ့သွားလေသည်။ စာအုပ်ထဲက မင်းသားချောချော မင်းသမီးချောချော နောက်သို့ ပါသွားသည်။

"အမြဲတမ်း ပေါ့တီပေါ့ဆချည်းပဲ"

အိအိခင်က မကျေမနပ် ရေရွတ်သည်။ သားများကို ချည်စောင်ပါးပါး လွှမ်းခြုံပေးပြီး ကျော်မောင်မောင်အား ကျောခိုင်းကာ လှဲချလိုက်သည်။

"ဒီလောက် ပေါ့တီးပေါ့ဆမှန်း သိရင် သူ့ကိုရအောင် မယူခဲ့ပါဘူး"

ဟု စဉ်းစားရင်း မျက်ရည်ဝဲ လာသည်။ ထို့နောက် ထွေးငယ်ကို သတိရသည်။ ထွေးငယ်နဲ့ အိအိခင်တို့သည် သူငယ်တန်းထဲက အတူတူ ကြက်ခွပ်တန်း ကစား လာရသော သူငယ်ချင်း။

"အိခင် ဒီနေ့ ဘာလုပ်တမ်း ကစားမလဲ"

"ကုလားမ စည်း"

"ဟင် အဲ့ဒါတော့ မကစားချင်ဘူး"

"ဘာဖြစ်လို့လဲ"

"အို နင်က သိပ်ညစ်တာ ခါးကြီးကို တအား ကိုင်းပစ်တယ် နောက်ပြီး စည်းလဲ နင်းထားသေး"

"မကစားချင်လဲ နေပေ့ါ"

အိအိခင်က ထွေးငယ်ကို ရှုတည်တည်နဲ့ ကြည့်သည်။ ထွေးငယ်သာ မဟုတ် သူတို့ သူငယ်ချင်းများက အိအိခင်နဲ့ အတူ ကစားရမည် ဆိုလျှင် လန့်ကြသည်။ အိအိခင် ပါလာလျှင် ငြိမ်သက်နေသော ကစားဝိုင်းတွင် ငြင်းသံ မကျေနပ်သံများက စီစီညံလာမြဲ ဖြစ်သည်။

"ထုပ်စည်း ထိုးမယ်လေ"

"ဘယ်မှာလဲ လူက"

"မီမီတို့ ခိုင်ခိုင်တို့ ပါမှာပေ့ါ မိုးမိုးတို့ နွယ်နီတို့လဲ ခေါ်မယ်လေ သက်ထားမြင့် ကိုလဲ ခေါ်လိုက်ရင် ရတာပဲ"

"သူတို့တွေက ငါ့ကို စည်းခိုးတယ် ညစ်တယ်နဲ့ ခဏခဏ ပြောတယ် အားကြီး အမြင်ကတ်တာပဲ"

"ရပါတယ်ဟာ နင်နဲ့ ငါနဲ့ တစ်ဖက်ထဲ နေမယ်နော် အိခင်နော် နင်က ခေါင်သူကြီး လုပ်လေ ငါနဲ့ မိုးမိုးက ဖွက်မယ်လေ နှင်းဆီနဲ့ စံပယ်ကို နင်က နှင်းဆီယူမယ် ပြောနော်"

အိခင် ငြိမ်နေသည်။ ထွေးငယ်က ဘာကြောင့် သူနဲ့ တစ်ဖက်ထဲ နေချင်သည်ကို သူသိသည်။ အိခင် ပါသော ကစားဝိုင်းများတွင် ငြင်းသံ ခုန်သံများ ဆူညံမြဲ။ နောက်ပြီး အိအိခင် ပါသောဘက်က နိုင်မြဲ။ အိခင်က

ဘယ်နေရာတွင် မဆို နိုင်ချင်ဇော ကြီးသည်။ တားရသော အလှည့်တွင် စည်းပေါ်မှ ရှေ့တစ်လှမ်း တိုးပြီး ကိုယ်ကို ကိုင်းကာ လက်ကို အားကုန်ဆန့်ပြီး လွှဲပုတ်တတ်သည်။ သူတို့ရမည့် အလှည့်တွင်မူ

"ဟာ လှမ်းမပုတ် ရဘူးလေ ဟော့ မမိသေးဘူးနော် ဟင်း ညစ်တယ်နော် နင် သိပ်ညစ်တာပဲ ဒီလိုဆို မကစားတော့ဘူး"

ဟု အော်တတ်ပြန်သည်။ ထို့ကြောင့် မည်မျှပင် ငြင်းသံ ခုန်သံတွေ ဆူညံနေသော်လဲ အဆုံးသတ်တွင် အိအိခင် ပါသောဘက်က အနိုင်ရသည်သာ ဖြစ်သည်။

သူနဲ့ တစ်ဖက်စီ ကစားရသူများ အတွက်မူ သူသည် အမြင်ကတ်စရာ ကောင်းနေသော်လဲ တစ်ဖက်ထဲ ကစားရသူများ အဖို့မူ တကယ့် အားကိုးစရာ ဖြစ်လေသည်။ ထို့ကြောင့် ထွေးငယ်က သူ့ဘက်တွင် နေမည်ဟု စောစောစီးစီး ကြိုပြောထားခြင်း ဖြစ်လေသည်။

"ခေါင်သူကြီးက အိအိခင်နဲ့ နွယ်နီဦး ကဲ ဖွက်ကြစို့နော်"

မိန်းကလေးများသည် နှစ်ယောက်တစ်တွဲ ထွက်သွားပြီး တီးတိုး တိုင်ပင်ကြသည်။ ထွေးငယ်နှင့် မိုးမိုး အရင်ဆုံး ပြန်လာသည်။ ခေါင်သူကြီး

နစ်ဦးရှေ့တွင် ရပ်ရင်း "နင်းဆီနဲ့ စံပယ်" ဟု သံပြိုင်အော်သည်။

"နင်းဆီ"

အိအိခင်က ဦးအောင် အော်လေသည်။ ထွေးငယ်သည် ဖျတ်ခနဲ သူ့ဘေး ဝင်ရပ်သည်။ မျက်နှာလေးက ပြုံးနေသည်။ အိခင်သည် ဆီးသီးထုပ်ကို ပစ်ချလိုက်ပြီး အုတ်ခုံပေါ်မှ ခုန်ချသည်။ လုံချည်ကို ခြေသလုံး အလယ် ရောက်အောင် ပြင်ဝတ်သည်။ လျော့နေသော ဆံပင်ကို သားရေကွင်းနှင့် တင်းတင်းပြန်ပြီး စည်းလေသည်။

ထွေးငယ်သည် သူ့ဘေးတွင် ရပ်ရင်း သူ့ကို အားကိုးစွာ ကြည့်နေလေသည်။

* * *

ဖရောက် ဖရောက်နှင့် အဝတ်ပေါ် ရေကျသော အသံမျိုး ကြားရသည်။ အိခင်သည် အိပ်ရာမှ လူးလဲထလိုက်သည်။

"ကဲကြည့် အိပ်မယ်မှ မကြံသေးဘူး သေးက ပန်းပြီ"

စိတ်တိုစွာ ရေရွတ်မိသည်။ သားငယ်က အိပ်မောကျ နေသော်လဲ သေးပေါက်ပြီးသည်နှင့် တစ်ဖက်ကို လိမ့်ရွေ့သွားသည်။ မအိပ်ခင် ညဦးပိုင်းက ရေတွေနင်းကန် သောက်ထားသည် ထင်သည်။ ပေါက်လိုက်သည်မှာလဲ အိုင်ထွန်းနေသည်။

"တစ်အိပ်ရာလုံးလဲ နံဟောင်နေပြီ"

သားငယ် အောက်ဘက်တွင် ခံထားသော စောင်ကို ဆွဲထုတ်လိုက်သည်။ လုံးထွေးပြီး ခြေရင်းဘက် လွှင့်ပစ်သည်။ စိုနေသော ပလပ်စတစ် အခင်းကိုပါ ဆွဲထုတ်ပီး ပြောင်းပြန် လှန်ခင်းသည်။ ချည်စောင် တစ်ထည်ကို အပေါ်က ထပ်ခင်းလိုက်ပြီး ခေါင်းအုံးပေါ် တက်အိပ်နေသော သားကို ပွေ့ယူပြီး သူ့နေရာသူ ပြန်သိပ်လိုက်သည်။ နာရီထိုးသံ ကြားရသည်။ ဆယ်နာရီ ထိုးပေပြီ။

"အိအိခင် နောက်ဖေး ထွက်ဦးမလား"

အခန်း အပြင်ဖက်မှ မမမြင့်က လှမ်းမေးသည်။ ပြတင်းပေါက် တံခါးများကို ချက်ကျမကျ စစ်ဆေးနေသော အသံကို ကြားနေရ လေသည်။

"မထွက်တော့ဘူး အစ်မ"

"တံခါးတွေ ပိတ်လိုက်တော့မယ်နော်"

"ဟုတ်ကဲ့"

တံခါးများကို မင်းတုပ်ထိုးပြီး ပိတ်နေသံကို ကြားရသည်။ တံခါးများကို မမမြင့် ပိတ်လျှင်ပိတ် မပိတ်လျှင် အိအိခင်က ပိတ်ရသည်။ ကျော်မောင်မောင် ကမူ တစ်ခါမျှ အရေးတယူနှင့် ပိတ်ဖူးသည် မရှိ။

"ဖြိုးကြီး နေကောင်းရဲ့လား ညနေက ရေတွေ ဆော့နေတယ်"

"ကိုယ်တော့ နည်းနည်း နွေးချင်သလိုပဲ မမ"

မမမြင့်က အခန်းထဲ ဝင်လာသည်။ ခြင်ထောင်ကို ဆွဲလှန်ကာ သားကြီးရဲ့ နဖူးကို စမ်းကြည့်လေသည်။

"အေးဟဲ့ နွေးချင် သယောင်ယောင်ပဲ အုပ်ဆေးလေး အုပ်ထားလိုက်ပါလား အိအိခင်"

မမမြင့်က သားရဲ့နဖူးကို စမ်းရင်း သူ့မောင်ကို မကျေမနပ် လှမ်းကြည့်သည်။ ရုပ်ပြစာအုပ်ကို ရင်ဘတ်ပေါ် တင်ပြီး အိပ်ပျော်နေသော ကျော်မောင်မောင်က ဘာမျှမသိ။

"ဒီကောင် လခမှန်မှန် အပ်ရဲ့လား"

အိခင်သည် ခေါင်းညိတ်ရမလား ခါရမလား မသိဘဲ ဖြစ်နေသည်။ လစဉ်မှန်မှန်တော့ အပ်သည်ပင်။ သို့သော် တစ်ခါမျှ ပြည့်ဖူးသည် မရှိ။ တစ်ယောက်ထဲ အသုံးက သူ့လခ တစ်ဝက်မကပေ။

ငိုင်တွေတွေ ဖြစ်သွားသော အိအိခင်အား မမမြင့်က အကဲခတ်သလို ကြည့်နေသည်။ အိအိခင်က အိပ်ရာခေါင်းရင်း ကွက်လျှောက်ပေါ်မှ ဆရာပြောင် ဆေးတို့ပတ်ကြီးကို လှမ်းယူရင်း မမမြင့်ရဲ့ မျက်လုံးများကို မသိမသာ ရှောင်လွှဲထားသည်။

"နင်တို့ အိပ်ရာကလဲ နံလိုက်တာ၊ ဘယ်လိုလုပ်ပြီး ကျန်းမာရေးနဲ့ ညီညွတ်တော့မလဲ"

မမမြင့်က ပြောရင်း ခြင်ထောင် အပြင်ဘက် ပြန်ထွက်သွားသည်။ ငါးပိငါးခြောက် ငံပြာရည်နံ့ တို့ကို နှာခေါင်းယဉ်ပါး နေသောကြောင့် နံသည်ဟု မထင်သော်လဲ ကလေး ရှူးနံ့တော့ ခံနိုင်ဟန်မတူ။ ကလေးသာ ဆိုသော်လဲ အကြီးကောင်ကော အငယ်ကောင်ကော လူကြီးစားသမျှ အကုန်လိုက်ပြီး စားတတ်ကြသည်မို့ လူကြီးရှူးတမျှ နံလေသည်။

"မွေ့ရာအသစ် မချုပ်နိုင်သေးရင်လဲ နွေဘက်ကျရင် အဲဒါကြီးကို ဆွဲထုတ်ပစ် လိုက်စမ်းဟာ ဖျာနဲ့ အိပ်တာကမှ အသက်ကလေး ဝဝ ရှူရဦးမယ်"

မမမြင့် အခန်းအပြင်ဘက် ထွက်သွားလေသည်။ ညှော်ခန်းမီးကို ပိတ်လိုက်တော့ အိအိခင်တို့ အခန်းမှအပ တစ်အိမ်လုံး မှောင်ကျသွားသည်။ ကလေး နှစ်ယောက်နဲ့မို့ အိအိခင်တို့ အခန်းတွင်မူ ဖယောင်းတိုင် ငါးတိုင်အား မီးလုံးလေးကို ညလုံးပေါက် ထွန်းထားရသည်။ အကြီးကောင်က အမှောင်ကို အလွန်ကြောက်သည်။ တစ်ရေးနိုးလို့ မှောင်မည်းနေလျှင် ကြောက်လန့်တကြား ထငိုတတ်လေသည်။ ထို့ကြောင့် အဆင့်မသင့်လို့ မီးပျက်သော နေ့များတွင်ပင် အခန်းထဲတွင် ရေနံဆီမီးခွက် ဖြစ်ဖြစ် ဖယောင်းတိုင် ဖြစ်ဖြစ် ထွန်းထားရသည်။

"ဒီကောင်ကလဲ အသက်ပဲ အစိတ်ကျော်နေပြီ ဒီ သားမယား တာဝန်တွေဟာ သူ့တာဝန် ဆိုတာ ခေါင်းထဲမှ ထည့်ရဲ့လား မသိဘူး အခုတောင် ဝတ်ချင်စားချင် လှချင်ပချင် ပိုးချင်ပန်းချင် နေတာပဲ နည်းနည်းမှ ထောင့်မကျိုးဘူး"

"ရုပ်ကလေး သနရုပ်ပ ရှိတာနဲ့ မိန်းကလေးတွေကလဲ မဆင်မခြင် အထင်ကြီးကြ ကြိုက်ကြ"

မမမြင့်ရဲ့ ရေရွတ်သံ အဆုံးတွင် ကျော်မောင်မောင်ရဲ့ တရူးရူး ဟောက်သံက ဆက်တိုက် ထွက်ပေါ်လာလေသည်။

"ထွေးငယ် ထွေးငယ်"

"ဘာ"

ကျော်မောင်မောင်က အိပ်ပျော်နေရင်း ယောင်နေသည်။ မျက်နှာက မပြုံးတပြုံး ရှိသည်။ အိအိခင် ရင်တဒိန်းဒိန်း ခုန်လာသည်။ ကျော်မောင်မောင်ရဲ့ မျက်နှာကို

စေ့စေ့ကြည့်သည်။

"ကြည့်စမ်း ထွေးငယ်တဲ့ သူနဲ့ ထွေးငယ်များ အဆက်သွယ် ရှိနေတာလား ဟင်း ဒါမှမဟုတ် ထွေးငယ်ကို ခုထက်ထိများ မမေ့နိုင်သေးဘူးလား"

ဟု ကစဉ့်ကလျား တွေးနေမိသည်။

ကျော်မောင်မောင်ရဲ့ ပါးစပ်ကို အသေချာ စိုက်ကြည့်ရင်း ဘာများ ထပ်ပြောဦးမလဲ ယောင်ဦးမလဲ ဟု နားစွင့်ထားသည်။ သို့သော် ဘာစကားကိုမျှ ထပ်မကြားရတော့။ ကျော်မောင်မောင်သည် အိအိခင်က အလွန်လှသည်ဟု ထင်ခဲ့သော နှုတ်ခမ်းပါး နှစ်လွှာကို မဟာတဟ ပြုကာ တရှူးရှူးနှင့် ဆက်ပြီး ဟောက်နေလေသည်။

* * *

"အိခင် ဟိုမှာကြည့်စမ်း"

"ကျော်ဟိန်းလေ ကျော်ဟိန်း"

"ဟင် ဘယ်မလဲ"

အိခင်က လက်ထဲမှ ဖောင်တိန်ကို ချကာ ကမန်းကတန်း လိုက်ကြည့်သည်။ ကျော်ဟိန်းနဲ့ ဆင်ဆင်တူသည်။ သို့သော်လဲ ကျော်ဟိန်း မဟုတ်ပေ။ "သို့သော် ကျော်ဟိန်းထက် ချောသည်" အိအိခင်က မှတ်ချက်ချသည်။

"ကြံ့ကြံ့ဖန်ဖန်ဟယ် ကျော်ဟိန်းက ပိုချောတာပေါ့"

ထွေးငယ်က ငြင်းသည်။ မည်သို့ပင် ဆိုစေ အိအိခင်ရော ထွေးငယ်ရော ထိုသူကောင်းသားလေးကို ချောသည်ဟု အသိအမှတ် ပြုကြသည်။ နေကာမျက်မှန် တပ်ထားသဖြင့် ဘယ်သူ့ကို ကြည့်မှန်း မသိသော်လဲ ထိုသူသည် သူတို့ကို ကြည့်နေသည်ကိုတော့ သိသည်။ အိအိခင် စိတ်ထဲတွင်မူ "ငါ့ကို ကြည့်နေတာလား မသိဘူး" ဟု လှိုက်ဖိုသွားသည်။

ထွေးငယ်ကလဲ အိအိခင် နည်းတူပင် ဖြစ်လေ မည်လားတော့ အိအိခင် သေချာမသိ။ ထွေးငယ်သည် တက္ကသိုလ်တွင် ဝိုင်းဝိုင်းလည်အောင် ပိုးပန်းခံနေရသော အလှဖုရားလေး တစ်ပါး ဖြစ်နေသောကြောင့် အိအိခင် လောက်တော့ တုန်လှုပ်ချင်မှ တုန်လှုပ်ပေမည်။ ထိုအတွေ့အကြုံ များက ထွေးငယ်အတွက် ရှိးနေပေပြီ။

"သူ ထွေးငယ်ကို လာကြည့်တာလား မသိဘူး"

"အို အိအိခင်ကို ကြည့်တာ နေမှာပါ"

အိအိခင်က သွေးတိုးစမ်းသလို မေးပြော ပြောသည်။ ထွေးငယ်ကလည်း အိအိခင် ဘက်သို့ ပြန်လွှဲချသည်။ သို့သော် လှပ ချောမွေ့သော မျက်နှာလေးက မသိမသာ ပြုံးနေသည်။ သူ့အလှကို ယုံကြည် စိတ်ချခြင်းကို သူ့မျက်လုံးများတွင် တွေ့ရသည်။

အိအိခင် သက်ပြင်းချမိသည်။ ထွေးငယ်သည် သူ့ထက် ပိုလှသည်ကို သူ လက်မခံချင်သော်လဲ လက်ခံရမည် ဖြစ်သည်။

"အပေါ်ယံ အလှလေးကိုသာ ကြည့်တာ ဆိုရင်တော့ သူက ထွေးငယ်ကို လာကြည့်နေတာ ဖြစ်မှာပဲ၊ ဒါပေမဲ့ တချို့တွေကလဲ သူ့ကို လှတယ်လို့ ထင်ချင်မှ ထင်မှာပေါ့ တစ်ယောက်နဲ့ တစ်ယောက် အကြိုက်ချင်း တူတာမှ

မဟုတ်တာ" ဟု စဉ်းစားသည်။

"ဟော ကြည့်နေပြန်ပြီ အိခင်ကို ကြည့်နေတာပါ"

ထွေးငယ်က ပြန်ပြောသည်။ သို့သော် ထွေးငယ် စိတ်ထဲတွင် ထိုသို့ တကယ် မထင်ကြောင်းကို အိခင် သိလေသည်။ အိခင် သက်ပြင်းချမိ ပြန်သည်။ သူ့ကို ဒီထက်လှအောင် မွေးမပေးထားသော အမေ့ကို တွေးပြီး စိတ်ဆိုးချင် ပြန်သည်။

ကုလားမစည်း ထုပ်စည်းကစား လုပ်နေတုန်းကမူ အိခင်သည် မိမိကိုယ်တိုင် အလှကို လည်းကောင်း၊ ထွေးငယ် အလှကို လည်းကောင်း လုံးဝ သတိ မမူခဲ့ မသိခဲ့ပေ။ သို့သော်လဲ ခုနစ်တန်း ရှစ်တန်း ရောက်ပြီး အပျိုဖော်ဝင်ကာ စိတ်ကလေး ကစားချင်လာသော အချိန်ကျတော့ သူတို့သည် ဖန်ခုန်တမ်း ကြက်ခွပ်တမ်းများကို မေ့ပစ်လိုက်ကြသည်။ စွယ်တော် ရွက်လေးတွေ ခူးပြီး ဖယောင်းတိုက်ကြသည်။ စာအုပ်ကြား ညှပ်ကြသည်။ ဝတ္ထုစာအုပ်ထဲမှ နာမည်များကို အချင်းချင်း မှည့်ခေါ်ကြသည်။ ထွေးငယ်က သူ့ကျောင်းစာအုပ် များတွင် ငွေစန္ဒာ လမင်းထွေးဟု အမည်ရေးသည်။ အိအိခင်ကလဲ အားကျမခံ အိရွှေစင်ဟု သူ့ကိုယ်သူ အမည်ပေး ကင်ပွန်းတပ် လိုက်သည်။

သူတို့ အုပ်စုထဲတွင် ထွေးငယ်သသည် ရည်းစားစာ ပထမဆုံး ရသောသူ ဖြစ်သည်။ ထွေးငယ်က ကျောင်းကားစီးသူ မဟုတ်။ သူတို့နေရာ အမျိုးသမီး

ကျောင်းသို့ ဘတ်စ်ကားနှင့် လာသည်။ ဘတ်စ်ကား မှတ်တိုင်မှ ကျောင်းအထိ အတော်လေး ဝေးလို့ လမ်းလျှောက်ရသေးသည်။ ထိုသို့ လျှောက်လာရာ လမ်းတွင် အမျိုးသားကျောင်း တစ်ကျောင်း ရှိသည်။ ထိုကျောင်းမှ နေလတ် ဟူသော ကျောင်းသား တစ်ယောက်က လမ်းမှစောင့်ပြီး စာပေးသည်။

ထွေးငယ်က သုတ်ခြေတင် ပြေးသည်။ စာကမူ လွယ်အိတ်ထဲ ထိုးထည့်ပေး လိုက်သောကြောင့် ကျောင်းအထိ ပါလာသည်။ ကျောင်းဆင်းချိန် ရောက်တော့မှ ကျောင်းခြံဝင်းထောင့်က သဖန်းပင်ကြီး အောက်ကို သွားပြီး စုပြီး ဖတ်ကြသည်။

"မောင့်အချစ်ဆုံး ထွေးငယ်" တဲ့၊ စာက အစချီထားသည်။ "မောင့်ဘဝကို အလင်းပေးပါလား မောင့်အရက်ဦးရယ်" ဟုလည်း ပါသည်။ "ထွေးငယ်သာ မောင့်ကို လျစ်လျူရှုရင်တော့ မောင့်ဘဝကြီး တစ်ခုလုံး ခြောက်သွေ့တော့မှာပဲ" ဟူသော စကားကိုလဲ မှတ်မိသည်။ အဆုံးသတ်တွင်မူ "ထွေးငယ်ရဲ့ မေတ္တာကို လပ်မနေချင်တဲ့ နေလတ်" ဟု လက်မှတ်ရေးထိုး ထားလေသည်။

ယခုခေတ် စကားနဲ့ ပြောရလျှင်မူ အပိုျပေါက်စလေးတွေ တော်တော်ခိုက် သွားလေသည်။ ထို့နောက် ထွေးငယ်ကို ပေးသော ရည်းစားစာများကို မကြာခဏ ဖတ်ကြရသည်။ စာတစ်စောင်ထဲတွင်မူ ထွေးငယ် အလှကို အသေချာ ရေးဖွဲ့ထားလေသည်။

ထွေးငယ်တော့ ဘယ်လို နေမည်မသိ အိခင်ပင် ရင်တော်တော် ခုန်သည်။ မကွယ်မထောက် ဝန်ခံရရင် အိခင်သည် ထွေးငယ်ကို အတော်လေး အားကျခဲ့သည်။ ထိုကဲ့သို့ပင် စာလေးများ အပေးခံချင်သည်။ သို့သော် ထိုအချိန် ထိုကာလသာမက ယခုချိန်ထိ ဒေသကောလိပ် ပထမနှစ် ရောက်လာသည် အထိပင် အိအိခင်သည် သူများကို ပေးသော ရည်းစားစာကိုသာ ဖတ်ဖူးလေသည်။ သူ့ကိုပေးသော စာ တစ်စောင်တလေပင် မဖတ်ဖူးသေးပေ။

အိအိခင်သည် ဖြူဝင်းနေသော ထွေးငယ်ရဲ့ မျက်နှာလေးကို အားကျစွာ ကြည့်မိသည်။ ထွေးငယ်က ကုသိုလ်ကံ အကျိုးပေး တော်တော်လေး ကောင်းသည်။ အသားက ဖြူပြီး ဝင်းရုံသာမက အဆီလဲ မပြန်တတ်ပေ။ မနက်က လူးထားသော သနပ်ခါးသည် ညနေ ကျောင်းဆင်းသည်ထိ မပျက်မပြယ်ဘဲ သူ့မျက်နှာတွင် စွဲနေတတ်သည်။ အိခင်ကမူ အသားက အတန်ငယ် ညိုပြီး မျက်နှာတွင်လဲ သုတ်မနိုင်အောင် အဆီတဝင်းဝင်း ပြန်နေတတ်ပါသည်။

ထွေးငယ်ရဲ့ အလှက တစ်ချက် ကြည့်မိလျှင် နောက်တစ်ခေါက် ပြန်ပြီး ကြည့်ချင်လောက်အောင် ထင်လင်းသောအလှ ဖြစ်ပြီး အိခင်အလှက သာမန် အများသူငါနှင့် ရောနေသည်။ အားလုံးကို ဝေ့ကြည့်လိုက်သော မျက်လုံးသည် သူ့ကို မမြင်ဘဲ လျှံသွားတတ်သော သာမန် အလှမျိုးသာ ဖြစ်သည်။ သူရဲ့ မျက်လုံး ဝိုင်းဝိုင်းနှင့်မျက်တောင် ကော့ကော့လေးများကို တော်ရုံလူက သတိမပြုမိ တတ်ကြပေ။

ကိုယ်ကသာ သိပ်မလှသော်လဲ အိခင်သည် အလှကြိုက်လေသည်။ ဝတ္ထုထဲတွင် ဖတ်ရသော ဇာတ်လိုက် ကောင်လေးမျိုး ချောချောလေးကို ကြိုက်ချင်သည်။ သို့သော် ထိုချောချော ကောင်လေးမျိုးက အတော်ရှားသည်။ အိခင်ရဲ့ မျက်စိထဲတွင် ပိန်သူပိန် ပုသူပုပြီး ဝသူက ဝနေတတ်သည်။ အရပ်အမောင်း ကိုယ်နေဟန်ထားက အဆင်ပြေပြန်သော်လဲ မျက်နှာက အဆင်မပြေပြန်။ အသားမည်းသူက မည်း မျက်နှာပြဲသူက ပြဲ မျက်စိမှေးသူက မှေး သွားခေါသူက ခေါနေသေးသည်။

အပြင်မှ ကိုလူချောက စီးကရက် သောက်နေလေသည်။ အိခင်သည် ထိုလူလောက် အဆင်ပြေပြေ ကြည့်ကောင်းသူကို ရုပ်ရှင်ထဲမှအပ အပြင်တွင် မမြင် မတွေ့ဖူးသေးပေ။ အိခင် အပြင်ဘက်သို့ ကွက်ကြည့် ကွက်ကြည့်နှင့် ဖြစ်နေသည်ကို ထွေးငယ်က ပြုံးလေသည်။

"ဒီလူက အိကို ကြိုက်နေတာပါကွာ ဟုတ်ပါတယ်"

သူ့အသံက မုန့်တောင်းသော ကလေးအား အေးအေး ပေးမယ် ပေးမယ်ဟု ချော့သော အသံမျိုး ဖြစ်သည်။

အိခင် အတော် မခံချင် ဖြစ်သွားသည်။

* * *

"မေမေ ရေသောက်မယ်"

အကြီးကောင်က အိခင်ရဲ့လက်မောင်းကို လှုပ်လိုက်သဖြင့် အိခင် ဆတ်ခနဲ နိုးသွားသည်။

"မေမေ ရေသောက်မယ် ရေဆာတယ်"

"အေးအေး ရေဆာရင် မေမေ ခပ်ပေးမယ်"

အိခင်က လူးလဲထကာ ပြေနေသော ဆံပင်ကို တစ်ပတ်လျှို ဆွဲပတ်လိုက်သည်။ အိပ်ရာဘေးတွေ အဆင်သင့် ထားသော ရေပုလင်းကို လှမ်းဆွဲယူပြီး ခွက်ထဲ ထည့်လိုက်သည်။

"ရှူးရှူး ပေါက်လိုက်ဦး သား ပြီးမှ ပြန်အိပ်"

အိခင် စကားကို သားကြီး မကြားတော့။ သူ့နေရာတွင်သူ ဝုန်းခနဲ ပြန်လှဲချ

လိုက်သည်။ အိခင်သည် ခြေရင်းမှ ထွေးခံကို ဆွဲပြီး အောက်မှ ခံကာ နှုတ်ခမ်းနှစ်လွှာကို စုချွန်ပြီး "ရှီးရှီး" ဟု အသံထွက်အောင် လုပ်လိုက်သည်။ ခဏနေတော့ သားကြီး ရှူရှူပေါက် လာလေသည်။

"အောင်မလေးဟဲ့ နည်းတဲ့ရှူးတွေ မဟုတ်ဘူး အိပ်ရာထဲမှာသာ ပေါက်ချလိုက်ရင် ငါတို့များ မျောသွားမလား မသိဘူး"

သားကြီးက အိပ်ချင်မူးတူးနဲ့ ပြုံးယောင် ပြုလေသည်။ အိခင်ကလဲ သားရဲ့တင်ပါးကို မနာအောင် အသာရိုက်လိုက်မိသည်။

"မေမေ အိုက်တယ်"

"မအိုက်ပါဘူး သားရယ် သားကို အုပ်ဆေးတွေ အုပ်ထားလို့ပါ လာ မေမေ ချွေးသုတ်ပေးမယ်"

"ကဲကဲ အိပ်တော့ သားရယ်"

"အန်တီမြင့်ကော မေမေ"

"အန်တီမြင့်လဲ အိပ်ပြီ ဟိုမှာတွေ့လား ညီလေးလဲအိပ်ပြီ ဟောဟိုမှာ ဖေဖေလဲ အိပ်ပြီ"

အိခင်သည် ကျော်မောင်မောင်အား လှမ်းကြည့်လိုက်သည်။ ကျော်မောင်မောင်

ရင်ဘတ်ပေါ်မှ စာအုပ်က အိပ်ရာထဲသို့ ကျပြီး သားငယ်က စာအုပ်ပေါ် ခြေတင်အိပ် နေသည်။

"တော်ကြာ ကလေး ရှူးပန်းလိုက်မှ စာအုပ် တစ်ခုလုံး ရွှဲပြီး ဟုတ်ပေ့ ဖြစ်နေမယ် အသားလွတ် လျော်ရဦးမယ်"

အိခင်က ခြေထောက် အောက်မှ စာအုပ်ကို ကုန်းပြီး ဆွဲယူလိုက်သည်။

"မေမေက ကာတွန်းဖတ်ပြ"

"ဩော် ဒီချိန် ကာတွန်းဖတ်ချိန် မဟုတ်ဘူး အိပ်စမ်း မျက်စိမှိတ်"

ခပ်ငေါက်ငေါက် ပြောလိုက်သည်။ သားကြီးက ငိုမဲ့မဲ့ ဖြစ်သွားသည်။ သားကြီးက အဖေတူလို့ တော်တော်ချောသည်။ အိခင်ရဲ့ မျက်လုံးဝိုင်းဝိုင်း မျက်တောင် ကော့ကော့များကိုပါ ရထားလေတော့ သူ့အဖေထက်ပင် ပိုချောသည်ဟု အိခင် ထင်မိသည်။

"မေမေ ပုတ်ပေးပါ"

"အေး အိပ်တော့"

အိခင်သည် သားကြီးရဲ့ တင်ပါးကို တဖျပ်ဖျပ် ပုတ်လိုက်သည်။ သားကြီးဘေးတွင် လှဲပြီး အိပ်လိုက်တော့ ကျော်မောင်မောင်ကို မမြင်ရတော့။ ညဦးပိုင်းတွင် "ထွေးငယ်" ဟုယောင်ယမ်းသည်ကို သတိရ သွားပြန်တော့ အိခင် စိတ်ထဲတွင် ပူဆာဆာကြီး ဖြစ်သွားသည်။ ထွေးငယ်နှင့် အိခင် မတွေ့ဖြစ်ကြသည်မှာ ကြာချေပြီ။ တွေ့လဲ မတွေ့ချင် တွေ့လဲ မတွေ့လိုသောကြောင့် ဖြစ်သည်။

တစ်တန်းမှစပြီး တက္ကသိုလ်အထိ အတူတကွ တတွဲတွဲ ခင်လာကြသော သူငယ်ချင်း နှစ်ဦးသည် ခုတော့ တစ်ဦး အမည်ကို တစ်ဦး ကြားရလျှင်ပင် မေတ္တာစိတ် မပွားများ နိုင်ကြတော့ပေ။ တရားခံကတော့ တရားခံကတော့။

* * *

ထွေးငယ် ပြောသလို တစ်ပတ်ခန့် ကြာသောအခါ စာ ရောက်လာသည်။ အိခင်ဆီသို့ ရောက်ခြင်းတော့ မဟုတ် ထွေးငယ်ဆီသို့ ဖြစ်သည်။ သူ့စာပုံစံက ထွေးငယ် ခါတိုင်း ရနေကျ စာများနှင့် မတူ။

ထွေးငယ် ...

အချစ်ဆိုတာ နှင်းဆီနှင့် အတူတူပါပဲ နှင်းဆီတွေက လှတယ် မွှေးတယ် မဟုတ်လား ထွေးငယ်ကို ကျွန်တော် နှင်းဆီပေးပါတယ် ကျွန်တော့်ကို

အချစ်ပြန်ပေးပါလား။

ကျော်မောင်မောင်

"ငါ့ဆီ လာတဲ့စာ ဆိုရင် ကောင်းမှာ" ဟု တောင့်တမိကြောင်းကို ရှက်ရှက်နဲ့ ဝန်ခံရပေမည်။

"သူက ဘယ်တုန်းက နင်းဆီ ပေးလို့လဲ"

"သုံးရက်ရှိပြီ တို့ကျောင်း အပြန်လမ်းက စောင့်ပြီးပေးတာ"

"နင်က ယူသလား"

"ပန်တော့ မပန်သေးပါဘူး"

ထွေးငယ်က ရှက်စနိုး ပြောသည်။

"ငါ့ကိုများ လာကြည့်တာလား" ဟူသော အတွေးနှင့် ခုတလော ပိုပြီး အလှပြင်မိသည်ကို အိခင် ရှက်သလိုလို မခံချင်သလိုလို ဖြစ်သွားသည်။ ခဏခဏ အိမ်သာထဲ ဝင်ပြီး သူ တို့ပတ်ရိုက် နှုတ်ခမ်းနီ ဆိုးတိုင်း ထွေးငယ်က မသိမသာ ပြုံးတတ်သည်ကိုလဲ သတိရမိသည်။

"နင်ကလဲ နင့်ကို ပန်းပေးတာ သုံးရက် ရှိပြီဆို ကြာလှပြီပေါ့ ငါ့ကိုတောင် မပြောဘူး"

"အေးဟာ ငါလဲ မပြောဖြစ်ဘူး"

"ခါတိုင်းတော့ ဘာဖြစ်ဖြစ် ပြောနေကျဟာကို"

"ငါလဲ အားနာနေလို့"

"ဘာ အားနာတာလဲ"

အိခင်က ခပ်ဆတ်ဆတ် မေးသည်။

ထွေးငယ်က ဘာမှ ဆက်မပြောသော်လဲ သူနားလည် လိုက်သည်။ ကျော်မောင်မောင် ရောက်လာတိုင်း သူ့မှာ ရင်တဖိုဖို ဖြစ်ရသည်ကို ထွေးငယ်သိကြောင်း ကျိတ်ပြီး ရယ်နေမည် ဖြစ်ကြောင်း သူနားလည် လိုက်သည်။ အိခင်ရဲ့ ရင်ထဲတွင် မိန်းမတို့ မာနတရားက အညွန့်တလူလူ တက်လာသည်။

သူတို့ငယ်ငယ် ထုပ်စည်းထိုးတမ်း ကစားစဉ်တုန်းက စိတ်မျိုး ပြန်ဝင်လာသည်။ နိုင်ချင်စိတ် ပြင်းပြစွာ ဖြစ်ပေါ်လာလေသည်။ ထို့နောက် ဆုံးဖြတ်ချက် တစ်ရပ်ကို ချမှတ်လိုက်သည်။ ကျော်မောင်မောင်ကို ရအောင် ယူပြမည်။

ထွေးငယ် မေတ္တာကို လိုချင်သော ကျော်မောင်မောင်က ထွေးငယ် အခင်ဆုံးဟု ထင်ရသော အိခင်ထံသို့ ချဉ်းကပ်ရန် ကြိုးစားလေသည်။ တစ်နေ့ အိအိခင် ကျောင်းမှ အပြန် နံပါတ်ရှစ် ကားမှတ်တိုင်တွင် ရပ်ပြီး ကားစောင့်နေစဉ် ကျော်မောင်မောင် တစ်ယောက် မယောင်မလည် ရောက်လာသည်။ သူ့ကို မသိမသာ လှမ်းကြည့်နေသော အိအိခင်အား ပြုံးပြီး နှုတ်ဆက်သည်။ အိအိခင်ကလဲ ပြုံးပြလိုက်သည်။

"မပြန်သေးဘူးလား"

"ကားတွေ ကျပ်နေတာနဲ့"

"ဘယ်မှာနေလဲ"

"ကြည့်မြင်တိုင်ဘက်မှာပါ"

"ထွေးငယ်နဲ့ အတူတူ မပြန်ဘူးလား"

"ထွေးငယ်က သမိုင်းမှာ နေတာကို သိသားနဲ့များ အလကား"

အိခင်က မျက်စောင်းလေး ဝဲလိုက်သည်။ ကျော်မောင်မောင်က သဘောကျစွာ ရယ်လေသည်။ သူတို့နှစ်ဦးသည် ခဏလေးနဲ့ပင် ငယ်ပေါင်းတွေလို ရင်းနှီးသွားကြသည်။

"ကျွန်တော်က ကျော်မောင်မောင်ပါ ဒုတိယနှစ် ကပါ"

"ဟုတ်ကဲ့ သိပါတယ်"

"နောက်ပြီး ဘာသိသေးလဲ"

"နှင်းဆီပန်းတွေ အကြောင်းလဲ သိပါတယ်"

ကျော်မောင်မောင်က ပြုံးသည်။ အိအိခင်အား သဘောကျစွာ ကြည့်နေလေသည်။

"နှင်းဆီပန်းတွေက လှပါတယ်နော် မွှေးရော မွှေးတယ် မဟုတ်လား"

"မသိဘူး"

"ဘာဖြစ်လို့လဲ"

"ကျွန်မမှ နှင်းဆီပန်း မရဖူးတာ"

"လိုချင်ရင် ပေးမယ်လေ"

သူတို့နှစ်ဦး ရယ်ကြပြန်သည်။ ကားချောင်လာတော့ အိအိခင် ကားပေါ် လှမ်းတက်ခဲ့သည်။ ကျော်မောင်မောင် ကပါ လိုက်လာသည်။ ကားကချောင် နေသည်မို့ တက်လျှင် တက်ချင်း အိအိခင် နေရာရလေသည်။ သူ့ဘေးကလူက နှစ်မှတ်တိုင်လောက် စီးပြီး ဆင်းသွားတော့ ကျော်မောင်မောင် ဝင်ထိုင်သည်။ အိအိခင်က ပေါင်ပေါ်တွင် လွယ်အိတ်တင်ကာ လွယ်အိတ်ပေါ်တွင် လက်ကလေးနှစ်ဖက်ကို ယှက်ပြီး တင်ထားလေသည်။ အိခင်ရဲ့

လက်ချောင်းလေး များသည် ဖော့ဖယောင်းလေးလို ပျော့ပြောင်းပြီး ရှည်သွယ်လှသည်။ တော်ရုံလူက သတိမပြုမိတတ်သော်လဲ သတိပြုမိသူတိုင်းက အိခင် လက်လေးတွေက လှလိုက်တာ ဟုပြောလေ့ရှိသည်။

ကျော်မောင်မောင်က အိခင် လက်ကလေးများကို လှမ်းကြည့်သည်။ ပထမဆုံး စကားပြောဖူးခြင်း ဖြစ်လို့ ချီးကျူးစကား မဆိုသော်လဲ နောင် ရင်းနှီးလာသောအခါ အိခင် လက်ကလေးတွေက လှလိုက်တာဟု ပြောခဲ့လေသည်။ သူက ထိုသို့ပြောတော့ ဒီလိုဆို လူက မလှဘူးပေါ့ ဟုတ်လားဟု ပြောကာ စိတ်ဆိုးဟန် ပြုသည်။ အိခင် တကယ် စိတ်မဆိုးမှန်း သိသော်လဲ ကျော်မောင်မောင်က ဘတ်စ်ကားဂိတ်နားက အအေးဆိုင်တွင် ရေခဲသုပ်ကျွေးပြီး ချော့လေသည်။

"ကျော်မောင်မောင်ကို ဘယ်လို သဘောရလဲဟင် သူ့မှာ မိဘ မရှိဘူးတဲ့ အစ်မက အပျိုကြီးတဲ့ အင်းစိန်ဈေးထဲမှာ ဈေးဆိုင်ရှိတယ် ပြောတယ်"

"ဟုတ်လား ထွေးငယ်ကို ဘယ်သူ ပြောလို့လဲ"

"အို သူ့စာထဲမှာ ပါတာပဲ ထွေးငယ်ကိုသာ တွေ့ရင် သူ့အစ်မက သိပ်ချစ်သွားမှာတဲ့"

ထွေးငယ်က တိုင်ပင်သလို ပြောသော်လဲ ကျော်မောင်မောင်သည် သူ့ကို မည်မျှ စွဲလန်း နေကြောင်းကို အသိပေးခြင်း ဖြစ်ကြောင်း အိခင် သိလေသည်။

ကျော်မောင်မောင် ဆီမှ နှင်းဆီပန်းများ ထွေးငယ် ရနေဆဲပင် ဖြစ်သည်။ ကျော်မောင်မောင် ကလဲ အိခင်နား ကပ်ပြီး ထွေးငယ် သဘောထားကို မေးလေ့ရှိသည်။

"ကြည့် တစ်ခါလာ ထွေးငယ်ပဲ သူ့ထွေးငယ်ကဖြင့် သူ့ကို အရေးစိုက်တာတောင် မဟုတ်ပဲနဲ့"

"နှင်းဆီပန်းတွေတော့ ယူသွားတာပဲဗျာ"

"အို စကားနည်းရန်စဲ သူ့ပန်းတွေ ယူတိုင်း သူ့ကို ကြိုက်နေတယ်များ ထင်နေလား ထွေးငယ်မှာ အများကြီးရှင့် အမ်စီက လူတွေရော အာရ်အိုင်တီက လူတွေရောသူက အဲဒီ ခေါင်းတွေကို ဒေါင်ဒေါင်မြည်အောင် လိုက်ခေါက်နေတာ အက်သံပါတဲ့ ခေါင်းဆို ဘေးဖယ်လိုက်ရော"

အိအိခင်က ပိုပိုမိုမို ပြောလိုက်သည်။ စိတ်ထဲမှာတော့ သိပ်မလုံချင်။ သို့သော် အချစ်နဲ့ စစ်မှာ မတရားတာ မရှိ ဆိုသော စကားကို နှလုံးသွင်းထားသည်။

"ဒီလိုဆို မျှော်လင့်ချက်မှ ရှိရဲ့လားဗျာ"

"ကြိုးတော့ ကြိုးစားပေ့ါ ကြာတော့ ကြာမှာပဲ ကြိုးတန်းလန်းနဲ့ လှန်ထားတဲ့ နွားတွေက အများကြီး"

ကျော်မောင်မောင် မျက်နှာပျက်သွားသည်။ သူ့ကိုလဲ ကြိုးရှည်ရှည်နဲ့

အလုန်ခံထားရသော နွားသဘောမျိုး ပြောလိုက်ရလို့ အားနာသလိုလိုတော့ ရှိသည်။ အိမ်ရောက်တော့ အိခင်သည် မှန်ကို အသေချာ ကြည့်သည်။ ထွေးငယ်လောက် မလှသော်လဲ သူသည်လည်း လှသည်ပင် ဖြစ်သည်။ ထွေးငယ်က နဂိုရှိသော အလှကို အပြုအပြင် အခြယ်အမှုန်းများနှင့် ပြုပြင်တတ်သောကြောင့်သာ အမှန်တကယ် လှသည်ထက် ပိုပြီး နာမည်ကြီးနေခြင်း ဖြစ်သည်ဟု တွေးမိသည်။

"ကျော်မောင်မောင်က သူ့ကို အဖြေပေးပါတော့လို့ နားပူနေပြီ ချစ်တယ်ဆိုရင် နှင်းဆီပန်းလေး ပန်လာပါတဲ့လေ"

ထွေးငယ်က ပြောသည်။ ထွေးငယ် မျက်နှာသည် နှင်းဆီပန်းကို ပန်ချင်နေပေပြီ။ အိခင် ခေါင်းကိုက်သွားသည်။ တစ်ခုခုတော့ လုပ်မှဟု အပြင်းအထန် စဉ်းစားသည်။ ထွေးငယ်က သူ့ကို သနားသလိုလို ကြည့်နေသည်။ ထိုအကြည့်ကို သူ အလွန်မုန်းသည်။ အနိုင်ယူချင် စိတ်က အညွန့်တလူလူ ဖြစ်လာသည်။ ထိုနေ့ ညနေပိုင်း မတက်ပဲ ထွေးငယ်ကို ခေါင်းကိုက်လို့ အိမ်ပြန်ဦးမယ်ဟု ပြောပြီး ပြန်လာခဲ့သည်။

သူ ဘတ်စ်ကားမှတ်တိုင် ရောက်တော့ ကျော်မောင်မောင် လိုက်လာသည်ကို မြင်ရသည်။

"အိခင် ဘာလို့ အစောကြီး ပြန်တာလဲ"

"မတက်ချင်တော့ဘူး"

"ဘာဖြစ်လို့လဲ"

"စိတ်ညစ်လို့"

"ဘာလို့ စိတ်ညစ်တာလဲ"

"အမေ ဆူလို့ပါ"

"အိမ်ပြန်မလို့လား"

"မဟုတ်ဘူး ရုပ်ရှင် သွားကြည့်မလို့"

"ဟင် တစ်ယောက်ထဲလား"

"တစ်ယောက်ထဲပေါ့"

အိအိခင် မျက်နှာ ညှိုးနွမ်းနေသည်.။ သုံးလေးရက် အတွင်း ထွေးငယ်က နှင်းဆီပန်း ပန်လာတော့မည်ကို သူ သိနေသည်။ ဒီတစ်ပွဲတွင် သူ ရှုံးတော့မည်။

"တစ်ယောက်ထဲ သွားတာတော့ မကောင်းပါဘူး"

"တစ်ယောက်တည်းမသွားလို့ အိနဲ့ လိုက်မယ့်သူမှ မရှိတာ"

သူက ကျောမောင်မောင့် မျက်နှာကို မျှော်လင့်ချက်ကြီးစွာ ဖျတ်ခနဲ

လှမ်းကြည့်မိသည်။ ကျော်မောင်မောင်က တွေဝေဖြစ်နေလေသည်။

"ထွေးငယ်ကော"

"အို ထွေးငယ်က အိကို ဂရုမစိုက်ပါဘူး"

"ရုပ်ရှင်ရုံထဲ မိန်းကလေး တစ်ယောက်ထဲ ဝင်ကြည့်ဖို့တော့ မကောင်းပါဘူး"

"အို မကောင်း ကောင်းကောင်း"

"တစ်ယောက်ထဲတော့ မသွားပါနဲ့ကွာ"

"သွားမှာပဲ"

ထိုးဆိုက်လာသော ဘတ်စ်ကားပေါ်သို့ အိခင်က တိုးတက်ခဲ့သည်။ ဟေ့ နေဦးလေ ဟူသော ကျော်မောင်မောင့် စကားကို မကြားယောင် ပြုလိုက်သည်။ ကျော်မောင်မောင်က ခေါင်းကုတ်ရင်း ကားပေါ် လှမ်းတက်လာတော့ အတော်ပျော်သွားသည်။

"အိခင်ကလဲ ကလေးကျနေတာပဲ"

ရုပ်ရှင်ရုံ ရောက်တော့ ဇာတ်ကား ပြနေလေပြီ။ ရုံထဲရောက်တော့ မှောင်နဲ့မည်းမည်းမို့ ကျော်မောင်မောင် လက်မောင်းကို ကိုင်ကာ လှေကားထစ်များကို စမ်းပြီး တက်ရသည်။ ထုပ်စည်းထိုးတမ်း ကစားစဉ်က

စည်းရှေ့တွင် ခြေတစ်လှမ်းတိုးပြီး ကိုယ်ကိုကိုင်း လက်ကိုလွှဲကာ တအား လှမ်းပုတ်ခဲ့ရသော ခံစားချက်မျိုးကို ပြန်လည် ခံစားရသည်။

"ဒီမှာ ကွာစိ"

"ကိုကျော် ကိုကျော် ရည်းစား ဘယ်နှစ်ယောက် ထားဖူးလဲ"

"တိတိကျကျတော့ တစ်ယောက်မှ မထားဖူးသေးပါဘူး"

"ဒီလိုဆို မတိမကျတွေကော"

"အများကြီးပဲ"

"ထွေးငယ်ကို သိပ်လိုချင်လား"

"အင်း လိုတော့ လိုချင်တာပေါ့"

"မရရင် ရိုမီယိုလို သေမှာလား"

"အင်း သေများ သေမလား မသိဘူး"

"မိန်းမတွေ ပေါပါတယ် ကိုကျော်ရယ်"

သူတို့ နှစ်ဦးစလုံး အသက် နှစ်ဆယ်ပင် မပြည့်တတ်ကျသေးချေ။ လောကတွင် အချစ်သည်သာ အရေးကြီးဆုံး ဟူသော စကားကို ခွင်းချက်မရှိ ထောက်ခံကြသည်။ ရိုမီယိုတို့ ဂျူးလီယက်တို့သည် သူတို့ကို လွှမ်းမိုးထားသည်။

"အမေက ဘာလို့ ဆူတာလဲ"

ကျော်မောင်မောင်က တိုးတိုးလေး မေးလေသည်။

"အိကို ယောက်ျား ပေးစားချင်လို့တဲ့"

"ဟောဗျာ"

"အဲဒီလူက ချမ်းသာတယ် အမေ့ကို ကပ်နေတာ"

အိခင်သည် သူ့ကိုယ်သူပင် အံ့ဩမိသည်။ တကယ် မဟုတ်ပဲနဲ့ ထိုသို့ ပြောလိုက်သည့် အတွက်ကြောင့် ဖြစ်သည်။

"အသက်ကြီးကြီး ထိပ်ပြောင်ပြောင်ကြီးလား"

"အသက်တော့ မကြီးပါဘူး ဒါပေမယ့် ကိုကျော့်လို မချောပါဘူး အိက ချောမှကြိုက်တာ"

ကျော်မောင်က တိုးတိုးလေး ရယ်သည်။ အိခင်က သူ့လက်ကို ဆွဲဆိတ်လိုက်သည်။ ရုပ်ရှင်အပြီး ရုံထဲမှ အထွက်တွင် ကျောင်းမှ

သူငယ်ချင်းများနှင့် တွေ့သည်။ အတန်ငယ် မျက်နှာပူသောကြောင့် အိခင်က မျက်နှာကို မသိမသာ လွှဲထားသည်။ သူငယ်ချင်းများက သူတို့နှစ်ဦးကို အထူးအဆန်း ကြည့်ကြသည်။ ရုံထဲမှ အထွက် လူတွေညပ်ပြီး တိုးလေတော့ ကျော်မောင်လက်မောင်းကို မသိမသာ လှမ်းကိုင်ထားလိုက်သည်။ ကဲ မှတ်ကရောဟု စိတ်ထဲမှ အော်လိုက်သည်။ မော်မော်နိုင်တို့ အုပ်စုက သူတို့နှစ်ဦးကို ရုပ်ရှင်ရုံတွင် တွေ့ခဲ့ကြောင်း၊ အိခင်က ကျော်မောင်မောင် လက်မောင်းကို ကိုင်ထားကြောင်း မောင်းခတ်ကြတော့မည်။ ထိုသတင်းသည် ထွေးငယ်ဆီသို့ မလွဲမသွေ ရောက်ပေတော့မည်။

တကယ်တော့ မျက်နှာပူစရာ အတော်ကောင်းပေသည်။ သူငယ်ချင်း အရင်းကြီးကို သစ္စာဖောက်ရသော အလုပ်ဖြစ်သည်။ ဒီလိုပင် ရည်ရွယ်သူကို မရဘဲ အောင်သွယ်နှင့် ညားရသော ဇာတ်မျိုးသည် အမေတို့ အဘွားတို့ လက်ထက်မှ အိခင်ရဲ့ မြေးမြစ်တွေထိ ဆက်ရှိနေဦးမည့် ဇာတ်လမ်းမျိုး ဖြစ်သည်။ သိက္ခာတော့ နည်းနည်းကျသည်။ သို့သော် ကိုယ်လိုချင်တာ ရဖို့ အရေးကြီးသည်။ ကျော်မောင်မောင်ရဲ့ လက်မောင်းကို ကိုင်ရင်း အိခင် စိတ်ထဲမှ ရေရွတ်နေမိသည်။

"ငါတို့ကြက်ဖ နိုင်နိုင် ရွှေဖလားနဲ့ ကြက်သားကိုင်"

"အိအိခင်"

ကျော်မောင်မောင်က တအားအော်သည်။

"ဒီမှာကြည့်ပါဦး ခုနစ်နာရီ ခွဲတော့မယ်"

"အယ် ဟုတ်ပါရဲ့"

"မမမြင့်တောင် ဈေးသွားရောပေါ့"

"ကြာလှပြီ"

ကျော်မောင်ပင် မျက်နှာသစ် သွားတိုက်နေပြီ။ ထမင်းအိုး တည်ရမည်။ ငရုတ်သီး ထောင်းရမည်။ ဟင်းချက်ရမည်။ တစ်နေ့တာ အစီစဉ်များက အိခင် ခေါင်းထဲသို့ တစ်ခုပြီးတစ်ခု ဝင်လာသည်။ အိပ်ရာထ နောက်ကျသဖြင့် ရုံးအမီ ဟင်းကျက် ပါမည်လားဟု စိတ်ပူသွားသည်။ မနေ့ကကြက်သား ချက်ထားသည်ကို သတိရသည်။ တော်သေးရဲ့ဟု သက်ပြင်းချမိသည်။

သားကြီးက အအိပ်ကြီးသည်။ ဖင် အပြောင်သားနဲ့ အိပ်နေဆဲမို့ စောင်ထပ်ခြုံ ပေးလိုက်သည်။ ကျော်မောင်မောင် ကပါ အိပ်ရာထဲ ပြန်လှဲအိပ်သည်။ ခေါင်းရင်းက ရုပ်ပြစာအုပ် လှမ်းယူသည်။

"ကြည့်ပါလား ဒီမှာဖြင့် ကလေး တစ်ဖက်နဲ့ မီးမွှေးရ ချက်ရ ပြုတ်ရဦးမယ် သူက ရုပ်ပြ ဖတ်ဖို့လောက်ပဲ ကူထိန်းပေးမယ်တော့ စိတ်မကူးဘူး"

အိခင်က မသိမသာ မျက်စောင်းခဲသည်။ မီးသွေး မီးဖိုထဲတွင် ထင်းရှူးပေါက်ကလေးများကို ဆိုင်လိုက်ပြီး အပေါ်မှ မီးသွေးတုံးများကို ခပ်ကျဲကျဲ တင်သည်။ မီးခြစ်ကို ရှဲခနဲ မြည်အောင် ခြစ်လိုက်ရင်း အင်း နှစ်ယောက်က သုံးယောက်ဖြစ်လာရင်တော့ အခက်ပဲ မမမြင့်ကိုလဲ အားနာစရာ ကောင်းလှပြီဟု စဉ်းစားနေမိသည်။

"မမအိရေ မမအိ" အိမ်ရှေ့မှ ခေါ်သံ ကြားရသည်။ အိမ်ရှေ့အိမ်မှ နှင်းနွယ်ဖြစ်သည်။ လက်ထဲတွင် နှင်းဆီနီ ပန်းစည်း တစ်စည်းကို ကိုင်ထားသည်။

"အန်တီမြင့်က ဘုရားတင်ဖို့တဲ့"

"လှလိုက်တာဟာ"

နှင်းဆီပန်းများက မပွင့်သေးပေ။ အငုံအဖူးများသာ ဖြစ်သည်။ ဘုရားတင်ထားပြီးနောက် တစ်ရက် နှစ်ရက်မှ ကားကားစွင့် ပွင့်လာကြမည် ဖြစ်သည်။

"ဘုရားတင်ဖို့ ပန်းတွေလား" ကျော်မောင်မောင်က လှမ်းမေးသည်။

"ပန်ဖို့ရော မပါဘူးလား"

ဘာကြောင့် မေးမှန်းတော့ မသိ အိခင်က ခပ်ပြတ်ပြတ်ပင် ပြန်ဖြေသည်။

"မပါဘူး"

* * *

ထွေးငယ်က အိခင်အား စိုက်ကြည့်နေသည်။ အိခင်ခေါင်းတွင် နှင်းဆီနီတစ်ပွင့် ပန်ထားသည်။

"အိခင်တို့ကို ရုပ်ရှင်ရုံမှာ တွေ့ခဲ့တယ်တဲ့"

"မော်နိုင်တို့ ပြောတာမှတ်လား"

"ဟုတ်တယ် အိခင်က ကျော်မောင်မောင် လက်မောင်းကို ကိုင်လို့ဆို"

"အင်း ကိုင်မိလား မပြောတတ်ပါဘူး"

"အိခင်တို့ ကြိုက်နေကြပြီလား"

"အိကတော့ မကြိုက်သေးပါဘူး"

ကဲ မပိုင်လား။ ထွေးငယ် ဘာမှ ဆက်မမေးတော့။

နင်းဆီကိုလဲ ဘယ်တော့မှ မပန်တော့။ အလှတံခွန် ထူနေသော ထွေးငယ်
မာနအိုးသည် ဖြန်းဖြန်းကွဲ လေတော့သည်။ မော်နိုင်တို့ကိုတော့ မျက်နှာ
ညှိုးညှိုးနဲ့ ပြောသည်ဟု ကြားရသည်။

"အိခင်က ငယ်ငယ်ထဲက အတူကစားရင် စည်းခိုး အနိုင်ယူနေကျ ခုလဲ
သူညစ်ပြီး စည်းခိုး သွားတာပဲ" တဲ့။

ဘာဖြစ်လဲ စည်းခိုးပြီး နိုင်နိုင် နိုင်ဖို့သာ အဓိက မဟုတ်လား။ တွဲသွားတွဲလာနဲ့
ကြာတော့လဲ သူတို့နှစ်ဦးကို လူတိုင်းက အတွဲတစ်တွဲ အနေနဲ့
သတ်မှတ်လာသည်။ နီးစပ်မှု ဒဏ်ကို မည်သည့် ယောကျ်ားမှ မခံနိုင်ကြောင်း
အိခင် သိသည်။ လက်ထပ်ရန် စကားကို ကျော်မောင်မောင် နှုတ်မှ
ပြောလာစေရန် အိခင် ကြိုးစားခဲ့သည်။ ကြိုးစားသည့် အတိုင်းပဲ
ကျော်မောင်မောင်ကို အိအိခင် ရခဲ့သည်။ ဒေသကောလိပ် တက်အပြီး
တက္ကသိုလ်သို့ ဆက်မတက်တော့။ သူငယ်ချင်းများလဲ ဟိုဟိုဒီဒီ
ကွဲကုန်ကြသည်။ အိခင်က အသက်နှစ်ဆယ် အရွယ်တွင် ကျော်မောင်မောင်
ကတော် ဟူသော ဒီပလိုမာကို ဒေသကောလိပ်မှ ရခဲ့ပြီး ကျောင်းထွက်ခဲ့
လေသည်။

တကယ့် ဘဝဟူသည် စိတ်ကူးနဲ့ တခြားစီ ဖြစ်ကြောင်း အိခင်
သိလာသည်မှာတော့ ကြာချေပြီ။ ကျော်မောင်ရဲ့လှပသော မျက်နှာမှာ
အိအိခင်ရဲ့ မျက်စိထဲတွင် ကြာရှည် ကြည့်မကောင်းတော့ပေ။

အိမ်ထောင်သည်ဘဝ ရောက်လာတော့ တစ်ယောက် မျက်နှာကိုလဲ တစ်ယောက် ထိုင်ကြည့် မနေနိုင်တော့ပေ။ အရင်တုန်းကလို ရှိမီယို ဂျူးလီယက် ထိုင်ပြီး အားကျနေလို့ မရတော့။ အရင်လို ထမင်းစားချိန်တန် ဆာလျှင်စားရန် ထမင်းနဲ့ဟင်းက ဘူးထဲတွင် အသင့် ရှိနေသည်။ အိခင်ကို အငယ်ဆုံးမို့ အချစ်ဆုံး ဖြစ်သော အမေက မကောင်း ကောင်းအောင် ဖွယ်ဖွယ်ရာရာ ထည့်ပေးတတ်သည်။

ခုတော့ အမေ့ထမင်းဘူးကိုရော အမေ့ရင်ခွင်ကိုရော ပစ်ခွာခဲ့သူမို့ မနက် မိုးလင်းသည်နှင့် အိခင်သည် နောက်ဖေးဝင် ငရုတ်သီးထောင်း ထမင်းရည်ငှဲ့ ရတော့သည်။ မမမြင့်က စီးပွားရေး လုပ်ကာ ကျော်မောင်မောင်က ပညာသင်ဆဲမို့ မီးဖိုချောင် တာဝန်သည် အိခင် လက်ထဲသို့ လုံးလုံးလျားလျား ကျရောက်ခဲ့ လေသည်။

"အိခင် ဒီကောင်က အတော် ပွေချင်တယ်နော် ခြေပြိမ်အောင် ထိန်းထား"

"လှချင်ပချင် လိုက်တာလဲ မိန်းမရှုံးတယ်" ဟု မမမြင့်က ပြောသေးသည်။

ချစ်စိတ်ဖုံးနေသော အိခင်က ဘယ်လိုမှ အပြစ်မမြင်။ ကျော်မောင်မောင် နာရီအသစ် လိုချင်သည် ဆိုလို့ အမေ ဆင်ပေးလိုက်သော လက်စွပ်ကို ရောင်းကာ နာရီ ဝယ်ပေးလိုက်သေးသည်။ ပထမ သားကြီး ကိုယ်ဝန် ရှိလာတော့ "မောင်ရေ အိတော့ ဟိုဟာ ဖြစ်နေပြီ ထင်တယ်" ဟု

ရုပ်ရှင်ထဲကလို တိုးတိုးလေး ရှက်စနိုး ပြောမိသည်။ သို့သော် ကျော်မောင်မောင်က ရုပ်ရှင်ထဲကလို ထမခုန်ပေ။ "ကလေးရရင် အဖေလို့ မခေါ်ခိုင်းဘူး ကိုကိုလို့ သင်ထားရမယ်" ဟုပြောသည်။

ရယ်စရာလိုလို ပြောနေသော်လဲ သူ့စိတ်ထဲတွင် အဖေခေါ် ခံရမည်ကို ကြောက်နေကြောင်း သိလိုက်သောကြောင့် အိခင် အတော်လေး ဝမ်းနည်းခဲ့ရသည်။ သားကြီး နှစ်နှစ်သား အရွယ်ရောက်ပြီး သားငယ် မွေးသည်။ ယခု နောက်တစ်ယောက်ပါ လာမည့်ဟန် ပြင်နေသည်။ ကျော်မောင်မောင်က အချိုး မပြောင်းသေးပေ။ တစ်နေကုန် ရုံးသွား အိမ်ပြန်လာကာ ညနေထမင်းစား တစ်ကျော့ ပြန်ထွက်သွားသည်။ လမ်းထိပ်က ဇယ်တောက်ခုံ ဂစ်တာဝိုင်း စာအုပ်ဆိုင် အချိန်ဖြုန်းကာ ညဆယ်နာရီ ထိုးလုလုကျမှပင် ပြန်လာတတ်သည်။

ညဦးပိုင်းတွင် မမမြင့်က စာရင်းစာအုပ်ချ တွက်သည်။ ဆီဖိုး ဆန်ဖိုး ဟင်းဖိုးတွေ တွက်နေရင်း ဒီလလဲ အကုန်များ လိုက်တာဟယ်ဟု ညည်းသံကြားလျှင် အိခင် မျက်နှာပူသည်။ ကျော်မောင်မောင် အင်္ကျီများကို မီးပူတိုက်နေရင်း ငါ့နယ် ဘာလို့များ ဒါတွေ မတွေးဘဲ ယောကျ်ား အယူစောခဲ့မိလဲ မသိဘူးဟု ကိုယ့်ဘာသာ အပြစ်တင်သည်။ မည်သို့ပင်ဆိုစေ ငါတို့ ကြက်ဖနိုင်နိုင် ရွှေဖလားနဲ့ ကြက်သားကိုင်လို့ မရေရွတ်မိသည် ကတော့ ကြာပေပြီ။ ခုတလော အိခင် စိတ်ထဲတွင် မကောင်း။ ကျော်မောင်မောင်က ညအိပ်နေစဉ် ထွေးငယ်ဟု ယောင်သည်။ မနေ့ညတုန်းက ချိုသဲဟု ယောင်ပြန်ပြီ။ ယခုတစ်ခါ ကျော်မောင်မောင် အင်္ကျီအိတ်ထဲမှ ရုပ်ရှင်လက်မှတ်

နစ်စောင် ထွက်လာပြန်ပြီ။ ဒီတစ်ခါတော့ မနေနိုင်ပြီ။

"မောင် ရုပ်ရှင် ကြည့်တယ်လား"

"ဘာဖြစ်လို့လဲ"

"ရုပ်ရှင်လက်မှတ် တွေ့လို့"

"သြော် ဟုတ်တယ် ဇာတ်လမ်း ကောင်းတယ် ပြောတာနဲ့ ညွှန့်အောင်နဲ့ သွားကြည့်ကြတာ"

"ဘာကားလဲဟင်"

"take me away တဲ့"

"သြော် ကြာကူရီ ဇာတ်ကားကြီး မဟုတ်လား"

"အဲဒီ ဂျပန်မက ဒိပြင်ယောက်ျားနဲ့ လက်ထပ်ပြီးခါမှ ရည်းစားဟောင်းနဲ့ ပြန်လိုက်သွားတာကြီး မဟုတ်လား အဲဒီဇာတ်လမ်းများ မောင်က ကောင်းသလား"

"ဟိုတစ်ယောက်က သူမချစ်ဘဲနဲ့ ယူတာပဲ ရည်းစားဟောင်းက သူတကယ် ချစ်တဲ့လူကိုး"

အိခင် တုန်လှုပ်သွားသည်။ ကျော်မောင်အား အကဲခတ်သလို လှမ်းကြည့်မိသည်။

"မောင် ညတိုင်း ယောင်တယ်နော်"

အိခင် မမျိုသိပ်နိုင်တော့။ ကျော်မောင်မောင်ရဲ့ မျက်နှာရိပ် မျက်နှာကဲကို အမိအရ လိုက်ဖမ်းသည်။

"ဘာယောင်လို့လဲ"

"ထွေးငယ်တဲ့ နောက်ပြီး ချိုသဲတဲ့"

"ဟုတ်လား"

"မောင်က ခုထိ စွဲလန်းနေတုန်းလား"

"ထွေးငယ် ရုံးကို ရောက်လာတယ်"

"ဟင် မောင့်ဆီ လာလည်တာလား"

အိအိခင်က အလန့်တကြား မေးသည်။

"မဟုတ်ပါဘူး အလုပ်ဝင်တာပါ ဌာနချင်းတောင် မတူဘူး သူက စီမံရေးမှာ"

"သူယောကျ်ား မရသေးဘူး မဟုတ်လား"

"အင်း မရသေးဘူး အိကို မေးပါတယ် နေကောင်းရဲ့လားတဲ့ ကလေး ဘယ်နှစ်ယောက် ရပြီလဲတဲ့"

"ထွေးငယ်က ပြောလိုက်သေးတယ် ရွှေဖလားနဲ့ ကြက်သားကိုင်ပြီး အိခင် သိပ်ပျော် နေသလားတဲ့"

အိခင် မျက်နှာတွင် တရှိန်ရှိန် ပူလာသည်။ ဒေါသဖြစ်ခြင်း ဝမ်းနည်းခြင်းများက ရင်ထဲတွင် လုံးထွေးနေသည်။ ကောင်းကြောင်း ပြောသည် ဖြစ်စေ မကောင်းကြောင်း ဖြစ်စေ သူ့ကွယ်ရာတွင် ထွေးငယ်နဲ့ ကျော်မောင်မောင် စကားဆိုကြမည်ကို မလိုလား။ စိတ်ထဲတွင် ပူပန်မိသည် မှန်သော်လဲ ယခင်တုန်းကလို ချစ်စိတ်ကြောင့် ပူပန်သည် မဟုတ်ဘဲ သားတွေ ရှေ့ရေးကို တွေးကာ ပူပန်ခြင်း ဖြစ်သည်။

အိမ်ထောင်သက် ငါးနှစ်နီးပါးတွင် အိခင်ရဲ့ ချစ်စိတ်များသည် ဒီရေလို တိုးမလာပေ။ လဆုတ်ညများလို တရိပ်ရိပ် လျော့နည်းလာ လေသည်။ ခုတော့ အိခင်သည် သူ့ကိုယ်သူ နားလည်လာသည်။ သူသည် ကျော်မောင်မောင်အား အချစ်နဲ့ ချစ်ခဲ့ခြင်း မဟုတ်ပေ။ အရုပ်လှလှလေးကို ပိုင်ဆိုင်လိုခဲ့ခြင်းသာ ဖြစ်သည်။ အိခင် မချိပြုံး ပြုံးမိသည်။ ကိုယ့်စိတ်ကို ကိုယ် နားလည်လာချိန်တွင် သူ့မှာ ကလေး နှစ်ယောက်နဲ့ တစ်ပိုက်မျှ ချမ်းသာနေပြီ ဖြစ်လေသည်။

* * *

"ဟင် ထွေးငယ်"

အိခင် တအံ့တသြ ဖြစ်သွားသည်။ ထွေးငယ်သည် သူ့အိမ် တံခါးဝတွင် ရပ်လျက် ရှိနေသည်။ သူက ရင်ခွင်ထဲမှ သားငယ်ကို ပွေ့လျက်သား ကမန်းကတန်း ထလိုက်သည်။

အိခင်က သံဇကာ တံခါးကို ချက်ဖြုတ်ပြီး ဖွင့်လိုက်သည်။ ငါးနှစ်နီးပါး ကွဲကွာနေသော သူငယ်ချင်း နှစ်ဦးသည် တစ်ယောက်ကို တစ်ယောက် ငေးကြည့်နေမိသည်။

"ပိန်လိုက်တာ အိခင်ရယ်"

ထွေးငယ်က စိတ်မကောင်းသလို ပြောသည်။ အိခင်သည် ရင်သား တစ်ဖက်ကို အင်္ကျီထဲ ပြန်သွင်းရင်း ငိုချင်သွားသည်။ ထွေးငယ်ကမူ ကျော့ရှင်း လှပဆဲပင်။

"ထွေးငယ် တစ်ယောက်ထဲလား"

"ဟုတ်တယ်"

"အထွေထူး ရှိလို့လား"

"ပြောစရာလေး နည်းနည်း ရှိတာနဲ့"

"အိခင်သားတွေက ချောလိုက်တာ"

"ဆိုးလဲ ဆိုးတယ်"

"အိခင်ကတော့ တကယ်လူကြီး ဖြစ်သွားသလိုပဲနော်"

"ငါကတော့ လူကြီး ဖြစ်ပါပြီဟာ ဟိုရွှေမင်းသားကသာ"

"အဲ့ဒါ ပြောမလို့ပေါ့"

ထွေးငယ်သည် အိခင်လက်ကို လှမ်းဆုပ်ကိုင် လိုက်သည်။

"တို့နဲ့ အိခင် ဘာတွေ ဖြစ်ခဲ့ ဖြစ်ခဲ့ ခုပြောတာ ငယ်သူငယ်ချင်း တစ်ယောက်က ပြောတယ်လို့ သဘောထားပါ။ တို့ စဉ်းစားပြီးမှ ဒီစကားပြောတာ ကျော်မောင်မောင်ကို သိပ်လွှတ်မထားနဲ့"

"သူဘာမှ မပြောင်းလဲဘူး အရင်က အချိုး အတိုင်းပဲ"

"သူ သူ နင့် နင့်ကို"

"တို့ လက်ထပ်တော့မယ် အိခင်"

"ရုံးမှာ သူကောင်မလေး တစ်ယောက်နဲ့ ပူးတွဲတွဲ ဖြစ်နေတယ်"

"ဘယ်သူလဲဟင်"

"သူတို့ ဆက်ရှင်ကပဲ ကောင်မလေးက အသက် နှစ်ဆယ်လောက်ပဲ ရှိမယ် အဲဒီ အရွယ်လေးတွေက သိပ်ခေါင်းသုံးကြတာ မဟုတ်ဘူး"

"ကောင်မလေးက ရှူးမိုက်မိုက် အရွယ်လေး အိခင်ကလဲ မြို့ထဲတောင်

မထွက်တော့ဘူးလား ကိုယ့်ယောက်ျား အခြေနေလေးလဲ လာပြီး ကြည့်ဦးမှပေါ့"

အိအိခင် ရှက်သည်။ ဒီလိုလူစားမျိုးကို အတင်းရအောင် ယူခဲ့မိသည့်အတွက် ဖြစ်လေသည်။ ထွေးငယ်ရဲ့ မျက်လုံးထဲတွင် ငါကံကောင်းပေလို့ တကယ်ဆိုရင် အိခင်နေရာမှာ ငါရောက်နေမှာ ဟူသော အတွေးကို လှမ်းပြီး မြင်လိုက်ရသလို ရှိလေသည်။

"အဲဒါ လာပြောတာ သူငယ်ချင်းရယ် အခြေအနေတွေ သိထားအောင်ပေါ့။ သားတွေ သမီးတွေ ရနေပြီဟာကို ပြုံမှာ ကွဲမှာ စိုးလို့ပါ"

"ပြန်ဆွဲပေါ့ အိခင်ရယ် ကိုယ့်မှာက သားနှစ်ယောက်တောင်ဟာ သူလဲ သူ့သားတွေကို ချစ်မှာပါ"

အိခင် ငေးနေမိသည်။ သူက သားများကိုလဲ မချစ်ကြောင်း မပြောချင်တော့ပေ။ ထွေးငယ်ကို သူ အနိုင်ယူခဲ့ခြင်းသည် တစ်ဘဝလုံး ရှုံးရန် အစပျိုးခြင်း ဖြစ်မည် ထင်သည်။

"ရည်းစားလေး ထားရတာလဲ ဆီးပြားလေး စားရသလိုပဲ"

ကျော်မောင်သည် ရုံးနားက လက်ဖက်ရည်ဆိုင်က ဖွင့်သော သီချင်းကို

ညည်းသည်။ အိခင်ရဲ့ တို့ပတ်ကို ယူကာ မျက်နှာကို ပွတ်သည်။ မမမြင့် အခန်းထဲ ဝင်ကာ မွေ့ရာကို ဆွဲလှန်သည်။ တစ်ခါတစ်ရံ ပိုက်ဆံများ ထိုးထည့်ထားလေ့ ရှိသည်။ ဒီနေ့မှ ကံခေသည်။ တစ်ပြားမှ ရှိမနေ။

"အိခင်ဆီမှာ ရှိလား မသိဘူး"

ကျော်မောင်က မီးဖိုထဲ ငရုတ်သီး ထောင်းနေသော အိခင်ကို လှမ်းကြည့်သည်။ လဆန်းတုန်းက သူပေးထားသည့် ပိုက်ဆံက နည်းသည် ဆိုသော်လဲ သားတွေအတွက် မုန့်ဖိုးမှအပ အိခင်တွင် ကုန်စရာ မရှိ။ နည်းနည်း ပြန်တောင်းမှ ဖြစ်မည်။ ပိုက်ဆံ မပါလို့ မဖြစ်။ ဒီနေ့ ချိုသဲကို ရုပ်ရှင်ပြမည်ဟု ပြောထားခဲ့သည်။ ငရုတ်သီး ထောင်းနေသော အိခင်မျက်နှာက ခပ်မှုန်မှုန် ဖြစ်နေသည်။ ငရုတ်သီးကို ညာဘက်လက်က ထောင်းပြီး သားငယ်ကို ဘယ်ဖက်ပုခုံးပေါ် မှောက်လျက် ချီထားသည်။ ကျော်မောင်မောင်က မီးဖိုထဲဝင် ရေအိုးဖွင့် သောက်သည်။ ထို့နောက် ယောင်လည်လည်နှင့် ပြန်ထွက်လာသည်။ အိခင်ဆီမှ ပြန်တောင်းရမည်မှာ သိပ်တော့လွယ်မည် မထင် ခုတစ်လော အိခင်နဲ့သူ ဘာရန်မှ မဖြစ်ဘဲ ခပ်တန်းတန်း ဖြစ်နေသည်။ သူ့ကို ကောင်းစွာ စကားမပြော သူကလဲ အိမ် သိပ်မကပ်။

ရုပ်ရှင်ရုံမှ အထွက် လက်မှတ်ကို သတိတရ လွှတ်ပစ်မည်ဟု စဉ်းစားမိသည်။ အိခင် တွေ့သွားလျှင် မဖြစ်။ ချိုသဲကတော့ အတူနေကြစို့ အစ်ကိုရယ်ဟု ပြောနေသည်။ သို့သော် ခက်လှသည်။ မိန်းမ တစ်ယောက်ကိုပင်

ကိုယ့်အစွမ်းနဲ့ကိုယ် ထမင်းဝအောင် မကျွေးနိုင်။ မမြင့်ကလဲ သူယူသမျှ မိန်းမတွေကို တင်ကျွေးထားမည် မဟုတ်ချေ။

"ငါတို့ကြက်ဖနိုင်နိုင်

ရွှေဖလားနဲ့ ကြက်သားကိုင်"

အိခင် ပျော့ကွက်ကို သတိရတော့ ထိုကဗျာလေးကို ကောက်ရွက်သည်။ အိခင်က သားငယ်ကို ဘယ်လက်မှ ညာလက်သို့ ပြောင်းချီရင်း ဖျတ်ခနဲ လှမ်းကြည့်သည်။

"ဟုတ်ပြီ ဒါဆိုရင် ရနိုင်တယ်"

ကျော်မောင် စိတ်ထဲမှ ရေရွတ်သည်။ သူ့ပျော့ကွက်ကို နင်းပြီး တောင်းရင် အိခင်က ထုတ်ပေးလိမ့်မည်ဟု ထင်သည်။ သူငယ်ချင်းတွေအား အိခင်က ဘယ်လိုနည်းနဲ့ပဲ နိုင်နိုင် ကြက်သား ကိုင်ရဖို့သာ ပဓာနဟု ခပ်မာမာ ပြောခဲ့ကြောင်း သူသိထားလေသည်။

"ငါတို့ကြက်ဖ နိုင်နိုင် ရွှေဖလားနဲ့ ကြက်သားကိုင်

နင်တို့ကြက်ဖ ရှုံး ရှုံး ..."

ကျော်မောင်မောင် အဆုံးထိ မဆိုနိုင်။ အိခင်လက်သည် လေထဲတွင် မြောက်သွားသည်။ အရာဝတ္ထု တစ်ခုက သူ့ဆီသို့ ရိပ်ခနဲ ပြေးဝင်လာသည်။

"ဟာ ငရုတ်ကျည်ပွေ့ကြီး"

ဟု အော်လိုက်မိသည့် တစ်ခဏတွင်ပင် သူ့ ညို့သကျည်းကို ငရုတ်ကျည်ပွေ့က ဖျောင်းခနဲ ဝင်မှန်သည်။ ကျော်မောင်မောင် ခွေခနဲ လဲကျသွားသည်။

သားကြီးရဲ့ ငိုသံကို ကျယ်လောင်စွာ ကြားရသည်။

"ဖေကြီးကို လုပ်နဲ့"

အိခင်ရဲ့ ဒေါသသံကို ကြားရလေသည်။

"ဘာရွှေဖလားလဲ ဘာကြက်သားလဲ ဟင်း အလကား ရွှေရည်စိမ် ဖလားစုတ်နဲ့ ကြက်သားပုတ်ကြီး"

------

**ယစန္ဒါ**

## ရေတွင်မြုပ်သော ဖောင်ကလေး (မစန္ဒာ)

-------------------------------------------

"ဘိုးဘိုး ... ဟိုဘက်အိမ်မှာ ကောင်မလေး တစ်ယောက် ရောက်နေတယ်ဗျ။ ဘိုးဘိုးရဲ့ သူငယ်ချင်း ဘဘကြီး ဦးဘဦးရဲ့ မြေး တော်တယ်တဲ့

မြေးတော်မောင် မောင်ရွှေမောင်းက ဦးဘဦး၏ ဘေးသို့ ရောက်လာကာ နံနက်ခင်း သတင်းများကို စတင် ကြေညာသည်။ ရွှေမောင်း၏ အမည်ရင်းက ကျော်နန္ဒအောင် ဖြစ်သည်။ သို့သော် စကားတတ်ခါစ ကတည်းက သတင်း အသယ်အပို့ အဖြန့်အဖြူး မြန်လှသော သူ့စရိုက်ကြောင့် သူက ရွှေမောင်းဟု ခေါ်ခဲ့ရာမှ အိမ်မှာတင်မက အရပ်ထဲ ဆွေမျိုးထဲမှာပါ ရွှေမောင်းဟု အမည်တွင် ခဲ့ရသူ ဖြစ်သည်။ ဘာပဲပြောပြော လွန်ခဲ့သော သုံးရက်က အိမ်ထဲအဝင် ရွှံ့ရေစပ်တွင် ချော်လဲကာ ခြေပွတ်တိုင် လည်ပြီး အိပ်ရာထဲတွင် အနားယူ နေရသော သူ့အတွက်တော့ မောင်ရွှေမောင်း၏ သတင်းဦး၊ သတင်းထူးများက အပျင်းပြေ စေလေသည်။

“ဘဘကြီးက သူ့သားကို ဆူနေတယ်။ မင်းက ကလေး တစ်ကောင်ကို ငါတို့ဆီမှာ လာထိုးထည့်ပြီး နောက်မယား ယူဦးမလို့လား ခွေးမသားရဲ့တဲ့။ ငါတို့က အိုကြီးအိုမနဲ့ ကလေးထိန်း ရဦးမှာလားတဲ့။ ဘိုးဘိုး သားကိုလည်း သရက်သီး ကျွေးဦးလေ

ဦးဘဦး တစ်ယောက်တည်း အတွက်သာ သီးသန့် ခွဲပေးတတ်သော စိန်တစ်လုံး သရက်သီးကို ရွှေမောင်းက ထုံးစံအတိုင်း ကပ်၍စားသည်။ သူ သရက်သီး စားနေတုန်း ဦးဘဦး၏ အတွေးက ဟိုဟိုသည်သည် ပျံ့လွင့်သွားသည်။ ရွှေမောင်း ပြောသည့် ဟိုဘက်အိမ်က ဘဘကြီးသည် ဦးဘဦး၏ သူငယ်ချင်း ဖြစ်ကာ အမည်ကလည်း တိုက်တိုက်ဆိုင်ဆိုင် ဦးဘဦးပင် ဖြစ်လေသည်။ တက္ကသိုလ်မှာတုန်းက ဘာသာတွဲလည်း အတူတူ၊ ခုံနံပတ်လည်း ရှေ့ဆင့် နောက်ဆင့်မို့ ဘဦးနှစ်ဦး ကွဲပြားစေရန် သူငယ်ချင်းများက မျက်မှန် တပ်ထားသော သူ့ကို မျက်မှန်ဘဦး ဟု ခေါ်သည်။ မျက်စိမှေးသော ကိုယ့်ကိုတော့ မျက်မှေးဘဦး တဲ့လေ။ တက္ကသိုလ်မှ ဘွဲ့အသီးသီး ရပြီး ဘဝပင်လယ်ထဲ ခုန်ချကာ တံပိုး အမျိုးမျိုး ကြား၍ ကူးကြ၊ ခတ်ကြ၊ ယက်ကန်ကြရင်း ကွဲကွာ သွားခဲ့ကြသည်။

လွန်ခဲ့သော သုံးနှစ်ခန့်ကမှ ဘေးဘက်ခြံကို ပြောင်းလာသူမှာ မျက်မှန်ဘဦး ဖြစ်နေသည်။ နှစ်ပေါင်း လေးဆယ်ခန့် ကွဲကွာသွားပြီးမှ ဒဂုံမြို့သစ်တွင် ပြန်ပြီး ဆုံမိကြသည်။ သူကလည်း ဗိုက်ရွဲရွဲ၊ ကိုယ်ကလည်း ဗိုက်ပူပူ၊ မေးစေ့ နှစ်ထပ်နှင့် ပင်စင်စား ဘူဒါးကြီးတွေ ဖြစ်နေကြပေပြီ။

“ကောင်မလေးက အသားဖြူဖြူ ဆံပင် ကောက်ကောက်နဲ့ လှတယ် ဘိုးဘိုးရဲ့ သားနဲ့လည်း သူငယ်ချင်း ဖြစ်သွားပြီ။ သူ့နာမည်က ဆွိုးတီတဲ့

“မင်းကလည်း သွက်ပါ့ကွာ

ဦးဘဦးက မြေးတော်မောင် ရှစ်နှစ်သားကို ကြည့်ရင်း ပြုံးရိပ်ပြုံးယောင် ဖြစ်သွားသည်။ နောင်ဆယ်နှစ်လောက် နေလျှင် ဟိုဘက်အိမ်က လှတပတ ကောင်မလေးကြောင့် မောင်ရွှေမောင်း ခမျာ အသည်းတွေ ဘာတွေ ဟက်တက်ကွဲ နေနိုင်သည်ဟု တွေးမိသောကြောင့် ဖြစ်သည်။ သူတို့ အဘိုးကြီး နှစ်ဦး ပြန်ဆုံမိကြတော့ ထုံးစံအတိုင်း သားတွေ၊ သမီးတွေ အကြောင်းသာ ပြောဖြစ်ကြသည်။ သူ့ဘဝကတော့ ရိုးစင်းသည်။ သမီး တစ်ယောက်တည်း ထွန်းကားကာ ထိုသမီးက ဆရာဝန် ဖြစ်လာသည်။ သားမက်ကလည်း ဆရာဝန်ပင် ဖြစ်ကာ ဆေးရုံ ပြေးကြ၊ ဆေးခန်း ပြေးကြနှင့် မိုးလင်းက မိုးချုပ် အလုပ်ရှုပ်ကြ လေသည်။ မြေးကလည်း မောင်ရွှေမောင်း တစ်ဦးတည်း ဖြစ်သည်။ မျက်မှန်ဘဦး ကတော့ သားချည်းပဲ သုံးဦး ထွန်းကားသည်ဟု ဆိုသည်။

သားအကြီး နှစ်ယောက်က သူ့အိမ်ထောင်နှင့်သူ သူ့စီးပွါးနှင့်သူ အဆင်ပြေ ကြသည်။ အငယ်ဆုံးသားက ကျောင်းမပြီးခင် မိန်းမ ခိုးပြေးသည်ဟု ဆိုသည်။ ပထမတော့ သူ့မိန်းမကို မိဘအိမ် ခေါ်လာသည်။ ဘာသာမတူ၊ စရိုက်မတူတော့ အဆင်မပြေလှချေ။ ချွေးမချောက ဈေးထဲမှ ငါးအရှင်တွေ

ဝယ်လာပြီး ချက်ခါနီးကျမှ ကိုယ်တိုင်ထုသူ ဖြစ်လေသည်။ ကြက် ဆိုလျှင်လည်း ပွဲသကူသား မကြိုက်၊ ကြက်ခြင်းထဲမှ ကြိုက်သော အကောင်ကို လက်ညှိုးထိုး ဝယ်ကာ မျက်စိရှေ့တွင် သတ်ခိုင်းပြီး အမွေးနုတ် နေသည်ကို အေးအေးဆေးဆေး ထိုင်စောင့်တတ်သူ ဖြစ်သည်။ နောက်တော့လည်း ချွေးမနှင့် ယောက္ခမ မတည့်ကြတော့ အမြဲ တကျက်ကျက် စကားများကာ အိမ်ခွဲဆင်း သွားသည်ဟု ဒေါ်မြမြက ရင်ဖွင့်ပြီး ပြောပြဖူး၍ သူ့မိန်းမမှ တစ်ဆင့် ဦးဘဦးက သိထားပြီး ဖြစ်သည်။ အိမ်ခွဲ ပြီးသည့် နောက်ပိုင်း သမီး မိန်းကလေး တစ်ယောက် မွေးကြောင်း သိရသော်လည်း ချွေးမရော၊ သားကပါ မိဘဆီသို့ အဝင်အထွက် မလုပ်ကြဟု ဝမ်းနည်းစကား ပြောခဲ့ဖူးလေသည်။ ယခုတော့ သားဖြစ်သူက ကလေး တစ်ကောင်နှင့် မိဘဆီ ပြန်ရောက်လာသည် ဆိုတော့ အိမ်ထောင်ရေး အဆင်မပြေ ဖြစ်လာခဲ့ကြောင်း သိသာထင်ရှားလှ လေသည်။

"အင်း … အိုကြီး အိုမနဲ့ မြေးထိန်းရတယ် ဆိုတာ အဘိုး၊ အဘွားတွေရဲ့ နိယာမ ပဲလေ။ အဲဒီလို ထိန်းနေရလို့လည်း ဘဝမှာ မျှော်လင့်ချက် အသစ်၊ ရောင်ခြည် အသစ်ကလေးတွေ လင်းပြီး နေပျော်နေတာ မဟုတ်လား

ကိုယ့်ဟာကိုယ် ဟိုတွေးသည်တွေး တွေးနေမိစဉ် မောင်းသတင်း ရပ်သွားသည်။ မောင်ရွှေမောင်းကို လှမ်းကြည့်လိုက်တော့ အနားမှာ မရှိတော့ချေ သရပ်သီးလည်း ကုန်သွားပြီ ဖြစ်လေသည်။

“မြမြတို့ မြေးလေးက ငါးနှစ်သမီးလောက် ရှိပြီ။ ချစ်စရာလေး။ ဒါပေမဲ့လည်း ဘာအကြောက်အရွံ့မှ မရှိဘူး အဖေကြီးရေ။ မြမြ တဟဲ့ဟဲ့ အော်နေတဲ့ ကြားက ခြံထဲက ဖားပြုတ်ကို ခဲနဲ့ အတင်းလိုက်ထု နေတယ် ...”

မိန်းမက သူ့ခြေထောက်ကို တရုတ်ဆေး လိမ်းပေးရင်း တစ်ဆင့် သတင်းကို သယ်ဆောင် လာပြန်သည်။

“ကျွန်မတို့မှာ သမီးငယ်လေး တစ်ယောက်ပဲ မွေးထားပေမယ့် အထောက်အကူ အပြည့်ရတယ်။ သမီးကလည်း လိမ္မာ၊ သမက်ကလည်း သိတတ်လို့ ကုသိုလ် သိပ်ကောင်းတာနော်၊ မြမြခများ သုံးယောက်တောင် မွေးထားတာ၊ တစ်ယောက်မှ မိဘကို မသိတတ်ဘူးတဲ့။ အခု ဒီကြားထဲမှာ ကလေးတာဝန် တက်လာပြန်ပြီ။ သူတို့သား ကလည်း နောက်အိမ်ထောင် ပြုမယ့်ရုပ် ပါပဲ

“ကလေးအမေ ကရော

“သြော် ... နောက်ယောက်ျားတောင် ယူသွားပြီတဲ့။ ငယ်ကလည်း ငယ်၊ ချောကလည်း ချောတော့ တစ်ခုလပ် တစ်လင်ကွာ ပေမယ့်လည်း ဝိုင်းဝိုင်းကို လည်လို့ဆိုပဲ၊ အဲဒါကို မခံချင်လို့ ကလေးအဖေ ကလည်း နောက်မိန်းမ ယူဖို့ အပြင်းအထန် ကြိုးစား နေတာတဲ့

“ကောင်းကွာ

မိန်းမက

“သမီးလေး လိမ္မာလို့ ကျွန်မတို့ ကံကောင်းတယ်  ဟူသော စကားကို ထပ်၍ ပြောပြန်သည်။

သူ့မိန်းမက ကျောင်းဆရာမ တစ်ဦး ဖြစ်ခဲ့တော့ စာသင် ကောင်းသည်။ သမီးကို ညတိုင်း ဆုံးမတတ်သည်။ ငါးရာ့ငါးဆယ် ပုံပြင်မှအစ ဘုရား နိပါတ်တော်များ ကိုပါ ပြောပြပြီး သင်ခန်းစာလေးတွေကို ထုတ်နုတ်ပြလေ့ ရှိတော့ သမီး၏ နှလုံးသား ထဲမှာရော။ ဦးနှောက် ထဲမှာပါ ဘာသာရေး အသိနှင့် ထုံမွှမ်းပြီး နူးညံ့သိမ်မွေ့ ခဲ့ရသည်။ တချို့ပုံပြင်များ ကိုတော့ သူပင် မသိ၍ သမီးနှင့် အတူရောပြီး နစ်သက်စွာ နားထောင်ခဲ့ရ ဖူးသည်ကို သတိရမိသည်။

“သမီး လိမ္မာတာ အမေ လိမ္မာလို့ ပါကွာ

သူက ပြောတော့ သူ့မိန်းမက ရယ်မောရင်း

“အမေ လိမ္မာတာလည်း အဘွား လိမ္မာလို့ပါ အဖေကြီးရယ်  ဟု ပြောလေသည်။ နေ့ခင်းကျတော့ မောင်ရွှေမောင်းက နေ့လယ်နေ့ခင်း သတင်းများကို ကြေငြာရန် ရောက်လာပြန်သည်။

“သား ... ကျောင်းက ပြန်လာတော့လေ၊ ဆွိုးတီကို ခြံထဲမှာ တွေ့တယ် ဘိုးဘိုးရဲ့၊ သူက တီကောင်တူး နေတာတဲ့

“ဘာပြောတယ် ...”

“တီကောင်လေ။ ဘိုးဘိုးကလည်း၊ သူက မိန်းကလေး ပေမယ့် တီကောင်ကို မကြောက်ဘူး။ မြေကြီးထဲက ဆွဲထုတ်ပြီး ဟောဒီလို တန်းလန်း ကိုင်ထားတယ်

အတော်လေး စေ့စေ့စပ်စပ် ကြည့်ထားပုံ ရသော မောင်ရွှေမောင်းက အမူအရာတွေ ဘာတွေ လုပ်ပြနေသည်။

“နောက်ပြီးတော့ တီကောင်လေးကို အုတ်ခဲပေါ် တင်ပြီး တဒုတ်ဒုတ်နဲ့ ထုလိုက်တာ တီကောင်လေး တစ်ပိုင်းပြတ် သွားရော

“ဟောဗျာ

ဦးဘဦးခမျာ သောက်လက်စ ကော်ဖီပင် နင်ပြီး သီးသွားသည်။

“တီကောင် တစ်ပိုင်းပြားလေးက လိမ်ဖယ် လိမ်ဖယ် ဖြစ်နေတာကို ကြည့်ပြီး သဘောတွေ ကျနေတယ်၊ သားက သူ့ကို 'ဟဲ့ မလုပ်နဲ့၊ နင် ငရဲ ကြီးလိမ့်မယ်' လို့ပြောတော့ 'လုပ်တော့ ဘာဖြစ်လဲ၊ တီကောင်တွေ့တိုင်း ငါ သတ်နေကျတဲ့' နောက်ထပ် တီကောင် တစ်ကောင်ကို ကောက်ကိုင်ပြီး နစ်ပိုင်းဆွဲဖြတ် လိုက်တယ်။ ပြီးတော့ သားကို မျက်စောင်းထိုး ကြည့်ပြီး 'နင့်ငရဲ ငါမကြောက်၊ ဆေးတံကြီးနဲ့ ခေါက်၊ ဂေါက် … ဂေါက်' လို့လည်း ပြောသေးတယ်

အတော်ကြီးပင် စိတ်မချမ်းမသာ ဖြစ်လာပုံ ရသော မောင်ရွှေမောင်းက ဦးဘဦးဆီမှ စတော်ဘယ်ရီယို သုတ်ထားသော ပေါင်မုန့်ကင်ကိုပင် ခါတိုင်းလို တောင်းမစားတော့ချေ။ ဦးဘဦး၏ ရင်ထဲတွင်လည်း မကောင်း၊ ကုသိုလ်နှင့် အကုသိုလ်ကိုပင် ခွဲခြားပြီး သိဦးမည် မဟုတ်သည့် ကလေးမလေး အတွက် ဖြစ်သည်။ သူ၏ မိခင်ကလည်း သူ့အသက်ကို သတ်သည့် ပါဏာတိပါတာ ကံကို ရှောင်သင့်၊ ရှားသင့်ကြောင်း ဆုံးမသွန်သင်ခဲ့မည် မဟုတ်သည်က သေချာသည်။

“အကုသိုလ် ဆိုတာ ဘာလဲ သိလား၊ သားလေး

“ သိပါတယ် ဘွားဘွားရဲ၊ သူများအသက် သတ်တာ၊ ခိုးတာ၊ လိမ်တာ
အရက်သောက်တာ၊ နောက်ပြီး သူများမိန်းမကို ကြိုက်တာ

ရွှေမောင်းက အသက်ရှစ်နှစ်သာ ရှိသေးသော်လည်း အဘွား၏
သွန်သင်ဆုံးမမှုနှင့် နားရည်ဝနေပြီ ဖြစ်သည်။

“ဒီလိုဆိုရင် အကုသိုလ်ကို အကုသိုလ်မှန်း သိလျက်နဲ့ လုပ်တဲ့သူနဲ့ မသိလို့
လုပ်တဲ့သူ ဘယ်သူက ပိုပြီး အပြစ်ကြီးမယ် ထင်သလဲ၊ စဉ်းစားကြည့်စမ်း

“သိလျက်နဲ့ လုပ်တဲ့သူက ဆိုးတာပေါ့

“မဟုတ်ဘူး သားရဲ့။ မသိလို့ လုပ်တဲ့သူက ပိုပြီးဆိုးတယ်၊ ပိုပြီး
အပြစ်ကြီးတယ်

ဦးဘဦးသည် သူ့မိန်းမကို ငေးကြည့်ရင်း တစိမ့်စိမ့် ကျေးဇူးတင် နေမိသည်။
သူ့မိန်းမသည် အပျိုဘဝက အသားညိုညို၊ ပုပု လုံးလုံးကလေး ဖြစ်သည်။
မျက်နှာလေးက နူးညံ့ချိုသာ သော်လည်း မိန်းမချော၊ မိန်းမလှတို့၏ စာရင်းကို
အနားပင် မသီနိုင်ခဲ့ရှာပေ။ အခုတော့ သူ့ခမျာ အသက်က ခြောက်ဆယ်နီးပါး
ဖြစ်နေရှာပြီမို့ ဝဝလုံးလုံးကြီး ဘဝသို့ ရောက်နေပြီ ဖြစ်သည်။

တစ်ခါတစ်ရံတော့ သူ့မိန်းမကို ကြည့်ရင်း မန်ကျည်းဖျော်ရည် ဖျော်သော ထန်းလျက်ခဲကြီးနှင့် တူသည်ဟု တွေးကာ ပြုံးမိရတတ်သည်။ ထို မည်းမည်းလုံးလုံး ထန်းလျက်ခဲကြီးက အမြင်မလှ သော်လည်း မန်ကျည်းနှစ် ချဉ်ချဉ်ကိုပင် ချိုအောင် ပြုလုပ်နိုင်စွမ်း ရှိသည်။ အဖိုးတန်လှသည်ဟု တွေးကာ ကျေနပ်ရမြဲ ဖြစ်သည်။

သမီးကို လိမ္မာစေခဲ့သလို၊ သူ၏ တပည့်လေးများကိုလည်း ယဉ်ကျေးစေခဲ့သလို၊ အခုတော့လည်း မြေးကလေးကို ဘာသာရေး အသိနှင့် ထုံမွှမ်းပြီး ယဉ်ကျေး လိမ္မာစေရန် ဆုံးမပဲ့ပြင်လို့ နေပြန်ချေပြီ။

"ဟောဒီ မီးခဲကြီးတစ်ခဲ ချထားမယ်။ သားကို သွားကိုင်စမ်းလို့ ခိုင်းရင် ကိုင်မှာလား

"ဟင့်အင်း

ရွှေမောင်းက မျက်နှာလေးရှုံ့ကာ ခေါင်းခါသည်။

"ဘာဖြစ်လို့လဲ

“ဟာ … ဘွားကလည်း၊ ပူမှာပေါ့လို့

“အေးပေါ့၊ အကုသိုလ် ဆိုတာ မီးခဲနဲ့ တူတယ်။ ပူမှန်း သိတဲ့သူက ဘယ်ကိုင်မှာလဲ။ မတတ်သာလို့ ကိုင်ရရင်လည်း အပူ သက်သာအောင် ဖွဖွလေးပဲ ကိုင်မှာပေါ့ ဟုတ်လား

ရွှေမောင်းက ခေါင်းညိတ်သည်။ သူ့စိတ်ကူးထဲတွင် မီးခဲကြီးကို မပူအောင် ကိုင်ကြည့်ရင်း စိတ်ရှုပ်ထွေးနေဟန် ရှိသည်။

“ပူမှန်း မသိတဲ့ သူကတော့ ကိုင်မယ်ဆိုရင် အတင်းဆုပ်ပြီး ကိုင်ပစ်လိုက်မှာပဲ။ ဒီတော့ ပိုပြီး ပူတာပေါ့။ အဲဒီလိုပဲ၊ အကုသိုလ်ကို အကုသိုလ်မှန်း မသိတဲ့သူက ပိုပြီး ရက်ရက်စက်စက်၊ နှစ်နှစ်သက်သက် ပြုတတ်ကြတယ်တဲ့။ ဒီတော့ တန်ပြန်လာပြီး ရိုက်ခတ်တဲ့ အပြစ်ကလည်း ပိုပြီးကြီးတယ်တဲ့

ရွှေမောင်းက အဘွားကို အတန်ကြာအောင် ငေးကြည့် နေပြီးမှ တိုးတိုးလေး ပြောသည်။

“ဒီလိုဆိုရင် ဆွိုးတီက မီးခဲကြီးကို အတင်းဆုပ်ကိုင် ထားတာလားဟင်၊ အဘွား

"ဘွားရဲ့မြေးက ဉာဏ်ကောင်း လိုက်တာ၊ ချက်ချင်းတန်းပြီး မြင်တာပဲ

အဘွားက ရွှေမောင်း၏ ဆံပင်လေးများကို ပွတ်သပ်ပေးပြီး ကျေနပ်ပြုံးလေး ပြုံးနေသည်။ ရွှေမောင်းကတော့ မပြုံးနိုင်၊ မျက်နှာလေး ပျက်တက်တက်နှင့် မသာမယာ ဖြစ်နေသည်။ ညအိပ်ခါနီး အဘိုး၊ အဘွားကို လာကန်တော့ပြီး ကျန်းမာ သက်ရှည်စေရန် ဆုပေးသော အခါကျမှ

"ဆွိုးတီကို မီးမလောင် ပါစေနဲ့လို့၊ သိပ်မပူပါစေနဲ့လို့ ဆုတောင်းပေးပါ ဘွားဘွားရာ  ဟုပြောရှာသည်။

ရွှေမောင်း၏ သူငယ်ချင်း ဆွိုးတီနှင့် ဦးဘဦးလည်း မကြာမီ ရင်းနှီးခဲ့ရသည်။ မောင်ရွှေမောင်းက အဘိုး၏ အိပ်ရာဘေး အထိ ခေါ်လာကာ မိတ်ဆက်ပေး ခဲ့သောကြောင့်   ဖြ စ်   သ ည်   ။   အသားဖြူဖြူ ဆံပင် လိမ်ကောက်ကောက် ကလေးနှင့် ချစ်စရာ ကလေးမလေးသည် မျက်နှာလည်း ချိုလှသည်မို့ ဦးဘဦးတို့ ဇနီးမောင်နှံ ကလည်း မချစ်ဘဲ မနေနိုင်။

"အိမ်က ဖေဖေကြီး (အဘိုး) က သမီးကို ထနထန ခေါ်တယ်။ နောက်ပြီး နရဲဂျာမလေး၊ နရဲဂျာမလေး လို့လည်း ထော်တယ်

"သူ့ကို ဘဘကြီးက 'ငရဲစာမလေး' လို့ ခေါ်တယ်လို့ ပြောတာ ဘိုးဘိုးရ

မောင်ရွှေမောင်းက ဆွိုးတီ၏ စကားကို ဘာသာပြန် ရသည်။ နဂိုကမှ စကားက မပီရသည့်အထဲ သွားကျိုးလေထွက် နေတော့ သူပြောသည့် စကားကို ဦးဘဦး နားမလည်ချေ။

“ဟုတ်လား … သမီးကို ဘာလို့ ငရဲစာမလေးလို့ ခေါ်တာလဲ

“အကောင်တွေ တတ်လို့တဲ့

“ဒီလိုဆို … အကောင်တွေ မသတ်နဲ့တော့ပေါ့၊ ဟုတ်ဘူးလား

“ဟင့်အင်း …တတ်မှာပဲ၊ တတ်ချင်တယ်၊ မာမီလည်း တတ်တာပဲ၊ မာမို့ကိုလည်း နရဲဂျာမလေးလို့ ထော်ပါဘူး

ဆွိုးတီက ခေါင်းလေး တခါခါနှင့် နှုတ်ခမ်လေး စူကာ မကျေမနပ် ပြောသည်။ ဦးဘဦး ကတော့ ချစ်စဖွယ် ကလေးမလေးကို ငေးကြည့်ရင်း ဒါကြောင့် မို့လို့လည်း မြတ်စွာဘုရားက မဂ္ဂင်ရှစ်ပါးမှာ သမ္မာဒိဋ္ဌိကို ရှေ့တန်း တင်ခဲ့တာ ဖြစ်မှာပဲ ဟု တွေးနေမိသည်။

သူ၏မိန်းမ ကတော့

"ကလေးပဲကွယ်။ အဖေအမေ လုပ်တယ်ဆိုရင် အကောင်းထင်ပြီး လိုက်လုပ်တာပေ့ါ။ နောင်ကျတော့လည်း တဖြည်းဖြည်း ဆုံးမရင် သိလာမှာပါ။ မြမြကို အိမ်မှာရှိတဲ့ ငါးရာငါးဆယ် ပုံဝတ္ထုတွေ ပေးဖတ်ရဦးမယ်။ ကလေးကို ပြောပြရအောင် ဟုပြောသည်။

ရွှေမောင်း ကတော့ သူ့အဘွားကို

"အဘွား ဖတ်ခိုင်းလည်း ဘွားမြက ဖတ်နိုင်မှာ မဟုတ်ဘူး၊ အားရင် သိုးမွှေးခြုံတွေ ထိုးနေတာပဲ၊ အဲဒါတွေ ဈေးမှာရောင်းပြီး ဆွိုးတီအတွက် လိုတာတွေ ဝယ်ရဦးမှာတဲ့ ဟု ခပ်တိုးတိုး သတင်းပို့သည်။

အဘိုးကြီး၊ အဘွားကြီး နှစ်ယောက် ပင်စင် လစာလေးနှင့် ခြစ်ခြစ်ခြုတ်ခြုတ် စားနေရသည့် အထဲတွင် မြေးတစ်ယောက် တာဝန်တက် လာတော့ အတော်ကြီး ကသီလင်တ ဖြစ်နေပုံ ရသည်ကို တွေးကြည့်ရင်း ဦးဘဦး စိတ်မကောင်း ဖြစ်မိသည်။ ဆွိုးတီ၏ အဖေကလည်း အစိုးရ အလုပ်ကို ထွက်လာ သလိုလို၊ ကုမ္ပဏီ အလုပ်ပဲ ဝင်လုပ်တော့ မလိုလို၊ နိုင်ငံခြားပဲ ထွက်တော့ မလိုလိုနဲ့ ကလေး တာဝန်သာမက သူ့တာဝန်ကိုပါ မိဘပခုံးပေါ်သို့ လာပြီး ဖိတင်ထားပုံ ရလေသည်။ ငွေလိုလာသော ဦးဘဦးကတော့ ထီဘက်လှည့်ကာ ထီဖိထိုးသည်။ သို့သော် တစ်ခါမျှ ပေါက်သည်ဟု မကြားရ။

'ကွဲပြန်ပြီကွာ' 'လွဲပြန်ပြီကွာ' နှင့် သူ့နဖူး သူရိုက်ပြီး ရေရွတ် နေတတ်သည်ဟု ဆွိုးတီက ရွှေမောင်းဆီသို့ သတင်းပို့လေသည်။

အခုတော့ ဦးဘဦး၏ ခြေထောက်လည်း ပြန်ကောင်းလာကာ သွားနိုင်လာနိုင်လာပြီ ဖြစ်သည်။ ဆွိုးတီတစ်ယောက် ဒဂုံမြို့နယ်သူ ဖြစ်နေသည် မှာလည်း လေး ငါး ခြောက်လ ရှိပြီဖြစ်သည်။ နေ့ခင်း ကျောင်းဆင်းလာလျှင် ရွှေမောင်းဆီသို့ ရောက်လာတတ်သည်။ အဘွားကျွေးသော မုန့်ကို ရွှေမောင်းနှင့်အတူ စားကာ ရွှေမောင်းနှင့်အတူ အရုပ်ကားချပ် ဆက်လိုက်၊ အိမ်ဆောက်လိုက် ကစားလိုက်နှင့် ပျော်နေတတ်သည်။ အိမ်ပေါ်ပျင်း၍ အိမ်အောက် ဆင်းကြလျှင်တော့ တီကောင် ထုလိုက်၊ ဖား ရိုက်လိုက်၊ ပုတ်သင်ညိုကို ကျောက်ခဲနှင့် ပေါက်လိုက်နှင့် ထင်ရာ လုပ်တော့သည်။

တစ်ခါတော့ ကင်းလိပ်ချောကို ကျောက်ခဲနှင့် ပေါက်သတ်ပြီး မသေမရှင်ကြီး ကောက်ကိုင်ကာ ရွှေမောင်းဆီ ပစ်ပေးလိုက်သည်။ သူ့ပေါင်ပေါ် ဘုတ်ခနဲ ကျလာသော ကင်းလိပ်ချောကြီးကို ငုံ့ကြည့်ရင်း ရွှေမောင်းခမျာ အာခေါင်ခြစ်ပြီး အော်လိုက်သည်မှာ အသံတွေပင် ပြာသွားသည်။ ထို့နောက်တော့ ဆွိုးတီကို မခေါ်ဘဲ သုံးရက်ခန့် မျက်နှာကြီး ပုပ်သိုး နေလေသည်။

“သူက ရိုးရိုး ကစားရတာကို မပျော်ဘူး၊ အကောင် သတ်တမ်းပဲ ကစားချင်နေတာ၊ တကယ့်ကို ငရဲစာမလေး၊ သရဲမလေး

ရွှေမောင်းက စိတ်ဆိုးနေသည်။ လေးရက်မြောက် နေ့တွင်တော့ ပြန်ခေါ်ကြသည်။

ဆွိုးတီက

"အဲဒီလို မလုပ်တော့ပါဘူး   ဟုကတိပေး သော်လည်း ရွှေမောင်းကတော့ မယုံမရဲနှင့် သွေးလန့်နေဟန် ရှိလေသည်။

"ဘဝ သံသရာ ဆိုတာ ကမ်းမမြင်၊ လှမ်းမမြင်ရတဲ့ ပင်လယ်ကြီးနဲ့ တူတယ် ကလေးတို့ရဲ့၊ လူ့ဘဝ ဆိုတာလည်း အင်မတန် ရခဲတယ်

တစ်နေ့က နေ့လယ်ပိုင်း တွင်တော့ ကလေး နှစ်ယောက်ကို ရွှေကန်စွန်းညပြုတ် ကျွေးရင်း အဘွားက တရားဟောရန် ကြိုးစားလေသည်။

"အဲဒီ ပင်လယ်ကြီးထဲမှာ အဘွားတို့က ဖောင်တစ်စီးနဲ့ မျောနေကြရတာတဲ့။ အဘွားရဲ့ ဖောင်ဟာ သစ်ဖောင်လား၊ ဝါးဖောင်လား၊ သေးလား၊ ကြီးလား အဘွားလည်း မသိဘူး၊ ဖောင်ပေါ်မှာ ကျောက်ခဲတွေ ရှိနေသေးသတဲ့။ အဲဒီ ကျောက်ခဲတွေက ဘယ်လောက်ကြီးတဲ့ ကျောက်တုံးကြီးတွေ ဖြစ်ပြီး ဘယ်လောက်များ နေသလဲ။ ဖောင်ဆိုတာ ကုသိုလ်ဖြစ်ပြီး၊ အပေါ်က ကျောက်ခဲတွေက အကုသိုလ်တွေနဲ့ တူတယ်တဲ့။ ဒီဘဝမှာ ကုသိုလ်များများ

လုပ်ရင် ဖောင်က ပိုပြီး တောင့်တင်းခိုင်မာ လာမှာဖြစ်ပြီး အကုသိုလ်များများ လုပ်ရင်တော့ ကျောက်ခဲတွေ ထပ်တင်နေတာနဲ့ တူတယ်တဲ့

သည်တစ်ခါ မိန်းမ ပြောသည်က ဆွိုးတီ မပြောနှင့်၊ ရွှေမောင်းပင် နားလည်ဟန် မတူချေ။ ပင်လယ်ရော၊ ဖောင်ရော၊ ကျောက်တုံးတွေရော ရှုပ်နေတော့ မောင်ရွှေမောင်းက မနည်းလိုက် စဉ်းစားရင်း မျက်လုံးလေး ပေကလပ်၊ ပေကလပ် ဖြစ်နေသည်။

"ကျောက်ခဲတွေ ထပ်ထပ်ပြီး တင်ထားတာ များနေရင် နောက်ဆုံး ကုသိုလ်ဖောင်က မခံနိုင်ဘဲ ပျက်သွားတတ်တယ်၊ ကျောက်တုံးတွေနဲ့ လေးပြီး ရေထဲမှာ မြုပ်သွားတတ်တယ်။ ကဲ ... သမီးလေး ...ဆွိုးတီ ပြောစမ်း၊ သမီးရဲ့ဖောင်ပေါ်ကို ကျောက်တုံးတွေ တင်ချင်သလား

"ဟုတ်ကဲ့

ဆွိုးတီက မျက်နှာချိုချိုလေးနှင့် ခေါင်းညိတ်သည်။

"ဟင် ... ဘာဖြစ်လို့လဲ သမီးရဲ့

“ဘွားကရဲ … ဖောင်ကြီး မုတ်တွားမှ ရေထဲ ချင်းကူးလို့ ရမှာပေါ့၊ တမီးက ရေကူးချင်တာ

“ကောင်းပါရောဗျာ

သူက တဟားဟား ထရယ်မိသည်။ စိတ်ညစ် လက်ညစ်နှင့် အမောကြီး မောသွားဟန် ရှိသော သူတို့ အဘွားကို ကြည့်ရင်း ရွှေမောင်းနှင့် ဆွိုးတီတို့ကလည်း တခစ်ခစ် ရယ်နေကြသည်။

“မိန်းမရေ … သူငယ်တန်းကို ဆယ်တန်းစာ မသင်နဲ့လေကွာ။ မင်းရဲ့လေကို နည်းနည်း လျှော့မှပေါ့၊ ကလေးတွေ ဘယ်နားလည်မလဲ

သူ ပြောတော့မှ သူ့မိန်းမက ယဲ့ယဲ့လေး ပြုံးကာ

“ဆန္ဒတွေ စောသွားလို့ပါကွယ်  ဟု ခပ်တိုးတိုး ပြန်ပြောသည်။

ဆွိုးတီကလေး ကုသိုလ်နှင့် အကုသိုလ် ခွဲခြား သဘောမပေါက်ခင် အကုသိုလ်ကံက အရင်ဦးအောင် အကျိုးပေး သွားမည်ကို သူ့မိန်းမ စိုးရိမ်နေကြောင်း သူလည်း သိပါသည်။ ရွှေမောင်းကလေး ကတော့ ညတိုင်း

အဘိုး၊ အဘွားကို ကန်တော့လေတိုင်း

"ဆွီးတီ ကိုင်ထားတဲ့ မီးခဲကြီးက သူ့ကို မလောင်ပါစေနဲ့ လို့လည်း ဆုတောင်းပေးဦးနော် ဟုပြောလေ့ ရှိသည်။

သူတို့ကလည်း ဆုတောင်းမြဲ ဖြစ်လေသည်။ သို့သော် အကုသိုလ်ကံ အကျိုးပေး ဟူသည်မှာ ကလေး၊ လူကြီး အသက်အရွယ်ကို မလိုက်တတ်၊ မရွေးတတ်ကြောင်း၊ ဆုတောင်း ပေးတိုင်းလည်း ပြန်လှည့် မသွားတတ်ကြောင်း သူတို့ သိခဲ့ရသည်။

တစ်နေ့ကတော့ ဆွီးတီ အပြင်းဖျားသည်။ ရွှေမောင်းက ဆွီးတီ ဖျားနေတယ် ဟု ပြောသော်လည်း ခပ်ပေါ့ပေါ့ပင် သဘောထားမိသည်။

မိန်းမကတော့ ဒေါ်မြမြကို

"သွေးလွန် တုပ်ကွေးသာ စိုးရိမ်ရတာပါ။ သမီး ပြန်လာရင် လာပြီး စမ်းခိုင်းလိုက်မယ် ဟုလှမ်း၍ ပြောသံကို ကြားရသည်။ သို့သော် ဆေးရုံမှ နေပြီး ဆေးခန်းသို့ တန်းသွားသော သမီးနှင့် သမက်တို့ ပြန်လာတော့လည်း မိုးချုပ်နေပြီမို့ တစ်ဖက်ခြံကို မသွားခိုင်း ဖြစ်တော့ပေ။ မနက်ကျတော့လည်း အချိန်လုကာ အပြေးအလွှား ထွက်ခွါရသူများကို ဆွီးတီကလေး ဖျားနေတယ်။

သွားကြည့် ကြပါဦးကွယ်  ဟု မပြောဖြစ် လိုက်တော့။ သူတို့ခများ ရေချိုးအပြီး ထမင်းကြမ်းကြော် ကလေးပင် မစားနိုင်။ ဆရာဝန်ကြီးက ရှစ်နာရီခွဲ ရောင်းလှည့်တတ်၍ မီအောင် မနည်းပြေး ကြရသည်။

သည်လိုနှင့်ပင် ဆွီးတီကို ပါရာစီတမောလေး တိုက်လိုက် ကွမ်းရွက်ပြုတ်ရည်လေး တိုက်လိုက်၊ မိဂသီလေး လိမ်းပေးလိုက်နှင့် လေးငါးရက် ကြာသွားသည်။ စနေနေ့ ကျတော့ ဆွီးတီကလေး ခြေထောက်နာ၍ ငိုနေသည် ဆိုသောအခါ သမီးက သူ၏ သားတော်မောင် မောင်ရွှေမောင်းနှင့် အတူ တစ်ဘက်အိမ်ကို ကူးသွားဖြစ်သည်။ ခဏနေတော့ မောင်ရွှေမောင်းက သူ့အဖေကို လာပြန်ခေါ်သည်။

"ကလေး ဘာများ ဖြစ်လို့ပါလိမ့်

ဦးဘဦးက စိတ်ထဲတွင် အနည်းငယ် ထင့်သွားသည်။

"ကိုယ်တွေ လက်တွေ နာတယ်ဆိုတော့ ရိုးရိုးတုပ်ကွေးပဲ ဖြစ်မှာပါရှင်

သူ့မိန်းမကတော့ ခပ်အေးအေးပင် ပြောသည်။ သူကတော့ သွေးလွန်တုပ်ကွေး တစ်ခုကိုသာ ကြောက်စရာ ကောင်းသည်ဟု ထင်ထားသူ ဖြစ်လေသည်။ သို့သော် ဆွီးတီကလေးတွင် သွေးလွန်တုပ်ကွေးထက် ကြောက်စရာ

ကောင်းသော ရောဂါ ဖြစ်နေကြောင်း မကြာမီ သိခဲ့ရသည်။

"ဘာ ... ပိုလီယို ... ဟုတ်လား

ဦးဘဦးက အထိတ်တလန့် မေးမိသည်။

"ဟုတ်တယ် ဖေဖေ။ ရောဂါလက္ခဏာတွေ အရတော့ အဲဒါဖြစ်ဖို့ များနေတယ်

သူ၏သမက်က အသံပျော့ပျော့နှင့် ပြောသည်။ စိတ်မကောင်း ဖြစ်ပြီး မျက်နှာလည်း ညှိုးနေသည်။ ပိုလီယို (ခေါ်) အရိုးပျော့ရောဂါ ဖြစ်ပါက ခန္ဓာကိုယ်အောက်ပိုင်း မသန်စွမ်းတော့ဘဲ ဒုက္ခိတ ဖြစ်ကြရသည်ကို သိထားတော့ ဦးဘဦး၏ ရင်ထဲတွင် သားသမီးချင်း၊ မြေးချင်း စာနာစိတ်နှင့် တရှိန်ရှိန် ပူလာသည်။

"အမှန်ကတော့ ပိုလီယို ဆိုတာ အခုအချိန်မှာ ဖြစ်ရမယ့် ရောဂါကို မဟုတ်တော့ဘူး၊ နိုင်ငံနှင့်အဝန်း စီမံကိန်းချပြီး ကာကွယ်ဆေးတွေ တိုက်ပေးနေတာ ကြာလှပြီ ဖေဖေရဲ့

"ဟ ... ဒါဆိုရင် ဘာလို့ ဖြစ်ရတာလဲ

"ကာကွယ်ဆေး မတိုက်ခဲ့လို့ ဖြစ်တာပေါ့ ဖေဖေရယ်

သမီးက မချိတင်ကဲ ပြောသည်။ မျက်လုံးတွေ နီပြီး မျက်ရည်လည်း ဝဲနေသည်။

"ကလေး တစ်နှစ်မပြည့်ခင် ကာကွယ်ဆေးကို သုံးခါ တိုက်ရတယ်။ ကျန်းမာရေး ဌာနက နိုးဆော်ပြီး ရပ်ကွက် ဒေသန္တရ ဆေးခန်းတွေမှာ အလကား လိုက်တိုက် ပေးနေတာပဲ ဖေဖေရယ်၊ ကလေးမိဘတွေ အနေနဲ့ ဆေးတိုက်မယ့် နေ့မှာ ကိုယ့်ကလေးကို ကိုယ်ခေါ်လာပြီး ဆေးအတိုက် ခံလိုက်ရုံပဲ၊ ဘာဆိုဘာမှ ပင်ပန်းတာ မဟုတ်ဘူး။ တစ်ပြားတစ်ချပ်မှလည်း မကုန်ဘူး အဲဒါကို

"အေးလေ၊ အဲဒါကို ဘာဖြစ်လို့ မတိုက်ခဲ့တာတဲ့တုံး

သူ့မိန်းမက ခပ်လောလော မေးသည်။ ဆွီးတီလေးကို သနားစိတ်နှင့် ပြုံးပြုံးပျာပျာ ဖြစ်ပြီး အသံတွေ အက်နေသည်။

"သူ့အဖေ မေးကြည့်တော့လည်း ဘာမှ ဂဃနဏ မသိဘူး မေမေရဲ့၊ တစ်ခါတုန်း ကတော့ ကာကွယ်ဆေး တိုက်ဖို့ ကလေးခေါ်ပြီး လာဖို့ ရပ်ကွက်ထဲ လှည့်အော်တာ မှတ်မိတယ်တဲ့၊ ဒါပေမဲ့ အဲဒီတုန်းက သူ့မိန်းမက သူနဲ့

ရန်ဖြစ်ပြီး ကလေးကို ခေါ်ပြီး အိမ်ပေါ်က ဆင်းသွားတဲ့ အချိန်မို့ အိမ်မှာ ကလေး မရှိဘူးတဲ့၊ သူနဲ့ သူ့မိန်းမက ခဏခဏ ရန်ဖြစ်ပြီး ခဏခဏ အိမ်ပေါ်က ဆင်းနေတော့ ကလေးကို ကာကွယ်ဆေး တိုက်တာတွေ၊ ထိုးတာတွေကို ဘာမှ သတိမထားမိဘူးတဲ့ မေမေရေ၊ ကောင်းကြရော

"တော်ပါတော့ကွာ

ပြောရင်း ပြောရင်း ဒေါသ ဖြစ်လာပြီး အသံကျယ် လာသော သမီးကို သမက်က တားသည်။ တစ်ဖက်အိမ်က ကြားသွားမည်ကို အားနာ စိုးရိမ်သောကြောင့် ဖြစ်လေသည်။

"သူတို့တွေလည်း မိဘတွေပဲ၊ ဒီဆေးဟာ ဒီလောက် အရေးကြီးမှန်း မသိလို့ ပေါ့ဆမိတာ ပေါ့ကွယ် ... သိရင်တော့ ဘယ်သူ နေမှာလဲ

"အဲဒီလို မသိတာကို စိတ်ဆိုးတာပေါ့၊ ကလေးတွေ မွေးထားရင် သိတတ် ရမှာပေါ့။ အလကား မိဘတွေ၊ အခုတော့ ကလေးခမျာ တစ်သက်လုံး ဒုက္ခိတ

သမီးက ပြောလက်စ စကားကို ဆက်မပြောတော့ဘဲ ခေါင်းငုံ့လိုက်သည်။ နှုတ်ခမ်းကို တင်းတင်းစေ့ကာ အသက်ပြင်းပြင်း ရှူရင်း သူ့စိတ်ကို သူထိန်းနေသည်။

"နောက်ဆုံးတော့ ကံပေါ့ကွယ်၊ ကံစီမံရာ ဖြစ်ကြရတာ မဟုတ်လား။ ကလေးရဲ့ ကုသိုလ်ကံကိုက ဆိုးတယ် ထင်ပါရဲ့

ဦးဘဦးက တရားသံနှင့် ပြေရာပြေကြောင်း ပြောသည်။ သူငယ်ငယ်တုန်းက ကံကိုယုံသူ မဟုတ်ခဲ့ပေ။ သို့သော် အခုတော့ ကံကို တော်တော်ကြီး ယုံမိနေပြန်သည်။ ကံဟူသည်မှာ အလုပ်ပင် ဖြစ်သည်မို့ မိမိအလုပ် အကျိုးဆက်ကို မိမိသာလျှင် ခံစားရမည် ဖြစ်ကြောင်း သဘောပေါက် နေပြီ ဖြစ်လေသည်။ ရုတ်တရက် ပြောစရာစကား ကုန်သွားသလို အားလုံးက အတွေးကိုယ်စီနှင့် ငြိမ်သက် နေကြသည်။ အင်မတန် အမေးအမြန်း ထူကာ စကားများလှသော ရွှေမောင်းကလေးပင် အခန်းထောင့်က ကြိမ်ကုလားထိုင်လေး ပေါ်တွင် ငြိမ်ငြိမ်ကုပ်ကုပ်လေး ထိုင်နေရှာ လေသည်။

"သားလေး၊ ငြိမ်လှချည်လား။ ဘာတွေ စဉ်းစားနေလဲ

တိတ်ဆိတ်ခြင်းကို ဖြိုခွင်းလိုဟန် ရှိသော သူ၏ သမက်က သူ့သားတော် မောင်ရွှေမောင်းကလေးဆီ လျှောက်သွားသည်။ အနားရောက်တော့ ဆံပင်ပျော့ပျော့ ကလေးများကို ချစ်စနိုး ဖွကစားရင်း  ဆွိုးတီအကြောင်း တွေးပြီး စိတ်မကောင်း ဖြစ်နေတာလား ... ဟင်  ဟု ခပ်တိုးတိုး ထပ်၍ မေးသည်။

သူ့ဖခင်ကို မော့ကြည့်သော ရွှေမောင်း၏ မျက်လုံးထဲတွင် မျက်ရည်တွေ ပြည့်နေသည်။

“ဆွီးတီကို သနားတယ် ဖေဖေ

ရွှေမောင်းက တုန်တုန်ခိုက်ခိုက်လေး ပြောရင်း မျက်ရည်တွေ စီးကျလာသည်။ ထို့နောက် သူ့ဖခင် လက်နှစ်ဖက်ကို ဆုပ်ကိုင်ကာ လှုပ်ယမ်းရင်း ရှိုက်သံလေးနှင့် မေးနေသည်။

“သူဘာလို့ ဒီလို ဖြစ်ရတာလဲဟင်။ သူ့ကျမှ ဘာလို့ ဖြစ်ရတာလဲ။ မေမေ ခုနတုန်းက ပြောသလို သူ … သူ … တစ်သက်လုံး …ဒုက္ခိတ …”

သူ့ဖခင်က ဘာမျှ ပြန်မပြောဘဲ တုန်တုန်ယင်ယင် ဖြစ်နေသော သူ့ကိုယ်လုံးလေး ကိုသာ ရင်ခွင်ထဲ သွင်းပြီး တင်းတင်းကျပ်ကျပ် ဖက်ထားသည်။

.

.

.

.

.

ကုက္ကိုပင်ထက်မှ ဉသြလေးကတော့ လွမ်းစဖွယ် အော်မြည် နေရှာသည်။

------------

**မစန္ဒာ**

## ရေခဲခြစ်နှင့် ရေခဲချစ် (မစန္ဒာ)

"ကိုရေခဲ

မစိန်မြက မာဆတ်ဆတ် ခေါ်သည်။ အိမ်ခါးပန်းကို ခေါင်းအုံးပြီး အိပ်နေသော လင်တောင်မောင် ကိုရေခဲအား ခပ်စူးစူးကြည့်သည်။

"ဘာလဲဟ

ကိုရေခဲက သူ့လက်ထဲမှ ဆေးလိပ်တိုကို နို့ဆီခွက်လွတ်ထဲမှာ လှမ်းထည့်ရင်း ပျော့နဲ့နဲ့ထူးသည်။

"ဒီအကောင် ဖျားနေတာ ကြာလှပြီတော့

"ဟုတ်လား

"ချောင်းကလည်း တဟွတ်ဟွတ်နဲ့

“အင်း

“လည်ပင်းကလည်း နာတယ်တဲ့၊ တစ်ခုခုလုပ်မှ ဖြစ်မယ်

“ဟေ ဘာလုပ်ချင်လို့လဲ

“ဆေးခန်းလေး ဘာလေးသွား၊ ဆရာဝန်လေး ဘာလေးပြကြည့်ဦးပေါ့

“သွားလေကွာ

“ဟင်း သွားတာက လွယ်လိုက်တာ၊ ဘယ်မှာလဲ ပိုက်ဆံ

“ဟင် မနေ့က အစိတ်ကရော

“ဆန်ဝယ်ရတယ်၊ ဆီဝယ်ရတယ်၊ အကြီးကောင်ကြီး စာအုပ်ဖိုးပေးရတယ်၊ တော်ပြန်ယူသွားတာက ငါးကျပ်၊ မနက်က ဟင်းချက်ဖို့ ငါးဝယ်ရတာ ခြောက်ကျပ်၊ ကျပ်လက်ထဲမှာ ၃၅ပြားပဲ ရှိတော့တယ်

“ဒါဆိုလည်း နက်ဖြန်ကျမှပဲ သွားတော့ပေါ့ကွာ

ကိုရေခဲက ခပ်အေးအေးပြောကာ မီးငြိမ်းခါနီးနေသော ဆေးလိပ်တိုကို ပြန်၍ကောက်ယူသည်။ မျက်စိကိုမှေးပြီး ဆက်တိုက်ဖွာရှိုက်သည်။

“ကိုရေခဲနော်၊ ရှင်က ဖအေ သိရဲ့လား၊ ဖအေဆိုတာ ဖအေစကား ပြော၊ အဖျားအနာဆိုတာ နက်ဖြန်သန်ဘက် စောင့်လို့ရသလား၊ တော်ကြာ ဆိုးသည်ထက် ဆိုးလာတော့ ဘယ့်နယ်လုပ်မလဲ

“သြော် မိန်းမရယ်၊ ငါလည်း ဘယ်တတ်နိုင်ပါ့မလဲ၊ ငါ့ရှာလို့ရသမျှ

တစ်ပြားမကျန် အကုန်အပ်နေတာပဲ၊ ဒီကြားထဲက မလောက်ဘူး၊ ဆေးတိုက်သွားစရာ ပိုက်ဆံမရှိဘူးဆိုတော့ ငါဘာလုပ်ရမလဲ၊ ဓားပြ ထွက်တိုက်ရမလား

ကိုရေခဲက စိတ်ညစ်ညျူးစွာပြောသည်။ သူ့ကို မျက်စောင်းကြီးခဲ၍ ကြည့်နေသော မိန်းမအား ခပ်စွေစွေလှမ်းကြည့်ရင်း သက်ပြင်းချသည်။

"တော့ကိုပြောလိုက်ရင် ဒါမျိုးချည်းပဲ၊ တော်ရှာလို့ရသမျှ ပိုက်ဆံလေး တစ်ပဲခြောက်ပြားကို မှန်မှန်အပ်တိုင်း တော့်ကိုယ်တော် တကယ့် လင်ကောင်း လင်မြတ်ကြီး ထင်မနေနဲ့

မစိန်မြက အော်သည်။ သူ့ပေါင်ပေါ် ဖက်တက်နေသော အငယ်ဆုံးကောင်ကို လက်နစ်ဖက်ဆွဲပြီး ကြမ်းပြင်ပေါ်သို့ ဆောင့်ချလိုက်သည်။

"ငါ့မှာ ပေါ့ပေါ့ပါးပါး မဟုတ်ဘူးဟဲ့၊ ဗိုက်ထဲမှာ တစ်ကောင်ရှိသေးတယ်။ အားတိုင်းယားတိုင်း ကုတ်ကတ်တက်မနေကြနဲ့၊ တကတဲ ဟူသော အသံနှင့်အတူ ဖင်ညှောင့်ရိုးအောင့်သွားသော အငယ်ကောင်၏ အသံကပါ ပြိုင်ပြီးထွက်လာသည်။

"တော်ကြီးကြောင့် လူဖြစ်လာတဲ့ သတ္တဝါတွေ ကြည့်စမ်း၊ အပြင်မှာက

လေးကောင်၊ ဟောဒီဗိုက်ထဲမှာ တစ်ကောင်၊ တော်ကြီးရတဲ့လခက တစ်လမှ သုံးရာရယ်၊ ကဲ ဒီပါးစပ်ပေါက်တွေကို ဝအောင် ဘယ်လိုကျွေးရမလဲ

ကိုရေခဲက သက်ပြင်းချမိပြန်သည်။

"ဒါကတော့ မင်းစီမံသမျှပဲ မဟုတ်လား မိန်းမရယ်၊ ငါလည်း အပို တစ်ပြား မသုံးပါဘူး။ မင်း ကန်စွန်းရွက်နဲ့ကျွေးလည်း မျိုချလိုက်တာပဲ၊ ငါးပိရည်နဲ့ကျွေးလည်း မျိုချလိုက်တာပဲ။ အသားစားမယ်၊ ငါးစားမယ် ပြောဖူးသလား၊ ငါသိပ်ကြိုက်တဲ့ ဝက်ခေါင်းသုပ်တောင် ငါးမူးဖိုးလောက် ဝယ်စားဖူးသလား

ကိုရေခဲက သူ့ပုံစံအတိုင်း ခပ်ပျော့ပျော့ ပြန်ပြောသည်။ သူ့ကိုစူးစူးဝါးဝါး ကြည့်နေသော မိန်းမအား ပြန်မကြည့်ဘဲ သူ့မိန်းမ၏ စွဲချက်အတိုင်း သူ့ကြောင့် လူဖြစ်လာရသော သတ္တဝါလေးကောင်ကို လှမ်းကြည့်သည်။

ငါးနှစ်ခွဲအရွယ် အကြီးကောင်က စာရွက်လွတ် တစ်ရွက်ပေါ်တွင် ခဲတံတို တစ်ချောင်းနှင့် အရုပ်ရေးနေသည်။ သူ့အနားတွင် ဖျားနေသည်ဆိုသော နို့ညှာကောင်က ထိုင်နေသည်။ ခန္ဓာကိုယ် အပေါ်ဘက်တွင် ဖလန်နယ် အင်္ကျီလေးကို ဝတ်ထားသော်လည်း အောက်ဘက်တွင်တော့ ဘောင်းဘီတိုလေးပင် မပါ။ အလတ်မလေးကတော့ လေးနှစ်ကျော်ကျော်ပင် ရှိသေးသော်လည်း မိန်းကလေးမို့ သိတတ်သည်။ ငိုနေသော

မောင်အငယ်ဆုံးလေးကို လာပြီးချော့နေသည်။ မနိုင့်တနိုင်နှင့် ဆွဲ၍ချီသည်။

“အင်း နောက်လေးငါးလဆိုရင် နောက်တစ်ကောင် ရောက်လာဦးမယ်၊ ဘာတတ်နိုင်ပဲ့မလဲကွာ။ ဘုရားပေးတာ မတားကောင်းပါဘူး။ ဒီ မိန်းမကလည်း လူမဟုတ်ဘဲ ဝက်သာဆိုရင် ဘယ်လောက် အဖိုးတန်မလဲ မသိပါဘူး။ သားပေါက်က ကောင်းလိုက်တာ၊ တစ်သားနဲ့ တစ်သားကလည်း နီးလိုက်တာ လွန်ရော။ နောက်ပြီး ငါ့ကိုချည်းပဲ တော်ကြီးကြောင့် တော်ကြီးကြောင့်နဲ့ လက်ညှိုးထိုးတော့တာပဲ

သူကတွေးရင်း ပြုံးမိသည်။ ထို့နောက် လက်ဝဲနံတောင်းမှ လက်ယာနံတောင်းသို့ ပြောင်း၍အိပ်ရန် ဟန်ပြင်သည်။ သို့သော် မိန်းမက “အဲဒါ ဘယ်လို လုပ်မတုံးတော့ ဟု ခပ်ဆောင့်ဆောင့် အော်လိုက်တော့ သူလန့်သွားသည်။ ဘာကိုဘယ်လိုများ လုပ်ချင်လို့ပါလိမ့်ဟု အပြေးအလွှား စဉ်းစားရင်း မျက်တောင်ကို တဖျတ်ဖျတ်ခတ်သည်။

“ဒီအတိုင်းဆိုရင်တော့ ကာလနာတိုက်သွားမှာပဲ၊ ဖျားနေတာ သုံးရက်ရှိပြီ။ ဟဲ့ကောင်လေး လာစမ်း ဒီကို

မစိန်မြက နို့ညှာကောင်ကို လှမ်းဆွဲကာ ခန္ဓာကိုယ် အောက်ပိုင်းအား ပုဆိုးဟောင်းတစ်ထည်နှင့် ပတ်ပေးသည်။

“ကွမ်းယာဆိုင်က ဆေးလေးဘာလေး ဝယ်တိုက်မကြည့်ဘူးလား၊ ပါရာစီတမောလေး ဘာလေးပေါ့

“တိုက်တုန်းခဏ ချွေးထွက်ပြီး နောက်တော့ အဖျားပြန်တက်တာပဲတော့၊ လည်ချောင်းကလည်း နာသတဲ့

“ဒီလိုဆိုလည်း ခေါင်းရင်းခန်းက ဒေါ်ဒေါ်အေးဆီမှာပဲ ချေးပါတော့လားကွာ

ဒေါ်ဒေါ်အေးက ငွေတိုးချေးစားသူဖြစ်သော်လည်း အပေါင်ပစ္စည်း မပါလျှင် သိပ်ချေးချင်သူ မဟုတ်။

“ကိုရေခဲ သွားလိုက်မလား

“ဟာကွာ၊ မင်းပဲ သွားလိုက်ပါ

မစိန်မြ၏ မျက်စောင်းကို ရင်ဆိုင်ရပြန်သည်။

ပိုက်ဆံလိုချင်သော်လည်း ဒေါ်ဒေါ်အေးဆီသို့ မစိန်မြ မသွားချင်ပေ၊ အေးအေးနေချင်သော ကိုရေခဲကတော့ မစိန်မြထက် နှစ်ဆပိုပြီး မသွားချင်ပေ။

“ဒီမိန်းမကြီးဆီမှာ အပေါင်ပစ္စည်း မပါဘဲ ပိုက်ဆံ သွားချေးရမယ့်အစား ကျားဖင်ပဲ နှိုက်လိုက်ချင်သေးတယ်

“ဘာလို့လဲ မေမေ၊ ကျားဖင်ထဲမှာ ပိုက်ဆံရှိလို့လား

အရုပ်ရေးနေသော အကြီးကောင်က ခေါင်းထောင်လာပြီး အူတူတူနှင့် မေးသည်။ ကိုရေခဲက အတီးအတနိုင်လှသော သူ့သားကြီးကို လှမ်းကြည့်ရင်း “အင်း အကြီးဆုံးဆိုတော့ နည်းနည်းတော့ ပေါတာပဲ ထင်တယ် ဟု တွေးမိစဉ် မစိန်မြကြ သေမင်း ရှိတယ်ဟဲ့၊ သေမင်း ဟု ခပ်ဆောင့်ဆောင့် အော်လေသည်။ ထို့နောက် ကြမ်းပေါ်မှ ဖန်ဂေါ်လီလုံးကို ကောက်ပြီး ပါးစပ်ထဲထည့်မည် ပြင်သော အငယ်ကောင်ကို လှမ်းဆွဲသည်။ လက်ကို အတင်းဖြေကာ ဂေါ်လီလုံးကို လုယူသည်။

“ဒီဂေါ်လီလုံးကို ဟိုပစ် ဒီပစ်နဲ့နော်၊ ကလေးနားမှာ မထားနဲ့ ဆိုရင်လည်း မရဘူး၊ ငါလွှင့်ပစ်မိမယ် သိလား

ပါးစပ်ကသာ လွှင့်ပစ်မိမယ်ဟု ပြောသော်လည်း လက်ကတော့ တကယ်ပင်လွှဲပြီး အိမ်အပြင်သို့ လွှင့်ပစ်လိုက်သည်။ ငိုမဲ့မဲ့ဖြစ်သွားသော အကြီးကောင်ကို မျက်နှာထားတင်းတင်းနှင့် ကြည့်သည်။ ငိုရဲ ငိုကြည့်၊ ကျောကော့သွားမယ် ဟု အသံတိတ် ပြောလိုက်ခြင်းဖြစ်၍ အကြီးကောင်က အော်ပြီး မငိုရဲရှာပေ။ ဂေါ်လီလေး ကျသွားရာ အိမ်ရှေ့ ရေဘုံဘိုင်အနီးမှ ငွေပန်းပင်အုပ်အုပ် နေရာကို အမောတကော လိုက်ကြည့်ရင်း

နက်ဖြန်ကျမှပြန်ရှာမယ်ဟု အားတင်းလိုက်ရဟန် ရှိသည်။

ပေါ်ပေါက်လာသော အခွင့်အရေးကို ကိုရေခဲက အပြည့်အဝ အသုံးချလိုက်နိုင်သည်။ မစိန်မြ၏ မျက်လုံး သူ့အပေါ်မှ လွှဲဖယ်သွားသည်နှင့် နံရံဘက်ကို ဘေးကင်းရန်ကင်း မျက်နှာမူပြီးပြီမို့ မျက်စိ တော်တော်အေးသွားသည်။ မစိန်မြ၏မျက်စောင်းကို ရင်ဆိုင်စရာ မလိုတော့။ သူ့ကျောမှာ မျက်စိ ပါမလာလေတော့ ကျောဘက်မှနေပြီး ကြည့်ချင်သလိုကြည့်၊ အခိုးထွက်အောင် ကြည့်ကြည့်၊ မီးထွက်အောင် ကြည့်ကြည့် ဘာမှုစရာမလို။ အမျိုးစပ်ချင်းစပ်လျှင် ဝက်နှင့်သာ အမျိုးစပ်နိုင်ပြီး နဂါးသွေး တစ်စက်တလေပင် ပါမည်မဟုတ်သည့် မစိန်မြ၏ မျက်စောင်းကြောင့် ပြာမကျ၊ မီးမလောင်သည်ကလည်း သေချာသည်။

ဆူသံ၊ ဆောင့်သံ၊ ဆဲသံ၊ ဆိုသံ ကလေးငိုသံများကိုလည်း ထည့်တွက်စရာ မလို။ မည်မျှ ဆူညံသောအသံ ဖြစ်ပါစေ၊ နားထဲသို့ မဝင်ဘဲ လျှံထွက်သွားအောင် နားထောင်တတ်သော အကျင့်ကို ရခဲ့သည်ကား ကြာချေပြီ။

ထို့ကြောင့် ကိုရေခဲသည် မကြာမီမှာပင် အိပ်ပျော်ခြင်းသို့ ရောက်သွားလေတော့သည်။

* * *

မထွေးစိန်ကမ်းပေးသော တစ်ဆယ်တန် လတ်လတ်ကလေးကို ဆတ်ခနဲ ဆွဲယူကာ အထက်ဆင်ကြားထဲ လိပ်ထည့်လိုက်သည်။

“ပြန်တော့ရွေးနော် အစ်မ

“အေးပါဟယ်၊ ငါ့ထဘီက ငါးဆယ်လောက် တန်တာ၊ အဆုံးမခံပါဘူး

“ဒါကတော့ အသစ်စျေးကိုး အစ်မရဲ့၊ အစ်မဝတ်ထားလို့ ဟောင်းနေတာလည်း ကြည့်ပါဦး

ဟုတ်တော့လည်း အဟုတ်သားပင်။ သူ ဖန်တစ်ရာတေအောင် ဝတ်ထားသဖြင့် ပါတိတ်ထဘီက အဆင်အသွေးပင် မှိန်နေချေပြီ။

“ငါ ပြန်ရွေးမှာပါဟယ် စိတ်ချ၊ ငါ့ထဘီကို တစ်ဆယ်နဲ့ အဆုံးမခံပါဘူး၊ တကတဲ

မစိန်မြက ခပ်ဆောင့်ဆောင့် ပြောပြီး ခပ်သုတ်သုတ် ပြန်သွားသည်။ တော်ကြာ ဆေးခန်းပိတ်သွားလျှင် ဆရာဝန်မပြဖြစ်ဘဲ ဖြစ်နေချေဦးမည်။

“မစိန်မြ ဘယ်နားက ပြန်လာတုံး

“ဒီနားကပဲ

မျက်စောင်းထိုးအိမ်မှ လှလှချစ်က နှုတ်ဆက်သည်။ အိမ်လှေကားထစ်တွင် ငုတ်တုတ်ထိုင်ရင်း လမ်းမဘက်သို့ မျှော်ကြည့်နေသည်။

“လင်တော်မောင် မလာသေးဘူးလား

“ထုံးစံအတိုင်းပဲ မစိန်မြရေ၊ သန်းခေါင်သန်းလွဲကျမှ မူးရူးပြီးပြန်လာမယ် ထင်ပါရဲ့၊ စိတ်ညစ်ပါတယ်

လှလှချစ်က အသံနွမ်းနွမ်းလေးနှင့် ပြောသည်။

“ကိုရေခဲတို့များတော့ အေးလိုက်တာနော်၊ အသောက်အစား အပျော်အပါး လောင်းကစား ဘာဆိုဘာမှ မရှိဘူး၊ တကယ့်ကို ရေခဲတုံးပဲ

တစ်ဆက်တည်း ချီးကျူးတော့ မစိန်မြ စိတ်တိုသွားသည်။ သူ၏ အိမ်ထောင်သက် ခုနစ်နှစ်တာ အတွေ့အကြုံအရတော့ မစိန်မြသည် ကိုရေခဲ အရက်သောက်ချင် သောက်ပါစေ၊ ဖဲရိုက်ချင် ရိုက်ပါစေ၊ သို့သော် သားရေး သမီးရေး၊ နေရေး ထိုင်ရေး၊ ရပ်ရေး ရွာရေး၊ အိမ်မှုကိစ္စ အသေးအဖွဲလေးတွေကို  မင်း ကြည့်လုပ်လေကွာ  ဟုလွှဲကာ နံရံဘက်လှည့်ပြီး တခူးခူးဟောက်ကာ အိပ်တတ်သူ မဟုတ်ဘဲ တိုင်တိုင်ပင်ပင်

ဖြေရှင်းတတ်သူဖြစ်လျှင် တော်ပါပြီဟု မကြာခဏ စိတ်ကူးမိနေသည်။

"ကျုပ်ကတော့ အဲဒီရေခဲတုံးကြီးကို ရေခဲတိုက်ထဲတောင် ပို့ပစ်ချင်နေပြီ တော်ရေ့

မစိန်မြက မကြည်မသာပြောပြီး ထွက်လာခဲ့သည်။ ခြေရင်းအိမ်က လင်မယား ရန်ဖြစ်ကြတုန်းက မင်းကို တစ်သက်လုံး အိမ်ဦးခန်းမှာတင်ပြီး ဆီဦးထောပတ် ကျွေးပါ့မယ်လို့ ငါကတိပေးခဲ့ဖူးလို့လား ဟူသော ယောကျ်ား၏စကားကို သတိရသည်။ ထို့နောက် တစ်ဆက်တည်းမှာပင် သူနှင့် လက်မထပ်ခင်က "ကိုက အေးအေးဆေးဆေး နေချင်တာပါပဲကွာ၊ အရက်သောက် ဖဲရိုက်လည်း ဝါသနာမပါဘူး။ နောက်ပြီး ဒီတစ်သက်မှာ မင်းတစ်ယောက်တည်းကိုသာ ချစ်ဖူးတာပါ။ အိမ်ထောင်သည်ဘဝ ရောက်ရင်လည်း ပွေပွေရှုပ်ရှုပ် မလုပ်သင့်တာတွေ ဘယ်တော့မှ မလုပ်ဖူးဆိုတာ ဟောဒီ ကမ္ဘာမြေကြီးကိုတောင် သက်သေတည်ပြီး ပြောရဲပါရဲ့ကွာ ဟု ကိုရေခဲ ပြောခဲ့သော စကားကို သတိရသည်။

"မလုပ်သင့်တာ မလုပ်တာနဲ့ မပြီးဘူးတော်ရေ့၊ လုပ်သင့်တာကိုလည်း လုပ်ရဦးမယ်

မစိန်မြက စိတ်ထဲမှ အော်ပြောနေမိသည်။

စိတ်ထဲမှ မဟုတ်ဘဲ ပါးစပ်မှ အော်ပြောလျှင်လည်း ကိုရေခဲက ကြားမည်မဟုတ်။

တရှူးရှူးနှင့်ဟောက်ကာ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေသောကြောင့် ဖြစ်လေသည်။

* * *

"ကဲ နောက်တစ်ယောက်လာ

ဆရာဝန်လေး၏ အသံကြားတော့ မစိန်မြသည် အငယ်ဆုံးကောင်ကို ချီရင်း ဆေးခန်းထဲသို့ ဝင်ခဲ့သည်။ တအိအိငိုနေသော နို့ညှာကောင်က သူ့ထဘီစကို တန်းလန်းဆွဲပြီး နောက်မှပါလာသည်။ နို့ညှာကောင်၏ နောက်တွင်တော့ လေးနှစ်အရွယ် သမီးနှင့် ငါးနှစ်ခွဲရွယ် သားတို့က ဆုတ်ကန်ကန် လိုက်လာကြသည်။

"ဟာ အင်အားကောင်းလှချေကလား

ဆရာဝန် မျက်လုံးပြူးသွားသည်။ သားအကြီးက နာရည်တွေ တရွဲရွဲ ရှိုက်သွင်းနေသည်။ အလတ်မလေးက ချောင်းတဟွတ်ဟွတ် ဆိုးသည်။ နို့ညှာကောင်က ငိုနေသည်။ အငယ်ဆုံး ကောင်လေးကလည်း ရွှင်ရွှင်လန်းလန်း မရှိလှ။ ကိုယ်လေးလက်ဝန်ကြီးနှင့် အမေကလည်း ဖြူတူတူ ဖျော့တော့တော့မို့ ဆရာဝန်၏ အမြင်တွင်တော့ သူတို့အားလုံး လူမမာပုံ ပေါက်နေကြလေသည်။

"ကိုင်း နေမကောင်းတာက ဘယ်သူလဲ

ဆရာဝန်ကမေးတော့ မစိန်မြသည် ညာဘက်လက်နှင့် ချီထားသော ကလေးကို ဘယ်ဘက်လက်နှင့် ပြောင်းချီသည်။ ထို့နောက် သူ့ထဘီစကို ဆွဲထားသော နို့ညှာကောင်အား လှမ်းဆွဲသည်။ နို့ညှာကောင်က အဆွဲ မခံ။ ထဘီထဲသို့ တိုးဝင်ရင်း ဆေးထိုးဘူး၊ ဆေးထိုးဘူး ဟု အော်လေသည်။

"လာ လာ ဦးဦးက မထိုးပါဘူးကွ

ဆရာဝန်၏ အသံကြားတော့ နို့ညှာကောင်က ပိုပြီးငိုလေသည်။ မစိန်မြက လက်ပေါ်မှ ကလေးကို ခါးထစ်ခွင်ချီလိုက်ပြီး ကြမ်းပေါ်တွင် ဖင်တရွတ်ဆွဲ ထိုင်ချနေသော နို့ညှာကောင်ကို ကုန်း၍ဆွဲသည်။ ဆရာဝန်ဆီသို့ တွန်း၍ပို့သည်။ ဆရာဝန်က လှမ်းဆွဲပြီး နဖူးကို စမ်းကြည့်တော့ ချောင်းတဟွတ်ဟွတ် ဆိုးနေသော နို့ညှာကောင်က ပဋိသန္ဓာရ စကားကို

ယဉ်ယဉ်ကျေးကျေးလေး ဆိုလိုက်သည်။  အေရိုးကြီး  တဲ့။

“ဟ ဒီပုဂ္ဂိုလ်လေးက တယ်ကြမ်းပါလား

သူတို့ရပ်ကွက်ထဲတွင် ဆေးခန်းလာဖွင့်ထားသည်မှာ တစ်နှစ်ခန့်ရှိပြီဖြစ်၍ ထုသားပေသား ရနေပြီဖြစ်သော ဆရာဝန်ကလေးက ခပ်ပြုံးပြုံး မှတ်ချက်ချသည်။

“ကိုယ်က တော်တော်ပူနေတာပဲ၊ ဖျားနေတာ ဘယ်နရက် ရှိပြီလဲ

“သုံးရက်လောက် ရှိပြီ

“စောစောက ဘာလို့ မလာလဲဗျာ

“လာချင်တာပေါ့ ဆရာရယ်၊ ဒါပေမဲ့ ပိုက်ဆံက ရှာရသေးတာ

မစိန်မြက ခပ်ရှင်းရှင်းပင် ပြောသည်။ ထို့ပြင် ရိုးရိုးသားသား ဝန်ခံရလျှင် ဆရာဝန်ကလေးက သနားပြီး ပိုက်ဆံလျှော့ယူလေမလား ဟူသော မျှော်လင့်ချက်လည်း ပါလေသည်။

“လည်ချောင်းထဲ နာတယ်ပြောတယ် ဆရာ

“ဟုတ်လား ၊ ကဲ သားသား ပါးစပ်ဟာစမ်း

“ဟ ဘူး

“ခဏလေးပါကွာ နော်

“ဟ ဘူး

“ဦးဦးက ဘာမှမလုပ်ပါဘူး၊ သားသား အာခေါင်မှာ အရိုးစူးနေသလားလို့ ကြည့်ပေးမလို့၊ တွေ့လား ဟောဒီမှာ လက်နှိပ်ဓာတ်မီး

နို့ညှာကောင်က ဆရာန်ဝန်ကို မယုံမရဲကြည့်ပြီး သူ့ပါးစပ်ကို မဟာချင် ဟချင်နှင့် ဟပေးသည်။

“ဟာ နည်းတဲ့ အာသီးကြီး မဟုတ်ဘူး၊ ဒါကြောင့်မို့ ဖျားတာ

ဆရာဝန်ကလေးက နို့ညှာကောင်၏ အာခေါင်ကို လက်နှိပ်ဓာတ်မီးလေးနှင့် အသေအချာ ထိုးကြည့်သည်။

“ဟော့ ချာတိတ်၊ မင်း ဘာတွေစားသလဲ၊ ဦးဦးကို ပြောစမ်း

“ထမင်း

“ပြီးတော့ရော

“ချဲပြုတ်

“အေး ဆန်ပြုတ် ပြီးတော့ရော

“ရေဒဲခြစ်

“ရေခဲခြစ် ဟုတ်လား၊ နေ့တိုင်းစားလား

နို့ညှာကောင်က ခေါင်းညိတ်သည်။

“ကျွန်မတို့လမ်းထိပ်မှာ ရေခဲခြစ်ဆိုင် ရှိတယ်ဆရာ၊ သူတို့တစ်တွေ အဲဒီမှာပဲ သွားမော့နေကြတာ

မစိန်မြက ဝင်ဖြေသည်။ သူတို့လမ်းထိပ်က ကိုလှမောင်တို့ လင်မယားက ရေခဲခြစ် ရေခဲသုပ် ရောင်းသည်။ ကလေးသားငယ် မရှိ၍ ကလေးလည်း ချစ်တတ်သည်။ အိမ်က သတ္တဝါလေးများသည် ထိုဆိုင်နားတွင် တဝဲလည်လည်နှင့် တမော့မော့ ရှိတတ်သည်။ ကိုလှမောင်တို့က ရေခဲခြစ်ကို အလကား မကျွေးနိုင်သော်လည်း ရေခဲခြစ်ပြီး ပါး၍လွှာသွားသော ရေခဲခြစ်ကလေးများကိုကား အလကား ကျွေးတတ်သည်။ နို့ညှာကောင်က ရေခဲခြစ် စုပ်ရလျှင် စုပ်၊ မစုပ်ရလျှင် ထိုရေခဲများ ငုံနေရမှ ကျေနပ်သည်။

“ကလေးတွေကို ရေခဲမစားပါစေနဲ့ အစ်မကြီးရဲ့၊ ရေခဲလုပ်တဲ့ ရေတွေက သန့်တာမဟုတ်ဘူး၊ နောက်ပြီး ရေခဲခြစ်ဆိုင်တွေမှာက ဖွဲထဲက

ရေခဲတုံးကိုထုတ်ပြီး ရေကလေး တစ်ချက် နှစ်ချက်လောက်သာ ပက်ဆေးတာ

ဆရာဝန်ကလေးက နို့ညှာကောင်၏ ရင်ဘတ်ကို နားကြပ်နှင့် ထောက်စမ်းသည်။ အသက်ပြင်းပြင်းရှူ ဟူ၍ ရှူခိုင်းတော့ နို့ညှာကောင်က အသက် ပြင်းပြင်းရှူသည်။ လမ်းတစ်လျှောက်လုံး တရှပ်ရှပ်နှင့် ရှပ်သွင်းလာကာ တယုတယ ထိန်းသိမ်းလာသော နပ်များက ရှုံးခနဲ ထွက်ကျလာသည်။ မစိန်မြက ကမန်းကတန်းလှမ်း၍ လက်ညှိုးနှင့် လက်မကို အသုံးပြုကာ ညှစ်ယူလိုက်သည်။ အကျင့်ပါနေသည့်အတိုင်း ဘေးဘက်သို့ ပက်တော့မည် ပြင်မိသည်။ ဆရာဝန်ကလေး တွန့်ခနဲ ဖြစ်သွားသည်ကို မြင်မှ သူ့လက်ကို တင်ပါးမှ ထဘီစနှင့် ပွတ်သုတ်လိုက်သည်။

"ကလေးရဲ့အာခေါင်က အာသီးက ရေခဲနဲ့တွေ့ရင် ရောင်လာတတ်တယ်။ အာသီး ခဏခဏ ရောင်ရင်လည်း နလုံးတို့ ဘာတို့ကို ထိခိုက်တတ်တယ်

ဆရာဝန်ကလေးက မစိန်မြ နားလည်ရန် အရှင်းဆုံး ပြောသည်။ ထို့နောက် ဆုတ်ကန်ကန် ရပ်နေသော အကြီးကောင်နှင့် အလတ်မကို လှမ်းခေါ်သည်။

"သူတို့က နေကောင်းပါတယ် ဆရာ

"ဟုတ်ကဲ့ ဒါပေမဲ့ တစ်လက်စတည်း သူတို့ရဲ့အာသီးကို ကြည့်လိုက်ချင်လို့ပါ

ဆရာဝန်ကလေးက အကြီးကောင်၏ ပါးစပ်ကို ဟခိုင်းသည်။ လက်နှိပ်ဓာတ်မီးနှင့် ထိုးကြည့်သည်။

"သူတို့အားလုံး ဘာလို့ခေါ်လာသလဲ၊ အိမ်မှာထားခဲ့လို့ မရဘူးလား

"မရဘူးဆရာ၊ သိပ်ဆော့တယ်။ ဟိုတစ်ခါတုန်းက ထားခဲ့တာ နောက်ဖေးက စည်ပိုင်းပြတ်ထဲမှာ ဇောက်ထိုးနစ်နေတာ၊ ကံကောင်းလွန်းလို့ မသေတာ ဆရာရေ့

"ကိုယ်ခွဲမရှိတော့လည်း ခက်တယ်ဗျာ၊ ကလေးတွေ အဖေကရော

"သူတို့အဖေကတော့ မပြောနဲ့တော့ ဆရာရေ၊ နာမည်ကလည်း ကိုရေခဲတဲ့။ ကိုရေခဲဆိုတဲ့အတိုင်း အေးလိုက်တာ စက်လို့။ အိမ်မှာ ဘာဖြစ်ဖြစ် သူက အေးအေးပဲ၊ အခုလည်း အိပ်ကျန်ခဲ့တယ်လေ

"ဩော်

မစိန်မြက ဆရာဝန်ကလေးနှင့် ချက်ချင်း ရင်းနှီးသွားသည်။ ဒီလိုဖော်ရွေစွာ ဆက်ဆံတတ်သော ဆရာဝန်ကလေးဆီသို့ ပိုက်ဆံသာရှိလျှင် နေ့တိုင်းလာပြီး ဆေးကုခံချင်သည်။

"ဒီတော့ အစ်မကြီးပဲ တဖားဖား ဖြစ်နေတာပေ့ါ ဟုတ်လား

"ဟုတ်ပ့ါရှင်

ဆရာဝန်ကလေးက အငယ်ကောင်လေး၏ အာခေါင်ကိုပါ စစ်ကြည့်သည်။

"သူတို့အားလုံး အားသီး နည်းနည်းစီတော့ ရောင်နေကြတယ်။ ဟိုနို့ညှာကောင်က အဆိုးဆုံးပေါ့။ အိမ်ရောက်ရင် ရေနွေးထဲ ဆားရည်ထည့်ပြီး ဆားရည်နဲ့ ပလုတ်ကျင်း ခိုင်းပါနော်။ ဆေးလည်း ပေးလိုက်မယ်၊ သူတို့ကိုပါ တိုက်ပေးပါ

မစိန်မြက စိတ်ထဲမှနေပြီး ဘုရားတလိုက်မိသည်။ လေးယောက်စာ ဆေးပေးမယ်ဆိုလျှင် ငွေတစ်ဆယ်နှင့် လောက်မှ လောက်ပါ့တော့မည်လားဟု တွေးမိသောကြောင့် ဖြစ်သည်။

"ငွေ အဲ ငွေကတော့ တစ်ဆယ်ပဲ ပါတယ် ဆရာ

မစိန်မြက စောစောစီးစီး ကြိုပြောသည်။ ဆေးယူပြီးမှ ငွေမပေးနိုင်လျှင် ပိုပြီးရှက်စရာ၊ အားနာစရာ ကောင်းမည်ဟု ထင်သည်။ ဆေးလုံးကလေးများကို ရေတွက်ပြီး စာအိတ်ဖြူကလေး တစ်လုံးစီ ခွဲထည့်နေသော ဆရာဝန်ကလေးက မသိမသာပြုံးသည်။

"ဆေးထိုးဘူးနော်

“အေး ထိုးပါဘူးကွ

နို့ညှာကောင်က အခုမှ ပြုံးလာသည်။

“ဒါပေမဲ့ ရေခဲခြစ်တော့ မစားရဘူးနော်၊ ရေခဲလည်း မငုံရဘူး၊ ဟုတ်လား

“ဘာဖြစ်ရို့

“အာသီး ရောင်တတ်တယ်ကွ၊ နောက်တစ်ခါ အာသီးရောင်ရင်တော့ အပ်အကြီးကြီးနဲ့ ဆေးထိုးရမယ် သိလား

“အင်း ရေခဲခြစ်ကို ငုံမိတော့ အာသီးရောင်ပြီး ဖျားတတ်တယ်တဲ့၊ ငါကတော့ ရေခဲအချစ်ကို ယုံမိတော့ ထဘီပေါင်ပြီး စားရတာပေါ့ဟယ်

ဆရာဝန်ကလေး၏ နောက်ဘက်နံရံတွင် ချိတ်ထားသော ကလေးဝဝ လုလုကလေးများ၏ ပုံကိုငေးကြည့်ရင်း မစိန်မြက စဉ်းစားမိသည်။ နံရံဘက်သို့ လှည့်ကာ ကွေးကွေးကလေး အိပ်နေရင်း တခူးခူး ဟောက်နေမည့် ကိုရေခဲ၏ အသွင်သဏ္ဍာန်ကို တွေးထင် မြင်ယောင်မိတော့ ဆရာဝန်ကလေးက ဆေးထုပ်များ ကမ်းပေးသည်ကို မမြင်မိတော့ချေ။

“ခြောက်ကျပ်ပဲ ပေးပါ အစ်မကြီး

ထိုအသံကိုလည်း မကြား၊ တင်ပါးတစ်ဖက် စောင်းကာ ကလေးကို ခါးထစ်ခွင်ကာ ရပ်ရင်း စဉ်းစား၍ ကောင်းနေသည်။

“သူတို့ ရေခဲခြစ်က ခဏပဲဖျားတာ၊ ငါ့ရေခဲချစ်ကြီးကတော့ တစ်ဘဝလုံး ဖားတာ။ ဟွန်း ပြောလိုက်ချင်ဘူး ဖားဖားကို လန်လို့ တော်ရေ

**မစန္ဒာ**

**ကလျာ၊ ၁၉၈၅။**

# ရီကွန်ဒီးရှင်း (မစန္ဒာ)

---------------------

သူတို့ဆီက သုံးပြီးသား ကားတွေကို တာယာပြန်လဲ၊ ဆေးပြန်မှုတ်၊ လိုအပ်ရင်လဲ အင်ဂျင်ပါ လဲပေး လိုက်တယ်တဲ့။ အသစ် မဟုတ်ပေမယ့် အသစ်နီးပါး ကောင်းအောင် ပြုပြင် ပေးလိုက်တယ် ဆိုပါတော့ကွာ၊ အသစ်နဲ့ ဈေးက ကွာလေတော့ အဲဒီ ရီကွန်ဒီးရှင်း (Recondition) တွေကိုပဲ ငါတို့ဆီမှာ သဘော်သားလေးတွေက ဝယ်ဖြစ်ကြတာ များတယ်။ ဒီတော့လဲ မြန်မာပြည်ကို ရီကွန်ဒီးရှင်းတွေ လိမ့်ဝင်လာတာပေါ့။ ဒီမှာ ကားဈေးကလဲ သိပ်ကောင်းတာ မဟုတ်လားဟု ဝေမာ၏ ဒက်ဒီက ပြောဖူးလေသည်။

* * *

"မိကြည်ကြည်၊ ညည်းသမီးကို ညည်း နည်းနည်းမှ ကြည့်မပြောတော့ ဘူးလား

"ဘာဖြစ်လို့လဲ ဒေါ်လေးရဲ့

ဘွားလေး၏ အသံက ခပ်မာမာ၊ မာမီ့ အသံက ခပ်ပျော့ပျော့။ အခန်း ထဲမှ ထွက်တော့မည် ပြုသော ဝေမာသည် ထိုအသံတွေကို ကြားတော့ အသာလေး နောက်ဆုတ်ပြီး ကိုယ်ရှိန် သတ်လိုက်သည်။

"အနေအထိုင်ကလဲ ရဲတင်းလိုက်တာ မပြောနဲ့တော့၊ ပျံတံတံ နန့်တန့်တန့်နဲ့

"ဪ ကလေးပဲဟာ ဒေါ်လေးကလဲ

"ဘာ ကလေးလဲ၊ ဒီအရွယ်လား ကလေး၊ အသက်ပဲ နှစ်ဆယ်ကျော် နေပြီဟာ၊ ငါတို့ ခေတ်တုန်းက ဆိုရင် ဒီအရွယ်မှာ ကလေး နှစ်ကောင်၊ သုံးကောင်လောက် မွေးပြီးပြီ

ဘွားလေးက ကွမ်းသီးစိတ် မာမာကို သံကွမ်းညှပ်နှင့် ဖိညှပ်နေသည်။ မာမီကတော့ ဘွားလေး၏ ဘယ်ဘက် လက်ခလယ်တွင် စွပ်ထားသော ဖက်ထုပ် လက်စွပ်ကြီးကို ငေးကြည့်နေသည်။ ဘွားလေးက ကွမ်းသီးညှပ်၍ မရသောကြောင့် ကွမ်းညှပ်ကြီးကို စိတ်တိုတိုနှင့် ပစ်ချလိုက်တော့ ခွပ်ခနဲ ကျသွားသော အသံနှင့်အတူ လက်စွပ်ကြီးက တဖိတ်ဖိတ် လက်သွားသည်။

"ဝတ်တာ စားတာကျတော့လဲ ငါတော့ နည်းနည်းမှ ကြည့်မရ ပါဘူးအေ၊ အင်္ကျီက ဟိုက်ဟိုက်ပြီး အောက်ဆင်းလာတယ်။ ထဘီကျတော့လဲ တိုတိုပြီး အပေါ် တက်လာတယ်၊ ကြာရင် အထက်ရော၊ အောက်ရော ပေါ်တော့မယ်

"ခေတ်ကိုး ဒေါ်လေးရဲ့၊ ခေတ် ခေတ်

မာမီက ဝေမာ့ဘက်မှ ကာကွယ်ပြီး ခေတ်ပေါ် ပုံချသည်။ ဝေမာလည်း အခန်းထဲမှ မထွက်ရဲသေးသဖြင့် မှန်တင်ခုံရှေ့ ပြန်လျှောက်လာသည်။ "အလကား အဘွားကြီး၊ အားအားနေ သူများအိမ်ကို လာလာပြီး ဆရာ လုပ်နေတာပဲ၊ ဟွန်း ပိုက်ဆံသာ မချမ်းသာဘူး ဆိုရင် မောင်းချပစ်တာ ကြာလှပြီ" ဟုဒေါသနှင့် တွေးသည်။

အခုတော့ မောင်းချ၍ မဖြစ်သည်မှာ အမှန်ပင်။ ဘွားလေးက သိန်းသုံးဆယ်လောက် ချမ်းသာလေတော့ ပိသလေးနှင့် ဘေးပစ်သလို ပြောတတ် ဆိုတတ်သော သူ့အပြောများကို စိတ်ဆိုးမည် ကြံတိုင်း ထိုငွေထုပ်ကြီးက မျက်စိရှေ့ လာလာပြီး ကာတတ် ဆီးတတ် လေသည်။ အဘွားလေး ချမ်းသာသမျှကို အမွေရလိမ့်နိုးနှင့် ဝိုင်းပြီး မျှော်လင့်နေကြသော တူတွေ၊ တူမတွေထဲတွင် မာမီလည်း ရှေ့တန်းမှ ပါလေတော့ သူကိုယ်တိုင် ချိုရုံ ပျော့ရုံမျှမက ဝေမာ့ကိုပါ "အဘွားလေးကို ကလန်ကဆန် မပြောပါနဲ့၊ မလုပ်နဲ့နော် သမီး" ဟု အခါခါ သတိပေးတတ်လေသည်။ အခုလည်းကြည့်၊ ဝေမာ၏ အနေအထိုင်၊ အဆင်အပြင်ကို အတန်ငယ် မျက်စိနောက်ဟန် တူသော ဒက်ဒီ့ကိုပင် မာမီက သည်းခံသည် မဟုတ်။ "ဖအေအရင်း ခေါက်ခေါက် လုပ်နေပြီး ကျုပ်သမီးကိုများ ပျံသလေး နန့်သလေးနဲ့ လာမပြောနဲ့နော် ကိုဘကျော်၊ မိန်းမတို့ဉစ္စာ အဆင်းတဲ့ ရှင်ရဲ့၊ ခေတ်နဲ့အညီ ဝတ်ရ၊ စားရ၊ ဆင်ရ ပြင်ရမှာပဲ၊ တော်သာ သင့်တာလေး တွေ့ရင်လဲ အရောတဝင် ပြောရ၊ ဆိုရ၊ ဆက်ဆံရမှာပဲ၊ ဘိုးတော်ဘုရား လက်ထက်တုန်းကလို အိမ်တွင်းပုန်း လုပ်နေလို့ကတော့ ဘယ်သူကမှ ရှာရှာဖွေဖွေ လာကြိုက်မှာ မဟုတ်ဘူး၊ ကုန္ဒြေကြီး တစ်ခွဲသားနဲ့

ရွှေစင်ဆယ်တင်း လုပ်နေတဲ့ တစ်အိမ်ကျော်က ကောင်မ ကြည့်ပါလား၊ ယောက်ျား အဖိုးတန်လေး ရချင်လျက်သားနဲ့ မလှုပ်တချောက် လုပ်နေတော့ ဆတ်ကော့ လတ်ကော့ နောက်ကို ပါသွားပြီး ကျန်ရစ် ဖြစ်ကရော မဟုတ်လား ဟု ဝေမာ့ကို အဆိုအပြော မခံဘဲ ကဲကဲဆတ် ကာကွယ် ပြောခဲ့သော်လည်း အဘွားလေးနဲ့ကျတော့ ခေတ်ကိုး ဒေါ်လေးရဲ့ ခေတ် ခေတ် ဟု လေပျော့လေးနဲ့ ဖြစ်သွားသည်။

"ခေတ်ကလဲ ခေတ်ပေါ့ အေရယ်၊ ဒါပေမယ့် ညည်း သမီးက ခေတ်နဲ့အညီ မကပါဘူး၊ ရှေ့ကို ဘယ်နှစ်လှမ်းများ ကျောနေသလဲ မပြောတတ်ဘူး

ဝေမာက မှန်တင်ခုံရှေ့တွင် ခပ်ဆောင့်ဆောင့်လေး ပြန်ထိုင်ချ လိုက်သည်။ အခန်းထဲက မထွက်တာဘဲ ကောင်းမည်။ သူ့ကို ရှေ့မှာထားပြီး ဆူလာ ပြောလာလျှင်တော့ နှုတ်ခမ်း စူမိမည်။ မျက်စောင်း ထိုးမိမည်။ ဒါမှမဟုတ် ခြေဆောင့်မိမည်။ ဒါဆိုလျှင် မာမီက နီးလာပြီဟု ထင်မှတ်နေသော ငွေထုပ်ကြီး ဝေးသွားနိုင်သည်။

"သင့်တော်တာလေး ဘာလေး တွေ့လဲ ပေးစားလိုက်ပါလား အေရယ်

ဝေမာသည် မှန်ထဲတွင် ထင်ဟပ်နေသော သူ၏ ရုပ်သွင်ကိုသူ ခပ်စူးစူးလေး လှမ်းကြည့်ရင်း လင်ဆိုတာ လိုချင်တိုင်း မရဘူး ဘွားလေးရဲ့ ဟု စိတ်တွင်းမှ ပြောလိုက်မိ လေသည်။ ထို့နောက် ကိုကို့ ကို နာကြည်းစိတ် တစ်ဝက်၊

လွမ်းမောစိတ် တစ်ဝက်နှင့် တမ်းတမိသည်။ ကိုကို့အတွက် ဝေမာသည် အချစ်ဦး မဟုတ်သလို၊ ဝေမာ့အတွက်လည်း ကိုကိုသည် အချစ်ဦး မဟုတ်ပေ။ ဝေမာ၏ မွေးနေ့ပွဲတွင် အမှတ်မထင် ဆုံစည်းပြီး တစ်စားပွဲတည်း ထိုင်မိကြသူများ ဖြစ်သည်။ နှုတ်ခမ်း ထူထူလေးကို စူကာ မချိုတချို ပြုံးတတ်သော ဝေမာ၏ အပြုံးကို ကိုကိုက စွဲလမ်းသွားသလို နှုတ်ခမ်းဖျားတွင် စီးကရက်ကို မထိတထိ ခဲထားပြီး ခပ်စူးစူး ခပ်စိုက်စိုက် ကြည့်တတ်သော ကိုကို၏ အကြည့်ကို ဝေမာက ရင်ခုန်နှစ်သက် ခဲ့သည်။ ကိုကို၏ မိခင်က အထူးကု ဆရာဝန်မကြီး ဖြစ်ပြီး ဖခင်က ဌာနဆိုင်ရာ အကြီးအကဲဟု သိရတော့ ပိုပြီး ကြိုက်သွားသည်။ မောင်နှမသားချင်းလည်း မရှိ၊ တစ်ဦးတည်းသော သားဟု သိရချိန်တွင် ဝေမာသည် သူ၏ အချစ်နံပတ်နှစ်ကို  မေ့လိုက်ပါတော့ မောင်ရယ်၊ မာမီ့မှာ နှလုံးရောဂါ ရှိတယ်၊ ဝေမာ ရှေ့ဆက် မတိုးရဲတော့ဘူး ဟူသော စကားကို ပြောဖြစ်ခဲ့သည်။ ထို့နောက် နံပတ်သုံး အချစ်ဆုံး ကိုကိုနှင့် တွဲဖြစ်ခဲ့လေသည်။

“ဟုတ်ပါတယ်၊ ကိုကို့ကို ဝေမာ အချစ်ဆုံးပါ

ဝေမာက သက်ပြင်းကို မသိမသာ ရှိုက်သွင်း လိုက်သည်။ ဝေမာက ကိုကို့ကို အချစ်ဆုံး ဖြစ်သော်လည်း ကိုကိုကတော့ ဝေမာ့ကို အချစ်ဆုံး မဟုတ်သည်မှာ သေချာသည်။ ဘာပဲဖြစ်ဖြစ် ချစ်လျှင် လက်ထပ်ရဲရမည်ပေါ့။

“ကိုကို သိပ်ရက်စက်တယ်

ဝေမာက ပြန်တွေးရင်း မျက်ရည် လည်လာသည်။ ပထမတော့ တက္ကသိုလ်မှ အတွဲများ ပုံစံအတိုင်း လေ့ကားအောက် ထိုင်လိုက်၊ ဦးချစ်ဆိုင် ထိုင်လိုက်နှင့် ပျော်ခဲ့သည်။ နောက်တော့ အင်းလျား ကန်စောင်းမှာ လျှောက်ပြီးတော့ ရုပ်ရှင်ရုံ အပေါ်ထပ် နောက်ဆုံးတန်းကို ရောက်၊ ထိုမှတစ်ဆင့် ရှစ်မိုင်မှ ကိုကို့သူငယ်ချင်း တစ်ဦးအိမ်သို့ ရောက်ခဲ့သည်။ ဒီလိုနှင့်ပင် ဝေမာ၏ ဘဝကလေး ဆုံးရှုံးခဲ့ရသည်။ အတူတူ နေကြပါစို့ ဝေမာရယ် ဟူသော စကားကို မျှော်လင့် စောင့်စားရင်း တစ်နေ့ပြီး တစ်နေ့၊ တစ်လပြီး တစ်လ ကြာမြင့်ခဲ့သော်လည်း ကိုကိုက ဝေမာ ကြားချင်လှသော စကားကို မပြောခဲ့ပေ။ ဝေမာ၏ မျက်ရည်ကို လည်းကောင်း၊ ဒေါသကို လည်းကောင်း ကိုကို ဥပက္ခာ ပြုနိုင်ခဲ့သည်။ ထို့နောက်တော့ ကမ္ဘာ စတည်သည်မှ စ၍ ပျက်သည်အထိ လုပ်လေ့လုပ်ထ ရှိမည့် သစ္စာမတည်သော ယောကျ်ားတို့၏ လုပ်ထုံးလုပ်နည်း အတိုင်းပင် ဝေမာ့ကို ရင်ဆိုင် အတွေ့ မခံတော့ဘဲ ရှောင်တိမ်း နေလေတော့သည်။ ယောကျ်ားက မကြိုက်တော့၍ စိုက်စိုက် မလာတော့သောအခါ မိန်းကလေးက ဘယ်နေရာကို ခြေဆန့်ပြီး ဘယ်ကို လိုက်ရှာ ရတော့မည်နည်း။ ဒီတော့လည်း ဝေမာက သစ္စာဖျက်ခံရသော မိန်းကလေးတို့၏ ထုံးစံအတိုင်း သမီး မိုက်မိပါတယ် မာမီရယ် ဟု မာမီ့ကို ဖက်ငိုခဲ့လေသည်။

"လင်ဆိုတာ လိုချင်တိုင်း ချက်ချင်း ကောက်ယူလို့ ရတာမှတ်လို့ ဘွားလေးရယ်၊ ညားတာသာ လွယ်တာ၊ လက်ထပ်ဖို့ကျတော့ မလွယ်ဘူး

ကိုကို အခါခါ နမ်းမွှေးခဲ့သော သူ့မျက်နှာလေးကိုသူ မှန်ထဲတွင် စူးစိုက်ကြည့်ရင်း ဝေမာက ခပ်မဲ့မဲ့ ပြုံးသည်။  မိုက်လိုက်တာ သမီးရယ်၊ သမီးကို ချစ်သူ မရှာရဘူးလို့ မာမီ မတားပါဘူး၊ ဒါပေမယ့် ကိုယ့်ဘဝကို ဘာလို့ အဆုံးရှုံး ခံရသလဲ  ဟု မာမီက ရင်ထုမနာ ပြောရင်း ကိုကို့ မိဘဆီသို့ မျက်နှာ အောက်ချကာ သွားခဲ့သေးသည်။ သို့သော်လည်း အဆင်ပြေခဲ့ပုံ မရဘဲ အံ့ကြိတ်ပြီး ပြန်လာခဲ့ရသည်။ နောက်တစ်နေ့ကျတော့ ကိုကိုတို့ အိမ်မှ စက္ကူအိတ် တစ်အိတ် လာပို့သည်။ ဖွင့်ကြည့်လိုက်တော့ ငွေစက္ကူများကို အထပ်လိုက် တွေ့ရသည်။

"ရုပ်ရှင်ထဲမှာ၊ ဝတ္ထုထဲမှာ ဆိုရင်တော့ ဒီငွေတွေနဲ့ သူတို့ မျက်နှာကို ပစ်ပေါက်ပြီး ကြဲပစ်လိုက်ရမှာပေ့ါ သမီးရယ်၊ ဒါပေမယ့် အခုဟာက ရုပ်ရှင် ရိုက်နေတာ မဟုတ်ဘူး၊ ငွေနှစ်သောင်း ဆိုတာ သမီးရဲ့ ဘဝနဲ့ မလဲလောက်ပေမယ့် သိပ်တော့ မနည်းပါဘူး၊ သမီးရဲ့ ကျန်းမာရေး အတွက်လဲ ငွေက လိုသေးတယ်လေ

မာမီက ဝေမာ့လက်ကို တင်းတင်းဆုပ်ကာ အားပေးခဲ့သည်။ ဝေမာ့ ရှေ့တွင် မားမား ရပ်ခဲ့သည်။

"ငါ့သမီးကို ငါ အပျို ပြန်လုပ်မယ်၊ သင်းထက်သာတာ ရှာပေးစား ပြမယ်

ကိုကို၏ လက်ထပ်ပြီးစီးကြောင်း သတင်းကို ဖတ်ရတော့ မာမီက အံ့

တကြိတ်ကြိတ်နှင့် ဖြစ်နေသည်။ ဝေမာကတော့ နာကြည်းစိတ်၊ ဝမ်းနည်းကြေကွဲစိတ်၊ မခံချင်စိတ်တို့ ရောမွှေကာ မျက်ရည် ကျရသည်။

"သူ့မှာရော ရည်းစားသနာလေး ဘာလေး မရှိဘူးလား

ဘွားလေး၏ အသံကို ကြားရ ပြန်သည်။

"အင်း ဒီ အဘွားကြီးတော့ ဒီနေ့ ပြန်မှ ပြန်ပါတော့မလား မသိပါဘူး ဟု ဝေမာက တွေးရင်း မာမီ ဘာပြန်ဖြေမည်နည်း နားစွင့်နေမိသည်။

"ခင်ကြ၊ မင်ကြတာလေးတွေတော့ ရှိတာပေ့ါ ဒေါ်လေးရယ်၊ ဒါပေမယ့် သိတဲ့ အတိုင်းပဲ၊ သမီးက ကလေးစိတ်ရယ်

မာမီ့အသံ ကြားတော့ ဝေမာ ရယ်ချင်သွားသည်။ ဝေမာ့ကို မာမီက ဘာမျှ မသိ နားမလည်သော အပြစ်ကင်းစင်သော အပျိုစင်၊ အပျိုရိုင်းကလေး အဖြစ် အမြဲပင် အမှတ်တင်လေ့ ရှိလေသည်။

"ကလေး ကလေးနဲ့၊ တော်ကြာ မအုံးကြည် သမီးလို ဗိုက်ကြီး လာဦးမယ်နော်

ဘွားလေး၏ အသံက ဝေမာ့ ရင်ခေါင်းကို ဒိုင်းခနဲ ဝင်ဆောင့် လိုက်သလို အောင့်သွားသည်။

“အို ဒေါ်လေးကလဲ မဦးမချွတ်

“ကာလကြီးက ကောင်းတာ မဟုတ်ဘူးအေ့၊ အတတ်သင်စေ၊ ပေးဝေနီးရင်း၊ ထိမ်းမြားခြင်း တဲ့၊ မိဘဝတ္တရားထဲမှာ ပါတယ်နော်၊ ဘွဲ့လဲ ရတော့မယ် မဟုတ်လား၊ သင့်တာ တော်တာလေး တွေ့ရင် စပ်ဟပ်ထားပေ့ါ

“ဒေါ်လေးရယ်၊ ဒီခေတ်က တစ်မျိုး၊ လူကြီးပြောတိုင်း ခေါင်းညိတ် ကြတော့တာ မဟုတ်ဘူး၊ သူတို့ဟာ သူတို့ တွေ့ကြ၊ ကြိုက်ကြမှ ပြောလို့ ဆိုလို့ ရတာ

ဝေမာက သူ့ကိုယ်သူ မှန်ထဲတွင် စူးစူးစိုက်စိုက် ပြန်ပြီး ကြည့်မိသည်။ မျက်နှာလေးက ပြည့်ပြည့်၊ မျက်ခုံးကလေး သေးသေးမျှင်မျှင်၊ မျက်လုံးက ဝိုင်းဝိုင်း၊ မျက်တောင်လေးများက ရှည်ပြီး ကော့နေသည်။ နှာတံလုံးလုံး၊ နှုတ်ခမ်းက ထူထူ၊ ရယ်လိုက်လျှင် ညာဘက်ပါးမှ ပါးချိုင့်လေးက မသိမသာ ချိုင့်ဝင်သွားတတ် သေးသည်။ ခါးကျဉ်ကျဉ်ကလေးကို နွဲ့ပြီး ရင်ကလေးချီကာ လမ်းလျှောက်တတ်သော သူ့ဟန်ကို ပုရိသ ယောကျ်ားတို့ လည်ပြန် ကြည့်ကြကြောင်းလည်း သူသိသည်။

“ကဲ ငါ့ကို ဘယ်သူက ဘဝပျက်ခဲ့တယ်လို့ ပြောမှာလဲ

ဝေမာက သူ့ကိုယ်သူ ယုံကြည်အားကိုးစွာနှင့် ခပ်ရဲရဲ ကြည့်သည်။

“ငါ့ကို ဘယ်ယောကျ်ားက မကြိုက်ဘဲ နေမှာလဲ

ချစ်ပါရစေ၊ ကြိုက်ပါရစေနှင့် သူ့ပတ်လည်တွင် ဝိုင်းနေကြသော သူများကို ဝေမာက စိတ်တွင်းမှ ရေတွက်နေမိသည်။ ဝေမာက ခုတော့ ပါးသွားပြီမို့ နံပတ် လေး၊ ငါး၊ ခြောက်၊ ခုနစ် တွေကို တစ်ပြိုင်တည်း ဖြန့်ပစ်လိုက်သည်။ အပြုံးတွေကို အကုန်လုံးအား ဝေပေးလိုက်သည်။ မေဆွိ သီချင်းထဲကလို “ရည်းစားတစ်ဝမ်းကွဲ ဘဝနဲ့ ချစ်တာပဲ ကောင်းပါတယ်  ဟု ဆိုညည်းကာ ရွေးချယ်ရန် ကြိုးစားနေဆဲ ဖြစ်သည်။

“ငါ ကောင်လေး တစ်ကောင်တော့ တွေ့ထားတယ်

ဘွားလေးက ခပ်တိုးတိုးလေး ပြောသော်လည်း ဝေမာ နားထဲတွင် အကျယ်ကြီး ကြားလိုက်ရသည်။

“ဩော် ဒါကြောင့်မို့လို့ ဒီအဘွားကြီးက ဒီလောက် သိုင်းဝိုင်းပြီး ချည်နေတာကိုး

ဝေမာက ခပ်မဲ့မဲ့လေး ပြုံးလိုက်သည်။

“ဘယ်သူများလဲ ဒေါ်လေးရဲ့

“မမြခင် သားလေးလေ၊ ဟို သင်္ဘောလိုက်တဲ့ ကောင်ကလေး

“သြော် သြော် မောင်မျိုးလွင်လေးလား

“အေး အေး

ဝေမာက နာခေါင်းလေး မသိမသာ ရှုံ့လိုက်သည်။ အလကား ဘဝင်မြင့်နေတဲ့ ငကြောင်နဲ့မှ ဘွားလေးက တွေ့လာတော့တယ် ဟု စိတ်တွင်းမှ ရေရွတ်မိသည်။ ထိုသူကို ဝေမာသိသည်။ ကိုကိုနှင့်လည်း သိကျွမ်းပုံရသည်။ သင်္ဘောလိုက်သည်သာ ဆိုသည် အများတကာ သင်္ဘောသားတွေလို ကြော့ကြော့မော့မော့ မနေတတ်ဘဲ ခပ်ကုပ်ကုပ် ခပ်ကိုင်းကိုင်း ဖြစ်သည်။ ကိုကိုကတော့ ခပ်ကြောင်ကြောင် လူပါကွာ ဟု ပြောဖူးလေသည်။

“သင်္ဘောက ဘယ်နှစ်ခေါက် လိုက်ပြီးပြီလဲဟင် ဒေါ်လေး

“ဘယ်နှစ်ခေါက်လဲတော့ မသိပါဘူးအေ၊ ကားကတော့ နှစ်စီး ပို့ပြီးပြီ မဟုတ်လား၊ အမေတစ်ခု သားတစ်ခုနော် အေရဲ့

“အင်း တလောကပဲ ဘောက်ထော်ဘက်မှာ မြေလေးတစ်ကွက် ဝယ်တယ် ဆိုလား ကြားလိုက်သေးတယ်။ အခု ကောင်လေးက စာမေးပွဲ

ပြန်ဖြေနေတာနော်

“မာမီတို့ကတော့ သဘော်သား ဆိုတာနဲ့ ကြိုက်နေပြီလား မသိဘူး၊ ဒီကြားထဲ ဘွားလေး စပ်တာဆိုတော့ ပိုကြိုက်သွားမယ် ထင်ပါရဲ့ဟယ်

ဝေမာက မှန်တင်ခုံရှေ့မှ ထသည်။ ထဘီကို အတန်ငယ် ရှည်အောင် ပြုပြင်ဝတ်ရင်း

“အင်း ဘွားလေးက သူဝတ်ထားတဲ့ လက်စွပ်ကြီးကို လက်ဖွဲ့မယ် ဆိုရင်တော့ အခု ယူလိုက်ရရင် ကောင်းမလား မသိဘူး  ဟု စဉ်းစားရင်း ပြုံးသည်။ ဘာမျှမသိသော ပုံစံနှင့် အခန်းထဲမှ ထွက်သွားမည်။ မာမီ၏ ဘေးတွင် အရိုးခံ မျက်နှာထားလေးနှင့် ဝင်ထိုင်မည်။ ဘွားလေးက ပြောလာလျှင်  ဟင် ဘွားလေးကလဲ၊ သမီး ငယ်ငယ်လေး ရှိသေးတာ၊ ယောကျ်ား မယူချင်သေးပါဘူး  ဟု ရှက်စိတ်တွေ တဝေဝေနှင့် ခေါင်းခါမည်။

“သဘော်သားသာ ဆိုတယ်၊ ကောင်လေးက အရက်တောင် သောက်တတ်တာ မဟုတ်ဘူး၊ အားရင် ပုတီးစိပ် နေတတ်တာတဲ့။ ကာလလူငယ်သာ ဆိုတယ် ပရိတ်ကြီးတွေ၊ ဓမ္မစကြာတွေလဲ ရတယ်တဲ့

“ဩော် ဩော် တော်တယ်နော်

မာမီက အလိုက်သင့် ပြောသည်။ ဓမ္မစကြာ ရတာ မရတာထက် နောက်ထပ်

ကားတစ်စီး ဘယ်တော့ ထပ်ရမည်က မာမီ့အတွက် ပိုပြီး အရေးကြီးကြောင်း ဘွားလေးကတော့ သိမည်မထင်။

"ဟာ ဟာ၊ သူများတွေက ဘွိုင်းရျော့တို့၊ မက်ဒေါ်နားတို့ လုပ်နေကြတယ်၊ သူက ခမ္မစကြာတဲ့၊ ဒါကြောင့်မို့ ကိုကိုက ကြောင်တယ် ပြောတာ

ဝေမာက တစ်ဦးတည်း ပြုံးမိပြန်သည်။

မှန်ရှေ့မှ လှည့်ထွက် သွားတော့မည် ပြင်ပြီးမှ နှုတ်ခမ်းနီက တော်တော်လေး ရဲနေကြောင်း သတိပြုမိပြီး ပြန်ထိုင်ချသည်။ နှုတ်ခမ်းကို တို့ပတ်ပဝါနှင့် ပွတ်ပြီး ဖျက်သည်။ အရောင် တော်တော်လေး ဖျော့သွားမှ ပန်းရောင်နုနု ကလေးကို မသိမသာ ထပ်ဆိုး လိုက်သည်။

"အဲဒီလို သဘော်သားမျိုး ရလဲ သိပ်တော့ မဆိုးပါဘူး၊ ဘုရားနဲ့ တရားနဲ့ ပုတီးစိတ်နေတာ ဆိုတော့ အေအိုင်ဒီအက်စ် ဖြစ်လာမှာကို မစိုးရိမ် ရဘူးပေါ့

မျက်ခွံပေါ်တွင် တင်ထားသော အပြာရောင် ကာခြယ်များကိုပါ တစ်လက်စတည်း ပွတ်ပြီး ဖျက်လိုက်သည်။ ဘွားလေးက လွန်ကဲသော အဆင်အပြင်များကို မကြိုက်တတ်ပေ။

"မမြခင်ကလဲ အန်တီရယ် သင့်တင့်တာလေး ထဲက ရှာပေးပါတဲ့၊ သူ့သားအတွက် သူ အာမခံပါတယ်တဲ့၊ ရည်းစားသနာလဲ မရှိပါဘူးတဲ့
"အင်း ကောင်လေးကတော့ ရိုးပုံရိုပန်းလေးပါပဲ

မာမီက မယုတ်မလွန် ပြောသည်။ သူ့ပုံစံ ကုပ်ကိုင်းကိုင်းကို ဝေမာ မပြောနှင့်၊ မာမီပင် သိပ်ပြီး ကြိုက်ချင်ပုံ မရ၍ ဝေမာ ပြုံးမိပြန်သည်။

"အောင်မယ်၊ ဒါပေမယ့် ကောင်လေးက တစ်ခုတော့ ပြောတယ်တဲ့

ဘွားလေးက ကွမ်းသီးစိတ် သေးသေးလေးများကို ပါးစပ်ထဲ ပစ်ထည့်ရင်း တဟင်းဟင်း ရယ်သည်။

"အမေ ကျွန်တော့်အတွက် မိန်းမ ရှာတာတော့ ရှာပေါ့ဗျာတဲ့၊ ဒါပေမယ့် ခုကာလ ကောင်မလေးတွေ အကြောင်း ကျွန်တော် သိတယ်နော်တဲ့
"အမယ် သူက

မာမီကလည်း ပြုံးသည်။ ဝေမာကလည်း ပြုံးမိသည်။ ခေါင်းကိုမော့၍ အခန်းတွင်းမှ ထွက်ရန် ဟန်ပြင်သည်။

"ကားကိုသာ အသစ်စက်စက် မတတ်နိုင်လို့ ရီကွန်ဒီးရှင်း ဝယ်ရတာ၊ မိန်းမဆိုရင် ရီကွန်ဒီးရှင်း မလိုချင်ဘူးတဲ့၊ အမေတို့ ရီကွန်ဒီးရှင်းတော့ ရှာမလာပါနဲ့တဲ့ ဟင်း ဟင်း ဟင်း

"ဩော် ကောင်လေးကလည်း ကြံကြံဖန်ဖန်

မာမီက ဟန်မပျက် လိုက်၍ ရယ်သည်။ ဝေမာကတော့ လှမ်းတော့မည် ပြုသော ခြေထောက်ကို အရှိန်သတ်ကာ နောက်ပြန်ဆုတ်သည်။ အခန်းတွင်းသို့ ပြန်ဝင်သည်။ ခုတင်ပေါ်တွင် လေးကန်စွာ ထိုင်ချလိုက်ရင်း အဘွားလေး မပြန်မချင်း အခန်းထဲမှ မထွက်ဘဲ နေရန် ဆုံးဖြတ်လိုက်သည်။

---------

**မစန္ဒာ**

**ကလျာ၊ ဇန်နဝါရီ၊ ၁၉၈၈။**

# မြန်မာပြည်မှာ ရောင်းကြသည် (မစန္ဒာ)

-----------------------------------------

ရပ်ကွက်နံပါတ် (၁)

"အေးခင်"

"ရှင် မမ"

"နေ့ခင်းကျရင် သံဈေး သွားဦး"

"ဟုတ်ကဲ့ မမ"

"ကြောင်အိမ်ပေါ်က ဘီစကစ်မုန့်ပုံး အသစ်နှစ်ခု ယူသွား၊ ဖောက်လက်စ ဘူးနဲ့ မှားယူသွားဦးမယ်နော်၊ သတိထားဦး"

"သိပါတယ် မမ၊ ဟိုတစ်နေ့က အသားဖြူဖြူ ဝဝ လူကြီး လာကန်တော့တဲ့ ဘူးတွေ မဟုတ်လား"

"အေး နောက်ပြီး ပန်းသီးယိုဘူးရော၊ ဖျော်ရည်ပုလင်းကြီးရော၊ တစ်လက်စတည်း ယူသွားလိုက်တော့၊ စပျစ်သီးခြောက်ကတော့ ဆန်နီဘွိုင်းလေး ကြိုက်တယ် ထားခဲ့"

"ဟုတ်ကဲ့ မမ"

"အသေအချာ ဈေးမေးပြီး အများဆုံး ရတဲ့ဆီမှာ ရောင်းနော်၊ ဒူးယားတွေ တုန်းကလို တစ်ဆိုင်တည်း မေးပြီး ရတဲ့ဈေးနဲ့ ထိုးမရောင်းခဲ့နဲ့ဦး"

"ဟုတ်ကဲ့ မမ"

"ဩော် သံရုံးတွေက နှစ်သစ်ကူးလက်ဆောင် ပို့ထားတဲ့ ရက်လေဘယ်လ်တွေ ရှိသေးတယ်။ ဈေးမေးခဲ့ဦးသိလား၊ ကြိုက်ဈေးဘမရရင် မထုတ်ဘူးလို့ပြော"

"ဟုတ်ကဲ့ မမ"

* * *

ရပ်ကွက်နံပါတ် (၂၊ ၃)

"ကိုကို"

"ဗျို"

"ဒီမှာ အိမ်စရိတ် နည်းနေပြီ"

"အခုမှ လဆန်းဆယ်ရက် ရှိသေးတာ"

"ကိုကို့ လခကို တစ်လရဲ့ သုံးပုံတစ်ပုံ သုံးရတာ ကံကောင်းတာပေါ့၊ မသိတာလည်း မဟုတ်ဘဲနဲ့ ရှင်းပြမနေချင်ဘူးကွယ်"

"အေးပါကွာ၊ ဓာတ်ဆီတွေ ထုတ်လိုက်ပါတော့မယ်၊ အရင်ကတော့

သမီးကျူရှင်ခ ပေးရခါနီးမှ ထုတ်မလားလို့ စိတ်ကူးနေတာ"

"ကျူရှင်ခအတွက်က သပ်သပ်ရှာပါကွယ်"

"အေးပါကွာအေးပါ၊ ငှူး တော် ပါသေးရဲ့၊ ခါတ်ဆီစျေးက ကောင်းနေလို့"

* * *

ရပ်ကွက်နံပါတ် (၄၊ ၅၊ ၆)

"အမေ့မှာလည်း တစ်နေ့ တစ်နေ့ ဒီသတင်းစာလေးပဲ အရိပ်ကြည့် နေတာပဲ"

"ကြည့်ရတယ်ဟဲ့၊ ယူလို့များ ရရင် သတင်းစာအစုံ ယူချင်တာ၊ ဖတ်လည်း ဖတ်၊ မြတ်လည်းမြတ်"

"သမီး မနှစ်က သုံးတဲ့ လေ့ကျင့်ခန်း စာအုပ်တွေလည်း ရှိသေးတယ် အမေ၊ ဒီတစ်ခါ အမေ သတင်းစာ ရောင်းရင် ထည့်ရောင်းလိုက်တော့"

"နမြော်တယ်ဆို"

"နမြော မနေတော့ပါဘူး အမေရဲ့၊ စက္ကူစျေး ဒီလောက် ကောင်းနေမှ ရောင်းသာ ပစ်လိုက်ပါတော့ နောက်ပြီးတော့"

"အင်း"

"နောက်ပြီးတော့ ကြက်သားဟင်းလေး တစ်ခါလောက် ချက်ကျွေးပါ အမေရာ"

* * *

ရပ်ကွက်နံပါတ် (၇၊ ၈၊ ၉၊ ၁၀)

"ဟဲ့. စက္ကူစုတ်ဆိုပြီး လွှင့်မပစ်နဲ့ဦး၊ အစုတ်လည်း အစုတ်ဈေးနဲ့ ရောင်းလို့ ရတာပဲ"

"အစ်မကတော့ စံပါပဲဗျာ၊ အမှိုက်မှန်သမျှ လိုက်ကောက်နေတာပဲ"

"အေး အဲဒီ အမှိုက်တွေ ရောင်းလို့ရတဲ့ ငွေနဲ့ နင်တို့ကို အဲဒီ ငါးနပ်ခြောက်ကြော် ကျွေးနိုင်တာကိုရော သိရဲ့လား"

"ဟော ဒီမှာ ကြည့်စမ်း၊ ငါတို့အစ်မရဲ့ ရတနာပုံကြီး၊ စက္ကူစုတ်တွေရော ကော်ရုပ်အစုတ်ရော၊ ဒီဖိနပ်စုတ်က ဟိုတစ်နေ့က ရန်လုံကြီး ပါးစပ်က အတင်း လိုက်လုထားတာ မဟုတ်လား"

"အဲဒါတွေက အကုန် ရောင်းလို့ ရတယ်ဟဲ့၊ နင်တို့ ဘာသိလဲ"

"ဒီမှာ ကြည့်စမ်း၊ ဓာတ်ခဲအဟောင်းတွေ၊ မီးလုံးအကျွမ်းတွေ "

"အေးလေ ရောင်းလို့ ရတာပဲ"

"လက်သည်းနီပုလင်း အဟောင်းတွေရော၊ လိုင်နာပုလင်းတွေရော"

"ဘာဖြစ်လဲ၊ ငါ့ဟာငါ ရောင်းတာ"

"ဟင် ပက်ဆိုးဒင့် ဘူးခွံတွေရော ရောင်းလို့ ရတာပဲ"

"အေး ရောင်းလို့ ရတာပဲ၊ ငါတို့တော့ ဘာမှမချန်ဘူး၊ အကုန်ရောင်းတယ်"

"တစ်ခုတော့ မရောင်းနိုင်ပါဘူးဗျာ၊ ကျန်ပါသေးတယ်"

"ဘာလဲ"

"နို့ဆီခွက်၊ အဟက် အဟက်"

"ရောင်းနိုင်မလားဟဲ့၊ ကော်ဖီမှ မသောက်နိုင်တာ၊ နို့ဆီမှ မသုံးနိုင်တာ၊ တကတည်းမှ သိရက်သားနဲ့"

* * *

ရပ်ကွက်နံပါတ် (၁၁၊ ၁၂၊ ၁၃၊ ၁၄)

"ဒီမှာ မိန်းမရဲ့ ခင်ဗျားနဲ့ ကျုပ်က ပေါင်းလာတာ ဆယ်နှစ် ကျော်ပြီနော်"

"အင်း"

"ကျုပ် ဘာကြိုက်တယ် ဆိုတာကို ခင်ဗျား ဘယ်တော့မှ မတွေးဘူး"

"တွေးပဲ့တော်၊ သိပ်တွေးတာပေါ့၊ တော်ကြီး အကောင်း ကြိုက်တတ်တာ၊ ဖိမ်ခံတတ်တာကိုလည်း သိလိုက်သမှ သိပ်သိ"

"ဒီလိုဆို ရုံးကနေ တစ်ခါတလေမှ ရှားရှားပါးပါးရတဲ့ ဒူးယားကလေး၊

သကြားကလေးတွေကို ဘာလို့ ပြန်ရောင်းပစ်ရသလဲ"

"တော်ကြီးနော်၊ သိလျက်သားနဲ့"

"တစ်သက် တစ်ခါလောက်များ ကျူပ်ကို ကော်ဖီလေး ဖျော်တိုက်ဖူးတယ် ရှိအောင် တိုက်ပါလား"

"ဩော် သကြားရတော့ ဘယ်မလဲ နို့ဆီ၊ ဘယ်မလဲ ကော်ဖီမှုန့်"

"ဒီလိုဆို ဒူးယားကလေး ရှိုက်ပါရစေလား"

"အဆုတ်ကင်ဆာ ဖြစ်တတ်တယ်တဲ့"

"ငါ့ကျန်းမာရေးကို မင်း ဒီလောက် မစိုးရိမ်ပါဘူးကွာ၊ ငါသိပါတယ်"

"အင်း သိရင်လည်း ပြီးရော၊ ပြောမနေနဲ့တော့"

"ငါ့အပေါ် မှာ စေတနာနည်းလို့ မဟုတ်ဘူး ဆိုတာကိုလည်း ငါသိပါတယ် မိန်းမရယ်"

"သိလျက်သားနဲ့များ ကိုဘကျော်ရယ်"

* * *

ရပ်ကွက်နံပါတ် (၁၆၊ ၁၇၊ ၁၈၊ ၁၉၊ ၂၀)

"ရေးကြီးသုတ်ပျာနဲ့ ဘယ်လိုလဲ ဒေါ်ခင်တင့်ရဲ့"

"သြော် ခွဲတမ်းက ဆပ်ပြာနှစ်ပိုင်း ရလာလို့ ဆိုင်သွားသွင်းမလို့"

"တစ်ခါတစ်လေ ရတာကိုတော် အိမ်မှာ မလိုဘူးလား"

"လိုတော့ လိုတာပေ့ါ၊ ဒါပေမဲ့ ဆပ်ပြာက မတိုက်လို့ ဖြစ်သေးတယ်။ ညနေအတွက် ဆန်က မဝယ်လို့ မဖြစ်ဘူး"

"အင်း"

* * *

ရပ်ကွက်နံပါတ် (၂၁၊ ၂၂၊ ၂၃၊ ၂၄၊ ၂၅)

"ထဘီအဆင်ကလေး ကတော့ လှသားပဲ"

"အသားလေးလည်း ချောပါတယ်၊ ခုနကပဲ ဈေးထဲမှာ ဝင်မေးခဲ့တယ်၊ တစ်ကွင်းကို တစ်ရာတဲ့"

"ဆိုဈေး မဟုတ်လား၊ လျှော့ချင် လျှော့ဦးမှာပေ့ါ"

"တစ်ခွန်းဆိုင်မှာ မေးခဲ့တာပါ ညီမရယ်၊ အစ်မက ရုံးကနေ လပေးယူခဲ့တော့ တစ်ရာ့နှစ်ဆယ်တောင် ပေးရတာ အဲဒါ တစ်လ လေးဆယ်နဲ့ သုံးလ ခွဲဆပ်ရမှာ "

"အခု မဆပ်ရသေးဘူးလား"

"ကြံကြံဖန်ဖန် အခု လကုန်မှ စပြီးဖြတ်မှာ၊ အစ်မမှာက လက်ငင်း ငွေလိုလွန်းလို့ ပြန်ရောင်းတာပါ"

"ရှစ်ဆယ် ထားလေ"

"မလုပ်ပါနဲ့ဟယ်၊ ကိုးဆယ်တော့ ပေးပါ၊ ညီမ ဈေးထဲ သွားဝယ်ကြည့်၊ ဒီဈေး မရပါဘူး"

"အစ်မကို အားနာလွန်းလို့နော်၊ ကျွန်မက သိပ်ကြိုက်တာ မဟုတ်ဘူး"

"ကျေးဇူးတင်ပါတယ်ဟယ်၊ ငါ့ညီမ ဘုန်းကြီးလို့ သက်ရှည်ပါစေ၊ ကြံတိုင်းအောင်လို့ ဆောင်တိုင်း မြောက်ပါစေ၊ တစ်နေ့ထက် တစ်နေ့ တိုးသည်ထက် တိုးပြီး ချမ်းသာပါစေ၊ စိန်ရွှေငွေ ဒီရေအလား တိုးပွားပါစေ၊ သာဓု သာဓု"

-

**မစန္ဒာ**

**ပေဖူးလွှာ၊ မတ်လ၊ ၁၉၈၈။**

## မစပ်သော ဧရှတ် (မစန္တာ) အပိုင်း ၁

-----------------------------------

"ဖြစ်ချင်တာလဲ မဖြစ်ရပါ။ မဖြစ်ချင်တာတွေလဲ ဖြစ်ရတာ။ သုံးဆယ့်တစ်ဘုံ ဝဋ်အတွင်းမှာလ၊ ကရွတ် ကင်းလျှောက်တဲ့ တေးပုံပမာ၊ အဲဒါ ... အဲဒါ ... အဲဒါ ဘဝသံသရာ"

အထမ်းသမား ကိုကြာရိုးက ငါးစည်အပေါ်တွင် တင်ပျဉ်ခွေ ထိုင်ရင်း ဟစ်ဆိုလိုက်သည်။

"ဩော် ... ဘဝသံသရာတဲ့၊ ရှည်လျား၊ ထွေပြား၊ မနေမနား၊ တသွားတည်း သွားကြတာ၊ ခရီးပန်းတိုင် မရောက်မချင်း၊ တစ်ယောက်ဆင်း တစ်ယောက်တက် ဆက်လက် ထွက်ခွာလာ၊ ဩော် ... လောဘရယ် ... ဒေါ ... ဟော ... ဟော ... ထွီ ... ဒီခြင် ... ငါမျိုချလိုက် ပြန်ရော့မယ်"

ပါးစပ်ပေါက်ထဲ တည့်တည့် တန်းဝင်လာသော ခြင်ကြောင့် ကိုကြာရိုး စည်းစိမ်ပျက် သွားသည်။ ငါးညှီရေများနှင့် စိုနေသော သမံတလင်း ကြမ်းပေါ်သို့ ထွီကနဲ ထွေးချလိုက်သည်။ သူ့တံတွေးက ခုံဖိနပ်ကြီး တဂေါက်ဂေါက်နှင့် လျှောက်လာသော မအေးမြင့်ကို မထိတထိ သွားစဉ်လေသည်။ မအေးမြင့်က မျက်စောင်းနှင့် ကြည့်ရင်း "မအေပေးနော်"

ဟု ပြောသွားသော်လည်း ကိုကြာရိုးက ပန်းပွင့်နှင့် ပေါက်သလောက်ပင် ထင်ပုံရသည်။ တဟဲဟဲ ရယ်ရင်း မအေးမြင့်၏ နိမ့်တုံမြင့်တုံ တင်ပါးစုံ နှစ်ဘက်ကို မျက်စိတဆုံး လိုက်ကြည့် နေလေသည်။

"ဒီကြာရိုး ကြောင့်တော့ ခက်တယ်၊ မိန်းမများ မြင်ရင် နွားပြာကြီး အောက်သွား မရှိတော့တဲ့ အတိုင်း တဟဲဟဲနဲ့"

မနွဲ့ရည်က မသိမသာ လှမ်းကြည့်ရင်း တွေးမိသည်။

"ငါ့ အလုပ်သမားတွေကလဲ အကုန်လုံးက ဇကလေးတွေနဲ့၊ သောင်းမြင့်ကျတော့ အားအားရှိ ဖဲဝိုင်းပဲ သွားချင်နေတာ၊ ကိုယ့် မောင်ဝမ်းကွဲတွေ ကျတော့ အားကိုးရမလား အောက်မေ့ပါတယ်၊ သူတို့ကိုယ် သူတို့ သဌေးသားတွေ ထင်နေကြတယ်၊ အလုပ် လုပ်လိုက်ရင် စိတ်မဝင်စား သလိုလို ဝင်စား သလိုလို၊ မလှုပ်တုတ်ချောက်နဲ့ ငါးနံ့ညှီရင်ပဲ နှာခေါင်းက ရှုံ့ချင်သေး၊ ဒီငါးတွေက သူတို့ကို ထမင်းကျွေးနေတာ ဆိုတာ မေ့များ နေကြသလား မသိပါဘူး"

မနွဲ့ရည်က ခုံဖိနပ်ကို ချွတ်ကာ ဒိုင်ပေါ် တက်ထိုင်သည်။ လွယ်လာခဲ့သော သားရေအိတ်ကို ဘေးတွင် ချပြီး ပေါင်နှင့် မသိမသာ ဖိထားလိုက်သည်။ ဒီအိတ်ထဲမှာ ငွေက ထာဝစဉ်ပင် သောင်းနှင့်ချီကာ ပါနေလေတော့ လက်လွတ်စပယ် မထားရဲပေ။

"ငါးနဲ့ ညှီတာများတော့ ရိုးနေပါပြီ၊ ညှီတယ်လို့တောင် မထင်ပါဘူး၊ ငါက ဟိုသစ်သီးတန်းဘက်က ဒူးရင်းသီးနဲ့ ရရင်သာ စိတ်ညစ်တာ၊ ပြောရင်းဆိုရင်း အနံ့က သင်းလာပြီ၊ ကြည့် ... အဲဒီ အနံ့ကြီးကသာ ခံရခက်တာ"

မန္တဲ့ရည်သည် ချွတ်ထားသော ခုံဖိနပ်ကို ပြန်၍ ကုန်းကောက်ပြီး ခြေရင်းဘက်တွင် ချထားလိုက်သည်။ တော်ကြာ ပျောက်သွားဦးမည်။ ဖြတ်သွား ဖြတ်လာတွေက မနည်း၊ တော်ကြာ ဘယ်သေနာ့ ခြေထောက်တွင် ပါသွားသည် မသိဘဲ ပျောက်ရဦးမည်၊ ခံရပေါင်းလည်း များလှပြီ။

"အစ်မန္တဲ့ရည် ဒီနေ့ စောသားပဲ"

"ခနပြုံ ငါးစောင့် ရဦးမယ်လေ"

"ဘာငါးတွေ လာမှာလဲ။ ကန်ငါးလား"

"မဟုတ်ဘူး၊ ပိုက်သမားတွေ လာမှာ၊ သောင်းပြောင်းပဲပေါ့၊ ဒါကြောင့် စောစော လာခဲ့တာ၊ စာရင်းတွေလဲ ပြန်တွက်ရဦးမယ်၊ မနေ့တုန်းက ကျော်ကျော်ကို စာရင်းမှတ်ခိုင်း လိုက်ပါတယ်၊ ငါးအချိန်ကိုပဲ ရေးထားတယ်။ ငါးကြီးလား၊ ငါးသေးလား၊ အမျိုးအစားလဲ ရေးမထားဘူးလေ။ အဲဒါ စဉ်းစားပြီး ပြန်ရေးရဦးမယ်"

ရေခဲပွဲစား မလှတင့်က မန္တဲ့ရည်အား မင်းကွတ်သီး သုံးလုံး လှမ်းပေးသည်။

မနွဲ့ရည်က တစ်လုံး လှမ်းယူကာ လက်နှစ်ဖက်နှင့် ညှစ်၍ ခွဲလိုက်သည်။ အတွင်းသားများက ဖွေးကနဲ ပေါ်လာလေသည်။

"ဒါဆို ဒီည အစ်မ အိပ်ရပဲ့မလား"

"မအိပ်ရတော့ဘူး ထင်တာပဲ၊ အဲဒီစာရင်းတွေ ပြီးရင် ဥက္ကကို ကြွေးတောင်းစာ ရေးရဦးမယ်၊ နေဦး။ အခု ရှစ်နာရီခွဲ ဆိုတော့ ဆယ့်တစ်နာရီ လောက်မှာ စာရင်း ပြီးရင်တော့ ခဏ မှေးနိုင်မယ် ထင်ပါရဲ့"

မီးလုံးရောင်က မှိန်မှိန်သာ လင်းနေသည်။ သို့သော် စာရေး၊ စာဖတ်၊ စာရင်းတွက်၍ကား ရသည်။ မျက်စိအား စိုက်ရလေတော့ ကာလရှည်ကြာ လာလျှင် မျက်စိတော့ နည်းနည်းပျက်ချင် ပျက်ပေမည်။ သို့သော် မနွဲ့ရည် ခုအထိတော့ မျက်မှန် မတပ်ရသေး။ ဒီကီလီဈေး၊ ဒီငါးစိမ်းတန်းတွင် မနွဲ့ရည် ကျင်လည်ခဲ့သည်မှာ ငါးနှစ်ခန့်ပင် ရှိပေပြီ။ ငါးနှစ် ဟူသည်မှာ ပြန်တွေး လိုက်တော့လည်း ဘာမှ မကြာသလိုလို၊ အကြာကြီးလိုလိုနှင့် စိတ်ထဲတွင် ဝေဝေဝါးဝါး ဖြစ်နေသည်။ ဒီငါးနှစ်မတိုင်ခင် ငါးနှစ်ကတော့ ငံပြာရည် ရောင်းရင်း၊ ငါးပိ ရောင်းရင်း အချိန်ကုန်ခဲ့သည်။ ဆယ်နှစ်ဟူသော အချိန်ကို ပြန်တွေး လိုက်တော့လည်း ကြာသလိုလို မကြာသလိုလိုပင်။ မနွဲ့ရည် ဟူသော မိန်းကလေး၊ လူ့ဘဝ လူ့လောကထဲသို့ ရောက်လာသည်မှာ ဘာလိုလိုနှင့် သုံးဆယ့်ငါးနှစ်ပင် ရှိခဲ့ပေပြီ။ အတွေ့အကြုံပေါင်းလည်း စုံလှပြီ။

"တွေ့-ကြုံ-ဆုံ-ကွဲ၊ တစ်ခရီးတည်း ဝမ်းနည်းဝမ်းသာ အကြောင်းကံပါ၊

ဖြစ်ချင်တာလဲ မဖြစ်ရပါ၊ မဖြစ်ချင်တာတွေလဲ ဖြစ်ရတာ"

ကိုကြာရိုးက သီချင်းဆက်ဆို ပြန်သည်။ ငါးရူတွေ လှောင်ထားသော သစ်သား စည်ပိုင်းကို စည်းချက်နှင့် ခေါက်နေသည်။ သူ့ဘေးက ရေစည် ပေါ်တွင်ကား ပုစွန်ဒိုင်မှ အထမ်းသမား တစ်ဦးက ခွေခွေခေါက်ခေါက် အိပ်နေသည်။ သူ့မျက်နှာတွင် ခြင်တွေ အုံခဲ နေသော်လည်း သိပုံမရ။ နှစ်နှစ်ခြိုက်ခြိုက်ပင် အိပ်ပျော်နေသည်။ ဒါကတော့ မဆန်း။ မန္တလေးရည်တို့လို ငါးသမားတွေက ညတွင် အလုပ်လုပ်ကြရ သူများမို့ အိပ်ချိန် အတော်နည်းသည်။ ထို့ကြောင့် ရသမျှ အချိန်ကလေးများတွင် ဖြစ်သလို အိပ်တတ် ကြလေသည်။ ငါးသလောက် သေတ္တာဘေးတွင် အိပ်စင်ခင်းပြီး အိပ်နေသော ကိုစိုးဆိုလျှင် ပို၍ပင် ဆိုးသေးသည်။ ရာသီဥတု အုံ့အုံ့အိုက်အိုက်ကြီးမို့ အင်္ကျီမဝတ်ဘဲ ကျောအပြောင်သားနှင့် မှောက်လျက်ကြီး အိပ်နေသည်။ သူ့ကျောတပြင်လုံး ခြင်တွေ ခဲနေလိုက်သည်မှာ မဲသဲ၍ နေသော်လည်း သူကတော့ တုတ်တုတ်မျှ မလှုပ်။

"ခြင်တွေ ကိုက်လိုက်တာဟယ်၊ ငါတော့ ခြင်ထောင် ထောင်တော့မယ်"

"ကျွန်မလဲ ကွေ့းတောင်း ထွက်လိုက်ဦးမယ်၊ ဦးပိုက်ကြီးတို့ ဒိုင်က ရေခဲဖိုး မရှင်းတာ ကြာနေပြီ"

"ခုနတုန်းကတော့ ဦးပိုက်ကြီးကို တွေ့လိုက်သားပဲ၊ သွားတောင်းချည်"

"နေ့ရွှေ့ညရွှေ့ လုပ်အုံးမှာပဲ အစ်မရဲ့"

"ရအောင်တောင်းအေ၊ သူကဖြင့် ဆီဒင်ကား ဝယ်စီးနေပြီး ကိုယ်ပေးစရာ ရှိတဲ့

ငွေကျရင် အင်မတန် လက်ပေါက်ကပ်တယ်၊ မရရင် ဆဲပစ်"

"မဆဲရဲဘူး အစ်မရဲ့၊ သူက ကိုယ့်ထက်တောင် မိုးမွှန်အောင် ပြန်ဆဲမှာ၊ သူ့အကြောင်းလဲ သိသားနဲ့"

မလှတင့်က ခုံဖိနပ်သံ တဂေါက်ဂေါက်နှင့် ပြန်ထွက်သွားသည်။ လမ်းလျှောက်ရင်းမှ သူ့ညာလက်မောင်းမှ ခြင်ကို ဘယ်လက်နှင့် ရမ်း၍ ရိုက်လိုက်သည်။ လက်ဖဝါးတွင် ရဲကနဲ ပေသွားသော သွေးကို ထဘီနှင့် ပွတ်သုတ် လိုက်လေသည်။ ခုနတုန်းက ခဏငြိမ်သွားသော ရေခဲခွဲစက်က တဂျီးဂျီး တဂျိမ်းဂျိမ်းနှင့် ပြန်၍ ဆူညံလာပြန်သည်။ ရေခဲတုံးကြီးများကို ကြမ်းပေါ် တဂျီးဂျီးနှင့် တွန်း၍ ရွေ့သွားသံကိုလည်း ကြားနေရသည်။ မနွဲ့ရည်သည် လှည့်မကြည့်ဘဲ ကျောခိုင်းထား သော်လည်း လေးထောင့် ရေခဲတုံးကြီးကို ကြမ်းပေါ်တွင် လျှောတိုက်၍ တွန်းသွားသူများ၊ ခွဲပြီး ရေခဲ အကြေများကို တောင်းနှင့် ပြန်ထမ်းသွားသူများ၊ ခွဲပြီး ရေခဲ အကြေများကို တောင်းနှင့် ပြန်ထမ်းလာသူများ အားလုံးကို စိတ်နှင့် သိပြီး၊ စိတ်နှင့် မြင်နေသည်။ သည်ဝန်းကျင်တွင် သူကျင်လည်ခဲ့ရ သည်မှာလည်း ကြာလှပေပြီ။

"လောဘရယ် ... ဒေါသရယ် ... မောဟရယ် ... အဝိဇ္ဇာပစ္စယာ ... သင်္ခါရတဲ့၊ ပျော်လိုက်၊ ရွှင်လိုက်၊ ငိုကာ၊ ရယ်ကာ ဘယ်ခါ မတည်မြဲ၊ ဖောက်လွဲဖောက်ပြန်၊ အကြောင်းခံ ကမ္ဘသကာ"

"တော်စမ်းပါဟျာ၊ ဒီနားက သေးစော်နံလွန်းလို့ နှာခေါင်း မချမ်းသာရတဲ့ အထဲက

ခင်ဗျား အသံကွဲကြီးက နားပါ မချမ်းသာရအောင် နိုပ်စက်နေတယ်"

သက်ထွေးက ရေစည်ထဲမှ ရေတစ်ပုံး ခပ်ကာ သမံတလင်း အခင်းပေါ် ဝေါကနဲ လောင်းချသည်။ ပုံးထဲမှ ရေအကျန်နှင့် ကိုကြောရိုးအား မထိတထိ လှမ်းပက်လိုက်လေသည်။ မနွဲ့ရည်က နေရာမှထကာ ခြေရင်းဘက်တွင် ဆင့်တင်ထားသော ထင်းရှူး သေတ္တာထဲမှ ခြင်ထောင်ကို ထုတ်သည်။ ခြင်ထောင်တွင် ကြိုးတွေက အဆင်သင့် တပ်ထားသည်။ လေးဘက် လေးတန်တော့ တင်းတင်းရင်းရင်း မချိတ်နိုင်၊ ဟိုရာဖူး လှမ်းချိတ်၊ ဒီရာဖူး လှမ်းချိတ်နှင့် သုံးဘက်လောက် ကိုတော့ လျော့တိလျော့ရဲနှင့် ဖြစ်သွားသည်။

"သူများ ချစ်သလို ချစ်ပါနော့တဲ့၊ အဟားဟား၊ မောင်ဆား မင်း ရေးထားတာလား"

ကျော်ကျော်က ရေစည်ပေါ်တွင် ထုံးနှင့် ရေးထားသော စာကိုဖတ်ကာ ရယ်နေသည်။

"ဟော့ကောင် ... မောင်ဆား၊ မင်း ဆင်းကွ၊ ဟောဒီမှာ ရေးထားတာ တွေ့လား၊ မိတ်ဆွေ၊ ရေစည်ပေါ် ဆားမတင်နှင့်တဲ့ကွ"

ရယ်သံများကို ကြားရသည်။ မနွဲ့ရည်သည် ဗေဒင်ဆရာ ခုံကလေးကို

ခြင်ထောင်ထဲ အလျင်သွင်းသည်။ ထို့နောက် စာရင်းစာအုပ်နှင့် သားရေအိတ်ကို ကိုင်ကာ ခြင်ထောင်ထဲ ဝင်သည်။ လေးဘက် လေးတန် ဆွဲပြီး တင်းတင်းရင်းရင်းသာ ထောင်ရလျှင် လူသုံးလေးယောက်လောက် အေးအေးသက်သာ ထိုင်နိုင်မည် ဖြစ်သော်လည်း ယခုတော့ လျော့လျော့လျဲလျဲမို့ တစ်ယောက်ပင် အနိုင်နိုင်။ လျော့ကျနေသော ခြင်ထောင်ပိတ် အမိုးက ခေါင်းပေါ်တွင် တစ်မိုက်လောက်ပင် မလွတ်၊ ခေါင်းကို လာ၍ လာ၍ ထိနေသည်။

"ဖြစ်ချင်တယ် မဖြစ်ချင်ဘူး ဆိုတာတွေထက် ဖြစ်လာသမျှကို ရဲရဲဝံ့ဝံ့ ရင်ဆိုင်ဖို့သာ အရေးကြီးတာပါ၊ ကိုယ် နေချင်သလို မဖြစ်တဲ့ လောကကြီးမှာ ဖြစ်လာတာကိုသာ ရင်ဆိုင်ရတော့မှာပဲ၊ ဘဝဆိုတာ ကိုယ် တည်ဆောက်သလို၊ ကိုယ်မျှော်မှန်းသလို ဖြစ်တတ်တာမျိုးမှ မဟုတ်တာ"

ခုံပေါ်တွင် စာရင်းစာအုပ်ကို တင်သည်။ အိတ်ထဲမှ ဂဏန်းတွက်စက် ကလေးကိုပါ ထုတ်ထားလိုက်သည်။

"အစ်မ"

ခြင်ထောင်ဘေးသို့ ကျော်စိုး ကပ်လာသည်။ မျက်နှာက ခပ်ညိုးညိုး။

"အစ်မ ... ကျွန်တော့်ကို နောက်ထပ် တစ်ရာလောက် ကြိုပေးပါအုံး"

"နင် ယူတာ များပြီနော်"

ကျော်စိုးက သေးသေးနွဲ့နွဲ့နှင့် ရုပ်လည်းချောသည်။ အမူအရာသာ လုပ်တတ်လျှင် မင်းသား ဖြစ်လောက်သော ရုပ်ရည်မျိုး ဖြစ်သည်။ လူလည်း တစ်ချိန်က မင်းသားရူး အတော်လေး ရူးခဲ့ဖူးသည်ဟု ဆိုသည်။ သို့သော် မိဘက ငွေကြေး တတ်နိုင်သူများ မဟုတ်သည်က တကြောင်း၊ အဆက်အသွယ် မရှိသည်က တကြောင်း၊ အကြောင်းကံ မပါသည်က တကြောင်း အကြောင်းကြောင်း တို့ကြောင့် သူ့ခမျာ ရုပ်ရှင်ထဲတွင် "အစ်ကိုက ဖိတ်စာပေးခိုင်း လိုက်ပါတယ်" ဟု မင်းသမီးကို သွား၍ ပြောရသော မင်းသား၏ ကားမောင်းသူပင် မလုပ်ဖူးသေးပေ။ မနွဲ့ရည်၏ ဒိုင်တွင်သာ တစ်ညနှစ်ဆယ် ပုတ်ပြတ်နှင့် အလုပ်သမား ဖြစ်လာရလေသည်။

"မှတ်ထားပါ အစ်မ ... ခုဟာက ကလေးတွေ ကျောင်းဖွင့်လို့ အကြီးနှစ်ကောင်က ကျောင်းကြီး အပ်ရတော့မယ်၊ အငယ်မကိုလဲ မူကြို ပို့ရမယ်တဲ့"

"အေး ... ငါကတော့ သဘောကောင်းပြီး တောင်းတိုင်း ထုတ်ပေးနေတာ၊ တော်ကြာ ငွေများလာတော့ ဒီမှာ လာမဆင်းတော့ဘဲ တခြားဒိုင်တွေမှာလဲ သွားလုပ်မနေနဲ့ဦး"

"စိတ်ချပါ အစ်မရာ"

"အေး ... အေး၊ မနက်ကျတော့ ပေးလိုက်မယ်၊ နင်ကလဲ ကလေးက

ဘယ်နှစ်ယောက် ရှိနေပြီလဲ"

"လေးယောက် ..."

"ဗိုက်ထဲမှာ တယောက် မဟုတ်လား၊ တလောက နင့်မိန်းမ တွေ့လိုက်ပါတယ်"

ကျော်စိုးက ရှက်ကိုးရှက်ကန်းနှင့် ရယ်သည်။

"နင်တို့ကလဲ၊ ကျွေးနိုင်မှ မွေးပေါ့၊ အကာအကွယ်လေး ဘာလေး လုပ်ဦးမှပေါ့ဟဲ့၊ ခုမှ အသက်က အစိတ်ရှိသေး၊ ကလေးက လေးယောက်၊ နင့်မိန်းမကလဲ သားပေါက် ကောင်းလိုက်တာ၊ တစ်နှစ် တစ်ယောက်လောက် မွေးနေတာ၊ ဒီပုံအတိုင်း ဆက်မွေး နေရင် နယ်သစ်ရှာပြီး ရွာတည်လို့ ရမယ်"

"ဘုရားပေးတာ၊ မတားကောင်းဘူးတဲ့ အစ်မရ"

ကျော်စိုးက ခပ်တိုးတိုး ပြောသွားသည်။ ငယ်ငယ်ရွယ်ရွယ်နှင့် ပခုံးကလေး ကိုင်းညွတ်အောင် တာဝန်တွေ ပိနေသော ကျော်စိုးကို လှမ်းကြည့်ရင်း မန္တဲ့ရည် သက်ပြင်းချမိသည်။ အမေ့ကို သတိရသည်၊ အမေကလည်း "သားသမီး ဆိုတာ ဘုရားပေးတာ၊ မတားကောင်းဘူး" ဟု ပြောတတ်လေသည်။

စာရင်းစာအုပ်ကို ဖွင့်သည်။

ဒေါ်ကြည် ငါးမြစ်ချင်း (သေး) ၁၅- ပိဿာ

ဒေါ်လုံးမ ငါးခေါင်းပွ        ၈- ပိဿာ

ဆွာမိ ငါးကြင်းပေါက်    ၁၀- ပိဿာ

စာရင်းတွေကို ဖတ်သည်။ သို့သော် ကိန်းဂဏန်းများက မျက်စိထဲတွင် ဝေဝါးပြီး ပြာသွားလေသည်။ အမေ့ကို သတိရသည်။ အဖေ့ကို သတိရသည်။ ငယ်ငယ်တုန်းက ဘဝကို သတိရသည်။

"အဖေ"

"ဟေ"

"ပုံပြောပြပါ အဖေရ"

"အေး"

"ပြောလေ"

"ဟိုး ရှေးရှေးတုန်း ကတဲ့၊ ဘုရင်တစ်ပါးဟာ ငါးချဉ်စားပြီး ခုတင်ကြားမှာ ပေါင်ကားပြီး သေရောတဲ့"

"ဟင် … အဖေကလဲ"

အဖေ့ကို ပုံပြောခိုင်းလျှင် ထိုသို့သာ ပြောတတ်သည်။ နွဲ့ရည် မကျေနပ်၊

မျက်နှာလေး ရှုံ့သွားသည်။

"ဒီလိုဆိုရင် အပျိုတော်တစ်ယောက် နန်းတော်အောက်မှာ သေးပေါက်ရင်း ချေးခြောက် တက်နင်းမိသတဲ့"

"ဟုတ်ဘူး၊ ဟုတ်ဘူး၊ မင်းတားလေးနဲ့ မင်းတမီးလေး အကြောင်း ပြောပြ"

ညီမလေး ဝတ်ရည်က အဖေ၏ လက်မောင်းကို ဖွဖွလေး ဆိတ်ကာ ခြေဆောင့်သည်။ အဖေက တဟားဟား ရယ်လေသည်။ အဖေသည် အမေ့လို မင်းသားလေးတွေ၊ မင်းသမီးလေးတွေ အကြောင်း ပြောမပြတတ်။ မြွေမင်းသားနှင့် ငှက်ကြီးဝန် အကြောင်း ဆိုလျှင်တော့ ကြားဖူးမည်ပင် မထင်။ နွဲ့ရည်က အမေ့ကို မသိမသာ လှည့်ကြည့်သည်။ အမေ မောင်လေးကို ရင်ခွင်ထဲထည့်ပြီး အဖေ့အကျီကို ကြေးမီးပူကြီးနှင့် တိုက်နေသည်။ ကြေးမီးပူကြီးက လှုပ်လိုက်တိုင်း ရွေ့လိုက်တိုင်း ဂျလောက် ဂျလက်နှင့် မြည်သွားတတ်သည်။ ပတ္တာ နေရာမှ ချောင်ပြီး မြည်နေခြင်း ဖြစ်သည်။

"မောင်လေး လာ ... လာ၊ မမဆီ လာ"

နွဲ့ရည်က နေရာမှ ထသွားကာ အမေ့ ရင်ခွင်ထဲမှ မောင်လေးကို လှမ်းခေါ် လိုက်သည်။ အမေသည် ပုံပြောကောင်းသူ ဖြစ်သည်။ သို့သော် အမေ့တွင် အားလပ်ချိန် မရှိတတ်။ အမေ့လက်ချောင်း ပိန်ပိန်လေးများသည်

မိုးလင်းမှမိုးချုပ် ဖယ်ဆက်သလို လှုပ်ရှား နေရတတ်သည်။ ငရုတ်သီး ထောင်းလိုက်၊ ဟင်းချက်လိုက်၊ ထမင်းရည် ငှဲ့လိုက်၊ အဝတ် လျှော်လိုက်၊ တံမြက်စည်း လှည်းလိုက်၊ စပါးလုံး ရွေးလိုက်၊ ဆန် ပြာလိုက်၊ တခါတရံ အချိန်လေးလုပြီး အပေါင်ဆိုင် ပြေးရတတ်သေးသည်။ ဒီကြားထဲ ကလေးက တစ်နှစ်ခြားကို တစ်ယောက်လောက် မှန်မှန်မွေး နေသေးသည်။ နွဲ့ရည် ခြောက်နှစ်သမီးတွင် မောင်နှစ်ယောက်၊ ညီမ တစ်ယောက်ကို ရနေပြီ ဖြစ်သည်။

ငါ့မိန်းမက တယ်ပြီး သားပေါက် ကောင်းတာကိုး၊ ဝက်သာဆိုရင် ဘယ်လောက် အဖိုးတန်မလဲ မသိဘူးဟု အဖေက ပြောတတ်လေသည်။ အမေက အေးသည်။ သာမန် မိန်းမများလို မပြော ...။ "အခု လူဆိုတော့ အဖိုးမတန်ဘူးလို့ ပြောတာပေါ့လေ၊ ဟင်း ... ရှင့်စကားက ဘာစကားလဲ" ဟု နုတ်သီးကောင်း လျှာပါးပြောကာ မျက်စောင်း မထိုးတတ်၊ "ဝက်ဖြစ်ရင်လဲ ခပ်ကောင်းကောင်းပဲ၊ လူ့ဘဝလို ဆန်ကုန်မှာ ဆီကုန်မှာ ပူနေစရာ မလိုဘူး" ဟု ပြောကာ ပြုံးလေသည်။ တခါတရံလည်း ဘုရားပေးတာ၊ မတားကောင်းဘူးရှင့်၊ သားသမီးဆိုတာ ရတနာချည်းပဲဟု ပြောတတ်သည်။

နွဲ့ရည်၏ အဖေကတော့ တကယ့်ကို လူအေးတစ်ယောက် ဖြစ်သည်။ ယောက်ျားထဲမှ သာမန် ယောက်ျားတို့ကဲ့သို့ အပျော်အပါး လိုက်ခြင်း လုံးဝမရှိပေ။ အရက်မသောက်၊ ဖဲမရိုက်၊ မိန်းမလည်း မလိုက်။ အချိန်အား ရလျှင် စာအုပ်ဖတ်သည်။ သူ ကျောင်းဆရာ လုပ်၍ ရလာသမျှသော လခငွေကလေးကို အမေ့လက်ထဲ တစ်ပြားမကျန် အပ်သည်။ သူ့ဝင်ငွေနှင့်

လက်ရှိ ပါးစပ်ပေါက် ခြောက်ပေါက် မစားလောက်သော အခါ၊ ဒီလိုဆိုလဲ ဆန်ပြုတ် သောက်ကြတာ ပေါ့ကွာဟု ခပ်အေးအေးပင် အဖြေပေးတတ်သူ ဖြစ်လေသည်။

နွဲ့ရည်သည် မောင်လေးကို ချီကာ အဖေ့ဘေးတွင် ပြန်၍ထိုင်သည်။ "မောင်လေးနော် ... ငြိမ်ငြိမ်နေ၊ အဖေက ပုံပြောပြမယ်တဲ့သိလား" ဟု ပြောကာ စကားခေါ်သည်။ အဖေက နွဲ့ရည်တို့ မောင်နှမအား လှမ်း၍ကြည့်ကာ ပြုံးလေသည်။

"မင်းသားလေးတွေ၊ မင်းသမီးလေးတွေ အကြောင်းတော့ အဖေ မသိဘူး၊ သမီးတို့ နားထောင်ချင်ရင် ဗိုလ်ချုပ်အောင်ဆန်း အကြောင်း ပြောပြမယ်လေ"

အဖေက ညီမလေးကို ပေါင်ပေါ်တင်ကာ ဗိုလ်ချုပ်အောင်ဆန်း အကြောင်း ပြောပြသည်။ နွဲ့ရည်တို့၏ မြန်မာပြည်ကြီးကို အင်္ဂလိပ်တို့က မလိမ့်တပတ်နှင့် သိမ်းပိုက်ပြီး ကျွန်လုပ်ခဲ့သည့် အကြောင်း၊ ဗိုလ်ချုပ်အောင်ဆန်းက ဂျပန်ပြည်သို့ သွားကာ ဂျပန်တို့၏ အကူအညီနှင့် အင်္ဂလိပ်တို့ကို တော်လှန်ခဲ့သည့် အကြောင်း၊ ထို့နောက် မင်းသား ခေါင်းဆောင်း၍ လာခဲ့သော ဖက်ဆစ်များကို တစ်တိုင်းလုံး၊ တစ်ပြည်လုံး၊ တမျိုးသားလုံး ပြန်ပြီး တိုက်ခိုက်ခဲ့သည့် အကြောင်း၊ ထို့နောက် ပြန်ရောက်လာသော အင်္ဂလိပ်တို့ လက်အောက်မှ အလွတ်ရုန်းပြီး လွတ်လပ်ရေးကို အရယူခဲ့ရသည့် အကြောင်း၊ ထို့နောက် ဇူလိုင်လ ၁၉ရက် နေ့ အကြောင်း၊ ဗိုလ်ချုပ်နှင့်တကွ နိုင်ငံရေး

ခေါင်းဆောင်ကြီးများ လုပ်ကြံခံခဲ့ရသည့် အကြောင်း။

"အဲဒီတုန်းက သမီး ရှိလားဟင်"

"ဘယ်ရှိမှလဲ၊ သမီးတို့ အမေနဲ့ အဖေက ရခါစပဲ ရှိသေးတာ၊ သမီးက အဲဒီတုန်းက အမေ့ဗိုက်ထဲ ဝင်ဖို့ ကြိုးစားတုန်း နေမှာပေါ့"

အဖေက နွဲ့ရည်ကို ကြည့်ကာ လူကြီးတစ်ဦးလို ရှင်းပြသည်။

"အဖေတို့က အဲဒီတုန်းက မင်းလှမှာ၊ ရေဒီယိုကလဲ တစ်မြို့ လုံးမှ နှစ်လုံးရှိတာ၊ ရေဒီယိုက ကြေငြာ သွားတယ်လို့ ကြားခါစက မယုံဘူး၊ ရေဒီယိုရှိတဲ့ ဦးထွန်းလှအိမ်ကို ပြေးသွားကြတယ်။ ဦးထွန်းလှက ငိုသံကြီးနဲ့ ဗိုလ်ချုပ်အောင်ဆန်း သေပြီဗျ၊ တခြား ခေါင်းဆောင်ကြီးတွေလဲ ပါတယ်၊ အစည်းအဝေး လုပ်နေတုန်း ဝင်သတ် သွားသတဲ့လို့ ပြောတယ်၊ ကြားရသမျှ လူတွေဆို ဟာကနဲ ဟင်ကနဲပဲ၊ သခင်သာဆန်းရဲ့ အမေဆိုရင် အသက် ခုနစ်ဆယ်လောက် အဘွားကြီးပေါ့၊ သူက "သားရယ် ... မောင်အောင်ဆန်းရဲ့" ဆိုပြီး အော်ငိုလိုက်တာ တကယ့် တကယ်တော့ ဒီအဘွားကြီးက ဗိုလ်ချုပ်ကို အနီးကပ်တောင် တစ်ခါမှ မြင်ဖူးတာ မဟုတ်ဘူး၊ သတင်းကြားနဲ့သာ သားအရင်းလို ချစ်ပြီး အားကိုးနေတာ"

နွဲ့ရည်သည် အဖေ့ကို ငေးကြည့်ရင်း ဓာတ်ပုံထဲတွင် မြင်ဖူးသော

ဗိုလ်ချုပ်အောင်ဆန်း၏ ပုံကို တွေးကြည့် နေမိသည်။ နှုတ်ခမ်းကို တင်းတင်းစေ့ထားသည်။ ကော်လန် အကြီးကြီး ပါသော အင်္ကျီကို ဝတ်ထားသည်။ နွဲ့ရည်၏ အသက်က ခြောက်နှစ် ပြည့်ရုံသာ ရှိသေးသောကြောင့် အဖေပြောသမျှ စကားတွေ အကုန်လုံးကိုတော့ နားမလည်၊ သို့သော် သူ လူ့ပြည် မရောက်ခင်ကတည်းက သေဆုံးသွားနှင့်သော ထို ဗိုလ်ချုပ်အောင်ဆန်း ဆိုသည့် ပုဂ္ဂိုလ်ကြီးကိုကား လေးစားဖွယ်၊ ကြည်ညို ချစ်ခင်ဖွယ်သော လူတဦးအဖြစ် နားလည် သဘောပေါက် လာသည်။

"အဖေတို့ လူမျိုးတွေဟာ ကလေးဆိုးနဲ့ တူတယ်၊ လွတ်လပ်ရေးရဲ့ တန်ဖိုးကို နားမလည်ဘူး၊ လူပေါင်းများစွာ၊ အသက်ပေါင်းများစွာ စတေးပြီး ရလာတဲ့ လွတ်လပ်ရေးကို ချက်ချင်းတွဲပြီး ထိန်းသိမ်းဖို့ မကြိုးစားဘဲ တစ်ယောက်တစ်ပေါက်နဲ့ ထပြီး ရန်ဖြစ် နေကြတယ်၊ ဒီတိုင်းပြည်ဟာ အဖေတို့ပြည်၊ ဒီမြေတွေဟာ အဖေတို့မြေ၊ ဒီတိုင်းပြည်ကြီး တိုးတက်အောင်၊ ဒီမြေတွေကို သူများလက်ထဲ တစ်လက်မမှ မပါအောင် ကာကွယ်ဖို့၊ စောင့်ရှောက်ဖို့က အဖေ့မှာရော၊ အမေ့မှာရော၊ သမီးတို့မှာရော တာဝန်ရှိတယ်၊ နိုင်ငံသားတိုင်းမှာ တာဝန်ရှိတယ်"

"တာဝန် ... တာဝန် ... တာဝန် ..."

နွဲ့ရည်က အဖေ့စကားကို စိတ်ထဲမှ အခါခါ ရေရွတ်ကြည့်မိသည်။ ကောင်းစွာ နားမလည်၊ ခေါင်းထဲတွင် ရှုပ်ထွေးကုန်သည်။

"ကဲပါ … တော်စမ်းပါ၊ ရှင်က အဲဒါတွေ ပြောနေလို့ ကလေးတွေက ဘယ်လိုလုပ် နားလည်မလဲ၊ ဒီမြေတွေဟာ အဖေတို့မြေ ဆိုလို့ သူများခြံထဲ ဝင်ဆော့ကုန်ပါဦးမယ်"

"ဟ … ဒီလိုတော့လဲ ဘယ်ဟုတ်မလဲ"

"အင်းလေ … ဒါကြောင့် ကလေးတွေ ဦးနှောက်နဲ့ တန်ရုံပဲ ပြောပါလို့ ပြောတာ"

အဖေက သူ့စကားကို ရပ်လိုက်သည်။ ခေါင်းကုတ်နေသော နွဲ့ရည်ကို လှမ်းကြည့်ကာ မသိမသာ သက်ပြင်းရှိုက်ရင်း ပြုံးသည်။

"ငါ့သမီးကြီး ကတော့ အဖေပြောတာ နားလည်မှာပါ၊ ဟင် … နားလည်ရဲ့လား သမီး"

အဖေ လှမ်းမေးတော့ နွဲ့ရည် ခေါင်းညိတ်သည်၊ နားလည်၍တော့ မဟုတ်။

"အခု သမီး ငယ်သေးတယ်၊ သမီးကြီးလာမှ အဖေ အများကြီး ပြောပြဦးမယ်၊ သူများနိုင်ငံက ခေါင်းဆောင်ကြီးတွေ အကြောင်းရော၊ ဖေဖေတို့ ဗမာ့သမိုင်းမှာ ပါတဲ့ လူစွမ်းကောင်းတွေ အကြောင်းရော"

"တမီးကတော့ မင်းတားနဲ့ မင်းတမီးလေး ပုံပဲ ကြိုက်တယ်"

ညီမလေးက အမေ့လက်မောင်း ဆိတ်ပြန်သည်။ နွဲ့ရည်သည် မောင်လေးကို ခါးထစ်ခွင် ချီသွားပြီး အခန်းထောင့်က ကြမ်းပေါက်တွင် ခြေထိုးပြီး သေးတည်သည်။ တော်ကြာ သူ့အပေါ်တွင် ပေါက်ချနေဦးမည်ကို စိုးရိမ်သောကြောင့် ဖြစ်လေသည်။ အသက် ခြောက်နှစ်သာ ရှိသေးသော်လည်း အတွေ့အကြုံက သင်ထားသောကြောင့် မောင်တွေ၊ ညီမတွေ၏ အထာကို နွဲ့ရည်က အတော်အတန် သိနေပေပြီ။ ဒီမောင်တွေ၊ ဒီညီမတွေကို ခါးထစ်ခွင်ချီပြီး ထိန်းရလွန်း၍ ခါးပင် စောင်းနေပြီ။

"နွဲ့ရည်ရေ ... သမီး ... ထမင်းအိုး တည်ချေပါဦးကွယ်"

အမေက ခိုင်းတော့ မောင်လေးကို ချီလျက်ပင် မီးဖိုးထဲ ဝင်ခဲ့သည်။ ဆန်အိုးထဲမှ ဆန်ကို ခတ်တော့ နို့ဆီဗူးက အိုးဖင်ကို ဂျလစ် ဂျလစ်နှင့် သွား၍ ခြစ်နေသည်။ ဆန်ကုန်တော့မည် ဖြစ်သည်။

"အမေရေ ... ဆန်ကုန်တော့မယ်"

နွဲ့ရည်က လှမ်းအော်သည်။

"တစ်ရက်စာ လောက်တော့ ကျန်ပါသေးတယ်ကွယ်၊ သမီးကလဲ ဘာလို့

ခုနစ်အိမ်ကြား ရှစ်အိမ်ကြား အော်နေရတာလဲ"

အမေက ကြေးမီးပူကြီးကို သံညှပ်ပေါ် တင်ကာ နေရာမှ ထသည်။ နွဲ့ရည်ဆီသို့ ခပ်ဖြည်းဖြည်း လျှောက်လာသည်။ မောင်လေးက ဝူးဝူးဝါးဝါး အော်ကာ အမေ့ဆီ လှမ်းနေလေသည်။ အမေက မောင်လေးကို ဆွဲချီရင်း ဆန်အိုးထဲ ငုံ့ကြည့်သည်။ လကုန်ဖို့ ခြောက်ရက်တောင် လိုသေးတယ်ဟု ခပ်တိုးတိုး ပြောလေသည်။ ထို့နောက် အခန်းထဲ ဝင်သွားကာ အိပ်ရာခြေရင်းမှ သံသေတ္တာကို ကျိုကနဲ ဖွင့်သည်။

"ငါ့ ဘန်ကောက် လုံချည်လေး တွေတော့ တရားအားထုတ်ဖို့ သွားရဦးတော့မယ်လား ဟေ့"

အဖေက ခပ်ပြုံးပြုံး လှမ်းမေးလေသည်။ည

"ကဲ … သမီးရေ တရားအားထုတ် ချည်ပါအုံး"

ထိုသို့ပြောလျှင် နွဲ့ရည် နားလည်သည်။ အပေါင်ဆိုင်သို့ သွားခိုင်းခြင်း ဖြစ်လေသည်။ အပေါင်ဆိုင်တွင် ထိုင်သောသူက ရွှေသွားတွေ အဝင်းသားနှင့် တောင်ကဲကြီး ဖြစ်သည်။ ထို့ကြောင့် "တရားအားထုတ်" ဟူသော စကား၏ မူရင်းအဓိပ္ပါယ်မှာ "တရုတ်အားထား" ဟု ဆိုလိုရင်း ဖြစ်ကြောင်း နွဲ့ရည်တို့

တစ်အိမ်သားလုံး နားလည်ကြလေသည်။

"အရေးကြီးတာက ဆန်ပဲ၊ ဆန်အိုးထဲမှာ ဆန်ရှိနေရင် အနည်းဆုံး ဆန်ပြုတ်တော့ သောက်ရမှာပဲ"

အမေက ပြောတတ်သည်။ ဟင်းမရှိလျှင် အမေ မပူတတ်သော်လည်း ဆန်အိုးထဲတွင် ဆန်ကုန်ခါနီးလျှင်မူ မရှိ ရှိတာကို ပေါင်နှံပြီး ဖြည့်တတ်သည်။ အမေ အပေါင်ဆိုင်သွားပြီး ပြန်လာလျှင် ဆန်ထုပ်လေး ရွက်လာတတ်သည်။ နွဲ့ရည် အတန်ငယ် ကြီးလာပြီး ကိုယ့်နာမည်ကိုယ် ရေးတတ်လာတော့ အမေ့ကိုယ်စား အပေါင်ဆိုင် သွားရသည်။ အမေ့ကိုယ်စား ဆန်ဝယ်ရသည်။

"ဒီကျောင်းဆရာ အိမ်ကလဲ မွဲလိုက်တာ၊ လကုန်ခါနီးရင် ပေါင်ရနှံရပြီ လို့တော့ ပြောကြမှာပဲနော်"

တခါတရံတော့ အမေက ရှက်ဟန်တူသည်။ မရွှင်မလန်းနှင့် ညည်းညူတတ်သည်။

"ကိုယ့်ပစ္စည်း ကိုယ်ပေါင်ရတာ ရှက်စရာလား မိန်းမရဲ့၊ သူများပစ္စည်း ခိုးတာမှ မဟုတ်ပဲ၊ သမီးနွဲ့ရည် အဖေပြောတာ မှတ်ထား၊ တစ်သက်မှာ သူများပစ္စည်း မတရား ယူတာ၊ နိုင်ငံတော်ပစ္စည်း မတရား ခိုးတာမှ မဟုတ်ပဲ၊ ကိုယ့်ဟာကိုယ်

ကောင်းရောင်း ကောင်းဝယ် လုပ်စားရင်း မွဲလို့ကတော့ ဘာမှ ရှက်စရာမရှိဘူး သိလား၊ သမီးကို သူငယ်ချင်းတွေက တွေ့လို့ 'ဘယ်သွားမှာလဲ' မေးရင် အပေါင်ဆိုင် သွားမလို့ပေါ့လို့ ရဲရဲတင်းတင်း ဖြေလိုက်၊ ငါတို့အဖေ ရတဲ့ လခလေးက နည်းတော့ ငါတို့ တစ်အိမ်လုံး စားမလောက်ဘူးလို့ ရှင်းရှင်းပြောလိုက်၊ ဒါဟာ ရှက်စရာ မဟုတ်ဘူးသမီးရဲ့၊ ဝမ်းနည်းစရာ၊ အားငယ်စရာလဲ မဟုတ်ဘူး"

အဖေကတော့ နွဲ့ရည်၏ နလုံးသား အတွင်းသို့ သတ္တိသွေးကို သွန်းလောင်း၍ ထည့်ပေးသည်။ ထို့ကြောင့်လားတော့ မသိ။ နွဲ့ရည်သည် မိမိဘဝ၏ မပြည့်စုံမှု၊ မလုံလောက်မှု အတွက် ဝမ်းနည်းခြင်းကို လည်းကောင်း၊ ရှက်ရွံ့ညိုးငယ်မှုကို လည်းကောင်း မခံစားခဲ့ရပေ။ ကျောက်သင်ပုန်းကွဲကို ကိုင်နေရသော်လည်း အသစ်ကို မဖြစ်မနေ လိုချင်စိတ် မပေါ်မိ။ ဒါလဲ ရေးလို့ ရသေးတာပဲ ဟူသော အတွေးကို မွေးပြီး ကျောက်သင်ပုန်း အကွဲတွင်ပင် မျဉ်းတားပြီး လက်ရေးဝိုင်းအောင် ကျင့်တတ်လာသည်။ ကျောက်တံလေးများကို လက်တစ်ဆစ်လောက်သာ ကျန်တော့သည်အထိ ချွေချွေတာတာ သုံးတတ်လာသည်။ ဖိနပ်ပြတ်လျှင်လည်း ချိတ်ထိုးပြီး စီးနိုင်သမျှ စီးနေရန် ဝန်မလေး။ နွဲ့ရည် ထိုသို့ နေတတ်အောင်လည်း အဖေက လမ်းပြ၍ ပေးခဲ့လေသည်။

ထို့နေ့ကို နွဲ့ရည် မမေ့။

"အဖေ၊ အဖေ့ဖိနပ်ကြီးက စုတ်လှပြီ"

"ပြတ်ချင်နေပြီ သမီးရဲ့၊ ဟောဒီ ခေါင်းနေရာက ပြုတ်ချင်နေတာ၊ အဖေက အောက်ကနေ ချိတ်ထိုးပြီး ထိန်းထားလို့ ဒီလောက် ခံနေတာ"

အဖေက ဖိနပ်ကို ခပ်ညှာညှာ၊ ခပ်ဆဆစီးကာ လျှောက်သည်။ နွဲ့ရည်က သူစီးထားသော ဖိနပ်ကို ငုံ့၍ကြည့်မိသည်။ ခုံဖိနပ် ဖြစ်သည်။ ဖိနပ်နောက်မြီး ပါးနေပြီ၊ သားရေပတ်က ပြတ်ပြတ် ထွက်သောကြောင့် သံနှင့် ပြန်ရိုက်ရသော အကြိမ်ပေါင်းလည်း များပြီ။ သံရိုက်သော ဒဏ်ကြောင့် ခုံဖိနပ်လည်း အက်တက်တက် ဖြစ်နေပြီ။

"ခုနေသာ လိုချင်တာ ရမယ်ဆိုရင် နွဲ့ရည် ဖိနပ်ပဲ လိုချင်တယ် ... သိလား အဖေ"

"တိုက်ကြီးတွေ၊ ကားကြီးတွေ မလိုချင်ဘူးလား သမီးရဲ့"

"မယူချင်ပါဘူး၊ တော်ကြာ အဲဒီ တိုက်ကြီးပေါ်ကို ခုံဖိနပ်စုတ်နဲ့ တက်နေရဦးမယ်"

ဟား ... ဟား ... ဒါလဲ ဟုတ်တာပဲ"

"အဖေ့အတွက် တစ်ရံ၊ နွဲ့ရည်အတွက် တစ်ရံ ချက်ချင်းသာ ရမယ် ဆိုရင်တော့ ကော်တာပဲ"

အဖေက ရယ်သည်၊ ဈေးရှေ့ ရောက်တော့ အဖေက ဖိနပ်ဆိုင်ရှေ့မှာ

ခေတ္တရပ်သည်။

"ဗျိုး ... ကိုသာအောင်၊ လက်ဖက်ရည် သောက်ပါဦး"

လက်ဖက်ရည်ဆိုင်ထဲက အဖေ့အသိများ အဖေ့ကို လှမ်းခေါ်သည်။ အိမ်က ဘာမှမစားခဲ့ရသေးသောကြောင့် နွဲ့ရည်ရော အဖေပါ ဆာနေကြသည်။ အဖေ ဆိုင်ထဲဝင်ထိုင်လျှင် သူလည်း လက်ဖက်ရည် သောက်ရလိမ့်မည်ဟု တွေးပြီး နွဲ့ရည် ဝမ်းသာသလိုလို ရှိစဉ်မှာပင် အဖေက "တော်ပါပြီဗျာ ကိစ္စလေး ရှိသေးလို့" ဟု ပြောကာငြင်းသည်။ " လာပါဗျ။ ခဏတဖြုတ် ထိုင်ပါဦး၊ သောက်လိုက်ပါဦး" ဟု ထပ်ခေါ်နေသော အသံများကို ရှောင်ရှားလိုက်ဟန်နှင့် ဖိနပ်ဆိုင်ထဲ စွတ်ကနဲ ဝင်လိုက်သည်။

"ဘာလိုချင်ပါသလဲ ခင်ဗျာ၊ လူကြီးအတွက်လား၊ ကလေးအတွက်လား၊ အရွယ်အစားစား ရှိပါတယ်"

အဖေ့ဖိနပ်ရော၊ နွဲ့ရည်ဖိနပ်ရော နှစ်ရံလုံးက ခပ်စုတ်စုတ်မို့ ဖိနပ်နှစ်ရံတော့ သေချာပေါက် ရောင်းရလိမ့်မည်ဟု ဆိုင်ရှင်က တွက်ပုံရသည်။ အဖေ့အိတ်ထဲတွင် ပိုက်ဆံအကြွေသာ ပါသည်ကို နွဲ့ရည် သိသည်။ နှစ်ရံဖိုး နေနေသာသာ တရံဖိုးပင် ပြည့်လိမ့်မည် မဟုတ်။

"ကတ္တီပါထဲက ယူယူ၊ သားရေထဲက ယူယူ၊ လိုချင်တာ ရှိပါတယ်၊ ဟောဒီ ကတ္တီပါ ပုံတော်ဖိနပ်လေး ဆိုရင် ဒီက သမီးလေးနဲ့ အတော်ပဲ ထင်ပါရဲ့၊ စီးကြည့်ပါ ... စီးကြည့်ပါ၊ အားနာစရာ မလိုပါဘူး"

နွဲ့ရည်က ခဏစီးရလဲ အမြတ်ဟူ၍ သဘောထားကာ ခပ်ဖွဖွ စီးကြည့်သည်။ အဖေက "ပေကုန်ပဲ့မယ် သမီးရယ်" ဟု အားနာစကား ပြောလေသည်။ အဖေက မစီးစေချင်မှန်းသိ၍ နွဲ့ရည်က နောက်ထပ် ဖိနပ်များကို စီး၍ မကြည့်တော့ပေ။ အဖေ့လက်ကို တင်းတင်းလှမ်း၍ ဆုပ်ကိုင်ကာ ကိုယ်ကို ယို့ထားလိုက်မိလေသည်။ ထိုစဉ်တွင်ပင် တအံ့တသြ နှုတ်ဆက်သံကို ကြားရသည်။

"ဟာ ... ဆရာ"

ဆိုင်နောက်ဘက် မှ ထွက်လာသော လူငယ်တစ်ယောက်က အဖေ့ဆီကို ပြေးလာသည်။

"ဆရာ ဖိနပ် လာဝယ်တာလားဆရာ၊ ဖေဖေ ... အဲဒါ ကျွန်တော့်ဆရာ ..."

အဖေက ခြောက်တန်း၊ ခုနစ်တန်း ပ ရ ေ သ ၇ ဆရာမို့ အဖေ့တပည့်သည် ဆယ့်သုံးလေးနှစ်ခန့် ရှိမည် ထင်ရသည်။ နွဲ့ရည်က

အသက်ငယ်သေး၍ အဖေ့အတန်း မရောက်သေးသော်လည်း ထိုကျောင်းသားကိုကား ကျောင်းတွင် မြင်ဖူး၊ တွေ့ဖူး နေရလေသည်။

"ဩော်... သားတို့ ဆရာလား"

ဆိုင်ရှင်က အံ့ဩသလို စကားဆိုသည်။ အဖေ့ တစ်ကိုယ်လုံးကို စုန်ကာဆန်ကာ ကြည့်နေသေးသည်။

"ကြိုက်တာရွေးပါ ဆရာ ... လိုချင်တဲ့ဖိနပ် ယူသွားပါ၊ သားတို့ဆရာကို ကျွန်တော် လက်ဆောင် ပေးပါရစေ"

အဖေ့မျက်နှာက  ရုတ်တရက် နီသွားသည်။

"မလုပ်ပါနဲ့ ခင်ဗျာ ..."

"ယူသွားပါ ဆရာ"

"ဟာ ... နေပါစေ ... မယူပါရစေနဲ့"

"ယူပါဆရာ ... ဆရာလဲ ဖိနပ်ဝယ်မလို့ မဟုတ်လား"

"ဟုတ်ကဲ့ ... ဝယ်တော့ ဝယ်မလို့ပါပဲ၊ ဒါပေမယ့် လောလောဆယ်တော့

မဝယ်သေးဘူး ခင်ဗျ"

အဖေက နွဲ့ရည်၏ လက်ကို ဆွဲကိုင်ကာ ဆိုင်ထဲမှ ထွက်သည်။ အဖေ့တပည့်က "ဆရာ ... ဆရာ"ဟု လှမ်းခေါ်သည်ကို လက်ကာပြီး တားသည်။

"ဒီမှာ မောင်စိုးတင့်၊ ဆရာ့တပည့်ရဲ့စေတနာကို ဆရာ နားလည်ပါတယ်၊ ဒါပေမယ့် ဆရာ မယူပါရစေနဲ့"

အဖေက ဖိနပ်ဆိုင်ထဲမှ ဖွတ်ထွက်လာသည်။ နွဲ့ရည်က အဖေဆွဲခေါ်၍သာ အဖေ့နောက် ပါလာရသော်လည်း စိတ်ကတော့ ဆိုင်ထဲတွင် ကျန်ခဲ့သည်။

"အဖေ့နယ် ... အလကား ပေးနေတဲ့ဟာကို ကိုယ့်မှာလဲ လိုနေတာ၊ ယူလိုက်ပါတော့လား"

နွဲ့ရည် မချင့်မရဲ တွေးမိသည်။

"လူဆိုတာ မာန ရှိရတယ်သမီး၊ ကျွေးတိုင်း မစားရဘူး၊ ပေးတိုင်း မယူရဘူး ..."

နွဲ့ရည်၏ အတွင်းစိတ်ကို အဖေက သိပုံရသည်။ လမ်းကျတော့ ရှင်းပြသည်။

"ကိုယ့်ကိုကိုယ်မှ မလေးစားရင် ဘယ်သူကမှ လာပြီး လေးစားတော့မှာ မဟုတ်ဘူး၊ သမီး စဉ်းစားကြည့်စမ်း၊ ခုနတုန်းက အဖေ့မိတ်ဆွေက အဖေ့ကို လက်ဖက်ရည် သောက်ဖို့ ခေါ်တယ်၊ အဖေ ဝင်သောက်လိုက်မယ်၊ ဟော ... နောက်တစ်ခါ ကြုံရင်လဲ နောက်တစ်ခါ ခေါ်ဦးမှာပဲ၊ ဒီလိုပဲ ဆယ်ခါကြုံရင် အဖေက ဆယ်ခါ သောက်ရမလား၊ အဖေကလဲ သူတို့ကို ပြန်မတိုက်နိုင်ဘူး၊ ဒီတော့ သူတို့က အားအားရှိ သူများ လက်ဖက်ရည် တိုက်တိုင်း ကပ်သောက်နေတဲ့ လူကြီးလို့ မထင်ပေဘူးလား၊ ဆယ်ခါအပြင် ဆယ့်တစ်ခါကျတော့ ခေါ်ပါဦးမလား။ နောင်ဆို အဖေလာတာ မြင်ရင် သတင်းစာ ဖတ်သလိုလိုနဲ့ လက်ဖက်ရည် ငုံ့သောက်သလိုလိုနဲ့ မျက်နှာလွှဲပြီး မမြင်ချင်ယောင် ဆောင်တော့မယ် ...၊ ကဲ ... ကောင်းပါ့မလား"

နွဲ့ရည်က အဖေ့ကို မော့်ကြည့်မိသည်၊ အဖေ့မျက်နှာက တည်ငြိမ်အေးဆေး နေသည်။

"နောက်ပြီး သူများသနားတာလဲ ဘယ်တော့မှ မခံနဲ့။ အသနားခံရတာဟာ အင်မတန် ရှက်စရာကောင်းတယ်။ ခုနတုန်းကဆိုရင် ကြည့်၊ ဆိုင်ရှင်က အဖေတို့ သားအဖကို သနားနေတယ်။ အဖေ့ဖိနပ် ပြတ်ခါနီးနေပြီ၊ ဘာဖြစ်လဲ၊ အဲဒါ ဘာဖြစ်လဲ၊ အဖေတတ်နိုင်ရင် အသစ်တစ်ရံ ထပ်ဝယ်မယ်၊

မတတ်နိုင်သေးရင်လဲ ဒီလိုပဲ ပြင်ပြုပြီး စီးနေမယ်၊ သနားပါတယ်ကွာ ... ဆရာလေး ကြည့်ရတာ ချို့တဲ့ရှာတယ်၊ ဆင်းရဲရှာတယ်၊ ဖိနပ်တစ်ရံလောက်များ မဖြစ်လောက်ပါဘူး၊ အလကား ပေးလိုက်ပါမယ် ဆိုတာမျိုးတော့ အဖေရှက်တယ်၊ ဖိနပ်စုတ်ကို စီးရတာ ရှက်စရာ မဟုတ်ဘူး၊ သူများက သနားလို့ အလကားပေးတဲ့ ဖိနပ်ကောင်းကြီး စီးရတာမှ ခြေပူစရာ ကောင်းတာ၊ ရှက်စရာ ကောင်းတာ"

အဖေ့စကားက နွဲ့ရည်၏ခေါင်းထဲသို့ သံမှိုနှင့် ရိုက်ပြီး သွင်းလိုက်သလို စွဲသွားသည်။

"ဟုတ်တယ် ဖိနပ်စုတ်စီးရတာ ရှက်စရာမဟုတ်ဘူး"

နွဲ့ရည်က တွေးကာ ကျောက်စရစ်မြေကို အားနှင့်မာန်နှင့် နင်းလာသည်။ အတန်ငယ် အက်နေသော ခုံဖိနပ်ကလေးလည်း "ပြတ်" ကနဲ ကွဲသွားလေသည်။ နွဲ့ရည်က စိတ်ညစ်သွားသော်လည်း အဖေက ရယ်လေသည်။

"ကဲ ... သမီးရေ ... ဖိနပ်က ကွဲသွားပြီ၊ လွှင့်သာ ပစ်လိုက်ပေတော့၊ ဖိနပ်မစီးဘဲ အိမ်ပြန်တော့ရော ဘာဖြစ်သေးလဲ"

"ဘာဖြစ်သေးလဲ ... ကဲ ..."

နွဲ့ရည်က ခုံဖိနပ်အကွဲကို ကန်ကာ ချွတ်ပစ်လိုက်သည်။ ဖိနပ်မရှိတာ ရှက်စရာ မဟုတ်။ ဖိနပ်မစီးဘဲ ခြေဗလာနှင့် လမ်းလျှောက်ရသည်ကို မရှက်ခဲ့သော်လည်း ပဌမတန်းတွင် ပထမနေရာမှ ပြုတ်၍ ဒုတိယဖြစ်သွားတော့ နွဲ့ရည်တစ်ကိုယ်လုံး ထူပူနေအောင် ရှက်ခဲ့သည်။ နွဲ့ရည်သည် အစားအသောက်၊ အဝတ်အထည်၊ အသုံးအဆောင် ဘယ်နေရာတွင်မှ လောဘမကြီး။ သို့သော် ပညာတွင်တော့ လောဘကြီးသည်။ မည်သူ တစ်ဦးတစ်ယောက်ကို မည်သည့် နေရာတွင်မှ ပြိုင်ဆိုင်ခြင်း မရှိ။ သို့သော် ပညာတွင်တော့ ပြိုင်သည်။ ပညာနှင့် ပတ်သက်လာလျှင် ဘယ်သူ့ကိုမှ ဗိုလ်မထားချင်။

"ဒါလေးများ ငိုစရာလား ဟယ်"

အိမ်ရောက်လျှင် ရောက်ချင်း ခြေပစ်လက်ပစ် ထိုင်ချကာ ငိုသောနွဲ့ရည်ကို ဝတ်ရည်က နားမလည်သလို ကြည့်နေသည်။

"သမီး နွဲ့ရည် ဘာဖြစ်လာတာလဲ"

အမေကလည်း ထိတ်လန့်သွားသည်။ စပါးလုံး ရွေးနေသော ဆန်ဇန်းကို တွန်းပစ်ပြီး နွဲ့ရည် အနားသို့ ခပ်သုတ်သုတ် ကပ်လာသည်။

"ခြောက်လပတ် စာမေးပွဲမှာ သူ ပထမ မရလို့တဲ့ အမေရေ့"

"ဒါလေးများ ငိုစရာလား သမီးရယ်"

အမေကလည်း ဝတ်ရည်လိုပင်။ ဒါလေးများဟူ၍ ပေါ့ပေါ့တန်တန် သဘောမထားနိုင်၊ ကိုယ်ထိုင်နေကျ ကုလားထိုင်လေးတွင် ကိုယ်မထိုင်ရတော့ဘဲ အခြားသူတစ်ဦးက ဝင်၍ ထိုင်လိုက်သည်ကို ပြုံးပြုံးလေး သည်းမခံနိုင်။ ဝင်တိုးသူကို စိတ်ဆိုးခြင်း မဟုတ်သော်လည်း ကိုယ့်ကိုကိုယ် စိတ်ဆိုးသည်။ အဘယ်ကြောင့် မြဲမြံအောင် မထိုင်နိုင်ရ လေသနည်း။

"သမီး စာတော်တာ လူတိုင်း သိတာပဲဟာကိုကွယ်၊ တခါတလေ ပထမ မရတော့လဲ ဘာဖြစ်သေးတုံး"

နွဲ့ရည်က ပါးပြင်ပေါ်တွင် စီးကျနေသော မျက်ရည်များကို လက်ဖမိုးနှင့်ရော၊ လက်ခုံနှင့်ရော ပွတ်သုတ်လိုက်သည်။ သူ စာတော်တာကို လူတိုင်းက သိပြီးဖြစ်သောကြောင့် ပို၍ရှက်သည်။ အတန်းပိုင် ဆရာမကလည်း အဖေ့ကိုတွေ့တိုင်း ဆရာ့သမီးလေးကတော့ တော်ပါ့ရှင်၊ တောက်မယ့် မီးခဲကလေးဟု ပြောတတ်သည်။ စာမှာတော့ ဗိုလ်ပဲ၊ သူ့ကို ဘယ်သူမှ မနိုင်ဘူးရှင်ဟု ချီးကျူးတတ်သည်။ ခုတော့ နွဲ့ရည်ကို နိုင်သူပေါ်ပြီ။ နွဲ့ရည် ဗိုလ် မဟုတ်ကြောင်း၊ ဆရာမလည်း သိပြီ။ နွဲ့ရည်သည် တွေးရင်း ထပ်ပြီး ငိုမိပြန်သည်။

"သမီးကလဲကွယ် သမီးဖျားပြီး အကြာကြီး ကျောင်းပျက်လို့ စာတွေ လွတ်ကုန်တာ မဟုတ်လား၊ ဒါကြောင့် တခါတလေ ဒုတိယ ရတော့ ဘာဖြစ်သေးလဲကွယ်၊ ဆရာမကလဲ သမီးဖျားတာ သိသားပဲဟာ"

အမေက တတ်သမျှ မှတ်သမျှ ချော့နေသည်။ ဝတ်ရည်ကတော့ နွဲ့ရည်ကို "ဒါလေးနဲ့ ဒီလောက် ငိုရသလား"ဟု အံ့လည်းသြ၊ အမြင်လည်းကပ်ဟန် တူသည်။ မျက်မှောင်လေးကုပ်ပြီး ပြောသည်။

"ဝတ်ရည်သာဆို ဒုတိယရလဲ ပျော်မှာပဲ၊ ဘာဖြစ်သေးလဲ။ ကိုယ့်ရှေ့မှာက တစ်ယောက်တည်း၊ ကိုယ့်နောက်မှာက အများကြီး ..."

နွဲ့ရည်သည် ဝတ်ရည်ကို အံ့သြသလို လှမ်းကြည့်ပြီး အငိုတိတ်သွားသည်။ သူတစ်ခါမှ ဒီလိုမတွေးခဲ့မိပေ။ ပထမ ရစဉ်ကလည်း ကိုယ့်နောက်ကို လှည့်မကြည့်၊ ငါ့ရှေ့မှာ ဘယ်သူမှမရှိဘူး ဟူသော အတွေးသာ ရှိခဲ့သည်။ ဒုတိယ ရတော့လည်း နောက်ကို လှည့်မကြည့်၊ ငါ့ရှေ့မှာ လူတစ်ယောက် ရောက်လာပြီ ဟူသော အတွေးသာ ရှိသည်။

"အဲဒီ ထားထားမြင့် ဆိုတာ စာသိပ်ကျက်တာဆို၊ အစ်မကဖြင့် သူ့တစ်ဝက် လောက်တောင် မကျက်ဘဲနဲ့ သူ့ခမျာ တခါတလေလေး ပထမ ရတာများ

ရစမ်းပါစေ"

ဟုတ်သည်၊ နွဲ့ရည်က စာတော်မယ့်သာ တော်နေသော်လည်း စာသိပ်ကျက်သူ မဟုတ်။ ဆရာ စာသင်ချိန်တွင်တော့ အာရုံကို မလွင့်ပါးစေဘဲ နားစိုက်၍ ထောင်တတ်သည်။ နားမလည်လျှင် ပြန်မေးသည်။ ညကျတော့ ကူးလာသော စာကိုသော် လည်းကောင်း၊ အတွက်အချက် ပုစ္ဆာကိုသော် လည်းကောင်း အသေအချာ ပြန်ဖတ်ပြီး ခေါင်းထဲ အရောက်ပို့သည်။ အော်ကြီး ဟစ်ကျယ်လည်း မဖတ်တတ်၊ ငြိမ်ငြိမ်လေး ထိုင်ပြီး စူးစူးစိုက်စိုက် ကြည့်ကာ အသံတိတ် ကျက်မှတ်ခြင်း ဖြစ်သည်။ သဘောတရားကို နားမလည်မချင်း အခေါက်ခေါက် အခါခါ နားလည်သည် အထိ စူးစိုက်ပြီး ကြည့်သည်။ နားလည်သည်နှင့် တပြိုင်နက် ဦးနှောက်ကလည်း ကျက်ပြီးမှတ်ပြီး ဖြစ်နေသည်။ တော်တော်နှင့် မမေ့တော့ပေ။

သူ့စာကျက်နည်းက အသံမထွက်တော့ ကျောင်းဆရာ ဖြစ်သော အဖေကပင် သိပ်ပြီး အထင်မကြီးပေ။ စတုတ္ထတန်းတုန်းကလည်း (အေ) (ဘီ) (စီ) အတန်းခွဲတိုင်းမှ ပထမရသူများကို စကောလားရှစ် ဖြေရန် ရွေးသည်။ နွဲ့ရည်လည်း အရွေးခံရသည်။ အဖေက "သူတို့အတန်းက ကျောင်းသားတွေကိုက ဖျင်းတာ ထင်ပါရဲ့ဟာ၊ ဒါကြောင့် ဟောဒီ မိနွဲ့ရည်က စာမကျက်ဘဲ ပထမရပြီး အနူတော လူချော ဖြစ်နေတာ၊ သူများတွေနဲ့ သွားပြီး ယှဉ်လို့ရပ့ါမလား" ဟု စိုးရိမ်စကား ပြောခဲ့သေးသည်။ သို့သော်လည်း တစ်ကျောင်းလုံး စကာတင်ရွေးပြီး ဖြေခိုင်းသူ လေးဦးထဲတွင် နွဲ့ရည် တစ်ဦးတည်း အောင်မြင်ကာ စကောလားရှစ် ရခဲ့သည်။ အဖေကတော့

မလျှော့သေး၊ "ငါ့သမီးက ကံတော့ အတော်ကောင်းတယ် ထင်ပော့ " ဟု ပြောခဲ့သေးသည်။

ထို့ကြောင့်လည်း နွဲ့ရည်က အဖေ့အတန်းကို ရောက်လိုခြင်း ဖြစ်သည်။ သူ တကယ် တော်မတော်ကို အဖေ့အား အစွမ်းပြချင်နေသည်။ အဖေ အခုသင်ပြီး အခုပြန်မေးသမျှ စာတွေကို ဒေါက်ဒေါက်ပြေးအောင် ဆိုပြလိုက်ချင်သည်။ ဖြေပြလိုက်ချင်သည်။ နွဲ့ရည်သည် ကိုယ့်ဉာဏ်ကို ကိုယ်ယုံသည်။ သို့သော် နွဲ့ရည်သည် အဖေ့တပည့် မဖြစ်လိုက်ရ။ နွဲ့ရည် အဖေ့အတန်းသို့ ရောက်မည့်နှစ်တွင်ပင် အဖေ အလုပ်ထွက်ခဲ့လေသည်။

"ငါတော့ ထွက်စာ တင်လိုက်တော့မယ်"

အဖေက အမေ့ကို ပြောသည်။ အမေက ဘာမျှမပြော၊ မောင်လေး အင်္ကျီပြဲကို ချုပ်နေရာမှ ဆက်မချုပ်တော့ဘဲ ငေးနေသည်။

"ဆရာတစ်ယောက် အနေနဲ့ ဆိုပိုင်ခွင့်၊ ပြောပိုင်ခွင့်၊ ဆုံးမပိုင်ခွင့် အပြည့်အဝ ရှိရမယ်။ ခုတော့ ဆင်းရဲတဲ့ တပည့်တွေကိုပဲ ဆို၊ ပြော၊ ဆုံးမရမယ်။ ချမ်းသာတဲ့ တပည့်၊ မျက်နှာကြီးတဲ့ တပည့်တွေကိုတော့ ဘာမှ မပြောရဘူး။ မဆုံးမရဘူး ဆိုရင် ဒီ ဆရာအလုပ်က ဘာလုပ်ရတော့မှာလဲ။ ဆရာဆိုတဲ့ အဓိပ္ပါယ်ဟာ ဘာရှိတော့မှာလဲ"

အဖေ ထိုမျှ စိတ်ထိခိုက်သည်ကို နွဲ့ရည် တခါမျှ မမြင်ဖူးပေ၊ နွဲ့ရည်တို့ မောင်နမ ခြောက်ယောက်လုံး အမေ့ဘေးတွင် ဝိုင်းထိုင်ကာ အဖေ့ကို မျက်နှာငယ်ငယ်လေး တွေနှင့် ကြည့်နေကြသည်။ ပြဿနာ အစကိုတော့ နွဲ့ရည်သိသည်။ အဖေ့အတန်းမှ အဖေ့တပည့်နှစ်ဦး ကျောင်းတက်ချိန်တွင် ရန်ဖြစ်ပြီး ထိုးသတ်ကြခြင်း ဖြစ်သည်။ အဖေက နှစ်ဦးလုံးကို သုံးချက်စီ ရိုက်ခဲ့သည်။ ကျောင်းတက်ချိန်တွင် စာသင်ခန်းထဲ၌ ရန်ဖြစ်ကြခြင်း အတွက် နှစ်ဦးလုံးတွင် အပြစ်ရှိသည်။ ကျောင်းသား နှစ်ဦးလုံးက သာမန် လက်လုပ် လက်စားများ၏ သားသမီးသာ ဖြစ်လျှင် ဘာနောက်ဆက်တွဲ ပြဿနာမှ လာမည်မဟုတ်။ ခုတော့ ကျောင်းသား တစ်ဦးက အဖေတို့ မြို့ကလေးမှ ခရိုင်ရဲဝန်သား ဖြစ်နေလေသည်။ ပြဿနာက ထိုနေရာမှ စခြင်းဖြစ်သည်။

ညနေ အိမ်ပြန်ရောက်တော့ သားက သူ့တင်ပါးမှ အရှိုးရာကို သူ့အမေအား ပြသည်။ ရဲဝန်ကတော်ကြီးလည်း အူနကျွဲခတ်သလို ရင်ဘတ်စည်တီး ဖြစ်ရှာလေသည်။ နောက်နေ့ မနက်ကျတော့ ကျောင်းကို လိုက်လာသည်။ ကျောင်းအုပ်ကြီးနှင့် တွေ့သည်။ သူ့သားလေးကို သူ ရွှေလိုဥ၍ ပိုးလိုမွေးခဲ့ရသည့် အကြောင်း၊ ရက်ရက်စက်စက် ရိုက်ဖို့ မဆိုထားနှင့်၊ လက်နှင့်ပင် မရွယ်ရက်သည့် အကြောင်း၊ ကလေးချင်း စကားနိုင်လု၍ ရန်ဖြစ်သည့် အမှုသည် မည်မျှ ကြီးကျယ်သောကြောင့် ထိုကျောင်းဆရာက အာဏာပါးကွက်သားလို အရှိုးရာချင်း ထပ်အောင် ရိုက်ရသနည်းဟု ပြောရင်း ငိုလေသည်။ ဒီကိစ္စကို သားတို့အဖေ မသိသေးသည့် အကြောင်း၊ သားတို့အဖေသည် သူ့သားကို စကားပင် မာမာပြောသည်ကို မကြိုက်ကြောင်း၊ သိလျှင် မည်မျှ စိတ်ထိခိုက်မည်ကို တွေးပင် မတွေးရဲသည့် အကြောင်းကို

ပြောရင်း ရှိုက်လေသည်။

"ဆရာ သာအောင်ရယ်၊ ခင်ဗျားကတော့ ကျားမြီးကိုမှ ဓားနဲ့ ခုတ်တော့တာကိုး"

ဆရာကြီးက ခေါင်းကုတ်၍ ညည်းသည်။

"မိန်းမကြီးကလဲ ခပ်သည်းသည်းဗျ၊ တော်ကြာ သူ့ယောက်ျားကို ဝိုလားယိုလား၊ တိုင်လားတောလား လုပ်တော့မယ် ထင်တယ်"

အဖေက နှုတ်ခမ်းကို တင်းတင်းစေ့ကာ ငြိမ်နေသည်။ ထိုနောက်မှ ခပ်ပြတ်ပြတ် ပြောသည်။

"ကျောင်းတက်ချိန်မှာ စာသင်ခန်းထဲမှာ ထိုးကြ ကြိတ်ကြ ရန်ဖြစ်ကြတာဟာ အပြစ်ရှိတယ် ဆရာကြီးရဲ့၊ တပည့် တစ်ယောက်ရဲ့ အပြစ်ကို ဆရာတစ်ယောက် အနေနဲ့ ဆုံးမတာ မဆုံးမ သင့်ဘူးလား၊ ကျွန်တော်က ရန်ဖြစ်တဲ့ နှစ်ယောက်လုံးကို အတူတူ အပြစ်ပေးတာပါ ...၊ ကျွန်တော့်တပည့်တွေ အားလုံးကို ကျွန်တော် ဆင်းရဲချမ်းသာ မရွေး အတူတူ ချစ်ပါတယ်၊ အတူတူ ဂရုစိုက်ပါတယ်၊ ချမ်းသာလို့ ပိုလဲ မချစ်ဘူး၊ လျှော့လဲ မချစ်နိုင်ဘူး"

"ဟုတ်ပါတယ် ... ဒါတော့ ဒါပေါ့လေ"

ဆရာကြီးက ခေါင်းကုတ်ပြန်သည်။ သူ့မျက်နှာတွင် ပြန်တက်လာသော အဆီများကို လက်ကိုင်ပဝါနှင့် ပွတ်သုတ်ပြီး တံတွေးမျိုသည်။

"အခုဟာက ... မိန်းမကြီးက ဆတ်ဆတ်လူး နေလို့ပါ"

"ဒါကတော့ သူ့သားကိုသူ ဖျက်ဆီးနေတာပဲ ဆရာကြီးရဲ့၊ ကိုယ့်သားသမီးကို ကိုယ်လဲ မဆုံးမဘူး၊ ဆရာသမား ဆုံးမတာလဲ မခံဘူးဆိုရင် ဒီကလေး ပျက်စီးမှာပဲ"

"အဲ ... အဲ ... သူပျက်စီးမှာက နောက်၊ လောလောဆယ်မှာတော့ ဆရာ ဆရာ ပျက် .. အဲ့ ..."

အဖေ့ မျက်နှာက တင်းသွားသည်။ သူ့ရှေ့မှ ဆရာကြီးကို စိုက်၍ကြည့်ကာ ကြွေကွဲစွာ ပြုံးလေသည်။

"ဒီတော့ ... ဆရာကြီးက ဘာလုပ်ချင် ပါသလဲ"

"မိန်းမကြီးကို နည်းနည်း တောင်းပန်လိုက်ရင် ပြီးမယ်ထင်တယ်၊ အရှည်အရှည် ပြဿနာတွေ မဖြစ်စေချင်လို့ပါ ဆရာရယ်"

အဖေက နေရာမှ ဖြည်းညင်းစွာ ထသည်၊ ဆရာကြီး၏ အခန်း ပြတင်းပေါက်မှ

နေ၍ ချောင်းကြည့်နေသော နွဲ့ရည်ကို လှမ်းကြည့်သည်။

"အမြောက်ကြိုက်ကြီးပါ ဆရာရယ်၊ နည်းနည်းပါးပါး မြှောက်ပင့်ပြီး စကားရောဖောရော ပြောလိုက်ရင် ပြီးသွားမှာပါ ..."

"ကဲ ဒီလိုဆိုရင်၊ ဒီကလေးက နောက်ထပ် ကျောင်းစည်းကမ်းတွေ ကျူးလွန်ရင်၊ အပြစ်တွေလုပ်ရင်၊ ကျွန်တော် မဆုံးမရတော့ဘူးပေါ့၊ ဟုတ်လား ဆရာကြီး"

"အာ ... ဒါတော့ ဒါကတော့ ... ဒီကလေးကလဲ ဆိုး ... ဆိုးတော့မယ် မထင် ..."

အဖေက သက်ပြင်းချသည်၊ နာကျင်ကြေကွဲစွာ ပြုံးသည်၊ ထို့နောက် ခပ်တိုးတိုး ပြောသည်။

''ကျွန်တော် ထွက်စာ တင်လိုက်ပါမယ် ဆရာကြီး၊ ကျွန်တော့်ကို ခွင့်ပြုပါဦး''

ဆရာကြီး အခန်းထဲက အဖေ ထွက်လာတော့ နွဲ့ရည် အဖေ့ဆီ ပြေးသွားသည်။ အဖေ့ မျက်လုံးအိမ်တွင် မျက်ရည်များ ဝဲနေသည်ကို တွေ့ရသည်။ စိုးရွံ့ ထိတ်လန့်နေသော နွဲ့ရည်၏ ခေါင်းလေးကို ပွတ်ကာ ခပ်သောသော ပြောသည်။

"ဆရာ လုပ်စားရတာ ပျင်းစရာ ကောင်းလာပြီ သမီးရေ ...၊ အဖေတော့ ကူလီထမ်းရ ကောင်းမလား၊ ဆိုက်ကားနင်းရ ကောင်းမလား၊ မြင်းလှည်းမောင်းရ ကောင်းမလား၊ ဘာများ လုပ်စားရရင် ကောင်းမလဲဟင်"

အဖေက အေးသော်လည်း ပြတ်သည်။ ထိုနေ့ ထိုရက်မှ စ၍ ကျောင်းသို့ မသွားတော့ပေ။ အမေကမူ အဖေ့ရှေ့တွင် ဘာမှမပြောသော်လည်း အဖေ့ကွယ်ရာတွင် ငိုလေသည်။ အမေငိုတော့ ညီမလေးနှင့် မောင်လေးတွေကလည်း ငိုကြသည်။ နွဲ့ရည်ကတော့ မငို၊ ဝမ်းနည်းသော်လည်း ငိုချင်စိတ်မရှိ။ အဖေလုပ်တာ မှန်တယ်ဟူသော အသိက သူ့နှလုံးသားကို စိုးမိုးထားသည်။ ကျောင်းတွင် အဖေ မရှိတော့သော်လည်း နွဲ့ရည်တို့ မောင်နှမတွေက ထိုကျောင်းတွင်ပင် နေမြဲတိုင်းနေသည်။ နွဲ့ရည်ကိုတွေ့လျှင် ဆရာကြီးက "သမီးဖေဖေ ဘာလုပ်နေလဲ" ဟု မေးတတ်သည်။ မျက်နှာလည်း ညှိုးသွားတတ်သည်။

အဖေ့ကို တောင်းပန်စကား ပြောခိုင်းသော ဆရာကြီးကို နွဲ့ရည်က အစပိုင်းကမူ တော်တော်ကလေး မေတ္တာပျက်မိသည်။ သို့သော်လည်း ဆရာကြီး၏ မျက်နှာညှိုးညှိုးကို မြင်တော့ နွဲ့ရည် စိတ်မဆိုးတော့ဘဲ သနားသလိုလိုပင် ဖြစ်လာသည်။ အတွင်းစိတ် က အမှန်တရားကို သိသော်လည်း ထိုအမှန်တရား ဘက်က ရဲရဲဝံ့ဝံ့ မရပ်ရဲသော သူ၏ စိတ်ဒုက္ခသည်လည်း တော်တော်ကြီးမည် ဖြစ်ကြောင်း နားလည် သဘောပေါက်၍ လာသလိုလို ရှိသည်။

"နွဲ့ရည် … နင့်အဖေက ခရိုင်ရဲဝန်သားကို ရိုက်လို့ အလုပ်ပြုတ် သွားတာဆို"

"ပြုတ်တာမဟုတ်ပါဘူး၊ ထွက်တာပါ"

"ပြုတ်တာနဲ့ ထွက်တာ ဘာထူးလို့လဲဟ"

"ထူးတာပေါ့၊ ပြုတ်တာက မလိုချင်လို့ ဖြုတ်ပစ်တာ၊ ထွက်တာက ကိုယ့်ဟာကိုယ် မလုပ်ချင်လို့ ထွက်တာ"

"နင့်အဖေက ဆရာ မလုပ်ချင်တော့ဘူး တဲ့လား"

"အေး"

"ဘာဖြစ်လို့လဲ"

"ဆရာဆိုတာ ဆရာအလုပ် လုပ်ရမယ်တဲ့"

"ဆရာအလုပ် ဆိုတာ ဘာလဲ၊ စာသင်တာလား"

"အေးပေါ့"

"နောက်ပြီးတော့ရော"

"မသိဘူးဟာ … မသိဘူးဟာ၊ လျှာရှည်လိုက်တာ၊ တကတဲ"

ဖြေရပါများတော့ နွဲ့ရည် စိတ်တိုသည်။ နွဲ့ရည်၏ သူငယ်ချင်းများက အဖေ့တပည့်များ မဟုတ်၍ အဖေ့ကို ချစ်ခင်ခြင်း မရှိလှပေ။ အဖေ့အတွက်လည်း ခံပြင်းခြင်း မဖြစ်ကြပေ။

"မသိလို့ မေးတာပါဟာ ...၊ နင်ကလဲ"

"အေး ... မသိတိုင်း မမေးနဲ့၊ ဒီလောကကြီးမှာ နင်တို့ မသိတာတွေ အများကြီး ရှိသေးတယ်၊ မသိတိုင်း လိုက်မေးနေရင် နင်တို့တွေ မေးရင်းနဲ့ လျှာထွက်ပြီး သေမှာပဲ"

နွဲ့ရည် တကယ် စိတ်တိုလာတော့ သူငယ်ချင်းများ ငြိမ်သွားကြသည်။ သူတို့က သိလို၍ မေးခြင်း ဖြစ်သော်လည်း ထိုမေးခွန်းများက နွဲ့ရည်၏စိတ်ကို ညှဉ်းဆဲသလို ဖြစ်နေကြောင်းကို သူတို့ သတိမပြုမိကြပေ။ နဂိုကတည်းက ပြေးလွှား ဆော့ကစားခြင်း သိပ်မရှိသော နွဲ့ရည်သည် အခုတော့ ယခင်ထက် ပို၍ ငြိမ်လာသည်။ အလုပ်တစ်ခုခုတော့ မြန်မြန်လုပ်မှဖြစ်မယ်ဟု ပြောသော အဖေ့စကားကို ကြားယောင်သည်။ အမေ၏မျက်နှာ ညှိုးညှိုးကို မြင်ယောင်သည်။ မိဘကို ကြင်နာသနားသော စိတ်သည် ထိုအချိန်ကစ၍ အမြစ်တွယ်ခဲ့လေသည်။

"သားသမီးတွေ များတော့ အိ ု း မ ကွ ၁ ၊ အိမ်မကွာ အလုပ်မျိုးပဲ လုပ်ချင်တယ်၊ ဒါပေမယ့် မတတ်နိုင်ဘူး၊ လောလောဆယ်တော့ ဒီအလုပ်ပဲ လုပ်ရမှာပဲ"

အဖေ က သက်ပြင်းရှိုက်၍ ပြောသည်။

"အဖေရယ် ... ဒီပြင်အလုပ် မရှိဘူးလား"

"မရှိဘူး သမီး၊ အဖေတို့မှာ ကုန်ရောင်းကုန်ဝယ် လုပ်ဖို့လဲ အရင်းအနှီး တစ်ပြားမှ မရှိဘူး၊ ဆန်အိုးထဲမှာလဲ ဆန်မရှိဘူး၊ ရရာအလုပ်ကိုပဲ လုပ်ရမှာပဲ၊ ဘာလဲ ... သမီးက ကုန်တင်ကား မောင်းတဲ့သူရဲ့ သမီး ဆိုတာကို ရှက်လို့လား"

"မရှက်ပါဘူး အဖေ"

"အေး ... ဘာမှရှက်စရာ မရှိဘူး၊ အဖေ သူများပစ္စည်း ခိုးတာ မဟုတ်ဘူး၊ မတရားယူတာ မဟုတ်ဘူး"

နွဲ့ရည် မရှက်၊ သို့သော် ဝမ်းနည်းသည်။ ကုန်တင်ကားကြီး၏ ရှေ့ခန်းတွင် ထိုင်ပြီး ကားမောင်းနေသော အဖေ့ကို မြင်ရသည်မှာ မျက်စိထဲတွင် အချိုးမကျလှပေ။ မြေဖြူခဲကို နှစ်ရှည်လများ ကိုင်လာခဲ့သော ထိုလက်သည် ကားစတီယာရင်ကို ကျွမ်းကျွမ်းကျင်ကျင်မှ ကိုင်နိုင်ပါ့မလားဟု တွေးမိပြီး စိတ်ပူနေမိသည်။ ကုန်တင်ကားများ ဆိုတော့ ညဘက်တွင် မောင်းရသည်။ ကုန်ကို လိုရာပို့ပြီးသည့် နောက်၌ ထိုအရပ်က ကုန်ကိုစောင့်၍ တင်ကာ ပြန်မောင်းခဲ့ရသည်။ အဖေ တစ်ခါသွားလျှင် တစ်ပတ်၊ ဆယ်ရက် ကြာတတ်သည်။ ပထမဆုံး အဖေ အိမ်ပြန်မအိပ်သော ညက နွဲ့ရည် အိပ်မပျော်။ "ငါတို့ကတော့ အိပ်လို့ ...၊ အဖေကတော့ ... ကားမောင်း နေရမှာ၊ ညောင်းနေမှာပဲ၊ မျက်စိတွေဖန်ပြီး အိပ်ချင်နေမှာပဲ" ဟု တွေးရင်း အိပ်မပျော်နိုင်အောင် ဖြစ်နေသည်။ အမေကလည်း အိပ်မပျော်၊ ဘုရားစင်တွင် ဖယောင်းတိုင် ထွန်းပြီး ခဏခဏ ဘုရာရှိခိုး နေလေသည်။ ပထမဆုံး အခေါက်တွင်မူ အဖေသိပ်မကြာ၊ သုံးရက်အကြာတွင် ပြန်ရောက်သည်။

ရလာသောငွေကို အမေ့လက်ထဲ ထည့်သည်။

"ဘဝစာမျက်နှာ အသစ် ဖွင့်ရတာပဲပေ့ ...။ ကျောင်းဆရာ အလုပ်နဲ့တော့ တခြားစီပဲ"

အဖေက ရယ်ရယ်မောမောပင် ပြောသည်။ ဘုရားပွဲနှင့်ကြုံ၍ အဖေဝယ်လာသော ပစ်တိုင်းတောင် အရုပ်ကလေး ခြောက်ရုပ်ကို သားသမီး ခြောက်ဦးအား တစ်ခုစီ ပေးသည်။

"ဟောဒီမှာ တွေ့လား ...။ ဘယ်လိုပစ်ပစ် ဘယ်တော့မှ မလဲဘူး၊ အမြဲတမ်း ထောင်နေတဲ့ ပစ်တိုင်းတောင် ...၊ ပစ်တိုင်းထောင်တဲ့ ပစ်တိုင်းထောင် ...။ ဘယ်လောက် အတုယူစရာ ကောင်းသလဲ၊ ဘယ်လောက် အားကျစရာ ကောင်းသလဲ"

အဖေက ပစ်တိုင်းထောင်လေးများကို တစ်ခုပြီး တစ်ခု ပစ်ပြသည်။

လိမ့်လိမ့်ပါအောင် ပြေးသော ပစ်တိုင်းထောင်လေးများသည် အရှိန်သေသွားသည်နှင့် ဆတ်ကနဲ ပြန်၍ ထောင်သွားတတ်သည်။

"ပစ်တိုင်းထောင်ကို အတုယူကြ သားတို့ သမီးတို့ရဲ့၊ ဟောဒီက အဖေ့ရဲ့ သားတွေ သမီးတွေ အကုန်လုံး လောကဓံ ဆိုတာကို ကြုံကြရဦးမှာပဲ၊ တစ်ယောက်တည်း ခါးစည်းပြီး ခံရတဲ့အခါ ခံကြရမှာပဲ၊ အဲဒီအခါ ဟောဒီ ပစ်တိုင်းထောင်လေးတွေကို သတိရကြ၊ တည့်တည့် ကျကျ၊ စောက်ထိုး ကျကျ၊ မှောက်လျက် ကျကျ၊ ပက်လက် ကျကျ၊ ပြန်ပြီး ထကြ၊ ထောင်ကြ ဟုတ်လား"

အဖေ့စကားကို ဘယ်သူမှ ဂရုစိုက် နားထောင် မနေကြတော့။ ကြမ်းပေါ်တွင် ပစ်တိုင်းထောင်တွေ လိမ့်ပြီး တဟေးဟေး တဟားဟား ဆူညံကုန်သည်။ အဖေက ပျော်ရွှင် ဆူညံနေသော သားသမီးများကို တစ်ဦးချင်း ကြည့်သည်။ နောက်ဆုံးတော့ အဖေ့မျက်လုံးက အမှောင်ရိပ်တွင် ရပ်နေသော နွဲ့ရည်၏ အပေါ်သို့ ကျရောက်လာသည်။ နွဲ့ရည်က သူရသော ပစ်တိုင်းထောင်လေးကို ဆုပ်ကိုင်ကာ အဖေ့အား ကြည့်နေသည်။

"အဖေပြောတာ နားလည်လား သမီး"

အဖေက လှမ်းမေးသည်။ နွဲ့ရည် ခေါင်းညိတ်သည်။

"မှတ်ထားနော်"

နွဲ့ရည်က ထပ်၍ ခေါင်းညိတ်ပြလိုက်သည်။

အဖေပေးသော ပစ်တိုင်းထောင်လေးကို နွဲ့ရည် အသေအချာ သိမ်းဆည်းထားသည်။ ကြမ်းပေါ်တွင် လှိမ့်ပြီး မပစ်ရက်၊ မဆော့ရက်။ ပဥ္စမတန်း အတန်းတင် စာမေးပွဲ ဖြေခါနီးတုန်းက ရထားသော အရုပ်ကလေးသည် အဋ္ဌမတန်း ရောက်သည်အထိ အကောင်းပကတိ ရှိလေသည်။ ဝတ်ရည်တို့၊ ဖိုးသောကြာတို့ အရုပ်ကလေးများ သည်ကား ပိန်ချိုင့်ပြီး ရုပ်ပျက်ဆင်းပျက် ဖြစ်ကုန်ပြီ ဖြစ်သည်။ အဝတ်ထည့်သော ထန်းခေါက်ဖာထဲတွင် အဝတ်စုတ်နှင့် ထုပ်၍ ထည့်ထားသော နွဲ့ရည်၏ အရုပ်က အသစ်အတိုင်း ရှိနေ၍ မောင်လေးတွေက မျက်စောင်းထိုးသည်။ နွဲ့ရည် မပေး။

"ညည်းကလဲအေ ... ကလေးမဟုတ် သူငယ်မဟုတ်၊ ဒီပစ်တိုင်းထောင်ကို မက်မက်မောမော"

အမေက အပြစ်တင်သည်။ နွဲ့ရည်က အမေ့ကိုတော့ ဘာမှပြန်မပြောရဲ၊ သို့သော် မောင်တွေကိုတော့ တိုးတိုးတိတ်တိတ် ကြိမ်းထားသည်။ "နင်တို့တွေ ငါမသိပဲများ ငါ့အရုပ်ကို ယူရင် အသေပဲ" ဟု မျက်နှာထားနှင့် ပြောထားသည်။ မောင်တွေ၊ ညီမတွေအပေါ် ဘယ်သောအခါမှ အနမြော၊ အတွန့်တို မရှိခဲ့သော နွဲ့ရည်သည် ဒီပစ်တိုင်းထောင်လေး ကိုတော့ အထိမခံ။ အမေကတော့ ဘာမှမသိ။ "ပစ်တိုင်းထောင်" ကို ကစားစရာဟု ထင်သည်။ နွဲ့ရည် အတွက်မူ ထို ပစ်တိုင်းထောင်လေးသည် ကစားစရာ မဟုတ်။ "ဘဝသတ္တိ" ၏ အမှတ်အသား ဖြစ်သည်။ ထိုပစ်တိုင်းထောင်လေးကို မြင်တိုင်း တည့်တည့်ကျကျ၊ စောက်ထိုးကျကျ၊ မှောက်လျက်ကျကျ၊ ပက်လက်ကျကျ ပြန်ပြီးထကြ၊

ထောင်ကြပုံသော အဖေ့စကားကို အမှတ်ရသည်။

"နွဲ့ရည်ရေ ... ငရုတ်သီးလေးတွေ ခူးချည်ပါဦး သမီးရယ်၊ ဒီမှာ ခရမ်းချဉ်သီး ငါးပိချက်ထဲ ထည့်ရအောင်"

အမေက မီးဖိုထဲမှ လှမ်းအော်၍ နွဲ့ရည် နေရာမှထသည်။ အိမ်ရှေ့ ဖိနပ်ချွတ်တွင် မြေပန်းအိုးနှင့် ထည့်ကာ စိုက်ထားသော ငရုတ်ပင်မှ ငရုတ်သီးလေးများကို တစ်တောင့်ချင်း ခူးယူသည်။

"အစ်မ ငရုတ်ပင်က ဟန်ကျသားပဲ၊ အိမ်မှာ ငရုတ်သီးစိမ်း ဝယ်ဖို့ မလိုဘူး၊ လိုရင် ခူးစားရုံပဲ"

ဝတ်ရည်နှင့် ဖိုးသောကြာက ဖိနပ်ချွတ်တွင် ဖိနပ် ဖင်ခုထိုင်ပြီး ကြံချောင်းများကို အခွံခွာနေသည်။

အဖေ ကားမောင်းသော အလုပ်မှ ရသည့်ဝင်ငွေသည် ကျောင်းဆရာဘဝက ဝင်ငွေထက်ပင် များသေးသော်လည်း နွဲ့ရည်တို့ တစ်အိမ်သားလုံး ဝဝလင်လင် စားလောက်ရန်ကား မပြည့်စုံပေ။ နွဲ့ရည်တို့၊ ဝတ်ရည်တို့က အသက်ကလေးတွေ ကြီးလာတော့ မိဘကို တတ်အားသမျှ ကူညီရန် စဉ်းစားကြသည်။ ကြံဝယ်ပြီး ကြံပန်းခိုင် လုပ်ကြသည်။ ထိုနောက် အိမ်ရှေ့တွင်

ဖန်းကလေးနှင့် ချပြီး ရောင်းသည်။ ငါးမူး တစ်ကျပ်တော့ မြတ်သည်ပင်။ အမေ့အတွက် ငါးပိဖိုး ရသည်။ သူတို့အတွက် ခဲတံဖိုး၊ ချွန်စက်ဖိုး ရသည်။ အဖေ့ သားသမီးများက အဖေ့သွေး အပြည့်ပါသည်မို့ "ကြံပန်းခိုင်နော် ... ကြံပန်းခိုင် ချိုချိုလေး" ဟု တစ်ယောက်တလဲ အော်ရန် ဝန်မလေးကြ။

"ဖိုးသောကြာက အဲဒီ ငရုတ်ပင် အောက်မှာ ကြက်သွန်နီတစ်ဥ တူးမြှုပ်ထားတယ် .. သိလား အစ်မ၊ ကြက်သွန်မိတ် စားရအောင်တဲ့"

ဝတ်ရည်က သတင်းပေးသည်။ နွဲ့ရည်က ငရုတ်ပင်ရင်းကို ငုံ့ကြည့်မိသည်။ အမိတ်ထွက်စ ကြက်သွန်ဥလေး တစ်လုံးက မြေကြီးထဲမှ တစ်ပိုင်းပေါ်နေသည်။

နွဲ့ရည်တို့ အိမ်ကလေး မြေအပို တစ်လက်မမျှပင် မရှိပေ။ ထို့ကြောင့် နွဲ့ရည်က သူငယ်ချင်းအိမ်မှ ငရုတ်ပင်ပေါက်လေး ရလာတော့ မြေပန်းအိုးထဲသို့ လမ်းဘေးကမြေ တူးထည့်ပြီး စိုက်ထားရခြင်း ဖြစ်သည်။ ငရုတ်ပင်လေးလည်း တဖြည်းဖြည်း ကြီးလာသည်။ ထို့နောက် အပွင့်တွေ ဝေလာသည်။ ယခုတော့ ငရုတ်သီး စိမ်းစိမ်းနီနီလေး တွေက မိုးပေါ် မတ်မတ်ထောင်ကာ မြိုင်မြိုင်ဆိုင်ဆိုင် သီးနေကြပြီ ဖြစ်လေသည်။ လိုချင်လျှင် လိုသလောက် ခူးတို့လိုက်ရုံသာ။ နွဲ့ရည်တို့ တစ်အိမ်ထောင်တော့ ကောင်းကောင်း စားလောက်သည်။

"အစ်မ ငရုတ်သီးတွေ ကလဲ စပ်လိုက်တာ၊ ဝီခေါ်နေတာပဲ"

"ငရုတ်မှန်ရင် စပ်ရမှာပေါ့ ဝတ်ရည်ရဲ့"

"ဟော ... အဖေ ပြန်လာပြီ"

ဝတ်ရည်က ကြံချောင်းကို ပစ်ချကာ အဖေ့ကို ဆီးကြိုသည်။ အဖေ့မျက်နှာတွင် ချွေးပြန်နေသည်။ သူ့လက်ထဲမှ လွယ်အိတ်ကို လှမ်းပေးပြီး "ရေ ... အေးအေး တစ်ခွက်" ဟု ပြောသည်။ နွဲ့ရည်လည်း အိမ်နောက်ဖေးသို့ အမြန်ဝင်ခဲ့သည်။ လက်ထဲမှ ငရုတ်သီးလေးများကို အမေ့အား ပေးပြီး ရေအိုးစင်မှ ရေအေးအေး တစ်ခွက်ကို ပြည့်ပြည့်ခပ်ယူ လိုက်သည်။

"ဟူး ... ညောင်းလိုက်တာ"

အဖေက ရေကို တရှိန်ထိုး မော့သောက်ရင်း ချွေးစိုနေသော ရှပ်အင်္ကျီကို ချွတ်ပစ်လိုက်ပြီး သူ့ရင်ဘတ်ကိုသူ လေနှင့် မှုတ်နေသည်။ နွဲ့ရည်က ယပ်ခပ်ပေးမည် ပြုသောအခါ အဖေက လက်ကာ၍ ...

"နေပစေ၊ ချွေးငုပ်သွားမယ် သမီး"

"အဖေလဲ ပင်ပန်းလိုက်တာ"

"ပညာမတတ်တဲ့ လူတွေလုပ်တဲ့ အလုပ်ကိုး သမီးရဲ့၊ ပင်ပန်းတာပေါ့"

အဖေက ပြုံး၍ပြောသည်။ သို့သော် အဖေ့အပြုံးက မရွှင်လှပေ။ တပည့်ပေါင်း သောင်းခြောက်ထောင်ကို ယဉ်ကျေးရန်၊ သိမ်မွေ့ရန်၊ သွန်သင်ဆုံးမ လမ်းပြခဲ့သော အဖေသည် စရိုက်ကြမ်း၊ အနေကြမ်းသော ကားသမားများ ကြားတွင် အနေရ အထိုင်ရ ကျပ်ဟန်တူသည်။ သို့သော် ပိုက်ဆံကလေး ရလာရင် စားလိုက်ရင်း ကုန်လိုက်ရင်းနှင့်မို့ အရင်းအနှီးလည်း မစုဆောင်းနိုင်။ အလုပ်အသစ်လည်း ပြောင်းလဲပြီး မလုပ်နိုင်ခဲ့ပေ။

"အဖေ"

ဖိုးသောကြာက လှမ်းခေါ်သည်။

"ဘာတုံးကွ"

"မစပ်တဲ့ငရုတ် ရှိလားဟင်"

"အဖေတော့ မကြားဖူးပေါင်ကွာ"

"ရှိရင် စားကြည့်ချင်လိုက်တာဗျာ"

"မစပ်တဲ့ငရုတ်များ ဘာလုပ်ဖို့လဲ သားရယ် …၊ ငရုတ်သီးဖြစ်ပြီး မစပ်ရင် ဒီငရုတ်သီးဟာ တာဝန်မကျေတဲ့ ငရုတ်ပဲ"

"ကြံဖြစ်ပြီး မချိုရင်ကော အဖေ"

ဝတ်ရည်က ကြံခွဲရင်းမှ လှမ်းမေးသည်။

"ကြံဖြစ်ပြီး မချိုရင်လဲ ဒီကြံမှာ ချွတ်ယွင်းချက် ရှိလို့ပဲ၊ ကြံရဲ့ တာဝန်က ချိုဖို့"

"ဒီလိုဆို ရှောက်သီးရဲ့ တာဝန်က ချဉ်ဖို့၊ ကြက်ဟင်းခါးသီးရဲ့ တာဝန်က ခါးဖို့"

ဖိုးသောကြာက နှုတ်ရေးစကားတတ် လုပ်ကာ ဆက်၍ရွတ်သည်။ အဖေက ရယ်နေစဉ် အိမ်နောက်ဖေးမှ အမေ ထွက်လာသည်။ ဖိုသောကြာ၏ စကားကို ကြားတော့ ခပ်ပြုံးပြုံးပင် ဝင်ပြောသည်။

"သားတို့၊ သမီးတို့ တာဝန်က စာကျက်ဖို့၊ ပညာရှာဖို့"

"အမေတို့ အဖေတို့ တာဝန်က ထမင်းချက်ဖို့၊ ပိုက်ဆံရှာဖို့"

ဖိုးသောကြာက အားကျမခံ ထပ်၍ကွန့်သည်။ သူ့စကားကိုသူ ဟုတ်လှပြီဟု သဘောကျ နေသော်လည်း ဝတ်ရည်က သူ့ကို တံတောင်နှင့် တွက်ကာ မျက်စောင်းထိုးသည်။

"ထမင်းချက်ဖို့၊ ပိုက်ဆံရှာဖို့ဆိုရင် နင့်ကို ငွေတသိန်းနဲ့ ထမင်းချက် တစ်ယောက် ပေးမယ်၊ ကဲ ... နင် အဖေနဲ့ အမေနဲ့ လဲမလား"

"ဟ ... ဘာလို့ လဲရမှာလဲ"

ပြုံးတုံးပြုံတဲ ဖြစ်သွားသော ဖိုးသောကြာအား ကြည့်ကာ အားလုံး ရယ်မိကြသည်။ အဖေ၏ မျက်နှာတွင် ထင်ဟပ်နေသော ပင်ပင်ပန်းပန်း၊ နွမ်းနွမ်းနယ်နယ် အရိပ်အရောင်များလည်း အတန်ငယ် ပြေပျောက်သွားသည်။

"မိဘနဲ့ သားသမီးမှာ တာဝန်တွေ ဝတ္တရားတွေ ဘယ်လိုရှိတယ်၊ ဘယ်ညာရှိတယ် ဆိုတဲ့ သတ်မှတ်ချက် တွေတော့ ရှိတာပေါ့လေ၊ ဒါပေမယ့် ဒါတွေထက် အရေးကြီးတာက တန်ခိုး အင်အားကြီးတာက စေတနာနဲ့ မေတ္တာပါ"

အဖေက ခပ်တိုးတိုး ပြောသည်။

"မိဘမေတ္တာကို ကိုယ်ကိုယ်တိုင် မိဘဖြစ်လာတဲ့ တနေ့ကျမှ နားလည်မှာပဲ သားတို့ သမီးတို့ရေ"

အမေက ဝတ်ရည်၏ လက်ထဲမှ ဓားကိုလှမ်းယူကာ ကြံဆစ်ပိုင်း အပိုင်းလေးတွေ ရအောင် ဖိကြိတ်ပြီး လှီးဖြတ်သည်။ ဓားက တုံးနေတော့ တိတိရိရိ မပြတ်ချင်ပေ။ နွဲ့ရည်သည် အမေ့လက်ချောင်း ပိန်ပိန်လေးများကို ငေးကြည့်နေမိသည်။ အမေ့ လက်ကလေး များသည် ဘယ်တော့မှ

အလုပ်နှင့်ပြတ်သည် ဟူ၍မရှိ။ အိပ်ချိန်တွင်ပင် အနားမနေရ။ အငယ်ဆုံး၊ အဆိုးဆုံး ညီမလေး ဝတ်မှုန်က "ယားတယ် ... ယားတယ်" နှင့် ဂျီတိုက်လွန်းသောကြောင့် သူ့ကျောပွတ်ပြီး ခပ်သာသာ ကုတ်ပေးနေရ တတ်သေးသည်။

"သားသမီး ခြောက်ယောက်လုံး ဘွဲ့တွေရ၊ ပညာတတ်ကြီးတွေဖြစ်၊ ဟော ... ဘွဲ့ဝတ်စုံတွေ ကိုယ်စီဝတ်ပြီး အမေကလဲ ပုဝါကြီးခြုံလို့ ဓာတ်ပုံတွဲရိုက် လိုက်ရရင် သေပျော်ပြီ ကလေးတို့ရေ"

"ဖြစ်လာရမှာပေါ့ကွာ"

အမေက မျှော်လင့်တကြီး ပြောသည်။ အဖေက နှစ်သိမ့်စကား ဆိုသည်။ အသက်ကို ဝဝရှူကာ ခါးကိုမတ်၊ ပခုံးကို မြှင့်ထားလိုက်သော အဖေ့ ရုပ်သွင်သည် နွံ့ရည်မျက်စိထဲတွင် စွဲသွားသည်။ ဘယ်တာဝန်တွေ ဘယ်လောက်ပိပိ၊ ဘယ်လောက်လေးလေး၊ ငါတို့ နိုင်အောင် ထမ်းမယ်ကွဟု ကြွေးကြော် နေသယောင် ရှိလေသည်။

"ကဲ ... ပြောစမ်း ဖိုးသောကြာ၊ ငါ့သားက ကြီးရင် ဘာလုပ်မှာလဲ"

"စစ်တိုက်တဲ့ ဗိုလ်ကြီးဗျ"

"သမီး ဝတ်ရည်ကရော"

"စာသင်တဲ့ ဆရာမ"

အမေက နွဲ့ရည်ကို လှမ်းကြည့်သည်။ ထိုနောက် ပြုံး၍မေးသည်။

"ကဲ ... ငါ့သမီးကြီး နွဲ့ရည်ကရော ... ဘာလုပ်မှာလဲ"

"အင်ဂျင်နီယာ"

နွဲ့ရည်က အမေ့ကို မော်ကြည့်ကာ တိုးတိုးဖြေလိုက် လေသည်။

* * *

-------

ဆက်ရန်

## မစပ်သော ငရုတ် (မစန္ဒာ) အပိုင်း ၂

-----------------------------------

"လုပ်ချင်တာလဲ မလုပ်ရပါ၊ မလုပ်ချင်တာတွေလဲ လုပ်ရတာ၊ ဟောဒီမောင် ကီလီစျေးမှာလေ၊ ဟိုဒီပြေးလို့ကွယ့် ပိုက်ဆံရှာ၊ အဲဒါ … အဲဒါ … အဲ … ဒါ … ဘဝ …သံသရာ"

ကိုကြာရိုး၏ အသံက မန္တဲ့ရည်ကို လှုပ်၍ နှိုးလိုက်သည်ကဲ့သို့ ရှိသည်။ မန္တဲ့ရည်သည် မျက်တောင် တဖျပ်ဖျပ်ခတ်ရင်း သူ့မျက်စိရှေ့မှ ကိန်းဂဏန်းများကို စူးစိုက်၍ ကြည့်လိုက်သည်။

ဆွာမိ … … … ငါးကြင်းပေါက်     ၁၀- ပိဿာ

မအေးညွှန့် …. ငါးမြစ်ချင်း(ကြီး)  ၁၂- ပိဿာ

ဦးထူး … … … ငါးမြစ်ချင်း(သေး) ၁၅- ပိဿာ

ဒေါ်လှရင် …   ငါးခေါင်းပွ          ၁၀- ပိဿာ

မန္တဲ့ရည်က ကိန်းဂဏန်းများကို ဆက်ဖတ် မနေတော့၊ ဂဏန်းတွက်စက် ကလေးကိုသာ ကောက်ကိုင်လိုက်သည်။ တစ်ခုချင်းရေးပြီး တွက်သွားတော့သည်။ ငါးတွေက အချိန်ကိုသာ ရေးထားသည်၊ စျေးနှုန်းကိုတော့ မသတ်မှတ်ရသေး။ ငါးယူသွားသော ငါးသည်တွေကလည်း ငါးကိုသာ ယူသွားသည်။ ငွေကို မပေးချေသေး။ မနေ့မနက်က ဒီငါးတွေယူသွားပြီး ဆိုင်ရာဆိုင်ရာ စျေးတွင် ရောင်းပြီးကြပြီမို့ သူတို့

လက်ထဲတွင်လည်း ငွေရပြီဖြစ်သည်။ နက်ဖြန်မနက်လာလျှင် သူတို့သည် မနဲ့ရည် သတ်မှတ်သောဈေးနှင့် မနေ့ကငါးဖိုးငွေကို ချေပြီး နောက်ထပ်ငါးများကို ယူသွားကြမည် ဖြစ်သည်။ ငါးလောကတွင်တော့ အကြွေးမပေး၍လည်း မဖြစ်၊ လက်ငင်းချေစနစ်နှင့်သာ ရောင်းလျှင်လည်း ဒီငါးတွေ တောင်ပုံ ရာပုံကို မြန်မြန်ထက်ထက် ရောင်း၍ ပြီးနိုင်မည်မဟုတ်။ ဒီတော့ ယုံကြည်မှုကို အရင်းခံပြီး အလုပ်လုပ်ရသည်။ တချို့ကတော့ ညစ်သည်။ ဒီနေ့ ဒီဒိုင်တွင် ငါးယူသွားပြီး နောက်တနေ့ကျတော့ ဟိုဘက်ဒိုင်မှာ သွားဝယ်သည်။ ပိုက်ဆံကို မဆပ်တော့ပဲ ရှောင်သည်။

ရန်ကုန်ဈေးတွေက ယူရသော ငါးအချိန်မှာ ဆယ်ဂဏန်းတွေမို့ တော်သေးသည်။ အကြွေး မရသော်လည်း ရာဂဏန်း၊ ထောင်ဂဏန်းသာ ဖြစ်သည်။ နယ်သမားတွေ ကျတော့ ပိုဆိုးသည်။ အချိန်က ရာဂဏန်း၊ ထောင်ဂဏန်း ဖြစ်သည်။ ဒီတော့လည်း အကြွေးငွေက ထောင်ဂဏန်း မက၊ သောင်းဂဏန်းထိ ရောက်သည်။ ဈေးသမားတွေလို ဒီနေ့ပေး၊ နောက်နေ့ရှင်း စနစ်နှင့်လည်း မဟုတ်၊ ငါးများကိုသာ ကုန်တင်ကားနှင့် တိုက်၍ တိုက်၍ သယ်သွားသော်လည်း ငွေကိုတော့ တော်တော်နှင့် မရှင်းတတ်။

"မအေးပေး ဒူးရင်းသီးသည်၊ တစ်ခြင်းအစိတ် ဆိုလို့ တန်လှချည်ကလား ဆိုပြီး ဝယ်မိပါတယ် ... ချီးမှပဲ၊ ခုအထိ တစ်လုံးမှ မကောင်းသေးဘူး၊ နလဲနသေး၊ ရေကလဲ ဝင်သေး၊ ဒီမှာ ကြည့်ပါဦးကွာ၊ စားကြည့်လိုက်ရင် ရေအတိုင်းပဲ၊ ရေကမှ သူ့ထက် ချိုဦးမယ် ထင်တယ်"

ရယ်သံများကို ကြားရသည်။ ပုစွန်ပွဲစား ကိုလှဝေ၏အသံ ဖြစ်သည်။ မနွဲ့ရည်လည်း ရယ်ချင်သွားသည်။ ဒူးရင်းသီး ဆယ်လုံးပါသော ခြင်းတစ်ခြင်းကို အစိတ်ဟုဆိုတော့ တစ်လုံး နှစ်ကျပ်ခွဲသာ ကျသည်။ ကောင်းမည် ချိုမည်သာ ဆိုလျှင် တန်လိုက်မည့် ဖြစ်ခြင်း။

"အချင်းချင်းတွေကိုကွာ၊ ချီး ... မကောင်းရင်လဲ မကောင်းဘူး ပြောရောပေါ့၊ ဟင်း ...လာပလေ့စေ၊ ငါ့ဆီကိုလာပြီး ပုစွန်လေး ဟင်းစား ရောင်းပါဦးဆိုမှ အပုပ်တွေ ရောင်းလိုက်အုံးမယ်"

"ရှင့် ပုစွန်ပုပ်ကို ဝယ်ပါလိမ့်မယ် အားကြီး၊ ငါးတွေ ပုစွန်တွေက ဒူးရင်းသီးလို အခွံဖုံးမထားဘူးရှင့်၊ ကြည့်လိုက်ရင် အသိသာကြီး"

"ချီး ... တစ်လုံး တစ်ဆယ်တန် ဝယ်စားလိုက်ရ ကောင်းသား၊ အဲဒါကမှ ကောင်းဦးမယ်၊ ငွေကုန်ရကျိုး နပ်ဦးမယ်"

"တစ်ဆယ်နဲ့ နှစ်ကျပ်ခွဲ ဒီလောက် စျေးကွာနေမှ ရှင်က ဘာလို့ နှစ်ကျပ်ခွဲတန် ဝယ်သေးလဲ၊ အပေါစားလိုက်တာကိုး၊ ခံပေါ့"

တစ်ယောက်တစ်ပေါက် အသံများကို ကြားရသည်။ ဒူးရင်းသီးနံ့ကလည်း ငါးညှီနံ့နှင့်အတူ ရောပြီး ဝေ့ဝဲနေသည်။ ဒီငါးစိမ်းတန်းထဲတွင် ငါးညှီနံ့ကတော့ ဘယ်တော့မှ ပျောက်မည်မဟုတ်။ ငါးတွေ ပုစွန်တွေကို ဒီ ရုံကြီးထဲတွင် တောင်ပုံရာပုံ ပုံပြီး ရောင်းခဲ့သည်မှာ နှစ်ပေါင်းများစွာ ကြာလေပြီမို့ အောက်ခင်း သမံတလင်းကြမ်းတွင်သာမက နံရံတွေ၊ ထုပ်တန်းတွေ၊ ခေါင်မိုးတွေမှာပါ အညှီနံ့က စွဲနေပြီဖြစ်သည်။ အညှီနံ့ စွဲနေသော၊

မီးမှိန်မှိန်လင်းသော၊ ရေခဲခွဲသံ တဂျီးဂျီးနှင့် ဆူညံသော ဒီ ရုံကြီးထဲတွင် မနွဲ့ရည် ကျင်လည်ခဲ့သည်မှာ ငါးနှစ်ခန့် ရှိပေပြီ။ တခါတရံလည်း ရန်ဖြစ်သံကို ကြားရသည်။ ဆဲသံဆိုသံ၊ တိုင်းသံထွာသံများကို ကြားရသည်။ ထိုအသံများကိုလည်း မနွဲ့ရည် နားယဉ်ပြီ၊ ရောမရောက်လျှင် ရောမသားလိုပင် ကျင့်ရမည်မို့ သူကိုယ်တိုင်လည်း အနည်းအကျဉ်းတော့ ဆဲတတ်ဆိုတတ်ပြီ။

"ကျော်ကျော် ... နင် စျေးစနည်းနာ ပြီးပြီလား"

"ပြီးပြီ အစ်မ"

"ငါးမြစ်ချင်း ဘယ်စျေး ဖြတ်သလဲ"

"ဆယ့်လေးခွဲ အစ်မ"

"သူတို့အကောင်တွေက ဒီထက်ကြီးလား"

"ဒီလောက် ပိဿာဝန်းကျင် အကောင်တွေပါပဲဗျာ၊ ယောင်ယောင်လေးတော့ ကြီးမလား မပြောတတ်ဘူး၊ ဒါပေမယ့် သူတို့ငါးက နည်းနည်းပွပြီဗျ၊ ကျွန်တော်တို့လောက် မလတ်ဘူး"

"တို့ငါးက လတ်လိုက်တာ ရဲနေတာပဲ၊ ဒါဆိုရင် စျေးအတူတူပဲ ဖြတ်မယ်"

"အကောင်သေးကတော့ ဆယ့်သုံးတဲ့"

"ဒီလိုဆို တို့အကောင်သေးကို ဆယ့်နှစ်ခွဲပဲ တော်ပြီ၊ ငါးကြင်းကရော"

"ဆယ့်ခြောက်၊ နည်းနည်းသေးတယ်"

"ဒီလိုဆို တို့က နည်းနည်းကြီးတာ ဆယ့်ခြောက်ပေါ့ ဟုတ်လား၊

ခေါင်းပွကတော့ တခြားဒိုင် မဝင်ဘူး ထင်တယ်၊ ဆယ့်တစ်ခွဲပဲ ဖြတ်လိုက်မယ်"

မန္တဲ့ရည်က သူ့ဒိုင်တွင် အလေးမှန်ရမည်၊ စျေးသက်သာရမည် ဟူသော မူကို လက်ကိုင်ထားသည်။ အမြတ်နည်းနည်းနှင့် များများရောင်းသည်။ တနေ့တနေ့ လက်ကျန်ငါး မထားဘဲ အပြတ်ရှင်းပစ်သည်။ စျေးကိုင်၍ထားကာ ယိုင်ပတ်ပြီး ရေခဲလည်း မရိုက်ချင်ပေ။ တကယ့် တကယ်တော့ မန္တဲ့ရည်တို့က တစ်ပိဿာလျှင် ငါးမူးသာ စားရသော ငါးပွဲစားဖြစ်သည်။ ငါးလက်ကျန် များလျှင်လည်း သူနှင့်မဆိုင်၊ နယ်မှပို့၍ ရောင်းသူ နာမည် ဖြစ်လေသည်။ မည်သည့်စျေးနှင့် ဖြတ်ရောင်းရောင်း မန္တဲ့ရည်က သူ့ဒိုင်တွင် တင်၍ ရောင်းပေးခအဖြစ် တစ်ပိဿာလျှင် ငါးမူးရမည် ဖြစ်သည်။ နာစရာရှိလျှင် ရောင်းသူသော် လည်းကောင်း၊ ဝယ်သူသော် လည်းကောင် တစ်ဦးဦးကသာလျှင် နစ်နာမည် ဖြစ်လေသည်။ မန္တဲ့ရည်က ကြားပွဲစားမို့ နာစရာမရှိ။ မန္တဲ့ရည်က ငါးစျေးကို မြှင့်၍ ဖြတ်လျှင်ကား ရောင်းသူက သာသွားမည်ဖြစ်ပြီး နှိမ်၍ ဖြတ်လျှင်ကား ဝယ်သူက သာသွားမည်ဖြစ်သည်။ ဒီတော့လည်း မန္တဲ့ရည်က ကြားမှနေ၍ ရောင်းသူလည်း မနာအောင်၊ ဝယ်သူလည်း မနာအောင်၊ ငါးလက်ကျန်လည်း မရှိအောင်၊ စဉ်းစားပြီး စျေးဖြတ်ရလေသည်။ ကိုယ်စျေးဖြတ် မှားလျှင် နောင်ဆိုလျှင် ကိုယ့်ဒိုင်ကိုလာပြီး ငါးတင်သူလည်း ရှိမည်မဟုတ်။ ငါးဝယ်သူလည်း ရှိမည်မဟုတ်။

"အစ်မ ဘယ်နစ်နာရီ ထိုးပြီလဲ"

"ဆယ်နာရီ ခွဲခါနီးပြီ၊ နင်လဲ နားလိုက်ဦးလေ၊ သွား … အိပ်စင်သုံးခု သွားငှား၊

ဒေါ်နွဲ့ရည်က ငှားခိုင်းတာပါ၊ မပျောက်စေရပါဘူးလို့ ပြောခဲ့"

"ခနဖြုငါး ရောက်ခါနီးပြီ ထင်တယ်၊ ရောက်ရင် ချိန်ရဦးမယ်"

"မသေချာပါဘူးဟာ၊ အဲဒီ သောင်းပြောင်းငါးတွေက ဝင်ချင်တဲ့အချိန်မှ ဝင်တာ၊ တံ့တေးငါးကသာ မွေးမြူရေးငါးမို့ စိတ်ချရတာ၊ ရတဲ့အချိန်လေး အိပ်သာအိပ်၊ ရောက်တော့လဲ ထတာပေါ့"

မနွဲ့ရည် စာရင်း ဆက်တွက်သည်။ တစ်ပိဿာကို ဆယ့်နှစ်ကျပ်ခွဲနှင့် ဆယ့်ငါးပိဿာအတွက် မည်မျှကျသနည်း သိရန် ဂဏန်းတွက်စက်ကို တဂျောက်ဂျောက် နှိပ်ချလိုက်သည်။ ၁၈၇.၅၀ ဟု လင်းကနဲ လက်ကနဲ ပေါ်လာသော ကိန်းဂဏန်းကို ကူးရေးချလိုက်သည်။ တစ်ပိဿာ ဆယ့်လေးကျပ် ဈေးနှင့် ပိဿာနှစ်ဆယ်၏ တန်ဖိုးကို စိတ်တွက်နှင့် တွက်လျှင်ပင် ၂၈၀ မှန်း သိသော်လည်း အကျင့်ပါနေသော လက်က စက်ကိုသာ တဂျောက်ဂျောက် နှိပ်မိသည်။ ၂၈၀ ဟု ပေါ်လာမှ ချရေးလိုက်သည်။ အပေါင်း၊ အနုတ်၊ အမြှောက်၊ အစားများ အတွက် မနွဲ့ရည်သည်သူ့ဦးနှောက်ကို လည်းကောင်း၊ သူ့စွမ်းအားကို လည်းကောင်း မသုံးချင်တော့ပေ။ အခြား နေရာများတွင် စဉ်းစားရလွန်း၊ တွေးတောရလွန်း၊ တွက်ချက်ရလွန်းသော သူ့ဦးနှောက်ကလေးကို သနားပင် သနားမိသေးသည်။ ထို့ကြောင့် ခိုနိုင်သော နေရာတွင်တော့ အပြတ်အသတ် ရေသာခိုသည်။ ဦးနှောက်ကလေးကို တတ်နိုင်သမျှ အနားပေးသည်။

ယခုငါးတွေက တံ့တေးငါးတွေ ဖြစ်သည်။ တံ့တေးမှ "မရီ"နှင့် မနွဲ့ရည်

ဆက်သွယ်မိသည်မှာ မနစ်ကတည်းက ဖြစ်သည်။ ငါးသလောက် ရာသီကုန်ပါက မွေးမြူရေး ရာသီသို့ အလှည့်ရောက်သည်။ ယခင်က ပုလဲနှင့်ငါးဥနက မန္တလေးရည်တို့လို ဒိုင်ကြီးတွေကို ချပေးသော ငါးသလောက်များကို မန္တလေးရည်တို့က နယ်အရပ်အရပ်သို့ ဖြန့်သည်။ ယခုလိုပင် တစ်ပိဿာလျှင် ငါးမူးတင်၍ ပြန်ရောင်းသည်။ ယခုလို မွေးမြူရေးရာသီ ရောက်ပါက ကန်ရှိသော အရပ်မှ ငါးများကို မန္တလေးရည်တို့ စောင့်ရပြန်သည်။ ရန်ကုန်တွင် ဖြန့်ပေးရပြန်သည်။ ယခုလည်း တွံတေးတွင် ကန်များဖော်ပြီ ဖြစ်သည်။ မရီက တွံတေးမှ ကန်တစ်ကန်ကို ချုပ်၍ ဝယ်သည်။ မန္တလေးရည်ဆီသို့ ပို့သည်။

မန္တလေးရည်က သူ့ဒိုင်မှနေ၍ ဖြန့်ရောင်းပေးရသည်။ ရောင်းပေးခအဖြစ် တစ်ပိဿာလျှင် ငါးမူး ပွဲခရသည်။ တစ်ညလျှင် အချိန်တစ်ထောင်လောက် အနည်းဆုံး ရောင်းရသည်မို့ ငါးရာတော့ အနည်းဆုံးကျန်သည်။ တခါတရံလည်း တစ်ထောင်၊ ထောင့်ငါးရာ၊ နှစ်ထောင် ရသည်။ ငါးသလောက် ရာသီတုန်းက ပိဿာချိန် သောင်းနှင့်ချီနေ လေတော့ တစ်ပိဿာ ငါးမူးပင် အမြတ်မယူနိုင်။ တစ်မတ်သာ ယူရပြီး အပြတ်ဖြန့်ပစ်ခဲ့ရသည်။ ငါးမူးမြတ်မည့်အစား တစ်မတ်သာ မြတ်၍ အမြတ်ထက်ဝက် နည်းသော်လည်း မန္တလေးရည်တွင် ငါးတွေ တောင်ပုံရာပုံ ပုံ၍ မနေတော့ပေ။ ငါးလက်ကျန် နည်းခဲ့သည်။ ယိုင် မပတ်ခဲ့ရ။ ရေခဲ မရိုက်ခဲ့ရ။

ငါးပွဲစားဟူသည် အမြတ်ချည်းသာ ရှိသည်။ သူ့အတွက် အရှုံးမရှိ ဟူ၍ကား တွက်၍မရ။ မွေးမြူရေး ရာသီတွင် ငါးလက်ကျန်သည် သူနှင့် မဆိုင်သော်လည်း ရောင်းလိုက်ပြီးမှ ကြွေးမရပါက ကြားမှ ကိုယ်က

စိုက်ရတော့သည်။ ငါးပို့သူကို သူ့အချိန်နှင့် သူ့ငွေနှင့် အတိအကျ ရှင်းရသည်သာ ဖြစ်သည်။ အကြွေးတွေ များပါက ကိုယ်က စိုက်ရပြီသာ မှတ်။ မစိုက်ချင်လျှင် ကြွေးကိုရအောင်သာ တောင်းပေးတော့။ မမှားသော ရှေ့နေ၊ မသေသော ဆေးသမား ဟူသော စကားရှိသည်။ မနွဲ့ရည်က ထပ်၍ ဖြည့်လိုက်ချင်သေးသည်။ ကြွေးမဆုံးဖူးသော ငါးပွဲစားဟူ၍ ဖြစ်လေသည်။

မနွဲ့ရည်ဆုံးသော ကြွေးက များပြီ။ နယ်သမား၊ ရန်ကုန်ဈေးသမား၊ စုစုပေါင်း အကုန် ပေါင်းလိုက်လျှင် ငါးသောင်းခန့် ရှိလေသည်။ ဥက္ကံက ဦးမြင့်သန်း ဆိုလျှင် ကြည့်၊ ငါးသလောက် ရာသီတုန်းက သူသည် မနွဲ့ရည်၏ ဖောက်သည် ဖြစ်သည်။ သူသယ်သွားသော ငါးသလောက်ဖိုးကို စုပေါင်း တွက်ကြည့်တော့ ငွေ ရှစ်ထောင်ဖိုးလောက် ရှိသည်။ သူက ငွေမပေးဘဲ "ကျုပ်တို့ဘက်က အင်းငါးတွေကို ပြန်ပို့ပေးမယ်၊ ချုံတွေ ဖော်တော့လဲ ချုံငါးတွေ ပို့မယ်" ဟု ငါးပေးငါးယူ စကားဆိုခဲ့သည်။ ယခုတော့ကြည့်။ ငါးသလောက်ရာသီ ကုန်ပြီ၊ အင်းဖော်ချိန်၊ ချုံဖော်ချိန် ရောက်ပြီ၊ သို့သော် ဦးမြင့်သန်းကို မတွေ့ရသေး။ သူရန်ကုန် ရောက်လာသည်ဟု ကြားရသော်လည်း ကီလီဘက်သို့ ခြေဦးမလှည့်၊ သူ့ငါးများကို ကြည့်မြင်တိုင် ဈေးတွင် သွား၍ သွင်းသည်ဟု သတင်းရသည်။

မနွဲ့ရည် သက်ပြင်းချသည်။ အခု တွက်နေသော စာရင်းတွေပြီးလျှင် ဦးမြင့်သန်းဆီသို့ ကြွေးတောင်းစာ ရေးရဦးမည်။ စာရေး တောင်း၍မှ မပေးလျှင်တော့ ဥက္ကံတွင် လူချမ်းသာ စာရင်းဝင် တင့်တောင့်တင့်တယ် နေသူမို့ သူ့အရပ်သားများရှေ့တွင် ဆဲမည် ဆိုမည်ကိုတော့ အတန်ငယ်

လန့်နိုင်သည်။ မနွဲ့ရည်လည်း မရလျှင် ရသည့်နည်းနှင့် ကြိုပမ်းရမည်။ အကုန်ရဖို့ကိုတော့ မမျှော်မှန်းရဲ။ ထက်ဝက်ရလျှင် ကျေနပ်ရမည် ဖြစ်လေသည်။

"ဟော့ကောင် ... သက်ထွေး၊ မအိပ်သေးဘူးလား"

"အင်း ... အိပ်ရကောင်းမလား မသိဘူး၊ မျက်စိတွေတော့ ဖန်နေတာပဲ"

"အစ်မက ပြောနေတယ်၊ အိပ်လိုက်ကြဦးတဲ့"

ကျော်ကျော်က သူ့အိပ်စင်ကို ငါးသလောက် တာတွေပေါ် လှမ်းတင်ပြီးမှ ဖြန့်သည်။ ငါးသလောက် တာတွေက နှစ်ပေလောက် မြင့်သည်။ နှစ်လုံးဆင့်ပြီး စီထားတော့ လေးပေခန့် မြင့်ပြီးဖြစ်သည်။ တခါ သူ့အိပ်စင်က နှစ်ပေလောက် မြင့်ပြန်တော့ စုစုပေါင်း ခြောက်ပေခန့် အမြင့်တွင် တက်၍ အိပ်ရခြင်းဖြစ်သည်။

"ဒါမှ လေရှူလို့ နည်းနည်း ကောင်းတယ်၊ ကြမ်းနဲ့ ကပ်နေရင် လေကောင်းကောင်း မရဘူး"

ကိုကြာရိုးကတော့ သူ့ငါးစည်ပေါ်တွင်ပင် သူခွေအိပ်နေပြီ ဖြစ်သည်။ သီချင်း မဆိုတော့။ သက်ထွေးက သမံတလင်းကြမ်းကို ရေလောင်းပြီး တံမြက်လှည်း ပြန်သည်။ သူ့တံမြက်စည်းက ရေတွေက ကြမ်းပေါ်တွင် အိပ်စင်ခင်းပြီး အိပ်နေသော မောင်ဆားကို သွား၍ သွား၍ စဥ်သည်။ မောင်ဆားက

မျက်စိကိုတစ်ဝက် ဖွင့်ပြီး ပြန်၍ အိပ်ပျော်သွားသည်။ မန္တဲ့ရည်လည်း အိပ်ချင်လာပြီ။ စိတ်ကို အခု လျှော့လိုက်လျှင် အခုပင် အိပ်ပျော်သွားမည် ဖြစ်သည်။ ထိုင်လျက်ဖြစ်ဖြစ်၊ မတ်တတ်ဖြစ်ဖြစ်၊ မန္တဲ့ရည် အိပ်တတ်နေပြီ။ သို့သော် အိပ်၍ မဖြစ်သေး။ ကြွေးတောင်းစာလေး ကိုတော့ ပြီးအောင် ရေးလိုက်ဦးမည်ဟု စိတ်ကူးသည်။

ဦးလေး ဦးမြင့်သန်း/

ဦးလေး ရန်ကုန်ရောက်သည်ကို သိရသော်လည်း ကီလီဘက် ခြေဦးမလှည့်၍ ကျွန်မနှင့် မတွေ့ရပါ၊ ဦးလေး သွင်းမည်ဆိုသော ချုံငါး၊ အင်းငါးများကို ကျွန်မ စောင့်နေသည်မှာလည်း ကြာပါပြီ။ ကျွန်မမှာ မိန်းမသားတန်မယ့် ပင်ပင်ပန်းပန်း လုပ်ကိုင်စားသောက် နေရသည်ကို ဦးလေးလည်း အသိပင် ဖြစ်ပါသည်။

မန္တဲ့ရည်သည် စာကို ဆက်မရေးမိဘဲ ငေးနေမိလေသည်။ သူ့ဘေးတွင်သာ ထွန်းထွန်းတစ်ယောက် မားမားမတ်မတ် ရပ်နေလျှင် မည်မျှ ကောင်းလိုက် မည်နည်းဟု တွေးပြီး မျက်ရည် ဝဲချင်လာသည်။ သတိရခြင်း၊ တမ်းတခြင်း၊ ကြေကွဲဝမ်းနည်းခြင်း တို့ကြောင့် နှလုံးသားက ခပ်မြန်မြန် ခုန်လာသည်။ သို့သော် မျက်ရည်တော့ မကျ။ မငိုမိအောင် မရှိုက်မိအောင်လည်း သူ့စိတ်ကို သူထိန်းထားနိုင်သည်။ ဒီလိုဝမ်းနည်းစိတ်၊ အားငယ်စိတ်၊ ကြေကွဲစိတ်တွေကိုသာ ရင်ထဲတွင် တယုတယ လက်ခံထားလျှင် မန္တဲ့ရည်

တစ်ကိုယ်လုံးသည် မျက်ရည်ချောင်းထဲ မျောပါသွားလိမ့်မည် ထင်သည်။

မနွဲ့ရည်က ရင်ထဲမှ ပြောမိသည်။ သူ့တွင် လုပ်စရာတွေ အများကြီး ကျန်သေးသည်။ သမီးလေးကို လူလားမြောက်အောင်၊ ကြီးပြင်းအောင်၊ ပညာတတ်အောင် မွေးရဦးမည်။ သူ့မောင်တွေ ညီမတွေကိုလည်း ဘွဲ့ရအောင် သင်ပေးချင်သေးသည်။ ထို့ပြင် ထွန်းထွန်း၏ မိဘများ၊ သူ့မိဘများ အားလုံးကို မတောင့်မတ မကြောင့်မကြနှင့် မွေးကျေးဖူး၊ ကျွေးကျေးဖူးတွေ ဆပ်ချင်သေးသည်။ ထို့ထက်ပို၍မှ တတ်နိုင်လျှင် တိုင်းပြည်ကြီး ကောင်းကျိုးအတွက် တစ်ဖက်တစ်လမ်းမှ ပါဝင် ကူညီချင်သေးသည်။ နိုင်ငံရေး စကားတွေ တွင်တွင်ပြောကာ တရားဟော လိုက်ချင်သေးသည်။ အလုပ်သမား လူတန်းစားတွေ အသိပညာ မြှင့်ပေးရေး၊ လယ်သမား လူတန်းစားတွေ ကောင်းစားရေး စသည်များကို ဆွေးနွေး လိုက်ချင်သေးသည်။ သို့သော် ... သို့သော် ...။

မနွဲ့ရည်သည် ပင့်သက်ကို အားရပါးရ ရှိုက်၍ ရှူလိုက်သည်။ ပုစွန်ညှီနံ့၊ ငါးညှီနံ့တို့ကို ရှူမိ ရှိုက်မိသော်လည်း ထိုအနံ့များကို သတိမထားမိတော့ချေ။ သူ၏စိတ်က အဝေးသို့ လွင့်ပါးသွားသည်။ ခရေနံ့၊ စွယ်တော်နံ့ ပျံ့ပျံ့သင်းသော စက်မှု တက္ကသိုလ် ကျောင်းတော်ဆီသို့။

* * *

စွယ်တော် ပင်လေးတွေက စည်ပင် အုံ့ဆိုင်းခြင်း မရှိလှသေး သော်လည်း ခရမ်းနုရောင်၊ ပန်းနုရောင် အပွင့်လေးများနှင့် ဝေဝေဆာဆာ ရှိလေသည်။ ဒီနှစ်မှ စက်မှုတက္ကသိုလ် ရောက်လာသော မယ်သစ်လွင်လေး သုံးလေးဦးက စွယ်တော်ပင်လေး အောက်တွင် ရောက်နေကြသည်။ ရှည်လျား ဖားဝေသော အကိုင်းများကို နှိမ့်ချပြီး စွယ်တော် ပွင့်လေးများကို ခူးနေကြသည်။

"မနွဲ့"

ထွန်းထွန်းက ခေါ်သည်။ မနွဲ့ရည် မသိမသာ မော့်ကြည့်လိုက်သည်။ ထွန်းထွန်းက သူ့ထက် သုံးနှစ်လောက် ငယ်သော်လည်း ခေါင်းတစ်လုံးလောက် ပိုမြင့်လေသည်။

"မနွဲ့ ... အဲဒီ ပန်းလေးတွေကို တစ်ခါမှ မခူးဘူးနော်"

"အင်း"

"တစ်ခါမှလဲ မပန်ဘူးနော်"

"အင်း ..."

"မနွဲ့ ပန်း မကြိုက်ဘူးလား"

"ပန်းကို အလှကြည့်ဖို့တော့ ကြိုက်သားပဲ၊ ဒါပေမယ့် ပန်ဖို့တော့ မကြိုက်ဘူး"

"ဘာဖြစ်လို့လဲ"

"တို့က မိန်းမမှ မဆန်တာ၊ လူတစ်ကိုယ်လုံး မိန်းမ မဆန်ဘဲနဲ့ ခေါင်းကျမှ ပန်းကြီး ပန်ထားတော့ အချိုးကျမှာ မဟုတ်ပါဘူး"

နွဲ့ရည်က မှန်ထဲတွင် မြင်ရသော သူ့ရုပ်ကို သူပြန် တွေးကြည့်မိသည်။ အသားက အတန်ငယ် ညိုသည်။ သနပ်ခါးသာ မှန်မှန်လိမ်း၊ မိတ်ကပ်၊ ပေါင်ဒါနှင့် ဖို့လျှင် အဖြူဘက်သို့ ကူးနိုင်သောအသား ဖြစ်သော်လည်း မနွဲ့ရည်ထံတွင် မိတ်ကပ်၊ ပေါင်ဒါ မပြောနှင့်၊ သနပ်ခါးတုံးပင် ကောင်းကောင်းမရှိ။ အရပ်က ခပ်ပျပ်ပျပ်၊ လုံးလုံးကျစ်ကျစ် ဖြစ်သော်လည်း အရောင်မှိုင်းမှိုင်း အင်္ကျီ လုံချည် သုံးလေးထည်ကိုသာ လှည့်၍ ဝတ်တတ်တော့ သူ့အသက်က နဂိုထက်ပို၍ ကြီးသည်ဟု ထင်ရသည်။ ဆံပင်များက နက်မှောင် သန်စွမ်းသော်လည်း အုန်းဆီရွှဲရွှဲ လူးပြီး ကျစ်ဆံမြီး တစ်ချောင်းတည်းကို တင်းတင်းဆွဲ၍ ကျစ်တတ်သည်။ တခါတရံလည်း စုပြီး စည်းသည်။ ဒါ့အပြင် ဘာမှ မလုပ်တတ်၊ လုပ်ချင်စိတ်လည်း မရှိ။ မျက်ခုံးနက်နက်၊ မျက်လုံးလှလှ၊ မျက်တောင်ကော့ကော့၊ စကားပြော ကောင်းသော နှုတ်ခမ်းများက ပါးပါးမို့ မနွဲ့ရည်သည်သာ ပြင်ဆင်လိုက်လျှင် မိန်းကလေး ရှားပါသော စက်မှုတက္ကသိုလ်တွင် အချောအလှ စာရင်းဝင်နိုင်သည်ဟု သူငယ်ချင်း အချို့က ပြောသည်။ သို့သော် သူ့တွင်ရှိသော အလှအပများကို တော်ရုံတန်ရုံနှင့် မည်သူမျှ သတိမပြုမိကြ။ အင်္ကျီမှိုင်းမှိုင်း၊ လုံချည်မှိုင်းမှိုင်းတို့ အောက်တွင် မြုပ်နေလေသည်။ ဒါအတွက်လည်း မနွဲ့ရည် တခါမျှ ဝမ်းမနည်းမိချေ။

"မနွဲ့ ဘာလို့ အလှမပြင်တာလဲ"

"ပြင်စရာ ဘာပစ္စည်းမှ မရှိဘူး"

နွဲ့ရည်က ပွင့်ပွင့်လင်းလင်း ဖြေရင်း ရယ်သည်။ သူ့တွင် အလှပြင်စရာ ပစ္စည်းဆို၍ ဘာမျှ မရှိသည်မှာ အမှန်ပင်။ စက်မှုတက္ကသိုလ် တတိယနှစ် ရောက်လာသည် အထိ တခါမှ မိတ်ကပ် မလိမ်းဖူးသေး၊ နှုတ်ခမ်းနီ မဆိုးဖူးသေး။

"ကျောင်းလာတာ ပညာရှာဖို့ လာတာ မဟုတ်လား၊ အဖေတို့ အမေတို့ အကြောင်းလဲ ထွန်းထွန်း သိသားပဲ၊ တို့ဟာ မချမ်းသာတဲ့အပြင် ဆင်းတောင် ဆင်းရဲပါသေးတယ်၊ ဒီတက္ကသိုလ် တက်နိုင်တာလဲ အဖေရော အမေရော ပညာကို လိုလားလွန်းလို့၊ အားပေးလွန်းလို့၊ နောက်ပြီး စကောလားရှစ်လဲ ရလို့၊ ရိုးရိုးသာဆိုရင် ဘယ်လွယ်လိမ့်မလဲ"

ထွန်းထွန်းနှင့် နွဲ့ရည်သည် အိမ်နီးနားချင်း ရပ်ဆွေရပ်မျိုးများ ဖြစ်သည်။ နွဲ့ရည် တက္ကသိုလ်ဝင်တန်း ရောက်တော့ အဖေက ရန်ကုန်ပြောင်း၍ အခြေချသည်။ ကြည့်မြင်တိုင် မုန့်လက်ဆောင်းကုန်းတွင် အိမ်ကလေးတစ်လုံး ငှားသည်။ အိမ်ရှေ့တွင် အဖီချကာ စုထားဆောင်းထား သမျှသော အရင်းအနှီးများနှင့် စာအုပ်ဆိုင်ကလေး တစ်ဆိုင် ဖွင့်ခဲ့သည်။ အဖေ့ စာအုပ်ဆိုင်နှင့် တွဲလျက် အမေက ခဲတံ၊ ချွန်စက်၊ ပေတံ၊ ဗလာစာအုပ်၊ ဖဲကြိုး၊ ဖဲပြား၊ နိုပ်ကြယ်သီးမှ အစပြု၍ အပ်ချည်လုံး၊ အပ်အထိ တိုလီမိုလီပစ္စည်းလေးများ ရောင်းခဲ့လေသည်။ နွဲ့ရည်တို့ မောင်နမတွေ အားလုံးက ကျောင်းအားလျှင်

အားသလို တစ်လှည့်စီ ဆိုင်ထိုင်ကြသည်။

ပစ္စည်းမစုံလှသေး သော်လည်း ထိုဆိုင်မှရသော ဝင်ငွေနှင့် နွဲ့ရည်တို့ တစ်အိမ်သားလုံး ထမင်းနပ်မှန်အောင်တော့ စားနိုင်ခဲ့လေသည်။ ကြက်သား၊ ဝက်သား အနားသို့ ကပ်နိုင်သည်ကား မဟုတ်၊ ပဲပင်ပေါက်ကြော်နှင့် ငါးပိရည်တို့ကား မှန်မှန်စားနိုင်သည်။ အဖေအမေနှင့် အတူ နွဲ့ရည်တို့ မောင်နှမ အားလုံးသည် ထိုမျှလောက်ဆိုလျှင် ကျေနပ်ပြီဖြစ်သည်။ အဖေ ရိုက်သွင်းထားသော အသိသည် သူတို့ရင်ထဲတွင် စွဲနေသည်။ သူတို့သည် စားဖို့ရန်အတွက် နေသူများ မဟုတ်၊ နေဖို့ရန် အတွက်သာ စားနေခြင်း ဖြစ်သည်။

"ကျွန်တော်ကတော့ ကျောင်းလာတာ အဖေ အမေတွေ အလိုဖြည့် ရတာပါ၊ ကိုယ့်ဟာကိုယ်သာ ဆိုရင် ဝတ္ထုတွေ ကဗျာတွေကို ထိုင်ဖတ်နေမှာ၊ နောက်ပြီး ဝတ္ထုပဲ ထိုင်ရေးနေမှာ၊ ဒီတက္ကသိုလ်က ပညာတတ်လို့ ဘာလုပ်မှာလဲ မနွဲ့ရယ်၊ တကယ့်အသိ၊ တကယ့်ပညာဟာ ဘဝထဲမှာသာ ရှိတာပါ"

ထွန်းထွန်းက စာအုပ်ထဲမှ စကားများကို ရွတ်သည်။ ထွန်းထွန်းသည် အဖေ့ စာအုပ်ဆိုင်မှ ဖောက်သည်တစ်ဦး ဖြစ်သည်။ ထွက်လာသမျှသော အချစ်ဝတ္ထုများကို အကုန်ဖတ်သည်။ သဌေးသမီးနှင့် ထိုသူဌေးအိမ်မှ ကားမောင်းသူတို့ ရကြသည့် ဇာတ်လမ်းမျိုးကို ကြိုက်လေသည်။ ဝတ္ထုထဲကလို နုနုရွရွ၊ လှလှပပ စကားလုံးလေးတွေ ပြောချင်သည်။ သို့သော် သိပ်တော့

မပြောတတ်။

"တက္ကသိုလ်က ပညာလဲ ပညာပဲပေါ့ ထွန်းထွန်းရဲ့၊ ဒီပညာကို အသုံးမကျဘူးရယ်လို့၊ ဒီလိုဆို ဒီတက္ကသိုလ်ကြီးတွေကို ဘာကိစ္စ ဖွင့်ထားမှာလဲ"

"မနွဲ့က တက္ကသိုလ်ပညာကို အထင်ကြီးသလား"

"အထင်ကြီးတာပေါ့၊ ဒီပညာတွေကို လိုချင်လွန်းလို့ အဆင်းရဲခံ၊ အပင်ပန်းခံ၊ ခြိုးခြံချွေတာပြီး ကျောင်းတက်နေရတာ"

ထွန်းထွန်းက နွဲ့ရည်အား အလိုမကျသလို စောင်း၍ကြည့်သည်။

"ဒါကြောင့်ပြောတာ၊ မိန်းမတွေရဲ့နလုံးသားကိုဖွင့်ဖို့ ဒီဂရီသော့၊ ငွေသော့၊ ဂုဏ်သော့ဆိုတဲ့ သော့သုံးချောင်း လိုတယ်လို့"

နွဲ့ရည် ရယ်နေလိုက်သည်။ ကိုယ့်ဟာကို ပညာလိုချင်၍ ပညာရှာနေခြင်းသည် ထွန်းထွန်းပြောသော ဒီဂရီသော့၊ ငွေသော့။ ဂုဏ်သော့တွေနှင့် မဆိုင်။ သို့သော် ပြောမနေချင်တော့၊ နွဲ့ရည်သာ စကားနှင့် ဖိ၍ဖိ၍ပြောလျှင် ထွန်းထွန်း ဘာမှ ပြန်ပြောတတ်မည် မဟုတ်။ နွဲ့ရည် အမြင်အားဖြင့် ထွန်းထွန်းသည် နုနုနယ်နယ် အဖြူခံလေး ဖြစ်သည်။ အဖြူခံလေးကို စကားနှင့်ဖိ၍ မထောင်းချင်။ နွဲ့ရည်ကတော့ အဖေ့သမီး ဖြစ်သည်။

သူနှင့်ရွယ်တူမိန်းကလေးများက အချစ်ဝတ္ထုတွေဖတ်၊ စိတ်ကူးလေးတွေ ယဉ်နေကြချိန်တွင် သူက ဒေါက်တာ ဂျိုဆေရီဇော်တို့၊ ကက်စ်ထရိုတို့၊ ချီဂွေးဗားရားတို့ အကြောင်း ဖတ်နေပြီ ဖြစ်သည်။ ကြိုးပေး သတ်ဖြတ်ခြင်း ခံရသည့် ရုရှ သူရဲကောင်းမလေး ဇိုယာကို အထင်ကြီး အားကျတတ်နေပြီ ဖြစ်လေသည်။ လူလူချင်း နိပ်စက်ကာ လူကျွန်ပြုခံရခြင်းတို့ အကြောင်းကို ရေးဖွဲ့သည်။ စပါးတားကပ်စ်တို့၊ ဦးလေးတွမ်၏ တဲကလေးတို့၊ မန်ဒန်ဂိုးတို့ကို ဖတ်ပြီး ငွေဝယ်ကျွန်စနစ်၊ မြေပိုင်ရှင်စနစ်၊ အရင်းရှင်စနစ်စသည့် စနစ်ဆိုးများ အကြောင်းကို လုံးဝဥဿုံ မပာတ်သော်လည်း အဖေ့ကျေးဇူးနှင့် အတန်အသင့်တော့ တီးမိ၊ ခေါက်မိနေပြီ ဖြစ်လေသည်။ ထို့ကြောင့် တွေ့၊ ကြိုက်၊ ချစ်၊ ကွဲ၊ လွမ်းသော သာမာန် အချစ်ဇာတ်လမ်းများကို နှွဲ့ရည် စိတ်မဝင်စားလှပေ။

အဖေကလည်း သူ့စာအုပ်ဆိုင်ရှိ စာအုပ်ပေါင်း များစွာထဲမှ "သမီးရေ …ဒီစာအုပ်ကလေး ဖတ်ကြည့်စမ်း" ဟူ၍လည်းကောင်း၊ "အရေးကြီးပြီ၊ သွေးစည်းကြစို့ ဆိုတဲ့ စာအုပ်က သမီးတို့လို အင်ဂျင်နီယာ တစ်ယောက်နဲ့ တံတားဆောက်တဲ့ အလုပ်သမားတွေ အကြောင်း ရေးထားတာ၊ ဖတ်ကြည့်စမ်း၊ သိပ်ကောင်းတယ်" ဟူ၍လည်းကောင်း၊ ဖတ်သင့် ဖတ်ထိုက်သော စာအုပ်ကောင်းများ ရွေးပေးတတ်သည်။

"ထွန်းထွန်းကို တို့ဆီမှာ သိမ်းထားတဲ့ စာအုပ်လေးတွေ ပေးဖတ်ရဦးမယ်"

"ဘာစာအုပ်တွေလဲ"

"အစုံပဲပေါ့"

"ဟိုတစ်နေ့က မန္ဒဲ့ ဖတ်နေတဲ့ စာအုပ်မျိုးလား၊ ဘာတဲ့ ...၊ ချီးဝေ့းဗားရား ထင်တယ်"

"အင်း ... ကက်စ်ထရိုတို့၊ ချီးဝေ့းဗားရားတို့၊ ဟိုချီမင်တို့ အကြောင်းတွေပေါ့၊ ဖတ်လို့ သိပ်ကောင်းတယ်"

"သူများ တိုင်းပြည်က အကြောင်းတွေ အသာထားပါဦးဗျာ၊ ဒီက ဗိုလ်ချုပ်အောင်ဆန်း အကြောင်းတောင် အသေအချာ သိသေးတာ မဟုတ်ဘူး၊ ဇူလိုင် ဆယ့်ကိုးရက်နေ့တုန်းက ဆုံးတာ ကိုးယောက်လား ဆယ်ယောက်လားတောင် အသေအချာ မသိလို့ မနေ့တုန်းက လက်ဖက်ရည်ဆိုင်မှာ ထိုင်ငြင်းခဲ့ရသေး"

"အခုရော သိပြီလား"

"ဟား ... ဟား ... ခုထိကို မသိသေးတာ၊ အေးမောင်မောင် ကတော့ ပြောတယ်၊ အာဇာနည်နေ့ နီးပါပြီ၊ အဲဒီတော့မှ သတင်းစာထဲမှာ ကြည့်တာပေါ့တဲ့"

နွဲ့ရည် သက်ပြင်းချမိသည်။ နွဲ့ရည် တွေ့ဖူးသမျှ လူဆယ်ယောက်တွင် ခုနစ်ယောက်လောက်က ဘာအတွက်ကြောင့်များ ပေါ့ပေါ့နေ၊ ပေါ့ပေါ့စား၊ ပေါ့ပေါ့သွား တတ်သူများ ဖြစ်နေရ လေသနည်း။ မြန်မာပြည် လွတ်လပ်ရေး ရခဲ့သည်မှာ ဘာမျှ မကြာသေးပေ၊ ဒီလွတ်လပ်ရေးကြီး အတွက် အသက်တွေ စတေးသွားကြ သူများ၏ သွေးနံ့ပင် မပျောက်သေး၊ လေထုထဲတွင် ဝေ့ပျံ့နေဆဲ

ဖြစ်သည်။ ကိုယ်ထိလက်ရောက် ပါဝင်လှုံ့ဆော် တိုက်ခိုက်ခဲ့ သူများလည်း သက်ရှိထင်ရှား ရှိကြသေးသည်။ သို့ဖြစ်ပါလျက် တက်ခေတ်လူငယ် အများစုသည် လွတ်လပ်ရေး၏ တန်ဖိုးကို မသိကြတော့သည်မှာ ရင်နာဖွယ်ပင် ဖြစ်လေသည်။

ထွန်းထွန်းက စိတ်ဝင်စားဟန် မပြလှ။ နွဲ့ရည်က ပုံဆွဲခန်းများ ရှိရာ တဲတန်းရှည်ကြီးများ ဘက်သို့ လျှောက်လာတော့ ဘေးမှ လိုက်လျှောက်သည်။ စွယ်တော်ပင်လေး အောက်သို့ ရောက်သောအခါ စွယ်တော်ရွက်ကလေး တစ်ရွက်ကို လှမ်းခူးသည်။ နွဲ့ရည်ကို ပြသည်။

"ဒီမှာလေ ... နှစ်လွှာပေါင်းမှ တစ်ရွက်ဖြစ်တဲ့ အသည်းပုံ စွယ်တော်ရွက်လေး၊ ဓာတ်ခွဲခန်းထဲ ဝင်ပြီး ကလိုရင်းနဲ့ အရောင်ချွတ်ကြည့်ဦးမယ်၊ ရမလား မသိဘူး"

နွဲ့ရည် ရယ်ချင်သွားသည်။ ထွန်းထွန်း လှမ်းပေးသော စွယ်တော်ရွက်ကလေးကို အလိုက်သင့် လှမ်းယူပြီး စာအုပ်ကြားထဲ ညှပ်ထားလိုက်သည်၊ ဘာမှ ပြောမနေချင်တော့။

"ကဲ ... သွားမယ်၊ ထွန်းထွန်းရော အတန်း မရှိဘူးလား၊ တို့တော့ သရီးအိုတူး တစ်ချိန်ပဲ ကျန်တော့တယ်။ ပြီးမှ မက်ရှင်း ဒီဇိုင်းတွေ ဆွဲမယ်၊ အတန်းပြီးရင်တော့ နံရံကပ်စာစောင် အတွက် ကိုမိုးကျော်တို့နဲ့

ဆွေးနွေးရဦးမယ်၊ ထွန်းထွန်း တို့အိမ်ရှေ့ရောက်ရင် အော်ပြောခဲ့ပါဦး၊ ဒီနေ့ ကျောင်းမှာ ကိစ္စရှိလို့ နည်းနည်း နောက်ကျမယ်လို့ ... နော်"

ထွန်းထွန်းက သူ့လက်ထဲမှ တီစကွဲယားကို ပခုံးပေါ် ထမ်းလိုက်ရင်း ရယ်လေသည်။

"ကျွန်တော်က မနွဲ့ထက်တောင် နောက်ကျဦးမှာ"

"ဘာလုပ်စရာရှိလို့လဲ"

"သမ္မတရုံမှာ ဂျိမ်းစ်ဘွန်း ကောင်းတယ်တဲ့ဗျ"

"ကောင်းကွာ"

နွဲ့ရည် ဘာမှ မပြောတော့။ "သွားမယ်" ဟု နှုတ်ဆက်ကာ ရေနံသုတ်ထား၍ အမည်းရောင် ဖြစ်နေသော တဲတန်းရှည်ကြီး ဘက်သို့ ထွက်လာသည်။ အခန်းထဲတွင် လူက ပြည့်နေသည်။ ဆရာတော့ မလာသေးပေ၊ နွဲ့ရည်က အခန်းထဲ မဝင်သေးဘဲ အရှေ့ဘက်သို့ ပန်း၍ လျှောက်သွားသည်။ ရှေ့ဆုံးခုံတွင် ခင်ခင်ထွေးနှင့် အေးအေးလှတို့ ထိုင်နေကြသည်။ ခုံတန်းရှည်ကြီးတွင် နှစ်ယောက်တည်း ထိုင်နေတော့ ဘေးဘက်တွင် နှစ်ယောက်စာ၊ သုံးယောက်စာလောက် လွတ်နေသေးသည်။ စက်မှုတက္ကသိုလ်တွင် မိန်းကလေးက အတော်လေး ရှားပါးနေသဖြင့် ဝိဇ္ဇာသိပ္ပံ တက္ကသိုလ်လို အတန်း အကူးအပြောင်းတွင် နေရာ အခက်အခဲ မရှိလှ၊

အပြေးအလွှား နေရာဦးစရာ မလို၊ လူနည်းစုဖြစ်သော မိန်းကလေး အနည်းငယ်အတွက် ရှေ့တန်းတွင် နေရာချန်ထားမြဲ ဖြစ်သည်။

"နင် ဘယ်သွားနေတာလဲ"

ခင်ခင်ထွေးက ဆီးမေးသည်။

"မသွားပါဘူး။ ထွန်းထွန်းနဲ့ တွေ့လို့ ရပ်ပြီး စကားပြောနေတာ"
"တွေ့ပါတယ် နင်တို့စုံတွဲကို၊ စွယ်တော်ပင် အောက်မှာ"
"ဟယ် … မဟုတ်မဟတ်၊ ဘယ်ကလာ စုံတွဲရမှာလဲ၊ ငါ့မောင်လေးဟဲ့"

နွဲ့ရည်က မျက်လုံးပြူးသွားသည်။ ကိုယ့်ကိုကိုယ် ရှက်သည်ဟု မထင်လိုက်မိသော်လည်း မျက်နှာတစ်ပြင်လုံး ရှိန်းကနဲ ပူသွားလေသည်။

"ဘာလဲ၊ ဘဂ်လား မောင်လေးလား"

ခင်ခင်ထွေးက နွဲ့ရည်ကိုကြည့်ကာ ရယ်နေသည်။

"နင်တို့ ရပ်ပြီး စကားပြောနေတော့ ကိုခင်ထွန်းကြီးဆို လှည့်ကြည့် လှည့်ကြည့်နဲ့၊ မျက်စိမျက်နှာကို ပျက်လို့၊ သနားပါတယ်"

"အေးလေ ကိုခင်ထွန်းဆိုရင် ဘယ်လောက် သဘောကောင်းသလဲ၊ စာလဲ တော်တယ်၊ နောက်ပြီး ချမ်းလဲ ချမ်းသာတယ်"

"ငါကတော့ အဲဒီလို ချမ်းသာလို့ကို မကြိုက်တာ"

"ဘာလို့ မကြိုက်တာလဲ"

"ငါက ဆင်းရဲတာကိုး ...။ အဲဒါကြောင့်"

ခင်ခင်ထွေးရော၊ အေးအေးလှပါ နွဲ့ရည်ကို နားမလည်နိုင်သလို ကြည့်နေကြသည်။ ချမ်းသာခြင်းကို မကြိုက်သောသူ မရှိ။ စည်းစိမ်ချမ်းသာကို လူတိုင်း မက်မောကြ၊ တောင့်တကြသည်။ နွဲ့ရည်လည်း လူထဲက လူတစ်ယောက်မို့ ချမ်းသာခြင်းကိုတော့ ကြိုက်သည်ပင်။ သို့သော် လူတစ်ယောက်မို့ ချမ်းသာသည့်လူကို ယူပြီး ငွေပုံပေါ် အဆင်သင့် ရောက်သွားခြင်းမျိုး ကိုကား မကြိုက်၊ ချမ်းသာသော အသိုင်းအဝိုင်းသို့ ခေါင်းလေး လျှိုဝင်ပြီး မျက်နှာအငယ် မခံချင်။ နွဲ့ရည် ချမ်းသာချင်သည်။ ကိုယ့်လုပ်အားနှင့်ကိုယ် ချမ်းသာအောင် လုပ်မည်။

"ဒီလိုဆိုရင် နင်က ဆင်းရဲတဲ့သူကိုပဲ ကြိုက်မယ်ပေါ့"

"အေးပေါ့"

"အဲဒါဆိုရင်တော့ ဟိုလမ်းသရဲလေးက အရေးသာနေပါပြီ"

"ဘယ် ... လမ်းသရဲလေးလဲ"

"ထွန်းထွန်းလေ"

နွဲ့ရည် မခံချင် ဖြစ်သွားသည်။ ထွန်းထွန်းသည် ခပ်ပျော့ပျော့၊ ခပ်ပေါ့ပေါ့ နေတတ်သော်လည်း လမ်းသရဲတော့ မဟုတ်။ ကဗျာဖတ်သည်၊ ဝတ္ထုဖတ်သည်၊ ဂစ်တာခေါက်သည်၊ ဒါ့အပြင် မည်သူ့ကိုမှ အနှောင့်အယှက် ပေးခြင်း မရှိ။

"ထွန်းထွန်းက လမ်းသရဲ မဟုတ်ဘူး"

"ဟော ... ကြည့် ... ကြည့် စိတ်ဆိုးပြီ၊ နင်နဲ့ မဆိုင်ဘူးဆို၊ ဘာလို့ စိတ်ဆိုးရတာလဲ"

နွဲ့ရည်၏ မျက်နှာသည် ရှိန်းကနဲ ပူသွားပြန်သည်။ လှလှထွေးတို့က ကြိတ်၍ ရယ်နေသည်။ စက္ကူမြားလေးများက လေထဲတွင် ဝဲပျံနေသည်။ "ကိုခင်ထွန်းရေ အားမလျှော့နဲ့၊ ကြိုးစားဗျ" ဟု ရယ်မောပြီး နောက်ပြောင်သံကို ကြားလိုက်ရသလိုလို ရှိသည်။ သူနှင့် ထွန်းထွန်း၏ ခင်မင်မှုသည် သာမန်အဆင့်ထက် မကျော်ပေ။ သို့သော် အဘယ့် အတွက်ကြောင့် ပြောချင်၊ ဆိုချင်၊ နောက်ချင်ကြပါသနည်း။

"ဟော ... ဆရာ လာပြီ"

ဆရာ ဝင်လာတော့ ကျွက်စီကျွက်စီ ဖြစ်နေသော စကားသံများ ငြိမ်ကျသွားသည်။ ဝဲပုံနေသော စက္ကူမြားများ ချက်ချင်း ပျောက်သွားသည်။ ဆရာက ကျောင်းခေါ်ချိန် စာအုပ်ကို ဖွင့်ကာ နံအမှတ်များ ခေါ်သည်။ အတန်းတက်သူ၊ မတက်သူများကို စစ်ဆေးသည်။ နွဲ့ရည်က စာအုပ်ကို တဖျပ်ဖျပ် လှန်လိုက်သည်။ စာအုပ်ကြားထဲတွင် ခိုးလိုးခုလု ဖြစ်နေသော အရာဝတ္ထုလေး တစ်ခုက လျှောကနဲ ထွက်ကျလာသည်။ စွယ်တော်ရွက်ကလေး တစ်ရွက်၊ ခုနတုန်းက ထွန်းထွန်း ပေးလိုက်သော စွယ်တော်ရွက်ကလေး ဖြစ်လေသည်။ နှစ်လွှာပေါင်းမှ တစ်ရွက်ဖြစ်တဲ့၊ အသည်းပုံ စွယ်တော်ရွက် ကလေးလေဟု ပြောလိုက်သံကို ပြန်ပြီး ကြားယောင်မိသည်။ သူဘာလို့ ငါ့ကို ဒီစွယ်တော်ရွက်ကလေး ပေးလိုက်တာလဲဟု အတွေးက ဆက်မိတော့ ရင်ခုန်သံ နည်းနည်းမြန် လာလေသည်။

"ဟော့ … နင့်ခုံနံပါတ် ခေါ်နေပြီ"

"ပရဲဆင့်"

နွဲ့ရည်က ကယောင်ကတမ်း ထအော်လိုက်သည်။ သူ့အသံက လိုအပ်သည်ထက် ပို၍ ကျယ်သွားသဖြင့် ဆရာက မသိမသာ လှမ်းကြည့်သည်။ နွဲ့ရည်ကတော့ ရင်ခုန်နေဆဲ။ ထွန်းထွန်းကို သူ ခင်မင်သော်လည်း အထင်မကြီး။ ကိုခင်ထွန်းကျတော့ အထင်ကြီးသော်လည်း သိပ်မခင်။ ကိုခင်ထွန်းက သူ့ကို စိတ်ဝင်စားနေကြောင်း သူသာမက အားလုံး သိကြသည်။ ထွန်းထွန်းကတော့ သူ့ထက် ငယ်သည်။ သူ့ကို စိတ်ဝင်စားလိမ့်မည် ဟုလည်း သူ မထင်ခဲ့။

"အံမာ … စွယ်တော်ရွက်တွေ ဘာတွေ စာအုပ်ကြားညှပ်လို့၊ နွဲ့ရည် နင် ဘယ်လို ဖြစ်နေတာလဲ"

ခင်ခင်ထွေးက နွဲ့ရည်၏ စာအုပ်ကြားထဲမှ စွယ်တော်ရွက် ကလေးကို ကြည့်ကာ ရယ်ပြန်သည်။ နွဲ့ရည်က စွယ်တော်ရွက်ကို လှမ်းယူသည်၊ ဆုတ်ပစ်လိုက်မည် စိတ်ကူးသည်။ အသေအချာ ကြည့်တော့ အသည်းပုံ သစ်ရွက်လေးက ချစ်စဖွယ်ပင်။ စာအုပ်ကြားတွင် အသားမသေသေး သော်လည်း ပြန့်ပြန့်ရန့်ရန့် ဖြစ်နေသည်။ နွဲ့ရည် သက်ပြင်းချသည်။ စွယ်တော်ရွက် ကလေးကို စာအုပ်ကြားထဲသို့ အသာလေး ပြန်ညှပ်ထား လိုက်သည်၊ ဆုတ်မပစ်ရက်။

နွဲ့ရည် ဆုတ်မပစ်ရက်ခဲ့သော စွယ်တော်ရွက် ကလေးသည် အခုတော့ စာအုပ်ကြားထဲတွင် ခြောက်နေပြီ ဖြစ်လေသည်။ ယှက်ဖြာနေသော အကြောလေးများလည်း အထင်းသား ပေါ်နေသည်။

"သမီးတို့ စာစောင်လေးက ကာတွန်းလေးတွေက မဆိုးဘူးကွ၊ အတွေးအခေါ်ရော လက်ရာရော စံချိန်မီတယ်၊ နောက်ပြီး ဟောဒီ 'နတ်ကလေး' ဆိုတာက ဘယ်သူလဲ၊ သူရေးတာလေးတွေက ဟာသလဲ မြောက်တယ်၊ ထိလဲထိတယ်"

အဖေက စက်မှုစာစောင်လေးကို ဖတ်ကာ ရယ်နေသည်။ နွဲ့ရည်တို့ စက်မှုဌာနက ထုတ်သော စာစောင်လေး ဖြစ်လေသည်။ တစ်ပတ်တစ်ခါ ထုတ်သည်။ တစ်စောင်လျှင် ဆယ်ပြားဖြစ်သည်။ လက်ရေးနှင့်ရေးကာ ပုံကူးစက်နှင့် လှည့်ထုတ်သော စာစောင်လေးများ ဖြစ်လေသည်။ ကျောင်းသားကျောင်းသူ အများကလည်း အားပေးကြသည်။ ကျောင်းအတွင်း၌ ဖြစ်နေပျက်နေသော အဖြစ်အပျက် အစုံကို ဟာသလေးနှော၍ ပြန်လည် တင်ပြထားသော သတင်းစာဆန်ဆန် သတင်းစဉ်လေး ဖြစ်သောကြောင့် သဘောကျ နှစ်ခြိုက်ကြသည်။

"အဲဒီ နတ်ကလေးကတော့ ကျောင်းမှာ ဇာတ်လိုက်ပဲ အဖေရ၊ မိန်းကလေးတွေကလဲ သူဘယ်သူလဲ ဝိုင်းမေးနေကြတာ၊ လျှို့ဝှက်ထားရတယ်၊ သူက စစ်စစ်ပေါက်ပေါက် မြင်တတ် ရေးတတ်တယ် မဟုတ်လား"

"ဒိပြင်ဌာနတွေကရော ဒီလို သတင်းစဉ်မျိုးလေးတွေ မထုတ်ဘူးလား"

"မထုတ်ဖြစ်ကြဘူး အဖေရဲ့"

စက်မှုတက္ကသိုလ်တွင် မြို့ပြ၊ ဓာတု၊ စက်မှု၊ ချည်မျှင်နှင့် အထည်၊ ဗိသုကာ၊ လျှပ်စစ် စသည်ဖြင့် ဘာသာရပ်များ ကွဲပြားသေးသည်။ သို့သော် အားလုံးထဲတွင် နွဲ့ရည်တို့ စက်မှုဌာနက လူပ်ရှားမှု အများဆုံး ဖြစ်သည်။ မိန်းကလေးလည်း အနည်းဆုံး ဖြစ်လေသည်။ စက်မှုတွင်ပင် ဘာသာရပ်များ ထပ်၍ခွဲရာ နွဲ့ရည်က စက်မှု(စိုက်ပျိုးရေး) ကို ယူခဲ့သည်။ အဖေကလည်း အားပေးသည်။ "အဖေတို့ နိုင်ငံက လယ်ယာစိုက်ပျိုးရေး နိုင်ငံကွ၊

စိုက်ပျိုးရေးဘက်ဆိုင်ရာ စက်မှုပစ္စည်းတွေ ကတော့ လိုပြီးရင်း လိုရင်း နေမှာ" ဟု ပြောခဲ့လေသည်။

"မနေ့တုန်းက သမီးတို့က စိုက်ပျိုးရေးယူတဲ့ ကျောင်းသူသုံးယောက် လယ်ထွန်စက်ကြီး ပေါ်မှာ ဓာတ်ပုံရိုက်ရတယ်၊ ရှေ့လထဲ ထည့်ဖို့တဲ့၊ သိလားအဖေ"

နွဲ့ရည်က စွယ်တော်ရွက် ကလေးကို စာအုပ်ကြားထဲသို့ အသာလေး ပြန်ညှပ်ထားလိုက်သည်။ ဘာဖြစ်လို့များ ဒီစွယ်တော်ရွက် ကလေးကို မကြာခဏ ကြည့်မိသည် မသိ၊ ကြည့်မိတိုင်းလည်း ထွန်းထွန်းကို သတိရသည်။ ခင်ခင်ထွေးတို့ ပြောသော ဘင်္ဂလား မောင်နှမလား ဟူသည့် စကားကို ကြားယောင်သည်။

"မြန်မာပြည်ရဲ့ ပထမဆုံးသော အမျိုးသမီး စက်မှု အင်ဂျင်နီယာကြီးတွေလေ ဦးလေးရဲ့"

ထွန်းထွန်းက အိမ်ထဲသို့ လှမ်းဝင်လာသည်။ ခုတလော ထွန်းထွန်းတစ်ယောက် နွဲ့ရည်တို့အိမ်သို့ မကြာခဏ လာဖြစ်သည်။ စာအုပ်ငှားရင်း၊ စာအုပ်ပြန်ပေးရင်း၊ မသိနားမလည်သော စာကို လာမေးရင်းနှင့် အကြောင်းကိစ္စတွေ ကတော့ များသည်။ နွဲ့ရည်ကလည်း အတန်ငယ်တော့ စေတနာပိုမိသည် ထင်သည်။

သူက စတုတ္ထနှစ် ရောက်ပြီမို့ ဒုတိယနှစ် သင်ခန်းစာများကို အတန်ငယ် မေ့ချင်ချင် ဖြစ်နေပြီ၊ သို့သော် ထွန်းထွန်းအတွက် ပြန်လည်လေ့လာရန် ဝန်မလေး၊ ကျက်ရလွယ်အောင် မှတ်ရလွယ်အောင် အတိုကောက်မှတ်စုများ၊ ပုံသေနည်းများ ထုတ်ပေးရန်လည်း ဝန်မလေးခဲ့ပေ။ ခင်ခင်ထွေးကမူ "ငါတော့ သဘောမတူ ပါဘူးဟယ်" ဟူသောစကားကို မကြာခဏ ပြောသည်။ နွဲ့ရည်ကလည်း စိတ်တိုတိုနှင့် "နင် သဘောမတူရအောင် ငါတို့က ဘာဖြစ်သေးလို့လဲ" ဟု နှုတ်လှန်ထိုးမိသည်။ ခင်ခင်ထွေးက စကားအကျ ကောက်ကာ "ဘာဖြစ်သေးလို့လဲ ဆိုတော့ ဖြစ်တော့မယ်ပေါ့၊ ဟုတ်လား" ဟု ပြုံးစိစိနှင့် ပြောခဲ့သည်။ နွဲ့ရည် ဘာပြန်ပြောရမည် မသိခဲ့။ "ဘယ်တော့မှ မဖြစ်ဘူးဟေ့" ဟု ခုနစ်သံချီကာ အော်လိုက်ချင်သော်လည်း မအော်ဖြစ်ခဲ့၊ သူ့ကိုယ်သူ ကောင်းစွာ မသေချာသောကြောင့် ဖြစ်သည်။

"စာအုပ်ကောင်းတွေ ရှိရင် ပေးပါဦးဗျာ"

ထွန်းထွန်းက သူ့လက်ထဲမှ စာအုပ်ကို လှမ်းပေးရင်း ပြောသည်။ နွဲ့ရည်ဆီမှ ငှားသွားသော "မြန်မာပြည်သား" ဝတ္ထုစာအုပ် ဖြစ်လေသည်။ ထွန်းထွန်းသည် ဝတ္ထုဖတ်မြဲ၊ ကြိုက်မြဲ ဖြစ်သော်လည်း ယခင်တုန်းကလို အချစ်ဝတ္ထု သက်သက်ထက် တစ်စုံတစ်ခုသော ခေတ်၊ တစ်စုံတစ်ခုသော စနစ်အကြောင်း ရေးဖွဲ့သည်များကို ပိုမိုကြိုက်နှစ်သက် လာလေသည်။ ဝတ္ထုကို ဖတ်ရင်း ဝတ္ထုနောက်ကွယ်မှ စာရေးဆရာ၏ အတွေးကို လှမ်းမျှော်ပြီး စဉ်းစားတတ်လာသည်။ ထိုသို့ စဉ်းစားတတ် လာအောင်လည်း နွဲ့ရည်က

သူ့ကို လမ်းပြပေးခဲ့သည်။

"ဒီစာအုပ် ကောင်းတယ်မဟုတ်လား"

"ကောင်းတယ်"

"ရှေးမြန်မာ ကျေးတောသား တစ်ယောက်ရဲ့ ခလေ့စရိုက် မျိုးချစ်စိတ်တွေကို ရေးသွားရင်း သက်ဦးဆံပိုင် ဘုရင်စနစ် အကြောင်းကိုပါ ရေးထားတာ။ ဖတ်ရင်းနဲ့ အဲဒီခေတ် အဲဒီအခါကို ရောက်သွားသလို ခံစားရတယ်နော်"

"ဟုတ်တယ်၊ ကျွန်တော်ဖြင့် ဖတ်ရင်းနဲ့ကို ပေါင်တွေ တင်ပါးတွေ နာလာသလိုပဲ"

"ဘာဖြစ်လို့လဲ"

"ကိုယ်ကိုယ်တိုင် ထိုးကွင်း ဝင်ထိုးနေရသလား အောက်မေ့လို့ပါ"

ထွန်းထွန်းက ပခုံးကို မသိမသာ ကျုံ့ပြရင်း ရယ်နေသည်။ ပက်လက်ကုလားထိုင်နှင့် ထိုင်နေသော အဖေ့ဘေး ကြမ်းပေါ်တွင် တင်ပျဉ်ခွေ၍ ထိုင်သည်။

"မင်းတို့ဒီခေတ်မှာ လူဖြစ်ရတာ ကံကောင်းတယ်၊ ထိုးကွင်း မထိုးရတာကိုဘဲ တော်လှပြီ၊ မင်းတို့လို ပျော့စိပျော့နွဲ့တွေ ဆိုရင် မလွယ်ဘူးဟေ့"

အဖေက ထွန်းထွန်းအား အသေအချာကြည့်ကာ ပြောသည်။ ထွန်းထွန်း၏ ဆံပင်က ကုတ်ထောက်လောက် အထိ ရှည်သည်ကို အဖေမကြိုက်ပေ။ အရပ်မြင့်မြင့်၊ ပိန်ပိန်ပါးပါးနှင့် ဟိုယိမ်းဒီယိုင် ခပ်ပျော့ပျော့ဟန် ကိုလည်း မနှစ်သက်။ ပုဆိုးကို ချက်ပြုတ် ဝတ်သည်ကိုလည်း ကြည့်၍မရ။ အဖေ့သား၊ နွဲ့ရည်၏ မောင်သုံးယောက်လုံး ဆံပင်ရှည် မထားရ၊ ပုဆိုးချက်ပြုတ် မဝတ်ရပေ။ တခါက ဖိုးသောကြာ ဆံပင်ရှည်နေ၍ အဖေက ဆံပင်ညှပ်ဆိုင် ခေါ်သွားကာ သူကိုယ်တိုင် စောင့်ပြီး ညှပ်ခိုင်းဖူးလေသည်။ "ဆံပင်ရှည်တိုင်း လမ်းသရဲ မဟုတ်ပါဘူး အဖေရ" ဟု ဖိုးသောကြာက ဆင်ခြေကန်တော့ အဖေက "ဒါပေမယ့် လမ်းသရဲတိုင်းကတော့ ဆံပင်ရှည်တယ် ငါ့သားရဲ့"ဟု ခပ်ပြုံးပြုံးပင် ပြောခဲ့သည်။

"သမီးတို့ မိန်းကလေးတွေလဲ ဒီခေတ်မှာ လူလာဖြစ်ရတာ ကံကောင်းတာပဲ အဖေရဲ့"

"ဘာဖြစ်လို့လဲ"

"ဟိုခေတ်မှာသာ ဆိုရင် ညတိုင်း လသာသာမှာ ထိုင်ပြီး ဗိုင်းငင်ရင်း လာပိုးတဲ့ သူကိုပဲ မျှော်နေရမှာ၊ အဖေ့သမီး ဒီရုပ်ဒီရည်နဲ့ အဲဒီတုန်းကသာ လူဖြစ်ရင် မျှော်သာမျှော် ပိုးတဲ့လူတွေက ပေါ်လာမှ မဟုတ်ဘူး၊ သာတဲ့ ... ဗိုင်းကိုသာ နာအောင် ငင်နေရတဲ့ 'ဗိုင်းနာမ' သာ ဖြစ်ရတော့မှာ"

နွဲ့ရည်က စကား လမ်းကြောင်းကို ပြောင်းပေးလိုက်မိသည်။ အဖေက ရယ်နေသော်လည်း ထွန်းထွန်းကမူ မသိမသာ မျက်မှောင်ကြုတ် သွားသည်။

"ဗိုင်းနာမ မဖြစ်ရပေါင်ဗျာ၊ ကိုခင်ထွန်းကြီး တစ်ယောက်လုံး ရှိသားပဲ"

"တို့နဲ့ ဘာဆိုင်လို့လဲ"

"သိပါဘူး၊ ဆိုင်များ ဆိုင်သလားလို့"

စသလို နောက်သလို ပြောခြင်းဖြစ်သော်လည်း ထွန်းထွန်း၏ အသံသည် မနာလိုသံ နောလျက်ရှိသည်။ နွဲ့ရည်က အဖေ့ကို မလုံမလဲ လှမ်း၍ ကြည့်လိုက်မိသည်။ အဖေကလည်း နွဲ့ရည်ကို လှမ်း၍ ကြည့်သည်။ နွဲ့ရည်က သူ့မျက်လုံးများကို ချက်ချင်း ပြန်လှည့် လိုက်မိသည်။ အဖေ့မျက်လုံးများကို ကြာရှည် ရင်မဆိုင်ရဲ၊ အဖေသည် ငယ်ရာမှ ကြီးလာသူ ဖြစ်သည်။ နွဲ့ရည်တို့ ထွန်းထွန်းတို့၏ အဖြူရောင် နလုံးသားများ အရောင်ပြောင်း လာသည်ကို အလိုလို သိနိုင်သည်။

"ကိုခင်ထွန်းက ကျွန်တော့်ကို နည်းနည်းမှ မကြည်ဘူးဗျ"

ထွန်းထွန်းက အလိုက်ကန်းဆိုး မသိ ဆက်၍ပြောသည်။ နွဲ့ရည်ကို တမ်းတသော မျက်လုံးများနှင့် ကြည့်သည်။ နွဲ့ရည် အနေခက်လာ၍ အိမ်နောက်ဖေးသို့ အကြောင်းရှာပြီး ဝင်ခဲ့သည်။ ချဉ်ပေါင်ရွက် သင်နေသော အမေ့ဘေးတွင် ခဏ ဝင်ထိုင်သည်။ ထို့နောက် ဟိုယောင်ယောင် ဒီယောင်ယောင်နှင့် ထကာ ရေတစ်ခွက် ခပ်သောက်သည်။ အိမ်ရှေ့သို့

ယောင်လည်လည်နှင့် ပြန်ထွက်လာခဲ့သည်။ ထွန်းထွန်းက အဖေနှင့် စကားပြော နေသော်လည်း နွဲ့ရည်ကိုသာ လှမ်း၍လှမ်း၍ ကြည့်နေသည်။ ထို့ကြောင့် သူတို့အနားသို့ မသွားတော့ဘဲ စာကြည့်စားပွဲနား၌ ရပ်လိုက်သည်။ စားပွဲပေါ်မှ ဆလိုက်ရူးလ်ကို ကောက်ယူသည်။

မည်သည့် ကိန်းဂဏန်းကိုမှ အမြှောက်အစား မလုပ်လိုပါပဲနှင့် အလယ်သားကို ဟိုရွှေ့ဒီရွှေ့ ရွှေ့နေမိသည်။ နားကတော့ အလိုလို စွင့်ထားမိသောကြောင့် "လူဆိုတာ အတ္တသမားချည်းပဲကွ၊ နယ်ချဲ့တွေ နယ်ချဲ့တွေနဲ့ ကိုယ့်ပြည်ကို လာတိုက်တော့လဲ မုန်းရတာပေါ့ကွာ၊ တူးတူးခါးခါးကို မုန်းတာ၊ ဒါပေမယ့် ကိုယ့်တိုင်းပြည် တိုးတက်ပြီး ကိုယ့်ဘုရင် ဘုန်းကြီးတုန်းကရော ဒီလိုနယ်ချဲ့ဖို့ မကြိုးစားခဲ့ဘူးလား ဆိုတော့ ကြိုးစားတာပဲ၊ အင်အားလေး ကြီးလာရင် ယိုဒယား ပြေးတိုက်တာပဲ၊ မဏိပူရ၊ အာသံ၊ ကသည်း သွားသိမ်းတာပဲ၊ ဒါပေမယ့် ကိုယ့်ကိုယ်ကိုယ် ကျတော့ နယ်ချဲ့လို့ ဘယ်ထင်မလဲ၊ ငါတို့ဘုရင် တယ်စွမ်းပါလား၊ တယ်ဘုန်းကြီး ပါလားလို့ ကျေနပ်နေတာပဲကွ" ဟု ပြောနေသော အဖေ့စကားသံကို ကြားနေရသည်။ ထွန်းထွန်းက ခေါင်းညိတ်သော်လည်း သိပ်တော့ စိတ်ဝင်စားပုံ မရပေ။

ညနေ ထမင်းဝိုင်း ကျတော့ အဖေက ပြောသည်။

"ထွန်းထွန်းက စိတ်ရင်းလေးတော့ မဆိုးပါဘူး၊ ဒါပေမယ့် တော်တော် နသေးတယ်"

"ငယ်လဲ ငယ်တာကိုး အဖေရဲ့"

"နတာ ရင့်တာဟာ ကြီးတာ ငယ်တာနဲ့ မဆိုင်ဘူး သမီး၊ သူ့လိုအရွယ်နဲ့ ရင့်ကျက်နေတာတွေကို ပုံလို့၊ အသက်ကြီးပြီး အချိန်မစီးတာတွေလဲ ပြည့်လို့"

အဖေက သခွားသီးစိတ်ကို တဂျွတ်ဂျွတ် ဝါးနေသည်။ ထို့နောက် ထမင်းထဲသို့ လယ်ကနဖော့ရွက် မြှုပ်ကာ ငါးပိရည် ဆမ်းသည်။ အဖေက တို့စရာစုံစုံနှင့် ငါးပိရည်သာ ပါလျှင် အသားဟင်းကိုပင် မနှိုက်တတ်တော့ပေ။ နှိုက်စရာ အသားဟင်းကလည်း တစ်လနေမှ တစ်ခါနှစ်ခါသာ ချက်နိုင်လေသည်။

"ထွန်းထွန်းဟာ အိမ်ထောင်တစ်ခုကို ဦးဆောင်ခေါင်းရွက် လုပ်ပြီး ဦးစီးနိုင်မယ့် ယောကျ်ားမျိုး မဟုတ်ဘူး"

နွဲ့ရည်၏ နှလုံးသားသည် တဖျပ်ဖျပ်နှင့် ခါသွားသလို ခံစားရသည်။ အဖေ့ကို လှမ်းကြည့်တော့ သူ့ကို အကဲခတ်သလို စူးစူးစိုက်စိုက် ကြည့်နေသော မျက်လုံးများနှင့် ရင်ဆိုင်ရသည်။

"ကိုထွန်းထွန်းက အိမ်ကို ခဏခဏ လာနေသော ဘယ်သူ့ကို လာပိုးနေတာလဲ မသိဘူး၊ ကျွန်တော်က နမတွေများတော့ ဖင်အကျိန်းသားဗျ"

ဖိုးသောကြာက အလိုက်ကန်းဆိုး မသိ ဝင်ပြောသည်။ တဟားဟားနှင့်

ရယ်သည်။

"အံမယ်၊ ဝတ်ရည်ကိုတော့ မပိုးပါဘူးနော်"
"ဝတ်မှုန်ကို ပိုးတာလဲ မဟုတ်ပေါင်"

ဝတ်ရည်နှင့်ဝတ်မှုန်တို့က ပြိုင်တူပြောသည်။

"အံမယ် မိဝတ်မှုန်၊ နင်က အပျိုတောင် မဖြစ်သေးဘဲနဲ့ အပိုးခံချင်သေးလို့လား၊ ခွေးမလေး"
"သိဘူးလေ"

ဝတ်မှုန်က အူကြောင်ကြောင် ပြောတော့ အားလုံး ဝိုင်း၍ ရယ်ကြသည်။ သို့သော် နွဲ့ရည်ကတော့ မရယ်နိုင်။ ရင်ထဲတွင် ပူဆာဆာကြီး ဖြစ်နေသည်။

"အဖေက ထွန်းထွန်းကို အထင်မကြီးဘူး၊ ဒါပေမယ့် လူ့ဘဝမှာ လူတစ်ယောက် အတွက် အရေးအကြီးဆုံး အရည်အချင်းဟာ နတာ ရင့်တာ မဟုတ်ဘူး၊ ဖြူစင်ဖို့ပဲ၊ နတယ် ရင့်တယ် ဆိုတာက အတွေ့အကြုံအရ ပြောင်းလဲလာမှာပဲ၊ ဖြူတာ မည်းတာက လုပ်ယူလို့ မရဘူး၊ အဖေက မူလအရောင်ကို တန်ဖိုးမထားဘဲ ဘာလို့ အနုအရင့်ကို တန်ဖိုးထား

နေရတာလဲ"

နွဲ့ရည်က စိတ်ထဲမှ တွေးနေမိသည်။ ထို့နောက် ငါးပိရည်ကို ခပ်၍ သောက်မိသည်။ ငန်တူးတူး အရသာက လျှာနှင့် ထိတွေ့ချိန်တွင်ပင် ဖိုးသောကြာ၏ အော်သံကို ကြားရသည်။

"ဟာ ... အစ်မ၊ ငါးပိရည် ..."

နွဲ့ရည်၏ ပါးစပ်ထဲတွင် ငန်တူးသွားသည်။ ဗိုက်ကနဲ ထွေးထုတ်လိုက်ချင်သော်လည်း မထွေး၊ ဖွတ်မှိတ်ပြီး မျိုချလိုက်သည်။ လျှာတစ်ပြင်လုံး ငန်နေရာမှ လည်ချောင်း တစ်လျှောက်လုံးပါ ငန်၍ ဆင်းသွားသည်။

"ငါးပိရည်တွေ"
"ဘာဖြစ်သေးလဲ"

တအံ့တသြ ကြည့်နေသော ဖိုးသောကြာအား ဟန်မပျက် ပြောလိုက်သည်။ အမေရော အဖေပါ သူ့ကို လှမ်းကြည့်နေသည်ကို သိသော်လည်း မသိသလိုပင် ထမင်းကို ဆက်၍စားသည်။ စားမိလျှင် ဘယ်တော့မှ ထွေးမထုတ်။ လုပ်မိလျှင်လည်း ဘယ်တော့မှ နောက်မဆုတ်။ အဲဒါက နွဲ့ရည်၏ မွေးကတည်းက ပါလာသော ဗီဇစိတ် ဖြစ်လေသည်။

* * *

"လုပ်ချင်တာလုပ်၊ နောက်မဆုတ်နဲ့၊ ဖြစ်ချင်တာဖြစ်၊ စိတ်မညစ်နဲ့"

ကျော်ကျော်က အိပ်စင်ပေါ်တွင် မှောက်လျက် အိပ်ရင်းမှ တံမြက်စည်း လှည်းနေသော မောင်ဆားကို ကြည့်ကာ ခပ်ကျယ်ကျယ် ပြောသည်။

"ဘဝဆိုတာ ခဏကလေးကွ၊ သက်တမ်းစေ့အောင် နေရရင်တောင် အချိန်တွေက ဖင်လှည့် ခေါင်းလှည့်နဲ့ ကုန်သွားမှာ၊ သက်တမ်းမစေ့ဘဲ ငယ်ငယ်ရွယ်ရွယ်နဲ့ သေရရင်တော့ ဖြုတ်ကနဲဆို ကြံတော ရောက်သွား ရတော့မှာ မောင်ရ"

ကျော်ကျော်၏ အသံက တရားသံ ပါသလိုလိုပင်။ သို့သော် အကြောင်းသိနေသော မနွဲ့ရည်က ရယ်ချင်သွားသည်။ တွေးလက်စ အတွေးလည်း ပြတ်သွားသည်။

"ဒီတော့ လုပ်စရာ ရှိတာလေးတွေကို မြန်မြန်ထက်ထက် လုပ်ပစ်လိုက်၊ သိပ်အကြာကြီး စဉ်းစားမနေနဲ့၊ မင်းမိန်းမ ယူချင်တယ်နော် ယူပစ်လိုက်၊ စဉ်းစားလို့ ကြာနေရင် ကြံတောနား နီးသွားမယ်"

"မိန်းမယူရင် ကျွန်တော်က သားသမီးတွေပါ လိုချင်တာဗျ၊ တော်ကြာ ဝင်ငွေလေး မဖြစ်စလောက်နဲ့ ကျွန်တော့်သား၊ ကျွန်တော့်သမီးတွေကို ထမင်းမှဝအောင် မကျွေးနိုင်ရင် အခက်"

"ပူမနေနဲ့၊ မြန်မာပြည်မှာ အာဟာရ ချို့တဲ့တဲ့သူတွေ ရှိပေမယ့် ငတ်လို့ သေတဲ့သူ မရှိသေးဘူး"

ကျော်ကျော်က ခပ်ပေါ့ပေါ့ ပြောကာ ရယ်သည်။

"အင်း ... ငကျော်ကတော့ တကယ့်ကို ပေါ့ပေါ့နေ၊ ပေါ့ပေါ့စားပဲ၊ ဘဝဆိုတာ ခဏလေး ခဏလေးနဲ့ ပြောလိုက်ရင် တရားသံလေးနဲ့၊ ခဏလေးမို့ လူ့ဘဝလာတုန်း စုံအောင် မလုပ်ဖူးမှာ ဆိုပြီး တွေ့ကရာတွေ လျှောက်လုပ်တာက ခက်တယ်၊ တနေ့ကလဲ ဖဲသွားရိုက်တာ တထောင်ကျော် ရှုံးလာတယ်တဲ့လေ ...၊ မလွန်လွန်းဘူးလား ဟယ် ...၊ သူ့မို့ ကိုယ့်ချွေးနဲ့စာကိုယ် မနမြောတယ်"

မနွဲ့ရည်က တွေးရင်း ခေတ္တမျှ ငေးနေမိသေးသည်။ ရေခဲခွဲသံက တဂျီးဂျီးနှင့် ပြန်ပြီး ဆူညံလာမှ ရေးလက်စ စာကို သတိရသည်။ ခုထိ အပြီးမသတ်ရသေး။

"ကျွန်မမှာ မိန်းမသားတန်မယ့် ပင်ပင်ပန်းပန်း လုပ်ကိုင်စားနေရ သည်ကို ဦးလေးလည်း အသိပင် ဖြစ်ပါသည်။"

နောက်ဆုံး စာကြောင်းကို ပြန်လည်ဖတ်ပြီး သက်ပြင်းတစ်ချက် ချလိုက်မိသည်။

ကျွန်မ၏ ချွေးနဲ့စာကို ကျွန်မ လိုချင်ပါသည်။ ဦးလေးထံတွင် ကျွန်မ၏ ငွေရှစ်ထောင်ကျော် ရှိသည်ကို ကျွန်မလည်း အသိ၊ ဦးလေးလည်း အသိပင် ဖြစ်ပါသည်။ ဦးလေး ပို့နေသော အင်းငါးများကို ကျွန်မဆီ မပို့ဘဲ ကြည့်မြင်တိုင် ဈေးသို့ ဆက်လက်ပြီး ပို့လိုက ပို့နိုင်ပါသည်။ သို့ပါသော်လည်း ကျွန်မ၏ ကြွေးကိုကား ပြေလည်အောင် ဆပ်စေလိုပါသည်။ ကျွန်မတွင်လည်း ငွေရေးကြေးရေး အခက်အခဲ ရှိနေပါသောကြောင့် ယခုတစ်ပတ် အတွင်းတွင် ငွေလေးထောင်ကို ပေးစေလိုပါသည်။ ကျွန်မ စောင့်နေပါမည်။ ဦးလေးနှင့်လည်း လူချင်းတွေ့၍ စကားပြောလို ပါသေးသည်။ ဥက္ကံသို့ ကျွန်မကိုယ်တိုင် လာခဲ့ပါဦးမည်။

မနွဲ့ရည်က နောက်ဆုံးအကြောင်း အောက်တွင် လိုင်းတားပေး လိုက်သည်။ ဥက္ကံသို့ မနွဲ့ရည်ကိုယ်တိုင် လာမည်ကိုကား ဦးမြင့်သန်း လန့်နိုင်သည်။ ကိုယ့်ရပ်ကိုယ့်ရွာ၊ ကိုယ့်ဒေသတွင် အော်ဟစ်ပြီး ကြွေးတောင်း ခံရလျှင် မည်သူမဆို အရှက်အိုးတော့ ပြန်းပြန်းကွဲမည် ဖြစ်သည်။ ဦးမြင့်သန်းလည်း အရှက်ကွဲ ခံချင်မည်တော့ မဟုတ်။

သို့သော် ဘာပြောပြော ငွေက သူ့လက်ထဲမှာ။ ဒါမျိုးက စာချုပ်စာတမ်းနှင့် လုပ်သော အလုပ်မျိုး မဟုတ်။ တစ်ယောက်နှင့် တစ်ယောက် ယုံကြည်မှု

အရင်းခံပြီး လုပ်ကြသည်မို့ တရားစွဲလို့လည်း မရ။ ဒါကြောင့်မို့လည်း ငါးလောကသားများ အဆဲအဆို သန်ပြီး၊ လျှာကြမ်းအာကြမ်း ဖြစ်ကြရခြင်း ဖြစ်လေသည်။ မဆဲနိုင် မဆိုနိုင်လျှင် ရှိရှိသမျှ ငွေတွေ အကုန် ကြွေးဆုံးပြီး ခွေးလုံးလုံး ဖြစ်နိုင်သည်။ ဗိုလ်မှူးလူထွက် တစ်ယောက်ဆိုလျှင် ကြည့်၊ မန္တလေးရည်တို့ ငါးလောကထဲသို့ ငွေခြောက်သောင်း ကိုင်ကာ ဝင်လာသည်။ အပြိုင် မလိုချင်သော ဒိုင်များက ဝိုင်း၍ သတ်သည်ရော၊ ရန်ကုန်သမား၊ နယ်သမားတွေက ကြွေးမပေးဘဲ ကြွေးဆုံးသည်ရော၊ အကုန် ပေါင်းလိုက်တော့ သုံးလ အတွင်းတွင်ပင် ငွေခြောက်သောင်းလုံး တစ်ပြားမျှ မကျန်တော့။ ဖြူကာပြာကာ ကျပြီး အလံဖြူပြကာ နောက်ဆုတ်ခဲ့ရ ဖူးလေသည်။

အကယ်၍သာ ဦးမြင့်သန်းက "ငွေက ငါ့လက်ထဲမှာ၊ ငါမပေးရင် ဘာတတ်နိုင်မှာလဲ၊ ဆဲလေဟာ၊ ဆိုလေဟာ၊ ငါ့အသား ပဲ့တာမှ မဟုတ်တာ"ဟု သဘောထားပြီး မျက်နှာ ပြောင်ပြောင်နှင့် နေသည်ဟု ဆိုကြပါစို့၊ မန္တလေးရည်ထက်ပင် နှစ်ဆကြမ်းကာ နှစ်ဆပြန်ပြီး ဆဲကာ ကြမ်းမည် ဆိုပါစို့၊ မန္တလေးရည် ဘာမှ တတ်နိုင်တော့မည် မဟုတ်။ နောက်နောင်တွင် သူနှင့် အဆက်အသွယ် မလုပ်ရုံကလွဲပြီး ဘာမှမတတ်နိုင်။ မန္တလေးရည်က စာကို တစ်ခေါက် ပြန်ဖတ်သည်။ ထိုနောက်မှ ခေါက်ကာ စာအိတ်ထဲ ထည့်သည်။ မနက်ကျလျှင် ဥက္ကံသို့ လူကြုံနှင့် ပေးလိုက်ရမည်။

"ဆယ့်တစ်နာရီတောင် ထိုးခါနီးနေပြီ၊ ခဏ အိပ်လိုက်ဦးမယ်"

မနွဲ့ရည်က ဗေဒင်ဆရာခုံလေးကို ခြင်ထောင်အပြင်သို့ ထုတ်လိုက်သည်။ ငွေထည့်ထားသော သားရေအိတ်ကို ခေါင်းအုံးနေရာတွင် ပို့သည်။ ခန္ဓာကိုယ် အောက်ပိုင်းကို ချည်စောင်ပါးနှင့် အုပ်ကာ ခြုံလိုက်သည်။

"သက်ထွေးရေ ... အစ်မတော့ အိပ်လိုက်ဦးမယ်၊ နေဖြူငါး လာရင်သာ နှိုးလှည့်"

မနွဲ့ရည်၏ ခေါင်းက အောက်သို့ ချလိုက်သည်နှင့် မျက်လုံးများလည်း မှေးစင်းလာသည်။ ငါးညှီနံ့ကိုရော ကျင်ငယ်နံ့ကိုရော၊ ထို့နောက် ဒူးရင်းသီးနံ့ကိုရော အရောရော အထွေးထွေးနှင့် ရှူရှိုက်နေမိသည်။ ရေခဲခွဲသံကလည်း တကျီးကျီးနှင့် ဆူညံနေသည်။ ရေခဲတုံးများကို တွန်းသံနှင့်အတူ ကျော်ကျော်၏ အသံက မနွဲ့ရည်၏ နားထဲသို့ ဗလုံးဗထွေး ဝင်ရောက်လာပြန်သည်။

"လုပ်ချင်တာ လုပ်၊ နောက်မဆုတ်နဲ့၊

ဖြစ်ချင်တာဖြစ်၊ စိတ်မညစ်နဲ့"

* * *

"ငါလုပ်ချင်ရာကို ငါလုပ်ခဲ့တာပဲ၊ စိတ်ညစ်နေလို့ ဖြစ်မလား"

နွဲ့ရည်က ထွန်းထွန်း၏ အင်္ကျီကို ဆပ်ပြာတိုက်ရင်း တွေးသည်။ အင်္ကျီကော်လန် နေရာတွင် မည်းနေသဖြင့် လက်နှစ်ဖက်နှင့် ကိုင်ကာ ပွတ်၍ လျှော်လိုက်သည်။ ခုတော့ ထွန်းထွန်းနှင့် နွဲ့ရည်တို့သည် အကြင်လင်မယား ဖြစ်ကြပေပြီ။ စက်မှု တက္ကသိုလ်ကျောင်းနှင့် မနီးမဝေးတွင် အိမ်ကလေးငှား၍ အတူတူ နေဖြစ်ကြပေပြီ။ အိမ်ကလေးဟု ဆိုရသော်လည်း စင်စစ်တော့ တဲသာသာပင်။ မီး ရသော်လည်း ရေ မရ၊ အခုတော့ မိုးတွင်းမို့ ကိစ္စမရှိသေး၊ မိုးရေကို ခံထားပြီး သုံးနိုင်သည်။

"မိုးကုန်သွားတော့လဲ ဒီထက်ကောင်းတဲ့ အိမ်ကလေး ငှားနိုင်ရင် ငှားနိုင်မှာပေါ့"

နွဲ့ရည်က တွေးသည်။ တွေးမယ့်သာ တွေးသော်လည်း ငှားနိုင်ဖို့ မလွယ်သည်ကိုကား ကိုယ့်ကိုယ်ကိုယ် အသိသားပင်။ နွဲ့ရည်ရော ထွန်းထွန်းရော ကိုယ်ပိုင်ဝင်ငွေ ရှိကြသေးသည် မဟုတ်။ နွဲ့ရည်က အခုမှ ပဉ္စမနှစ်၊ ထွန်းထွန်းက တတိယနှစ်။ နှစ်ကုန်ခါနီးဆိုတော့ တော်တော့ တော်သေးသည်။ နွဲ့ရည်သည် မကြာမီ နောက်ဆုံးနှစ်သို့ ရောက်တော့မည်။ တစ်နှစ်လောက် ရုန်းလိုက်လျှင် ဘွဲ့ရပြီ။

"ငါလဲ ဘာဖြစ်လို့ ဒီလောက်စောစော ယူဖြစ်တယ် မသိပါဘူး၊ ကျောင်းပြီးမှယူရင် အတော်လေး အဆင်ပြေမှာ"

မိုးစက်များက တဖွဲဖွဲ ကျလာသည်။ နွဲ့ရည်က မျက်နှာသုတ်ပုဝါကို လှမ်းယူကာ ခေါင်းပေါ်တွင် ပတ်ထားလိုက်သည်။ ခေါင်းကို ရေအစိုမခံချင်၊ နွဲ့ရည်၏ ဆံပင်များက ထူပြီး များလှသည်။ ရေစိုလျှင် တော်တော်နှင့် မခြောက်တတ်။ အဖေတို့ အမေတို့ကသာ ထွန်းထွန်းကို အထင်တကြီးနှင့် ရှိလျှင်၊ နွဲ့ရည်၏ သူငယ်ချင်းများကသာ နင်နဲ့ အဲဒီကောင်လေးနဲ့ မတန်ပါဘူးဟယ် ... နင့်ကို နမြောလိုက်တာဟု မပြောခဲ့ကြလျှင် နွဲ့ရည်က ထွန်းထွန်းကို ဒီမျှ စောစောစီးစီး လက်တွဲခဲ့မိမည် မထင်။ ခုတော့ ထွန်းထွန်းဘက်က အင်အားနည်းလေ၊ ထွန်းထွန်းဘက်မှ ရပ်ချင်လေ ဖြစ်ခဲ့သည်။

"သမီး လုပ်ချင်တာကို သမီး လုပ်မှာပဲ၊ တားလို့မရဘူး ဆိုတာ အမေ သိပါတယ်၊ ဒါပေမယ့် ကိုယ်လုပ်ချင်တဲ့ အလုပ်ဟာ မှားသလား၊ မှန်သလား၊ လုပ်သင့်သလား၊ မလုပ်သင့်ဘူးလား ဆိုတာတော့ စဉ်းစားပါ" ဟု အမေက ပြောခဲ့သည်။ အဖေကလည်း "ငါ့သမီး ခေါင်းမာတာတော့ ငါ့အသိပဲ၊ ဒါပေမယ့် အဲဒီ အင်မတန်မာတဲ့ အခွံထဲမှာတော့ ဦးနှောက် ကောင်းကောင်း ရှိလိမ့်မယ်လို့ ငါထင်ခဲ့တယ်" ဟု ဆိုခဲ့သည်။

"သမီးခေါင်းထဲမှာ ဦးနှောက် ကောင်းကောင်း ရှိပါတယ် ဖေဖေ၊ ဒါပေမယ့် ရင်ထဲမှာလဲ နှလုံးသား ကောင်းကောင်း ရှိသေးတယ်"

နွဲ့ရည်က စိတ်ထဲမှာ ပြောလိုက်မိသည်။ သူနှင့် ထွန်းထွန်းကိုတော့ သဘောတူသောသူ ရှိမည်ပင်မထင်။ နွဲ့ရည်တို့ အသိုင်းအဝိုင်းက

နွဲ့ရည်ဘက်မှ နာခဲ့သလို ထွန်းထွန်း၏ မိဘဆွေမျိုးများ ကလည်း ထွန်းထွန်းဘက်မှ နာကြသည်။ "ကိုယ့်ထက် အသက်ကြီးတာကို ဘာလို့ သွားကြိုက်ရသလဲ၊ ရွယ်တူတန်းတူချင်း ကြိုက်စရာ ရှားလို့လား" ဟု ပြောခဲ့ကြသည်။ မည်သို့ပင်ဆိုစေ ထွန်းထွန်းရော နွဲ့ရည်ရော ပတ်ဝန်းကျင်၏ ဒဏ်ကိုသာ မကသေး မိဘဆွေမျိုးများ၏ အပြိုအငြင် အပြောအဆိုကိုပါ လူးနေအောင် ခံခဲ့ရသည်။

"အို ... ဘာဖြစ်ဖြစ်၊ ပေါင်းတာက တို့နှစ်ယောက် ပေါင်းတာ၊ သူတို့နဲ့ပေါင်းတာ မဟုတ်ဘူး"

နွဲ့ရည်က အင်္ကျီကို ဆောင့်၍ လျှော်ကာ ရေလောင်းချ လိုက်သည်။ ဆပ်ပြာမြှုပ် ဖြူဖြူများက ရေစီးထဲတွင် မျောပါသွားကြသည်။ စိတ်ဆိုးပြီးငြင် နေကြသော နှစ်ဘက်မိဘတို့ထံမှ လုံလောက်သော အထောက်အပံ့ကို မရတော့၊ စကောလားရှစ် ရသော ငွေကလည်း ကျောင်းလခပင် အနိုင်နိုင်။ ဒီတော့ နွဲ့ရည်က ဝင်ငွေရရန်  ရှန်းကန်ရတော့သည်။ လောလောဆယ်တော့ သဃ်္ဃန်းကျွန်းမှ ကန်စွန်းရွက်များ သွားသယ်ကာ ကျိုက္ကလား ဈေးတွင် သွင်းသည်။ သွားယင်းလာရင်းနှင့် ဘာလုပ်ရရင် ကောင်းမလဲ စဉ်းစားကာ မျက်စိဖွင့်၊ နားစွင့်သွားသည်။

"နွဲ့ရည်၊ နင့်မလဲ ပင်ပန်းလိုက်တာဟယ်၊ ဒါကြောင့် ပြောတာ၊ ကိုခင်ထွန်းကို ယူစမ်းပါလို့၊ ကြီးရင် မှီရသတဲ့၊ ငယ်ရင် ချီရသတဲ့"

"တော်စမ်းပါ၊ ကြီးကြီးငယ်ငယ် ငါ မှီချင်မှီမှာပဲ၊ ချီချင်ချီမှာပဲ"

ခင်ခင်ထွေးတို့က အတန်းပြီးသည်နှင့် ကန်စွန်းရွက် ပြေးသယ်ရသော နွဲ့ရည်ကို ကြည့်ကာ သနားသလို စကားဆိုသည်။ နွဲ့ရည်ကလည်း သနားသည် ဆိုခြင်းကို မခံချင်ဆုံးဖြစ်သည်။ ဘာမှ သနားစရာ မလို။ ထွန်းထွန်းက သူ့ကို ချစ်သည်။ သူကလည်း ထွန်းထွန်းကို ချစ်သည်။ နှစ်ဦးသား ချစ်ကြသဖြင့် တစ်အိုးတစ်အိမ် ထူထောင်ခဲ့ကြသည်။ တစ်ခုတော့ ရှိသည်။ နေရာတကာတွင် နွဲ့ရည်ကသာ ဦးစီးဦးရွက် ပြုရသည်။ ဒါကလည်း ကိုယ့်ကုသိုလ်နှင့် ကိုယ်ပင်။ အကယ်၍ ထွန်းထွန်းကို မယူဘဲ အခြားတစ်ဦးကို ယူလျှင်လည်း သူကပင် ဦးစီးဦးရွက် ပြုရမည်ပင် ဖြစ်သည်။ ဦးစီးခေါင်းဆောင် ပြုနိုင်သော သတ္တိနှင့် အရည်အချင်းက နွဲ့ရည်၏ ကိုယ်ထဲတွင် ကိန်းဝပ်လျက် ရှိသည်ကို နွဲ့ရည်သိသည်။ ထိုသို့သော အရည်အချင်း ရှိသူသည် ထို အရည်အချင်း ကိုတော့ မည်သူနှင့်ရရ အသုံးချသည်ပင် ဖြစ်သည်။ အသုံးချတိုင်းလည်း ပင်ပန်းမည်ပင် ဖြစ်လေသည်။ည

"တချို့တွေက ယောက်ျားယူတယ် ဆိုတာ အားကိုးအားထားပြုဖို့ ယူကြတာ၊ ငါက ချစ်လို့ယူတာ၊ ကိုယ့်ဘဝမှာ ကိုယ့်ကိုယ်ကို ကိုယ်သာ အားအကိုးဆုံး၊ အယုံကြည်ဆုံး"

နွဲ့ရည်က သူငယ်ချင်းများအား စကားတင်းတင်း ဆိုခဲ့သည်။ ထွန်းထွန်းကို နွဲ့ရည်က ယခင်တုန်းကလည်း အားမကိုး၊ ယခုလည်း အားမကိုးခဲ့ပေ။

နွဲ့ရည်၏ ဘဝတစ်လျှောက်လုံးတွင် အားကိုးအားထား ပြုခဲ့သည့် ယောကျ်ားတစ်ဦး၊ မိန်းမတစ်ဦးသာ ရှိသည်။ အဖေနှင့် အမေပင် ဖြစ်လေသည်။ နွဲ့ရည်သည် အင်္ကျီကို ရေစင်အောင် ညှစ်လိုက်ပြီး ရေပုံးထဲတွင် အလိပ်လိုက်ထည့်ကာ တံစက်မြိတ်အောက် ရွှေ့ထားလိုက်လေသည်။ ထို့နောက် ရေစည်ပိုင်းပြတ်ထဲက ရေကိုခပ်ကာ ခပ်သွက်သွက် ချိုးသည်။

"မနွဲ့ရေ"

"ဟော ...ထွန်းထွန်း လာပြီ"

ထွန်းထွန်းက အသံနှင့်အတူ အနီးသို့ ရောက်လာသည်။ ရေစက် ရေပေါက်များနှင့် ကြည်စင် ဝင်းပနေသော နွဲ့ရည်၏ မျက်နှာကို ငေး၍ကြည့်သည်။

"ဆာလိုက်တာဗျာ ... ဘာဟင်းတုံး"

"ချဉ်ပေါင်ဟင်း"

နွဲ့ရည်က ခပ်တိုးတိုး ဖြေမိသည်။ စိတ်ထဲတွင်လည်း မကောင်းလှ၊ ချဉ်ပေါင်ဟင်း စားလိုက်၊ ကန်စွန်းရွက်ကြော် စားလိုက်၊ ခရမ်းသီးနပ် စားလိုက်နှင့် အသီးအရွက် သံသရာတွင် သူတို့နှစ်ဦး ချာလည် လည်နေကြသည်။ ကိုယ့်အတွက်တော့ ကိုယ်ဝမ်းမနည်း၊ နွဲ့ရည်က

အစားအသောက် မက်မောလှသူ မဟုတ်။ ထို့ပြင် အဖေအမေတို့နှင့် နေစဉ်ကတည်းက ထိုသို့သာ စားခဲ့သူဖြစ်သည်။ သို့သော် ထွန်းထွန်းကိုတော့ အားနာ သနားမိသည်။ အသားချိုချို ငါးစိုစိုလေးများ ကျွေးချင်သော်လည်း မတတ်နိုင်ခဲ့။

"စားရအောင်နော်"

"ထွန်းထွန်း ရေမချိုးတော့ဘူးလား"

"အဆောင်မှာ ဝင်ချိုးခဲ့တယ်"

နွံ့ရည် ရေလဲလုံချည် လဲနေစဉ်တွင်ပင် ထွန်းထွန်းက ထမင်းပွဲပြင်နှင့်သည်။ မြိုင်မြိုင်ဆိုင်ဆိုင်တော့ မရှိလှ။ ချဉ်ပေါင်ဟင်း တစ်ခွက်၊ ငါးပိရည် တစ်ခွက်၊ တညင်းသီးဆားစိမ် လေးငါးလုံးခန့်သာ ရှိသည်။ အရည်သောက် အဖြစ်ကား ရေနွေးကြမ်း။

"ထွန်းထွန်းရယ် ... နွေးအေးက မြင်းခွာရွက်သုပ်လေး၊ ခရမ်းချဉ်သီးသုပ်လေး ဝင်ဝယ်ခဲ့ရောပေါ့"

"မနွံ့စားချင်လို့လား"

"ထွန်းထွန်းဖို့ပါ"

"ဒီမှာ ချဉ်ပေါင်ဟင်း ကောင်းသားပဲ ..."

ထွန်းထွန်းက ချဉ်ပေါင်ဟင်းထဲတွင် ရှားရှားပါးပါး ပါလာသော ပုစွန်ကျော့ကလေး တစ်ကောင်ကို နွဲ့ရည်၏ ပန်းကန်ထဲသို့ လှမ်း၍ ထည့်သည်။ နွဲ့ရည်က မစားရက်၊ ထွန်းထွန်း၏ ပန်းကန်ထဲသို့ ပြန်၍ ထည့်လိုက်သည်။ ဒီလိုနှင့်ပင် ပုစွန်ကလေး တစ်ကောင်သည် ဟိုပန်းကန်ထဲ ရောက်လိုက်၊ ဒီပန်းကန်ထဲ ရောက်လိုက်နှင့် ရှိသည်။ နောက်ထပ် တစ်ကောင်ကို ချဉ်ပေါင်ဟင်းထဲက ထပ်၍ ဆယ်မိသောအခါမှ တစ်ယောက် တစ်ကောင်စီ စားကာ ပြိုင်တူ ရယ်မိကြသည်။

"မနွဲ့က များများ စားရမှာဗျ"

"ဘာဖြစ်လို့လဲ"

"နှစ်ယောက်စာလေ"

"အို ... သေဖြင့် မသေချာသေးဘဲနဲ့"

ထွန်းထွန်းက နွဲ့ရည်၏ဗိုက်ကို ကြည့်ကာ ပြုံးနေသည်။ ကိုယ့်ယောကျ်ားပင် ဖြစ်သော်လည်း နွဲ့ရည် ရှက်သွားသည်။ ကိုယ်ကို ယို့ကာ ကိုယ့်ဗိုက်ကို ကိုယ် ငုံ့ကြည့်မိသည်။

"အခုမဟုတ်သေးလဲ မကြာခင် ဟုတ်လာတော့မှာ၊ ကြိုပြီးစားထား၊ ဂျူနီယာထွန်းထွန်း အတွက်လေ"

နွဲ့ရည် ကြည်နူးစွာပြုံးမိသည်။ "တော်စတွိုင်း" ပြောခဲ့သော ပျားရည်စက်ကလေး များကို သတိရသည်။ တော်စတွိုင်းက ဘဝဟူသည်ကို ထိုသို့ အဓိပ္ပါယ် ဖွင့်ခဲ့သည်။ သူ ဖတ်ဖူးသည်ကို နွဲ့ရည်က ထွန်းထွန်းကို ထမင်းစားရင်း ပြောပြနေသည်။

လူတယောက်သည် ကြောက်မက်ဖွယ် သတ္တဝါကြီး တစ်ကောင်က လိုက်သဖြင့် ကြောက်အား လန့်အားနှင့် ထွက်ပြေးရင်း ရေတွင်းတစ်ခုထဲ ကျသွားသည်။ သို့သော် ရေတွင်းနံရံတွင် ပေါက်နေသော သစ်ပင်တစ်ပင်ကို လှမ်း၍ ဆွဲထားမိသောကြောင့် ရေတွင်းအောက်သို့ ကျမသွားချေ။ အောက်သို့ ငုံ့ကြည့်လိုက်သောအခါ နဂါးကြီး တစ်ကောင်က သူ့ကိုဝါးမျိုရန် ပါးစပ်ဟလျက် စောင့်နေသည်။ အပေါ်သို့ ပြန်ကြည့်လိုက် ပြန်တော့လည်း သူ့နောက် လိုက်ခဲ့သော သတ္တဝါကြီးက စောင့်နေသည်။ ထိုအချိန်တွင် သူဆွဲကိုင်ထားသော သစ်ကိုင်းကို ကြွက်ဖြူနှင့်ကြွက်မည်း နှစ်ကောင်က တလှည့်စီ ကိုက်နေကြလေသည်။

တော်စတွိုင်းက ပထမ သတ္တဝါကြီးကို လူ၏ ဘဝသောက၊ ဗျာပါဒ၊ ဒုက္ခများအဖြစ် တင်စားပြီး ရေတွင်းထဲမှ သတ္တဝါကြီးကိုကား သေမင်းအဖြစ် တင်စားပြောခဲ့ဟန် တူသည်။ သစ်ကိုင်းကို ကိုက်ဖြတ်နေသော ကြွက်ဖြူနှင့်ကြွက်မည်း နှစ်ကောင်သည်ကား လူ့ဘဝသက်တမ်းကို တတိတိနှင့် စားနေသော နေနှင့်ညတို့ကို တင်စားပြောခဲ့ခြင်း ဖြစ်လေသည်။

"အဲဒီတော့ ဘဝဆိုတာကြီးဟာ စိတ်ညစ်စရာကြီး ပေါ့ဗျာ၊ အပေါ်တက်ရင်လဲ ဒုက္ခသုက္ခတွေနဲ့၊ အောက်ခုန်ချရင်လဲ သေမင်းနဲ့ ဒီအတိုင်းလဲ ကြာကြာ ဆွဲမထားနိုင်ဘူး၊ သစ်ကိုင်းက ကြွက်ကိုက်လို့ ပြတ်ကျတော့မယ်၊ အဲဒီလူတော့ ဘုရားစာတွေ အော်ဆိုပြီး ငိုနေရမှာပေါ့"

"မငိုဘူး ထွန်းထွန်းရဲ့"

"ဒီလိုဆို ဘာလုပ်နေတုံး"

"သစ်ကိုင်းက သစ်ရွက်တွေမှာ တင်နေတဲ့ ပျားရည်စက်ကလေးတွေကို လိုက်ပြီး လျက်နေသတဲ့"

ထွန်းထွန်းက နွဲ့ရည်ကို စိုက်ကြည့်နေသည်။ နွဲ့ရည်က ဆက်၍ရှင်းပြသည်။

"ဘဝဆိုတာ ဒီလိုပဲ ထွန်းထွန်းရဲ့၊ မွေးဖွားခြင်းကနေ သေဆုံးခြင်း မှတ်တိုင်ကို လျှောက်နေကြတာ၊ ဒီကြားထဲမှာ ဆင်းရဲဒုက္ခတွေကို ကြုံရမှာပဲ၊ သတိသံဝေဂရလို့ လူဝတ်ကြောင်စွန့်ပြီး တောထွက်ရင်လဲ ထွက်ပေါ့လေ၊ ဒါမှမဟုတ်လို့ ဒီလူ့ဘဝ၊ လူ့ပြည်မှာပဲ နေရမယ် ဆိုရင်တော့ သတ္တဝါကြီးတွေကို ကြည့်ပြီး ငိုနေမယ့်အစား သစ်ကိုင်းပြတ်ကျမယ့် အချိန်ကို ပျားရည်လေးလျက်ပြီး သတ္တိရှိရှိ စောင့်ချင်တယ်"

"တော်စတွိုင်းက အဲဒီသစ်ကိုင်းမှာ ပျားရည်သာမကဘူး၊ ပျားအုံလဲ ရှိနေတယ် ဆိုတာ သတိမရဘူး ထင်တယ်၊ တချို့လူတွေက ပျားရည် လျက်ချိန်တောင်

မရဘဲ ပျားတုပ်သာ ခံနေရမှာ"

"ဟုတ်တယ်နော် … အဲဒီလို လူတွေလဲ ရှိမှာပဲ၊ ပျားတုပ်ခံရင်း နဂါးကြီး ပါးစပ်ထဲ ပြုတ်ကျသွားတဲ့ သူတွေလေ"

"ရှိချင်ရှိမှာ မဟုတ်ပါဘူး၊ ရှိကိုရှိမှာပါ"

ထွန်းထွန်းက တွေးတွေးဆဆ ပြောရင်း ထမင်းထပ်ထည့်သည်။ သူ့ခများ ဘယ်လောက် ဆာလာသည် မသိ။ ထမင်းဖြူကို ချဉ်ပေါင်ဟင်းဆမ်းပြီး ငုံ့၍ငုံ့၍ လွေးလိုက်သည်မှာ နွဲ့ရည် ချက်ထားသော ဆန်နို့ဆီပူးချက်က နည်းနည်းလေးပင် ကျန်တော့သည်။ မနက်စောစော ပဲပြုတ်နှင့်နယ်ပြီး စားသွားဖို့ပင် မလောက်တော့ချေ။

"တို့ဘဝ သစ်ကိုင်းမှာတော့ ပျားရည်လေးတွေ ရှိနေလို့ တော်ပါသေးရဲ့"

"ဘာပျားရည်တွေလဲ"

"ဟောဒီ အိမ်ကလေးကလဲ ပျားရည်ပဲ၊ ဟောဒီ ထမင်းဝိုင်းလေးကလဲ ပျားရည်ပဲ"

နွဲ့ရည်သည် ထွန်းထွန်းကို ချစ်ခင်မြတ်နိုးစွာ ကြည့်မိသည်။ သံယောဇဉ်ကြိုး အထပ်ထပ် ရစ်ပတ်ခြင်း ခံထားရသော နလုံးသားက ညင်သာစွာ ခုန်လာသည်။

"နောက်ပြီး ပောဒီ ထွန်းထွန်းကလဲ ပျားရည်ပဲ"

ထွန်းထွန်းက သဘောကျစွာ ရယ်သည်။ ထမင်းစား၍ ပြီးတော့ နွဲ့ရည်က ပန်းကန်ဆေးသည်။ ထွန်းထွန်းက အဝတ်စုတ် တစ်ခုနှင့် စင်အောင်သုတ်သည်။ ဒီစားပွဲတွင်ပင် ဆက်၍ စာကျက်ကြရဦးမည်၊ စာမေးပွဲနီးပြီ။

-------

ဆက်ရန်

## မစပ်သော ဇရုတ် (မစန္ဒာ) အပိုင်း ၃

-----------------------------------

ပန်းကန်တွေ ဆေးနေရင်းမှ အဖေတို့ အမေတို့ကို နွဲ့ရည် သတိရသည်။ မိသားစုဝိုင်းဖွဲ့၍ စားနေကျ ထမင်းဝိုင်းလေးကို တွေးမိသည်။ ဒီအချိန်လောက် ဆိုလျှင် အဖေတို့ အမေတို့လည်း ထမင်းစားနေမည် ထင်သည်။ ထမင်းဝိုင်းမှ လျော့သွားသော နွဲ့ရည်ကို စိတ်ထဲမှ သတိရနေကြမည် ဖြစ်သည်။ ပါးစပ်ကတော့ ဖွင့်၍ ပြောကြလိမ့်မည် မဟုတ်။ တနေ့တုန်းကတော့ အမေ လာသေးသည်။ သို့သော် သဃ်န်းကျွန်း သွားနေ၍ မတွေ့လိုက်ရ။ ထွန်းထွန်းကလည်း ကျောင်းမှ မပြန်လာသေး၊ အမေက စာတိုလေး

တစ်စောင်ကို ရေးကာ အိမ်တံခါးတွင် ညှပ်ထားခဲ့သည်။

သမီး/

အမေလာသည်၊ ကိစ္စအထူး မရှိပါ၊ နေထိုင်ကောင်းရဲ့လား၊ ကျန်းမာရေး ဂရုစိုက်ပါ၊ အမေတို့ တစ်အိမ်သားလုံးလည်း နေကောင်းပါသည်။

/အမေ

နွဲ့ရည်က အမေ့စာလေးကို စိတ်ထဲမှနေပြီး ပြန်၍ဖတ်နေမိသည်။ အမေ့စာလေးက တိုတိုလေး ဖြစ်သော်လည်း မိခင်တို့၏ မေတ္တာနံ့နှင့် ထုံမွှမ်းလျက် ရှိလေသည်။ ဆေးပြီးသား ပန်းကန်များကို အိမ်ထဲ ပြန်သယ်လာခဲ့သည်။ ထွန်းထွန်းက ထမင်းလုံး အစအနများကို တံမြက်စည်းနှင့် လှည်းနေသည်။ ထို့နောက် သီချင်းတစ်ပုဒ်ကို တိုးတိုးလေး လေချွန်လျက် ရှိသည်။ "မာမာအေး" ၏ နှစ်ယောက်တည်း နေချင်တယ် သီချင်း ဖြစ်လေသည်။ အေးအေးငြိမ့်ငြိမ့်လေး ဝဲပျံ့နေသော လေချွန်သံသည် အဖေအမေကို သတိရပြီး နွမ်းနယ်နေသော နွဲ့ရည်ကို ကြင်နာယုယစွာ ထွေးပွေ့လာသည်။

"အင်း ... ဒီလေချွန်သံလေးကလဲ ပျားရည်တစ်စက်ပဲ"

နွဲ့ရည်က ကြည်နူးချမ်းမြေ့စွာ တွေးလိုက်မိသည်။ သီချင်း ဆိုလေ့ဆိုထ မရှိသော်လည်း ဒီသီချင်းလေးကိုတော့ နွဲ့ရည် အလိုလို ရနေသည်။ သီချင်းစာသားများကို ရင်ထဲတွင် တီးတိုးလိုက်ပြီး ရွတ်ဆိုနေမိသည်။

"နေမမြင် ... ရေပြင်ခဲတဲ့ မြောက်ဝင်ရိုးစွန်းကိုပဲ ခေါ်ခေါ်ပျော်ပါမယ် ... သဲသဲမဲမဲဖွဲ့နဲ့ ...နှစ်ယောက်တည်း နေချင်တယ်"

နှစ်ယောက်တည်း နေချင်သော်လည်း သိပ်ကြာကြာတော့ နှစ်ယောက်တည်း မနေလိုက်ရချေ။ သူတို့နှစ်ဦး၏ ဘဝထဲသို့ သမီးလေး "နွဲ့ရည်ထွန်း" က ဝင်ရောက် လာခဲ့သည်။ ကလေး နို့တိုက်ကာ စာကျက်ရင်း နောက်ဆုံးနှစ် စာမေးပွဲကို "ပထမ" ရအောင် နွဲ့ရည် ဖြေခဲ့သည်။ အောင်မြင်မှုသရဖူကို လက်လှမ်းပြီး "အင်ဂျင်နီယာ" ဘွဲ့ကို ပိုင်ပိုင်နိုင်နိုင် ဆွတ်ခူးခဲ့လေသည်။ ခက်သည်ကတော့ "ထွန်းထွန်း" ဖြစ်သည်။ နွဲ့ရည်က ရုန်းရင်းကန်ရင်းဖြင့် အောင်ရုံသာမက "ပထမ" ရအောင်ပင် ဖြေနိုင်ခဲ့သော်လည်း ထွန်းထွန်းက ကျသည်။ မကျစဖူး စာမေးပွဲ ကျတော့လည်း စိတ်က လေချင်သည်၊ ထွေချင်သည်။ စာမကျက်ဘဲ လက်ဖက်ရည်ဆိုင်တွင် အထိုင်များလာသည်။ အိမ်ပြန်ချိန် မမှန်ချင်တော့။ သူ့ အပေါင်းအသင်း အသစ်များဆီမှ ကြားရသော "အိပ်ဖင်စတင်ရှယ်လစ်" တို့၊ "ပစ္စည်းမဲ့ဝါဒ" တို့ကို ကြက်တူရွေး စာရွတ်သလို ရွတ်ဆိုတတ်လာသည်။

"မြေ-ကျေး-ရှင်းမှာ သုံးရာ့နှစ်ဆယ် စကေးနဲ့ စက်မှု အင်ဂျင်နီယာတွေ ခေါ်နေတယ်တဲ့ ..."

"သုံးရာ့နှစ်ဆယ် စကေး တဲ့လား"

"အင်း ... လောလောဆယ်တော့ သုံးရာ့နှစ်ဆယ်တွေပဲ ခေါ်သေးတယ်၊ နောက်မှပဲ ဒီကတစ်ဆင့် လေးရာ့ငါးဆယ် စကေး ရာထူးကို ထပ်ပြီး စာမေးပွဲ ဖြေကြရမှာတဲ့"

"မနွဲ့ လုပ်ချင်ရင် လုပ်ပေါ့"

ထွန်းထွန်းက ခပ်ပေါ့ပေါ့ပင် ဆိုသည်။ နွဲ့ရည် စိတ်တိုသွားသည်။

"လုပ်ချင်တာ မလုပ်ချင်တာထက် လုပ်ကို လုပ်ရမှာပဲ၊ လောလောဆယ်မှာ အရေးအကြီးဆုံးက ရရာ အလုပ်ကို ဝင်လုပ်ဖို့ပဲ"

"ခြောက်နှစ်လုံးလုံး ဒီပညာကို ကြိုးစားပမ်းစား သင်လာရတာ၊ လေးရာ့ငါးဆယ် စကေး မရရင် မလုပ်ဘူး" ဟု သဘောထားသူတို့က သဘောထားနိုင်ကြသော်လည်း နွဲ့ရည်တို့က ထိုသို့ သဘောမထားနိုင်။ ရရာအလုပ်ကို ဝင်လုပ်ခဲ့သည်။ အင်ဂျင်နီယာ ဖြစ်လာခဲ့ပြီ။ အင်ဂျင်နီယာ အလုပ်ကို လုပ်ရလျှင် တော်ပြီ၊ စိုက်ပျိုးရေးဘက် ဆိုင်ရာ စက်မှုပစ္စည်းများကို တီထွင်လိုစိတ်၊ ရေးဆွဲလိုစိတ်နှင့် နွဲ့ရည်၏ လက်ချောင်းလေးများသည် ယားနေကြသည်။ ကိုယ်တတ်ထားသည့် ပညာကို စွမ်းစွမ်းတမံ အသုံးချလိုက်မည် ဟူသော အတွေးက ရင်ထဲတွင် တဖျပ်ဖျပ်နှင့် လွန့်လူးနေသည်။

"ခုထက်ထိတော့ ဘာဒီဇိုင်းမှ မလုပ်ရသေးပါဘူး ထွန်းထွန်းရယ် ၊ စာရင်းအင်းတွေနဲ့ ဇယားရှုပ် နေတာပါပဲ"

နွဲ့ရည်က သမီးလေးကို ထွေးပွေ့ရင်းမှ ပြောမိသည်။ သမီးလေးက ခြောက်လ ရှိပြီမို့ အဖေ၊ အမေကို သိနေပြီ။ ဝူးဝူးဝါးဝါး စကားဆိုတတ်ပြီ။

"ရုံးဆိုတော့လဲ ရုံးအလုပ်က ပိုများမှာပေါ့၊ ဒီစာရင်းအင်းတွေ ကလဲ ရှောင်လို့ ရမှာမှ မဟုတ်တာ"

"တို့ကတော့ ဒီဇိုင်းပဲ ထုတ်ချင်တယ်၊ သူများနိုင်ငံမှာ ဆိုရင် ကြည့်စမ်းပါဦး၊ စပါးရိတ် ပြီးတာနဲ့ တစ်ဖက်က အစေ့ခြွေပြီးသား အပြီးထွက်လာတဲ့ စက်ကြီးတွေနဲ့ ရုပ်ရှင်ထဲမှာ ကြည့်ရတာများ ဘယ်လောက် အားရစရာ ကောင်းလဲ"

"သူတို့ လယ်ကွင်းတွေက ဒီမှာလို ကန်သင်းရိုးတွေနဲ့ မဟုတ်ဘူး၊ ပြန့်ပြန့်ပြူးပြူး အကျယ်ကြီးတွေ၊ လယ်ထွန်စက်တွေ ကောက်ရိတ်စက်တွေ မောင်းလို့ လွယ်တယ်ဆို"

"အင်းလေ သူတို့လဲ သူတို့ တိုင်းပြည်နဲ့ သူတို့စက်၊ တို့လဲ တို့တိုင်းပြည်နဲ့ တို့စက်၊ ထွင်နိုင်ရမှာပေါ့၊ ကန်သင်းရိုး ရှိတော့လဲ ဒီကန်သင်းရိုးတွေ ကြားမှာ သုံးလို့ရတဲ့ စက်မျိုးပေါ့"

"မလွယ်ပါဘူးဗျာ"

ထွန်းထွန်းက ပညာပိုင်း ဆိုင်ရာတွင် နွဲ့ရည်လို မတက်ကြွချေ။ နွဲ့ရည် အားမရချင်။ ထွန်းထွန်းနှင့် နှစ်ဦးသား ခေါင်းချင်းဆိုင်ပြီး လယ်ထွန်စက်တွေ၊ ကောက်ရိတ်စက်တွေ မတီထွင်ရလျှင် ရှိပါစေတော့၊ အသေးဆုံး ဖြစ်သော မြက်ရိတ်စက်လောက် ရေးဆွဲ တီထွင်ရလျှင် တော်ပြီ။

"ဟော　သမီး နို့ဆာနေပြီ"

သမီးလေးက နွဲ့ရည်၏ ရင်ခွင်ထဲသို့ ခေါင်းလေးဖွေ့ကာ တိုးရင်း နို့တောင်းနေသည်။ နွဲ့ရည်က အင်္ကျီကိုလှန်ကာ နို့တိုက်သည်။ ရင်ထဲမှ စီးထွက်လာသော နို့ရည်ချိုချိုကို ပူနွေးသော ပါးစပ်ကလေးနှင့် ဟပ်ကာ အားရပါးရ စို့ယူနေသော သမီးလေးကို ငုံ့ကြည့်ရင်း အမေ့ကို သတိရသည်။ နွဲ့ရည်သည်လည်း အမေ့ရင်ခွင်ထဲတွင် ယခုလိုပင် နို့ချိုကို သောက်သုံးခဲ့ရမည် ဖြစ်သည်။

"သမီးလေးကို ကြည့်စမ်း ထွန်းထွန်း။ မလှဘူးလား၊ ရုပ်ကတော့ ထွန်းထွန်းနဲ့ အတော် တူတယ်နော်၊ စိတ်ကတော့ ဘယ်သူနဲ့ တူမလဲ မသိဘူး"

"မနွဲ့နဲ့ တူမှာပါ"

"ဘယ်ပြောနိုင်ဦးမှာလဲ"

နွဲ့ရည်က သမီးလေး၏ ပါးပြင်မို့မို့ကို လက်နှင့် အသာလေး ပွတ်သပ်ကြည့်မိသည်။ နူးညံ့ပြီး အိနေသည်။ အပြင် အသားအရေ မည်မျှပင် နူးညံ့ပါစေ၊ အတွင်းစိတ်ဓာတ် ကိုတော့ မာစေချင်သည်။ စိတ်ဓာတ်နှင့် သတ္တိကို သူနှင့်ပင် တူစေချင်သည်။ မတူလျှင်လည်း တူအောင်ပင် လေ့ကျင့်ပေးရမည်။ ဘယ်သူ့ကိုမှ အားမကိုးသော စိတ်ဓာတ်၊ ကိုယ့်ကိုကိုယ် ယုံကြည်သော စိတ်ဓာတ်ကို သမီးလေး၏ ဦးနှောက်ထဲသို့ တဖြည်းဖြည်း သွင်းပေးရမည်။

"မနွဲ့နဲ့ပဲ တူစေချင်ပါတယ်၊ ဒါမှ သတ္တိကောင်းမှာ၊ စာတော်မှာ၊ ဘယ်သူ့ကိုမှ အားမကိုးဘဲ ကိုယ့် ခြေထောက်ပေါ် ကိုယ်ရပ်တဲ့ အမျိုးသမီး ဖြစ်မှာ"

ထွန်းထွန်းက သမီးလေးကို ငေး၍ကြည့်ကာ ပြောသည်။

"မနွဲ့က ဖြစ်ချင်တာကို ဖြစ်အောင် လုပ်နိုင်တဲ့သတ္တိ ရှိပါတယ်။ အရာရာကို ဖန်တီးနိုင်ပါတယ်။ ကျွန်တော်ကသာ  အစွမ်းသတ္တိ နည်းတာ၊ တကယ်လို့ မနွဲ့သာ ခုနေ သေသွားမယ် ဆိုပါတော့၊ မနွဲ့က ဒီသမီးနဲ့ ကျွန်တော့်ကို ထားခဲ့ဖို့ စိတ်ချပါ့မလား"

"မချဘူး"

နွဲ့ရည်က ခေါင်းကို ချက်ချင်း ခါပြလိုက်သည်။ သူမရှိဘဲ ထွန်းထွန်းနှင့် သမီးကို နှစ်ယောက်တည်း ထားခဲ့ဖို့ တွေးပင် မတွေးရဲ၊ လုံးဝစိတ်မချ။ ယခုနေသာ

သေရလျှင်လည်း အသေဖြောင့်မည် မဟုတ်။ နွဲ့ရည်က သမီးလေးကို ငုံ့ကြည့်ကာ တင်းတင်းဖက်ထား လိုက်သည်။

"ကျွန်တော်ကတော့ သမီးကို မနွဲ့နဲ့ ထားခဲ့ရမှာ စိတ်ချတယ်"

ထွန်းထွန်းက ခပ်အေးအေးပင် ပြောသည်။

"ကျွန်တော် မရှိရင်လဲ မနွဲ့က လုပ်ရမယ့် အလုပ်တွေကို ဆက်လုပ် သွားမှာပဲ၊ လျှောက်ရမယ့် လမ်းကို ဆက်လျှောက် သွားမှာပဲ"

"တော်ပါတော့ ထွန်းထွန်းရယ်၊ ဘာဖြစ်လို့ ဒီစကားတွေ ပြောနေရတာလဲ"

"ဘာရယ်လို့ မဟုတ်ပါဘူး"

ထွန်းထွန်းက ပြုံးသည်။ သို့သော် သူ့အပြုံးက မရွှင်လှ။ တကယ့် တကယ်တော့ ထိုစဉ်ကတည်းက နွဲ့ရည် ရိပ်မိခဲ့ဖို့ ကောင်းသည်။ ထွန်းထွန်းက နွဲ့ရည်တို့ သားအမိကို လမ်းခွဲပြီး ထားခဲ့ရန် ကြံစည် နေသည်ကို နွဲ့ရည် ရိပ်မိခဲ့ဖို့ ကောင်းသည်။ နောက်ဆုံးတော့ နွဲ့ရည်၏ ဘဝထဲမှ ထွန်းထွန်းသည် ရုတ်တရက် ပျောက်ကွယ်သွားသည်။ ထိုအခါမှပင် နွဲ့ရည်က ရေးရေးလေး ရိပ်မိတော့သည်။ ထိုနေ့ကို နွဲ့ရည် မမေ့။

ထိုနေ့က ရုံးတွင် နွဲ့ရည် စကားအခြေအတင် ပြောခဲ့ရသည်။ နွဲ့ရည်တို့၏ အထက်အရာရှိ ဦးလှကျော်နှင့် ဖြစ်လေသည်။ စင်စစ်တော့ ဘာမှဖြစ်လောက်သော ကိစ္စမဟုတ်၊ သို့သော် နွဲ့ရည်ကလည်း မခံချင်တော့ နှုတ်လှန်ထိုးမိသည်။ ဦးလှကျော်က အသက် ငါးဆယ်ကျော် ပင်စင်နား နီးနေပြီဖြစ်သော လက်ဟောင်း အရာရှိကြီး ဖြစ်သည်။ နွဲ့ရည်တို့လို နောက်ပေါက် လူငယ်များကို အထင်မကြီးလှ။ ထိုနေ့က အင်္ဂလိပ်စာအုပ်ထဲမှ အကြောင်းအရာလေး တစ်ခုကို ဖတ်ကာ ဦးလှကျော်က ရယ်သည်။ ထို့နောက် နွဲ့ရည်တို့အား ပြန်ပြောပြသည်။

"ဟောဒီမှာ နားထောင်ကြစမ်း၊ တစ်ခါတုန်းက လူတစ်ယောက်ဟာ သူ့ကား နှိုးလို့မရတာနဲ့ စက်ပြင်ဆရာ တစ်ယောက်ကို ခေါ်ပြင်တယ်၊ မရဘူးတဲ့။ ဒါနဲ့ အင်ဂျင်နီယာ တစ်ယောက်ကို ခေါ်ပြီးပြတယ်တဲ့၊ အင်ဂျင်နီယာက တူကလေးနဲ့ ဟိုခေါက်ဒီခေါက် လုပ်လိုက်တာနဲ့ ကားစက်က နှိုးလို့ ရသွားရောတဲ့၊ ဒီတော့ ပိုက်ဆံဘယ်လောက် ကျသလဲဆိုတော့ အင်ဂျင်နီယာက ဆိုပါစို့ကွာ၊ ဒေါ်လာငါးဆယ် ကျပါတယ်လို့ ပြောသတဲ့၊ ဒီတော့ ကားပိုင်ရှင်ကလဲ တူလေးနဲ့ ဟိုဟိုဒီဒီ ခေါက်ရုံနဲ့ ဒေါ်လာငါးဆယ် ဆိုတော့ မပေးချင်ဘူးပေါ့၊ ကျသင့်တာကို စာရင်းတွက်ပြပါလို့ ပြောတော့ အင်ဂျင်နီယာက ဟောဒီလို စာရင်းလုပ်ပြ လိုက်သတဲ့၊ တူနှင့်ခေါက်ခက တစ်ဒေါ်လာ၊ မည်သည့်နေရာကို ခေါက်ရမည်ကို သိသည့်အတွက်က လေးဆယ့်ကိုး ဒေါ်လာတဲ့"

နွဲ့ရည်တို့ အားလုံး ဝါးကနဲ ရယ်မိကြသည်။ ကိုအောင်မြင့်ကပင် "အတတ်ပညာရှင် ဆိုတာ အဲဒါပဲ ဦးလေးရဲ့" ဟု ဂုဏ်ယူစွာ

ပြောလိုက်သေးသည်။ ဒီတော့ ဦးလှကျော်က ရယ်သည်။ "နိုင်ငံခြားက အင်ဂျင်နီယာမို့ပါကွာ၊ ဒီက အင်ဂျင်နီယာဆို တစ်နေကုန် တစ်နေခန်း ကားစက်ခေါင်းထဲ ကုန်းနှိုက် နေဦးမှာပါ၊ ပြီးတော့လဲ ကားက ကောင်းမလာဘဲ ပိုတောင် ပျက်သွားဦးမှာ" ဟု ပြောသည်။

"ဟုတ်ပါတယ် ဦးလေး၊ ကျွန်မတို့က ကမ္ဘာ့အဆင့်မီ အင်ဂျင်နီယာ အဖြစ်တော့ အသတ်မှတ် မခံရပါဘူး၊ ဒါကလဲ သင်ကြားပုံ နည်းစနစ်ချင်း စီးပွားရေးချင်း ကွာလို့ပါ၊ သူတို့လိုသာ သင်ရရင်၊ သူတို့ကျောင်းတွေလို လက်တွေ့ စမ်းသပ်စရာ စက်ကိရိယာတွေ အစုံအလင်ရှိရင် သူတို့လိုပဲ တတ်မှာပါ၊ ကျွန်မတို့ လူမျိုးက ပျင်းချင် ပျင်းမယ်၊ မဖျင်းပါဘူး"

နွဲ့ရည်က ရုတ်တရက် ဝင်၍ ပြောမိသည်။ ဦးလှကျော်က ထပ်၍ ရယ်ပြန်လေသည်။

"ဖျင်းလား မဖျင်းလားတော့ မသိဘူးဟေ့၊ ပန်ကာတစ်လုံးကို အစအဆုံး ဖြုတ်ပြီး အင်ဂျင်နီယာ တစ်ယောက်နဲ့ လျှပ်စစ် အလုပ်သမား တစ်ယောက်ကို ယှဉ်ပြီး ပြန်တပ်ခိုင်းတာ၊ လျှပ်စစ် အလုပ်သမားက အရင်ပြီးတယ်ဗျ၊ ဟား ဟား ဟား အဲဒါက ကျုပ်ကိုယ်တွေ့"

နွဲ့ရည်၏ တစ်ကိုယ်လုံး ပူပြီး ရှိန်းသွားသည်။ တစ်ကိုယ်လုံးတွင် လှည့်ပတ်နေသော သွေးများက ဆူလာသည်။ ပွက်လာသည်။

"ဦးလေး ဒီစကားပြောတာ 'အင်ဂျင်နီယာ' ဆိုတဲ့ စကားရဲ့ အဓိပ္ပါယ်ကို နားမလည်လို့ပဲ ထင်ပါတယ်၊ အင်ဂျင်နီယာဆိုတာ အပျက်ပြင်တဲ့လူ မဟုတ်ပါဘူး၊ ပုံစံကို တီထွင်ထုတ်လုပ်သူပါ၊ ဒါပေမယ့် အပျက်မပြင်တတ်ရဘူးလား ဆိုတော့ ပြင်တတ်ရမှာပါ၊ ပြင်တတ်ဖို့တော့ လိုပါတယ်၊ ဒါပေမယ့် သူလေ့လာခဲ့ရတာ၊ သင်ကြားခဲ့ရတာ၊ ကျက်မှတ်ခဲ့ရတာတွေဟာ အပျက်ပြင်တဲ့ ဘာသာရပ် မဟုတ်လေတော့ ရုတ်တရက် ချက်ချင်းတော့ အမြဲတမ်း အပျက်ပြင်နေတဲ့ လုပ်လေ့လုပ်ထ ရှိနေတဲ့ အလုပ်သမားကို မှီချင်မှ မှီမှာပါ"

နွဲ့ရည်ကိုကြည့်ကာ အားလုံး အံ့သြ နေကြသည်။ ဦးလှကျော်သည် အထက်အရာရှိမို့ မှန်မှန်မှားမှား မည်သူမျှ ပြန်လှန်ပြောရန် မစဉ်းစားကြ၊ မခံချင်လျှင် မျက်နှာပျက်ပြီး ငြိမ်နေရုံသာ ရှိကြသည်။ နွဲ့ရည်လို ပြန်ပြောရန် တွေးပင်မတွေးရဲကြ။

"ဒါပေမယ့် ရေရှည်ကို ကြည့်ပါ ဦးလေးရယ်၊ ရေရှည်မှာတော့ ဒီအင်ဂျင်နီယာဟာ အဲဒီအလုပ်သမား ထက်တော့ သာကို သာရမှာပါ၊ ဒါက ကျွန်မ ရမ်းပြောတာ မဟုတ်ပါဘူး၊ ကျွန်မတို့က ဒီအင်ဂျင်နီယာ ဘာသာရပ်ကိုလဲ အားတိုင်းယားတိုင်း၊ ပိုက်ဆံရှိတိုင်း သင်ခဲ့ရတာ မဟုတ်ပါဘူး၊ သင်ချင်လျက်နဲ့ သင်ခွင့် မရတဲ့သူတွေကို ပြည့်လို့၊ ဟော့ မင်းတို့ မင်းတို့ရဲ့ ဉာဏ်ရည်ကတော့ ဒီလောက်ရှိတယ်၊ အရည်အချင်းကတော့ ဒီမျှရှိတယ်၊ မင်းတို့တွေက အင်ဂျင်နီယာ ဖြစ်နိုင်တယ်

သင်ကြ၊ မင်းတို့ကတော့ မဖြစ်နိုင်ဘူး၊ ဒီပြင်တက္ကသိုလ် သွားကြဆိုပြီး လူတွေ အများကြီး ကျောင်းသားတွေ အများကြီးထဲက စကာတင်ရွေးပြီး သင်ခဲ့ကြရတာပါ၊ ခြောက်နှစ်လုံးလုံး ကြိုးစားပမ်းစား သင်ခဲ့ကြပြီး အလုပ်ခွင်ထဲ ရောက်တော့မှ ဦးလေးက ဒီအင်ဂျင်နီယာဟာ လျှပ်စစ် အလုပ်သမား တစ်ယောက် လောက်တောင် အသုံးမကျဘူး ဆိုတော့ ကျွန်မတို့က ဘာပြောရဦးမှာလဲ"

နွဲ့ရည်၏ အသံက တုန်လာသည်။ ပြောပြီးသည်နှင့် နေရာမှ ချက်ချင်း ပြေးထွက် သွားချင်စိတ် ပေါ်လာသော်လည်း မပြေးဖြစ်ခဲ့၊ ဦးလှကျော်ကို ရင်ဆိုင်ကြည့်ရင်း မျက်တောင်ကို တဖျပ်ဖျပ်ခတ်ကာ ရစ်ဝိုင်းလာသော မျက်ရည်များကို ထိန်းထားသည်။

"နင် ဘာဖြစ်လို့ ကိုယ့် အထက်လူကြီးကို သွားချဲရတာလဲ"

နေ့ခင်းကျတော့ ခင်ခင်ထွေးတို့၊ ကိုခင်အောင်တို့က မေးကြသည်။

"ဒါ ... ချဲတာ မဟုတ်ဘူး၊ အကျိုးသင့် အကြောင်းသင့် ပြောပြတာ၊ ဒီအကြောင်းကို ငါတို့ကမှ မပြောရင် ဘယ်သူမှ ပြောမှာမဟုတ်ဘူး"

"အေးလေ ဟုတ်တော့ ဟုတ်တာပေါ့၊ ဒါပေမယ့် ငါသာညဆိုရင်တော့ မပြောရဲဘူး"

"ငါကတော့ ပြောရဲတယ်"

နွဲ့ရည်က ခပ်ပြတ်ပြတ်ပင် ပြောသည်။ စိတ်ထဲတွင်တော့ ညစ်ညူးနေသည်။ ခင်ခင်ထွေးက စက်မှုအင်ဂျင်နီယာ (စိုက်ပျိုးရေး) ဘွဲ့ကို နောက်ခေါ်မည့် လေးရာ့ငါးဆယ် စကေးတွင် ထည့်၍ မခေါ်ကြောင်း၊ စက်မှုအင်ဂျင်နီယာ သက်သက်ကိုသာ ခေါ်မည်ဖြစ်၍ မွမ်းမံသင်တန်း သုံးလ ပြန်တက်ရမည်။ သုံးလလည်း ထပ်ပြီး တက်မနေချင်၊ ကျောင်းကို သုံးလ ပြန်တက်နေရလျှင် အလုပ်က ဝင်ငွေကလည်း သုံးလ လျော့နည်းသွားမည် ဖြစ်သည်။ သုံးလဆိုလျှင် တစ်ထောင်ခန့် နစ်နာသည်။ တစ်ထောင်ဟူသော ငွေသည် နွဲ့ရည်၊ ထွန်းထွန်းနှင့် သမီးလေးတို့ အတွက် တော်တော်လေး အရေးကြီးလေသည်။

"ဒီလိုဆိုရင် လေးရာ့ငါးဆယ် စကေးခေါ်ရင် မဖြေရဘဲ ဖြစ်နေလိမ့်မယ်"

"ဖြစ်ဖြစ်ပေ့ါဟာ"

ဖြစ်ဖြစ်ပေ့ါဟုသာ ပြောလိုက်ရသော်လည်း နွဲ့ရည်၏ ရင်ထဲတွင် မကောင်းလှ၊ သူ့သူငယ်ချင်းတွေက လေးရာ့ငါးဆယ်စားတွေ ဖြစ်ကုန်ပြီ။ ရှေ့ဆုံးမှ "ပထမ" ရကာ အောင်ခဲ့သော နွဲ့ရည်က သူတို့ လက်အောက်တွင် သုံးရာ့နစ်ဆယ်စား ဘဝနှင့် လုပ်ရမည်ဆိုတော့ တွေးမိရုံနှင့်ပင် ရင်ထဲတွင် အောင့်လာသည်။

အိမ်အပြန်တွင် နွဲ့ရည် စိတ်မရှင်လှ၊ အမေတို့အိမ်က မနက်ရုံး အသွားက ဝင်ထားခဲ့တဲ့ သမီးလေးကို ဝင်ခေါ်ပြီး ငိုက်စိုက် ငိုက်စိုက်နှင့် ပြန်လာသည်။ စိတ်ဆိုးတုန်း ဆိုသော်လည်း အလုပ်တဖက်၊ ကလေးတဖက်နှင့် နွဲ့ရည် အကျပ်ရိုက်နေပြီ ဆိုတော့ အမေက မနေနိုင်၊ "ရုံးအသွား ကလေးကို အမေ့ဆီ ဝင်ပို့ခဲ့ပါအေ" ဟု ပြောသည်။ ထိုသို့သာ မဟုတ်လျှင် နွဲ့ရည်သည် ဒီသမီးပေါက်စနကို ရုံးသို့ ခေါ်သွားရမည့်ကိန်း ဆိုက်နေခဲ့သည်။ ကလေးသာ ထိန်းခိုင်းထား သော်လည်း မိဘကိုတော့ ဘာမှ မည်မည်ရရ မထောက်ပံ့နိုင်ခဲ့ချေ။ "ဒိပြင် စီးပွားရေးလေး ဘာလေး အဆင်ပြေရင်လဲ အလုပ်ထွက်ပြီး လုပ်ရကောင်းသား" ဟု ပထမဦးဆုံး အကြိမ် တွေးမိသည်။ စိုက်ပျိုးရေး စက်ကိရိယာတွေ တီထွင် ရေးဆွဲလိုစိတ်က အခိုက်အတန့် ငုပ်လျှိုးသွားသည်။ အိမ်ရောက်တော့ ထုံးစံအတိုင်းပင် သော့ခလောက်က ဆီးကြိုသည်။ ထွန်းထွန်း ပြန်မရောက်သေးပေ။

"ဒီအချိန်ဆိုရင် ကလပ်စ်က ပြီးပါပြီ။ လက်ဖက်ရည်ဆိုင် ထိုင်ပြီး လေကန် နေပြန်ပြီ ထင်ပါရဲ့"

နွဲ့ရည်က တွေးယင်း ထမင်းချက်သည်။ မနက်က ကျန်သော ငါးခူးကြော်လေးကို ဆီအိုးတည်ပြီး ပြန်ကြော်သည်။ မုန်လာဥချဉ်ရည် အိုးကို ပြန်နွေးသည်၊ ထမင်းပွဲကို အသင့်ပြင်ကာ သမီးလေးအား ထမင်းခွံ့ရင်း ထွန်းထွန်းအား မျှော်သည်။ ခုနစ်နာရီ ထိုးလည်း ပေါ်မလာခဲ့။ ရှစ်နာရီ ထိုးလည်း ပေါ်မလာခဲ့။ ဆယ့်နှစ်နာရီ ထိုးလည်း ပေါ်မလာခဲ့။ တစ်ညလုံး မအိပ်နိုင်ဘဲ စိတ်တပူပူနှင့် စောင့်သည်။ ထွန်းထွန်းက ပေါ်မလာခဲ့ပေ။

နောက်တရက် နောက်တရက်၊ ရက်ပေါင်းများစွာ စောင့်သည်။ ထွန်းထွန်းက ပေါ်မလာခဲ့တော့ပေ။ နွဲ့ရည်၏ ဘဝတွင် သမီးလေး "နွဲ့ရည်ထွန်း" ကို လက်ဆောင်ပေးခဲ့ပြီး ထွန်းထွန်းက ကျောခိုင်း၍ ထွက်ခွာ သွားလေသည်။

"ဒီအကောင် ကြည့်ရတာ တနေ့နေ့တော့ ဒီလို လုပ်လိမ့်မယ်လို့ အထင်သား၊ ကိုယ့်အိမ်ထောင် ကိုယ့်သားမယား ပေါ်မှာ လေးလေးနက်နက်မှ မရှိတာ"

အဖေက ပြောသည်။ အတော်လေးလည်း မကျေမချမ်း ဖြစ်နေသည်။ နွဲ့ရည်ကတော့ ဘယ်သူ့ကိုမှ အပြစ်တင် မနေချင်တော့၊ ကိုယ့်အကြောင်းကံနှင့် ကိုယ်သာဖြစ်သည်။

"ပြောမနေပါနဲ့တော့ ရှင်ရယ်၊ ပြီးတာ ပြီးပြီပဲ၊ လာ ငါ့မြေးလေး၊ အမေကြီးဆီလာ"

အမေက နွဲ့ရည်၏ ရင်ခွင်တွင်းမှ သမီးလေးကို လှမ်း၍ခေါ်သည်။ ယုယုယယ ချီပိုးသည်။ နောက်ဆုံးတော့လည်း ဒုံရင်းက ဒုံရင်းပင် ဖြစ်သည်။ နွဲ့ရည်သည် အမေတို့ အိမ်သို့ ပြန်ရောက် လာရသည်ပင် ဖြစ်သည်။ သို့သော် အိမ်မှ ထွက်သွားစဉ်က ကျောင်းသူ နွဲ့ရည် ဖြစ်သည်။ ယခုတော့ အင်ဂျင်နီယာ နွဲ့ရည် ဖြစ်သည်၊ ထို့ပြင် ကလေးတစ်ယောက် တိုးခဲ့ပြီ။

"ဟေး ... ကလူ ကလူ၊ သမီးလေးရေ ကလူ"

အဖေက မမြှုတတ် မြှုတတ်ဖြင့် အမေ့လက်ထဲမှ သမီးလေးကို လှမ်း၍ မြှုသည်။ သမီးက တခစ်ခစ် ရယ်လေသည်။

"အဖေလဲ အတော်အိုလာပြီ၊ အမေလဲ ဆံပင်တွေတောင် ဖြူစပြုပြီ၊ ငါ့လုပ်အားနဲ့ရတဲ့ ငါ့လုပ်စာကို မိဘကို ဘာမှ မထောက်ပံ့ဖူးသေးဘူး"

နွဲ့ရည်က နောင်တစိတ်နှင့် တွေးသည်။

"ငါလုပ်ချင်ရာကို ငါ အမြဲလုပ်ခဲ့တာပဲ၊ ကိုယ့်ဟာကိုယ် အဆင်ပြေနေတုန်း ကတော့ ပျော်လို့၊ ဟော ... ဆင်းရဲဒုက္ခလဲ ရောက်ရော၊ ဒီအဖေ ဒီအမေဆီ ပြန်ပြေးလာရတာပဲ၊ အခုတော့ မှတ်ပြီ၊ ဒီမိဒီဖကို တစ်သက်လုံး မခွဲတော့ဘူး၊ သေတဲ့အထိ ပြုစုမယ်။ လုပ်ကျွေးမယ်"

စိတ်ထဲမှ ဆုံးဖြတ်ချက် ချလိုက်သည်။ ထွန်းထွန်းကို ချစ်မိသည့်အတွက် ကိုကား လုံးဝ နောင်တမရချေ။ သူ၏ တစ်သက်တာတွင် ချစ်သူ တစ်ယောက်ကို ဒီမျှ စွဲစွဲလမ်းလမ်း၊ မြတ်မြတ်နိုးနိုး ချစ်ခဲ့ခြင်း အတွက်လည်း ကိုယ့်ကိုကိုယ် ကျေနပ်သည်။ ဘယ်သူတွေ ဘာပြောပြော ထွန်းထွန်း ပြန်လာမည်ဆိုလျှင် နွဲ့ရည်က လက်ကမ်းပြီး ကြိုဆိုရန် အသင့်။

ထွန်းထွန်းအတွက် သားလေး၊ သမီးလေးတွေ ဆက်ပြီး မွေးပေးရန် အသင့်ပင်။ သူ၏ ထောင့်ငါးရာ မေတ္တာတရားကို ထွန်းထွန်း အတွက်ပင် သီးသီးသန့်သန့် သိမ်းထား လိုက်မည်။

"ဟော့ ... အစားပုပ်မလေး .... လူရည်ချွန်ကလေး"

အဖေက သမီးလေး၏ ပါးကို တို့ကာ ကျီစယ်နေသည်။ သမီး အစားပုပ်သည်ကတော့ အမှန်ပင်။ အသက်က တစ်နှစ်မပြည့်သေး၍ နွဲ့ရည်က နို့မဖြတ်ရက်။ အမေနို့ကလည်း ကောင်းစွာ မလိုက်တော့၍ တစ်ကြောင်း၊ နေ့ခင်းတိုင် ရုံးသွားရ၍ တစ်ကြောင်း "လူရည်ချွန်" နို့မှုန့်ကို အစားထိုးရသည်။ သမီးက တစ်လလျှင် နို့ဗူး လေးဗူးမျှ ကုန်အောင် သောက်သည်။ ဒီတော့လည်း မိဘကျေးဇူး ဆပ်ချင်သော နွဲ့ရည်ခမျာ အဖေ့ဖို့၊ အမေ့ဖို့က အသာထားလိုက်ဦး၊ သမီးဖို့ပင် အနိုင်နိုင် ဖြစ်နေသည်။

"ငံပြာရည် ရောင်းရင် ကောင်းမလား မသိဘူး၊ ငါးပိသိပ်ရင် ငံပြာရည်က အပိုထွက်တယ်။ ငါးပိရော၊ ငံပြာရည်ရော ရောင်းနိုင်ရင် မဆိုးဘူး သမီးရဲ့၊ အမေက ငါးပိကောင်းကောင်း သိပ်တတ်တယ်၊ နေရာက ကျဉ်းနေလို့၊ နံမှာစော်မှာ ပတ်ဝန်းကျင်ကို အားနာနေလို့"

အမေ ပြောစဉ်က နွဲ့ရည်က ငံပြာရည် ရောင်းရန် စိတ်မကူးမိသေးပေ။ တခါတရံ စိတ်ညစ်လျှင် အဖေ ပေးထားသော ပစ်တိုင်းထောင်ရုပ် ကလေးကို

ထုတ်၍ ကြည့်မိသည်။ "တည့်တည့် ကျကျ၊ စောက်ထိုး ကျကျ၊ မှောက်လျက် ကျကျ၊ ပက်လက် ကျကျ၊ ပြန်ပြီး ထကြ၊ ထောင်ကြ၊ ဟုတ်လား" ဟူသော အဖွေ့စကားကို ပြန်၍တွေးမိသည်။ ခုတလောတော့ နွဲ့ရည်သည် သူဌေးဖြစ်လိုစိတ်နှင့် ရူးနေသည်။ မိဘနှစ်ပါးအတွက် ချို့ချို့တဲ့တဲ့ ပညာသင်နေရသော မောင်ငယ် ညီမငယ်များ အတွက် ငွေကို လောဘတကြီး ရှာချင်လာသည်။ လက်ရှိ အလုပ်တွင်လည်း သိပ်မပျော်တော့။

"ခင်ဗျားက ကိုယ်ပိုင်စီးပွားရေးနဲ့ အကျိုးပေးတယ်၊ ဒီအချိန်ကစပြီး ကြိုက်တာသာ ကောက်လုပ်၊ ဘာလုပ်လုပ် အောင်မြင်မယ်၊ တစ်နှစ်ပြည့်ရင် လာခဲ့၊ ခင်ဗျားလက်ထဲမှာ ပစ္စည်း အလုံးအရင်း သိန်းချီပြီး ရှိနေရစေမယ်"

မြေနီကုန်းမှာ နာမည်ကြီး လက္ခဏာဆရာ တစ်ဦးက ပြောသည်။

"တကယ်လား ဆရာ"

"ကျုပ် အာမခံတယ်ဗျာ"

လက္ခဏာဆရာက အပြောရဲတော့ နွဲ့ရည် အတော်ပျော်သွားသည်။ ဟုတ်သော်ရှိ၊ မဟုတ်သော်ရှိ၊ လောလောဆယ်တော့ တော်တော်လေး စိတ်ချမ်းသာသွားသည်။

"ဆရာက ဒီလောက် အပြောရဲတော့ အားတက်စရာကြီးပေါ့၊ တစ်နှစ်ပြည့်ရင် ကျွန်မ ပြန်လာခဲ့ပါ့မယ်"

နွဲ့ရည်က စီးပွားရေး တစ်ခုတည်းကိုသာ မေးပြီး ပြန်လာခဲ့သည်။ အချစ်ရေးတို့၊ အိမ်ထောင်ရေးတို့၊ ပညာရေးတို့ကို စိတ်မဝင်စားတော့ပေ။ ထိုအခန်း ထိုကဏ္ဍများသည် နွဲ့ရည်၏ဘဝတွင် ပြီးဆုံးခဲ့ပြီဟု မှတ်ထားသည်။

"ဟော ... မနွဲ့ရည်"

"သြော် .. ကိုခင်ထွန်း"

ဘတ်စ်ကားဂိတ်ရောက်တော့ ကိုခင်ထွန်းနှင့်တွေ့သည်။ ကိုခင်ထွန်းက နွဲ့ရည်၏အိမ်ထောင်ရေးအကြောင်းကို စကားမစ။ မသိ၍တော့ ဟုတ်မည်မထင်။ အားနာသောကြောင့် ဖြစ်ပေမည်။

"ဘယ်က လာတာလဲ"

"သြော် .. ဒီနားကပါ"

နွဲ့ရည်က လက္ခဏာ သွားမေးကြောင်း မပြောချင်။ အလျင်တုန်းက ဒီလက္ခဏာတွေ၊ ဗေဒင်တွေကို အယုံအကြည် မရှိကြောင်း နွဲ့ရည်က

မကြာခဏ ရယ်သွမ်းသွေးကာ ပြောဖူးသည်။ သို့သော်လည်း ဒုက္ခရောက်လာတော့ သက်သာရာ သက်သာကြောင်းလေးများ ဟောလေမလားဟု သွားမေးမိသည်။ မျှော်လင့်သည့်အတိုင်း အဟောထွက်တော့လည်း ဝမ်းသာ အားတက်ရသည်။

"ကျောင်းမှာလဲ ကျွန်မတို့လို 'စိုက်ပျိုးရေး' ယူတဲ့သူ မရှိတော့ဘူးနော်"

"ဘယ်ရှိတော့မှာလဲ၊ ပေးမှ မပေးတော့ပဲ၊ နောက်ပြီး အလုပ်ရဖို့ကျတော့လဲ လွယ်လို့လား"

"အင်း ... ကျွန်မလဲ သုံးရာ့နှစ်ဆယ် စကေးမှာ တစ်နေပြီ၊ ကိုခင်ထွန်းရော"

"ကျွန်တော်တော့ သင်္ဘောလိုက်မယ်"

"ဒီလိုဆို ချမ်းသာဦးမှာပေါ့လေ"

နွဲ့ရည်က ရယ်သွမ်းသွေးကာ ပြောမိသည်။ ကိုခင်ထွန်းကတော့ တဟားဟား ရယ်နေလေသည်။

"မနွဲ့ရည်ရော အပြင်စီးပွားရေး အရောင်းအဝယ်လေး မလုပ်ဘူးလား၊ ကျွန်တော် သင်္ဘောလိုက်ပြီး ပြန်လာရင် ပါတဲ့ပစ္စည်းတွေ လာတင်ရမလား၊ မက်စ်ဖက်တာတို့ ခရင်ပလင်း ဆွယ်တာတို့လေ၊ ဈေးကောင်းတယ်ဗျ"

"လာခဲ့လေ ကျွန်မ ရောင်းပေးမယ်၊ ကျွန်မကလဲ ကိုခင်ထွန်း သင်္ဘောကြုံနဲ့ အင်္ဂလန်မှာ ရောင်းဖို့ ပစ္စည်းတွေ တင်ပေးလိုက်မယ်"

"ဘာတွေလဲ"

"ပြည်တွင်းဖြစ် ပစ္စည်းတွေပါ"

"ကျောက်စိမ်းတွေ များလားဗျာ၊ မရက်စက်ပါနဲ့"

"မဟုတ်ပါဘူးရှင်၊ လွတ်လွတ်ကင်းကင်း ကုန်ပါ"

"ဘာပါလိမ့်ဗျာ"

"ငါးပိနဲ့ ငံပြာရည်လေ"

"ဟာဗျာ ... လုပ်ပြီ"

နှစ်ဦးသား ဟက်ဟက်ပက်ပက် ရယ်မိကြသည်။ နွဲ့ရည်၏ ရင်ထဲတွင် လွတ်လပ်ပေါ့ပါးပြီး ရွှင်လာသည်။ နောင်ပြောင်ပြီး ပြောလိုက်ခြင်း ဖြစ်သော်လည်း ထိုငါးပိနှင့် ငံပြာရည်ကို တကယ် ရောင်းဖြစ်လိမ့်မည် ဟုကား မထင်မိသေး။ သို့သော် ထိုငါးပိနှင့် ငံပြာရည်ကို နွဲ့ရည် တကယ်ပင် ရောင်းဖြစ်ခဲ့ လေသည်။ ကံဆိုးချင်တော့ မုန့်လက်ဆောင်ကုန်း မီးလောင်သည်။ နွဲ့ရည်တို့ အိမ်ကလေးလည်း မီးထဲ ပါသွားသည်။ သို့သော် ကံကောင်းချင်တော့ တောင်ဥက္ကလာတွင် နေရာသစ် ရခဲ့သည်။ နေရာက ကျယ်ကျယ်ဝန်းဝန်းမို့ ငါးပိသိပ်ရန်၊ ငံပြာရည်လှောင်ရန် အဆင်ပြေခဲ့သည်။

"ဘယ်အလုပ်မှာမဆို လူတန်းစား နှစ်မျိုးပဲရှိတယ် သမီး၊ တစ်မျိုးက ဆရာ၊ တစ်မျိုးက တပည့်၊ ကိုယ်က တော်ရင် တတ်ရင် အကွက်မြင်ရင် ဆရာ ဖြစ်လိမ့်မယ်၊ မတော်ရင် မတတ်ရင်တော့ တပည့်ဘဝမှာပဲ ကျေနပ်ရမှာပဲ"

"သမီးက အလုပ်တစ်ခုကို မတတ်ခင်တော့ တတ်တဲ့လူဆီမှာ ပညာယူရမှာပဲ၊ တပည့်ခံရမှာပဲ၊ ဒါပေမယ့် တပည့်ဘဝမှာ ဘယ်တော့မှ ကြာရှည်မနေဘူး"

နွဲ့ရည်က အဖေ့အား ပြောခဲ့သည်။ ငံပြာရည် ရောင်းမိပြီ ဆိုတော့ ငံပြာရည်ပုံးဆွဲပြီး တစ်ဆိုင်ဝင် တစ်ဆိုင်ထွက်နှင့် ဈေးတကာလှည့်ကာ ဖောက်သည်ရှာသည်။ သူငယ်ချင်းများ ရှိရာ ရုံးများသို့ တစ်ရုံးဝင် တစ်ရုံးထွက်နှင့် လိုက်ပြီး ငံပြာရည် ရောင်းရန်လည်း ဝန်မလေးခဲ့၊ ငွေရင်းခုနစ်ရာနှင့် စခဲ့သော လုပ်ငန်းသည် သုံးလအတွင်း သုံးဆလောက် မြတ်လာသည်။ ဒီတော့လည်း ငါးပိကန် တစ်ကန်ကို အုတ်စီ၊ ကွန်ကရီခင်းပြီး ကျကျန ဆောက်ပစ်လိုက်သည်။ ငါးပိကန်နှင့် တွဲလျက် ငံပြာရည်ကန်ကို ဆက်၍ ဆောက်သည်။ "ငံပြာရည်သည်" ဟူသော အမည်သည် အမြင်မလှသော်လည်း ငွေတော့ အတော်ရလေသည်။

"မနွဲ့ရည် ခင်ဗျား ငံပြာရည် ရောင်းနေတယ်ဆို"

"ဟုတ်ပ့ါရှင်၊ ယူမလား၊ ကျွန်မငံပြာရည်က ဘိတ်ငံပြာရည် လိုပဲနော်၊ စားမိရင် လျှာလည်သွားမယ်"

တစ်နေ့တော့ ကျောင်းမှ သူငယ်ချင်း တစ်ဦးနှင့် ဆုံမိပြန်သည်။

"ဩော် ... ဒီငံပြာရည်သည်ကြီး ကလဲ သူ့ပစ္စည်းကိုပဲသူ တွန်းရောင်း

နေတော့တာပဲ၊ ကျွန်တော်က ခင်ဗျားကို ငါးခြောက်ပါ တွဲမလုပ်ချင်ဘူးလားလို့ မေးမလို့ပါ"

"ဘာ ငါးခြောက်လဲ"

"ပင်လယ်ငါးမန်းတွေလေ၊ ပင်လယ်ငါးမန်းတွေက ငါးခြောက်ခွဲရောင်းရင် အတော် ရောင်းပန်းလှသတဲ့ဗျ"

နွဲ့ရည်၏ခေါင်းက အပြေးအလွှား တွက်ချက်နေမိသည်။ အိမ်ရှိ လူအင်အားနှင့် လုပ်ငန်းကို ချိန်ကြည့်နေသည်။ ယခု ငါးပိငံပြာရည် လုပ်ငန်းတွင်ပင် လူငှားထားနေရပြီ ဖြစ်သည်။ ငါးခြောက်ပါ တွဲလျှင် တော်တော်လေးတော့ ပင်ပန်းမည် ဖြစ်သည်။ သို့သော် တော်တော်လေး မြတ်နိုင်လေသည်။

"နေစမ်းပါဦး၊ အဲဒီ ပင်လယ်ငါးမန်းကို ကျွန်မက ဘယ်က ရမှာလဲ၊ ပင်လယ်ထွက် ဖမ်းရမှာလား"

"ဘယ်က ရရမှာလဲ။ ကျွန်တော်တို့ဆီကပေါ့"

"နေပါဦး၊ ရှင်က ဘယ်မှာ လုပ်တာပါလိမ့်"

"မေးမှ မေးရက်ပလေတယ်ဗျာ၊ ပုလဲနဲ့ ငါးမှာ ခင်ဗျ၊ ပုလဲနဲ့ ငါးမှာ"

ဆောင့်ကြီး အောင့်ကြီးနှင့် ပြောသောဟန်ကို ကြည့်၍ ရယ်မိရင်း ပုလဲနှင့်ငါး ဌာနတွင်လည်း စက်မှုတက္ကသိုလ်ဆင်းများ ဝင်ရောက် လုပ်ကိုင်နေသည်ကို သတိရသည်။

"သူငယ်ချင်းတွေက အဲဒီလို ကူကြမယ် ဆိုရင်တော့ ကောင်းတာပေါ့ဟယ်၊ အတိုင်းထက် အလွန်ပေါ့"

"ကူချင်လွန်းလို့ မေးနေတာ ခင်ဗျာရဲ့၊ ကူချင်လွန်းလို့"

သို့နှင့်ပင် နွဲ့ရည်၏ လုပ်ငန်းသည် တဖြည်းဖြည်း ကျယ်လာခဲ့သည်။ တစ်နှစ်ပြည့်တော့ လက္ခဏာဆရာ ပြောသည့်အတိုင်း ငွေတစ်သိန်းမျှ ပိုက်မိနေပြီ ဖြစ်သည်။ သို့သော် နွဲ့ရည်က ထိုမျှနှင့် မရပ်နိုင်တော့။ စီးပွားရေး အကွက်ကို ချက်ကနဲ၊ ချက်ကနဲ မြင်လာပြီဖြစ်သော မျက်လုံးနှင့် ဒက်ကနဲ ဒက်ကနဲ တွက်တတ်သော ဦးနှောက်တို့က ဆက်သွယ်မိနေကြပြီ ဖြစ်လေသည်။ ကီလီတွင် ငါးသလောက်ဒိုင် ဖွင့်ချင်သည်ဟု မနွဲ့ရည်က ပြောလာတော့ သူငယ်ချင်းတွေက တားကြသေးသည်။ ငါးသလောက်ကို ပုလဲနှင့်ငါးက ကိုင်သော်လည်း ပုလဲနှင့်ငါးက သူတို့ကို တစ်ဦးလျှင် ပိဿာချိန် ထောင်သောင်းချီပြီး ပေးလိုက်သည်သာ ဖြစ်သည်။ ဈေးကစားသည်က ထိုဒိုင်များက ဈေးကစား နေကြခြင်း ဖြစ်၏။ ထိုအထဲသို့ နွဲ့ရည် တိုးဝင်ပါက အရင်းပြုတ်ပြီး လွင့်ထွက်သွားအောင် ဝိုင်း၍ သတ်ကြမည်ကို စိုးရိမ်ကြသည်။

"နင်က စာအုပ်ထဲက ပညာသာ တတ်တာ၊ အဲဒီ ငါးပွဲစားတွေက သတင်းစာ ပေးလိုက်ရင် စောက်ထိုးဖတ်မယ့် ပုဂ္ဂိုလ်တွေ၊ အရုပ်သာ မပါရင် စာကို အတည့်လား၊ ပြောင်းပြန်လားတောင် မသိဘူး။ ဒါပေမယ့် ဘဝထဲက ပညာကိုတော့ ကကြီး, ကနေ အ, အထိ တတ်ပြီးသားနော်၊ အပြိုင်အဆိုင်လဲ

လိုချင်ကြတာ မဟုတ်ဘူး၊ နင့်ကို ခွေးဝဲစားကန်သလို ဝိုင်းပြီး ကန်ထုတ်ကြတော့မှ တကိန်ကိန်နဲ့ လွင့်ထွက်လာဦးမယ်"

ကိုကြီးသာခင်က ပြောခဲ့သေးသည်။ သူက နွဲ့ရည်ထက် အသက်ရော အတန်းရော ကြီးတော့ နွဲ့ရည်ကို ညီမငယ် တစ်ဦးလိုပင် သဘောထားသည်။ နွဲ့ရည်၏ ဘဝကိုလည်း အစအဆုံး သိသည်။

"စာအုပ်ထဲကပညာ တတ်ထားတော့ ဘဝထဲက ပညာကို တတ်လွယ်တာပေါ့ ကိုကြီးသာခင်ရဲ့"

"အေး ... နင်လဲ ပညာတတ်ရော ဝိုင်းတွယ်ကြလို့ ပြားနေရော"

"ပညာမတတ်ခင် ကတော့ ပညာရှာရမှာပေါ့ ကိုကြီးရာ၊ ဝိုင်းတွယ်ကြလို့ အတွယ်ခံရလဲ အဲဒါ ပညာပေါ့၊ ဘယ်လို တွယ်လဲ သိရတော့ နောက်တစ်ခါ အတွယ်မခံရဘူးပေါ့ ဟုတ်ဘူးလား၊ ဟောဒီမှာ ကြည့်ထားစမ်းပါ ကိုကြီးရဲ့၊ နွဲ့ရည်က တပည့်ဘဝမှာ ဘယ်တော့မှ ကြာရှည် မနေပါဘူး"

"အေး ... လုပ် လုပ်၊ နင်က နင် လုပ်ချင်ရာကို ဖြစ်အောင် လုပ်တတ်တဲ့ မိန်းမပဲ။ နောက်တော့သာ တကိန်ကိန် အော်ပြီး ပြေးမလာနဲ့"

ကိုကြီးသာခင်က ကရုဏာဒေါသော ပြောသည်။ သို့သော် ကူညီစရာ ရှိသည်များကိုတော့ ကူညီရှာလေသည်။

သို့နှင့်ပင် နွဲ့ရည်တစ်ယောက် ကီလီဈေးသို့ ရောက်ခဲ့သည်။ စပါးခွံများ အထပ်ထပ်နှင့် ပျော့အိနေသော ရွှံ့မြေကို နင်းကာ ငါးစိမ်းတန်းထဲ ဝင်ခဲ့သည်။ ရေခဲခွဲသံက တဂျိုးဂျိုးနှင့် ဆူညံနေသည်။ ငါးနံ့က ညှီနေသည်။ ရေခဲငွေ့များနှင့် အေးနေသော လေက မျက်နှာကိုသာမက တစ်ကိုယ်လုံးကို ဆီးပြီး ရစ်ပတ်လိုက်သည်။ အသည်းထဲတွင် အေးကနဲ ဖြစ်သွားသည်။ စူးစူးစမ်းစမ်းနှင့် ဝိုင်းပြီး ကြည့်ကြသော မျက်လုံးများကို ရင်မဆိုင်ရဲ၊ အနွေးအင်္ကျီကို လက်နှစ်ဘက်နှင့် တင်းတင်းစုဆွဲကာ တစ်လှမ်းချင်း လျှောက်ဝင်လာသည်။ ဘာပဲပြောပြော အားကတော့ အငယ်သားပင်။

* * *

"နင်တို့အစ်မ မနေ့မနက်တုန်းက ဘယ်လိုဖြစ်တာလဲ"

"ဟာဗျာ ... အဲဒီသားအမိက ကြွေးသုံးရာကျော် မပေးဘဲ ရှောင်နေတာ ကြာပြီဗျ၊ မရှိလို့ မပေးတာလဲ မဟုတ်ဘူး၊ သက်သက် ကျောနေတာ"

"အေးလေ ... ဆွဲထားလိုက်တဲ့ ရွှေဆွဲကြိုးကြီးကဖြင့် ပေါင်လုံးလောက် တုတ်တယ်"

"အဲဒါနဲ့ အစ်မက တောင်းတော့ သူတို့ကပဲ ဆဲလားဆိုလားနဲ့၊ ထဘီများ ဆွဲလှန်လိုက်တာ ဟိုဒင်းတောင် ပေါ်တော့မယ်၊ အစ်မက ဘာမှ မပြောရသေးဘူး၊ သူတို့က ဆဲလိုက်တာ ဆိုလိုက်တာ မွှန်ထူသွားတာပဲ၊ ကြားတယ် မဟုတ်လား၊ အဲဒီသားအမိက နာမည်ကြီးဗျ၊ လျှာကြမ်း အာကြမ်းဆိုပြီး တော်ရုံ ကြွေးမတောင်းရဲကြဘူး"

"အေး ... ကြမ်းတော့ အတော်ကြမ်းတယ်"

"ဒီတော့ ကျွန်တော်တို့ကလဲ အစ်မကို မြှောက်ပေးရတာပေါ့၊ ပြန်သာအော်လို့ ခံနေရင် ကျောသထက် ကျောမှာ၊ အစ်မ အသားကို ထိရင် ကျွန်တော်တို့ရှိတယ်၊ မကြောက်နဲ့လို့ ဝိုင်းမြှောက်ပေးကြတာ၊ ဟား ... ဟား ... ပွဲကြီးပွဲကောင်းပဲ၊ သူတို့လောက် မဆဲတတ်သေးပေမယ့် ကျုပ်တို့အစ်မကလဲ တိုးတက်လာပြီဗျ"

စကားသံများက နားထဲတွင် မကြည်မလင် မပီမသနင့် လုံးထွေးနေရာမှ တဖြည်းဖြည်း ကြည်လာသည်။ မနွဲ့ရည် မျက်လုံးကို ဖွင့်ကြည့်လိုက်သည်။ မျက်နှာပေါ်သို့ အိကျနေသော ဝါကျင်ကျင် ခြင်ထောင်အမိုးကို မြင်ရသည်။

"အစ်မနွဲ့ရည်များဟယ် ဒီရောက်စတုန်းက ပုံနဲ့တော့ အတော်ကွာလာပြီ၊ အဲဒီတုန်းကများ အနွေးအင်္ကျီလေးကို လက်နှစ်ဘက်နဲ့ စုဆွဲပြီး လမ်းလျှောက်ရင် သုတ်သုတ်သုတ်သုတ်နဲ့၊ ဘယ်သူ့ကိုမှလဲ မကြည့်ရဲဘူး၊ ပြန်မြင်ယောင်မိသေးတယ်"

မနွဲ့ရည်က ခြင်ထောင်ကိုမကာ အပြင်သို့ ထွက်လိုက်သည်။ ရေခဲပွဲစား မလှတင့်နှင့် ကျော်ကျော်တို့က သူ့ကို ကျောခိုင်းကာ စကားပြော နေကြသည်။

"ဟော့ ... ဘာအတင်းပြော နေကြတာလဲ ဟော့"

"ဟော ... အစ်မ နိုးလာပြီလား"

မနွဲ့ရည်သည် ပြေကျနေသော ဆံပင်ကို စုသိမ်းပြီး ဝါးဘီးနှင့် တစ်ချက်နှစ်ချက် သပ်လိုက်သည်။ ထို့နောက် ဝါးဘီးကို နောက်၌စိုက်ကာ ဆံပင်များကို ရစ်ပတ်လိုက်သည်။

"ဘယ်နှစ်နာရီ ထိုးပြီးလဲ အစ်မ"

"တစ်နာရီ ခွဲနေပြီ၊ ခနဖြူငါး မလာဘူး မဟုတ်လား"

"မလာဘူး၊ အစ်မရီတော့ ရောက်နေပြီ"

"ဘယ်နှတာ ပါလာလဲ"

"ဆယ်တာ ... ငါးကြင်း၊ ငါးမြစ်ချင်းနဲ့ ငါးခေါင်းပွပဲတဲ့"

အစီအရီ ချထားသော ထင်းရှူးသေတ္တာများကို မနွဲ့ရည် လှမ်းကြည့်လိုက်သည်။ မည်မျှ အိပ်ပျော်သွားလေသည် မသိ၊ ငါးများချသည်ကိုပင် မသိလိုက်။ မရီကတော့ ရေစည်ပေါ်တွင် ဒူးတစ်လုံးထောင်ကာ ထိုင်ရင်း ဆေးလိပ် ဖွာနေသည်။ အိပ်ရေးပျက်သော မျက်လုံးများက စင်းနေသည်။ မနွဲ့ရည်က အတန်ငယ် တွန့်တက်နေသော အင်္ကျီကို ဆွဲဆန့်လိုက်သည်။ ခြင်ထောင်ကြိုးများကို ဖြုတ်ပြီး ခေါက်သိမ်းသည်။ မကြာမီ ရန်ကုန်တစ်မြို့လုံးရှိ ဈေးတကာဈေးမှ ငါးစိမ်းသည်များ ရောက်လာတော့မည်။

သံပြားပတ်ထားသော ထင်းရှူးသေတ္တာများ သည်ကား ဝင်လာမစဲ တသဲသဲပင်။ အထမ်းသမားများကို ဆိုင်ရာဆိုင်ရာ ဒိုင်များရှေ့သို့ ထမ်း၍ သွားကြသည်။ အစုလိုက် အပြုံလိုက် သူ့အစုနှင့်သူ ထပ်ထားသော ထင်းရှူးသေတ္တာများ ထဲတွင် ရေခဲရိုက်ထားသော ငါးတွေ ပုစွန်တွေ အရွယ်ရွယ် အစားစား ပါသည်။ ငါးပွဲစား၊ ပုစွန်ပွဲစားတွေ ကလည်း စာရင်းစာအုပ် ကလေးတွေနှင့် ဟန်ပြင်နေကြပြီ။

ငါးသည်များ ရောက်လာလျှင် ဒီငါးစိမ်းတန်းကြီး တစ်ခုလုံး အုံးအုံးထအောင် တိုးကြိတ်ပြီး ဆူညံနေတော့မည် ဖြစ်သည်။ သံပြားပတ်တွေကို ဖြည်ကာ သွန်ချလိုက်သော ငါးပုစွန်များသည်လည်း ကွန်ကရိ ကြမ်းခင်းတွင် အပုံလိုက်နှင့် ဟီးထနေ မည်ဖြစ်လေသည်။ ငါးစိမ်းသည်တွေက ငါးကြီး၊ ငါးငယ်၊ ပုစွန်ကြီး၊ ပုစွန်ငယ် အရွယ်ရွယ် အစားစားကို တောင်းကြီး တောင်းငယ် အသွယ်သွယ်နှင့် ထမ်း၍တစ်မျိုး၊ ရွက်၍တစ်ဖုံ မိုးမလင်းမီ သယ်ထုတ် သွားကြပြီးနောက် ရန်ကုန်မြို့ အနှံ့အပြားတွင် သွား၍ ရောင်းချကြတော့မည် ဖြစ်လေသည်။

"မရီ အိမ်သာ လိုက်ဦးမလား"

"မလိုက်တော့ဘူး အစ်မ"

မနွဲ့ရည်သည် ပိုက်ဆံ ထည့်ထားသော အိတ်ကို လွယ်ကာ အိမ်သာဘက်သို့ ထွက်ခဲ့သည်။ အိမ်သာသွားရာ စင်္ကြံလမ်းတစ်လျှောက်တွင်

ပန်းသည်များရှိသည်။ ဇော်စိမ်းများ၊ ရွက်လှများ၊ ခိုင်ရွှေဝါများက အစည်းလိုက် အထပ်လိုက်နှင့် တောင်လို ပုံနေသည်။ ချိုအီသော ဒေါနပန်းရနံ့က အိမ်သာနံ့နှင့် ရောပြီး ဝေ့ပျံ့နေသည်။ ပန်းစည်းတွေ ကြားတွင်တော့ မှောက်လျက်အိပ်သူ၊ ပက်လက်အိပ်သူ၊ အိပ်စင်ငှားပြီး အိပ်သူတွေနှင့် ပြည့်နေသည်။

မနွဲ့ရည် အိမ်သာက ပြန်လာတော့ ငါးစိမ်းတန်းလည်း စည်ကားစပြုနေပြီ။ မောင်ဆားတို့၊ သက်ထွေးတို့လည်း ငါးချိန်ရာ ရာဇူကို ပြင်နေကြပြီ၊ ကျော်ကျော်ကတော့ ဗေဒင်ဆရာခုံလေးပေါ်တွင် စာရင်းစာအုပ် တင်ရင်း ဒိုင်ပေါ် ရောက်နေပြီ ဖြစ်လေသည်။

မနွဲ့ရည်ကတော့ ရေစည်ပေါ်တွင် နေရာယူသည်။ ရှောစောင်ကို ခြုံရင်း တင်ပျဉ်ခွေ ထိုင်သည်။

"ကဲ ... ကိုကြာရိုး၊ ဖွင့်တော့"

ကိုကြာရိုးက ထင်းရှူးသေတ္တာမှ သံပြားပတ်များကို သံတူရွှင်းနှင့် ထိုးကော်ကာ ဖွင့်သည်။

"အဲဒါပြီးရင် ဒီဘက်က တာကို ဖွင့်ဦး"

ထင်းရှူးသေတ္တာ သုံးလေးလုံး ဖွင့်ပြီး အထဲတွင်ပါသော ငါးများကို ကျော်စိုးက မြှောက်၍ပြသည်။ မနွဲ့ရည်က လှမ်းကြည့်ပြီး ဈေးဖြတ်သည်။ ငါးသည်များကလည်း တောင်းများကိုပိုက်ရင်း ဟိုဒိုင်ကငါး သွားကြည့်လိုက်၊ ဒီဒိုင်ကငါး သွားကြည့်လိုက်နှင့် ဘယ်ငါးဝယ်သွားရ ကောင်းမလဲ စဉ်းစားရင်း လူးလာခေါက်တုံ့ လျှောက်နေကြချေပြီ။

"ညီမလေးရေ ... မယူတော့ဘူးလား၊ ငါးကြင်း၊ ငါးမြစ်ချင်း၊ ဟော ... အစ်မပြောရင်၊ ငါးကောင်းတယ်နော်"

မနွဲ့ရည်က ဈေးခေါ်သည်။ မျက်နှာကို ချိုချိုထားသည်။ ပိဿာချိန်က တထောင့်ငါးရာခန့်မို့သာ မကုန်မှာတော့ မပူရ၊ အစောကြီးကုန်မည် ဖြစ်သည်။ သို့သော် မြန်မြန်ကုန်လေ အလုပ် စောစောပြီးလေမို့ မြန်မြန်ကုန်ချင်သည်။ နွဲ့ရည်က ဈေးခေါ်ကောင်းသည်။ ငါ့ဒိုင်က ငါးဝယ်တာ သူတို့လဲ အကျိုးရှိလို့ ဝယ်တာ၊ သူတို့အကျိုးမရှိရင် ဘယ်သူက လာဝယ်မှာလဲ၊ အရေးစိုက်စရာ မလိုပါဘူးဟူသော စိတ်ကို မထား၊ ဝယ်သူမှန်သမျှကို ကျေးဇူးတင်ရမည် ဟူသော ဈေးသည်စိတ်ကို မွေးသည်။ မျက်နှာချိုသည်။ စကားချိုသည်၊ အလေးမှန်သည်၊ ထို့ပြင် ဈေးလည်း မှန်သည်။ ငါးချင်းတူလျှင် သူ့ဒိုင်က ဈေးလျှော့ရမည်၊ ဈေးချင်းတူလျှင် သူ့ဒိုင်က ငါးက ပို၍ကောင်းရမည်။

"ဒီထဲက ဘယ်ဈေးလဲ"

"ဘယ်ထဲကလဲ ဒေါ်ကျင်ရဲ့၊ ကျော်စိုး ...၊ တစ်ကောင် မှောက်ပြစမ်း၊ ချ၊
နောက်တစ်ကောင်ပြဦး၊ အင်း ... ဆယ့်ရှစ်ထားနော် ဒေါ်ကျင် ...
အကောင်ကြီးတွေ၊ သိပ်ကောင်းတယ်၊ ဘာလဲ များတယ် ထင်လို့လား၊
စုံစမ်းဦးလေ ဒေါ်ကျင်ရဲ့၊ သူများထက်တော့ စျေးနည်းစေရမှာပေါ့၊ စိတ်ချ"

ဒေါ်ကျင်က ငါးကြင်း အချိန်တစ်ဆယ် ချိန်ခိုင်းသည်။ သုံးဆယ့်ရှစ်လမ်း စျေးမှ
အမေဂျမ်းကတော့ ငါးခေါင်းပွ တာနားတွင် ငါးခေါင်းပွတစ်ကောင်
ကိုင်ကြည့်လိုက် ပြန်ချလိုက်နှင့် ချီတုံချတုံ ဖြစ်နေသည်။ မနေ့တုန်းက
အမေဂျမ်းကို ရောင်းလိုက်သော ငါးခေါင်းပွများက လမ်းတွင်
ကြာသွားသောကြောင့် သိပ်ပြီး မလတ်ဆတ်၊ အမေဂျမ်းခမျာ ပြန်ရောင်း၍
မျက်နှာပန်းတော့ သိပ်လှမည်မဟုတ်၊ စျေးကောင်းလည်း ရမည်မဟုတ်။

"အမေဂျမ်း ယူလေ၊ အမေဂျမ်းရဲ့"

"စဉ်းစားနေတာ အေရယ်၊ မနေ့တုန်းကလဲ ဘာမှမမြတ်လိုက်ဘူး"

"လျှော့ပေးလိုက်မယ် အမေရဲ့၊ ယူသွား၊ အဲဒီခေါင်းပွက နည်းနည်းပဲပါတာ၊
တစ်ဆယ်နဲ့ယူသွား၊ ဟော့ အမေဂျမ်းကို ခေါင်းပွတွေ ချိန်ပေးလိုက်၊
အချိန်တစ်ဆယ်လောက်ပဲ ရှိတယ် အမေ၊ အကုန်ယူမလား၊ ဟော ...
ညီမလေး ဘယ်ထဲက ငါးလဲ၊ ဟော့ ... တစ်ကောင်ပြ ...
နောက်တစ်ကောင်ပြဦး"

မနွဲ့ရည်က တင်ပျဉ်ခွေထိုင်ရင်း ပါးစပ်ကလေးကသာ လှုပ်နေသည်။

သူ့အလုပ်သမားများက တာတွေကို ဖွင့်လိုက်ကြ၊ ချိန်လိုက်ကြ၊ စာရင်းမှတ်ကြနှင့် အကွက်စေ့စေ့ လုပ်နေကြသည်။ ကျော်စိုးက ငါးကို တစ်ဖက် တစ်ကောင်စီ ကိုင်ကာ ဆွဲမြှောက်၍ပြသည်။

"ဆယ့်လေးထားမယ် ညီမလေးရဲ့၊ သူများဒိုင်မှာ စုံစမ်းပြီး များရင် လျှော့မှာပေါ့"

မနွဲ့ရည်၏ရှေ့တွင် ငါးသည်များက တိုးကြိတ်နေကြသည်။ မနွဲ့ရည်၏ ရှေ့တွင်သာမက ငါးစိမ်းတန်းကြီး တစ်တန်းလုံး ဆူညံနေသည်။ တိုးကြိတ် လှုပ်ရှားနေသည်။ မနွဲ့ရည်တို့ဒိုင်နှင့် ကပ်လျက်က ပုစွန်ဒိုင်တွင်တော့ ပုစွန်တုပ်တွေ၊ ဘော့ချိတ်တွေကို သမံတလင်းပေါ်သို့ ဖွေးကနဲ၊ ဖွေးကနဲ သွန်ချနေသည်။ မနွဲ့ရည် ထိုင်နေသော ရေစည်ဘေးတွင်ကား ငါးဖယ်များ အပုံလိုက်ရှိသည်။ ဦးစိုက်ကျွမ်းပျံ စုပုံနေသော ငါးဖယ်များ၏ အကြေးခွံဖြူဖြူများက ဝါကျင်ကျင် ဓာတ်မီးရောင်ဝယ် တဖိတ်ဖိတ်နှင့် အရောင်လက်လျက်ရှိသည်။ ငါးဖယ်ပိုင်ရှင်ကား ဦးတရုတ်ကြီး ဖြစ်သည်။ မနွဲ့ရည်ထိုင်နေသော ရေစည်ပေါ်တွင်ပင် မနွဲ့ရည်နှင့် ကျောချင်းကပ်၍ ထိုင်လျက်ရှိသည်။ "ဆယ့်ကိုးကျပ် တစ်ပြားမှ မလျှော့ဘူး" ဟု ခပ်တင်းတင်း ဆိုကာ ဆေးလိပ်ဖွာနေသည်။

မရီကတော့ မနွဲ့ရည်၏ဘေးတွင် ခပ်ကုပ်ကုပ် ထိုင်နေသည်။ သူသယ်လာသော ငါးများ လျော့လျော့ သွားသည်နှင့် သူ့မျက်နှာကလည်း ပြုံး၍

ပြုံး၍လာသည်။ တစ်ညအတွက် အရှုံးအမြတ်ကို စိတ်ထဲမှနေ၍ တွက်ချက်နေမိသည်။ ယခု သူ တွံတေးရန်ကုန်ကို သုံးည သုံးခေါက်သာ ကူးရသေးသည်။ ငွေနှစ်ထောင်လောက် မြတ်နေပြီဖြစ်သည်။ "ငါးစိမ်းသည် ဟူသည်မှာ အမည်က ဆိုးသော်လည်း ငွေကတော့ အတိုးသား" ဟု တွေးရင်း အိပ်ချင်မူးတူးနှင့် ပြုံးသည်။ မန္တလေးရည်ကိုလည်း သူအားကိုးသည်။ ယုံသည်။ တခြားဒိုင်တွေထက် ဈေးကိုလျှော့၍ ရောင်းသော်လည်း ကိစ္စမရှိ၊ မန္တလေးရည်ဒိုင်တွင် တင်လျှင် ငါးလက်ကျန် မရှိ၊ ရေခဲ မရိုက်ရ၊ ယိုင်မပတ်ရ၊ လက်ထဲတွင် ငါးကို အပုပ်မခံရ။

"ဟော အစ်မငွေရင်၊ ငါးမြစ်ချင်းလား"

"ငါမြစ် မချင်းနိုင်သေးဘူး ဒေါ်နွဲ့ရေ၊ ဟောဒီမှာ ကြယ်သီးတစ်လုံး ပျောက်နေလို့"

"ဟောတော့ .. ဒီနားမှာလား"

"ဒီနားမှာ ... ခုတာတုန်းက ဟိုပိန်ပိန်၊ သွားခေါခေါ အကောင်မရဲ့တောင်းနဲ့ ငြိသွားတယ် ထင်တာပဲ၊ ဟိုဘက်နား ရောက်တော့ ကြယ်သီးတစ်လုံး မရှိတော့ဘူး၊ သေနာမ၊ သွားခေါမ၊ လင်တရူး၊ ရုပ်ပျာရုပ်ပျာနဲ့ ဘယ်လင်ဆီသွားဖို့ ဒီလောက် အရေးကြီးနေသလဲ မသိဘူး"

ဒေါ်ငွေရင်က ငါးညှီရည်တွေ ရွှဲရွှဲစိုနေသော သမံတလင်းပေါ်တွင် တကုန်းကုန်း တကွကွနှင့် ရှာသည်။ ကိုယ့်ကိစ္စနှင့်ကိုယ်မို့ သူ့ရွှေကြယ်သီးကိုလည်း ဘယ်သူမှ ကူ၍ ရှာပေး မနေနိုင်ကြ။ မန္တလေးရည်တို့က ငါးကုန်ဖို့ အရေးကြီးသည်။

ငါးသည်တွေကလည်း မိုးမလင်းမီ ဈေးကိုရောက်ဖို့ အရေးကြီးသည်။ ထို့ကြောင့် ကုန်းကုန်းကွကွ လုပ်နေသော ဒေါ်ငွေရင်ကို တွန်းကာတိုက်ကာဖြင့် တိုးဝှေ့ သွားနေကြသည်။

"အစ်မ မနေ့က ဘယ်ဈေးဖြတ်လဲ"

"ဟော ဆွာမိ၊ နေဦး၊ နင်ယူတာ ဘာပါလိမ့်"

"ငါးကြင်းပေါက်လေး၊ ပိဿာတစ်ဆယ်တည်းပါ"

"ဆယ့်နှစ် ဖြတ်တယ်ဟဲ့၊ ဒီနေ့ရော မယူတော့ဘူးလား၊ အမေဂျမ်းရေ ... မနေ့က ငါးဖိုးလေးတော့ ရှင်းသွားဦးနော်"

ဆွာမိပေးသောငွေကို ရေတွက်ကာ ယူသည်။ ထို့နောက် အိတ်ထဲ ထိုးထည့်လိုက်သည်။ အမေဂျမ်းကလည်း သူ့ချွေးခံအင်္ကျီ ညစ်ညစ်ထဲမှ ဆယ်တန်နွမ်းနွမ်းများကို ဆွဲထုတ်နေသည်။ မနေ့က ငါးဖိုးကိုရှင်းပြီး ဒီနေ့ငါးသစ် ထပ်ယူကြမည်။ သူတို့တွေနှင့် စာရင်းရှင်း၍ ပြီးလျှင် မနွဲ့ရည်သည် မရီနှင့် စာရင်းရှင်းရမည် ဖြစ်လေသည်။ အကြွေးတောင်းဖို့ကတော့ မနွဲ့ရည်၏တာဝန်၊ အကြွေးတောင်း၍ မရလျှင်လည်း နွဲ့ရည်ကပင် ကြားက စိုက်ရမည်။ မရီက မနွဲ့ရည်အား တစ်ပိဿာလျှင် ငါးမူးမျှ ပွဲခပေးထားပြီးပြီမို့ ရောင်းရသမျှ ငါးအချိန်ကို သူ့ဈေးနှင့်သူ မနွဲ့ရည်က ပြန်၍ ရှင်းပေးရမည်ဖြစ်သည်။ ကြွေးဆုံးလျှင်တော့ မနွဲ့ရည် ရှုံးပြီဖြစ်သည်။

"ဟဲ့ အကောင်မ၊ ငါ့ကို ဘာလို့ တွန်းရတာလဲ"

"ရှင်ကရော၊ ဘာကိစ္စ လူကြားထဲမှာ ကုန်းကွကုန်းကွ လုပ်နေရတာလဲ။ သွားရလာရတာ ကျပ်ရတဲ့အထဲ"

"ဒီမှာ ကြယ်သီးပျောက်လို့ဟဲ့"

သမံတလင်းပေါ် လေးဘက်ထောက် ကျသွားသော ဒေါ်ငွေရင်က ရှုံးရှုံးရှဲရှဲ ဖြစ်နေသည်။ ခုနစ်သံချီ ဟစ်လိုက်မည် ကြံသော်လည်း တစ်ဖက်ကလည်း နှုတ်သီးကောင်း လျှာပါးမို့ လေကို လျှော့လိုက်သည်။ ဒီအချိန်က ရန်ဖြစ်ဖို့အချိန် မဟုတ်သေး။ သုတ်သုတ်ဝယ် သုတ်သုတ်ပြေး၍ သုတ်သုတ်လေး ရောင်းရမည့် အချိန်ဖြစ်သည်။

"အစ်မရေ ကုန်တော့မယ်"

"အင်း ... အဲဒီတာ ဖွင့်ပြီးရင်တော့ ကုန်ပြီ"

မနွဲ့ရည်က လက်ပတ်နာရီကို ငုံ့ကြည့်သည်။ လေးနာရီပင် မထိုးတတ်သေး၊ ငါးကုန်လျှင် ကြွေးလိုက်တောင်းရမည်။ ဖန်နေသော မျက်လုံးကို လက်နှင့်ပွတ်လိုက်ပြီး မသိမသာ သမ်းလိုက်မိသည်။

"ဒီတစ်ခါ အစောကြီး ပြတ်တယ်နော် အစ်မ"

မရီက ဆေးလိပ်ကလေးဖွာကာ ပြုံးနေလေသည်။ မနွဲ့ရည်ကမူ ထွန်းထွန်းကို ဖြတ်ကနဲ သတိရသည်။ ထွန်းထွန်းသာ သူ့ကို ယခုလို ရေစည်ပေါ်တွင် တင်ပျဉ်ခွေလျက်သား တွေ့လျှင် ဘာများပြောလေမည်မသိ။ အံ့သြသွားမည်လား၊ ဝမ်းနည်းသွားမည်လား၊ ဝမ်းသာချီးကျူးမည်လား၊ ဒါမှမဟုတ် လှောင်ပြောင်ပြီး ရယ်ပင် ရယ်လေမည်လား၊ မနွဲ့ရည် မတွေးတတ်။

"ရော့ အစ်မ ...၊ မနေ့က ငါးဖိုး"

"ကျေးဇူးတင်လိုက်တာဟယ်"

ငါးဖိုးငွေများကို ရပြန်တော့လည်း မနွဲ့ရည် ထွန်းထွန်းကို အခိုက်အတန့် မေ့ထားလိုက်ရပြန်သည်။ ငွေများကိုတော့ အသေအချာ ရေတွက်ရသည်။

"တစ်ဆယ် ... နှစ်ဆယ် .. သုံးဆယ် ... ရှစ်ဆယ်၊ တစ်ရာ ... တစ်ရာ့ငါးဆယ် .. နှစ်ရာ ... သုံးရာ ...လေးရာ ခြောက်ရာ၊ တထောင် ... ထောင့်တစ်ရာ ထောင့်နှစ်ရာ ..."

ဆယ်နာရီထိုးပြီ။ ကီလီဈေး၊ ငါးစိမ်းတန်းတွင်လည်း လူရှင်းစပြုပြီ။ မနွဲ့ရည်သည် ငွေအိတ်ကိုလွယ်ကာ ငါးတန်းထဲမှ တစ်လှမ်းချင်း

ထွက်လာခဲ့သည်။ ငါးတစ်ကောင်ကိုမျှ လက်နှင့် မထိမတို့ဘဲ ငါးပိသဿာချိန်
ထောင့်ငါးရာလောက်ကို ထိုင်ရာမှ မထပဲ ရောင်းခဲ့ပြီးပြီ။
လက်ကျန်ငွေများကိုလည်း အတော်အတန် တောင်းနိုင်ခဲ့ပြီ မနွဲ့ရည်
ရှုံးမရှုံးကို ဖောင်းကားနေသော ငွေအိတ်ကို ကြည့်က သိနိုင်သည်။
ကိုကြီးသာခင်ကမူ "အင်း … တပည့်ဘဝမှာ ဘယ်တော့မှ ကြာရှည်
မနေပါဘူးလို့ နင်ပြောခဲ့တာကို ငါသတိရတယ်။ နင်စွမ်းမှန်း ငါသိပါတယ်
နွဲ့ရည်ရယ် …၊ ဒါပေမယ့် နင်က ငါသိတာထက် ပိုပြီးစွမ်းပါတယ်" ဟု
ပြောခဲ့လေသည်။

မိုးတွေက အုံ့ပြီး မည်းနေသည်။ ရန်ကုန်မြစ်ကို ကျော်၍တိုက်လာသော လေက
အေးနေသည်။

"အင်း … မိုးအေးအေးမှာ ဇိမ်နဲ့ အိပ်လိုက်ဦးမယ်၊ သူများတွေ အိပ်ချိန်မှာ
အလုပ်လုပ်၊ သူများတွေ အလုပ်လုပ်တော့ ငါတို့က အိပ်၊ ဟုတ်ပဲ
ဟုတ်သေးတော့"

မနွဲ့ရည်က တွေးရင်း ပြုံးမိသည်။ အိမ်ကို မြန်မြန်ရောက်ချင်ဇောနှင့်
ခပ်သုတ်သုတ် လျှောက်သည်။ သစ်သီးတန်းရှေ့တွင် သီးမွှေး
ငှက်ပျောခိုင်များက တစ်ပြင်လုံး ပြည့်နေသည်။ အစိုးမရသောစိတ်က
ချက်ချင်းပင် ထွန်းထွန်းဆီသို့။ ထွန်းထွန်းက ငှက်ပျောသီး ကြိုက်သည်။
ငှက်ပျောသီးရှိလျှင် နွဲ့ရည်က သူ မစားရက်။ ထွန်းထွန်း ထမင်းစားပြီးလျှင်

စားရန် ချန်ထားလေ့ရှိသည်။ ထွန်းထွန်းက ငှက်ပျောသီးကို နှစ်ပိုင်းပိုင်းပြီး နွဲ့ရည်အား တစ်ပိုင်းပြန်ပေးလေ့ ရှိသည်။

"မရှိတုန်းက ချဉ်ပေါင်ဟင်း တစ်ခွက်တည်းကို မျက်နှာချင်းဆိုင် စားခဲ့ရတာ၊ ခုလို တတ်နိုင်တဲ့အချိန်မှာ ကောင်းနိုးရာရာ၊ ဖွယ်ဖွယ်ရာရာလေးတွေ ကျွေးချင်လိုက်တာကွယ်"

နွဲ့ရည်က စိတ်ထဲမှ တွေးရင်း မျက်ရည်ဝဲချင်လာသည်။ ဘယ်သူတွေက ဘာပြောပြော၊ နွဲ့ရည်ကတော့ ထွန်းထွန်းကို မျှော်လင့်နေဆဲပင်၊ ထွန်းထွန်း ပြန်လာမည့်လမ်းကို ရော်ရမ်း၍ စောင့်နေဆဲပင် ဖြစ်လေသည်။ တခါတရံတော့လည်း အမေ့အား "အမေရယ်၊ ထွန်းထွန်းက ကျွန်မကို ကလေးငါးယောက်လောက် ရမှ ထားပစ်ခဲ့ဖို့ ကောင်းတယ်၊ ခုတော့ သမီးလေး တစ်ယောက်တည်းနဲ့ ပျင်းစရာ" ဟု ပြောမိသည်။ အမေက မျက်လုံးပြူးသွားသည်။ "အမယ်လေး ... မရှေ့စာရယ်၊ ရူးလှချေကလား" ဟု ရင်ဖိ၍ ဆိုသေးသည်။

"ဩော် ... သမီးက မင်းကွတ်သီး မှာလိုက်တာပဲ၊ ဝင်ဝယ်ဦးမှ၊ အမေကလဲ သစ်တော်သီး ဆွမ်းတော် တင်ချင်တယ် တဲ့"

သစ်သီးတန်းထဲသို့ လှည့်၍ ဝင်ခဲ့သည်။ မြေတွင် ပြန့်ကျဲနေသော ငှက်ပျောဖက်များ နင်း၍ လျှောက်လာရင်း ရေနုတ်မြောင်းထဲသို့ ခြေတစ်ဖက်

ချော်ကျသည်။ မြောင်းက တစ်ထွာသာသာမို့ ကိုယ်ဟန်ချက် ပျက်သွားသော်လည်း လဲမသွားသဖြင့် တော်သေးသည်။ ရေတွေ ရွှဲရွှဲစိုသွားသော ခြေထောက်ကို ဆတ်၍ ခါလိုက်ရင်း ပတ်ဝန်းကျင်ကို မျက်စိကစား ကြည့်မိသည်။

"ဟယ် ... လှလိုက်တဲ့ ငရုတ်သီးကြီးတွေ"

ဗန်းပေါ်တွင် အစီအရီ ဆင့်တင်ထားသော အစိမ်းရင့်ရော် ငရုတ်သီးကြီးများဆီမှာ မျက်စိကို ချက်ချင်း မခွာနိုင်။ "ငရုတ်သီးစိမ်း အတောင့်ပွကြီးတွေ တွေ့ရင် ဝယ်ခဲ့စမ်းပါအေ၊ အထဲမှာ ပုစွန်လေး အစာသွတ်ပြီး နပ်ရင် တယ်ကောင်းဆိုပဲ" ဟု ပြောသော အမေ့စကားကို သတိရသည်။ ယခု ဗန်းထဲမှ ငရုတ်သီးတွေက မန္တလေးရည် ခါတိုင်း တွေ့နေကျ ငရုတ်သီးထက်ပင် ကြီးသေးသည်။ လှသေးသည်။

"ငရုတ်သီးတွေ ဘယ်လို ရောင်းလဲဟင်"

"တစ်ပိဿာ ရှစ်ကျပ်"

"ဟယ် ... နည်းနည်း မရောင်းဘူးလား"

"ငရုတ်သီးကြီးတွေက အကြီးကြီးတွေ၊ တစ်ပိဿာဆိုရင် ဘာမှမရဘူး၊ ယူသွားပါ အစ်မရယ်၊ ပိုလဲ အိမ်နီးချင်းပေးပေါ့"

သို့နှင့်ပင် ငရုတ်သီး တစ်ပိဿာ ဝယ်ဖြစ်သည်။ အိတ်ထဲတွင် အသင့်ထည့်ထားလေ့ ရှိသော ပြားငါးဆယ်တန် ပလပ်စတစ်အိတ်ပါးထဲ ထည့်ပြီး လက်က ဆွဲလာခဲ့လေသည်။ သစ်သီးတန်းထဲ လျှောက်ရင်း မင်းကွတ်သီး ဝယ်လိုက်၊ သစ်တော်သီး ဝယ်လိုက်နှင့် အချိန်က နာရီဝက်လောက် ကုန်သွားသည်။ မန္တ္တ ရည် ကီလီဈေးထဲက ထွက်ဖြစ်တော့ ဆယ်နာရီခွဲပြီး နေပေပြီ။ အုံ့ပြီးမည်းနေသော ကောင်းကင်က မိုးစက်တွေ တစ်ဖျောက်ဖျောက် ခုန်ဆင်းလာသည်။ ကျဲရာမှ စိပ်၊ စိပ်ရာမှ ချက်ချင်းပင် သည်းချလာသည်။

"အင်း ... ခုနေသာ ကိုယ်ပိုင်ကားလေးတစ်စီးလောက် ထိုးရပ်လာပြီး အိမ်ကိုလိုက်ပို့ရင် ဘယ်လောက် ကောင်းလိုက်မလဲ"

မန္တ္တ ရည်သည် ထဘီကို လက်တစ်ဖက်နှင့် ဆွဲမကာ လမ်းလျှောက်ရင်း တွေးမိသည်။ လေက လေးဖက်လေးတန်စလုံးမှ ဝှေ့ယမ်းကာ တိုက်နေတော့ ခေါက်ထီးကလည်း မလုံချင်တော့။ ငွေအိတ်တစ်ဖက်၊ သစ်သီးအိတ်တစ်ဖက်၊ ခြင်းတစ်ဖက်နှင့် အတော်လေး ကသီလင်တနိုင်လေသည်။

"ငါ့သူငယ်ချင်း အင်ဂျင်နီယာတွေကလဲ ကိုယ်ပိုင်ကား စီးနိုင်တဲ့လူက ရှားရှားရယ်၊ ကံကောင်း ထောက်မလို့ နိုင်ငံခြားလေး ပညာတော်သင်သွားပြီး ကားကလေး ပါလာပြန်တော့လဲ မစီးနိုင်ကြဘူး၊ ရောင်းစား ... ဩော် ... ဒီကား"

မန္တဲ့ရည်က ရွှံ့ထူသောလမ်းတွင် တစွပ်စွပ်နှင့် လျှောက်လာရင်း တွေးသည်။ တွေး၍ ကောင်းနေစဉ် သူ့ဘေးမှဖြတ်၍ မောင်းသွားသော ကားတစ်စီးကြောင့် ရေအိုင်ထဲမှ ရေများက ပြန်းကနဲ လာ၍စင်သည်။ ရှောင်ချိန်မရလိုက်၊ ကားကို ဒေါသဖြစ်ဖြစ်နှင့် လှမ်း၍ကြည့်မိသည်။ နောက်ဘက်က အမိုးပင် မတင်ရသေးသော တိုယိုတာ ဟိုင်းလက်စ် အညိုနုနုရောင်။

"ဟေ့ ... ဟေ့ ... ဗျို့"

ကားမောင်းသူက အားနာသလို လှမ်းကြည့်ပြီးမှ မန္တဲ့ရည်ကို မြင်တော့ ဗလုံးဗထွေး ထအော်သည်။ ကားစက်ကို ချက်ချင်းသတ်ကာ ရပ်လိုက်သည်။

"ဟေး ... မန္တဲ့ရည် မဟုတ်လား"

"ဟုတ်ပ့ါရှင် ... ကိုခင်ထွန်းရဲ့"

"ကြည့်စမ်း ... ဘယ်လိုဖြစ်နေတာလဲ၊ စားသောက် ကောင်းတယ် ထင်တယ်၊ ဝလို့ ဖီးလို့၊ ကြည့်ပါဦးဗျာ၊ ဘီးဆံပတ်ကြီးနဲ့ အဘွားကြီး ကျနေတာပဲ"

"အဘွားကြီးပဲရှင့်၊ ကျွန်မအသက် သုံးဆယ့်ငါးနှစ်တောင် ပြည့်တော့မယ်၊ ကြီးပြီပဲဟာကို ...၊ ရှင်ကရော ဘီယာတွေ တစ်နေ့ကို ဘယ်နှစ်ပုလင်းလောက် သောက်နေလို့ ဒီလောက် ဝနေတာလဲ"

မန္တဲ့ရည်က သူငယ်ချင်းဟောင်းနှင့် တွေ့ရ၍ ရုတ်တရက် ပျော်သွားသည်။ မိုးရေထဲတွင်ပင် ရပ်၍ ဝမ်းသာအားရ ကျယ်ကျယ်လောင်လောင် ပြောမိလေသည်။

"ဒါနဲ့ ...၊ အခု ဘယ်သွားမလို့လဲ"

"အိမ်ပြန်မလို့လေ"

"အိမ်က ဘယ်မှာလဲ"

"တောင်ဥက္ကလာမှာ"

"ဒီထက် ဝေးဝေးလေး နေရောပေါ့ဗျာ ... ကတဲ၊ ကဲ ... လာတက် ... ၊ လိုက်ပို့မယ်"

"အားနာစရာကြီးပါလား"

"တခြားလူတွေမှ မဟုတ်ပဲဗျာ၊ ပိုးဖော်ပိုးဖက်တွေပဲ"

ကိုခင်ထွန်းက တဟားဟား ရယ်ကာ ပြောသည်။ ဆယ်ကျော်သက်ကလေး မဟုတ်တော့၍ မန္တဲ့ရည်က ရှက်စိတ် ငွေ့ငွေ့လေးပင် မဝဲချေ။ ရွှင်ပျော်စိတ်နှင့်သာ ရယ်မောမိတော့သည်။

"ကားကြီးက ကောင်းလိုက်တာ၊ ဘယ်က ငှားလာတာလဲ"

"သဘော်သားပါဗျ၊ မရောင်းခင်တော့ စီးနိုင်ပါတယ်"

"ချမ်းသာတယ်ပေါ့နော်"

"ချမ်းသာပြီလားဗျာ၊ ကားရောင်းပြီးရင် မြေဝယ်မယ်၊ အိမ်ဆောက်မယ်ဗျ၊ ခင်ဗျားက စိတ်ကူးလွဲခဲ့တာကိုး၊ နို့မို့သာဆို ကျွန်တော့်အိမ်မှာ ခင်ဗျားနေရမှာ"

ကိုခင်ထွန်းက နောက်ပြောင်နေပြန်သည်။

"ကျွန်တော်လဲ ခင်ဗျားကို မရတာနဲ့ စိတ်ညစ်ပြီး တွေ့ကရာ မိန်းမတွေ လျှောက်ယူပစ်တာ ကမ္ဘာအနှံ့ပဲ၊ ဂျပန်မှာ တစ်ယောက်၊ စင်္ကာပူမှာ တစ်ယောက်၊ ယိုးဒယားမှာ တစ်ယောက်၊ မလေးရှားမှာ တစ်ယောက် ..."

"ကိုခင်ထွန်းက ကျောင်းတုန်းကနဲ့ မတူတော့ဘူးနော်"

"ဘာမတူတာလဲ"

"အရင်တုန်းက ဒီလောက် ရယ်စရာ မပြောတတ်ဘူး"

"အရင်တုန်း ကတည်းက ဒီလိုပါပဲဗျာ၊ ဒါပေမယ့် အဲဒီတုန်းက ခင်ဗျားကို ပိုးနေတော့ ခင်ဗျားရှေ့ကျ အထင်များ ကြီးမလားလို့ ခပ်တည်တည် နေရတာပေါ့၊ အခုကျတော့ အဲဒီစိတ်တွေမှ မရှိတော့တာ"

မနွဲ့ရည်၏ ရင်ထဲတွင် နွေးကနဲ ဖြစ်သွားသည်။ သူငယ်ချင်း မိတ်ဆွေတို့၏ ဖြူစင်သော၊ ရိုးသားသော၊ ခိုင်မြဲသော မေတ္တာတရားကို ကိုခင်ထွန်း၏ အပြုံးတွင် အထင်းသား တွေ့လိုက်ရသည်။ မိုးက တဖြည်းဖြည်း ပိုပြီးသည်းလာသည်။ ကိုခင်ထွန်းက ကားကို ကျင်လည်စွာ မောင်းနေသည်။

ကားရှေ့မှန်တွင် ဘယ်ညာ ယိမ်းနွဲ့နေသော မှန်သုတ်တံလေးကို မနွဲ့ရည်က ကြည့်ကောင်းကောင်းနှင့် ငေး၍ ကြည့်နေမိသည်။ ကိုခင်ထွန်းက အိမ်ဆောက်မည်ဟု ပြောတော့မှပင် မနွဲ့ရည်သည်လည်း ဗိသုကာ သူငယ်ချင်းများဆီသို့ သွားရဦးမည်ကို သတိရသည်။

တစ်နေ့တစ်နေ့နှင့် ရက်ရွှေ့နေမိသောကြောင့် ယခုထိ မသွားဖြစ်သေး။ တစ်နေ့တုန်းကတော့ ကီလီဈေး အပြင်တန်းတွင် ဈေးလာဝယ်သော မချိုနှင့် ဖြတ်သွား ဖြတ်လာ ဆုံမိသေးသည်။ တစ်သိန်းခွဲတန် သစ်သားအိမ်လေး တစ်လုံးလောက် ဆွဲပေးရန်ပြောတော့ "ဟာ ... မနွဲ့က အိမ်ဆောက်တော့မယ်လား၊ ဟန်ကျတယ်ဟေ့၊ ဆွဲပေးမယ် ... ဆွဲပေးမယ်၊ ချိုတို့လဲ ကိုယ်ပိုင်အိမ်လေး ဆောက်ချင်လို့ ပိုက်ဆံစုနေတာ တထောင့်ငါးရာ လောက်တော့ ရပြီ၊ တစ်သိန်းပြည့်ဖို့ ကိုးသောင်း ရှစ်ထောင့် ငါးရာလောက်ပဲ လိုတော့တယ်" ဟု ရယ်မော၍ ပြောသွားလေသည်။

"အင်း ... ပြောပြီးတော့လဲ ပြီးပြီပဲ။ မေ့ပြီထင်ပါရဲ့၊ အိမ်ပုံစံက ခုထိကို ရောက်မလာသေးဘူး"

မနွဲ့ရည်က တွေးရင်း ပြုံးမိသည်။ ငွေရင်းခုနစ်ရာနှင့် စခဲ့သော သူ့လုပ်ငန်းသည် ဆယ်နှစ်ခန့် အတောအတွင်းတွင်ပင် အဆပေါင်းများစွာ ပွားလာပြီဖြစ်သည်။ အိမ်တွင်လုပ်နေသော ငါးပိ၊ ငံပြာရည်၊ ငါးခြောက် လုပ်ငန်းကပင် လူအင်အား အတော်သုံးရသည်။ ထမင်းကျွေး၊

အဝတ်ကြမ်းဆင်၊ တစ်လသုံးရာ အလုပ်သမားက သုံးယောက်၊ တစ်လနစ်ရာ အလုပ်သမားက လေးယောက်၊ သို့သော် သူတို့အကုန်လုံးက ဆွေမျိုးနီးစပ်များ ဖြစ်သည်။ မနွဲ့ရည်က သူတို့ကို ညကျောင်း တက်ခိုင်းသည်။ စာမေးပွဲ ဖြေခိုင်းသည်။ ထို့ကြောင့် တခါတရံ အရေးပေါ် အလုပ်များလျှင် နေ့စားတွေ ခေါ်ရသေးသည်။ တလောတုန်းက ရခိုင်ဘက်တွင် ဖမ်းမိသော ပိဿာချိန် တစ်ထောင်ကျော် ရှိသော ငါးမန်းကြီးကို လိုချင်သူ၊ ငါးခြောက်ခွဲချင်သူ အတော်လေး များသည်။ မနွဲ့ရည်ကတော့ အသာလေး နောက်ဆုတ်နေချင်သည်။ ငါးက ကြီးလွန်းလျှင် အဆီများသည်။ ငါးခြောက်ခွဲပြီး လှမ်းလျှင် အဆီတွေ စစ်ကျသွားပြီး အသားက ဘာမှမတင်သည်ကို အတွေ့အကြုံအရ သိထားလေသည်။

"မနွဲ့ရည် ဘယ်က ပြန်လာတာလဲ"

"ကီလီကလေ"

"စျေးသွားဝယ်တာလား"

"ဘယ်ကလာ ... စျေးသွားရောင်းတာရှင့်"

"ဪ.. ငါးပိ၊ ငံပြာရည်လား"

"ကျွန်မ ကီလီမှာ ငါးရောင်းနေတာ ကိုခင်ထွန်း မသိသေးဘူး ထင်တယ်၊ ကျွန်မက ငါးပိ၊ ငါးခြောက်၊ ငံပြာရည် အလုပ်ကို အိမ်က လူတွေနဲ့ လွှဲထားပြီး ဒီမှာ ငါးအစို လာရောင်းသေးတယ်"

"ဪ ... လောဘတွေ ... လောဘတွေ"

ကိုခင်ထွန်းက ရယ်သွမ်းသွေးပြန်သည်။

"ကိုယ်တတ်တဲ့ ပညာကို ဘယ်လိုအသုံးချပြီး နိုင်ငံတော်အကျိုး ဘယ်လိုပြုလိုက်မယ် ဆိုတာတွေ မပြောတော့ဘူးလား ဒေါ်နွဲ့ရည်ရဲ့"

မနွဲ့ရည်၏ မျက်နှာသည် ရှိန်းကနဲ ပူသွားသည်။ ရင်ထဲတွင် ဗလောင်ဆူ၍ လှုပ်ရှားလာသည်။ ထို့နောက် မချိပြုံး ပြုံးမိလေသည်။

"အခု ကျွန်မ မိဘ မောင်နှမတွေကို ကောင်းကောင်း ကျွေးနိုင်တယ်။ သမီးလေးကိုလဲ ကောင်းကောင်း ကျွေးနိုင်၊ ဆင်နိုင်တယ်၊ အိမ်မှာ မောင်ဝမ်းကွဲတွေကို ထမင်းကျွေး၊ အလုပ်ပေးပြီး ကျောင်းထား ပေးထားတာတွေလဲ တလှေကြီးပဲ၊ ထွန်းထွန်း အမေလဲ အခု ကျွန်မအိမ်မှာပဲ။ တနေ့တနေ့ ထမင်းချက်ရတာ၊ ဟင်းချက်ရတာ အလှူအိမ်လို ချက်နေရတာ။ ဒါပေမယ့် ကျွန်မဝင်ငွေနဲ့ ကျွန်မချက်နိုင်တယ်၊ ကျွေးနိုင်တယ်၊ လက်ထဲမှာလဲ စုမိဆောင်းမိသေးတယ်။ ကဲ ... အဲဒီလိုဘဝကို ရှင်က မအောင်မြင်ဘူး ပြောချင်လို့လား ကိုခင်ထွန်းရဲ့"

"မပြောဝံ့ပါဘူးဗျာ"

"ဒါပေမယ့် ကျွန်မပျော်တယ် ထင်သလားဟင် ...၊ သိပ်ပျော်နေတယ်၊ သိပ်ကျေနပ်နေတယ် ထင်သလား၊ အပတ်တကုတ် သင်ခဲ့ရတဲ့ ပညာလေးကို

မေ့ပြီထင်သလား၊ လွှင့်ပစ်လိုက်ပြီ ထင်သလား ...၊ ကျွန်မခေါင်းထဲက ဦးနှောက်ကို အကန့်လုပ်၊ အခန်းဖွဲ့ပြီး အဲဒီပညာကို သိမ်းထားပါတယ်။ အခွင့်အခါသင့်ရင် အခြေအနေပေးရင် ထုတ်ပြီး အသုံးချချင်ပါသေးတယ်"

မနွဲ့ရည်က ပြောရင်း မျက်ရည်ဝဲလာသည်။ နောက်ပြောင် ရယ်မောနေသော ကိုခင်ထွန်း၏ မျက်နှာသည်လည်း တည်ကြည်သွားသည်။ မနွဲ့ရည်ကို စာနာစွာ လှမ်း၍ကြည့်သည်။

"ကျွန်တော်လဲ ဒီလိုပါပဲ မနွဲ့ရည်ရယ်"

ကိုခင်ထွန်းက ခပ်တိုးတိုးပြောကာ ကားလီဗာကို ဖိ၍နင်းသည်။ ကားကလေးက တရိပ်ရိပ်နှင့် ပြေးသည်။ မိုးစက်မိုးမှုန်လေးများက ကွဲကြေလွင့်စဥ်ပြီး ကျန်ရစ်ခဲ့သည်။ ထိုနောက်တွင်တော့ သူတို့နှစ်ယောက် စကားမပြောမိ၊ မရယ်မောမိ ကြတော့ပေ။ ကိုယ့်အတွေးနှင့်ကိုယ် ငြိမ်၍ နေမိကြသည်။ တောင်ဥက္ကလာ ရောက်တော့ ကားလမ်းက ကြမ်းလာသည်။ ကိုခင်ထွန်းက လမ်းပေါ်မှ ချိုင့်ခွက်များကို သတိထားပြီး ရှောင်၍ မောင်းနေသည်။ "ကျွန်မကို လိုက်ပို့ရတာ ရှင့်ကားလေးတော့ အတော် နာသွားပြီ၊ တစ်ထောင်လောက် ဈေးလျှော့တော့မှာပဲ" ဟု နောက်ပြောင်ရန် စဥ်းစားမိသော်လည်း စိတ်ထဲတွင် မရွှင်လှ၍ ဘာမျှမပြောဖြစ်။

"ရပ်တော့ ကိုခင်ထွန်း၊ အဲဒီလမ်းထိပ်မှာပဲ ရပ်တော့၊ ကျွန်မ

ဆင်းလျှောက်သွားတော့မယ်"

မနွဲ့ရည်က ငွေအိတ်ကိုပိုက်ကာ ကားပေါ်မှ ဆင်းသည်။ ခေါက်ထီးကို ဖွင့်ဆောင်းသည်။

"ဟောဒီမှာ အထုပ်တစ်ထုပ် ...၊ ကားထဲ ပါလာရင်တော့ ပြန်မရဘူးနော်၊ တစ်ခါတည်း ယူထားလိုက်မှာ၊ မုန်း ... ကြည့်စမ်းမယ် ရှွေတွေများလား"

ကိုခင်ထွန်းက ကားထဲတွင် ပါလာသော အိတ်တစ်အိတ်ကို လှမ်းပေးသည်။ ဈေးက ဝယ်လာသော ငရုတ်သီး အတောင့်ကြီးများ ဖြစ်သည်။

"ငရုတ်သီးတွေလေ၊ အစာသွတ်ပြီး နပ်ရင် ကောင်းတယ် ဆိုတာနဲ့"

"မစပ်ဘူးလားဗျာ"

"ဟင့်အင်း ... မစပ်ဘူး"

"ဩော်.. မစပ်တဲ့ ငရုတ်လဲ ရှိသေးတယ်နော်"

ကိုခင်ထွန်းက ကားစက်နှိုးရင်း ပြုံး၍ပြောသည်။ တဆက်တည်းပင် "သွားတော့မယ်" ဟု လက်ပြ၍ နှုတ်ဆက်သည်။ ကားကလေးလည်း ရိပ်ကနဲ ပြေးထွက် သွားလေသည်။ မနွဲ့ရည်သည် လျှပ်ပန်းလျှပ်နွယ်များနှင့်

ပြိုးပြက်လက်နေသော ကောင်းကင်ကို မော်ကြည့်ရင်း မိုးရေထဲတွင် ရပ်နေမိသည်။ ဟိုး ငယ်ငယ် ကလေးဘဝတုန်းက အဖေပြောခဲ့သော စကားကို ဖြတ်ကနဲ သတိရသည်။

"ငရုတ်သီး ဖြစ်ပြီး မစပ်ရင် ဒီငရုတ်သီးဟာ တာဝန်မကျေတဲ့ ငရုတ်သီးပဲ"

မျက်လုံးအိမ်တွင် စိမ့်အိုင် ဝေ့လည်လာသော မျက်ရည်များက မိုးထုများနှင့်အတူ ပါးပြင်ပေါ်သို့ စီးကျလာသည်။ ထို့နောက် ရင်ထဲမှာ တီးတိုး ပြောလိုက်မိသည်။

"ကိုခင်ထွန်းရယ် ... ရှင်ရော ကျွန်မရော ဟောဒီက ငရုတ်သီးတွေလိုပဲ။ မစပ်တဲ့ ငရုတ်တွေ ဆိုတာ ရှင်သိရဲ့လား" တဲ့။

မန္တလေးရည် သက်ပြင်းတစ်ချက် ရှိုက်သည်။ ထဘီကို လက်တစ်ဖက်နှင့် မရင်း မိုးရေထဲတွင် လမ်းလျှောက်လာသည်။

အရင်တုန်းကတော့ အင်ဂျင်နီယာ မန္တလေးရည်၊ အခုတော့ ငါးပွဲစား မန္တလေးရည်၊ ဘာဖြစ်သေးလဲ၊ ဘယ်သူ ဘာပြောချင်သေးလဲ ... ကဲ ...။

**မစန္ဒာ**

# ဗာလာနံ ဆိုသော်လည်း (မစန္ဒာ)

---------------------------------

ညတိုင် အိပ်မပျော်သည်မှာ ကြာချေပြီ။

အိပ်မပျော်သော ညများကို ကျော်လွှားဖြတ်သန်း ရသည်မှာလည်း ပင်ပန်းလှသည်။

မြေး ဖြစ်သူ တိုးမောင်၏ အသက်ရှူသံ၊ သွားကြိတ်သံ၊ ကင်းသမားတို့၏ သံချောင်းခေါက်သံ၊ မျက်စောင်းထိုးအိမ်မှ နို့စို့ကလေး ငိုသံ၊ ဘုန်းကြီးကျောင်းမှ တုံးခေါက်သံ၊ လင်းကြက် တွန်သံများကို အာရုံစူးစိုက် နားထောင်ရင်း အဘွား ဒေါ်ဝိုင်း၏ စိတ်အတွေးမျှင်များက ဟိုရောက်လိုက်၊ ဒီရောက်လိုက်နှင့် လေထဲတွင် လွင့်ဝဲနေတတ်သည်။ တစ်ခါတစ်ရံလည်း တွေးလက်စ အတွေးမဆုံးမီ မှေးခနဲ မှိတ်ခနဲ အိပ်ပျော်သွား သယောင်ယောင် ရှိသော်လည်း နစ်နစ်မြိုက်မြိုက် အိပ်ပျော်သည်တော့ မဟုတ်ချေ။ ဖြတ်ခနဲ ပြန်နိုးလာတတ်သည်။

မနေ့ညတုန်းကတော့ တိုးမောင်က 'အဘွား ဒီညတော့ ဗေလီယမ် သောက်ပြီး အိပ်ကြည့်စမ်းပါဦး' ဟု ဆိုကာ ဆေးဖြူပြားလေး တစ်ပြားတိုက်သည်။

သောက်ပြီး ခဏနေတော့ မျက်ခွံတွေ လေးကျလာကာ မှိတ်ခနဲ အိပ်ပျော်သွားသည်။

ထိုနောက် သမီး ဖြစ်သူ ပြုံးဝေကို အိပ်မက်ထဲတွင် တွေ့ရလေသည်။ သူ့ကို အဘွားကိုယ်တိုင် ဝတ်ဆင်ပေးလိုက်သော ဂျော်ဂျက် အင်္ကျီအဝါလေးနှင့် အရိုတ်လုံချည် အဝါလေးကိုပင် ဝတ်ထားသည်။ လေထဲတွင် လျှပ်တိုက်ပြီး ပြေးလာသလို အဘွားဒေါ်ဝိုင်း၏ အိပ်ရာဘေးသို့ ရုတ်ခနဲ ရောက်လာသည်။ 'အဝေးကြီးကလာရတာ မောလိုက်တာ အမေရယ်' ဟု ပန်းလျစွာပြောသည်။

"သမီးက ဘယ်က လာခဲ့တာမို့တုံး"

"ဩော်၊ အမေကလည်း၊ အမေပဲ ကျွန်မကို သင်္ချိုင်းကုန်း ပို့ထားပြီးတော့ သင်္ချိုင်းကုန်းကပဲ လာခဲ့ရတာ ပေါ့လို့"

"ဟော… တော့"

သမီး ဖြစ်သူ သေဆုံးပြီး ဖြစ်သည်ကို ခုမှ သတိရသော အဘွားက အိပ်ရာမှ လူးလဲထကာ သမီး၏ လက်ကို လှမ်းဆွဲသည်။ သို့သော် လေကို ဖမ်းရသလို ဘာကိုမျှမမိ။

"ကျွန်မသားလေးရော နေကောင်းရဲ့လား အမေ"

"မြေးကလေးကို အမေ ကောင်းကောင်း မွေးခဲ့ပါတယ် သမီးရယ်၊

ငယ်ငယ်တုန်းကလည်း စာတော်တယ်။ ဆယ်တန်းကိုလည်း တစ်နှစ်တည်းနဲ့ အောင်တယ်။ နောက်ပြီး အလုပ်လုပ်ရင်း စာပေးစာယူဆိုလား ဆက်တက်တာ ဘွဲ့တောင်ရပြီ၊ ဟောဟိုမှာ ကြည့်စမ်း၊ ညည်းရဲ့ သားလေး တိုးမောင် ဘွဲ့ဝတ်စုံကြီးနဲ့ ရိုက်ထားတဲ့ပုံ ကျက်သရေ မရှိလား"

နံရံတွင် သံလေးတစ်ချောင်း ရိုက်ကာ ချိတ်ထားသော ဓာတ်ပုံကို လှည့်ကြည့်ရင်း သမီး၏ မျက်နှာတွင် အပြုံးပန်းတွေ ဝေလာသည်။ ထို့နောက် 'သားက သူ့အဖေနဲ့ တူတယ်နော်' ဟု တမ်းတလွမ်းမောစွာ ပြောလေသည်။

ကရုဏာစိတ်တွေ ဝေနေသော ဒေါ်ဝိုင်းသည် ရုတ်တရက် ဒေါသ ဖြစ်လာကာ 'မိပြုံးဝေ နင်က ဒီအကောင်ကို ခုထက်ထိ စိတ်မနာနိုင်သေးဘူးလား' ဟု ခပ်ဆတ်ဆတ် ပြောမိစဉ် အိပ်မက်မှ ဖြတ်ခနဲ လန့်နိုးလာသည်။

ဘုရားစင်မှ ဖြာကျလာသော ဖယောင်းတိုင် ငါးတိုင်အား မီးရောင် ဝါကြန့်ကြန့်ကလေး အောက်ဝယ် အရာရာသည် ငြိမ်သက် တိတ်ဆိတ် နေလေသည်။ အိပ်မက်ပါလားဟု သိလိုက်ရသည့် ခဏ၌ ဒေါ်ဝိုင်းသည် မောဟိုက် ရီဝေသွားလေသည်။ နံရံပေါ်တွင် ချိတ်ထားသော ဓာတ်ပုံကလေးကို ငေး ကြည့်နေမိစဉ် ဓာတ်ပုံလေးက အတန်ငယ် လှုပ်ခါသွားသည်ဟု ထင်လိုက်မိသည်။ လေတိုက်သောကြောင့်လော၊ အိမ်မြှောင် တိုးသောကြောင့်လော၊ တစ်စုံတစ်ခုသော အကြောင်းကြောင့် လှုပ်ခါခြင်း ဖြစ်မည်ဟု တွေးမိသော်လည်း 'သမီးရေ အမျှ၊ အမျှ၊ အမျှ' ဟု တီးတိုး

အမှုဝေလိုက်သည်။ အကျီဝါဝါ၊ အချိတ်ထဘီ ဝါဝါလေးကို ဝတ်ပြီး လေထဲတွင် လှုပ်တိုက်ပြေးနေသော သမီးသည် ခေါင်းရင်းဘက် ပြတင်းပေါက်ဆီမှ လျှောခနဲ လွင့်ထွက်သွားသည်ဟု ထင်လိုက်မိသည်။

"မောလိုက်တာဟယ်"

အိပ်ရာဘေးတွင် တိုးမောင် ချပေးထားသော ရေခွက်ကို လှမ်းဆွဲပြီး တစ်ကျိုက် သောက်သည်။ ရေက မအေးသောကြောင့်လား မသိ၊ အမော မပြေ၊ ဘယ်အချိန်လောက်များ ရှိပြီလဲ မသိဘူးဟု တွေးမိစဉ် သံချောင်းခေါက်သံ သုံးချက်ကို ကြားရသည်။

"အင်း မနက် သုံးနာရီတောင် ထိုးနေပြီ၊ ဒီအချိန်အထိ ငါဆက်တိုက်ကြီး အိပ်ပျော်သွားတာပါလား"

အဘွားဒေါ်ဝိုင်းသည် ရေနည်းနည်း ထပ်သောက်ပြီး အိပ်ရာထဲတွင် ပြန်၍ အိပ်လိုက်သည်။ ခြေရင်းဘက်မှ ချည်စောင်ပါးကို ခြေထောက်နှင့် စမ်းကာ ဆွဲလိုက်ပြီး ပခုံးအထိ ခြုံသည်။ ခပ်အိုင့်အိုင့်ကျပြီး အိတွဲနေသော ခြင်ထောင်အမိုးကို စူးစိုက်ကြည့်နေမိစဉ် အတိတ်ဆီမှ အရိပ်များသည် တစ်ခုပြီးတစ်ခု ထင်ဟပ်လာသည်။

"အို ဒါတွေ တွေးနေလို့ အပိုပဲ"

ဒေါ်ဝိုင်း ကယောက်ကယက် လှုပ်ရှားနေသော စိတ်အစဉ်ကို နှာသီးဖျား ဆီသို့ ပို့သည်။ အဆုတ်အတွင်းသို့ ရှူသွင်းလိုက်သော လေနှင့် ရှူထုတ်လိုက်သော လေများက နှာသီးဖျားကို ပွတ်၍ ဖြတ်သွားသည်ကို သတိနှင့် လိုက်မှတ်သည်။ သို့သော် အစိုးမရသော စိတ်အစဉ်က ပို့ထားသောဆီမှာ ကြာကြာ မနေပေ။ တစ်ခဏလေး အတောအတွင်း၌ပင် ဘုရားပန်းအိုးတစ်လုံး ကျကွဲထားသည်မှာ တစ်ပတ်ခန့်ရှိပြီ ဖြစ်သော်လည်း အစားပြန်မဝယ်ရသေးသည်ကို လည်းကောင်း၊ ဘုရားပန်းများ ညှိုးရော်နေပြီကို လည်းကောင်း၊ ကြိုးဆွေးကာ ပြတ်သွားသော စိပ်ပုတီးလေးကို ပြန်သီရမည်ကို လည်းကောင်း ဆက်တိုက် သတိရမိပြီး ဖြစ်လေသည်။

'ဟဲ့ ဒါတွေ မတွေးနဲ့'

ဒေါ်ဝိုင်းက သူ့စိတ်ကို သူပြန်ဖမ်းကာ နှာသီးဖျားဆီသို့ ပို့လိုက်ပြန်သည်။ ထွက်သက် ဝင်သက်ကို ရှုမှတ်ရင်း ခေတ္တတော့ ငြိမ်သက်သယောင်ယောင် ရှိသည်။ သို့သော် သူ သတိမထားမိခင်မှာပင် ခုနတုန်းက အိပ်မက်ကို တွေးမိပြန်သည်။

'မိပြုံးဝေ အမိုက်မ၊ သူ ပေါင်းတဲ့သူကလည်း မိုက်၊ သူကိုယ်တိုင်လည်း မိုက်၊ ဒီတော့ စောစောစီးစီး အမိုက်ဇာတ် သိမ်းခဲ့တော့တာပေါ့'

သည်တစ်ခါတော့ ဖျတ်ခနဲ ထွက်ပြေးသွားသော စိတ်အစဉ်နောက်သို့ အဘွား၏ အတွေးက ကောက်ကောက်ပါအောင် လိုက်သွားတော့သည်။ သည် ဇာတ်အကြောင်းကို ပြန်မပြောချင်သော်လည်း အခါခါပြောမိသည်။ ပြန် မတွေးချင်သော်လည်း အခါခါတွေးမိလေသည်။

* * *

မဝိုင်းက စာမတတ်ပေ။

ကကြီးကို ပုတ်လောက်ကြီး ရေး ပြလျှင်ပင် ဘာမှန်းမသိခဲ့ချေ။ ထိုသို့ ကိုယ်တိုင်က စာမတတ်ခဲ့လေတော့လည်း သူများ တတ်သော ပညာကို အထင်ကြီးလှသည်။ ပညာကို တန်ဖိုးထားလှသည်။

ငယ်ငယ်တုန်းကတော့ စာကို အရှုးအမူး တတ်ချင်ခဲ့သည်။ စာတတ်လျှင် ချမ်းသာမည်ဟု တထစ်ချ ယုံကြည်သည်။ သို့သော် စာကို သင်ခွင့် မရခဲ့ပေ။ 'အမေရယ်၊ ကျွန်မ ကျောင်းနေချင်လိုက်တာ' ဟု အမေ့ကို ပူဆာတော့ အမေက ဆေးလိပ် တငေ့ါငေ့ါဖွာရင်း မျက်စောင်းခဲလေသည်။ "ကြံကြံစည်စည်တော် ၊ ကျောင်းနေတယ်ဆိုတာ လွယ်တာမှတ်လို့၊ အခမဲ့ ဆိုပေမယ့် ကျောင်းလခသာ မပေးရတာ ညည်းကို ဘယ်သူက စာအုပ်တွေ၊

ခဲတံတွေ ဝယ်ပေးနိုင်မှာလဲ၊ အလကား ပိုက်ဆံကုန်လို့၊ အချိန်ကုန်ခံလို့၊ စာမရေးတတ် မဖတ်တတ်တော့ရော ဘာဖြစ်သေးလဲ၊ အချိန်တန်တော့ ထမင်းတစ်နပ်တော့ စားရတာပဲ၊ ငါလည်း စာမတတ်ပေါင်၊ ငါ့အမေလည်း စာမတတ်ပေါင်" ဟု ပြောခဲ့လေသည်။ ထို့ကြောင့် သူ၏ အသက် ခုနစ်နှစ်ခန့်တွင် သူတို့အိမ်နှင့် သုံးလေးလမ်းကျော်ရှိ မူလတန်း ကျောင်းကလေးသို့ ရောက်ခဲ့ရသည်။ စာသင်ရန် လွယ်အိတ်ကလေး လွယ်ပြီး ရောက်ရသည်တော့ မဟုတ်၊ ကန်စွန်းဥပြုတ် ရောင်းရန် ဗန်းကလေးရွက်ပြီး ရောက်ခဲ့ရခြင်း ဖြစ်လေသည်။ သို့နှင့်ပင် သူသည် မူလတန်း ကျောင်းကလေးများတွင် လှည့်ပြီး ကန်စွန်းဥပြုတ်၊ ပြောင်းဖူးပြုတ်၊ ကွဲကောသီး၊ ဆီးသီးဒ စသော ရာသီစာကလေးများကို ရောင်းရင်း ကျောင်းနေခွင့်၊ စာသင်ခွင့်ရသော ကလေးများကို ငေးမောအားကျရင်း ကြီးပြင်းခဲ့ရသည်၊ အပျိုဖော် ဝင်ခဲ့ရသည်။

"ငါ စာမတတ်ပေမယ့် ငါယူရင်တော့ ပညာတတ်တဲ့သူကိုမှ ယူမယ်"

မဝိုင်းက ထိုသို့ပင် ဆုံးဖြတ်ခဲ့သည်။ သူ့အမေတွေ သူ့အဘွားတွေလိုပင် နှုတ်ခမ်းပဲ့ချင်း မီးမမှုတ်ချင်၊ ကျောင်းနေချင်ပါသည်ဟု ပြောသော မိမိ၏ ရင်သွေးကို "ကျောင်းနေတယ်ဆိုတာ လွယ်တာမှတ်လို့၊ ဒီမှာ တစ်နေ့စာ တစ်နေ့စားဖို့တောင်အနိုင်နိုင်၊ နင်လိုတဲ့ စာအုပ်တွေ ၊ ခဲတံတွေ ဝယ်ဖို့ ဘယ်က ပိုက်ဆံရမှာတုံး"ဟု ပြောမလွှတ်ချင်။ ထို့ကြောင့် မာလာကာသီး ရောင်းသော အောင်စိန်ကိုလည်း အရေးမလုပ်၊ ရေခဲချောင်းရောင်းသော ဘဖုံကိုလည်း လှည့်စောင်း၍ပင် မကြည့်၊ "မဝိုင်းရယ်၊ အလှတွေ ဝိုင်းနေလို့ မာန

ကြီးတာလား''ဟု မကြားတကြား ပြောတတ်သော စက်ပြင်အလုပ်သမား ခင်မောင်လေးကိုကား ဖုတ်လေသည့်ငါးပိ ရှိသည်ပင် မထင်။ နောက်ဆုံးတော့ သမီးတို့အဖေ 'ဆရာဦးခင်မောင်' နှင့် တွေ့သည်။ အသက် လေးဆယ်ကျော် မုဆိုးဖိုကြီး ဖြစ်သော်လည်း သူ့မှာ သားသမီး မကျန်ခဲ့တော့ နောက်ပိုင်း ရှင်းလေသည်။ ကျောင်းဆရာဆိုတော့ ပညာမတတ်မှာ ပူစရာမလို၊ ကိုယ့်သား ကိုယ့်သမီးကိုလည်း သူများ ကျောင်းတွင်ပင် ထားစရာမလို၊ အဖေ့ ကျောင်းတွင်ပင် ထားကာ အဖေကိုယ်တိုင် ကြပ်မတ်သင်နိုင်သည် ဟူသော အချက် တစ်ချက်တည်းနှင့်ပင် အသက်ကြီးသည်ရော၊ ရုပ်မချောသည်ရော ပပျောက် သွားကာ ခေါင်းညိတ်လက်ခံခဲ့သည်။

သို့သော် မဝိုင်းက ကံကြမ္မာအလှည့်အပြောင်းကို စောစောက ထည့်မတွက်မိခဲ့ချေ။ အိမ်ထောင်သက် ငါးနှစ် ၊ သမီးလေး ပြုံးဝေ လေးနှစ်သမီးတွင် ဆရာကြီး ခမျာ အပြင်းဖျားပြီး ရုတ်တရက် သေဆုံးသွားသည်။ သူ၏ စိတ်ကူးအိပ်မက်ထဲတွင် အသက် တစ်ရာ့နှစ်ဆယ် တိုင်အောင် ရှည်လေသော ခင်ပွန်းသည်က ရုတ်တရက် သေဆုံးသွားတော့ မဝိုင်းသည် လူမမည် သမီးကလေးကို ပွေ့ပိုက်ကာ ''အံမယ်လေး အဖေကြီးရယ် သမီးကို ကျောင်းတောင် မထားရသေးဘူး၊ ကျွန်မတို့ ခွဲသွားပြီလား''ဟု အော်ငိုခဲ့ရသည်။

ဆရာကြီးကလည်း သုံးပင် နှစ်ခန်း ပျဉ်ထောင်အိမ် ဟောင်းဟောင်းကလေး တစ်လုံးမှအပ ဘာကိုမှ မထားနိုင်ခဲ့ချေ။ အိမ်ကလေးကို ရောင်းလိုက်ပြန်လည်း အခြေပျက်ရုံပင်။ ငွေက များများစားစား ရလာစရာ အကြောင်းမရှိချေ။

အိမ်ရှေ့ခန်းတွင် ဆိုင်ကလေးခင်းပြီး ကြက်သွန်အစ၊ ငရုတ်သီးအစ ရောင်းပြန်တော့လည်း အထားအသို မတတ်သည်ရော အတွက်အချက် မလျင်မြန်သည်ရော၊ အားနာ၍ အကြွေးပေးတတ်သည်ရော အကြောင်းသုံးမျိုး ဆုံကာ အရင်းပြုတ်ခဲ့ရလေသည်။ နောက်ဆုံးတော့ "ကိုယ်ကျွမ်းကျင်တာ ကိုယ်လုပ်တာပဲ ကောင်းပါတယ် မိဝိုင်းရယ်၊ ဆရာကတော် မုဆိုးမ ဈေးဗန်းရွက်တော့လည်း ဘာဖြစ်သေးလဲ။ သမ္မာအာဇီဝ လုပ်ကိုင်စားတာပဲ" ဟု ကိုယ့်ကိုယ်ကိုယ် အားပေးကာ ကောက်ညှင်းပေါင်း ရောင်းခဲ့သည်။ အမြတ် မများလှသော်လည်း တစ်နေ့နှင့်တစ်နေ့ အလျဉ်မီအောင်တော့ စားရ၍ ကျေနပ်ခဲ့သည်။

"ကဲ၊ ငါ့သမီးလေးက ပညာတော်အောင် ကြိုးစားစမ်း၊ ငါ့သမီး ဝန်ထောက်မကြီး ဖြစ်မှ အမေ့ခေါင်းပေါ်က ကောက်ညှင်းပေါင်း တောင်းကြီးကို အောက်ချမယ်"

အားအပြည့် မာန်အပြည့်တင်းကာ သမီးကို ကျောင်းပို့ခဲ့သည်။ သို့သော်လည်း သမီးက ပညာပါရမီ နည်းရှာသည်။ တတိယတန်းတွင် တစ်ခါ၊ စတုတ္ထတန်းတွင် နှစ်ခါ၊ ပဉ္စမတန်းတွင် တစ်ခါ ကျခဲ့သည်။

'ဩော် သူ့အဖေရှိရင်တော့ အိမ်ကနေလိုက်ပြီး အဖေကိုယ်တိုင် သင်ပြပေးနိုင်မှာ ၊ ခုတော့ ငါကလည်း နကန်းတစ်လုံးမှ မတတ်' ဟု စဉ်းစားပြီး အားငယ်ရ၊ မျက်ရည်ကျရလေသည်။ "သမီး ကျောင်းမနေချင်တော့ဘူး အမေရယ်၊ အတန်းထဲမှာ သမီးအရပ်ကြီးက အရှည်ဆုံးပဲ၊ စာမရလို့

မတ်တတ်ရပ် ရပ်ပြီး ဒဏ်ပေးခံရတာ ရှက်စရာကြီး" ဟု ပြောသော သမီးကို "ဘာလဲ၊ ညည်းက ငါ့လို ကောက်ညှင်းပေါင်း ရောင်းချင်လို့လား" ဟု မာန်မဲပြီး အတင်းတက်ခိုင်းရသည်။ တစ်ခါအောင်၊ နှစ်ခါကျရှုံးနှင့် မှန်မှန်ကြီး ချီတက်လာသော သမီးခများလည်း ခြောက်တန်းအောင်တော့ အပျိုကြီး ဖြစ်နေချေပြီ။

အပျို ဖြစ်လာပြီဆိုတော့လည်း အပျိုတို့ဘာဝ ထွေလီကာလီ စိတ်ကူး လာသည်ကို သိသော်လည်း တား၍ မရခဲ့ပေ။

ထိုအချိန်တွင် ခြေရင်းတစ်အိမ်ကျော်က မသန်းနှင့် ပေါင်းမိသည်။ မသန်းက ဈေးထဲတွင် ငါးရောင်းသည်။ စိတ်ကောင်းရှိသော်လည်း ပါးစပ်ကြမ်းသည်။ တစ်မနက်ခင်းလုံး ဈေးထဲတွင် ပင်ပန်းခဲ့သော်လည်း နေ့လယ် နေ့ခင်း တရေးတမော မအိပ်တတ်ချေ။ နို့စို့ကလေးငယ်ကို ရင်ခွင်ထဲ ထည့်ကာ ရင်သားနှစ်ဖက်လုံးလှန်ကာ နို့တိုက်ရင်း လင်ကြောင်း သားကြောင်းများကို မြိန်ရေရှက်ရေ ပျစ်ပျစ်နှစ်နှစ် ပြောရင်း အပန်းဖြေတတ်သည်။ ရည်းစားသန်ရှိသော မိန်းကလေးများကို မြင်လျှင်လည်း စကားလုံး ကြမ်းကြမ်းနှင့် စတတ်သည်။ တော်ရုံတန်ရုံ ယောကျ်ားလေးသည်ပင်လျှင် မသန်းနှင့် ပြိုင်ပြီး ပါးစပ်မကြမ်းရဲချေ။

"ဒီ မသန်းကြီးဟာလေ တွေ့ကရာတွေ လျှောက်ပြောနေတာပဲ၊ အပျိုကလေးတွေ ကြားသွားရင် နားရှက်စရာ"

"အံမာလေးတော်၊ ရှင့်အပျိုလေးတွေက နားသာ ရှက်တာ၊ လူက ရှက်တာ မဟုတ်ဘူး"

မသန်းက ထိုသို့ပင် ပြောတတ်သည်။ ဟုတ်တော့လည်း ဟုတ်လေမလား မသိ၊ လမ်းထဲမှ အပျိုပေါက် အပျိုလတ်များက မသန်းပြောသမျှ စကားကို တစ်ဦးကိုတစ်ဦး တွန်းရင်း၊ ထိုးရင်း၊ ဆွဲဆိတ်ကြရင်း ခိုးခိုးခစ်ခစ် ရယ်ကာ ရှက်ရိပ်ရှက်ယောင်နှင့် စိတ်ဝင်တစား နားထောင်တတ်ကြသည်။ သူတို့တစ်တွေ စိတ်ဝင်စားသည်က ကိစ္စမရှိ၊ သမီး ဖြစ်သူ ပြုံးဝေကပါ မျက်လုံး အဝိုင်းသား၊ ရင်တဖိုဖိုနှင့် ထိုစကားဝိုင်းသို့ ရောက်ရောက် နေတတ်သည်ကတော့ ကိစ္စရှိသည်။

သူက သမီး ဖြစ်သူ၏ ပေါင်တွင်းကြောကို လိမ်ရင်း "အဲဒီ ကောင်မ ပြောတာတွေ ဘာလို့ သွားသွားပြီး နားထောင်နေရသလဲ၊ အားရင် စာကျက်ပါလား" ဟု ဆူရသည်။ တစ်နေ့တစ်ခြား လှလာနေသော သမီးကို ကြည့်ကာ ရင်ပူရသည်။

သူ မည်မျှပင် ရင်ပူပူ၊ သူ မည်မျှပင် ဆူဆူ၊ ကံတရားကတော့ သူ့ဘက်မှ မကူခဲ့ပေ။ ဆဋ္ဌမတန်းတွင် ဒုတိယအကြိမ် ကျပြီးသော အခါတွင်ကား သမီးသည် အမေထက်ပိုပြီး ချစ်ရသူနောက်သို့ ကောက်ကောက်ပါအောင် လိုက်ပြေးလေတော့သည်။

သမီးလိုက်ပြေးသော သမီး၏ ချစ်သူကလည်း ခုနစ်တန်းပင် မအောင်သေးသော သူ၊ သမီးနှင့်အပြိုင် စာမေးပွဲကို တဖုန်းဖုန်း တဗိုင်းဗိုင်း ကျနေသူ ဟူ၍ သိရတော့ မျက်ရည်ပေါက်ပေါက် ကျခဲ့ရသည်။ လူက အသုံးမကျ၍ မိဘက ချမ်းသာလျှင် အတန်ငယ် သက်သာဦးမည် ဖြစ်သော်လည်း မိဘကလည်း ချမ်းချမ်းသာသာ မဟုတ်၊ သူ့ဖခင်က "မင်း ဒီနှစ်မှ စာမေးပွဲ မအောင်ရင် ကျောင်းထွက်တော့၊ ဆိုက်ကားနင်းတော့၊ ငါ့မှာ မင်းတစ်ယောက်တည်း တာဝန်ထမ်းနေတာ မဟုတ်ဘူး၊ အငယ်သုံးယောက် ရှိသေးတယ်" ဟူသော သတိပေးစကားကို အထပ်ထပ် အခါခါ ပြောထားပြီး ဖြစ်သော ဆိုက်ကားသမား အလောင်းအလျာကလေး ဖြစ်လေသည်။ သည်တော့လည်း ကိုရွှေသကောင့်သားက ဆိုက်ကားနင်းရလျှင် သည်အတိုင်းတော့ မနင်း၊ မိန်းမယူပြီးမှ နင်းမည် ဟု စိတ်ကူးမိပုံရသည်။ သို့တည်းမဟုတ် မိန်းမယူလိုက်လျှင် ဆိုက်ကားနင်းရတော့မည် မဟုတ်ဟု ထင်လေသလားမသိ။ သူလိုလူကို ယူမည့် မိန်းမတစ်ယောက်ကို အပြေးအလွှားရှာစဉ် သမီးလေး ပြုံးဝေနှင့် တွေ့ကြလေသည်။

မသန်းဟောသမျှ တရားတွေကို အနလုံ ပဋိလုံ နားထောင်ပြီး ဟိုလိုလို၊ ဒီလိုလို ရင်တဖိုဖို ဖြစ်နေသော သမီးကလည်း 'ဟင့်အင်း ဟင့်အင်း' နှင့် ခေါင်းညိတ်ပြလိုက်ပုံရသည်။

သို့နှင့်ပင် ကြွပ်ဆတ်ဆတ်နှင့် မနူးမနပ်တို့ နှစ်ဦးပေါင်းကာ တူနှစ်ကိုယ် တိုင်းပြည်တစ်ပြည် ထူထောင်မိကြလေသည်။

သို့သော် သူတို့ စိတ်ကူးအိပ်မက်ထဲက တိုင်းပြည်တွင် ထမင်းစားမည့် ကဏ္ဍကို ထည့်ခဲ့ကြပုံမရ၊ ထို့ကြောင့် လက်တွေ့ တိုင်းပြည်တွင် ဒုဗ္ဘိက္ခန္တရကပ် ဆိုက်ရောက်လာလေတော့သည်။ ဟိုဘက်ကလည်း မကြည်ဖြူ ဒီဘက်ကလည်း မကျေနပ်၊ ကိုယ်တိုင်လည်း ပိုက်ဆံတစ်ပြား ရအောင် မရှာတတ်လေတော့ တူနှစ်ကိုယ် တိုင်းပြည်တွင် ဆန်ပြုတ် သောက်နေကြရသည်ဟု ကြားသော်လည်း မပိုင်းက လှည့်မကြည့်ခဲ့ပေ။ 'ဒီလောက်တောင် လင်လိုချင်တဲ့ ကောင်မ၊ ငတ်မှ ကောင်းတယ်' ဟု အသည်းနာနာ အသည်းမာမာနှင့် ပစ်ထား လိုက်သည်။

သို့သော် ထိုမှတစ်ဆင့် ရောဂန္တရကပ် ဆိုက်ရောက်လာသော အခါတွင်ကား မနေနိုင်တော့ပေ။ အသားဝါရောဂါ ဖြစ်နေသော သမီးနှင့် ချောင်း တဟွတ်ဟွတ် ဆိုးနေသော သမက်တို့အား အိမ်ပေါ်သို့ တင်ခဲ့ရသည်။

သမီး ကောလိပ်ရောက်မှ ခွဲမည်ဟု ရည်မှန်းချက် ကြီးကြီးနှင့် စုထားသော ဝါးဆစ် စုဘူးကြီးကို ခွဲကာ ဆေးကုခဲ့ရသည်။ ထိုမျှနှင့် မလောက် သေးသောကြောင့် ဆရာကြီး မဆုံးမီကလေးကမှ ဆင်ပေးခဲ့သော ကျောက်နီ လက်စွပ်ကလေးကိုပါ ချွတ်ပြီး ရောင်းခဲ့ရလေသည်။

''တပည့်တော်မရဲ့ သမီးက စာမတော်ပေမယ့် အရင်ကတော့ တကယ့်ကို ကလေးစိတ်ပါ ဘုရား၊ အဲဒီ မိန်းမနဲ့ ပေါင်းမိမှ စိတ်ပြောင်းလာတာပါ ဘုရား''

''အင်း ဒါ့ကြောင့်လည်း မြတ်စွာဘုရားက သုံးဆယ့်ရှစ်ဖြာ မင်္ဂလာ တရားမှာ

'အသေဝနာစ၊ ဗာလာနံ' ဆိုတာကို အလျင်ဦးဆုံး ဟောခဲ့တာပေါ့
ဒကာမကြီးရယ်၊ ဗာလာနံ လူမိုက်တို့ကို ယာအသေဝနာစ အကြောင်မမှီဝဲ၊
မဆည်းကပ်ရခြင်းသည် မင်္ဂလာမည်၏ တဲ့"

အိမ်တွင် ဆွမ်းခံကြွသော ဦးပဥ္စင်းက အမိန့်ရှိသည်။ မဝိုင်းက ခေါင်း
တဆတ်ဆတ်ညိတ်ရင်း မျက်ရည်သုတ်ခဲ့ရသည်။ ထိုနောက်
ကောက်ညှင်းပေါင်း တောင်းကြီး ခေါင်းပေါ်ရွက်ကာ ထွက်ခဲ့ရင်း 'ဟောဒီက
ဗာလာနံ၊ အဲတော့ ဟုတ်ပေါင် ကောက်ညှင်းပေါင်း ပူပူနွေးနွေး' ဟု
အယောင်ယောင် အမှားမှား အော်လေသည်။

အလျင်တုန်းက ဗာလာနံ၊ အဲ ကောက်ညှင်းပေါင်းကို နေ့ခင်းတစ်ချိန်သာ
ရောင်းသော်လည်း သမီးပြုံးဝေ အိမ်ထောင်ကျကာမှ မနက်တစ်ချိန်ပါ တိုးပြီး
ကြိုးကြိုးစားစား ရောင်းခဲ့ရသည်။ ရွှေသမက်ကလည်း ချောင်းကလေး
တဟွတ်ဟွတ် ဆိုးပြရင်း သူ ပင်ပင်ပန်းပန်း ရှာလာသမျှကို အမြိန့်သား
ထိုင်စား နေလေသည်။

"သူ့သမီးကို ငါ့ခမျာ ပင်ပင်ပန်းပန်း ယူထားရတာ ၊ ငါ့ကို ကျွေးဖို့ရာ သူ့တာဝန်"
ဟု သဘောထား လေသည်လားတော့ မသိ၊ သမက် ဖြစ်သူက အားနာရိပ်
အားနာယောင် ဟန်ပင် မပြသော်လည်း သမီးလေးက 'ကျွန်မ နေကောင်းရင်
စျေးကူရောင်းပေါ့မယ် အမေရယ်' ဟု အသံ ပျော့ပျော့လေးနှင့် ပြောတတ်သည်။
ဒီတော့လည်း သမီးလေးကို သနားကာ ညှာတာ ထောက်ထားရသည်။

ထမင်းပွဲတွင် ပါးဖြဲနားဖြဲစားသော သမက်ကိုကြည့်ကာ မသထာသော စိတ်၊ ပစ်ပစ်ခါခါ ပြောပစ်ချင်သော စိတ်တို့ကို ချုပ်ထိန်းထားရသည် ကတော့ အတော် ပင်ပန်းလေသည်။

တစ်နေ့တော့ ကောက်ညှင်းပေါင်းရောင်းပြီး မောမောပန်းပန်း ပြန်အလာတွင် အိမ်၌ ရန်ဖြစ်နေကြသော သမီးနှင့် သမက်ကို တွေ့ရလေသည်။

"ကျွန်မအမေက အိုကြီးအိုမနဲ့ ဈေးရောင်း ကျွေးနေရတာ ရှင်က မြိန်ရည်ရှက်ရည် စားကောင်းနေသလား၊ တစ်နေ့ တစ်နေ့ ဆေးလိပ်ကလေး သောက်လိုက်၊ ကာတွန်းစာအုပ် ဖတ်လိုက်နဲ့ လင်သားတာဝန် တယ်ပြီး ကျေပွန်နေတယ်။ ဒီမှာ ကိုစိန်မောင်ရဲ့ ရှင့်မှာ မယားသာ မကဘူး၊ သားပါ ရှိလာတော့မယ်။ ဒါတွေ ကို ကျွေးဖို့ ရှင့်မှာ တာဝန်ရှိတယ် ဆိုတာ ရှင်သိရဲ့လား"

မဝိုင်းက ပုဏ္ဏားကွယ်တွင် ရပ်နေသောကြောင့် သမီးနှင့် သမက်က သူ့ကို မမြင်၊ 'ဩော် သမီးလေး ကိုယ်ဝန်တောင် ရှိနေရှာပြီကိုး' ဟူသော အတွေးက နှလုံးသားကို ရိုက်ခတ်ပြီး ရင်ထဲတွင် နာကျင်လာသည်။ မျက်ရည်များ စိမ့်ဝဲလာသည်။

"နင့်ဟာနင် ငါ့နောက် လိုက်လာတာ၊ ငါက ထမင်းကျွေးပါ့မယ်လို့ ပြောပြီး ခေါ်တာမှ မဟုတ်ပဲ"

"မပြော ပြောပြော၊ ရှင့်နောက် လိုက်လာတာ ရှင်ကျွေးရမှာပဲ"

"ဟား ဟား၊ ဒီလိုမှန်း သိရင် နင့်ကို ယူမယ့်အစား နင့်အမေကို ယူလိုက်ပါရဲ့၊ အဲဒါဆို အခုလို မသထာရေစာ ဖြစ်နေမှာ မဟုတ်ဘူး"

"ရှင်နော်၊ ကျုပ်အမေကို ဒီလိုမပြောနဲ့"

"ပြောတော့ ဘာဖြစ်လဲ"

"မမိုက်ရိုင်းနဲ့ဆို"

"မိုက်ရိုင်းတော့ ဘာဖြစ်သလဲကွ"

သမက်က ဆဲသည်။ မဝိုင်းသည် အံကို တင်းတင်းကြိတ်ကာ အိမ်ရှေ့ ဖိနပ်ချွတ်တွင် ခေတ္တချထားသော ဓားသွေးကျောက်ကို ကောက်ကိုင်မိစဉ် သမီးက သူ့လက်ထဲမှ ပရုတ်ဆီပုလင်းနှင့် သမက်ကို ပေါက်သည်။ သမက်ကို တော့ မထိ၊ ဘုရားစင်ပေါ်မှ ဘုရားပန်းအိုးကို သွားထိကာ ပန်းအိုးသည် ဦးစိုက် ကျွမ်းပြန်နှင့် ကြမ်းပေါ်ကျလာသည်။ သမီးက 'ကန်တော့ပါ ဘုရား၊ ကန်တော့ပါ' အထိတ်ထိတ် အပျာပျာ ရွတ်ကာ ကပျာကယာ ပြေးကောက်စဉ် ဓားသွေးကျောက်ကြီး ကိုင်ထားသော သူ့ကို သမက်က မြင်သွားသည်။ သူ့မျက်လုံးက ဒေါသအခိုးအလျှံတွေ လျှံထွက်နေလေ သလားတော့ မသိ။ သမက်သည် ချက်ချင်း အဆဲရပ်သွားလေသည်။ အမေနှင့် သမီးပေါင်းကာ တီးကြလျှင် သူနာတော့မည် ကို ချက်ချင်း သဘောပေါက်သွားဟန် ရှိသည်။

ခါးထောက်ပြီး မောက်မောက်ကြွားကြွား ရပ်နေရာမှ 'အဟွတ် အဟွတ်' နှင့်

ချောင်းဆိုးကာ ကုပ်ချောင်းချောင်း ဖြစ်သွားသည်။ ထိုနောက် ပုဆိုးကို ပြင်ဝတ်တော့မလိုလို၊ ပရုတ်ဆီပုလင်း ကုန်းကောက်တော့ မလိုလို၊ ခေါင်းကုတ်တော့ မလိုလို၊ ဖင်ကုတ်တော့ မလိုလို၊ ဘာလိုလို ညာလိုလိုနှင့် 'လက်ဖက်ရည်ဆိုင် ခဏသွားလိုက်ဦးမယ်' ဟု ပြောကာ အိမ်ပေါ်မှ ဆင်းသွားလေသည်။ ဆင်းမသွားပဲ ဆက်နေလျှင်လည်း သူက လက်ထဲမှ ဓားသွေးကျောက်နှင့် ထုမိတော့မည် ထင်သည်။ အထင်သေးစိတ်၊ မုန်းတီးစိတ်များက တစ်ကိုယ်လုံး လှည့်ပတ်နေသော သွေးထဲတွင် စီးဝင်ပြီး ရောနှောလည်ပတ်ကာ ကတုန်ကယင်ပင် ဖြစ်နေသည်။

နောက်တစ်နေ့ကျတော့ ကိုရွှေသမက်က ဆိုက်ကားစပြီး နင်းလေသည်။ သမီးက အမေကို အားနာ သနား၍သာ ပြောပြောဆိုဆိုနှင့် ရန်ဖြစ် ရသော်လည်း သူ့ယောက်ျား ဆိုက်ကား တကယ်နင်းတော့လည်း ယောက်ျားကို သနားပြန်လေသည်။

"တစ်ခါမှ အကျင့်မရှိဘဲ နင်းရတာ အမေရဲ့၊ သားစာမယားစာ မို့လို့သာ ပင်ပင်ပန်းပန်း လုပ်တာ" ဟု ပြောသည်။

"ယောက်ျားဆိုတာ လှေကားသုံးထစ် ဆင်းရင် လူပျိုပြန်ဖြစ်တာပဲ အမေရဲ့ သူက သူ့မိဘအိမ် ပြန်သွားရင် ကျွန်မမှာသာ ဗိုက်တစ်လုံးနဲ့ ကျန်ခဲ့မှာ" ဟု လေချိုသွေးသည်။

တစ်ဖက်ကလည်း လင်သား၊ တစ်ဖက်ကလည်း မိခင်မို့ ဘယ်ဘက်ကိုမှ မပြတ်နိုင်ဘဲ ပြေရာပြေကြောင်း ပြောနေသော သမီးကို သနား၍ ဘာမှ ပြန်မပြောပဲ သက်ပြင်းချခဲ့ရသည်။

တကယ့်တကယ်တော့ သူ့မိဘအိမ်ပြန်လည်း ထမင်းတော့ အလကား စားရမည် မဟုတ်။ သူ့အဖေက ရရာအလုပ် ဝင်လုပ်ဖို့ ရာဇသံ ပေးထားပြီး ဖြစ်ကြောင်း မဝိုင်း အသိပင်။ သူ့မိဘကသာ သူ့ကို ကြည်ကြည်ဖြူဖြူ လက်ခံပြီး ပြန်တင်ကျွေးထားလျှင် ပျော်ပျော်ကြီး ပြန်သွားမည် ဖြစ်ကြောင်း ဗေဒင်မေးစရာပင် မလိုချေ။ သမီးကလည်း သိတော့ သိမည်ပင်။ နောက် မဆုတ်သာသော ဘဝမို့သာ ဖြေပြောလေး ပြောရှာခြင်း ဖြစ်ပေလိမ့်မည်ဟု စဉ်းစားမိသည်။ သမက်ကို နှိမ်နှိမ်ချချ၊ ပစ်ပစ်ခါခါ ပြောတော့မည့် စကားလုံးများကို သမီးမျက်နှာ ထောက်ထားပြီး အလုံးလိုက်ပြန်ပြီး မျိုချရသည်မှာ ဒုက္ခကြီးလှသည်။ ပင်ပန်းလှသည်။

သမက် ဖြစ်သူ ဆိုက်ကားနင်းပြီး မကြာမီပင် အရက်သောက်တတ် လာသည်။ အေးဆောင်နှင့် ပေါင်းမိသောကြောင့် ဖြစ်လေသည်။

အေးဆောင်က သူတို့ ဆိုက်ကားဂိတ်မှ သူ့လိုပင် ဆိုက်ကားနင်းသူ ဖြစ်သည်။ အသားမည်းမည်း၊ မျက်နှာပြုံပြုံ၊ သွားကျဲကျဲနှင့် အတော်ပင် အဆင်မပြေသော ရုပ်ကို ပိုင်ဆိုင်သော်လည်း မိန်းမက နှစ်ယောက်ရှိသည်။ နံပါတ်တစ်က အကျီချုပ်ကာ နံပါတ်နှစ်က ဆီးသီးထုပ် ထုပ်သည်။ အကျီက

အသင့်အတင့်သာ ချုပ်ရကာ ဆီးသီးထုပ်ကလည်း အသင့်အတင့်သာ ရောင်းရသည်။ သို့သော် သူတို့၏ ဝင်ငွေသည် အေးဆောင်၏ ဝင်ငွေထက်တော့ သာလေသည်။ ဒီတော့ အရက်ကြိုက်သော အေးဆောင်အတွက် ကိုယ့်လုပ်စာ ကိုယ်အရည်ဖျော်နိုင်သော အခွင့်အရေးက ရာနှုန်းပြည့် လမ်းပွင့်နေသည်။

''ငါရလာတဲ့ ငွေလေး အကြီးမကို ပေးတော့ အငယ်မက စိတ်ကောက်တယ်၊ အငယ်မကို ပေးပြန်တော့ အကြီးမက စိတ်ဆိုးတယ်၊ တစ်ဝက်စီ ခွဲပြီးပေးတော့ ဒီလောက်ငွေလေးများ ဘာမှ မဖြစ်လောက်ဘူးတဲ့၊ ဟားဟား၊ ဒီတော့ ဘယ်သူ့ကိုမှ မပေးတော့ဘူး၊ ဘယ်သူ့ကိုမှ မပေးတော့ ဘယ်သူက ဘာမှမပြောဘူး။ ဟန်ကိုကျလို့ ဟား ဟား၊ ဒီနေ့ အကြီးမ ထမင်းနဲ့ အငယ်မ ဟင်းကို စားမယ်။ နက်ဖြန်ခါ အငယ်မ ထမင်းနဲ့ အကြီးမ ဟင်းကို စားမယ်။ ဟား ဟား ဟား''

အေးဆောင်က မူးမူးနှင့် ပြောကာ ရယ်တတ်သည်။ ကိုရွှေသမက်က အေးဆောင်နှင့် အတူတူ အရက်လိုက်သောက်ရင်း အေးဆောင်၏ စည်းစိမ်ကို သိကြားမင်း စည်းစိမ်ဟု အောက်မေ့ပြီး အကြီးအကျယ် အားကျနေလေသည်။ သူ့လို မိန်းမနှစ်ယောက် မယူနိုင်သေးသော်လည်း သူ့လိုပင် မူးပြီး သူ့လိုပင် ရမ်းချင်သည်။ အိမ်ဝမှ ဆီးကြိုသော မိန်းမကို အပြစ်ရှာကာ ရန်လုပ်ချင် လာသည်။

သူတို့ ဆိုက်ကားဂိတ်တွင်ပင် ဆိုက်ကားနင်းသော ဝင်းမောင်နှင့် လှဘော်တို့ နှစ်ဦးက အလုပ်အားချိန်တွင် စာကျက်ပြီး အလွတ်ဝင်ဖြေကာ ဆယ်တန်း အောင်သွားကြသည်။ ကိုရွှေသမက်က ဒီလို လူတွေကို မပေါင်းဘဲ၊ အားမကျဘဲနှင့် အေးဆောင်ကိုမှ ပေါင်းကာ၊ အေးဆောင်ကိုမှ အားကျနေသည်ကိုတော့ ဘာပြောရမည်မှန်းပင် မသိတော့၊ နောက်ဆုံးတော့ ဗာလာနံ့ရှိရာသို့ ဗာလာနံ့သွားခြင်းပင် ဖြစ်သည်။ 'ဇ'ချင်း တူကြသူများမို့လည်း ပေါင်း၍ ဖြစ်ခြင်း ဖြစ်မည် ထင်သည်။

တစ်ချိန်တွင် တိုးမောင် ဖြစ်လာမည့် သန္ဓေသားလေးက သမီး၏ ဝမ်းထဲတွင် တစ်နေ့တခြား ကြီးထွားလာသော်လည်း သမက်၏ မေတ္တာက သမီးအပေါ်တွင် တစ်နေ့တခြား ယုတ်လျော့လာနေသည်ကို မဝိုင်းသိနေသည်။ သို့ သော်လည်း ဘာမျှ မလုပ်နိုင်ခဲ့ချေ၊ ဘာမျှလည်း မတတ်နိုင်ခဲ့ချေ။

သမီးလေး ပြုံးဝေ ကလေးမျက်နှာ မြင်သော ညကမူ သမက်သည် တစ်ညလုံး ပြန်မလာချေ။ ဆိုက်ကားဂိတ် လိုက်မေးတော့ ဆိုက်ကား သွားအပ်ပြီး အေးဆောင်နှင့်အတူ အရက်သွားသောက်သည်ဟု သိရသည်။ အေးဆောင်ဆီ ရောက်ပြန်တော့ မူးမူးရူးရူးနှင့် စကားပင် မပီချင်။ ဘာမှမေး၍ မရခဲ့။ သမီးလေးကလည်း သူ့ယောက်ျားကိုသာ တမေးတည်း မေးနေသည်။ မိမိကိုယ်တိုင် မချိမဆံ့ ဝေဒနာခံနေရသည့် ကြားထဲမှ "ခါတိုင်း နောက်ကျလှရင် ဆယ့်နှစ်နာရီပေ့ါ အမေရယ်၊ အခုလို တစ်ညလုံး ပြန်မလာတာ မရှိပါဘူး။ ဘာများ ဖြစ်နေပါလိမ့်" ဟု လှမ်းပြီး ပူပင်နေသေးသည်။ "ဘာမှ မဖြစ်ဘူးဟေ့၊ အန်ဖတ်ဆို့ပြီး သေနေတာပဲ

ဖြစ်မှာပေါ့" ဟု သူက စိတ်ပေါက် ပေါက်နှင့် ပြောမိသော်လည်း တကယ်တော့ မထင်မိချေ။

သို့ သော် သူ နိမိတ်ဖတ်သည့် အတိုင်းပင် သူ့သမက်သည် လမ်းဘေးက ရေနုတ်မြောင်းထဲတွင် ကိုယ်တစ်ပိုင်းကျကာ တကယ်ပင် အန်ဖတ်ဆို့ပြီး သေနေခဲ့လေသည်။ နံနက်စောစော ပဲပြုတ်ရောင်းထွက်သော ဒေါ်ကျော့က တွေ့၍ စူးစူးဝါးဝါး ထအော်ကာ ရုတ်ရုတ်သဲသဲ ဖြစ်ခဲ့ရသည်။

"သမီး မသိပါစေနဲ့၊ မသိပါစေနဲ့" ဟု အိမ်ပေါက်ဝမှ ဆီးပိတ်နေသောကြောင့် မျက်နှာမြင်ပြီးစ သွေးနသားနနှင့် ပြုံးဝေသည့် ချက်ချင်း မသိခဲ့။ သို့သော် မပိုင်းက လူကြီးများ ၏ ပါးစပ်ကိုသာ ပိတ်နိုင်ပြီး ကလေးများ၏ ပါးစပ်ကိုတော့ မပိတ်နိုင်ခဲ့ပေ။ ကျောင်းနေ့တစ်ဝက် ပြန်လာသော အိမ်ရှေ့အိမ်မှ ဖိုးတာတီးက "အမေရေ၊ အမေရေ၊ အစ်မပြုံးဝေယောက်ျား ကိုစိန်မောင်ကြီးလေ မြောင်းထဲ လိမ့်ကျပြီး သေနေတယ်တဲ့ဗျ"ဟု အော်၍ ပြောသည်ကို သမီးက ကြားဖြစ်အောင် ကြားသွားသည်။

"အမယ်လေး သေပြီတဲ့" ဟု ခပ်တိုးတိုးအော်ကာ ကြောင်ငေးငေး ဖြစ်သွားသည်။ မပိုင်းက သူ့သမီး အလန့်တကြား ထငိုမည် ထင်သော်လည်း မငိုပေ။ မွေးကင်းစ ကလေးနီတာရဲလေးကို အတန်ကြာအောင် ငေးကြည့်နေပြီးမှ "ခေါင်းမူးလိုက်တာ အမေရယ်" ဟု ပြောသည်။ ခဏနေတော့ ခေါင်းငိုက်စိုက်ချကာ သတိလစ်သွားလေသည်။

နားလည်သူတွေက "သွေးတက်တာတဲ့ဟဲ့၊ သွေးတက်တာ" ဟု အထိတ်ထိတ်အပျာပျာ ပြောကာ နနွင်းမှုံင်းတိုက်ကြ၊ မီးကင်ကြ၊ နှိပ်ကြ၊ နင်းကြနှင့် ကြိုးစားကြသော်လည်း သတိ ပြန်မလည်လာတော့ပေ။

နောက်ဆုံးတော့ မဝိုင်းသည် သမီးနှင့် သမက်ကို နှစ်လောင်းပြိုင် သင်္ဂြိုဟ်ခဲ့ရသည်။ ရက်သားမျှသာ ရှိသေးသော မြေးငယ် နီတာရဲကလေးကို ပွေ့ပိုက်ရင်း ချုံးပွဲချ၍ ငိုခဲ့ရသည်။ အင်္ကျီဝါ၊ လုံချည်ဝါကလေး ဝတ်ကာ သေတော့မှ ပိုလှနေသော သမီးကို မချိတင်ကဲကြည့်ရင်း "အမေ့ မြေးကလေးကို အမေ ကောင်းကောင်း မွေးပါ့မယ် သမီးရယ်၊ ငါ့မြေးလေး ပညာတတ်ကြီး ဖြစ်မှ အမေ့ခေါင်းပေါ်က ကောက်ညှင်းပေါင်း တောင်းကြီးကို အောက်ချပါ့မယ်" ဟု တီးတိုးပြောမိခဲ့လေသည်။

* * *

မိုးစက်မိုးမှုန်များ တဖွဲဖွဲကျနေသော ကောင်းကင်ကို မျှော်ကြည့်ရင်း တိုးမောင် သက်ပြင်းချမိသည်။

အနားစုတ်သော ဖဲထီးကို ပြန်ပိတ်ကာ အိမ်ထဲသို့ ပြန်လှည့်ဝင်လာသည်။ ပက်လက်ကုလားထိုင် နွဲ့နွဲ့လေးကို ညှာတာသောအားဖြင့် ခပ်ဖြည်းဖြည်း ထိုင်လိုက်သော်လည်း ကုလားထိုင်အိုကလေးက ကျွီခနဲ မြည်ဖြစ်အောင် မြည်သေးသည်။

"ငတိုးလား"

ဘုရားစင်အောက်ရှိ ကွပ်ပျစ်ပေါ် လှဲနေသော အဘွားဒေါ်ဝိုင်း ခပ်တိုးတိုး မေးသည်။

"ဟုတ်ကဲ့ အဘွား"

"အလုပ် မသွားသေးဘူးလား"

"မိုးတွေ ရွာနေလို့ အဘွားရဲ့၊ နည်းနည်းလည်း စောပါသေးတယ်"

"တော်ကြာ နောက်ကျရင် ကားတွေ ဘာတွေ ကျပ်ပြုနေပါဦးမယ် လူလေးရယ်"

"စောလည်း ကျပ်တာပါပဲ အဘွားရာ၊ မထူးပါဘူး"

တိုးမောင်က အားလျှော့ပြီး ငြီးငွေ့နေသော အသံနှင့် ပြောမိသည်။ အနားဖွာချင်နေပြီ ဖြစ်သော တိုက်ပုံအင်္ကျီလေးကို ဝတ်၊ ဖဲထီး မစုတ်တစုတ်ကို လက်က ကိုင်ရင်း ရုံးဆင်းရုံးတက် ပြုရသည်ကို ငြီးငွေ့ချင်လာချေပြီ။

"ညနေကျရင် အဘွားကို ဟိုဆေးလေး တိုက်ပါဦး၊ အဲဒီ ဆေးက အိပ်ပျော်တယ်"

"အမြဲတမ်းသောက်လို့ မကောင်းဘူး အဘွားရဲ့"

"ဟုတ်လား၊ ဘာဖြစ်လို့လဲ"

"စွဲသွားမှာ စိုးလို့ပါ"

ငွေမင်ရောင်ဖုံးနေသော အဘွား၏ ခေါင်းကလေးက လဲမို့ ခေါင်းအုံး ပျော့ပျော့ကလေးထဲတွင် တစ်ဝက်ခန့် နစ်မြုပ်နေသည်။ ကောက်ညှင်းပေါင်း တောင်းကြီးကို နေ့စဉ်နေ့တိုင်း ညပြန် မနက်ပြန် အားနှင့် မာန်နှင့် ရွက်ခဲ့ရသော ထိုဦးခေါင်းလေးခမျာ ပန်းလှချေပြီ။

"ညနေကျရင် ဆီချက်ခေါက်ဆွဲ ဝယ်ခဲ့မယ်လေ၊ အဘွား စားမယ် မဟုတ်လား"

"အလကား ပိုက်ဆံ ကုန်ပါတယ်ကွယ်၊ ဆန်ပြုတ်ရှိသားပဲ၊ ဆန်ပြုတ်ပဲ သောက်မယ်"

"အဘွား နေ့ခင်းကျရင် တံမြက်စည်းတွေ ဘာတွေ ထလှည်းမနေနဲ့ဦးနော်၊ ရေချိုးရင်လည်း ခင်မာ လာမှ ချိုးပါ"

"ခင်မာ လာမှာလား"

"မနေ့တုန်းကတွေ့တော့ လာမယ်တဲ့၊ အဘွားအတွက် ဆန်ပြုတ်နဲ့ သောက်ရအောင် ငါးကြင်းကြော်လေး လာပို့ဦးမယ်လို့ ပြောတယ်"

"သာဓုကွယ်၊ သာဓု၊ သာဓု"

ခင်မာ့ကို အဘွားက ချစ်သည့်အတွက် တိုးမောင် ဝမ်းသာရသည်။

တစ်ကိုယ်ကောင်းဆန်သည် ပြောပြော၊ မတရားဘူး ပြောပြော၊ အဘွားမချစ်သည့် မိန်းကလေးဆိုလျှင် တိုးမောင်က လက်ထပ်ဖို့ရာ စဉ်းစားမိမည် မဟုတ်ပေ။ သူ့အပေါ်တွင် အဘွား၏ ကျေးဇူးတွေက ထုနှင့်ထည်နှင့် ပုံနေသည်။

ဆပ်၍ လည်း ကုန်နိုင်ဖွယ်ရာ မရှိ။

"လူလေးတို့ကရော ဘယ်တော့ လက်ထပ်ကြမှာလဲ"

"လိုပါသေးတယ် အဘွားရယ်၊ သူကလည်း မောင်တွေ ၊ ညီမတွေ ၊ ပုစုခရုတွေကို ထောက်ပံ့ရတုန်း၊ ကျွန်တော်ကလည်း ပိုက်ဆံစုရတုန်း"

ပိုက်ဆံစုတုန်းဟု ပြောရင်း တိုးမောင် ပြုံးမိသည်။ စာရေး တစ်ယောက်၏ လစာသည် လူနှစ်ယောက် စားရန်ပင် ချွေတာရသည်မို့ အဘွားအတွက် ဆေးဖိုးလိုလျှင် ငွေစုငွေချေး အသင်းမှ ချေးရသေးသည်။ ထို့ကြောင့် ခင်မာက "အစ်ကို ဘယ်လောက် စုမိပြီလဲ ဟင်" ဟု မေးတိုင်း မျက်နှာပူရသည်။ သက်ပြင်းချရသည်။

"လူလေး၊ ဒီတစ်ခါ လခထုတ်ရင် အဘွားကို ရွှေတိဂုံဘုရား ပို့ပေးပါဦး"

"ဟုတ်ကဲ့ အဘွား"

"ပန်းလေး ရေချမ်းလေး ကပ်ရအောင်လေ၊ နောက်ပြီး အမျှအတန်းလေး

ဝေရအောင်"

အဘွားက တိုးတိုးပြောသည်။ တိုးမောင်က ရွှေတိဂုံဘုရားသို့ အသွားအပြန် ကုန်ကျမည့် သုံးဘီးခကို စိတ်တွက်နှင့် တွက်ရင်း "ဟုတ်ကဲ့ အဘွား" ဟု ခပ်ပျော့ပျော့ ပြောသည်။

"အင်း အဘွားလည်း အိပ်မက် ရာမက်တွေ မကောင်းပြန်ဘူး ထင်တယ်" ဟု စိတ်ထဲမှတွေးရင်း ပက်လက်ကုလားထိုင်လေးမှ ပြန်ထသည်။ အထိုင်တုန်းက ကျွီခနဲ မြည်သော အသံကို အထတွင်လည်း ကြားရသည်။

"လူလေး၊ လမ်းကြည့်ကူးနော်"

အဝင်တံခါးချက်ကို လက်လျှိုပြီး ချလိုက်စဉ် အဘွားက လှမ်းမှာသည်။ သူက ထုံးစံအတိုင်း "ဟုတ်ကဲ့ အဘွား" ဟု ပြောကာ မိုးဖွဲဖွဲတွင် ထီးမဆောင်းဘဲ လျှောက်ခဲ့သည်။

အကျင့်ပါနေသော ခြေထောက်များ က ဘတ်စ်ကားဆိပ်ဆီသို့ သူ့ခန္ဓာကိုယ်အား ဦးတည်ခေါ်ဆောင်သွားစဉ် အကျင့်ပါနေသော စိတ်ကလည်း ကုန်လွန်ခဲ့ပြီး ဖြစ်သော အချိန်များဆီသို့ ဝဲပျံသွားလေသည်။

* * *

တိုးမောင် ငယ်ငယ်တုန်းက စာတော်သော်လည်း နည်းနည်းတော့ စာကျက်ပျင်းလေသည်။

"ပညာဟူသည် မြတ်ရွှေအိုး၊ ပညာရွှေအိုး လူမခိုးဘူးတဲ့ လူလေးရဲ့"

စာအုပ်ကို ရှေ့ချကာ ငိုက်နေသော အခါများတွင် အဘွားက ပခုံးကို ပုတ်ကာ နှိုးတတ်သည်။ သူ မသင်ခဲ့သော ၊ မတတ်ခဲ့ရသော ပညာ၏ တန်ဖိုးကို ပြောပြကာ ဆုံးမတတ်သည်။

"ပညာတတ်မှ ချမ်းသာမှာ လူလေးရဲ့၊ အဘွားကို ကြည့်စမ်း၊ ပညာမတတ်တော့ ဒီအသက်၊ ဒီအရွယ်အထိ ဈေးရောင်းနေရတာ လူလေးမြင်တယ်မဟုတ်လား၊ ဘယ်လောက် မျက်နှာငယ်သလဲ၊ ဘယ်လောက် ပင်ပန်းသလဲ"

အဘွား မျက်နှာငယ်ခြင်း၊ ပင်ပန်းခြင်းများကို နေ့စဉ် မြင်တွေ့နေရသည်မို့ တိုးမောင် ကောင်းကောင်းသိသည်။ အဘွားသာမက အဘွား၏ အရိပ်ကို ခိုနေရသော သူပါ မျက်နှာက ခပ်ငယ်ငယ်ပင်။ လမ်းထိပ်ဆေးလိပ်ခုံက ဆေးလိပ်သမတွေ ဆိုလျှင် သူ့နာမည် တိုးမောင်ဆိုသည်ကိုပင် သိပုံမရ။

အသိအမှတ်ပြုပုံ မရ။ တိုးမောင်အတွက် သူတို့ အသုံးပြုသည် နာမ်စားက ကောက်ညှင်းပေါင်းသည် အဘွားကြီးမြေးတဲ့။

"နောက်ပြီး လူမိုက်နဲ့လည်း ဘယ်တော့မှ မပေါင်းနဲ့ သိလား၊ လူလေး"

"တင်အောင်သန်းက လူမိုက်လား အဘွား"

"ဘာဖြစ်လို့လဲ"

"ဆရာမကပြောတယ် လူမိုက်တဲ့"

"ဘာဖြစ်လို့လဲ"

"ဆရာမက စာသင်ရင် ဘယ်တော့မှ ကောင်းကောင်း နားမထောင်ဘူး၊ သင်္ချာချိန်ကျတော့လည်း သူများဆီက ခိုးချတယ်။ စာမေးရင်လည်း ဘယ်တော့မှ မရဘူး။ သူက ပြောတယ်၊ စာကျက်ရမှာ သိပ်ပျင်းတာပဲတဲ့၊ ကျောင်းပြေးပြီး ရေပဲကူးချင်တယ်၊ ရုပ်ရှင်ပဲ ကြည့်ချင်တယ်တဲ့"

"တော်တော် မိုက်တဲ့ ကောင်လေး"

အဘွားက အလွယ်တကူ မှတ်ချက်ချလေသည်။ သူ၏ စိတ်ထဲတွင် ပညာကို သင်ခွင့်ရလျက်နှင့် ကောင်းကောင်း မသင်သူလောက် မိုက်သော သူသည် ဤလောကတွင် ရှိမည် မထင်ချေ။

"လူလေးကရော ကျောင်းပြေးဖူးလား"

"ဟာ မပြေးပါဘူး အဘွားကလည်း၊ ကျောင်းပြေးလို့ ပညာ မတတ်ရင် ကြီးလာတော့ ဆင်းရဲနေမှာ ပေါ့လို့"

"အေး၊ ဟုတ်တယ်၊ အဲဒီ ကောင်ကလေးတွေ နဲ့လည်း မပေါင်းနဲ့နော်"

အဘွားက တိုးမောင်၏ မျက်နှာကို အကဲခတ်ကာ စိုးရိမ်တကြီး ပြောသည်။

"မပေါင်းပါဘူး အဘွားရဲ့၊ ကျွန်တော့်ကို ကျောင်းပြေးဖို့ ခေါ်လည်း ကျွန်တော်က မလိုက်ပါဘူး။ ဟိုတစ်နေ့က တင်အောင်သန်းရယ်၊ မြမင်းရယ် သက်မောင်ရယ် စာမရလို့ သူတို့ နားရွက်တွေကိုတောင် ကျွန်တော်က ဆွဲရ သေးတယ်။ ဆရာမကတောင် သူတို့ကို ပြောတယ်။ မင်းတို့တစ်တွေ တိုးမောင်လို စာတော်အောင် ကြိုးစားကြတဲ့"

တိုးမောင်၏ စကားကို ကြားတော့ အဘွားက နှစ်နှစ် ခြိုက်ခြိုက် ပြုံးလေသည်။ တိုးမောင် စာတော်သည်ဟု ဆရာမက ချီးကျူးလိုက်လျှင် တိုးမောင် ပျော်သည်ထက် အဘွားက ပိုပျော်သည်။ ထိုနေ့ တစ်နေ့လုံးအဖို့ ခြေထောက်နှင့် မြေကြီး မထိလောက်အောင်ပင် မြူးသွားတတ်သည်။ တိုးမောင်၏ စာကျက်သံသည် သူ့ဘဝအတွက် ဂလူးကို့စ်နှင့် ဟောလစ် ဖြစ်လေသည်။

"ကျွန်တော့်ကိုလည်း ဆရာမက ပြောတယ်။ သူတို့ မရလို့၊ မတတ်လို့ မေးရင်

ပြောပြပေးပါတဲ့"

"လူလေးက ပြောပြတယ် မဟုတ်လား"

"ပြောပါတယ်၊ ဒါပေမဲ့ အောင်လွင်ကတော့ သိပ်ဘဝင်ကိုင်တာပဲ အဘွားရဲ၊ သူ့ကို စာမေးရင် မုန့်ကျွေးမှ ပြောပြတယ်"

"ဒါတော့ ဘယ်ကောင်းပါ့မလဲ လူလေးရယ်"

မြေဆေးလိပ်ခွက် အပဲ့ထဲမှ ဆေးလိပ်တိုကို ကောက်ဖွာရင်း အဘွားက ငေးနေသည်။ ဖြူတစ်ဝက်၊ နက်တစ်ဝက် ကျားနေသော အဘွား၏ ဆံပင်၊ အရေးအကြောင်း၊ အတွန့်အလိပ်များ အရစ်ရစ် ထင်နေသော အဘွား၏ ပါးပြင်၊ အကြောပြိုင်းပြိုင်း ထကာ မည်းပိန်နေသော အဘွား၏ လက်ခုံများကို တစ်ခုချင်းကြည့်ရင်း တိုးမောင်သည် အဘွားကို သနားနေမိလေသည်။

"ဟိုတစ်နေ့ကလေ သန့်ဇင်ရဲ့ ဖောင်တိန်ကို ထွန်းအံ့က ခိုးတယ် အဘွား သိလား"

"ဘယ်လိုလုပ်ပြီး သိလို့တုံး"

"ဖောင်တိန်ပျောက်တာ ဆရာမ သိတော့ တစ်တန်းလုံး ရှာတာပေါ့၊ ထွန်းအံ့ရဲ့ လွယ်အိတ်ထဲမှာ တွေ့တာ"

"သူက ဆင်းရဲလို့ ဖောင်တိန် မဝယ်နိုင်လို့များလား လူလေးရယ်"

"မဟုတ်ဘူး အဘွားရဲ့၊ မဆင်းရဲဘူး၊ သူ့မှာလည်း ဖောင်တိန် ရှိသားပဲ၊ သန့်ဇင်ရဲ့ ဖောင်တိန်က အရောင် အကျားအကျားလေးနဲ့မို့ လှလို့ ယူတာတဲ့"

"ဩော် ကွယ်၊ ဒီကလေးကလည်း ဒုက္ခပဲ"

"နီနီခင်ပျောက်သွားတဲ့ ပေတံရော၊ ထွေးမောင်ပျောက်သွားတဲ့ ချွန်စက်ရော သူ့လွယ်အိတ်ထဲ ရောက်နေတာ၊ သူ ခဏခဏ အဲဒီလို လုပ်တတ်တယ်တဲ့"

"လူလေး သူနဲ့ မပေါင်းနဲ့နော်၊ သူ့အကျင့်တွေကိုလည်း အတုမယူနဲ့၊ အားမကျနဲ့"

အဘွားက စိုးရိမ်တကြီး ပြောပြန်လေသည်။

"သူလည်း လူမိုက်ပဲ"

"ဘယ်လို လူတွေကို လူမိုက်လို့ ခေါ်လဲဟင် အဘွား၊ ဆိုးတာနဲ့ မိုက်တာရော အတူတူပဲလား ဟင်"

တိုးမောင်က မေးတော့ အဘွားခမျာ ရုတ်တရက် မဖြေနိုင်ရှာပေ။ မျက်မှောင်ကြီးကြုတ်ကာ စဉ်းစားနေပြီးမှ ခပ်ထစ်ထစ် ဖြေလေသည်။

"လူမိုက်နဲ့ လူဆိုးဆိုတာ အတူတူပဲ ထင်ပါရဲ့ ကလေးရယ်၊ မိုက်လို့ ဆိုးတာပေါ့ ဟုတ်ဘူးလား၊ သူများပစ္စည်း ခိုးတဲ့ သူတွေ ၊ သူများ သားမယား ပြစ်မှားတဲ့ သူတွေ ၊ သူများ အသက်သတ်တဲ့ သူတွေ ၊ အရက်သောက် ဖဲရိုက်တဲ့ သူတွေ အကုန်လုံး လူမိုက်ပေါ့၊ အဲ နောက်ပြီး စာသင်ချိန်မှာ စာကောင်းကောင်း မသင်တဲ့ သူတွေဟာလည်း လူမိုက်ပေါ့၊ ပညာမတတ်ရင် အမှားအမှန်ကို

ဝေဖန်ဆုံးဖြတ်နိုင်တဲ့ ဉာဏ်က နည်းတယ်ကွယ့်၊ လူလေး အမေသာ ကောလိပ်ရောက်ခဲ့ရင် နှစ်ပြားမတန်တဲ့ လူမျိုးကို ယူဖို့ စဉ်းစားမှာ မဟုတ်ဘူး။ ပညာအခြေခံက နည်းတော့ မိုက်လုံးကြီးခဲ့တာပေါ့"

အဘွားက သူ့ခံစားချက်နှင့် သူပြောကာ မျက်ရည်လည်လာသည်။ တိုးမောင်က ကျောင်းစာကို စိုက်ကြည့်ရင်း ဤကမ္ဘာ ဤလောကတွင် လူမိုက်ဦးရေ မည်မျှရှိသနည်း စဉ်းစားနေမိစဉ် အဘွားက သူ့ပခုံးကို ဆုပ်ကိုင်ကာ ချော့ချော့မော့မော့ ပြောသည်။

"ခုနတုန်းက လူလေးပြောတဲ့ သူငယ်ချင်းတွေနဲ့ သိပ်မပေါင်းနဲ့ လူလေးရယ်၊ မတတ်သာလို့ ပေါင်းရရင်လည်း ကိုယ်ပေါင်း စိတ်ချာပေါ့၊ ဟုတ်ဘူး လား၊ မြတ်စွာဘုရားကလည်း ဟောခဲ့တယ်၊ 'အသေဝနာစ ဗာလာနံ' တဲ့"

* * *

"ပွမ် ပွမ်"

"အား"

တိုးမောင်သည် ကမန်းကတန်း ခုန်ကာ လမ်းဘေးသို့ ကပ်၍ ရှောင်လိုက်သည်။ ကားမောင်းသူက ကားထဲမှ ခေါင်းထွက်ကာ "ညစာ

မစားချင်ဘူးလား''ဟု အော်သည်။ ထို့နောက်မှ ကားကို ကွေ့ချိုးခနဲ ထိုးရပ်ကာ ''ဟာ တိုးမောင် မဟုတ်လား'' ဟု နှုတ်ဆက်လေသည်။

''မင်း မမှတ်မိဘူးလား၊ ငါ တင်အောင်သန်းလေ''

''ဟာ''

အသားတွေ တအားမည်းပြီး တအားဝနေသော တင်အောင်သန်းကို သူ မပြောလျှင် ဘယ်လိုမှ မှတ်မိမည် မဟုတ်ပေ။

''မင်းကွာ ဝလိုက်တာ''

''အေး၊ မြန်မာပြည် ပြန်ရောက်တော့ ငါလည်း စားကောင်းကောင်းနဲ့ နင်းတွယ်ပစ်တာ၊ နဂိုကတော့ ဘီယာဖောတော့ ဖောတာပေါ့လေ''

''ဒါနဲ့ မင်းက''

''ငါလား သင်္ဘောလိုက်နေတာ သုံးလေးငါးခေါက် ရှိနေပြီ''

တင်အောင်သန်းက ''လာကွာ၊ ငါ လိုက်ပို့ပေးမယ်'' ဟု ပြောသောကြောင့် သင်္ဘောသားကား ပြာပြာကလေး၏ ရှေ့ခန်းသို့ ဝင်ထိုင်ရသည်။ အောက်ဘက် ဆိုဖာက အိအိ၊ ထိုင်ရသည်မှာလည်း ချောင်ချောင်ချိချိ ဆိုတော့ စိတ်ထဲမှနေပြီး ''သာဓုဗျာ သာဓု မောင်မင်းကြီးသား ကျန်းမာပါစေ'' ဟု

ဆုတောင်းလိုက်မိသည်။

"ငါတို့ မတွေ့တာ ကြာလှပြီနော်၊ မင်းရော အရင်ရုံးမှာ ပဲလား"

"အေး အရင်ရုံးက အရင်စားပွဲလေးမှာပဲ၊ မင်းအားရင် လာလည်ဦးလေ"

"အေး လာ ဖြစ်အောင်တော့ လာခဲ့ဦးမယ်၊ ဖိတ်စာ လာပို့ရဦးမယ်ကွ"

တင်အောင်သန်းက တဟဲဟဲ ရယ်သည်။

"ကောင်မလေးက ဘွဲ့ရပညာတတ်ကွ၊ ချောလည်းချောတယ်၊ ငါက ကိုးတန်းတောင် မအောင်တော့ ယူရတာ အားတော့ အနာသား"

"ပညာတတ်တာနဲ့ ငွေရတာမှ မဟုတ်ဘဲ သူငယ်ချင်းရာ၊ ငွေရှိရင်သာ ပညာတတ်ကို ရတာ "

"ဟား ဟား ဟား၊ ဟုတ်တယ်ဟေ့"

တင်အောင်သန်းက အားရပါးရ ရယ်သည်။ သူကလည်း လိုက်ရယ်မိသည်။

"မင်းရော ဘွဲ့ရပြီ မဟုတ်လား"

"အင်း"

"ရာထူးရော တိုးပြီလား"

"ဟင့်အင်း"

"လုပ်သက်လည်း ကြာလှပြီ မဟုတ်လားကွာ"

"ရှစ်နှစ် "

"မင်း အနေအထိုင်ကလည်း ရိုးတယ် ထင်ပါရဲ့ကွာ၊ ဒီမှာ သူငယ်ချင်း၊ ရိုးလွန်းတော့ အ,တယ်တဲ့၊ အ, တယ်ဆိုတာ ဂုဏ်ယူစရာ အရည်အချင်း မဟုတ်တော့ဘူးနော်"

တင်အောင်သန်းက တိုးမောင် ဝတ်ထားသော တိုက်ပုံအင်္ကျီ ခပ်မွဲမွဲ၊ ဖဲထီး ခပ်စုတ်စုတ်၊ ပုဆိုး ခပ်နွမ်းနွမ်းတို့၏ အခြေအနေကို အကဲခတ်ရင်း ခပ်ဘွင်းဘွင်း၊ ခပ်ရှင်းရှင်း ပြောလေသည်။ သူ့စကားကို လက်မခံချင်သော်လည်း စေတနာဆိုးနှင့် ပြောခြင်း မဟုတ်မှန်းသိ၍ တိုးမောင် ငြိမ်နေလိုက်သည်။

ရိုးခြင်း အခြင်းကို ဂုဏ်ယူဖွယ် မဟုတ်ဟု ဆိုသူက ဆိုသော်လည်း တိုးမောင် ခုအချိန်အထိ ရိုးသားခဲ့သည်။ ချမ်းသာသည်ဆိုလျှင်လည်း ရိုးသားခြင်းနှင့် ကြိုးစားခြင်းကိုသာ အရင်းတည်ပြီး ချမ်းသာလိုသည်။

"မင်း အောင်လွင်ကို မှတ်မိတယ် မဟုတ်လား၊ မင်းလိုပဲ စာတော်တယ်လေ"

"အင်း"

"ဒါပေမဲ့ သူ့ကို စာမေးရင် မုန့်ကျွေးမှ ပြောပြတဲ့ အကောင်လေ၊ ဟိုး တစ်ခါ ငါသူ့ဆီက သင်္ချာကူးချဖို့ တောင်းတော့ မုန့်မပါတော့ ချွန်စက်အသစ်လေး ပေးလိုက်ရပါရော"

"အေးပါကွာ၊ သိပါတယ်"

"သူက ... ဌာနမှာ ကွ၊ သိလား၊ တစ်နေ့တုန်းက အိမ်ဆောက်မလို့တဲ့၊ ဘိလပ်မြေ ဝယ်နေတာ တွေ့ခဲ့တယ်"

"သူက အိမ်ဆောက်နိုင်ပြီလား၊ ဘယ်က အမွေရလို့တုံး"

တိုးမောင်က ခပ်ကြောင်ကြောင် ပြောမိတော့ တင်အောင်သန်းက ရယ်လေသည်။

"ဘယ်ကမှ အမွေမရဘူး၊ လခလည်း မင်းထက်များမှာ မဟုတ်ဘူး၊ သူက မင်းထက်သာတာ တစ်ခုပဲရှိတယ်။ မင်းလို မရိုးသားဘူး။ ကိုယ့်အလုပ် ကိုယ့်တာဝန်ပေါ်မှာ မင်းလို စေတနာမထားဘူး၊ သစ္စာမရှိဘူး၊ ဒါပဲ"

ကားရှေ့ခန်းတွင် စည်းစိမ်ရှိရှိ ထိုင်နေရသော်လည်း တိုးမောင် ချွေးပြန်ပြီး မောသွားလေသည်။

"ဒါကတော့ သူက ချောင်ပြီး လွတ်နေတာကို၊ မြမင်းတော့ ရုံးကိစ္စမှာ ငွေအတောင်းကောင်းတာ မိလို့ ထောင်ကျသွားပါရော"

"ဘယ် မြမင်းလဲ၊ နဂါးမြမင်းလား"

"အေးလေ၊ မင်းတို့ ကျောင်းပြေးဖက်တွေ မဟုတ်လား"

မြမင်း၊ တင်အောင်သန်းနှင့် သက်မောင်တို့ သုံးဦးသား ပေါင်းပြီး ကျောင်းပြေးတတ်သည်ကို သတိရသည်။ သူတို့တွေကို အဘွားက လူမိုက်ကလေးတွေ ဟု ပြောခဲ့သည်ကိုလည်း ဆက်၍ တွေးမိသည်။

"အဲဒီ အကြောင်း ငါ မသိသေးဘူး၊ သက်မောင်ကတော့ ဆင်းရဲနေရှာတယ်၊ တစ်နေ့တုန်းက လမ်းမှာ တွေ့တော့ ဒီလိုပဲ ပျံကျ လုပ်ကိုင်စားနေတယ်လို့ ပြောတယ်"

"အေး ငါလည်း တစ်ခါတွေ့တယ်၊ ရထားပေါ်မှာ ဓားလှီးရေခဲချောင်း ရောင်းနေတယ်"

သက်မောင်နှင့် တင်အောင်သန်းသည် စာမကြိုးစားကြတာချင်း၊ မတော်တာချင်း အတူတူပင် ဖြစ်သော်လည်း အခြေအနေချင်းကတော့ လုံးဝ မတူတော့ပေ။

"ထွန်းအံ့ကြီးကတော့ ချမ်းသာနေလိုက်တာ"

"သူက တကယ့်နေရာ ရောက်နေတာကိုး၊ မင်း သိတယ်မဟုတ်လား၊ ... ဌာနမှာ လေ"

"ဒါကြောင့်လည်း ချမ်းသာတာကိုး"

"ဒီလိုလူ၊ ဒီလိုနေရာရောက်လို့ ဒီလိုချမ်းသာနေတာ အံ့သြစရာ မဟုတ်ပါဘူးကွာ၊ အားကျစရာလည်း မဟုတ်ပါဘူး"

တိုးမောင်က ခပ်ပြတ်ပြတ် ပြောမိသည်။ အားကျစရာ မဟုတ်သော်လည်း မခံချင်စရာ ကောင်းနေသည်ကိုတော့ ဆက်၍ မပြောမိတော့ပေ။

"အေး၊ မင်း အားမကျမှန်း ငါသိပါတယ်၊ ဒါကြောင့်မို့လည်း ရှပ်အင်္ကျီ ကုပ်ပြဲ ဝတ်နေရတာပေါ့၊ ဟား ဟား"

တိုးမောင်၏ မျက်နှာသည် ရှိန်းခနဲပူသွားသည်။ မိမိကိုယ်မိမိ မပြည့်စုံ မကုံလုံမှန်း သိသော်လည်း ဒါကို မည်သူကမျှ လက်ညှိုးထိုးပြစရာ၊ ထောက်ပြစရာ မလို။ နှိမ်စရာ မလို၊ နှိမ်လိုသော ဆန္ဒနှင့် ပြောခြင်းမဟုတ်မှန်း သိသော်လည်း မခံချင်။

"ဆောရီး သူငယ်ချင်း၊ မင်းကို ငါနှိမ်တာ မဟုတ်ပါဘူး"

တင်အောင်သန်းက ချက်ချင်း တောင်းပန်သည်။ ထို့နောက် ကရုဏာဒေါသော ဆက်ပြောသည်။

"မင်းကတော့ တကုပ်ကုပ်နဲ့ ရုံးတက်၊ တကုပ်ကုပ်နဲ့ အလုပ်လုပ်၊ အကြံအဖန် အတိုအလျှို လုပ်နေကြတဲ့သူတွေကို ကြည့်ပြီး စိတ်ပျက်၊ ဒါပဲ လုပ်နေတာ မဟုတ်လား"

"အေး၊ ဒါပဲ မလုပ်လို့ရော ဘာလုပ်ရဦးမှာလဲ"

တိုးမောင်က ခပ်ဆတ်ဆတ်ပြောသည်။

"တော်ပြီကွာ၊ မင်းကား ဒီမှာပဲ ရပ်တော့၊ ငါ့ဟာငါ လမ်းလျှောက်သွားတော့မယ်" ဟု ပြောရကောင်းမလား၊ စဉ်းစားနေဆဲမှာပင် ရုံးရှေ့သို့ ရောက်လာသည်။

ရုံးအပေါက်ဝ တည့်တည့်တွင် ကားရပ်ပေးပြီး တင်အောင်သန်းက တိုးမောင်၏ မျက်လုံးများကို တည့်တည့် စိုက်ကြည့်ကာ တိုးတိုးပြောလေသည်။

"တစ်ချိန်တုန်းက မင်းက တော်တဲ့သူ ငါက ညံ့တဲ့သူပါ တိုးမောင်ရာ၊ မင်းက ငါ့နားရွက်ဆွဲရတိုင်း ငါနာမှာစိုးလို့ ဖွဖွလေး ဆွဲခဲ့တာ ငါ မမေ့ပါဘူး၊ ခုနတုန်းက ငါပြောတာတွေ ဟာ မင်းကို ခင်လို့ပါ"

* * *

ဘုရားပန်းအိုးတစ်လုံး အစားမဝယ်ရသေးသောကြောင့် ဘုရားစင်တွင် မြေပန်းအိုးတစ်လုံးသာ ရှိသည်။ ပန်းအိုးထဲမှ ဇော်စိမ်းပင်သုံးပင်က အညွန့်၊အတက်တွေ ဝေဝေဆာဆာနှင့် စိမ်းစိုလန်းဆန်းနေသည်။ ထိုသုံးပင်အကြားရှိ ဒေါနပန်းခက်ကလေး တစ်ခက်ကတော့ ခြောက်သွေ့ ညှိုးရော်နေလေသည်။ တစ်ချိန်တုန်းက မွှေးရနံ့လေး တကြိုင်ကြိုင်နှင့် စိမ်းစိုလတ်ဆတ်နေခဲ့သော ပန်းခက်ကလေး၏ အဆင်းသည် လည်းကောင်း၊ အချင်းသည် လည်းကောင်း လွင့်ပြယ် သွားချေပြီ။

"လူလေး ဘာတွေ စဉ်းစားနေတုံး"

အဘွားက မေးသည်။

"ဩော် သူငယ်ချင်းတွေ အကြောင်းပါ အဘွားရယ်၊ တချို့တွေကလည်း ချမ်းသာလို့၊ တချို့ကလည်း ဆင်းရဲလို့"

"အေးကွယ်၊ ဟို နို့အေးချောင်း ရောင်းနေရတဲ့ ကလေးဆိုရင် သနားစရာ၊ သားကိုတွေ့တော့ သူ အားကျရှာမှာပေါ့"

သက်မောင် အကြောင်းကို ပြန်ပြောဖူး၍ အဘွားက သိထားလေသည်။

ကောက်ညှင်းပေါင်း တောင်းကြီးရွက်ကာ ခြေတိုအောင် လျှောက်ရောင်းခဲ့ရှာသော အဘွားအဖို့တော့ တိုးမောင်၏ ဘဝသည် ပြည့်စုံလုံလောက်နေပေပြီ။နေရိပ်ထဲတွင် ထိုင်ပြီး စားပွဲနှင့် ကုလားထိုင်နှင့် အလုပ်လုပ်ရသည်မှာ နည်းနည်းနောနော ကုသိုလ်မဟုတ်ပေ။ ပညာ တတ်ခဲ့သောကြောင့်သာ ဒီလို အခြေအနေကို ရောက်ခဲ့ရခြင်း ဖြစ်သည်ဟု အခါခါ ကျေနပ်မိလေသည်။

''ဒါကြောင့်မို့လို့ လူလေးကို အဘွားပြောခဲ့တာပေါ့၊ 'အသေဝနာစ ဗာလာနံ' လို့လေ၊ သူတို့နဲ့ပေါင်းပြီး သူတို့လို ကျောင်းပြေးရင် သူတို့လိုပဲ ဖြစ်နေမှာပေါ့၊ ဟုတ်ဘူးလား''

အဘွားက သက်မောင်ကို ရည်ရွယ်ပြီး ပြောသော်လည်း တိုးမောင်သည် တင်အောင်သန်းကို သတိရလေသည်။

''ကျောင်းပြေးပေမယ့် ချမ်းသာတဲ့ သူကတော့ ချမ်းသာပါတယ် အဘွားရယ်'' ဟု ပြောလျှင် အဘွားကို အတိုက်အခံ လုပ်ရာရောက်မည်မို့ ဘာမှ မပြောမိတော့ပေ။

''နောက်ပြီးတော့ ရှိသေးတယ်။ လူလေး ခဏခဏ ပြောဖူးတာ၊ ဟို ဟို ထွန်းအံ့ဆိုတဲ့ ကလေးကရော၊ အခု ဘာဖြစ်နေသလဲ''

အဘွားက အမှတ်တရ မေးသည်။

"နောက်ပြီးတော့ ဟိုတစ်ယောက်ကရော၊ စာမေးရင် မုန့်ပေးမှ ပြောတယ်ဆိုတဲ့ ကလေးလေ"

"အဘွားက ကျွန်တော့်ကို အဲဒီ ဗလာနံ့တွေရဲ့ အတုကို မယူရဘူးလို့ ခဏခဏ ဆုံးမခဲ့တာ မဟုတ်လား"

"အေး အေး အစ သူတို့ရော"

တိုးမောင် သက်ပြင်းချမိသည်။ သူဘယ်လို ပြန်ဖြေရမည်နည်း။

"မကောင်းတဲ့ သူဆိုတော့ မကောင်းသူတို့ လမ်းစဉ်အတိုင်း သွားမှာပေါ့ အဘွားရယ်"

တိုးမောင်က သူ့အဓိပ္ပါယ်နှင့်သူ ဖြေသော်လည်း အဘွားက သူ့အဓိပ္ပါယ်နှင့် သူတွေးကာ ကျေနပ်သွားသည်။ ကွမ်းသီးစိတ်ကလေးကို တမြုံ့မြုံ့ဝါးရင်း ပြုံးနေသည်။

တိုးမောင်ကတော့ ညှိုးနွမ်းနေသော ဒေါနပန်းခက်ကလေးကို ကြည့်ရင်း မရိုပြုံးပြုံးမိလေသည်။

မစန္ဒာ

ချယ်ရီ၊ အောက်တိုဘာ၊ ၁၉၈၄။

# ပေါက်ပင်ကိုင်းကိုင်း (မစန္ဒာ)

-------------------------------

"ဟွန်း တစ်ခါလာလည်း ကန်စွန်းရွက်ကြော်။ နှစ်ခါလာလည်း ကန်စွန်းရွက်ကြော်။ ငါ့ဗိုက်ထဲမှာတော့ ကန်စွန်းခင်းကြီး ဖြစ်နေလောက်ပြီ ထင်ပါရဲ့"

ကိုရေခဲက ထမင်းစားပွဲဝိုင်းပေါ်တွင် တင်ထားသော ကန်စွန်းရွက် ပန်းကန်ကို ငုံ့ကြည့်ရင်း စိတ်ထဲတွင် မအီမသာ ဖြစ်သွားသည်။

"ဆီကလေး နိုင်နိုင်နဲ့ ကြော်ထားတာဆို ဟုတ်သေးရဲ့။ ခုတော့ ဟူး"

ကိုရေခဲသည် သက်ပြင်းတစ်ချက်ကို ကြိတ်၍ ချမိစဉ် မစိန်မြက ငပိရည် ဇလုံလေးကို စားပွဲပေါ်သို့ လှမ်းတင်လိုက်သည်။

"ရှင်စိန်မြတို့ ငပိရည်ကတော့ ကျဲသလား မမေးနဲ့။ နောက်ပြီး ငရုတ်သီးမှုန့်ကလည်း နည်းသေး။ တို့စရာကျတော့ လာပါလိမ့်မယ်။ သခွါးသီး သုံးလေးစိတ်။ တစ်ယောက်ကို တစ်စိတ် ခွဲတမ်းနဲ့ စားရမှာ"

ဝမ်းဗိုက်ထဲတွင် ဟာကာ ဆာနေသော်လည်း ကိုရေခဲသည် စားချင်သောက်ချင်စိတ် ကုန်ခန်းနေသည်။ သူ့လျှာက ဆီပြန်ဟင်းလေး တစ်ခွက်လောက်ကို တောင့်တနေသည်။ ဒါမှ မဟုတ်ရင်လည်း ခရမ်းချဉ်သီး ငပိချက်ကို ဆီစိုစိုလေး ချက်ပြီး နယ်ဖတ် စားချင်သည်။ နောက်ဆုံး ငပိရည်နဲ့ စားရစေဦး။ ကြက်သွန်ဖြူ ပုစွန်ခြောက်၊ ငရုတ်သီးစိမ်းတို့ကို ရောနှောထောင်းကာ ဖျော်ထည့်ထားလျှင် စား၍ မြိန်မည် ထင်သည်။ တို့စရာ အဖြစ် တညင်းသီးပြုတ် စေးစေးကလေးနှင့် မချစ်စုသရက် ဝမ်းပျဉ်းကလေး ဆိုလျှင်

"ပြောရင်း ဆိုရင်း ဆာလိုက်တာ"

ကိုရေခဲက တွေးရင်း တံတွေးကို မြိုချလိုက်သည်။ တညင်းသီး ပေါ်နေသည်မှာ ကြာပြီ ဖြစ်သော်လည်း မစိန်မြက တစ်ခါမျှ ဝယ်မလာဖူးသေးပေ။

"အမေကလည်းဗျာ ကန်စွန်းရွက်ကို ဘာလို့များ ဒီလောက် ကြိုက်နေရလဲ မသိပါဘူး။ နေ့တိုင်းနေ့တိုင်း ကန်စွန်းရွက်ပြီး ကန်စွန်းရွက်ပဲ"

ဆယ်နှစ်ကျော်ကျော် ရှိပြီဖြစ်သော သားအကြီးကောင် မောင်သံချောင်းက ထမင်းဝိုင်းတွင် လေးလေးတွဲတွဲ ဝင်ထိုင်ရင်း ညည်းညည်းညူညူ ပြောသည်။

"ကန်စွန်းရွက်က ဗီတာမင် ပါတယ်။ နင် ဘာသိလို့လဲ"

"အမေ့ ဗီတာမင်တွေကလည်း ဒီလောက် စားနေရတာတောင် ကျွန်တော်တို့မှာ ပိန်လို့"

အလတ်ကောင်က သူ့လက်မောင်းလေးကို မြှောက်ပြရင်း သွားကျိုးပေါက်လေး ပေါ်အောင် ရယ်နေသည်။

"တော်စမ်း ဗီတာမင်ဆိုတာ အားသာ ရှိတာ။ အဆီတိုးတာ မဟုတ်ဘူး။ နင်ဘာသိလို့ ဝင်ရှုပ်နေရတာလဲဟင်"

နှုတ်ရေး စကားတတ်လုပ်တော့ အလတ်ကောင်ရဲ့ ပါးစပ်ကို မစိန်မြက ဗီတိုအာဏာနှင့် ပိတ်လိုက်သည်။ ထို့နောက် ကန်စွန်းရွက်တစ်ဇွန်း ကော်ကာ သူ့ပန်းကန်ထဲ လှမ်းထည့်ပေးသည်။

"ရော့ စားချင်စား။ မစားချင်ရင်လည်း နေ။ အဲဒီ ကန်စွန်းရွက်ကို နင်မစားလဲ ကျန်နေမယ်တော့ မထင်နဲ့။ စားချင်တဲ့သူတွေမှ ပြည့်လို့"

ထမင်းကို ငပိရည်ကျဲ ဆမ်းကာ အားရပါးရ စားနေသော နို့ညှာကောင်ကို

အားကိုးစွာ လှမ်းကြည့်ရင်း မစိန်မြက ခပ်တင်းတင်း ပြောသည်။ နို့ညှာကောင်က အစားကောင်းသည်။ မည်သူမစားပဲ ကျန်ကျန် လှမ်းယူပြီး သူ့ပန်းကန်ထဲ လောင်းထည့်လေ့ရှိသူ ဖြစ်သည်။ သူမစားပဲ ကျန်မှ စားရသော ခွေးပိန်မ ခမျာမှာတော့ အခုတလော အငတ်ဘေးချည်း ဆက်တိုက် ဆိုက်နေတတ်သည်ကို မစိန်မြ သတိထားမိသည်။

"တစ်ခါတလေများ ဘဲဥလေး ၊ ကြက်ဥလေး ကြော်စမ်းပါလား အမေရာ"

"အောင်မာ ... ကိုယ်တော်လေး ဘဲဥ ၊ ကြက်ဥများ ရှင်က ပေါတယ် အောက်မေ့နေလို့လား။ ငါးမူး သုံးမတ်ခေတ် မှတ်နေလား"

"ဒီလိုဆို ငါးကြော်"

"အမလေး ငါးကြော် စားချင်ရင် နင် နဂိုကတည်းက ဘာလို့ ငါ့ဗိုက်ထဲ ဝင်လာရသလဲ။ အနာထပိဏ် ကတော်တို့ ၊ ဇောတိက ကတော်တို့ ဗိုက်ထဲ ဝင်ရတယ်ဟဲ့"

"ကလေးက စားချင်တာ တစ်ခါတလေများလည်း လုပ်ပြု ကျွေးလိုက်စမ်းပါလား မိန်းမရာ"

ဆေးပေ့ါလိပ်ကလေး တငေ့ါငေ့ါ ဖွာနေသော ကိုရေခဲက လေပျော့ပျော့ကလေးနှင့် ဝင်ပြောတော့ မစိန်မြသည် ကင်းအကိုက် ခံရသူလို ဆတ်ကနဲ ဖြစ်သွားသည်။

"ဒီမှာ ကိုရေခဲရေ … ကျွန်မက အမေပါ။ ကိုယ့်သားသမီးကို ဘယ်သူ မကျွေးချင်ပဲ ရှိပါ့မလဲ။ ရှင်ကသာ လောက်အောင် ရှာပေးစမ်းပါ။ ကျွန်မလက်ထဲ ငွေတွေ အထပ်လိုက် ထည့်ပေးစမ်းပါ။ ဟင်း … တစ်နေ့တစ်မျိုး မရိုးရအောင် အမျိုးမျိုး ချက်ကျွေးပါ့မယ် ကဲ"

မစိန်မြသည် လင်တော်မောင် ကိုရေခဲအား စိန်ခေါ်သော အကြည့်ဖြင့် လှမ်းကြည့်သည်။ ကိုရေခဲကတော့ ဘဏ္ဍာရေး ဝန်ကြီး၏ အစီရင်ခံစာကို မကြားလိုဟန်နှင့် ဆေးလိပ်ကို ဖိ၍ ဖွာသည်။

"ငပိရည်ဆိုလည်း ပုစွန်ခြောက်လေး၊ ကြက်သွန်ဖြူလေးနဲ့ ပြစ်ပြစ်ကလေး ဖျော်ရင် ကလေးတွေ ကြိုက်ကြမှာပါ"

ကလေးတွေ ဇန်းတင်ပြီး သူကြိုက်သည်ကို ပြောသည်။ သူ့အသံက ခပ်တိုးတိုး ခပ်ပျော့ပျော့နှင့် တိုးညှင်း နေသော်လည်း ဒေါသထွက်နေပုံ ရသည်။ သူ့လက်ထဲက ကြွေရည်သုတ် သံဇွန်းကို သံဇလုံထဲသို့ ဒေါသတကြီး ပစ်ထည့်လိုက်ရာ သံကိုသံချင်း ထိခတ်၍ ဒန်တန်တန်ဟု ကျယ်လောင်စွာ မြည်သွားသည်။

"အမေတော့ အဖေ့ကို ချဲတော့မယ်"

အလတ်ကောင်က ထမင်းစေ့များထဲတွင် ရောနှောနေကာ မျက်စ ပစ်နေသော စပါးလုံးများကို ရွေးမထုတ်တော့ပဲ အကုန်လုံး ကျုံးပြီး ပါးစပ်ထဲသို့ ထည့်သည်။ ပန်းကန်ထဲက ထမင်း မြန်မြန်ကုန်မှ ထမင်းဝိုင်းက မြန်မြန် ခွာနိုင်မည်။ ထမင်းဝိုင်းက မြန်မြန် ခွာနိုင်မှ အမေနှင့် ဝေးရာသို့ မြန်မြန် ရောက်မည်။

"ဟွန်း အမေက ကောင်းတာ မဟုတ်ဘူး။ အဖေ့ကို မကျေနပ်ရင် အခြောက်တိုက် ဘေးလှည့်ပြီး ရန်ရှာရော။ ဘေးကင်းချင်ရင် ဝေးဝေးနေမှ"

သူ့လိုပင် စိတ်ကူးမိကြသော အကြီးကောင်နှင့် နို့ညှာကောင်သည်လည်း ထမင်းကို ခပ်သွက်သွက်စားပြီး ခပ်မြန်မြန် ထပြေးရန် တာစူနေကြသည်။

"ကလေးတွေ မသိတတ်ရင် ထားပါတော့။ အခုတော့ အဖေကပါ တစ်မျိုး။ ပုစွန်ခြောက် စားချင်ရအောင် ရှင်က ရှင့်ကိုယ်ရှင် ဒေါ်လာ ရှာနိုင်တယ်လို့များ ထင်နေလို့လားဟင်"

"ဒေါ်လာ မရှာနိုင်လို့ ငပိရည်ဖျော်လောက်ပဲ ပြောတာပေါ့ကွ"

ကိုရေခဲကလည်း ခပ်ဆတ်ဆတ် ပြန်အော်သည်။ မစိန်မြကို မကြည့်စဖူး ခပ်စူးစူး ပြန်ကြည့်ကာ အာခံလိုက်သည်။

"ဒီမိန်းမ ရူးနေပြီလား မသိဘူး။ တစ်ခါလာ ဒေါ်လာ။ နှစ်ခါလာ ဒေါ်လာ။

သူ့အသက်များ ငယ်ဦးမယ်၊ ချောဦးမယ် ဆိုရင် ငါ့ကိုပစ်ပြီး ဒေါ်လာသမားနောက် လိုက်ပြေးမလားမသိဘူး" ဟုတွေးရင်း ဒေါသထွက်နေသည်။

"ဆန်စျေး ဆီစျေးကို ရှင် သိတယ် မဟုတ်လား"

မစိန်မြကဆန်သိုင်းကို စတင်သုံးကာ တိုက်စစ်ဆင်သည်။

"တစ်နေ့တစ်နေ့ ဆန်ဖိုးချည်းပဲ ဘယ်လောက် ကုန်နေလဲ ရှင်သိရဲ့လား။ ဟော့ဟိုမှာ ရှင်ကြီးကြောင့် လူဖြစ်လာတဲ့ သတ္တဝါလေးတွေက ငါးကောင်။ သူတို့ မွေးထားတဲ့ ခွေးပိန်မက တစ်ကောင်။ ကျုပ်တို့ လင်မယားနဲ့ ပေါင်းတော့ ခုနစ်ကောင်။ အဲ ... အဲ ... ခုနစ်ယောက်နဲ့ တစ်ကောင်"

ခွေးပိန်မဟု အသံကြားတော့ အိမ်နောက်ဖေး လှေကားထစ်တွင် ဝပ်ကာ မှိန်းနေသော ခွေးပိန်မက မသိမသာ မျက်လုံး ကျယ်သွားသည်။ ခေါင်းထောင်ပြီး အမြီးကို တစ်ချက်နှစ်ချက် ယမ်းလိုက်ရာ သူ့ဘေးတွင် အဝတ်ရုပ်ကလေး ပိုက်ပြီး ငုတ်တုပ်ထိုင်နေသော အလတ်မ၏ လက်မောင်းကို ဆတ်ကနဲ ဆတ်ကနဲ ရိုက်မိသည်။

"ဟဲ့ ... မိပိန် ငြိမ်ငြိမ်နေစမ်း။ ဒီမှာ ကလေး နိုးသွားမယ်"

အလတ်မက ပုံပန်းမကျလှသော အဝတ်ရုပ်ကလေးကို ပုတ်ကာ

"အို ... အေ ... အေ ... အိပ်ပါ ညီမလေးရယ်" ဟု ချော့သည်။ သူက အဖေနှင့် အမေ၏ ရန်ပွဲကို တွေ့ဖူးလှပြီမို့ လုံးဝ စိတ်မဝင်စား။ သူ့စိတ်ကူးထဲမှ သူစားချင်သမျှ ကြားဖူးသမျှကိုသာ သူ့အရုပ်ကလေးအား ကျွေးရန် လုံးပမ်းနေသည်။

"ညီမလေး ဆာရင် နွားနို့သောက်လေ။ အို နွားနို့ မကြိုက်ဘူးလား။ ဒါဆို အိုဗာတင်း သောက်နော်။ မမ ဖျော်ပေးမယ်"

"အဲဒီဆန်ကို ထမင်းဖြစ်အောင် ချက်ရတဲ့ မီးသွေးဈေးကိုရော ရှင် သိရဲ့လား"

သမီးအသံ ချိုချိုပျော့ပျော့လေးက သူ့အမေ၏ ဒေါသသံ ကြမ်းကြမ်းနှင့် ပြိုင်ထွက်လာသည်။ ကိုရေခဲဆီကတော့ ဘာသံမျှ ထွက်မလာ။ ထမင်းကုန်သွားပြီ ဖြစ်သော အလတ်ကောင်က ထမင်းဝိုင်းမှ အရင်ဆုံး ထပြေးသည်။ ပန်းကန်ဆေးသော နေရာတွင် လက်ကို ရေကလေး တစ်ချက်နှစ်ချက် ပက်ဆေးကာ အိမ်ရှေ့ခန်းသို့ ခပ်သုတ်သုတ် ရှောင်တိမ်းသွားသည်။

"အမေ့ ... ဆာတယ်"

ထိုစဉ် သုံးနှစ် မပြည့်တတ်သေးသော အငယ်ဆုံး အကောင်က မီးဖိုထဲ လှမ်းဝင်လာ၍ ကိုရေခဲ ကံကောင်းသွားသည်။ တိုက်စစ်မှူး မစိန်မြ ထမီစကို ဆွဲကာ သားငယ်က ပူဆာသည်။

"ဆာရင် စားလေ ... သားရဲ့"

မစိန်မြက ပိန်မြှောင်းမြှောင်း သားထွေးကလေးကို ကရုဏာ ပိုတတ်သည်။ အကြီးများကို ဟဲ့အကောင်၊ ဟဲ့ကောင်မနှင့် နှုတ်ကြမ်းလေ့ ရှိသော်လည်း အငယ်ဆုံးလေးနှင့် ကျလျှင် လေသံက နှစ်ပတ်သုံးပတ်လောက် လျော့သွားတတ်သည်။

"ဂျုန်းရွက် စားချင်ဘူး"

"ဒီလိုဆို အာလူး စားမလား။ အမေ မီးဖုတ်ကျွေးမယ်"

"ဆီ အများကြီး ဆမ်းပေး"

"အေးပါဟယ် အေးပါ"

မစိန်မြက ဆီသိုင်း၊ ဆန်သိုင်း၊ မီးသွေးသိုင်း၊ ဆပ်ပြာသိုင်းတွေကို တရစပ်သုံးကာ တိုက်စစ်ဆင်ရန် သတိမရတော့ပဲ ခြင်းတောင်းထဲမှ တစ်လုံးတည်း ကျန်သော အာလူးကို လှမ်းယူလိုက်သည်။ ထို့နောက် မီးအရှိန် မသေသေးသော မီးဖိုထဲသို့ ပစ်ထည့်လိုက်သည်။ အာလူး ငါးဆယ်သားကို

ငွေအစိတ်ပေးပြီး သူကိုယ်တိုင် ဝယ်ခဲ့ရသည်မို့ ကိုရေခဲက အာလူးဈေးကို သိသည်။ သင်္ချာ မတော်လှသော်လည်း ငွေအစိတ်ကို အာလူး ဆယ့်သုံးလုံးနှင့် စားကြည့်ပြီး အာလူး တစ်လုံးကို ငွေနှစ်ကျပ်လောက် တန်ကြောင်း သူ သိထားပြီး ဖြစ်သည်။

"တစ်နေ့တုန်းက အာလူးကို အချဉ်နဲ့ ဆီကျန် ရေကျန်လေး ချက်ပြီး မဆလာလေး အုပ်ပေးတုန်းကတော့ စားလို့ကောင်းသား။ သူလည်း တတ်သလောက် မှတ်သလောက်တော့ စားကောင်းအောင် ချက်ရှာပါတယ်လေ"

အာလူး ဟင်းလေးကို သတိရမိ ပြန်တော့ ကိုရေခဲက စိတ်ပျော့ကျ သွားသည်။ သူတို့တတွေ စားနေသည်ကို တပြုံးပြုံးနှင့် ကြည့်နေပြီး သူကိုယ်တိုင်ကျတော့ အကြွင်းအကျန်လေးများကို ပန်းကန်ထဲ စုထည့်ပြီး နယ်ဖတ်စားခဲ့သော မိန်းမကို သနားသွားသည်။

"အမေ ပဲဟင်း မချက်တော့ဘူးလား"

သူ့အမေမျက်နှာ ပျော့နေတုန်း အကြီးကောင်က အခွင့်ကောင်း ယူကာ ပြောသည်။

"ပဲတွေက ဈေးတက်တယ် သံချောင်းရဲ့။ နောက်ပြီး မီးသွေးက သိပ်ကုန်တာ"

"ဟိုတစ်ခါတုန်းက ကုလားပဲကို ဆိတ်ရိုးနဲ့ ချက်တုန်းက စားလို့ ကောင်းလိုက်တာဗျာ"

ထိုနေ့ကလည်း သူတို့တစ်အိမ်လုံး ထမင်းစား မြိန်ကြသည်။ ထမင်းကို ပဲဟင်းဆမ်းပြီး အားရပါးရ စားလိုက် ချဉ်ဆီရိုး စုပ်လိုက်နှင့် တစ်ပျော်တစ်ပါးကြီး ဝိုင်းဖွဲ့၍ စားခဲ့ကြသည်။ သူတို့သာမက မိပိန်ပါ ပျော်ခဲ့ရသည်ကို အားလုံး မှတ်မိနေသည်။ ချဉ်ဆီကုန်ကာ ပြောင်နေသော အရိုးများပင် ဖြစ်သော်လည်း မိပိန်ခမျာ တမက်တမောနှင့် ကိုက်၍ မဆုံးနိုင်အောင် ရှိခဲ့လေသည်။

"မွှေးလိုက်တာ"

အာလူး မီးဖုတ်နံ့က သင်းပျံ့လာသည်။ ကိုရေခဲလည်း ထမင်း ပိုဆာလာသည်။

"အဲဒီ ပဲဟင်းလေးများ ခုနေ စားလိုက်ရရင် ... ဟီး ..."

နို့ညှာကောင်ကပါ ဝင်ပြောတော့ မစိန်မြမျက်နှာ အတန်ငယ် ညှိုးသွားသည်။

"ဆိတ်ချဉ်ဆီကလည်း တစ်ခါတလေမှ ရတာဟ။ ငါက အသားမဝယ်ပဲ အရိုးချည်းပဲ ဝယ်တော့ ကုလားကလည်း ရောင်းချင်ရဲ့လား မသိ"

မစိန်မြက နောက်ဆက်တွဲစကားကို ဆက်မပြောပဲ ရပ်လိုက်သော်လည်း စိတ်ကတော့ ဆက်မတွေးပဲ မနေနိုင်။

"ဟိုဝဝ အန်တီကြီးက နေ့တိုင်း မှာထားတယ် အစ်မ။ သူ့အိမ်မှာ ခွေးငါးကောင် ရှိတယ်တဲ့။ အိမ်ပေါ် အမဲသား ၊ အမဲရိုး မတင်ချင်လို့ ဆိတ်ရိုးပဲ ဝယ်ကျွေးတာတဲ့" ဟု ကုလားက အရည်လည်စွာ ပြောတော့ မစိန်မြသည် ဆိတ်ရိုး ဖြူဖြူများကို

"သူ့ခွေးငါးကောင်အတွက် ယူပြီး ပိုမှ ငါ့ကလေး ငါးကောင်အတွက် ရောင်းလိမ့်မယ် ထင်ပါရဲ့" ဟု ရှက်စနိုးစိတ် တစ်ဝက်နှင့် ဝမ်းနည်းခဲ့ရသည်။

"ဟင် ... အမေ ... အာလူး"

အကြီးကောင်က နာခေါင်းကို ရှုံ့ပွရှုံ့ပွ လုပ်ကာ အော်သည်။

"ဟဲ့ အာလူး ... အာလူး"

ကိုရေခဲကလည်း မီးဖိုကို လက်ညှိုးထိုးကာ အော်သည်။

"အမလေး ... ကုန်ပါပြီတော် ... ကုန်ပါပြီ"

တူးခါးခါး အနံ့ကို အခုမှ သတိထားမိပြီး မစိန်မြ ပြာယာခတ်သွားသည်။ မီးညှပ်နှင့် ကမန်းကတမ်း ယက်ထုတ်လိုက်တော့ မည်းတူးနေသော အလုံးလေး တစ်လုံးက မီးဖိုထဲမှ လိမ့်ထွက်လာသည်။

"သွားပါပြီတော် ... စားမရတော့ပါဘူး"

မစိန်မြ စိတ်လက် ညစ်ညူးစွာ ရေရွတ်သည်။

"အာရှုး စားမယ် ... ဟီး ... အာရှုး စားမယ်"

အခြေအနေ အရပ်ရပ်ကို ချက်ချင်း သဘောပေါက် သွားသော အငယ်ကောင်က ငိုမဲ့မဲ့ ဖြစ်လာသည်။

"စားချင် မနေနဲ့တော့။ ဒီတစ်လုံးပဲ ရှိတာ"

"ကုန်ပြီ သားရဲ့။ ကန်စွန်းရွက် ကောင်းတယ်လေ"

"ဂျွန်းရွက် ကောင်းဘူး။ အာရူး"

"အမေခွံ့ကျွေးမယ်လေနော်"

"ခွံ့ကျွေးနဲ့ အာရူး"

"ထမင်းကုန်ရင် ငှက်ပျောသီးတစ်လုံး ဝယ်ကျွေးမယ် သားရယ်"

"ဟီး ... ပျောသီး စားဘူး ... အာလူး စားမယ်"

"အို ... မရှိပါဘူး ဆိုမှ"

"အာရူး ... ဟီး ... အာရူး"

"ဟဲ့ ကုန်ပါပြီဆို"

"အာရူးပဲ ကြိုက်တယ်"

အငယ်ဆုံးကောင် ခြေကိုဆောင့်ကာ ငိုသည်။ မစိန်မြက လက်ကို တံတွေးဆွတ်၍ မီးဖိုဘေး ရောက်နေသော အာလူးလေးကို ကောက်ကိုင်သည်။ အခွံတွေ အာကာ မီးသွေးတစ်ဝက် ဖြစ်နေပြီမို့ ခွဲကြည့်စရာပင် မလို။ စားမရတော့ကြောင်း သိလိုက်ရ၍ စိတ်လည်းညစ် စိတ်လည်းတိုကာ သူ့ဝါသနာအတိုင်း တရားခံ ရှာချင်စိတ် ပေါ်လာသည်။

"အာရှူး ထပ်လုပ်ပေး"

"မရှိတော့ပါဘူး ဆိုမှဟယ်"

"စားမှာပဲ ... အာရှူး"

"စား ... စား ... အဲဒီမှာ မီးသွေးတုံး ဖြစ်နေပြီ ... စား"

"ဟီး ... အဲဒါ ... စားဘူး ... အသစ် အာရှူး"

"ကဲဟာ ... အဲဒါ အာလူး အသစ်ပဲ"

မစိန်မြသည် စိတ်မထိန်းနိုင်တော့ပဲ အငယ်ကောင်၏ ကျောကို ဖြန်းကနဲ ချသည်။

အရိပ်သုံးပါးကို မျက်ခြည်မပြတ် အကဲခတ်နေသော နို့ညှာကောင်က လျှင်သည်။ သူ့ဘက် လက်မလာမီ ထမင်းဝိုင်းမှ လက်မဆေးပဲ ထပြေးတော့သည်။

"ဟဲ့ ... ဟိုအကောင် လက်မဆေးပဲ ဘယ်ထပြေးတာလဲ"

"နင်ကရော ကြီးကောင်ကြီးမားနဲ့ ခုချိန်ထိ စားမပြီးသေးဘူးလား။ စားချိန်သောက်ချိန်ဆို လေပေါနေပြီး"

အာလူး တူးရခြင်း၏ တရားခံကို ချက်ချင်း တွေ့သွားသော မစိန်မြက အကြီးကောင်၏ ကျောပြင်ကိုပါ တစ်ဆက်တည်း ရိုက်သည်။

ဒီအကြီးကောင်က ဆိတ်ရိုးပဲဟင်းကို တမ်းတ အစဖော်နေ၍ သူနာခေါင်းထဲသို့ပါ မဆလာနံ့ ကူးစက်ပြီး မီးဖိုထဲမှ အာလူးကို မေ့သွားရခြင်း ဖြစ်သည်ဟု သတ်မှတ်လိုက်ပြီး အကြီးကောင်ကြီးကို ပုဒ်မ အကြီးကြီး တပ်ကာ ခေါင်းတစ်ချက် ထပ်ခေါက်သည်။

"ညီမလေး အိုဗာတင်းသောက်ပြီးရင် ကိတ်မုန့် စားရအောင်နော်။ ဩော် ... ထမင်းဆာပြီလား။ လာ ... လာ ... မမ ကြက်သား ချက်ထားတယ်"

"ဟောဒါက ကြက်သား၊ ဟောဒါက ဝက်သား ၊ ဟောဒါက ပုစွန်ထုပ်ကြီးလေ ညီမလေးရဲ့"

ကျောကော့သွားသော အကြီးကောင်က ထမင်းဝိုင်းမှ အလျင်အမြန် ထပြေးသည်။ သို့သော် ဖင်ထိုင်ခုံကို ခလုတ်တိုက်မိပြီး ဟပ်ထိုးလဲမတတ် ဖြစ်သွားစဉ် အလတ်မကို ဝင်တိုက်မိသည်။ သူ့အတွေးနှင့်သူ ကြည်နူးနေသော အလတ်မက အခြေအနေ အရပ်ရပ်ကို ဘာမှ စိတ်မဝင်စား။ သူ့အစ်ကိုအား မော့ကြည့်ကာ အရုပ်ကလေး ထောင်ပြပြီး ထမင်းစား ဖိတ်သည်။

"ဟော ညီမလေး ... ဒီမှာ ကိုကိုကြီး လာနေပြီ။ ထမင်းစားရအောင် ခေါ်လိုက်လေ။ ပုစွန်ထုပ်ကြီး ချက်တယ်လို့"

"တယ် ... အရေးထဲ ဒီအရှုးမလေးက တမျောင့်"

စိတ်တိုနေသော အကြီးကောင်က အဝတ်ရုပ်လေးကို ဆောင့်၍ တွန်းလိုက်သည်။ အလတ်မ၏ ခေါင်းကို တစ်ချက်ထုလိုက်ပြီး "ကိုကိုကြီးက ဗီတာမင် ကန်စွန်းရွက်တွေ အဝစားခဲ့ပြီဟ" ဟုပြောကာ မီးဖိုထဲမှ သုတ်ခြေတင် ထွက်သွားလေသည်။

"အီး ... သံချောင်း လုပ်တယ်"

အလတ်မ ခေါင်းကိုပွတ်ရင်း ငိုမဲ့မဲ့နှင့် အော်သည်။ သို့သော် သူ့ကို မည်သူမျှ ဂရုမစိုက်အား။ သူ့မိခင် ဒေါ်စိန်မြကြ သားငယ်ကို ကောက်ချီကာ "တိတ် ... တိတ်"ဟု အသံမာမာနှင့် ချော့သည်။ သူ့ဖခင် ဦးရေခဲကတော့ မီးကျွမ်းနေသော အာလူးလေးကို ခွဲပြီး အတွင်းသားလေးများကို သတိကြီးစွာနှင့် ခြစ်ထုတ်နေသည်။

အဖေနှင့် အမေက ဂရုမစိုက်သော်လည်း ခွေးမပိန်ပိန်ကမူ အလတ်မလေးကို သနားဟန်တူသည်။ အမြီးကို တလှုပ်လှုပ်ယမ်းရင်း မျက်နှာကို လျှာနှင့်လှမ်း၍ လျက်သည်။

"သွားစမ်းဟာ သွားစမ်း"

သူ့လျှာစိုစိုကြီးကို ရှောင်တိမ်းရင်း အလတ်မက မိပိန်အား လှေကားပေါ်မှ

အတင်း တွန်းချလိုက်သည်။

"အလကား ခွေးစုတ်မ"

မြေကြီးပေါ်သို့ ခွေးကျ ကျသွားသော မိပိန်ခမျာမှာတော့ ဘာဖြစ်လို့ ဖြစ်သွားမှန်း သိလိုက်ပုံ မရ။ သူ့ကို နိုင်လိုမင်းထက် ကြည့်နေသော အလတ်မအား မော့ကြည့်ကာ နာကျင်စွာနှင့် တကိန်ကိန် အော်နေသည်။

"အို စိတ်ရှုပ်ရတဲ့အထဲ ဒီခွေးမကလည်း တကိန်ကိန်နဲ့"။ မစိန်မြကပင် ထိုင်ခုံနှင့်လွှဲ၍ ပေါက်သည်။ မြေတွင်ဝပ်ကာ အော်နေသော ခွေးပိန်မက အရှောင်အတိမ်း နည်းနည်းမှ မတော်။ သို့သော် သူ့လက်က မတည့်တော့ ပစ်မှတ်မှ တစ်ထွာလောက် လွဲသွားသည်။ သို့သော် ခွေးမက သူ့ကို တိုက်ရိုက်ထိလိုက်သလို ကိန်ကိန် ကိန်ကိန်နှင့် အော်ပြန်သည်။

"ဟဲ့ ခွေးနာရဲ့ ။ ခွေးစုတ်မရဲ့။ ဘာလို့ ဒီလောက် ကိန်နေရတာလဲ"

မသိန်မြက စိတ်တိုတောင်းစွာနှင့် အော်သည်။ ပစ်စရာ၊ ခတ်စရာ လက်နက်ကို ထပ်ရှာရင်း မိပိန် ကိန်ရခြင်း တရားခံကို စိတ်ထဲ၌ တွေးနေသည်။

မိပိန် ဘာကြောင့် ကိန်ရတယ်

အလတ်မ ရိုက်လို့ ကိန်ရတယ်

အလတ်မ ဘာကြောင့် ရိုက်ရတယ်

အကြီးကောင် ထုလို့ ရိုက်ရတယ်

အကြီးကောင် ဘာကြောင့် ထုရတယ်

အမေကြီး ခေါက်လို့ ထုရတယ်

အမေကြီး ဘာ့ကြောင့်ခေါက် ... အဲ ... အမေကြီး ဘာကြောင့် ... ခေါက်ရ ... ခေါက်ရ ...

မစိန်မြ၏ အတွေးက ရှေ့ဆက်မသွားပဲ ထစ်ငေါ့နေသည်။ ကိုရေခဲကတော့ ခြစ်ထုတ်၍ ရသမျှ အာလူး အတွင်းသားလေးများကို သားငယ် ပါးစပ်ထဲ ခွံ့ပေးလိုက်ရင်း "ကလေးတွေလဲ သနားပါတယ်ဟာ" ဟု ခပ်တိုးတိုး ပြောလေသည်။

---------

**မစန္ဒာ**

## ပါရမီ မယ်မရင့်သောကြောင့် (မစန္ဒာ)

---------------------------------------

မာမာဝင်းက "ဒေါ်ခင်မာအေး ဆုံးပြီ" ဟု ပြောသော်လည်း
 ဒေါ်မြမြလှိုင် ရုတ်တရက် မယုံနိုင်။

"ဘာပြောတယ်" ဟု ထပ်မေးရင်း ရင်တွေခုန်လာသည်  ။

"ခုတင်ပဲ အန်တီမြရဲ့၊ မူးတယ် မူးတယ်ဆိုပြီး လဲကျသွားရာက ခဏနေတော့ ဆုံးတာပဲတဲ့။ ဆရာဝန်တောင် မမီဘူးပြောတယ်။ နဂိုကတည်းကလည်း နှလုံးရောဂါရော သွေးတိုးရောဂါရော ရှိတယ်တဲ့"

ဆက်၍ပြောသော စကားသံကို ကြားရသောအခါမှ "အမလေး

မြန်ဆန်လိုက်တာ၊ ဘုရား ဘုရား" ဟု တုန်ရီလှုပ်ရှားစွာ ရေရွတ်လိုက်မိသည်။

"ဦးလေးလုတို့အိမ် သွားပြောလိုက်ဦးမယ်" ဟု ပြောကာ အိမ်ပေါ်မှသုတ်ခနဲ ပြန်ဆင်းသွားသော မာမာဝင်း၏ ကျောပြင်ကို အတန်ကြာအောင်ငေးကြည့်ရင်း"ဘုရား ဘုရား၊ ဖြစ်မှဖြစ်ရလေ" ဟု ဆက်၍ ရေရွတ်နေမိသည်။

"ဘာဖြစ်လို့လဲ မြ။ ဘယ်သူဘာဖြစ်လို့လဲ"

နားစွန်နားဖျား ကြားလိုက်သော ခင်ပွန်းသည်က အိပ်ခန်းထဲမှ ထွက်လာသည်။ ခင်ပွန်းသည်ကို မြင်လိုက်သောအခါမှ ဒေါ်မြမြလှိုင်သည် အားကိုးရာရသွားသကဲ့သို့ အနားသို့ ခပ်သွက်သွက်လျှောက်သွားလိုက်သည်။

"အစ်မကြီးဒေါ်ခင်မာအေး ဆုံးလို့တဲ့ ကိုကိုရေ" ဟု ထိခိုက် လှုပ်ရှားစွာ ပြောမိသည်။

ထို့နောက် "ဟေ ဘယ်တုန်းကလဲ၊ ဘာဖြစ်တာလဲ၊ အခု ဘယ်မှာလဲ" ဟု မေးသော အမေးများကို မဖြေအား။ "မောင်စိန်၊ ဟဲ့ မောင်စိန်၊ ကားထုတ်စမ်း" ဟု အော်လိုက်သည်။ "ဟဲ့ နေပါစေတော့၊ မထုတ်နဲ့တော့၊ တစ်လမ်းကျော်တင်ပဲဟာ။ လမ်းလျှောက်သွားမယ်။ ဟဲ့ မဝင်းကြွယ်

နောက်ဖေးက ငါးကြော်အိုးကို ကြည့်ပြီး ဆက်ကြော်ပေးစမ်း" ဟု အော်ကာ ခင်ပွန်းသည်ဘက်သို့ လှည့်သည်။"ရုံးအတွက် ထမင်းချိုင့်ကို နေ့ခင်းမှ အပို့လွှတ်တော့မယ်နော်ကိုကို၊ မောင်စိန့်ကိုလွှတ်လိုက်၊ မြတော့ ဟိုအိမ်သွားဦးမယ်" ဟု ပြောသည်။

မှန်တင်ခုံရှေ့ပြေးကာ မျက်နှာကို တို့ဖတ်လေးတစ်ချက် နှစ်ချက်ရိုက်သည်။ နှုတ်ခမ်းနီတောင့် ကောက်ကိုင်ပြီးမှ "အို ... အသက်ပဲလေးဆယ်ကျော်နေပြီဟာ" ဟုတွေးကာ ပြန်ချလိုက်သည်။ထို့နောက် အတန်ငယ်မှိုင်းသောလုံချည် အညိုရောင်ကို ကောက်လဲပြီး ခပ်သွက်သွက် ထွက်ခဲ့သည်။ နေပူကျဲကျဲတွင်လမ်းလျှောက်လာရင်းလွန်ခဲ့သည့် သုံးရက်ကမှ ဒေါ်ခင်မာအေးနှင့် ဈေးထဲတွင် တွေ့ခဲ့ကြသေးသည်ကို သတိရသည်။ "ကြက်သွန်နီတွေက ဈေးကြီးလိုက်တာရှင်" ဟု သူကညည်းသောအခါ ဒေါ်ခင်မာအေးက "ကြက်သွန်နီ ဈေးတက်ပေမယ့် ဆီကဈေးနည်းနည်းကျလာတော့ တော်သေးတာပေါ့၊ ဆောင်းဦးပေါက်ဆိုတော့ သစ်သီး သစ်နှံလေးတွေ ပေါလာပြီ၊ ပန်းဂေါ်ဖီကို ဘဲဥနဲ့ ကြော်စားရရင် ဟင်းဟင်း ... အသားဟင်းမလိုပါဘူး မြမြရယ်"ဟု ခပ်ပြုံးပြုံး ပြောခဲ့သည်ကို သတိရသည်။ "အမြဲတမ်း အကောင်းဖက်ကချည်း စဉ်းစားတတ်တဲ့ သူတော်ကောင်းမကြီး၊ ခုတော့ သေရှာပြီပေါ့" ဟု စဉ်းစားရင်း ရင်ထဲတွင် ဆို့သွားသည်။

* * *

"အန်တီမြရေ မေမေ့ကို ကြည့်ပါဦး အန်တီမြရဲ့ သေတာမှ ဟုတ်ရဲ့လား"

မြမြလှိုင်က သူ့ကိုမနှစ်သိမ့်အားဘဲ အိမ်ထဲသို့ ကမန်းကတမ်း ကဲကြည့်သည်။ အိမ်ရှေ့ခန်းတွင် ခုတင်တစ်လုံး ချထားသည်။ ထိုခုတင်ဆီသို့ အရာဝတ္ထု တစ်ခုကို ဝိုင်းဝန်းပြီး သယ်မလာကြသည်။ တဒိတ်ဒိတ်ခုန်လာသော ရင်ကို အသာဖိပြီး အသေအချာ ကြည့်လိုက်သော် ဒေါ်ခင်မာအေး၏ ကိုယ်ခန္ဓာ ဖြစ်နေမှန်း သိရသည်။ ခေါင်းငိုက်စိုက် ဆံပင်ဖားလျားနှင့် ခြေပျော့ပျော့ လက်ပျော့ပျော့ အနေအထားကို မြင်ရသောအခါ "အမလေး အစ်မကြီးရဲ့၊ မမြင်ဝံ့ပါလား" ဟု တစ်ဦးတည်းပြောကာ မျက်ရည် ဖြိုင်ဖြိုင်ကျလာသည်။

သူငိုသောအခါ အလတ်မလေးက "မေမေရေ အန်တီမြ လာတယ် မေမေရဲ့။ ထပြီး စကားပြောပါဦး၊ ညှော်ခံပါဦး" ဟု အော်ကာ တက်သွား၍ ဝိုင်းဝန်းပြီး နှိပ်ကြနယ်ကြ မန်းကြမှုတ်ကြနှင့် အလုပ်ရှုပ်ကုန်သည်။

"မြမြလှိုင်၊ သတိထား မြမြလှိုင်၊ ခင်မာအေးကို အားလုံး ခင်ကြတာပဲ၊ ဒါပေမဲ့ ကိုယ်ကငိုရင် ကလေးတွေ ပိုဆိုးမှာပေါ့"

ဒေါ်ဒေါ်မိက ဒေါ်မြမြလှိုင်၏ လက်မောင်းကို ဆုပ်ကိုင်ကာ ခပ်တိုးတိုးချော့သည်။

ဆူညံလှုပ်ရှားနေသော ဝန်းကျင်တွင် ဒေါ်ခင်မာအေး တစ်ယောက်သာ အငြိမ်ကြီး ငြိမ်နေသည်။ ကြိုးဖြတ်ထားသော ရုပ်သေးရုပ်လိုလည်း ငိုက်စိုက်ခေါင်းငိုက်စိုက်နှင့် ဖြစ်နေသည်။ ဝတ်ချင်ရာဝတ်၊ လွှမ်းချင်ရာလွှမ်းပြီး မြေမှုပ်ချင်မြှုပ်၊ မီးသင်္ဂြိုဟ်ရင်လည်း သင်္ဂြိုဟ်၊ လုပ်ချင်ရာ လုပ်ကြပေတော့ဟု အသံမထွက်ဘဲ ပြောနေသလို ရှိသည်။ ဒေါ်ခင်မာအေး၏ ခြေမ လက်မတို့ကို ပူးပြီး ကြိုးနှင့်ချည်သည်ကို တွေ့ရသည့်အခါ ဒေါ်မြမြလှိုင် အိခနဲ ငိုမိပြန်သည်။ ကြေကွဲဝမ်းနည်းစိတ်နှင့် ထိတ်လန့်တုန်လှုပ်စိတ်က ရင်ထဲတွင်ပြည့်ပြီး လှုံ့နေသည်။

ထိုနေ့ညက ဒေါ်မြမြလှိုင် တော်တော်နှင့်အိပ်မပျော်ချေ။

"စိတ်မကောင်းလိုက်တာ ကိုကိုရယ်၊ ကြည့်ရတာ သတိမေ့နေ သလိုလို အိပ်နေသလိုပါပဲ၊ သေတယ်ဆိုတာ ယုံနိုင်စရာတောင် မရှိဘူး" ဟု တဖွဖွ ပြောနေမိသည်။ နေ့လယ်နေ့ခင်း ပျင်းလျှင် တစ်ယောက်အိမ် တစ်ယောက်ကူးကြ၊ လက်ဖက်စားကြ၊ သားရေး သမီးရေး လင်ရေး သားရေး ပြောလိုက်နဲ့ ပြောခဲ့ဆိုခဲ့ရသည်များကို တရစ်ဝဲဝဲ မြင်ယောင် ကြားယောင်နေသည်။ ဆယ့်နှစ်နာရီထိုးတော့ မ နေနိုင်တော့။ စိတ်ငြိမ်ဆေး ထသောက်ရသည်။ ထိုအခါကျမှ အိပ်ပျော် လေတော့သည်။

* * *

ပထမနေ့က စိတ်ပင်ပန်းကာ အတော်လေး ငိုလိုက်ရသောကြောင့် ဖြစ်မည်ထင်သည်။ ဒုတိယနေ့တွင် ဒေါ်မြမြလှိုင် သိပ်မငိုချင်တော့ပေ။ ဇာဖြူပါးပါး လွှမ်းထားသော ဒေါ်ခင်မာအေးကို ငေးကြည့်ရင်း ကွာစိ တဖြောက်ဖြောက် ဝါးစားလာနိုင်သည်။ မတွေ့မမြင်ရတာ ကြာပြီဖြစ်သော မိတ်ဆွေသင်္ဂဟများကို ကြိုဆိုနှုတ်ဆက်နေရာချပေးကာ "မူးတယ် မူးတယ်ဆိုပြီး လဲကျရာက ဆုံးတာပဲတဲ့ စိုးစိုးရေ၊ မြတို့တောင် အသက်မမီလိုက်ပါဘူး" ဟု ပြောဆိုညည်းခံသည်။

"သားတစ်ယောက်၊ သမီးသုံးယောက် ကျန်ခဲ့တယ်လေ။ သားအကြီးဆုံးက မော်လမြိုင်မှာ နည်းပြဆရာ။ အကြီးမလေးက စီးပွားရေးတက္ကသိုလ်နောက်ဆုံးနှစ်၊ အလတ်မလေးက ဆေးတက္ကသိုလ်မှာလေ၊ အငယ်လေးကတော့ ဒီနှစ် ဒေသကအောင်တယ်။ အကုန်လုံး စာတော်တယ်။ အစ်မကြီး ယောကျ်ားဆုံးသွားတာကတော့ ကြာပြီလေ။ ငါးနှစ်လောက်ရှိပြီ ထင်ပါရဲ့။ သားတွေ သမီးတွေက အိမ်ထောင်ပြုဖို့ စိတ်မကူးကြသေးဘူး။ အမေကို လုပ်ကျွေးမယ်လို့ ပြောနေကြတာ" ဟု ပြောသောအခါ ဒေါ်စိုးစိုးမြိုင်က သက်ပြင်းချသည်။

"တရားကျစရာ မယုံစရာကြီးပဲ မမလှိုင်ရယ်၊ မနေ့မနက်ကတင် ကျွန်မနဲ့စျေးထဲမှာတွေ့တော့ သံတွဲအုန်းဆီစစ်စစ်ရမယ်။ လိုချင်သလားလို့ မေးသေးတာ"

ပြောစရာကုန်သွားသည်။ ဘာဆက်ပြောရမည် မသိဘဲ ငြိမ်နေကြစဉ် ဒေါ်စိုးစိုးမြိုင်က ဒေါ်မြမြလှိုင် ဝတ်ထား သော ထိုင်းကော်တွန် နီညိုရောင် လုံချည်ကို အသာကိုင်ကြည့်ရင်း "အဆင်လေးက လှလိုက်တာနော်၊ ဟိုတရုတ်မလေးတွေဆိုင်ကပဲလား" ဟု မေးသည်။ ဒေါ်မြမြလှိုင်ကလည်း မြွေရေခွံလက်ကိုင်အိတ်ကလေးကို လှမ်း၍ကြည့်ကာ "လှလိုက်တဲ့အိတ်ကလေး၊ ဗိုလ်မှူး သွားတုန်းက ဝယ်ခဲ့တာလား" ဟု ချီးကျူးသည်။ ထို့နောက် သူတို့သည် ဒေါ်ခင်မာအေးကို ခေတ္တမေ့ပြီး ဗိုလ်ချုပ်ဈေး၊ စိန်ဂွန်းဈေးထဲသို့ စိတ်နှင့် ရောက်သွားကြသည်။

အုတ်အုတ်ကျွက်ကျွက် ငိုသံကြားရသောအခါမှ လက်ရှိနေရာကို ပြုန်းခနဲ ပြန်ရောက်လာသည်။ မော်လမြိုင်မှ အစ်ကိုကြီး ရောက်လာသောကြောင့် ညီအစ်မများက ဆီး၍ ငိုကြခြင်း ဖြစ်သည်။ ဒီတော့လည်း သူတို့ နှစ်ဦးလုံး ရောပြီး မျက်ရည်ကျကာ ဇာဖြူ လွှမ်းထားသော ဒေါ်ခင်မာအေးကို ကြေကွဲဝမ်းနည်းစွာ ပြန်ကြည့်မိလေသည်။

* * *

ဒုတိယနေ့ ညနေပိုင်းရောက်တော့ ဒေါ်ခင်မာအေး၏ ခန္ဓာကိုယ်မှ အနံ့အနည်းငယ်ထွက်ချင်လာသည်။ ဝမ်းဗိုက်ကလည်း အတန်ငယ်ဖောင်းလာသယောင်ရှိသည်။ ဖြူဝင်းသော အသားအရည်မှာလည်း

ညိုသယောင်ယောင် ဖြစ်လာသည်။ ထို့ကြောင့် ညပိုင်းရောက်သောအခါ ခေါင်းအောက်၌ ဖွဲခံကာ အလောင်းကို ခေါင်းသွင်း ထားလိုက်ကြသည်။ ခုတင်ပေါ်တွင် ငွေရောင် ပန်းရေးထားသော ခေါင်းနှင့် ခုတင်ခေါင်းရင်းတွင် စပယ်ကုံးများ၊ ခုတင်အောက်တွင် ကျောက်ဖရုံသီး၊ ခြေရင်းဘက်တွင် မြေအိုးနှင့် ကြည့်ရသည်မှာ ဝမ်းနည်းစရာ၊ ကြေကွဲစရာထိတ်လန့်စရာကောင်းနေသည်။

တတိယနေ့တွင် အသုဘချလေသည်။ အသုဘချခါနီးတွင် ကပ်၍ ကြည့်မိပြန်သည်။ ဆုံးစတုန်းကနှင့် မတူတော့ချေ။ မျက်နှာက ဖောင်းကာအမ်း နေသယောင် ရှိသည်။ အသားများကလည်း ညို၍ ညစ်နေသည်။ ညာဘက် မျက်စိထောင့်တွင် တရွရွ တက်လာသော ပုရွက်နီ သုံးကောင်ကို အထိတ်တလန့်ကြည့်မိစဉ် အတော် ပြင်းပြင်းလေး ဝေ့ထွက်လာသော ရနံ့ကြောင့် ခပ်သွက်သွက် နောက်ဆုတ်လိုက်မိသည်။

"သေခြင်းတရား ဆိုတာတယ်လည်းကြောက်ဖို့ ကောင်းပါလား။ ငါလည်း ဒီလိုပဲသေရဦးမှာပါလား" ဟူသော အသိတရားဝင်ကာထိတ်လန့်တုန်လှုပ်စိတ်နှင့် ချောက်ချောက်ချားချား ဖြစ်နေသည်။ထိုနေ့ ညနေစာကို လုံးဝမစားနိုင်။ ညကျတော့ ခါတိုင်းထက် ပိုပြီးကြာအောင် ဘုရားရှိခိုးမိသည်။ ဒေါ်ခင်မာအေး၏ အမည်ကိုခေါ်ကာ အမျှအတန်း ပေးဝေသည်။ အိပ်ရာထဲ ရောက်သော်လည်း အိပ်မပျော်နိုင်သေး။ ပုတီးတဂျောက်ဂျောက် စိပ်နေရင်း ဖောင်းပြီးအမ်းနေသော မျက်နှာနှင့် ပုရွက်နီ သုံးကောင်ကိုသာ မြင်ယောင်နေသည်။ ဘယ်စောင်းလိုက်၊ ညာစောင်းလိုက်၊

သက်ပြင်း ချလိုက်နှင့် ဖြစ်နေ၍ ခင်ပွန်းသည်က "ဒီလောက်လည်း စိတ်မကောင်း ဖြစ်မနေပါနဲ့ မြမြရယ်။ သူ့အချိန်တန်တော့ သူသွား၊ ကိုယ့်အချိန် တန်တော့လည်း ကိုယ့်အလှည့်ရောက်ပြီး ကိုယ်သွားရဦးမှာပဲ။ လူတိုင်း လူတိုင်း မလွဲမသွေ သွားရမယ့်လမ်း" ဟု ပြောသည်။ ထိုအခါကျမှ ပို၍ ကြောက်ရွံ့တုန်လှုပ်လာသဖြင့် ဒေါ်မြမြလှိုင်ခမျာ စိတ်ငြိမ်ဆေး ထသောက်ရပြန်လေသည်။

နောက်နေ့မနက်ကျတော့ ဒေါ်မြမြလှိုင် အိပ်ရာပေါ်မှ တော်တော်နှင့် မထနိုင်ချေ။ ကားမောင်းသူ မောင်ကြွယ်၏မိန်းမ မဝင်းကြွယ်က အလိုက်တသိ ဈေးသွားပြီး မီးဖိုဝင်ကာ ချက်ပြုတ်ထားသည်။ "မဝင်းကြွယ်က ငါးရံ့ခေါင်းနဲ့ ဘူးသီးကို ချဉ်ရည်ချက်တယ်တဲ့။ ကြက်သားဆီပြန်နဲ့ တညင်းဝက်မီးအုံး တို့စရာ၊ ငံပြာရည်ချက်တဲ့။ ထမင်းနည်းနည်းလောက် ထပြီး စားလိုက်ပါလား မြမြရဲ့"

ခင်ပွန်းသည်ကအပြောကောင်း၍ ဒေါ်မြမြလှိုင်သည် ထမင်းပွဲသို့ စိတ်မပါ လက်မပါလက်မပါနှင် ဝင်ထိုင်ရသည်။ ပန်းကန်ထဲသို့ ထမင်းလေး လက်တစ်ဆုပ်သာ ထည့်ပြီးစားသည်။

"ကိုကိုကျေနပ်အောင် စားတာ၊ စားနိုင်မှာ မဟုတ်ပါဘူးကွယ် " ဟုပင် ပြောမိသေးသည်။ သို့သော် စားရင်း စားရင်းနှင့် စားကောင်းလာ၍ မနေ့ညနေက လွတ်ထားသော ညစာကိုပါ ပေါင်းပြီး နှစ်နပ်ပေါင်း

တွယ်လိုက်သည်မှာ ဗိုက်ထဲတွင် တင်းတောင့်ပြီး အနေရ အထိုင်ရပင် ခက်လာသည်။ ထို့နောက် အစာကြေရန် ထန်းလျက်ခဲ မြို့ပြီး မဝင်းကြွယ် အလိုက်တသိ ငှားလာသော စိန်ပြာလောင်ကို ဖတ်သည်။ ထို့နောက် သော်က၏ အရိုင်းကိုဖတ်သည်။ ဒီလိုဆိုတော့လည်း ဒေါ်ခင်မာအေးကို သတိမရတော့ပေ။

* * *

ရက်မလည်မီတစ်ရက်တော့ ဒေါ်ခင်မာအေးတို့အိမ် ရောက်သေးသည်။ ငရုတ်သီး ထောင်းသူတွေ၊ ကြက်သွန် နွှာသူတွေ၊ ငါးရိုးထွင်သူတွေနှင့် စည်စည်ကားကား ရှိလေသည်။

"အန်တီမြ အေးအေးနေပါ။ လုပ်မယ့်သူတွေ ရှိပါတယ်" ဟု ပြောရင်း အကြီးမလေးက ကွာစေ့ တစ်ပန်းကန် ချပေးသည်၊ ထို့ကြောင့် ကြက်သွန်လေးသုံးလေးလုံး နွှာကာ ကွာစေ့စားပြီး ပြန်ခဲ့ရသည်။

ရက်လည်သည့်နေ့တွင် ခင်ပွန်းသည်က မလိုက်နိုင်။ ရုံးတွင် အစည်းအဝေး ရှိ၍ စောစောသွားရသည်။ ထို့ကြောင့် ဒေါ်မြမြလှိုင်လည်း တစ်ဦးတည်း စောစောသာ လာခဲ့လေသည်။

"အဝစားနော် မြမြလှိုင်၊ ဒေါ်မိမိလက်ရာကို အဝစားသွား"

အိုးသူကြီးဖြစ်သူ ဒေါ်မိမိက ဆီး၍ ပြောသည်။သေးမျှင်ဘဲဥဖတ်ဖြုဖြုများ၊ နူးအိနေသော ကြက်သွန်နီဥကြီးတစ်လုံးနှင့် ငှက်ပျောအူနုန အကွင်းလိုက်များက မုန့်ပန်းကန်ကန်ထဲ ခုန်ဆင်းလာသည်။ ချိုမွှေးသောဟင်းရည်နံ့က ဝေ့ပြီး ပျံ့သွားသည်။

"မုန့်ဟင်းခါး အချိန်လေးဆယ်ကို ငါး အချိန်တစ်ဆယ်လေ။ မြေပဲဆံလေးနည်းနည်းကိုကြော်ပြီး ထောင်းထည့်ထားတော့ ပိုချိုတာပေါ့၊ မုန့်ဖတ်လေးတွေကတော့ ဝါးနက်ချောင်းက မှာတာ၊ ကောင်းရဲ့လား မြမြရဲ့"

"ကောင်းပြီလား ဒေါ်ဒေါ်မိရယ်၊ တကယ်ကို ကောင်းတာ"

တစ်ပန်းကန်ကုန်တော့ နောက်တစ်ပန်းကန် ထပ်ထည့်ရင်း ချီးကျူးရသည်။ ဒေါ်မြမြလှိုင်က နဂိုကတည်းက မုန့်ဟင်းခါး ကြိုက်တတ်သူဖြစ်သည်။ ထို့ကြောင့် "အန်တီမြ ထပ်ထည့်လေ" ဟု ပြောတိုင်း ထပ်၍ ထပ်၍ ထည့်မိရာ သုံးပန်းကန် မောက်မောက်ကုန်အောင် စားမိတော့သည်။ မုန့်ထပ်မထည့်နိုင်တော့၍ "သိပ်ကောင်းတာပဲကွယ်" ဟု ချီးကျူးရင်းဟင်းရည်ထပ်သောက်သည်။ အချိုပွဲချထားသော ဆနွင်းမကင်းနှင့် လက်ဖက်ကို စောင်း၍ပင် မကြည့်အား။ သူကြိုက်သည်က မုန့်ဟင်းခါး။

ညကျတော့ "မုန့်ဟင်းခါးအတော်ကောင်းရဲ့လား"ဟု မေးသော ခင်ပွန်းသည်ကို "သိပ်ကောင်းတာပဲ ကိုကို" ဟု အဖြေပေးရသည်။ လွန်ခဲ့သည့်သုံးလေးလ ဦးလေးဘ ရက်လည်တုန်းက ဒေါ်ခင်မာအေးနှင့်အတူ သွားခဲ့သည်ကို သတိရသည်။ စိတ်ထဲမှနေ၍ အမျှဝေရင်း စိပ်ပုတီးကောက်ကိုင်ကာ စိပ်မိလေသည်။ ဂုဏ်တော်ကိုးပါးကို နှုတ်မှ ရွတ်နေသော်လည်း "အဲဒီတုန်းက မုန့်ဟင်းခါး ကျွေးတာပဲ။ ဒါပေမဲ့ ဒီနေ့မုန့်ဟင်းးခါးလောက် မကောင်းဘူး" ဟု စဉ်းစားနေမိသည်။ "ဒီနေ့ ဟင်းရည်က တကယ်ကို အချိုလေးတာ၊ ပါးစပ်ထဲမှာကို စွဲနေတာပဲ။ မုန့်လေးတွေကလည်း သေးသေးမျှင်မျှင်နဲ့ ကောင်းလိုက်တာ" ဟု တွေးရင်း ထပ်ပြီး စားချင်စိတ် ပေါ်လာပြန်သည်။ "ငါ့နယ် ချိုင့်ကလေးနဲ့ သယ်လာရင်ပြီးရော။ အစ်မကြီးသာ ရှိရင် ငါ့အကြိုက်ကို သိတယ်။ ထည့်ပေးလိုက်မှာ" ဟု စဉ်းစားရင်း ဟင်းခနဲ သက်ပြင်းချသည်။

တရားစာအုပ်ဖတ်နေသော ခင်ပွန်းသည်က လှမ်းကြည့်သည်။

"ကိုယ့်ကို တရားပြသွားတယ်လို့ပဲ အောက်မေ့ပေါ့ မြမြရယ်" ဟု ပြောလေသည်။

"အရှင်သာရိပုတ္တရာနဲ့ အရှင် မောဂ္ဂလန် အလောင်းအလျာကိုယ်တော်ကြီးတွေဆိုရင် ပွဲခင်းထဲမှာ လှုပ်ရှားပျော်ပါးနေကြတဲ့သူတွေကို ကြည့်ရင်း 'အင်း ... ဒီလူတွေဟာ

နောင်နှစ်ပေါင်းတစ်ရာလောက်ဆိုရင်    တစ်ယောက်မှ ရှိတော့မှာ မဟုတ်ဘူး' လို့ တွေးမိတာနဲ့ လူ့လောကကို ငြီးငွေ့ပြီး တရားစစ် တရားမှန်ကို ရှာကြတော့တာပဲတဲ့။ အခုဆိုရင် အစ်မကြီးက တရားပြသွားတာပဲပေါ့။ သေခြင်းတရားဟာ အစိုးမရဘူး ဆိုတာ ပြသွားတာ။ အရွယ်မရွေးဘူး။ အချိန်အခါ မရွေးဘူးဆိုတာ ပြသွားတာ။ ဘယ်လောက် တရားကျဖို့ကောင်းလဲ"

ဒေါ်မြမြလှိုင် ဘာမှ ပြန်မပြော။ "ကိုယ်က သူတို့လို ပါရမီရှင်အရင့်အမာကြီးမှ မဟုတ်ဘဲ။ ချက်ချင်းကြီးတော့ ဘယ်လိုလုပ် တရားရနိုင်မလဲ" ဟု စဉ်းစားရင်း ပုတီးကို နာနာစိပ်သည်။ မျက်စိကို စုံမှိတ်ကာ အခေါင်းထဲတွင် တွေ့လိုက်ရသော ဒေါ်ခင်မာအေး၏ မျက်နှာကို ပြန်ပြီး တွေးကြည့်မိသည်။ သို့သော် မုန့်ဖတ်ဖြူဖြူပေါ်သို့    လောင်းချလိုက်သော ဟင်းရည်ဖွန်းကြီးကိုသာ မြင်ယောင်လာသည်။ ဘဲဥဖတ်အကွင်းလိုက်များနှင့် ကြက်သွန်ဥ နူးနူးညံ့ညံ့ အလုံးလိုက်ကြီးများသည်ကား မျက်စိထဲမှ တော်တော်နှင့်မပျောက်။ ဝဲလှလှည့်ပြီး    ခေါ်နေ၍ တံတွေးကို မသိမသာ မျိုချရသည်။

"အင်း ... ဗိုက်ထဲမှာလည်း ဟာတာတာနဲ့။မုန့်ဟင်းခါးလေး တစ်ပန်းကန်လောက်ထပ်စားချင်လိုက်တာ"

**မစန္ဒာ**

# ဒါတော့ သိဘူးလေ (မစန္ဒာ)

-------------------------------

အသက်လေးဆယ်ကျော်ပြီဖြစ်သော တိုင်ကပ်နာရီကြီးကို မှုန်ရီမွဲသီသော မျက်လုံးများနှင့် မော့ကြည့်မိသည်။ လေးနာရီ ထိုးကာနီးပြီ။ အဖေကြီးနှင့်တကွ အမေ့သားတွေ သမီးတွေ အသီးသီး ပြန်လာကြရန် အချိန်နီးပြီ။

အမေသည် လက်ထဲက စိပ်ပုတီးကို အသာပတ်လိုက်ရင်း ထိုင်ရာမှ ထသည်။ ထမင်းအိုးကို အခုနေ တည်ထားပါမှ မိသားစု ထမင်းဝိုင်းတွင် မပူမအေး ခပ်နွေးနွေး ထမင်းကလေးကို စားရမည် ဖြစ်သည်။ အဖေကြီးက ဟင်းချေးမများသော်လည်း ထမင်းကျတော့ အတော်လေး ချေးများလေသည်။ ဆန်ကောင်း ဆန်ညံ့ရွေးပြီး ကြီးကျယ်သည်တော့မဟုတ်။ ဖိုပေါ်မှချကာစ ပူလွန်းသော ထမင်းကိုလည်း မစားတတ်။ အေးစက်နေသော ထမင်းကြမ်းကိုလည်း မစားတတ်။ ချက်ပြီး တဖြည်းဖြည်း အပူလျော့လာသော ထမင်းနွေးနွေးကလေးကို စားတတ်လေတော့ အမေ၏ ဦးနှောက်က ထမင်းချက်ချိန်၊ ကျက်ချိန်နှင့်စားချိန်ကို အစဉ်အမြဲ ချိန်ရတွက်ရ စဉ်းစား နေရလေသည်။

"ပြည်သူ့ဆိုင်ကလည်းတော်... ဘယ်တော့များမှ ကောက်ကြီးဆန် ပေးပါ့မလဲမသိဘူး ..."

အမေက မဆုံးသေးသော သံပုဒ္ဓေကို ဆက်ရွတ်နေရင်း ကြားဖြတ်စဉ်းစားမိသည်။

"ဒီတစ်ခါဆိုရင်တော့ အပြင်က ဆန်ကောင်းကောင်းလေး တစ်တင်းလောက်ဝယ်ပြီးရောစားမယ်။ တစ်တင်း တစ်ရာကျော်လည်းကျော်ပေါ့။ တစ်ခါတစ်လေပဲဟာ။ ဘာဖြစ်သေးလဲ။ အဖေကြီး လခက သုံးရာ၊ သားကြီးက ငါးရာ့လေးဆယ်၊ သမီးကြီးက သုံးရာ့ငါးဆယ်၊ သားငယ်က နှစ်ရာ့အစိတ်။ ကဲ ... နည်းတဲ့ ဝင်ငွေလား ..." ဟု ဆက်၍ စဉ်းစားမိတော့ သံပုဒ္ဓေကို ဆက်ရွတ်ရန် မေ့သွားလေသည်။

တစ်ချိန်တုန်းကတော့ အမေတို့ တော်တော်လေး ကျပ်တည်းခဲ့သည်။ အဖေတစ်ဦးတည်း လစာနှင့် သားသမီးတွေ အကုန်လုံးကျောင်းစားရိတ်၊ စားစရိတ်ကို ထမ်းရလေတော့ မနိုင်ဝန်ကို ထမ်းရသည်သို့ ရှိလေသည်။ သမီးကြီးက ဆယ်တန်းအောင်တော့ တက္ကသိုလ်ဆက်မတက်ဘဲ အလုပ်ဝင်ခဲ့သောကြောင့်သာ အဖေကြီးခမျာ အသက်ရှူသာသွားခြင်း ဖြစ်လေသည်။ အခုတော့ သားနှစ်ယောက်လည်း ပညာစုံပြီ။ အလုပ်ကိုယ်စီနှင့် ဝင်ငွေလေးတွေလည်း အသီးသီး ရှိလာပြီဆိုတော့ အမေသည် အခါတိုင်း ရပ်နေကျ ဘဲဥဆိုင်ရှေ့တွင် နေ့တိုင်းရပ်စရာ မလိုတော့ဘဲ ကြက်သားဆိုင်၊ ဆိတ်သားဆိုင် ရှေ့တွင်လည်း တစ်ခါတစ်ရံ ရပ်နိုင်ပြီ ဖြစ်သည်။ တစ်ခါတစ်ရံလည်း "ရှင်အေးမေ ... ဘာရခဲ့တုံး။ ကျွန်မတော့ ပုစွန်ထုပ်ချဉ်လေး ကောင်းတာနဲ့ ဝယ်လာခဲ့တယ်။ ကြက်သွန်ဖြူလေး လှီးထည့်၊ ပင်စိမ်းရွက်လေးအုပ်ပြီး ဆီရွှဲရွှဲ ငရုတ်သီးစပ်စပ်နဲ့

သုပ်စားရအောင်လေ ..." ဟု ခပ်ကျယ်ကျယ်လေး ပြောနိုင်ပြီဖြစ်သည်။

စိတ်ကသာ ဟိုတွေးဒီတွေးတွေးနေသော်လည်း ဆန်ခြင်ရာတွင်တော့ မမှား။ အကျင့်ပါနေသောလက်က ဆန်  နို့ဆီဘူး သုံးလုံးကို ထမင်းအိုးထဲ ထည့်အပြီး ဆန်ပုံးကို အလိုလို ပိတ်မိပြီး ဖြစ်နေသည်။ အမေ စပါးလုံးရွေး၊ ဆန်ကွဲပြာ၊ ဆန်ခြင်၊ ထမင်းအိုးတည်၊ ထမင်းရည်ငှဲ့ခဲ့သော နှစ်ကာလကလည်း ရွှေရတုသဘင်ပင် ကျင်းပလို့ရနေပြီ ဆိုတော့ ဒီလက်တွေကလည်း ပြေးလမ်း ကျင့်ထားသော မြင်းလို အလိုလိုလှုပ်ရှားတတ်နေပြီ ထင်သည်။

"မနက်တုန်းက ငါးဖယ်ဆုပ်  ကျန်တာနဲ့ မြင်းခွာရွက်  ဟင်းချိုလေး ထပ်ချက်လိုက်မယ်ဆိုရင်တော်ရောပေါ့။ ငပိရည်ကိုတော့ ရေထပ်ထိုးပြီး ကျိုလိုက်ဦးမယ်။ တို့စရာ အတွက်တော့ သခွားသီးလေးတစ်လုံး ကျန်သေးတယ်  ထင်ပါရဲ့ ..."

အမေက ထမင်းအိုးကို ဖိုပေါ်တင်ပြီး ဆက်၍  တွေးပြန်သည်။ တစ်နေကုန် တစ်ယောက်တည်း နေရသော သူ့အတွက်တော့ အတွေးသည်သာ အကောင်းဆုံးအဖော်  ဖြစ်လေသည်။ သူက အိမ်လည်း မလည်တတ်။ စာလည်း ဖတ်လေ့ဖတ်ထ မရှိ။ သီချင်းလည်း မညည်းတတ် ဆိုတော့ လုပ်စရာ ရှိသည်များကို လက်ကလုပ်ရင်း တွေးစရာ ရှိသည်များကိုလည်း စိတ်ကတွေးရင်း တစ်နေကုန်  ရတတ်လေသည်။

"တညင်းသီးကလည်း ခုထိကို ပေါ်မလာသေးဘူး။ တစ်ရာကို
ငါးကျပ်ခြောက်ကျပ်စျေးလောက်နဲ့ရမှ သုံးလေးရာဝယ်ပြီး
ဆားစိမ်ထားလိုက်ဦးမယ် ..."

အမေ့အတွေးက သခွားသီးမှနေပြီး တညင်းသီးသို့ ခုန်၍
ကူးသွားပြန်လေသည်။

"တညင်းသီးဆားစိမ် ကတော့ ဟုတ်ပါရဲ့။ အိမ်သာကို ရေလောင်းလို့
မနိုင်အောင်နံတာက ခက်လှတယ်။ အင်း ... ငါတို့ကလည်း ဘာလို့များ
နံနံစော်စော်အသီးကို မက်မက်မောမော ကြိုက်နေကြတယ်မသိပါဘူး။ ဒုက္ခ ...
ဒုက္ခ ..."

အမေက ထမင်းအိုးတည်ထားစဉ် သံပုရာဓွဲဆက်၍ ပုတီးစိပ်မည်
စဉ်းစားထားသော်လည်း အတွေးနောက် တစ်ကောက်ကောက်
လိုက်နေသော စိတ်အလျဉ် ကြောင့် မေ့သွားပြန်လေသည်။
စကာထဲထည့်ထားသော သခွားသီးကလေးကို ယူကာ အခွံသင်ရေဆေးပြီး
အဆင်သင့် စားနိုင်ရန်အပိုင်းလေးတွေ လှီးသည်။ မြင်းခွာရွက်ကို
ရေဆေးပြီးတော့ ထမင်းအိုး ပွက်ပွက်ဆူလေသည်။ ယောက်မနဲ့ လှမ်းမွှေစဉ်
ပွက်ခနဲ ပွက်လာသော ထမင်းရေစက်က လက်ခုံကို လာစင်တော့
တွန့်ခနဲဖြစ်သွားသည် ။

"အင်း ... ဒီလောက်ကလေး စင်တာတောင် ပူလိုက်တာ။ ငရဲပြည်ရောက်ပြီး ငရဲမီးများ အလောင်ခံရရင်     ဘယ်လောက်များ ပူလိုက်မလဲ မသိဘူး ..."

အမေက စဉ်းစားရင်း ပုခုံးကိုအလိုလို ကျုံ့ထားမိလေသည်။ ငရဲပြည်ဆိုတာ ဘယ်မှာရှိသလဲ။ မြေကြီးထဲမှာလား အသေအချာ မသိသော်လည်း လောက၏တစ်နေရာ၌ တကယ်ပင် ရှိသည်ဟု အမေ ယုံကြည်သည်။ မိမိပြုလုပ်သော ကောင်းမှုအတွက်သော်လည်းကောင်း မကောင်းမှု အတွက်သော် လည်းကောင်း ကောင်းကျိုး ဆိုကျိုး ဟူသည်မှာ ရှိလည်း ရှိသင့်သည်။ ထို့အပြင် ရှိလည်း ရှိရမည်။

တစ်နေ့တုန်းကတော့ ကြက်သားသည်     အလေးခိုးလိုက်တုန်းက "သူ့တို့မို့လို့ ငရဲမကြောက်     ဘာမကြောက် တစ်ကျပ်တစ်ပြားအတွက်နဲ့ လုပ်ရဲလိုက်တာ" ဟု အိမ်မှာ မကျေမနပ် ပြန်ပြောမိတော့ သားငယ်က နောက်နောက်ပြောင်ပြောင်ပြောနေကျ သူ့ဝါသနာအတိုင်း "အမေကလည်း သူတို့က ငရဲ ဘယ်ကြောက်တော့မလဲ။ ဆီပူအိုးထဲမှာ ဆီမှ မရှိတော့တာ။ ဈေးကြီးလို့ မဝယ်နိုင်ဘူးတဲ့ ..." ဟု ရယ်စရာပြောတာသတိရမိသည်။ သမီးကြီးက သူ့မောင်၏     ထိပ်ကိုလှမ်းခေါက်ကာ "အမယ်... ဆီမရှိလည်း ရေနဲ့ပြုတ်လို့ ရတာပါပဲနော်" ဟုဆိုတော့ သားငယ်က "    ရေနဲ့ ပြုတ်စရာ မီးသွေးလည်း မရှိတော့ဘူး။ ငရဲသားတွေက မီးသွေးကို ဝါးစားလိုက်ကြပြီ" ဟု ကဲ၍ပြောကာ တဟားဟား ရယ်ရင်း နေရာမှ ထပြေးသွားလေသည်။

"ဘာပဲဖြစ်ဖြစ် တို့များကတော့ ငရဲကို သိပ်ကြောက်တာပဲ။ ဆီပူနဲ့ အကြော်မခံရလည်း မကောင်းတာ လုပ်တဲ့သူဟာ မကောင်းတာ ပြန်ဖြစ်တတ်တာပဲ။ စေတနာ အကျိုးပေးတယ်ဆိုတာ နောက်ဘဝ အထိတောင် စောင့်တာမဟုတ်ဘူး။ တစ်ခါတစ်လေ လက်ငင်းကို အကျိုးပေးတတ်တာ ..."

အမေက ထမင်းရည်ငှဲ့ရင်းက ဆက်၍ စဉ်းစားသည်။

"ဒီနေ့ ငါးဖယ်ဆုပ်သည် ကျတော့လည်း တရားလွန်တယ်။ တစ်ဆယ်သားခြောက်ကျပ်ဆိုတာ နည်းတဲ့ဈေးလား။ ဒီလောက်ဈေးကြီးဆိုပြီးရောင်းနေမှတော့ မှန်မှန်ကန်ကန် ရောင်းပေါ့။ ပါးစပ်ကတော့ အော်နေလိုက်တာ ... ငါးဖယ် အစစ်ကိုစား .. အစစ်ကိုစား တဲ့။ နောက်ပြီး ငါးပုတ်သင်က ရောထားတယ်။ အဲဒါကတော့ တကယ့်ကိုမတရားလောဘ ..."

အမေက တွေးရင်း ဒေါသ ဖြစ်လာသည်။ တစ်ဆယ်သား ခြောက်ကျပ်ဆိုတာ နည်းနည်းနောနောဈေး မဟုတ်။ တစ်အိမ်သားလုံး ည မနက်စားဖို့ဆိုတော့ အစိတ်သား ဝယ်ရသည်။

အစိတ်သားဆိုတော့ ဆယ့်ငါးကျပ်။ ထိုဆယ့်ငါးကျပ်ဖိုးကို မနက်စာ ညစာလောက်လောက်ငငေ စားနိုင်ရန် ထမင်းဘူး လေးဘူး

လှလှပပထည့်နိုင်ရန်အတွက် လက်သည်းခွံလောက်အလုံးလေးတွေ လုံးရသည်။ မျက်စိကို လှည့်စားပြီး ဟင်းများသည်ထင်ရန် ပြုလုပ်ခြင်း ဖြစ်လေသည်။ အမေသည် စိတ်ပညာ မသင်ခဲ့သော်လည်း ဘဝက သင်လေတော့ ဒီလောက်တော့ အလိုလို တတ်လေသည်။ ထိုသို့ တိုရေရှားရေ ဝယ်ရသော ငါးဖယ်တွင် ငါးပုတ်သင်ရောလေပြီဆိုတော့ ဘယ်လိုထောင်းထောင်း တန်းပြည့်ငါးဖယ်အစစ်လို စီးပြီး မာမလာတော့။ အသားက ပွစိစိ အနံ့က အောက်တောက်တောက်နှင့်မို့ လှော်ပြင့်ပစ်အောင်လည်း မချမ်းသာ၊ စားရပြန်တော့လည်း ဒေါသဖြစ်နှင့် အကုသိုလ်များလှသည်။

ငါးဖယ်အကောင်ကို သုံးဆယ်လေးဆယ် စျေးလောက် ဝယ်နေရသောအချိန်တွင် ငါးပုတ်သင်က ခုနစ်ကျပ် ရှစ်ကျပ်လောက်နှင့်ရတတ်သည်။ ဒီတော့လည်း စျေးကြီးတွင်စျေးနည်းကိုရောထည့်သလောက် အမြတ်များနေသည်။ သူလည်းလေ လောဘသားပေမို့ ရောချင်လှပေလိမ့်မယ်ဟု ကရုဏာရှုထောင့်က ကြည့်ပြီး တရား နလုံးသွင်းကာ ခွင့်လွှတ်ချင်လို့ကလည်း ဘာမှမလုပ်တတ်။ အသူ ခံစတမ်း ဟူသော နိယာမသည် ကျောက်ခေတ်ကတည်းက စပေါ်လာခဲ့သည် ဖြစ်ရာ ကမ္ဘာပျက်သည်အထိ ဆက်လက်တည်ရှိသွားမည် ဖြစ်လေသည်။

"တကယ်က ငါ အလို့ ခံရတာပဲ။ ငါးဖယ်နဲ့ ငါးပုတ်သင်ကို ခွဲပြီးမှ မသိတာ ..."

မသိတာမှ တကယ်ကို မသိခြင်း ဖြစ်သည်။ ငါးဖယ်ခြစ်နှင့် ငါးပုတ်သင်ခြစ်ကို မထောင်းခင် မထုခင်    မကြော်ခင်     မလှော်ခင် အမေက ဘယ်လိုမှ ခွဲခြားပြီး မသိ။ တစ်ခါ ခံရရုံနှင့်လည်း မမှတ်။ ဈေးသည်က ငါးဖယ်ရိုးတွေ အရှေ့မှာ ပုံထားပြီး "ငါးဖယ်အစစ်တွေနော် ..." ဟု ပြောပြန်လျှင် ယုံမိပြန်သည်သာ ဖြစ်သည်။ နက်ဖြန်ခါကျမှ ငါးဖယ်လည်း မစစ်ဘူးလို့    ပြောလိုက်ဦးမယ်။ ဒီတော့လည်း သူက တပြန်စီးပြီး     ဒေါင်းတင်မောင်းတင်နဲ့ ဘယ်မှာလဲ ပြန်ယူလာခဲ့ ဆိုမှအခက်။ စစ်စစ် မစစ်စစ် စားလို့ကတော့ ကုန်ပြီ။

အမေသည် ထမင်းအိုးကို တစ်ချက် နှစ်ချက်ဆောင့်ကာ မီးဖိုပေါ် ပြန်တင်သည်။ သံဗုဒ္ဓေ ပုတီးပတ်ကို ဆက်စိပ်ရန် စိတ်ကူးမိစဉ် "အမေရေ ... တံခါးဖွင့်ပါဦးဗျ" ဟူသော အသံကို ကြားရသည်။ အမေက လက်ထဲ ရောက်နေသော ပုတီးကို လက်ကောက်ဝတ်တွင် ပြန်ပတ်သည်။ ရုံးအနီးဆုံးမို့ အရင်ဆုံးရောက်လေ့ရှိသော သားငယ် ပြန်လာပြီ။

* * *

တစ်နေ့ခင်းလုံး တိတ်ဆိတ်ငြိမ်သက်နေသော အမေ့အိမ်လေး ဆူညံစိုပြေလာတော့သည်။

"မင်း ငါးဖယ်ကလည်း သုံးဆယ် ရာခိုင်နှုန်းလောက်ပဲ စစ်တယ်ထင်ပါရဲ့ကွာ

…"

"အိုဗျာ … ငါးဆယ်ရာခိုင်နှုန်းလောက် စစ်ပါတယ် အဖေရဲ့"

"စျေးနည်းလို့ အတုရောတယ်ဆိုရင်ထားပါတော့။ ဒီလောက်တောင်စျေးကြီးကြီးနဲ့ ရောင်းပြီးတစ်ခါထပ် အတုရောတယ်ဆိုတာကတော့ တရားလွန်တာပေါ့။ အမြတ်ကို နှစ်ခါယူတာ …"

"အို … အမေကလဲ၊ ဘယ်ကမှာလဲ၊ အလေးကရော မှန်တယ် ပြောနိုင်လို့လား။ အလေးခိုးပြန်တော့ သုံးခါ မြတ်ကရော …"

ညနေထမင်းဝိုင်းကျတော့ အမေ့ငါးဖယ်က ဇာတ်လိုက် ဖြစ်နေသည်။ အဖေကြီးနှင့်တကွ သားတွေသမီးတွေ တစ်ယောက်တစ်ပေါက် ပြောနေသည်ကို နားထောင်ရင်း အမေက ငါးဖယ်သည်ကို အခါခါမေတ္တာပို့နေမိလေသည်။

"ဒါ … မတရားလောဘကွ။ မင်းငါးဖယ်သည်တော့ ချမ်းသာလှရောပေါ့ အမေကြီးရေ။ ရွှေလက်ကောက်တွေ ဆင့်ပြီး ဝတ်မထားဘူးလား …"

"ဟင်အင်း …ကလေးကို ရင်ခွင်ထဲထည့်ပြီး နို့တိုက်ရင် ဒူးထောင်ပေါင်ကားနဲ့ ငါဖယ်ခြစ်နေရတာ … နွမ်းလို့ … နယ်လို့"

အမေသည် ငါးသည်မလေး၏ နွမ်းနယ်ပန်းလျသော သဏ္ဍာန်ကို ပြန်၍

စဉ်းစားမိသည်။

"အဲဒါ... စေတနာအကျိုးပေးတာပေါ့။ သူများကို အကောင်း မရောင်းတော့ သူရော ချမ်းသာလို့လား ..." ဟု ဆက်၍တွေးသည်။

"သူလည်း လက်ဖက်ရည်ဖိုး ရှာရတာပေါ့ အမေရာ။ ကျွန်တော်တို့လို ရုံးမှာလုပ်တဲ့သူ တချို့ကျတော့ ရုံးကိစ္စနဲ့ ပတ်သက်ရာ ပတ်သက်ကြောင်း ကိစ္စလေးတွေ ဆောင်ရွက်ပေးတော့ ပတ်သက်တဲ့ သူတွေဆီက လက်ဖက်ရည်ဖိုးလေး ဘာလေး ရတယ်မဟုတ်လား"

သားကြီးက ခပ်ပြုံးပြုံး ပြောသည်။ အမေတို့ မိသားစုတွင် သားအကြီးက စာအဖတ်ဆုံး ဖြစ်သည်။ ထို့အပြင် အအေးဆုံး အငြိမ်သက်ဆုံးလည်း ဖြစ်သည်။ ပြဿနာ တစ်စုံတစ်ခု ဖြစ်လာလျှင် အဖေက ဒေါသဖြစ်ကာ အမေနှင့်သမီးက တပြစ်တောက်တောက်ပြောတတ်ပြီး သားငယ်က ရယ်မောပစ်တတ်သည်။ သားကြီးကတော့ "စဉ်းစဉ်းစားစား လုပ်ကြပါဗျာ။ အရမ်း မဆုံးဖြတ်ပါနဲ့" ဟု ပြောလေ့ ရှိလေသည်။

"အင်း ... ဦးစဉ်းစားကြီးကတော့ စဉ်းစားပြီးရင်း စဉ်းစားရင်းနဲ့ ရည်းစားထားဖို့တောင် အခါခါစဉ်းစားနေပုံပဲ။ ဒီလိုပုံနဲ့တော့ အသက်လေးဆယ်ကျော်ရင်တောင် မိန်းမရမှာမဟုတ်ဘူး ..."

သားငယ်က သူ့အစ်ကိုကြီးအား ထောမနာပြုလေ့ ရှိသည်။

အမေက ထမင်းကို တိတ်ဆိတ် ငြိမ်သက်စွာစားရင်း "အင်း ... သားကြီး စဉ်းစားတာလည်း မမှားဘူး။ အခုတော့ ငါတို့မိသားစုလေး တစ်စုတစ်စည်းတည်းမို့ သိုက်သိုက်ဝန်းဝန်းနဲ့မို့ ပြည့်စုံလုံလောက်တယ်ဆိုပါတော့။ သူတို့တွေ အိမ်ထောင်ပြုသွားရင် တစ်ယောက်စီရဲ့ဝင်ငွေဟာ အိမ်ထောင်တစ်ခုစီရဲ့ ဝင်ငွေ ဖြစ်တော့မှာ။ သားတွေသမီးတွေ တို့လို့တန်းလန်း မွေးလာရင် ဘယ်လိုလုပ်ပြီး လောက်လောက်ငင ရှိတော့မှာလဲ" ဟု တွေးမိပြီး ရင်ပူသွားသည်။ သားကြီးကလည်း သူတို့ငယ်စဉ်က ခံစားခဲ့ရသော ကျပ်တည်းမှုဒဏ်ကို အစဉ်အမြဲ သတိတရ ရှိနေဟန် တူလေသည်။ ထို့ကြောင့်လည်း အသက်သာ သုံးဆယ် နီးလာသော်လည်း ချစ်ရေးကြိုက်ရေး အိမ်ထောင်ရေးတွင် တုံ့နှေးတုံ့နှေးလုပ်ကာ ချီတုံချတုံ စဉ်းစားပြီးရင်း စဉ်းစားရင်းနှင့် သူများလက်သို့သာ တစ်ဦးပြီးတစ်ဦး ပါကုန်တတ်လေသည်။

"ဒူးယားတွေကလည်း စျေးကောင်းလိုက်တာ။ တစ်တောင့်ကို ကောက်စျေး ရှစ်ဆယ့်ငါးကျပ်တဲ့"

အဖေကြီး၏ အတွေးတွေက လက်ဖက်ရည်ဖိုးက နေပြီး စီးကရက်ဖိုးဆီသို့ ရောက်သွားလေသည်။

"အမယ် ... အဖေက ဒူးယား အတောင့်လိုက်    ဝယ်သောက်မလို့လား ... ဟား ... ဟား ..."

"ထီပေါက်အောင် စောင့်လိုက်ဦးမယ် သားရေ ..."

အဖေကြီးက တခြားအပျော်အပါး ဘာမှမရှိသော်လည်း ဆေးလိပ်တော့ ကြိုက်သည်။ ပထမတစ်လိပ် ပြားသုံးဆယ်၊ ထို့နောက် တစ်ကျပ်သုံးလိပ် ဆိုတုန်းက တစ်ခါတစ်ရံ ဝယ်ပြီးသောက်တတ်သည်။ ယခုတော့ တစ်လိပ်ကို ငါးမူး ပြားခြောက်ဆယ် ဖြစ်နေပြီဟု ဆိုသည်။ အဖေကြီး မတတ်နိုင်တော့။ သားကြီး ပဲခူးမြို့ကို အလုပ်ကိစ္စနှင့်    သွားတိုင်း အပြန်တွင်အစည်းလိုက် ဝယ်လာတတ်သော ပူစီဆေးလိပ်ကိုသာ သားနှင့် အတူတူရောပြီး ခဲရတော့သည်။

"ဒီနေ့ မင်းတို့အမေ မှာလိုက်လို့ ဆပ်ပြာ သွားဝယ်တာဟေ့။ ရွှေဝါတစ်ပိုင်း ဆယ့်နှစ်ကျပ်ဆိုလို့ အင်္ကျီကို ဆပ်ပြာမတိုက်ဘဲ ရေနဲ့ပဲလျှော်တော့မယ်ပြောပြီး ပြန်လာခဲ့တယ်။ ဒူးယားက အဲဒီကုန်စုံဆိုင်မှာ သူများ လာသွင်းတာ။ ဘယ်သူ လာသွင်းတာလဲတော့ ငါ့ကို မမေးနဲ့ ..."

အဖေကြီးက စိတ်တိုလာဟန်နှင့် ခပ်ဆတ်ဆတ်        ပြောတော့ သားငယ်က "သြော် ... ဂလိုကိုး ..." ဟု ပြာဂလောင်လေသံနှင့် ပြောကာ ငြိမ်သွားလေသည်။

အမေတို့ ထမင်းဝိုင်းကလေးသည် အတွေးကိုယ်   စီနင့်မို့ ခေတ္တမျှ ငြိမ်သွားသည်။ အမေက ပန်းကန်ထဲတွင်    ကုန်နေပြီဖြစ်သော ငပိရည်ကျဲကို ထပ်ဖြည့်ရင်း ငရုတ်သီး မှုန့် ပုလင်းကို အကုန်သွန်မှောက်ချ လိုက်သည်။ ပုလင်းဖင်တွင်    ကပ်နေသော ငရုတ်သီးမှုန့်အကပ်အသတ်ကလေးများက ငပိရည်ပန်းကန်ထဲသို့ မဆင်းချင်ဆင်းချင်နှင့် ခုန်ဆင်းလာကြ    လေသည်။ မြင်းခွာရွက်ဟင်းချိုကိုလည်း ပန်းကန်ထဲသွန်မှောက်ဖြည့်လိုက်ရင်း "စီးကရက်တစ်   တောင့် ခြောက်ဆယ်မြတ်တော့ရော ... ကြက်တစ်ပိဿာ ဝက်   တစ်ပိဿာ ဝယ်လိုက်ရင် ကုန်ရောပေါ့။ ငါးမြင်းတို့ ပုစွန်ကျားတို့ စားချင်ရင်တော့ တစ်ပိဿာတောင် မရဘူး။ ငါးဆယ်သားစီပဲ ရမှာ ..." ဟု စဉ်းစားမိတော့ ပြုံးချင်ချင် ဖြစ်သွားလေသည်။

"သမ္ဗုတရုံမှာသန်ဘက်ခါ ကားသစ်လဲမယ်ဗျ"

အမေ့အတွေးကငါးမြင်းပိုက်သားဆီ ရောက်နေသော်လည်း သားငယ်၏ အတွေးကမူ ရုပ်ရှင်ရုံသို့ ရောက်သွားသည်။

"ဒီနေ့ ကြိုတင်လက်မှတ်သွားလုပ်တာ ကျွန်တော့်ရှေ့မှာ နည်းတဲ့ လူတန်းကြီး မဟုတ်ဘူးဗျာ ..."

"ကြည့်မယ့်သူတွေလား"

"ဟင့်အင်း".. ပြန်ရောင်းမယ့်သူတွေ"

"နေပါဦး။ မင်းကရော ကြိုတင်လက်မှတ်ဘာလုပ်ဖို့ သွားဝယ်တာလဲ"

"ကြည့်ဖို့ပေါ့ အစ်ကိုရ"

"ဘယ်သူနဲ့လဲ"

"ဟာဗျာ ... သိသားနဲ့ ..."

သားကြီးကမေးတော့ သားငယ်သည် အမေ့ကို ခိုးကြည့်ကာ မလုံမလဲ ပြုံးသည်။ အမေက ခွင့်လွှတ်ပြုံး ပြုံးနေလိုက်သည်။ သားငယ်၏ အသက်သည် ယခုလာမည့် ဩဂုတ်လဆိုလျှင် နှစ်ဆယ့်သုံးနှစ်ပြည့်ပြီ။ အမေက ငယ်သေးသည် ထင်သော်လည်း အခြားသူများက လူလားမြောက်ပြီဟု သတ်မှတ်ထားပြီး ဖြစ်သည်။ ချစ်သူရည်းစားထားသည်ကို အပြစ်တင်ဆူပူနေလို့လည်း ရမည်မဟုတ်။ အချိန်တန်လျှင် အဝေးသို့ ပျံကြရမည်မှာ သဘာဝမို့အဖေတို့ အမေတို့က ခွင့်လွှတ်ဖို့သာရှိသည်။

သားငယ်ကတော့ အစ်ကိုနှင့် အစ်မလို ရှည်ရှည်ဝေးဝေး စဉ်းစားတတ်သူ မဟုတ်ပေ။ လှတာမြင်လျှင် ကြိုက်ချင်ချင် သဘာဝမို့ ကြိုက်လိုက်ကွဲလိုက်နှင့် ယခုလက်ရှိ အသက်အထိ ချစ်သူသုံးဦးလေးဦးတော့ ရှိပြီးပြီထင်သည်။

"လက်မှတ်ရော ရခဲ့လား"

"ဘယ် ရမှာလဲ"

"ဒီလိုဆို မင်းရုံးချိန်ကြီး လစ်ထွက်ရပြီးမောတာပေါ့"

"အင်း.. မောတာပေါ့။ ဒါပေမဲ့ ဝတ္ထုလေး တစ်ပုဒ်တော့ စိတ်ကူး ရလာတယ်"

"ဘာတဲ့တုံး"

သားငယ်က စာပေ ဝါသနာပါသည်။ အစ်ကိုကြီးလောက်
စာမဖတ်သော်လည်း စာတိုပေစ ကဗျာတို ကဗျာစလေးများကို
ရေးတတ်သည်။ သူ့ကဗျာလေး စာလေးများကိုဖတ်ပြီး သူ့အစ်ကိုကြီးက
"မင်းဟာက အတွေးနည်းနည်းန နေသေးတယ်" ဟု ဝေဖန်လျှင်
"ရင့်ချိန်တန်တော့ ရင့်မှာပေါ့ဗျာ။ ကျွန်တော်က အစ်ကို့လို အဘိုးကြီးမှ
မဟုတ်တာ" ဟု နှုတ်လှန်ထိုးတတ် လေသည်။

"ကျွန်တော့်ရှေ့က မှောင်ခို ... ပြီးတော့ ... ကျွန်တော် ဆိုပြီးတော့လေ။
မကောင်းဘူးလား ..."

"အမလေး ... အဲဒီဝတ္ထုကြီးကိုတော့ လက်ညှောင်းခံပြီး
ရေးမနေပါနဲ့တော့ဟယ်။ စိတ်ကူးဘဝကတည်းက အမှိုက်ပုံးထဲသာ
ကြုံကြုံတင်တင် ထည့်လိုက်"

သမီးကြီးက ရယ်ရယ်မောမောနှင့်အားပေးစကား ဆိုတော့ သားငယ်၏
မျက်နှာလေး ရှုံ့သွားသည်။ အစ်မဖြစ်သူအား မကျေမနပ်နှင့်ကြည့်သည်။

"အစ်မကလဲ တကယ်ကြည့်ချင်တဲ့သူက တစ်နေရာစာကို သုံးလေးကျပ်အမြတ်ပေးရမှာဗျ။ တရားသလား"

အဖေကြီး၏ သက်ပြင်းချသံကို ကြားရသည်။ အမေကလည်း ရောယောင်ပြီး ပင့်သက်ရှိုက်သည်။ ထမင်းပန်းကန်ထဲတွင် နောက်ဆုံး ကျန်နေသေးသော ထမင်းတစ်လုတ်စာပေါ်သို့ ငပိရည်ထပ်ဆမ်းပြီး သခွားသီးစိတ်ကလေး မြှုပ်လိုက်သည်။

"လူတွေလည်း ပျက်စီးလိုက်ကြတာဟယ်"

နောက်ဆုံးထမင်းလုတ်ကျမှ ကံဆိုးသည်။ ငပိရည်က အငန်ကဲရသည့်အထဲ သခွားသီးကလည်း ထိပ်ပိုင်းကျ သွားလို့လားတော့ မသိ။ ခါးလှသည်။ ပါးစပ်ထဲ ရောက်ပြီးတော့ ထွေးမထုတ်ချင်သည့်အတွက် ကျိတ်မှိတ်ဝါးပြီး မျိုချလိုက်သည်။

"သူတို့အပြစ်ကြီးပဲလည်း မဟုတ်သေးဘူး အမေရဲ့။ ကြိုတင် တစ်စောင်ကို လေးယောက်စာ တစ်ယောက်စာကို နှစ်ကျပ် သုံးကျပ် အမြတ်ရတယ်ဆိုတော့ တစ်မနက်ခင်း လာစီရုံနဲ့ တစ်ဆယ်ဝန်းကျင်မှာ အမြတ်ရတာကိုး"

"ဒါပေမဲ့ နေ့စားလုပ်တယ်ဆိုတာ သမ္မာအာဇီဝ အစ်ကိုရ။ ဒါက ခေါင်းပုံဖြတ်တာ ..."

"သူတို့ကတော့ အဲဒီလိုစဉ်းစားမှာမဟုတ်ဘူး ငါ့ညီ"

"ဒါ့ကြောင့် ပျက်စီးတယ်ပြောတာပေါ့"

"အေးလေ ... ဒါပေမဲ့ အကြောင်းနဲ့ အကျိုးဆိုတာ အပြန်အလှန်ဆက်သွယ်မှု ရှိတယ် ..."

ပါးစပ်က ငန်ရ ခါးသည့်အထဲ ဦးစဉ်းစားကြီးက ရှေ့နေ အလိုက်ကောင်းနေတော့ အမေ အတော်လေး စိတ်တိုလာသည်။

"ကဲ .. ကိုယ်တော်ကြီး ငါးဖယ်ခြစ်ထဲ ငါးပုတ်သင် ရောတာကိုရော ... ကျုပ်က ငါးသည်ကို အပြစ်မတင်လို့ ဘယ်သူ့ကို အပြစ်တင်ရမလဲ ... မိန့်တော်မူပါဦး ... ဘယ်လို အကြောင်းနဲ့ ဘယ်လို အကျိုးလည်း အမိန့်ရှိပါဦး ..."

အမေက ခပ်ငေါ့ငေါ့ပြောတော့ သားငယ်က တဟားဟား ထရယ်သည်။ သားကြီးကတော့ အမေ့မျက်နှာကို ခပ်ငေးငေး ကြည့်နေပြီးမှ သူ့ခေါင်းကိုသူကုတ်ကာ မရယ်ချင့် ရယ်ချင်နှင့် ရယ်သည်။ ထို့နောက် ပင့်သက်ကို မသိမသာ ရှိုက်သည်။

"ဒါတော့ သိဘူးလေ ..." ဟု ခပ်တိုးတိုး ခပ်လျော့လျော့ ပြောလေသည် ။

-------

**မစန္ဒာ**

## ထိုနေ့က မီးမလာပါ (မစန္ဒာ)

-------------------------------

"ကျွန်မ အလုပ်လုပ်တာ ဟိုးရှေ့က ကွန်ဒုံးကြီးမှာလေ

လူထူပြီ ဆိုလျှင် ဒေါ်ကုလားမက မျက်နှာကို မသိမသာလေး မော့ကာ ဂုဏ်တယူယူနှင့် ပြောတတ်လေသည်။

"ကွန်ဒိုးမှာ ဆိုတော့ မီးပျက်မှာကို ပိုပြီး ကြောက်ရတယ်။ လစ်ထဲ ရောက်နေတုန်း မီးပျက်လို့ကတော့ ပိတ်မိနေရော။ မီးစက်နှိုးတယ် ဆိုပေမဲ့ ချက်ချင်းမရ။ လစ်ထဲမှာ ဆိုတော့ ဖုန်းကလည်း မမိ

ဒေါ်ကုလားမ၏ ဘာသာဗေဒအရ ကွန်ဒုံးဟူသည်မှာ ကွန်ဒို ဖြစ်ပြီး၊ လစ် ဟူသည်ကတော့ ဓာတ်လှေကား ဖြစ်လေသည်။ သူ့တွင် လက်ကိုင်ဖုန်းတစ်လုံး ရှိကြောင်း သိရအောင်တော့  လစ်ထဲမှာ ဆိုတော့ ဖုန်းကလည်း မမိ  ဟူသော စကားကိုတော့ မပျက်မကွက် ထည့်ပြောရသည်။ သူ ထိုသို့ ပြောလေတိုင်း ရှက်တက်တက်နှင့် မအီမသာ ဖြစ်သွားတတ်သူကတော့ သူ၏ခင်ပွန်း ကိုကုလားကြီး ဖြစ်သည်။ ကိုကုလားကြီးက သံရုံးတွင် မော်တော်ကားမောင်းသူ ဖြစ်သဖြင့် အင်္ဂလိပ်စကားကို တော်တော်လေး တီးမိခေါက်မိသည်။

“ကွန်ဒိုလို့ မှန်မှန်ကန်ကန် ပြောစမ်းပါဟာ၊ နင့်ဟာက လူကြားလို့ မကောင်းလိုက်တာ

ဒေါ်ကုလားမက ဒုံး လေတိုင်း ကိုကုလားကြီးက ဝင်ပြီး ဒို တတ်သည်။ သို့ပါသော်လည်း ဒေါ်ကုလားမက မဒိုရေးချ မဒိုထဲကမို့ ဒုံးပြီးရင်း ဒုံးပြီး၊ ဒုံးမြဲတိုင်း ဒုံးနေတတ်လေသည်။ သူက ထို ကွန်ဒုံး၊ အဲ ထိုကွန်ဒိုကြီးတွင် နေထိုင်သော သူဌေးမိသားစုအတွက် မနက်လာ၊ ညနေပြန် စနစ်နှင့် အချက်အပြုတ် တာဝန်ကို ထမ်းဆောင်သူ ဖြစ်လေသည်။

လွယ်လွယ်ပြောလျှင် ထမင်းချက် ဟု ပြော၍ ရသော် လည်း ပေါ့သေးသေးတော့ မထင်လိုက်စေလိုပါ။ သွေးတိုးရှိသော သူဌေး၊ ဆီးချိုရှိသော သူဌေးကတော်၊ အသားမာမာ မစားနိုင်သော သူဌေးယောက္ခမ၊ အကင်ကြိုက်သော သူဌေးသား၊ အဆီရှောင်သော သူဌေးသမီး၊ ပင်လယ်စာမှ စားချင်သော သူဌေးယောက်ဖ စသော သူအားလုံးအတွက် အဆင်ပြေအောင် ချက်ပြုတ် စီစဉ်ပေးရသူ ဖြစ်သည်။

ချက်ပြုတ် ပေးရသည်ဟု ဆိုသဖြင့် အိုးဆေး၊ ပန်းကန်ဆေး၊ ကြက်သွန်နွှာ၊ ရေတ်သီးထောင်း လုပ် နေရသည်ဟု ထင်မည်ဆိုလျှင် ဒေါ်ကုလားမ စိတ်ဆိုးရပါလိမ့်မည်။ ထိုအလုပ်များအတွက် လက်ညှိုးထိုး ခိုင်းစရာ ကောင်မလေး တစ်ယောက် အဆင်သင့် ရှိနေပါသည်။ သူက ဝယ်ခြမ်းလာသော အသားငါးများကို တုံးတစ်၊ နယ်ဖတ်ပြီး လိုသလို ချက်ရုံသာ

ဖြစ်လေသည်။

“ဘော အိမ်မှာက ဂတ်နဲ့ ချက်ရတာ

ဘော ဟူသည်မှာ ဘော့စ်ကို ပြောခြင်း ဖြစ်သည်။ ကိုကုလားကြီးက သူ၏ အရာရှိများကို ဘော့စ်ဟု ပြောလေ့ ရှိသဖြင့် သူကလည်း သူ၏ သူဌေးကို ဘောဟု ခေါ်ခြင်း ဖြစ်သည်။ ဂတ် ဟူသည်ကတော့ ဓာတ်ငွေ့၊ ဂက်စ်ကို ရည်ညွှန်းခြင်း ဖြစ်လေသည်။

သူဌေးကို ဘောဟု အမည်တပ်လိုက်ခြင်း အားဖြင့် သူဌေးကတော်သည် ဘောကတော် ဖြစ်သွားလေသည်။

ထိုနည်းတူစွာ ဘောယောက္ခမ၊ ဘောသား၊ ဘောသမီး၊ ဘောယောက်ဖများ တစ်သီကြီး ထွက်လာသည်။ ကိုကုလားကြီးကတော့  နင် အလုပ်လုပ်တာ ကွန်ဒိုးမှာနေတဲ့ ဘောမိသားစုဆီမှာ ပေါ့နော်  ဟု စိတ်ပျက်လက်ပျက် ပြောရှာလေသည်။

“ဟုတ်တယ်၊ ဘောမိသားစုက အားလုံး ကောင်းကြတယ်

အထူးသဖြင့် ဘောကတော်က ပို၍ ကောင်းသည်ဟု ဒေါ်ကုလားမ ထင်သည်။ သူ ချက်သော ဟင်းများကို တွင်တွင် ချီးကျူးတတ်သည်။ စျေးဖိုးကို နှစ်ထောင်မျိုး သုံးထောင်မျိုး တင်တောင်းလျှင်လည်း မသိသလိုပင် နေလိုက်တတ်သည်။ တစ်ယောက်တစ်မျိုး စားချင်တတ်သော သူ၏ အိမ်သားများအတွက်သာမက စီးပွားရေးနှင့် လူမှုရေးအတွက် မကြာခဏ ဖိတ်ကျွေးရသော ဧည့်သည် စောင်သည်များ အတွက်ပါ ဒေါ်ကုလားမက မရှိမဖြစ် လိုအပ်လှသူဖြစ်သည်။ ထို့ကြောင့်လည်း လခကောင်းကောင်း ပေးထားကာ မသိမသာ အလိုလိုက်ထားခြင်း ဖြစ်လေသည်။

မည်သည့်အသား၊ မည်သည့်ငါးကို၊ မည်သည့် အဆာပလာနှင့် နယ်၍ မည်မျှကြာအောင် နှပ်ထားရမည်ကို ဒေါ်ကုလားမ ကောင်းစွာ ကျွမ်းကျင်သည်။ မီးဖိုပေါ်သို့ ဟင်းအိုး ရောက်ပြီးလျှင်လည်း မည်သည့်အချိန်တွင် မီးအားမြှင့်၊ မည်သည့်အချိန်တွင် မီးအားလျှော့၊ မည်သည့်အသားကို ရေပူထည့်၊ မည်သည့်အသားကို ရေအေးထည့်၊ မည်သည့်အချိန်တွင် အဖုံးကို လုံလုံအုပ်၊ မည်သည့်အချိန် အဖုံးလှပ်၊ မည်သည့်အချိန်တွင် နာနာမွှေ စသော စသော ချက်ခြင်း ပြုတ်ခြင်း နည်းပညာများက မနည်းလှချေ။ ဘောကတော်ကတော့ ဒေါ်ကုလားမ ချက်ပြုတ်နေသည်ကို တစေ့တစောင်း ကြည့်ရင်း “ဒေါ်ကုလားမတို့က ရေပေး မီးပေး သိပ်တော်တာ  ဟု ပြောလေ့ရှိသည်။

တစ်စျေးတည်း၊ တစ်ဆိုင်တည်းက ဝယ်လာသော အသားချင်း၊ ငါးချင်း မည်မျှပင် တူနေပါစေ ဟင်းဖြစ်သွားလျှင် ဒေါ်ကုလားမ၏ ဟင်းက အရသာပို၍ ကောင်းနေတတ်သည် ကတော့ အမှန်ပင်။ ယုတ်စွအဆုံး မြင်းခွာရွက်သုပ်၊

ခရမ်းချဉ်သီးသုပ်ဟု ဆိုလျှင်ပင် သူသုပ်သော အသုပ်က ပိုပြီး စားကောင်းနေတတ်သည်။ ဆန်ပြုတ်ချင်း တူလျှင်ပင် ဒေါ်ကုလားမ ဆန်ပြုတ်က အရောင်၊ အဆင်း၊ အနံ့၊ အရသာ ထူးကဲမည်ကတော့ အသေအချာပင် ဖြစ်သည်။

"ငါ စုမိဆောင်းမိပြီး အရင်းအနှီး များများရရင်တော့ ထမင်းဆိုင်ကြီး ဖွင့်ချင်တယ်

ခနေဖြူ ဒေါ်စောရီလို ထမင်းဆိုင်ခွဲပေါင်း များစွာကို ဦးစီးပြီး ဖွင့်လှစ်လိုခြင်းသည် ဒေါ်ကုလားမ၏ စိတ်ကူးအိပ်မက် ဖြစ်သည်။

"အဲဒီကျရင် ကျွန်မကိုလည်း အကူခေါ်နော်၊ ဆိုင်နာမည်ကိုလည်း သူများထက် ဆန်းအောင် ဒေါ်ကုလားမကြီးရဲ့ စေတနာ ဆိုပြီး ပေးကြရအောင်လေ

သူ၏ လက်ထောက် ပိန်ခြောက်ခြောက် ကောင်မလေးက အားရပါးရ ထောက်ခံသည်။ ဆိုင်နာမည်ကိုပင် ရွေးလိုက်သေးသည်။ ဒေါ်ကုလားမကြီး၏ စေတနာ တဲ့။

"နင့်နာမည်က ဆန်းတာတော့ ဆန်းပါရဲ့၊ ဒါပေမဲ့ ငါက ကုလားမအစစ် မဟုတ်တာက ခက်နေတယ်

ကုလားသွေး တစ်စက်တလေပင် မပါဘဲနှင့် သူ့ကို အမေတို့၊ အဖေတို့က ဘာလို့များ ကုလားမဟု ခေါ်ခဲ့ကြသနည်း၊ သူ မစဉ်းစားတတ်ချေ။ နှာတံပေါ်ပေါ်၊ မျက်လုံးပြူးပြူးလေးနှင့် မျက်နှာကျ လှသောကြောင့် "ကုလားမနဲ့ တူတယ်ဟေ့ ဟု ခေါ်ခဲ့ကြခြင်း ဖြစ်သည် ဟူ၍တော့ အမေက ပြောဖူးလေသည်။ သူ့ထက် ဆိုးသည်က သူ၏ ယောက်ျား ကိုကုလားကြီး ဖြစ်သည်။ သူတို့ ညီအစ်ကို လေးယောက်ရှိရာ သူတစ်ဦးတည်း အသားမည်းနေသောကြောင့် ကုလားလေးဟု ခေါ်ခဲ့ခြင်း ဖြစ်သည်။ ထိုကုလားလေး ကြီးလာတော့ လူကောင်ထွားထွားမို့ ကုလားကြီးဟူ၍ ဖြစ်လာရသည်။ မောင်အေးမင်းဝင်း ဟူသော နာမည်လှလှသည် သန်းခေါင်စာရင်း ထဲတွင်သာ ရှိတော့သည် အထိပင်။ ထို့ကြောင့် မြန်မာစစ်စစ် ဖြစ်သော သူတို့ ဇနီးမောင်နှံ နှစ်ဦးသည် ကိုကုလားကြီးနှင့် မကုလားမ ဟူ၍ ကုလားမောင်နှံ ဖြစ်လာကြရသည်။

"သူ့အဖေက မည်းပေမဲ့ မီးမီးလေးက ဖြူတယ်ဟဲ့

"ဒေါ်ကြီးနဲ့ တူသလား

"အင်း တူတယ်။ အခုပုံကြီးနဲ့တော့ ဘယ်ဟုတ်မှာလဲဟာ။ ငါ ငယ်ငယ်တုန်းက ပုံနဲ့ တူတာပေါ့။ ငါက ပညာမတတ်ပေမဲ့ ငါ့သမီးလေးက စာပေးစာယူနဲ့ ဘွဲ့ရတော့မယ်။ ငါ့လိုပဲ အချက်အပြုတ် ဝါသနာပါတယ်။ သင်တန်းတွေ တက်ပြီး ဆုလည်း ရဖူးတယ်။ ငါ့ထက် အများကြီး သာတယ်

"သူကရော ထမင်းဆိုင် ဖွင့်မှာတဲ့လား

“မီးမီးလေးကို ဗေဒင် ဟောဖူးတာကတော့ ကြီးလာရင် ကောင်းစားမယ်တဲ့၊ မင်းကတော် စိုးကတော် ဖြစ်မယ်တဲ့

သမီးကလေးသည် ဒေါ်ကုလားမ၏ ဒုတိယအိပ်မက် ဖြစ်သည်။ သမီးလေး အထက်တန်းကျကျနှင့် ကောင်းစားလျှင် သူလည်း အထက်တန်း ယောက္ခမ ဖြစ်ရမည်မို့ တွေးကြည့်လျှင် ကြည်နူးစရာပင်။

“အပဲ့ မင်းကတော် စိုးကတော်ဆိုရင် ကျွန်မလည်း ဖြစ်ချင်လိုက်တာ

ကောင်မလေးက ရှုံးပေါပေါနှင့် ပြောရင်း နွှာပြီးသား ကြက်သွန်နီများကို တရှပ်ရှပ်နှင့် ခပ်သွက်သွက် လှီးသည်။

“ဒါပေမဲ့ အဲဒါက လှလှပပ၊ တောင့်တောင့် တင်းတင်းလေးမှ ဖြစ်နိုင်မှာပေါ့နော်၊ ကျွန်မက မလှဘူး ဒေါ်ကြီးရဲ့

ကောင်မလေးက အားငယ်စွာ ပြောရှာသည်။

“အင်း နင် အားငယ်မယ် ဆိုရင်လည်း အားငယ်စရာပါပဲ

ဒေါ်ကုလားမက စိတ်ထဲမှ ပြောမိသည်။ ကောင်မလေးက ပိန်ပိန်ကျစ်ကျစ် မည်းမည်း သည်းသည်းလေး ဖြစ်သည်။ ကိုယ်လုံး မလှ၍ မျက်နှာပေါက်ကလေး အားကိုးရမလားဟု ဆိုတော့လည်း မျက်ပေါက်ကျဉ်းပြီး ပါးစပ်ကျတော့ အတော်လေး ပြဲရှာလေသည်။

ဘောကတော်က ဖြူဖြူစင်စင်၊ လှလှပပ၊ စိုစိုပြည်ပြည် မိန်းကလေးများကို ခေါ်လာလေ့ မရှိသည်ကို ဒေါ်ကုလားမ သတိထားမိနေသည်မှာ အတန်ငယ်ပင် ကြာနေချေပြီ။ သူခေါ်လာလိုက်လျှင် ပုပုကွကွ၊ ပိန်ပိန်ခြောက်ခြောက်၊ မည်းမည်းပြာပြာ၊ နှာခေါင်းလန်လန်၊ သွားခေါခေါကလေးများသာ ဖြစ်နေတတ်သည်။

“သူ့မှာက ယောကျ်ားရော၊ မောင်ရော၊ သားရော ရှိနေတော့လည်း စိုးရိမ်ရှာတာပေါ့လေ။ ဒါတောင် အဖေကြီးက ခုနစ်ဆယ်နား ကပ်နေတဲ့ အဘိုးကြီးမို့လို့ စိုးရိမ်ရမယ့် သူတစ်ယောက် လျော့သွားတာ

သို့သော်လည်း ထို အသက်ခုနစ်ဆယ် နီးပါး အဘိုးကြီးကို သူ၏ မြေးနှစ်ယောက်က  မော်ဒန်ဘိုးဘိုး  ဟု ခေါ်ကြလေသည်။ အဘိုးကြီးက မြေးများနှင့်အပြိုင် ယခု ခေတ်စားနေသော ဒေါ်ကုလားမ၏ အခေါ် ဖေ့စဘုတ် ဆိုသည်ကို သုံးပြီး တယ်လီဖုန်း ပွတ်နေတတ်သောကြောင့် ဖြစ်သည်။

သူ့တွင် လက်ကိုင်ဖုန်းတစ်လုံး ရှိသော်လည်း ဒေါ်ကုလားမက အင်တာနက်တို့

ဖေ့စဘုတ်တို့ကို မသုံးတတ်ရှာပေ။  တယ်လီဖုန်း ဆိုတော့ တယ်လီဖုန်း ပြောဖို့ သုံးရရင် တော်ရောပေါ့  ဟူ၍လည်း စွဲစွဲမြဲမြဲ ခံယူထားသူ ဖြစ်သည်။ အခုတော့ သူ့ခမျာ အိမ်ပြန်ရောက်လျှင် စကားပြောဖော်ပင် မရှိရှာချေ။ ယောက်ျားရော၊ သမီးကပါ တယ်လီဖုန်း တစ်လုံးစီနှင့် သဲသဲမဲမဲ ပွတ်နေတတ်ကြသောကြောင့် ဖြစ်သည်။

ဘောကတော်ကလည်း တပွတ်တည်း ပွတ်နေသော သူ့ဖခင်ကို ကြည့်ရင်း စိတ်ညစ်ဟန်ရှိသည်။  အဖေကလည်းလေ အားရင် ပုတီး    လေး စိပ်၊ တရားလေး ထိုင်ပါလား  ဟု မရဲတရဲ ပြောသောအခါ  ဟ    နင် ဘာသိလို့လဲ၊ ကမ္ဘာ့အရေး၊ မြန်မာ့အရေး ဒါလေးထဲက နေပြီး အပ်ဒိတ် အကုန်သိနေရတာ ကမ္ဘာပြားနေပြီ ဆိုတာ နင်သိရဲ့လား  ဟု အဘိုးကြီးက ထအော်လေသည်။

အဘိုးကြီးက သမီးနှင့်အတူ နေသည်ဟု ဆိုသော်လည်း မှီခိုနေသူ မဟုတ်ပေ။ အဆင့်မြင့်တိုက်ခန်း အတော်များများကို ပိုင်ဆိုင်ထားပြီး ငှားခငွေများကို သုံးမကုန်နိုင်အောင် ရနေသူ ဖြစ်သည်။ ထိုသို့ ချမ်းသာသူ ဖြစ်သဖြင့်လည်း သားသမီးများအပေါ် သာမက သမက်အပေါ်မှာပါ ဩဇာညောင်းခြင်း ဖြစ်မည်ဟု ဒေါ်ကုလားမ ထင်သည်။ ယခု သူတို့နေသော တိုက်ခန်းကြီးကိုလည်း အဘိုးကြီး ဝယ်ပေးထားခြင်း ဖြစ်သည်။ သမီးတစ်ခန်း၊ သားတစ်ခန်း ကပ်လျက်ဝယ်ကာ ကြားထဲက နံရံကို ဖြိုချပြီး စုစုစည်းစည်း နေထိုင်ခြင်း ဖြစ်သည်ဟု ဘောကတော်က စိတ်လိုလက်ရ ပြောဖူးသည်။ တိုက်ခန်းကျယ် နှစ်ခန်းစာ ဖြစ်သဖြင့် အိပ်ခန်းချည်း ခြောက်ခန်း ပါဝင်ကာ တစ်ယောက်တစ်ခန်းစီး ကျယ်ကျယ်ဝန်းဝန်း နေနိုင်ခြင်း ဖြစ်သည်။

တံမြက်စည်းလှည်း၊ ကြမ်းတိုက်ပြီး အိမ်သန့်ရှင်းရေး လုပ်ရသော ပိန်ခြောက်ခြောက် ခများတို့မှာတော့ မသက်သာကြပေ။

အဘိုးကြီး၏ သား၊ ဘောယောက်ဖကတော့ ဘဝကို အလိုမကျ ဖြစ်နေသူ ဖြစ်သည်။ သူကြိုက်သော မိန်းမကို သူ့ဖခင်က မကြိုက်၍ အသက်လေးဆယ်နား နီးသည်အထိ အိမ်ထောင်မပြု ဖြစ်သေးပေ။ သူ့ဖခင်ကြိုက်သော မိန်းမကျပြန်တော့လည်း သူက လုံးဝ မကြိုက်ပြန်ပေ။ ထို့ကြောင့် သားအဖနှစ်ယောက် ခပ်တန်းတန်း ဖြစ်နေကြသည်။

ထို အကြောင်းအချက်များ သည်ကား စပ်စပ်စုစု သိပ်မလုပ်ရပါဘဲနှင့် သူတို့အချင်းချင်း ပြောနေ ဆိုနေကြသည်များကို ဆက်စပ်ကာ ဒေါ်ကုလားမ သိထားခြင်း ဖြစ်လေသည်။

ဒေါ်ကုလားမ မသိသည်ကတော့ ဘောကတော်သည် သူ၏ ယောက်ျား၊ သူ၏ မောင်နှင့် သူ၏ သားတို့ကို စိုးရိမ်သောကြောင့် အိမ်ဖော် ကောင်မလေးများကို မျက်စိဒေါက်ထောက်ပြီး ကြည့်နေခြင်း မဟုတ်ပါ ဟူသည့်အချက်ကို ဖြစ်သည်။

ဘောကတော် တကယ်စိတ်မချသည်က အသက် ခြောက်ဆယ့်ရှစ်နှစ် ရှိနေပြီဖြစ်သော သူ၏ ဖခင်ကြီးကို ဖြစ်လေသည်။ နိုင်ငံခြားနှင့် ဆက်သွယ်ကာ သွင်းတန်သော ကုန်ကို သွင်း၊ ပို့တန်သော ကုန်ကို ပို့၊ ပေးတန်သော သူကို ပေးပြီး စီးပွားရေးလောကတွင် ခြေသွက်ခဲ့သူ ဖြစ်သည်။ သို့ပါသော်လည်း

ခြေလှမ်းတစ်ချက် မှားပြီး အဖမ်းအဆီး ခံရမလို ဖြစ်ခဲ့ရသည့်အတွက် အဖေ သူ၏ ခြေလှမ်းများကို လျှော့လိုက်သည်။ သူ၏ ငွေပင်ငွေရင်းများကို စိတ်ချရသူတို့ထံတွင် အတော်အတန် မြှုပ်နှံပြီး အချို့ကိုလည်း အဆင့်မြင့် တိုက်ခန်းများကို ကြိုပွဲငွေ့နှင့် ဝယ်ယူခဲ့သည်။ စီးပွားရေးလုပ်လို့ မကောင်းဘူးကွယ် ဟု ပြောပြီး အိမ်တွင်ပင် တီဗွီလေး ကြည့်လိုက်၊ အခွေလေး ကြည့်လိုက်၊ တစ်ခါတစ်ရံတွင်လည်း အပေါင်းအသင်းများနှင့် ဆုံလိုက်နှင့် အေးချမ်းစွာပင် နေခဲ့သည်။

အဖေက ခြောက်ဆယ့်ရှစ်နှစ် ပြည့်တော့မည် ဖြစ်သော်လည်း ကျန်းမာသည်။ မည်သည့်ရောဂါမျှလည်း ထွေထွေထူးထူး မရှိပေ။ နံနက်တိုင်းလည်း လမ်းမှန်မှန်လျှောက်ဆဲ ဖြစ်သည်။

“ခုခေတ်က သွားမပါရင် နေပါစေ၊ ကားပါဖို့သာ အရေးကြီးတာတဲ့။ ငါတို့အဖေက သွားတောင် မကျိုးသေးဘူး။ သွားရော၊ ကားရော၊ တိုက်ခန်းရော၊ အေတီအမ်ကတ်ရော ပိုင်တယ်နော်။ အသက်ကြီးပြီဆိုပြီး စိတ်ချမနေနဲ့

မောင်ဖြစ်သူက တီးတိုးကပ်၍ ပြောတတ်သည်။

“သူက တစ်ခါတလေ နေ့ခင်း ထွက်သွားတတ်တာ အစည်းအဝေး ဆိုပေမဲ့ အစည်းအဝေးမှ မဟုတ်တာ။ ငါ သိသားပဲ၊ အနည်းအပါးတော့ ရှိမှာပေါ့ဟာ၊ ယောက်ျားပဲဟာ။ နောက်ပြီး အဖေ့အကြောင်းလည်း နင် သိသားပဲ

"သိလို့ပေါ့ဟ

သူတို့၏ ဖခင် ဇ ကလေး ရှိကြောင်း သူတို့ငယ်စဉ်ကတည်း သိခဲ့ကြရသည်။ မကြာခဏ ကျိတ်၍ ငိုရရှာသော အမေ့၏ ဒုက္ခကိုလည်း မျှဝေခံစား ခဲ့ကြရဖူးသည်။ သို့သော် အမေက အလွန်လိမ္မာသည်ဟု ဆိုရမည် ဖြစ်သည်။ သူခံစားနေရသော အိမ်ထောင်ရေး ပြဿနာများကို မောင်နှမအရင်းများကိုပင် အသိမပေးခဲ့ပေ။ အဖေ့ဂုဏ်သိက္ခာကို လုံးဝ မထိပါးစေဘဲ ကျိတ်ပြီး ရှင်းလေ့ရှိသည်။ ထို့ကြောင့် အများ၏ အမြင်တွင် သူတို့၏ ဖခင်ကြီးသည် အလွန်သစ္စာမြဲမြံသော တည်တည်ကြည်ကြည် အိမ်ထောင်ဦးစီး တစ်ယောက် ဖြစ်နေခဲ့လေသည်။ အမေတော်သဖြင့် သူတို့တွင် အမွေပြိုင်လုမည့် အဖေတူ မအေကွဲ မောင်နှမများ ရှိမလာခဲ့ခြင်း ဖြစ်သည်ကို သူတို့မောင်နှမ ကောင်းစွာ သဘောပေါက်လေသည်။

ဘောကတော်ကလည်း သူ့အမေလိုပင် အလိမ္မာဖက်သူ ဖြစ်သည်။ အဖေ၏ ဇ ကလေးကို သူ၏ ယောက်ျားပင် မသိရအောင် ကြိုပြီး ကာထားနိုင်သူ ဖြစ်သည်။ အဖေ ဟန်ဆောင် ကောင်းခြင်းလည်း ဖြစ်နိုင်ပါသည်။ သူတကာ အဘိုးကြီးများလို ကာရာအိုကေဆိုင် သွားပြီး ပန်းကုံးမစွပ်တတ်သဖြင့်လည်း တစ်ဖက်မှ ကျေးဇူးတင်ရသည်။ အမေ မဆုံးမီက အဖေ့သိက္ခာကို အမေက လိုက်ထိန်းပေးနေရ သော်လည်း အမေဆုံးသွားသော အချိန်တွင်တော့ အဖေငြိမ်လာသည်။ သူ့သိက္ခာကိုလည်း သူ့ဟာသူ ထိန်းတတ်လာသည်ဟု ဘောကတော် ထင်သည်။ ဒီအသက် ဒီအရွယ်အထိ နာမည်ပျက် မရှိခဲ့ရခြင်းမှာ အမေ့ကျေးဇူးကြောင့် ဟူသည်ကိုလည်း သဘောပေါက်လာဟန် ရှိသည်။

သို့သော် သူက အဖေ့ကို မယုံရဲသေးသည်ကတော့ အမှန်ပင်။ ရှယ်ယာဝင်ထားသော ကုမ္ပဏီများမှ အစည်းအဝေးခေါ်လျှင်၊ အကြောင်းကြီးငယ် ရှိ၍ အပြင်ထွက်ရလျှင်ပင် ကားကျပ်လွန်းသော လမ်းများကြောင့် အဖေက စိတ်ညစ်သည်။ မြို့ထဲ သွားရမည်ကိုလည်း ဝန်လေးပြီး အိမ်မြဲလာသည်။ အဖေ အိမ်မြဲနေပြန်တော့ အိမ်ဖော်လုလု မထားရဲသော ဘောကတော်၏ ဒုက္ခက ကြီးလာလေသည်။

"အသက်ကလည်း ကြီးလှပါပြီဟာ၊ ငါတို့အဖေလည်း ငြိမ်လောက်ပြီ ထင်ပါရဲ့

ထိုသို့ ပြောမိလျှင် သူ၏ မောင်က ဟဲဟဲ ဟက်ဟက် ရယ်တတ်သည်။

"ယောက်ျားဆိုတာ ရေသဖန်းပင်လိုပဲ အိုလေ သီးလေတဲ့ ခင်ဗျ၊ ခြောက်ဆယ့်ရှစ် ဆိုတာ ခုခေတ်မှာ ဘာများ ကြီးသေးလို့လဲ

"မသီးတော့ပါဘူး ထင်ပါရဲ့ဟာ။ တစ်ခါတလေတော့ အပြင်မှာ တစ်ခါတလေမှာပေ့ါ၊ ယောက်ျားပဲဟာ။ ဟိုးအရင်တုန်းကလို စွဲစွဲမြဲမြဲ ဖြစ်မလာရင် ပြီးရောပေ့ါ

ဘောကတော်က အဖေ့ကို မယုံမရဲ ဖြစ်နေရခြင်းအတွက် ကိုယ့်ကိုယ်ကိုယ်လည်း အပြစ်တင်မိသည်။ အဖေ့အတွက်လည်း

စိတ်မကောင်းလှပေ။ အဖေ့ကို ကျိတ်ပြီး အထင်အမြင် သေးနေသလို၊ စော်ကားနေသလိုများ ဖြစ်နေမလားဟု တွေးမိတတ်သည်။ အမေဆုံးစဉ်က အဖေ့အသက် ခြောက်ဆယ် ကျော်ခါစလေးပင် ရှိသေးသည်။ နောက်အိမ်ထောင် ထူမည်ဆိုလျှင် ထူနိုင်သေးသော်လည်း အဖေက မစဉ်းစားခဲ့ပေ။ ထိုတစ်ချက်တည်းနှင့်ပင် ကျေးဇူးတင်စရာ ကောင်းလှပြီ ဖြစ်သည်။

"အခု အေးနေတယ် ဆိုတာ မီးနဲ့ မတွေ့သေးလို့ဟ၊ မီးပြင်းပြင်းနဲ့များ တွေ့ကြည့်ပါလား။ ငါတို့အဖေ ဖယောင်းတိုင်ကြီး ဟုန်းခနဲ ထ တောက်ပြီး အရည်ပျော်သွားမှာ၊ လောင်းတောင် လောင်းလိုက်ချင်သေး

အဖေ့ကို မကျေနပ်ရင်းစွဲမို့ သူ၏ မောင်က ခပ်ဖိဖိပြောခြင်း ဖြစ်သည်ဟု ဘောကတော်က ယူဆသည်။ မည်မျှပင် ကျန်းမာသည် ဆိုဆို အဖေ့ဆီသို့ ချဉ်းနင်းဝင်ရောက် လာသော ဇရာ၏ အရိပ်အယောင်များက တဖြည်းဖြည်း ထင်ရှားလာနေပြီ ဖြစ်သည်။ ဆေးများ မကူလျှင်တော့ အဖေ့ဆံပင်များသည် ဖွေးဖွေးဖြူနေပြီ ဖြစ်လေသည်။ ကြည့်ပါဦး၊ အဖေ့ခများ လမ်းလျှောက်လျှင်ပင် ခါးကလေး မသိမသာ ကိုင်းနေပြီဖြစ်သည်။ နားမလေးသေးဟု ထင်ရသော်လည်း ပြောသမျှ စကားများကို အလွဲတွေ ကြားတတ်နေပြီ ဖြစ်သည်။ တစ်နေ့တုန်းကပင် တရုတ်နိုင်ငံမှလာသော တည်သီး ဝါဝါကြီးများကို ဈေးမှာတွေ့၍ ဝယ်လာခဲ့သည်။ အဖေစားဖို့ တရုတ်တည်သီးတွေ ပါလာတယ် ဟု ပြောတော့ တရုတ်ကြွယ်သီးကို ငါက ဘာလို့ စားရမှာလဲ ဟု ဘုကန့်လန့် ပြန်ပြောသေးသည်။

"အသက်ခုနစ်ဆယ် ပြည့်ဖို့ နှစ်နှစ်ပဲ လိုတော့တယ်။ မျက်စိမှုန်၊ ခါးကိုင်းပြီး နားလည်း လေးနေပါပြီဟာ။ ငါတို့အဖေ အေးချမ်းငြိမ်သက် နေပါပြီ

သူက ပြောတော့ မောင်ဖြစ်သူက ရယ်နေပြန်လေသည်။ ပြောမယ့်သာ ပြောရသော်လည်း ဘောကတော်၏ စိတ်ထဲတွင်တော့  ငါတို့အဖေက ဖွဲတစ်ဆုပ် မကဘူး၊ တစ်တောင်းလုံးတောင် ထမ်းနိုင်နေသေးတာတော့ အမှန်ပဲ  ဟု တွေးနေမိလေသည်။

ဖွဲတစ်တောင်း ထမ်းနိုင်သေးသော ဖယောင်းတိုင်ကြီးသည် မကြာမီပင် မီးနှင့် တွေ့လေတော့သည်။

ပြဿနာက ဒေါ်ကုလားမ ဖြစ်လေသည်။ ဘောယောက္ခမကြီး မီးနှင့် မတွေ့မီ သူက အလျင် ရေနှင့် တွေ့သွားသောကြောင့် ဖြစ်သည်။ ညနေပိုင်း မိုးသဲသဲမဲမဲ ရွာသော နေ့တစ်နေ့တွင် ဒေါ်ကုလားမ မိုးမိလေသည်။ မိုးရေတွေ တုတ်တုတ်ရွဲကာ အိမ်ပြန်ရောက်လာပြီး ညကျတော့ ဖျားလေတော့သည်။

ဒေါ်ကုလားမ ဖျားလေတော့ ဦးစွာ ဒုက္ခရောက်ရသူမှာ ဘောကတော် ဖြစ်လေသည်။ ဒေါ်ကုလားမ ရောက်မလာလေတော့ နံနက်စောစောစာမှ အစပြု၍ ညနေစာအထိ အဆင်မပြေချင်တော့ပေ။

ဒေါ်ကုလားမ၏ လက်ထောက် ပိန်ခြောက်ခြောက်ကလေးက အိုးသူကြီး ဝင်လုပ်လေတော့ မဆလာတွေ ဖောဖောသီသီ ခတ်ထားသော ကြက်သားဟင်းက အမည်းရောင် သန်းနေသည်။ အစိမ်းကြော်က ပျော့ပြီး ပြဲနေသည်။ မုန်လာဥချဉ်ရည်ဟင်းက ပေါ့ရွှတ်ရွှတ်နှင့် အရသာ မရှိလှချေ။

ညနေကျတော့ ဒေါ်ကုလားမကို ဖုန်းဆက်ပြီး အကျိုးအကြောင်း မေးသည်။ ကိုယ်တွေလက်တွေ ကိုက်ခဲပြီး ချောင်းလည်း မရပ်မနား ဆိုးနေသဖြင့် မလာနိုင်သေးကြောင်း ဆက်ပြီး ခွင့်တိုင်သည်။ ဘောကတော်က အဖျားကူးမှာ စိုးသဖြင့် အတင်းမလာခိုင်းသော်လည်း ချူသံပါအောင် ညည်းရှာလေသည်။

“ဒီလိုဆိုရင် မီးလေးကို လွှတ်ပေးမယ် အစ်မ၊ သူက ပြိုင်ပွဲတွေမှာတောင် အမြဲ ဆုရနေတာ။ ကျွန်မထက် ပိုပြီး အချက်အပြုတ် ကောင်းတယ်

“အောင်မလေး ကျေးဇူးတင်လိုက်တာယ ဒေါ်ကုလားမရယ်၊ ဆက်ဆက် လွှတ်ပေးလိုက်စမ်းပါ

သို့နှင့်ပင် ဇာတ်လမ်း စ ခဲ့ကြခြင်း ဖြစ်လေသည်။

ဘောကတော် မသိသည်က မီးမီးလေးသည် ဒေါ်ကုလားမထက် ဆယ်ဆ ပိုလှကာ ဆယ်ဆမက ပို၍ လူရည်လည်သည်ဟူသော အကြောင်းကိုပင်

ဖြစ်သည်။

ဒေါ်ကုလားမက ရင်မောက်မောက်၊ တင်ကောက်ကောက်နှင့် ဗိုက်ကလည်း တော်တော်ပူလေသည်။ သူ့ကိုများ ဘေးတိုက် ကြည့်လိုက်လျှင် စာတတ်ခါစ ကလေးတစ်ယောက် ကြိုးစားပမ်းစား ရေးထားသော ပုံစံခပ်ပျက်ပျက် နငယ်ကြီးနှင့် တူလေသည်။

မီးမီးလေး ကြီးလာလျှင်တော့ သူ့မိခင်လို ဖြစ်ကောင်း ဖြစ်မည်ဟု ထင်စရာ ရှိသည်။ သို့ပါသော်လည်း ယခုအချိန်မှာတော့ သူ၏ အချိုးအစားသည် ဒေါ်ကုလားမ၏ အချိုးအစားကို လေးနှင့် စားထားသည်နှင့် တူလေသည်။ ထို့ကြောင့် အသားလေးဖြူဖြူ အရပ်လေး မြင့်မြင့်၊ ခါးကျဉ်၍ ဗိုက်ရှပ်ကာ ရင်ကလေး မသိမသာ မောက်၊ တင်ကလေး မသိမသာ ကောက်သော သူ၏ ကောက်ကြောင်းကလေးက တော်တော်လေး လှလေသည်။ မျက်ခုံး၊ မျက်လုံး လှသည့်အပြင် နှုတ်ခမ်းကလေးကလည်း အမြဲပြုံးနေတတ်သေးသည်။

မီးမီးလေးကိုတွေ့တော့ ဘောကတော်ခမျာ ရင်တော်တော် ပူသွားရှာသည်။ "ဒေါ်ကုလားမရဲ့ သမီးက အလှစားလေးပါလား  ဟု အာမေဋိတ်ပြုရင်း အိမ်တွင် ရှိရှိသမျှ ပုရိသများအတွက် စိုးရိမ်သွားသည်။ သို့ပါသော်လည်း  သုံး လေးရက်နဲ့တော့ ကိစ္စ မရှိလောက်ပါဘူးလေ  ဟု ပြန်တွေးရင်း ဖြေသိမ့်ရသည်။

မီးမီးလေး၏ လက်ရာသည် သူ့အမေလိုပင် စားကောင်းပါသည်။ လက်ရာပြောင်းကလေး ဖြစ်၍ ပို၍ပင် ခံတွင်းလိုက်နေသေးလေသည်။ မီးမီးလေးကိုယ်တိုင် စောင့်ကြည့်ပြီး လိုသမျှ လိုက်ထည့်ပေးနေတော့ ယောက်ျားသားလေးဦးက အိန္ဒြေကြီးနေကြသည်။ ခါတိုင်းလို ဆူဆူညံညံ စကားသံများ မကြားရဘဲ ထမင်းဝိုင်းက ငြိမ်နေသည်။

"ညကျမှ စိတ်ကူးရလို့ တစ်ခုခု စားချင်ရင်လည်း မီးဆီကို ဖုန်းဆက်လိုက်ပါနော်၊ နောက်နေ့အတွက် အားလုံး အဆင်ပြေအောင် မီး စီစဉ်ပေးပါ့မယ်

မီးမီးလေးက သူ၏ဖုန်းနံပါတ်ကို ပြောသည်။

"ငါးကင် ဒေါ်ကြီးကုလားမ ကင်ပေးတာမျိုး

ဘောသားကလေးဆီမှ အသံက ဦးစွာ ထွက်လာသည်။ မီးမီးလေးက ပြုံးပြုံးလေး ခေါင်းညိတ်သည်။  ပိုကောင်းစေရမယ်  ဟူ၍လည်း အာမခံလိုက်သေးသည်။

ဘောကတော်က အဖေကို ဦးစားပေးကာ  အဖေကရော ဘာလေးများ စားချင်သလဲဟင်  ဟု မေးသည်။ ဘောယောက္ခကြီးက  ဘာလေးဖြစ်ဖြစ်

ရပါတယ်ကွယ်၊ များများလည်း မစားနိုင်ပါဘူး  ဟု အေးဆေးစွာ ပြောသည်။

ထိုနောက်  နေ့ခင်းကျရင်တော့ နွားနို့ပူပူလေးတစ်ခွက် အခန်းထဲ ပို့ခိုင်းပေးပါ သမီးရယ်  ဟု ပြောသည်။ မီးမီးလေးကို လှည့်စောင်း၍ပင် မကြည့်ဘဲ သူ့သမီးကိုသာ သူ အိန္ဒြေရစွာ ပြောသည့်အတွက် အဖေကို အကဲခတ်နေသော ဘောယောက်ဖပင် အတန်ငယ် ကျေနပ်သွားလေသည်။ သို့သော် သူ့ဖခင်က သူ့ထက် တစ်ကွက်မက များစွာ သာနေကြောင်း ဘောယောက်ဖ မသိရှာပေ။

ဘောကတော်က  နေ့ခင်းကျရင် ဘူးထဲက ကောင်းဟက်နွားနို့ကို ပူအောင် ပြန်ကျိုပြီး အဖေ့ဆီကို ပို့ပေးနော်  ဟု ပိန်ခြောက်ခြောက်ကလေးကို မှာပြီး ဘောနှင့်အတူ အပြင်ထွက်သွားသည်။ ဘောယောက်ဖကလည်း ထုံးစံအတိုင်း သူ၏ တယ်လီဖုန်းဆိုင်ကို သွားသည်မှာ ညနေစောင်းမှ ပြန်ရောက်တော့မည် ဖြစ်သည်။ ဘောသားနှင့် သမီးတို့လည်း ဆိုင်ရာသင်တန်းများ သွားကြသည်။ ထိုအချိန်တွင် မီးမီးလေးဆီသို့ တယ်လီဖုန်းသတင်းက တိန်ခနဲ ရောက်လာသည်။

“နွားနို့ရပြီလား  တဲ့။

မီးမီးလေးလည်း လှစ်ခနဲ ပြုံးလိုက်မိသည်။ ထမင်းဝိုင်းတွင် ပြောလိုက်သော သူ၏ တယ်လီဖုန်းနံပါတ်ကို တစ်ချီတည်း အလွတ်ရအောင် မှတ်လိုက်နိုင်သော ဘိုးဘိုး၏ ဦးနှောက်ကိုလည်း ချီးကျူးလိုက်မိသည်။

“ရပါပြီ ဦး။ ဆားလေးနဲ့ သောက်မလား၊ သကြားလေးနဲ့ သောက်မလား ကြိုက်တာ ပြောပါနော်

အဘိုးဟု ခေါ်သင့်သော်လည်း မီးမီးလေးက  ဦး  ဟုပင် ခေါ်လိုက်သည်။ အပြန်စကားကလည်း ချက်ချင်းပင် ရောက်လာသည်။

“ဘာနဲ့ပဲ ဖြစ်ဖြစ် မီးလေးကိုယ်တိုင် လာပို့ပါလား

“ဟုတ်     ဦး

မီးမီးလေးက နွားနို့ပူပူလေးကို သကြားခတ်ပြီး ပိန်ခြောက်ခြောက်ကလေးကို အဖော်ခေါ်ကာ ကိုယ်တိုင် သွားပို့သည်။ အဘိုးကြီးက ပိန်ခြောက်ခြောက်ကို ဝေ့ခနဲ တစ်ချက် ကြည့်လိုက်ပြီး  အေး    ထားခဲ့၊ထားခဲ့  ဟု အေးဆေးစွာ ပြောသည်။ မီးမီးလေးကလည်း  လိုတာရှိရင် ပြောပါ ဘိုးဘိုး  ဟု ရှိရိုကျိုးကျိုး ပြောလိုက်သည်။

အမေ တစ်စွန်းတစ်စ ပြောဖူး၍ ဘောယောက္ခမ မည်မျှ ချမ်းသာသနည်း မီးမီး သိထားသည်။ သို့ပါသော်လည်း သူက အမေသိသလောက်ပင် သိရသည်မို့ ရိုးရိုးအေးအေး အဘိုးကြီးဟု ထင်ထားခဲ့သည်။ ငါးမြားချိတ်ကို အရင်ဆုံး ပြေးဟပ်မည့် ငါးကြီးဟု မထင်ခဲ့မိပေ။ အခုတော့ မြွေမြွေချင်း ခြေမြင်လိုက်ပြီ

ဖြစ်သည်။ ဒေါ်ကုလားမ၏ သမီးသည် ဒေါ်ကုလားမလို ဟင်းချက်ရန် တစ်ခုတည်းကိုသာ စိတ်ဝင်စားနေသူ မဟုတ်ကြောင်းကို ဘိုးဘိုးကြီးကလည်း အကဲခတ်တတ်လိမ့်မည်ဟု ထင်ပါသည်။ မီးမီးက မဆလာကို သာမက အသပြာကိုလည်း စိတ်ဝင်စားတတ်ပါသည်။

ပိန်ခြောက်ခြောက်သည် ဒေါ်ကုလားမကို ကူသလို မီးမီးကိုလည်း ကူရသည်။ ဒေါ်ကုလားမနှင့်အတူ ချက်ရစဉ်က စကားတပြောပြောနှင့်မို့ ပျော်စရာကောင်းသော်လည်း မီးမီးကတော့ သူ့ကို လှည့်၍ပင် မကြည့်နိုင်ရှာပေ။ တတိန်တိန်နှင့် ရောက်လာသော မက်ဆေ့ချ်များကို တစ်ချိန်လုံး ဖြေနေရှာသောကြောင့် ဖြစ်    သည်။

"မမမီးက မီးဖိုချောင်ထဲကတောင် မထွက်ဘူး၊ ဘိုးဘိုးကြီးအတွက် နွားနို့ကိုတော့ ကျွန်မနဲ့အတူ သွားပို့တယ်။ ဘိုးဘိုးကြီးက လှည့်တောင် မကြည့်ဘူး။ အေး ထားခဲ့၊ ထားခဲ့ ဆိုလို့ ထားပြီး ချက်ချင်း ပြန်ထွက်လာခဲ့ကြရော

ဘောကတော် ပြန်ရောက်လာတော့ ပိန်ခြောက်ခြောက်ကလေးက သူသိသမျှ အစီရင်ခံရသည်။

ဘောကတော်လည်း အတိုင်းထက်အလွန် ကျေနပ်သွားရှာလေသည်။ ထိုအချိန်တွင် မီးမီးက သူ့ဆီရောက်လာသော  မီးက လှတယ်  ဟူသော

စာတန်းလေးကို ဖတ်ရင်း ပြုံးနေလေသည်။ ထိုနောက်  ဦးလည်း ငယ်တုန်းက ချောမှာပါ  ဟု ပြန်ပို့လိုက်သည်ကို သိများသိလျှင် ဘောကတော်ခများ အတော်ကြီး အသည်းနာရှာမည် ဖြစ်သည်။

“အဆင်ပြေရဲ့လား မီးမီးရယ်

သူ့သမီး ပြန်ရောက်လာတော့ ဒေါ်ကုလားမက စိတ်ပူပင်စွာ မေးသည်။ မီးမီးက “အဆင်ပြေတယ် ဆိုတာထက်တောင် ပိုပြီး ပြေသေးတယ် အမေရဲ့  ဟု ပြန်ဖြေလိုက်သည်။

“အေးကွယ်၊ အမေတော့ နောက် သုံးရက်လောက်တော့ နားမှ ဖြစ်မယ် ထင်တယ်။ အဖျားကျပေမယ့် ချောင်းဆိုးတာက ခုထိ မပျောက်ဘူး

“ရပါတယ် အမေရယ်၊ အေးအေးဆေးဆေး နားပါ။ မီးလည်း လုပ်နိုင်ပါတယ်။ အားလုံး မီးတာဝန် ထားလိုက်

မီးမီးက တာဝန်ယူတော့ သူ့ဖခင် ကိုကုလားကြီးရော၊ ဒေါ်ကုလားမပါ ကျေးဇူးတွေ တင်နေကြသည်။ ကိုကုလားကြီးက  သမီးလေး တစ်ယောက်ဆို ဆိုသလောက် အားကိုးရတယ်ကွယ်၊ အမေကို အင်မတန် ညှာတဲ့ သမီး  ဟု တဖွဖွ ချီးကျူးနေတော့ ဒေါ်ကုလားမလည်း ပီတိဝေနေရလေသည်။  မိဘကို သိတတ်တဲ့ သားသမီးမျိုးဟာ ဘယ်တော့မှ မဆင်းရဲဘူး။ လိုအင်ဆန္ဒ အမြဲ

ပြည့်ရမှာပဲ   ဟူ၍လည်း ကြုံသမျှလူကို ပြောရဦးမည်။

မီးမီး၏ လိုအင်ဆန္ဒ ပြည့်ဝသည်ကတော့ အမှန်ပင်၊ လေးရက်မြောက်နေ့တွင်တော့   မီးလေး ဘာလိုချင်လဲ   ဟူသောအဆင့် ဖြစ်လာသည်။ မီးမီးကလည်း လိုရင်းတိုရှင်း ပြန်ဖြေလိုက်သည်။  အိုင်ဖုန်း ဟု။ အဘိုးကြီးဆီမှ အဖြေက ချက်ချင်း ပြန်မလာ။ ထို့ကြောင့် မီးက ထပ်ပို့လိုက်သည်။  အမေ နေကောင်းပြီ ဦး၊ နက်ဖြန်ဆိုရင် မီး မလာတော့ဘူးနော် တော့      တာ

မီး မလာတော့ဘူး ဟူသော စကားက ဟတ်ထိသွားပုံ ရသည်။

ချက်ချင်းပေါ်လာသော စာတန်းလေးက

“တွေ့ချင်တယ်   တဲ့။

“ဘယ်မှာလဲ

“အပြင်မှာ

“ဟင့်အင်း

“... ဟိုတယ် မှာလေ၊ နေ့ခင်း တစ်နာရီ

“ဟင့်အင်း

“ဦး စောင့်နေမယ်

“ဟင့်အင်း

“မီးပြန်ရင် အိမ်အဝင်ဝက မယ်တော်ကြီး ဂမုန်းပင်နောက်ကို ကြည့်လိုက်

“တကယ်လား

“လာမှာလား

“အင်း

မီးမီးပြန်တော့ မယ်တော်ကြီး ဂမုန်းပင်ကြီး၏ အရွက်ဖားဖားများ ကြားထဲသို့ အသာ ကဲကြည့်လိုက်သည်။ ပလတ်စတစ်အိတ် အမည်းလေးနှင့် သပ်သပ်ရပ်ရပ် ထုပ်ထားသော အထုပ်ကလေးတစ်ခုကို တွေ့ရသည်။ မီးမီးက ကျေနပ်စွာ ပြုံး၍ အသာ ကောက်ယူကာ လက်ကိုင်အိတ်ထဲ ထည့်လိုက်လေသည်။

နောက်တစ်နေ့ကျတော့ မီးပျက်သည်။ မီးပျက်တော့လည်း လေအေးစက်များ မလည်နိုင်တော့ပေ။ သူ့အခန်းကို နှစ်ဆယ့်လေးနာရီပတ်လုံး လေအေးစက်ဖွင့်ထားသော ဖခင်အတွက် ဘောကတော် စိတ်မကောင်း ဖြစ်ရသည်။

“ဒီနေ့ အဖေ ကံမကောင်းဘူး ထင်တယ်

မနက်တုန်းကတော့ အဖေက အစည်းအဝေးသွားရမည်ဟု ပြောသည်။ အိမ်မှ ထွက်သွားစဉ်ကတော့ ရွှင်ရွှင်လန်းလန်းပင်။ အဖေ့ဆီမှ ရေမွှေးနံ့ရ၍ သူက ကျိတ်ပြီး ပြုံးမိသေးသည်။

ညနေ လေးနာရီလောက်ကျတော့ အဖေ ပြန်ရောက်လာသည်။ သူ့အခန်းထဲ တန်းဝင်သွားပြီး ပြန်ထွက်မလာတော့။ မျက်နှာကြီးလည်း ပုပ်နေလေသည်။ ကားမောင်းသူကို တိုးတိုးတိတ်တိတ် မေးကြည့်တော့ အစည်းအဝေးမှာ မီးမလာဘူးတဲ့ မမ ဟု ပြောသည်။

ဟော အခုလည်း ဒီမီးက ပျက်ပြန်ပြီ။ အဖေ့ခမျာ ဝရန်တာထွက်ပြီး ယပ်တောင် တဖျပ်ဖျပ် ခတ်နေရရှာသည်။ ဘောကတော်က သံပရာရည် အေးအေးလေး ဖျော်ပြီး အဖေ့ကို သွားပေးသည်။

"အဖေ အပူနည်းနည်း သက်သာသွားအောင် သံပရာရည် အေးအေးလေး သောက်လိုက်ပါလားဟင်

သူ့စကားထဲတွင် ဘာအမှားမှ မပါဘဲနှင့် အဖေ ဘာလို့ ဒီလောက် စိတ်ဆိုးသွားရသနည်း ဘောကတော် စဉ်းစား၍ မရရှာချေ။ သံပရာရည်ခွက်ကို ဆောင့်တွန်းပစ်လိုက်ပြီး ထ အော်လိုက်သည်မှာ တစ်တိုက်လုံးပင်

တုန်သွားလောက်သည်။

“သက်သာမလား ဟ၊ မီးမှ မလာတာ  တဲ့။

---------------

**မစန္ဒာ**

**ရွှေအမြု   တော၊ နိဝင်   ဘာ၊ ၂၀၁၅။**

# ဆေးကုရ၍ မရပါ (မစန္ဒာ)

------------------------------

မမညိုရဲ့ ဆေးခန်း ကလေးသည် တစ်ခုသော ဆင်းရဲသား ရပ်ကွက်၏ အစွန်ဘက် ခပ်ကျကျတွင် တည်ရှိသည်။ ရွှံ့ထူသော မြေပေါ်တွင် မဓမတိုင် ထောင်ကာ ကြမ်းကြဲ စိုက်ထားသော ဆေးခန်း ကလေးသည် ထည်ထည်ဝါဝါ မရှိလှသည်ကတော့ အမှန်ပင်။

မြေနီလမ်းနှင့် ဆေးခန်းကလေး အကြားတွင် ရှိနေသော ရွှံ့နွံများကြောင့် ဆယ်ပေခန့် ရှည်သော သစ်သား တံတားလေး ထိုးထား ရသည်။ တံတားလေး၏ တစ်ဖက် တစ်ချက်တွင် ဗုဒ္ဓသရဏံ အပင်ရိုင်းများနှင့် ပိန်းပင်များ ရှိသည်။ ခပ်လှမ်းလှမ်း တွင်ကား ခရာခြုံကြီး တစ်ခြုံ ရှိသည်။ ခရာရွက် ချွန်ချွန်များသည် ညနေခင်း နေရောင်ခြည် အောက်တွင် စိမ်းမြစိုလက် နေတတ်သည်။

ဘွဲ့ကလေး တစ်ခု ရထား သော်လည်း အလုပ်အကိုင် မည်မည်ရရ မရှိသေးတော့ ပိုပိုသည် မမညိုရဲ့ ဆေးခန်းသို့ ညနေတိုင်း လိုက်သွားရ၏။ မီးရောင်မှိန်မှိန် အောက်တွင် ခြင် တဖျပ်ဖျပ် ခတ်ရင်း လူနာ မျှော်ရသော အလုပ်ကို မလုပ်ချင် သော်လည်း မတတ်နိုင်ပါ။

"မိပိုရယ် ငါတို့ ညီအစ်မ နှစ်ယောက် ဆိုတော့ အပြန် မိုးချုပ် ပေမယ့်လည်း တော်သေးတာပေါ့။ နင် မလိုက်ရင် ငါ့မှာ ချင်းမနားကို မှန့်ဖိုး ပေးပြီး အဖော် ခေါ်နေရတာ ကိုလည်း သိသားနဲ့ ..."

မမည်ိုက ချော့ရှာသည်။

ပိုပိုက ...

"မမညိုရာ ဒီလောက် မိုးချုပ်စရာ မလိုဘဲ ဒီထက် ပိုရအောင် လုပ်လို့ ရသားနဲ့များ၊ ဒီဆေးခန်း နေရာမှာ ပိုပိုတို့ ညီအစ်မ မုန့်ဟင်းခါး ရောင်းကြရ အောင်လေ၊ ဒီထက် နှစ်ဆ သုံးဆ ပိုရ မရ လောင်းမလား ..." ဟု ကျီစယ်မိရာ (အမှန်ကတော့ အတည် ပြောမိခြင်း ဖြစ်ပါသည်) မမညို စိတ်ဆိုးသွား၍ မနည်းကြီး ပြန်ချော့ ခဲ့ရသည်။

အခုတော့လည်း ညနေ လေးနာရီ ထိုးလျှင် အသင့်ပြင် ထားသော ခြင်းတောင်းလေးကို ဆွဲပြီး မမညို၏ နောက်မှ တစိုက်စိုက် လိုက်ခဲ့ရသော ဘဝတွင် ပိုပို အသားကျ နေပေပြီ။ သူ၏ ခြင်းတောင်းလေး ထဲတွင် ဝတ္ထု (သို့မဟုတ်) မဂ္ဂဇင်း တစ်အုပ်၊ ထိုးလက်စ အင်္ကျီလေးနှင့် ထရိုင်ဇာ ချည်လုံး၊ လက်နှိပ်ဓာတ်မီး တစ်ချောင်း အမြဲ ပါရှိ လေသည်။ ဖယောင်းတိုင်၊ မီးခြစ်နှင့် ခြင်ဆေးခွေတို့ ကိုကား ဆေးခန်းတွင်ပင် ထားပြီး ကုန်လျှင် ကုန်သလို ထပ်သယ်ထား ရသည်။ ထို့အပြင် မမညို၏ ဆေးခန်းအတွက် မီးမွှေးရန်

ထင်းရှူးသားလေး များနှင့် မီးသွေးလည်း လိုသေးသည်ဟု ဆိုလျှင် မပြုံးကြ စေလိုပါ။ မမညို၏ ဆေးခန်းက မီး ခဏခဏ ပျက်တတ်သည်။ မီးစက်လည်း မဝယ်နိုင်တော့ ဖယောင်းတိုင်သာ အဆင်သင့် ဆောင်ထား ရသည်။ ဖျတ်ခနဲ မီးပျက် သွားသည်နှင့် ပိုပို ကလည်း မီးခြစ် ကလေးကို ရှဲခနဲ ခြစ်တတ်သည်မှာ သံပတ် ပေးထားသော စက်ရုပ် တစ်ခုလို အချိန်ကိုက်ပင် ဖြစ်နေတတ် လေသည်။

လူနာကို ဖယောင်းတိုင် မီးနှင့် ကြည့်လို့ ရှုလို့ စမ်းသပ်လို့ ရသေး သော်လည်း အပ်တို အပ်ရှည်တွေ ကိုတော့ ဖယောင်းတိုင် မီးနှင့် ပြုတ်၍ မရပေ။ ထိုကြောင့် ဆေးဗီဒို အောက်တွင် အဆင်သင့် ဆောင်ထားသော ထင်းရှူးသားပေါက် ကလေးများကို ဆွဲထုတ်ကာ မီးသွေး မီးဖိုကို အမြန်ဆုံး ရအောင်လည်း မွှေးတတ်နေပြီ ဖြစ်လေသည်။ မီးစွဲပြီ လာသော မီးသွေးတုံးလေး များကို အပူရှိန် ကောင်းလာစေရန် ယပ်တောင်နှင့် တဖျပ်ဖျပ် ခတ်ရင်း ပိုပိုသည် "ငါလည်း ဂျာရစ်တို့ အမေနဲ့ အတူတူပါပဲ" ဟု  တွေးနေမိ တတ်သည်။

ဂျာရစ်တို့ အမေသည် မမညို၏ ဆေးခန်းနှင့် မျက်စောင်းထိုး နေရာလောက်တွင် ပြောင်းဖူး မီးဖုတ် ရောင်းလေသည်။ သွပ်ပြားဟောင်းပေါ် တင်ထားသော မီးကျီခဲ ရဲရဲကလေး များကို ဘယ်ဘက် လက်က တဖျပ်ဖျပ် ခတ်နေရင်း ညာဘက်လက် ကမူ ပြောင်းဖူး ကလေးကို အကျက် ညီစေရန် လှည့်ပေး နေတတ်သည်။ သူ့ ပြောင်းဖူး မီးဖုတ်နံ့က သင်းပျံ့ပြီး မွှေးကြိုင်နေ သဖြင့် အနံ့ရတိုင်း ပိုပို စားချင်စိတ် ပေါက်လာ တတ်သည်။ သို့သော် တကယ် ဝယ်စား ကြည့်လျှင်တော့ စား၍ မကောင်းလှချေ။ ပြောင်းက မာကြမ်းပြီး

ရင့်သည်။ ရင့်နေတော့ ကျောက်ခဲလေး တွေလို မာနေ တတ်သည်။ သွားတွေ ညောင်းလာအောင် ဖိပြီး တအား ဝါးနေရ သော်လည်း ချိုသော အရသာ ကိုကား ရှာ၍ မတွေ့ချေ။

"မိပိုရယ် … ဘာလို့ ဝယ်စား နေရတာလဲ၊ သူ ချောင်း တဟွပ်ဟွပ် ဆိုးနေတာ မတွေ့ဘူးလား။ သူ့မှာသာ တီဘီ ဖြစ်နေရင်တော့ နင့်ကို ကူးပြီသာ မှတ်တော့ …"

မမညို ထဆူသည်။  မမညို ပြောမှ ပိုပိုလည်း သတိထား ကြည့်မိသည်။ သူ ချောင်းတဟွပ်ဟွပ် ဆိုးနေတတ်သည် ကတော့ အမှန်ပင်။ ခြေချောင်းလေး များလည်း ယောင်အမ်း နေတတ်သည်။

"အစ်မ ချောင်းဆိုး နေတယ်နော်၊ ဆေးမသောက် ဘူးလား …"

တစ်ခါကတော့ ပိုပို စပ်စုဖူးသည်။

"ဇီယာရွက် အရည်ညှစ်ပြီး သောက်တယ်လေ …"

သူက ပိုပို့ကို လှမ်းကြည့်ပြီး မပွင့်တပွင့် ပြောသည်။ ဆေးခန်းက ကောင်မလေး

ဆေးရောင်းချင်၍ လာပြော တာလားဟု ထင်သွားမည် စိုး၍ ပိုပိုက "ချောင်းဆိုးပျောက် ဆေးလေး ဘာလေး ဝယ်သောက် ပါလား၊ ဆရာဝန်နဲ့ စမ်းကြည့်ပါလား ..." ဟု ပြောချင်သော်လည်း ဆက်၍ မပြောရဲခဲ့ချေ။

ဂျာရစ် ကတော့"အိမ်မှာ ဇီယာပင် စိုက်ထားတယ်ဗျ" ဟု ဝင်ပြောသည်။

"ကျွန်မက အအေး ကြောက်တယ်၊ နည်းနည်း အေးလာရင် ချောင်းဆိုး တာပဲ။ ဒီလိုပါပဲ၊ နောက်တော့လည်း ပျောက်သွား တာပဲ။ ရောဂါက ကြာကြာ မနေနိုင်ပါဘူး။ သူ့ဟာသူ နေရတာ ပျင်းပြီး ပြန်ထွက် သွားရော"

သူက ခပ်ပေါ့ပေါ့ပင် ပြောသည်။ ချောင်းဆိုးခြင်း ဟူသည်မှာ ဆေးကုသရန် လိုအပ်သော ရောဂါလည်း မဟုတ်ဟု သတ်မှတ်ထားပုံ ရလေသည်။ ချောင်းဆိုးခြင်းသည် ရောဂါ မဟုတ်သော်လည်း ရောဂါကြီး တစ်ခုခု၏ လက္ခဏာ ဖြစ်နိုင်ကြောင်းကို ပိုပိုက တွေးပြီး ပူပင်မိ သော်လည်း သူကတော့ ပူပန် မတူပေ။ ပြောင်းဖူးဖုတ် အကြွေးစား သွားသူထံမှ အကြွေး တောင်းရန်၊ မီးသွေးဖိုး အကြွေး ဆပ်ရန်၊ နောက်တစ်နေ့ အတွက် ဆန်ဝယ်ရန် စသည် စသည်များ ကိုသာ ပူပန်နေလေ့ ရှိလေသည်။

"သူ့ ပြောင်းဖူးဖုတ်က စားလို့ သိပ်မကောင်းပေမယ့် ဒီနားက ကလေးတွေ ကတော့ စားနေကြ တာပဲ။ သူ့မှာသာ တီဘီ ဒါမှမဟုတ် ကူးစက်ရောဂါ တစ်ခုခု ဖြစ်နေရင် ဒီကလေးတွေ ကူးကုန်တော့မှာပေါ့ ..."

ပိုပိုက မတောက်တခေါက် ဆေးပညာ အသိကလေးနှင့် စဉ်းစားကာ စိတ်မသက်မသာ ဖြစ်နေတတ်သည်။ ခေါက်မုန့် ရောင်းသောဒေါ်မိက ခေါက်မုန့်တွေ ပေါ်ကို ဟတ်ချေးဟု ချေချပြီး တံတွေးတွေ စင်ကုန်တာ မြင်တော့လည်း စိတ်ရှုပ်ထွေး ရပြန်သည်။

သို့သော်လည်း ဒီနားက လူတွေက ရောဂါပြီး စနစ်ကိုက ကောင်းနေ သလား၊ ရောဂါဖြစ်မှန်း မသိကြ တာလား၊ ဖြစ်မှန်း သိလျက်နှင့် မကုကြ တာလားတော့ ပိုပို အသေအချာ မသိ။ တော်ရုံတန်ရုံ နှင့်တော့ ဆေးခန်း မလာတတ်ကြ။

အတော်အတန် ဖျားလို့ ကတော့ ဘယ်ဆရာဝန် ကိုမှ စမ်းသပ်ခ ပေးမနေကြ တော့ဘဲ သူတို့ဟာ သူတို့ ပါရာစီတမောလေး တစ်ပြား နှစ်ပြား၊ ဘာမီတွန်လေး တစ်ပြား နှစ်ပြား ဝယ်သောက်လိုက် ကြသည်သာ ဖြစ်သည်။ အဖျား မကျဘဲ ပြန်ပြန်တက် နေသော အခါများ ကျမှ ဆေးခန်း လာတတ် ကြသည်။ ဒါတောင် ဒီတစ်ခါ ပင်နယ်ဆူလင် သောက်ဆေး ပေးလိုက်လျှင် နောက်တစ်ခါ ဖျားပါက ဆေးခန်း မလာကြ တော့ဘဲ ပင်နယ်ဆူလင် ဝယ်သောက်တတ် ကြသည်။ နောက်ပြီး လေးငါးလုံး သောက်ပြီးရုံနှင့် ရပ်ချင် ရပ်ပစ်တတ် ကြသည်။ မမညိုက ဆေးပတ် လည်အောင် အလုံးရေ ပြည့်အောင် သောက်ဖို့ မနည်း ပြောနေရ လေသည်။

"အဖျားက ပျောက်နေပြီပဲဗျာ၊ အဲဒါကို ဆရာဝန်တွေက ဆေးတွေ

ဆက်သောက် ဆက်သောက်တွေ ပြောနေတာ သူတို့ ဆေးများများ ရောင်းရအောင် ပြောနေတာလားမှ မသိတာ ..."

"ဟုတ်ပ့ါဗျာ၊ ဆေးတစ်လုံး တစ်လုံး ဝယ်ရတာ နည်း မှတ်လို့လား ..."

တစ်ခါကတော့ ဈေးထဲတွင် လူနှစ်ယောက် စကားတင်း ဆိုနေကြ သည်ကို ပိုပို ကြားလိုက်သည်။ မမညိုကို ပြောခြင်း မဟုတ်သော်လည်း ပိုပို စိတ်မကောင်း ဖြစ်ရသည်။ မမညိုက သူ့လူနာကို "ဆေးပတ် လည်အောင် ဆက်သောက် လိုက်ပါနော် ..." ဟု ထုံးစံအတိုင်း မှာနေသံ ကြားရလျှင် ပိုပို အနေခက် လာရသည်။ လူနာက သူ ဆေးများများ ရောင်းရအောင် ပြောနေတာ ဟုများ ထင်လေမလားဟု စိုးရိမ်စိတ်နှင့် မျက်နှာတွေ ပူရှိန်း လာတတ်သည်။ ငါးကျပ်တန် နွမ်းနွမ်း၊ ဆယ်တန် နွမ်းနွမ်းလေးများကို ခါးကြားထဲက ထုတ်ပြီး ဆေးဝယ်သူများကို ဆေးလုံးလေးတွေ ရေတွက်ပြီး ရောင်းရတာလောက် စိတ်ပင်ပန်းတာ ကတော့ ရှိမည်ပင် မထင်။

"မရှိ ဆင်းရဲသားများကို ဆေးရောင်း ရသော ဒုက္ခမှ ကင်းဝေး ရပါလို၏ အရှင်ဘုရား"

ညတိုင်း မအိပ်မီ ဘုရားရှိခိုးလျှင် ခါတိုင်း တောင်းနေကျ ဆုများအပြင် ပိုပိုသည် အထက်ပါ ဆုတစ်ခုကို ထပ်ပြီး တောင်းနေမိသည် မှာလည်း အတော် ကြာပေပြီ။

"မိပိုရယ် နင်ကလည်းလေ၊ ရောင်းရတာ ဈေးကြီးတာ ကိုချည်း ကြည့်နေတာကို၊ ဝယ်ရတဲ့ ဈေးလည်း ကြည့်ပါဦး။ ဒီဈေးနဲ့ ဝယ်ထား ရတာမို့ ဒီလောက်နဲ့ ရောင်းရတာပါပဲ။ မတရား အမြတ် ယူတာမှ မဟုတ်ဘဲ ..."

မမည့ို အမြတ် မယူကြောင်းလည်း ပိုပို သိပါသည်။ လူနာများကို အလကား ကုမပေးနိုင် သော်လည်း အတတ်နိုင်ဆုံး စေတနာ ထားကြောင်း ကိုလည်း ပိုပို အသိဆုံး ဖြစ်ပါသည်။ တစ်လ တစ်လ စာရင်း ချုပ်လိုက်လျှင် ဆေးခန်း ကလေး၏ အသားတင် ဝင်ငွေ မည်မျှသာ ရှိကြောင်း ကိုလည်း ပိုပို အသိဆုံး ဖြစ်ပါသည်။ ထို့အပြင် မမည့ိုတွင် အနွေးထည် ကောင်းကောင်းလေး တစ်ထည်မျှ မရှိသည် ကိုလည်း ပိုပိုပင် အသိဆုံး ဖြစ်ပါသည်။

"သိပ် ချမ်းသာပြီး ပိုက်ဆံတွေ ထားစရာ မရှိတဲ့ လူနာတွေ ကိုတော့ မဆိုလိုပါဘူးလေ။ ဒါပေမဲ့ ငါမြင်သမျှ လူတွေကတော့ သူ့ အတိုင်းအတာနဲ့ သူ ကြိုးစားရုန်းကန် နေကြရတာပဲ ..."

မမည့ိုက အနွေးထည် အသစ် မဝတ်နိုင် သော်လည်း အဟောင်းတွေ ကိုပင် ကျေကျေနပ်နပ် ဆက်၍ ဝတ်လေသည်။

"အင်း ... ဟုတ်တာပဲ၊ ငါတို့မှာ အသစ်မဝယ်နိုင်ပေမယ့် အဟောင်းတွေက အကောင်းတွေပဲရှိသေးတာ။ ဂျာရစ်တို့အမေဆိုရင် ကြည့်စမ်း၊ အအေးမခံနိုင်ဘူးသာဆိုတယ်၊ သူ့အနွေးအင်္ကျီက ပေါက်လို့ ပြဲလို့ ..."

ပြောင်းဖူး ပေါ်သော ရာသီတွင် ဂျာရစ်တို့ အမေသည် ထန်းပင်မြစ်တို့ ကန်စွန်းဥတို့ကို မီးဖုတ် ရောင်းသေးသည်။ သူ့ကို ကြည့်လိုက်လျှင် မီးကျီးခဲ ရဲရဲကို စလူယပ်တောင် ခပ်စုတ်စုတ် ကလေးနှင့် တဖျပ်ဖျပ် ယပ်ခတ်နေတတ် သည်သာ ဖြစ်သည်။ ထို့နောက် ချောင်း တဟွတ်ဟွတ် ဆိုးနေတတ် လေသည်။

ဒီဇင်ဘာလ၏ ချမ်းအေး လှသော ညတစ်ညတွင် ဂျာရစ်သည် သူ၏ အမေကို ဆေးခန်းသို့ ခေါ်လာလေသည်။

"အမေ ဖျားတယ်၊ နောက်ပြီး မောတယ်"

ဂျာရစ်က ခပ်တိုတိုပင် ပြောသည်။ မျက်မှန်း တန်းမိပြီ ဖြစ်သော ပိုပို့ ကိုတော့ အားကိုးဟန်နှင့် လှမ်းကြည့်ပြီး မပွင့်တပွင့် ပြုံးပြသည်။ မမညိုက သူ့အမေကို စမ်းသပ်ကုတင် ပေါ်တွင် လဲလျောင်းစေကာ အသေအချာ စမ်းသပ်သည်။

"အလျင်က ဆရာဝန် ပြဖူးသလား" ဟု မေးတော့ ဂျာရစ်က ခေါင်းခါ ပြသည်။

သူ့အမေ ကတော့ "မောတယ် ဆရာမရယ် ..." ဟု ခပ်တိုးတိုး ပြောလေသည်။

"ခြေထောက်တွေ ယောင်နေတာရော ကြာပြီလား ..."

"ဒီလိုပါပဲ၊ ယောင်လိုက် ကျလိုက်"

"မောတာကရော"

"ဒီလိုပါပဲ၊ မောလိုက် ပျောက်လိုက်"

"ချောင်းဆိုးတာ ကရော ..."

"ဒီလိုပါပဲ၊ ဆိုးလိုက် ပျောက်လိုက် ..."

မမညိုက သက်ပြင်းငွေ့ငွေ့ ချသည်။ ယောင်အမ်း နေသော ခြေဖမိုးကို လက်ညှိုးနှင့် အသာဖိ ကြည့်လိုက်တော့ နိမ့်ဝင်ပြီး အရာထင် ကျန်နေခဲ့သည်။

"ဆေးရုံ တက်ရင် ကောင်းမယ် ထင်တယ် ..."

"မဖြစ်ပါဘူး ဆရာမရယ်၊ အိမ်မှာလည်း အလုပ်တွေ ပုံလို့။ သူ့ထက် အငယ် နှစ်ကောင်လည်း ရှိသေးတယ်၊ ကျွန်မကို ဘယ်သူ ထမင်းပို့ပေး နိုင်မှာလဲ ..."

ဂျာရစ်တို့ အမေက ခေါင်းကို ဖြည်းညင်းစွာ ခါသည်။

"ဒီလိုပဲ ဆေးလေး စား၊ ဆေးလေး သောက်လိုက်ရင် သက်သာ သွားမှာပါနော် ... ဆရာမရယ် ..."

"ပိုဆိုးလာမှာ စိုးလို့ပါ"

မမညို့က သက်ပြင်း ရှိုက်ရင်း ပိုပို့ကို လှမ်းကြည့်သည်။

ဂျာရစ်က "အမေ ကျွန်တော် ပို့ပေးမယ်လေ" ဟု ဝင်ပြောတော့ သူ့အမေက "နင် ပို့ပေးရင်လည်း ထမင်းကို ဘယ်သူက ချက်နိုင်မှာလဲ၊ နင့်အဖေက မိုးလင်းတယ်ဆို အလုပ် ဆင်းရတာ၊ မဖြစ်ပါဘူးကွယ်။ ဆရာမရယ် သောက်ဆေးလေး ဘာလေး ပေးလိုက်ပါကွယ် ..." ဟု ပြောသည်။

"ဒီထက် ဆိုးလာရင်တော့ ဆေးရုံကို သွားဖြစ်အောင် သွားရမယ်နော်။ ဓာတ်မှန် ရိုက်ဖို့၊ ဆီးတွေ သွေးတွေ စစ်ဖို့လည်း လိုတယ်။ ကိုယ့်မှာ ရောဂါရယ်လို့ ဖြစ်လာရင် ဒီရောဂါ ပျောက်ဖို့ထက် အရေးကြီးတာ ဘာရှိဦးမှာလဲ။ ဒို့ပြင် ပူစရာ ပင်စရာ တွေကို မေ့ထားမှ ဖြစ်မှာပေါ့၊ တော်ကြာ အပ်နဲ့ ထွင်ရမှာကို ပေါက်ဆိန်နဲ့ ပေါက်နေရလိမ့်မယ် ..."

မမညို့က ထုံးစံအတိုင်း တရားဟောသည်။ ဂျာရစ်နှင့် သူ့အမေက ငြိမ်သက်စွာ နားထောင် နေသော်လည်း စိတ်ဝင်စား ဟန်တော့မတူပေ။

"သူတို့တွေ ဆေးဖိုး သိပ်တတ်နိုင်မှာ မဟုတ်ဘူး၊ မမညို့က ဆေးကလေး နည်းနည်းပါးပါး လောက်ကို အလကား ပေးလိုက်ရင် သိပ်ကောင်းမှာပဲ"

ပိုပိုက စိတ်ထဲမှ တွေးရင်း မမညိုအား ငေးကြည့် နေမိသည်။

ပိုပို၏ မျက်လုံးမှ တဆင့် အတွင်းစိတ်ကို ဖတ်လိုက်မိသော မမညိုက သဲ့သဲ့ပြုံးကာ "မိပို ... နင် သိပ်သနား နေသလား" ဟု တိုးတိုးလေး မေးလေသည်။

"ငါ ဆေး တစ်ခါသောက် နှစ်ခါသောက် လောက်တော့ အလကား ပေးလိုက်မယ်လေ ..."

အင်ပါစလင် အပါအဝင် ဆေး သုံးလေးမျိုးကို ပလတ်စတစ် အိတ်ကလေး ထဲသို့ ကိုယ်တိုင် ထည့်ရင်း မမညိုက ပိုပို့နား ကပ်ကာ ပြောသည်။

ဂျာရစ် ကတော့ ဘယ်လိုနေမည် မသိ။ ပိုပို ကတော့ ကြားမှ နေပြီး မမညိုကို အတော် ကျေးဇူးတင် သွားမိသည်။

"ကဲ သောက်ဆေး ပေးတာတော့ ပေးလိုက်မယ်။ ကျွန်မ ညီမလေးက ဒီကလေးကို သံယောဇဉ် ဖြစ်နေလို့ ဒီတစ်ခါတော့ အလကား ပေးလိုက်မယ်နော်။ ဒီဆေး အဖြူပြားနဲ့ အတောင့်လေး ကိုတော့ အိမ်ပြန် ရောက်ရင် ချက်ချင်း သောက်လိုက်၊ အတောင့်လေးက နှစ်ခါသောက်ပဲ

ဆိုတော့ နက်ဖြန်ကျရင် ထပ်ဝယ် လိုက်နော်။ တစ်နေ့ လေးလုံး၊ ခြောက်နာရီခြား လေးရက် ဆက်သောက် ရမယ်။ နောက်ပြီး ဆီးဆေးလည်း သောက်ဖို့ လိုတယ်။ ဒါမှ အဖော ကျမှာ၊ ဆီးဆေး သောက်ရင် အားဆေးတို့လည်း တွဲသောက်မှ ကောင်းမှာ။ ဆေးတွေကတော့ ရေးပေးတာပဲ။ ဒါပေမဲ့ မင်္ဂလာဈေး မှာပဲ ဝယ်ရမှာပါ။ ဆေးဝယ်ပြီးတော့ တစ်ခေါက် လာခဲ့လေ၊ ဘာဆေးကို ဘယ်လို သောက်ရမလဲ ကျွန်မ ပြောပြမယ် ..."

မမညိုက ဆေးစာတွေ ရေးပေးသည်။ ဂျာရစ်တို့ သားအမိလည်း ကျေးဇူးတင်စွာဖြင့် ပြန်သွားကြ လေသည်။

"အမှန်ကတော့ သူ့ရောဂါက အတော်ကြီး နေပြီ။ အပ်နဲ့ ထွင်ရုံနဲ့လည်း မရတော့ ပါဘူး။ နှလုံးကလည်း ယောင်နေတယ် ထင်တာပဲ၊ ချက်စ် အင်ဖက်ရှင်လည်း ဝင်နေတယ်။ အဲဒါမျိုးက ဆေး ကောင်းကောင်းစား၊ အစားကောင်း စားပြီး အေးအေးဆေးဆေး အနားယူဖို့ လိုနေတာ"

"ဆေးမစားနိုင် အနားမယူနိုင် ရင်ကော ... ဟင် မမညို ..."

ပိုပိုက အလိုက်ကန်းဆိုး မသိ ဆက်မေးတော့ မမညိုက ပိုပိုအား မျက်မှောင်ကုပ်၍ ကြည့်သည်။ ထို့နောက် "သူ မနားရင် သေမင်းက အတင်း နားခိုင်း လိမ့်မယ်" ဟု ငေါက်ဆတ်ဆတ် ပြောသည်။

မမညိုက ဆေးဝယ်ပြီးရင် လာခဲ့ဟု ဆိုသော်လည်း ဂျာရစ်တို့ သားအမိသည် နောက်ထပ် ပေါ်မလာတော့ပေ။ ပိုပို ကတော့ သူတို့ ဈေးရောင်းနေကျ နေရာလေးကို လှမ်း၍ လှမ်း၍ ကြည့်ရင်း သတိရ နေမိသည်။

တစ်ညနေတော့ ပိုပိုတို့ ညီအမ ဆေးခန်းသို့ အလာတွင် ရေစည်လှည်း တွန်းနေသော ဂျာရစ်ကို တွေ့ရသည်။ လေးလံလှသော ရေစည်လှည်းကို တခြား ကလေး တစ်ယောက်နှင့် အတူ အတင်း အားစိုက်ပြီး တွန်းနေရာမှ ပိုပို့ကို မြင်တော့ မပွင့်တပွင့် ပြုံးပြသည်။

"ဟဲ့ ဂျာရစ်၊ နင့်အမေ သက်သာရဲ့လား ..."

"ဒီလိုပါပဲ"

"ဆေးရုံ မသွားသေး ဘူးလား"

"ဟင့်အင်း"

ဂျာရစ်က ခေါင်းခါသည်။ မမညိုက "ဆေးတွေ ဝယ်သောက်ရဲ့လား" ဟု မေးတော့ ဘာမှ ပြန်မပြောဘဲ မကြားချင်ဟန် ဆောင်နေ လေသည်။

ထို့နောက် ရေစည်လှည်းကို ဆက်၍ မတွန်းတော့ဘဲ "ငါ မနိုင်ဘူးကွာ၊ အဖေ့ကို လွှတ်လိုက်မယ်" ဟု ပြောပြီး အလျှင်အမြန် ပြေးထွက် သွားသည်။ ရေတွေ စိုကာ ကပ်နေသော ပုဆိုးနှင့်မို့ တုပ်၍ လဲတော့မလို ဖြစ်သွား

သော်လည်း ပိုပိုတို့အား လှည့်မကြည့် တော့ပေ။

"ဆေးရုံ ကျရင်ကော အဲဒီဆေးတွေ ဝယ်ခိုင်းမှာပဲ မဟုတ်လား မမညိုရာ ..."

ပိုပိုက လှမ်းပြော သော်လည်း မမညိုက ဘာမှ ပြန်မဖြေချေ။ ကျောခိုင်းကာ ထွက်ပြေးသွားသော ဂျာရစ်ကို လှမ်းကြည့်ရင်း ပင့်သက်ကို ရှိုက်၍ နေလေသည်။

"ငါလည်း ဆရာဝန် လုပ်ရတာ စိတ်ညစ် လာပါပြီ မိပိုရယ်"
"ဘာဖြစ်လို့လဲ ဟင်"

ပိုပိုသည် ဘာမှ ဆက်မမေးတော့ဘဲ လမ်းဘေးမှ ခရမ်းရောင် ကန်စွန်းပွင့်လေး များကို ငေးကြည့် နေမိသည်။ ညနေခင်း နေရောင်ခြည် အောက်တွင် အပွင့်လေးတွေ ငုံ့ကာ ငိုက်ကျနေသော ကန်စွန်းပွင့်လေး များသည် ပိုပို့ကို ပြန်မကြည့်ဘဲ မျက်လွှာ ချထားကြသယောင် ရှိလေသည်။ လမ်းပေါ်တွင် စိန်ပြေးတမ်း ကစားနေကြသော ကလေးငယ်များ ကတော့ ပိုပိုတို့ကို ကွေ့ပတ်ပြေးရင်း ပျော်ရွှင်စွာ ဟစ်အော် နေကြသည်။

"အနာသိ ဆေးရှိ၊ ဤဆေးခန်းနှင့် ညှိပါ။ ဤဆေးခန်း ရောက်တော့ ဝေဒနာ ပျောက်ရောပေါ့" တဲ့လေ။

------

**မစန္ဒာ**

## ကြားလိုက်ရသောကြောင့် (မစန္ဒာ)

---------------------------------

"ဘုရားစူး

"စူး

"မိုးကြိုးပစ်

"ပစ်

"ကျားကိုက်သေ

"သေ

အဘွားရွှေက သူ မယုံကြည်သော ကိစ္စဆိုလျှင် တစ်ဖက်သားကို ထိုသို့ပင် အားမနာ ပါးမနာ ကျိန်တွယ်ခိုင်းလေ့ ရှိသည်။

အဘွားရွှေက ကုသိုလ် အင်မတန် ကောင်းသည်။ အသက်ရှစ်ဆယ် ကျော်နေပြီ ဖြစ်သော်လည်း ခါးမကုန်းပေ။ ထို့ပြင် ဆံပင်လည်း သိပ်မဖြူ။ သူ၏ သမက်ဖြစ်သူ ညိုညိုတို့ဖခင် ဦးအေးဆောင်က တစ်ခေါင်းလုံးနီးပါး ဖြူနေသော်လည်း ဘွားရွှေ၏ ခေါင်းတွင် ဆံပင်အမည်းတွေ အများကြီး

ကျန်နေသေးသည်။ ထို့ပြင် မျက်စိလည်း သိပ်မမှုန်ပေ။ သတင်းစာကို ကောင်းကောင်းကြည့် နိုင်သေးသည်။ သို့သော် ဖတ်တော့ မဖတ်နိုင်။ စာလုံးများကို သဲသဲကွဲကွဲ မမြင်ရ သောကြောင့်တော့ မဟုတ်။ စာမဖတ်တတ် သောကြောင့်သာ ဖြစ်သည်။ သို့သော် အဘွားရွှေက သူ စာမဖတ် တတ်သည်ကို မည်သူ့မျှ မသိစေရ။ လူထူလျှင် သတင်းစာကို ကောက်ကိုင်ကာ ဟိုလှန်သည်လှန် လှန်လှောပြီး ဓာတ်ပုံတွေကို ကြည့်မြဲဖြစ်သည်။

ဘွားရွှေ ကုသိုလ် ကောင်းပုံမှာ ခါးမကုန်းရုံ ဆံပင်မဖြူရုံ မျက်စိမမှုန်ရုံ သာမကသေးပါ။ သတိကလည်း အင်မတန် ကောင်းနေပါသေးသည်။ ကြီးမှုဖြစ်သော အဖြစ်အပျက်တွေကို သာမက ငယ်စဉ်က အကြောင်းတွေကိုပါ မှတ်မိသည်။ သူ၏မွေးနေ့ ကွယ်လွန်သူ ညိုညိုတို့အဘိုး သူ့ခင်ပွန်း၏ မွေးနေ့ သူ့သားသမီး ငါးဦးလုံး၏ မွေးနေ့ အတူနေ အထွေးဆုံးသမီး ဖြစ်သူ (?) ညိုညိုတို့ ညီအစ်မ သုံးဦး၏ မွေးနေ့ စသည်တို့ကိုပါ အလွတ်ရသည်။ ဒိုးခနဲ ဒေါက်ခနဲ လက်တန်း ပြောနိုင်သည်။

"ငါသာ အဘွားလောက် မှတ်ဉာဏ်ကောင်းရင် သိပ်ဟန်ကျမှာ

သမိုင်းဆရာမ ဖြစ်သူ ညိုညိုက မကြာခဏ ပြောမိတတ်သည်။ သူ့ခမျာ ကမ္ဘာ့သမိုင်း မြန်မာ့သမိုင်းထဲမှ သက္ကရာဇ်များဖြင့် လုံးလည်ချာလည် လိုက်နေတတ်သဖြင့် သူ၏မွေးနေ့ကိုပင် သူ့ဟာသူ သတိမရဘဲ မကြာခဏ မေ့နေတတ်သောကြောင့် ဖြစ်သည်။

"ဒါကတော့ အဘွားက မှတ်စရာ ဒါပဲ ရှိတာကိုး။ ပိုပိုတို့ မိုမိုတို့လို အီကွေးရှင်းတွေ သီအိုရီတွေ ဒသမကိန်းတွေ စာရင်းဇယားတွေ ရှုပ်လာရင် မှတ်မိချင်မှ မှတ်မိမှာပါ

သိပ္ပံသမားများ ဖြစ်ကြသော ပိုပိုနှင့် မိုမိုကတော့ သူတို့တစ်တွေထက် အဘွားက ပိုပြီ းမှတ်ဉာဏ် ကောင်းသည်ဟု တထစ်ချ လက်မခံချင်ပေ။ အဘွား၏ ဦးနောက်တွင် အကန့်ပေါင်း များစွာသည် ရှင်းနေသည်။ ဒီတော့လည်း သူမှတ်ချင်သော အရာကို စနစ်တကျ မှတ်ထားနိုင်သည်ဟု ယူဆချင်ကြသည်။

သို့သော် ရှစ်ဆယ်ကျော် ဟူသော အသက်နှင့် တိုင်းတာလျှင် အဘွား၏ မှတ်ဉာဏ်သည် ရှာမှရှားအောင် ကောင်းလှသည်ကိုတော့ ဝိဇ္ဇာသမားရော သိပ္ပံသမားပါ ခြွင်းချက်မရှိ လက်ခံရသည်။

သို့သော်လည်း ကုသိုလ်ကံက သူ့ဘက်တွင် အစအဆုံး ဖေးကူသည်တော့ မဟုတ်ပေ။ သူ့ခမျာ သူများပြောသော စကားကိုတော့ တော်ရုံနှင့် မကြားနိုင်။ အတော်ကြီးကို နားလေးရှာသောကြောင့် ဖြစ်သည်။ နားလေးသူများ စကားပြောလျှင် အကျယ်ကြီးသော်လည်း ဖြစ်တတ်သည်။ သို့တည်းမဟုတ် အလွန်လျှင်လည်း တိုးတတ်သည်ဟု ဆိုကြသည်။ အဘွားရွှေက ဒုတိယ အမျိုးအစားတွင် ပါသည်။ သူက တိုးတိတ်ညင်သာစွာ ရွှေ့လျား

သွားတတ်သော သူ၏ခန္ဓာကိုယ် ပိန်ပိန်ပါးပါးနှင့် လျော်ညီစွာ စကားကိုလည်း တိုးတိုးလေးပင် ပြောတတ်သည်။

သူ့ကို နားလေးသည်ဟု အကျယ်ကြီး အော်ပြောလျှင်လည်း မကြိုက်။ သို့သော် အချို့ နားလေးသူများလိုလည်း အကင်းမပါးချေ။ အချို့သူများက နှုတ်ခမ်းလှုပ်သည်ကို ကြည့်ပြီး ဘာပြောသနည်း မှန်းဆ၍ ကြည့်တတ်ကြသည်။ ဘွားရွှေကတော့ ထိုသို့မဟုတ်။ သူက မေးချင်ရာမေးပြီး ဖြေသူက ဖြေချင်သလိုဖြေ၊ ကြားချင်သလို ပြန်ကြားပစ် လိုက်သည်သာ ဖြစ်သည်။

ဥပမာ-ညိုညိုတို့အမေ ဒေါ်အေးခင် မနက်ဈေးမှ ပြန်လာတိုင်း အဘွားရွှေနှင့် အချီအချ ပြောကြသည်ကို တစ်ခါလောက် နားထောင်ကြည့်လျှင် သိနိုင်သည်။

"ဈေးထဲမှာ ငါးမြင်းလေးများ မတွေ့ခဲ့ဘူးလားအေ

"မတွေ့ဘူး အမေ၊ ငါးတန်တွေချည်းပဲ

"ဗိုက်သား မရရင် မဝယ်တာ ကောင်းပါတယ်။ ငါးမြင်းဆိုရင် ခေါင်းနဲ့ ဗိုက်သားပဲ ကောင်းတာ

"အမေ ငါးမြင်းကြိုက်မှန်း သိပါတယ် အမေရယ်၊ ဒါပေမဲ့ ဈေးထဲမှာက ငါးမြင်းအစစ် မရှိဘူး၊ ငါးတန်ကို ငါးမြင်းလုပ်ပြီး ရောင်းကြတာ

"အို- ငါးကြင်းတော့ သိပ်မကြိုက်ပါဘူး

"အင်း- ငါးကြင်းကြိုက်ရင် အကောင်းသား။ ငါးကြင်း အကောင်ကြီးတွေတော့ တွေ့တယ်

"ဟုတ်လား။ ဒါပေမဲ့ ငါးရံ့ခြောက်က ဆားပေါ့မှ ကောင်းတာ

"ဆားပေါ့တဲ့ ငါးရံ့ခြောက်ကတော့ ရွှေထက်တောင် ရှားဦးမယ် အမေရေ့၊ ရွှေကမှ ပိုက်ဆံရှိရင် ဝယ်လို့ရသေးတယ်

"ငါးရွှေတွေတော့ ဝယ်မလာနဲ့နော်။ ငါးရွှေနံ့က သိပ်ညှီတာပဲ

"ငါးရွှေက ငါးဆုပ်လုပ်ရင်တော့ မဆိုးပါဘူး အမေရယ်၊ ငါးဖယ်ဆုပ်ထက် တွက်ခြေကိုက်တယ်

"ဘာရယ် ... ပုစွန်ခြောက် တစ်ပိဿာ ငါးဆယ်တောင် ပေးရတယ် ဟုတ်လား

အမေနှင့် အဘွားသည် မနက်တိုင်း ဈေးမှပြန်လာတိုင်း ထိုသို့ပင် အချီအချ ပြောလေ့ရှိကြသည်။ ထိုသို့ ပြောကြတိုင်းလည်း ညိုညိုတို့ ညီအစ်မတစ်တွေ ကျိတ်ပြီး ပြုံးကြ ရယ်ကြရသည်။ ဘွားရွှေက အမှတ်သညာ ကောင်းလှသောကြောင့် လွန်ခဲ့သော ဆယ့်လေးငါးနှစ်က ဈေးနှုန်းကို စွဲစွဲမြဲမြဲ မှတ်မိနေသည်။ နားကလည်း မကြား၊ အော်ပြောလျှင်လည်း မကြိုက်။ မကြိုက်မှန်းသိတော့ အဘွား ကြားလောက်အောင် မည်သူကမျှလည်း အပြုံအငြင်ခံပြီး မအော်။ ဒီတော့လည်း အဘွားရွှေသည် သူ့စိတ်ကူးကမ္ဘာထဲတွင် သူ့ကုန်ဈေးနှုန်းနှင့် သူ့ဟာသူ တလိမ့်လိမ့်နှင့် လိမ့်နေတတ်လေသည်။

"ကြက်တစ်ပိဿာ လေးဆယ့်ခြောက်ကျပ်တဲ့၊ ကြီးလိုက်တဲ့ ဈေး၊ ဝယ်စားရတဲ့သူတွေ မွဲရောပေါ့

တစ်ခါတစ်ရံလည်း ကွမ်းယာထဲထည့်ရန် ကွမ်းသီးစိတ်ကလေးများကို သံဆုံထဲ ထည့်ထောင်းရင်း တစ်ဦးတည်း ညည်းညူ နေတတ်၏။

"ဝက်ကရော တစ်ပိဿာ သုံးဆယ်ဆိုတာ နည်းတဲ့ဈေးလား။ ဒီလို ငွေခဲကိုက်ပြီး စားနေရရင် ဒုက္ခပါပဲ။ လူလုပ်ရတာလဲ မလွယ်ပါဘူးအေ။ စိတ်ညစ်စရာ

အဘွားသည် အင်္ဂလိပ် ကျွန်ခေတ်၊ ဂျပန်ခေတ်၊ လွတ်လပ်ရေး ရပြီးစ ရောင်စုံ သောင်းကျန်းသူခေတ်၊ ဖဆပလခေတ်၊ တော်လှန်ရေး ကောင်စီခေတ် စသည့် ခေတ်အဆက်ဆက်ကို ဖြတ်သန်းကျော်လွှားခဲ့ရသော လူသားတစ်ဦး ဖြစ်သော်လည်း သူသည် မြန်မာပြည်၏ အခြေအနေများကို လုံးဝ စိတ်ဝင်စားခြင်း မရှိပေ။ စာကလည်း မတတ်တော့ ဘာစာကိုမှလည်း မဖတ်။ သူစိတ်ဝင်စားသည်မှာ ဆန် ဆီ ဆား ငရုတ် ကြက်သွန်နှင့် ကြက်သား ဝက်သား ငါး ပုစွန် ဈေးသာ ဖြစ်သည်။ အမျိုးသမီး သဘာဝမို့ စိန်တွေ ရွှေတွေကို အတန်အသင့် မက်မောသော်လည်း သူက စိန်အကြောင်း ရွှေအကြောင်း သိပ်မပြောတတ်ပေ။

"အဘွားက တကယ့်ကို မိန်းမအစစ်၊ မီးဖိုချောင်မှာနေ မီးဖိုချောင်မှာပျော်

မီးဖိုချောင်ကို တကယ် စိတ်ဝင်စားတဲ့ တကယ့် မိန်းမပီသတဲ့ မိန်းမအစစ်

ညိုညိုက သူ၏အဘွားကို ချီးမွမ်းသလိုလို ရှုတ်ချသလိုလို ပြောတတ်သည်။

“မမညို ပြောပုံက ပိုပိုတို့က မိန်းမအတုတွေ ကျနေတာပဲ

“အတုတော့ မဟုတ်ဘူး။ ဒါပေမဲ့ အဘွားလောက် မစစ်တာတော့ အမှန်ပဲ

ညိုညိုတို့ ညီအစ်မတစ်တွေက ထမင်းဟင်းချက်ရန်ထက် ဘွဲ့လွန်သင်တန်း တက်ရန် ပိုပြီး စိတ်ဝင်စားကြသည်။ နိုင်ငံခြားဘာသာ သင်သူက သင်၊ ဘွဲ့လွန်တက်သူက တက်၊ ကွန်ပျူတာ တွက်သူက တွက်နှင့် မဆုံးနိုင်သော ပညာများကို မမောနိုင် မပန်းနိုင် ကြိုးစားပြီး သင်ယူ နေကြသူများ ဖြစ်သည်။

ပညာတတ်သော ပညာတော်သော မိန်းမတို့၏ သဘာဝအတိုင်း မီးဖိုချောင်ထဲမှ အမျိုးသမီးများကို အထင်သေးသည်ဟု မဆိုသာသော်လည်း အထင်အမြင် မကြီးလှသည်ကတော့ အမှန်ပင်။ သို့သော် အဘွားကို သူတို့အားလုံး ချစ်ကြသည်။ ဆီဘယ်စျေး ဆန်ဘယ်စျေး ကြက်ဘယ်စျေး ဝက်ဘယ်စျေးနှင့် လွန်ခဲ့သော ဆယ့်လေးငါးနှစ်က စျေးတွေကို တတွတ်တွတ် ရေရွတ်ပြီး ညည်းညူနေလျှင် သူတို့အားလုံး အဘွားကို ချစ်ခင်ကြင်နာစွာ ကြည့်ပြီး ရယ်ကြရသည်။

"ငါ့ဒါအမေက သိပ်ကုသိုလ် ကောင်းတာ။ နားလေးတာလဲ သူ့အတွက်တော့ ကုသိုလ် တစ်မျိုးပဲ

ညိုညိုတို့ မိခင်က ထိုသို့ ပြောတတ်သည်။

"သဘာဝတရားကြီးက အင်မတန်ကို သဘာဝကျတာ အမေရဲ့။ လူတွေဟာ ငယ်ငယ်တုန်းက လှုပ်နိုင်ရှားနိုင် သွားနိုင်လာနိုင် ရှာနိုင်ဖွေနိုင် စားနိုင်သောက်နိုင် ကြတယ်။ သူတို့အတွက် ခြေထောက်တွေ လက်တွေ သန်ဖို့ နားကောင်းဖို့ သွားကောင်းဖို့ လိုတယ်။ ဒါပေမဲ့လဲ အသက်တွေကြီးလာတဲ့ အခါကျတော့ အစာအိမ်က တော်ရုံတန်ရုံကို ကြေအောင် မခြေနိုင်တော့ဘူး။ ဒါ့ကြောင့် အစာမာမာတွေ ဝမ်းထဲ သိပ်မရောက်အောင် အဘိုးကြီး အဘွားကြီးတွေကို သွားကျိုးပေးတာတဲ့။ နောက်ပြီး လူကြီးဆိုတော့ စိတ်အနှောင့်အယှက် ဖြစ်တာတွေကိုလည်း မခံနိုင်တော့ဘူးတဲ့။ ဒါ့ကြောင့် ခုလို မကြားသင့်တာ မကြားရအောင် တော်ရုံဆိုလဲ မမြင်ရအောင် နားလေးတာ မျက်စိမှုန်တာတွေကို ဖန်တီးပေးထားတာတဲ့

ပိုပိုက ရယ်ရယ်မောမောနှင့် ပြောသည်။

"ဒီတော့ အဘွား အသက်ရှည်အောင် နင့်ထဘီကို နည်းနည်း ရှည်ရှည် ပြင်ဝတ်လိုက်ပါ မိပိုပိုရယ်။ ငါတို့အဘွားက နားလေးပေမယ့် မျက်စိက သိပ်ကောင်းတာ။ နင့်ထဘီ ဒူးဆစ်လောက်ကို မြင်ရင် စိတ်အနှောင့်အယှက်

ဖြစ်မှာ ဧကန်ပဲ

“ဟာ ... မမညိုကလည်း ထဘီတိုတာများ ဘာဆန်းလို့လဲ။ မြန်မာအမျိုးသမီး လောကမှာ ဖက်ရှင်ထွင်စရာ ဆိုလို့ ထဘီတိုလိုက် ရှည်လိုက်ပဲ လုပ်စရာရှိတာ။ အမေကပြောတယ် ခင်ယုမေ ငယ်ငယ်တုန်းကလည်း ထဘီတိုတိုခေတ် တစ်ခါထခဲ့ဘူးတယ်တဲ့၊ အဲဒီတုန်းက ပိုပိုတို့ထက်တောင် တိုချင်တိုခဲ့ဦးမှာ

ပိုပိုက စကားနိုင်လု၍ ပြောသော်လည်း ထဘီကိုတော့ ပြန်ပြင်ဝတ်သည်။ အဘွားမကြိုက်မှာ စိုးသောကြောင့်တော့ မဟုတ်။ ထဘီတိုက အတန်ငယ် ခေတ်ကုန်သွားပြီဟု ယူဆသောကြောင့် ဖြစ်သည်။

“အဘွား မျက်စိနောက်လို့လား၊ မှားခေါ်တာလား မသိဘူး၊ တစ်နေ့တုန်းက ပိုပို့ကို  ဟဲ့ မိတိုတဲ့၊ ငါ့ကွမ်းအစ် ယူပေးစမ်း  တဲ့

ပိုပို၏စကားကို ကြားတော့ တစ်အိမ်သားလုံး ဝါးခနဲ ရယ်မိကြသည်။

“အဘွား ဘယ်တော့မှ မှားမခေါ်ဘူး၊ မျက်စိနောက်တာပဲ ဖြစ်ရမယ်  ညိုညိုက မှတ်ချက်ချသည်။

နေရာတကာတွင် အစအနောက် သန်ချင်သော ပိုပိုကမူ  နေဦး၊ အဘွားကို မျက်စိတင်မကဘူး၊ နားပါနောက်သွားအောင်လို့ လောကကြီးနဲ့ ဆက်သွယ်ပေး

လိုက်ဦးမယ်။ အဟမ်း ...အဘွား မကြား ကြားအောင် တအားအော်နိုင်သော အသံစွမ်းအားကို ပေးသနားတော်မူပါဘုရား  ဟူ၍လည်း လက်အုပ်ချီကာ ဆုတောင်းလိုက်သေးသည်။

နောက်တစ်နေ့ကျတော့ သူ၏ရွှေဘီးကြီးကို သံသေတ္တာထဲမှ ထုတ်ကြည့်နေသော အဘွားနားသို့ ပိုပို ရောက်သွားသည်။ အဘွားရှေ့တွင် လက်ဖြန့်ခံရင်း ရွှေဘီးကြီးကို တောင်းသည်။

“ပေးနိုင်ပါဘူးအေ၊ ကျုပ်မှာ ဒီရွှေဘီး တစ်ချောင်းပဲ ရှိတော့တာ

အဘွားက လေအေးအေးနှင့် ပြောသည်။

“ဒီရွှေဘီးက ညည်းတို့ အဘိုး လက်ဆောင်ပေးတာ၊ တစ်ကျပ်ခွဲသားတောင် ရှိတာ အေရဲ့၊ အခုလောက်ဆိုရင် သုံးထောင်လောက် တန်နေပြီ

“သုံးထောင် မဟုတ်ဘူး၊ သုံးသောင်း သုံးသောင်း

“အေးလေ။ သုံးထောင်ဆိုပါမှ ငါသိပါတယ်၊ ရွှေဈေးတွေက တက်လာလိုက်တာ တစ်ကျပ်သားကို နှစ်ထောင်လေ

အဘွားကို စချင်နေသော မိပိုပိုက အဘွား နားအနားသို့ ပါးစပ်တေ့ကာ

တအားအော်သည်။

"တစ်ကျပ်သားကို နှစ်သောင်း နှစ်သောင်း

"ဘာရယ်အေ

"နှစ်သောင်း

"ဘုရား … ဘုရား နင်ဘာပြောတယ်

"တစ်ကျပ်သားကို နှစ်သောင်း

"နှစ်သောင်း ဟုတ်လား

အဘွားက မဝံ့မရဲ မေးသည်။ ပိုပိုက ခေါင်းကို တအားညိတ်ပြသည်။

"အဘွားဘီးက သုံးသောင်းတန်တယ်၊ သုံးသောင်း

"ဘုရား … ဘုရား သုံးသောင်း

"ဟုတ်တယ်။ သုံးသောင်း၊ သုံးသောင်း

"ဘုရားရေ၊ ငါ့ရွှေဘီးက သုံးသောင်းတောင် တန်တယ်တဲ့၊ ဘာပြောတယ် မိပိုပို၊ ရွှေတစ်ကျပ်သားကို နှစ်သောင်း ဟုတ်လား

မျက်လုံးမျက်ဆန် ပြူးနေသော အဘွားကိုကြည့်ကာ တစ်အိမ်သားလုံး

ပွဲကျနေကြသည်။ အဘွားကြားအောင် တစ်ယောက်တစ်လှည့် ဝိုင်းအော်ကြသည်။

“တစ်ကျပ်သားကို နှစ်သောင်း

“အဘွားဘီးက သုံးသောင်း

အဘွားက သူ့ရှေ့ဘီးကိုတစ်လှည့် ပိုပိုကိုတစ်လှည့် ကြည့်ရင်း မယုံနိုင်အောင် ဖြစ်နေရှာသည်။

“နင် ကျားကိုက်သေ

“သေ သေ တကယ်သေ

အဘွားက အားမနာပါးမနာ ကျိန်တွယ်ခိုင်းတော့ ပိုပိုသည် ခေါင်းတညိတ်ညိတ်နှင့် စိတ်ပါလက်ပါ လိုက်လံကျိန်တွယ်ရင်း ရယ်မဆုံးနိုင်အောင် ဖြစ်နေသည်။

အဘွားခမျာမှာတော့ ထိုနေ့တစ်နေ့လုံး ဂနာမငြိမ်နိုင် ရှာတော့ချေ။ သူ့ရှေ့ဘီးကို ထုတ်ကြည့်လိုက် သေတ္တာထဲ ပြန်ထည့်လိုက်နှင့် ဖြစ်နေသည်။

"မိအေးခင်- ညည်းကလဲ ရွှေတွေ ဒီလောက် ဈေးတက်နေတာ ငါ့ကို မပြောဘူး၊ ဒီလိုမှန်းသိရင် ငါ့ဆွဲကြိုးတွေ လက်ကောက်တွေ ရောင်းမပစ်ဘဲ သိမ်းထားခဲ့ရရင် ဘယ်လောက် ကောင်းမလဲ

လွန်ခဲ့သော နှစ်ပေါင်း နှစ်ဆယ်လောက်က ရောင်းခဲ့ရသော ဆွဲကြိုးတွေ လက်ကောက်တွေကိုပင် ပြန်တွေးပြီး နမြောနေသော အဘွားကို ကြည့်ရင်း ညိုညိုတို့အဖေပင် တဟားဟား ဖြစ်နေသည်။ ထို့နောက် ခေတ်ဟောင်းက အဘွားကို ခေတ်သစ်ရောက်အောင် ရွှေကြိုးနဲ့ ဆက်ပေးလိုက်တာလား သမီးရဲ့ ဟု ပိုပို့ကို ပြောသည်။

"အရင်တုန်းက ဆွဲကြိုးရော လက်ကောက်ရော ကြယ်သီးနှစ်စုံရော ရောင်းတာတောင် ဒီလောက်မရဘူး။ အခုတော့ ဒီဘီးတစ်ချောင်းတည်းတောင် သုံးသောင်းတန်နေသတဲ့၊ အံ့ရော

အဘွားက လေအေးအေးနှင့် တပြုံးပြုံး ပြောနေသည်။ သူ့လက်ထဲရှိ ပစ္စည်းက တန်ဖိုးတက်နေသည် ဆိုတော့လည်း မိန်းမတို့ ဓမ္မတာအတိုင်း စိတ်ချမ်းသာနေပုံ ရလေသည်။

ထို့နောက် သူ စွဲစွဲမြဲမြဲ မှတ်မိနေသော ကုန်ဈေးနှုန်းများကို သတိရသွားသည်။ ရွှေတွေ ဈေးတက်နေသည် ဆိုတော့ ကျန်ပစ္စည်းများလည်း သူမှတ်မိသော ဈေးနှုန်းတွင် တည်ငြိမ်စွာ ရပ်တန့်နေလိမ့်မည် မဟုတ် ဆိုသည်ကို သူ

ပထမဦးဆုံးအကြိမ် အနေနှင့် စဉ်းစားမိခဲ့ဟန် တူလေသည်။

နံနက်စောစောစီးစီး ပထမဆုံးမေးသည်က ပဲပြုတ်စျေးဖြစ်သည်။ ပဲပြုတ်သည်ဆီမှ ပဲဝယ်ပြီး ပန်းကန်လေးကိုင်ကာ အိမ်ထဲလှည့်ဝင်လာသော ညိုညိုတို့မိခင်အား ခပ်စူးစူး လှမ်းကြည့်နေရင်း ကောက်ကာငင်ကာ မေးသည်။

“မိအေးခင်၊ အခု ပဲပြုတ်ဘယ်စျေးလဲ

“ငါးကျပ် အမေ

“ဘာရယ် ...”

“ငါးကျပ် ငါးကျပ်

ဒေါ်အေးခင်က သူ့မိခင်၏ နားအနားသို့ကပ်ကာ တအားအော်သည်။

“တစ်ပိဿာလား

“မဟုတ်ဘူး။ တစ်ဆယ်သား

“ဘုရား ... ဘုရား

အဘွားသည် ထိုနေ့အတွက် ပထမဦးဆုံးအကြိမ် ဘုရားတ သွားလေသည်။

ပထမဦးဆုံးအကြိမ်ဟု ပြောရသည်မှာ နောက်ပိုင်းတွင် အကြိမ်ကြိမ် ဘုရားတရသောကြောင့် ဖြစ်လေသည်။

“ကြက်ဥကရော ဘယ်လောက်ပေးရလဲ

“လေးကျပ်ခွဲ

“ဆယ်လုံးလား

“မဟုတ်ဘူး။ တစ်လုံး၊ တစ်လုံး၊ တစ်လုံးကို လေးကျပ်ခွဲ

“ဘုရား ... ဘုရား

အဘွားသည် သူ့အတွက် မကျက်တကျက် ပြုတ်ပေးထားသော ကြက်ဥပြုတ်လေးကို မစားရက်တော့သလို ငေးကြည့်နေသည်။

“ပဲဆီက တစ်ရာ့ခြောက်ဆယ်

“တစ်ပုံးလား

“မဟုတ်ဘူး၊ တစ်ပိဿာ

“တစ်ပိဿာကို တစ်ရာ့ခြောက်ဆယ်၊ ဟုတ်လား သမီး

“ဟုတ်တယ် အမေ၊ တစ်ပိဿာကို တစ်ရာ့ခြောက်ဆယ်၊ တစ်ပုံးကို ထောင့်ခြောက်ရာ ပေးရတယ်

"ဘုရား ... ဘုရား၊ ဆီမထည့်ဘဲ ပြုတ်စားလဲ ဖြစ်ပါတယ်ကွယ်

အဘွားက သူ့ရှေ့မှ ကြက်သားပြုတ်ကြော် ပန်းကန်လေးကို ငေးကြည့်ရင်း သက်ပြင်းချသည်။

ထို့နောက် မရဲတရဲ ဆက်မေးသည်။

"ကြက်သားကရော

"ဆယ့်ခုနစ်ကျပ် အမေ

"တစ်ပိဿာလား

"မဟုတ်ဘူး အမေ

"အစိတ်သားလား

"ဟင့်အင်း၊ တစ်ဆယ်သား

"တစ်ဆယ်သားကို ဆယ့်ခုနစ်ကျပ် ဟုတ်လား၊ ဒီလိုဆို တစ်ပိဿာကို တစ်ရာ့ခုနစ်ဆယ်ပေါ့

အဘွားက အသံတုန်တုန်လေးနှင့် တွက်ချက်နေသည်။

“ဘုရား … ဘုရား၊ ဒီလိုဆို ကြက်သား မချက်ပါနဲ့တော့ သမီးရယ်၊ ဝက်သားလေး ဘာလေးပဲ ချက်ပါတော့။ ဒါနဲ့ ဝက်ကရော

“တစ်ရာ့သုံးဆယ်

“ဘုရားရေ … ဝက်တောင် တစ်ရာကျော်တယ်

အဘွားက ဘုရားတလိုက် ညီညီတို့က ဝါးခနဲ ရယ်လိုက်ကြနှင့် တစ်အိမ်လုံး ဆူညံစိုပြည်နေသည်။ တစ်ယောက်တစ်လှည့်စီ အော်နေကြရသဖြင့် လည်ချောင်းတွေပင် နာနေသော်လည်း မျက်လုံးပြူး မျက်ဆန်ပြူး ဖြစ်နေသော အဘွားကိုကြည့်ကာ သူတို့အားလုံး အူမြူး နေကြရလေသည်။

“ဟော့ … အဘွားကို မျက်ဖြူ ဆိုက်သွားအောင် ဆန်ဈေး ပြောပြလိုက်ကြရအောင်

ပိုပိုက မိုမို့အား လက်တို့သည်။

“အဘွားရေ- ဟောဒီဆန် ဘယ်ဈေးလဲ သိချင်လား

အဘွား၏ ထမင်းပန်းကန်ထဲမှ ပုသိမ်ပေါ်ဆန်းမွှေး ထမင်း ဖြူဖြူဖွေးဖွေး ကလေးများကို ပြပြီး ပိုပိုက ပြောသည်။ အဘွားက သူ့ကို မော့ကြည့်ကာ

ပြောပါဦးဟူသော အမူအရာနှင့် မေးငေါ့သည်။

“တစ်ပြည်ကို တစ်ပြည်ကို နော်

“အေး တစ်ပြည်ကို ဘယ်လောက်လဲ

“ခုနစ်ဆယ်နဲ့ နှစ်ကျပ်

“ဘာပြောတယ်၊ ဆန်တစ်ပြည်ကို ခုနစ်ဆယ့်နှစ်ကျပ် ဟုတ်လား၊ မိပိုပို နင်ရူးနေသလား

“မရူးဘူး အဘွား၊ အကောင်း အကောင်း

“ဟုတ်ရဲ့လား မိအေးခင်၊ ဆန်တစ်ပြည် ခုနစ်ဆယ့်နှစ်ကျပ်တဲ့

ဒေါ်အေးခင်က ခေါင်းညိတ်သော်လည်း ဒီတစ်ခါတော့ အဘွားက ယုံကြည်ဟန် မတူတော့ပေ။ ထုံးစံအတိုင်း နင် ဘုရားစူးတွေ မိုးကြိုးပစ်တွေ ကျားကိုက်သေတွေနှင့် လုံးလည်ချာလည် လိုက်ကုန်လေသည်။

“တော်ကြပါတော့ဟယ်၊ အော်ရလွန်းလို့ လည်ချောင်းတွေလဲ နာနေပြီ၊ ရယ်ရလွန်းလို့ အာတွေလဲ နာနေပြီ

နောက်ဆုံးတော့ ညိုညိုတို့အဖေက တားယူရသည်။

"ငါ့အမေ ထမင်းစားနေတာ အေးအေးဆေးဆေး စားပါစေ၊ ဘာဈေး
ညာဈေးတွေ ဘယ်သူမှ လာမပြောကြနဲ့တော့၊ သွားကြ

သို့သော်လည်း အဘွားကတော့ ထမင်းကို ကောင်းစွာ မစားနိုင်ရှာတော့ပေ။
ဆန်ကြည့်လိုက် ဆီကြည့်လိုက် အသားလုံးလေး ကိုင်ကြည့်လိုက်နှင့်
သက်ပြင်းတချချ ဖြစ်နေရှာသည်။

ထမင်းစားအပြီး ဖီးကြမ်းငှက်ပျောသီးဈေး မေးတော့ တစ်ဖီးကို ငါးကျပ် ဟု
အော်ပြောသည်။

"ဟင်- အမေကလဲ တစ်ဖီးကို အစိတ်တောင် ပေးခဲ့ရတာ၊ လက်ရင်းဖီးကြီး
လေ

"အေး- ဒါပေမဲ့ အမေ စိတ်ချမ်းသာအောင် ငါးကျပ်လို့ ပြောတာပေါ့၊ နောက်ကို
ငါ့အမေမေးရင် ဈေးအမှန် ဘယ်တော့မှ မပြောကြနဲ့တော့၊
လေးပုံတစ်ပုံလောက်ပဲပြော၊ ကြားကြလား

မျက်နှာ မသာမယာ ဖြစ်နေသော သူ့မိခင်ကို ကြည့်ရင်း ဒေါ်အေးခင်
သနားနေသည်။

“တော်ကြာ ငါတို့လုပ်တာနဲ့ အမေလဲ နှလုံးရောဂါ ဖြစ်နေဦးမယ်

အဘွားက အသက်ရှစ်ဆယ်ကျော်ပြီ ဖြစ်သော်လည်း နှလုံးရောဂါတို့ သွေးတိုးရောဂါတို့ မရှိခဲ့ဖူးပေ။ သူ၏သမီးဖြစ်သူ ဒေါ်အေးခင်က ဆီးချိုရောဂါ ရှိနေသော်လည်း၊ သမက်ဖြစ်သူ ဦးအေးဆောင်က သွေးတွေ တရိပ်ရိပ
် တက်နေသော်လည်း အဘွားက ဘာဆိုဘာမျှ မဖြစ်ဖူးပေ။ ထို့ကြောင့် ထမင်းလည်း လျှော့ရန်မလို အချိုတို့ အငန်တို့ကိုလည်း ရှောင်ရန်မလိုခဲ့ပေ။

“အဘွားက သိပ်ကုသိုလ်ကောင်းတာ။ အဲဒီလိုလူမျိုးက သေရင်လဲ ဝေဒနာ မခံရဘူး။ တိတ်တိတ်ဆိတ်ဆိတ်ကလေး သေသွားတတ်တယ်

တစ်အိမ်ကျော်မှ ဘဘကြီးဦးဘမောင်က မကြာခဏ ပြောတတ်သည်။

“အမေ မသေသေးပါဘူး။ အမေက အသက်ကြီးပေမယ့် ဇရာရဲ့ဖိစီးမှုကို သိပ်မခံရဘူး။ ဘာရောဂါ ဘာဝေဒနာမှလဲ မရှိဘူး၊ သေချင်းသေရင် ကျွန်မကသာ အရင်သေမှာ

ဒေါ်အေးခင်ကလည်း ပြောတတ်သည်။ အဘွားကို ရုတ်တရက် သေဆုံးသွားလိမ့်မည်ဟု သူ လုံးဝမထင်မှတ်ခဲ့ပေ။

သို့သော် အဘွားသည် ရုတ်တရက် သေဆုံးသွားခဲ့လေသည်။

နောက်တစ်နေ့ မနက်ကျတော့ အဘွား အိပ်ရာထ နောက်ကျနေသည်။ တစ်အိမ်လုံးတွင် နောက်ဆုံးမှ ထလေ့ရှိသော မိုမို နိုးလာသည်အထိ အဘွားက ထမလာသေးချေ။

"အဘွား ညက အိပ်မပျော်ဘူး ထင်တယ်ဟ။ ဒီနေ့တော့ ဆန်စျေး ဆီစျေးတွေ အဘွားကို မပြောကြနဲ့တော့

ညိုညိုက ရယ်ရယ်မောမော ပြောရင်း အဘွားကို သွားနှိုးသည်။

ခုတင်ပေါ်တွင် ညာဘက်စောင်းရင်း ကွေးကွေးလေး အိပ်ပျော်နေဟန်ရှိသော အဘွားကတော့ နိုးမလာတော့ချေ။ ညိုညိုက ထိတ်လန့်တကြားနှင့်  အဘွား ... အဘွား ထတော့လေ  ဟု ပြောရင်း တအားလှုပ်နှိုးတော့ လက်ထဲမှ စိပ်ပုတီးလေးက လွတ်ကျသွားသည်။  အဘွား သတိမေ့နေတာပါ၊ အသက်ရှူလာမှာပါ  ညိုညိုက ထင်နေသော်လည်း အဘွားသည် ဘဘကြီးဦးဘမောင် ပြောသလို ရုတ်တရက် သေဆုံးသွားခဲ့ပြီ ဖြစ်လေသည်။

* * *

“အိပ်နေရင်း ဦးနောက်သွေးကြော ပြတ်သွားတာ ထင်တယ်

“နှလုံးက ပုံမှန်လည်ပတ် နေရာက ရုတ်တရက် ဖောက်ပြန်ပြီး အသက်ပါ ပါသွားတာပါ၊ ဒါမျိုးက ဖြစ်တတ်ပါတယ်

“လေဖြတ် သွားတာပါရှင်

“အသက်က ရှစ်ဆယ်နဲ့ သုံးနှစ်တဲ့၊ ဒီအရွယ်သေတာ ဘာမှ စဉ်းစား မနေနဲ့၊ အိုလို့ သေတာပါ၊ ရှင်းနေတာပဲ

အဘွားသေရခြင်း အကြောင်းကို တစ်ယောက်တစ်မျိုး အမျိုးမျိုး ပြောကြသည်။ အဘွား၏ ရုပ်အလောင်းကို ခွဲစိတ်ပြီး မကြည့်ခဲ့သည့်အတွက် ဘာကြောင့် သေဆုံးရသနည်း တပ်အပ် သေချာတော့ မည်သူမျှ မပြောနိုင်။

ပိုပိုကတော့ အေးစက်နေသော အဘွား၏ ခန္ဓာကိုယ်လေးကို တအားဖက်ကာ ငိုသည်။ ထို့နောက်  ပိုပိုတို့က ကျားကိုက်လို့ မသေပေမယ့် အဘွားကတော့ ကြားလိုက်လို့ သေသွားတာလား ပြောပါဦး အဘွားရဲ့  ဟု မရှိုတင်ကဲ ပြောရှာလေသည်။

-------------

မစန္ဒာ

ကလျာ၊ ဇန်နဝါရီ၊ ၁၉၉၃။

## + × နှင့် ÷ (မစန္ဒာ)

---

မီးသွေးမီး အရှိန်နည်းနေပြီ ဖြစ်သော ထမင်းအိုးက မပွက်ချင် ပွက်ချင်နှင့် ဘွက်ခနဲ ဘွက်ခနဲ ညည်းညည်းညူညူ ပွက်နေသည်။ မစိန်မြကလည်း ထမင်းအိုးကို ပျင်းပျင်းရိရိနှင့် ထိုင်မှွေနေသည်။ မနေ့ညက ကောင်စီရုံးရှေ့တွင် ဖိနပ်ဖင်ခုထိုင်ကာ ကလေးနို့တိုက်ရင်း ကြည့်ခဲ့ရသော မြန်မာကားကို ပြန်လည် မြင်ယောင်နေသည်။

"အမေ"

သားကြီးက ခေါ်လိုက်တော့ မစိန်မြ နည်းနည်း ဖိမ်ပျက်သွားသည်။

"အမေ ကျူရှင် ယူချင်တယ် "

စင်းမေးနေသော မစိန်မြ၏ မျက်လုံးသည် အတန်ငယ် ပြူးကျယ်သွားသည်။ တွေးထင် မြင်ယောင်နေသော ကိုညွန့်ဝင်းသည် ရုတ်ခနဲ ပျောက်သွားသည်။ သူ့ရှေ့တွင် နပ်ချေးတရှုံ့ရှုံ့နှင့် ငုတ်တုတ်ထိုင်နေသော သားကြီး သြရသ

ဖြစ်သူ မောင်သံချောင်းသည် ကိုညွှန့်ဝင်းလောက် ကြည့်မကောင်းလှချေ။

"ကျူရှင် ယူရအောင် နင်က ဘီအေ မို့လား။ ဆယ်တန်း ဖြေရမှာ မို့လား။ ကိုးတန်း တက်ရမှာ မို့လား။ ပြောစမ်းပါဦး ကိုကြက်ချေးတန်းရဲ့"

" အမေကလည်းဗျာ တစ်တန်းလည်း တစ်တန်းကျူရှင်ပေါ့"

"ဘာ တစ်တန်းကျူရှင်လဲ။ ကျက်ပါလား ကိုယ့်ဟာကိုယ်၊ ဒီလောက် အတန်းပေါက်စန ကလေးကိုများ ကျူရှင် ပေးရမယ်လို့ ကြားဖူးပေါင်"

"အဲဒါဆို အမေ အောက်နေတာပဲ"

"ဘာ အောက်တာလဲ"

မစိန်မြက ယောက်မနှင့် ရွယ်လိုက်သောကြောင့် သားကြီးက လက်လှမ်းမမီသော နေရာကို အလျင်အမြန် ဆုတ်ခွါလိုက်သည်။

"လူတိုင်း လူတိုင်း ကျူရှင် ယူနေကြတာပဲ အမေရဲ့"

"အေး ဒါပေမယ့် ငါတို့က လူတိုင်းလောက် မချမ်းသာဘူး၊ တစ်နေ့ တစ်နေ့ အလျင်မီအောင်တောင် မနည်းလုပ်နေရတာ၊ နင့်အဖေ မဟာစာရေးကြီးရဲ့ လခက ဘယ်လောက်များ ရှိလို့လဲ၊ အလကား သင်ပေးတဲ့ ကျူရှင် ရှိရင်တော့ သွားတက် ဒါပဲ"

မစိန်မြက ဗီတိုအာဇာ သုံးကာ သူ၏ အဆိုကို ပယ်ချလိုက်လေတော့ သားတော်မောင် ငိုမဲ့မဲ့ ဖြစ်သွားသည်။ မီးဖိုချောင် တံခါးဝတွင် ထိုင်နေသော ဖခင်ဖြစ်သူ ကိုရေခဲကို အားကိုးတကြီး လှမ်းကြည့်သည်။

ကိုရေခဲက အလယ်ခန်းတွင် ချိတ်ထားသော ကလေးပုခက်ကြီးကို လှမ်းဆွဲလိုက်၊ ဆေးပေါ့လိပ်တိုလေးကို ဖိဖွာလိုက်နှင့် မမြင်ချင်ယောင် ဆောင်နေသည်။

ဘုစုခရုတို့၏ မယ်တော်၊ နောက်ပြီး သူတို့ အိမ်ထောင်စု၏ ဝန်ကြီးချုပ်လည်း ဖြစ်၊ ဘဏ္ဍာရေးဝန်ကြီးလည်း ဖြစ်၊ ထမင်းချက်လည်း ဖြစ်၊ ခဝါသည်လည်း ဖြစ်၊ သန့်ရှင်းရေး လုပ်သားလည်း ဖြစ်သော သူ၏ မဟေသီ မစိန်မြကို သူ မလွန်ဆန်ရဲကြောင်းကို သားတော်မောင်လည်း သိလိမ့်မည် ထင်ပါသည်။

"ဒီလိုဆို အမေ သင်ပေးမလား ကဲ"

သားက ပြောတော့ မစိန်မြ လန့်သွားသည်။ သူက စာကို ဟုတ္တိပတ္တိ စိတ်ဝင်စားခဲ့သူ မဟုတ်။ အမေ့ကို ဈေးကူရောင်းရင်း တက်တစ်လှည့် ပျက်တစ်လှည့် သင်ခဲ့ရသည်ကလည်း ရှစ်တန်း အထိသာ ဖြစ်သည်။ နောက်ပြီး ယောက်ျား မယူမီကတည်းက ကျောင်းထွက်ခဲ့ရသူမို့ ကျောင်းစာနှင့် ဝေးနေသည်မှာလည်း ကြာလှချေပြီ။

"အင်္ဂလိပ်စာတော့ နင့်အဖေကို သင်ခိုင်း"

မစိန်မြက အကြီးဆုံးသော ရန်သူကို ဘောလီဘော သိုင်းနှင့် ကမန်းကတမ်း ရှောင်တိမ်းလိုက်သည်။

"ရုံးမှာ ခုတစ်လော အိုဗာတိုင်တွေ ရှိမယ်တဲ့"

ကိုရေခဲကလည်း အပြေးအလွှား ရှောင်တိမ်းလိုက်သည်။ မစိန်မြက မျက်စောင်းခဲရင်း ခပ်ဆတ်ဆတ် ပြောသည်။

"အိုဗာတိုင် မရှိတဲ့နေ့ သင်လို့ ရတာပဲ"

ကိုရေခဲက မျက်တောင် တဖျပ်ဖျပ် ခတ်သည်။ ကလေးပုခက်ကြိုးကို လှမ်းဆွဲသည်။ ကြိုးနှင့်တုတ်၍ ပွတ်တိုက်ပြီး "ကျွိအိ ကျွိအိ" ဟု မြည်နေသော အသံကို သူ့နားထဲတွင် "ကျူရှင် ကျူရှင်" ဟု ကြားယောင်လာသည်။

"တစ်ခါတလေတော့လည်း ရုံးအလုပ်တွေ အိမ်ပါချင် ပါလာဦးမှာ"

"မပါတဲ့နေ့ သင်ပေါ့"

"အေးပါကွာ အားတဲ့နေ့ သင်တာပေါ့"

ကိုရေခဲက ခပ်ပျော့ပျော့ ပြောသည်၊ လာမည့်ဘေးကို ရှောင်လွှဲ၍ မရတော့သည်မို့ နောက်ဆုတ် နောက်ဆုတ်နှင့် ရင်ဆိုင်ရန် အားတင်းသည်။

"ဒီလိုဆို အမေက သင်္ချာသင်"

"သင်္ချာ"

စိတ်အေးပြီး စင်းမေးတော့မည် ဖြစ်သော မစိန်မြ မျက်လုံး အစုံသည် ဆတ်ခနဲ ပြန်ပြူးသွားကြသည်။ ထို့နောက် ကိုရေခဲကို မျက်စောင်းထိုးကာ ရန်စကားဆိုသည်။

"အဲဒီ အောက်တန်းစာရေး ရာထူးကြီးကိုပဲ ဖက်ပြီး ဖင်ကျောက်ချထား သိလား ဦးရေခဲ။ အောက်ဆိုက်လည်း မရှာနဲ့။ ငရဲကြီးတတ်တယ်"

"ဟ ဘာဆိုင်လို့လဲ"

ကိုရေခဲက မစိန်မြကို နားမလည်သလို လှမ်းကြည့်သည်။ ထိုစဉ်တွင် ဆေးလိပ်တိုမှ မီးဖွားများက ပုဆိုးပေါ်သို့ ဖွားကနဲ ကြွေကျကုန်သည်။ နေရာမှ

ခုန်ချပြီး မီးဖွားများကို ကမန်းကတန်း ခါချစဉ် နို့ညှာကောင်သည် တဒိုင်းဒိုင်း ပြေးဝင်လာသည်။ ပုခက်ထဲမှ ကလေးက ထငိုသည်။ မစိန်မြက ထမင်းအိုးကို ဆောင့်ကြီးအောင့်ကြီး မွှေသည်။

"ဘာ မဆိုင်ရမှာလဲ။ တော်သာ ဝင်ငွေကောင်းရင် ဒီအကောင်တွေကို ဆရာကောင်းကောင်းနဲ့ ကျူရှင် ကောင်းကောင်း ပေးနိုင်မှာပေါ့။ ကျုပ်တို့ သင်စရာ လိုမလား"

"အင်း ... နောက်ဆုံးတော့ ဒီဘူတာ ဆိုက်တာပဲ"

ကိုရေခဲက ညာဘက် နားမှ ဝင်လာသော မစိန်မြ၏ စကားများကို ဘယ်ဘက် နားမှ ပြန်ထုတ်ရန် ကြိုးစားရင်း တွေးလိုက်မိလေသည်။

* * *

"ကဲ ငါး အပေါင်း ရှစ်တဲ့။ ပေါင်းစမ်း"

"ငါးကို စိတ်ထဲမှာထား လက်ရှစ်ချောင်းထောင် ငါးပြီးတော့ ခြောက် - ခုနစ် - ရှစ် - ကိုး"

"အမေ့ ... အီးအီး ..."

"ဩော် ... ခက်တော့တာပဲ ကိုရေခဲရေ"

"အေး ... အေး"

ကိုရေခဲ လက်ကြားမှ ဆေးလိပ်တိုကို နို့ဆီခွက်ထဲ လှမ်းထည့်ပြီး နေရာမှ ကမန်းကတန်း ထသည်။ သူ့အမေဘေးတွင် ကုန်းကုန်းကွကွ ရပ်နေသော နို့ညှာကောင်ကို ဆွဲခေါ်လာပြီး ခပ်လိန်လိန် ခပ်ပိန်ပိန် ဖြစ်နေသော ဒန်ထွေးခံပေါ်တွင် ထိုင်ခိုင်းလိုက်သည်။

"ဆယ့်နှစ် ... ဆယ့်သုံး ... ဆယ့်လေး ... ဆယ့်ငါး"

"ဘာ"

မစိန်မြက အော်သည်။ သားတော်မောင်က သူ့ပါးစပ်သူ အလျင်အမြန် ဘရိတ်ဖမ်းလိုက်သော်လည်း ချက်ချင်း မရပ်။ "ဆယ့် - ဆယ့် - ဆယ့်ခြောက်" ဟု အထစ်ထစ်အငေါ့ငေါ့ ဆိုပြီးမှ ရပ်သွားသည်။ ထို့ကြောင့် သစ်သားပေတံနှင့် တစ်ချက် အခေါက်ခံလိုက်ရလေသည်။

"ဘာ ဆယ့်ခြောက်လဲ ... ပြန်ပေါင်းစမ်း"

"ငါးကို စိတ်ထဲမှာ ထား ... လက်ရှစ်ချောင်းထောင်"

သားတော်မောင်က နောက်ဘက်သို့ မသိမသာ တွန်းရွှေ့ထိုင်ရင်း

ဒုတိယအကြိမ် ကြိုးစားသည်။

"နင့်ကို ငါ ပြောပေါင်း များလှပြီ။ ပိုကြီးတဲ့ဟာကို စိတ်ထဲမှာ ထားစမ်းပါဆို။ ရှစ်ကို စိတ်ထဲမှာ ထားပြီး လက်ငါးချောင်း ထောင်တာက ပိုပြီး မလွယ်ဘူးလား သံချောင်းရဲ့"

သားတော်မောင် ရွှေ့ရာဘက်သို့ မစိန်မြက လိုက်တိုးသည်။

"ကဲ ... ပြန်ပေါင်းစမ်း။ ကပျက်ကချော် လုပ်မနေနဲ့"

မစိန်မြက ပေတံနှင့် အဆင်သင့် ရွယ်ထားသည်။ သံချောင်းက သက်ပြင်း မသိမသာ ချရင်း ကိုရေခဲအား လှမ်းကြည့်သည်။ ခေါင်းကုတ်သည်။ နပ်ချေးရှုံ့သည်။

"အင်း ဒီကောင်တော့ ကျူရှင်ဆရာ အရွေးမှားပြီ ဆိုပြီး နောင်တ ရနေပြီ ထင်ပါရဲ့"

ကိုရေခဲက တွေးရင်း ပြုံးမိသည်။ သူ့အလှည့်ကျလျှင်တော့ လွယ်သည်။ "သစ်အစ်(စ်)အေဘွခ်၊ သစ်အစ်(စ်)အင် အက်ပဲလ်" ဆိုတာတွေကို

တစ်ခေါက်လောက် ချပေးပြီး "ကဲ အဲဒါတွေကို လက်ရေးလှ ငါးခေါက်ရေးကွာ" ဟု ခိုင်းလိုက်ရုံပင်။ သူလည်း သက်သာ၊ သားကလည်း ကျေနပ်၊ ငြိမ်းချမ်းသာယာမှုအတိ ရှိမည် ဖြစ်လေသည်။

"ဖေဖေ"

နို့ညှာကောင်က ခေါ်သည်။

"ဘာလဲကွ"

"နံနံ"

"နံမှာပေါ့ကွ။ အီးပဲဟာ"

မရှူပဲ နေမရသောကြောင့် ပျံ့လာသော ရနံ့ကို မသက်မသာနှင့် မျှဉ်း၍ ရှူသည်။

"ကိုမြတ်ဆွေတို့နဲ့ လိုက်သွားရင် ကောင်းသား။ ဒါဆို ကလေး အီးတယ်နေရမှာ မဟုတ်ဘူး" ဟု စဉ်းစားသည်။ ရုံးက အရာရှိကြီး၏ ဇနီး တိုက်ဖွိုက် ဖြစ်သောကြောင့် ကိုမြတ်ဆွေတို့၊ ကိုအောင်မြင့်တို့ လူစုတွေ အလုပ်များကြသည်။ အားဆေး ရှာသူကရှာ၊ ကြက်ပေါင်းရည် ပို့သူကပို့၊

ဂလူးကို့(စ်) ဝယ်သူကဝယ်၍ လှုပ်လှုပ်ရှားရှား ရှိသော်လည်း ကိုရေခဲကတော့ ထုံးစံအတိုင်း ရေခဲတုံးပင်။ "သူ့မိန်းမ နေမကောင်းတာ ကိုယ့်မိန်းမ နေမကောင်းတာမှ မဟုတ်" ဟု တွေးသည်။ သူ့မိန်းမက ကိုယ့်မိန်းမထက် ပိုပြီး အရေးကြီးသည်ဟု မထင်။ ထို့ကြောင့် မလှုပ်မရှား ငြိမ်နေလိုက်သည်။ အင်း လှုပ်စရာ ရှိလည်း ပိုက်ဆံမှ မရှိပဲကိုး။ ညနေတုန်းကတော့ ကိုမြတ်ဆွေ၊ ကိုအောင်မြင့်နှင့် ခင်လေးဝေတို့ သုံးဦးစုပြီး ဟောလစ် တစ်ပုလင်း ဝယ်သည်။ သတင်း သွားမေးမည် လိုက်ဦးမလားဟု ခေါ်သော်လည်း သူ ခေါင်းခါခဲ့သည်။ ဟောလစ်ပုလင်းတွင် သူ့အစုစပ်ငွေ မပါဘဲ လိုက်ရမည်ကို စိတ်မလုံလှ။ သူတို့သုံးဦးကလည်း ရှေ့တင်သာ လိုက်ပါဟု ခေါ်သော်လည်း ကွယ်ရာကျတော့ ပြန်ပြီး "အတင်း" ပြောချင် ပြောကြဦးမည်မို့ သိပ်မယုံလှ။

"ကဲ မနီတွင် လိမ္မော်သီး ခြောက်လုံး ရှိသည်။ နောက်ထပ် လေးလုံး ထပ်ဝယ်လျှင် လိမ္မော်မ္မော်သီးမည်မျှ ရှိမည်နည်းတဲ့။ ကဲ ... ဒါဆို ဘာလုပ်ရမလဲ"

"ပေါင်းရမယ်"

"ဘာနဲ့ ဘာနဲ့ကို ပေါင်းရမှာလဲ"

"ခြောက်နဲ့ လေး"

"အဲ ဟုတ်ပြီ။ ကဲ ... ပေါင်းစမ်း"

"ခြောက်ကို စိတ်ထဲမှာ ထား။ လက် လေးချောင်းကို ထောင်။ ခြောက် ပြီးတော့ ... ခုနစ် ... ရှစ် ... ကိုး ... တစ်ဆယ် ... ဆယ့်တစ်"

"ကဲ ... အဲဒါ ဆယ့်တစ်"

မစိန်မြက ပေတံနှင့် လှမ်းခေါက်ပြန်သည်။ သံချောင်းက ဖင်ရွှေ့ပြီး နောက်ဆုတ် သွားပြန်သည်။

"ခေါင်းကလေးကို သုံးပြီး စဉ်းစဉ်းစားစား ရွတ်စမ်းပါ သံချောင်းရယ်။ လက်ကို ထောင်ချင်တာ ထောင်။ ပါးစပ်ကလည်း ရွတ်ကောင်းသလောက် ရွတ်ပြီး ရွတ်နေတာပဲ။ အေ ... အေ ... ကျွတ် ... ကျွတ် ... အိပ်ပါကွယ်လေ ... အေ အေ ... အေ"

မစိန်မြက ရင်ခွင်ထဲမှ လူးလွန့်လာသော ကလေး၏ တင်ပါးကို ပုတ်သည်။ အင်္ကျီကို ကမန်းကတမ်း ဆွဲလှန်ပြီး ကလေး ပါးစပ်ထဲသို့ နို့ပိန်ကို ထိုးထည့်သည်။ ကလေးက တစ်ချက်နှစ်ချက် စုပ်ပြီး ပြန်ငြိမ်သွား လေသည်။

"တော်ပါသေးရဲ့"

ကိုရေခဲ သက်ပြင်းချသည်။ ဒီကောင် ပြန်မအိပ်လျှင် မစိန်မြက "ကိုရေခဲရေ" ခေါ်ဦးမည် ဖြစ်သည်။ သူကတော့ စာသင်တာကို ရပ်လိမ့်မည် မဟုတ်။

* * *

"ကိုရေခဲရေ"

"ဟော ... ခေါ်ပါပြီဗျာ"

ကိုရေခဲက ဆေးလိပ်တိုကို နို့ဆီခွက်ထဲ ထိုးထည့်လိုက်ရ ပြန်သည်။ မစိန်မြ၏ လက်ထဲမှ အငယ်ကောင်ကို အလိုက်တသိ လှမ်းယူလိုက်ပြီး ပုခုံးပေါ်တွင် မှောက်ကာ သိပ်လိုက်သည်။ တင်ပါး ပြောင်ပြောင်ကလေးကို ပုတ်ရင်း ဆယ့်နှစ်ပေ ကျယ်သော အခန်း၌ ခေါက်တုံ့ ခေါက်ပြန် လမ်းလျှောက်သည်။

"မြှောက်တယ်ဆိုတာ ပေါင်းတာပဲ သံချောင်းရဲ့။ အများကြီး ထပ်ကာထပ်ကာ ပေါင်းနေရရင် ကြာတယ် မဟုတ်လား။ တစ်ခါတည်း မြှောက်လိုက်ရင် အဖြေ တန်းထွက်ရော"

မစိန်မြက သူ့သိသမျှ ပို့ချသည်။

"ဒါကြောင့် အလီရဖို့ အရေးကြီးတယ် ပြောတာပေါ့။ အလီ မရရင် မြှောက်ကြဖို့ မလွယ်ဘူး"

"အောင်မယ်လေးဟဲ့ ငါ့မိန်းမလည်း ဆရာမကြီးပုံ ဖမ်းနေလိုက်တာ။ အလီရအောင် ကျက်။ မရရင် တီးမယ်လို့ သူပြောနေကျအတိုင်း ပြောလိုက်ရင် ပြီးရော"

ကိုရေခဲက တွေးသည်။ ခုတလော မစိန်မြကို သိပ်ပြီး ကြည့်လို့မရ။ ကိုယ့်သားကိုယ် စာသင်တာကတော့ ဟုတ်ပါရဲ့။ သူလုပ်နေကျ အလုပ်များ ဖြစ်သော အငယ်ကောင် သိပ်ခြင်း၊ နို့ညှာကောင် အီအီးတယ်ခြင်း၊ အလတ်မ မိတ်ကုတ်ပေးခြင်း၊ အလတ်ကောင်၏ ဝဲများကို ဆေးထည့်ပေးခြင်း စသောစသော တောက်တိုမည်ရ အလုပ်များကို ကိုရေခဲအား အကုန်လွှဲအပ် လိုက်သည်ကတော့ ခက်လှသည်။ သူ စာသင်နေတုန်းတော့ ဘယ်သူ ဘာကိစ္စ ပေါ်ပေါ် "ကိုရေခဲရေ" ဟု တစ်ဆင့် လှမ်းခေါ် လိုက်သည်သာ ဖြစ်သည်။

"ငါ့နာမည်ကလည်း ရေခဲကနေ အရည်ပျော်ပြီး သူ့လက်ထက်ကျမှ ရေခဲရေ ဖြစ်နေပြီ"

ကိုရေခဲက မလိုတမာ တွေးသည်။ မိတ်ယားသဖြင့် သူ့ကျောကိုသူ အိမ်တိုင်နှင့် ပွတ်နေသော အလတ်မအား စောင်းကြည့်ပြီး စိတ်မောသွားသည်။ ပုခုံးပေါ်က အကောင် အိပ်သွားလျှင် ခရေပွင့်ခြောက်နှင့် သနပ်ခါးကို ရောသွေးပြီး လူးပေးရန် အမိန့် ကျလာဦးမည်ကို ကြိုပြီး ကြားယောင်နေသည်။ သူက အနည်းငယ် မျက်နှာရှုံ့မိလျှင် "ကဲ ဒီလိုဆို တော်လာပြီး သင်လှည့်။ ဒါမှမဟုတ် ကျူရှင်ခပေးပြီး ကျူရှင်ဆရာဆီ ပို့" ဟု ပြောဦးမည် ဖြစ်လေသည်။

"ကဲ … ဒီမှာကြည့်။ ပန်းအိုး တစ်အိုးလျှင် ပန်းသုံးပွင့်စီ ရှိသတဲ့။ ပန်းအိုးခြောက်လုံး ဆိုလျှင် ပန်းပွင့် မည်မျှ ရှိမည်နည်းတဲ့"

မစိန်မြက ပန်းအိုးဟု ဆိုလိုက်တော့ ကိုရေခဲသည် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက် နေရင်းမှ ဒေါ်စိန်စိန်ကြည်ကို ဖျတ်ကနဲ သတိရသည်။ ရုံးမှ အပိုကြီး အရာရှိမ, ဖြစ်သော ဒေါ်စိန်စိန်ကြည်ကို သူတို့တစ်တွေက ကွယ်ရာတွင် "ခင်ခင်ပန်းအိုး" ဟု ခေါ်ကြသည်။ ပန်းအိုးကလေးလို ခါးသေးရင်ချီ သောကြောင့်တော့ မဟုတ်။ ပန်းအိုး ထိုးထားသလို တစ်ခေါင်းလုံး ပန်းတွေ ဝေနေအောင် ပန်တတ်သောကြောင့် ဖြစ်သည်။ အသားညိုညို၊ ဝဝဖိုင့်ဖိုင့်နှင့် ပုံပန်းမကျ လှသော်လည်း ရုံးမှ ထွေးထွေးတို့ ကေသွယ်တို့က "မမစိန်တို့ ကိုယ်လုံးကတော့ တကယ်ကို မိတယ်ဟေ့" ဟု ပြောတတ်ကြသည်။ "မမစိန်ရဲ့ အသားက ညိုပေမယ့် စိုပြီးဝင်း နေတာပဲ" ဟုလည်း ပြောကြသေးသည်။

"အင်း ... လှျာမှာ အရိုးမရှိဘူး ဆိုတာ တယ်ဟုတ်တာပဲ။ ဦးလှအောင်ရဲ့ သားကလေး ဆယ်တန်းကို ဂုဏ်ထူးတစ်ခုနဲ့ အောင်တုန်းကရော၊ တော်လိုက်တာနော်။ မွေးရကျိုး နပ်လိုက်တာနော်။ လိမ္မာလိုက်တာနော်နဲ့ ရင်သပ်ရှုမော လုပ်နေလိုက်ကြတာ။ ဒီခေတ်မှာ ဂုဏ်ထူး တစ်ခုလောက် ရတာကိုများ ထူးထူးဆန်းဆန်း တအံ့တသြ လုပ်လို့"

ကိုရေခဲက အိပ်ပျော်သွားပြီ ဖြစ်သော အငယ်ကောင်ကို အိပ်ရာထဲသို့ ဖြည်းဖြည်းကလေး ချသည်။ နိုးသွားလျှင် နောက်ထပ် နာရီဝက်လောက် ထပ်လျှောက်ရ ဦးမည်မို့ အသက်ကိုပင် ပြင်းပြင်း မရှူရဲချေ။

"သုံးတစ်လီ သုံး၊ သုံးနှစ်လီ ခြောက်၊ သုံးသုံးလီ ကိုး၊ သုံးလေးလီ ဆယ့်တစ်"

"ဘာပြောတယ်။ သုံးလေးလီ ... ဆယ့်တစ် ... ဟုတ်လား"

မစိန်မြက အော်သည်။ ကိုရေခဲသည် အိပ်ရာထဲ ရောက်နေပြီ ဖြစ်သော ကလေးကို လက်မလွှတ်ရဲသေးပဲ ကမန်းကတန်း ပြန်ဖက်ထားသည်။"ရှူး ... ရှူး" ဟု ခပ်တိုးတိုး ပြောလိုက်သော်လည်း မစိန်မြက မကြား။

"ဒါကြောင့် အလီကို ကျေအောင် ကျက်ပါဆို။ စာအုပ်သာ ကျေသွားတယ်။ စာ မကျေဘူး။ အလကားကောင်" ဟု ဆက်၍ အော်ပြန်သည်။ ဒီတစ်ခါတော့ ကိုရေခဲ စိတ်မရှည်တော့။ "တိုးတိုးဟ" ဟု ခပ်ကျယ်ကျယ် အော်လိုက်သည်။ မစိန်မြ အော်စဉ်က မနိုးသော အငယ်ကောင်သည် ကိုရေခဲ၏ အသံကြားမှ ဆတ်ကနဲ လန့်နိုးသည်။ ပြဲကနဲ အော်လေတော့သည်။

"သွားပါပြီကွာ"

ကိုရေခဲက သားငယ်ကို ပုခုံးပေါ် ပြန်ထမ်းသည်။ ခေါက်တုံ့ခေါက်ပြန် လျှောက်ရပြန်သည်။ ထို့နောက် စိတ်ပျက်လက်ပျက်နှင့် ညည်းသည်။

"မစိန်မြရယ် ညည်းစာသင်တာ ငါ ပင်ပန်းလှတယ်"

"မပင်ပန်းချင်ရင် ကျူရှင်ဆရာဆီ ပို့လိုက်ပေါ့။ လောက်အောင် ရှာပေးပေါ့ အိမ်ဦးနတ်ကြီးရဲ့"

မစိန်မြကလည်း ဇတ်ကနဲ မျက်စောင်းထိုးကာ ဆိုက်နေကျ ဘူတာသို့ ဒိုင်းကနဲ ဆိုက်လိုက်လေသည်။

"ဌာနတွင်း စာမေးပွဲ ဖြေထားရ ပါတယ်ကွ။ ရာထူး တိုးတော့မှာပါ"

"ဒီစကားမျိုး ကြားရတာ များလှပါပြီ။ ကြာလှပါပြီတော်"

မစိန်မြက အယုံအကြည် နည်းဟန်နှင့် ဆိုသည်။

"ဒီတစ်ခါ အားလုံး ဖြေနိုင်တယ်ကွ"

"အရင်တုန်းကရော မဖြေနိုင်လို့လား"

ကိုရေခဲက ဘာမှ ဖြေရှင်းချက် ထုတ်မနေတော့ပဲ ကြမ်းကို မသိမသာ ဆောင့်နင်းသည်။ ဆင့်တွေ ညွှတ်နေပြီဖြစ်သော ကြမ်းအိုကြမ်းကျဲက

ခြေချလိုက်တိုင်း ကျွိကနဲ မြည်သည်။ ကိုရေခဲကတော့ ထိုအသံကို ဆိုင်းသံလို့ ထင်ပြီး "လူမှာသာ ငွေမရှိရင် လင်ယူမိတာ နာတယ် ထင်တယ် … ယောက္ခမအိမ်တက် သားမက်မှာ မျက်နှာငယ် … မျက်နှာငယ်။ ဒါတွေကို ငါသိပြီကွယ် … အချစ်ဆိုတာ လောကမှာ နားမလည် … တယ် လောက" ဟူသော သီချင်းကို စိတ်ထဲမှာ အော်ဆိုလိုက်မိသည်။

အဖေနှင့်အမေ စကားကောင်းနေစဉ် အကြီးကောင်က ခဲတံဖင်ကို ကိုက်ကာ ငေးနေသည်။ မျက်လုံးစင်းပြီး ငိုက်နေသည်။

မစိန်မြ မြင်တော့ ပေတံနှင့်ရွယ်ကာ အော်ပြန်သည်။

"ဟဲ့အကောင် ဘာငေးနေတာလဲ။ မြှောက်စမ်းပါလို့ ပြောထားတာ မြှောက်ပါလား"

* * *

နေဝင်ခါနီးနေပြီ။

မိုးရိပ်က နည်းနည်း ညိုနေတော့ နေမင်းသည် ရွှေဝါရောင် လက်တံများနှင့်

ကမ္ဘာလောကကြီး တစ်ခုလုံးအား ဖြန့်ကျက် နှုတ်ဆက်ပိုင်ခွင့်မ ရှိရှာပေ။

"ခဏနေရင် မှောင်တော့မယ်"

ကိုရေခဲက တွေးသည်။ ဆေးလိပ်တိုကို ဖင်စီခံနား ရောက်သည်အထိ ဖိ၍ ဖွာသည်။ အပူငွေ့က အစီခံကို လောင်မြိုက်ကာ နှုတ်ခမ်းဆီသို့ ကူးစက်လာတော့မှ ရပ်လိုက်သည်။

"အစကတည်းက ထင်သားပဲ။ ပါမှာ မဟုတ်ပါဘူးလို့"

မစိန်မြက ခပ်တိုးတိုး ပြောသည်။ ကိုရေခဲကတော့ သက်ပြင်းချသည်။ ရာထူးတိုးရန် စာမေးပွဲ ဖြေရသည်။ သူဖြေသည်။ ဖြေလည်း ဖြေနိုင်သည်။ သို့သော် ယခု စာရင်း ထွက်လာတော့ သူ့အမည် ပါမလာ။ သူ့ထက် လုပ်သက်နုသူတွေ၊ သူ့နောက်မှ အလုပ်ဝင်သူတွေက သူ့ကို ကျော်ပြီး တက်သွားကြသည်။ "သူတို့ ငါ့ထက် ဖြေနိုင်လို့ ထင်ပါရဲ့" ဟု တွေးရုံမှအပ ကိုရေခဲ ဘာမှ မလုပ်တတ်။

"သူကရော အစကတည်းက ထင်သားပဲ ဆိုတာကလွဲလို့ ဘာမှ မပြောတတ်တော့ဘူးလား"

ကိုရေခဲက မစိန်မြကို ဒေါသ ဖြစ်ချင်သည်။ "အလကားမိန်းမ၊ သူကြိုပြီး နိမိတ်ဖတ်နေလို့ ဖြစ်ရတာ" ဟု တွေးသည်။ ခါတိုင်းလို အိမ်ခါးပန်းလေး ခေါင်းအုံးပြီး ဆေးလိပ်ဖွာဖို့ပင် စိတ်မကူးနိုင်။ ရင်ထဲတွင် လေးလံပြီး ညှိုးချုံးနေသည်။

"အမေ"

"အေး"

"ဒီနေ့ အစားသင်တယ်"

"ရရဲ့လား"

"ဟင့်အင်း"

"ပြစမ်း"

သားတော်မောင် မောင်သံချောင်းက သူ၏လေ့ကျင့်ခန်း စာအုပ်ကို တွန့်ဆုတ်တွန့်ဆုတ်နှင့် လှမ်းပေးသည်။ မစိန်မြက စာရွက်များကို တဖျပ်ဖျပ် လှန်ကာ စစ်ဆေးသည်။ ကြက်ခြေခတ်ရာများနှင့် ပြည့်နေသော စာမျက်နှာများကို စိတ်လက်ညစ်ညူးစွာနှင့် စိုက်ကြည့်သည်။ ဆရာညံ့ခြင်းလော၊ တပည့်ညံ့ခြင်းလောဟု တွေးမနေအား။ တပည့်ညံ့ခြင်းသာ ဖြစ်သည်ဟု ချက်ချင်း ဆုံးဖြတ်လိုက်သည်။ ကျောင်းက ဆရာလည်း ညံ့မည်မဟုတ်။ အိမ်က ဆရာလည်း အလွန်တော်သည်ဟု တွေးသည်။

"သား မစားတတ်သေးဘူး အမေ"

သံချောင်းက သူ့အမေ လက်လှမ်းမမှီရာသို့ ဆုတ်ခွါရန် ဟန်ပြင်သော်လည်း မစိန်မြက သူ့ထက် မြန်သည်။ သံချောင်း၏ ဦးစွန်းဖုတ်ကို ဘယ်ဘက်လက်နှင့် ဖျတ်ခနဲ လှမ်းဆွဲသည်။ ခေါင်းက ရှေ့သို့ ငိုက်လာတော့ ညာဘက်လက်နှင့် ကျောပြင်ကို ဖြန်းခနဲ ရိုက်လိုက်သည်။

"အပေါင်းလည်း မတော်၊ အမြောက်လည်း မတတ်ဘဲနဲ့ စားချိန်ကျမှ စားချင်လို့ ရမလားဟဲ့ အဖေတူသားရဲ့"

မစိန်မြက ဒေါသတကြီး ရေရွတ်သည်။ သံချောင်း ငိုနေသည်။ ကိုရေခဲက ငေးနေသည်။

----------

**မစန္ဒာ**

**မြတ်လေး၊ မေ၊ ၁၉၈၇။**

# ကိုခြောက်ချက်၏ ဒသသန (မစန္ဒာ)

------------------------------------

သားနာမည် မိုးငြိမ်းချမ်းပါ။ သားကိုမွေးတုန်းက မိုးတွေ သဲသဲမဲမဲရွာနေလို့ မိုးငြိမ်းချမ်း ဆိုတဲ့နာမည်ကို ပေးခဲ့တာတဲ့။ ဖေဖေကြီးကတော့ သားရဲ့မမကို ဖိုးသမီးတဲ့။ သားကိုကျ ဖိုးသားတဲ့။ အိမ်မှာတော့ သားကို ဖိုးသားလို့ခေါ်ကြတယ်။ မေမေကတော့ သားကို ဂူဂူးတဲ့။ သား စကား မပြောတတ်ခင် မေမေ့ရင်ခွင်ထဲမှာ ဂူးဂူးဂဲဂဲတွေ ပြောကတည်းက အဲဒီလို ခေါ်ခဲ့တာတဲ့။ အခုတော့ ဖေဖေက သားကို နာမည်အသစ် တစ်ခုပေးပြန်ပြီ။ အဲဒီနာမည်ကြီးကို သား မကြိုက်ပါဘူး။ သိပ်မုန်းတာပဲ။ ဘာနာမည်လဲ

သိလား။ ပြောတောင် မပြောချင်တော့ပါဘူးဗျာ။ ခြောက်ချက်တဲ့။ ကိုခြောက်ချက်တဲ့။

ဖေဖေနဲ့မေမေက ဗိသုကာတွေပါ။ အရင်တုန်းကတော့ ဘယ်မှာ အလုပ်လုပ်သလဲ သားမသိပါဘူး။ သား ကျောင်းစနေပြီး သူငယ်တန်းလည်း တက်ရော၊ ဖေဖေနဲ့ မေမေက သိမ်ကြီးဈေးကို ရောက်သွားကြရော။
ဈေးကြီးက ဆောက်လက်စ ဆိုတော့ ရွှံ့တွေ၊ ဗွက်တွေ၊ သံချောင်းတွေ၊ သစ်သားချောင်းတွေ၊ ဖုံတွေ၊ သဲတွေနဲ့။ အိုး … ညစ်ပတ်လို့။ ရှုပ်ပွလို့။

ဖေဖေက အိမ်ကိုတောင်သိပ်မပြန်ပါဘူး။ အဲဒီမှာအိပ်၊ အဲဒီမှာပဲ စား၊ သားတို့နဲ့တောင် သိပ်မတွေ့ဖြစ်ဘူး။ မေမေကလည်း မိုးလင်းတာနဲ့ ရုံးသွားဖို့ ပြင်တော့တာပဲ။ သားက အိပ်ချင်သေးပေမယ့် အတင်းနှိုးပြီး အင်္ကျီ လဲပေးတော့တာပဲ။ နောက်ပြီး မေမေ့ရုံးကို မေမေက ခေါ်သွားရော။ ရုံးဆိုတာက အဲဒီဆောက်လက်စ ဈေးကြီးရဲ့ မြေတိုက်ခန်းထဲမှာလေ။ ညတုန်းက ဖေဖေ အဲဒီ ရုံးခန်းမှာ အိပ်တယ်တဲ့။ ဒါပေမဲ့ သားရောက်လာရင် ဖေဖေ မရှိတော့ဘူး။ ဖေဖေ့ သူငယ်ချင်း ဦးသိန်းဇော်နဲ့ အတူတူ ဒီပြင် နေရာတွေ ထွက်သွားပြီ။

မေမေကတော့ ရုံးရောက်ရင် ပုံတွေဆွဲတော့တာပဲ။ သားကိုလည်း သူ့ဘေးမှာ ထိုင်ပြီး စာကျက်ခိုင်းတယ်။ တစ်ခါတစ်လေကျတော့လည်း ဟိုသွား ဒီသွား ဟိုတက် ဒီတက် ပေကြိုးတစ်ချောင်းနဲ့ ဟိုတိုင်း ဒီတိုင်း လုပ်နေတတ်တယ်။

သားကိုတော့ အပေါ်က သစ်သားချောင်းတွေ အုတ်ခဲတွေ ပြုတ်ကျလာမှာ စိုးလို့ဆိုပြီး ရုံးခန်းထဲမှာပဲ နေခဲ့ခိုင်းတယ်။ မေမေ အနားမှာမရှိတော့ သားလည်း ဘယ်စာကျက်တော့မှာလဲ။ ဦးဦးကျော်စိုးတို့ ဦးဦး ဘော်ဘီတို့ အလူမီနီယမ်ဘီဒိုတွေ လုပ်တဲ့နေရာမှာ သွားရှုပ်နေတာပေါ့။ တစ်ခါတလေ ကျတော့လည်း မမ သန်းသန်းဋ္ဌေးနဲ့ ရေခဲမုန့်သွားစားတယ်။

ဒါပေမဲ့ သားကမုန့်ထက် သဲကို ပိုကြိုက်တယ်။ မေမေတို့ရုံးမှာ ရှိတဲ့ သဲပုံကြီးတွေက တောင်လောက်ကြီးတယ် ... သိလား။ အဲဒီ သဲပုံကြီးတွေမှာ ကစားရတာကို သား အကြိုက်ဆုံးပဲ။ ပြေးတက်လိုက်၊ ပြေးဆင်းလိုက်၊ ခုန်ချလိုက်၊ သဲအိမ် ဆောက်လိုက်၊ တစ်ခါတလေလည်း ခြေထောက်ပေါ်မှာ သဲတွေဖုံးပြီး ထိုင်နေလိုက်နဲ့ ဘာပျော်သလဲ မမေးနဲ့။ အရမ်းကို ပျော်စရာကောင်းတယ်။ ဟော ... သားကို ကျောင်းပို့ချိန် ရောက်ရင်တော့ မေမေရောက်လာရော။

ပေတူးညစ်ပတ်နေတဲ့ သားကို ကြည့်ရင်း စိတ်ညစ်ပါတယ်၊ စိတ်ညစ်ပါတယ်နဲ့ ညည်းရော။ ဒါကြောင့်မို့ သားကို ရုံးကို ခေါ်မလာချင်တာပေါ့။ နောက်တစ်ခါကျရင်တော့ အိမ်မှာပဲ ထားခဲ့တော့မယ်လို့ပြောရော။ ဒါပေမဲ့ နောက်နေ့ကျတော့ "သားရေ ... ထ ... ထ" လို့ သားကို အတင်းနှိုးပြီး ရုံးကို အတင်းခေါ်လာရပြန်တာပဲ။ သားကို မေမေခေါ်မလာလို့ ဘယ်သူခေါ်လာမှာလဲ။ ဘယ်သူက ကျောင်းပို့ပေးမှာလဲ။ ဒီတော့ သားက ကျောင်းမတက်ခင်လည်းဆော့၊ ကျောင်းဆင်းတော့လည်း မေမေ ရုံးက မပြန်မချင်း တစ်ခါဆော့။ ဆော့လို့တော့ ဘာကောင်းသလဲ မမေးနဲ့။ ဒါကြောင့်မို့ ဘိလပ်မြေကားကြီးမောင်းတဲ့ ဦးဦးက သားကို မျောက်ဖိုးဆော့လို့ ခေါ်တာ ထင်ပါရဲ့။

တစ်ခါတလေ မေမေ အလုပ်များနေရင်သားလည်း မေမေနဲ့အတူ မှောင်မှ ပြန်ရတယ်။ မမ သန်းဒွေးက ဆီချက်ခေါက်ဆွဲတို့၊ ကြာဇံကြော်တို့ ဝယ်ကျွေးထားလို့ ဆာတော့ မဆာပါဘူး။ ဒါပေမဲ့ သား အိပ်ငိုက်လာရော။ ကားပေါ် ရောက်ပြီး မေမေက သားကို ပွေ့လိုက်တာနဲ့ သားလည်း အိပ်ပျော်သွားတော့တာပဲ။ အိမ်ရောက်တော့ သားကို ကားပေါ်က ပွေ့ချပြီး အိပ်ရာထဲ ပို့ရတယ်။ သားအင်္ကျီတွေ ဘောင်းဘီတွေကို ချွတ်လဲရင်း သားခြေတွေ လက်တွေကို ရေဝတ်နဲ့ သုတ်ပေးနေရင်တော့ သား နိုးလာတာပေါ့။ ဒါပေမဲ့ စာကျက်နေရမှာစိုးလို့ အိပ်ချင်ယောင် ဆောင်နေလိုက်ရင် တကယ်ဆက်ပြီး အိပ်ပျော်သွားရော။ ဟော ... မနက်မိုးလင်းတော့ မေမေက "သားရေ ... ထ ... ထ ...၊ မေမေ ရုံးနောက်ကျတော့မယ်" လို့ပြောပြီး နှိုးပြန်ရော။ သားလည်း မေမေ့ရုံးကို လိုက်လာရ ပြန်ရော။ ဆော့ပြန်ရော။ ကဲ ... ဒီ တော့ သားက ဘယ်လိုလုပ်ပြီး စာတော်တော့မှာလဲ။

မေမေ အလုပ်များတာကို သိလို့ ဆရာမက သားကို "သား ... မေမေ့ရုံးရောက်ရင် စာကျက်နေနော်" လို့ အမြဲပြောတယ်။ သားကလည်း ရုံးရောက်ရင်လွယ်အိတ်ကို မေမေ့ဘေးမှာ ပစ်ထားပြီး အမြဲဆော့တယ်။ ဒီတော့ သားလေ လက်ရေးလည်း မလှဘူး။ စာလည်း မတော်ဘူး။ ဒါပေမဲ့ သားက စာမေးပွဲတော့ အောင်ပါတယ်နော်။ ဒီနှစ် ဒုတိယတန်း တက်ရတယ်။ အဟီး ... အေတန်းတော့ မရတော့ဘူး။ ဘီတန်း ရောက်သွားတယ်။

သားတို့အတန်းက ဆရာမကနေ့တိုင်း သတ်ပုံ ကျက်ခိုင်းတယ်။ နေ့တိုင်းနေ့တိုင်း သတ်ပုံခေါ်တယ်။ တစ်လုံးမှားရင် တစ်ချက်ရိုက်တယ်။ သားကတော့ အရိုက်ခံရသလား မမေးနဲ့။ ပထမနေ့ကျတော့ သုံးချက်၊ နောက်နေ့ကျတော့ ခြောက်ချက်၊ နောက်တစ်နေ့လည်း ခြောက်ချက်ပဲ။ အဟီး ... သားက ကျောင်းက ပြန်လာရင် အိမ်ကလူတွေက အမြဲပဲ ဆီးပြီး မေးကြတယ်။ "ဖိုးသားရေ ... ဘယ်နှစ်ချက်လဲ" တဲ့။ သားက ခြောက်ချက်လို့ ဖြေတယ်။ သုံးရက်လောက် ဆက်တိုက် ခြောက်ချက်လို့ဖြေရတော့ ဖေဖေက ရယ်ရော။ နောက်ပြီး သားကို နာမည်အသစ် ပေးတယ်။ ခြောက်ချက်တဲ့။ ကိုခြောက်ချက်တဲ့။ ကဲ ... အဲဒီ နာမည်ကြီးမှန်းစရာ မကောင်းဘူးလား။ ဖေဖေကြီးနဲ့မေမေကြီးကတော့ "သားလေးကို အဲဒီလို မခေါ်ကြပါနဲ့" တဲ့။ ဟုတ်တာပေါ့။ အဲဒီလိုကြီးတော့ ခေါ်ဖို့မကောင်းပါဘူးနော်။ ဖေဖေကြီးက သား အရိုက်ခံရတာကို စိတ်မကောင်းဘူး။ သား ကျောင်းသွားခါနီးတိုင်း "ဖိုးသားရေ ဂွတ်ဒ်ရအောင် ရေးခဲ့နော်"လို့ အမြဲမှာတယ်။

အင်း ... သားတို့အိမ်မှာတော့ ဖေဖေကြီးက ဖိမ်အကျဆုံးပါပဲ။ ဖေဖေကြီးက မေမေ့ရဲ့ အဖေလေ။ ဒီအိမ်မှာတော့ အသက်အကြီးဆုံးပေါ့။ ဖေဖေကြီးကရုံးလည်း မသွားရဘူး ။ ကျောင်းလည်း မသွားရဘူး။ မေမေကြီးလိုလည်း တညင်းသီးတွေ သရက်သီးတွေ ဆားရည်မစိမ်ရဘူး။ ဖေဖေကြီးက သမီးရေလို့ ခေါ်လိုက်ရင် ကြားတဲ့သူက ဖေဖေ ဘာလိုချင်လဲဆိုပြီး အတင်း ပြေးသွားတော့တာပဲ။ ဟင်း ... သားလည်း ဖေဖေကြီး ဖြစ်ချင်လိုက်တာ။ အခုတော့ သားက ကျောင်းလည်း သွားရတယ်။ စာလည်း ကျက်ရတယ်။ အရိုက်လည်း ခံရတယ်။ ဖေဖေ

ရေပုလင်း ယူခိုင်းရင်လည်း ယူပေးရတယ်။ မေမေ အပ်ပေါက်ထိုးခိုင်းရင်လည်း ထိုးပေးရတယ်။ ဒါကြောင့်မို့လို့ သားက ဖေဖေကြီးကို ပြောတာပေါ့။ သားကျောင်းသား မလုပ်တော့ဘူး၊ ဖေဖေကြီးလိုပဲ နေတော့မယ်လို့။ ဖေဖေကြီးလိုပဲ အိမ် မှာ ဇိမ်နဲ့နေမယ်။ သမီး ဟိုဟာ ယူခဲ့စမ်း။ သမီး ဒီဟာ ယူခဲ့စမ်းလို့ ခိုင်းမယ်ဆိုတော့ ဖေဖေကြီးက ရယ်လိုက်တာလေ။

နောက်ပြီး သားကိုပြောပြတယ်။ ဖေဖေကြီးက အသက်ကြီးပြီတဲ့။ သား အရွယ်တုန်းက သားလိုပဲ ကျောင်းတက်ခဲ့ရ၊ ပညာတွေသင်ခဲ့ရတာပဲတဲ့။ အဲဒီလို ပညာတွေ သင်ခဲ့လို့ တတ်ခဲ့လို့ အခုလို အသက်ကြီးတော့

အေးအေးဆေးဆေး နေရတာတဲ့။ ပညာမသင်ခဲ့ရင် ဒီလိုမနေရဘူးလား ဆိုတော့ ဘယ်နေရမှာလဲ၊ ဆင်းရဲနေမှာတဲ့။ ဖေဖေကြီး ငယ်ငယ်တုန်းက စာကျက်ခဲ့ရလားဆိုတော့ ကျက်ခဲ့ရတာပေါ့တဲ့။ စာတော်လားဆိုတော့ တော်တာပေါ့တဲ့။ ဒုက္ခပဲ။ သားက စာကျက်ရမှာ ပျင်းတယ်။

စာကျက်ရမှာ ပျင်းပေမယ့် သားက ရုပ်ပုံတွေတော့ ဆွဲချင်ပါတယ်။ သားဆွဲတဲ့ ဒိုင်နိုဆောပုံတွေ၊ ငမန်းပုံတွေ၊ ရေဘဝဲတွေက အစစ်နဲ့ သိပ်တူတာပဲလို့ အန်တီယုက ချီးမွမ်းတယ်။ဖေဖေတို့ မေမေတို့ဆွဲနေတဲ့ တိုက်ပုံစံတွေ အိမ်ပုံစံတွေလည်း သားလိုက်ဆွဲရင်ဆွဲလို့ ရမှာပေါ့နော်။ အင်း ... ဟုတ်ပြီ။ ဒီလိုဆိုရင် သား ဗိသုကာပဲ လုပ်တော့မှာပေါ့။ ဖေဖေတို့ မေမေတို့နဲ့ အတူတူ ရုံးတက်ပြီး ပုံတွေပဲ ဆွဲတော့မယ်လေ။ ဒီလိုဆိုရင် ကျောင်းတက်စရာ၊ စာကျက်စရာ မလိုတော့ဘူး မဟုတ်လား။ သား ကျောင်းမတက်တော့ဘူး။ ရုံးတက်ပြီး ဗိသုကာပဲလုပ်တော့မယ်ဆိုတော့ ဖေဖေနဲ့ မေမေက ရယ်ပြန်ရော။ ဗိသုကာ ဖြစ်ချင်ရင် စာအရင် ကျက်ရမယ်တဲ့။ စာတွေ

အများကြီးကျက်၊ စာမေးပွဲတွေ တစ်တန်းပြီးတစ်တန်းအောင်၊ ပညာတွေ အများကြီးတတ်၊ အဲဒါတွေပြီးမှ ဗိသုကာ ဖြစ်မှာတဲ့။ စာတွေမတတ်ဘဲ မဖြစ်ဘူးလား ဆိုတော့ခေါင်းခါတယ်။ ဘယ်တော့မှ မဖြစ်ဘူးတဲ့။ စိတ်ညစ်လိုက်တာဗျာ။

ဒီလိုဆိုရင် သားက ဦးဂိတ်တို့ အန်တီမိုးတို့လို ဆရာဝန်ပဲ လုပ်မှထင်တယ်။ ဆရာဝန်လုပ်ရတာလည်း ကောင်းတာပါပဲလေ။ ဒေါက်တာ ဒေါက်တာနဲ့ အခေါ်ခံရတာကို သား ကြိုက်ပါတယ်။ သူများတွေကို ဆေးထိုးပေးရတာလည်း ကောင်းတာပဲ။ နားကျပ်ကြီးနဲ့ ဟိုထောက် ဒီထောက် စမ်းသပ်ရတာကိုလည်း ကြိုက်တာပဲ။ နောက်ပြီး ဆရာဝန် ဆိုရင်လက်ဆောင်တွေ ခဏခဏ ရတယ်။ ဟုတ်ပြီ။ သား ဆရာဝန်ပဲလုပ်ပါတော့မယ်လေ။ ဒါကြောင့် သားက အန်တီမိုးကို "အန်တီမိုးရေ သား ကျောင်းသား မလုပ်တော့ဘူး။ ဆရာဝန်ပဲလုပ်တော့မယ်" လို့ ပြောတော့ အန်တီမိုးက ရယ်ပြန်ရော။ မမကတော့ "ငတုံးလေး ဆရာဝန် ဖြစ်ချင်ရင် စာအရင် ကျက်ရမယ်" တဲ့။ အင်း ... ဒုက္ခပဲ။ စာမကျက်ဘဲနဲ့ ဘာမှမဖြစ်တော့ဘူးလား ဟင်။

တစ်နေ့တုန်းက အိမ်ကို လူကြီးတစ်ယောက် လာတယ်။ဖေဖေ မေမေတို့နဲ့ စကားပြောတယ်။ သူ့ကားကြီးက သိပ်ကောင်းတာပဲ။ အထဲမှာ လေအေးစက်နဲ့။ မှန်တွေကလည်း လှည့်ပိတ်နေစရာ မလိုဘူး။ ခလုတ်နှိပ်လိုက်ရုံပဲ။ ဖေဖေက ပြောတယ်။ သူ့အိမ်က သိပ်ကောင်းတာပဲတဲ့။ အင်း ... ဒီလိုဆို သူဌေးပေါ့နော်။ သားလည်း သူဌေး ဖြစ်ချင်လိုက်တာ။ ကျောင်းသား မလုပ်တော့ဘူး။

သူဌေးပဲလုပ်တော့မယ်လို့ ပြောရင် မေမေတို့က သူဌေး ဖြစ်ချင်ရင် စာအရင်ကျက်လို့ ပြောဦးမှာပဲ။ သား သိပါတယ်။ ဒါပေမဲ့ ဒီတစ်ခါကျတော့ မေမေက တစ်မျိုးပြောတယ်သိလား။ သူတို့ခမျာများ ကျတော့လည်း သက်သက်သာသာနဲ့ ချမ်းသာပြီးရင်း ချမ်းသာရင်းပဲ။ ငါတို့ခမျာများ ကျတော့လည်း ပင်ပန်းလိုက်တာတဲ့။ အန်တီမီပြောတော့ အဲဒီလူကြီးက ကန်ထရိုက်တာတဲ့။

ကန်ထရိုက်တာ ဆိုတာ အဆောက်အဦးတွေကို ငွေစိုက်ပြီး တာဝန်ယူပြီး ဆောက်တဲ့သူလေ။

ညကျတော့ သားက မေမေ့ကို မေးမိတယ်။ "မေမေရယ် အဲဒီလူကြီး အဲဒီလောက်ချမ်းသာနေတာ ပညာတွေ အများကြီး သင်ခဲ့လို့ပေါ့နော်" ဆိုတော့ မေမေက ပြုံးတယ်။

"မေမေတော့ သူ ပညာတွေ အများကြီး သင်ခဲ့တယ်လို့ မထင်ပါဘူး" တဲ့။

"ဟင် ... ဒီလိုဆို သူ ပညာတွေ မတတ်ဘူးလား" ဆိုတော့လည်း "တတ်လိမ့်မယ်မထင်ပါဘူး" တဲ့။ နောက်ပြီး သားကိုငေးကြည့်ရင်း "ကန်ထရိုက်တာဆိုတာ ပညာတွေ အများကြီး တတ်စရာမလိုဘူး။ ပိုက်ဆံတွေ အများကြီး ရှိဖို့သာ လိုတာ။ ပိုက်ဆံတွေ အများကြီးရှိရင် များများပေးနိုင်တယ်။ အဲ့ဒီတော့ ရရင်လည်းများများရတယ်"တဲ့။

ဒီလိုဆို သားလည်းကန်ထရိုက်တာပဲ လုပ်တော့မှာပေါ့။ဟုတ်ဘူးလား။ သားကျောင်းသားမလုပ်တော့ဘူး။ ကြီးလာရင်လည်း ကန်ထရိုက်တာပဲ လုပ်စားတော့မယ်လေ။ ဒါပေမဲ့ မေမေက ပြောတယ်။ ကန်ထရိုက်တာ လုပ်ဖို့ ပိုက်ဆံတွေအများကြီး လိုတယ်တဲ့။ အဲဒီပိုက်ဆံတွေကို ဖေဖေတို့ မေမေတို့ဆီက တောင်းလို့ရမှာ မဟုတ်ဘူး ဆိုတာ သား သိပါတယ်။ သူတို့ဆီမှာသာ အဲဒီလောက် ပိုက်ဆံတွေရှိနေရင် သူတို့လည်းဘယ်ဗိသုကာ လုပ်နေတော့မှာလဲ။ ကန်ထရိုက်တာပဲ လုပ်နေတော့မှာပေါ့နော်။

တစ်နေ့တုန်းက မေမေကြီး နေမကောင်းလို့ ဦးဂိတ်ရဲ့ ဆေးရုံကို သွားကြတယ်။ ဦးဂိတ်က ဆရာဝန်လေ။ နောက်ပြီး သားရဲ့ ဦးလေးပေါ့။ ဆေးရုံရောက်တော့ မေမေကြီးနဲ့ ကြီးကြီးက ဆေးရုံပေါ် တက်သွားတယ်။ သားနဲ့ မေမေက ကားပေါ် မှာ နေရစ်ခဲ့ရတယ်။ သားက ကလေးမို့လို့ အပေါ် မတက်ရဘူးတဲ့လေ။ ဆေးရုံထဲမှာ အင်္ကျီဖြူဖြူ ရှည်ရှည်ကြီးတွေ ဝတ်ထားတဲ့သူတွေကို တွေ့ရတယ်။ မေမေက "သူတို့က ဆရာဝန်တွေလေ။ သား အားမကျဘူးလား" တဲ့။ မေမေက သားကို ဆရာဝန်သိပ်ဖြစ်စေချင်တာ။ သားကတော့ မဖြစ်ချင်တော့ပါဘူး။ စာကျက်ရမှာပျင်းလို့ပါ။

နောက်ပြီး မေမေက သားကိုပြောသေးတယ်။ "သားရယ် ပညာကို ကြိုးစားနော်။ စာမတတ်ရင် စာမတော်ရင် ဟိုဆေးရုံပေါက်က အပေါက်စောင့်လို ခွေးခြေတစ်လုံးနဲ့ ထိုင်ပြီး သူများတွေကို တံခါးဖွင့်ပေး နေရဦးမယ်" တဲ့။ ဟုတ်တယ်။ မေမေပြောမှ သား သတိထားမိတယ်။

ဆေးရုံအဝင်ဝ သံဆွဲတံခါးနားမှာ လူတစ်ယောက်     ခုံလေးတစ်လုံးနဲ့ ထိုင်နေတယ်။ ဆေးရုံပေါ် တက်ချင်တဲ့ လူတစ်ယောက်က သူ့နားကို ကပ်ပြီး တိုးတိုးလေး     ပြောလိုက်တယ်။ သူက ပြုံးပြီး တံခါးဖွင့်ပေးလိုက်တယ်။
ဟော ... ခဏနေတော့ နောက်တစ်ယောက် ...     ဟော နောက်တစ်ယောက်။ ဟာ... မေမေရေ၊ ဆေးရုံပေါ် တက်ချင်တဲ့သူတွေက အများကြီးမှ အများကြီးပါပဲဗျာ။

ကြီးကြီးတို့ဆေးရုံပေါ်က ဆင်းလာကြတော့ မေမေက ဆေးရုံစောင့်တဲ့သူကို အားကျလိုက်တာတဲ့။ အလကား     မေမေ။ သားကိုတော့ ဆရာဝန်ကို အားမကျဘူးလားတဲ့။ သူကတော့ အပေါက်စောင့်ကိုအားကျနေတယ်တဲ့။ ကောင်းသလားဗျာ။ ညကျတော့ သားက အပြတ်         ပြောလိုက်တယ်။ သား ကျောင်းသား မလုပ်တော့ဘူးလို့။ ဒီတော့ မေမေက ပြုံးပြီး ကျောင်းသား မလုပ်ရင် ဘာလုပ်မှာလဲတဲ့။ သား ကန်ထရိုက်တာလုပ်မှာလို့။ ခပ်တင်းတင်းပဲ။ ဟွန်း ... ဒါလေးများ သားက ဖြေတတ်ပါတယ်နော်။ ကြီးကြီးပြောတဲ့ ကာတွန်းထဲကလိုပေါ့။

"သား ဆေးရုံစောင့် အရင်လုပ်မယ်။ ရတဲ့ ပိုက်    ဆံကို စုထားမယ်။ ပြီးတော့မှ ကန်ထရိုက်တာ လုပ်မယ်"

သားက ရယ်စရာပြောတာ မဟုတ်ပါဘူး။ ဒါပေမဲ့ ဖေဖေနဲ့ မေမေက ရယ်လိုက်ကြတာ။ တအားရယ်ကြပြီးမှ အရယ်ရပ်သွားကြတယ်။ နောက်ပြီး

ဘာမှမပြောဘဲ သားကို ငေးကြည့်နေကြတယ်။ ဟောဗျာ ... ဘာဖြစ်လို့လဲ မသိဘူး။ မေမေ့မျက်လုံးထဲမှာ မျက်ရည်တွေ ဝဲလို့။

------

**မစန္ဒာ**